
www.burmeseclassic.com

# မြဝတီ

မဂ္ဂဇင်း

အမှတ်-၂၂၈ ၂၀၁၄-ခုနှစ်၊ဇွန်လ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အံ့ဖွယ်ထူးခြား မာရ်အောင်မြင်ပြည်တော်ပြန်ဘုရား .... | မင်းဂုဏ် | ၅ |
| ၂။ | ရွှေကျီးမြင်ဘုရား .................... | တက္ကသိုလ်မျိုး | ၁၇ |
| ၃။ | ဗိုလ်ယင်းမှ အာဇာနည်ထွက်သည် ........ | ဆင်ဖြူကျွန်းအောင်သိန်း | ၃၆ |
| ၄။ | ရွှေဂူနီကျောက္ကာဘုရား .................. | မင်းဆက်ပိုင် | ၄၀ |
| ၅။ | ကြည်ညိုစရာကောင်းပါဘိ ကစင်ဆရာတော် ........ | မျိုးသစ္စာ | ၄၄ |
| ၆။ | ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြား မိုးမျှော်ရုပ်တုများ ................ | ကောက်ရိုး(အင်္ဂလိပ်စာ) | ၄၇ |
| ၇။ | ပရိတ်တန်ခိုး မေတ္တာတန်ခိုးဖြင့် ရွာစေသောမိုး ........................ | တင်ဦး(ကသာ) | ၅၃ |
| ၈။ | ပဋိဝေဒသောသနာ၏ ပြယုဂ် ..... | ဦးကောဏ္ဍည(ရင်တွင်းသာသနာပြု) | ၅၅ |
| ၉။ | စတီးစေတီတော် ........................ | ဆန်ဝင်း(အောင်မြေ) | ၅၈ |
| ၁၀။ | နေရစ်ခဲ့တော့ ရာဇဂြိုဟ် ... | ဒေါက်တာအောင်အောင်မင်း | ၆၁ |
| ၁၁။ | ဘန်ကောက်မှ ကမ္ဘာသုံးခု .............. | ဉာဏ်မွှင့်(စက်မှု) | ၆၉ |
| ၁၂။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ တောင်ကြီးလေးလုံး ကြိုက်သည်ကို ခံနေရပုံ ပစ္စတ္တူပမသုတ်တရားတော် ..... | မေ့ဒါန | ၈၅ |
| ၁၃။ | ရွှေချက်လမင်း အလင်းပိုင်ရှင် ............. | တြိရတနမွေ့ပါလ | ၉၀ |
| ၁၄။ | မေ့မစကြာတရားတော် ... | ဘဒ္ဒန္တကုမ္မာရာဘာသမထေရ်မြတ်(အနိစ္စဆရာတော်) | ၉၅ |
| ၁၅။ | တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ ဟောကြား တော်မူသော မြန်မာပြည်မှပုဂ္ဂိုလ်ထူးများ ... | ဆရာကျော်(လှိုင်ကော်) | ၁၀၁ |
| ၁၆။ | အချစ်ကဲ့ခဲ့ပေမယ့် အနှစ်ကျန်စေရမယ် ....... | အရှင်ဆန္ဒာဓိက | ၁၀၄ |
| ၁၇။ | ကံကြမ္မာ၏သားကောင်များ ........... | မိုးဟိန်းကျော်(လမ္ဘုတ္တာ) | ၁၁၀ |
| ၁၈။ | ချစ်စရာ ခရီးစဉ် (၇) ............. | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၁၂၀ |
| ၁၉။ | အဏ္ဏဝါရေပုပ်သမားနှင့် မှတ်ကောင်းကျိန်စာ ............... | မောင်မြင့်ထွေး(ပင်လယ်) | ၁၂၆ |
| ၂၀။ | သခင်ရှုမောင် (သို့မဟုတ်) မြန်မာပြည်သားတို့အတွက် သူလိုလူ ........... | ထွန်းလင်းသူ | ၁၃၁ |
| ၂၁။ | ဘာသာပြန်သုတ ဦးကြည်မြင့် (လသာ) ..... | ယောနကဘိုးထောင် | ၁၃၆ |
| ၂၂။ | ဝိညာဉ်တစ်ခုရဲ့ မေတ္တာပြယုဂ် ................ | ရိုရိုဌေး | ၁၃၈ |
| ၂၃။ | နိုင်ငံရေးဆိုတာ ဘာလဲ .................. | လင်းပြည့်စုံ | ၁၄၃ |
| ၂၄။ | ရောမမြို့ကြီးထဲက နိုင်ငံငယ်လေး ဗာတီကန် .................. | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၁၄၇ |
| ၂၅။ | လှို့ဝှက်ကမ္ဘာ၏ သတ္တိသမီးကလေးများ ..... | Mariner လှဦး | ၁၆၀ |
| ၂၆။ | အမှောင်ခွင်း၏ အလင်းရှာတွေ့ခဲ့သူ ......... | ပြောင်းမြဲမြင့်လှိုင် | ၁၇၂ |
| ၂၇။ | သဗ္ဗေသတ္တာ ကမ္မသကာ ................. | ရဲမြတ်တင် | ၁၇၈ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၈။ စောင့်နေရစ်သူ ........................ ထိုက်သစ် ၁၈၂

၂၉။ ဟာသဉာဏ်ရှင် ထေရ်ရှင်မာန်လည်၏ ဂုဏ်မြောက်သည့် ဟာသရသကဗျာများ .............. မောင်လုယဉ်(မော်လမြိုင်) ၁၈၆

၃၀။ အစုန်အဆန် .................... ခင်မမလင်း(ကလော) ၁၉၂

၃၁။ မေတ္တာတု မဟုတ်ပါ .................... လင်းလက်သူ ၁၉၇

၃၂။ ဒိုင်ဗီယာ ................... အောင်ကြည်ညွန့်(တက္ကသိုလ်) ၂၀၀

၃၃။ ဒီဝိမက်၏အကြောင်း ................ ကိုချမ်း(ဆေး-၂) ၂၀၄

၃၄။ ငြိုငြင်ပါနဲ့ သခင့်ကို .................. နေခြည်လင်းလက် ၂၁၀

၃၅။ ငယ်သူငယ်ချင်း (၃)ယောက် ရှိလေသည် ..... ဟန်ငြိမ်းအေး(ဒလ) ၂၁၄

၃၆။ မမွှစက္က မုပြာကျောက်စိမ်းရုပ်တုနှင့် ရတနာများ ...................... မင်းဟန်(သန်လျင်) ၂၂၀

၃၇။ အကျဉ်းစံ၏ဖအိပ်မက်များ ...................... မမိုးမြင့် ၂၂၉

၃၈။ အလင်္ကာကျော်စွာ ဦးစံခိုနှင့် ဇာတိမာန် ကဗျာလင်္ကာများ .................. နေဝန်းနီ ၂၃၂

၃၉။ ပိုး ................................ ဝီဇဝ ၂၃၈

၄၀။ အစွန်းထွက် တန်ဖိုး ...................... စိုးယဉ်ထွန်း ၂၄၀

၄၁။ မှန်မှန်ကန်ကန် ရဲရဲဝင့်ဝင့် ဆုံးဖြတ်နိုင်လေတဲ့ အကျိုးကျေးဇူး ......... သာစည်အောင်တင် ၂၄၅

၄၂။ အင်္ဂလိပ်ရှေးဟောင်းဆေးပညာနှင့် ကုထုံးများ ........ လျှမ်းထက် ၂၄၇

၄၃။ ပြဇာရွက်အဆောင် ............... ကန့်ဘလူကံတင်အောင် ၂၅၁

၄၄။ သုတစုံဖြာ ဤကမ္ဘာ ...................... ဖိုးရွှေလမင်း ၂၅၂

၄၅။ ရောဂါပျောက်ရာ ဆေးနည်းအဖြာဖြာ ...... သုန္ဒရာစိုး(ရွှေရင်အေး) ၂၅၈

၄၆။ နားရောဂါအတွက် ဆေးဖက်ဝင်ချင်း ....... နတ်မောက်လှမြင့်သစ် ၂၆၁

၄၇။ အစားအစာမှ ပေးသော အာဟာရနှင့် ရောဂါကာကွယ်နည်း ............ ခင်မောင်ထွေး(ဈက်မှု-စားကုန်) ၂၆၂

၄၈။ အာဟာရမျှတ စားသုံးကြ၊ သက်ရှည်ကျန်းမာမည် .............. အောင်ဘုန်းမြင့်(ကချင်မြေ) ၂၆၄

၄၉။ လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးပြဿနာများ .. တော်မြင့်(ငှက်ဖျား) ၂၆၇

၅၀။ ရေအမျိုးမျိုးနှင့် ဆေးဖက်ဝင် အာနိသင်ရှိမှုများ ......................... သမုဒ္ဒယ ၂၇၀

၅၁။ သွေးနှင့်အဆီပိတ်ကင်းအောင် စားပါ ........... စိုးယဉ်ထွန်း ၂၇၂

၅၂။ အရှုံးထဲက အမြတ် ...................... ဝေမှန်လင်း ၂၇၄

၅၃။ လူအ .............................. ကိုရွှေတောသား ၂၇၈

၅၄။ ကား၊ ခရောင်းပါ ................ အောင်ဆန်းလင်း(ဘီအေ) ၂၈၂










www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၅၅။ ကပ်စေးနှဲဂုဏ်ထူးဆောင် ဆရာမိုးမှော်င် .......... ဟန်သီဇင် ၂၈၅

၅၆။ နည်းနည်းလေးတော့ လွဲနေတယ် .......... အောင်စိုး(ပြည်) ၂၈၈

၅၇။ မင်းနဲ့ငါနဲ့ နှစ်လောင်းပြိုင်ပွဲ .............. ဝင်းသီဟ(သန်လျင်) ၂၉၀

၅၈။ ကာတွန်းကဏ္ဍ ........................ ကလောင်စုံ ၂၉၆

၅၉။ ပြုံးရယ် ရယ်ဟားဟာသများ .................. စောနိုင်ထူး ၃၀၀

၆၀။ စကားပုံထဲမှာ တွေးစရာ .................. စောနိုင်ထူး ၃၀၁

၆၁။ လူတိုင်းအတွက် လုပ်ငန်းအောင်မြင်
လာဘ်ရွှင် ရတနာဒီပံ ........... အောင်ကြည်သန်း(ဖောင်တော်သီ) ၃၀၄

၆၂။ မေတ္တာရေးနှင့် အိမ်ထောင်ရေး
သာယာဖြောင့်ဖြူးစေမည့် မြ .......... အောင်ဘုန်းမြင့်(ကချင်မြေ) ၃၀၆

၆၃။ ရှေးဟောင်းခုစွန်း ဗေဒင်ဟောကိန်း ..... ညွှန့်လွင်(ရှက်မှုတက္ကသိုလ်) ၃၀၉

၆၄။ ငွေကြေးကိစ္စ အဆင်ပြေ
လာဘ်ဝင်စေသော ယတြာ ............... ဂမ္ဘီရဆရာလှမျိုး ၃၁၄

၆၅။ အရဟံ ဇယ်ဂါထာနှင့်
အစွမ်းထက်မြက် ဂမ္ဘီရမေတ္တာပို့ ........... မိုးတိမ် ၃၁၆

၆၆။ အကြံအစည် အောင်မြင်စေသော
အောင်ဓာတ်ယတြာ ............... ကောင်းစံဟိန်း(ဗန်နေဝန်း) ၃၁၈

၆၇။ ကျောက်မျက်ရတနာတို့၏ အပြစ်ကြောင့်
ဤသို့အကျိုးယုတ်၏ ........................ စိန်နဝရတ် ၃၂၀

၆၈။ ကိုယ်နေတဲ့အိမ်မှာ မလိုလား မလိုအပ်သူတွေ အလိုလိုနေအိမ်ပေါ်က .
ဆင်းသွားပြီမဟုတ်လား .............. နတ်မျက်စိဆရာအောင်စိုး ၃၂၂

၆၉။ သွေးထွက်အောင် မှန်တဲ့ဗေဒင် ............ ကဗျိုယမောင်ဝိုင်း ၃၂၄

၇၀။ စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ....... ဆရာဦးခန့်ကျော် ၃၂၈

၇၁။ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးတွင်
အဓိဋ္ဌာန်ဝင် .................... ဆရာကြီးဦးအောင်မြိုင် ၃၃၄

၇၂။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ခုနစ်ရက်သားသမီးများအတွက်
ဟောစာတမ်းနှင့် ယတြာ ........... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) ၃၃၇

၇၃။ ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့်
ဇွန်လ ဟောကိန်းများ .................. ဆရာဦးခန့်ကျော် ၃၄၀



နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

စီစဉ်သူ
ညာဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
မောင်သာယာ

အယ်ဒီတာအဖွဲ့
မောင်မောင်မြတ်၊ ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအော
စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

အတွင်းပလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာတ္တုရှိအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မြတ်ပုံတင်အမှတ်-၀၄၃၄၅
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထ
(၁၇ x ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅

ကြော်ငြာနှင့်ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အခထွေထွေ
အောင်ဝင်းသန့်၊ အောင်အောင်

မန္တလေး
ထွန်းဦးစာပေ

အုပ်ရေ
၁၀၀၀

ရောင်းဈေး
၂၂၀ ကျပ်


www.burmeseclassic.com


www.burmeseclassic.com





# အံ့ဖွယ်ထူးခြားမာရ်အောင်မြင်ပြည်တော်ပြန်ဘုရား

မင်းဝုဏ် မှတ်သည်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ရှေးဦးစွာ ရှင်ကြီး၊ ရှင်ငယ်၊ ရှင်ကျော်ဟူသော ရုပ်ပွားတော်သုံးဆူ သွန်းလုပ်ပြီးနောက် မဟာကျိန်၊ မဟာကျန် ရုပ်ပွားတော်ငယ် သုံးဆယ့်သုံးဆူ သွန်းလုပ်ခဲ့ကြောင်း ရက္ခပူရကြေးမုံကျမ်းတွင် ဖော်ပြထားသည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသမိုင်းတွင်မူ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိဟူသော ရုပ်ပွားတော်သုံးဆူ သွန်းလုပ်ခဲ့ကြောင်း၊ မဟာမုနိရုပ်ရှင်တော်ကြီးအပါအဝင် မုနိလေးဆူတို့သည် တင်ဖျဉ်ခွေပုံတော် (ဘူမိဖဿမုဒြာ) ရတနာကြေးဆင်းတုတော်များဖြစ်ပြီး ဉာဏ်တော်ကြီးငယ်မှာ အစဉ်အတိုင်း ဖြစ်ကြောင်း၊ မာရ်အောင်မြင် ကြေးဆင်းတုရုပ်ပွားတော်မှာ ဉာဏ်တော် အငယ်ဆုံးဖြစ်ပြီး စမ္မခဏ်အလွက် ဉာဏ်တော်နှစ်တောင်တစ်ဆယ်လက်မ၊ အချိန်အားဖြင့် (၆၆၆)ပိဿာ (၆)ကျပ်သား ရှိပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မာရ်ငါးပါးကိုအောင်မြင်တော်မူသောအတိတ်ကိုဆောင်ကာ 'မာရ်အောင်မြင်'ဘွဲ့တော်ကို ပေးခြင်းဖြစ်ကြောင်းနှင့် စန္ဒသူရိယမင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်စား ရုပ်ပွားဆင်းတုတော်လေးဆူ သွန်းလုပ်ပူဇော်ခွင့် ရသဖြင့် ဝမ်းမြောက်ပီတိကြီးစွာဖြစ်ကာ မဟာမုနိရုပ်ရှင်တော်လက်ယာတော်ရံမာရ်အောင်မြင်မုနိရုပ်ပွားတော်၊ လက်ဝဲတော်ရံ ရွှေဘုံသာမုနိရုပ်ပွားတော်နှင့် ရှင်ကျော်မုနိ ရုပ်ပွားတော်တို့ကို ခမ်းနားကြီးကျယ်သောဘုံနန်းပြာသာဒ်အတွင်းဝယ် အမြတ်တနိုး ကိုးကွယ်ပူဇော်တော်မူခဲ့ပြီးနောက်ပိုင်း ရခိုင်ဓညဝတီမင်းအဆက်ဆက်တို့သည် ထိုရုပ်ပွားတော် လေးဆူကို အစဉ်အဆက်ပင် သဒ္ဓါတရား ထက်သန်စွာ ပူဇော်ကိုးကွယ်ခဲ့ကြကြောင်း ဖော်ပြထားသည်။


သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီမွန်တို့ အင်းဝကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ဒုတိယမြန်မာနိုင်ငံတော်ကြီးပျက်စီးယိုယွင်းခဲ့သည်။ ၁၁၁၄ ခုနှစ်တွင် ဦးအောင်ဇေယျသည် မုဆိုးဘိုရွာ (ရွှေဘို)တွင် ထန်းလုံးတပ်ဆောက်လုပ်ကာ လက်ရွေးစင်သူရဲကောင်း ၆၈ ယောက်တို့ကို ဦးဆောင်လျက် မြန်မာဦးစွန်းကို ပြန်လည်ထူထောင်ကာ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့ပြီး သက္ကရာဇ် ၁၁၂၂ ခုနှစ်အထိ အလောင်းမင်းတရားဟူသောဘွဲ့မည်တော်ဖြင့် ထီးနန်းစိုးစံခဲ့သည်။ ရွှေဘိုမြို့ကိုလည်းရတနာသိင်္ခဟူ၍ သမုတ်ခဲ့သည်။

ကုန်းဘောင်မင်းဆက် ၁၁ဆက်ရှိသည့်အနက် မင်းဆက် ခြောက်ဆက်မြောက် စတုတ္ထသားတော် ဗဒုံမင်း ခေါ် ဘိုးတော်ဘုရား (၁၁၄၃-၁၁၈၁) လက်ထက်တွင် နေပြည်တော်ကို အမရပူရသို့ ပြောင်းရွှေ့ကာ မြို့သစ်နန်းသစ် တည်ထောင်စိုးစံခဲ့သည်။

ထိုမင်း၏သားတော် အိမ်ရှေ့စံ သီဟသူရသည် ၁၁၄၆ ခုနှစ် ပြာသိုလတွင် ရက္ခပူရ ဓညဝတီသို့ ချီတက်တော်မူခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်ခဲ့ရာတွင် ဓညဝတီရှိ မဟာမုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်လေးဆူကို ရဟန်းရှင်လူ ပြည်သူအများ ကိုးကွယ်ပူဇော်နိုင်စေရန် ပင့်ဆောင်တော်မူခဲ့သည်။ သို့ရာတွင် ဓညဝတီရှိ ရဟန်းရှင်လူတို့၏ တောင်းပန်လျှောက်ထားမှုအရ 'ရှင်ကျော်မုနိ' ရုပ်ပွားတော်ကို ဓညဝတီတွင် ထားရစ်တော်မူခဲ့သည်။

ကျန်ရုပ်ပွားတော်သုံးဆူကို ရခိုင်ရိုးမ တောင်တန်း တောင်စဉ်အတိုင်း ဖြတ်ကျော်၍ တောင်ကုတ်တောင်ကြားလမ်းမှ ပြည်တစ်ဖက်ကမ်း ဆင်တဲအရပ်သို့ ပင့်ဆောင်လာရာ ဆင်တဲရွာအထက် ပြည်မြို့ အနောက်ဘက်ကမ်းတစ်နေရာတွင် ညအိပ်တပ်စခန်းချကာ ရပ်နားခဲ့သည်။

ထိုသို့ ရပ်နားနေစဉ်တွင် ဓညဝတီမှ ပါလာသည့် ရခိုင်လူမျိုးများနှင့် တကွ တပ်စခန်းချရာ ပတ်ဝန်းကျင်ရှိ ရွာသူ ရွာသားများက ရုပ်ပွားတော်



အိမ်ရှေ့စံ သီဟသူရသည် မုနိလေးဆူကို ပင့်ဆောင်တော်မူခဲ့ရာ ရခိုင်လူမျိုးတို့၏ တောင်းပန်ချက်အရ ရှင်ကျော်မုနိရုပ်ပွားတော်အား ထားခဲ့တော်မူခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com





ဒေသခံများ၏ တောင်းပန်ချက်အရ ပြည်အနောက်ဘက်ကမ်းတစ်နေရာ စခန်းချရာရွာတွင် ရွှေဘုံသာမုနိရုပ်ပွားတော်အား အိမ်ရှေ့စံထားရစ်တော်မူခဲ့ပုံ

တစ်ဆူ ကိုးကွယ်ခွင့်ပြုပါရန် အိမ်ရှေ့စံအား အသနားခံ တင်လျှောက်ကြပြန်သဖြင့် 'ရွှေဘုံသာမုနိ' ရုပ်ပွားတော်ကို ကိုးကွယ်ခွင့် ပေးခဲ့ရပြန်သည်။ ထိုတပ်စခန်းချရာ ဇနပုဒ်ရွာငယ်အားလည်း ရုပ်ပွားတော်၏ ဘွဲ့မည်တော်ကို အစွဲပြုကာ ရွှေဘုံသာရွာဟု အမည်တွင်စေခဲ့သည်။ ထိုရွာမှာ ပြည်မြို့ အနောက်ဘက်ကမ်းတွင် တည်ရှိနေပြီး ထိုရွာရှိ ရှေးဟောင်းစေတီတော်ကြီး တစ်ဆူ၏ ဥပနာတိုက်တွင် ရွှေဘုံသာမုနိရုပ်ပွားတော် ရှိနေသည်ဟု ဆိုသည်။

ဤသို့ဖြင့် အိမ်ရှေ့စံသည် မဟာမုနိနှင့် မာရ်အောင်မြင် ရုပ်ပွားတော်နှစ်ဆူကို မင်္ဂလာဖောင်တော်ယာဉ်ဖြင့် တင်ဆောင်ကာ ဧရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမုနိနှင့် မာရ်အောင်မြင်မုနိ ရုပ်ပွားတော်နှစ်ဆူကို
ရောဝတီမြစ်ရိုးအတိုင်း ဆက်လက်ပင့်ဆောင်တော်မူခဲ့ပုံ

အမရပူရနန်းမြို့တော်သို့ ဆိုက်ရောက်သည့်တွင် မြို့တော်၏ မြောက်ပြင်အရပ် ယခုလက်ရှိ မဟာမုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာနေရာတွင် အုတ်ဂန္ဓကုဋိတိုက်တော်ကြီးတည်ဆောက်လျက်မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားကိုးကွယ်ထားရှိတော်မူခဲ့သည်။

မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်ကိုမူ နန်းတော်ဦးတွင်ရွှေပြာသာဒ်တည်ဆောက်ကာ ပင့်ဆောင်ကိုးကွယ်ခဲ့ကြလေသည်။ နန်းတော်ဦးတွင် ကိုးကွယ်ထားသောကြောင့် ထိုအချိန်မှစကာ မာရ်အောင်မြင်ရုပ်ပွားတော်မှာ 'နန်းဦးဘုရား' ဟူသော ဘွဲ့မည်တော်တွင်ခဲ့လေသည်။

ဘိုးတော်မင်း၊ အိမ်ရှေ့မင်း၊ ဘကြီးတော်မင်း၊ ကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့ အစဉ်အဆက်ပင် နန်းတော်ဦး၌ ကိုးကွယ်ရင်း ဆုတောင်းပြည့်လွန်းသဖြင့် 'ဆုတောင်းပြည့်ဘုရား' ဟုလည်း ထပ်မံ၍ ဘွဲ့မည်တော် တွင်ခဲ့ပြန်သည်။

ထိုကဲ့သို့ ဆုတောင်းပြည့်သည့် သုံးဘွဲ့တော်ရ ရုပ်ပွားတော်တွင် မင်းညီမင်းသားများ ဆုတောင်းကာ ပုန်ကန်မည်ကို စိုးရွံ့ကြသဖြင့် နောက်ပိုင်း မင်းအဆက်ဆက်တို့က မင်းညီမင်းသားများ ဤရုပ်ပွားတော်ကို မဖူးရဟု တားမြစ်သည့်အမိန့် ထုတ်ပြန်ခဲ့သည်ဟုဆိုသည်။

ဤဖြစ်ရပ်တို့ကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ဘုရားရှင်ကိုယ်တော်မြတ်၏ ရင်ခွေ့တော်လှ မဟာမုနိရုပ်ရှင်တော်မြတ်နှင့်တကွ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိ ရုပ်ပွားတော်တို့သည် နေရာရင်းဖြစ်သော ဓညဝတီရခိုင်ပြည်၌ ဆက်လက်၍ သီတင်းသုံးတော်မူခွင့် မရကြဘဲ ရွှေဘုံသာမုနိရုပ်ပွားတော်သည် ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာရွာတွင်လည်းကောင်း၊မဟာမုနိရုပ်ရှင်တော်မြတ်သည် အမရပူရ နန်းမြို့တော်၏ မြောက်ဘက်တာတစ်ထောင်ခန့်အကွာတွင်အုတ်အင်္ဂတေဖန်မှန်တို့ဖြင့်ပြီးသောဘုံကိုးဆင့် ရွှေနန်း ပြာသာဒ်ဖြင့်လည်းကောင်း၊မာရ်အောင်မြင်မုနိရုပ်ပွားတော်သည် အမရပူရ နန်းတော်ဦးတွင် ရွှေပြာသာဒ်ဖြင့်လည်းကောင်း ဒေသစာရီကြွချီတော်မူကာ ပြောင်းရွှေ့စံပယ်တော်မူခဲ့ကြရသည်ကို သံဝေဂရဖွယ် တွေ့ရှိရသည်။

ထို့ထက်ပို၍ ထူးခြားသည်မှာ နယ်ချဲ့အင်္ဂလိပ်တို့ သယ်ဆောင်သွားသဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ပါတော်မူခဲ့ရပြီးနောက် ဘူမိနက်သန် နေရာမှန်ဖြစ်သော ဖလွန်မြို့သို့ ပြန်လည်ကြွမြန်းတော်မူကာ ယနေ့အထိ ဖလွန်မြို့တွင် စံပယ်တော်မူလျက်ရှိသောပြည်တော်ပြန် မာရ်အောင်မြင် ရုပ်ပွားတော်ပင်တည်း။

မာရ်အောင်မြင်မုနိ ရုပ်ပွားတော် ဖလွန်မြို့သို့ ဒေသစာရီ ကြွမြန်းတော်မူရန် စတင်အကြောင်းခံခဲ့သူမှာ ဖလွန်မြို့သူကြီး ဦးရွှေမှုံ့ပင်။

ကုန်းဘောင်မင်းဆက် ကိုးဆက်မြောက် ပုဂံမင်း (၁၂၀၈-၁၂၁၄) လက်ထက်တွင် ပုဂံမင်းက အတွင်းဝန် သတိုး



မာရ်အောင်မြင်မုနိရုပ်ပွားတော်ကို အမရပူရမြို့နေပြည်တော် နန်းဦးတွင် ကိုးကွယ်ထားပုံ



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး မဟာမင်းလှနော်ရထာအား ဇလွန်မြို့ကို အပိုင်စားပေးခဲ့သည်။ ထိုမြို့စားကြီးက ဦးရွှေပွင့်ကို မြို့သူကြီးခန့်ကာ ဇလွန်မြို့ကို အုပ်ချုပ်စေခဲ့သည်။

ဦးရွှေပွင့်သည် ပုဂံမင်း၏ မိဖုရားခေါင်ကြီး သီရိတိလောက မဟာရတနာဒေဝီနှင့် ဆွေမျိုးတော်စပ်သည့်အပြင် ခမည်းတော်ကုန်းဘောင်မင်း၏ မြောက်နန်းမတော် (မင်းတုန်းမင်းနှင့်ကနောင်မင်းသားတို့၏မယ်တော်) နှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ ပုဂံမင်းကချီးမြှောက်သော မင်းလှကျော်ထင်နော်ရထာအွဲ့၊ မဟာသမန္တမင်းခေါင်အွဲ့များကိုလည်း ရရှိသူ ဖြစ်သည်။

ထိုခေတ်အခါက ရွာသူကြီးကို 'ကလန်'ဟုခေါ်ပြီး မြို့နှင့်ကျေးရွာများကို အုပ်ချုပ်ရသော သူကြီးကို 'သံပျင်' ဟုခေါ်သည်။ ဦးရွှေပွင့်သည် သံပျင်ရာထူးရသူ ဖြစ်၍ တာဝန်အရ မြို့၏ အခွန်အကောက်များကို အမရပူရ နေပြည်တော်သို့ သွားရောက်ဆက်သရင်း နန်းဦးတွင် ကိုးကွယ်ထားသော မာန်အောင်မြင် ရုပ်ပွားတော်အား ဖူးမြော်ခွင့်ကြုံခဲ့ရသည်။

ဦးရွှေပွင့်သည် ထိုကဲ့သို့ ရုပ်ပွားတော်အား ဖူးမြော်ခွင့်ရခဲ့ချိန်မှစကာ ဇလွန်မြို့တွင်လည်း အများပြည်သူတို့ ပူဇော်နိုင်ရန် မာန်အောင်မြင်ရုပ်ပွားတော်ကဲ့သို့ ရုပ်ပွားဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ရန် ဆန္ဒများ ပြင်းပြစွာ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ ဦးရွှေပွင့်သည် ရှေးဦးစွာ ဆရာတော်ဦးအရိန္ဒမ (ဘုန်းကြီးဦးဖြူ)ထံ သွားရောက်ကာ ကြေးဆင်းတုတော်တစ်ဆူ သွန်းလုပ်ကိုးကွယ်လိုကြောင်း လျှောက်ထားခဲ့သည်။

ဆရာတော်က သဘောတူတော်မူသဖြင့် ရဟန်းရှင်လူ မြို့သူမြို့သားများကို အစည်းအဝေးခေါ်ယူပြီး ညှိနှိုင်းတိုင်ပင်ခဲ့ရာ အားလုံးကပင်အားတက်သရော သဘောတူလက်ခံခဲ့ကြသည်။

မိမိဆန္ဒ ပြည့်ဝတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော ဦးရွှေပွင့်သည် ဇလွန်မြို့နယ် အတွင်းမှ ကောက်ခံရရှိသော အဏ္ဏာတော်များကို အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှနော်ရထာထံ သွားရောက်ဆက်သရင်း နေပြည်တော် အမရပူရသို့ ရောက်ရှိခိုက်တွင် ပုဂံမင်းတရားကြီးထံသို့ ထိုအကြောင်းကို လျှောက်လွှာတင်ခဲ့သည်။

မင်းကြီးထံမှ ခွင့်ပြုအမိန့်တော်ရသည်နှင့် ဦးရွှေပွင့်သည် ဇလွန်မြို့သို့ ပြန်ခဲ့ကာ မြို့နယ်အတွင်းမှ ရနိုင်သမျှ ရွှေငွေကြေးနှင့် ကျောက်မျက်ရတနာများကို အလှူခံခဲ့ရာ မြို့သူမြို့သားနယ်သူနယ်သားများကလည်းသဒ္ဓါတရားထက်သန်စွာပင် ကုသိုလ်ပါဝင် လှူဒါန်းခဲ့ကြသည်။

ထိုကဲ့သို့ ဇလွန်မြို့မှ စုဆောင်းအလှူခံရရှိသည့် ရွှေ ငွေ ကြေး စသည့် ရတနာပစ္စည်း၊ စုစုပေါင်း ပိဿာချိန် ၁၅၀၀ ကို ၁၂၁၄ ခုနှစ် ပြာသိုလပြည့်ကျော် ၀ ရက်နေ့တွင် ဦးရွှေပွင့်နှင့် အပေါင်းပါများသည် ရန်လွင့်အမည်ရှိ လှေတော်ဖြင့် သယ်ဆောင်ကာ ဧရာဝတီမြစ်အတိုင်း ဆန်တက်ခဲ့ရာ ၁၂၁၄ ခုနှစ် တပို့တွဲလဆန်း ၂ ရက်နေ့တွင် အမရပူရမြို့တော်သို့ ဆိုက်ရောက်ခဲ့ကြသည်။

တပို့တွဲလဆန်း ၃ ရက်နေ့တွင် ဦးရွှေပွင့်သည် မိဖုရားကြီးထံသို့ သွားရောက်ကာ အကျိုးအကြောင်းလျှောက်ထားကာတိုင်ပင်ခဲ့သည်။ မိဖုရားကြီး၏ သဘောတူညီမှု ရရှိသောအခါ နန်းဦးတွင် ကိုးကွယ်ထားသော နန်းဦး (မာန်အောင်မြင်) ဘုရားပုံတော်အတိုင်း သွန်းလုပ်ရန်နှင့် နန်းဦးဘုရားထက် ဉာဏ်တော် တစ်မိုက်ခန့်ကြီး၍ သွန်းလုပ်ရန် မိဖုရားကြီးက မိန့်ကြားသည်။ ထို့ပြင် ကြေးဆင်းတုတော်သွန်းလုပ်ရေးအတွက်လည်း မယ်တော်ကြီး ကိုယ်တိုင်ပင် မန်းထိမ်ဝန် မောင်မောင်လတ်အား ခေါ်၍ တာဝန်ပေးခဲ့သည်။ မောင်မောင်လတ်လည်း မိဖုရားကြီး တာဝန်ပေးချက်အရ အချိန်မီ ပြီးစီးရန် အထူးကြိုးပမ်းကာ သွန်းလုပ်ခဲ့သည်။

ကြေးဆင်းတုတော် သွန်းလုပ်နေစဉ်အတွင်းဝယ် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့က ပုဂံမင်းကို ပုန်ကန်နေကြကာ နယ်ချဲ့အင်္ဂလိပ်တို့ကလည်း မုတ္တမ၊ ရန်ကုန်၊ ပုသိမ်မြို့များကို တိုက်ခိုက်သိမ်းယူနေကြသဖြင့် တိုင်းပြည် မငြိမ်မသက် ဖြစ်၍နေသည်။



ဇလွန်မြို့သူကြီး ဦးရွှေပွင့်နှင့် တပည့်များ ရန်လွင့်မင်္ဂလာလှေတော်ဖြင့် အမရပူရသို့ ထွက်ခွာလာကြပုံ



www.burmeseclassic.com

www.burmeseclassic.com

ပန်းထိမ်ဝန် ကြီးပမ်းဆောင်ရွက်နေသော်လည်း ကြေးဆင်းတုတော်မှာ မပြီးစီးဘဲ ဖြစ်၍နေသည်။

ပုဂံမင်းသည်လည်း မြို့တော်မှ ထွက်ကာ ပုန်ကန်သူများကို နှိမ်နင်းနေရသဖြင့် မြို့တော်တွင်း၌ အထိန်းအကွပ်ကင်းမဲ့ကာ ခိုးဆိုးတိုက်ခိုက် လုယက်မှုများ တစ်နေ့တခြားတိုးပွားနေပြီး လွန်စွာဆိုးရွားလျက် ရှိသည်။

ထိုအခိုက် ပုဂံမင်း အရေးနိမ့်ကြောင်း ကြားသိရသဖြင့် မိဖုရားကြီးသည် ဦးရွှေပွင့်ကို ခေါ်ကာ ဆင်းတုတော်သွန်းလုပ်ပြီးပါက အကြောင်းကြားမည်ဖြစ်ကြောင်းနှင့် လတ်တလောအားဖြင့် ဇလွန်သို့ အမြန်ပြန်ရန်ဖြစ်ကြောင်း မိန့်ကြားလေသည်။ ထိုအခါ ဦးရွှေပွင့်က ဆင်းတုတော် မပါဘဲ မိမိတို့ချည်းသာ ပြန်ရပါက မြို့ပြန်မလှ ဖြစ်ပါမည်။ သို့ဖြစ်၍ နန်းဦးတွင် ကိုးကွယ်ထားသည့် နန်းဦးဘုရားကို ခေတ္တပင့်ဆောင်ခွင့်ပြုပါရန်နှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်သည်တွင် သွန်းလုပ်ထားသည့် ဆင်းတုတော်ကို လာရောက်ပင့်ဆောင်ရင်း နန်းဦးဘုရားကိုပါ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ပါကြောင်း ကတိပြုကာ အသနားခံ လျှောက်ထားလေသည်။

မိဖုရားကြီးက မိမိသဘောတူရုံဖြင့်မပြီးသေး၊ ပုဂံမင်း၏မယ်တော်ကြီးထံ ခွင့်ပန်ဦးမှ သင့်တော်မည်ဟု ဆုံးဖြတ်ကာ မယ်တော်ကြီးထံ လျှောက်တင်ခဲ့ရာ မယ်တော်ကြီးက ပင့်ဆောင်ရန် မသင့်တော်ကြောင်း ငြင်းပယ်နေသော်လည်း နောက်ဆုံးတွင် အတွင်းဝန်မင်းကခေတ္တခဏမျှ ပင့်ဆောင်ခြင်းကို ခွင့်ပြုတော်မူသင့်ကြောင်း လျှောက်တင်သဖြင့် မယ်တော်ကြီးလည်း ခွင့်ပြုတော်မူလိုက်လေသည်။

မယ်တော်ကြီး၏ ခွင့်ပြုချက်ရပြီးသည်နှင့် တစ်ပြိုင်နက် မိဖုရားကြီးလည်း သွန်းလုပ်နေသော ကြေးဆင်းတုတော် ပြီးစီးသောအခါ လာရောက်ပင့်ဆောင်ရာတွင် နန်းဦး(မာရ်အောင်မြင်)ဘုရားကိုပါ တစ်ပါတည်းပြန်လည်ပင့်ဆောင်ခဲ့ရန် ဦးရွှေပွင့်အား မှာကြားပြီး နန်းဦး



မာရ်အောင်မြင်မုနိ ရုပ်ပွားတော်အား ဇလွန်သို့ ခေတ္တပင့်ဆောင်ခွင့်ပြုပါရန် ဦးရွှေပွင့်က ပုဂံမင်း မိဖုရားကြီးအား လျှောက်တင်နေပုံ

(မာရ်အောင်မြင်) ဘုရားကို မိဖုရားကြီးကိုယ်တိုင်ပင် ရွှေဝေါတော်ပေါ်သို့ တင်စေတော်မူကာ လူပေါင်း ၄၇ ယောက်ဖြင့် ဂေါဝိန်ဆိပ်ကမ်းသို့လိုက်ပါပို့ဆောင်စေတော်မူခဲ့လေသည်။

ဦးရွှေပွင့်လည်း ဝမ်းမြောက်ကြည်လင် လန်းရွှင်စွာဖြင့် နန်းဦးမာရ်အောင်မြင်ဘုရားကို ရန်လွင့်မင်္ဂလာလှေတော်ကြီးပေါ်တွင် ပင့်ဆောင်ကာ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ရာ ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၈ ရက်နေ့တွင် ဇလွန်မြို့သို့ ချောမောစွာပင် ဆိုက်ရောက်ခဲ့သည်။

မာရ်အောင်မြင်ဘုရား ဇလွန်ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူသည်နှင့် ဇလွန်မြို့သားများ သောင်းသောင်း



ဦးရွှေပွင့်နှင့် တပည့်များ ပင့်ဆောင်လာသည့် မာရ်အောင်မြင် ရုပ်ပွားတော်အား ဇလွန်သို့ ဆိုက်ရောက်တော်မူလာပုံ




www.burmeseclassic.com

www.burmeseclassic.com

ဖြိုဖြ ကြိုဆိုဖူးမြော်ကြပြီးနောက် ရုပ်ပွားတော်ကို မြို့သူ မြို့သားများ စုပေါင်းဆောက်လုပ်ထားသည့် ရွှာဘုံတန်ဆောင်းတော်ကြီးသို့ ပင့်ဆောင်ကာ ခေတ္တယာယီ ပူဇော်ထားလေသည်။

ထို တန်ဆောင်းတော်ကြီးမှာ မြို့လယ်အချက်အချာတွင် တည်ရှိပြီး ကလပ်လည်ပေါ် သက်ငယ်မိုး တန်



မာရ်အောင်မြင်ရုပ်ပွားတော်ကြီးအား ယာယီတန်ဆောင်းတော်ကြီးတွင် ခေတ္တပင့်ဆောင်ပူဇော်ထားပုံ

ဆောင်းတော်ကြီးဖြစ်သည်။ ရဟန်းရှင်လူ မြို့သူ မြို့သားများမှာလည်း ရုပ်ပွားတော်ကို ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းသည့် လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် အခါအားလျော်စွာ နေ့ညဉ့်မပြတ်လာရောက်ချပါန်းပူဇော်လျက် ရှိကြပြီး ယင်းသို့ပူဇော်ခွင့်ရသဖြင့် မိမိတို့တွင် ကျရောက်နေသည့်ဘေးဒဏ်ရန်အန္တရာယ်အပေါင်းမှ ပြေပျောက်ပျက်လွှာကျကုန်သည်ဟု ပြောစမှတ်ဖြစ်နေကြသည်။

ဇလွန်မြို့သို့ နန်းဦးဘုရား ကြွသာတော်မူသည်တွင် ဆရာတော်ဦးအရိန္ဒမ (ဘုန်းကြီး ဦးဖြူ) က ပုလဲဆင်းရှိ ဓာတ်တော်မြတ်ခြောက်ဆူကို ငွေကြုတ်ဖြင့်ထည့်ကာ လက်ဝဲလက်ရုံးတော်တွင်လည်းကောင်း၊ ရွှေအဆင်းရှိဓာတ်တော်ခြောက်ဆူကို ရွှေကြုတ်တွင်ထည့်ကာ လက်ယာလက်ရုံးတော်တွင် လည်းကောင်းဌာပနာတော်မူလေသည်။

၁၂၁၅ ခုနှစ် တန်ခူးလပြည့်နေ့တွင် ဆရာတော် ဦးအရိန္ဒမ အမှူးရှိသော မဟာထေရ်ကြီးများက အနေကဇာတင်တော်မူခဲ့ကြသည်။ ထို့နောက် မကြာမီပင် နန်းဦးဘုရား ဘွဲ့တော်ပျောက်ကာ **မာရ်အောင်မြင်ဘုရား** ဘွဲ့တော်ဖြင့် ဇလွန်မြို့တွင် ထင်ရှားလာလေသည်။

ထိုအချိန်တွင် အမရပူရ ရွှေမြို့တော်မှ မိဖုရားခေါင်ကြီး စေလွှတ်လိုက်သည့် အထောက်တော်များ ဇလွန်သို့ ရောက်ရှိလာကြကာ ရွှေမြို့တော်တွင် သွန်းလုပ်လျက်ရှိသည့် ကြေးဆင်းတုတော် ပြီးစီးပြီဖြစ်၍ လာရောက်ပင့်ဆောင်ရန်နှင့် နန်းဦးဘုရားကိုပါ တစ်ပါတည်း ပင့်ဆောင်ခဲ့ရန် ဦးရွှေပွင့်အား ပြောကြားလေသည်။

ဦးရွှေပွင့်က ဘုရားဖူးများမပြတ်မလပ် လာရောက်ဖူးမြော်နေကြသဖြင့် ခေတ္တဆိုင်းငံ့တော်မူရန် တမန်တော်များမှတစ်ဆင့် မိဖုရားကြီးအား သံတော်ဦးတင်ခဲ့သည်။ ဒုတိယအကြိမ် တမန်တော်များ ရောက်ရှိလာသည်တွင်လည်း ဦးရွှေပွင့်က မြို့ရွာမငြိမ်မသက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပါသဖြင့် ဆိုင်းငံ့တော်မူပါရန် သံတော်ဦးတင်ခဲ့ပြန်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၂၁၄ ခုနှစ်တွင် အောက်မြန်မာပြည်တစ်ခုလုံးကို သိမ်းပိုက်ခဲ့ပြီး ယင်းတို့သိမ်းပိုက်ရာနယ်မြေအတွင်းရှိ ကြေးဆင်းတုတော်များ၊ ကြေးခေါင်းလောင်းများ၊ ကြေးအိုးကြေးခွက်များကို လိုက်လံသိမ်းယူကာ အိန္ဒိယပြည် ဘုံဘေမြို့သို့ပို့၍ အရည်ကျိုပြီး ကြေးပိုက်ဆံ၊ ကျည်ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ပြုလုပ်ခဲ့သည်။

ဤသို့ဖြင့် ၁၂၁၇ ခုနှစ်တွင် အင်္ဂလိပ်စစ်ဗိုလ် ဆာဂျွန်ဆင်က မာရ်



မာရ်အောင်မြင်ရုပ်ပွားတော်အား နယ်ချဲ့လက်ပါးစေများက 'ရွှေချိန်'အမည်ရှိ သင်္ဘောဖြင့် အိန္ဒိယသို့ သယ်ဆောင်သွားပုံ

www.burmeseclassic.com

အောင်မြင် ကြေးဆင်းတုတော်ကို ရွှေချိန်အမည်ရှိ သင်္ဘောကြီးဖြင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့ပြီ၊ အခြားကြေးဆင်းတုများနှင့် အတူ ရောကာ ဂိုဒေါင်ကြီးတစ်ခုတွင် ထားခဲ့သည်ဟု ဆိုသည်။ ဤဖြစ်ရပ်ကြောင့် ဇလွန်မြို့သူမြို့သားတို့ စိတ်နှလုံးညှိုးငယ်ကာ ယူကျုံးမရ ဖြစ်ခဲ့ကြရသည်။

ထိုစဉ်တွင် အထက်မြန်မာနိုင်ငံ အမရပူရ ရွှေနန်းတော်၌လည်း ပုဂံမင်း နန်းကျပြီ၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ နန်းသိမ်း၍ နန်းစံခဲ့သည်။ ပုဂံမင်း၏ မိဖုရားခေါင်ကြီးလည်း နန်းကျ မိဖုရားဖြစ်သွား၍ ဦးရွှေပွင့်ထံ နန်းဦးဘုရား ပြန်ပို့ရန် နောက်ထပ် တမန်လွှတ်ခြင်း မပြုတော့ဘဲ လျစ်လျူရှုနေခဲ့လေသည်။ မင်းတုန်းမင်းသည်လည်း နန်းဦးဘုရား အိန္ဒိယသို့ ပါသွားကြောင်း သိရှိသည့်တိုင် တစ်စုံတစ်ရာမပြောဆိုဘဲ နေတော်မူခဲ့သည်။

မင်းတပ်မင်း ခေါ် ကနောင်မင်းသည် နန်းဦးဘုရား အိန္ဒိယသို့ပါသွားကြောင်း သိလိုက်သဖြင့် ဦးရွှေပွင့် သွန်းလုပ်ထားသော ကြေးဆင်းတုတော်ကို ယခင်နန်းဦးဘုရား သီတင်းသုံးတော်မူခဲ့သော ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ကာ ကိုးကွယ်ခဲ့သည်။

ဘုံဘေမြို့ရှိ ဂိုဒေါင်ကြီးတွင် စုပုံထားသော ကြေးဆင်းတုတော်များကို အရည်ကျိုခဲ့ကြရာ မာရ်အောင်မြင်ရုပ်ပွားတော်ကို ဖိုကျင်လေးလုံးဆိုင်၍ ထိုးကြသော်လည်း အရည်မပျော်သည့်အပြင် ပေါင် ၂၀ လေးသောတူကြီးများဖြင့် ထုကြသော်လည်း အရာမထင်ဘဲ မူလပကတိအတိုင်းပင် ရှိခဲ့သည်။ ဤသို့ မာရ်အောင်မြင်ရုပ်ပွားတော်ကို ဖျက်ဆီးနေကြစဉ်တွင် ဘုံဘေတစ်မြို့လုံး မိုးမှောင်ကျကာမြူနှင်းများဝေ၍လာသည်။ ရုပ်ပွားတော်တွင် ဌာပနာထားသည့် ဓာတ်တော်များ၊ ရောင်ခြည်တော်ကွန့်မြူးကာ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့သည်။

ထို့ပြင် ရုပ်ပွားတော်ကို အနောက်ဘက်သို့ မျက်နှာတော်လှည့်ထားသော်လည်း အရှေ့ဘက်သို့သာ ပြန်၍ မျက်နှာတော်မူနေမြဲသာ ရှိသည်ဟုဆိုသည်။

မာရ်အောင်မြင် ရုပ်ပွားတော်အား ဖျက်ဆီးကြကုန်သော နယ်ချဲ့လက်ပါးစေ ၆၄ ယောက်တို့မှာလည်း အချို့မှာ သွေးအန်၊ အချို့ ဝမ်းလျှောခြင်းများ တစ်ပြိုင်နက် ဖြစ်ကြကာ သေဆုံးကြကုန်သည်။ ဤကဲ့သို့ အံ့မခန်းသော ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်ရခြင်းမှာ ရုပ်ပွားတော်တွင် ဌာပနာထားသော ဘုရားရှင်၏ ဓာတ်တော်အစစ်များကြောင့်သာ ဖြစ်ပေသည်။ ဥဒ္ဒိဿစေတီဖြစ်သော ရုပ်ပွားဆင်းတုတော်သည်ပင်လျှင် ဤမျှထူးခြားသော ဂုဏ်သတ္တိများ ရှိနေသေးလျှင် သက်တော်ထင်ရှားဘုရားရှင်မူကား အထူးပြောဖွယ်ရာမရှိတော့ပြီ။

အင်္ဂလန်ပြည်၌ ရာဇဝါသိက်ခံယူပြီးနောက် ၁၂၀၇ ခုနှစ်တွင် အိန္ဒိယပြည် ဒေလီမြို့၌ ဧတ္တလာရောက်စံမြန်းနေသော ဗိတိုရိယဘုရင်မသည် တစ်နေ့တွင် ထူးဆန်းသော ခေါင်းခဲဝေဒနာခံစားရသဖြင့် နန်းသုံးတော်ဝင် ကျွမ်းကျင်သော ဆရာဝန်ကြီးများ၏ ဆေးကုသမှုကို ခံယူသော်လည်း မပျောက်ကင်းဘဲ ဖြစ်နေသည်။

ဤကဲ့သို့ ခေါင်းခဲဝေဒနာခံစားရင်း တစ်ညတွင် ဗိတိုရိယဘုရင်မသည် ထူးဆန်းသည့် အိပ်မက် မြင်မက်ခဲ့သည်။ ထိုအိပ်မက်အရ "မြန်မာပြည်မှ ယူလာသော မာရ်အောင်မြင်ဘုရားကို နေရင်းအရပ်သို့ ပြန်ပို့ရမည်၊ မပို့ပါက အသက်အန္တရာယ်ထိခိုက်မည်၊ တိုင်းပြည်မြို့ရွာ အန္တရာယ်ကြီးစွာ ဖြစ်မည်၊ ဗုဒ္ဓမြတ်စွာဘုရားကိုဖျက်ဆီးသော တိုင်းနိုင်ငံလည်း ကပ်ကြီးသုံးပါး ဆိုက်ရောက်၍ သေကြေပျက်စီးကြမည်" ဟုဆိုသည်။

ဘုရင်မကြီးလည်း အိပ်ရာမှ လန့်နိုးပြီး လွန်စွာပင် ထိတ်လန့်တုန်လှုပ်ချောက်ချားလျက် စိုးရိမ်ကြောက်ရွံ့လာကာ မှူးမတ်များကို ချက်ချင်းခေါ်ကာ အိပ်မက်အကြောင်း ပြောပြတိုင်ပင်၍ မာရ်အောင်မြင်ရုပ်ပွားတော်ကို အမြန်ဆုံး ရှာဖွေစေလေသည်။

မှူးမတ်များလည်း အပူတပြင်း ရှာဖွေကြရာ ဘုံဘေမြို့ရှိ ဂိုဒေါင်အတွင်း၌ အခြားသောရုပ်ပွားဆင်းတုတော်များကြားတွင် မဖွယ်မရာ ထားရှိခြင်းခံနေရသော မာရ်အောင်မြင်ရုပ်ပွားတော်မှ ရောင်ခြည်တော်များ ထူးထူးခြားခြား



မာရ်အောင်မြင်ရုပ်ပွားတော်အား အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရှိ ဂိုဒေါင်အတွင်း၌ ထားရှိပြီး အရည်ကျိုဖျက်ဆီးရန် ကြိုးပမ်းကြသူများ ဒုက္ခတွေ့နေကြပုံ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော ခေါင်းခဲဝေဒနာ ခံစားနေရသည့် ဝိတိုရိယဘုရင်မကြီး အိပ်မက်မြင်မက်ပြီးနောက် မာရ်အောင်မြင်မုနိရုပ်ပွားတော် နေရင်းအရပ်သို့ပြန်ခိုင်းနေပုံ

ကျွန်မြူးတောက်ပနေသည်ကို တွေ့မြင်ပြီး မြန်မာဘုရားမှာ စုန်းတောက်စား နေသည်ဟု ဘုရင်မကြီးအား လျှောက်တင်ခဲ့ကြသည်။

ဝိတိုရိယဘုရင်မကြီးက ဤထူးခြားသော ရုပ်တုတော်သည် မိမိ အိပ်မက်တွင် မြင်မက်သော မာရ်အောင်မြင်ဘုရားပင်ဖြစ်မည်ဟု ဆိုကာ "ထိုဘုရားကို သယ်ဆောင်၍ယူခဲ့သော နေရာသို့ ပြန်ပို့ပါ" ဟု အမိန့်ချလိုက်လေသည်။ ထိုကဲ့သို့ အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဘုရင်မကြီး၏ ခေါင်းခဲဝေဒနာသည်လည်း ချက်ချင်း ပင် ထူးကဲစွာ သက်သာပျောက်ကင်းခဲ့သည်ဟုဆိုသည်။

ဘုရင်မကြီး၏ အမိန့်အတိုင်း အရာရှိများလည်း သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မာရ်အောင်မြင်ရုပ်ပွားတော်ကို နေရင်းအရပ်သို့ ပြန်လည်ပို့ဆောင်ကြရာ ဇလွန်မြို့ကိုကျော်လွန်၍ မြို့မှာပင် ဟင်္သာတမြို့အနီး သဲသောင်စပ်တွင် ချထားခဲ့ကြသည်။

မာရ်အောင်မြင် ရုပ်ပွားတော်သည် ဟင်္သာတ သဲသောင်တွင် ပွဲတော်ကာ ခေါ်သော တပေါင်းရေတက်မှဲ့ကြောင့် မမြုပ်တဲ့ ဦးခေါင်းတော် ပေါ်လျက်ရှိနေသည်။ ထိုအခါ ရေလုပ်သားများက ငါးရှာရင်း ဖူးတွေ့ကြရသဖြင့် လူသူစုရုံးကာ ကမ်းပေါ်သို့ ပင့်ဆောင်ပြီး ငါးမျက်နှာတန်ဆောင်းတော်ကြီး အတွင်း၌ ခေတ္တကိုးကွယ်ထားခဲ့သည်။ ထိုအချိန်မှစကာ ဟင်္သာတမြို့သူမြို့သားနယ်သူနယ်သားများ သောင်းသောင်းဖြဖြ လာရောက်ကြကာ ပေါ်တော်မူဘုရားအဖြစ် ဖူးမြော်၍မဝနိုင်အောင်ပင်ရှိနေကြသဖြင့် မာရ်အောင်မြင်တွဲ့မည်တော်ပျောက်ကာ"ပေါ်တော်မူဘုရား" ဟူသော တွဲ့မည်တော်တွင်ခဲ့လေသည်။

ထိုစဉ် ဇလွန်မြို့ပိုင်မင်းသည် အရေးပိုင်မင်းနှင့် တွေ့ဆုံရန် ကိစ္စရှိသဖြင့် ဟင်္သာတသို့ ရောက်ရှိလာရာမှ ဟင်္သာတတွင် ကျော်ကြားနေသော ***ပေါ်တော်မူဘုရား*** အကြောင်း ကြားသိခဲ့ပြီး ထိုဘုရားသို့ သွားရောက်ဖူးမြော်သောအခါ ဇလွန်မြို့မှ မာရ်အောင်မြင်ဘုရား ဖြစ်နေကြောင်း သိရှိလိုက်လေသည်။

သို့ဖြစ်၍ မြို့ပိုင်မင်းသည် ဇလွန်သို့ ချက်ချင်းပင်ပြန်ခဲ့ကာ ဆရာတော်ဦးအရိန္ဒမ(ဘုန်းကြီးဦးဖြူ)ကိုအကြောင်းစုံလျှောက်တင်ခဲ့သည်။

ဆရာတော် ဦးအရိန္ဒမလည်း အချိန်ဆိုင်းမနေတော့ဘဲ ဒကာ၊ ဒကာမများကို စုရုံးခေါ် ဆောင်၍ လှေ ၁၂စင်းဖြင့် ဟင်္သာတသို့ ကြွတော်မူခဲ့သည်။

ဟင်္သာတသို့ရောက်၍ ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဇလွန်မြို့တွင် ကိန်းဝပ်တော်မူခဲ့သော မာရ်အောင်မြင်ဘုရား အမှန်ပင်ဖြစ်ကြောင်း သိရှိတော်မူခဲ့လေသည်။ သို့ဖြစ်၍ ဆရာတော်နှင့် အဖွဲ့သည် ဟင်္သာတအရေးပိုင်မင်းထံ ကြွတော်မူ



မာရ်အောင်မြင်မုနိရုပ်ပွားတော်အား ဟင်္သာတမြို့အနီးသောင်စပ်တွင် လာရောက်ပို့ဆောင်ထားခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတမြို့ ကြေးကန်ဆရာတော်ရှေ့မှောက်တွင် ဆရာတော်ဦးအရိန္ဒမ (ဘုန်းကြီးဦးဖြူ)က စမဓေဏ်ဂါထာတော် ရွတ်ပြနေပုံ



မာရ်အောင်မြင် မုနိရုပ်ပွားတော်အား ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ဟသ်ာတနှင့် ဇလွန်တို့ လွန်ဆွဲရန် ပြင်ဆင်နေကြပုံ

ကာ အကျိုးအကြောင်းပြောပြကြသည်။ အရေးပိုင်မင်းလည်း ဟသ်ာတမြို့ပေါ်ရှိ ရပ်မိရပ်ဖ လူကြီးလူကောင်းများကို ခေါ်၍ အကြောင်းစုံပြောပြသောအခါ ရပ်မိရပ်ဖများက ဤကိစ္စသည် သာသနာရေးကိစ္စဖြစ်၍ သံဃာတော်များနှင့်သာ သက်ဆိုင်ပါကြောင်း ပြောကြသဖြင့် အရေးပိုင်မင်းက လူကြီးများနှစ်သက်ရာ ဟသ်ာတမှ ဆရာတော်တစ်ပါးကိုပင့်ပြီး ဇလွန်ဆရာတော်နှင့် သံဃာတော်ချင်း ဆွေးနွေးတော်မူရန် စီစဉ်ပေးခဲ့သည်။

သို့ဖြစ်၍ ဟသ်ာတမှ ကြေးကန်ဆရာတော်နှင့် ဇလွန်မှ ဆရာတော်ဦးအရိန္ဒမတို့ ဆွေးနွေးမေးမြန်းကြရာ ဆရာတော်ဦးအရိန္ဒမက မာရ်အောင်မြင် ရုပ်ပွားတော်တွင် စမ္မခဏ်စာပါကြောင်းနှင့် ထိုစမ္မခဏ်စာကို အာဂုံရွတ်ပြနိုင်ခဲ့သဖြင့် ထိုရုပ်ပွားတော်မှာ ဇလွန် ***မာရ်အောင်မြင်ဘုရား*** ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာပြနိုင်ခဲ့သော်လည်း ဟသ်ာတ မြို့သူမြို့သားများက မိမိတို့မြို့သို့ရောက်လာသဖြင့် မိမိတို့သာ ကိုးကွယ်ထိုက်ကြောင်း တွင်တွင်သာ ငြင်းဆိုနေကြသဖြင့်တစ်ဖက်နှင့်တစ်ဖ တင်းမာသည့် အခြေအနေ ဖြစ်ပေါ်၍ နေသည်။

ဤတွင် အရေးပိုင်မင်းက ကြ ဝင်စေ့စပ်ပြီး မြစ်လယ်ဖောင်ပေါ်တွင် ဘုရားကိုတင်၍ ဇလွန်နှင့် ဟသ်ာတ လွန်ဆွဲကြကာ ဘုရားကိန်းဝပ်လိုရာသို့ လိုက်ပါတော်မူသည့်ဘက်မှ အနိုင်ယူ ကိုးကွယ်ကြပါဟု ဆုံးဖြတ်ပေးလိုက်ရာ ဟသ်ာတ မြို့သူမြို့သားတို့က မိမိတို့မှာ လူအင်အား ပိုများသဖြင့် လွန်ဆွဲက ဧကန်နိုင်မည်ဟု မှတ်ယူကာ လက်ခံခဲ့ ကြသည်။

ဇလွန် မြို့သူမြို့သားများမှာလည်း မိမိတို့ဘက်တွင် လူနည်းနေသည့်တိုင် မတတ်သာတော့သဖြင့် လိုက်လျောခဲ့ ကြရသည်။

(ဆက်ရန်)

❒ မင်းဂုဏ်


**<u>စာကိုး</u>**


၁။ မာရ်အောင်မြင်ပြည်တော်ပြန် ဆင်းတုတော်သမိုင်း၊ တက္ကသိုလ် အရှင်ကုလာသဘ (ပြည်)။
၂။ မန္တလေးမြို့ မဟာမြတ်မုနိဘုရား သမိုင်း၊ ဦးမောင်မောင်တင်(မဟာ ဝိဇ္ဇာ)၊ ၂၀၀၄ ခုနှစ် မတ်လ။
၃။ ကုန်းဘောင်ရှာပုံတော်၊ ညီမြ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ။
၄။ ဇလွန်မြို့ မာရ်အောင်မြင် ပြည် တော်ပြန်မြတ်စွာဘုရားကြီးသမိုင်း သမိုင်းပြုစုရေးအဖွဲ့၊ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ။
၅။ ရခိုင်မဟာမုနိဘုရားသမိုင်း ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၊ ၁၉၉ ခုနှစ် ဖေဖော်ဝါရီလ။
၆။ ဇလွန်မြို့ ကျက်သရေဆောင် ပြည် တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓပူဇနိ ဘုန်းတော်ကြီးဦးသီလ၏ အုံ့မခန် သောဖြစ်ရပ်ဆန်းများ၊ မာမ (သုတေသီ)၊ ၂၀၀၅ခုနှစ်၊ ဧပြီလ





www.burmeseclassic.com

www.burmeseclassic.com



ခုံတော်မင်းစေတီတော်



ရွှေကျီးမြင်စေတီတော်ကြီးအား အနီးကပ်ဖူးမြော်ရပုံ

# ရွှေကျီးမြင်ဘုရား

## မင်းအစဉ်အဆက် ကိုးကွယ်ခဲ့သော ဆုတောင်းပြည့်နန်းစဉ်ဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ

တက္ကသိုလ်မျိုး

သမီးနန်းဟွမ်ခန်းမောင်းနှင်လာသော မတ်တူးဆလွန်းကားလေးသည် ရွှေကျီးမြင်စေတီတော်ရှိရာသို့ ဦးတည်လျက်ထွက်ခွာလာခဲ့သည်။ ရွှေကျီးမြင်စေတီတော်မြတ်သည် မန္တလေးမြို့ အနောက်ပြင် ပြည်ကြီးကျက်သရေရပ်၌ တည်ရှိလေသည်။ ချမ်းသာကြီးဘုရားမှ တစ်ဆင့်လာရ၍ ခရီးအတန်ငယ် ဝေးသည်ဟု ထင်မိသည်။

ရွှေကျီးမြင်စေတီတော်သည် စာရေးသူ အသက် (၂၀) မပြည့်မီကပင် ဖူးမြော်ဖူးသော စေတီတော်တစ်ဆူ ဖြစ်လေသည်။ မိဘလုပ်ငန်းဖြစ်သည့် ကျားသက်န်းတိုက်လုပ်ငန်းကို စာရေးသူ အသက်(၁၇)နှစ် အရွယ်ခန့်ကပင် ကျောင်းတက်ရင်း ကူညီလုပ်ကိုင်ခဲ့ရသူဖြစ်ရာ မန္တလေး၊ အင်းဝ စသည့် ချိတ်ထုရာပစ္စည်းများ ထုတ်လုပ်ရာ မြို့များသို့ မကြာခဏ အရောက်လေ့ရှိသည်။


မန္တလေးသို့ရောက်တိုင်း ဦးစိန်၊ ဒေါ်စိန် သပိတ်ကုန်သည် သမီးကြီး ဒေါ်အုံးတင်၏ ၈၂ လမ်း ရသာတန်းတိုက်၌ တည်းခိုလေသည်။ ကြီးကြီးဒေါ်အုံးတင်နှင့် ခင်ပွန်း ဦးလေးကောင်းတို့မှာ အလွန်သဘောကောင်းလှသည်။ ၈၂ လမ်း နှစ်ထပ်တိုက် တစ်တိုက်လုံးအား ရန်ကုန်မှလာရောက်သည့် ဧည့်သည်များ တည်းခိုနိုင်ရန် အလွတ်ထားရှိပြီး လာသမျှ ဧည့်သည်များကိုလည်း လိုလေသေးမရှိ ဧည့်ခံကျွေးမွေးလေ့ရှိသည်။ ဧည့်သည်များ သွားလာရေး အဆင်ပြေစေရန် ဂျစ်ကားတစ်စီးကိုလည်း အဆင်သင့် ထားရှိပေးသည်။ ကားမောင်းပို့ရန်လည်း ကြီးကြီးဒေါ်အုံးတင်၏ ဆွေမျိုးတော်စပ်သည့် ဦးချစ်ဆွေက တာဝန်ယူရသည်။

စာရေးသူ အသက်(၂၀)ခန့်က မန္တလေးသို့ရောက်စဉ် ၈၂ လမ်းတိုက်၌ တည်းခိုပြီး ကုန်ဝယ်သည့်အလုပ်များ (ထိုစဉ်က ဘုန်းကြီးဖိနပ်များ၊ သံသပိတ်၊ မြေသပိတ်များ၊ ရှင်လောင်းသုံး ဦးသျှောင်၊ စလွယ်၊ လက်စည်း၊ စည်းပုံများ၊ သပိတ်အိတ်၊ ခါးပန်းကြိုးများ ဝယ်ယူခြင်း) လုပ်ကိုင်ရာ နေရာအသီးသီးသို့ ဦးချစ်ဆွေက ဂျစ်ကားဖြင့် ပို့ပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးမြင်စေတီတော်ကြီးအား
အာရုံခံတန်ဆောင်းနှင့်ယှဉ်၍ ဖူးမြော်ရပုံ



ဂန္ဓကုဋိတိုက်မုခ်ပေါက်မှ ရွှေကျီးမြင်ဘုရားအားဖူးမြင်ရပုံ

တစ်နေ့ နံနက်စောစော စာရေးသူ ၈၂ လမ်းတိုက်ရှေ့၌ ရပ်နေစဉ် ကြီးကြီးအုံးတို့တိုက်နှင့် မျက်စောင်းထိုး လမ်းတစ်ဖက်၌ရှိသော 'ဦးဘတုတ် ဘုန်းကြီးစီးဖိနပ်လုပ်ငန်း'ပိုင်ရှင် ဦးလေးတုတ် (ဦးဘတုတ်) ရောက်လာပြီး . . .

"မောင်မျိုးမြင့်ကို ဦးလေးတုတ် မြီးရှည်ကျွေးမလို့ လာခေါ်တာ၊ အပြန်ကျရင် ရွှေကျီးမြင်ဘုရား ဝင်ဖူးရအောင်"

ဦးလေးတုတ်သည် မန္တလေး ဘုန်းတော်ကြီးစီးဖိနပ်လုပ်ငန်းများအနက် နာမည်ကြီးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ စာရေးသူ၏ မိဘများနှင့် စီးပွားဖက်ဖြစ်သည်။ ဦးလေးတုတ် ရန်ကုန်ရောက်စဉ်၌လည်း စာရေးသူတို့အိမ်၌ မကြာခဏ ထမင်းစားလေ့ရှိသည်။ ဦးလေးတုတ်သည် ဖိနပ်လုပ်ငန်းအတွက် သက်န်းဆိုင်များမှ ငွေသိမ်းရန် လာရောက်သလို မန္တလေးတိုင်း ဘောလုံးအသင်း အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲတက်တိုင်း မန္တလေးတိုင်းအသင်းကို အားပေးရန် လာရောက်လေ့ရှိသည်။


ဦးလေးတုတ်နှင့်အတူ လိုက်ပါလာလေ့ရှိသူမှာ မင်းဂွတ်သီးဖိနပ် လုပ်ငန်းရှင် ဦးလေးဦးအောင်ကြီး ဖြစ်သည်။ စာရေးသူ မန္တလေးရောက်တိုင်းလည်း ဦးလေးတုတ်နှင့် ဦးလေးဦးအောင်ကြီးတို့က ထမင်း၊ မြီးရှည်၊ မုန့်တီ၊ ပဲထပ် တစ်ရာတို့နှင့် ဧည့်ခံကျွေးမွေးလေ့ရှိသည်။



ခုံတော်မင်းစေတီတော်အား ဖူးမြော်ရပုံ



www.burmeseclassic.com



ခံ့တော်မင်းစေတီတော်အား အနီးကပ်ပူးမြော်ရပုံ

ယခုလည်း ဦးလေးတုတ် ခေါ်ဆောင်ရာသို့ ဦးချစ်ဆွေမောင်းသော ဂျစ်ကားဖြင့် လိုက်ပါလာခဲ့ပြီး ဦးလေးတုတ်ကျွေးသော မြီးရှည်ကို အားရပါးရ စားသောက်ပြီးနောက်တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသည့် ရွှေကျီးမြင်ဘုရားသို့ ပထမဆုံးအကြိမ် ရောက်ခဲ့ရလေသည်။

ရွှေကျီးမြင်စေတီတော်သည် ၂၄ လမ်းနှင့် ၈၂ လမ်းဆောင့်၌ တည်ရှိရာ စာရေးသူတည်းခိုသည့်တိုက်နှင့် တစ်လမ်းတည်းဖြစ်နေသည်ကို တွေ့ရသည်။ တစ်လမ်းတည်း ၈၂ လမ်းဖြစ်သော်လည်း မန္တလေးမြို့၏ သဘာဝအတိုင်း ၈၂ လမ်းသည် အလွန်ရှည်လျားလှ၍ စာရေးသူတည်းခိုရာတိုက်နှင့် အတော်ပင်ဝေးလှသည်။

ဘကြီးတုတ်သည် ရွှေကျီးမြင်စေတီသို့ ရောက်သောအခါ . . .



ရွှေကျီးမြင်မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်အဝင်မုခ်ပေါက်



ရွှေကျီးမြင်မြတ်စွာဘုရား အဝင်မုခ်ဦးပေါက်



www.burmeseclassic.com

www.burmeseclassic.com

"မောင်မျိုးမြင့် ဒီစေတီတော်ကြီးရဲ့ လိုဏ်ဂူတော်မှာ ကိန်းဝပ်စံပယ်တော်မူတဲ့ ရုပ်ပွားတော်တွေဟာ ရှေးမင်းအစဉ်အဆက် ကိုးကွယ်ခဲ့တဲ့ တန်ခိုးကြီးဘုရားတွေပဲ၊ ဆုတောင်းလဲ အလွန်ပြည့်တယ်၊ လိုတဲ့ဆု တောင်းပေါ့ကွာ"

စာရေးသူသည် အသက်(၂၀)အရွယ်သာ ရှိသေး၍ ရွှေကျီးမြင်စေတီတော်နှင့် ရုပ်ပွားတော်မြတ်တို့အား ပူဇော်ကန်တော့ရင်း မိမိဖြေဆိုမည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ရန်သာ ဆုတောင်းမိသည်။ နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့ပြီဖြစ်၍ ထိုစဉ်က ရောက်ရှိခဲ့သော ရွှေကျီးမြင်စေတီတော်မြတ်ကြီးနှင့် ဖူးမြော်ခဲ့ရသော ရှေးဟောင်းဆင်းတုတော်တို့ကိုကား သေချာဂန မမှတ်မိတော့ပေ။ နောင်အခါမှ သိရသည်ကတော့ ရှေးဟောင်းရုပ်ပွားတော်များအနက် စိန်ဘုရား၊ မြဘုရား၊ ဗုဒ္ဓအံတော်၊ စွယ်တော်၊ အညာသီဟတော ဘုရားများနှင့် ရုပ်ပွားတော်များသည် သတ်မှတ်ထားသောရက် (သင်္ကြန်အကျ၊ ဒဿတက်၊ နှစ်ဆန်းတစ်ရက်နေ့များ၊ ဝါဆိုလပြည့်၊ဝါခေါင်လပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့များ) ၌သာ ရွှေကျီးမြင်ဘုရားရှေ့ အာရုံခံအတွင်း ဖွင့်လှစ် အပူဇော်ခံကြောင်းသိရသည်။ ယခုအခါ၌ကား တန်ခိုးကြီး ဆုတောင်းပြည့် ရုပ်ပွားဆင်းတုတော်များအား အာရုံခံတန်ဆောင်းအတွင်းရှိ ဂန္ဓကုဋီ တိုက်တော်၌ အပူဇော်ခံထားရှိကြောင်း တွေ့ရသည်။



ရွှေကျီးမြင်မြတ်စွာဘုရား ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋီတိုက်အဝင် မုခ်ပေါက်၌ စာရေးသူအမှတ်တရ



ဆုတောင်းပြည့်ရွှေကျီးမြင် မြတ်စွာဘုရားအား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ

စာရေးသူသည် ဦးလေးတုတ်ကျေးဇူးကြောင့် ရွှေကျီးမြင်စေတီတော်သို့ ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ခြင်း ဖြစ်သည်။ နောင်အခါများ၌ စာရေးသူသည် ရွှေကျီးမြင်စေတီတော်သို့ မကြာခဏရောက်ခဲ့သည်။ မဟာမြတ်မုနိဘုရားကြီးသို့ မန္တလေးရောက်တိုင်း အဖူးအမြော်မပျက် ရောက်ခဲ့သော်လည်း ရွှေကျီးမြင်စေတီတော်ထံသို့ကား မန္တလေးမြို့ရောက်တိုင်း မရောက်ဖြစ်ခဲ့သည်ကား အမှန်ပင်ဖြစ်သည်။

ပြီးခဲ့သော တစ်နှစ်ကျော်ကာလက တစ်ကြိမ်ရောက်ခဲ့သည်။ ထိုစဉ်က ရွှေကျီးမြင်ဘုရားကြီး၏ ဂန္ဓကုဋီတိုက် ပြုပြင်မွမ်းမံနေ၍ ရုပ်ပွားဆင်းတုတော်များကို သံဆန်ခါမှ ကြားမှ ဖူးမြော်ပြီး ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့ရသည်။ ယ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နေ့ ရောက်သည့်အခါ ရွှေကျီးမြင်ဆုတောင်းပြည့် ရုပ်ပွားဆင်းတုတော်များသည် မှန်ကျောင်းဆောင်အတွင်းရှိ ပလ္လင်တော်အသီးသီး၌ သပ္ပာ လှစွာ သီတင်းသုံးစံပယ်တော်မူနေရာ ဘုရားဖူးအပေါင်းအ နှင့် ကြည်ညိုဖွယ်ဖူးတွေ့ရခြင်းကြောင့် သဒ္ဓါတရားထက်သ စွာ ဆုတောင်းဆုယူ ပြုနိုင်ကြလေသည်။ စာရေးသူလည် ဓာတ်ပုံမှတ်တမ်းများကို ပြည့်ပြည့်စုံစုံ ထင်ထင်ရှားရှား လွင်စွာ ရိုက်ကူးနိုင်ခဲ့၍ ဝမ်းသာပီတိ ဖြစ်ရလေသည်။

◆





www.burmeseclassic.com

www.burmeseclassic.com



ရွှေကျီးမြင် မြတ်စွာဘုရားအား

အနီးကပ်ဖူးမြော်ရပုံ



ရွှေကွန်အုပ်မြတ်စွာဘုရား

စာရေးသူတို့ စီးနင်းလိုက်ပါလာသော မတ်တူးကား[illegible]လေးသည် ရွှေကျီးမြင် မြတ်စွာဘုရားဟု ကမ္ပည်းရေးထိုးထား[illegible]သည့် မုခ်ဦးထိပ်ဝ၌ ရပ်တန့်သွားသည်။ ကားကို လမ်းတစ်ဖက်[illegible] ရပ်နားပြီးမှ ကားပေါ်မှ ဆင်းကြသည်။ မုခ်ဝတစ်ဖက်တစ်[illegible]ချက်စီ၌ သာသနာ့အလံများ စိုက်ထူထားသည်ကို တွေ့ရ[illegible]သည်။ မုခ်ပေါက်မှအတွင်းသို့ စာရေးသူတို့ ဝင်ရောက်ခဲ့ရာ[illegible]ကျောင်းတန်းဝဲယာ မျက်နှာကြက်နှင့်ကပ်၍ ဗုဒ္ဓဝင်ပန်းချီကား[illegible]ကြီးများမှာ လက်ရာမြောက်လှသည်။ (ရွှေကျီးမြင်ဘုရား[illegible]ဆောင်းပါး၌ ဘုရားဓာတ်ပုံများ မြောက်မြားစွာ ဖော်ပြရ၍[illegible]ချီပုံများ မဖော်ပြနိုင်သည်ကို ခွင့်လွှတ်ပါရန်)။

အဝင်စောင်းတန်းအဆုံး၌ "ရွှေကျီးမြင် မြတ်စွာဘုရား[illegible]၁၀ ကျော်၊ သက္ကရာဇ် ၅၀၀ ကျော်၊ မင်းရှင်စော တည်[illegible]ကိုးကွယ်တော်မူသည်" ဟူသော ကမ္ပည်းစာတန်း ရေးထိုး[illegible]ထားသော ဂန္ဓကုဋိတိုက်အဝင် မုခ်ဝကို ရွှေဆိုင်း၊ ရွှေပိန်း[illegible]များ[illegible]ပြီး အနုစိတ် ပန်းကနုတ်များ ထွင်းထုထားသည်မှာ[illegible]ရာမြောက်လှသည်။ ရွှေရောင်ဝင်းနေသည့် မုခ်ဝမှ[illegible]ကုဋိတိုက်အတွင်းကို လှမ်းမြော်ကြည့်သော် မှန်ကျောင်း[illegible]အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် "ရွှေကျီးမြင်[illegible]တော်မြတ်" အား သပ္ပာယ်လှစွာ ဖူးမြော်နိုင်လေသည်။

ရွှေကျီးမြင် မြတ်စွာဘုရားနှင့် ရှေးဟောင်းမင်းအဆက်ဆက် ကိုးကွယ်ခဲ့သော ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်အဝင် မုခ်ဦးသို့ မဝင်ရောက်မီ ရွှေရောင်ဝင်းပြောင်နေသော တိုင်လုံးကြီးများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ခန်းမဆောင်ကြီးမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်များစွာနှင့် ခမ်းနားလှပေသည်။

ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီသည် ရွှေကျီးမြင်ဘုရားသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ပေ။ ယခု ပထမဆုံးအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်၍ စာရေးသူအနေနှင့်-



ဂန္ဓကုဋိတိုက်အပြင်ဘက် အာရုံခံတန်ဆောင်းအား

ရွှေရောင်တိုင်လုံးများဖြင့် သပ္ပာယ်စွာတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေကွန်အုပ်မြတ်စွာဘုရားရှင်အား အနီးကပ်ဖူးမြော်ရပုံ



ရွှေလင်းပင်မြတ်စွာဘုရား



မှန်ကျောင်းဆောင်အတွင်း၌ ရွှေလင်းပင်၊ ရွှေကျီးမြင်၊ ရွှေကွန်အုပ်မြတ်စွာဘုရားသုံးဆူနှင့် ရှေးဟောင်းနန်းဦးဘုရားများ

"ညီမ အဓိဋ္ဌာန်ဝင်ရမှာက ရွှေကျီးမြင် မြတ်စွာဘုရား ရှေ့မှာနော်၊ အခု ဂန္ဓကုဋိတိုက်ထဲဝင်ပြီး အဓိဋ္ဌာန်ဝင်ရမှာ" ဟု ပြောရင်း ဂန္ဓကုဋိတိုက်အတွင်း ဝင်ရောက်ခဲ့သည်။

စာရေးသူအနေနှင့် ဂန္ဓကုဋိတိုက်အတွင်း ဝင်လိုက်သည်နှင့် အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။ ယခင်ကလို သံဆန်ခါများ အုပ်မိုး၍ မှန်ကျောင်းဆောင်မျိုး မဟုတ်တော့ပေ။ ရွှေကျီးမြင်မြတ်စွာဘုရား၊ ရွှေလင်းပင်မြတ်စွာဘုရား၊ ရွှေကွန်အုပ်မြတ်စွာဘုရား စသည့် ရုပ်ပွားဆင်းတုတော်ကြီး သုံးဆူသည် နောက်ခံသီးသန့် အခန်းသုံးခန်း၌ သီတင်းသုံးစံပယ်တော်မူပြီး ရုပ်ပွားတော်မြတ် သုံးဆူရှေ့၌ ရှေးဟောင်းရုပ်ပွားတော်အဆူဆူသည် သီးတင်းသုံး ကိန်းဝပ်တော်မူနေသည်ကို တွေ့ရသည်။

ယခင်ကလို မဟုတ်ဘဲ မှန်ကျောင်းဆောင်တစ်ခုအတွင်း၌ စနစ်တကျ ဖူးမြော်ရ၍ စာရေးသူ ဝမ်းသာပီတိဖြစ်ရခြင်းဖြစ်သည်။ ဆင်းတုတော်များ ရှေ့၌လည်း ကမ္ပည်းစာကန်းများ ရေးထိုးထားသည့်အတွက် မည်သည့်ရုပ်ပွားတော်မြတ်သည် မည်သည့်ဘွဲ့မည်ရှိပြီး မည်သည့်ထူးခြားမှုရှိသည်ကိုလည်း အလွယ်တကူ သိနိုင်လေသည်။ စာရေးသူအနေနှင့်ကား ဓာတ်ပုံမှတ်တမ်းများကို အပြည့်အစုံ ရိုက်ကူးနိုင်လေသည်။ ရုပ်ပွားဆင်းတုတော်ငယ်များသည် ဉာဏ်တော်အားဖြင့် မြင့်မားခြင်းမရှိသော်လည်း တစ်ဆူချင်း၏ ထူးခြားမှုဆုတောင်းပြည့်ဝမှုတို့မှာ အံ့သြဖွယ်ပင်ဖြစ်ပေတော့သည်။

စာရေးသူ၏ ဇနီးဖြစ်သူမှာ ရွှေကျီးမြင်မြတ်စွာဘုရားရှင် ရုပ်ပွားတော်ရှေ့၌ ထိုင်၍ပုတီးစိပ်ပြီး အဓိဋ္ဌာန်ဝင်လျက်ရှိသည်။ စာရေးသူလည်း ရွှေကျီးမြင်မြတ်စွာဘုရားအား ရိုသေစွာ ဦးချကန်တော့ပြီး လောဘ၊ ဒေါသ၊ မောဟကင်းစင်သော ဆုကိုတောင်းမိသည်။

ထိုနည်းတူ ရွှေလင်းပင်မြတ်စွာဘုရား၊ ရွှေကွန်အုပ်မြတ်စွာဘုရားတို့အားလည်း တစ်ဆူချင်းဦးချကန်တော့၍ အထက်ပါအတိုင်းဆုတောင်းမိသည်။ စာရေးသူတောင်းသော


www.burmeseclassic.com




ရွှေလင်းပင်မြတ်စွာဘုရားအား အနီးကပ်ပူးမြော်ရပုံ



အညာသီဟတော မြတ်စွာဘုရား



သက်တော်ရ မကိုင်ဆောင်းဘုရား သီဟိုဠ်မင်း ကိုးကွယ်သော ရှင်မဟာကဿပမထေရ်မြတ်၊ မနုဟာမင်းကိုးကွယ်သော ရွှေမိုးမောက်ဘုရား



ဒက္ခိဏသာခါမြတ်စွာဘုရားများ


သား သံသရာမှ လွတ်မြောက်ရေး ဝိပဿနာဉာဏ်အမြင် မြန်ဆုံးရစေသားဟူသော ဆုပင် ဖြစ်ပေတော့သည်။

ရွှေကျိုးမြင်မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေလင်းပင်၊ ရွှေကွန်အုပ် ရုပ်ပွားတော်မြတ် သုံးဆူအား ဦးချကန်တော့ပြီးနောက် မှန်ကျောင်းဆောင်အတွင်းရှိ နန်းစဉ်ကိုးကွယ်ခဲ့သော ရှေးဟောင်းဆုတောင်းပြည့် တန်ခိုးကြီးရုပ်ပွား ဆင်းတုတော်ငယ်များနှင့် အတွင်းနန်းကုဋီတိုက်၌ စံပယ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အံတော်မြတ်ကိုလည်း ပူဇော်ကန်တော့လိုက်ပေသည်။

ယခု ဖူးတွေ့နေရသည့် ရွှေကျိုးမြင်မြတ်စွာဘုရား အပါအဝင် မှန်ကျောင်းဆောင်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များသည် ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် မင်းအစဉ်အဆက်သည် နန်းတော်ဦး၌ သီးသန့်ကိန်းဝပ်စံပယ်စေပြီး ကိုးကွယ်ခဲ့သော နန်းဦးဘုရားများပင် ဖြစ်သည်။

ကုန်းဘောင်ခေတ် နောက်ဆုံးဘုရင် သီပေါမင်း ၁၈၈၅ ခုနှစ် ပါတော်မူသည့်အချိန်အထိ မန္တလေးရတနာပုံနန်းတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်မြတ်များဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တပ်များ ရတနာပုံ မန္တလေးနန်းတော်ကို သိမ်းပိုက်ပြီးနောက် တန်ဖိုးကြီးမားလှသော ကျောက်

www.burmeseclassic.com



စိန်ဆင်းတုတော်၊ မြဆင်းတုတော်၊ စလင်းဆင်းတုတော်၊ ရွှေအားဆင်းတုတော်



ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ



ရှေးဟောင်းကြေးဆင်းတုတော်



ရှေးဟောင်းဆင်းတုတော်

မျက်ရတနာများဖြင့် စီခြယ်ထားသော ရွှေငွေကြေးဗုဒ္ဓရုပ်ပွားတော်အဆူဆူအတွက် အန္တရာယ်ဖြစ်လာသည်။ နယ်ချဲ့မိစ္ဆာတို့သည် ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်း သိကြသူများမဟုတ်၍ အဖိုးတန်ရုပ်ပွားဆင်းတုတော်များအတွက် သာသနာပိုင်ဆရာတော်ကြီးနှင့် ဆရာတော်ကြီးများ၊ ဆွေတော်မျိုးတော်များ၊ မှူးဟောင်း မတ်ဟောင်းတို့က စိုးရိမ်လာကြသည်။ ရုပ်ပွားဆင်းတုတော်မြတ်များသည် တန်ဖိုးအနဂ္ဃထိုက်တန်ရုံသာမက ရှေးဟောင်းသမိုင်းဝင် ရုပ်ပွားတော်မြတ်များဖြစ်ပြီး နန်းတော်ဦး၌ မင်းအဆက်ဆက် ကိုးကွယ်လာခဲ့သော နန်းစဉ်ရတနာဘုရားများ ဖြစ်လေသည်။ ထိုဘုရားများအပြင် အနော်ရထာမင်း တရုတ်ပြည်မှ ပင့်ဆောင်လာခဲ့သော ဗုဒ္ဓအံတော်မြတ်သည်ကား ပို၍ပင် ဗုဒ္ဓဘာသာဝင်တို့အတွက် အလေးထားကိုးကွယ်ရာ ဖြစ်နေပေသည်။


ထို့ကြောင့် ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓဆင်းတုတော်များနှင့် ဗုဒ္ဓအံတော်မြတ်ကို ခေတ်ပျက်ကာလ လူဆိုးလူသွမ်းတို့၏ ဘေးအန္တရာယ်မှ ကင်းဝေးစေရန် သာသနာပိုင်ဆရာတော်ကြီးနှင့်တကွ ဆွေတော် မျိုးတော် မှူးဟောင်း မတ်ဟောင်းတို့က ကြံစည်အားထုတ်ကြရလေသည်။

သက္ကရာဇ် ၁၂၅၁ ခု၊ ဝါဆိုလဆန်း ၄ ရက်နေ့တွင် မာလာလင်္ကာရ ဓမ္မသေနာပတိ အတုလဓိပတိ သီရိပဝရ မဟာရာဇာဓိရာဇဂုရု တောင်တော်သာသနာပိုင်ဆရာတော်အမှူးရှိသော တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ဆွေ




www.burmeseclassic.com

www.burmeseclassic.com



မြဆင်းတုတော်၊ စလင်းဆင်းတုတော်၊ ရွှေသားဆင်းတုတော်နှစ်ဆူ၊ သီဟိုဠ်မှ ပင့်လာသော်ဘုရား




ပြတိုက်တန်ဆောင်းအတွင်းရှိ ရှေးဟောင်းဆင်းတုတော်များ

တော် မျိုးတော်များ၊ အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ဘင်းဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူကျော် စသည့် မှူးတော်မတ်တော် ပြည်သူအပေါင်းတို့သည် နန်းစဉ် ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဗုဒ္ဓအံတော် တို့ကို ခမ်းနားစွာ ဝေါယာဉ်များဖြင့် ရွှေကျိုးမြင်စေတီတော်ရှိ ဂန္ဓကုဋိတိုက်သို့ ပင့်ဆောင်ခဲ့ကြသည်။ ဘုရားရုပ်ပွားဆင်းတု တော်များ ပင့်ဆောင်ရာ၌ အသုံးပြုခဲ့သော ဝေါတော်ကြီး နှစ်စင်းကိုလည်း ယခုအခါ၌ ဂေါပကအဖွဲ့က အများပြည်သူ တို့ လေ့လာနိုင်ရန် ထိန်းသိမ်းထားလေသည်။

ဤနည်းဖြင့် နန်းစဉ်ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များသည် သီပေါမင်း ပါတော်မူပြီးနောက် နယ်ချဲ့မိစ္ဆာအန္တရာယ်မှ ကင်းဝေးရာ ပုဂံပြည့်ရှင် အလောင်း စည်သူမင်း၏ သားတော်ကြီး မင်းရှင်စော တည်ထားတော် မူခဲ့သော ရွှေကျိုးမြင်စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ၌ ကိန်းဝပ်စံပယ်တော်မူခဲ့လေသည်။ ထို့ကြောင့်လည်း ယနေ့ ဘုရားဖူးအပေါင်းသည် ဆုတောင်းပြည့် ရှေးဟောင်းမင်းအစဉ် အဆက် ကိုးကွယ်ခဲ့သော နန်းစဉ်တန်ခိုးကြီး ရုပ်ပွားဆင်းတု တော်မြတ်များအား တစ်နေရာတည်း၌ အားပါးတရ ဖူးမြော် နိုင်ခြင်းဖြစ်ပေသည်။

◆



သက်တော်ရ မကိုင်ငှဆောင်းဘုရား



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်

ရွှေကျိုးမြင် မြတ်စွာဘုရား စေတီတော် ဂန္ဓကုဋိတိုက် အတွင်း၌ ဖူးမြင်နေရသော တန်ခိုးကြီးရုပ်ပွားတော်မြတ်တို့ အား စာရှုသူတို့အနေနှင့် ဗုဒ္ဓိတာပွားများနိုင်ရန်၊ စိတ်မှန်းဖြင့် ပုံတော်များကို အာရုံပြုနိုင်ရန် တစ်ဆူချင်း၏ ထူးခြားဖွယ် မှတ်သားဖွယ်များကို ဆက်လက်တင်ပြရသော်. . .

ဂန္ဓကုဋိတိုက်အတွင်းရှိ မှန်ကျောင်းဆောင်အတွင်း ဗုဒ္ဓမြတ်စွာဘုရားရှင် ရုပ်ပွားတော်ပေါင်းများစွာသည် ဉာဏ် တော်အရွယ်မျိုးစုံဖြင့် ကိန်းဝပ်စံပယ်တော်မူရာ မှန်ကျောင်း ဆောင်၏ အနောက်ဘက်၌ ရွှေရောင်ဝင်းလျက် အခန်း သုံးခန်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော် သုံးဆူ မှာ ဉာဏ်တော်မြင့်မြင့်မားမားနှင့် သပ္ပာယ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်



အာရုံခံတန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်

ဘုရားဖူးတို့၏ လက်ဝဲဘက်အခန်း၌ စံပယ်တော်မူသော ရုပ်ပွားတော်မှာ ရွှေလင်းပင် ရုပ်ပွားတော်မြတ်ကြီး ဖြစ်သည်။ ရုပ်တော်မူ ဗျာဒိတ်ပေးဟန် ဖြစ်လေသည်။ ရွှေလင်းပင် မြတ်စွာဘုရားသည် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော်မူရာ မလ္လာယုကျွန်းသို့ရောက်စဉ် ဘီလူးမ၏သားငယ် ရေသို့ကျရာမှ မင်းကြီးသည် ဘုန်းရှင် တန်ခိုးရှင်ဖြစ်၍ မဏိမေခလာ နတ်သမီးအား ရေပြင်ကို ကြိမ်ရိုက်၍ ကယ်ဆယ်စေသည်။

ဘီလူးမလည်း မိမိသား၏ အသက်ကို ကယ်တင်သော မင်းကြီးအား နံ့သာမျိုးစုံသားများ ဆက်သသလို သိကြားမင်းကလည်း မဟာဗောဓိဒက္ခိဏာသာခါနှင့် သရက္ခန်နံ့သာသားတို့ကို ဆက်သလေသည်။ ဘီလူးမ ဆက်သသော နံ့သာသားများတွင် စံကားသားလည်း ပါလေရာ ထိုစံကားသားကို ဗုဒ္ဓရုပ်ပွား ခြောက်ဆူ ထုလုပ်တော်မူရာ ရွှေလင်းပင်ဘုရားလည်း တစ်ဆူအပါအဝင် ဖြစ်လေသည်။ ထို့ကြောင့် ရွှေလင်းပင် မြတ်စွာဘုရား ရုပ်တုတော်သည် အလောင်းစည်သူ ကောင်းမှုတော် ပုဂံခေတ်၌ ထုလုပ်ကိုးကွယ်သော ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ ဖြစ်ရုံသာမက ဆုတောင်းလွန်စွာပြည့်သော ရုပ်ပွားတော်တစ်ဆူဖြစ်၍ ဘုရားဖူးအများ ပူဇော်ဦးချကာ ဆုတောင်းကြသည့် ရုပ်ပွားတော်တစ်ဆူပင် ဖြစ်သည်။

ဘုရားဖူးများ၏ လက်ယာဘက် အစွန်ဆုံးအခန်း၌ စံပယ်ကိန်းဝပ်တော်မူသော ရွှေကွန်အုပ်မြတ်စွာဘုရားဆင်းတုတော်မှာ ထိုင်တော်မူ ဘူမိဖဿဟန် ရုပ်ပွားတော် ဖြစ်သည်။ မကိုဋ်နှတော်၊ စလွယ်တော်များ ဆင်မြန်းလျက် သပ္ပာယ်လှသည်။ ရွှေကွန်အုပ်မြတ်စွာဘုရားရှင်၏ ဉာဏ်တော်မှာ နှစ်တောင်တစ်မိုက်ဖြစ်ပြီး ကောင်းမှုရှင်မှာလည်း အလောင်းစည်သူမင်းကြီးပင် ဖြစ်သည်။


ထီးလင်းရွှေကွန်အုပ်ဘုရားကျောက်စာတွင် သက္ကရာဇ် ၄၅၃ ခုနှစ်၌ ပုဂံပြည့်ရှင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော်မူစဉ် ကွန်းထောက်စခန်းချတော်မူရာအရပ်၌ ထီးဖြူတော်အလိုလိုပွင့်သည်ကိုအကြောင်းပြုပြီး ထီးလင်းအမည်ရှိသော အရပ်၌ ဖောင်တော်ဦးတွင် ရွှေငါးကြင်းအသွင်ဆောင်သော မွေတော်ဓာတ်တော်ကို ငါးကြင်းအမှတ်နှင့် ဖမ်းယူစေရာ မရသောကြောင့် နောက်ဆုံး ရွှေကွန်ဖြင့်အုပ်၍ ဖမ်းမှ မွေတော်ဓာတ်တော်များကို ရရှိလေသည်။

မင်းကြီးသည် ထိုရွှေကွန်ဖြင့်အုပ်မှ ရသော မွေတော်တို့အား ဌာပနာထည့်သွင်း၍ ရုပ်တုတော်ကိုးကွယ်ရာမှ ရွှေကွန်အုပ် ဘွဲ့မည်တွင်သော ရုပ်ပွားတော်မြတ်ဖြစ်လေသည်။ ရှေးဟောင်းဆုတောင်းပြည့် ဘုရားတစ်ဆူပင်ဖြစ်လေသည်။

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်



ရာဇာယတန သတ္တာဟ ရုပ်ပွားတော်

မှန်ကျောင်းဆောင်အတွင်းရှိ အလယ်ခန်းမ၌ သီတင်းသုံးစံပယ်တော်မူသော ရုပ်ပွားတော်မှာ ရွှေကျိုးမြင် မြတ်စွာဘုရားဟု ဘွဲ့မည်တွင်လေသည်။ ရွှေကွန်အုပ်မြတ်စွာဘုရားအထက် ဘဏ်တော်မြင့်မားလေသည်။ ရွှေကျိုးမြင် မြတ်စွာဘုရားသည် ဘူမိဖဿမုဒြာဟန် ထုလုပ်ထားသည်။ ပတ္တမြား၊ ကျောက်စိမ်း၊ စိန် စသည့် အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားသည့် မကိုဋ်တော်နှင့်စလွယ်တော်တို့မှာ လက်ရာမြောက်လှသည်။ ဖူးမြော်ကြသူတို့၏ စိတ်ဘဝင်၌ အလွန်ပင် ကြည်ညိုဖွယ်ဆောင်နေပေသည်။

ရွှေကျိုးမြင်မြတ်စွာဘုရား၏ ဒါယကာမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး၏ သားတော်ကြီး မင်းရှင်စောပင် ဖြစ်ကြောင်း တွေ့ရသည်။ (မင်းရှင်စော ရွှေကျိုးမြင်ဘုရား တည်ထားပုံကို နောက်ပိုင်း၌ ရေးသားပါမည်) ရွှေကျိုးမြင် မြတ်စွာဘုရားသည်လည်း ရှေးဟောင်းဆင်းတု ရုပ်ပွားတော် တစ်ဆူ ဖြစ်ရုံသာမက ဆုတောင်းအလွန်ပြည့်ဝသော ဘုရား တစ်ဆူ ဖြစ်လေသည်။ ထို့ကြောင့်လည်း စာရေးသူ၏ ဇနီး ဖြစ်သူမှာ ရွှေကျိုးမြင် စေတီတော်နှင့် ရွှေကျိုးမြင် မြတ်စွာဘုရားရှေ့တော်တွင် အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ရန်ပင်ဖြစ်သည်။ [illegible]တွင် ကြီးသုံးကြီး (မဟာမြတ်မုနိဘုရားကြီး၊ ချမ်းသာကြီးဘုရားကြီးနှင့် ရွှေကျိုးမြင်မြတ်စွာဘုရား)၌ အဓိဋ္ဌာန်ဝင်



အောင်မြေဝမ္မာရုံအတွင်းရှိ မြတ်စွာဘုရား




www.burmeseclassic.com

www.burmeseclassic.com




ဘုရားငါးဆူအား သပ္ပာယ်စွာပူဇော်ရပုံ



ဘုရားငါးဆူအာရုံခံတန်ဆောင်း



လျောင်းတော်မူ မြတ်စွာဘုရား



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များ

ရန်ဖြစ်သော်လည်း ချမ်းသာကြီးဘုရား၌ တွေ့လိုက်ရသော မိတ်ဆွေ၏ လမ်းညွှန်မှုအရ မန္တလေးတောင်ခြေအနီး၌ တည်ရှိသော ကျောက်တော်ကြီးဘုရားတစ်ဆူ ထပ်တိုး၍ ကုသိုလ်ပိုထူးပြီး တောင်းသောဆုနှင့် ပြည့်ဝနိုင်ပေတော့မည်။

ရွှေကျီးမြင်စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်းရှိ ရွှေကျီးမြင်မြတ်စွာဘုရား၊ ရွှေလင်းပင်မြတ်စွာဘုရား၊ ရွှေကွန်အုပ်မြတ်စွာဘုရား ရုပ်ပွားတော် သုံးဆူရှေ့၌ ညဏ်တော်အရွယ်စုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူလျက်ရှိရာ ညဏ်တော်ငယ်သော်လည်း ရှေးမင်းအဆက်ဆက် ကိုးကွယ်လာခဲ့သော နန်းစဉ်ဆုတောင်းပြည့်ရုပ်ပွားတော်များဖြစ်ကြောင်း တွေ့ရသည်။

ဆက်လက်၍ မှန်ကျောင်းဆောင်အတွင်းရှိ ရုပ်ပွားဆင်းတုတော်များနှင့် ပတ်သက်၍ စာရေးသူသည် တတ်နိုင်သမျှ ဖူးတွေ့ရသော ရုပ်ပွားတော်တစ်ဆူချင်း၏ ထူးခြားချက်ကို တင်ပြရသော် . . .

အညာသီဟတော မြတ်စွာဘုရားရှင်အား ဖူးမြော်ရာ စာရေးသူအနေနှင့် ရှေးနှစ်ပေါင်း လေးဆယ်ကျော်က ဖူးတွေ့ရသော ပုံတော်နှင့် ယခုဖူးတွေ့ရသော ပုံတော်မှာ ကွဲပြားလျက်ရှိသည်ကို တွေ့ရသည်။ ရှေးယခင်ကာလက ရွှေတုံးရွှေခဲကြီးပမာ ဖူးတွေ့ရပြီး ယခုအခါ၌ မျက်နှာတော်ကို ထင်ထင်ရှားရှား ဖူးတွေ့ရလေသည်။

ရှေးယခင်က မျက်နှာတော်သည် ရွှေပိန်းချထားမှုကြောင့် ရွှေတုံးကြီးပမာ ဖြစ်နေသည်။အညာသီဟတော ဘုရား၏ ညဏ်တော်မှာ တစ်တောင်ခန့် မြင့်မားပြီး ရတနာကျောက်မျက်များ စီခြယ်ထားသည့် မကိုဋ်တော် စလွယ်တော်နှင့် သပ္ပာယ်လှပေသည်။ အညာသီဟတော မြတ်စွာဘုရား၏ ဒါယကာမှာ အလောင်းစည်သူမင်းကြီးပင် ဖြစ်သည်။


အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရာမှ ပုဂံပြန်ရောက်သော် သိကြားမင်း ဆက်သသောသရက္ခန်သား ဘုရားရုပ်တုတော်ငါးဆူကို သိကြားမင်းဆက်သသော ဓာတ်တော်မွေတော်တို့ ဌာပနာ ထည့်သွင်းလျက် ထုလုပ်ကိုးကွယ်လေသည်။ ထို့အပြင် ဒက္ခိဏသာခါ ဗောဓိခက်ကို မျိုးပြီးလျှင် သိကြားပေးအပ်သော မွေတော်ခြောက်ဆူကို သရက္ခန်ထုစ မြတ်ပေါင်းမဥ္ဇူနှင့်တကွ ခြောက်ဆူတွင် ဌာပနာတော်မူ၍ နန်းတော်၌ ကိုးကွယ်လေသည်။

ရှင်အရဟံ မထေရ်မြတ်က တိုက်တွန်း၍ သာသနာငါးထောင်ကာလအတွင်း သတ္တဝါအပေါင်း အကျိုးစီးပွားအလို့ငှာ ဘုရားရှင်၏ သရီရဓာတ်တော် ကိန်းဝပ်တော်မူလိုသော အရပ်၌ တည်ထားရန် သဘောတူပြီး မင်းကြီးသည် ဆင်ဖြူငါးစီးတွင် တင်တော်မူပြီး ဘုရားရှင်တို့ ကိန်းဝပ်စံပယ်တော်မူလိုရာအရပ်၌ ဆင်ဖြူရပ်စေသော်ဟု အဓိဋ္ဌာန်ပြု၍ စေလွှတ်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များ

ဆင်ဖြူရပ်ရာ အရပ်ဖြစ်သည့် ကွန်းရွာ၌ တစ်ဆူ၊ ပုခန်း၌ တစ်ဆူ၊ ရှင်မတောင်၌ တစ်ဆူ၊ ဆင်ကျိုး၌ တစ်ဆူ တို့ကို ဌာပနာထား၍ စေတီလေးဆူ တည်ထားလေသည်။ မြပေါင်းမဥ္ဇူ တစ်ဆူကိုကား ပုခန်းကြီးအရပ်၌ သီလဝန်၊ ဂုဏဝန်နှင့် ပြည့်စုံတော်မူသော အရှင်ထံအပ်၍ ကိုးကွယ်စေသည်။ သရက္ခန်ငါးပိုင်းတွင် အများပိုင် ဘုရားရုပ်တုတော်ကို ဆင်ဖြူတော်ထက်သို့ ပင့်တင်ရာ ပင့်၍မရ ဖြစ်လေသည်။ ထိုအခါ မင်းကြီးသည် ပင့်၍မရခြင်းအကြောင်းရင်းကို ပညာရှိတို့အား မေးလေသောအခါ . . .

"အထက်က စုန်တော်မူစဉ် သီဟတောအရပ်၌ တောကြက်မတစ်ကောင်သည် ဖောင်တော်သို့ ပျံလာပြီး ဥဥလေသည်၊ ဘုန်းကြီးသောအရှင် မေးတော်မမူသောကြောင့် လျှောက်ဝံ့ခဲ့ပါ။ ထိုအရပ်၌ ဘုရားရှင် သီတင်းသုံးတော်မူလိုပါသည်" ဟု ဟူးရားဖြူ ဟူးရားညိုတို့က လျှောက်ထားလေသည်။



အာရုံခံတန်ဆောင်းအတွင်းရှိ ဆင်းတုတော်များ

မင်းကြီးလည်း သီဟတောအရပ်သို့ ပြန်၍ကြွတော်မူပြီး အလယ်ကျွန်း၌ စေတီတစ်ဆူတည်၍ သရက္ခန်ဘုရားရှင်အား သီတင်းသုံးကိန်းဝပ်တော်မူစေသည်။ ထိုရုပ်တုတော်အား တန်ခိုးကြီးလှ၍ ကိုးကွယ်ကြည်ညိုသူ များလှသဖြင့် ရွှေစိုင်ရွှေတုံးကြီးပမာ ဖြစ်နေတော့သည်။ အညာသီဟတော မြတ်စွာဘုရားရှင်ပင် ဖြစ်ပေသည်။



အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်သုံးဆူ

ရှင်ဖြူဘုရားရှင်မှာလည်း အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ပင် ဖြစ်သည်။ ရှင်ဖြူရှင်လှ ဘုရားရုပ်တုတော်အား နန်းတော်တွင်း၌ ကိုးကွယ်ထားသည်ထက် ခပ်ချိန်သော သတ္တဝါအပေါင်း ကိုးကွယ်နိုင်ရန်နှင့် ဘုရားရှင်ကိန်းဝပ်စံပယ်တော်မူလိုရာ အရပ်၌ တည်ထားခဲ့သော် များစွာအကျိုးရှိလတ္တံ့ဟု မင်းကြီး အကြံရတော်မူပြီး ဖောင်တော်ထွင်တင်၍ ဆန်တော်မူလေသည်။ မင်းကြီးလည်း . . .

"ဘုရားရှင်ရုပ်တုတော် ကိန်းဝပ်တော်မူလိုရာ အရပ်သို့ နှုတ်တော်မှ မိန့်ဟတော်မူပါသော်ဝ်" ဟု အဓိဋ္ဌာန်ပြုလေသည်။ စစ်ကိုင်းအထက် ချောက်မသို့ ရောက်လေသောအခါ ရှင်ဖြူရုပ်တုတော်သည် . . .



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်သုံးဆူ



www.burmeseclassic.com

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်သုံးဆူ



ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော်

"အမြဲနေပင် ဤချောက်တွင်" ဟု စကားဆိုလေသည်။

ထိုအခါ မင်းကြီးသည် ရှင်ဖြူရုပ်တုတော်အား ဆင်ဖြူထက်ပင့်၍ ကိန်းဝပ်လိုရာအရပ်၌ ဆင်ဖြူဝပ်စေသော်ဝ်ဟု အဓိဋ္ဌာန်ပြုလေသည်။ ဆင်ဖြူသည် ပထမ၌ ချောက်မသို့ ဝင်ပြီး ကမ်းယံ၌ဝပ်လေရာ မင်းကြီးသည် . . .

"ကမ်းယံ၌ စေတီတည်၍ မဖြစ်ချေ၊ မြင့်ရာအရပ်၌ ဝပ်တော်မူပါ" ဟု အဓိဋ္ဌာန်ပြုလေပြန်ရာ ဆင်ဖြူလည်း ကမ်းထိပ်သို့တက်၍ ဝပ်လေသည်။ ဆင်ဖြူဝပ်ရာအရပ်၌ ရှင်ဖြူရှင်လှ ရုပ်တုတော်နှစ်ဆူကို ဂူတည်၍ ကိုးကွယ်လေသည်။ ထိုရှင်ဖြူရုပ်တုတော်မှာ ရွှေကျိုးမြင်စေတီတော် ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်တော်မူလေရာ ဆုတောင်း အလွန်ပင်ပြည့်ဝကြောင်း



အာရုံခံတန်ဆောင်းအတွင်းရှိ ရပ်တော်မူရုပ်ပွားတော်

သိရသည်။ ရွှေကျိုးမြင်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်၌ ထင်ရှားသော ရုပ်ပွားတော်တစ်ဆူမှာ ရွှေမို့မောက်မြတ်စွာဘုရား ရုပ်တုတော် ဖြစ်သည်။

ထိုရွှေမို့မောက် မြတ်စွာဘုရား ရုပ်ပွားတော်သည် အနော်ရထာမင်းကြီး သထုံပြည်ကို သိမ်းယူပြီး သထုံ ပြည့်ရှင် မနူဟာမင်းအား ပုဂံသို့ခေါ် ဆောင်ခဲ့စဉ် မနူဟာမင်း နှင့်အတူ ပင့်ဆောင်လာသော ရုပ်တုတော်ဖြစ်သည်။ ထိုရုပ်တုတော်သည် ဆုတောင်းအလွန်ပြည့်ဝသော ဘုရားရှင် ဖြစ်၍ ရှေးအခါက ရွှေကျိုးမြင်ဘုရား ဂန္ဓကုဋိတိုက်မှ အများပြည်သူတို့၏ ပူဇော်ကန်တော့ခံရန် အရှေ့ဘက်အာရုံခံတန်ဆောင်း အတွင်းသို့ ပင့်ဆောင်ရာတွင် ရွှေမို့မောက်ရုပ်ပွားတော်မြတ်အား ရွှေ့ဆုံးမှုထား၍ အပူဇော်ခံလေ့ရှိကြောင်း သိရသည်။

ရှင်မဟာကဿပ မထေရ်မြတ်ရုပ်တုတော်မှာလည်း ထင်ရှားလှသည်။ ထိုရဟန္တာမထေရ်မြတ်၏ ရုပ်တုတော်မှာ သိန်းယိုင်ဠမင်း (သီဟိုဠ်မင်း)က အလောင်းစည်သူမင်းကြီးအား သက်န်းနက်လှေ၊ သမီးတော်တို့နှင့်အတူ ဆက်သခဲ့သော ရုပ်တုဖြစ်သည်။ ပုဂံခေတ် မင်းအစဉ်အဆက် နန်းတော်ဦး၌ မြတ်စွာဘုရားရှင်ရုပ်တုများနှင့်အတူ ပူဇော်တန်တော့ရာ ရဟန္တာမထေရ်မြတ် ရုပ်တုတော်ဖြစ်သည်။

မဟာလောကဇေယျသိန် မြတ်စွာဘုရား ရုပ်တုတော်မှာ အလောင်းမင်းတရားကြီး၏ ဘောင်းတော်ကို ပြာ၍သရိုး



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံဘုရားနှင့် ဗောဓိပင်

နှင့် ခါတ်တော်များ ဌာပနာထား၍ ထုလုပ်သောရုပ်တု ဖြစ်သည်။ သက်တော်ရ မကိုဋ်ဆောင်း မြတ်စွာဘုရားမှာ သာဝတီမင်း၏ ဗောင်းတော်၊ ဝတ်လဲတော်တို့ကို ပြာချသရိုးနှင့် ခါတ်တော်များ ဌာပနာထည့်သွင်း ထုလုပ်ထားသော ရုပ်တုဖြစ်သည်။

ဒက္ခိဏသာခါ ဆုတောင်းပြည့်ဘုရားမှာ ဆုတောင်းပြည့်ဝကြောင်း ကျော်ကြား၍ ကုန်းဘောင်မင်းဆက်မင်းနှင့်အတူ မင်းညီမင်းသားများ၊ နန်းတွင်သူ နန်းတွင်းသားများ အထူးပူဇော်ခံရသော ရုပ်တုတော်ဖြစ်သည်။

မြသိန်းတန်မြတ်စွာဘုရားမှာ မြရည်ဝင်နေသော တစ်သိန်းတန် ကျောက်စိမ်းတုံးကြီးတို ထုလုပ်ထားသဖြင့် အလေးချိန် အတော်များသည်။ ပူဇော်ကန်တော့ခံရာ၌ အများပူဇော်နိုင်ရန် အာရုံခံတန်ဆောင်း၌ ရှေးအစဉ်အလာ ထားရှိကန်တော့ခံတော်မူရာ ရုပ်ပွားတော်ဖြစ်သည်။ အနော်ရထာမင်းကြီးအား တရုတ်မင်းဦးတည်ဘွားက ဗုဒ္ဓအံတော်နှင့်အတူဆက်သလိုက်သော ရုပ်တုတော်ဖြစ်သည်။

မြသားဆင်းတုတော်မှာ ကြည်ညိုဖွယ်ကောင်းပြီး အရောင်အဆင်းသည် ရှုမငြီးနိုင်အောင် ဖူးရသဖြင့် အံ့ဖွယ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဘုရားဖြစ်သည်။ ဉာဏ်တော်မှာ ငါးလက်မသာရှိသော်လည်း ဆုတောင်းပြည့်ဝသည်။

စိန်ဆင်းတုတော်မှာလည်း ကြည်ညိုဖွယ်ကောင်းလှသော ရုပ်တုတော်ဖြစ်သည်။ ထိုရုပ်တုတော်သည် ရှေးမင်းအစဉ်အဆက် ကိုးကွယ်ခဲ့သော နတ်များဆက်သသည့် ရုပ်တုတော်ဖြစ်သည်။ ဉာဏ်တော် မမြင့်မားသော်လည်း ဖူးမြော်ကြရသူအပေါင်းအနေနှင့် ဖူးမြော်၍ အားမရနိုင်သော ဆုတောင်းပြည့် မြတ်စွာဘုရားတစ်ဆူပင် ဖြစ်သည်။


မြေအံတော်ဘုရားသည် မင်းတုန်းမင်းကြီး နန်းဦးသို့ ပင့်ဆောင် ကိုးကွယ်တော်မူသောဘုရား ဖြစ်သည်။ မြေအံတော်ဘုရားသည် မူလက ရွှေစာရံဘုရားတည်ရာ ဌာနအောက် ခရီးနှစ်တိုင်အကွာ၌ရှိသော မုံတောရွာတွင် ရှင်မွန်လှတည်ထားခဲ့သည့် တံတိုင်းနှင့်စေတီတော်အတွင်း ကိုးကွယ်သော ရုပ်တုတော်ဖြစ်သည်။ ထိုရုပ်တုတော် တန်ခိုးကြောင့် ရွှေစာရံဘုရားပွဲလာသော ဘုရားဖူးအချို့ မြွေကိုက်ခံရသော် မြေအံတော်ဘုရားထံ ဆုတောင်းပတ္ထနာပြုပြီး စေတီဝင်းအတွင်းရှိ မြေသားကို ရေနှင့်ဖျော်ပြီး လိမ်းကျံပေးရုံနှင့် မြွေဆိပ်လျော့ကျပျောက်ကင်းကြောင်း ဆိုကြသည်။

ရွှေကျီးမြင် ဂန္ဓကုဋိတိုက်အတွင်းရှိ ဒက္ခိဏသာခါ ရုပ်တုတော် ၁၉ ဆူမှာ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်။ သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးသည် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဂယာမြို့နယ်၌ရှိသော ဗုဒ္ဓဂယာ စေတီတော်မြတ်ကြီး ပျက်စီးယိုယွင်းနေသည်ကို



တံခွန်တိုင်

www.burmeseclassic.com



ကောင်းမှုတော်စေတီပုံ စေတီတစ်ဆူ



မြတ်စွာဘုရားလေးဆူ ကောင်းကင်ခရီးမှ ကြွတော်မူလာဟန်

ပြုပြင်ရန် အဖိုးတန်ကျောက်မျက်ရတနာများနှင့် ရွှေငွေပစ္စည်းများကို ပေးပို့၍ လှူဒါန်းခဲ့သည်။

ယနေ့ မြန်မာဘုရားဖူးအပေါင်း ဖူးမြင်နေရသည့် ဗုဒ္ဓဂယာစေတီတော်ကြီးသည် မင်းတုန်းမင်းကြီး၏ ကောင်းမှုပုံစံပင်ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် ဘုရားဖူးများ တည်းခိုနိုင်ရန်လည်း ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရုံသာမက ကျောက်စာနှစ်ချပ်ပင် ရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ထိုသို့ လှူဒါန်းရာ၌ ဟိန္ဒူဘာသာဝင် မဟန္တကီဇော်ဂျီကြီးထံ ရတနာပစ္စည်းများ ပေးခဲ့ရ၍ မဟန္တကီဇော်ဂျီကြီးက မင်းတုန်းမင်း ကိုးကွယ်ရန် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ မဟာဗောဓိပင်၏တောင်ဘက် ဗောဓိသားကို ဆက်သခဲ့သည်။

ထိုရရှိသော ဒက္ခိဏဗောဓိသားကို မင်းတုန်းမင်းကြီးကိုယ်တော်တိုင် ရွှေဆောက်တော်ကိုကိုင်၍ ပန်းပုပညာရှင်တို့နှင့်အတူ ပါဝင်ထုလုပ်ခဲ့သော ဒက္ခိဏသာခါ ရုပ်ပွားတော်(၁၉)ဆူဖြစ်လေသည်။ ဘုရားရုပ်တုတော်များ ထုလုပ်ပြီးစီးသောအခါ မင်းတုန်းမင်းကြီးသည် နန်းတော်တံခါးကိုဖွင့်၍ အများပြည်သူများ ဒက္ခိဏသာခါ မြတ်စွာဘုရား ရုပ်တုတော်များအား ဝင်ရောက်ဖူးမြော်ခွင့် ပြုခဲ့လေသည်။ ဒက္ခိဏသာခါ ရုပ်ပွားတော်တို့၏ ပင်ကိုကပင် ကိုးကွယ်သူများအား မီးမလောင်ကျွမ်းခြင်း၊ ဆုတောင်းပြည့်ခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ခြင်း စသည့် အကျိုးတရားပေါင်း များစွာကို ပေးစွမ်း

နိုင်လေရာ ယခုမင်းတုန်းမင်းကြီးကိုယ်တိုင် ရွှေဆောက်ကိုင်၍ ထုလုပ်တော်မူသော ပညာရှိများ၏ လမ်းညွှန်မှု အစီအမံများနှင့် ထုလုပ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဒေသရှိ မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းစစ်စစ်ကို အသုံးပြု၍ ထုလုပ်တော်မူသော ဒက္ခိဏသာခါ မြတ်စွာဘုရားရှင်၏ ရုပ်တုတော်(၁၉)ဆူကား အတိုင်းမသိ တန်ခိုးကြွယ်ဝ၍ ဖူးမြော်ရသူအပေါင်းအား တောင်းသောဆုနှင့် တစ်လုံးတစ်ဝတည်း ပြည့်ဝစေသည်မှာ အမှန်တကယ်ပင်ဖြစ်ပေသည်။

ဂန္ဓကုဋိတိုက်အတွင်း စံပယ်တော်မူသော ရွှေရင်မဆင်းတုတော်သည် ပုံသဏ္ဌာန်အားဖြင့် ရင်တော်ကို လက်တော်ဖြင့် မ,နေဟန် ထုလုပ်ထားသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ဆရာ ဒေဝီလရသေ့အား နိဗ္ဗာန်သောင်ကမ်းသို့ ပို့ဆောင်လိုသော်လည်း ဆရာရသေ့ ကွယ်လွန်ပြီးနောက် အသညသတ်ဘုံသို့ ရောက်ရှိနေကြောင်း နတ်သားတစ်ပါးက လျှောက်ထားသောအခါ သနားကရုဏာဖြစ်တော်မူပြီး ရင်တော်အား လက်တော်နှင့်မ,နေဟန် ထုလုပ်ထားသော ရုပ်ပွားတော်ဖြစ်သည်။

ဂန္ဓကုဋိတိုက်အတွင်း၌ ပယင်းဆင်းတုတော်၊ ငွေဆင်းတုတော် နှစ်ဆူ စသည့်ရုပ်ပွားတော်များကိုလည်း ဖူးမြော်ရသည်။ ရွှေကျိုးမြင်စေတီတော်အတွင်းရှိ ရှေးဟောင်း





www.burmeseclassic.com

www.burmeseclassic.com


အစဉ်အဆက် (ပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင်) နန်းတော်ဦး၌ ကိန်းဝပ်စံပယ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ တန်ခိုးကြီးဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်များသည် ဘုရားဖူးများအနေဖြင့် အလေးထားပြီး အာရုံပြုဖူးမြော်ရမည့် ရုပ်ပွားတော် ဆင်းတုတော်များ ဖြစ်၍ စာရေးသူအနေနှင့် အသေးစိတ်ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

တစ်နေရာတည်း၌ ယခုလို မင်းအစဉ်အဆက် ကိုးကွယ်ခဲ့သော တန်ခိုးကြီး နန်းစဉ်ဘုရားများကို တစုတဝေးတည်း ဖူးမြော်နိုင်သော နေရာသည် ရွှေကျိုးမြင်ဘုရားတစ်ဆူသာ ရှိလေသည်။ ထိုနန်းစဉ်ဘုရားများကို ဖဆပလခေတ် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဦးစီးကျင်းပခဲ့သော ဆဋ္ဌမသင်္ဂါယနာတင် အခမ်းအနား၌ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဗောပါသာဏ လိုဏ်ဂူတော်သို့ ပင့်ဆောင်ခဲ့ပြီး အများပြည်သူများအား ဖူးမြော်စေခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ရွှေကျိုးမြင်ဘုရားရှိ နန်းစဉ်ဘုရားများသည် မည်မျှတန်ခိုးကြီးပြီး အရေးပါကြောင်းကို ခန့်မှန်းနိုင်ပေသည်။

◆

စာရေးသူသည် စာရှုသူတို့အားလည်းကောင်း၊ ရွှေကျိုးမြင်ဘုရားသို့ ဘုရားဖူးလာရောက်ကြမည့်သူများအားလည်းကောင်း ရှေးဟောင်း နန်းစဉ်ဘုရားများနှင့် ပတ်သက်၍ အသင့်သိထိုက်သော ဆုတောင်းပြည့်ဝမှု၊ တန်ခိုးကြီးမှု၊ နတ်သိကြားတို့ ဆက်သမှုများကို အသေးစိတ်လေ့လာသိရှိရန် ဆန္ဒဖြင့် ရုပ်ပွားတော် တစ်ဆူချင်း၏ ရာဇဝင်အကြောင်းခြင်းရာကို အသေးစိတ်ရေးသားခဲ့ရာ ဆောင်းပါးအတော်ပင် ရှည်သွားလေပြီ။ ယခု ရွှေကျိုးမြင်စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများ၊ အာရုံခံတန်ဆောင်းများအတွင်း၌ ကိန်းဝပ်တော်မူသော ရုပ်ပွားတော်များ၊ အောင်မြေများနှင့် ပတ်သက်၍ ဓာတ်ပုံမှတ်တမ်းများကို အလေးထားပြီး အကြောင်းအရာကို အကျဉ်းမျှ တင်ပြရပေတော့မည်။

ရွှေကျိုးမြင်စေတီတော်မြတ်ကြီးထံမှောက်သို့ စာရေးသူ လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ကျော်ကာလမှ ယနေ့တိုင် အကြိမ်ကြိမ်အခါခါ သွားရောက်ဖူးမြော်ခဲ့ဖူးလေသည်။ ရွှေကျိုးမြင်စေတီတော်မြတ်ကြီး၏ သာသနိကအဆောက်အအုံများ၊ အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များသည် စာရေးသူ၏ အမြင်အာရုံ၌ တစ်ကြိမ်ရောက်လေတိုင်း အသစ်အဆန်းဖြစ်လျက် တအံ့တသြ ဖြစ်ရလေသည်။



အောင်မြေမှာရုံအတွင်းရှိ ဆုတောင်းပြည့်အောင်မြေ

လွန်ခဲ့သော နှစ်နှစ်ခန့်က စာရေးသူ ရွှေကျိုးမြင်စေတီတော်ထံမှောက် အဖူးအမြော်ရောက်စဉ်က ဂန္ဓကုဋိတိုက်တော်မှာ ပြုပြင်ဆဲဖြစ်ပြီး နန်းစဉ်ဘုရားများကို သံဆန်ခါကာထားသည့် မှန်ကျောင်းဆောင်၌ မထင်မရှား ဖူးခဲ့ရသည်။ ရွှေကျိုးမြင်ရုပ်ပွားတော်မြတ်မှာလည်း ရွှေချဆဲဖြစ်၍ မဖူးမြော်ခဲ့ရ။ ယခု (၂၀၁၃ ခု နိုဝင်ဘာလအကုန်) အခါ၌ ဂန္ဓကုဋိတိုက်တော်ကြီးသည် ရွှေရောင်ဝင်းမှည့်လျက် အံ့နုစိတ်ထုလုပ်ထားသော ပန်းပုလက်ရာများဖြင့်လည်းကောင်း၊ မှန်စီရွှေချထားသည့် လက်ရာများကြောင့်လည်းကောင်း ခမ်းနားကြီးကျယ်လှပေသည်။ ရွှေလင်းပင်၊ ရွှေကျိုးမြင်၊ ရွှေကွန်အုပ် မြတ်စွာဘုရားသုံးဆူနှင့် ရှေးဟောင်းနန်းစဉ်ဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မှန်ကျောင်းဆောင်ကြီးမှာလည်း ခမ်းနားကြီးကျယ်လှပေသည်။

ထိုနည်းတူ ရွှေကျိုးမြင်စေတီတော်ကြီး၏ ကျယ်ပြန့်လှသော ရင်ပြင်တော်ပေါ်၌လည်း ကြီးကျယ်ခမ်းနားလှသော တန်ဆောင်းများအတွင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော် အဆူဆူသည် မုဒြာဟန်အမျိုးမျိုးဖြင့် ကြည်ညိုဖွယ်အသွင်ဖြင့် ဖူးမြော်ရသူအပေါင်း၏ စိတ်အာရုံ၌ မြတ်စွာဘုရားရှင်သက်တော်ထင်ရှား ရှိသည့်အလား ခံစားရင်း ကုသိုလ်ယူနိုင်လေသည်။

စာရေးသူသည် ရွှေကျိုးမြင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်းများအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော် အဆူဆူသည် မုဒြာဟန်အမျိုးမျိုးနှင့် သီတင်းသုံး စံပယ်တော်မူနေပုံမှာ သပ္ပာယ်လှပေသည်။ ရုပ်ပွားတော်ကြီးများသည် လက်ရာမြောက်လှပြီး ဉာဏ်တော်မြင့်မားလှသည်။ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းထားရာ ကြည်ညိုဖွယ်ကောင်းလှသည်။

တချို့ အာရုံခံတန်ဆောင်း၌ သုံးဆူ၊ ငါးဆူ သီတင်းသုံးတော်မူပြီး ထိုင်တော်မူ၊ ရပ်တော်မူ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ထားကိုးကွယ်လေသည်။ တချို့အာရုံခံတန်ဆောင်းအတွင်း၌ကား ရုပ်ပွားတော်ပေါင်းများစွာ တည်ထားလေသည်။ ရွှေကျိုးမြင်ဘုရားသို့ ယခင်နှစ်ပေါင်းလေးဆယ်ခန့် ရောက်စဉ်ကာလ၌ ယခုလောက် သာသနိက အဆောက်အအုံလည်း မပေါများသလို ဗုဒ္ဓရုပ်ပွားတော် အဆူဆူလည်း မများလှဟု ထင်မိသည်။

ရွှေကျိုးမြင်ရင်ပြင်တော်၌ ထူးခြားချက်တစ်ရပ်မှာ ကျောက်တုံးကျောက်ခဲ ရောင်စုံများဖြင့် ဥယျာဉ်သဖွယ် တည်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားပြီး ဗုဒ္ဓရုပ်ပွားတော် အဆူဆူတို့ တောတောင် အလယ်၌ သီတင်းသုံးစံပယ်တော်မူနေသော ဥယျာဉ်ပင်ဖြစ်သည်။ နဂါးရုပ်၊ မျောက်ရုပ်များဖြင့် တောတောင်သဖွယ် ဖန်တီးဆောက်လုပ်ထားမှုပင် ဖြစ်သည်။ ၂၄ ပစ္စည်းအဓိပ္ပာယ် ဖော်ဆောင်သော စာတန်းဆိုင်းဘုတ်ကိုလည်း တွေ့ရသည်။

ရင်ပြင်တော်ပေါ်၌ နဂါးရုံဘုရား၊ မဟာဗောဓိပင်၊ ကောင်းမှုတော်ပုံစေတီနှင့် ခုံတော်မင်းစေတီတော်တို့ကိုလည်း ဖူးမြော်ရသည်။ အောင်မြေမဏ္ဍပ်အတွင်းရှိ အောင်မြေ၌လည်း အောင်မြေနင်း၍ ဆုတောင်းကြသူများနှင့် စည်ကားလှသည်။ ခုံတော်မင်း စေတီတော်သည် ရွှေကျိုးမြင်စေတီတော်နှင့်ကပ်လျက်တည်ထားရာ ဉာဏ်တော်မြင့်မားလှသည်။ ကြည်ညိုဖွယ်အသွင်လည်း ဆောင်နေသည်။ ထို့ကြောင့် ဘုရားဖူးများသည် ရွှေကျိုးမြင်စေတီတော်နှင့် ခုံတော်မင်း စေတီတော်မြတ်ကိုလည်း ဖူးမြော်ကုသိုလ်ယူကြသည်။

စာရေးသူသည် ရွှေကျိုးမြင်ဘုရား ရင်ပြင်တော်အား တစ်ပတ်ပတ်ပြီးနောက် နန်းစဉ်ဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်သို့ ဝင်ရောက်ပြီး ဇနီးသည် အဓိဋ္ဌာန်ဝင်ရာ နေရာသို့ရောက်သည့်တိုင် ဇနီးဖြစ်သူမှာ အဓိဋ္ဌာန်ဝင်ရောက် ပုတီးစိပ်၍ မပြီးသေးပေ။ စာရေးသူလည်း နေရာလွတ်သည့် ရွှေကျိုးမြင်ဘုရားရှေ့၌ပင် ဝင်ရောက်နေရာယူပြီး ထပ်မံဦးချ ကန်တော့မိသည်။ မြတ်စွာဘုရား ဂုဏ်တော်ကိုးပါးကို အထပ်ထပ်ရွတ်ပွား ပူဇော်နေမိသည်။ အနည်းငယ် ကြာသောအခါမှ ဇနီးဖြစ်သူ အဓိဋ္ဌာန်ပြီးစီးသည်။

စာရေးသူတို့သည် ရွှေကျိုးမြင်စေတီတော်မြတ်ကြီးအား ထပ်မံ၍ လက်ယာရစ်ဖူးမြော်ကန်တော့ရင်း ဇနီးဖြစ်သူအား အောင်မြေရှိရာ ဓမ္မာရုံသို့ ခေါ်ဆောင်သွားခဲ့သည်။ ဇနီးဖြစ်သူသည် ရွှေကျိုးမြင်ဘုရားသို့ တစ်ခေါက်မှ မရောက်ဖူးခဲ့ပေ။ ထို့ကြောင့် အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက်ပြီး အေးအေးဆေးဆေးပင် ဗုဒ္ဓရုပ်ပွားတော် အဆူဆူအား ဦးချကန်တော့နေလေသည်။

ရင်ပြင်ပေါ်၌ လျှောက်လှမ်းရင်း . . .

"ဒီဘုရားဟာ ကုန်းဘောင်ခေတ်မှာ တည်ထားတဲ့ ဘုရားလား အစ်ကိုကြီး"

"ကုန်းဘောင်ခေတ်မှာ တည်ထားတာမဟုတ်ဘူး၊ ပုဂံခေတ် အလောင်းစည်သူမင်းကြီးရဲ့ သားတော်ကြီး မင်းရှင်စော တည်ထားတဲ့ စေတီဖြစ်တယ် ညီမရဲ့"

စာရေးသူအနေနှင့် ဇနီးသည်၏အမေးကို ဖြေကြားရင်း ရွှေကျိုးမြင်စေတီတော်မြတ်ကြီး၏ သမိုင်းစဉ်ကို ပြန်၍ တွေးတောနေမိတော့သည်။

◆

ပုဂံခေတ်၌ အနော်ရထာမင်းကြီး၊ ကျန်စစ်သားမင်းကြီးတို့ပြီးလျှင် အလောင်းစည်သူမင်းကြီးသည် ဘုန်းတော်အလွန်ကြီးလှသည်။ သက်တော်ရှည် မင်းကြီးတစ်ပါးလည်း ဖြစ်သည်။ မင်းကြီး၌ သားတော်သုံးပါး ရှိလေသည်။ သားတော်ကြီးကား ရတနာပုံ မိဖုရားမှ ဖွားတော်မူသော မင်းရှင်စောဖြစ်သည်။ သားတော်ကြီး မင်းရှင်စောသည် စိတ်ထက်သန်သူ ဖြစ်သည်။ မဟုတ်မခံ စိတ်ဓာတ်လည်းရှိသည်။ အရည်အချင်း အရည်အသွေးလည်း ပြည့်ဝသူ မင်းသားတစ်ပါးဖြစ်သည်။

သားတော်လတ်ကား နရသူဖြစ်သည်။ နရသူ၏ မယ်တော်သည် ထီးလှိုင်ရှင် ကျန်စစ်သားအမတ် ဓမ္မကျင်၏ သမီးဖြစ်သည်။ မင်းကြီးနန်းတက်စဉ်က အမတ်သမီးကို မင်းကြီးသည် ကိုယ်လုပ်တော်လည်းမက မိဖုရားလည်းမဟုတ်သော နေရာ၌ ထား၍ ပေါင်းသင်းရာမှ နရသူကို မွေးဖွားသည်။

အလောင်းစည်သူမင်းကြီးသည် ပဋိက္ကရားမင်းက သမီးတော် ဆက်သလာသောအခါ ပဘာဝတီ ဟူသော ဘွဲ့အမည်ဖြင့် အခြွေအရံ မောင်းမအများပေးတော်မူပြီး မင်းကြီးအား မပြတ်လုပ်ကျွေးရလေသည်။ ထိုကုလားမင်းသမီးနှင့်အတူ မင်းကြီး သလွန်ထက်၌ စံမြန်းနေစဉ် သားတော်သုံးပါးသည် မင်းကြီးထံ အခစားဝင်ရောက်လေသည်။ ကုလားမင်းသမီးသည် မင်းကြီးနှင့်အတူ သလွန်ထက်၌ စံမြန်းမြ စံမြန်းနေရာ သားတော်ကြီး မင်းရှင်စော မြင်သောအခါ. . .

"မှူးတော် မတ်တော်အလယ်တွင် ငါသားတော်ကြီး ရှိလျက် ကုလားမငယ် သလွန်ထက်က နေသည်၊ နေရ သလော" ဟူ၍ စိတ်မျက်တော်မူပြီး ခမည်းတော်ကို မခစားဘဲ မျက်နှာလွှဲနေကာ ကိုယ်မကျန်းမအီရှိသည်ဟု အကြောင်းပြကာ ထွက်ခွာသွားလေသည်။ မင်းကြီးအနေနှင့် သားတော်ကြီးအပေါ် အမျက်တော်ဝင်ခဲ့သည်။

အခါတစ်ပါး၌လည်း အထိန်းတော်သား အနန္တသူရိယ အမတ်ကို သနားတော်မူ၍ မင်းသားတို့သာ ဝတ်ထိုက်သော ဒုယင်အခြေတပ်သော ဝတ်လုံကို ပေးတော်မူလေသည်။ ထိုဝတ်လုံကို အနန္တသူရိယ ဝတ်ဆင်၍ ညီလာခံသဘင်သို့ တက်လေသည်။ ထိုသို့ဝတ်ဆင်၍ သဘင်တက်လာသော အနန္တသူရိယအမတ်အား မင်းရှင်စော မြင်လေသောအခါ . . .

"ဤဖျင်ကား မင်းထိန်းမင်းယတို့ ဝတ်ထိုက်သော အဝတ်မဟုတ်၊ မင်းညီမင်းသားတို့သာ ဝတ်ထိုက်သောအဝတ်ဖြစ်သည်၊ ဤကဲ့သို့ အရောရော မဝတ်စေနှင့်" ဟူ၍ ဆိုပြီး အနန္တသူရိယနှင့် ထိုက်သော ဝတ်လုံကိုပေး၍ ဒုယင်တပ်သော ဝတ်လုံကို ချွတ်၍လဲစေသည်။ ထိုအကြောင်းကို မင်းကြီး ကြားတော်မူသောအခါ . . .

"ငါပေးတော်မူ၍ ဝတ်သည်ကို ငါမသေခင်က ဤကဲ့သို့ပင် ကျင့်လေသည်၊ ငါမရှိ၍ မင်းဖြစ်တပြီးကား ငါ့သားတော်၊ ငါ့သမီးတော်၊ မှူးတော် မတ်တော်တို့ကို ညှဉ်းပန်းနှိပ်စက်လတ္တံ့" ဟု မိန့်တော်မူပြီး မင်းရှင်စောအား ပေးခဲ



www.burmeseclassic.com

www.burmeseclassic.com

ချိမြှင့်ထားသည့် စားကြေးစားလက်နှင့်တကွ အခြေအရံ ဥစ္စာ ရွှေငွေတို့ကို ရုပ်သိမ်းတော်မူလေသည်။ နောင်အိမ်အတွင်း ထား၍ ချုပ်နှောင်ထားသည်။

ထိုအခါ မယ်တော် ရတနာပုံမိဖုရားသည် မှူးမတ်ကြီးတို့ကို တောင်းပန်၍ မင်းကြီးအား သနားတော်မူရန် လျှောက်ထားစေရာ လျှောက်ထားဖန်များသောအခါ မင်းကြီးလည်း သနားတော်မူပြီး အလုံးအရင်း ဆင်မြင်းဥစ္စာတို့ကို ပြန်လည်ပေးအပ်ပြီး . . .

“ငါ့မျက်နှာ သုန်၍ သွားဖူးလေပြီဖြစ်၍ ငါ့မြို့၌ မနေရ” ဟု သားတော်ကို နှင်ထုတ်လေသည်။ သားတော် မင်းရှင်စောလည်း အလုံးအရင်း ဆင်မြင်းဗိုလ်ပါတို့နှင့်အတူ အရှေ့ဘက် ထွန်တုံးပူတက်အရပ်သို့ ထွက်ခွာ၍ ရွာပြုပြီး နေလေသည်။ ထိုအရပ်၌ အောင်ပင်လယ်ကန်ကို ဆည်တော်မူသလို တမုတ်ဆိုးအရပ်၌ ကန်ကိုလည်း ဆည်သည်။ လယ်ပယ် သုံးသောင်း ဖော်ထုတ်ပြီး တစ်နှစ် သုံးသီးစားနိုင်အောင် တိုးချဲ့လုပ်ကိုင်လေသည်။

မင်းရှင်စော၏ ကြိုးပမ်းမှုကြောင့် ကျီကျဘဏ္ဍာ ရွှေငွေဥစ္စာ စပါးများ ဖြစ်ထွန်းလေသည်။ ဆင်လုံးမြင်းရင်း အခြေအရံများလည်း တိုးပွားလာသည်။ ပါဠိအဋ္ဌကထာဋီကာ ကျနတော်မူသော အရိယာသံဃာတော်များကိုလည်း ပင့်ဖိတ်ပြီး ပစ္စည်းလေးပါး ထောက်ပံ့တော်မူသည်။ သာသနာတော် ထွန်းကားခဲ့သည်။ ထွန်တုံးပူတက်အရပ်သည် မန္တလေး နေပြည်တော်ဖြစ်ပေါ်လာမည့် နေရာနှင့်လည်း နီးကပ်လေရာ မင်းရှင်စောသည် ရွှေကျီးမြင်စေတီတော်မြတ်ကို တည်ထားတော်မူခဲ့သည်။

မင်းရှင်စောသည် ခမည်းတော် အလောင်းစည်သူမင်းကြီးနှင့်အတူ သာသနာနှစ် ၁၇၁၀ ကျော် သက္ကရာဇ် ၅၀၀ ကျော်၌ တိုင်းခန်းလှည့်တော်မူရာ မန္တလေးဖြစ်ပေါ်မည့် နေရာသို့ ရောက်သောအခါ အလွန်လှပ ထူးဆန်းသော ရွှေအဆင်းရှိသော ရွှေကျီးနားသည်ကို မြင်တော်မူရာ မှူးမတ် သော်ရှိတို့အား အကျိုးအကြောင်း မေးလေသောအခါ . .

“အရှင်ဘုရား၏ ဘုန်းကံပါရမီတော်ကြောင့် ရွှေကျီး နားသော ဌာန၌ ဘုရားတည်ထား ကိုးကွယ်တော်မူရန် သာသနာတော်စောင့်နတ်တို့က နှိုးဆော်ခြင်းဖြစ်ပေသည်” ဟု လျှောက်ထားခဲ့ဖူးသောကြောင့် ထိုအရပ်၌ ဓာတ်တော် မွေတော်များ ဌာပနာထား၍ စေတီတော် တည်ထားလေသည်။

စေတီတော်ကိုလည်း ရွှေကျီးနားသည်ကို မြင်တော်မူသည်ကို အစွဲပြု၍ ရွှေကျီးမြင်ဘုရားဟု ဘွဲ့တော်သမုတ်ခဲ့သည်။ ရွှေကျီးမြင်ဘုရား လိုဏ်ဂူတော်အတွင်း၌လည်း ဆုတောင်းပြည့်ရွှေကျီးမြင် ရုပ်ပွားတစ်ဆူကိုလည်း ဓာတ်တော်မွေတော်များ ဌာပနာထည့်သွင်း၍ ကိုးကွယ်ခဲ့လေသည်။

ရွှေကျီးမြင်စေတီတော်ကြီး၏ ဒါယကာ မင်းရှင်စော၏ ဘဝဇာတ်သိမ်းကား မလှရှာပေ။ ညီတော် နရသူသည် ခမည်းတော် အလောင်းစည်သူမင်းကြီးအား ရွှေဂူဘုရားအတွင်း၌ အဝတ်ပုဆိုးတို့ဖြင့်ဖိ၍ လုပ်ကြံကာ ထီးနန်းကို ရယူသလို နောင်တော်မင်းရှင်စောကိုလည်း ထီးနန်းတင်ပေးမည်ဟု မုသားစကားဆိုကာ နန်းတော်သို့ခေါ် ဆောင်ပြီး အဆိပ်ကျွေး၍ သတ်သောကြောင့် ကွယ်လွန်ခဲ့လေသည်။

◆

စာရေးသူသည် ရွှေကျီးမြင်ဘုရားကြီးနှင့် ရွှေကျီးမြင်ဘုရားဒါယကာ မင်းရှင်စောအကြောင်းကို တွေးနေမိရင်း ရွှေကျီးမြင်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ သားတော်ကြီး မင်းရှင်စော ကောင်းမှုတော် ရွှေကျီးမြင်ရုပ်ပွားတော်နှင့် ခမည်းတော် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ရုပ်ပွားတော်အဆူဆူသည် အကြောင်းအမျိုးမျိုးဖြင့် အတူတကွ ကြွရောက်သီတင်းသုံး ကိန်းဝပ်စံပယ်ကြပုံကိုလည်း တအံ့တသြ တွေးတောဆင်ခြင်နေမိပြန်သည်။

သားအဖနှစ်ဦး၏ ကောင်းမှုတော် မြတ်စွာဘုရားများသည် ဂန္ဓကုဋိတိုက်တစ်တိုက်အတွင်း၌ ကိန်းဝပ်တော်မူကြပြီး ဆုတောင်းပြည့်ဘုရားများအဖြစ် သတ္တဝါများ၏ ကောင်းကျိုးချမ်းသာကို ပြည့်ဝစေသည်မှာလည်း အံ့သြဖွယ်ရာပင် ဖြစ်သည်။

စာရေးသူသည် ရွှေကျီးမြင်စေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ပြီးနောက် ရွှေကျီးမြင်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ ရှေးဟောင်းနန်းစဉ်ရုပ်ပွားတော်မြတ်များအား စိတ်အာရုံ၌ ပြန်လည်မြင်ယောင်လျက် ဈေးတန်းရှိရာသို့ သွားရောက်နေစဉ် ဇနီးဖြစ်သူက သားဖြစ်သူနှင့် သမီးနန်းဟွမ်ခန်းတို့အား . . .

“အမေတို့ကို ကျောက်တော်ကြီးဘုရားကို ပို့ပေးဦးနော်၊ နောက်ဆုံးအဓိဋ္ဌာန်ဝင်ရအောင်” ဟု ပြောရင်း မတ်တူးကားလေး ရှိရာသို့ ဦးတည်သွားလေတော့သည်။

❒ **တက္ကသိုလ်မျိုး**



**မှီငြမ်း**

၁။ မန္တလေးမြို့ ရွှေကျီးမြင်စေတီတော်နှင့် ဗုဒ္ဓအံ့တော် နန်းစဉ်တန်ခိုးကြီး ဆုတောင်းပြည့်ဘုရားများ ရာဇဝင်သမိုင်း

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ တတိယအကြိမ် ၁၉၉၂

၃။ ကိုယ်တိုင် အကြိမ်ကြိမ်သွားရောက် ဖူးမြော်လေ့လာမှု

www.burmeseclassic.com



# ဒီပဲယင်းမှ အာဇာနည် ထွက်သည်

**ဆင်ဖြူကျွန်းအောင်သိန်း**

ပေါ်ပေါက်ခဲ့ပြီးသော စစ်သူကြီး မဟာဗန္ဓုလ မွေးရပ်မြေ ဒီပဲယင်း။ ပေါ်ပေါက်လတ္တံ့သောတောင်သူလယ်သမားခေါင်းဆောင် ဆရာစံ၏ မွေးရပ်မြေ ဒီပဲယင်းမြို့မှ ကြီးကျယ်သော ပုဂ္ဂိုလ်တစ်ဦးသည် မြန်မာဘုရင် ပုဂံမင်းလက်ထက်တော်တွင် ဖွားမြင်ခဲ့ပေ၏။

ထိုပုဂ္ဂိုလ်ကား လယ်တီဆရာတော်ဘုရားကြီးပေတည်း။

ဒီပဲယင်းမြို့၊ စိုင်ပြင်ကြီးရွာ၊ ကတိုးရပ်ကွက်နေ ဦးထွန်းသာ+ဒေါ်ကျုံးတို့မှ မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ မိဘများက မောင်တက်ခေါင်ဟု အမည်မှည့်ကြသည်။ မောင်တက်ခေါင်ဘသည် သားဦးဖြစ်ကာ သူ့အောက်တွင် လေးယောက်ရှိသေး၏။

မောင်တက်ခေါင်တို့ ဆွေမျိုးစာရင်းမှာ ဤသို့ဖြစ်၏။

(၁) မောင်တက်ခေါင် (နောင်သော် လယ်တီဆရာတော်ဘုရားကြီး)

(၂) ဦးတက်စွာ

(၃) ဦးတက်ပွား (ဦးကုမာရဟု ထင်ရှားငြား အသက်မရှည်)

(၄) ဦးတက်ထွား (ဦးကိတ္တိဟူသော ရဟန်းဘွဲ့တော်ဖြင့် ထင်ရှား၍ ဦးစံမြတ်ဟူ၍လည်း ခေါ်ကြသေးသည်။)

(၅) ဒေါ်မလေး

မောင်တက်ခေါင် ရှစ်နှစ်သားတွင် မိဘများသည် ဖျောက်ပင်ကျောင်းဆရာတော် အရှင်နန္ဒဓဇထံ အပ်နှံကြသည်။ မောင်တက်ခေါင်သည် ဉာဏ်ကောင်းရကား အခြားကလေးများ တစ်နှစ်သင်ရမည့်စာကိုခုနစ်ရက်ဖြင့်ရသည်။ သို့ကြောင့် ၁၅ နှစ်သား သာမဏေဝတ်ချိန်တွင် သင်ရိုးပိဋကစာပေများကို အဆုံးတိုင် တတ်မြောက်ခဲ့ပြီ။

သာမဏေကလေး၏ ဘွဲ့တော်မှာ "ရှင်ဉာဏဓဇ" ဖြစ်ပေ၏။ ထိုကိုရင်ကလေးသည် ထူးချွန်ထင်ရှားငြား ၁၈ နှစ်သားအရောက်တွင် သင်္ကန်းထားပြီး လူထွက်လိုက်တော့သည်။ သာမဏေ



www.burmeseclassic.com

www.burmeseclassic.com

တလေး၏ ဉာဏ်ရည်ထက်မြက်မှုကို သိသောသူများနှင့် ဆရာရင်းဖျောက်ပင်ဆရာတော်တို့မှာ စိတ်မကောင်းကြချေ။

တစ်နေ့သော် ဖျောက်ပင်ဆရာတော်နှင့် မြင်ထင်ဆရာတော်တို့ ဆုံမိကြရာ မြင်ထင်ဆရာတော်က မောင်တက်ခေါင်အကြောင်း စကားစသည်။ သို့ရာတွင် ဖျောက်ပင်ဆရာတော်က လက်လျှော့နေပြီ။ သို့အတွက် မြင်ထင်ဆရာတော်သည် မောင်တက်ခေါင်ကို ရှေ့တော်သို့ ခေါ်၏။

"ဘယ့်နှယ်လဲကွယ့်၊ သင်္ကန်းပြန်ဝတ်မယ် မဟုတ်လား"

"မှန်ပါ၊ သင်္ကန်းပြန်ဝတ်ဖို့တော့ စိတ်ကုန်ပါပြီဘုရား"

"ဒီလိုဆိုရင် တောင်သူလုပ်ငန်းအလုပ်ကြမ်းကြီးတွေကိုလုပ်နိုင်ပါ့မလား"

"အလုပ်ကိုတော့ တွေ့မရှောင်လုပ်နိုင်ပါတယ် ဘုရား၊ ဒါပေမယ့် ဒီတောင်သူလုပ်ငန်းကိုတော့ ဆက်မလုပ်ချင်တော့ပါဘုရား၊ တခြား သင့်တော်ရာ သက်မွေးဝမ်းကျောင်းကို ရှာဖွေလုပ်ကိုင်ရမှာပါ ဘုရား"

"သင်္ကန်းဝတ်ဖို့ တကယ်စိတ်ကုန်နေပြီထင်ရဲ့"

ဆရာတော်ကြီးသည် မောင်တက်ခေါင် စိတ်လည်လာမည်လောဟူသည့် မျှော်လင့်ချက်ဖြင့် မေးခြင်းဖြစ်၏။

"မှန်ပါ့ ဘုရား၊ စိတ်ကုန်နေပါပြီ"

"အေးလေ၊ ဒါလောက်တောင် သာသနာ့ဘောင်မှာ မပျော်ပိုက်သူကိုတော့ အတင်းမတိုက်တွန်းလိုပါဘူး၊ သို့ရာတွင် အကြံတစ်ခုတော့ပေးချင်တယ်"

"မိန့်တော်မူပါ ဘုရား"

"ဒီလိုကွယ့်၊ မင်းက ဉာဏ်ကောင်းသူဖြစ်တော့ ပိဋကတ်ဘက်မှာလဲ အတော်တတ်မြောက်နေပြီးဖြစ်တယ်ကွယ့်၊ လူပုံပန်းကလဲ အလုပ်ကြမ်းနဲ့ မတော်လေတော့ တစ်နေရာက လိုနေတဲ့ပညာတစ်မျိုးကိုသင်ပြီး သက်မွေးဝမ်းကျောင်းလုပ်ရင် ကောင်းလိမ့်မယ်ကွဲ့"

"မိန့်တော်မူပါ ဘုရား"

"နောက်ဆုတ်လို့တော့ မဖြစ်ပေဘူး"

"ပညာသင်ကြားမှု ဆိုတာမျိုးမှာတော့ နောက်မဆုတ်ဘဲ ကြိုးစားပြီးသင်ယူလိုပါတယ် ဘုရား"

ပညာနှင့် ပတ်သက်လာလျှင် ပညာဉာဏ် ထက်မြက်သူတို့မှာ ထိုသဘောထား ရှိစမြဲ ဖြစ်သဖြင့် ဆရာတော်ကြီးက အားတက်သရော ဆက်လက် မိန့်တော်မူ၏။

"ကောင်းပြီ၊ ရဲထွက်ရွာမှာ ငါတို့ မိတ်ဆွေ ဦးဂန္ဓမာဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးဟာ ဗေဒင်ဘက်မှာဖြင့်တစ်ဖက်ကမ်းခပ်တတ်မြောက်တဲ့အတွက် ကျော်စောတာတော့ ရှိသကွယ့်၊ ဗေဒင်ပညာ မသင်ချင်ဘူးလား"

"တပည့်တော် ဗေဒင်ပညာ သင်ချင်ပါတယ် ဘုရား"

"အေး. . . ဗေဒင်ပညာ သင်ချင်ရင် ဦးဂန္ဓမာဆီမှာ အပ်ပေးမယ်၊ ဒါပေမယ့် ဗေဒင်ဘုန်းကြီးဆီ ဗေဒင်ပညာ သင်ယူခိုက်မှာတော့ သင်္ကန်းပြန်ဝတ်ရလိမ့်မယ်၊ သင်္ကန်းဝတ်ကိုမှ သင်ပေးသတဲ့"

မောင်တက်ခေါင်သည် ပညာလိုလားသူဖြစ်၏။ ထို့ကြောင့် ဗေဒင်ပညာသင်အပြီးတွင် သင်္ကန်းကိုချွတ်ပစ်ရန် မခက်ခဲဟု တွေးမိသဖြင့် အလွယ်တကူ ပြန်လည်လျှောက်ထား၏။

"ဗေဒင်ပညာ သင်ယူခိုက်မှာ သင်္ကန်းဝတ်ဖို့ ဝန်ခံပါတယ်ဘုရား"

ထိုဝန်ခံချက်ကိုရသဖြင့် မြင်ထင်ဆရာတော်ဘုရားကြီးမှာ များစွာကျေနပ်သွား၏။ ကာယကံရှင် ဦးဂန္ဓမာထံသို့လည်း ကြိုတင်၍ အကြောင်းစုံကို အကြောင်းကြားထားသည်။ ရဲထွက်ရွာမှ ဦးဂန္ဓမာမှာလည်း မောင်တက်ခေါင် မွေးစဉ်က ထူးခြားပုံ၊ ဉာဏ်ပညာထက်မြက်ပုံများကို သိထားသဖြင့် ဗေဒင်ပညာကို ကြိုးစားပြီး သင်ပေး၏။

ရှစ်လမျှ ကြာမြင့်သောအခါ ကိုရင် ရှင်ဉာဏဓဇသည် ဗေဒင်လက်ရိုးနှင့်တကွ မကာရန္တတွက်ပုံ၊ ဘုတ္တိတွက်ပုံ၊ နေသရ လသရ အာယုဒါယ စသည်တို့ကိုပါ သင်ကြားတတ်မြောက်ပြီးဖြစ်၍ မိမိ၏ ငယ်ဆရာရင်း ဖျောက်ပင်ဆရာတော်ထံ ပြန်လည်ကြွရောက်လာခဲ့လေ၏။ ထိုအကြောင်းကို ကွယ်လွန်ပြီးသူ ဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီးက ဤသို့ မိန့်ကြားတော်မူ၏။

"ဆရာတော်ဘုရားကြီးက 'ငါက ဗေဒင်အားကိုးပြီး ထမင်းအိုးတည်တော့မလို့၊ ကံကောင်းလို့ သင်္ကန်းဝတ်လာရတာ၊ ငါ့ဆရာကြီးများ ငါ့အပေါ်မှာ အလွန်မြော်မြင်ပြီး ကျေးဇူးတော်ကြီးမားလှပါပေတယ်' လို့ မိန့်ကြားခဲ့ဖူးသကွ"

သို့ဖြစ်သဖြင့် မောင်တက်ခေါင်သည် ရှင်ဉာဏဓဇပြန်ဖြစ်ကာ ဗေဒင်ပညာသင်ယူသည်။ ဗိုလ်လက်ာ၊ ဇာတာဖွဲ့လက်ာနှင့် လက်ရိုးတွက်နည်းလက်ာများကိုလည်း ဖွဲ့ဆိုစီကုံးတော်မူခဲ့၏။ တစ်ဖန် မဟော်ဇာတ်ထုပ်၊ မဟော်ကျေးစေခန်းပျို့များအပြင် အခြားရတုကဗျာများ၊ ရှင်လော်င်းလှည့်ရာတွင် ရွတ်ဆိုကြသည့် ရွဲတိုက်ရတုများ (သျှိုးလိုက်ရတုများ) ကိုလည်း စီကုံးရေးသားလျက် သာသနာတော်၌ ပျော်ပိုက်မှန်းမသိ ပျော်ပိုက်နေပြီ။

ရှင်ဉာဏဓဇသည် သက်တော် (၁၉)နှစ်တွင် တစ်ဝါဆိုပြီးနောက် ရဟန်းပြုရေးကိစ္စ ပေါ်ပေါက်လာ၏။ စကားပြောလျှင် လေးတွဲ့ခံ့ညားစွာ မိန့်တော်မူတတ်သော ရှင်ဉာဏဓဇသည် ဉာဏ်ပဋိဘာန် စူးရှထက်မြက်သည်နှင့်အမျှ ဝီရိယရှိတော်မူ၏။ စာကို များစွာမကျက်ဘဲ အဓိပ္ပာယ်ကြံဆတော်မူလေ့ရှိသော ထိုသာမဏေကျော်တွင် မယ်တော် ဒေါ်ကျူးဘက်မှ အစ်မဖြစ်သူ ဒေါ်ဖုန်းနှင့် ညီမ ဒေါ်ပုန်း ဟူ၍ရှိ၏။

တစ်ဖန် ခမည်းတော် ဦးထွန်းသာဘက်၌လည်း အစ်ကိုဦးထွန်းအောင်နှင့် နှမတစ်ယောက်ရှိသည်။ တစ်နေ့သောအခါ ထွေးတော်ဒေါ်ဖုန်းဘက်မှ အသံများထွက်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

"အစ်မတို့မှာ ကိုရင့်ကို ရှင်လဲ ပြုခဲ့ရပြီ၊ ဆွမ်းတော် ကွမ်းတော်ကိုလဲ ရှင်သာမဏေဘဝမှာ လှူဒါန်းခဲ့ရပြီ၊ ဒါကြောင့် တူမောင်ကို ရဟန်းခံပေးပါရစေ"

သို့ဖြင့် ဦးကံစနှင့်ဒေါ်ဖုန်းတို့သည် ရဟန်းဒါယကာ၊ ဒါယိကာမများ ဖြစ်လာကြ၏။ ဆရာရင်း ဖျောက်ပင်ဆရာတော်မှာ ဥပဇ္ဈာယ်ဆရာဖြစ်ကာ မြင်ထင်ဆရာတော် စသော သံဃာတော် နှစ်ကျိပ်ကျော်တို့မှာ ကမ္မဝါစာဆရာများ ဖြစ်ကြပေ၏။

ရှင်ကျော်ကိုရင် ရှင်ညာဏဓဇသည် မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ် ကဆုန်လဆန်း ၇ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။ စတုပါရိသုဒ္ဓိသီလဖြင့် ပြည့်စုံ၍ သိက္ခာပုဒ်များကို အသက်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းတော်မူ၏။

ရဟန်းတော် ဦးညာဏဓဇသည် စာကြည့်လည်း ဝါသနာပါတော်မူ၏။ ပထမဆုံးဝါကို မိမိနေရပ် ဥပဇ္ဈာယ်ဆရာတော်၏ ခြေရင်းမှာပင် ဝါကပ်သီတင်းသုံးတော်မူ၏။ စာတိုက်ကြီးငါးလုံးရှိ မြန်မာနိဿယ စာပေများကို ကြည့်ရှုတော်မူ၏။ ထို့မှဖြင့် အားမရ မတင်းတိမ်သော ဦးညာဏဓဇသည် မြင်ထင်ဆရာတော်၏ကျောင်းရှိ ပေစာထုပ်များကိုပါ ထုတ်ယူဖတ်ရှုတော်မူ၏။

ဦးညာဏဓဇ ရဟန်းပြုတော်မူချိန်တွင် ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်း နန်းတက်သည်။ 'အင်ကြင်းကြာအုံ ရတနာပုံ' အရ ၁၂၂၁ ခုနှစ်တွင် ရတနာပုံ ရွှေမြို့တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူသည်။ ထိုမင်းသည် အေးဆေးသော်ငြား သူတို့၏ကျူးကျော်မှုကို အသိအမှတ်မပြုသဖြင့် နယ်ချဲ့တို့ မကျေနပ်ကြပေ။ မင်းတုန်းမင်းသည် တရားသမားဖြစ်ငြား သူညီကနောင်မင်းက တိုင်းပြည် ခေတ်မီချင်၏။ တိုးတက်ချင်၏။ ရေရှည်တွင် မြန်မာပြည်ကြီး ခေတ်မီတိုးတက်လာပါလျှင် ဦးစွာအခက်ကြုံရမည့်သူမှာ ရခိုင်၊ တနင်္သာရီ၊ အာသံနှင့် အောက်မြန်မာပြည်ကို လုယူထားသော အင်္ဂလိပ်ဖြစ်၏။

အင်္ဂလိပ်တို့သည် မြန်မာပြည် တိုးတက်မည်ကို မလိုလားပေ။ သို့အတွက် မြင်ကွန်းစားနှင့် မြင်းခုံတိုင်စားတို့ကို မြှောက်ပေးသည်။ အမြော်အမြင်ကင်းမဲ့သော မင်းသားများသည် ခမည်းတော်ကို နန်းချရန်အတွက် ဘထွေးတော်ကို ဦးစွာလုပ်ကြံကြသည်။

နေပြည်တော်သို့တက်ပြီး ပညာသင်ရန် စိတ်ကူးနေသော ဦးညာဏဓဇမှာ ထိုအရေးအခင်းကြောင့် စိုင်ပြင်ရွာမှမခွာနိုင်။ တစ်ဖန် မြင်ကွန်း၊ မြင်းခုံတိုင်ကိစ္စအပြီးတွင် ကနောင်မင်းသား၏ သားတော်များဖြစ်ကြသော ပန်းထိမ်းမင်းသား၊ ကြေးမြင့်မင်းသား၊ တိုင်တားမင်းသား၊ တောင်ပုံမင်းသားတို့၏ ပုန်ကုန်မှုပါ ဆင့်ကဲလာပြန်သောအခါ တိုင်းရေးပြည်ရေးမှာ တော်တော်နှင့် မအေးချမ်းတော့ပေ။

ရတနာပုံနေပြည်တော်ကြီးမှာ မြို့သက် ခုနှစ်နှစ်အရတွင် ဧရာမမီးဘေးကြီးနှင့် ကြုံရ၏။ ၁၂၂၈ ခုနှစ် ကဆုန်လဆန်း ၅ ရက်တွင် ရွှေမြို့တော် အနောက်မျက်နှာမှစတင်၍ မီးလောင်သည်။ ဘုန်းကြီးကျောင်းများအပါအဝင် အိမ်ခြေပေါင်း ၃၈၀၀ ခန့် မီးလောင်ကျွမ်းခဲ့ရသည်။

သို့ဖြစ်သောကြောင့် ဦးညာဏဓဇမှာ တစ်နှစ်နီးပါးခန့် စောင့်ဆိုင်းနေခဲ့ရ၏။ ၁၂၂၉ ခုနှစ် နယုန်လဆန်း ၅ ရက်နေ့ကျမှ နေပြည်တော်သို့ကြွနိုင်သည်။ ထိုအချိန်တွင် ကားလမ်း၊ ရထားလမ်း မရှိသေးရကား ဦးညာဏဓဇမှာ စိုင်ပြင်ကြီးရွာမှ မုံရွာမြို့အရောက် ခြေကျင်ကြွတော်မူရ၏။

အချိန်အခါမှာ သာသနာပြုမင်း မင်းတုန်းမင်း စိုးစံတော်မူလျက်ရှိ၏။ ရတနာပုံရွှေမြို့တော်ကြီးတွင် ကျောင်းတိုက်ပေါင်း ၄၀၀ ကျော် ရှိသည်။ ကျောင်းတိုက်တစ်တိုက်လျှင် သံဃာတော်ပေါင်း ၂၀၀၀ မှ ၃၀၀၀ အတွင်း မှီတင်းသီတင်းသုံးတော်မူကြ၏။

ရဟန်းတော် ဦးညာဏဓဇ ရောက်သွားသောကျောင်းမှာ ရွှေမြို့တော်၏မြောက်မျက်နှာ မန္တလေးတောင်ခြေရင်းရှိ "မဟာဇောတိကာရာမ"မည်သော စံကျောင်းတိုက်ကြီးဖြစ်သည်။ ဦးစီးနာယကမှာ အရှင်သုဒဿနဖြစ်၏။ ဦးညာဏဓဇသည် စံကျောင်းတိုက်တွင်းရှိ ခရေပင်ကျောင်း၌ နေခွင့်ရသည်။

စံကျောင်း ဆရာတော်ဘုရားကြီးသည် ဦးညာဏဓဇကို စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် အပ်နှင်းပေးသည်။ ဦးညာဏဓဇသည် စလင်းဆရာတော်ထံ၌ ဆိုဝါနှင့်တကွ၍ ဆရာတော်ဘုရားကြီးထံမှာ လိုက်ဝါနှင့်သင်သည်။

ဦးညာဏဓဇသည် ထိုကျောင်းတိုက်ကြီး၌ ဆယ်ဝါမျှ ပညာသင်အပြီးတွင် ပဥ္စမသင်္ဂါယနာတင် ပွဲတော်ကြီးနှင့် ကြုံရသည်။ ကထာဝတ္ထုပါဠိတော်ကြီးကို ဖြတိုက်တော်၌ တစ်ပါးတည်း ပြန်ဆိုခဲ့ရသည်။ ထို့နောက် ၁၂၃၆ ခုနှစ် ဝါဆိုလတွင် 'ပထမစာတော်ချ' ဘွဲ့ကို မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင် ဆက်ကပ်လှူဒါန်းသည်ကို ခံရ၏။

ထိုခေတ် ထိုအချိန်က အဘိဓမ္မတ္ထဝိဘာဝနီမည်သော ဋီကာကျော်နှင့် မဏိသာရမဉ္ဇူသာဋီကာတို့ကို စာသင်သားများ သုံးစွဲခွင့်မရကြချေ။ အကြောင်းမှာ ချွတ်ချော်မှားယွင်းမှုများခြင်း၊ အနှစ်မဲ့သော ကျမ်းလေးကြီးဖြစ်ခြင်းများကြောင့်ဖြစ်သည်။ သို့ဖြစ်သဖြင့် ဦးညာဏဓဇသည် ထိုကျမ်းများ၏ ချွတ်ယွင်းမှုများကို ဖယ်ရှားလျက် 'ပါရမီဒီပနီ' ကို ပြုစုတော်မူသည်။ ရဟန်းဝါ ၁၄ ဝါအရတွင် ပထမဆုံး ပြုစုသောကျမ်းဖြစ်၏။ ထိုမှတစ်ပါး လယ်တီဆရာတော် ဘုရားကြီးအဖြစ်တွင် ပြုစုသော ကျမ်းများနှင့်သော် တစ်ရာကျော်၏။ ၎င်းတို့မှာ . .

(၁) လက္ခဏာဒီပနီ
(၂) ဥပသမ္ပဒဝိနိစ္ဆယကျမ်း
(၃) မဟာသယနဒီပနီ


www.burmeseclassic.com

www.burmeseclassic.com

(၄) ဝိဇ္ဇာမဂ္ဂဒီပနီ
(၅) သမ္ဗုပ္ပလာပဝိနိစ္ဆယကျမ်း
(၆) ဒဋ္ဌိကမ္မဒီပနီ
(၇) မူလပရိယာယသုတ္တန္တဒီပနီ
(၈) ပရမတ္ထသံခိပ်အကျဉ်း
(၉) အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်
(၁၀) ဗောဓိပက္ခိယဒီပနီ
(၁၁) အနတ္တဒီပနီကျမ်းဟောင်း
(၁၂) သောဝါသိကပုစ္ဆာဝိသဇ္ဇနာကျမ်း
(၁၃) သောမနဿုပေက္ခာဒီပနီ
(၁၄) နိယာမဒီပနီ (ပါဠိ)
(၁၅) နိရုတ္တိဒီပနီ (ပါဠိ)
(၁၆) ပရမတ္ထဒီပနီ (ပါဠိ-ဋီကာမော်)
(၁၇) အနုဒီပနီပါဌ် (ပါဠိ)
(၁၈) သမ္မာဒိဋ္ဌိဒီပနီပါဌ် (ပါဠိ)
(၁၉) ပဓာနသုတ်ပါဠိနိဿယ
(၂၀) ဂါရဝဝိနိစ္ဆယပါဌ် (ပါဠိ)
(၂၁) ပဥ္စဂ်ဒီပနီပါဌ် (ပါဠိ)
(၂၂) အာဟာရဒီပနီ
(၂၃) ဘယဝိနာသကဒီပနီ
(၂၄) သဒ္ဒသံခိပ်ကျမ်းအကျဉ်း
(၂၅) ပဋ္ဌာနုဒ္ဒေသဒီပနီ
(၂၆) လန်ဒန်ပါဠိဒေဝီပုစ္ဆာဝိသဇ္ဇနာကျမ်း
(၂၇) အလင်းကျမ်း
(၂၈) ကမ္မဋ္ဌာန်းကျမ်း
(၂၉) အနတ္တာနိသံသကျမ်း
(၃၀) သုကုမာရမဂ္ဂဒီပနီ
(၃၁) ဂမ္ဘီရဒီပနီ
(၃၂) ဂမ္ဘီရကဗျာကျမ်း
(၃၃) သတ်ပုံသံခိပ်
(၃၄) ရူပဒီပနီ
(၃၅) သစ္စတ္ထဒီပနီ
(၃၆) အာနာပါနဒီပနီ
(၃၇) အနတ္တဒီပနီကျမ်းသစ်
(၃၈) ဝိနယသံခိပ်ကျမ်းအကျယ်
(၃၉) သဒ္ဒသံခိပ်ကျမ်းအကျယ်
(၄၀) ဘာဝနာဒီပနီ
(၄၁) မဂ္ဂဒီပနီ
(၄၂) ကမ္မဋ္ဌာနဒီပနီ
(၄၃) နိဗ္ဗာနဒီပနီ
(၄၄) ဥတ္တမပုရိသဒီပနီ
(၄၅) ဒါနဒီပနီ
(၄၆) နိဗ္ဗာနဝိသဇ္ဇနာကျမ်း
(၄၇) ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ အလင်းကျမ်း
(၄၈) ပဋိစ္စသမုပ္ပါဒဒီပနီ
(၄၉) ပါရမီဒီပနီ
(၅၀) ပရမတ္ထသံခိပ်ကျမ်းအကျယ်
(၅၁) ဝိနယသံခိပ်ကျမ်းအကျဉ်း
(၅၂) အတ္တာနတ္တပုစ္ဆာဝိသဇ္ဇနာကျမ်း
(၅၃) နိယာမဒီပနီအကျယ်
(၅၄) စတုသစ္စဒီပနီ
(၅၅) ကုဏ္ဍလပရိဘောဂဝိနိစ္ဆယကျမ်း
(၅၆) ပဋ္ဌာနုဒ္ဒေသကျမ်းအကျယ်
(၅၇) ဝိရတီသီလဝိနိစ္ဆယကျမ်း
(၅၈) ဒီဃာသနဝိနိစ္ဆယကျမ်း
(၅၉) သရဏဂုံဝိနိစ္ဆယကျမ်း
(၆၀) ဒွန်ရဟန်းခံကမ္မဝါ
(၆၁) ပရိယတ်ကမ္မဝါ
(၆၂) ခရစ်ယာန်ဝါဒပုစ္ဆာဝိသဇ္ဇနာ ရှင်းလင်းချက်
(၆၃) လန်ဒန်ပါဠိဒေဝီပုစ္ဆာဝိသဇ္ဇနာပါဌ် (ပါဠိ)
(၆၄) ဗုဒ္ဓဘာသာ၊ ဗြာဟ္မဏဘာသာ ရှင်းလင်းချက်
(၆၅) ဉာဏ်အသင်း၊ မာန်အသင်း၊ ခန္ဓာအသင်း ရှင်းလင်းချက်
(၆၆) ဝိကာလဘောဇနာသိက္ခာပုဒ် အဆုံးအဖြတ်
(၆၇) အနတ္တဝိဘာဝနာကျမ်း
(၆၈) ဝိပဿနာဒီပနီ
(၆၉) သာသနာသမ္ပတ္တိဒီပနီ
(၇၀) မဟာသရဏဂုံတော်ကြီး
(၇၁) သာသနဒါယဇ္ဇဒီပနီ
(၇၂) နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်တော်ကြီး
(၇၃) ဝေါဟာရဒီပနီ
(၇၄) ရောဂန္တရဒီပနီ
(၇၅) ဒဋ္ဌိကမ္မဒီပနီနိဿယ
(၇၆) သာသနဝိသောဓနီကျမ်း
(၇၇) သာသနဝိသောဓနီ ဒုတိယတွဲ
(၇၈) သာသနဝိသောဓနီ တတိယတွဲ
(၇၉) ဝိပဿနာဒီပနီကျမ်း
(၈၀) ဓာတ်ကမ္မဋ္ဌာန်းကျမ်း
(၈၁) လန်ဒန်ပါဠိဒေဝီပုစ္ဆာ ဝိသဇ္ဇနာအကျယ်
(၈၂) လန်ဒန်အာကာသဒီပုစ္ဆာ ဝိသဇ္ဇနာကျမ်း
(၈၃) ဓမ္မဒီပနီ
(၈၄) သာသနသမ္ပတ္တိဒီပနီပါဌ် (ပါဠိ)
(၈၅) ပရမတ္ထဒီပနီနိဿယ
(၈၆) နိရုတ္တိဒီပနီနိဿယ (ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ ဟုလည်းခေါ်)
(၈၇) သသင်္ခါရ အသင်္ခါရ ဝိနိစ္ဆယ
(၈၈) သိက္ခာဂဟနဝိနိစ္ဆယ
(၈၉) စေတီယင်္ဂနဝိနိစ္ဆယ
(၉၀) ဥပသမ္ပဒ ဝိနိစ္ဆယ
(၉၁) သတ်ပုံသံခိပ်
(၉၂) သင်ပုန်းကြီးသံခိပ်
(၉၃) အာဝေဏိကဂုဏ်တော်ပါဌ်နိဿယ
(၉၄) သောတာပန်ပုစ္ဆာအဖြေကျမ်း
(၉၅) နိဗ္ဗာနဝိသဇ္ဇနာ
(၉၆) ရုပ်ပိုင်းအကျဉ်း
(၉၇) ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း
(၉၈) ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
(၉၉) သံဝေဂလေးချိုးနှင့် အဓိပ္ပာယ်အဖွင့်
(၁၀၀) ပုဏ္ဏောဝါဒကမ္မဋ္ဌာန်းကျမ်း
(၁၀၁) လယ်တီမင်္ဂလသုတ္တန်

ဖော်ပြပါ လယ်တီဒီပနီကျမ်းများသည် စုစုပေါင်း (၁၀၁)ကျမ်းရှိကာ ကျောက်ထက်အက္ခရာတင်ပြီးဖြစ်၏။ ကျောက်ထက်အက္ခရာ မတင်ရသေးသော စာများလည်းရှိ၏။ ယင်းတို့မှာ "လယ်တီပုစ္ဆာ အဖြေပေါင်းချုပ်ကျမ်းကြီး ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ" တို့ဖြစ်သည်။ ထို့ပြင် သာမဏေဘဝတွင် ရေးခဲ့သော ကျေးစေရတုများနှင့် အခြားစာများ ဖြစ်သည်။

❒ **ဆင်ဖြူကျွန်းအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေဂူနီ ကျောက္ကာဘုရား

မင်းဆက်ပိုင်

*သိက္ခာအတွက်*
*အဆိပ်တစ်ခွက်ပဲ လိုတယ်*
*ဆိုကရေးတီး သက်သေပြခဲ့။*

❑

ရွှေဂူနီ ကျောက္ကာဘုရားသို့ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က တစ်ခါရောက်ဖူးပါတယ်။ ဒီတစ်ခါ ပြန်ရောက်ရဦးမယ်ဆိုတော့ အရင်က ဘုရားပတ်ဝန်းကျင် အခြေအနေကို မမှတ်မိဘူးဖြစ်နေတယ်။

မုံရွာမြို့ထဲကအထွက် တစ်ဖက်တစ်ချက် တမာပင်တန်းလေးတွေက တကယ့်ချစ်စရာပါ။ ကားမောင်းနေသူက . . .

"ဆရာ ဓာတ်ပုံရိုက်လိုက်ပါလား" လို့ ပြောပေမယ့် ကျွန်တော့်ကင်မရာက အဝေးမဆွဲတဲ့အတွက် မရိုက်ဖြစ်ဘဲ နေလိုက်ပါတယ်။ အတိတ်ကို ပြန်ပြောနိုင်တဲ့ ပြန်ပြနိုင်တဲ့ အထဲမှာ ဓာတ်ပုံပါသလို အနုပညာလည်း ပါပါတယ်။

အနုပညာဆိုတာ ဘာလဲလို့မေးရင် အဖြေက/တော်တော်ကျယ်ပြန့်မယ်သဘောမှာ ရှိပါတယ်။ အတိုချုံးအနေနဲ့ အနုရသသဘော တင်ပြချက်တွေအားလုံးကို အနုပညာလို့ ခေါ်တာပါ။ တစ်နည်းအားဖြင့်တော့ အကြောင်းအရာတစ်ခု၊ အကောင်အထည်တစ်ခုကို မူလအတိုင်း ပုံတူပွားတာကို လက်မှုပညာလို့ခေါ်ပြီး အဲဒီအပေါ်မှာ ခံစားချက်ပြင်းပြင်းနဲ့ အသစ်တစ်ဖန် ပြန်လည်တင်ဆက် ပြသတာကိုတော့ အနုပညာလို့ ခေါ်ပါတယ်။

အနုပညာရဲ့သဘောက ရင်ထဲကနေ ခံစားချက်ပြင်းပြင်းနဲ့ ဖြစ်လာတာပါ။ သဘာဝနဲ့ တူချင်မှတူမှာပါ။ တစ်ခါတလေ သဘာဝထက် ပိုချင်ပိုမယ်၊ သဘာဝထက် နည်းချင်နည်းမယ်၊ သဘာဝထက် လွဲချင်လွဲမယ်။ ပုံသေသတ်မှတ်ထားလို့ မရပါဘူး။

အချို့က အနုပညာ ဘာလုပ်ရမှာလဲ။ ချက်စားပြုတ်စားလို့ မရဘူးလို့ ပြောတာကို ကြားဖူးကြမှာပါ။ အနုပညာရဲ့ တန်ဖိုးဟာ လူ့အသိုက်အဝန်း လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို မြင့်မားစေပါတယ်။ အဲဒါကိုမသိတဲ့ လူပြိန်းတွေနဲ့ စကားပြိုင်မပြောတာက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

လူ့ပတ်ဝန်းကျင်မှာ လူပြိန်းတွေ အတ္တကြီးသူတွေ အများကြီးရှိပါတယ်၊ သူတို့က သိက္ခာဆိုတာ ဘာမှန်းမသိကြပါဘူး။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်က ကဗျာလေးကို ဆက်ရေးမိပါတယ်။

အဝါရောင်လူ့တချို့
ပျို့တက်ချင်တဲ့ ဟိတ်ဟန်ထုတ်ပုံက
မျက်လုံးပြူးပြူး နားကြီးကြီးနဲ့
အများခင်းထားတဲ့လမ်းမှာ
ကောက်သင်းကောက်နေတာ၊

အဲဒီလို အဝါရောင်လူတွေ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေတာတွေ့ဖူးကြမှာပါ။ ကျွန်တော် ရွှေ ဘုရားရောက်တော့ အဝါရောင်ဓွေ






www.burmeseclassic.com

www.burmeseclassic.com




စေတီရံများကို ဖူးတွေ့ရစဉ်



ဘုရားတန်ဆောင်းဘေးက ဆင်ဖြူတော်ပုံ

သည် တစ်ဦးစ နှစ်ဦးစကို တွေ့လိုက်ရပါတယ်။

ရွှေဂူနီဘုရားကို ဖူးအပြီး ဘုရားပတ်ဝန်းကျင်ကို ဓာတ်ပုံလိုက်ရိုက်နေချိန်မှာ ဇနီးသည်ကတော့ ဈေးသည်နှစ်ဦးဝိုင်းပတ်ရောင်းနေတဲ့ နေရာကနေ ရုန်းမထွက်နိုင်ဖြစ်နေပါတယ်။

ဪ. . . သူတို့ ဈေးရောင်းချင်လို့ပဲလေဆိုပြီး ဘုရားပတ်ဝန်းကျင်ကို ဆက်လက်လေ့လာနေပြီး ရွှေဂူနီအမည်တွင်ရတဲ့အကြောင်းကိုမေးကြောမိပါတယ်။

ရွှေဂူနီဘွဲ့တော်ရတဲ့ အကြောင်းက ပစ္စေကဗုဒ္ဓအရှင်တို့ သီတင်းသုံးတော်မူရာ ဂန္ဓမာဒနတောင် နန္ဒမူ ရွှေပတ္တမြား၊ ငွေ လိုဏ်ဂူကြီးသုံးခုပေါ်မှာ အခြေခံခဲ့တယ်လို့ ဆိုပါကယ်။ လိုဏ်ဂူတောင်နံရံကို ရွှေချထားရင် ရွှေဂူဘုရား၊ ထုံးဖြူဖြူသုတ်ထားရင် ရွှေဂူဖြူဘုရား၊ နီမြန်းတဲ့ ပတ္တမြားအရောင်သုတ်ထားရင် ရွှေဂူနီဘုရားလို့ ဘွဲ့အမည် ခေါ်ဝေါ်ကြတယ်လို့ ဆိုပါတယ်။

ဘုရားပတ်ဝန်းကျင်ကို လေ့လာပြီး မုခ်ဦးဝကိုထွက်အလာ ဇနီးသည်နှင့် ဈေးသည်နှစ်ဦး လုံးပတ်နေတာ တွေ့ရဆဲပါပဲ။ အဲဒီအခြေအနေက မဟုတ်တော့ပါဘူး။ ကျွန်တော်က . . .


"သမီးတို့ရယ် ဈေးရောင်းတာ မလွန်လွန်းဘူးလား၊ အတင်းထိုးရောင်းနေတော့ ဘုရားလာဖူးတာ စိတ်ညစ်ရတာပေါ့"ပြောမိပါတယ်။ ပြောသာပြောရတယ် သူတို့ နားလည်ပုံမရပါဘူး။

ဘာကြောင့် နားမလည်တာလဲ။ အသိတရား အားနည်းနေလို့လား။ အသိတရားဆိုတာက ဘယ်အရာကို ရှောင်ရမယ်၊ ဘယ်အရာကို ဆောင်ရမယ်ဆိုတာပဲ။ စည်းကမ်းမဲ့တာကို သိတဲ့ကိစ္စ၊ မလုပ်သင့် မလုပ်ထိုက်တာကို သိတဲ့ကိစ္စတွေဟာ အသိတရားတွေပဲ။ မိမိကြောင့် သူတစ်ပါး စိတ်အနှောင့်အယှက် မဖြစ်စေရဘူး၊ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရဘူး၊ အသိတရားဆိုတာ ယဉ်




www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူနီစေတီတော်



နဂါးရုံဘုရားအား ဖူးတွေ့ရစဉ်




သူရဿတီမယ်တော်ပုံကို တွေ့ရစဉ်

ကျေးမှုတစ်ခုပဲ။ အဲဒီလို အသိတရားတွေ အားနည်းနေတော့ ကျွန်တော်တို့မှာ ဘုရားလာဖူးရတာ မသာမယာဖြစ်ရတာပေါ့။

စကားနည်း ရန်စဲ အနေနဲ့ ကျွန်တော်ဘာမှ ထပ်မပြောတော့ပါဘူး။ ဈေးသည်အချို့ကတော့ကျွန်တော်တို့ မိသားစုအနား ကပ်ပါလျက်ပါပဲ။ အိမ်သာသွားလည်း အိမ်သာနားအထိ လိုက်ပါတယ်။ ကားရှိရာ ပြန်လာတော့လည်း လိုက်လာပါတယ်။ ကျွန်တော်တို့နဲ့ ပါလာတဲ့ ဘုရားဖူးအချို့ အားနာပါးနာနဲ့ ဝယ်ပေးလိုက်တာကို တွေ့ရပါတယ်။ သူတို့တစ်တွေ ရစ်သီရစ်သီနဲ့ ဈေးရောင်းနေတော့ နားမခံနိုင်တဲ့အဆုံး "တဲ ကားပေါ်တက်ကြ၊ ကားတံခါး ပိတ်ထား" လို့ ပြောရတဲ့အခြေအနေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူတို့ကို ကျွန်တော် ဘာမှ မပြောလိုတော့ပါဘူး။ အနားယူနေတဲ့ သစ်ပင်ရိပ်အောက်ကနေပြီး ရွှေဂူနီစေတီတော်ကို ဖူးမြော်မိပါတယ်။

သာလွန်မင်းတရားကြီးလက်ထက်မှာ ကျောက္ကာရွာက မောင်ဆုအောင်ကို သိကြားမင်း ပူးကပ်ပါတယ်။ မောင်ဆုအောင်ရဲ့ ပြောကြားမှုကြောင့် သီရိဓမ္မာသောကမင်းကြီး တည်ခဲ့တဲ့ ကျောက်စေတီငယ်ကို ရှာတွေ့ခဲ့ပါတယ်။ အဲဒီ ကျောက်စေတီငယ်ကို ရှာ သူ ရွာသားများက ဌာပနာပြီး ရွှေဂူနီစေတီတော်ကို တည်ထားကိုးကွယ်ခဲ့တာ ယနေ့တိုင်ပါပဲ။

ရွှေဂူနီစေတီတော်ကို ဖူးမြော်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ဈေးသည်လေးတွေမတွေ့ရတော့ပါဘူး။ ကားတံခါးပိတ်ပြီး တက်ထိုင်နေကြ တော့ သူတို့ဈေးရောင်းတာ ခက်သွားပုံ ရပါတယ်။ သူတို့လေးတွေရဲ့ အနေအထားကို ကြည့်ပြီး အဆိုတော်သန်းထွန်းလေးရဲ့ "ကျောက္ကာရွာဟာ တစ်မျိုး လှပ သာယာသည်" ဆိုတဲ့ သီချင်းလေးကို ကြားယောင်မိလိုက်ပြန်ပါတယ်။ ကျောက္ကာရွာပတ်ဝန်းကျင်လေးက လှပ သလို အားလုံး အားလုံးလည်း လှပ သာယာစေချင်ပါတယ်။

အလှအပဆိုတာ မင်္ဂလာတစ်ပါး မဟုတ်လား။ လှတာက အပြစ်မရှိပါ ဘူး။ အလှအပကို ထိခိုက်အောင်လုပ် တာကမှ အပြစ်ဖြစ်တာပါ။





www.burmeseclassic.com

www.burmeseclassic.com

အလှဆိုတဲ့နေရာမှာ ရုပ်အလှနဲ့ စိတ်အလှဆိုတာ ရှိပါတယ်။ ရုပ်အလှ ဆိုတာက သဘာဝတောတောင်နဲ့ ပြုပြင်ဖန်တီးထားတဲ့ အရာတွေပါပဲ။ စိတ်အလှ ဆိုတာက သည်းခံမှု၊ မေတ္တာတရား၊ ကိုယ်ချင်းစာမှု၊ နားလည်မှုတွေပါပဲ။ ရုပ်အလှပဲရှိပြီး စိတ်အလှမရှိရင် တန်ဖိုးမရှိပါဘူး။ ရုပ်အလှရှိပြီး စိတ်အလှ ရှိမှသာ တန်ဖိုးရှိမှာပါ။

စောစောက ဈေးသည်တစ်ဦး နှစ်ဦးအကြောင်း ကျွန်တော် နည်းနည်းပြောချင်ပါသေးတယ်။ အဲဒီဈေးသည်တစ်ဦး နှစ်ဦး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထား မလေးစားကြသလိုပါပဲ။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရင်၊ လေးစားရင် ဈေးသည်ဆိုတဲ့ သိက္ခာနဲ့ ဘုရားဖူးတွေကို မဝယ်မချင်း အတင်းထိုးရောင်းမယ် မထင်ပါဘူး။

ကျွန်တော်တို့ဟာ လူ့ဘဝ ရလာပြီဆိုကတည်းက ထမင်းစားဖို့၊ နေဖို့ထိုင်ဖို့ အလုပ်တစ်ခုခုကို မဖြစ်မနေ လုပ်ရမှာပါ။ ဒီနေရာမှာ အချို့က ဝါသနာပါတဲ့အလုပ်၊ ဝန်ထမ်းအလုပ်၊ အရာရှိအရာခံအလုပ်ကို လုပ်ကြပေမယ့် အချို့က ဈေးသည်အလုပ်ကိုလုပ်ကြပါတယ်။ ဘာအလုပ်ပဲလုပ်လုပ် အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသလို တန်ဖိုးလည်း ရှိတာပါပဲ။

ဈေးရောင်းတဲ့သူဟာ ကိုယ့်မှာ ဈေးရောင်းတဲ့အတတ်ပညာ ရှိသူလို့ ယုံကြည်ထားရပါမယ်။ ပိုက်ဆံရှိတဲ့သူတွေ၊ ကထိကတွေ၊ ဆရာမတွေ၊ ဝန်ထမ်း၊ အရာရှိတွေ သူတို့လိုအပ်နေတဲ့ ပစ္စည်း ကိုယ့်ဆီမှာ လာဝယ်တာဟာ ကိုယ့်ရဲ့ ဈေးရောင်းတဲ့ပညာကို အသိအမှတ်ပြုလို့ပဲ ဖြစ်ပါတယ်။ အဲဒါ ဈေးသည်ရဲ့ တန်ဖိုးပါ။ ကိုယ့်ကိုယ်တိုယ် အထင်မသေးဖို့၊ မနှိမ့်ချဖို့ လိုပါတယ်။

မီးတိုင်ငယ်လည်း သူ့အစွယ်နဲ့ သူ့အရွယ်နဲ့၊ ဖိုးလမင်းလည်း သူ့အဆင်းနဲ့ သူ့အလင်းနဲ့ ဆိုသလို လူတွေအားလုံးဟာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ကိုယ်က တန်ဖိုးတစ်ခုကို လက်ကိုင်မထားဘဲ ကိုယ့်ပစ္စည်းကို အတင်းထိုးရောင်းနေတော့ ကိုယ့်တန်ဖိုးကိုယ်ချနေသလိုပါပဲ။ ဂုဏ်သိက္ခာလည်း ထိခိုက်ပါတယ်။

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ လူစုံတော့ မုံရွာကို ပြန်ရပါတော့မယ်။ ကျွန်တော် ကားပေါ်ကနေ ဈေးသည် အချို့ကို လက်ပြနှုတ်ဆက်မိပါတယ်။ အပြန်ခရီးမှာ တွေးခေါ်ပညာရှင် ဆိုကရေးတီး အကြောင်းကို သတိရမိပါတယ်။

တစ်နေ့မှာ ဆိုကရေးတီးကို လက္ခဏာဖတ်ပေးတဲ့ ဆရာက . . .

"ဒီလက်ပိုင်ရှင်ဟာ တဏှာရာဂ တော်တော်ကြီးမယ့်သဘောရှိတယ်"လို့ ပြောလိုက်တဲ့အခါ အနားမှာထိုင်နေတဲ့ တပည့်များက ရယ်မောကြပါတယ်။ အဲဒီအခါ သူက . . .



ဘုရားဖူးအဖွဲ့နှင့် စာရေးသူအမှတ်တရ

"မင်းတို့ မရယ်ကြနဲ့၊ လက္ခဏာဆရာ ပြောတာမှန်တယ်၊ ငါဟာ ငါ့ရဲ့ အကျင့်ဆိုးကို သတိနဲ့ကြိုးစားပြီးထိန်းထားတာ၊ ဒါကြောင့် မင်းတို့ ငါ့ကို ပညာရှိကြီးဆိုပြီး ကိုးကွယ်နေကြတာမဟုတ်လား" လို့ ပြောပါတယ်။

ဆိုကရေးတီးက ပညာရှိပေမယ့်

"လောကမှာ ငါသိတာ တစ်ခုတည်းရှိတယ်၊ အဲဒါ ငါ ဘာမှမသိသေးဘူး ဆိုတာပဲ"လို့ ပြောလေ့ရှိပါတယ်။

ဆိုကရေးတီးဟာ ဘာမှမစဉ်းစား မဆင်ခြင် ပေါ့ပေါ့ဆဆ သတိလက်လွတ် နေတဲ့သူတွေကို သဘောမတွေ့ပါဘူး။




အညာနွားလှည်းကို ရှင်ပြုပွဲတွင် အလှဆင်ထားစဉ်



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတဲ့အစားအစာ၊ တန်ဖိုးကြီးတဲ့ အဝတ်အစား၊ ဇိမ်ခံပစ္စည်းတွေကို ပျော်ရွှင်မှုလို့ မင်းတို့ထင်ကြတယ်၊ အဲဒါတွေကို အလိုမရှိတဲ့သူကမှ ချမ်းသာမှုကို ရတာပဲ၊ အဲဒါကြောင့် ဘယ်နေရာမဆို ကျေနပ်ရောင့်ရဲနိုင်အောင် နေတတ်ရမယ်"

အဲဒီလို ချမ်းသာစည်းစိမ်ကို မမက်မော၊ ရာထူးဂုဏ်သိန်ကိုလက်မခံ၊ ဟန်ဆောင်မှုတွေကို ဘေးဖယ်ထားတဲ့ ဆိုကရေးတီးဟာ ဉာဏ်ပညာကို ချစ်မြတ်နိုးပြီး အသိဉာဏ်ကိုပဲ ရှာဖွေဆည်းပူးခဲ့သူပါ။ ဒါပေမယ့် သူတို့ခေတ် အာဏာပိုင်တွေက ဆိုကရေးတီးရဲ့ အမှန်တရားကို လက်မခံတဲ့အတွက် အဆိပ်သောက်သေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ဆိုကရေးတီးကလည်း အမှန်တရားကို မြတ်နိုးသူ၊ ဂုဏ်သိက္ခာကို တန်ဖိုးထားသူမို့ အဆိပ်ခွက်ကိုတော့ သောက်ခဲ့ပါတယ်။

အဲဒီဖြစ်စဉ်လေးကို ကြည့်ရင်း အရာရှိ အရာခံပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲဖြစ်ဖြစ်၊ ဈေးသည်ပဲဖြစ်ဖြစ်၊ ဆိုက်ကားသမားပဲဖြစ်ဖြစ် အမှန်တရားကို လက်ကိုင်ထားရပါမယ်။ မိမိရဲ့အလုပ်၊ မိမိရဲ့ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားရပါမယ်။ တကယ်လို့ မိမိရဲ့အလုပ်၊ မိမိရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးမထားဘဲ လုပ်ချင်ရာ လုပ်မယ်ဆိုရင်တော့ ဆိုကရေးတီးကို အားနာပြီး အဆိပ်ခွက်ကို မော့သောက်လိုက်တာပဲ ကောင်းပါတယ်။ အဲဒီအကြောင်းလေးကို ကျွန်တော့်ကဗျာ အဆုံးပိုဒ်မှာ အခုလိုရေးဖွဲ့ထားပါတယ်။

အဝိဇ္ဇာကို
ယဇ်တိုင်မှာ ပူဇော်သူမို့
သိက္ခာအတွက်
အဆိပ်တိုက်လိုက်ရအောင်
ကမ္ဘာမြေကို ချစ်လို့။

❑ **မင်းဆက်ပိုင်**

- ငါးပါးသီလကို အနည်းဆုံး စောင့်ထိန်းနိုင်အောင် လုပ်ကြပါ။
- မမြဲတရား ရှုမှတ်ပွားကြပါ။
- မမြဲတရားကို ပညာသိအောင် ပွားများကြပါ။
- နိဗ္ဗာန်ရောက်မှ ဒုက္ခအပေါင်း လွတ်မည်။
- မမြဲတရား ရှုမှတ်လေ အကုသိုလ်တွေ လျော့ပါးလေ။

ကစင်ဆရာတော်ကြီး လက်ကိုင်ထား ဟောကြားတော်မူသော တရားဆောင်ပုဒ်ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးသုမန ဖြစ်ပါသည်။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ မေတ္တာဂုဏ်တို့ကို ကြည်ညိုလိုကြသဖြင့် ကစင်ကျောင်းသို့ လာရောက်ကြသူ များပြားကြပါသည်။

ဆရာတော်ကြီးက လာရောက်သူများအား . .

ဥစ္စာပစ္စည်းသည် မမြဲ၊ ရုပ်ခန္ဓာကြီးသည် မမြဲ၊ သက်ရှိ သက်မဲ့ အရာမှန်သမျှသည် မမြဲ။ တရစပ်ပျက်လျက်ရှိလေသည်။ ဘာမဆို အနတ္တတွေချည်း ဖြစ်ကြသည်။ ဒီလို မမြဲတရား အပျက်တရားတွေကို မသိကြပေသဖြင့် လောဘ၊ ဒေါသ၊ မောဟတွေဖြစ် အတ္တတွေကြီးနေကြသည်။

ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတွေကို ထိန်းနိုင်အောင် မမြဲ တရားကို ရှုမှတ်ကြပါ။ မမြဲတရားရှုပွားဖို့ဆိုတာ မခဲယဉ်းပါ။ ဝီရိယသာ အဓိက ဖြစ်သည်။

သွားလာသည့်အခါ၊ အလုပ်လုပ်သည့်အခါ၊ ထိုင်နေသည့်အခါ၊ လဲလျောင်းနေသည့်အခါ၊ စားသောက်သည့်အခါ သတိထားစောင့်ကြည့်ပါ။ ပျက် ပျက်သွားသည်ကို သိလာပါလိမ့်မည်။

ဒီလိုပျက်ခြင်းသည် မမြဲခြင်းပင် ဖြစ်သည်။ ဒါကြောင့် မမြဲ မမြဲ ဟု စိတ်ထဲမှ ရှုမှတ်ပွားများကြပါ။ သညာသိမှ ပညာသိဖြစ်လာသည့်အခါ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတွေ လျော့မှန်းမသိ လျော့၊ ပယ်မှန်းမသိ ပယ်လာကြပြီး စိတ်အေးချမ်းသာမှုတွေ ဖြစ်လာကြပါလိမ့်မည်ဟု လိုရင်းတိုရှင်း ဟောကြားတော်မူပါသည်။

ဒကာ ဒကာမများအား ဤကဲ့သို့ နားလည် သဘောပေါက်အောင် ဟောကြားတော်မူသလို ဆရာတော်ကြီးကိုယ်တိုင်လည်း မမြဲခြင်းတရားကို အနှစ်ပေါက် သိတော်မူသည့်အားလျော်စွာ အရာရာတွင် ရောင့်ရဲတင်းတိမ်စွန့်ပယ်သည်ကို တွေ့ရပါသည်။

ဆွမ်းစားပင့်လျှင် အလှူရှင်အား လွယ်ကူရာ ဟင်းတစ်မည်စာ ချက်ခိုင်းခြင်း၊ မျက်နှာမရွေး အဆင့်အတန်းမရွေး ကြွရောက်ချီးမြှင့်တော်မူခြင်း၊ အလှူရှင် လှူသော ဝတ္ထုပစ္စည်းများကို အနည်းငယ်သာယူ၍ ကျန်သည်များကို ပြန်စွန့်ထားခဲ့ခြင်း၊ ကျောင်းသို့လာလှူလျှင်လည်း ထိုနည်းတူစွာ အနည်းငယ်သာယူ၍ ကျန်သည်များကို ပြန်စွန့်လိုက်ခြင်း၊ သူ့အစား အခြားချို့တဲ့ နွမ်းပါးသော သံဃာများအား ဦးစားပေးလှူခိုင်းခြင်း စသည်တို့ ဖြစ်ပါသည်။

တစ်နေ့ ဒကာအချို့ ဆရာတော်ကြီးဆီလာရောက်၍ ဝတ္ထုငွေများ ကပ်လှူကြရာ ဆရာတော်ကြီးက ကပ်လှူငွေများကို လက်ခံ၍ တရားဟောရေစက်ချပါသည်။

ရေစက်ချပြီးနောက် ကပ်လှူငွေအားလုံးကို ဒကာများလက်သို့ ပြန်လည်အပ်ကာ အခြားနွမ်းပါးသော သံဃာများအား လှူဒါန်းပေးရန် စေခိုင်းတော်မူသဖြင့် ဒကာများ အံ့အားသင့်ကုန်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသို့လာရောက် သီလယူသူများအားလည်း သီလယူဖို့သာ အဓိကဖြစ်၍ လှူဖွယ်ပစ္စည်းပါရန် မလိုကြောင်း၊ ဒါနမှု အခက်အခဲအတွက်နှင့် သီလယူ မပျက်ကြစေလိုကြောင်း ပြောတော်မူပါသည်။

ဆရာတော်ကြီးသည် လာဘ်လာဘများကို စွန့်ပယ်သလို သင်္ကန်းနှင့် အသုံးအဆောင်များ သုံးဆောင်ရာတွင်လည်း ပကာသနကင်းစွာ သုံးဆောင်တော်မူပါသည်။


သင်္ကန်းအဟောင်းအနွမ်းကို ဦးစားပေး ဝတ်ရုံ၍ သင်္ကန်းအသစ်များကို လိုအပ်သူများအား စွန့်ခြင်း၊ သားရေဖိနပ်ကို အောက်ခံ ဆိုးပြားခွာ၍ စီးခြင်း၊ တားတာယာဖိနပ်ကို အစီးများခြင်း၊ ညဘက် ကျိန်းလျှင် သားရေနွယ်ကို ခင်း၍ သစ်သားခေါင်းအုံး၊ ယွန်းခေါင်းအုံးတို့ကိုသာ သုံးစွဲခြင်း စသည်တို့ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် သတ္တဝါများ အပေါ် စေတနာမိုးရွာ၍ မေတ္တာသွန်ရက် ဖြန့်ထားသူ ဖြစ်ရာ ခွေး၊ ကြောင်၊ ကျေးငှက်များအား ကိုယ်တိုင်ကိုယ်ကျ အစာကျွေးတော်မူလေ့ရှိပါသည်။

အစာကျွေးစဉ်မှာ ငှက်များက အစာစားလိုက် ဆရာတော်ကြီး၏ ကိုယ်ပေါ် နားလိုက်ဖြင့် ရှုံ့နေကြပါသည်။ ဒါကို ဆရာတော်ကြီးက မောင်းမပစ်ပါ။ အစာကျွေးပြီး၍ အနီးရှိ ဝါးတန်းများထိုင်ခုံပေါ် ဆရာတော်ကြီး အနားယူရင်း တရားမှတ်နေစဉ်မှာလည်း ငှက်များက ဆရာတော်ကြီး ကိုယ်ပေါ် အနားကြပြန်ပါသည်။

ဒါကိုလည်း ဆရာတော်ကြီးက ဥပေက္ခာပြုပြီး တရားရှုမှတ်မြဲ ရှုမှတ်နေပါသည်။

တစ်နေ့ ဆရာတော်ကြီး အရုဏ်ဆွမ်းဘုဉ်းပေးနေစဉ် ဆရာတော်ကြီး၏ ခြေမမှ သွေးထွက်နေသည်ကို ဆွမ်းကပ်နေကြသော ဒကာများ တွေ့မြင်ကြရာ



ကြည်ညို့စရာကောင်းပါဘိ

# ကစင်ဆရာတော်

မျိုးသစ္စာ

ဒကာများက ဆရာတော်ကြီး၏ ခြေမအား ကြည့်ရှုစစ်ဆေးကြပါသည်။

ဆရာတော်ကြီး၏ ခြေမမှာ ကြွက်ကိုက်ရာများတွေ့ရှိကြသဖြင့် ဒဏ်ရာကို ဆေးထည့်ပေးပြီး ကြွက်များ မခိုအောင်းနိုင်အောင် အခန်းရှင်းမည် ပြုကြရာ ဆရာတော်ကြီးက "မလုပ်ကြပါနဲ့ကွယ်၊ ကြွက်တွေ ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်" ဟု ပြောဆိုတားမြစ်တော်မူပါသည်။ ဆရာတော်ကြီး၏ သည်းခံခြင်းနှင့် မေတ္တာထားခြင်း တို့သည် အံ့ဩစရာ ကောင်းလှပေစွ။ ဆရာတော်ကြီးသည် လာရောက်ကြည်ညိုကြသူများထဲ အမျိုးသမီးပါနေလျှင် လည်းကောင်း၊ အမျိုးသမီးအုပ်စု ဖြစ်နေလျှင်လည်းကောင်း အနီးကပ်မနေစေလို၍ ထိုင်ရမည့်နေရာကို ညွှန်ပြတော်မူလေ့ရှိပါသည်။ အမျိုးသမီး မာတုဂါမများနှင့် နီးကပ်စွာနေရမည်ကို ကြောက်တော်မူခြင်း ဖြစ်ပါသည်။

တစ်နေ့ ဆရာတော်ကြီး အပြင်းအထန် နေမကောင်း ဖြစ်တော်မူရာ



www.burmeseclassic.com

www.burmeseclassic.com

ဒကာများက ဆရာဝန်သွားပင့်ကြပါသည်။ ဆရာဝန် ရောက်လာသည့် အခါ ဆရာဝန်က ဆရာတော်ကြီးအား စမ်းသပ်ရန် ပြုလုပ်စဉ် ဆရာတော်ကြီးက မျက်စိဖွင့်ကြည့်ပြီး ဆရာဝန်၏ လက်ကို အတင်းဖယ်ရှားခိုင်းပါသည်။ ဒကာများက "ကျန်းမာရေးအတွက်မို့ ခွင့်ပြုပါဘုရား"ဟု လျှောက်ထားတောင်းပန်ကြသော်လည်း ဆရာတော်ကြီးက "မြတ်စွာဘုရားက ခွင့်မပြုဘူး၊ ဘုန်းကြီး မြတ်စွာဘုရားစကားပဲ နားထောင်မယ်" ဟု ပြောသဖြင့် ဆရာဝန်နှင့် ဒကာများ အခက်တွေ့ကာ မည်သို့မျှမတတ်နိုင်ကြတော့ချေ။ အကြောင်းမှာ ဆရာဝန်သည် အမျိုးသမီး ဖြစ်နေ၍ပင်တည်း။

ဆရာတော်ကြီး၏ ယခုကဲ့သို့သော သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် လာရောက်ကြည်ညိုကြသူ များပြားပါသည်။ လာရောက်ကြသူများအား ဆရာတော်ကြီးက ကျောင်းတွင်ရှိသော ထန်းလျက်များဖြင့် ကျွေးမွေးဧည့်ခံပါသည်။ ထူးဆန်းသည်က ဆရာတော်ကြီး၏ ထန်းလျက်စားကြသူများသည် မိမိတို့တွင်ရှိသော ဝေဒနာများ အမှတ်မထင် ပျောက်ကင်းသွားကြခြင်းပင် ဖြစ်ပါသည်။ ဆရာတော်ကြီးက ဆေးကုခြင်းမဟုတ် စေတနာ သဒ္ဓါတရားဖြင့် ကျွေးမွေးခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဝိနည်းပညတ်များကို အထူးထိန်းသိမ်း စောင့်ရှောက်သူဖြစ်၍ ဆေးကုခြင်းကို လုံးဝ မနှစ်မြို့ပါ။ ဆရာတော်ကြီး၏ သီလ၊ သမာဓိဂုဏ်များကြောင့် ထိုသူများ ဝေဒနာ ပျောက်ကင်းသွားကြခြင်းသာ ဖြစ်ပါသည်။ အချို့သူများဆိုလျှင် ဆရာတော်ကြီး ထိတွေ့သောရေကို သောက်၊ လိမ်းရုံဖြင့်ပင် ဝေဒနာပျောက်ကင်းသွားကြသည်ကို တွေ့ရပါသည်။ ဝဋ်နာမှ လွဲ၍ ကံနာ ခံစားကြရသူများသည် သီလ၊ သမာဓိရှိသူနှင့် တွေ့ကြုံပါက သက်သာပျောက်ကင်းကြောင်း လက်တွေ့ပင် ဖြစ်ပါသည်။

ဆရာတော်ကြီးနှင့် ပတ်သက်၍ အသေးစိတ် ရေးသားလျှင် အလွန်ပင် ကျယ်ပြန့်မည်ဖြစ်၍ ဤမျှလောက်နှင့်ပင် အကျဉ်းချုံးရေးသားပါသည်။

ဆရာတော်ကြီး၏ ဘွဲ့အမည် ဦးသုမနဖြစ်သော်လည်း ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၏ အရှေ့မြောက်ဘက် လှိုင်သာယာ(၁)ရပ်ကွက်နှင့် ဆက်စပ် တည်ရှိသော "ကစင်ရွာ" ကျောင်းတွင် သီတင်းသုံးသည်ဖြစ်၍ ကစင်ဆရာတော်ကြီး ဟုသာ လူသိများပါသည်။ ဆရာတော်ကြီးကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ညီနောင်ရွာတွင် ခမည်းတော်ဦးစစ်ပိုင်၊မယ်တော်ဒေါ်ယုလေးတို့မှ ၁၂၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၆)ရက် သောကြာနေ့၌ မွေးဖွားသန့်စင်တော်မူပါသည်။ ငယ်နာမည် မသိရှိ၍ မဖော်ပြနိုင်ပါ။

ဆရာတော်လောင်းလျာ အရွယ်ရောက်လာသည့်အခါ မိဘများက မလှိုင်မြို့နယ် ညီနောင်ဆရာတော်ထံ ပညာသင်ရန် အပ်နှံ၍ ရှင်သာမဏေ ဝတ်ပေးပါသည်။

ရှင်ဝါ (၅)ဝါအရတွင် ညီနောင်ဆရာတော် ပျံလွန်တော်မူသွားသဖြင့် ပခုက္ကူ မဟာဝိသုတာရာမ အရှေ့တိုက်သို့ ပြောင်းရွှေ့၍ ပရိယတ္တိစာပေများကို သင်ယူတော်မူရပါသည်။ အရှေ့တိုက်တွင် ကျမ်းကြီးပေါက် သင်ယူတော်မူခဲ့ပါသည်။ သက်တော် (၂၀) ရောက်သည့်အခါ ပခုက္ကူ ခံတောရွာ မန္တလေးတိုက် ဆရာတော် ဦးပခန်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူပါသည်။

သက်တော် (၄၄)နှစ် ဝါတော် (၂၄)ဝါတွင် ငယ်ဆရာလည်းဖြစ်၊ ဆရာရင်းလည်း ဖြစ်ခဲ့သော ဆရာတော် ဦးဇောတိက ကျောင်းထိုင်ရာဖြစ်သော အထက်ဖော်ပြပါ ကစင်ရွာကျောင်းသို့ မြန်မာသက္ကရာဇ် ၁၃၂၁ ခုနှစ်တွင် ကြွရောက် သီတင်းသုံးတော်မူပါသည်။

ကျောင်းထိုင်ဆရာတော် ဦးဇောတိက ပျံလွန်တော်မူသွားသောအခါ ကစင်ရွာသားများက ဆရာတော် ဦးသုမနအား ကျောင်းထိုင်ပေးရန် လျှောက်ထား တောင်းပန်ကြသဖြင့် လာဘ်လာဘကို စက်ဆုပ်တော်မူသော ဆရာတော်မှာ ကျောင်းထိုင်ပေးလိုက်ရပါသည်။

ကျောင်းထိုင်၍ ရွာသားများ ကျေနပ်လောက်မည့် တစ်နှစ်ကျော်အကြာ ဆရာတော်က စာရွက်စာတမ်းများပြုလုပ်၍ မည်သည့် သံဃာမဆို ကျောင်းထိုင် သီတင်းသုံးရန် ရွာသားများအား ပြန်လည်လွှဲအပ်ရာ ရွာသားများက ဆရာတော်အား မလွှန်ဆန်ရဲ၍ ပြန်လည် လက်ခံလိုက်ကြရသော်လည်း မည်သည့်သံဃာမျှ ရောက်ရှိမလာကြသဖြင့် ဆရာတော်မှာ သက်တော်ကြီးသည့်တိုင်အောင် ကျောင်းထိုင်ဖြစ်နေရပါသည်။ ဆရာတော်ကြီး ဦးသုမနသည် ကျောင်းကို သံဃောဇဉ်မထား၊ အသုံးအဆောင်ပစ္စည်းများကို ဥပေက္ခာပြု၊ လာဘ်လာဘကို ပယ်တော်မူပြီး ကျင့်ကြံပွားများတော်မူသဖြင့် "ကစင်ဆရာတော်ကြီး" ဘွဲ့အမည်နှင့် ထင်ပေါ်ကျော်ကြားပါသည်။

ဤ "ကစင်ဆရာတော်ကြီး" နှင့် ပတ်သက်၍ နောင်လာနောက်သားများ ကြည်ညိုပွားများ မှတ်တမ်းတင်နိုင်ကြရန် လက်ဆင့်ကမ်း ရေးသားအပ်ပါသတည်း။ မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးပါ ဗုဒ္ဓဘာသာ ထေရဝါဒ ထွန်းကားတည်တံ့ကြပါစေ။

❒ မျိုးသစ္စာ

***ရည်ညွှန်းဆောင်းပါးများ***

ဆရာတော်ဦးနန္ဒဝံသ၏ မြတ်ဗုဒ္ဓ၏ ဓမ္မပဒ၊ ကနောင်မြရောင် (ဘီအေ၊ ဘီအီးဒီ)၏ ရိုးရိုးကျင့် မြင့်မြင့်ကြံသော ကစင်ဆရာတော်၊ ဦးမြအေး (ဘီအေ၊ ဘီအီးဒီ)၏ ကစင်ဆရာတော်ကြီး၊ အောင်မဂ်လာ ဦးမြင့်သန်း(ဓမ္မာ စရိယ၊ ဘီအေ)၏ ရွှေရင်အေးစရာ ကစင်ကျေးရွာဆရာတော်၊ ရွှေလမင်းဦးလေးမြင့်(မူလ ဓမ္မာစရိယ)၏ ရွှေလမင်းအသွင် ကစင်ဆရာတော်၊ မြထီး (လှိုင်သာယာ)၏ ကစင်ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ၊ မြမာလာ(ဟသ်ာတ)၏ ကစင်ဆရာတော်ကြီး၏ ဆုံးမ ဩဝါဒများ။



www.burmeseclassic.com

www.burmeseclassic.com











**ကောက်ရိုး**(အင်္ဂလိပ်စာ)

# ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြား မိုးမျှော်ရုပ်တုများ

ဤကမ္ဘာပေါ်ရှိ လူသားတို့သည် ၎င်းတို့၏ ယုံကြည်ချက်၊ ကိုးကွယ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု အစရှိသည်တို့ကို ...မ်းအမှတ် ရုပ်တုများဖြင့် ကိုယ်စားပြုကာ ဖော်ပြလေ့ရှိသည်။ အချို့ရုပ်တုများသည် ဘာသာရေးဆိုင်ရာရုပ်တုများ ... အချို့မှာ စစ်ပွဲများ၏အောင်နိုင်ခြင်း ကိုယ်စားပြုခြင်း စသည့် အယူအဆအမျိုးမျိုးဖြင့် ဆောက်လုပ်ခဲ့ကြသည်။ အဆိုပါ ရည်ရွယ်ချက်အမျိုးမျိုး တို့၏ ရုပ်တုများသည် မိုးထိလုမြင့်မားကြပြီး ဆောက်လုပ်သည့် ခေတ်ကာလကို ...ပြီး အမြင့်ပေများမှာလည်း မြင့်သည်ထက် ပို၍ပို၍ မြင့်မြင့်လာသည်။ သဘာဝဘေးဒဏ်၊ လေျှင်ဒဏ် အစရှိသည် ... ခံနိုင်ရည်ရှိခြင်းကလည်း ၎င်းတို့၏ ထူးခြားချက်ပင် ဖြစ်သည်။








www.burmeseclassic.com


www.burmeseclassic.com



၁။ ပထမဆုံးအနေနှင့် လက်ရှိ ကမ္ဘာ့အမြင့်ဆုံး ရုပ်တုများထဲမှ အမြင့်ဆုံးမှာ တရုတ်နိုင်ငံ၊ ဟေနန်မြို့ ဖိုဒူရှန် သဘာဝပတ်ဝန်းကျင်နယ်မြေအတွင်းရှိ **Spring Temple Buddha** အမည်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ် ဖြစ်သည်။

အဆိုပါ မတ်ရပ်ရုပ်ပွားတော်သည် အမြင့်ပေ ၄၂၀ ပေမြင့်ပြီး မီတာအားဖြင့် ၁၂၈ မီတာမြင့်သည်။ လက်ရှိ ကမ္ဘာ့အမြင့်ဆုံး ရုပ်တုအဖြစ် ရပ်တည်လျက် ရှိသည်။

၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ **Bamuyam Buddhas** ရုပ်ပွားတော်မြတ်ကို အစွန်းရောက် တာလီဘန်များက ဖြိုချခဲ့ပြီး နောက်ပိုင်း တရုတ်နိုင်ငံက ပြစ်တင်ရှုတ်ချခဲ့ပြီး **Spring Temple** ရုပ်ပွားတော်ကို စတင်ဆောက်လုပ်တည်ထားကိုးကွယ်ခဲ့သည်။



၂။ ဒုတိယအမြင့်ဆုံးမှာ မြန်မာနိုင်ငံ၊ မုံရွာမြို့ ဗောဓိတစ်ထောင် ဘုရား ဖူးနယ်မြေမှ **လေးကျွန်းစကြြ ရုပ်တော်မူ ရုပ်ပွားတော်ကြီး** ဖြစ်သည်။ အမြင့် ၁၁၆ မီတာ၊ ပေပေါင်း ၃၈၀ ရှည်လျားသော ဤရုပ်တော်မူရုပ်ပွားတော်ကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘုရားဖူးများအတွက် ဖွင့်လှစ်ခဲ့သည်။

ဤရုပ်တော်မူ ရုပ်ပွားတော် အတွင်းတွင် ဗုဒ္ဓရုပ်ပွားတော်ပေါင်း (၁၀၀၀၀)ကျော်နှင့် စေတီပုထိုးတော်ကြီးများ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်။ *အောက်တွင် မြင်တွေ့ရသော လျောင်းတော်မူရုပ်ပွားတော်ကြီးမှာလည်း ကမ္ဘာ့အလျား အရှည်ဆုံး ရုပ်ပွားတော်ကြီး ဖြစ်သလို၊ ၎င်း ဗောဓိတစ်ထောင် သာသနာ့နယ်မြေအတွင်း ကမ္ဘာ့အကြီးဆုံး နဂါးရုံဘုရားကိုလည်း တည်ဆောက်လျက် ရှိသည်။*

*ထို့ပြင် လက်တလောလှူပ်ခတ်ခဲ့သော စစ်ကိုင်း လျောင်ကိုလည်း ခံနိုင်ရည်ရှိခဲ့ရာ ဇီသုကာအစွမ်းမှာ အံ့သြဖွယ်ကောင်းလှသည်။*



၃။ ကမ္ဘာ့အမြင့်ဆုံး ရုပ်တုများထဲမှ တတိယအမြင့်ဆုံးမှာ ဂျပန်နိုင်ငံ၊ တိုဟိုခုမြို့ရှိ **Ushiku Amida Buddha** ရုပ်ပွားတော်ကြီး ဖြစ်သည်။ အမြင့် ၁၁၀ မီတာ၊ ၃၆၁ ပေ ရှိပြီး ၁၉၉၅ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ ဂျပန်နိုင်ငံ မြောက်ပိုင်းရှိ အဘာရာကီစီရင်စုနယ်မြေ အတွင်းရှိ အဆိုပါ ရုပ်တော်မူရုပ်ပွားတော်သည် တန်ချိန် ၄၀၀၀ခန့် လေးသည်။ ရုပ်တုကြီးအထဲတွင် အထပ်လေးထပ် ပါဝင်ပြီး ပြတိုက်အဖြစ် တည်ဆောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



၄။ စတုတ္ထအမြင့်ဆုံး ရုပ်တုမှာ တရုတ်နိုင်ငံရှိ **နန်ရှန်းဟိုင်ရှန်ကွမ်းရင်** (Nanshan Haishang Gaunyin) ရုပ်တုဖြစ်သည်။ အမြင့် ၁၀၈ မီတာ၊ ၃၅၄ ပေ မြင့်မားသည်။ တရုတ်နိုင်ငံ၊ ဟိုင်နန်မြို့တွင် တည်ရှိပြီး တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ရုပ်တုလည်း ဖြစ်သည်။ .

အဆိုပါ ရုပ်တုကို ၆နှစ်တာမျှ အချိန်ယူကာ အပြီးတည်ဆောက်ခဲ့ပြီး ၂၀၀၅ ဧပြီလတွင် ဘုရားဖူးနယ်မြေ အဖြစ်သတ်မှတ်ပေးခဲ့သည်။



၅။ ပဥ္စမ အမြင့်ဆုံးရုပ်တုမှာ **ဆန်ဒေးဒိုင်ကန်နွန်** **Sendai Daikannon** ရုပ်တုဖြစ်သည်။ ဂျပန်နိုင်ငံ၊ ဆန်ဒေးမြို့တွင် ၁၉၈၀ နှစ်များ (စီးပွားရေး ပျက်ကပ်အတွင်း) ဂျပန်ကုမ္ပဏီတစ်ခုက အခွန်ရှောင်ရန် တည်ဆောက်ခဲ့ခြင်းကြောင့် မြို့ခံများကလက်မခံနိုင်ကြဘဲ ကိုးကွယ်မှုထက် လောဘတရားကြောင့် တည်ဆောက်ခဲ့ကြခြင်းဟု ဝေဖန်ပြစ်တင်ခဲ့ကြသည်။



၆။ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ဆိပ်ကမ်းရှိ **လေဘာတီရုပ် တု** (Statue of Liberty) မှာ ဆဋ္ဌမနေရာ ဖြစ်သည်။ အဆိုပါ ရုပ်တုသည် ၉၃ မီတာ ၃၀၅ ပေ ခန့်မြင့်မားသည်။

အဆိုပါ ရုပ်တုသည် ကမ္ဘာ့ရှေး အကျဆုံးဖြစ်ပြီး ရုပ်တုကို ပြင်သစ်နိုင်ငံသား ပန်းပုပညာရှင်နှစ်ဦးဖြစ်သော "ဖဲလ်ဒရစ် ဩဂတ်စ်တီ" နှင့် "ဖဲလ်ဒရစ် ဘတ်သိုယ်ဒီ" တို့က ၁၈၈၆ ခုနှစ်၊ အောက်တိုဘာ ၂၈ရက်တွင် ဆောက်လုပ်ခဲ့ပြီး ရောမနှင့် ဂရိရှေးဟောင်း ဂန္ထဝင်ပုံစံကို အခြေခံသော အနုပညာ လက်ရာ ဒီဇိုင်းမျိုး ဖြစ်သည်။ ပြင်သစ်နိုင်ငံသားတို့က အမေရိကန်နိုင်ငံ၏ ၁၇၇၆ခုနှစ်၊ ဇူလိုင်လ (၄)တွင် အတိအလင်းကြေညာခဲ့သော လွတ်လပ်ရေးကို အသိအမှတ်ပြုသည့် အနေနှင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ *(ထို့ကြောင့် အမေရိကန်သည် ကမ္ဘာပေါ်တွင် ဗြိတိသျှလက်အောက်မှ ပထမဆုံး လွတ်မြောက်သော နိုင်ငံ ဖြစ်သည်)*

နတ်ဘုရားမကို ကိုယ်စားပြုသော ဝတ်ရုံတော် လွှမ်းထားသော အမျိုးသမီးသည် မီးရှူးတိုင်ကို ကိုင်ကာ တရားဥပဒေ လက်ဆွဲစာအုပ်ကို ကိုင်ဆောင်ထားသောပုံဖြစ်သည်။ ထိုစာအုပ်တွင် ၎င်းတို့၏ လွတ်လပ်ရေးနေ့ ၁၇၇၆ ခုနှစ်၊ ဇူလိုင်လ (၄)ရက်ကိုပါ ရေးသားထားသည်။ အဓိပ္ပာယ်မှာ အမေရိကန်သည် လွတ်လပ်၍ တရားမျှတသောနိုင်ငံဖြစ်သဖြင့် လူတိုင်း လူတိုင်း လာရောက်နိုင်ပါကြောင်း နတ်ဘုရားမသည် မီးအလင်းပြကာ ကြိုဆိုလျက် ရှိပါသည်ဟု အဓိပ္ပာယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁



၂



၃

နံပါတ်စဉ်များနှင့် ဖော်ညွှန်းသောရုပ်တုများသည် ၎င်းတို့တည်ရှိရာ နိုင်ငံ၊အရပ်ဒေသ၏ခရီးသွား
ဆွဲဆောင်နိုင်သည့် နေရာများဖြစ်ပေသည်။ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားဖွယ်ရာ နေရာများလည်းဖြ

ထိုရုပ်တုတို့၏ အနုပညာလက်ရာ၊ ဆောက်လုပ်ရသည့် ရည်ရွယ်ချက် တည်ဆောက်ခဲ့ပုံတို့ကို လေ့
ထိုနိုင်ငံ ထိုလူမျိုး၏ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ အဆင့်အတန်း စသည်တို့ကို ထပ်ဆင့် သိရှိနိုင်ပါသေး
ရေးသားတင်ပြအပ်ပါသည်။


၄

၅

၆










www.burmeseclassic.com

www.burmeseclassic.com



၇။ သတ္တမအမြင့်ဆုံးမှာ တရုတ်နိုင်ငံ၏ သမိုင်းဝင် ရှေးဟောင်း မြို့တစ်မြို့ ဖြစ်သော ဝူဇီမြို့ရှိ **လင်ရှန်းဂရင်း (Lin Shan Grand Buddha)**ရုပ်တော်မူ ရုပ်ပွားတော် မြတ်ကြီးဖြစ်သည်။

အဆိုပါ ရုပ်တု၏ ထူးခြားချက်မှာ ကြေးထည်ဖြင့်သာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး အမြင့် ၈၈ မီတာ၊ ပေ ၂၈၉ပေ မြင့်မားသည်။ ၁၉၉၆ ခုနှစ်တွင် ဆောက်လုပ်မှု ပြီးစီးခဲ့သည်။ ဗုဒ္ဓ၏တည်ရှိရာ နေရာဖြစ်သော လင်ရှန်း ဟူသည့် နေရပ်အမည်မှ ဆင်းသက်လာခြင်း ဖြစ်သည်။



၈။ ဂျပန်နိုင်ငံ ဒိုင်ခန္နွန် **(Dai Kannon)** အမည်ရှိ ရုပ်တုသည်လည်း အမြင့် ၈၈ မီတာ ပေ ၂၈၉ ပေ မြင့်မားသဖြင့် လင်ရှန်းဂရင်း ရုပ်တော်မူ ရုပ်ပွားတော်ကြီးနှင့် အတူတူပင် ဖြစ်သည်။

ဟော့ကိုင်းဒိုးရှိ ကစ်တာနိုမီ ယားကိုး ပန်းခြံအတွင်းရှိ အဆိုပါရုပ်တု ၏ ၆ထပ်နှင့် အထပ် ၂၀ ကြားတွင် ဘုရားဝတ်ပြုနေရာ ၈နေရာရှိပြီး ထိပ်ပိုင်းနားတွင် အပေါ်စီးမှ တစ်မြို့လုံး အလှကို မြင်တွေ့ခွင့်ရနိုင်သော နေရာရှိသည်။ ၁၉၈၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

၉။ အဋ္ဌမနေရာရှိ ရုပ်တု **"Mother motherland call"** မှာ ထူးထူးခြားခြား အနေနှင့် ဘာသာရေးဆိုင်ရာ ရုပ်တု မဟုတ်ဘဲ အထိမ်းအမှတ် ရုပ်တုဖြစ်သည်။

ထိုရုပ်တု၏ ဓားထိပ်မှ ခြေဖျားအထိ ၈၅ မီတာ မြင့်ပြီး ၂၇၉ ပေ မြင့်သည်။ ရုရှားနိုင်ငံ ဗိုဂိုဂရဒ်ဖ်မြို့ မာမေရိဖ် ခါဂမ် အရပ်တွင်ရှိသည်။


ထိုရုပ်တုကြီး ပြီးသောနှစ် ၁၉၆၇ ခုနှစ်တွင် ၎င်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ခဲ့သည်။ ဤရုပ်တု သည် ဇူလိုင် ၁၉၄၂ ခု၊ ဖေဖော်ဝါရီ ၁၉၄၃ အတွင်းက ဒုတိယကမ္ဘာစစ်၏ စစ်ပွဲတစ်ပွဲဖြစ်သော စတာလင်ဂရက် Stalingrad စစ်ပွဲ၏ အမှတ်သညာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



၁၀။ နဝမမြောက် ရုပ်တုသည် ဂျပန်နိုင်ငံတွင် တည်ဆောက်ထားသော အဝဂျီကန်နွန် **"Awaji Kanno"** ရုပ်တု ဖြစ်သည်။

အဆိုပါ ရုပ်တုသည် ကန်နွန်တွင်ရှိသမျှ လူရုပ်တုထဲတွင် ရုပ်အဆိုးဆုံးဟု သတ်မှတ်ကြသည်။ ကွမ်ရင်မယ်တော်နှင့်ဆင်တူပြီး အချို့က ဘုရားအဖြစ်ပူဇော်ကြသည်။ ဂျပန်နိုင်ငံ အဝဂျီကျွန်းတွင် တည်ရှိသည်၊



၁၁။ ဒသမမြောက်အနေနှင့် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့ရှိ **Christ the Redeemer** ခရစ်ယာန် ဘုရားသခင်၏ ရုပ်တုဖြစ်သည်။ အမြင့် ပေ ၁၃၀၊ မီတာ ၄၀ခန့် မြင့်မားသည်။

ရုပ်တုကို ၁၉၂၂ မှ ၁၉၃၁ ထိ ၉နှစ်ကြာ တည်ဆောက်ခဲ့သည်။ တီဂျူကာ အမျိုးသားဥယျာဉ်အတွင်းရှိ ကောကိုဗာဒို တောင်ထိပ်ပေါ်တွင် ရှိသည်။

အဆိုပါရုပ်တုကို ပိုလန်-ပြင်သစ် ပန်းပုဆရာ ပေါလ်လန်ဒိုစကီကဦးဆောင်၍ အင်ဂျင်နီယာ အဖွဲ့က ဆောက်လုပ်ခဲ့ကြသည်။ အမြစိမ်း သစ်တောအရပ်တွင်ရှိသဖြင့် ရာသီဥတုဒဏ် ခံနိုင်ရန် သံမဏိအစား မိုးဒဏ်ခံနိုင်သော အင်္ဂတေကိုသာ အသုံးပြုခဲ့သည်။ ၁၉၃၁ ခုနှစ်၊ အောက်တိုဘာ ၁၂ တွင် စတင် ဖွင့်လှစ်ခဲ့သည်။

❒ **ကောက်ရိုး(အင်္ဂလိပ်စာ)**

References from Wikipedia and
Adapted from Travel Destination to the highest monuments mainly depict the various representations of Buddha and are located in mainland Asia written by Dorotix



www.burmeseclassic.com

www.burmeseclassic.com




# ဝတ်ဦး [ကဗျာ]

## ပရိတ်တန်ခိုး
## မေတ္တာတန်ခိုးဖြင့် ရွာစေသောမိုး

နေရာကား. . တောင်ပေါ်မြို့ကလေး တစ်မြို့။

အချိန်ကား. . ဝါခေါင်လပြည့်ကျော် (၅)ရက်။

မိုးရာသီဖြစ်သော်လည်း မိုးကမရွာသေး။ ရာသီ စက်ဝန်းအရ ဝါဆိုဝါခေါင် ရေဖောင်ဖောင်တဲ့။ ဝါဆိုဆိုမိုးဦးရွာလောက်ပြီ။ မရွာသေးဘူးထားဦး၊ ဝါခေါင်လဆို မိုးသေချာပေါက်ရွာရမည်။ ရွာသင့်ပြီ။ အခု ဝါခေါင်လပြည့်ကျော်ရောက်နေပြီ။ မိုးကား မရွာသေး။ ဒေသခံ သက်ကြီးရွယ်အိုများကပြောကြသည်။

"ငါတို့ အသက်အရွယ်အရ ဒီလို မိုးခေါင်တာမျိုး တစ်ခါမှ မကြုံသေးဘူး၊ ဒီအချိန်ဆို မိုးသဲကြီးမဲကြီးရွာပြီး နရေပြည့်နေပြီ"

ထိုဒေသ၌ ခါတိုင်းဆို ဒီအချိန် မိုးရွာသွန်းပြီး ချောင်းရေများ တက်လောက်နေပြီ။ အခုအခါမှာတော့ ချောင်းရေများ ကောနေပြီး၊ မြောင်းရေများ ခန်းလျက် အချို့နေရာတွင် မြေပပ်ကြားအက်နေပြီ။ နေပူလိုက်တာလည်း ချစ်ချစ်တောက်လို့ ဘယ်လိုရာသီဥတုပါလိမ့်။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုသော်လည်း ရေဖောင်ဖို့နေနေသာသာ မိုးတစ်စက်မှ မကျ၍ရေမဖောင်နိုင်တော့၊ ကြာရင် ခက်ရချေရဲ့။ မိုးနတ်မင်းကလည်း လျစ်လျူရှုနေရော့သလား၊ မသိကျိုးကျွန်ပြုနေသလား၊ မိမိတာဝန်ကို မေ့လျော့နေပြီလား ဝေခွဲမရတော့။

ထိုမြို့ကလေးရှိ လယ်များမှာ မိုးကောင်းလယ်များဖြစ်၍ မိုးမရွာလျှင် လယ်တွေအတွက် ဒုက္ခရောက်တော့မည်။ ထို့ကြောင့် ရက်ပိုင်းအတွင်း မိုးခေါ်ပွဲ၊ မိုးရွာ ဆုတောင်းပွဲ၊ လွန်ဆွဲပွဲများ ပြုလုပ်ကြသည်။ သို့သော် ထူးမလာ။ ထို့ကြောင့် ရက်တစ်ရက် သတ်



www.burmeseclassic.com

www.burmeseclassic.com

မှတ်ကာ ဆုတောင်းမေတ္တာပို့ပွဲ၊ ငါးရံ့မင်းပရိတ်ရွတ်ပွဲကို မြို့လုံးကျွတ် ပြုလုပ်ရတော့မည် ဖြစ်သည်။

ထိုသတ်မှတ်သောနေ့ နံနက်ပိုင်းတွင် တစ်မြို့လုံးရှိလူများ၊ သံဃာတော်များ၊ ဒကာ၊ ဒကာမများ မြို့တွင်းလှည့်လည်၍ ပရိတ်ရွတ်ပွဲပြုလုပ်ရတော့သည်။ ထိုသို့ မြို့တွင်းလှည့်လည်ရာတွင် သံဃာတော်များက ကားများပေါ်တွင် အသီးသီးစီးနင်းလိုက်ပါလျက် ဒကာ၊ ဒကာမများ၊ ဉပါသကာများ၊ ပရိသတ်များကား ခြေကျင်လျှောက်လျက်။ ဉပါသကာလူကြီးများက တံခွန်ကုက္ကားများ ကိုင်ဆောင်ကာ ရှေ့ဆုံးက ဦးဆောင်ပြီး နောက်တွင် ကုမ္မာရီ အမျိုးသမီးအဖွဲ့ပါမကျန် တစ်မြို့လုံး လှည့်လည်လျက် ပရိတ် ရွတ်ဆိုကြသည်။ သံဃာတော်တို့မှလည်း ပရိတ်တော်များကို အသီးသီးရွတ်ဆိုတော်မူကြသည်။

"ငါတို့သည် ဝေနေယျသတ္တဝါများ အသက်ရှည်စေခြင်း အလို့ငှာ ရပ်ရွာ စည်ပင်သာယာဝပြောစေခြင်း အကျိုးငှာ အမျိုးဘာသာ သာသနာ အဓွန့်ရှည်စေရန် ရည်ရွယ်၍ ဤပရိတ်ကြီး (၁၁)သုတ်နှင့် ငါးရံ့မင်းပရိတ်ကို ရွတ်ဆိုပါ၏၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို အမှူးထား၍ (၃၁)ဘုံရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ညီတူမျှစွာ မေတ္တာပေးဝေပါ၏၊ အသင်နတ်မင်း အသီးသီးတို့သည် ကျွန်ုပ်တို့ပို့သော မေတ္တာကို ရရှိသည်ဖြစ်၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်စေသတည်း"

ထိုသို့ မြို့လုံးကျွတ်ရွတ်ဆိုနေစဉ် အခြားသော ဘာသာဝင်များကလည်း စေတနာဖြင့် အသံထွက်လာ၏။

"ခင်ဗျားတို့ ဘာသာအရ မိုးရွာအောင် လုပ်လို့မရရင် ကျွန်တော်တို့ ဘာသာအရ ကျမ်းစာရွတ်ပြီး မိုးရွာအောင် လုပ်ပေးမယ်"

ဘာသာချင်း ယှဉ်လိုသည့်သဘောတော့မဟုတ်။ ထိုအသံကြောင့် မြို့ခံလူများက မခံချင်ကြ။ မိမိတို့ဘာသာ အထင်အရှားသိစေချက်သည်သာမက မိမိတို့လုပ်ဆောင်မှုဖြင့် မိုးရွာစေချင်သည်။ မိုးကို ခေါ်သည်။ မိုးကို မျှော်သည်။ မိုးသည် လူသားတို့၏ ဘဝ၊ လူသားတို့၏ အားထားရာပင်၊ အချိန်အားဖြင့် မွန်းတည့်ချိန် ရောက်နေပြီ။ အခြေအနေကား မထူးခြားသေး။

နောက် နာရီအနည်းငယ်ကြာပြီ။ ထုံးစံအတိုင်း အခြေအနေကား ထူးမလား။ ဒီလိုဆို ခက်ရချေရဲ့။

သံဃာတော်များ၊ ဒကာ၊ ဒကာမများ၊ ဉပသကာများကား မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ငါးရံ့မင်းပရိတ်တို့ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုမပျက်။ မြို့လုံးကျွတ် လူများက သံဃာတော်များအား မြို့အလယ်ရှိ ယာယီမဏ္ဍပ်တွင် နေ့ဆွမ်းဆက်ကပ်၊ တစ်ပါးချင်း ဝတ္ထုငွေကပ်၊ မွန်းလွဲပိုင်းကျတော့လည်း ဖျော်ရည်ဆွမ်းကပ်ကြပြန်သည်။

လှည့်လည်ရွတ်ဆိုသူ ဒကာ၊ ဒကာမများ၊ ဉပါသကာများအားလည်း ဖျော်ရည်တိုက်သူ မရှား။ ထိုသို့ လှည့်လည်ရာတွင် သံဃာတော်များအား ရည်စူး၍ နဝကမ္မ ဝတ္ထုငွေ ဆက်ကပ်ကြရာ မြွေရေခွံအိတ်(ဆန်အိတ်ခွံ) များဖြင့် တစ်အိတ်ပြီးတစ်အိတ် ရရှိကြသည်။

ညနေ ၅ နာရီထိုးပါပြီ။ အရပ်ရှစ်မျက်နှာတစ်ခွင် တိမ်မည်းများ တက်လာကြသည်။ မြို့ခံလူများ၏ မျက်နှာတွင် ပြုံးရိပ်သမ်းလာကြသည်။ သူတို့၏ မျှော်လင့်ချက်အိပ်မက်များ တွေ့ရတော့မည် ထင်ပါရဲ့။ ညနေပိုင်းတွင် မိုးတိမ်များ အလိပ်လိုက် အလိပ်လိုက် တက်လာပါတော့သည်။

ည ၆နာရီခွဲ။ မိုးတဖွဲဖွဲ ကျလာပါပြီ။ ဟုတ်ပြီ ဟုတ်ပြီ။ ည ၇နာရီထိုးတော့ မိုးသဲကြီးမဲကြီး ရွာချပါတော့သည်။ မိုးသာမက လေရော တိုက်ခတ်လာသည်။ မိုးရေနှင့် အတူ မိုးသီးများ တဖြောင်းဖြောင်း ကျလာပါသည်။ မိုး
သီးတွေကား ဆီးကင်းခန့်၊ ဆီးဖြူသီးခန့်
လောက်စာလုံးခန့် မြေပြင်ပေါ် ထ
ဒေါင်းဒေါင်း ပစ်ချနေသလို။

ကလေးသူငယ်များ၊ လယ်သမား
များ မိုးရေထဲ ပျော်မြူးကခုန်ကြသည်။
လူကြီးသူမများ ပျော်မြူးနေကြသည်။
သံဃာတော်များ မုဒိတာ ပီတိပွားတော်
မူကြသည်။ သည်နှစ်မိုးကောင်းစပါး
စိုက်ရန်ရေအတွက် မပူရတော့။

ရွာချသောမိုးမှာ သန်းခေါင်
အထိ၊ ၎င်းမှ တစ်ဖန် ရွာလိုက် န
လိုက်နှင့် မိုးလင်းထိပင်။ မိုးလင်းမှ
တိတ်သွားသည်ပင် တဖွဲဖွဲကျနေသေး
သည်။

ပတ်ဝန်းကျင်မှ သစ်ပင်၊ ပ
မာန်တို့သည် နွမ်းရာမှ စိမ်းလန်းလာ
တော့သည်။ မြက်ခင်းများ အိပ်နေ
မှ နိုးထလာကြသည်။ ချောင်းများ ခေ
နေရာမှ ရေများပြည့်လာသည်။ မြော
ရေများ လျှံတက်လာကြသည်။

အရင်းစစ်လိုက်တော့ မြို့
ကျွတ်ရှိ သံဃာတော်အရှင်သူမြတ်များ
ဒကာ ဒကာမများ၊ လူကြီး လူငယ်
မကျန် အားလုံး၏ မေတ္တာစေတ
ပရိတ်ရွတ်ဆိုမှုနှင့် လှူဒါန်းမှု စေတ
သဒ္ဓါတရားကြောင့် မိုးကိုရွာစေပြီ
ပါတော့သတည်း။

(တကယ့်ဖြစ်ရပ်ကို မူတည်
ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်

❒ တင်ဦး(က






www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာကမ္မဋ္ဌာနစရိယ ဓမ္မကထိက ဘဒ္ဒန္တပညာသာမိ




# ပဋိဝေဓသာသနာ၏ ပြယုဂ်

## သဘာဝလွန်ဖြစ်ရပ်ဆန်း၏ ဇာတ်လမ်းတစ်ပုဒ်

**ဦးကောဏ္ဍည (ရင်တွင်းသာသနာပြု)**

မြတ်စွာဘုရား၏ သာသနာတော်ကြီးတွင် ယနေ့အထိ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ် ရှိနေပါသည်။ များသောအားဖြင့် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာတို့ကိုသာ အသိများကြပါသည်။ ပဋိဝေဓသာသနာကိုတော့မူ သိရှိသူ အလွန်နည်းမည် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဖြစ်နိုင်ခဲ၊ သိနိုင်ခဲ၊ တွေ့နိုင်ခဲသောကြောင့် လူအများ နားမလည်နိုင်ကြခြင်း ဖြစ်ပါသည်။ ပဋိဝေဓသာသနာသည် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းနှင့် တိုက်ရိုက်ပတ်သက်နေသောကြောင့် ဖြစ်ပါသည်။

ပဋိဝေဓ သာသနာ မထွန်းကားခြင်းသည် ပရိယတ္တိသာသနာပေါ်တွင် လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုမှုမှ အစတည်ပြီး ပဋိပတ္တိကျင့်ရာတွင် အဓိပ္ပာယ်ဖွင့် လွဲမှားမှုများကြောင့် ဖြစ်နိုင်ကြောင်း ကောက်ချက်များဆွဲသော် ရနိုင်မည်ဖြစ်ပါသည်။




နှလုံးနှင့် သွေးတော်





ဆံတော်၊ အံတော်၊ ဗွယ်တော်၊ အရိုးတော်


www.burmeseclassic.com

www.burmeseclassic.com




အရိုးတော်



ပရိယတ္တိကို အဓိပ္ပာယ်ဖွင့်ဆိုမှု မှန်ကန်ပါမှ ပဋိပတ္တိကျင့်စဉ်ကို မှန်ကန်စွာ ကျင့်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့မှသာ ပဋိဝေဓသာသနာအကျိုးရလဒ်ကို လူအများ နားလည်သဘောပေါက်နိုင်ကြမည် ဖြစ်ပေသည်။ ပရိယတ္တိကို လူအများ နားလည်စေရန် အလွယ်ကူဆုံး ဘာသာပြန်ဆိုလျှင် လမ်းညွှန်မှုသဘောတရားအဖြစ် နားလည်နိုင်မည် ဖြစ်ပါသည်။

ထိုလမ်းညွှန်မှုသည် အင်္ဂလိပ်လိုဖြစ်နိုင်သလို၊ တရုတ်လိုလည်း ဖြစ်နိုင်ပြီး ပြင်သစ်လို၊ ဂျာမန်လို စသည်ဖြင့် ဖြစ်နိုင်ပါသည်။

ဗုဒ္ဓဘာသာ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ မဟုတ်ပါလော။

ထိုနိဗ္ဗာန်သွားလမ်း လမ်းညွှန်မှု မှန်ကန်ဖို့သာ လိုရင်းဖြစ်ပါသည်။

ပဋိပတ္တိကတော့မှ ထိုလမ်းညွှန်မှုကို လက်တွေ့ ဘယ်လိုကျင့်ရမည်လဲ ဆိုသည်ကို သိနားလည်ပြီး ကျင့်ကြံကြိုးစား အားထုတ်ခြင်းကို ဆိုလိုပါသည်။ ယင်းသာသနာနှစ်ရပ် မှန်ကန်နေပါက ပဋိဝေဓ သာသနာသည် မည်သည့်အခါမျှ မဆိတ်သုဉ်းပါ။ မပျောက်ကွယ်ပါ။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ထိန်တောကျေးရွာမှ ဘဒ္ဒန္တ ပညာသာမိသည် ယခင်က အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ) ယခုအခါ ဗုဒ္ဓစာပေဆုရ ဆရာကြီးဒေါက်တာချစ်ငယ် (ဒသဃန)၏ လက်ရင်းတပည့်ကြီး တစ်ဦးဖြစ်ပါသည်။ ဘဒ္ဒန္တပညာသာမိ သက်တော်(၇၆)နှစ်၊ ဝါတော်(၂၂)ဝါ

သည် ဝါခေါင်လပြည့်ကျော် ၂ ရက် (၂၃၊ ၈၊ ၂၀၁၃)နေ့တွင် ဘဝနတ် ပျံလွန်တော်မူခဲ့ပါသည်။

ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၅၊ ၈၊ ၂၀၁၃)နေ့တွင် မီးသင်္ဂြိုဟ် နာရီ ၂၀ ကြာ ဘေဇဝေဇတ်လော ကျွမ်းအောင်လောင်မြိုက်စေသော်လည် အချို့သော အရိုးတော်များသည်လည် ကောင်း၊ နှလုံးနှင့် သွေးတော်များသည် လည်းကောင်း မီးမခဲ အရိုးတော် ရှ တော်နှင့် အံတော်များသည် ကျော သားပဒေအဖြစ်လည်းကောင်း၊ နှလုံး သွေးတော်များသည် အစုအခဲအဖြ လည်းကောင်း၊ ဆံတော်များသ အလုံးသဏ္ဌာန်အဖြစ်လည်းကော ကြွင်းကျန်ရစ်သည်ကို ပုံများပါအတ သဘာဝလွန် ဖြစ်ရပ်တစ်ခု ပေါ်ပေါ ခဲ့ကြောင်း ပဋိဝေဓသာသနာ၏ပြ အဖြစ် ဖူးတွေ့ခဲ့ရသည်ကို ထပ်ဆင့် ပြပါသည်ဟု မန္တလေးအရှေ့ဘက်ဦးကျ တွင် ဖတ်ရှုလိုက်ရပါသည်။

မိမိသည် ဦးပညာသာမိကို ဘဝကပင် သိကျွမ်းခဲ့ပါသည်။ အ ရိုးသားပြီး တရားကို ကြိုးကြိုးစား အားထုတ်သူ၊ ဆရာကောင်းနှင့်တွေ့ ကပ္ပိယဘဝမှသည်ရဟန်းဘဝသို့ သည့်တိုင်အောင် တစိုက်မတ်မတ် ဗုဒ္ဓစာပေဆုရ စာရေးဆရာကြီး ဒေါ တာချစ်ငယ် (ဒသဃန)၏ လက် တပည့်ကြီးအဖြစ် ခံယူသွားသူဖြ သည်။ မိမိမိတ်ဆွေကြီး ယခု အောင်မြင်သွားသည်ကို များစွာဂုဏ ဝမ်းမြောက်မိပါသည်။

ဪ . . . ဦးပညာသာ တော့ ဆရာကောင်းတပည့် ပန်းဆေ ပန်နိုင်ခဲ့ပြီပဲဟု ချီးကျူးမိပါ ဦးပညာသာမိကို ယခင် ဆရာ အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)၏ လ တပည့်ကြီး ဦးမြတ်ကျော်ဘဝက ကျွမ်းခဲ့ပါသည်။ အသျှင်နန္ဒဝံသ ( ဝိဇ္ဇာ) ဆရာတော်၏ ကပ္ပိယကြ နှင့် ဆရာတော်၏ မြန်မာနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒဝံသနှင့် ဦးမြတ်ကျော် (ဦးပညာသာမိ)



အရိုးတော်

တစ်လျှားအတွင်း တရားပွဲများတွင်လည်းကောင်း၊ တရားစခန်းများတွင်လည်းကောင်း ရှေ့ထွက်အနေဖြင့် ဆရာတော်၏ ဂုဏ်တော် ကျေးဇူးတော်များကို ချီးကျူးပူဇော်ခြင်း၊ တရားပွဲအပိတ်တွင်စည်းကမ်းတကျဖြစ်စေရန် ပရိသတ်ကြီးအနေဖြင့် ဆရာတော်၏ ဂုဏ်တော်ကျေးဇူးတော်အား ကြည်ညိုမှုကို ပြသနိုင်ဖို့အတွက် ဆော်ဩပေးခဲ့သူလည်းဖြစ်ပါသည်။

အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)၏ အဓိကသာသနာပြုလုပ်ငန်းများဖြစ်သော မဟာစေတီတော်ကြီး ထီးတင်ပွဲဖြစ်မြောက်ရေးအတွက် အကြိုရှင်းလင်းပွဲများတွင်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဝါဝါဝင်းရွှေ၏ရှင်ပြုနားသအလှူပွဲ အကြိုရှင်းလင်းရေးနှင့် တရားပွဲများတွင်လည်းကောင်း၊ နိုင်ငံခြား သာသနာပြုခရီးနှင့် ဗုဒ္ဓဂယာ (ယခင်ကအလွန်ခက်ခဲစွာသွားရသော) ခရီးစဉ်များ၌ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပွဲများတွင်လည်းကောင်းတက်တက်ကြွကြွ ဦးဆောင်ပါဝင် ဆောင်ရွက်သူဖြစ်ကြောင်း မိမိကိုယ်တိုင် မြင်တွေ့သိရှိခဲ့ရပါသည်။

ထို့ပြင် ဆရာတော်အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)၏ လမ်းညွှန်မှုသဘောတရားမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်ဆောက်သော နည်းပညာကို မြန်မာစကားပြေသက်သက်ဖြင့် ရှင်းလင်းပြသည်ကို သေသေချာချာ ဂယနဏသဘောပေါက်သူအဖြစ်နှင့် မိမိတို့အားရှင်းလင်းပြသနိုင်သူ ဖြစ်ပါသည်။

ဦးမြတ်ကျော် (ဝါ)ဦးပညာသာမိ၏ ရှင်းပြချက်အရ "ဟဒယ မနောဝမှာ ပေါ်လာသော အကောင်းအဆိုး စိတ္တသင်္ခါရ ဒုက္ခသစ္စာကလေးများကို(အနိစ္စ) အပျက်ရှုရသော ကျင့်စဉ်အဖြစ် ကျင့်ကြံကြိုးစား အားထုတ်ခဲ့ကြရပါသည်။ ထို့ကြောင့် ရင်တွင်း၌ ကိလေသာများ အထိုက်အလျောက် လျော့နည်းခဲ့ရပါသည်။ ထို့ကြောင့် မိမိမှာ အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) သီတင်းသုံးရာ ဆရာမြတ်ကြီး ဦးရေဝတတည်ထောင်ခဲ့သော ဝိပဿနာသတ္တိသုခကျောင်းသို့ ရောက်ရှိသွားပြီး ရဟန်းဝတ်နိုင်သည်အထိ တိုးတက်ခဲ့ပါသည်။

ဦးမြတ်ကျော်မှာမူ ဆရာတော် အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)၏ ဝေယျာဝစ္စများ ဆောင်ရွက်ရင်းဖြင့် ရန်ကုန်တွင်နေခဲ့ရပါသည်။

နောက်ဆုံး ဆရာတော် နိုင်ငံခြားသို့ သာသနာတာဝန်ဖြင့် လူဝတ်လဲ၍ သွားရောက်သည့် အခါမှသာ ဝိပဿနာသတ္တိသုခ ကျောင်းတော်ကြီးသို့ရောက်ရှိလာပြီး ဗုဒ္ဓစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)၏ဩဝါဒကိုခံယူပြီး ရဟန်းဘဝဦးပညာသာမိအဖြစ် (၁၃)နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။

ယခုအခါ ဗုဒ္ဓစာပေဆုရ စာရေးဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန)၏ ဩဝါဒဖြင့် ဦးပညာသာမိ၏ ဆွေမျိုးသားချင်းများရှိရာ ထိန်တောကျေးရွာသို့ ဆွေမျိုးသားချင်းများအား သာသနာပြုရန် စေလွှတ်ခြင်းခံရပါသည်။

ဦးပညာသာမိ၏ ဘဝဝဋ်ကြွေးတော်များ ရှိ၍လောမသိပါ။ ထိန်တောကျေးရွာသည် ဦးမြတ်ကျော် (ဝါ) ဦးပညာသာမိ၏ နေရပ်ဒေသကျေးရွာဖြစ်သော်လည်း လက်ရှိကျောင်းသံဃာများက ၎င်းအား ကျောင်းသစ်ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ခွင့် မပြုသဖြင့် ပေ ၂၀၀ ပတ်လည်ခန့် မြေနေရာ အလှူခံရရှိထားသော်လည်း ကျောင်းနှင့်သိမ်တင်းမသုံးရဘဲ ဓမ္မာရုံလေးအဖြစ်သာ တည်ဆောက်ပြီး ဆွေမျိုး ဒကာ၊ ဒကာမများအား တရားပြသပေးခဲ့ရပါသည်။ ဦးပညာသာမိကိုယ်တိုင်ကမူ လက်ပံတန်းမြို့ 'မူလဒွါရနိကာယ ဇောမိပင်ကျောင်းတိုက်'၌ ကျောင်းဆောက်သိတင်းသုံးနေရပါသည်။

ထိုဖြစ်ရပ်သည် ဦးပညာသာမိအတွက် ယခုကဲ့သို့ သဘာဝလွန်ဖြစ်ရပ်ပေါ်ပေါက်စေသော အကြောင်းရင်းတစ်ရပ်ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိထိန်တောကျေးရွာရှိ သံဃာတော်များ သတိသံဝေဂနောင်တတရားများ ရရှိနိုင်စေရန် ဆုံးမသည့်အနေဖြင့် သစ္စာအဓိဋ္ဌာန်များ ပြုထားသကဲ့သို့ ဖြစ်နေပါသည်။

ဦးပညာသာမိသည် လက်ပံတန်းမြို့ရှိ 'မူလဒွါရနိကာယ ဇောမိပင်ကျောင်းတိုက်' တွင် သိတင်းသုံးနေရာမှ လေငန်းရောဂါ စွဲကပ်မှုကြောင့် ဆွေမျိုးသားချင်းများ၏ အပြုစုခံအဖြစ်နှင့် ညီရင်း ဦးသန်းတင်ဦး၊ ဒေါ်သိန်းတို့၏ နေအိမ်ဝင်းအတွင်း ယာယီစံကျောင်းအဖြစ် နှစ်နှစ်နီးပါး တစ်ကိုယ်တော် ကျင့်ကြံကြိုးစားအားထုတ်နေခဲ့ပါသည်။

လေငန်းရောဂါဖြင့်ပင် ဝါခေါင်လပြည့်ကျော် ၂ ရက် (၂၃. ၈. ၂၀၁၃) နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူ၍ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၅. ၈. ၂၀၁၃)နေ့တွင် ရိုးရိုးသားသား မီးသင်္ဂြိုဟ်ခဲ့ရာ နာရီ (၂၀)ခန့်ကြာ တေဇောဓာတ်လောင်ကျွမ်းစေသော်လည်း မီးမခဘဲ ပုံများပါအတိုင်း သဘာဝလွန်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်ဖြစ်ကြောင်း အတွင်းရေးသိ သံဃာတော်တစ်ပါးအနေဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

❒ ဦးကောဏ္ဍည
*(ရင်တွင်းသာသနာပြု)*

တစ်နေ့သ၌ စာရေးသူသည် စက်မှုဇုန်(၅) လှိုင်သာယာရှိ စာရေးဆရာကြီး စိန်တိုင်ထွန်းအိမ်(တိုက်) ရှိရာသို့ ရောက်သွားလေရာ . . .

"ဟာ,ဆရာဆန်း လာတာနဲ့ အတော်ပဲဗျာ၊ ကျွန်တော် အစီအစဉ်လေးတစ်ခု ဆွေးနွေးချင်တယ်ဗျာ"

"အာ ဘာအစီအစဉ်များလဲဗျာ၊ သိစမ်းပါရစေ"

"ဒီလိုဗျ၊ ကျွန်တော်တို့ရွာ ဆရာဆန်း သိမလား မသိဘူး၊ စိန်တိုင်ကျွန်းရွာဗျာ၊ မွေးဇာတိရွာပေါ့၊ ကျွန်တော် ငယ်ငယ်ကတည်းက စိတ်ချင်ခြင်း ဆန္ဒတစ်ခု ရှိခဲ့ဖူးသဗျ"

"အင်း. . . မြန်အောင်မြို့နယ်ထဲက ထင်တယ်နော်"

"ဟုတ်ပါတယ်၊ အဲဒီဆန္ဒက အခြားသော ရွာတွေထိပ်မှာ ရွာဦးစေတီတွေ ကိုယ်စီရှိကြတယ်ဗျ၊ ကျွန်တော်တို့ရွာထိပ်မှာ မရှိဘူး၊ အဲဒါ ရွာထိပ်မှာ ဘုရားတည်ချင်နေတာ၊ ငယ်ငယ်တုန်းကပဲ ဆိုပါတော့၊ အခုတော့ အကြောင်းကံ အခွင့်ပေးလို့ တည်ဖို့ အဆင်ပြေသွားပြီဗျို့"

"ဘယ်လောက်ကုန်ကျမလဲ၊ ပြီးတော့ ဘယ်လိုအဆင်ပြေတာလဲဗျာ၊ ပြောပါဦး"

"အင်း. . . ကျွန်တော့်မိန်းမဘက်က အမွေဆိုင်ခြံအိမ်ရောင်းကြတာ သိန်းရှစ်ထောင်လောက် ရသဗျ၊ ကျွန်တော်တို့အတွက် သိန်းလေးထောင် ရတယ်၊ သားတွေ သမီးတွေ နှစ်ရာစီ ပေးလိုက်တယ်၊ ၂၀၀ လောက်ကျန်တယ်၊ အဲဒါ ဘုရားတည်ဖို့ စီစဉ်ပြီးပြီ၊ ၁၂၀ လောက် ကုန်မယ်ပြောတယ်ဗျာ၊ ဒါလုပ်ပြီးရင် ကျွန်တော့်ကျောင်း ကျွန်တော့်ရွာကို ကျေးဇူးဆပ်ရာရောက်ပြီး ကျွန်တော်အလုပ်ချင်ဆုံး လုပ်ရလို့ သေပျော်ပါပြီ ဆရာဆန်းရယ်"

စာရေးသူ ဆရာစိန်တိုင်ထွန်း၏ ပီတိစကား ကြားရသဖြင့် ရင်တွင်း၌ မဖော်ပြတတ်သော ခံစားမှုမျိုးတစ်ခု ဖြတ်သန်းသွားသည်ဟု ထင်မိပါသည်။

ဦးစိန်တိုင်ထွန်းကား ကလောင်နာမည် ဖြစ်၏။ သူ၏ အမည်ရင်းကား ဦးလှထွန်းဖြစ်ပြီး ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ စိန်တိုင်ကျွန်း စံပြကျေးရွာတွင် ၁၉၄၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်။ ငယ်စဉ်က ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရပြီး ရှင်သာမဏေဘဝ၊ ရဟန်းဘဝတို့ဖြင့် လောကုတ္တရာစာပေများကို သင်ကြားလေ့လာခဲ့သည်။ ငယ်လတ်ကြီး အောင်မြင်ပြီးနောက် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ ရရှိခဲ့ပါသည်။


၁၉၆၂ ခုနှစ်တွင် ကမ္ဘာအေးတွင် ဖွင့်လှစ်သော သံဃာ့တက္ကသိုလ် သာသနာပြုသင်တန်း တက်ရောက်သင်


www.burmeseclassic.com

www.burmeseclassic.com

# စတီးစေတီတော်

ဆန်းဝင်း(အောင်မြေ)




စတီးစေတီတော်၏ ဗိသုကာပုံစံ

ကြားခဲ့ရာ ဗုဒ္ဓဒေသနာဆရာဖြစ် သုံးနှစ်သင်တန်း (B.D.T) အောင်မြင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အကြောင်းကြောင်း ကြောင့် သံဃာ့တက္ကသိုလ်ကို ဖျက်သိမ်းခဲ့သဖြင့် အတန်း ပညာများကို ဆက်လက်လေ့လာခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ)ကို ရရှိခဲ့လေသည်။

ဘွဲ့ရပြီးနောက် အဖွဲ့အစည်းကြီး တစ်ခုတွင် တာဝန် ထမ်းဆောင်နေစဉ်အတွင်း လိုအပ်သော အထက်တန်းပညာ ရပ်များကို အချိန်ပိုင်း ဆက်လက်ဆည်းပူးခဲ့ရာ အထက်တန်း ရှေ့နေ စာမေးပွဲ(H.GP)နှင့် မှတ်ပုံတင်ရှေ့နေ စာမေးပွဲ (R.L) တို့ကို အောင်မြင်ခဲ့လေသည်။

ဝန်ထမ်းဘဝဖြင့် တာဝန်ပေးချက်အရ ဆောင်းပါးများ ရေးသားခဲ့သည့်အတွက် စာပေလုပ်သား အဖွဲ့ဝင် အမှတ် (၂၇၀၆)ဖြင့် စာပေလုပ်သား အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ သည်။

ထိုသို့ တာဝန်ထမ်းဆောင်နေစဉ်အတွင်း သာသနာထွန်း ဓမ္မစာစောင် ထုတ်ဝေခဲ့ရာ အယ်ဒီတာအဖြစ် တာဝန် ထမ်းဆောင်ခဲ့လေသည်။ ထိုစဉ်ကရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ 'အလင်းသီတံ အမှန်ပန်းကုံး' အမည်ဖြင့် စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

ဦးလှထွန်းကား ယခုအခါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အငြိမ်းစားယူပြီးလည်း ဖြစ်ပါသည်။ ထေရဝါဒ ဓမ္မစာစောင်တွင် ယခုတိုင်အောင်ပင် အယ်ဒီတာအာဘော်နှင့် လူငယ်များ သိမှတ်ဖွယ်ရာ ဘာသာရေး အခြေခံဆောင်းပါးများကို ဆက်လက် ရေးသားနေဆဲဖြစ်ပါသည်။ ထေရဝါဒ ဓမ္မစာစောင်တွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ 'ဩကာသ ကန်တော့ချိုး' နှင့် 'သီလတော်မြတ် အကျိုး' စာအုပ်များအား စာအုပ်အဖြစ် ထုတ်ဝေပြီးဖြစ်ပါသည်။

◆

"ကဲ ဘုရားတည်တာတော့ ဟုတ်ပါပြီ၊ ဘယ်လိုစေတီမျိုး တည်မယ်ဆိုတာ ဗိသုကာပညာရှင်တွေနဲ့ ပုံစံထုတ်တာ ဘာညာလုပ်ပြီးပြီလား"




ဦးလှထွန်း + ဒေါ်ခင်ရီ



www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . ကျွန်တော် အခြားရွာတွေနဲ့ မတူအောင် စီစဉ်ထားပါတယ်၊ အတွင်းက လိုဏ်ခေါင်းသဘော တရားထိုင် ပုတီးစိပ်လို့ရအောင်လို့ မုခ်ပေါက်နဲ့အတူပေါ့၊ အပေါ်က ခေါင်းလောင်းကစပြီး စတီးစေတီကိုတည်မယ်၊ စတီး ထီးနဲ့ပေါ့"

"အဲ ဒါနည်းနည်းထူးဆန်းတယ်၊ အဝေးကနေကြည့်ပြီး ကြည်ညိုဖူးမြော်မယ်ဆို အရောင်က လက်နေမယ်ထင်တယ်"

"အင်းဗျ၊ အရောင်ကလဲ ရွှေရောင်လုပ်မှာလေ"

"ဟာ အဆန်းပါလားဗျ၊ ကောင်းတယ်၊ အပေါ်ပိုင်း ပေါ့ပေါ့ပါးပါးလဲဖြစ်မယ်၊ အုတ်လို ကရိကထ မများတော့ဘူးပေါ့၊ ဒါထက် ဉာဏ်တော်အမြင့်က ဘယ်လောက်လဲဗျ"

"အင်း. . . အုတ်အမိုးပေါ်ကနေဆိုရင် ကိုးတောင်ပြည့်ဉာဏ်တော်ကို စီစဉ်ထားတယ်ဗျ"

"ကောင်းလိုက်တာဗျာ၊ စိန်တိုင်ကျွန်းရွာကတော့ အများရွာတွေနဲ့မတူတဲ့ စတီးစေတီတော် ကိုးကွယ်ကြရတော့မှာပေါ့နော်၊ ဘုရားပြီးသွားရင်တော့ ထူးခြားစေတီအနေနဲ့ မှတ်တမ်းပြည့်စုံအောင်ရိုက်ပြီး ဆောင်းပါးရေးကြပြန်တာပေါ့ဗျာ"

"ဘုရားတည်သမိုင်းမှာတော့ တစ်ခေတ်ဆန်းမယ့် စေတီပုံ ဖြစ်မယ်ဗျ၊ ဗိသုကာပုံကိုကြည့် အရံစေတီတွေလဲ စတီးတွေပဲဗျ"




ဦးလှထွန်း + ဒေါ်ခင်ရီ၊ သား ဝင်းမျိုးထွန်း၊ သမီး ခင်သန္တာထွန်း

"ကောင်းပါပေ့ဗျာ၊ ကောင်းပါပေ့"

စာရေးသူက ဦးစိန်တိုင်ထွန်း၏ စိတ်ကူးအား လွန်စွာ လေးစားမိတော့သည်။ ဘုရားတစ်ဆူ ရွာဦးတွင် မကြာမီ ပူဇော်ရတော့မည့် စိန်တိုင်ကျွန်းရွာသူ ရွာသားများအတွက်လည်း ကိုယ်စား ဝမ်းသာမိလေသည်။ မိမိ၏အသက်ကြီးပိုင်းအား ရလာသော အခွင့်အရေးကို ဆန္ဒနှင့် တစ်ထပ်တည်း ကျအောင် ဆောင်ရွက်ခွင့်ကြုံသော ဦးစိန်တိုင်ထွန်းအား လေးစားကြည်ညိုမိ၏။

ထို့ကြောင့် ရွာသူ ရွာသား နယ်သူ နယ်သားများ ဝမ်းသာပီတိဖြစ်စေရန် ဤဆောင်းပါးအား တင်ပြရခြင်း ဖြစ်ပါသည်။

အထူးအဆန်းစေတီဖြစ်သော မြန်မာမှုပညာများနှင့် သရုပ်ဆောင်နေသော ထိုကိုးတောင်ပြည့်စတီးလ်စေတီတော်ကား မကြာမီပင် ဖူးမြော်ကြည်ညိုနိုင်ရန် ဒုတိယအကြိမ် မှတ်တမ်းဆောင်းပါးအား ရေးသားတင်ပြပါဦးမည်။

သာသနာ့အလုပ်အား လွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော စာရေးဆရာ ရွှေနေကြီး၏ တို့တာဝန်ဟူသော ကဗျာလေးနှင့် ဤဆောင်းပါးအား နိဂုံးချုပ်ပါအံ့။

### တို့တာဝန်

ရှင်ချစ်ဗုဒ္ဓ၊ ဟောဖော်ပြသည့်
ဓမ္မဒေသနာ၊ အဖြာဖြာကို
သူငါအများ၊ လိုက်နာပွားက
ရငြားမသွေ၊ ကျိုးထွေထွေတည်း။
ထိုသို့ရလျှင်၊ စိတ်ရည်သန်ကာ
ကျမ်းဂန်ဓမ္မ၊ အဝဝကို
ဗုဒ္ဓဘုရား၊ ဟောထားအချက်
မပျက်စေရန်၊ အတန်တန်လျှင်
သင်္ဂါယနာ၊ တင်ကာဆောင်ကြဉ်း
ပြုခဲ့ခြင်း၏၊ အရင်းမူလ ပမာနပါ။
ယခုအခါ၊ တို့သူငါလည်း
နောင်လာနောင်သား
အကျိုးများဖို့
ဘုရားသာသနာ၊ ပြန့်ပွားလာအောင်
ကြံဆောင်ကြိုးကုတ်၊ လွန်အားထုတ်မှ
တို့က တာဝန်ကျေလိမ့်မည်။
တို့ရဲ့တာဝန်၊ တို့ကျေပွန်မှ
မြတ်မွန်သာသနာ၊ ပြန့်ပွားသာစည်
ကြာရှည်တည်တံ့၊ ကမ္ဘာပြန့်လိမ့်။

❒ ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# နေ့ရစ်ခဲ့တော့ ရာဇဂြိုဟ်

## ဒေါက်တာဆောင်ဆောင်မင်း

၂၄.၁၂.၂၀၁၂ (တနင်္လာနေ့)

**ရာဇဂြိုဟ် (သို့မဟုတ်) တောင်ငါးလုံးဝန်းရံ မြို့ရာဇဂဟ်**

နံနက် ၄ နာရီခွဲတွင် ဘုရားဖူးအဖွဲ့သားများသည် ပစ္စည်းများမကျန်ရစ်အောင် သိမ်းဆည်းပြင်ဆင်ကြပါသည်။ ၅ နာရီခွဲတွင် ဆွမ်းစားဆောင်မှ မောင်းသံတစ်ချက် ကြားလိုက်ရ၏။ ဆွမ်းစားဆောင်သို့သွား၍ နံနက်စာအဖြစ် မုန့်ဟင်းခါး အကြော်စုံနှင့် လက်ဖက်ရည်သုံးဆောင်ကြပါသည်။ အိန္ဒိယ၌ ရှားရှားပါးပါးစားရသောကြောင့် မုန့်ဟင်းခါးအလှူရှင်အား မေတ္တာပို့၍ သာဓုခေါ်ရပါသည်။ ၆ နာရီတွင် ဦးခင်းတို့ ဆရာတပည့်ရောက်လာ၍ ခရီးဆောင်သေတ္တာများ ဘတ်စ်ပေါ်သို့ တင်ခိုင်းပါသည်။ ဘုရားဖူးအဖွဲ့သားများ ဂယာမြန်မာကျောင်းမှ ခရီးစတင်ထွက်ခဲ့ကြပါသည်။

နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ရာဇဂြိုဟ်မြို့ ဟောင်းသို့ ရောက်ရှိကြ၏။



ရတနာဂီရိတောင်ထိပ်ရှိ ဝိရှ္သသ္တူပ (သို့မဟုတ်) ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ



သီရိဓမ္မာသောကမင်းကြီး တည်ထားသော အထိမ်းအမှတ် အာသောက ခြင်္သေ့ရုပ်ကျောက်တိုင်

ရာဇဂြိုဟ်သည် တစ်ချိန်က ဗုဒ္ဓသာသနာသမိုင်းတွင် အလွန်ထင်ရှားသော မင်းနေပြည်တော် ဖြစ်ခဲ့သည်။ "တောင်ငါးလုံးဝန်းရံ မြို့ရာဇဂဟ်"ဟု ဆိုရိုးစကားရှိခဲ့သည်။ ယင်းတောင်ငါးလုံးတို့မှာ ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင်နှင့် ဣသိဂိလိတောင်တို့ ဖြစ်ကြသည်။ ဘုရားရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်ကို ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်ခဲ့သည်။ မြတ်စွာဘုရားကို လွန်စွာကြည်ညိုသဖြင့် ဘုရားမဖြစ်မီ ရဟန်းဘဝဖြင့် ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံဝင်၍ ပဏ္ဍဝတောင်ခြေ၌ ဆွမ်းဘုဉ်းပေး သုံးဆောင်စဉ်ကတည်းက လာရောက်ဖူးမြော်ခဲ့သည်။

ဗိမ္ဗိသာရမင်းက ဘုရားရှင်အား ရာဇဂြိုဟ်ပြည်ကို အုပ်ချုပ်မင်းလုပ်ပါရန် အပ်နှင်းခဲ့၏။ ဘုရားအလောင်း ရဟန်းက မင်း၏စည်းစိမ်ထက် နိဗ္ဗာန်ချမ်းသာကို ရယူချင်၍ တောထွက်ပြီး ရဟန်းပြုကြောင်း မိန့်တော်မူ၍ မင်းစည်းစိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြင်းပယ်တော်မူခဲ့သည်။ ဗိမ္ဗိသာရမင်းသည် သားတော် အဇာတသတ်က ထီးနန်းစည်းစိမ် လိုချင်သော လောဘကြောင့် သားတော်၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံရ၍ နတ်ရွာစံတော်မူသည်။

## ဗိမ္ဗိသာရမင်းကြီး၏ ရွှေဘဏ္ဍာတိုက်

ဘုရားဖူးအဖွဲ့သည် ရာဇဂြိုဟ်မြို့ဟောင်းနေရာ အထောက်အထားများ လှည့်လည်ကြည့်ရှုကြသည်။ ရာဇဂြိုဟ်မြို့နေရာတွင် တစ်ချိန်က ကုန်သည်များမှာ လှည်းပေါင်းများစွာနှင့် သွားလာသည့် လမ်းကြောင်းအထောက်အထားကို ကျောက်သားမျက်နှာပြင်ပေါ်ရှိ လှည်းဘီးခြေရာများ ထင်ရှားနေခြင်းက သက်သေခံ၏။ ဆက်လက်၍ သွားခဲ့ကြရာ ဝေဘာရတောင်ခြေသို့ ရောက်ရှိကြပါသည်။

တောင်ခြေရင်း၌ လေးထောင့်စတုရန်းပုံ အုတ်တိုက်တစ်ခုရှိ၍ ခုနစ်ပေခန့်မြင့်မည်ဟု ခန့်မှန်းရသည်။ ကျောက်တောင်ကြီးကို ဖောက်ထွင်း၍ ဝင်ထွက်နိုင်ရန် ခြေကျော်ပေါက် တစ်ပေါက်သာရှိ၏။ ဤနေရာသည် ဗိမ္ဗိသာရမင်းကြီး၏ ရွှေ၊ ငွေ၊ စည်းစိမ်၊ ဥစ္စာရတနာများ သိုမှီးသိမ်းဆည်းရာ ရွှေဘဏ္ဍာတိုက်ဖြစ်ကြောင်း သိရသည်။

## ဗိမ္ဗိသာရမင်းကြီး အကျဉ်းချခံရသည့်နေရာ

အခြားသမိုင်းဝင်နေရာတစ်ခုမှာ ဗိမ္ဗိသာရမင်းကြီး အကျဉ်းချခံရသည့် နေရာဖြစ်သည်။ နံရံလေးဖက်စလုံး၌



ဗိမ္ဗိသာရမင်းကြီး လှူဒါန်းခဲ့သော ဝေဠုဝန် ကျောင်းကြီးတည်ရာ ဝေဠုဝန်ဥယျာဉ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်



ကမ္ဘာကျော် နာလန္ဒာတက္ကသိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံးများဖြင့် သုံးပေစီကာရံထားသော စတုရန်းပေ ၂၂၀ ခန့်သာကျယ်သည့် အကျဉ်းခန်းလေးတစ်ခန်း ဖြစ်၏။ သားဖြစ်သူ အဇာတသတ်မင်းသား၏ ထီးနန်းလိုချင်သော လောဘကြောင့် ဖခင်ဘုရင်ကြီးအား ရက်စက်စွာ ခြေဖဝါး ခွဲ၍ အကျဉ်းချထားခဲ့သည်။ ဓမ္မသံဝေဂ ယူသင့်သည့်နေရာ ဌာနတစ်ခု ဖြစ်သည်။ ဤအကျဉ်းချခဲ့သော နေရာကို ၁၉၅၀ ပြည့်နှစ်တွင် ကျောက်စာဝန် MR. A CUNNING HAM မှ ပြန်လည်ရှာဖွေ တူးဖော်ခဲ့ခြင်းဖြစ်သည်။

## အဇာတသတ်မင်း၏ မဏိယာမတ်ဓာတ်တော်တိုက်

နံနက် ၈ နာရီခွဲတွင် ဘုရားဖူးအဖွဲ့သည် မဏိယာမတ် ခေါ် အဇာတသတ်မင်း၏ ဓာတ်တော်တိုက်သို့ ရောက်ရှိကြသည်။ ဓာတ်တော်တိုက်ကို လက်ယာရစ် တစ်ပတ်လှည့်လည် ပူဇော်ရင်း လေ့လာကြည့်ရှုကြပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဘုရားရှင်၏ ဓာတ်တော်များကို ဒေါဏပုဏ္ဏားကြီးက ခုနစ်ပြည်ထောင်မင်း အားလုံးအား ခွဲဝေပေးခဲ့သည်။

ယင်းတို့ရရှိသည့် ဝေစုဓာတ်တော်များကို ဌာပနာ၍ စေတီများ တည်ထားပူဇော်ခဲ့ကြ၏။ အရှင်မဟာကဿပ မထေရ်မြတ်သည် နောင်တွင် ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များမှ လုံခြုံစေရန် အဇာတသတ်မင်းနှင့် တိုင်ပင်ခဲ့သည်။ ခုနစ်ပြည်ထောင်မင်းတို့ ဌာပနာခဲ့သော ဓာတ်တော်များကို အနည်းငယ်စီချန်၍ ဓာတ်တော်အားလုံး စုစည်းပင့်ဆောင်ပြီး အတောင် ၈၀ နက်သော မြေအောက်၌ ဓားစက်၊ လှံစက်များ တပ်ဆင်၍ ဌာပနာခဲ့သည်ဟု အဆိုရှိ၏။ သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် မဏိယာမတ် ဓာတ်တော်တိုက်ကို ပြည်လည်မွမ်းမံ ပြုပြင်၍ ဌာပနာခဲ့ပါသည်။

## သမားတော် ဇီဝက၏ သရက်ဥယျာဉ်

၉ နာရီတွင် ဓာတ်တော်တိုက်မှတစ်ဆင့် သမားတော်ကြီး ဇီဝက၏ သရက်ဥယျာဉ်နေရာဌာနသို့ ရောက်ရှိကြသည်။



အဇာတသတ်မင်း၏ မဏိယာမတ် ဓာတ်တော်တိုက်ရှေ့၌

ယခုအခါ သရက်ပင်များ မရှိတော့။ အထိမ်းအမှတ်နေရာတစ်ခုအဖြစ်သာ ပြုပြင်ထိန်းသိမ်းထား၏။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံ၍ ထီးနန်းရယူပြီး ဘုရင်ဖြစ်လာသော အဇာတသတ်မင်းသည် စိတ်နှလုံးချောက်ချား၍ နေ့စဉ်အိပ်စက်မပျော်နိုင်ခဲ့။ ထိုအခါ သမားတော်ဇီဝက၏ အစီအစဉ်ဖြင့် အဇာတသတ်မင်းသည် အခြွေအရံများနှင့် သရက်ဥယျာဉ်သို့ လာရောက်၍ ဘုရားရှင်အား ဖူးမြော်ရာ နေရာဌာန ဖြစ်သည်။

ဘုရားရှင်၏ သာမညဖလသုတ္တန် တရားတော်ကို နာယူရသော်လည်း အဖသတ်သည့် ကံကြီးထိုက်သောကြောင့် သောတာပန်ဖြစ်ခွင့် မရခဲ့ချေ။ သို့သော်လည်း ဘုရားရှင်၏ သာသနာတော်၌ အဇာတသတ်မင်းသည် ကောင်းမှုကုသိုလ် များစွာပြုလုပ်ပြီး သာသနာ့ဒါယကာအဖြစ် ခံယူနိုင်ခဲ့ပါသည်။

## ရတနာဂီရိတောင်ထိပ်သို့

ဇီဝက သရက်ဥယျာဉ်မှ ဆက်လက်ထွက်ခဲ့ကြရာ နံနက် ၁၀ နာရီတွင် ရတနာဂီရိတောင်ခြေသို့ ရောက်ခဲ့ကြ



ဝေသာလီနိုင်ငံ လိစ္ဆဝီမင်းများ တည်ထားခဲ့သော ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာထားခဲ့ရာ ဓာတ်တော်စေတီ



ရတနာဂီရိတောင်ထိပ် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ ရင်ပြင်မှ ဟာနုမာန်မျောက်များ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တောင်ပေါ်သို့ လှမ်းမြော်ကြည့်လိုက်သောအခါ တောင်ခိုးတွေဝေ၍ မြူခြေများဆိုင်းနေသဖြင့် တောင်ထိပ်ပေါ်မှ စေတီကို မမြင်နိုင်ပေ။ တောင်ပေါ်သို့တက်သော လှေကားလမ်းနှင့် ကေဘယ်တွဲနှင့်တက်ရသော လမ်းကြောင်း နှစ်ခုရှိသည်။ ဘုရားဖူးအဖွဲ့၌ အများစုမှာ သက်ကြီးပိုင်းများပါ၍ ကေဘယ်ကောင်းကင်ကြိုးဖြင့် တက်ရသောနေရာသို့ သွားကြပါသည်။ တစ်ဦးလျှင် အိန္ဒိယယူပီး ၆၀ပေးရ၍ တစ်ယောက်သာ ထိုင်နိုင်သောတွဲများတွင် ထိုင်၍ လိုက်ကြရသည်။ သံဒလက်အပိုင်းများ တပ်ထားသော ဝင်ပေါက်မှ တစ်ဦးချင်း တန်းစီဝင်၍ အဖွဲ့မှ လူငယ်နှစ်ဦးကို တောင်ပေါ်၌ အဘွားများအား ကူညီနိုင်ရန် အရင်သွားခိုင်းလိုက်ကြ၏။ အဘွားတစ်ဦးချင်းကို တွဲများပေါ် ထိန်း၍တင်ပေးပြီး စာရေးသူနှင့် ဦးဇင်းတို့က နောက်ဆုံးမှ လိုက်ခဲ့ကြသည်။

ကေဘယ်ထိုင်ခုံပေါ်မှ တောင်အောက်သို့ ငုံ၍ကြည့်သောအခါ အပူပိုင်းသစ်တော၌ ပေါက်သည့် ဆူးလေပင်၊ သီးရိုင်းပင်၊ ကုလားထနောင်းပင်များ တွေ့ရသည်။ တောင်ထိပ်သို့ မိနစ် ၂၀ ကြာခန့် တက်သွား၍ တောင်ပေါ်၌ ကေဘယ်တွဲထိန်း ဝန်ထမ်းတစ်ဦးက ဆီးကြိုထိန်းကိုင်ပေး၍ ခပ်သွက်သွက်ဆင်းရသည်။ ကေဘယ်ကောင်းကင်ကြိုးတွဲများကို ဘုရားဖူးများ အဆင်ပြေစွာ တက်နိုင်ရန် ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားခြင်း ဖြစ်သည်။

## ဝိရှသျှန္တိ သို့မဟုတ် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ

ဘုရားဖူးအဖွဲ့အားလုံး တောင်ထိပ်ရောက်သောအခါ မြူနှင်းများ ပို၍ကျလာပြီး လေတိုက်ခတ်သောကြောင့် အသည်းခိုက်အောင် အေးလှ၏။ တောင်ထိပ်၌ ဖူးတွေ့ရသော စေတီကို ဂျပန်နိုင်ငံမှ အရှင်ဖူဂျီဆိုသော ပုဂ္ဂိုလ်က ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့များ အဏုမြူဗုံးဒဏ်ကြောင့် ပြာပုံအတိဖြစ်ခဲ့ရသည်ကို သံဝေဂယူ၍ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သည်။

စေတီကြီး၏ အမည်ကိုလည်း ဝိရှသျှန္တိ သို့မဟုတ် ကမ္ဘာ့ငြိမ်းချမ်းရေးစေတီဟု ခေါ်၏။ စေတီ၏လေးမျက်နှာတွင် မြတ်စွာဘုရားရှင်၏ 'ဖွား ပွင့် ဟော စံ' သံဝေဇနီယ လေးဌာနအလိုက် ရုပ်ပွားတော်များ ထုလုပ်ပူဇော်ထားသည်ကို ကြည်ညိုဖွယ် ဖူးမြင်ရသည်။

ရတနာဂီရိတောင်ပေါ်မှ လှမ်းမြော်ကြည့်သောအခါ လင်းတငှက်နှုတ်သီးပုံသဏ္ဍာန် တောင်ထွတ်တစ်ခု မြင်ရ၏။ ဂိဇ္ဈကုဋ်တောင်ဟု ခေါ်ကြောင်း သိရ၏။ ဤတောင်ပေါ်မှ ခုန်ချ၍ သတ်သေရန် ကြံစည်ခဲ့သော ဝက္ကလိမထေရ်ကို ဘုရားရှင်က တရားပြခဲ့တော်မူသဖြင့် တရားဘာဝနာ ပွားများအားထုတ်ခဲ့ရာ ရဟန္တာဖြစ်သွားခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

## ဂျပန် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် ဟာနုမာန်မျောက်များ

ကမ္ဘာ့ငြိမ်းချမ်းရေးစေတီကို ဖူးမြော်ပြီးနောက် အနောက်ဘက်တွင် တွေ့ရသော ဂျပန်ဘုရားကျောင်း သွားရောက်ဖူးမြော်၍ အလှူငွေထည့်ဝင်ခဲ့ကြ၏။ အလွ အေးချမ်း၍ ဆိတ်ငြိမ်ပြီး သန့်ရှင်းသပ်ရပ်လှသောကျော ဖြစ်သည်။ ဂျပန်ယဉ်ကျေးမှု အနုလက်ရာ အငွေ့အသက်မျာ ခံစားရသည်။

ထို့နောက် စေတီပတ်ဝန်းကျင်သို့ လှည့်လည်လေ့လာ ကြရာ ရင်ပြင်တော်၏ တစ်နေရာ၌ ထူးဆန်းသောမျောက် အုပ်တစ်အုပ်ကို တွေ့ရပါသည်။ မျောက်ကြီးများမှာ တစ်ကိုယ် လုံး ဆွတ်ဆွတ်ဖြူ၍ မျက်နှာ၊ နားရွက်၊ ခြေထောက်မျာ မည်းပြီး အလွန်ရှည်လျားသောအမြီးများ ပိုင်ဆိုင်ကြသည် မြန်မာနိုင်ငံ၌ လုံးဝမတွေ့နိုင်သော အိန္ဒိယနိုင်ငံ၏ ထူးခြ ရှားပါးသည့် မျိုးစိတ်ဖြစ်သည်။ ဦးဇင်းက ဤမျောက်များသည် ဟာနုမာန်မျောက်ကြီး၏ အမျိုးအနွယ်များဖြစ်ကြောင်း ပြေ ပြ၍ အလောင်းတော်ရာမဇာတ်မှ ဟာနုမာန်မျောက်မင်း သတိရမိပါ၏။

## ဝေဘာရတောင်နှင့် ရေပူစမ်း

၁၀ နာရီတွင် ရတနာဂီရိတောင်မှ မူလစီးလာသော ကေဘယ်ကောင်းကင်တွဲများဖြင့် ပြန်လည်ဆင်းသက်ခဲ့ကြ သည်။ ထိုမှတစ်ဆင့် ဝေဘာရတောင်သို့ ဆက်လက်ထွက် ကြပါသည်။ ဝေဘာရတောင်ခြေသို့ရောက်သောအခါ ဟိန္ဒူ ဘာသာဝင် အိန္ဒိယလူမျိုးများစွာနှင့် စည်ကားနေပါသည် တချို့ ဟိန္ဒူများမှာ ရေပူစမ်းများ၌ ရေချိုးနေကြသည်။ စာရေး သူတို့ ဘုရားဖူးအဖွဲ့သည် ကျောက်လှေကားထစ်များအတိုင်း တဖြည်းဖြည်း တက်ခဲ့ကြသည်။

ဦးဇင်းက ရေပူစမ်းနှင့် ပတ်သက်၍ မှတ်သားစရာမျာ ကို လမ်းခုလတ်၌ ရှင်းပြပါသည်။ ကျမ်းဂန်စာပေများ အဆိုအရ ဝေဘာရတောင်အောက်၌ နဂါးပြည်ရှိ၍ ကြ လင်အေးမြသော ရေကန်ကြီးတစ်ကန်လည်းရှိ၏။ ယင်း ကန်မှ ရေများသည် လောဟကုမ္ဘီငရဲပြည်ကို ဖြတ်သ စီးဆင်း၍ အပေါ်သို့ထွက်လာသောကြောင့် ရေပူရခြင်း သည်။ ယင်းရေပူစမ်းမှ ရေကို ချိုးလျှင် အနာရောဂါမှန်သ ပျောက်ကင်းသည်ဟု ဟိန္ဒူဘာသာဝင်များက ယုံကြည် ပါသည်။

ရေပူစမ်းမှရေကို ချိုးရာ၌လည်း ဇာတ်အနိမ့်အမြ အဆင့်အတန်းအလိုက် ချိုးကြရသည်။ ဇာတ်အမြင့်ဆုံး ဟိ များက အပေါ်ဆုံးနေရာ၌ ချိုးနိုင်၍ ဇာတ်မြင့်များချိုး ကျလာသောရေကို အလယ်အလတ်တန်း ဟိန္ဒူများ ချိုးကြ သည်။ ဇာတ်နိမ့်ဟိန္ဒူများက နောက်ဆုံးမှသာ ချိုးခွင့်



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်သည် ယင်းသို့ ဇာတ်အနိမ့်အမြင့် အဆင့်အတန်းခွဲခြားမှုကို လက်မခံ ဆန့်ကျင်ခဲ့သည်။ သို့သော် ဟိန္ဒူနိုင်ငံ၌ ယခုထိတိုင် ဇာတ်နိမ့် ဇာတ်မြင့် အဆင့်အတန်း ခွဲခြားမှုများ ရှင်သန်ထွန်းကားနေဆဲပင်။

ဘုရားရှင်က အကုသိုလ် ဒုစရိုက်လုပ်သူမှာ အဆင့်အတန်း နိမ့်ကျသူဖြစ်၍ ကုသိုလ်ကောင်းမှု လုပ်သူသာလျှင် အမှန်တကယ် မြင့်မြတ်သူဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

## ပိပ္ပလိကျောက်ဂူ

ရေပူစမ်းမှ ဆက်လက်၍ ကျောက်လှေကားအတိုင်း ဝေဘာရတောင်ပေါ်သို့ ဆက်လက်တက်ခဲ့ကြသည်။ တစ်နေရာသို့ ရောက်သောအခါ လေးထောင့်ပုံ ကျောက်တုံးများနှင့်စီထားသော ဂူငယ်တစ်ခု တွေ့ရ၏။ ယင်းဂူကို ပိပ္ပလိဂူဟုခေါ်သည်။ အတွင်း၌ လူတစ်ထိုင်စာသာသာ နေရာရှိသည်။ တစ်ချိန်က ဤဂူအတွင်း၌ အရှင်မဟာကဿပရဟန္တာမထေရ်မြတ်ကြီး သီတင်းသုံးခဲ့သော နေရာဟု ယုံကြည်ခဲ့ကြပါသည်။ ဘုရားဖူးအဖွဲ့သည် တောင်ထိပ်ထိ မတက်တော့ဘဲ လာလမ်းအတိုင်း ပြန်ဆင်းခဲ့ကြ၍ ဝေဠုဝန်ကျောင်းတော်ကြီးရှိရာသို့ ခရီးဆက်ခဲ့ကြသည်။

## ဝေဠုဝန်ဥယျာဉ်နှင့် ဝေဠုဝန်ကျောင်း

နံနက် ၁၁ နာရီတွင် ဝေဠုဝန်ကျောင်းတော်နေရာသို့ ရောက်ရှိကြသည်။ ဝေဠုဝန်ဥယျာဉ်အတွင်းသို့ ဝင်လိုက်သည်နှင့် ဘုရားဖူးအားလုံး၏ စိတ်ထဲတွင် အေးချမ်းသွားရပါသည်။ အဝင်လမ်းဘေးဝဲယာတစ်လျှောက် နှင်းဆီ၊ ဂန္ဓမာနှင့် အဝါရောင်ကုလားပန်းများ လှပစွာ ရောင်စုံဖူးပွင့်နေပါသည်။ ဥယျာဉ်ကြီး၏ အလယ်တွင် ကြည်လင်သန့်ရှင်းသော ရေကန်ကြီးတစ်ကန် ရှိ၏။ ရေကန်အတွင်း၌ ငန်းဖြူကြီးများ ကူးခတ်နေသဖြင့် လှပသော ပန်းချီကားတစ်ချပ်ကို တွေ့ရသည့်အလား ခံစားကြည်နူးမိပါသည်။ ယင်းရှုခင်းတွင် အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ရာဇဂြိုဟ်ပြည့်ရှင်ဗိမ္ဗိသာရမင်းသည် ဝေဠုဝန်ကျောင်းတော်ကို မြတ်စွာဘုရားရှင်အား ဆောက်လုပ်လှူဒါန်းခဲ့သည်။ မင်းကြီးသည် ဘုရားရှင်၏ တရားကို နာကြား၍ သောတာပန်ဖြစ်ပြီးနောက် ဘုရားရှင်သီတင်းသုံးရန် သင့်လျော်သော နေရာကို စဉ်းစားခဲ့၏။ မြို့နှင့် မနီးလွန်း မဝေးလွန်းခြင်း၊ သွားလာရန် လာလမ်း ဖြောင့်ဖြူးခြင်း၊ ဖူးမြော်လိုသူများ သွားလာရန် လွယ်ကူခြင်း၊ မှက် ခြင် ယင်နည်းပါး၍ ဆိတ်ငြိမ်အေးချမ်းခြင်း၊ သံဃာတော်များအတွက် ပစ္စည်းလေးပါး မကြောင့်ကြရသော ဂေါစရဂါမ်ရှိခြင်း စသည့် အင်္ဂါရပ်နှင့် ပြည့်စုံသော နေရာသည် ဝေဠုဝန်ဥယျာဉ်ဖြစ်သည်ကို တွေ့ရ၏။

ထို့ကြောင့် သာသနာ့သမိုင်းတွင် ဝေဠုဝန်သည် ပထမဆုံးပေါ်ထွန်းခဲ့သောကျောင်း ဖြစ်ပါသည်။

ဝေဠုဝန်ဥယျာဉ်အတွင်း၌ ဘုရားရှင်၏ ရုပ်တော်မူရုပ်တုငယ်တစ်ခု ပူဇော်ထားသည်ကို တွေ့ရ၏။ ဥယျာဉ်၏အဝင်ဝတွင် မွတ်စလင်သချိုင်းဂူများ တူးဖော်ဖယ်ရှားရာမှ ဘုရားဆင်းတုတော် ခြောက်ဆူ ပြန်လည်တွေ့ရှိခဲ့သည်။ ထို့ပြင် ရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာမထေရ်မြတ်၏ ဓာတ်တော်များကိုလည်း ပြန်လည်တူးဖော် တွေ့ရှိခဲ့ပါသည်။

၁၁ နာရီခွဲခန့်တွင် ဝေဠုဝန်ဥယျာဉ်မှ ပြန်လည်ထွက်ခွာ၍ ဦးဇင်းညွှန်ပြသော အိန္ဒိယစားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ရောက်ခဲ့ကြသည်။ ဦးဇင်းက ကျောင်းမှ ကြက်သားဟင်းနှင့် ထမင်းများ ချက်ပြုတ်ယူခဲ့၍ ဘုရားဖူးအဖွဲ့ဝင်များက ဦးဇင်းစေတနာကို လေးစားကြည်ညိုမိကြပါသည်။

ဟိန္ဒူစားသောက်ဆိုင်မှ အာလူးဘာဂျီနှင့် ကုလားပဲဟင်းများ မှာယူ၍ နေ့လယ်စာကို မြိန်ရှက်စွာ စားသုံးကြပါသည်။ ပဲဟင်းမှာ မဆလာနံ့သင်း၍ အရသာရှိလှပါသည်။ အိန္ဒိယလက်ဖက်ရည် တစ်ခွက်စီ မှာသောက်၍ ခေတ္တနားပြီး ရာဇဂြိုဟ်မြို့သစ်ဆီသို့ ခရီးဆက်ခဲ့ကြပါသည်။

## ကမ္ဘာကျော် နာလန္ဒာတက္ကသိုလ်

နာလန္ဒာသို့ သွားရာလမ်းခရီး၌ နက္ခတ်ပွဲသဘင် ဆင်ယင်းကျင်းပရန် ပြင်ဆင်ထားသော နေရာကို ကားပေါ်မှ တွေ့ရသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းက နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပခဲ့သော ကုန်းတော်နေရာဖြစ်ကြောင်း သိရသည်။ နေ့လယ် ၁၂ နာရီခန့်တွင် ရှေးဟောင်း နာလန္ဒာတက္ကသိုလ် အဆောက်အအုံများ တည်ရှိခဲ့သော နေရာသို့ ရောက်ရှိကြသည်။

ယခုအခါ တက္ကသိုလ်ကြီး၏ အဆောက်အအုံ တစ်ပိုင်းတစ်စ အုတ်ခုံနေရာများသာ ကျန်ရစ်တော့၏။ တစ်ချိန်က အလွန်ကြီးကျယ်ခမ်းနားခဲ့သော သာသနာ့တက္ကသိုလ်ကြီး တစ်ခု၏ ပုံရိပ်ကို ပြန်လည်ပုံဖော်ကြည့်မိသည်။ စာရေးသူတို့သည် ဝင်ကြေး ရူပီး ၅၀ စီပေး၍ နာလန္ဒာတက္ကသိုလ် ပရိဝုဏ်ထဲသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဤတက္ကသိုလ်ကြီး၏ အတိတ်သမိုင်းကား ခါးသီးလှပါ၏။

နာလန္ဒာကျောင်းတော်ကြီးသည် တစ်ချိန်က ဘီဟာပြည်နယ် ဘီယာရှစ်ဖ်ခရိုင် ရာဇဂြိုဟ်မြို့၏ မြောက်ဘက်၌ တည်ရှိခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော်က အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓစာပေများ သင်ကြားပို့ချရာ တက္ကသိုလ်များစွာအနက် နာလန္ဒာသည် ထင်ရှားကျော်ကြားသော တက္ကသိုလ်ကြီးဖြစ်သည်။ အေဒီ ၅ရာစုခန့်တွင် နာဂအဇ္ဈုန ဆရာတော်နှင့် ကုနာရဂုတ္တမင်းတို့ စတင်တည်ထောင်ခဲ့သည်ဟု အဆိုရှိ၏။ ကျောင်းဆောင်များသည် မှန်၊ အုတ်ကြွပ်များ

www.burmeseclassic.com

မိုး၍ အခန်းနှင့်တိုင်လုံးများကိုလည်း ပတ္တမြားကျောက်မျက်ရတနာများ စီခြယ်ထားသဖြင့် အလွန်ခမ်းနားတင့်တယ်ပါသည်။

ကျောင်း၏ပတ်မတ်လည်တွင် ပိဋကတ်တိုက်ကြီးများဆောက်လုပ်ထားသည်။ ကျောင်းဆောင် ၁၈၀ ကျော်ရှိ၍ သင်ကြားပို့ချသော ဆရာများမှာ ၁၅၀၀ ခန့်ရှိခဲ့သည်။ နိုင်ငံပေါင်းစုံမှ စာသင်သားတပည့်ပေါင်း တစ်သောင်းကျော်ခန့် စာပေသင်ယူခဲ့ကြသည်။ ဤကျောင်းတော်ကြီးတွင် မဟာယာနစာပေနှင့် ဗြာဟ္မဏဗေဒစာပေများ သင်ကြားပို့ချခဲ့သည်။ သို့သော် ထေရဝါဒဗုဒ္ဓဘာသာသည် သာသနာနှစ် ၆၀၀ ခန့်တွင် အိန္ဒိယနိုင်ငံ၌ ပျောက်ကွယ်သွားခဲ့သဖြင့် ဝမ်းနည်းဖွယ် ကောင်းလေစွ။

အေဒီ ၁၁ ရာစုအကုန်၌ အိန္ဒိယနိုင်ငံ၏ အချို့ပြည်နယ်ဒေသများ မဂိုဘုရင်လက်အောက်သို့ ကျရောက်ခဲ့သည်။ တူရကီမြင်းတပ်မှ မွတ်စလင်စစ်ဗိုလ် မိုဟာမက်ဆက်ခလီးယားခ်ိလီဂျီနှင့် ယင်း၏တပ်သားများသည် နာလန္ဒာတက္ကသိုလ်ကို ဝင်ရောက်စီးနင်းကြ၏။ တက္ကသိုလ်၏ အဖိုးတန်ရတနာများ လုယက်ယူဆောင်၍ သံဃာတော်အားလုံးကို အရှင်လတ်လတ် မီးရှို့သတ်ခဲ့သည်။ ကျောင်းတော်ကြီးနှင့်တကွ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ၊ စာပေကျမ်းဂန်များ အားလုံးကို မီးရှို့ဖျက်ဆီးခဲ့ကြ၍ အစားထိုးမရနိုင်သည့် ဗုဒ္ဓအမွေအနှစ်များ ဆုံးရှုံးခဲ့ရပါသည်။ ယခုအခါ အိန္ဒိယအစိုးရသည် ရှေးဟောင်းဗုဒ္ဓစာပေ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းရန် နာလန္ဒာတက္ကသိုလ်အသင်းနှင့် မာဂဓတက္ကသိုလ် စသည့် ဗုဒ္ဓတက္ကသိုလ်များ ပြန်လည်အစားထိုး ထူထောင်ပေးခဲ့ပါသည်။

နာလန္ဒာကျောင်းတော်ကြီးထဲတွင် လှပသော ရောင်စုံဂန္ဓမာပန်းများ ဖူးပွင့်ဝေဆာနေပါသည်။ ကျောင်းတော်ကြီးအဝင်လမ်းမ ဝဲယာတစ်ဖက်တစ်ချက်တွင် ရေတမာပင်များ စီတန်း၍ စိုက်ထားသဖြင့် အေးမြသော အရိပ်အောက်၌ လန်းဆန်း၍ အမောအပန်းများ ပြေသွားပါသည်။ တစ်ချိန်က ခမ်းနားထည်ဝါခဲ့သော စာသင်ခန်းများ၊ စာကြည့်တိုက်များ၊ အိပ်ဆောင်များ၊ ရေတွင်းရေကန်များ၏ တည်နေရာကို စိတ်ကူးပုံဖော် ကြည့်မိပါသည်။

## ဘီယာရှစ်ဖ်ခရိုင်မြို့

နေ့လယ် ၁ နာရီခွဲတွင် နာလန္ဒာတက္ကသိုလ်နယ်မြေမှ ပြန်လည်ထွက်ခွာ၍ ခရီးဆက်ခဲ့ကြသည်။ ဘီယာရှစ်ဖ်ခရိုင်မြို့ကြီးသို့ ရောက်သောအခါ ပုံပန်းမကျသော အိန္ဒိယဒီဇိုင်းပုံစံ တစ်ဖက်တစ်ချက် တိုက်တာအဆောက်အအုံများ၊ ညစ်ပေနေသော ဆိုင်ခန်းနှင့်လမ်းများ၊ အမှိုက်ပုံများ၊ ပျားပန်းခတ် သွားလာနေကြသော အိန္ဒိယနွယ်ဖွားများကို တွေ့ရ၏။ ဘီယာရှစ်ဖ်မြို့မှ အထွက်တွင် ဂျိန်းဘုန်းကြီးကျောင်း တစ်ကျောင်းကို တွေ့မြင်ရသည်။ ဂျိန်းဘုန်းကြီးများသည် ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့သော အစွန်းရောက် တရားကျင့်ကြံအားထုတ်သူများ ဖြစ်ကြသည်။ အဝတ်အစား လုံးဝမဝတ်၊ ကိုယ်လုံးတီးနှင့် သီတင်းသုံးကြသော ဂျိန်းဘုန်းကြီးများကို ယခုတိုင် အိန္ဒိယနိုင်ငံ၌ တွေ့မြင်နိုင်ပါသည်။

မွန်းလွဲ ၂ နာရီခန့်တွင် FATUUA မြို့လေးသို့ရောက်၏။ လမ်းဘေးဝဲယာတစ်လျှောက် အသီးမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ ပုံ၍ ရောင်းနေ ဝယ်နေကြကာ လမ်းမပေါ်၌ စည်းကမ်းမရှိ သွားလာနေသောလူများ၊ ဆိုင်ကယ်များ၊ ကားများကြောင့် အချိန်ကြန့်ကြာသွားခဲ့ရပါသည်။ ညနေ ၄ နာရီတွင် ယာဉ်မောင်းက မီနီဘတ်စ်ကို ကားကုမ္ပဏီခွဲ၌ ခေတ္တနားရန် အင်ဂျင်ဝိုင် ပြန်လည်စစ်ဆေးရမည်ဟုပြော၏။ FORCE ကား ကုမ္ပဏီခွဲရုံးသို့ရောက်၍ နာရီဝက်ခန့် ကားအင်ဂျင်ဝိုင်ကို ယင်း ကုမ္ပဏီ၏ မက္ကင်းနစ်တစ်ဦးက စစ်ဆေး၍ လိုအပ်သည်များ ပြုပြင်ပေး၏။ ကားပြုပြင်ပြီးနောက် ပတ္တနားသို့ ခရီးဆက်ကြပါသည်။

## ပါဋလိပုတ္တ သို့မဟုတ် ပတ္တနားမြို့

ညနေ ၄ နာရီခွဲတွင် ပါဋလိပုတ္တခေါ် ပတ္တနားမြို့သို့ ရောက်ရှိကြ၏။ ပတ္တနားမြို့ထဲ ဝင်သောအခါ ပတ္တနား မြန်မာ ဘုန်းကြီးကျောင်းသို့ ဦးစွာသွားရောက်ပါသည်။ နာလန္ဒာမှ ပတ္တနားအထိ ခရီးအကွာအဝေးမှာ မိုင် ၇၀ ခန့်ရှိသည်။

ဦးဇင်းက ကြိုတင်စုံစမ်းထား၍ ပတ္တနားကျောင်း၏ ဆရာတော်က အခန်းများ စီစဉ်ပေးပါသည်။ ဘုရားဖူးများ၏ ညစာအတွက် ဦးဇင်းကိုယ်တိုင် ပတ္တနားကျောင်းရှိ မြန်မာ လူငယ်များနှင့်အတူ မီးဖိုချောင်ဝင်၍ စီမံပေးပါသည်။ ညနေ ၆ နာရီတွင် ညစာသုံးဆောင်ကြ၍ ၇ နာရီခန့်တွင် ဆရာတော်က လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ဆရာတော်ထံ ငါးပါးသီလ ခံနေကြပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တွင် ပတ္တနားမြို့ကို ပါဋလိပုတ္တဟု ခေါ်ဆိုခဲ့ကြသည်။ ပါဋလိသည် သခွပ်ပင်ဟု အဓိပ္ပာယ်ရ၏။ ယခုအခါတွင် ဘီဟာပြည်နယ်၏ မြို့တော်ကို ပတ္တနားဟု ပြောင်းလဲခေါ်ဝေါ်ကြသည်။ ပတ္တနား ဆိုသည်မှာ ဆိပ်ကမ်းဟု အဓိပ္ပာယ်ရ၏။ ဂင်္ဂါမြစ်၊ ဆွန်းမြစ်နှင့် ဂန္ဒတ်မြစ် သုံးခုပေါင်းဆုံရာအနီး၌ တည်ရှိသောကြောင့် ပတ္တနားဟု မှည့်ခေါ်ခြင်းဖြစ်သည်။ ပတ္တနားမြို့ကို ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းက တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဝေသာလီနိုင်ငံမှ ဝဇ္ဇီမင်းတို့၏ရန်မှ ကာကွယ်ရန် ရည်ရွယ်၍ ခံတပ်မြို့အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း မှတ်သားခဲ့ရပါသည်။

❖

www.burmeseclassic.com

၂၅.၁၂.၂၀၁၂ (အင်္ဂါနေ့)

**အာသောကဗီလာ သို့မဟုတ်**
**သီရိမဟာသောကမင်း၏ ဥယျာဉ်**

နံနက် ၅ နာရီထ၍ ခရီးဆောင်အိတ်နှင့် သေတ္တာများ ဘတ်စ်ပေါ်သို့ တင်ကြသည်။ ဆွမ်းစားဆောင်၌ နံနက်စာ တ်ဥထမင်းကြော် သုံးဆောင်ကြသည်။ ၆နာရီခွဲတွင် နားကျောင်း၏ ဆရာတော်နှင့် သံဃာများအား ကန်တော့ မွခရီး ဆက်ခဲ့ကြပါသည်။ ရှေ့ဦးစွာ အာသောကဗီလာ သွားရောက်လေ့လာကြသည်။ အာသောကမင်းခေါ် သီရိ သောကမင်း ဆောက်လုပ်ခဲ့သော သမိုင်းဝင်အဆောက် နှင့် ဆေးရုံနေရာများရှိသည့် ကျယ်ဝန်းသော ဥယျာဉ် အတွင်းသို့ သွားရောက်ကြပါသည်။ ယခုအခါ တစ်ပိုင်း အုတ်ခုံနေရာများသာ ကျန်ရစ်ခဲ့ပါသည်။

သီရိမဟာသောကမင်းသည် ဗုဒ္ဓဘာသာမင်း မဖြစ်မီ လတွင် နောင်တော် ညီတော် ၉၉ ဦးကို သတ်ဖြတ်၍ န်းစည်းစိမ် ရယူခဲ့သည်။ အိန္ဒိယဒေသတွင် စစ်ပွဲများ ကြိမ်ဆင်နွှဲ၍ စစ်သည်ထောင်ပေါင်းများစွာ ကျဆုံးခဲ့ သည်။ တိုင်းသူပြည်သားများလည်း စစ်ဘေးဒဏ်ကြောင့် န်းဆင်းရဲ ဒုက္ခအတိရောက်ခဲ့ကြ၏။ ကလိင်္ဂစစ်ပွဲသည် တိုင်းပြည်လုံး ဒုက္ခပင်လယ်ဝေခဲ့သောကြောင့် သံဝေဂ ရခဲ့သည်။

နိဂြောဓသာမဏေ၏ အပ္ပမာဒတရား နာကြားခဲ့ရပြီး သီရိဓမ္မာသောကမင်းသည် ဗုဒ္ဓဘာသာကို သက်ဝင် ည်ခဲ့ပါသည်။ ပါဋလိပုတ်မြို့မှ ရရှိသော အခွန်ဘဏ္ဍာ န်းအနက် နိဂြောဓမထေရ်၏ ပစ္စည်းလေးပါးအတွက် သိန်း၊ ဓမ္မရတနာအတွက် တစ်သိန်း၊ တရားကိုဆောင် ရဟန်းတော်များအတွက် တစ်သိန်း၊ မြို့တံခါး လေး တို့၌ သံဃာများဆေးပစ္စည်းအတွက် တစ်သိန်း၊ ဘုရား စေတီ၌ ပန်းများပူဇော်ရန် တစ်သိန်း စုစုပေါင်း ငါးသိန်း သာသနာတော်အတွက် နေ့စဉ်လှူဒါန်းခဲ့ပါ၏။

သီရိဓမ္မာသောကမင်းသည် ဗုဒ္ဓသာသနာတော် သန့် အတွက် ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူ၍ သင်္ဂါယနာကို တင်ခဲ့ကြောင်း မှတ်သားရပါသည်။ နာတော်နှစ် ၂၃၆ ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိ သရဟန္တာမထေရ်မြတ် ဦးဆောင်၍ ရဟန္တာမထေရ် တစ်ထောင်တို့မှ ကိုးလတိုင်တိုင် တတိယသင်္ဂါယနာ ည်။

င်းကြီးသည် သားတော် သမီးတော်တို့ကို သာသနာ သွတ်သွင်း၍ သာသနာ့ဒါယကာအဖြစ် ခံယူခဲ့သည်။ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ ပေါင်း ၈၄၀၀၀ စသည်တို့ကို ဗုဒ္ဓသာသနာတော် အတွက် ရည်ရွယ်၍ ကုသိုလ်ကောင်းမှုများ ရက်ရောစွာ ပြုလုပ် လှူဒါန်းခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီး၏ "ငါသည် ခပ်သိမ်းသော ပြည်သူတို့၏ ကြီးပွားချမ်းသာရေးကိုသာ အလေးပေးဆောင် ရွက်ရမည့် တာဝန်ထက် ကြီးလေးသော တာဝန်မရှိ"ဟူ၍ နှလုံးသွင်းမှုသည် အလွန်မြင့်မြတ်သော စိတ်ထားဖြစ်သည်။ လေးစားအတုယူ လိုက်နာကျင့်သုံးဖွယ်ကောင်းလေစွ။

**ဂန္ဓိတံတားကြီး**

ဘုရားဖူးအဖွဲ့သည် အာသောကဗီလာမှ ခရီးဆက်ခဲ့ ကြရာ ခုနစ်ကီလိုမီတာရှည်လျားသော ဂန္ဓိတံတားကြီးသို့ ရောက်၏။ ဂန္ဓိတံတားပေါ်မှ ဂင်္ဂါမြစ်၏တစ်ဖက်ကမ်းသို့ ဖြတ်ကူးကြပါသည်။ တံတားကြီးပေါ်မှ ဂင်္ဂါမြစ်ပတ်ဝန်းကျင် လေ့လာသောအခါ စိမ်းစိုသော ငှက်ပျောစိုက်ခင်း၊ ဂျုံခင်းနှင့် အာလူးစိုက်ခင်းများကို စိုက်ပျိုးထားသည်မှာ သောင်ပြင် တစ်ခုလုံးကို မြကတ္တီပါ ဖုံးအုပ်ထားသကဲ့သို့ စိမ်းစိုလှပနေပါ သည်။ ၁၅ မိနစ်ခန့် မောင်းခဲ့ရာ CHAPRA မြို့လေးသို့ ရောက်သည်။ လမ်းဘေးတစ်လျှောက် ငှက်ပျောသီးများ ရောင်းသည့် ဆိုင်များတွေ့၍ ငှက်ပျောနှစ်ဖီးဝယ်ယူပြီး ဝမ်း ဖြည့်ကြ၏။ ဖီးကြမ်းမျိုးစိတ်ဖြစ်၍ အရသာချိုမွှေးလှပါသည်။

**ဝေသာလီမြို့ဟောင်းသို့**

နံနက် ၈ နာရီခွဲတွင် GHATARO မြို့သို့ရောက်၏။ တောမြို့လေးဖြစ်၍ စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်း ကျောင်းသည့် အိန္ဒိယတောင်သူဦးရေ များသည်။ မြို့၏ပတ် ဝန်းကျင်၌ သရက်၊ ကြက်ဆူနှင့် ထန်းပင်များ၊ ငှက်ပျောစိုက် ခင်းများ တွေ့ရသည်။ အိမ်တိုင်းတွင် ကျွဲ၊ နွား၊ ဆိတ်များ မွေးမြူထားကြ၏။ အိန္ဒိယမှ ဝက်များမှာ နှုတ်သီးချွန်၍ အမွေး ကြမ်းသည့် တောဝက်မျိုးစိတ်များဖြစ်ပုံရသည်။ ၉ နာရီတွင် ဝေသာလီမြို့ဟောင်းသို့ ရောက်ရှိကြပါသည်။

ဘုရားရှင်လက်ထက်က ဝေသာလီနိုင်ငံသည် အလွန် တိုးတက်စည်ကားသည်။ တံတိုင်းသုံးထပ် တည်ဆောက်ထား သောကြောင့် ဝေသာလီဟု ခေါ်တွင်၏။ ဝဇ္ဇီမင်း ၇၇၀၇ ဦးက အလှည့်ကျအုပ်ချုပ်သော စနစ်ဖြစ်၍ အလွန်ညီညွတ် ကြပြီး ဒီမိုကရေစီနည်းလမ်းကျသော နိုင်ငံဖြစ်ခဲ့ပါသည်။

**ဝေသာလီ၏ ထင်ရှားသော သာသနာ့မှတ်တမ်းများ**

ဘုရားရှင် လက်ထက်တော်ကာလတွင် ဝေသာလီ ပြည်၌ ကပ်ဘေးကြီးဆိုက်ရောက်၍ ပြည်သူအများ အင်္ဂတေ ဘေးဆိုက်ကာ သေကျေပျက်စီးခဲ့ကြသည်။ မြတ်စွာဘုရားရှင် နှင့် နောက်ပါသံဃာတော်များကို ပင့်ဆောင်ခဲ့ကြ၏။ ဘုရား ရှင်နှင့် သံဃာတော်အပေါင်း ဝေသာလီဆိပ်ကမ်းသို့ ရောက်





www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် တစ်ပြိုင်နက် ပေါက္ခရဝဿမိုးကြီး ရွာသွန်းသဖြင့် တစ်မြို့လုံး သန့်ရှင်းစင်ကြယ်သွားခဲ့သည်။ ဘုရားရှင်မှ ရတနသုတ်ပရိတ်တရားတော် ဟောကြားတော်မူခဲ့သည်။ အရှင်အာနန္ဒာမထေရ်ကိုယ်တိုင် ညဥ့်လုံးပေါက် ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်၍ ပရိတ်ရေ ပက်ဖျန်းစေခဲ့သဖြင့် ဝေသာလီမြို့သည် ကပ်သုံးပါးဘေးရန်မှ လွတ်ကင်းသွားခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

ဝေသာလီ၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ၏ တောင်းပန်လျှောက်ထားချက်အရ မိထွေးတော် ဂေါတမီနှင့် မင်းသမီး ငါးရာတို့အား ရဟန်းဝတ်ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ဘိက္ခုနီသာသနာအစ ဝေသာလီကဟု ဆိုနိုင်ပေသည်။ အခြားထင်ရှားသော သာသနာမှတ်တိုင်တစ်ခုမှာ ဘုရားရှင်သည် ၄၅ ဝါမြောက် နောက်ဆုံးဝါကို ဝေသာလီပြည်အနီးရှိ ဝေဠုဝရွာလေးတွင် ဝါဆိုတော်မူခဲ့၏။ ဝေသာလီပြည် စာပါလစေတီ၌ သီတင်းသုံးတော်မူစဉ် အာယုသင်္ခါရ လွှတ်တော်မူခဲ့သဖြင့် မြေငလျင် ပြင်းစွာလှုပ်ခဲ့ပါသည်။

## ဝေသာလီ၊ လိစ္ဆဝီနှင့် ဗန္ဓုလ

စာရေးသူတို့အဖွဲ့ ဝေသာလီမြို့ဟောင်းနေရာ ပတ်ဝန်းကျင်သို့ လေ့လာကြည့်ရှုသောအခါ သန့်ရှင်းကြည်လင်သော ရေကန်ကြီးတစ်ကန် တွေ့ရသည်။ တစ်ချိန်က လိစ္ဆဝီမင်းများ ရေကန်ကြီးဖြစ်၍ ရေကန်၏ ပတ်ဝန်းကျင်သည် ပန်းခြံတစ်ခုကဲ့သို့ ကြည်နူးဖွယ် ပြုပြင်ထားသည်။

စစ်သူကြီး ဗန္ဓုလ၏ဇနီး မလ္လိကာသည် အဆိုပါ ရေကန်မှ ရေဖြင့် ရေချိုးချင်သော ချင်ခြင်းတပ်၏။ ဗန္ဓုလ စစ်သူကြီးမှာ ဇနီး၏ဆန္ဒကို ဖြည့်ဆည်းပေးရန် လိစ္ဆဝီမင်းတို့ကို သတ်၍ ရေကန်မှ ရေကို ယူဆောင်ခဲ့သည်။ ထိုမှ တစ်ဆင့် ခရီးဆက်ခဲ့ကြရာ ဝေသာလီနိုင်ငံကို အုပ်ချုပ်သော လိစ္ဆဝီမင်းတို့၏ ဘုရားရှင်ဓာတ်တော်များ ဌာပနာထားရာ ဓာတ်တော်စေတီသို့ ရောက်ရှိခဲ့ကြသည်။ ဘုရားရှင်၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများ၍ ဓာတ်တော်များ ကိန်းဝပ်ရာ စေတီကို ပူဇော်ကြပါသည်။

## ကူဋာဂါရ ကျောင်းတော်ရာ

နံနက် ၁၀ နာရီခန့်တွင် ကူဋာဂါရ ကျောင်းတော်ရာသို့ ရောက်ရှိခဲ့ကြသည်။ သီရိမဟာသောကမင်းကြီးသည် ဤကျောင်းတော်ရာစေတီကြီးကို ပြုပြင်မွမ်းမံခဲ့သော အထိမ်းအမှတ် နေရာများကို တွေ့ရ၏။ စေတီကြီးအနီးတွင် ရေကန်တစ်ကန်နှင့် ခြသေ့်ရုပ်ပါသည့် ကျောက်တိုင်တစ်တိုင် တွေ့ရှိရပါသည်။

❒ ဒေါက်တာအောင်အောင်မင်း




# အကြောပြင်ဆရာကြီး ဦးအေးထွန်း


ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

**လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။**

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈

www.burmeseclassic.com




# ဘန်ကောက်မှ ကဗျာသုံးခု

## ဉာဏ်ပွင့်(စက်မှု)

**(ယခင်လမှအဆက်)**

"ညီလေးရေ ဒီတစ်ခေါက်တော့ SAFARI WORLD သွားမှာပေါ့နော်"

"ဟုတ်တယ်၊ SAFARI WORLD ကို သွားတယ်"

"SAFARI WORLD ကို မေကြီး ဘယ်လိုခေါ်သွားသလဲ"

"အဲဒါက SAFARI WORLD ရဲ့ အားသာချက်ပဲ၊ ကျွန်တော့်အမေလို WHEEL CHAIR နဲ့ လာတဲ့သူတွေ အများကြီးပဲ၊ နေရာတကာမှာ WHEEL CHAIR သမားတွေအတွက် စဉ်းစားပေးထားတယ်၊ ကျွန်တော်တို့က တစ်နေကုန်အတွက် ကားငှားလိုက်တယ်၊ WHEEL CHAIR ထည့်ရမှာဆိုတော့ ကားကြီး ငှားလိုက်တယ်၊ ဘတ်ငွေ ၂၅၀၀ ပေးရတယ်၊ မြန်မာငွေဆို ခုနစ်သောင်းခွဲလောက်ကျတယ်"


"ဝင်ခကော အရင်တစ်ခေါက်လို ခံခဲ့ရတာလား"

"ဟုတ်တယ်၊ ခံခဲ့ရတယ်၊ လမ်းညွှန် GUIDE ခေါ်လာရင် ကုမ္ပဏီကြေးနဲ့ဆို ဘတ်ငွေ ၇၀၀ ပဲ၊ လမ်းညွှန် GUIDE အတွက် ပေးစရာမလိုဘူး၊ ခုတော့ GUIDE က တစ်ယောက်ဝင်ခ ၁၁၀၀ ဆိုင်းဘုတ် လက်ညှိုးထိုးပြီး သူ့အတွက်ပါ ယူသွားတယ်၊ ဒါတောင် မြန်ခါနီးမှသိတာ၊ ဘာမှမတတ်နိုင်ဘူး၊ GUIDE ပါတော့လဲ တစ်မျိုးကောင်းပါတယ်၊ ဟိုနား မုန့်ဝယ်၊ ဒီနား ပစ္စည်းဝယ်၊ အထုပ်သယ် သူအားလုံးလုပ်တယ်၊ ကိုယ်က သူဌေးလို စမတ်ကျကျ သွားနိုင်တယ်"

"သူများနိုင်ငံမှာ သူဌေး သွားလုပ်ရတာ ကောင်းပါတယ်"

"သူတို့နိုင်ငံတွေက ပိုက်ဆံရှာတဲ့ပုံစံကတော့ ပညာယူဖို့ကောင်းတယ်၊ ခုဆိုရင် မြန်မာတွေ လာတာများလို့ တော်တော်များများနေရာတွေ ဈေးတက်ကုန်ပြီ၊ အရင်က စင်္ကာပူ၊

www.burmeseclassic.com






မလေးရှား၊ ဘန်ကောက် သုံးနိုင်ငံလုံးသွားမှ ငါးသိန်းလောက် ရှိတယ်၊ ခုဆိုရင် စင်ကာပူတစ်နိုင်ငံတည်းတောင် ရှစ်သိန်းကနေ ဆယ်သိန်းလောက် ပေးရတယ်"

"သူတို့နိုင်ငံဘက်ကပဲ တက်တာလား၊ ကိုယ်တို့ မြန်မာကုမ္ပဏီတွေ တွက်ခြေမကိုက်လို့ ဈေးတက်တာကော မဖြစ်နိုင်ဘူးလား"


"အဘက်ဘက်က ဖြစ်နိုင်ခြေရှိပါတယ်၊ Tour ကုမ္ပဏီတွေ များလာတာတွေ၊ အခွန်အခတွေ၊ ဝန်ထမ်းစရိတ်တွေ အများကြီးဖြစ်နိုင်ပါတယ်၊ လည်စရာတွေ ပိုများလာလို့လဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဈေးအများကြီးတက်တာတော့ ခရီးသွားတွေအတွက် အဆင်မပြေဘူး"

"ညီလေးကတော့ ဈေးတက်တာတောင် သွားတုန်းပဲနော်"

"ဝါသနာကိုး၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်နေရာနဲ့ တစ်နေရာ အားသာချက် အားနည်းချက်တွေလဲ မြင်ရတယ်၊ စိတ်ပင်ပန်းမှုတွေလဲ သက်သာတယ်၊ ခုလဲကြည့်လေ SAFARI WORLD ထဲက SAFARI PARK ဆိုရင် ကားနဲ့လိုက်ကြည့်ရတယ်၊ ကားပျက်သွားတာတောင် မဆင်းခိုင်းဘူး၊ ဝန်ထမ်းတွေ လာကူလိမ့်မယ်တဲ့၊ တိရစ္ဆာန်တွေကို လမ်းမှာ ဒီအတိုင်းလွှတ်ထားတာ၊ ကိုယ့်ကားနဲ့ကိုယ် ကြည့်ရတာကိုက အရသာရှိတာ၊ သူတို့ကားဆိုရင် အရသာရှိမှာ မဟုတ်ဘူး၊ အချို့











www.burmeseclassic.com

www.burmeseclassic.com











တိရစ္ဆာန်တွေက ကားသေးလေးတွေကို ရန်ပြုဖို့လုပ်တာ၊ မလွယ်ဘူး၊ တချို့လူတွေက ကားထဲကနေ မျိုးစုံ စကြတာ။

ဒါနဲ့ စတွေ့တာက ကုလားအုတ်တွေပဲ၊ သူတို့ကတော့ အေးအေးဆေးဆေးပဲ၊ ကားနားဖြတ်ပြီး အော်သွားသေးတယ်၊ ငှက်တွေကလဲ ကုလားအုတ်တွေ ဝန်းကျင်မှာ ပျံနေတာ သဘာဝကျတယ်၊ မြင်းကျားတွေကလဲ အဖွဲ့လိုက်ပဲ၊ သစ်ပင်အမြင့်ကြီးတွေမှာ ငှက်ကြီးတွေနဲ့ ပြည့်နေတာပဲ၊ အချုပ်အနှောင်မရှိပေမယ့် အဝေးကို မပျံသွားတာလဲ အံ့ဩစရာပဲ၊ ငှက်ကြီးဝံပိုတွေကိုတော့ ဝင်းခတ်ထားတယ်၊ အခြားတိရစ္ဆာန်တွေနဲ့ မတည့်လို့ထင်တယ်၊ အာဖရိက ကြံ့ကြီးတွေလဲ တွေ့ရတယ်၊ ရေကန်အကြီးကြီးတစ်ကန် လုပ်ထားတယ်၊ ငှက်တွေကတော့ အဲဒီရေကန်နားမှာပဲ နေတယ်၊ ရေကန်အလယ်မှာရော၊ ဘေးပတ်လည်မှာရော သစ်ပင်တွေစိုက်ထားတယ်"

"တော်တော်လေး သာယာတဲ့နေရာ ဖြစ်မှာပဲ"


"ဟုတ်တယ်၊ အဲဒီနေရာက ကားပေါ်က ဆင်းလဲ အန္တရာယ်ကင်းတယ်၊ ကျွန်တော်တို့လဲ ကားမှန်ချပြီး ဓာတ်ပုံရိုက်ကြတာ၊ ကျွန်တော်ဆိုရင် ရေကန်နားသွားထိုင်ပြီး လေကောင်းလေသန့်ရှူရင်း အေးအေးဆေးဆေး နားပစ်လိုက်ချင်တာ၊ ကားတွေများပေမယ့် တိရစ္ဆာန်တွေကလဲ အန္တရာယ်မရှိဘူးဆိုတာ သိတယ် ထင်တယ်၊ အေးအေးဆေးဆေး သက်သောင့်သက်သာနဲ့ သူတို့သဘာဝအတိုင်း နေကြတယ်၊







www.burmeseclassic.com


www.burmeseclassic.com











ကျွန်တော်တို့ဆိုရင် ရေကန်နားမှာ ကားရပ် မှန်ချပြီးတော့ အေးအေးဆေးဆေး နားနေလိုက်သေးတယ်"

"ကားလမ်းက အကျယ်ကြီးလား"

"ကျယ်တယ်၊ ကားရပ်ထားရင် ကျော်တက်သွားကြတာပဲ၊ အားလုံးက ဖြည်းဖြည်းပဲ မောင်းကြတာကိုး၊ နောက် ကုလားအုတ်အဖွဲ့တွေ တွေ့တယ်၊ သူတို့အတွက်က အမိုးအမြင့် သက်ငယ်မိုးတွေ လုပ်ထားပေးတယ်၊ သန့်ရှင်းရေးလုပ်သားတွေနဲ့လဲ ရင်းနှီးနေပုံပဲ၊ ငှက်ကြီးတစ်ကောင်ဆို ကားနားအထိ လာကြည့်တယ်"

"စပ်စုတဲ့ ငှက်တွေလဲ ရှိတာကိုး"

"ငှက်မှာလဲ ကြောက်တတ်တဲ့ငှက်၊ စပ်စုတဲ့ငှက်တွေ ရှိမှာပေါ့၊ တချို့ ငှက်တွေဆို ဘယ်လို ခေါ်မလဲ မသိဘူး၊ အရောင်အသွေးမျိုးစုံနဲ့ တော်တော်လှတယ်၊ သမင်လေးတွေကိုတော့ ကျွဲလိုလို နွားလိုလို အကောင်ကြီးတွေနဲ့ တွဲထားတယ်၊ သမင်လေးတွေနေဖို့ အမိုးလေးတွေက မှိုပုံစံလေးတွေ လုပ်ထားပေးတယ်၊ စိတ်ကူးမျိုးစုံ ပုံဖော်ထားတာ၊ ပိုက်ဆံရှိတော့လဲ စိတ်ကူးပုံဖော်နိုင်တာပေါ့"

"အစ်ကိုတို့ကတော့ စိတ်ကူးတွေကို အကောင်အထည်ဖော်ဖို့ နေနေသာသာ မနည်းရုန်းနေရတယ်"

"ဖော်ပေါ့ဗျာ၊ လပြည့်ဝန်းမဂ္ဂဇင်းကို ဘယ်လိုလုပ်မယ်၊ ဘယ်လိုကဏ္ဍတွေ ထပ်ထည့်မယ်၊ အစ်ကိုက ဘီယာတိုက်မယ့်လူရှိရင် ဘီယာဆိုင်မှာပဲ ပုံဖော်နေတာကိုး"

"ဟဲဟဲ . . . ဒီအကြောင်း ဆက်မပြောနဲ့တော့လေ၊ တိရစ္ဆာန်လေးတွေအကြောင်း ဆက်ပါဦး"




www.burmeseclassic.com


www.burmeseclassic.com









"ကဲ, ဆက်ပြီ၊ နွားရိုင်းတွေလဲ တွေ့တယ်၊ သူတို့လဲ ဥကြီးတစ်ခုလုံးကို အလှမဆင်နိုင်သေးပါဘူး၊ အချို့ တွေ ခုမှ ပြင်တုန်းပဲ၊ နောက် ကြံ့ဖြူတွေကိုလဲ တွေ့ ယ်၊ တောင်ဆိတ်လှလှလေးတွေလဲ တွေ့ရတယ်၊ တကယ် ဒီကောင်တွေက အရိုင်းကောင်တွေ၊ ကျွန်တော်တို့က နေမကျတဲ့ အကောင်ဆိုရင် ပိုလှတယ်လို့ ထင်မိတာကိုး၊ ်ိုင်းခြောက်တွေကို လွှင့်မပစ်ဘဲ လှတပတလေးဖြစ် င် လုပ်ထားတယ်၊ ဒါမှ တိရစ္ဆာန်တွေက တောထဲရောက် လို့ ထင်အောင်လို့လား မသိဘူး၊ ကျွန်တော် စိတ်အဝင် ်းက ကျားစာကျွေးတာပဲ၊ ကျွန်တော်တို့လဲ ကျားစာ တဲ့နောက် လိုက်တာ၊ လိုက်ရင်း ဟိုကြည့်ဒီကြည့်နဲ့ ြည်ပျက်သွားပြန်ရော"


"ငါ့ညီကလဲ ကောင်းခန်းမှ မီးပျက်သွားသလိုပဲ"

"နွားသိုးကြီးတွေ ထားတဲ့နေရာကစပြီး ကားပေါ်မှာပဲ ဆိုတဲ့ ဆိုင်းဘုတ်ထပ်ချိတ်ထားတယ်၊ အဲဒီနေရာကျော် ကျား ခြင်္သေ့နေရာ ရောက်တာပဲ၊ ခြင်္သေ့တွေကလဲ အုပ်စုနဲ့သူ၊ ကျားတွေကလဲ သူတို့အုပ်စုနဲ့သူပဲ၊ ခြင်္သေ့ ငြိမ်တယ်၊ ကျားတွေက ဒေါသနည်းနည်းကြီးတယ်၊ စီးကဆို ကားပေါ်ကနေ ကျားတွေကို စတာ၊ ကျား င်က အဲဒီကားကို ခုန်အုပ်မလို့လုပ်တာ၊ ကျားထိန်း က်လာလို့ မဟုတ်ရင် အဲဒီကား မလွယ်ဘူး၊ ကား မသိဘူး၊ ကျားတွေက ရန်ရှာတယ်၊ အချို့ကျား ယ်ပြီး သန်မာတော့ ဟန်တော်တော်ပါတယ်၊ ဟိန်း နေတာ ကြောက်ဖို့ကောင်းတယ်၊ ရုပ်ရှင်မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးကြည့်ကောင်းတယ်၊ SAFARI PARK မှာတော့ ကျား ခြသေ့်နေရာကို အကြိုက်ဆုံးပဲ"

"တော်ပါပြီ၊ အစ်ကိုဆိုရင်တော့ မြန်မြန်မောင်းမှာပဲ၊ ပြီးတော့ကော"

"ပြီးတော့ အမြန်မောင်းလာတော့ အရင်မြင်ကွင်းကို အခြားဘက်က ပြန်ကြည့်ရတာပဲ၊ ဝက်ဝံကြီးတွေလဲ တွေ့ သေးတယ်၊ အေးရာအေးကြောင်းပဲ၊ ကျောက်တောင်ပုံစံ ဆောက်ပေးထားတော့ ကျောက်တောင်ပေါ် တက်အိပ်နေ ကြတယ်၊ အခြားတိရစ္ဆာန်တွေ တွေ့ပေမယ့် သိပ်စိတ်ဝင်စား ဖို့ မကောင်းဘူး၊ ဒီလိုနဲ့ SAFARI PARK က ပြန်ထွက်လာ တယ်၊ SAFARI WORLD ထဲက ထွက်တာမဟုတ်ဘူး၊ PARK က WORLD ထဲက အဝန်းအဝိုင်းတစ်ခုပဲ။






ဒါနဲ့ သစ်သီးတွေ၊ အအေးတွေ ဝယ်စားပြီး ခဏနား ကြတယ်၊ သွားတဲ့နေရာတစ်လျှောက်ကလဲ တစ်နေရာနဲ့ တစ်နေရာ မတူအောင် အလှဆင်ထားတယ်၊ ပန်းခြံထဲကို ရောက်သွားသလိုမျိုး၊ ဝါးရုံတောထဲ ရောက်နေသလိုမျိုး၊ သစ်ပင်ကြီးအောက် လျှောက်နေရသလိုမျိုး စီစဉ်ထားတယ်၊ ဓာတ်ပုံရိုက်ဖို့ အရုပ်ကြီးတွေ နေရာတကာရှိတယ်၊ အမှတ် တရ ပစ္စည်းဆိုင်လဲရှိတယ်"

"အမှတ်တရ ပစ္စည်းရောင်းတာကလဲ ဝင်ငွေတစ်မျိုး ပဲကိုး"

"တစ်ခုကောင်းတာက ဆိုင်ထဲမှာ ဝင်ဝယ်လဲ ဒီဈေးပဲ လမ်းတစ်လျှောက် လက်ပွေ့လိုက်ရောင်းတဲ့ သူတွေကလဲ ဒီဈေးပဲ၊ သေသေချာချာ ထိန်းချုပ်ထားပုံပဲ၊ ကျွန်တော် ကမ္ဘောဒီးယားမှာတုန်းက ဆိုင်ထဲကတစ်ဈေး၊ လက်ပွေ့က တစ်ဈေး၊ လက်ပွေ့ရောင်းတဲ့သူ အချင်းချင်းတောင် ဈေးမတူ ဘူး၊ ကျွန်တော်လဲ အမှတ်တရ ဗီစီဒီခွေတစ်ခွေတော့ အား ပေးခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com






ထိုင်နေသော ကောင်မလေး ရေကန်ထဲသို့ ပြုတ်ကျအောင် အပေါ်ဘက်မှ ဘုသီးလေးကို မှန်အောင်ပစ်ကြပါစို့

နောက်တော့ မျောက်လီမှာပွဲ သွားကြည့်တယ်၊ ဒိုင် ကြီးကလဲ မျောက်၊ လက်ဝှေ့ထိုးတဲ့ နှစ်ကောင်ကလဲ မျောက်၊ နားချိန် လမ်းလျှောက်တာလဲ မျောက်ပဲ၊ ဟာသပွဲ ပါ၊ ပြီးတော့ ပန်းခြံကြီးထဲ လျှောက်ကြည့်ကြသေးတယ်၊ ဖျံလီမှာပွဲ သွားကြည့်ကြတယ်"

"မြန်မာနိုင်ငံမှာဆိုရင်တော့ ကလေးတွေ အဲဒီနေရာ ပဲ သွားကြမှာ"

"ဟုတ်တယ်၊ အပန်းလဲဖြေ လမ်းလဲလျှောက်ဖြစ်တယ်၊ လေးတွေကိုကြည့်ရတာ အင်တာနက်ဆိုင်မှာ ဂိမ်းဆော့ Facebook ကြည့်မယ်၊ Chatting လုပ်မယ်၊ အသိပညာ ပြီး ကျန်းမာရေးနဲ့ ညီညွတ်တာ နည်းတယ်၊ အဲဒါတွေ ခေတ်ပဲ ထင်တယ်"

"အစ်ကိုထင်တာတော့ သိပ်မကောင်းဘူးထင်တယ်၊ တွေက ဒါတွေ သေချာကြပ်မတ်သင့်တယ်"

"ဒါတွေက မိဘအများစု နားမလည်တဲ့အရာတွေ၊ ခေတ်က ဒါတွေ မပေါ်သေးဘူး၊ ကလေးတွေ သုံးနေ တွေက သူတို့ထင်ထားတာထက် ပိုပြီးသက်ရောက်တယ် သက်ကြီးပိုင်း မိဘအများစု မသိဘူး၊ ကဲ, ထိုင်းနိုင်ငံ ကြောင်း ဆက်ပြောရအောင်"

"အဲဒီတော့ ဘယ်ဆက်သွားသေးလဲ"

"ဖျံလီမှာပွဲ သွားကြည့်တယ်၊ ဖျံသတ္တဝါဟာ နားလည် မှု IQ မြင့်ပုံပဲ၊ သင်ရင် သင်သလောက် တတ်တယ်၊ ညောင်း လို့ အနှိပ်ခံရတာကတစ်မျိုး၊ ဝမ်းသာရင်တစ်မျိုး၊ ဝမ်းနည်းရင် တစ်မျိုး၊ သူမလုပ်နိုင်လို့ နောက်တစ်ကောင်ကို စစ်ကူသွား တောင်းရတာနဲ့၊ ဖျံပွဲ ကြည့်ကောင်းတယ်၊ ဖျံပွဲပြီးတော့ ခဏ နား ဓာတ်ပုံရိုက်ပေါ့၊ မိကျောင်းနေရာကတော့ ဘာမှ စိတ် ဝင်စားစရာ မရှိပါဘူး၊ ကစားစရာ နေရာလေးတွေလဲ ရှိတယ်၊ ကျွန်တော်တို့ကတော့ ကြည့်ရုံပါပဲ"

"ပွဲတွေက ဘယ်လိုပြတာလဲ"

"ပွဲတွေက အချိန်ဇယားတွေနဲ့၊ ဝင်ပေါက်ကတည်းက အချိန်ဇယား ပေးလိုက်တယ်၊ ၉ နာရီကနေ ၁၀ နာရီ ဘယ်ပွဲ၊








www.burmeseclassic.com

www.burmeseclassic.com



ဖျံ၊ လင်းပိုင်နှင့် မျောက်လိမ္မာတို့၏ ပြကွက်ဆန်းများ

၁၀ နာရီကနေ ၁၁ နာရီ ဘာပွဲ စီစဉ်ပြီးသား၊ အချိန်ဇယား ကြည့်ပြီး ကိုယ်ကြည့်ချင်တဲ့ပွဲ သွားကြည့်လိုက်ရုံပဲ၊ ကျွန်တော် တို့ ဖျံပွဲပြီးလို့ အချိန်ဇယားကြည့်လိုက်တော့ COW BOY ပွဲနဲ့ အချိန်တူနေတယ်၊ ကိုယ်ကြိုက်တာ ကြည့်ပေါ့။

ကျွန်တော်တို့က COW BOY ပွဲ သွားကြည့်တယ်၊ ရဲကောင်းဘွိုင်နဲ့ လူဆိုးကောင်းဘွိုင်အဖွဲ့ ပစ်ကြတဲ့အခန်း ပြတာ၊ ဖောက်ခွဲတယ်၊ ပေါက်ကွဲတယ်၊ ထိုးကြ ကြိတ်ကြနဲ့ တော်တော်လေးကို ကြိုးစားပမ်းစားနဲ့ ဖြေဖျော်ကြတယ်၊ ဘယ်လိုပဲပြောပြော စင်ကာပူက SHOW ပွဲလောက်တော့ မကောင်းဘူး၊ ကျွန်တော်တို့လဲ ပွဲကြည့်ရတာ ငြီးသွား အချိန်နဲ့ နေ့လယ်စာအချိန်နဲ့ ကွက်တိပဲ၊ ဘူဖေးကျွေး စားသောက်ခန်းမကြီး နှစ်ခုရှိတယ်၊ အစ္စလာမ်ဘာသာဝင် အတွက် အစားအသောက်နဲ့ အခြားလူမျိုးတွေအတွက် ခ ကြီးနှစ်ခု ခွဲထားတယ်၊ အစားအသောက်တွေက အလျှံ ပါပဲ။

ဒါပေမယ့် အစားအသောက်တွေက တစ်ခုနဲ့ သဟဇာတ မဖြစ်ဘူး၊ ကျွန်တော်ဆို ဘူဖေးနေရာ များများ စားဖူးပါတယ်၊ အဲဒီ ထိုင်းဘူဖေးစားပြီးတော့ ခ



www.burmeseclassic.com

www.burmeseclassic.com






Show ပွဲကြည့် ပရိသတ်များ





လူမျိုး ဘာသာစုံ စားသောက်နိုင်သော ဘုဖေးခန်းမ



အစ္စလာမ်ဘာသာဝင်များအတွက် သီးသန့်ဘုဖေးခန်းမ



ပါက အောင့်ပြီး အစာအဆိပ်သင့်သလိုဖြစ်တာ၊ ဆေးခန်းက စားသောက်ဆိုင်နဲ့ မလှမ်းမကမ်းမှာရှိတယ်၊ ဒါမျိုးတွေ ခဏ ခဏ ဖြစ်လို့လားတော့ မသိဘူး၊ ကျွန်တော် ပြောလိုက်တာနဲ့ ဆရာဝန်က ဆေးတိုက်ပြီး နှစ်နာရီလောက် အနားယူလိုက်ရင် ကောင်းမယ်လို့ ပြောတယ်၊ တကယ်ပဲ နှစ်နာရီလောက်ကြာ တော့ ကောင်းသွားတယ်၊ အစာအိမ် အခြေခံရှိလို့နဲ့ တူပါ တယ်၊ ကျွန်တော်လဲ အဲဒီနေ့က လမ်းဖြည်းဖြည်းပဲ လျှောက် နိုင်တော့တယ်"

"ထိုင်းအစားအသောက်အကြောင်း ဗဟုသုတ ပြော ပါဦး"

"ထိုင်းလူမျိုးတွေက အစာကို နည်းနည်းနဲ့ ဖွယ်ဖွယ် ရာရာ စားတဲ့သဘောပဲ၊ သူတို့ဆောင်ပုဒ်က ဘာဟင်းကို စားရမယ်ဆိုတာ မရွေးတတ်အောင် ဟင်းလျာမျိုးစုံ စားရမယ် ဆိုတာပဲ၊ အစာစားရင်လဲ စကားပြောပြီး အေးအေးဆေးဆေး စားကြတယ်၊ ထမင်းပဲ အဓိကစားတာပါ၊ ပေါ်ဆန်းမွှေးဆန်၊ ကောက်ညှင်းဆန် စားကြတယ်၊ အစပ် အလွန်ကြိုက်တယ်၊ အစားအသောက် တော်တော်များများမှာ ပင်စိမ်းရွက် သုံး တယ်။

မြန်မာပါးစပ်နဲ့တော့ သိပ်မကိုက်ဘူး၊ လမ်းဘေး စား သောက်ဆိုင်တွေကတော့ ၂၄ နာရီလုံး ဖွင့်တယ်၊ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



လေ့လာသူများအား ဒေါသထွက်နေသော ကျားကြီး

နှစ်သစ်ကူးဆိုရင် အစားပွဲတော်ပဲ၊ စားသောက်ဆိုင် တော်တော်များများ ရောင်းကောင်းကြတယ်"

"အခြား ဘာပွဲတော်တွေရှိလဲ"

"နောက် စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတော်ကတော့ ဖောင်မျှောပွဲလို့ ခေါ်တယ်၊ နိုဝင်ဘာလ (တန်ဆောင်မုန်းလပြည့်ည)မှာ ကျင်းပတာ၊ လူထောင်ပေါင်းများစွာ မြစ်နားမှာ ငှက်ပျောဖတ်တွေပေါ်မှာ ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းပြီး မျှောကြတာ။


နောက်ပွဲတော်တစ်ခုက မြန်မာလူမျိုးတွေရဲ့ ရှင်ပြုမင်္ဂလာပွဲပဲ၊ မတ်လကုန်နဲ့ ဧပြီလဆန်းပိုင်းလောက် လုပ်လေ့ရှိတယ်၊ မြို့ထဲ ရှင်လောင်းလှည့်၊ ဆံချ၊ အလှူလုပ်နဲ့ နိုင်ငံခြားသားတွေ စိတ်ဝင်စားတဲ့ပွဲပဲ၊ နောက်ပွဲကတော့ သင်္ကြန်ပွဲပဲ၊ လူမျိုးစုံ ရေဆော့ကြတယ်၊ မြန်မာတွေနဲ့ ထိုင်းတွေကတော့ အကဲဆုံးပဲပေါ့"

"နောက် စိတ်ဝင်စားစရာ ဘာတွေ တွေ့သေးလဲ"

"ကျွန်တော် စိတ်ဝင်စားတဲ့ မြင်ကွင်းက ရဟန်း သံဃာတွေ ဆွမ်းခံကြွတာပဲ၊ ဒါတွေက ဗုဒ္ဓဘာသာ တိုင်းပြည်တွေမှာသာ တွေ့နိုင်တာမဟုတ်လား၊ ကျွန်တော်တို့ရဲ့ ဘဝအဆုံးသတ်က ဘယ်လိုမှန်းမသိတော့ ခုချိန်ကတည်းက တရားအားထုတ်ထားနိုင်မှ၊ သေရမှာကို ကြောက်တတ်တော့ တရားအားထုတ်ရမယ်၊ ဒါကြောင့် ရဟန်းသံဃာတွေတွေ့ရင် အဲဒီအသိတွေ နိုးကြားလာတယ်၊ အခြားနိုင်ငံမှာက တွေ့ရခဲတယ်"

"ဟုတ်တယ်၊ အစ်ကိုလဲ ဘုန်းကြီးဝတ်မယ် စိတ်ကူးနေတာ၊ မလုပ်ဖြစ်ဘူး၊ ဒီနှစ်သင်္ကြန်လဲ ကမ်းခြေသွားဖြစ်မယ်ထင်တယ်၊ ထိုင်းမှာက ကမ်းခြေတွေ နာမည်ကြီးတယ်နော်"





ကျား၊ ဝက်ဝံများအား လှောင်ချိုင့်အတွင်းမှ အစာကျွေးနေပုံ



www.burmeseclassic.com

www.burmeseclassic.com





"ထိုင်းနိုင်ငံ အရှေ့ဘက်ကမ်းခြေ ပတ္တရားကမ်းခြေက နာမည်အကြီးဆုံးပဲလေ၊ သိပ်အလှကြီး မဟုတ်ပေမယ့် ဘန်ကောက်နဲ့နီးတော့ သွားဖြစ်ကြတယ်၊ ညဘက်ဆို ပတ္တရားကမ်းခြေက အသက်ပိုဝင်တယ်၊ အဖျော်ယမကာဆိုင်တွေ၊ Night Club တွေ၊ အနှိပ်ခန်းတွေနဲ့ ဒါတွေ စိတ်ဝင်စားတဲ့သူတွေကတော့ အကြိုက်ပဲပေါ့။

ထိုင်းနိုင်ငံရဲ့ အနောက်ဘက်ခြမ်းကလဲ ခရီးသွားတွေ စိတ်ဝင်စားစရာကောင်းတဲ့ နေရာတွေရှိတယ်၊ အနောက်ဘက်ခြမ်းက ဟွာဟင် (HUA HIN) ခရိုင်မှာ ထိုင်းဘုရင် နွေရာသီနန်းတော်ရှိတယ်၊ သူဌေးတွေ နွေရာသီလာပြီး အပန်းဖြေတဲ့ခရိုင် ဖြစ်တယ်။










ကြမ်းကြမ်းရမ်းရမ်း ဇာတ်ကြမ်းပြကွက်များ

ထိုင်းနိုင်ငံ သင်္ကြန်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြဘုရား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံအလယ်ပိုင်း အယုဒ္ဓယမြို့ဟောင်းရှိ ဗုဒ္ဓဆင်းတုတော်


ကန်ချာနာဘူရီ (KANCHANABURI) ခရိုင်ကလဲ ...ည်ကြီးခရိုင်ပဲ၊ ဒုတိယကမ္ဘာစစ်က စစ်အကျဉ်းသား တည် ...က်ခဲ့တဲ့ ကမ္ဘာကျော် (KWAI) ကွေးမြစ်တံတားကြီး ...ယ်၊ အဲဒီခရိုင်ကို ခုဆိုရင် ထားဝယ်ရှင်ကိုးရှင် ဘုရားတွေ ... ငါးနာရီလောက် ကားမောင်းလိုက်ရင် ရောက်ပြီ၊ ထိုင်း ...တွေ သွားဝယ်လို့ရတယ်။

ထိုင်းနိုင်ငံရဲ့ အရှေ့မြောက်ပိုင်း ဒေသတွေမှာတော့ ...နုပညာလက်ရာတွေ တွေ့နိုင်တယ်၊ PHIMAI ရှေး ...ကျောင်းဆောင်ဆိုရင် တအားနာမည်ကြီးတယ်၊ ခမာ ...ရဲ့ လက်ရာပဲ၊ ကမ္ဘောဒီးယား အန်ကောဝပ်ကျောင်းကြီး ...တောင်ရှေးကျတယ်၊ နှစ်ပေါင်း ၁၀၀၀ ကျော်က ရှိခဲ့တဲ့ ...င် PHANOM RUNG ဥယျာဉ်ကြီးလဲ ရှိတယ်။

ထိုင်းနိုင်ငံ မြောက်ပိုင်းကတော့ မြန်မာနဲ့ လာအိုပဲ၊ ...တောင်တွေ များတယ်၊ ချင်းမိုင်၊ ချင်းရိုင် စတဲ့ ခရိုင် ...ရှိတယ်၊ LAMPANG မြို့ဟာ ထူးထူးခြားခြား ကြက်ဖ ...မြို့တော်ပဲ၊ နေရာတကာ ကြက်ဖတွေနဲ့ အလှဆင် ...ယ်၊ ထိုင်းနိုင်ငံမှာ အဲဒီမြို့ပဲ မြင်းလှည်းတွေ့နိုင်တယ်၊



ထိုင်းနိုင်ငံ အရှေ့ပိုင်း ပတ္တရားကမ်းခြေ



ပတ္တရားကမ်းခြေအနီးရှိ တောင်နံရံတွင် လေဆာဖြင့်ပုံဖော်ထားသော ထိုင်တော်မူ ဗုဒ္ဓပုံတော်

ချင်းမိုင်မြို့ကတော့ ထိုင်းနိုင်ငံမြောက်ပိုင်းမှာ အကြီးဆုံးမြို့ပဲ၊ မယ်ဆိုင်မြို့ဆိုရင် တာချီလိတ်နဲ့ အသွားအပြန် တစ်ရက်နဲ့ သွားလို့ရတယ်၊ ရွှေတြိဂံမြို့ကတော့ တစ်ချိန်က ဘိန်းနဲ့နာမည်ကြီးတဲ့မြို့ပဲ၊ လောင်းကစားကို တရားဝင်ခွင့်ပြုထားတဲ့ မြို့ပဲ၊ လောင်းကစားသမားတွေအလာများတယ်။

ထိုင်းနိုင်ငံတောင်ပိုင်းကတော့ ဖူးခက်ကျွန်းရှိတယ်၊ ဖူးခက်ကျွန်းဟာ စင်ကာပူနိုင်ငံလောက် ကြီးတယ်၊ ကမ္ဘာလှည့် ခရီးသည်တွေ အလာအများဆုံးကျွန်းပဲ၊ ဖူးခက်ကျွန်းရဲ့ PATONG ကမ်းခြေကတော့ တအားလှတဲ့ ကမ်းခြေပဲ၊ ရွက်



ထိုင်းနိုင်ငံအနောက်ဘက် ကန်ချာနာဘူရီမြို့ရှိ ကွေးမြစ်နားရှိ တံတားကြီး




www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံတောင်ဘက်ရှိ ဖူးခက်ကျွန်း





ဂျိမ်းစ်ဘွန်းကျွန်းကို လှေလာနေကြသူများ

လှိုင့်မလား၊ ရေကူးမလား၊ ရေလွှာလှိုင်းစီးမလား၊ အဆင်ပြေ
တဲ့ ကမ်းခြေပဲ၊ မြန်မာ့ရုပ်ရှင် ဗီဒီယိုနဲ့ ကြော်ငြာတွေ ခဏ
ခဏ သွားရိုက်ကြတယ်။

PHANG NGA ခရိုင်ကတော့ စိမ်းပြာရောင်ရေ
ရေလယ်ကျောက်တောင်တွေ ဖြစ်ထွန်းတဲ့နေရာပဲ၊ THE
MAN WITH THE GOLDEN GUN ဂျိမ်းစ်ဘွန်း ရုပ်ရှင်
ရိုက်တဲ့ နေရာပဲ၊ ဒါတွေကတော့ ထိုင်းနိုင်ငံ အရှေ့၊ အနောက်
တောင်၊ မြောက်ခရိုင်တွေ အကြမ်းဖျင်းပေါ့ဗျာ"

"ကျေးဇူးတင်တယ် ညီလေးရာ၊ ဗဟုသုတဆိုတာ
အကျိုးရှိပါတယ်"

"ဆရာကြီးလုပ်သလို ဖြစ်မှာစိုးလို့ပါ၊ ကျွန်တော်သိတာ
Share လုပ်တဲ့ သဘောပါ"

"ညီလေးတို့ ထိုင်းနိုင်ငံရဲ့ နာမည်ကြီး ပက်ပုန်းနေရာ
ကိုကော မရောက်ခဲ့ဘူးလား"

"မရောက်ခဲ့ပါဘူး၊ အဲဒီနေရာ အကြောင်းကတော့
အစ်ကိုရောက်သွားပြီးရင် ကျွန်တော့်ကိုလဲ ပြန်ပြောပြဦး"

"ငါ့ညီကလဲ ဗဟုသုတဆိုတာ ပြည့်ပြည့်စုံစုံသိအောင်
နေရာစုံသွားရတယ်၊ အစ်ကိုကတော့ ပြည်တွင်းခရီးစဉ်တွေ
အသွားများတော့ ရောက်ဖို့မလွယ်ဘူး"

"ကျွန်တော့်သူငယ်ချင်း သင်္ဘောသားတွေ ရှိတယ်
ဘန်ကောက်နေရာစုံ ရောက်ဖူးတယ်၊ သင်္ဘောက ပြန်ရောက်
ရင် တွေ့ပေးမယ်၊ ဗဟုသုတ အပြည့်အစုံ မေးပေတော့"

"အစ်ကိုက နောက်တာပါ၊ ဒီနောက်ကော"

"ဒီနောက်တော့ အမိမြေ ပြန်ခဲ့တာပေါ့ဗျာ"

"ဘန်ကောက်လေဆိပ်ကကော တော်တော်ကော
လား"

"ကောင်းတယ်၊ စင်ကာပူ ချန်ဂီလေဆိပ်လောက်တော့
မကောင်းဘူး၊ ကျွန်တော်တို့ လေဆိပ်ကို စောစောဝင်ပြီ
လျှောက်ကြည့်သေးတယ်၊ အဝင်ဝမှာ မြွေနဂါးကြီးကိုယ်
ကို နတ်တွေက မ,ထားတဲ့ နတ်ရုပ်တွေရှိတယ်၊ ကမ္ဘောဒီးယား



ထိုင်းနိုင်ငံမြောက်ဘက်ရှိ ရွှေတြိဂံဒေသ



www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းရှင်ပြုပွဲ



ညဘက် လမ်းဘေးစျေးဆိုင်ကလေးများ



ပန်းအိုးပေါ်မှ ချစ်စဖွယ် အနုပညာလက်ရာ





သမိုင်းဝင် ခမာလက်ရာ ကျောင်းဆောင်



စည်စည်ကားကား တရုတ်နှစ်ကူး



ထိုင်းလှပျိုဖြူများ၏ အကအလှ





ရေပေါ်စျေး



www.burmeseclassic.com

www.burmeseclassic.com













ဘန်ကောက်လေဆိပ် အမှတ်တရ

က ပုံစံမျိုးတွေပဲ၊ လေဆိပ်ထဲမှာ အရောင်းဆိုင်တွေ
ဆယ်ရှိတယ်၊ အမိကကတော့ အလှကုန်ပစ္စည်းနဲ့ စား
အခြောက်အခြမ်းဆိုင်တွေပဲ၊ ညီမက ထိုင်းပစ္စည်းအစစ်
ရတယ်ဆိုပြီး ဝယ်တာနဲ့ ကျွန်တော်လဲ ချောကလက်
သရက်သီးခြောက်တွေနဲ့ အဒေါ်အတွက် REVLON
ကပ်ဝယ်ဖြစ်တယ်၊ ဒီနောက်တော့ အမိမြန်မာပြည်ကို ပြန်
ခဲ့တာပဲဗျာ"


(ပြီး)

❐ ဉာဏ်ပွင့်(



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာတိုက်ကျောင်း မန္တလေးမြို့

ဦးချစ်ဆွေမွှာရုံ၌ ဟောကြားခဲ့သော်ပူဇော်သော

# တောင်ကြီးလေးလုံး ကြိုက်သည်ကို ခံနေရပုံ ပဋ္ဌာန်ဖြုတ်သုတ် တရားတော်

(...ခင်လမှအဆက်)

အဲဒီတော့ မသိတော့ကို ဟိုကလာတယ်။ တွေ့ရတာ ...သာလိုက်တာ၊ တစ်ယောက်နဲ့တစ်ယောက် ဆုံဖို့ဆိုတာ ...ယ်ဘူးလို့ လုပ်မနေနဲ့၊ သေခါနီးက ရိပ်မိပလား (မှန်ပါ့)။ ...ခါနီး ဒီအသံထွက်ဖို့ မလိုဘူး၊ အသေသာဖြောင့်အောင် ...ကြောင့် မလုပ်နဲ့လို့ဆိုသလဲ (သေခါနီးလို့ပါ)။ ဟာ. . ...ဖို့ (မှန်ပါ့)။ မလိုဘူးလား (လိုပါတယ် ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ သေခါနီးပျော်ကိုဖြင့် ...ှောင်ကြပါ (မှန်ပါ့ ဘုရား)။ ဘာမှာပါလိမ့် (သေခါနီးပျော် ...ရှောင်ရမှာပါ)။ သေခါနီးပျော် ရှောင်ကြပါလို့ ဦးဝ သတိ ...တ်ပါတယ် (မှန်ပါ့ ဘုရား)။ ဦးခင်မောင် အခု ပျော် ...တ မနက်ဖြန် ထောင်ကြိတ်ပွဲမှာ သေချင်သေမယ်နော် ...ဘုရား)။

အခုပျော်နေတာ၊ ပြုံးနေတာတွေက ဘာပျော်ဆိုကြ ...(သေခါနီးပျော်ပါ ဘုရား)။ အဲဒီတော့ နာလည်းမနာကြ ... ခင်ဗျားတို့ ပျော်ပုံကတော့ အရုပ်ဆိုးတယ် (မှန်ပါ့)။ ...လားဗျာ (ဆိုးပါတယ် ဘုရား)။ ဘာပျော်တဲ့ဗျာ (သေ ...ပျော်ပါ ဘုရား)။

ဟာ. . . မကောင်းပါဘူးဗျာ၊ သေခါနီးဖြင့် လွတ်အေး ရှာရမယ် (မှန်ပါ့)။ ခင်ဗျားတို့က ဘယ့်နှယ်ဖြစ်နေသလဲ (ပျော် နေပါတယ် ဘုရား)။

အမယ်လေး. . . ငါးကလေး အပေါ်က ရေမရှိတော့ ဘူး။ စွန်တွေက စားတော့မယ်။ ရေက ကုန်နေပြီ (မှန်ပါ့)။ ဒါတောင်မှ သူတို့က အတောင်ကလေးယှက်ပြီးသကာလ ပြေးနေသေးတယ်ဆိုရင် တိရစ္ဆာန်မိုက် မိုက်နေတာ (မှန်ပါ့ ဘုရား)။

ရေခန်းရင် နက်ဖြန် စွန်တို့၊ ကျီးတို့အစာ မဖြစ်ပေ ဘူးလား (ဖြစ်ပါတယ် ဘုရား)။ ရေကလည်း ခန်းနေပြီ (မှန်ပါ့)။

အဲဒီအထဲ အတောင်ယှက်ပြီးသကာလ ဟိုပြေးဒီပြေး နဲ့ ဦးခင်မောင် ပျော်နေဦးမယ်ဆိုလို့ရှိရင်ဖြင့် ဒီငါးကလေးတွေ ကုန်းပေါ်ကနေ ကြည့်တဲ့ပုဂ္ဂိုလ်ကို ကဲ့ရဲ့စရာမကောင်းဘူး လား (ကောင်းပါတယ် ဘုရား)။ ဟ. . . သေခါနီး ပျော်ပျော် နေကြတာ (မှန်ပါ့)။ ဘယ့်နှယ်ဆိုကြမလဲ (သေခါနီး ပျော် ပျော်နေတာပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့် ခင်ဗျားတို့ ပြောကြ ဆိုကြ ပြုံးကြ ရွှင်ကြတာ ဘုန်းကြီးများဝမ်းသာပါတယ်။ သို့သော် ပျော်ပုံ အချိုးမကျလို့ (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ကြောင့် အချိုးမကျသလဲ (သေခါနီး ပျော်ပျော်နေလို့ပါ)။ အချိုးမကျဘူး၊ သေခါနီးပျော်လည်းဖြစ်နေတယ်၊ တောင်က ကြိတ်လျက်ကိုး၊ ဇရာကလည်း မကြိတ်ဘူးလား (မှန်ပါ့)။ မရဏက အသက်ပျောက်အောင် ကြိတ်မယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဇရာက ကြိတ်ဆဲ (မှန်ပါ့)။ မရဏက အသက်ပျောက်အောင် ကြိတ်မယ်ဆိုတာလည်း ဒကာ၊ ဒကာမတို့ ငြင်းဖို့လိုသေးလား (မလိုပါ ဘုရား)။

အဲဒီလို ဒီအထဲမှာ သေခါနီးပျော်တော့ဖြင့် ကျုပ်တို့ဖြင့် ပြောလည်း မပြောလိုတော့ပါဘူး။ ဆိုလည်း မဆိုလိုတော့ပါဘူး။ အလွတ်ရုန်းတဲ့နည်းသာ ကျုပ်ဖြင့် ပြေးသွားပါတော့မယ်လို့ ကိုယ့်အရေး ကိုယ်ဂရုစိုက် (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒကာ၊ ဒကာမတွေ ဒုတိယကမ္ဘာစစ်တုန်းက ဗုံးတွေနဲ့ လေယာဉ်ပျံတွေနဲ့ ဝဲနေတော့ သူများအရေးစိုက်နေသေးသလား။ ကိုယ့်အထုပ်ကိုယ်ပြင်ပြီး ကိုယ်အရင်ပြေးတာပဲလား (ကိုယ်အရင်ပြေးတာပါပဲ ဘုရား)။

အဲဒီလိုပြေးရမှာ၊ အဲဒီလိုပြေးရမှာ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဒီအထဲ ဘယ်သူ့မှ ငဲ့မနေနဲ့။ အမေကလည်း သူ့တာဝန်နဲ့သူ ကြိတ်လျက်။ အဖေကကော (သူ့တာဝန်နဲ့သူ ကြိတ်လျက်ပါ)။ သားကလေးတွေကကော (သူ့တာဝန်နဲ့သူ ကြိတ်လျက်ပါ)။ ကိုယ်မှာကော (ကိုယ့်တာဝန်နဲ့ကိုယ် ကြိတ်လျက်ပါ ဘုရား)။

ကိုယ့်တာဝန်နဲ့ကိုယ် ကြိတ်လျက်ဖြစ်ပြီးသကာလနေတာ ဘယ်သူ့ငဲ့စရာရှိသေးသတုံး ဒကာ၊ ဒကာမတို့။ ကိုယ်အလွတ်ရုန်းဖို့ အရေးကြီးတယ် (မှန်ပါ့ ဘုရား)။ အရေးမကြီးဘူးလား (ကြီးပါတယ် ဘုရား)။

သားငဲ့နေရင် သားဆွဲရတာနဲ့ ကိုယ့်တောင်က ကိုယ့်ကို အရင်ကြိတ်ပစ်လိုက်လိမ့်မယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဒီသားကလေးကလည်း လွတ်မှာလားလို့ မေးတော့ (မလွတ်ပါ ဘုရား)။ သူ့တောင်က သူ့ကိုကြိတ်မှာပဲ (မှန်ပါ့)။

အဲဒီတော့ကို သားသမီးခင်လို့ရှိရင်လည်း တောင်ကြိတ်ပွဲက လွတ်ရေးကို သင်ပေးပါ (မှန်ပါ့)။ ကိုယ့်ကိုယ်ကိုယ် သနားရင်လည်း (တောင်ကြိတ်ပွဲ လွတ်ရေးလုပ်ပါ)။ တောင်ကြိတ်ပွဲ လွတ်ရေးကိုသာ ကြိုးစားပါဆိုတာ ဟောထိုက် မဟောထိုက် (ဟောထိုက်ပါတယ် ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ဟာ. . . ဘုန်းကြီး ခုနကပြောတဲ့စကားကို ဒကာ၊ ဒကာမတွေ ပြန်အုပ်ရမယ်နော် (မှန်ပါ့)။ သံဝေဂရအောင် ပြောတာလား၊ ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေတာလား (ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေတာပါ ဘုရား)။

ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေလို့ရှိရင်ဖြင့် သေခါနီးပျော် မလုပ်ကြနဲ့ (မှန်ပါ့)။ ရှင်းပြီနော် (ရှင်းပါပြီ)။ ဦးခင်မောင် ဘာမလုပ်နဲ့လို့ မှာသတုံး (သေခါနီးပျော် မလုပ်နဲ့လို့ မှာပါတယ်)။ သေခါနီးပျော်ဆိုတာ အင်မတန် ကြောက်စရာ မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။

သေခါနီးပျော်ဆိုတာ ခုနက ငါးကလေးတွေဟာ တိရစ္ဆာန်လား၊ လူလား (တိရစ္ဆာန်ပါ ဘုရား)။ အင်း. . . ရေထဲ မရှိဘူး၊ နက်ဖြန်ဆိုလို့ရှိရင်လည်း ကျီးတို့၊ လင်းတတို့၊ ခွေးတို့၏အစာ ဖြစ်ရမယ် (မှန်ပါ့ ဘုရား)။ ကိုမြွေ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ် ဘုရား)။ ရေမှ မရှိတော့ဘဲကိုးဗျ (မှန်ပါ့)။ အဲဒီအထဲ ငါးကလေးတွေက ပျော်ကြ ရွှင်ကြတယ်ဆိုလို့ရှိရင် ဩော်. . . တိရစ္ဆာန်များ တယ်မိုက်ပါကလား၊ နက်ဖြန် သေခါနီးတောင် ဒီနေ့ပျော်တုန်း (မှန်ပါ့)။ ဘာကြောင့်တုံး တိရစ္ဆာန်စိတ်ရှိနေလို့၊ မသိလို့ (မှန်ပါ့ ဘုရား)။ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား)။

ဒီထဲ ဒကာ၊ ဒကာမတွေ ပျော်နေတော့ ဘယ့်နှယ်ဆိုမလဲ (တိရစ္ဆာန်စိတ်ရှိလို့ မသိပျော် ပျော်နေတာပေါ့)။ တိရစ္ဆာန်စိတ်ရှိလို့ မသိဆိုတာ ဘုန်းကြီးကတော့ မဆိုပါဘူး၊ ဖြစ်စဉ်က ကိုက်နေတယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘုန်းကြီးကတော့ မဆိုပါဘူး၊ ဒကာ၊ ဒကာမတွေက အို. . . တွေ့ရတာက ဝမ်းသာလိုက်တာ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မဟုတ်တာတွေလည်းပါရဲ့၊ ဟုတ်တာတွေလည်း ပါရဲ့ပေါ့ဗျာ (မှန်ပါ့)။

အဲဒါတွေ လျှောက်ပျော်နေမယ်ဆိုလို့ရှိရင်ဖြင့် တောင်က ကြိတ်တာကလည်း တော်တော်နာနေပြီ (မှန်လှပါဘုရား)။ ဒီအထဲကနေပြီး မသိပြောပြောနဲ့ မဟုတ်တာတွေ လျှောက်ပျော်နေမယ်ဆိုလို့ရှိရင် သေအောင် ကြိတ်လိုက်ပါလိမ့်မယ် ခင်ဗျားတို့ (မှန်ပါ့)။ သဘောပါကြပလား (ပါပါတယ်)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အိမ်မှာ သားနဲ့ပျော်ပျော် သမီးနဲ့ပျော်ပျော် ကိုယ့်အရေးကို ကိုယ်လွတ်အောင်ရုန်းပါ (မှန်ပါ့ ဘုရား)။ ဘယ်လိုမှာပါလိမ့် (ကိုယ့်အရေးကို ကိုယ်လွတ်အောင် ရုန်းရမှာပါ ဘုရား)။

ကိုယ့်တောင်က ကိုယ့်ကြိတ်လျက်ကိုးဗျ (မှန်ပါ့)။ ကိုယ်ယူလာတဲ့ ဇရာ၊ မရဏက ကိုယ့်ကြိတ်လျက် (မှန်ပါ့)။ ကလေးမှာကော (ကြိတ်လျက်ပါ ဘုရား)။ သူယူလာတဲ့ ဇရာ၊ မရဏက (သူ့ကို ကြိတ်လျက်ပါ)။ အေး. . . မောင်ကလေး၊ ဖားကလေးတွေမှာကော (ကြိတ်လျက်ပါ ဘုရား)။

ကြိတ်လျက်ပဲဖြစ်နေတော့ ကိုယ့်ဟာကိုယ် အလွတ်ရုန်းမှသာလျှင် ရမယ်။ မောင်ဆွဲနေလို့လည်း ကိုယ်မလွတ်ပေဘူး (မှန်ပါ့ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဆွဲနေခြင်းကြောင့်လည်း မောင်ကလေး မကြိတ်ပါနဲ့ ဆိုလို့ သူယူလာတဲ့တောင်က သူကြိတ်မှာပဲ၊ လွတ်ပါ့မလား (မလွတ်ပါ ဘုရား)။

အဲဒါတွေ သေသေချာချာသိတော့မှ ဩော်. . . အတ္တာဟိ အတ္တနော နာထော = ကိုယ့်အရေးသာ ကိုယ်ကြီး ပါကလား (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့ ခင်ပွန်းမက ခင်ပွန်းယောက်ျားကို ဘာပူစရာရှိသတုံးလို့ ပြောငြားသော်လည်း မယုံနဲ့ (မှန်ပါ့)။

မင်းက ပူစရာမရှိတာက ကိစ္စမရှိဘူး၊ ငါ့မှာ တောင်ကြိတ်နေပြီလို့သာ ပြန်ပြော (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကို ယောက်ျားလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း မင်းဘာပူစရာရှိသလဲ၊ ငါ ရှာကျွေးတယ်။ အို. . . ရှာကျွေးတာကလည်း စားရင်းမတ္တနဲ့ လျှာထွက်သေရချေရဲ့၊ တောင်ကြိတ်လို့ပြော (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ လွတ်ရေး ကျွတ်ရေး မြင်ကြရဲ့လား (မမြင်ပါ ဘုရား)။

ဒါဖြင့် ကောသလမင်းကြီးက ဓမ္မစရိယာနဲ့ သမစရိယာပဲ ရှိတယ် ဘုရားတဲ့၊ တောင်ကြိတ်ပွဲလွတ်ဖို့ရာ (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဝိပဿနာအလုပ်ပဲ ရှိတော့တယ် (မှန်ပါ့)။ ဝိပဿနာအလုပ် လုပ်လိုက်တဲ့အခါကျတော့ ကိုယ့်ခန္ဓာ မမုန်းပေဘူးလားဗျာ (မုန်းပါတယ် ဘုရား)။

ကိုယ့်ခန္ဓာ ဖြစ်ပျက်မြင်တော့ ကိုယ့်ခန္ဓာ ဖြစ်ပျက်မုန်းတော့ ကိုယ့်ခန္ဓာကြီးကို မင်းဟာ ဒုက္ခရှာပဲ၊ မလိုချင်တော့ဘူးဆိုတဲ့ မဂ်ဉာဏ်လိုက်လာတော့ ခန္ဓာဖြစ်သေးရဲ့လား (မဖြစ်ပါ ဘုရား)။

တောင်တွေဟာ သူတို့ဟာ သူတို့သာ အခြောက်ကြိတ်ရမှာပဲ၊ အစိုကြိတ်တော့ မရတော့ဘူး (မှန်ပါ့)။ ရနိုင်သေးရဲ့လား (မရနိုင်ပါ ဘုရား)။

ကဲ ဒါဖြင့် ဒကာ၊ ဒကာမတို့ တောင်ကြိတ်ပွဲက လွတ်တဲ့တရားဟာ ဘယ်သူပါလိမ့်ဆိုတဲ့ဥစ္စာ ဝိပဿနာပဲ (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ တောင်ကြိတ်ပွဲက လွတ်မယ့်တရားက (ဝိပဿနာပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါကလေးမှ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက ဒီလောက်အမြင်အထင် ကိုယ့်မှာလည်းရှိနေလျက်သားနဲ့ လွတ်ရေး ကျွတ်ရေး မလုပ်သေးဘူးဆိုလို့ရှိရင် လူစိတ်မရှိလို့ (မှန်ပါ့)။ ခုနက ငါးကလေးတွေလို ဖြစ်နေတယ် (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ဖြစ်နေသလဲ (ငါးကလေးတွေလို ဖြစ်နေပါတယ် ဘုရား)။

ငါးကလေးတွေဟာ ရေလည်းခန်းပြီး ဒကာ၊ ဒကာမတို့ အဲဒီမှာ အတောင်ယှက်ပြီးသကာလ ဟိုမြူးလိုက် ဒီမြူးလိုက်ဆိုလို့ရှိရင် ဘာပျော်လဲ (တိရစ္ဆာန်ပျော်ပါဘုရား)။ သေခါနီးပျော် (မှန်ပါ့)။

သေခါနီးပျော် ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့်မတုံးဆိုတော့ တိရစ္ဆာန်မို့ (မှန်ပါ့)။ သေခါနီးပျော် ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့် (တိရစ္ဆာန်မို့ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့မှာလည်း တောင်တွေ ကိုယ်ကိုယ်တိုင် အကြိတ်ခံရပလား (ခံရပါပြီ ဘုရား)။ မသေတာတစ်မည် ကျန်တော့တယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

မသေတာတစ်မည်ပဲ ကျန်တော့တယ်ဆိုတော့ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ ဒီအထဲကနေပြီး ပြုံးကာရွှင်ကာနဲ့ ကိုယ့်အရေးတော့ ကိုယ်အားမထုတ်ဘဲနဲ့ ဒကာ၊ ဒကာမတွေ လောကွတ်တွေ များနေကြမယ် ဆိုလို့ရှိရင်ဖြင့် ဒီလောကွတ်ဟာ အဖိုးကော တန်ပါရဲ့လား (မတန်ပါ ဘုရား)။ ကိုယ့်အသေကော လွတ်ပါရဲ့လား (မလွတ်ပါ ဘုရား)။

ဩော်. . . ဒကာ၊ ဒကာမတို့ လောကွတ်ဟူသရွေ့သည်ကား ဆိုလို့ရှိရင်ဖြင့် သေခြင်းဆိုး သွေချာလို့ ဒီလောက်များတာပဲလို့ဆိုရင်ကော လွဲပါ့မလား (မလွဲပါ ဘုရား)။

ခုနကပြောတဲ့ ဝိပဿနာအလုပ်သာ ကြိုးစားတော့၊ သူပဲ လွတ်စရာရှိတယ် (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ပစ္စည်းနဲ့ပေးတော့လည်း ဒီတောင်ကြီးတွေက ရပ်မှာလား (မရပ်ပါ ဘုရား)။ သားနဲ့ သမီးနဲ့ တားပြန်ရင်ကော (မရပ်ပါ ဘုရား)။ ဆွေနဲ့မျိုးနဲ့ တားပြန်ရင်ကော (မရပ်ပါ ဘုရား)။ မင်းနဲ့ စိုးနဲ့ တားပြန်ရင်ကော (မရပ်ပါ ဘုရား)။

မရပ်ဘူး။ သူတို့ကို အကြိတ်ခံနေရတာ ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ မင်းတွေ စိုးတွေက ဘာဖြစ်နေသလဲ (အကြိတ်ခံနေရပါတယ် ဘုရား)။

အဲဒီတော့ ဒါကြောင့် ကောသလမင်းကြီးက တပည့်တော်လည်း မတတ်နိုင်ဘူးဘုရား။ တပည့်တော်လည်း အကြိတ်ခံပြီး သေပွဲဝင်မှာပဲ။ အဲဒီတော့ အကြိတ်လွတ်တဲ့နည်းကို တပည့်တော် လျှောက်ထားရလို့ရှိရင် အရှင်ဘုရား ဓမ္မစရိယာ သမစရိယာဆိုတဲ့ ဝိပဿနာအလုပ်ပဲ ရှိပါတော့တယ် (မှန်ပါ့)။ ဒါပဲ ကြိုးစားမှပဲ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် တောင်ကြိတ်ပွဲကလွတ်အောင် လုပ်နိုင်တဲ့နည်းဘဝများစွာ သံသရာကလည်း တောင်ကြိတ်လို့ သေခဲ့ရတာ အင်မတန်ရှင်းလင်းပြီးသကာလ နေတဲ့အတွက် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီတစ်ခါဖြင့် ကိုယ့်အရေးကိုယ် ကျင့်ကြပါတော့ (မှန်ပါ့ ဘုရား)။

ဘယ်သူ့ငဲ့စရာ လိုသေးသလဲ (မလိုပါ ဘုရား)။ သေသေချာချာ ဉာဏ်နဲ့စဉ်းစားကြပါနော် (မှန်ပါ့ ဘုရား)။ ငဲ့လို့ရှိရင်ဖြင့်၊ ရေနစ်တဲ့လူ ငဲ့လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ကိုယ်ပါရောနစ်နေတာပဲ (မှန်ပါ့)။ ရေနစ်တဲ့ပုဂ္ဂိုလ် သွားဆယ်လိုက်တဲ့အခါကျတော့ သူက ဆွဲမိဆွဲရာ ဆွဲလိုက်တဲ့အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com

ခုနက ဆယ်တဲ့ လူဟာ ဘာဖြစ်သွားသလဲ (သူပါ နစ်ပါတယ် ဘုရား)။

အဲ. . . ခင်ဗျားတို့ အခု သားတွေခင်တာ သမီးတွေ ခင်တာ၊ ဆွေတွေခင်တာ မျိုးတွေခင်တာတော့ သူတို့က ရေနစ်နေတဲ့အထဲမှာ ကိုယ်က သွားကူတာနဲ့တူတယ် ဦးခင်မောင်ရေ (မှန်ပါ့ ဘုရား)။ ကိုယ်ပါနစ်ချင်လို့ (မှန်ပါ့)။ ဘယ်လိုဆိုကြပါ့မလဲ (ကိုယ်ပါ နစ်ချင်လို့ပါ ဘုရား)။

အဲ. . . ခင်ဗျားတို့ သားခင်၊ မြေးခင်၊ ဆွေခင်၊ မျိုးခင်၊ စိန်ခင်၊ မြခင် ဆိုတာတွေဟာ ဘာထင်ကြသတုံး (ကိုယ်ပါ နစ်ချင်လို့ပါ ဘုရား)။ ကိုယ်ပါနစ်ချင်လို့ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်ကိုယ်ကိုယ် သနားပါတယ်ဆိုတာ မှန်ပါရဲ့လား (မမှန်ပါ ဘုရား)။ ကိုယ့်ကိုယ်ကိုယ် သနားပါတယ်ဆိုတာ အင်မတန် ရိုင်းနေပြီ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုမြရွှေတို့၊ ဦးဇံရင်တို့ ကိုယ့်ဟာကိုယ် ရှန်းကြရလိမ့်မယ်နော် (မှန်ပါ့)။ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ (ကိုယ့်ဟာကိုယ် ရှန်းကြရမှာပါ ဘုရား)။ ကိုယ့်ဟာကိုယ် ရှန်းလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ သစ္စာသိအောင် လုပ် (မှန်ပါ့)။

ဒီဘက်က တောင်ကြီးနှစ်လုံးကလည်း ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ အင်း. . . ကိုယ့်ခန္ဓာပဲ ဒီဥစ္စာနော် (မှန်ပါ့)။ ဒီဘက်က တောင်ကြီးနှစ်လုံးကကော (ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် အရှေ့ဘက်နေတဲ့သူကို အရှေ့ဘက်တောင်က ကြိတ်မှာပဲ (မှန်ပါ့ ဘုရား)။ တောင်ဘက်မွေးဖွားတဲ့ ပုဂ္ဂိုလ်ကော (တောင်ဘက်တောင်က ကြိတ်မှာပါ)။ မြောက်ဘက်မွေးဖွားတဲ့ပုဂ္ဂိုလ် (မြောက်ဘက်တောင်က ကြိတ်မှာပါ)။ အနောက်ဘက် မွေးဖွားတဲ့ပုဂ္ဂိုလ် (အနောက်ဘက်တောင်က ကြိတ်မှာပါပဲ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်သူများ လွတ်ရေး၊ ကျွတ်ရေး ရှိသေးသလဲ (မရှိပါဘုရား)။ ကိုင်း. . . ကောသလမင်းကြီးက ပြောလိုက်တယ်၊ အရှင်ဘုရား ဓမ္မစရိယာ သမစရိယာဆိုတဲ့ ဝိပဿနာဉာဏ်အလုပ်ပဲ အားကိုးစရာ အားထားစရာ ရှိပါတော့တယ်၊ သူကတော့ဖြင့် အရဇ်လို့ ဆိုတာ ကိုးဗျ (မှန်ပါ့)။ အရဇ် = မအိုရာဖြစ်သော၊ အမတ = မသေရာဖြစ်သော ဆိုတော့ တောင်ကြိတ် မလွတ်ဘူးလား (လွတ်ပါတယ် ဘုရား)။

ဒါဖြင့် မအိုရာ မသေရာသွားတဲ့ ကျုပ်တို့ခန္ဓာ ဖြစ်ပျက်ကို မြင်အောင်လုပ်ပါ၊ ခန္ဓာဖြစ်ပျက်ကို မုန်းအောင်လုပ်ပါ၊ ခန္ဓာကြီးနဲ့ နေရတာ ဒုက္ခသစ္စာပဲဆိုပြီး ပိုင်ပိုင်နိုင်နိုင် ဒီဒုက္ခသစ္စာကြီး မလိုချင်လို့ရှိရင်ဖြင့် အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်အား ခန္ဓာရပါ့မလား (မရပါ ဘုရား)။

ခန္ဓာရမှ ဒီတောင်တွေကြိတ်မှာ (မှန်ပါ့)။ ခန္ဓာမရတဲ့ ပုဂ္ဂိုလ်မှာ (တောင်မကြိတ်ပါ ဘုရား)။ တောင်ကြိတ်လွတ်တယ်ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့အိမ်ရောက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဩော်. . . မနေ့က ကြိတ်ထားတာ အတော်ဒဏ်ရာပိနေပြီ။ ယနေ့ ဒီထက်သေခါနီးအောင် ကြိတ်ပြီဆိုတာ မနေ့ကထက် ယနေ့ အကြိတ်ပြင်းထန်တယ် (မှန်ပါ့)။ မပြင်းထန်ဘူးလား (ပြင်းထန်ပါတယ် ဘုရား)။

တစ်နေ့ထက်တစ်နေ့ အိုလာတယ်ဆိုတာ ဒကာ၊ ဒကာမတို့ အိုချင်လို့ အိုတာလား၊ တောင်ကြိတ်လို့လား (တောင်ကြိတ်လို့ပါ ဘုရား)။ အင်း. . . ဒီလောက်နဲ့ သူရပ်မှာလား၊ အသေကြိတ်ဦးမှာလား (အသေကြိတ်ဦးမှာပါ ဘုရား)။ အသေကြိတ်ဦးမှာဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒါတွေ ပိုင်ပိုင်နိုင်နိုင်သိတော့မှ ဩော်. . . တို့သည် ကားလို့ဆိုရင် တောင်က မွေးဖွားတယ်ဆိုတော့ ဒကာ၊ ဒကာမတို့က လူဖြစ်ရပါလို၏ဆိုရင် ဇရာ၊ မရဏတောင်ထဲမှာ မွေးဖွားရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆိုရင်ကော (ဇရာ မရဏတောင်ထဲ မွေးဖွားရပါလို၏)။ ဗြဟ္မာဖြစ်ရပါလို၏ ဆိုရင်ကော (ဇရာ၊ မရဏတောင်ထဲ မွေးဖွားရပါလို၏)။

အဲဒါ ခင်ဗျားတို့က တောင်ထဲမွေးဖွားရပါလို၏ ဆိုလို့ တောင်ကြိတ်တာ (မှန်ပါ့ ဘုရား)။ ခင်ဗျားတို့ မျက်စိလည်မူ ဘာကြောင့် မျက်စိလည်သတုံးဆိုတော့ ဇရာ၊ မရဏကို ဒုက္ခသစ္စာလို့ မသိလို့ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဘာမသိတာတုံး (ဇရာ၊ မရဏကို ဒုက္ခသစ္စာလို့ မသိတာပါ ဘုရား)။ အေး. . . ဒါဖြင့် ဇရာ၊ မရဏသည် ဒုက္ခသစ္စာဆိုတော့ ဇရာ၊ မရဏသည် ရုပ်၏ဇရာ၊ နာမ်၏ဇရာ ဆိုတော့ ရုပ်ဆိုရင်လည်း ရုပ်ဇရာလာမယ် (မှန်လှပါ ဘုရား)။ နာမ်ရှိရင် (နာမ်ဇရာ လာပါမယ် ဘုရား)။

ကဲ. . . ဘာကောင်းသေးသတုံး (ဘာမှ မကောင်းပါ ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဇရာ၊ မရဏ လွတ်တဲ့ အရေးဟာဖြင့် ဓမ္မစရိယာ၊ သမစရိယာ ဆိုတဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ပဲ ရှိတော့တယ် (မှန်လှပါ ဘုရား)။

ဒါပဲ ကြိုးစားကြပါစို့ဆိုတာ တစ်ပွဲလုံး ဆုံးဖြတ်ချက်ချဖို့ ကောင်းပြီ (မှန်ပါ့ ဘုရား)။ ဘာကြောင့်တုံး၊ ဘယ်သူမှ ဒီအထဲ အန္တရာယ်မကင်းဘူးဆိုတာ ပေါ်နေတယ် (မှန်ပါ့ ဘုရား)။ တောင်က အသီးသီး ဒကာ၊ ဒကာမတွေ၊ ဒီဒကာ၊ ဒကာမတွေမှာ တစ်နေ့ထက်တစ်နေ့ အိုအောင်ကြိတ်တယ်၊ တစ်နေ့ထက်တစ်နေ့ သေအောင်ကြိတ်တော့မယ်၊ ဇရာ၊ မရဏကလေ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဘယ်သူအန္တရာယ်ကင်းလို့ ဘယ်သူ ဘေးရှင်းပါလိမ့် (ဘယ်သူမှ မကင်းပါ ဘုရား)။ အဲဒီတော့ ဒီတရား





www.burmeseclassic.com

www.burmeseclassic.com

တစ်ပွဲလုံး၊ ဒီဆရာကော၊ ဒီဒကာ၊ ဒကာမတွေကော ဘာလုပ်ကြမှာတုံးဆိုတော့ တောင်ကြိတ်ပွဲမှ လွတ်တဲ့အလုပ်ကို လုပ်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။

ခန္ဓာမရှိတဲ့ အလုပ်ကို (လုပ်ရမှာပါ ဘုရား)။ သဘောပါကြပလား (ပါပါပြီ)။ ဘာလုပ်ရမယ် (ခန္ဓာမရှိတဲ့အလုပ်ကို လုပ်ရပါမယ်)။ ခန္ဓာမရှိရင် ဇရာ၊ မရဏကော (မရှိပါ)။ မရှိပါဘူးဆိုတာ သေချာပြီမဟုတ်လား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ခန္ဓာမရှိတဲ့အလုပ်ဟာ အကောင်းဆုံး (မှန်ပါ့ ဘုရား)။ ခန္ဓာမရှိတဲ့ အလုပ်သည် အကောင်းဆုံးဆိုတော့ လုပ်တဲ့ပုဂ္ဂိုလ်မှာတော့ ခန္ဓာမရပါဘူး (မှန်ပါ့)။ ခန္ဓာမရတော့ ဒီခန္ဓာမရတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓနိရောဓော နိဗ္ဗာန်ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လို့ဆိုရင် လွဲပါ့မလား (မလွဲပါ ဘုရား)။

အဲဒါကြောင့် ခန္ဓာမရှိအောင် လုပ်တတ်တဲ့ပုဂ္ဂိုလ်ဟာ တောင်ကြိတ်ပွဲမှာ လွတ်ပါတယ် (မှန်ပါ့ ဘုရား)။ ဘယ်လို [illegible]ဖြတ်ချက်ချမလဲ တောင်ကြိတ်ပွဲမှ (လွတ်ပါတယ် ဘုရား)။

အဲ. . . ဒါကို ဒကာ၊ ဒကာမတွေ ဘုန်းကြီးက ပြော[illegible]ယ်။ ဩော်. . . သူတို့ပြုံးတာကိုလည်း သူတို့ကြီးပွားကြ[illegible] ပြုံးကြတယ်။ သားကလေးတွေ၊ သမီးကလေးတွေက [illegible]ညာအရည်အချင်းကလေးတွေ ပြည့်စုံလာတော့ ကိုးစားရာ[illegible]လာလို့ ပြုံးကြတယ်၊ လူလားမြောက်အောင်လို့ ပြုံးကြ[illegible]။ ဩော်. . . တိရစ္ဆာန်ပြုံး ပြုံးနေတာကိုး (မှန်ပါ့ ဘုရား)။

ကိုယ့်ကို တောင်ကြိတ်နေတာတော့ သိရဲ့လား (မသိ[illegible] ဘုရား)။ မသိတော့ သူဟာ လူပြုံးပြုံးတာ ဟုတ်သေးရဲ့[illegible] (မဟုတ်ပါ ဘုရား)။ အင်မတန် လွဲမနေဘူးလား (လွဲ[illegible]တယ်)။ အဲဒါကြောင့် ဒီအလွဲပေါ်အောင်လို့ ဒါ သံယုတ်[illegible]တော်က ထုတ်လာတယ် (မှန်ပါ့ ဘုရား)။ သဘောပါကြ[illegible] (ပါပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ကောသလမင်းကြီး၊ ဘုရား[illegible] ကိုယ်တော်မြတ်ကြီးက ဒကာကြီး အရှေ့ကတောင်ကြီး [illegible] ဒကာကြီးကြိတ်ပြီ၊ ကြိတ်တော့မလို့ လိမ့်လိမ့်လာ[illegible] ဒကာကြီးဘယ်လိုကြံစည်မတုံး။ တောင်လေးလုံးကဖြင့် [illegible]ပြီတဲ့။

အရှင်ဘုရား. . . ဓမ္မစရိယာနဲ့ သမစရိယာပဲ အားကိုး[illegible]တော့တယ်ဆိုတော့ ဒကာ၊ ဒကာမတွေ သူတော်[illegible]အကျင့်ပဲ အားကိုးရာရှိပါတော့တယ် (မှန်ပါ့ ဘုရား)။ [illegible]မှတ်ကြမယ် (သူတော်ကောင်းအကျင့်ပဲ အားကိုးရာ[illegible]တော့တယ်)။ ရှင်းပြီနော် (ရှင်းပါပြီ)။

သူတော်ကောင်းအလုပ်ပဲ အားကိုးရာရှိပါတယ်ဆို[illegible]အလုပ်ဟာ ဘုန်းကြီးပြောတဲ့ ဝိပဿနာက မဂ်ဉာဏ်[illegible]အလုပ်ဟာ မလုပ်မဖြစ်တဲ့ အလုပ်လို့ မှတ်ကြစမ်းပါ[illegible] ဘုရား)။

ဘယ်လိုမှတ်ကြမယ် (မလုပ်မဖြစ်တဲ့အလုပ်ပါဘုရား)။ မလုပ်မဖြစ်တဲ့ အလုပ်ဆိုတော့ အသေလွတ်တဲ့အလုပ် ဖြစ်နေသောကြောင့် ခင်ဗျားတို့က အသေကို မရှာနဲ့တော့ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ တောင်လေးလုံးကြားမှာ မမွေးချင်ပါနဲ့တော့ (မှန်ပါ့ ဘုရား)။

အသေလွတ်အောင်သာ ရှောင်ကြ ရှားကြဆိုပါတော့ ဒကာ၊ ဒကာမတို့ ဒါ ကိုယ့်အရေးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။ သူများအရေးလား၊ ကိုယ့်အရေးလား (ကိုယ့်အရေးပါ ဘုရား)။ အေး . . . ဒါကြောင့် ကိုယ့်အရေး မသိတော့ တောင်ကြားမှာ ပြုံးနေတယ် (မှန်ပါ့ ဘုရား)။ ကိုယ့်အရေး မသိတဲ့ပုဂ္ဂိုလ်က (တောင်ကြားမှာ ပြုံးနေပါတယ် ဘုရား)။

ဩော်. . . ဒါကြောင့် ဘုန်းကြီးတို့ရဲ့ အားလုံးပဲ အရင်းအချာတွေချည်းပဲ၊ ဒီတောင်ကြား ပြုံးနေတာ ဘုန်းကြီးက မကျေနပ်နိုင်ဘူး (မှန်ပါ့ ဘုရား)။ ဩော်. . . ထူလွန်းတယ်၊ အလွန်းတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

သူပြုံးနေတာက သူဟာ အန္တရာယ်ကင်းလို့ ပြုံးတာလား၊ အန္တရာယ်ကြားထဲ ပြုံးတာလား (အန္တရာယ်ကြားထဲ ပြုံးတာပါ ဘုရား)။ အန္တရာယ်ကြားထဲ ပြုံးနေတော့ ဩော် သူထူလွန်း အလွန်းလို့ ဘုန်းကြီးတို့လို အမြင်ကျယ်တဲ့ပုဂ္ဂိုလ်များက ကျေနပ်နိုင်စရာကောင်းရဲ့လား (မကောင်းပါ ဘုရား)။

အခု ခင်ဗျားတို့ကလည်း အခု ဘုန်းကြီးတရားကို နာရလို့ တောင်ကလည်း သေသေချာချာ ကြိတ်နေတာ သေသေချာချာသိတော့ ခင်ဗျားတို့အောက်က ကလေးတွေက ပျော်လိုက်တာနဲ့ ပါးလိုက်တာနဲ့ နေတဲ့အခါ ဩော်. . . ကလေးများ ဘာမှမသိရှာဘူး။ ခင်ဗျားတို့ ကိုယ်တိုင်လည်း သံဝေဂမရပေဘူးလား (ရပါတယ် ဘုရား)။

ကဲ. . . ထို့အတူပဲတဲ့ ယနေ့ကစပြီး ဒကာ၊ ဒကာမတွေဖြင့် ဩော်. . . တောင်ကြီးလေးလုံးကဖြင့် လာနေပြီ၊ သဘောကျပလား (ကျပါပြီ)။ တောင်ကြီးလေးလုံးကဖြင့် (လာနေပါပြီ ဘုရား)။ တစ်နေ့ထက်တစ်နေ့လည်း (နီးလာပါပြီ)။ နီးလာပြီနော်။

အင်း. . . အခု တောင်တစ်လုံးက ကြိတ်ထားတာလည်း တော်တော်အိုလာပြီ (မှန်ပါ့)။ နောက်တစ်လုံးကြိတ်ရင် ဘာဖြစ်မယ် ထင်ကြသလဲ (သေမှာပါ ဘုရား)။

(ဆက်ရန်)

❐ ဓမ္မဒါန



www.burmeseclassic.com

www.burmeseclassic.com



## ရွှေချက်လမင်းအလင်းပိုင်ရှင်

ကြည်ရတနာနုစမ္ဘီလာ

ရာဇဂြိုဟ်မြို့တော်၏ တစ်နေရာ ပုဏ္ဏားသူဌေးတစ်ဦး၏ နေအိမ်၌ဖြစ်သည်။ သူဌေးပုဏ္ဏားသည် အိမ်တွင်း အိမ်ရှေ့ခန်းမထဲ၌ စိတ်လှုပ်ရှားစွာဖြင့် လူးလာခေါက်တုံ့လမ်းလျှောက်နေသည်။

ထိုသို့ လျှောက်ရင်း အိမ်၏ အတွင်းခန်းဘက်သို့လည်း လည်ဆန့်၍ မကြာမကြာ လှမ်းမျှော်ကြည့်ဟန်ပြုလုပ်နေသေးသည်။

"အင်း ပဇာကြောင့် သည်မျှကြန့်ကြာနေပါလိမ့်၊ ဤမျှဆိုလျှင် မွေးဖွားချိန်တန်ပြီ မဟုတ်ပါလော"

ဟုလည်း နှုတ်ကတီးတိုးရေရွတ်နေသေးသည်။ မှန်ပါသည်။ ပုဏ္ဏားသူဌေး၏ ဇနီး သူဌေးကတော် ပုဏ္ဏေးမသည် ကိုးလလွယ် ဆယ်လဖွား ဆိုသည့်အချိန်စေ့ရောက်နေပြီ ဖြစ်သဖြင့် မီးဖွားရန် အခန်းတွင်းဝင်နေသည်မှာ အတန်ကြာနေပြီဖြစ်သော်လည်း တစ်စုံတစ်ရာ မထူးခြားသေးသဖြင့် သူဌေးပုဏ္ဏား စိုးရိမ်သောကများနေခြင်း ဖြစ်ပါလေသည်။ ဘာကလေးမွေးမှာလဲ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား ဆိုသည်ကိုလည်း သူ့ရင်တွင်း သိချင်စိတ်က စောနေပြန်သေးသည်။

ထိုစဉ် . . .

"အောင်မယ်လေးလေး နာလှချေရဲ့၊ အင်း အမယ်လေး အမေရေ"

ဟု ဟစ်အော်လိုက်သော သူဌေးကတော် ပုဏ္ဏေးမ၏ အော်သံကြောင့် သူ့ရင်ထဲ ထိတ်ခနဲ လန့်ခနဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြန်သေးသည်။

ထို့နောက် ပုဏ္ဏေးမ၏ အသံတိတ်သွားပြန်သည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားသည်။ အိမ်တော်၏ အစေအပါးတို့မှအစ အိမ်သားအားလုံး မည်သူမျှမလှုပ်ရှား ငြိမ်သက်နေကြသည်။ ဘာဖြစ်နေသည်လဲ။

သူဌေးပုဏ္ဏား တွေး၍မရ။ တွေးမရသည့်အတူတူ စိတ်မောလူမောလှသဖြင့် သူဌေးပုဏ္ဏား ခြေပစ်လက်ပစ်ထိုင်ချလိုက်မည်အပြု . . .

"အူဝဲ အူဝဲ အူဝဲ" ဟူသောတိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့်ကလေးငယ်၏အသံ ကြားရလေသဖြင့် ပုဏ္ဏားသူဌေး ကမန်းကတန်း မတ်တတ်ပြန်ရပ်လိုက်ပြီး အိမ်ခန်းဝနား အပြေးကလေးသွားကပ်၍ ရပ်ပြီး နားစွင့်လိုက်မိသည်။

"အရှင် ပုဏ္ဏား မွေးပြီ မွေး... ယောကျ်ားလေးရှင့် ယောကျ်ားလေး"





www.burmeseclassic.com

www.burmeseclassic.com

သားဖွားလက်သည် ပုဏ္ဏေးမအိုကြီး၏ အသံ။ ယောကျ်ားကလေးမွေးသည်ဆိုတော့ ပုဏ္ဏားသူဌေး အလွန်ပျော်သွားသည်။ တံအား ပျော်သွားသည်။

သားဦးကလေးမို့ သူလိုချင်နေသည်က ယောကျ်ားကလေး၊ အခုတော့ လိုချင်သည့် ဆန္ဒနှင့် ရလာသည်က တစ်ထပ်တည်းမို့ . . .

"သားလေးဆိုပါကလားဟေ့ အဲဒါ ငါကွ ငါ"

ပုဏ္ဏားသူဌေး ဝမ်းသာအားရလွန်းစွာဖြင့် လက်သီးလက်မောင်းတန်းပြီး သို့ကလို ကြွေးကြော်အော်လိုက်မိသည်။ ထိုမျှတင်မက ပုဏ္ဏားသူဌေးအတွက် ထပ်မံ၍ ဝမ်းသာစရာကောင်းလေသည်က သူ့သားကလေး၏ ထူးခြားသော အကြောင်းခြင်းရာ အချက်တစ်ချက်ကြောင့်ပင်။

ယင်းမှာ သူတို့ သားလေး၏ ချက်သည် သာမန်ကလေးများနှင့်မတူဘဲ ထူးဆန်းအံ့သြဖွယ်ရာ ထိုကလေး၏ ချက်မှ လရောင်ကဲ့သို့ ဝင်းလက်သော အရောင်အဆင်း ထွက်ပေါ်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အိမ်နီးနားချင်းများနှင့် သတင်းကြားသိသူ ဆွေမျိုး မိတ်သင်္ဂဟများသည် ဤသို့ ကလေးငယ်၏ ချက်မှ လရောင်ပမာ အရောင်အလင်းဝင်းလက်စွာထွက်ပေါ်နေသည့် ထူးဆန်းလှသော ဖြစ်ရပ်ကြောင့် လာရောက်၍ သတင်းမေးကြည့်ရှုကြသည်မှာ အိပ်ချိန်မှလွဲ၍ ထိုအိမ်၌ ဧည့်သည်သတ် စဲသည်ဟူ၍ မရှိ။

"ကျွန်ုပ်သား၏ ချက်ကိုတော့ ရွှေချက်လို့ပဲ ပြောရတော့မည်ထင်ပါရဲ့၊ သည်တဲ့သို့သားရဲ့ ရွှေချက်ကလေးက ဝင်းဝင်းပပ လင်းလင်းလက်လက် အဆင်းအရောင်လို ထွက်နေသဟာဖြင့် သာမန်မျှ မဟုတ်၊ ကျွန်ုပ်သားသည် ထူးခြားသည့် ဘုန်းရှင်ကံရှင်သာလျှင် ဖြစ်ရပေမည်ပဲပ၊ သည်ရာဇဂြိုဟ်မှာ ကျွန်ုပ်သားလို ထူးသည့်ကလေး ရှိပါလေစ. . . ဟဲ ဟဲ ဟဲ ဟဲ"

ပုဏ္ဏားသူဌေးမှာ လာသမျှ လူအပေါင်းတို့ကို သို့ကလို ပြောရင်း ကြွားဝါလို့ မဆုံးနိုင်တော့။

ထိုသို့ချက်မှ ထူးဆန်းစွာ လမင်းအလင်းကဲ့သို့ ဝင်းဝင်းပပ အလင်းရောင်ထွက်ပေါ်နေခြင်းကြောင့် ထိုသတို့သားငယ်ကလေးကို ရွှေချက်လမင်းအလင်းပိုင်ရှင်ဟု အဓိပ္ပါယ်ရသည့် စန္ဒာဘဟ၍ အမည်ပေးခေါ်ဝေါ်ကြလေတော့သည်။

စင်စစ်ထိုသတို့သားငယ် စန္ဒာဘ၏ ချက်မှ ထိုကဲ့သို့ ထူးဆန်းစွာ လမင်းကဲ့သို့သော အလင်းရောင်ထွက်ပေါ်နေသည်မှာ ရှေးအတိတ်ကုသိုလ်ကြောင့်ဖြစ်ပေသည်။ အတိတ်အကြောင်းရင်းကို ပြန်ကြည့်လေသော် ထိုသတို့သားငယ် စန္ဒာဘသည် ရှေးဘဝတစ်ခု၌ ဗာရာဏသီ ဟူသော တိုင်းပြည်တွင်မြို့ နှင့်မနီး တောမြိုင်ကြီးနှင့်နီးသော နယ်စွန်နယ်ဖျား ကျေးလက်တောရွာသား တစ်ဦးဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ဗာရာဏသီမြို့မှ စန္ဒကူးသား လာရှာသော ကုန်သည်တစ်ဦးနှင့် အဆွေခင်ပွန်းဖြစ်ကာ ထိုတောသားက ထိုကုန်သည်ကို စန္ဒကူးတောအား လိုက်လံပြသပေးလိုက်၏။

သို့သော် တောသားမှုကား ကုန်သည်အလိုရှိသော ထိုတောသစ်ပင်များသည် စန္ဒကူးသားများရယ်ဟုမူ မသိချေ။ သာမန်အားဖြင့် အကိုင်းနီနီနှင့် တောတွင်း သဘာဝပေါက်သစ်ပင်များဟူ၍သာ သိရှာလေသည်။

စန္ဒကူးကုန်သည်လည်း စန္ဒကူးသားများကို လှည်းငါးရာဖြင့် အပြည့်ခုတ်ယူတင်ဆောင်ပြီး ဗာရာဏသီမြို့သို့ ပြန်သွား၏။

အပြန်တွင် တောသားအား စန္ဒကူးကုန်သည်က သူအလိုရှိသော သစ်ပင်များကို ရရှိအောင် ကူညီဆောင်ရွက်ပေးသဖြင့် များစွာကျေးဇူးတင်ကြောင်းနှင့် ထိုကျေးဇူးကိုတုံ့ပြန် အလုပ်အကျွေးပြုလိုပါသဖြင့် ဗာရာဏသီသို့ တစ်ခါတစ်ခေါက် လာရောက်ခဲ့ပါဦးဟု ဖိတ်မန္တကပြုခဲ့သည့်အပြင် အကယ်၍ ဗာရာဏသီသို့ လာခဲ့ပါက ဤသို့သော သစ်ပင်များကို လှည်းတစ်စီးအပြည့် တင်ဆောင် သယ်ယူလာပါလို့လည်း မှာကြားထားခဲ့လေသည်။

ထိုသည့်နောက် အတန်ကြာသောအခါ ထိုတောသားလည်း ကုန်သည်၏ ဖိတ်ကြားချက်ကို အမှတ်ရ၍ ကုန်သည်မှာခဲ့သည့်အတိုင်း စန္ဒကူးသားများကို လှည်းဖြင့် အပြည့်တင်ဆောင်ကာ ဗာရာဏသီသို့ ထွက်ခွာလာခဲ့လေသည်။

ထိုတောသား ဗာရာဏသီသို့ ရောက်ချိန်၌ ဗာရာဏသီတွင် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးဖြစ်၍ ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ဌာပနာလျက် ရွှေစေတီကြီး တည်ထားကြသော ကာလ ဖြစ်ပေသည်။

စန္ဒကူးကုန်သည်လည်း ဧည့်သည် တောသားကို ခရီးဦးကြိုပြုကာ ပြုစုကျွေးမွေးပြီးနောက် တောသားယူဆောင်လာသော စန္ဒကူးသားများကို ကျောက်ပျဉ်များ၌ သွေးစေလေသည်။ ထို့နောက် သွေးထားသော စန္ဒကူးနှစ်များကို ရွှေစေတီသို့ ယူဆောင်လျက် ပူဇော်ကြရာ တောသားက စေတီတော်၏ ဝမ်းပြင်၌ စန္ဒကူးနှစ်တို့ကို လဝန်းသဏ္ဍာန် သုတ်လိမ်းပူဇော်လေသည်။

ထိုကောင်းမှုကုသိုလ်ကံ ကြောင့် ထိုတောသားသည် ကဿပဘုရားနှင့် ဂေါတမဘုရားနှစ်ဆူတို့ စပ်ကြားကာလပတ်လုံး နတ်စည်းစိမ်ချမ်းသာ တို့ကို ကောင်းစွာ ခံစား စံစားခဲ့ရလေသည်။

ထို့နောက် ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ကာလ၌ ယခုကဲ့သို့ ရာဇဂြိုဟ်မြို့တော်တွင် ပုဏ္ဏားသူဌေးအိမ်၌ မွေးဖွားလာပြီး ကဿပဘုရားရှင်၏ စေတီတော်၌ လဝန်း





www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန် စန္ဒကူးနှစ်များဖြင့် လိမ်းသုတ်ပူဇော်ခဲ့သော ကောင်းမှုကြောင့် ငယ်စဉ်ဖွားမြင်ပြီးစ ကလေးဘဝ၌ပင် ချက်၌ လဝန်းအလင်းရောင်ကဲ့သို့ ဝင်းပြောင်ပေါ်ထွန်းနေခြင်းပင် ဖြစ်တော့သည်။

ဤသို့ဖြင့် မွေးဖွားပြီးစ ကလေးဘဝကပင် ချက်မှ လဝန်းအလင်းရောင် ဝင်းပြောင် ထွက်ပေါ်နေသည့် ထူးခြားသော ဝိသေသလက္ခဏာကြောင့် သူ့ဖခင် ပုဏ္ဏားသူဌေးက ရွှေချက်လမင်းအလင်းပိုင်ရှင် ဟု တင်စားခေါ်ဝေါ်ရာမှ စန္ဒာဘ ဟု အမည်တွင်ခဲ့သော ကလေးငယ်သည် ရက်လနှစ်တွေ ကြာလာသည်နှင့်အမျှ ချိန်တန်ရွယ်ရောက် လူလားမြောက်လာခဲ့ပေသည်။

သို့ စန္ဒာဘ အရွယ်ရောက်လာသောအခါ သူ၏ဦးကြီး စသည်တော်စပ်သော ဆွေမျိုး ပုဏ္ဏားတစ်သိုက် ခြံရံလျက် စန္ဒာဘကို တင့်တယ်စွာ တန်ဆာဆင်ထားသော ယာဉ်ပေါ်တွင်တင်ကာ အမြို့မြို့အနယ်နယ် အရပ်ရပ်သို့ လှည့်ပတ်သွားလာကြလေသည်။

"အို မြို့သူမြို့သား၊ နယ်သူ နယ်တော်သား အပေါင်းတို့ လာကြကုန်လော့၊ ကြည့်ရှုလှည့်ကြကုန်လော့ . . . အဆင်းအင်္ဂါနှင့် ပြည့်စုံသော ကျွန်ုပ်တို့၏ ရွှေချက်လမင်းအလင်းပိုင်ရှင် သတို့သား စန္ဒာဘကို လာ၍ အလေးအမြတ်ပြုကြည့်ကြကုန်လော့။

ဤသတို့သား၏ ရွှေချက်မှ စန်းသော်တာလမင်း၏ အလင်းရောင်ကဲ့သို့ ထူးမြတ်သော အလင်းရောင်တို့ ထွက်ပေါ်လျက် ရှိပေ၏။ ဤအံ့ဖွယ်ထူးခြား ရွှေချက်အား ထိရကိုင်ရသောသူတို့၌ စီးပွားဥစ္စာတို့ တိုးစေ၏၊ ကောင်းကျိုး သုခချမ်းသာ မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံစေ၏။

သို့ပါ၍ ကြီးပွားချမ်းသာခြင်းကို အလိုရှိကုန်သောသူတို့သည် ဤရွှေချက်လမင်းအလင်းပိုင်ရှင် သတို့သား စန္ဒာဘ၏ ရွှေချက်ကို ထိမိ ကိုင်တွယ်အပ်ကြကုန်၏"

အထက်တွင် ဆိုထားသကဲ့သို့ ပုဏ္ဏားတစ်စုတို့သည် စန္ဒာဘကို ယာဉ်ပေါ်၌ တင်ကာ လှည့်လည်သွားလာရင်း အထက်ပါအတိုင်း ကြေညာကာ လူအပေါင်းတို့ကို စည်းရုံးဆွဲဆောင်ဖိတ်ခေါ်ကြ၏။

ထိုအခါ စန္ဒာဘ၏ ထူးခြားအံ့သြဖွယ်အဖြစ်ကြောင့် လူများစွာတို့သည် ထိုပုဏ္ဏားတို့ ကြွေးကြော်ကြေညာသည့်အတိုင်း အမှန်ပင် အကျိုးစီးပွား ဖြစ်ထွန်းလေရာ၏ဟု ယုံကြည်ထင်မှတ်ကြလျက် အသပြာတစ်ရာတစ်ထောင် စသော အခကြေးငွေများပေး၍ စန္ဒာဘ သတို့သားငယ်၏ချက်ကို ထိတွေ့ကိုင်တွယ်ကြလျက် ဆုတောင်းကြလေသည်။

"အို ပရိသတ်အပေါင်းတို့ အလုအယက် တိုးထိကိုင်တွယ်ခြင်း မပြုကြပါကုန်လင့်၊ စည်းစနစ်ကျနစွာ တန်းစီလျက် တစ်ယောက်ပြီး တစ်ယောက်အလှည့်ကျ တွေ့ထိ ကိုင်တွယ်ကြပါကုန်လော့"

အချို့သော မြို့ရွာ အရပ်ဒေသများ၌ အထူးအဆန်းဆိုလျှင် ဘာရယ်ညာရယ် ဟုတ်သည် မဟုတ်သည်၊ ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို စဉ်းစားဆင်ခြင်ခြင်း မရှိဘဲ အရမ်းကာရော စိတ်ဝင်စားတတ်သော စပ်စုတတ်သော လူတို့၏ သဘာဝအတိုင်း လူအပေါင်းတို့ အလုအယက်တိုးဝှေ့လျက် စန္ဒာဘ၏ချက်ကို ထိတွေ့ကိုင်တွယ်ကြရန် ကြိုးစားတတ်ကြသဖြင့် အထက်ပါအတိုင်း စနစ်တကျ တန်းစီ၍ ပြုလုပ်ကြရန်ကိုပင် တောင်းပန်ပြောဆိုရသည်အထိ ဖြစ်ခဲ့ရ၏။

ဤသို့ဖြင့် စန္ဒာဘ၏ ချက်ကို ထိတွေ့ကိုင်တွယ်ခွင့် ရခဲ့ကြသူများ အကျိုးစီးပွားဖြစ်ထွန်းသည် မဖြစ်ထွန်းသည်ကို မသိရသော်လည်း မူလကပင် ချမ်းသာသော စန္ဒာဘတို့ ပုဏ္ဏားသူဌေးမိသားစု ဆွေမျိုးအသိုင်းအဝိုင်းတို့သည်ကား ပို၍ ပို၍ ချမ်းသာသည်ထက် ချမ်းသာလာကြသည်ကတော့အမှန်ပင်။

ဤသို့ဖြင့် စန္ဒာဘတို့ အဖွဲ့ ရာဇဂြိုဟ်ပြည်တွင် လှည့်လည်သွားလာနေခဲ့ကြသည်မှာ ရွာစုံ၊ မြို့စုံ၊ နယ်စုံပြီဖြစ်သဖြင့် ထပ်မံ၍ ခရီးခြေဆန့်ထွက်ခွာလာခဲ့ကြရာ ကာလအတန်ကြာသော် သာဝတ္ထိမြို့တော်သို့ပင် ရောက်ရှိခဲ့ကြလေတော့သည်။

သာဝတ္ထိမြို့သို့အရောက် စန္ဒာဘတို့အဖွဲ့ ခေတ္တစခန်းချရပ်နားနေရာမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးတော်မူနေရာ ဇေတဝန်ကျောင်းတော်သို့သွားရာလမ်း၏ လမ်းဘေးတစ်နေရာ ဖြစ်နေလေသည်။ထို့ကြောင့် ထိုလမ်းသည် ဇေတဝန်ကျောင်းတော်သို့ ဘုရားရှင်ကို ဖူးမြော်တရားနာရန် ဖြတ်သန်းသွား လာနေကြသော လူပရိသတ်အပေါင်းတို့နှင့် စည်ကားနေလေသည်။

"အို အဆွေရောင်းရင်းတို့ . . သင်တို့သည် ဇေတဝန်ကျောင်းတော်သို့ တရားနာသွားနေကြမည့်အစား ကျွန်ုပ်တို့၏ ထူးဆန်းအံ့သြဖွယ်ကောင်းသော ရွှေချက်လမင်းအလင်းပိုင်ရှင် သတို့သား စန္ဒာဘထံသို့ လာလှည့်ကြကုန်လော့။

အကျိုးစီးပွား ချမ်းသာကြီးမားစွာ ခံစားရန် အလိုရှိကုန်သော သူတို့သည် ဘုန်းတန်ခိုးရှင် စန္ဒာဘထံ လာကြကုန်၏၊ သူ၏ လမင်းအလင်းရောင်တောက်နေသော ရွှေချက်ကို ထိကြကိုင်ကြကုန်၏၊ ဆုတောင်းဆုယူ ပြုကြကုန်၏"

"အချင်း ရာဇဂြိုဟ်ပြည်သား ပုဏ္ဏားတို့ သင်တို့၏ သတို့သား စန္ဒာဘသည် အဘယ်မျှထူးခြား ဆန်းကြယ်စွာ ချက်မှ အလင်းရောင် မည်မျှထွက်နေသည်ဖြစ်စေ၊ သုံးလောကတွင် အတုမရှိ အမြတ်ဆုံးဖြစ်၍ နတ်လူအပေါင်းတို့၏ ဆရာသခင် ငါတို့၏ ကိုးကွယ်အားထားရာ ဗုဒ္ဓဘုရားရှင်အား တုယှဉ်နိုင်မည် မဟုတ်ချေတကား။

ငါတို့ ဘုရားရှင်၏ ရောင်ခြည်တော် အလင်းတို့နှင့် သင်တို့၏ သတို့



www.burmeseclassic.com

www.burmeseclassic.com

သား စန္ဒာဘ၏ ချက်မှထွက်သော မဆို စလောက်သော အလင်းတို့ တုနှိုင်းယှဉ်နိုင်ပင် အကြောင်းမရှိ။

ပိုးစုန်းကြူးနှင့် လမင်းသည် နှိုင်းယှဉ်ရန် သင့်သေး၏၊ သင်တို့သတို့သား စန္ဒာဘ၏ ချက်အရောင်နှင့် ငါတို့ဘုရားရှင်အား နှိုင်းယှဉ်လေက ပိုးစုန်းကြူးငယ်သည် လမင်းတစ်ထောင် တစ်သောင်းတို့နှင့် ယှဉ်ပြိုင်ဘိသကဲ့သို့သာ ဖြစ်ချေလိမ့်မည်တကား"

"အို သာဝတ္ထိသားတို့ သို့ဆိုလျှင် အသင်တို့နှင့် ကျွန်ုပ်တို့ နှုတ်စကားယှဉ်ပြိုင် အနိုင်လုနေသည်ထက် သင်တို့ဆရာ ရဟန်းဂေါတမကြီးနှင့် ငါတို့သတို့သား စန္ဒာဘတို့ မျက်နှာချင်းဆိုင်တွေ့ ယှဉ်ပြိုင်လေပါမှ သင့်မည်ပါတကား"

ရာဇဂြိုဟ်ပြည်သား စန္ဒာဘ၏ အဖွဲ့သား ပုဏ္ဏားများက ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူး တရားနာသွားနေကြကုန်သော သာဝတ္ထိမြို့သားများကို ထုံးစံအတိုင်း ဆွဲဆောင်စည်းရုံးဆော်ဩကြလေသောအခါ သာဝတ္ထိသားများကလည်း ပြန်လှန် ပြောဆိုကြသဖြင့် အထက်ပါအတိုင်း စကားအချေအတင် အပြန်အလှန် ပြောဆိုကြရာမှ နောက်ဆုံး ဘုရားရှင်နှင့် စန္ဒာဘတို့ တွေ့ရင်ဆိုင် ယှဉ်ပြိုင်ကြည့်ကြရန် အခြေအနေထိ ဖြစ်လာလေသည်။

စန္ဒာဘတို့ဘက်မှလည်း အပွဲပွဲနိုင်လာလေသမျှ သာဝတ္ထိရောက်မှ မိမိတို့ ... ကျ အရှက်ရခြင်းအဖြစ် မခံနိုင်ကြသည့်အပြင် မိစ္ဆာဒိဋ္ဌိအယူရှိသူများဖြစ်ကြသဖြင့် ဘုရားရှင်၏ဂုဏ်ကျေးဇူးအထူးတို့လည်း မသိကြလေရကား ဇေတဝန်ကျောင်းတော်သို့ လိုက်သွား၍ ဘုရားရှင်နှင့် ရင်ဆိုင်တွေ့ဆုံ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဤသို့ဖြင့် နောက်ဆုံး ဘုရားရှင်၏ ဆေနေယျ ဥပါသကာများနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်ပါကြပြီး ဘုရားရှင်ရွှေတော်မှောက်သို့ ရောက်သွားကြလေတော့သည်။

"အလို အို၊ ဘယ့်နှာဖြစ်သွားရတာပါလိမ့်၊ ငါတို့များ မျက်စိအမြင်တွေ မှားကုန်ကြလေသည်လား ကပဲ"

ဘုရားရှင် ရွှေတော်မှောက်သို့ ရောက်သွားသည်နှင့် ရွှေချက် အလင်းပိုင်ရှင် စန္ဒာဘ၏ ချက်မှ ထွက်နေသော လမင်းအလင်းရောင်တို့ ချက်ချင်း ကွယ်ပျောက်၍ မီးသွေးတောင်းထဲ ထည့်ထားသော ကျီးငှက်ကဲ့သို့ မည်းနက်မှောင်မိန်းသွားလေရာ စန္ဒာဘနှင့် အဖွဲ့သား ပုဏ္ဏားများအားလုံးမှာ ပါးစပ်အဟောင်းသားများနှင့်ထိတ်လန့်အံ့အားသင့်ကုန်ကြရလေတော့သည်။

ဘုရားရှင်၏ တပည့်သား ဥပါသကာ သာဝတ္ထိမြို့သားတို့မှာမူကား ဘုရားရှင်ရွှေတော်မှောက်၌ ဖြစ်သဖြင့် အထူးတလည် မပြောကြသော်လည်း "ကိုင်း ဘယ့်နှယ့်ရှိစ၊ တွေ့ပြီ မဟုတ်လား" ဟူသော မျက်နှာထားများနှင့် စန္ဒာဘတို့ အဖွဲ့ကို အောင်ပွဲခံသော ဟန်များနှင့် ခပ်ထေ့ထေ့ကြည့်နေကြလေတော့သည်။

"ဟေ့ဟေ့ အချင်းတို့ ဒီ ဒီ ဒီမှာ ကြည့်ကြစမ်း စန္ဒာဘ ချက်က အလင်းရောင်တွေ ပြန်ထွက်လာပြန်ပြီကော၊ ကိုင်း ရဟန်းကြီး ဂေါတမထံ ပြန်သွားကြမယ်၊ ဒီတစ်ခါတော့ တွေ့ကြပြီပေါ့"

စန္ဒာဘတို့အဖွဲ့ ဘုရားရှင် ရွှေတော်မှောက်မှ ရှက်ကြောက် ခံပြင်းစွာ ထွက်ခွာလာပြီးနောက် ဇေတဝန်ကျောင်းတော်ရာ၏ အပြင်သို့ ရောက်သည်နှင့် စန္ဒာဘ သတို့သား၏ ချက်မှ မူလအတိုင်း လမင်းအလင်းရောင်တို့ ဝင်းလက်တောက်ပြောင်စွာ ပြန်၍ ပေါ်ထွက်လာသည်ကို တွေ့ကြရသဖြင့် အနိုင် မခံ အရှုံးမပေးလိုသော စိတ်တို့ဖြင့် ခါးကော့ ရင်မော့လျက် ဘုရားရှင်ထံ ချက်ချင်းပြန်သွားကြပြန်၏။

"ဟာ"

"ဟင်"

"အို"

"အလို . . . ဘယ်လိုဖြစ်ပြန်တာပါလိမ့်ကွယ်ရို့"

သူတို့ ပုဏ္ဏားအဖွဲ့ အထက်ပါအတိုင်း မခံချင်စိတ်တို့ဖြင့် ဘုရားရှင်ထံ ပြန်သွားလေရာ ဘုရားရှင်၏ ရွှေတော်မှောက်သို့ ရောက်သည်နှင့် အထက်နည်းအတိုင်း စန္ဒာဘ၏ချက်မှ အလင်းရောင်တို့ ရုတ်တရက် ကွယ်ပျောက်သွားပြန်ပြီး မီးသွေးတောင်းထဲက ကျီးငှက်လို ပြန်၍မည်းနက်မှောင်မိန်းသွားပြန်လေသဖြင့် ရာဇဂြိုဟ်သား စန္ဒာဘနှင့် ပုဏ္ဏားတစ်ဖွဲ့လုံး အံ့အားသင့် ထိတ်လန့်တုန်လှုပ်ကြလေသည်။

ဤတွင် စန္ဒာဘသတို့သားငယ်အဖို့ တွေးတောစရာတွေ ဖြစ်လာရတော့သည်။ သူ၏ချက်မှ အလင်းရောင်တို့သည် ဂေါတမဗုဒ္ဓဘုရားရှင် ရွှေတော်မှောက်သို့ရောက်လေတိုင်း ကွယ်ပျောက်သွားရပြီး ဘုရားရှင်၏ မျက်ကွယ်သို့ရောက်သည်နှင့် မူလအတိုင်း ချက်၌ လမင်းအလင်းရောင်တို့ ပြန်ပေါ်လာသည်မှာ အကြောင်းမဲ့တော့ မဟုတ်တန်ရာ။ တိုက်ဆိုင်မှုလည်း မဟုတ်တော့။ ဧကန္တ မဟုတ်ခါမှလွဲရော ရဟန်းကြီးရှင်ဂေါတမ၌ ထူးခြားသော တန်ခိုးကြီးသည့် မန္တန်ထူး ရှိ၍သာ ဖြစ်ရမည်ဟု စန္ဒာဘတွေးထင်မိသည်။

ထို့ကြောင့် "အရှင်ဘုရား အရှင်ရဟန်းကြီးထံတွင် သူတစ်ထူး၏ ကိုယ်အလင်းရောင်ကို ပျောက်အောင် ဖျောက်နိုင်သော မန္တန်ထူးရှိလျှင် သင်ယူလိုပါသည်၊ ကျွန်ုပ်အား သင်ပေးရန် တောင်းပန်ပါသည်" ဟု ဘုရားရှင်ထံ လျှောက်ထားလိုက်သည်။

ထိုအခါ ဘုရားရှင်က. . .

"ချစ်သား စန္ဒာဘ သတို့သား၊ မန္တန်ကို ရဟန်းပြုသောသူကိုသာ ငါဘုရား သင်ပေးပေသည်"ဟု မြွက်တော်မူလိုက်၏။

ဘုရားရှင်၏ တန်ခိုးတော် အာနုဘော်ကို လက်တွေ့မြင်ခဲ့ပြီးပြီဖြစ်သော စန္ဒာဘလည်း မန္တန်ကို ရယူလိုသောဆန္ဒ


www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြလွန်းလှသည့် အားလျော်စွာ. . .

"သို့ဆိုလျှင် ကောင်းပါပြီ၊ ရဟန်းပြုပါမည် ရှင်ကြီး ဂေါတမ"

ဟု ဝန်ခံကာ သာသနာတော်တွင် ရဟန်းပြုလေတော့သည်။

ထိုသို့ စန္ဒာဘသတို့သား ရဟန်းပြုပြီးနောက် ဘုရားရှင်သည် အရှင်စန္ဒာဘအား ကမ္မဋ္ဌာန်းတရားတို့ကို မန္တန်အဖြစ် သင်ကြားပေးတော်မူလိုက်၏။

ထိုအခါ ရဟန်းအရှင်စန္ဒာဘသည် ထိုကမ္မဋ္ဌာန်းတရားများကို သူအလိုရှိသော မန္တန်များပေတကားဟု ထင်မှတ်ကာ လိုချင်သောဆန္ဒပြင်းပြလှသည့်အလျောက် မးဗုတ်မနစ် အာရုံစူးစိုက် ဝီရိယထား ကြိုးစားကာ အပြင်းအထန် လေ့ကျင့်နေတော့၏။

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဆန္ဒာဓိပတိ- အကြီးအမှူးဖြစ်သော ဆန္ဒသည်၊ ဆန္ဒသမ္ပယုတ္တကာနံ - ဆန္ဒနှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-စိတ်စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ- အကြီးအမှူးဖြစ်သည့် အကြောင်းသတ္တိဖြင့်၊ ပစ္စယော -ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏။

ဝီရိယာဓိပတိ- အကြီးအမှူးဖြစ်သော ဝီရိယသည်၊ ဝီရိယသမ္ပယုတ္တာကာနံ- ဝီရိယနှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ- စိတ်စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ- ထိုအကြီးအမှူး ဝီရိယကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ- စိတ္တဇရုပ်တို့အားလည်းကောင်း၊ အဓိပတိပစ္စယေန- အကြီးအမှူးဖြစ်သည့် အကြောင်းသတ္တိဖြင့်၊ ပစ္စယော- ထိုထိုကိစ္စပြီးစီးမှု ကျေးဇူးပြုသည်၊ ဟောတိ- ဖြစ်၏။

ဟူ၍ ပဋ္ဌာန်းဒေသနာတော်၌ လာရှိသည်နှင့်အညီ အရှင်စန္ဒာဘသည်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း ကမ္မဋ္ဌာန်းတရားတို့ကို သူအလိုရှိသော မန္တန်ဟု ထင်မှတ်ကာ ကြီးမားသော ဆန္ဒ၊ ပြင်းထန်သော ဝီရိယအားစိုက်ကြိုးစားလေ့ကျက်မှုကြောင့် သုံးရက်မျှသာသော ကာလတိုလေးအတွင်း၌ အလုံးစုံသော ကမ္မဋ္ဌာန်းတရားတို့ကို နှလုံးသွင်းမိသဖြင့် အရဟတ္တမဂ်ဖိုလ်ဆိုက်၍ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူလေတော့၏။

"အမောင် စန္ဒာဘ၊ သင်သည် ယခုအခါ ရဟန်းကြီး ဂေါတမထံမှ မန္တန်သင်ယူရန် ရဟန်းပြုခဲ့သည်မှာ သုံးရက်မျှပင် ကြာမြင့်ခဲ့ချေပြီ၊ သို့ဖြစ်၍ ယခုလောက်ဆိုလျှင် သင်လဲ ရဟန်းကြီး ဂေါတမ၏ မန္တန်ကို ကောင်းစွာ လေ့ကျက်ပြီးလောက်ပေပြီ၊ ငါတို့မှာ ဤအရပ်ဌာနတစ်ခုတည်းတွင် ကြာရှည်စွာ နေ၍မသင့်၊ အခြားအရပ်တစ်ပါးတို့သို့လဲ လှည့်လည်သွားလာကြရန် ရှိသေးသည် မဟုတ်ပါလော"

"အသင် ဒကာကြီးတို့၊ ယခုအခါ ဂေါတမဗုဒ္ဓဘုရားရှင်၏ တပည့်သားသာဝကဖြစ်သော ကျွန်ုပ်သည် သင်တို့နှင့်အတူ ယရာဝါသ ကိစ္စမြားမြောင်လူတို့ဘောင်သို့ နောက်ကြောင်းတစ်ဖန်ပြန်လှည့်လိုက်ရန် မသင့်လျော်တော့လေပြီတကား။

သို့ကြောင့် သင်တို့သည် နေရပ်ဌာနသို့သာ ပြန်ကြလေကုန်လော့၊ ကျွန်ုပ်မူကား ဘုရားရှင်၏ သာသနာတော်၌သာ မွေ့လျော်ပေတော့အံ့၊ လူ့လောကီကိစ္စ အဝဝတို့သည် ကျွန်ုပ်နှင့် လုံးဝမအပ်စပ် မသက်ဆိုင်လေတော့ပြီ ဒကာတို့"

ဆိုခဲ့ပြီးသည့်အတိုင်း အရှင်စန္ဒာဘသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရားထံမှ မန္တန်သင်ယူရန် ရဟန်းပြုခဲ့သည်မှာ သုံးရက်တာ ကာလမျှ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတူပါလာသော အခြွေအရံ ဆွေမျိုးသားချင်း ပုဏ္ဏားများက အရှင်စန္ဒာဘအား စီးပွားရှာရန် အခြားအရပ်တစ်ပါးဒေသများသို့ ဆက်လက်လှည့်လည် သွားလာနိုင်ရေးအတွက် တိုက်တွန်း ပြောကြားကြလေသည်တွင် ရဟန္တာစင်စစ် ဖြစ်ခဲ့ပြီဖြစ်သော အရှင်စန္ဒာဘက ကြီးမားခံ့ထည် တည်ငြိမ်စွာသော ဣန္ဒြေနှင့် ပြန်လည်ပြောကြားလိုက်ခြင်း ဖြစ်ပေသည်။

ထိုအခါ အရှင်စန္ဒာဘနှင့် ဆွေမျိုးသားချင်း ပုဏ္ဏားတို့ ထိုသို့ အပြန်အလှန်ပြောဆိုနေကြသည်ကို ကြားသိရလေသော ရဟန်းများက ရဟန်းပြုပြီးသည်မှ သုံးရက်မျှသာ ရှိသေးသော အရှင်စန္ဒာဘ၏ အပြောအဆို အသုံးအနှုန်းတို့သည် ရဟန္တာတို့၏ ပြောဆိုပုံမျိုးဖြစ်နေသောကြောင့် မယုံကြည်နိုင်ဖြစ်နေကြသဖြင့် ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြလေသည်။

ထိုအခါ ဘုရားရှင်သည် ရွှေချက်လမင်း အလင်းပိုင်ရှင် အရှင်စန္ဒာဘ ရဟန္တာဖြစ်သွားခြင်း အကြောင်းကို ချီးမွမ်းထောက်ခံတော်မူသောအားဖြင့် အောက်ပါဒေသနာတော်ကို မိန့်မြွက်ဟောကြားတော်မူပါလေသတည်း။

"စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္နမနာဝိလံ၊ နန္ဒီဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အညစ်အကြေး ကင်းသော လမင်းကြီးကဲ့သို့ ကိလေသာစင်ကြယ်သော၊ အထူးသဖြင့် ကြည်လင်ကာ နောက်ကျုခြင်း ကင်းလျက် ဘဝတို့၌ နှစ်သက်တတ်သည့် တဏှာ ကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဓမ္မပဒ ဝေ ရက္ခတိ ဓမ္မစာရီ

❒ ဘိုရတနဓမ္မပါလ


*စာညွှန်း*

ခင်ချိုထွန်းစာပေတိုက်ထုတ် ဝဋ္ဋာန်းအဓိပ္ပာယ် ရှင်းလင်းချက်၊ အမေးအဖြေဓမ္မပဒ၊ ဗြာဟ္မဏ အရှင်စန္ဒာဘ အကြောင်းကို ခံစားရေးဖွဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မစကြာ တရားတော်

**ကျေးရွာတော်ရှင် ပခုက္ကူဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တကုဏ္ဍာဘာသ ပဆေရ်မြတ်**
**(အနိစ္စဆရာတော်)**

## နိဗ္ဗာန်မြင်လျှင်မဂ္ဂင်မှတ် တစ်ခဏလေးနဲ့ ဟန်သတည်း တရားတော်

(...သမှအဆက်)

*၂၆. ၈. ၂၀၁၃ (နံနက်)*

မိစ္ဆာဒိဋ္ဌိ ရှိရင် မိစ္ဆာသက်ပ္ပ ရှိတယ်။ မိစ္ဆာဒိဋ္ဌိ မရှိရင် မိစ္ဆာသက်ပ္ပ မရှိဘူး၊ ...ဝါစာ မရှိဘူး၊ မိစ္ဆာကမ္မန္တ မရှိဘူး၊ သီလ ရှိသေးလား (ရှိပါတယ် ဘုရား)။ ...ဒိဋ္ဌိမရှိလို့ သီလ ရှိသွားတာ။ ပညာရှိသွားရင် ယတ္တပည် တတ္တသီလ ဆိုတဲ့ ...တွေ ဒီထဲမှာပဲရှိတယ်။ ဘုရားဟောရင် သစ္စာလေးပါးပဲ ဟောတယ်။ အဲဒီလို ...မှ အဲဒါမှ ပထမတန်း၊ နည်းနည်းလေးဆိုရင် နည်းနည်းလေးကောင်း၊ (၁၃) ကနေ (၁၄) မရောက်သေးဘူး၊ ကောင်းနေပေါ့။ အရိယော - ဖြူစင်ကောင်းမြတ်သော၊ အဋ္ဌင်္ဂိကော - အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ - စိတ်လမ်းဟူသည်။

စိတ်လမ်း သိရဲ့လား၊ ဈေးထဲသွားရင် ဘယ်လမ်းနဲ့သွားတုံး။ ဒီကိုယ်ကြီးက ဘယ်လမ်းနဲ့သွားတုံး။ မော်တော်ကားလမ်းနဲ့ပေါ့။ စိတ်လမ်းဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသက်ပ္ပတို့ဆိုတာ စိတ်လမ်းပေါ့။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသက်ပ္ပတို့ဆိုတာ စိတ်လမ်းပေါ့။ ဒီပြင်ဟာတွေကျတော့ ပြောတတ်လိုက်တာ၊ ဒီဟာကျတော့ မပြောတတ်တော့ဘူး။

အယမေဝ -ဤရှစ်ပါးသည်သာလျှင်တည်း၊ ဣဒံ - မဂ္ဂင်ရှစ်ပါးဟူသည်၊ သေယျထာ - အဘယ်နည်း၊ သေယျထိဒံကို အဲဒီလိုပုဒ်ဖြတ်၊ အလွန်လွယ် အလွန်ကောင်း၊ ဖတ်လို့ အလွန်ကောင်း။ သမ္မာဒိဋ္ဌိ - အမြင်အားဖြင့် သမ္မာဖြစ်သတည်း။ သမ္မာ နှင့် မြင်သတည်း။ သမ္မာနှင့် မြင်တယ်ဆိုတာ သိရဲ့လား။ မိစ္ဆာနဲ့ မမြင်တာပေါ့။ အောင်မှာ သူငယ်ချင်းအချင်းချင်း နှုတ်ဆက်တယ်။ တကယ့်မိန်းမကြီး၊ တကယ့်သူငယ်ချင်းဆိုရင် မိစ္ဆာနဲ့ နှုတ်ဆက်တယ်၊ ကာယကံ ဝစီကံတွေနဲ့ ဆက်နွှယ်နေတယ်။ နှုတ်နဲ့ မဆက်နွှယ်ရင် မာနကြီးတယ် ဒီကောင်မ မဆိုဘူးလား (ဆိုပါတယ် ဘုရား)။ ဘာနဲ့ ဆက်သွယ်လို့တုံး၊ စိတ်ကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ ဟန်ပန်လုပ်တာ။

ငါ ကျောင်းပြတင်းပေါက်က ကြည့်နေတယ်။ ကောင်မလေး တစ်ယောက်က ချောချောလှလှလေး ပထမတန်း။ ဟိုကတစ်ယောက်က လာတယ်၊ သူကလည်း ချောချောလှလှလေး ပထမတန်း။ ထိုင်လည်းထိုင်လိုက်ရော မျက်ခွက်ကြီးတွေက အနီစွဲ၊ ဒုက္ခတွေ ဖြစ်သွားကြတယ်။ မလှတော့ဘူး။ ဘယ်လုပ်ပါ့မလဲ။ မျက်ခွက်ကြီးတွေက မှဲ့ရွှဲ့သွားကြတာ။ သနပ်ခါးတွေကတော့ လိမ်းပါရဲ့၊ စိန်နားကပ်ကြီးနဲ့။





www.burmeseclassic.com

www.burmeseclassic.com

မဲ့တယ်ဆိုတာ လှသေးလား (မလှတော့ပါ ဘုရား)။ ဘာက မဲ့တာတုံး၊ ဗျာပါဒက မဲ့တာ။ ဗျာပါဒဆိုတာ ဘာတုံး (ဒေါသပါ ဘုရား)။ ရန်သူကြီးကို မိတ်ဆွေလုပ်နေတယ်။ လူလူချင်း တည့်အောင်ပေါင်းရမှာ၊ သမ္မာဝါစာနဲ့ဆို ညည်း၊ ဘယ်က လာတုံးဆို ပထမတန်းဖြစ်မယ့်ဟာ မဖြစ်တော့ဘူး။ ပါးစပ်ကြီး မဲ့ကာ ရွဲ့ကာနဲ့ မုန်းတာခေါ်တယ်။

အဲဒီဟာတွေ ဘာကဖြစ်တာတုံးဆို စိတ်ကဖြစ်တာ၊ ဘာစိတ်တုံးဆိုတော့ မနောကံစိတ် မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ အဲဒီလို မလုပ်နဲ့ဆို ပြဟ္မာ့ပြည်တောင် ဖြစ်ဦးမှာ။ ဘယ် ဒါကြီးဖြစ်နေတော့ ဂုဏ်ပြိုင်တာနဲ့ မဖြစ်တော့ဘူး။ ငရဲရောက်တော့မှာ။ ဒါကြောင့် မြတ်စွာဘုရားက ကယ်တင်တာ။ ဒါကြောင့် လူလူချင်း တည့်အောင်လုပ်၊ ရန်မဖြစ်အောင်လုပ်၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ အဲဒီလိုလုပ်၊ ဟိုလိုလုပ်ပေမယ့် ကိစ္စမရှိဘူး။ သေပေမယ့် သမ္မာဒိဋ္ဌိနဲ့သေတာ၊ မိစ္ဆာဒိဋ္ဌိနဲ့သေရင် ငရဲရောက်မှာ။

သမ္မာဒိဋ္ဌိ - အမြင်အားဖြင့်လည်းကောင်း၊ အဲဒါသိပြီလား၊ သွားပြီး နှုတ်ခမ်းမရွဲ့နဲ့၊ ယောက်ျားလေးချင်း မိုက်ကြည့်မကြည့်နဲ့၊ အဲဒါ သမ္မာဒိဋ္ဌိပဲ၊ သမ္မာဒိဋ္ဌိ - အမြင်အားဖြင့် သမာခြင်းလည်းကောင်း၊ သမ္မာသင်္ကပ္ပ - အကြံအားဖြင့် သမာခြင်းလည်းကောင်း၊ အတွေးအားဖြင့် သမာခြင်းလည်းကောင်း၊ အဲဒီလို အနက်ပေး မရဘူးလား၊ ရသလား (ရပါတယ် ဘုရား)။

အတွေးအားဖြင့် သမာတယ်ဆိုတော့ ကဲ ရာဂဖြစ်ဦးမလား (မဖြစ်တော့ပါ ဘုရား)။ ရာဂမဖြစ် ဘာဖြစ်ဦးမှာတုံး၊ အရိယာဖြစ်တယ်။ ဒီလိုအတွေး မှန်တယ်ဆိုတော့ စင်စစ် သမ္မာတွေဆိုတာ သမာတဲ့၊ အလုပ်သမာတဲ့၊ အပြောသမာတဲ့၊ အကြံ၊ မှန်တာနဲ့ သမာတာနဲ့ ဘယ်သူက ထိရောက်တုံး၊ သမ္မာဆိုတော့ ပါဠိလိုကြီးဖြစ်နေတာ။ သမာဆိုတာ မြန်မာခေါ်ခေါ်တာ။

စကားအနက်ကို ကျွမ်းကျင်လိမ္မာတော့၊ ပါဠိရဲ့အနက်ကို ကျွမ်းကျင်လိမ္မာတော့ လူတွေမှာ စိတ်တွေ ပထမတန်းဖြစ်သွားတယ်။ စာဆိုတာ ပရိယတ်ခေါ်တယ်။ ပရိယတ်ဆိုတာ သင်တာခေါ်တယ်။ သင်ယူတော့ မတတ်ဘူးလား (တတ်ပါတယ် ဘုရား)။ ဘွဲ့ရတယ်ဆိုတာ သင်လို့တတ်လို့ရတယ်။ ဟိုက ဘွဲ့ရတယ်၊ ဒီက စိတ်ငြိမ်းအောင်ရတယ်၊ ဒါ ဘုရားသင်ပေးတာ။

သမ္မာသင်္ကပ္ပ - အတွေး၏ သမာဖြစ်ခြင်း လည်းကောင်း၊ ငါ သမာဖြစ်အောင်တွေးမယ် ဒီလိုလုပ်၊ ဟိုကောင်မက ဘယ်လို၊ ဒီကောင်မက ဘယ်လိုနဲ့ တွေးမနေနဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ စိတ်တွေ ပူတာတွေ ဖြစ်သွားမယ်။ မပူဘူးလား (ပူပါတယ် ဘုရား)။ သမာအတွေး ဟုတ်သေးလား (မဟုတ်တော့ပါ ဘုရား)။ မသမာတဲ့အတွေးနဲ့ မလုပ်နဲ့၊ မြန်မာစကားနဲ့ စာတွေဆန်နေတော့ မတတ်သာဘဲ ဖြစ်နေတယ်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါ့ ဘုရား)။

သမ္မာဝါစာ - စကား၏သမာ၊ သမာသောစကားလည်းကောင်း၊ အပြောသမာခြင်းလည်းကောင်း၊ နောက်တနေပြီးတော့ ရှေ့ပြန်တဲ့အနက်၊ ဟိုကတော့ မှန်ကန်စွာ ကောင်းသောကြံခြင်းလည်းကောင်းဆိုတော့ စာကတော့ သိပါရဲ့၊ ကောင်းသောအကြံ ကြံလည်းမကြံဘူး။ အခု မကြံဘဲနေလို့ဖြစ်သလား (မဖြစ်ပါ ဘုရား)။ သမာသောအတွေးဆိုရင် ကောင်းကောင်းကြံပြီး ကောင်းကောင်းကြံတဲ့နောက်တော့ ဝမ်းထဲ ရာဂရှိသေးသလား (မရှိတော့ပါ ဘုရား)။

**မကောင်းမကန်းသာ ကြံလိုက်ပါ ဘာတွေဆိုတာဖြစ်သတည်း။**

ရာဂတွေ၊ ဒေါသတွေ၊ သူ့သတ်တာတွေ၊ ရန်ဖြစ်တာတွေ မသမာသောအတွေး ခေါ်တယ်။ သမ္မာသင်္ကပ္ပ - သမာကို နောက်ကထားပြီးတော့ အတွေး၏သမာခြင်းလည်းကောင်း၊ သမ္မာဝါစာ - စကား၏သမာခြင်းလည်းကောင်း ချိုသာတာတွေ ဘာတွေ သမ္မာတဲ့စကားပြောမှ လိမ်ပြောရင် သမာတဲ့စကား ဟုတ်သေးလား (မဟုတ်တော့ပါ ဘုရား)။

သမ္မာကမ္မန္တ - သမာသောအပြုလည်းကောင်း (ဝါ) အပြု၏သမာခြင်းလည်းကောင်း၊ သမ္မာအာဇီဝ - အနေ၏သမာခြင်းလည်းကောင်း၊ သမာနှင့်နေခြင်းလည်းကောင်း၊ အာဇီဝ အသက်မွေးတယ်ဆိုတာ သူ့အသက်ကိုမသတ်ဘဲ ဘာနဲ့ ဘာနဲ့မွေးတာကို သမာအာဇီဝလို့ခေါ်တယ်။ အနေအထိုင် အစားအသောက် သမာဖြစ်နေတာကို သမ္မာအာဇီဝလို့ခေါ်တယ်။

သမ္မာဝါယာမကျတော့လည်း သမာသောကြိုးစားခြင်းလည်းကောင်း၊ ကြိုးစားခြင်း၏ သမာခြင်းလည်းကောင်း၊ ကြိုးစား နိုးကြားဆိုတာက သမ္မာသတိခေါ်တယ်။ သမ္မာသတိရှိတဲ့သူက နိုးကြားတယ်၊ မကောင်းတာမလုပ်တော့ဘူး၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ သမ္မာသတိ သမာသောနိုးကြားခြင်းလည်းကောင်း၊ သမ္မာသမာဓိ သမာသောစိတ်ထားခြင်းလည်းကောင်း၊ စိတ်နေစိတ်ထား ရိုးသားကြဟန် (စိတ်နေစိတ်ထားရိုးသားကြဟန်)။

**မှန်စွာပြောပြ၊ မြင်မှုမှန်ကြံ**
**စိတ်နေစိတ်ထား၊ ရိုးသားကြဟန်**
**ဤရှစ်ချက် တစ်ချက်မဂ်ကိစ္စ**
**အကုန်ပြီး မငြိုးနိဗ္ဗူစံ။**

အဲဒါ တစ်ခုဖြစ်ရင် နိဗ္ဗာန်ဖြစ်တာပဲ။ များများကြီးဖြစ်မှ မဟုတ်ဘူး။ သမ္မာသတိဆိုရင် မိစ္ဆာသတိဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။ မိစ္ဆာသတိမဖြစ်တာ ဘာသစ္စာတုံး (မဂ္ဂသစ္စာပါ ဘုရား)။ ဖြစ်တာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တာ မဖြစ်တာ ဆိုသည်မှာ ဒုက္ခနိရောဓ ဖြစ်သတည်း။

ဖြစ်ကြောင်း မဖြစ်ကြောင်း ဆိုသည်မှာ သမုဒယ မဂ္ဂ ခေါ်သတည်း။

အဲဒီ ဓမ္မစကြာလေးသာ ကြိုးစားလိုက် သစ္စာလေးပါး ချက်ချင်းမြင်တယ်။ အဲဒါလေးကြံကြံနေ၊ မဂ္ဂင်ရှစ်ပါး ဆိုဆိုနေ. ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

မျက်စိကမြင် ခင်မင်တဏှာ၊ ဥပါဒါန်နှော မနေ့ဒ တမွဲ၊ မဂ္ဂင်ရောက်တ ပျောက်ကြဇာတေန်၊ ဆိပ်ကမ်းရောက် ပျောက်၏ တောမီးမှန်။

ကံသုံးပါးမှာ ဒုမပါ၊ သူဟာ မိထွေးတော် ဖြစ်သတည်း။

ကာယကံ ဝစီကံ မနောကံထဲမှာ ဒုစရိုက်မပါရင် အရိယာဖြစ်တယ်။ အဲဒါ မိထွေးတော်ကြီး၊ သုဒ္ဓေါဒနလည်း အဲဒီလို အရိယာဖြစ်သွားတာပဲ။ နင်တို့ ကံသုံးပါး မသိလို့ ဒုစရိုက်လည်း မသိလို့ ဒါလေးကို အတွေးကမရောက်ဘူး။ မရောက်တော့ အဲဒါ နိဗ္ဗာန်မရောက်ဘဲ ဖြစ်နေတယ်။

ကံသုံးပါးမှာ မဂ္ဂင်ပါ သူဟာ အရိယာ ဖြစ်သတည်း။

ဒီက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝက၊ သီလ ခေါ်တာကိုးကွယ့်။ အဲဒီသီလမှ နိဗ္ဗာန်ရောက်တာကိုးကွ။ ဟိုသီလနဲ့ကျတော့ အကြာကြီးကြာမှ ရောက်ချင်ရောက် တော်ကြာ မြက်ကလေးဆွဲလိုက်မိတာနဲ့ နဂါးကြီးသွားဖြစ် တယ်၊ ဧရာပတ္တနဂါး မဟုတ်ဘူးလား (မှန်ပါ ဘုရား)။ တရား ကြီး ကောင်းလိုက်တာမှ အင်္ဂုလိမာလ လူတွေလွှတ်သတ်ပြီး တော့ ဟော ပထမတန်းဖြစ်သွား တရားရသွားတယ်။ ဟုတ် တယ် မဟုတ်လား (မှန်ပါ ဘုရား)။ အဲဒီလိုဟာ ဂရုစိုက်၊ သူဌာရာမှာ တစ်နေ့ ပိုက်ဆံ လေးကျပ်ခိုးတာ (မှန်ပါ့ ဘုရား)။ နောက် မခိုးတော့တာနဲ့ပဲ နိဗ္ဗာန်ရောက်တယ် ဟုတ်ကဲ့လား (မှန်ပါ ဘုရား)။ အဲဒီလို ဂရုစိုက်။

ဘိက္ခဝေ - ရဟန်းတို့၊ တထာဂတေန - ငါဘုရား သည် အဘိသမ္ဗုဒ္ဓါ - ထိုးထွင်းရှေးရှု သိတော်မူအပ်သော၊ စက္ခုကရဏီ - အမြင်သစ်ကို ပြုတတ်သော၊ ဉာဏကရဏီ - ဉာဏ်ဖြစ်အောင်ပြုတတ်သော၊ ဥပသမာယ - ကိလေသာ ငြိမ်းခြင်းငှာ၊ အဘိညာယ - ထူးသောဉာဏ်ဖြင့် သိခြင်း ငှာ အယံခေါ်သာ မဇ္ဈိမာပဋိပဒါ၊ ဤမဇ္ဈိမာပဋိပဒါသည်။ နိဗ္ဗာနာယ - နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တတိ - ဖြစ်၏။

ကဲ အပိုင်းလေးနဲ့ ဘယ်လောက်ကောင်းထားတုံး (မှန်ပါ ဘုရား)။ ကဲ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

❖

## လုပ်ပြီးရင် ခေါ်၍မေး

## ဖြူစင်တဲ့အရေး တရားတော်

၂၆. ၈. ၂၀၁၃ (ညနေ)

ကိုယ့်ကံတွေ လုပ်ပြီးပြီ ဆိုစမ်း (ကိုယ့်ကံတွေ လုပ်ပြီးပြီ)။ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုစမ်း (သင်္ခါရပစ္စယာ ဝိညာဏံ)၊ သင်္ခါရဆိုတာ ဘာတုံး (ကံပါဘုရား)။ ကံပြီးတော့ ဝိညာဏ်ဖြစ်တယ်။ အဲဒီဝိညာဏ်က မျက်စိတွေ နားတွေ နှာခေါင်းတွေရယ်၊ သင်္ခါရက ကံလေ၊ ကံကြောင့်ဖြစ်တဲ့ ဝိညာဏ်ဆိုတော့ ဝိပါက်ဝိညာဏ်ပဲ ဖြစ်တယ်။ ဝိပါက် ဝိညာဏ် အကျိုးပေါ့။

အကျိုးဆိုတော့ ကုသိုလ်လုပ်ပြီးပြီဆိုရင် ကိုယ့်ဘာသာကိုယ် သဘောကျနေတယ်။ မဟုတ်ဘူးလား (မှန်ပါ ဘုရား)။ အကုသိုလ်လုပ်ပြီးပြီဆိုရင်လည်း ဥပမာ - ခိုးလာပြီး ပိုက်ဆံတွေရလာရင် သူ့ဘာသာသူ သဘောမကျပြန်ဘူးလား (ကျနေပါတယ် ဘုရား)။ အဲဒါ ဝိညာဏ်၊ အဲဒီဝိညာဏ်က ကမ္မဝိညာဏ်ဆိုတော့ သင်္ခါရက ကမ္မဝိညာဏ်ဆိုတော့ အဲဒီဝိညာဏ်က ဝိပါကဝိညာဏ်။ ဒကာမကြီးတို့ အဲဒီ ဝိညာဏ် ပြန်ပြန်ဖြစ်ပြီဆိုရင် ဒကာမကြီးတို့ ဒုက္ခဖြစ်ပြီ။ အဲဒါမှ ဉာဏ်ပေါ်လာတယ်။ ဒကာကြီးတို့ အကုသိုလ်တွေ လုပ်ပြီးပြီ၊ အကု သိုလ်ဆိုတာ သင်္ခါရပေါ့။

ဒီကလည်း အနတ္တလက္ခဏာသုတ်ကျမှ ပြန်ပါလာတယ်။ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံနဲ့ အဲဒီလိုကျမှ ပါလာတယ်။ အဲ့ဒီတော့ ဇာတိကို သိခဲ့တယ်။ ဇာတိ - ရုပ် နာမ်ဇာတိရယ်၊ ပဋိသန္ဓေနေတဲ့ ဇာတိရယ်လို့ အဲဒီလိုမှတ်နေ တယ်။ အဲဒါက ရှေးကဟာတွေ မသိဘူး။ အခုဟာကတော့ ဝိပါကဝိညာဏ်၊ ဝိပါက်ဝိညာဏ် ဆိုတာက၊ ဘဝင်ဝိညာဏ် ဆိုတာက အကုသိုလ်လုပ်ပြီးတော့ နှစ်သက်သဘောကျနေ တယ်၊ ကုသိုလ်လုပ်ပြီးရင်လည်း ကုသိုလ်ကောင်းမှု လုပ်တယ် ဆိုပြီး နှစ်သက်သဘောကျနေတယ်။ လုပ်တာက ကမ္မ ဝိညာဏ် သင်္ခါရ၊ ဖြစ်တာက သင်္ခါရပစ္စယာ ဝိညာဏံက ဝိပါက်ဝိညာဏ်၊ အဲဒါ ကံကြောင့်ဖြစ်တဲ့ ဝိပါကဝိညာဏ်၊ ဘဝပစ္စယာဇာတိလို့ ဟိုကတော့ ခေါ်တာပေါ့။

အဲဒါနဲ့ ဇာတိပိ ကိုယ်က အောက်မေ့လိုက်လို့ရှိရင် အကုသိုလ်တွေ၊ ကိုယ်လုပ်ခဲ့တဲ့အတိတ်ကို အောက်မေ့လို့ရှိရင် အကုသိုလ်တွေ၊ ကိုယ်လုပ်ခဲ့တဲ့အတိတ်ကို အောက်မေ့ လို့ရှိရင် ပြန်ဖော်၊ ပြန်ဖော်ပြီးရင် မင်းဘာတုံး၊ ငါလား၊ သူလား၊ အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလား၊ ပြန်ဖော်တော့ ငါ့ကိုယ်မဟုတ် အနတ္တပါလား။ အဲဒီလို သိတဲ့အခါမှာ အဲဒီ အတိတ်ကလုပ်ခဲ့တဲ့ အကုသိုလ်ကံတွေ မရှိတော့ဘူး။ တစ်ခါတည်း ပျောက်သွားတယ်၊ မရှိတော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

အင်္ဂုလိမာလတို့ ဘာတို့ မဟာဘုတ်တွေ၊ ခုဇ္ဇုတ္တရာတို့ ဖြစ်ပုံ ပျက်ပုံ၊ အဲလိုကျမှ ပျောက်တယ်၊ ပျက်တယ်၊ ငါ မဟုတ်ဘူး။ ဒီလိုလုပ်တာ၊ ဒါ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရက လုပ်တဲ့ ဝိညာဏ်မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ ငါ ပါသလား (မပါပါဘူး ဘုရား)။

အဲဒီလို ဖျက်ဆီးပစ်လိုက်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အတီတာနာဂတနဲ့ ဖျက်ဆီးပစ်လိုက်မှ နောက်မပေါ်တော့ဘူး။ အဲဒါ အာယတိအနုပ္ပါဒလို့လည်း ခေါ်တယ်။ မဂ်ဖြင့် သတ်တယ်ဆိုတာ အဲဒီလိုဟာမျိုးနဲ့ သတ်တယ်။ အသိနဲ့သတ်လိုက်တာ။ နောက်က ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေဟာ တစ်ခါတည်း မပေါ်တော့ဘူး။ ငါဆိုတာလည်း မပေါ်တော့ဘူး။ ငါလုပ်တယ်ဆိုတာလည်း မပေါ်တော့ဘူး။ အဲဒါ ဒကာမကြီးတို့ ပြန်စဉ်းစားလိုက်ရင် ကိုယ့်ဘာသာကိုယ်သိတယ်။

အဲဒါကျတော့ ယံ ကိဉ္စိ ရုပ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ အဲဒါ ဥပါဒါနက္ခန္ဓာ ဝိညာဏ်၊ ကမ္မဝိညာဏ်၊ ဝိပါက်ဝိညာဏ်၊ သင်္ခါရက ကမ္မဝိညာဏ်၊ ဝိညာဏ်နဲ့ ကံနဲ့ အဲဒီလိုတွဲလိုက်တာ၊ သင်္ခါရက ကမ္မပဲ။ ကုသိုလ်ကံ အကုသိုလ်ကံကို သင်္ခါရ ခေါ်တာကိုး။ အဲဒီလိုဉာဏ်နဲ့ အဲဒီလို သိလိုက်တဲ့အခါကျတော့ ဒကာမကြီးတို့ ပြန်ပြီး ဖော်ပြီးလုပ်ကြည့်။ သင်ဟာ အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်လာလို့ရှိရင် အတိတ်ကဖြစ်ခဲ့တဲ့ဟာတွေ မပေါ်တော့ဘူး။ နောက် အဲဒီလို သိလိုက်တာ မဂ်ကုသိုလ်လို့ခေါ်ပြီး အကုသိုလ်ကို သတ်လိုက်တာပဲ၊ အကုသိုလ်ဝိပါက်ကို သတ်လိုက်တာပဲ၊ အဲဒီလိုဆိုမှ။

ဇာတိပိဒုက္ခာကို ကျုပ်တို့ငယ်ငယ်တုန်းက အနက်ပေးခဲ့တယ်။ အဲဒီလိုမပေါ်ဘူး။ အဲဒီလိုမသိတော့ ကိလေသာ လုပ်ခဲ့တဲ့ဟာလည်း ကံမကုန်ဘူး။ အခုလိုသိတဲ့ အခါကျတော့ ကံကုန်သွားတယ်။ ကံရဲ့အကျိုး ကုန်သွားတယ်ဆိုပါတော့။ အကုသိုလ်လုပ်ခဲ့တာတွေလေ၊ လုပ်ခဲ့တာက လုပ်တဲ့ကံ၊ လုပ်တဲ့ကံကြောင့် ဝိပါက်ဖြစ်တယ်။ ဝိပါက်က ဘယ်လိုဖြစ်သလဲဆိုရင် ကိုယ်လုပ်ခဲ့တာကို သဘောကျတယ်။ စင်စစ် ကိုယ်လုပ်တာမဟုတ်ဘူး။ ကိုယ်လုပ်တယ်ထင်ပြီး သဘောကျတယ်။ အဲဒါ ဝိပါက်ဝိညာဏ်၊ ဘဝင်ဝိညာဏ်၊ ဘဝင်ကျတယ်ဆိုတာ အဲဒီလိုမျိုး။

ဘဝင်ကျတော့ ကိုယ်လုပ်တာကို လုပ်ခဲ့မှန်းမသိဘူး။ ဒါက အနောက်နိုင်ငံက ပြောတော့မှ မသိစိတ်ဆိုတာ ဖြစ်သွားတယ်။ မသိစိတ်ကို ဘဝင်ဝိညာဏ် ခေါ်တယ်။ အိပ်နေတဲ့စိတ်၊ ဒကာမကြီးတို့ ဒါလောက်ပဲသိတယ်။ ဒကာမကြီးတို့က ပြန်ဖော်၊ အကုသိုလ် ဖြစ်ခဲ့လို့ရှိရင် ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အတိတ်က ဖြစ်ခဲ့တဲ့အကုသိုလ်၊ အနာဂတ်ဆိုတော့ မဖြစ်တော့ဘူးပေါ့။ အတိတ်ကဖြစ်ခဲ့တဲ့ အကုသိုလ်ကံ ကြံရင်သာ အကုသိုလ်ဖြစ်မှာကိုး။ အခု အကုသိုလ် မဖြစ်တော့ဘူး၊ အဲဒါ အဝိဇ္ဇာမရှိလို့ သင်္ခါရမရှိတာ။ ဝိဇ္ဇာ ဥဒပါဒိ၊ ဓမ္မစကြာဖြစ်သွားပြီ။ ဉာဏံ ဥဒပါဒိတဲ့၊ စက္ခုံ ဥဒပါဒိတွေ ဖြစ်သွားတယ်။ ပါဠိတွေကတော့ ဒကာမကြီးတို့ ရပြီးသား၊ အဓိပ္ပာယ်လေးပဲ ကွဲတာ။

အဲဒီတော့မှ ကံသိလို့ ကိလေသာမရှိတယ်ဆိုတာ အဲဒီလိုဟာမျိုး၊ အတိတ်က ဖြစ်ခဲ့တဲ့ကံတွေကို ကိုယ့်ဘာသာကိုယ် ဖော်ပြီးမေး။ မင်းက ဘယ်သူတုံး၊ မင်း အနိစ္စလား ဒုက္ခလား။ ငါလည်းမဟုတ်ဘဲ မင်းက ပေါ်ပေါ်လာတယ်၊ အဲဒီလိုသိလိုက်တဲ့အခါကျတော့ မပေါ်တော့ဘူး။ အဲဒီသိတာမျိုးက တစ်လောကလုံးမှာ ဘုရားတစ်ပါးတည်းသိတယ်၊ အတိတ်ကဟာ ပြန်သိတာ။ ဒါကြောင့် အတီတာနာဂတပစ္စုပ္ပန္န ဆိုတာ အဲဒီလိုဟာမျိုး။

ဒါကြောင့် နက်နဲလို့ ဓမ္မစကြာကို၊ အခုတောင်မှ နည်းနည်းဟန်လာတယ်။ အခု အတိတ်က အကုသိုလ်တွေကို ပြန်ဖော်ဖော်ပြီးမေး၊ မေးတော့မှ ငါမဟုတ်မှန်းသိ အနတ္တဖြစ်၊ ဝယမ္မာသင်္ခါရာ၊ အနတ္တဖြစ်တော့ အနိစ္စလည်းဖြစ်၊ ဒုက္ခလည်းဖြစ်တာပေါ့။ ဒါလေးတောင် ဒုက္ခဖြစ်တာ။ အဲဒီလိုနောက်ကဟာတွေဟာ အကုသိုလ်ကံ မရှိဘူးဆိုရင် ဒကာကြီးတို့ ဝမ်းမြောက်လက်ခမောင်းခတ်။

အဲဒီလိုသိတာ မြတ်စွာဘုရားပဲ သိတယ်။ ဒါကြောင့် ယံ ကိဉ္စိရုပ်၊ ဝေဒနာ၊ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ယံ ဒူရေဝါ သန္တိကေ ဝါနဲ့ အယုတ်အမြတ်တွေရော ဘာရော ဖော်မေး၊ သိတဲ့ဟာဖြစ်သွားတယ်၊

သို့မို့ရင် ကိုယ်ဘာသာကိုယ်လုပ်တာ ကိုယ်မသိဘူးဆိုရင် အဲဒီဟာ မသိစိတ်ခေါ်တယ်။ ဘဝင်စိတ် ခေါ်တယ်၊ အဲဒါ ဝိပါက်စိတ်ခေါ်တယ်။ အဲဒါ ဝိပါက်ဝိညာဏ်ခေါ်တယ်၊ အဲဒီလို ပြည့်ပြည့်စုံစုံ သိသွားတော့ လုပ်ခဲ့တဲ့ အကုသိုလ်ဟာ မပေါ်တော့ဘူး။

နောင်လည်း မလုပ်တော့ဘူး။ ပစ္စုပ္ပန်လည်း မလုပ်တော့ဘူး။ အဲဒါမှ ကံမှန်းသိသွားတယ်။ ကမ္မဘဝမှန်း သိတယ်။ ဘဝနိရောဓော ဆိုတာ အဲဒီလိုခေါ်တယ်။ ဘဝ ချုပ်တာ နိဗ္ဗာန်။

အတိတ်က အကုသိုလ်သာ ချုပ်လိုက်လို့ရှိရင် တစ်စိတ် ကုန်သွားတယ်။ စိတ်တွေ ပေါ့သွားပြီး သောတာပန်ဖြစ်သွားတယ်။

ဒါက ပါဠိပြော၊ ဒကာမကြီးတို့ကိုယ်တိုင် သိရမယ့်တရားတွေ၊ သန္ဒိဋ္ဌိကဂုဏ်နဲ့ ပြည့်စုံရမယ့် တရားတွေ၊ အကာလိက ဂုဏ်နဲ့လည်း ပြည့်စုံရမယ်။ အဲဒါကြောင့် လေးလေးနက်နက် စဉ်းစားပြီးတော့ ကိုယ်တွေ့ အဲဒီလိုဖြစ်မှ တရားကိုယ်ပုံတဲ့ ရှေးကလို ဖြစ်မယ်။ သို့မို့လို့ရှိရင် ဟောတာက ဟောတာပဲ၊ နာတာကလည်း နာတာပဲ၊ ဟောပေါင်းလည်း ခရေ



www.burmeseclassic.com

www.burmeseclassic.com

တွက်နိုင်ဘူး၊ နာပေါင်းလည်း မရေတွက်နိုင်ဘူး။ တို့လို စာတွေ ခဏ ခဏဖတ်၊ ခဏ ခဏကြည့်၊ ဒီဟာ ဘယ်က စပေးမယ် ကြည့်။ ဒုက္ခ အရိယသစ္စ - ဤဟာ ဒုက္ခအရိယသစ္စာ၊ ဒါပဲ ဇာတိပိဒုက္ခာသိမှ ဤဟာ ဒုက္ခမှန်းသိတယ်။ အနက်ပေးတတ်ရင် လွယ်လွယ်လေးပဲ။ အမိပ္ပာယ်က အဲဒီလိုပြောပေးမှ သိတယ်။ အတိတ်က ကိုယ်လုပ်ခဲ့တဲ့ကံတွေ၊ ကိုယ်အောက်မေ့ခဲ့တဲ့ ရာဂတွေ၊ အဲဒါတွေ နင်ဘယ်သူတုံး၊ ငါလား၊ သူလား၊ ငါလည်းမဟုတ်၊ သူလည်းမဟုတ်ဘူး။ အဲဒီလိုကြံသိမှ ဉာဏ် ခေါ်တယ်။ ဇာတိပိဒုက္ခေဉာဏံ ခေါ်တယ်။

ဒီထဲမှာ ဒုက္ခံအရိယသစ္စံလို့ အစက ဖော်ပြထားတယ်။ ဘာဒုက္ခမှန်း မသိဘူး။ အဲဒါမှ ဒုက္ခေဉာဏံ သိသွားတယ်။ အဲဒါက ရှေးတုန်းက ကာလနဲ့ ဌာနနဲ့ ပုဂ္ဂလနဲ့ အခု လူတွေနဲ့ တွာလို့ မသိဘဲဖြစ်နေတယ်။ ဒကာမကြီးတို့လည်း အဲဒီလို စဉ်းစား။ အတိတ်ကဟာကို ကံလုပ်ပြီးရင် အတိတ်ဖြစ်သွားတယ်။ အဲဒီကံရဲ့အကျိုးက ဝိပါက်စိတ်ခေါ်တယ်။ အဲဒီ မနောတတော့ ဘဝင်စိတ်ခေါ်တယ်။ အိပ်ပျော်တော့ မသိစိတ်ခေါ်တယ်။ အဲဒီ အကုသိုလ်လုပ်ပြီးသား မသိစိတ်က ကိန်းနေတယ်ဆိုတာ အနုသယကိန်းတယ် ခေါ်တယ်။

အဲဒီလိုသာ မသတ်ဘူးဆိုရင် နောင်အကြောင်းပေါ်သာရင် ပြန်ပေါ်တယ်။ အဲဒီ ကိလေသာတွေက အဲဒီလို သိလိုက်တဲ့အခါကျတော့ အဲဒီကိလေသာတွေက ပြန်မပေါ်တော့ဘူး။ ဒါကြောင့် ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံကို ဖော်လိုက်ရတယ်။ အတိတ်ကဟာကို ဒီလိုဖော်ရတယ်။ မြတ်စွာဘုရားက ပြောတာ။ ဒီဘက်ကျမှ ဥပါဒါနက္ခန္ဓာဆိုတာ ပေါ်လာတယ်။ ဒါကြောင့် ဇာတိပိဒုက္ခာကို သိဖို့ရာအကြောင်း အဲဒီလိုဟာမျိုးမှ ဇာတိပိဒုက္ခမှန်းသိတယ်။

ဇာတိပိဒုက္ခာကို ဘာဇာတိတုံးလို့ မေးလိုက်လို့ရှိရင် ...သန္ဓေကလည်း ဇာတိပဲ၊ ဒကာမကြီးတို့ဖြစ်နေတဲ့ အခုဒုက္ခ ... ဥပါဒါနက္ခန္ဓာဇာတိ၊ အဲဒါပြန်ဖော်မှ ကိုယ်မဟုတ်တာ၊ ...မဟုတ်တာ သိတော့မှ ပြန်မပေါ်တော့ဘူး။

အတိတ်က လုပ်ခဲ့တဲ့ကံတွေ မပေါ်တော့ဘူးဆိုရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါ ဘုရား)။ ပေါ်ရင် ဘာသစ္စာ ...(ဒုက္ခသစ္စာပါ ဘုရား)။ ပေါ်ကြောင်းက ဘယ်သူတုံး (...ဒယသစ္စာပါ ဘုရား)။ မပေါ်ကြောင်းက ဘယ်သူတုံး (...သစ္စာပါ ဘုရား)။

အဲဒီလိုကို ဇာတိပိပြောလိုက်ရင် သစ္စာလေးပါး တစ်ခါ ...ည်းသိတယ်။ အဲဒီလို ဒကာမကြီးတို့က ဝေဖန်ပိုင်းခြား။ ...သိမှ သန္ဒိဋ္ဌိကလည်းဖြစ်တယ်၊ ဧဟိပဿိကလည်း ဖြစ် ...။ သို့မှဖြင့် စာတွေကြည့်လိုက်ရတာ၊ နာလိုက်ရတဲ့တရား ... လုပ်လိုက်ရတဲ့ တရားတွေ၊ ကံ ကိလေသာတွေ ကုန် ...ဆိုတော့ မကုန်ဘူး။ အခု အဲဒီလိုပြန်သိ။ ပြီးတော့ ...ပစ္စယာသင်္ခါရာက အဝိဇ္ဇာက သစ္စာလေးပါးမသိလို့ အဝိဇ္ဇာဖြစ်တာ အဓိပ္ပာယ်က။ အခုဟာက ဇာတိသိလိုက်တာနဲ့ သစ္စာလေးပါး သိသွားတယ်။ သစ္စာလေးပါး သိပြီးလို့ရှိရင် နောက်ကျတော့ ကိစ္စဉာဏ်ရှိသေးတယ်၊ ပိုင်းခြားရမယ့်ဟာ ဘယ်ဟာက ဘာဝိညာဏ်၊ ဘယ်ဟာက ဘာဝိညာဏ်၊ အဲဒီထဲမှာ ဇာတိလေးကို ဒုက္ခသစ္စာပြောနေတယ်။ အခု ဒကာမကြီးတို့ လက်တွေ့ပဲလေ။ အဝိဇ္ဇာက သစ္စာလေးပါး မသိလို့ သင်္ခါရဖြစ်တယ်။

သင်္ခါရက ကုသိုလ်၊ အကုသိုလ် အာနေဉ္ဇ၊ သူ့ကြောင့် သင်္ခါရပစ္စယာ ဝိညာဏ်ဆိုတော့ မျက်စိဝိညာဏ်၊ နားဝိညာဏ် မဟုတ်၊ သူတို့ကပါတော့ ပါတာပေါ့။ သဟဇာတ အညမည။ ဒါ ပဋ္ဌာန်းကျတော့ ဘုရား၊ ရဟန္တာတွေကျမှ အဲဒီလိုဟာတွေ ပထမတန်းသိတာ။ ဇာတိပိဒုက္ခာ သိလိုက်ရင် ဒကာမကြီးတို့ ပထမတန်းဖြစ်တယ်။

အဲဒါကို အတိတ်ကလုပ်ခဲ့တဲ့ကံ၊ ကံကြောင့် ဝိပါက်ဖြစ်တယ်။ မျက်စိတွေ နားတွေ ဖြစ်တာမဟုတ်ဘူး။ မနောမှာဖြစ်တဲ့ ဝိပါက်။ အဲဒီဝိပါက်က ခန္ဓာကိုယ်ထဲမှာ ကိန်းနေတယ်။ အကုသိုလ်လုပ်လို့ရှိရင် သူမသိလိုက်ရင် ကိန်းနေလို့ အနုသယ ခေါ်တယ်။ ပြန်ပြီးတော့ ဖော်ရတယ်။ ငါ ဘယ်တုံးက ဘယ်လိုလုပ်ခဲ့တယ်။ သင်ဘယ်သူတုံး၊ သင်လား ငါလား မေး။ လုပ်ခဲ့တဲ့ဟာကို။ ဘာကြောင့်လဲ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာပဲ၊ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။

တစ်လုံးတည်းကို ပြောလို့မကုန်နိုင်တာတွေ ဉာဏ်က ဉာဏ်က သစ္စာလေးပါးသိရင် ပြောလို့မကုန်၊ ဟောလို့မကုန်၊ ဝုဒ္ဓလို့၊ သမ္မာသမ္ဗုဒ္ဓလို့၊ လောကဝိဒူလို့၊ အဲဒါသိတာနဲ့ အကုန်ဖြစ်သွားတယ်။ ဒကာမကြီးတို့လည်း ဉာဏ်ကို အဲဒီလိုသုံးရမယ်။ အဲဒါ ဖော်ပစ်၊ ငါ အကုသိုလ်လုပ်ခဲ့ပြီ၊ ဘယ်တုံးက ဘယ်တုံးက လုပ်ခဲ့တာ။ ဘယ်သူတုံး သင်လား၊ ငါလား၊ အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလား။ ငါ ဟုတ်သလား။ ငါ မဟုတ်ဘူး။ အဲဒီလို သိသွားတယ်။ အနတ္တပေါက်သွားတယ်။ အဲဒီတော့မှ အဲဒီအကုသိုလ်ကို ပြန်စဉ်းကို မစဉ်းစားဘူး။ ယောက်ျားနဲ့ ဘာလုပ်ခဲ့တာ၊ ညာလုပ်ခဲ့တာ၊ ဒါတွေ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတွေ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။

ဘယ်ပုထုဇဉ် အပြစ်ကင်းသတုံး (အပြစ်မကင်းပါ ဘုရား)။ ဘယ်သူမှ အပြစ်မကင်းဘူး။ ဒါကြောင့် အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်ကဟာတွေ ဖော်ပြီးမေး။ အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလား မေးတော့ အနိစ္စလည်း ဟုတ်တာပဲ၊ ဒုက္ခလည်း ဟုတ်တာပဲ၊ အနတ္တလည်း ဟုတ်တာပဲ၊ ဒကာမကြီးတို့ မရှိတော့ဘူး။ အဲဒီတွင် ဒကာမကြီးတို့ မဂ်ရောက်သွားပြီးတော့ နောက် အဲဒီအကုသိုလ်ကံတွေ မပေါ်တော့ဘူး။

အဲဒီကိန်းနေတာ အကြောင်းရှိရင် ပြန်ပေါ်လာတယ်။ မဂ်ဟုတ်လို့ရှိရင် ပြန်မပေါ်တော့ဘူး။ အဲဒါကိုစွဲပြီးတော့ ပြန်မပေါ်တာတွေ ပေါ်တာတွေကို သိစေလိုလို့ ဇာတိပိဒုက္ခာလို့၊



www.burmeseclassic.com

www.burmeseclassic.com

ကဲ တစ်လုံးရဲ့အဓိပ္ပာယ် အဲဒါခေါ်တယ်။ အဲဒါထဲမှာ ရှိတဲ့ စာမျိုး တရားမျိုး ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း မေးကြည့်။ အဲဒါကို ဇာတိပိဒုက္ခာ ခေါ်တယ်။

ပြီးတော့ ဇရာဆိုတာလည်း ဒါလေးလည်း ပျောက်သွားတာပါပဲ မေးကြည့်၊ မင်း အနိစ္စလားဆိုရင် အနိစ္စလို့ ပြောသွားတာပဲ။ ဒါ သန္တိဋ္ဌိကပဲ၊ ဒုက္ခလို့ဆိုရင်လည်း ဒုက္ခလို့ပဲ ပြောသွားတာပါပဲ။ သူ့ဉာဏ်နဲ့သူ သိသွားတာပဲ။ အဲဒါကို ဇရာပိဒုက္ခာလို့ဆိုတာ။ သို့မို့လို့ရှိရင် ဒီဟာ ဘယ်လောက်မုချ ဘယ်လောက်ဆိုဆို ဘယ်တော့မှ အနိစ္စမှန်း၊ ဒုက္ခမှန်း မသိဘူး။ ကိလေသာတွေ မရှိမှ မလာမှ ကုန်သွားတာ။

ဒကာမကြီးတို့ ဇာတိပိ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ ရိပ်မိ မသိသေး အဲဒါလေးဖော်နားထောင် အဲဒီထဲရေး၊ အဲဒါလေး။ အိုသွားတာကို ဇရာလို့ခေါ်တယ်၊ စိတ်ထဲမှာ နောက်ကဖြစ်တဲ့ဟာတွေ ဖော်ကြည့် မေး၊ အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း ဟုတ်သလား၊ ဟုတ်သေးရင် နင်တို့လည်း အတ္တဖြစ်နေတယ်၊ နိစ္စဖြစ်နေတယ် မေးကြည့်၊ အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း သိတယ်။

အဲဒါကို ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏမ္ပိ သေသွားပြီ၊ ခုနတုန်းက မေးတဲ့ဟာတွေ မရှိတော့ဘူး။ ကိုယ်ကလည်း အနိစ္စမှန်း ပြောသွားပြီ။ အဲဒါပြီး အပ္ပိယေဟိကလည်း အဲဒီဟာ ကိုယ်မလိုချင်တဲ့ သတ္တဝါ သင်္ခါရဖြစ်နေတယ်။ သတ္တဝါရော ဖြစ်နေတယ်၊ သင်္ခါရရော ဖြစ်နေတယ်။

ကိုယ်ခိုးခဲ့တဲ့ဟာ ကိုယ်လိမ်ပြောခဲ့တဲ့ဟာတွေ၊ ဒုစရိုက်တွေ အဲဒီဒုစရိုက်ကမှ ကံခေါ်တယ်။ ဝီတိက္ကမ ကိလေသာ ခေါ်တယ်။ အဲဒါတွေ့ သတ်တယ်။ ခဏခဏ ဂရုစိုက်။ အဲဒါကို အပ္ပိယေဟိ ခေါ်တယ်။ အပ္ပိယေဟိ - မချစ်မနှစ်သက်သော သတ္တဝါသင်္ခါရတို့နှင့်တဲ့။ ဒကာမကြီးတို့ အဲဒီလိုမမေးလို့ရှိရင် သူတို့က လာလာနေပြီးတော့ သမ္ပယောဂဖြစ်တာပဲ။ မေးပြီးလို့ရှိရင် အပ္ပိယေဟိမရှိတော့ဘူး။

ပြီးတော့ ပိယေဟိမဖြစ်ဘူး။ ပိယေဟိဆိုတာကုသိုလ်ဆိုပါတော့။ ကုသိုလ်မရှိဘူး၊ အကုသိုလ်နဲ့ချည်း နေရတော့ စိတ်က ဆင်းရဲတယ်။ ပြန်ပြန်အောက်မေ့ရ ပြန်ပြန်ခေါ်ခေါ်မေး အတိတ်ကလုပ်ခဲ့တဲ့ဟာတွေကို မေးစရာမရှိတော့ဘူး ဆိုတော့မှ။

ပိယေဟိဝိပ္ပယောဂေါ ဒကာမကြီးတို့ အရင်က ချပေးတဲ့အနက်ကတော့ ချစ်သောသတ္တဝါသင်္ခါရတို့၊ ကွဲသွားပြီ လင်မယားချင်း ကွဲတာတွေကို ဒါတွေလောက်ပဲ သိတယ်။ ကိလေသာမကုန်ဘူး။ အခုဟာ ကိလေသာကုန်တဲ့နည်း၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ အဲဒါ အဓိပ္ပာယ် ဒါ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော။ ***(ဆက်ရန်)***

❒ **ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမထေရ်မြတ်**
**(အနိစ္စဆရာတော်)**

## စာမူများ ပေးပို့နိုင်ပါသည်

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

<u>မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။</u>

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့ အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပို့မိုတိုးတက် အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။**

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။


အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း (၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၇


www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ

ဟောကြားတော်မူသော

# မြန်မာပြည်မှ ပုဂ္ဂိုလ်ထူးများ

**ဆရာကျော်(လှိုင်ကော်)**

သံစောင်း ကျောက်စောင်းတို့ [illegible] လေစောင်းကထက်၊ လေစောင်း [illegible] ရေစောင်းကထက် ဟူသော ဆိုရိုး [illegible] လောကတွင် စွဲထင်လျက်ရှိပါ [illegible]

လောကမှတ်တိုင် စကားများ [illegible] သောရှိ သူတော်ကောင်းများ၏ [illegible]အမြင်စကားများမှ စွဲထင်ကျန် [illegible]ခြင်းများ ဖြစ်ကြပါသည်။

မှတ်သုံးရာသီဝင်ပြီ ဆိုကတည်းက ကမ်းနားသစ်ပင် ဆိုသကဲ့သို့ မြစ်နားချောင်းနား နေသူအပေါင်းတို့ အိပ်ကောင်းခြင်း မအိပ်ရတော့ပါ။ ရေအန္တရာယ်ကြောင့် ကမ်းပါးပြိုခြင်း၊ မြစ်ရေတိုက်စားခြင်း၊ ရေလွှမ်းမိုးခြင်းများ အဆက်မပြတ် ခံစားလာခဲ့ကြရသည်မှာ မြေနှင့်ရေတို့ ပေါ်ဦးစကပင် ဖြစ်ခဲ့ပါသည်။

ယခုအခါ တစ်ကမ္ဘာလုံး နေရာအနှံ့ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်တွေ့ကြုံနေရပေသည်။ တိုးတက်ခေတ်မီပါသည်ဟူသော နိုင်ငံတို့ပင် ကြီးမားစွာ ခံစားနေကြရခြင်းသည် ၎င်းသဘာဝဘေးတို့ကို မည်သို့မျှ ကြိုတင်မကာကွယ်နိုင်ကြောင်း ထင်ရှားလှပေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ သမိုင်းအစဉ်အဆက်ကတည်းက ရှိခဲ့ပါသည်။ ယနေ့လည်း ရှိနေကြဆဲပါ။ နောင်လည်းရှိနေကြဦးမည် ဖြစ်ပါသည်။

နေပူသည်ကို မပူရန်၊ မိုးရွာသည်ကို မရွာရန်၊ မိုးခေါင်သည်ကို မိုးရွာရန်၊ လေမုန်တိုင်းများကိုပင် အောင်မြင်စွာ တားနိုင်သော ပုဂ္ဂိုလ်များ၊ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုသည်ကို တားဆီးကာကွယ်နိုင်ကြသော ပုဂ္ဂိုလ်ထူးများ မြန်မာပြည်တွင် များစွာရှိကြောင်း လက်ခံယုံကြည်ကြပါသည်။

ဤအကြောင်းကို ထုတ်ဖော်ဟောကြားသော ဆရာတော်ကြီးမှာ ကျေးဇူးရှင် တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ယနေ့ မြန်မာလူထုက ရဟန္တာ (သို့မဟုတ်) ပုဂ္ဂိုလ်ထူးကြီးဟု ပြောဆိုကြည်ညိုခြင်း ခံရသော ဆရာတော်ဘုရားကြီးဖြစ်ပါသည်။

ဆရာတော်ကြီးသည် ကြီးမားလှသော မေတ္တာစေတနာ စွမ်းအင်များ၊ ခိုင်မာလှသော သီလ သမာဓိ စွမ်းပကားတို့ဖြင့် သူတော်ကောင်းကြီးတို့၏ ထုံးကို နှလုံးမူကာ သတ္တဝါတို့ ကောင်းကျိုးကို အစွမ်းကုန် ဖြည့်ဆည်းပေးနေသော ဆရာတော်ကြီး ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး အနေဖြင့် အသက်အရွယ်ကြီးရင့်နေသော်လည်း ကိုယ်ခန္ဓာ ဆင်းရဲပင်ပန်းမှုကို အလေးမထား၊ မနေမနား ပြည်တွင်းခရီးတွင်တွင်ကြီး ကြွနေရာမှ ပြည်ပ

www.burmeseclassic.com

နိုင်ငံများသို့ပင် မေတ္တာရေစင်ခရီးကြွပေးတော်မူခဲ့ပါသည်။

၁၉၉၁ ခုနှစ်၊ မတ်လက ကယားပြည်နယ် လွိုင်ကော်မြို့သို့ မေတ္တာခရီးကြွရာမှ ညတရားပွဲတစ်ခုတွင် မြန်မာပြည်၌ ပုဂ္ဂိုလ်ထူးများရှိကြောင်း၊ ပြင်းထန် ထက်မြက်လှသော ရေတိုက်စားမှု၊ ကမ်းပါးပြိုမှုမှ ကာကွယ်တားဆီးခဲ့သော ဆရာတော်တစ်ပါးအကြောင်းနှင့် ဆရာတော်ကြီးကိုယ်တိုင် ကမ်းပါးပြိုခြင်းကို တားဆီးပုံတို့ကို ဟောကြားခဲ့ပါသဖြင့် ယနေ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေသော ကမ္ဘာကြီးအတွက် လပြည့်ဝန်းမဂ္ဂဇင်းမှ တစ်ဆင့် ပြန်လည်တင်ပြလိုက်ရပါသည်။

ဆရာတော်ဘုရားကြီးသည် တရားဟောပြရုံမျှမက စာလည်းရေးသော စာရေးဆရာဆရာတော်ကြီးဖြစ်ပါသည်။ အတွေးရိုး၍ အရေးလည်း ရိုးရှင်းပါသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ စာပေများသည် များစွာ ထင်ရှားလှ၏။ ဆရာတော်ကြီးဟောကြားချက်မှာ. . .

"မနှစ်က ဘုန်းကြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့ကို ရောက်တယ်၊ အဲဒီမှာ မ. ဝ. တ ဗိုလ်မှူးက လျှောက်တယ်၊ ဆရာတော်ကြီးဘုရား တပည့်တော်တို့မြို့က မိုးမှာ ရေဘေး၊ နွေမှာ မီးဘေး စိုးရိမ်နေရပါတယ် ဘုရားတဲ့၊ မြစ်ရေ တိုက်စားလို့ ကမ်းပါးတွေ ပြုတ်ပြုတ်နဲ့ ပြိုလိုက်တာ အိမ်တွေ၊ ကျောင်းတွေလဲကုန်ပါပြီ၊ လွတ်လပ်ရေးကျောက်တိုင်ကြီးလဲ ပါသွားပြီ ဘုရား။

ရွှေသာလျောင်း ဘုရားကြီးတောင် ပါခါနီးပါပြီတဲ့ဘုရားတဲ့၊ အဲဒါ ဆရာတော်ကြီး တတ်နိုင်ရင် ကယ်မတော်မူပါဘုရားလို့လျှောက်တယ်"

"ကောင်းပြီ၊ ဒါဆို လိုက်ကြည့်ရမယ်၊ ကြည့်ပြီးမှပြောမယ်"ဆိုပြီး လိုက်ကြည့်တော့ ဟုတ်တယ် မြစ်ကမ်းပါး ရေတိုက်စားထားလိုက်တာ ကျောင်းတွေ အိမ်တွေလဲ ပါကုန်ပြီ၊ ရွှေဟောင်းဘုရားကြီး ရွှေသာလျောင်းဘုရားကြီးလဲ ပါခါနီးနေပြီ၊ (၂)တောင်လောက်သာ ကျန်တော့တယ်၊ စိတ်မကောင်းစရာကြီးကို ဖြစ်လို့။

"ကောင်းပြီ ဒီဟာကို ဘုန်းကြီးတားမယ်၊ ရှေးသူတော်ကောင်းကြီးတို့ရဲ့ လုပ်ထုံးရှိတယ်၊ ဘုန်းကြီးတစ်ခါမှတော့ မလုပ်ရသေးဘူး၊ ဒီနေရာမှာ ကမ်းပါးပြိုတာတားတဲ့နည်း (၂)နည်းရှိတယ်။

တစ်နည်းက လောကီနည်း၊ တစ်နည်းက လောကုတ္တရာနည်းပဲ၊ ဘုန်းကြီးတို့ မြန်မာပြည်မှာ ထူးခြားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ကိုယ်ပျောက်တဲ့နည်း တတ်တဲ့သူတွေလဲရှိတယ်၊ အခု ထူးခြားတဲ့ပုဂ္ဂိုလ်အကြောင်းပြောမယ်၊ ပင်လယ်က လာတဲ့ ရေလှိုင်းဝဲကို တားတဲ့ ကိုယ်တော်။

ဧရာဝတီတိုင်းဒေသကြီး တစ်ခုသော မြို့တစ်မြို့ဆိုပါတော့၊ ပင်လယ်ထဲက မုန်တိုင်းနဲ့ပါလာတဲ့ ဒီရေလှိုင်းကြီးတွေ တဝေါဝေါနဲ့ တိုက်လာလိုက်တာ မြို့က မြစ်ကမ်းပါးတွေ တဝုန်းဝုန်းနဲ့ ပြိုကျသွားလိုက်တာ အိမ်တွေလည်းပါ၊ တိုက်တွေလည်းပြုတ် ဟိုပြေး ဒီပြေးနဲ့ပေါ့။

အဲဒီမှာ ဘုန်းကြီးကျောင်းကြီးလဲ ရေထဲ ပါခါနီးနေပြီ။ ကျောင်းကြီးတော့ ရေထဲပါတော့မှာပဲ ပါတော့မှာပဲ၊ ကျောင်းကဘုန်းကြီးကလဲ ကျောင်းမှာ မရှိ၊ တခြားကြွသွားတယ်၊ ကျောင်းမှာ အာဂန္တုဘုန်းကြီးတစ်ပါးပဲရှိတယ်၊ ဘာမှလဲ မလုပ်တတ်ကြတော့ ဟိုပြေးဒီပြေးနဲ့ ဖြစ်နေကြတာပေါ့။

အာဂန္တုဘုန်းကြီးက ဘာမှ ဝင်မပြောဘူး၊ အသာကြည့်နေသတဲ့။ ရေဝဲကြီးကလဲ ကျောင်းကြီးကို မျိုဝါးတော့မတတ် ဖြစ်နေတော့မှ အာဂန္တုဘုန်းကြီးက "သွား. . ရွာထဲမှာ ကျောက်ပျဉ်တစ်ချပ် သွားငှားချေ" လို့ ခိုင်းသတဲ့။

ကျောက်ပျဉ်ဆိုတာက မိန်းမတွေ သနပ်ခါးသွေးတဲ့ ကျောက်ပျဉ်ကို ဆိုလိုတာ။

ကျောက်ပျဉ်ရပြီဘုရား ဆိုတော့ သွား မီးသွေးခဲ တစ်ခဲ ယူခဲ့လို့ဆိုပြီး ကျောက်ပျဉ်ပေါ်မှာ မီးသွေးခဲနဲ့ အင်းကွက်ချသတဲ့၊ ပြီးတော့ ကျောက်ပျဉ်ကို မှောက်ကိုင်ပြီး 'ကဲ လူနှစ်ယောက်လာ လှေပါရှာခဲ့၊ မင်းက ကျောက်ပျဉ်ကို ဒီလိုကိုင်၊ ဟိုမှာမြင်လား အပေါ်ထောင်တက်နေတဲ့ ဝဲကြီး၊ အဲဒီ ဝဲကြီး ထိပ်တည့်တည့်ကို ဒီလိုပစ်ချခဲ့၊ ပစ်ချပြီးရင် လှေလှော်တဲ့သူက အမြန်နောက်ဆုတ်ခဲ့ အခုသွား' လို့ ခိုင်းသတဲ့။

တစ်ယောက်က လှေဦးက ကျောက်ပျဉ်ကိုကိုင်လို့ လှေပြိုင်ပွဲမှာ ပန်းကုံး ပန်းခိုင်ကို ဆွတ်မယ့်ပုံနဲ့ ဝဲကြီးနားလဲရောက်ရော ဝဲကြီးရဲ့ထိပ်အလယ်တည့်တည့်ကို ဟိုဘုန်းကြီးပြတဲ့အတိုင်း ကျောက်ပျဉ်ကို ပစ်ချလိုက်တာနဲ့ ဝေါဆို လှိုင်းကြီးက တောင်ကြီးလို မောက်တက်သွားလိုက်တာ အဲဒီမှာ လှေက အမြန်ဆုတ်ရတယ်။

မဆုတ်ရင် ပြန်ကျတဲ့ ရေပိပြီး လှေမြုပ်သွားနိုင်တာကိုး၊ ဒါကြောင့် အာဂန္တုဘုန်းကြီးက မှာလိုက်တာ၊ ရေဝဲကြီး ပြန်ကျသွားတာနဲ့ ရေတွေဟာ အောက်ဘက်ကို ဝေါ ဝေါနဲ့ ပြန်ဆုတ်သွားလိုက်တာ ရေလမ်းကြီးတောင် ပြောင်းသွားသတဲ့၊ နောက်ဘယ်တော့မှ အဲဒီမြို့ကမ်းနားမှာ ရေမစီးတော့ဘူး သောင်ကြီးတောင် ထွန်းသွားသတဲ့ အဲဒါလောကီနည်းနဲ့ ကမ်းပါးပြိုတာ တားတဲ့နည်း။

ဘုန်းကြီးကတော့ ဒီနည်းကို မသုံးဘူး၊ လောကုတ္တရာ ဘုရားဟောတဲ့ နည်းပဲ သုံးမှာ၊ ဟောဒီနေရာ သုံးနေရာကို ပရိတ်ရွတ်မယ်၊ ဘုန်းကြီး ပရိတ်ရွတ်တဲ့နေရာကို ရာဇမတ် ကာပေးရမယ်။

ဘုန်းကြီး ပရိတ်ရွတ်ပြီးရင် ဘုန်းကြီးထိုင်တဲ့နေရာမှာ သဲပုံစေတီ တည်ရမယ်၊ ထီးလဲ နေ့ချင်းတင်ရမယ်၊ ဒါ[illegible] မင်းတို့မြို့ ဘယ်တော့မှ ကမ်းမပြိုတော့ဘူးဆိုတော့ ဝမ်းသာလိုက်ကြ[illegible] ချက်ချင်းပဲ ရာဇမတ်ကွက်[illegible]





www.burmeseclassic.com

www.burmeseclassic.com

ဘတ်ပျောပင်တွေစိုက်၊ သဲကတော့လွယ် ပို့ ချက်ချင်းစုကြပေါ့၊ တချို့ဆို ထီး ဆောက်ကို သံထီးဝယ် ရွှေတွေ ဘာတွေ ချလို့ ဝမ်းသာနေကြတာ။

ဒါနဲ့ ဘုန်းကြီး မြစ်ဘက်ကို ချက်နာပြပြီးထိုင် ပရိတ်ရွတ်တယ်၊ ချိတ်အပြင် သစ္စာပါပြုခဲ့ရတယ်၊ ဒါက ရှေးသူတော်ကောင်းကြီးများရဲ့ လုပ် ထုံးပဲ၊

ဘုန်းကြီးက ဒီကခရီးထွက်ခဲ့လို့ ကြောပါဘူး ကြားလိုက်တယ်၊ ညောင် ဘုန်းမြို့တော့ဘုရား ဆရာတော်ကြီး ကမ်းပါးပြိုတာ တားခဲ့လို့ ကမ်းပါး မပြိုတော့ဘူး ဘုရား၊ မပြိုရုံမကဘူး ရေ ဆမ်းကြီးတောင် ပြောင်းသွားသတဲ့ လို့ ဝမ်းသာစကား လျှောက်ထားကြတယ်။

အဲဒီစကားနဲ့ပဲ မိုးညှိုက ဆရာ တော်များနဲ့ ဒကာများက မိုးညှိုလဲ မိုး ညှင်းဆို ကမ်းပါးပြိုတာ မြို့လဲ ကုန်ခါ နီးပါပြီ၊ ဆရာတော်ကြီး ကယ်မတော် မူပါလို့ လျှောက်တယ်။

ညောင်တုန်းကလဲ မနှစ်က ဆရာတော်ကြီး စီမံပေးသွားလို့ ကမ်းပါး ပြိုတဲ့ဘေးကင်းဝေးရတယ်၊ ဒီနှစ်လဲ ချီး မြှင့်ပေးပါဦးလို့ လျှောက်ကြပြန်တယ်၊ ဒီလိုပဲ ကြံခင်းတို့ ဖျာပုံတို့ မော်လမြိုင် ကျွန်းတို့ မြို့တွေကလဲ ပင့်ထားကြပြန်ပြီ၊ ဘုန်းကြီးများ တတ်စွမ်းသလောက် တော့ အချိန်ရရင်ရသလို လုပ်ပေးသွား မှာပါ။

ဘုန်းကြီးတို့ မြန်မာပြည်ကြီးမှာ ရဟန္တာတွေလဲရှိတယ်၊ ပုဂ္ဂိုလ်ထူးတွေ လဲရှိတယ်၊ ကမ္မသတ္တိ၊ စွမ်းသတ္တိ၊ မပြ မသိ၊ ပြမှ သိ၊ သိမှ ရှိသေ၊ ရှိသေ သောခါ၊ လိုက်နာရှင်လန်းတဲ့။

အစွမ်းသတ္တိဆိုတာ ပြသင့်တဲ့ အချိန်ကျရင် ပြတတ်ကြတယ်၊ အမေ ရောဘိ၊ မုရောဘိ၊ မ,အသော်လည်း အ,ဘိသကဲ့သို့ မကန်းသော်လည်း ကန်း ဘိသကဲ့သို့ ပြုမူနေထိုင်ကြတော့၊ အချိန် အခါရောက်မှ ပုဂ္ဂိုလ်ထူးတို့ရဲ့ အစွမ်း သတ္တိကို မြင်ခွင့်ရကြတယ်။

အေး ဒီလို ရဟန္တာတွေ ပုဂ္ဂိုလ် ထူးတွေ ဖြစ်ကြတာ၊ လူကောင်း လူ တော်တွေ ဖြစ်ကြတာတွေဟာ ဘာ ကြောင့် ဖြစ်ကြသလဲဆိုတော့ စိတ် ကြောင့် ဖြစ်ကြတာ၊ ဒါကို ဘုန်းကြီး သီတံလေး ရေးထားတယ် လိုက်ဆိုကြ-

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ကျင်လည်စိတ်ကြောင့်သာ၊

အပါယ်လေးပါး၊ ကျသူများ မှတ်သားစိတ်ကြောင့်သာ၊

ကောင်း ဆိုး ယုတ် ညံ့ဖြစ်လာ တတ်၊ မှတ်ကြစိတ်ကြောင့်သာ၊

နိဗ္ဗာန်သာခေါင် ဘေးမဲ့သောင် စိတ်ဆောင်ရောက်မည်သာ" ·

"သာဓု . . သာဓု . . သာဓု"

❒ ဆရာကျော်(လှိုင်ကော်)


# ဆရာဦးခင်းထွန်း D.B.B.W - C.T (Med)

## အုန်းချင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက် သော ရောဂါများ၊ သွေးယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | ➼ | နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ |
| လိပ်စာ | ➼ | အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ☎ | ➼ | ၀၉-၇၃၁၃၆၄၁၄ |
| လမ်းညွှန် | ➼ | ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။ |




www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်

## အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

## ဝါတွင်းဒုလ္လဘနှင့် အနုပညာရှင်

*အရှင်ဘုရား . . .*

*အရှင်ဘုရားရဲ့ မေတ္တာရိပ်အောက်မှာ တပည့်တော် ဒုလ္လဘရဟန်း လာဝတ်မယ်ဆိုတာ သိတော့ တချို့မိတ်ဆွေတွေက 'ဝါတွင်းကြီး ဒုလ္လဘမဝတ်ကောင်းဘူး' လို့ ပြောကြပါတယ် ဘုရား။ တပည့်တော် ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာ မိန့်ကြားပေးတော်မူပါ ဘုရား။*

*အကယ်ဒမီ စိုးသူ၊ ရန်ကုန်မြို့။*

ဒကာ စိုးသူရေ . . .

ဒကာစိုးသူရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင် လက်ထက်တုန်းက ဝါတွင်းကြီး ရှင်ရဟန်းပြုချင်ခဲ့တဲ့ ဝိသာခါရဲ့ မြေးငယ်လေးကို ချက်ချင်းသတိရလိုက်မိပါတယ်။

တစ်ခုသော ဝါတွင်းကာလတုန်းက သာဝတ္ထိမြို့မှာ ဝါဆိုသီတင်းသုံးတဲ့ သံဃာတော်တွေ တညီတညွတ်တည်း ကတိကဝတ် တစ်ခု ပြုထားကြပါတယ်။ ဘယ်လိုကတိကဝတ်လဲဆိုတော့ 'ဒီဝါတွင်းမှာ ဘယ်သူ့ကိုမှ ရှင်ပြုရဟန်းခံ လုပ်မပေးကြစတမ်း' ဆိုတဲ့ ကတိကဝတ်ပါ။

အဲဒီနှစ် ဝါတွင်းမှာမှ ဝိသာခါရဲ့ မြေးငယ်တစ်ယောက်ကလည်း သက်န်းဝတ်ချင်စိတ် ပြင်းပြလာတာကြောင့် ရဟန်းသံဃာတော်တွေထံ ချဉ်းကပ်ပြီး သူ့ကို ရှင်ပြုပေးဖို့၊ ရဟန်းခံပေးဖို့ လျှောက်ထားတောင်းပန်ပါတယ်။

'ဒကာလေး၊ ဝါတွင်းကြီး ဘယ်သူ့ကိုမှ ရှင်ပြု ရဟန်းခံ လုပ်မပေးရဘူးလို့ ရဟန်းသံဃာတော်တွေ ကတိကဝတ် ပြု ထားကြတယ်ကွယ်၊ ဒီတော့ ဒကာလေး ဝါကျွတ်တဲ့အထိ စောင့်ဆိုင်းလိုက်ပါဦးနော်၊ ဝါကျွတ်မှပဲ ရှင်ပြုရဟန်းခံ လုပ် ကြတာပေါ့။ ဟုတ်လား ဒကာလေး'

ရဟန်းသံဃာတော်တွေရဲ့ မေတ္တာရပ်ခံ ဖျောင်းဖျ စကားကြောင့် ဝိသာခါရဲ့ မြေးငယ်လည်း သက်န်းဝတ်ချင်စိတ်ကို မျိုသိပ်ရင်း စိတ်မချမ်းမြေ့စွာ ကျောင်းတော်က ပြန်လာခဲ့ပါ တယ်။ ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုတာနဲ့ ဝိသာခါရဲ့ မြေးငယ်ကို ရဟန်းသံဃာတော်တွေက 'လာလေ ဒကာလေး သင်္ကန်းဆီးပြီး ရှင်ပြုရဟန်းခံ လုပ်ကြရအောင်'လို့ သတိတရ တကူးတက လာပြောကြပါတယ်။

အဲဒီအခါ ဝိသာခါရဲ့ မြေးငယ်က . . .

"အရှင်ဘုရားတို့၊ သက်န်းဝတ်ချင်စိတ် ထက်သန် ပြင်းပြနေတဲ့ ဝါတွင်းတုန်းကသာ သက်န်းဝတ်ဖြစ်ခဲ့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အခုလောက်ဆို ဘုရားတပည့်တော် သာသနာ့ဘောင်မှာ အပျော်ကြီးပျော်၊ အမွေ့လျော်ကြီး မွေ့လျော်နေမှာ သေချာပါတယ် ဘုရား၊ အခုတော့ ဘုရားတပည့်တော် သင်္ကန်းဝတ်ချင်စိတ် မရှိတော့တဲ့အတွက် မဝတ်တော့ပါဘုရား၊ အဲဒီအတွက် ဘုရားတပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား'

လို့ ရဟန်းသံဃာတော်တွေကို သူ သင်္ကန်းမဝတ်ဖြစ်တော့တဲ့အကြောင်း တရိုတသေ လျှောက်ထားလိုက်ပါတယ်။

မြေးလိမ္မာလေး သင်္ကန်းမဝတ်ဖြစ်တော့တဲ့အကြောင်းလည်း ပါသွားရော ဝိသာခါက ရဟန်းသံဃာတော်တွေကို အကြီးအကျယ် ကဲ့ရဲ့ရှုတ်ချပါတော့တယ်။

'ကိုယ်တော်တွေ ဘာဖြစ်လို့ ဒီလိုကတိကဝတ်မျိုး ပြုထားကြရတာလဲ၊ တကတဲ 'ဝါတွင်းကြီး ဘယ်သူ့ကိုမှ ရှင်ရဟန်းပြုမပေးရဘူး' လို့ပဲ၊ တကယ်ဆို ဘယ်အချိန် ဘယ်ကာလမှာပဲဖြစ်ဖြစ် တရားက ကျင့်သင့်တာပဲမဟုတ်လား၊ တရားမကျင့်သင့်တဲ့ အချိန်အခါ ကာလရယ်လို့ ရှိလို့လား'

ဝိသာခါရဲ့ အပြစ်တင်စကားကို ရဟန်းတော်တွေကြားတော့ မြတ်စွာဘုရားရှင်ကို ပြန်လည်လျှောက်ထားကြပါတယ်။ အဲဒီမှာ မြတ်စွာဘုရားရှင်က အခုလို သိက္ခာပုဒ်တစ်ခု ပညတ်တော်မူလိုက်ပါတယ်။

'ဝါတွင်းမှာ ဘယ်သူ့ကိုမှ ရှင်းရဟန်းမပြုပေးရဘူးဆိုတဲ့ ကတိကဝတ်မျိုး ရဟန်းမှန်သမျှ လုံးဝမပြုလုပ်ရဘူး၊ ပြုလုပ်တဲ့ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ'

ဒီလောက်ဆို ဒကာစိုးသူ သဘောပေါက်လောက်ပါပြီနော်။ ဝါတွင်းမှာလည်း ရှင်ပြုကောင်းပါတယ်။ ရဟန်းခံကောင်းပါတယ်။ ဝါတွင်းမှာ ရှင်ပြုလို့၊ ရဟန်းခံလို့ ဘာအပြစ်မှ မဖြစ်ပါဘူး။ ရှင်ပြုမပေးတဲ့ရဟန်း၊ ရဟန်းခံမပေးတဲ့ ရဟန်းသာ အပြစ်ဖြစ်ပါတယ်၊ အာပတ်သင့်ပါတယ်။

ဝါတွင်းမို့ဆိုပြီး ရှင်ပြုရဟန်းခံ လုပ်မပေးတဲ့ ရဟန်းတွေမှာ အာပတ်သင့်သလို ဝါတွင်းမို့ ရှင်ပြုရဟန်းခံလုပ်မပေးပါနဲ့ဦးလို့ တားမြစ်တဲ့ လူတွေမှာလည်း တစ်ဖက်သားရဲ့ ကုသိုလ်ရပေါက် အခွင့်အလမ်းကို ပိတ်ပင်ရာရောက်တဲ့ အတွက် အပြစ်ဖြစ်ပါတယ်။ မသိနားမလည်လို့ တားမြစ်မိတဲ့သူကို 'ဓမ္မန္တရာယ်ထိုက်တယ်' လို့လောက်ပဲ ပြောသင့်ပေမယ့် သိနားလည်ပါရက်နဲ့ အမုန်းတရားအခြေခံပြီး အဆိုးမြင်ဝါဒနဲ့ ရှင်ပြုရဟန်းခံ မလုပ်ဖြစ်အောင် နှောင့်ယှက်ဟန့်တားပိတ်ပင်တားမြစ်တဲ့သူကိုတော့ 'သာသနာ့ဖျက် မာရ်နတ်' လို့ ခြွင်းချက်မရှိ သတ်မှတ်လို့ရပါတယ်။

ဒကာစိုးသူရေ . . .

ဒကာစိုးသူ ဦးဇင်းဆီမှာ သင်္ကန်းလာဝတ်မယ်ဆိုတာကြားတော့ စိတ်ထားတတ်သူတွေ၊ စိတ်ကောင်းမွေးနိုင်သူတွေက ဂုဏ်ယူဝမ်းမြောက်ကြ၊ ကူညီအားပေးကြ၊ ကုသိုလ်ပွဲအောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြနဲ့ အားတက်သရော ရှိနေကြသလောက် စိတ်ထားမတတ်သူတွေ၊ စိတ်ကောင်းမမွေးနိုင်သူတွေကတော့ ကဲ့ရဲ့ရှုတ်ချကြ၊ ချေးခြောက်ရေနှုးပြီး အပြစ်ဖော် မဲ့ရွဲ့ကြ၊ ကုသိုလ်ပွဲမအောင်မြင်အောင် ပိတ်ပင်တားမြစ်ကြနဲ့ အကုသိုလ်တရားတွေ တိုးပွားပြီး စိတ်နှလုံးပူလောင် မည်းညစ်နေကြပါတယ်။

"အနုပညာရှင်တစ်ယောက်ကို ဒုလ္လဘရဟန်း ဝတ်မပေးသင့်ဘူး" တဲ့။

"အနုပညာရှင်တစ်ယောက်က ဘုန်းကြီးတစ်ပါးနဲ့ အခုလိုလာပြီး မပတ်သက် မဆက်ဆံသင့်ဘူး" တဲ့။

"ဘုန်းကြီးက အနုပညာရှင်တစ်ယောက်နဲ့ အခုလို ပတ်သက်ဆက်ဆံတာကို လုံးဝမကြိုက်ဘူး" တဲ့။

ဘုရား ဘုရား . . . နားရှိလို့သာကြားရတယ်၊ မယုံနိုင်စရာပါလား။ ဒီစကားမျိုး ပြောထွက်တဲ့လူတွေမှာ လူစိတ်မှ ရှိကြသေးရဲ့လား။ သားသမီးချင်း ကိုယ်ချင်းစာနာစိတ် ခေါင်းပါးလှချေလား။ သိပ်ကို အံ့ဩလွန်းမိပါတယ် ဒကာစိုးသူ။

တကယ်တော့ ဒီလိုစကားမျိုး ပြောထွက်တဲ့လူတွေဟာ လူမဆန်တဲ့လူတွေ၊ အတ္တကြီးမားပြီး တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ၊ အရာရာကို အဆိုးမြင်ဝါဒနဲ့ အပျက်မြင်တတ်တဲ့သူတွေ၊ ကိုယ်ချင်းစာတရား ခေါင်းပါးတဲ့သူတွေ၊ ကိုယ့်အတွက် အကျိုးရှိမှ တစ်ဖက်သားကို ပေါင်းသင်းဆက်ဆံတတ်တဲ့ မိတ်ဆွေတု မိတ်ဆွေယောင်တွေဆိုတာ သံသယဖြစ်စရာမရှိပါဘူး။

သာသနာ့ဘောင်ကို အနုပညာရှင်တွေ ဝင်ရောက်ခွင့်မရှိဘူးလို့ မြတ်စွာဘုရား ပညတ်မထားပါဘူး။ အနုပညာရှင်ပဲဖြစ်ဖြစ်၊ အနုပညာရှင် မဟုတ်သူပဲဖြစ်ဖြစ်၊ မည်သူမဆို သာသနာ့ဘောင်ဝင်ရောက်ခွင့် ရှိပါတယ်။

ဘုန်းကြီးရဟန်းတွေက အနုပညာရှင်တွေကို ရှင်ပြုရဟန်းခံ လုပ်မပေးရဘူး၊ ဒကာရင်း ဒကာမရင်းတွေအဖြစ် မဆက်ဆံ မချီးမြှောက်ရဘူး၊ တရားဓမ္မ ဟောကြားပြသမပေးရဘူးလို့လည်း မြတ်စွာဘုရား ဟောကြားမထားပါဘူး။ လူသားအားလုံးအပေါ် တူမျှတဲ့ မေတ္တာစိတ်နဲ့ လိုအပ်သလို ချီးမြှောက်စောင့်ရှောက်ဖို့ပဲ ဟောကြားဆုံးမထားပါတယ်။ လူတွေကို အဆင့်အတန်းခွဲခြားပြီး ဆက်ဆံချီးမြှောက်တာကို မြတ်စွာဘုရား လိုလားတော်မမူပါဘူး။

မြတ်စွာဘုရား ဟောကြားထားတဲ့ ဘုန်းကြီးရဟန်းတွေ အကျွမ်းတဝင် မဆက်ဆံသင့်တဲ့ ပုဂ္ဂိုလ်များစာရင်းမှာလည်း အနုပညာရှင်တွေ မပါပါဘူး။ ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုကြီး၊ နပုံးပဏ္ဍုက်တို့ပဲ ပါပါတယ်။ ဒါတောင် သူတို့ရဲ့ ဒါနပြုခွင့်၊ တရားနာခွင့်ကို ပိတ်ပင်မထားပါဘူး။ လိုအပ်ရင် လိုအပ်သလို ချီးမြှောက်ဖို့ ခွင့်ပြုထားပါတယ်။

လူထဲက လူဖြစ်တဲ့ အနုပညာရှင်တွေကို တခြားလူတွေလိုပဲ လူလိုသဘောထားပြီး ဆရာတော်၊ သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com

တွေက မေတ္တာကရုဏာအပြည့်နဲ့ တရားဓမ္မအရိပ်ပေးရင်း ချီးမြှောက်စောင့်ရှောက်ကြတာကို မလိုမုန်းထားစိတ်နဲ့ မကျေမနပ်ဖြစ်နေကြသူတွေ အနေနဲ့ ဘုရားရှင်ရဲ့ အနုပညာရှင် ဥဂ္ဂသေနချွတ်ခန်း၊ လူသတ်သမား အင်္ဂုလိမာလချွတ်ခန်း၊ သီရိမာပြည့်တန်ဆာမချွတ်ခန်း၊ အဖေသတ်ပြီး နန်းလုသူ အဇာတသတ်ချွတ်ခန်း စတာတွေကို ရှာဖွေဖတ်ရှုကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

ဘုရားသားတော်မို့ ဘုရားအတုလိုက်ပြီး ဘုရားလို မေတ္တာကရုဏာစိတ် မွေးကြတဲ့ ဘုရားသားတော် ရဟန်းတော်တွေရဲ့ မေတ္တာကရုဏာကို ဘုရားသားတော်မဟုတ်တဲ့ လူဝတ်ကြောင် ဒကာ၊ ဒကာမတွေက ဘယ်လိုမှ နားလည်ခံစားလို့ ရမှာမဟုတ်ပါဘူး။ စိတ်သဘောထား ပြည့်ဝသူ လူတချို့က လွဲရင်ပေါ့။

အနုပညာရှင်တွေ ရဟန်းသံဃာထံ ချဉ်းကပ်ခွင့်မရှိဘူး၊ ကုသိုလ်ကောင်းမှုပြုခွင့် မရှိဘူး၊ တရားဓမ္မ နာယူကျင့်သုံးခွင့် မရှိဘူးလို့လည်း မြတ်စွာဘုရား ဟောကြားမထားပါဘူး။ အနုပညာရှင်မဟုတ်တဲ့ တခြားလူတွေလိုပဲ ချဉ်းကပ်ခွင့်၊ ပြုခွင့်၊ နာယူကျင့်သုံးခွင့် အပြည့်အဝရှိပါတယ်။

အနုပညာလောကမှာပဲဖြစ်ဖြစ်၊ တခြားလောကမှာပဲ ဖြစ်ဖြစ် ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူလည်း ရှိတာပါပဲ။ စင်းလုံးချော ကောင်းတဲ့သူရယ်လို့ မရှိသလို စင်းလုံးကြမ်း ဆိုးတဲ့သူရယ်လို့လည်း မရှိပါဘူး။

လူတစ်ယောက်တည်းမှာကို အကောင်းအဆိုး ဒွန်တွဲနေတာပါ၊ ဆိုးသူတွေ ကောင်းခွင့်မရှိတော့ဘူးလား။ ဆိုးကွက်တွေကို ဖျောက်ဖျက်ပြီး ကောင်းကွက်တွေနဲ့ အစားထိုးခွင့် မရှိတော့ဘူးလား။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ဟာ ဆိုးသူတွေကို ကောင်းခွင့်ပေးပြီး ကောင်းသူတွေကို ကောင်းသထက် ကောင်းခွင့်ပေးထားတဲ့ မွန်မွန်မြတ်မြတ် သာသနာတော်ကြီးဆိုတာကို လုံးဝမမေ့စေချင်ပါဘူး။ လူ့အလွှာတစ်ခုခုရဲ့ မူပိုင်သာသနာမဟုတ်ဘူးဆိုတာကို အမြဲသတိချပ်စေချင်ပါတယ်။ သာသနာက မူပိုင်မဟုတ်သလို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့မှ မူပိုင်မဟုတ်ပါဘူး။ အားလုံးနဲ့ သက်ဆိုင်တဲ့ အများဆိုင်၊ ဘုံဆိုင်တွေပါ။

ဝိသာခါမြေးငယ်လေးရဲ့ အချိန်မီ ရှင်ရဟန်းပြုခွင့်မရလို့ သဒ္ဓါတရား ပျောက်ကွယ်ဆုံးရှုံးသွားပုံကိုလည်း သင်ခန်းစာ ယူသင့်ပါတယ်။ ဒကာစိုးသူ၊ ကောင်းမှုကုသိုလ်အလုပ်ဆိုတာ လုပ်ချင်စိတ် ထက်ထက်သန်သန်ရှိတုန်း မြန်မြန်သွက်သွက် ထလုပ်လိုက်မှ ထမြောက်အောင်မြင်တတ်ပါတယ်။ အကြောင်းတစ်ခုခုပြပြီး အချိန်ဆွဲနေမယ်ဆိုရင် မလုပ်ဖြစ်တော့ဘဲ လွဲချော်သွားတတ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်က . . .

"ကောင်းမှုကုသိုလ်အလုပ်တွေကို မြန်မြန်ထက်ထက် ပြုလုပ်ကြပါ၊ မိမိရဲ့စိတ်ကို မကောင်းမှု အကုသိုလ်တွေကနေ မြန်မြန်ထက်ထက် တားမြစ်လိုက်ကြပါ၊ ကောင်းမှုကုသိုလ် အလုပ်တွေကို ဖြည်းဖြည်းနှေးနှေး လုပ်နေသူရဲ့စိတ်ဟာ မကောင်းမှုမှာပဲ မွေ့လျော်ပျော်ပိုက်တတ်ပါတယ်" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဘယ်လောက်ကောင်းတဲ့ အလုပ်ကိုပဲ လုပ်လုပ်၊ ဆန့်ကျင်ဘက် အဖျက်သမားဆိုတာ ရှိတတ်စမြဲဖြစ်လို့ ဘယ်သူတွေ ဘယ်လိုပဲဖျက်ဖျက် ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကောင်းတွေကို ဘာအကြောင်းကြောင့်မှ နောက်မဆုတ်ဘဲ မြန်မြန်ထက်ထက် သွက်သွက်လက်လက် လုပ်သွားဖို့ အရေးကြီးပါတယ်။ အဲဒီလိုလုပ်နိုင်သူဟာ လူပီသတဲ့လူဖြစ်ပြီး ဗုဒ္ဓသာသနာနဲ့ တွေ့ရကျိုးနပ်ပါတယ်လို့။

## သက်သတ်လွတ်ကုသိုလ်စိတ်

*အရှင်ဘုရား . . .*

*သက်သတ်လွတ်စားခြင်းဖြင့် ကုသိုလ်ရနိုင် မရနိုင်နှင့် အသားစားခြင်းဖြင့် အကုသိုလ်ဖြစ်နိုင် မဖြစ်နိုင်တို့အား ဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။*

*ဗိုလ်မှူးမျိုးဦး၊ ရန်ကုန်မြို့*

ဒကာ မျိုးဦးရေ . . .

မြတ်စွာဘုရားရှင်က ပဋ္ဌာန်းဒေသနာတော်ကြီးမှာ 'အစားအစာကလည်း လူတစ်ယောက်ကို ကုသိုလ်ဖြစ်အောင် သို့မဟုတ် အကုသိုလ်ဖြစ်အောင် ကျေးဇူးပြုနိုင်တယ်' လို့ ဟောကြားတော်မူထားပါတယ်။ 'ဥပနိဿယပစ္စယော' ဆိုတဲ့ ပဋ္ဌာန်းပစ္စည်းရဲ့ အဖွင့်မှာပါ။ ဥပနိဿယပစ္စယသတ္တိ (အားကြီးသော မှီရာအကြောင်း တရားစွမ်းအင်)နဲ့ ကျေးဇူးပြုနိုင်တယ်လို့ ဆိုလိုပါတယ်။

အစားအစာတစ်ခုကြောင့် လူတစ်ယောက်မှာကုသိုလ်စိတ်လည်း ဖြစ်နိုင်သလို အကုသိုလ်စိတ်လည်း ဖြစ်နိုင်ပါတယ်။ ကုသိုလ်စိတ်ဖြစ်အောင် နှလုံးသွင်းပြီး စားရင် ကုသိုလ်စိတ်ဖြစ်နိုင်ပြီး၊ အကုသိုလ်စိတ်ဖြစ်အောင် နှလုံးသွင်းပြီး စားရင် အကုသိုလ်စိတ် ဖြစ်နိုင်ပါတယ်။

အစားအစာသက်သက်ကြောင့် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဖြစ်တာ မဟုတ်ပါဘူး။ အစားအစာကို စားသုံးသူရဲ့ နှလုံးသွင်းကြောင့်သာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဖြစ်ရတာပါ။

အစားအစာကတော့ သူ့ချည်းသက်သက် ကုသိုလ်စိတ်ဖြစ်အောင်လည်း မစွမ်းဆောင်နိုင်သလို အကုသိုလ်စိတ်ဖြစ်အောင်လည်း မဖန်တီးနိုင်ပါဘူး။ သက်သတ်လွတ် အစားအစာကို စားလိုက်လို့ အလိုလိုနေရင်း ကုသိုလ်တွေ ရမသွားနိုင်သလို အသားငါး အစားအစာကို စားလိုက်လို့လည်း

www.burmeseclassic.com

အလကားနေရင်း အကုသိုလ်တွေ ဖြစ်မသွားနိုင်ပါဘူး။ အစားအစာဟာ အစားအစာပါပဲ။ ကုသိုလ်၊ အကုသိုလ်ဟာ ကုသိုလ်၊ အကုသိုလ်ပါပဲ။ တခြားစီပါ။ တိုက်ရိုက်ပတ်သက်ခြင်း မရှိပါဘူး။

'အစားအစာက ကုသိုလ်၊ အကုသိုလ် ဖြစ်အောင် ကျေးဇူးပြုနိုင်တယ်' ဆိုတာက အစားအစာကို စားသုံးနေသူရဲ့ စားသုံးနေဆဲမှာ ဖြစ်နေတဲ့ စိတ်အခြေအနေရယ်၊ အစားအစာကို စားသုံးပြီးနောက် စားသုံးသူမှာ ဖြစ်ပေါ်လာမယ့် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရယ်၊ အဲဒီရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို အခြေခံတဲ့ နောက်ဆက်တွဲလုပ်ရပ်တွေရယ်ကို ရည်ရွယ်ပြီး ပြောတာပါ။ အစားအစာ ရွေးချယ်မှုသက်သက်ကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တယ်လို့ ပြောတာမဟုတ်ပါဘူး။

သက်သတ်လွတ်ပဲစားစား၊ သက်သတ်မလွတ်ဘဲ စားစား၊ ဘာဝနာတစ်ခုခု ပွားရင်း စားရင် ကုသိုလ်စိတ်ဖြစ်ပြီး ကုသိုလ်ရပါတယ်။ ဘာဝနာတစ်ခုခုပွားရင်း စားနေသူရဲ့ သန္တာန်မှာ စားနေဆဲ အစားအစာနဲ့ပတ်သက်ပြီး 'ကောင်းလိုက်တာ' ဆိုတဲ့ လောဘ၊ 'မကောင်းဘူး' ဆိုတဲ့ ဒေါသ ဖြစ်ခွင့် မရတဲ့အတွက် အကုသိုလ်စိတ် ကင်းရှင်းနေပါတယ်။ ဖြစ်ပွားတဲ့ ဘာဝနာနဲ့ လိုက်လျောညီထွေတဲ့ ကုသိုလ်စိတ်ဖြစ်နေတဲ့အတွက် အစာစားရင်း ကုသိုလ်ရနေပါတယ်။

သက်သတ်လွတ်ပဲစားစား၊ သက်သတ်မလွတ်ဘဲစားစား လောဘ၊ ဒေါသ စတဲ့ကိလေသာတွေနဲ့ စားနေရင် အစာစားရင်း အကုသိုလ်စိတ်တွေဖြစ်ပြီး အကုသိုလ်တရားတွေ တိုးပွားနေပါတယ်။

ကိုယ်စားနေဆဲ အစားအစာနဲ့ပတ်သက်တဲ့ လောဘ၊ ဒေါသပဲဖြစ်ဖြစ်၊ အစာစားရင်း သူများအကြောင်း၊ တခြားအကြောင်း တွေးလို့ဖြစ်လာတဲ့ လောဘ၊ ဒေါသပဲဖြစ်ဖြစ်၊ လောဘ၊ ဒေါသမှန်သမျှ အကုသိုလ်တွေချည်းပါပဲ။

လူတစ်ယောက် သက်သတ်လွတ် အစားအစာတစ်ခုကို စားနေတယ်ဆိုပါစို့။

"ဟယ် . . . အသားတုဟင်းလေးက ရှယ်ပဲ၊ အသားဟင်း အစစ်နဲ့တောင် မလဲနိုင်ဘူး၊ ကောင်းလိုက်တာ' ဆိုရင် သက်သတ်လွတ်စားရင်း လောဘကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

"ဟွန်း . . . ဒီနေ့ သက်သတ်လွတ်စားမှန်း သိရက်နဲ့ ဟင်းကို ကောင်းကောင်းချက်မထားဘူး၊ တစ်ခါလာ ကန်စွန်းရွက်၊ တစ်ခါလာ ပဲပင်ပေါက်၊ သိပ်စိတ်ညစ်တာပဲ" ဆိုရင် သက်သတ်လွတ်စားရင်း ဒေါသကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

"ဟင်း ဟင်း . . . ငါမို့လို့ သက်သတ်လွတ်စားနိုင်တာ၊ တခြားကောင်တွေ ဟိုကောင်မတွေ ငါ့လို သက်သတ်လွတ်စားနိုင်တာ မဟုတ်ဘူး" ဆိုရင် သက်သတ်လွတ်စားရင်း မာနကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

"သက်သတ်လွတ်စားမှ မေတ္တာသမား၊ သက်သတ်လွတ်စားတာ ကုသိုလ်ရတယ်၊ ငါတော့ ဒီနေ့ သက်သတ်လွတ်စားလို့ ကုသိုလ်တွေ တော်တော်ရသွားပြီ" ဆိုရင် သက်သတ်လွတ်စားရင်း ဒိဋ္ဌိကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

ဒါက အစားအစာနဲ့ တိုက်ရိုက်ပတ်သက်တဲ့အကုသိုလ်စိတ်တွေပါ။ သက်သတ်လွတ်အစားအစာကို စားနေရင်း သူများအကြောင်းတွေးပြီး လောဘ၊ ဒေါသဖြစ်နေမယ်။ တခြားအကြောင်းတွေးပြီး ဣဿာ မစ္ဆရိယဖြစ်နေမယ်ဆိုရင်လည်း သက်သတ်လွတ်စားရင်း အကုသိုလ်စိတ်တွေ တိုးပွားနေတာပါပဲ။

သက်သတ်လွတ် အစားအစာကို စားလိုက်ရုံနဲ့ လူတစ်ယောက်ဟာ အလိုလိုနေရင်း ကုသိုလ်ရမသွားပါဘူး။ကုသိုလ်စိတ်နဲ့စားမှ ကုသိုလ်ရနိုင်ပါတယ်။ ကုသိုလ်စိတ်ကလည်း သက်သတ်လွတ်အစားအစာကြောင့် မဖြစ်နိုင်ပါဘူး။ဘာဝနာတစ်ခုခု ပွားများခြင်း၊ လောဘ၊ ဒေါသ စတဲ့ ကိလေသာ မဖြစ်အောင် နှလုံးသွင်းဆင်ခြင်ခြင်းကြောင့်ပဲ ဖြစ်နိုင်ပါတယ်။

"သက်သတ်လွတ်စားတဲ့ အလုပ်ဟာ ကုသိုလ်အလုပ်ပဲ"၊ "သက်သတ်လွတ်စားရင် ကုသိုလ်ရတယ်" လို့ ယူဆရင် အဲဒီအယူအဆဟာ မိစ္ဆာဒိဋ္ဌိ (မှားယွင်းတဲ့အမြင်)ပါပဲ။ ဘာလို့လဲဆိုတော့ သက်သတ်လွတ်စားရုံသက်သက်နဲ့ ကုသိုလ်မရနိုင်လို့ပါ။ သက်သတ်လွတ် အစားအစာ စားသုံးသူကို အလိုအလျောက် ကုသိုလ်မပေးနိုင်လို့ပါ။

သက်သတ်လွတ်အစားအစာ စားရုံနဲ့ ကုသိုလ်ရတယ်ဆိုရင် သက်သတ်လွတ် မစားတဲ့သူတွေ အစာစားပြီး အချိုတည်းတဲ့ အနေနဲ့ ငှက်ပျောသီး၊ သရက်သီး စားနေတဲ့အချိန်မှာလည်း ကုသိုလ်ရနေမှာပေါ့။ အရက်သမားတွေ အရက်သောက်နေရင်း အာလူးကြော်၊ မြေပဲလှော် မြည်းနေတဲ့အချိန်မှာလည်း ကုသိုလ်ရနေမှာပေါ့။ အဲဒါတွေအားလုံး သက်သတ်လွတ်အစားအစာတွေပဲ မဟုတ်လား။

သူငယ်ချင်းငါးယောက် ထမင်းဝိုင်းဖွဲ့စားကြတယ် ဆိုပါစို့။ တစ်ယောက်က သက်သတ်လွတ်သမား ကျန်လေးယောက်က အစုံစားသမား။ သက်သတ်လွတ်သမားက အသီးအရွက်တွေပဲ စားတယ်၊ အစုံစားသမားတွေက အသီးအရွက်ရော၊ သားငါးတွေရော စားကြတယ်။ ရောက်တတ်ရာရာ ဟိုအကြောင်းပြော ဒီအကြောင်းပြောရင်း တစ်ယောက်နဲ့တစ်ယောက် စကြ နောက်ကြနဲ့ တပျော်တပါး စားကြတယ်။

ဟင်းချင်းတော့ မတူကြဘူး။ စိတ်ဖြစ်နေပုံချင်းတော့ တူကြတယ်။ စကြ နောက်ကြ ပြောကြ ဆိုကြနဲ့ တပျော်တပါး စားနေကြတာဆိုတော့ သူငယ်ချင်းငါးယောက်လုံး အပျော်



www.burmeseclassic.com

www.burmeseclassic.com

စိတ်တွေ လောဘစိတ်တွေ ဖြစ်နေကြတာပေါ့။ ကဲ၊ သက်သတ်လွတ်စားတဲ့ သူငယ်ချင်း ကုသိုလ်ရကောလား၊ အစုံစားတဲ့ သူငယ်ချင်းတွေပဲ ကွက်ပြီး အကုသိုလ်ဖြစ်ကောလား။ မဟုတ်ဘူးနော်၊ အားလုံး အတူတူပဲ။

အကုသိုလ်အကြောင်းတွေပြောရင်း အကုသိုလ်စိတ်တွေနဲ့ စားရင် သူငယ်ချင်းငါးယောက်လုံး အကုသိုလ် အတူတူဖြစ်ပါတယ်။ ကုသိုလ်အကြောင်းတွေပြောရင်း ကုသိုလ်စိတ်တွေနဲ့စားရင် သူငယ်ချင်းငါးယောက်လုံး ကုသိုလ်အတူတူဖြစ်ပါတယ်။ သက်သတ်လွတ်သမားက အစုံစားသမားတွေထက် ခေါင်းတစ်လုံးပိုမြင့်ပြီး ကုသိုလ်ပိုမရသလို အစုံစားသမားတွေကလည်း သက်သတ်လွတ်သမားအောက် ခေါင်းတစ်လုံးပိုနိမ့်ပြီး အကုသိုလ်မဖြစ်နိုင်ပါဘူး။

အစားအစာ မတူပေမယ့် စိတ်ချင်းတူရင် ကုသိုလ်၊ အကုသိုလ် ဖြစ်ပုံချင်း အတူတူပါပဲ။ အစားအစာ တူပေမယ့် စိတ်ချင်းမတူရင် ကုသိုလ်၊ အကုသိုလ်ဖြစ်ပုံချင်း ကွဲပြားပါတယ်။ အစားအစာက အဓိကမကျဘဲ စိတ်က အဓိကကျပါတယ်။ ဘာပဲစားစား ကုသိုလ်စိတ်နဲ့စားရင် ကုသိုလ်ဖြစ်ပြီး အကုသိုလ်စိတ်နဲ့စားရင် အကုသိုလ်ဖြစ်ပါတယ်။

သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရဘူးဆိုတာကို အမေး၊ အဖြေ ပုံစံလေးနဲ့ တစ်မျိုးပြောကြည့်ရအောင်ပါ။

"သက်သတ်လွတ်စားတာနဲ့ အသားငါးစားတာ ဘာစားတာက ကုသိုလ်ရလဲ"

"သက်သတ်လွတ်စားတာက ကုသိုလ်ရတာပေါ့"

"ကောင်းပြီ၊ ဒါဆို ထပ်မေးမယ်၊ လိမ္မော်သီးစားတဲ့သူနဲ့ ပန်းသီးစားတဲ့သူ ဘယ်သူကုသိုလ်ရလဲ"

"ဘယ်သူမှ ကုသိုလ်မရဘူး"

"ဟင် . . . ခုနပြောတော့ သက်သတ်လွတ်စားတာ ကုသိုလ်ရတယ်ဆို၊ လိမ္မော်သီးရော ပန်းသီးရော သက်သတ်လွတ်တွေပဲ မဟုတ်လား၊ သက်သတ်လွတ်စားတာ ကုသိုလ်ရစတမ်းဆိုရင် လိမ္မော်သီးစားသူရော ပန်းသီးစားသူပါ နှစ်ယောက်လုံး ကုသိုလ်ရနေမှာပေါ့"

"ဟဲ ဟဲ . . . ဒါကတော့"

"ဒီလောက်ဆို သဘောပေါက်ပါတယ်နော်"

သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရနိုင်သလို အသားငါးစားရုံနဲ့လည်း အကုသိုလ်မဖြစ်နိုင်ပါဘူး။ အသားငါးစားရုံနဲ့ အကုသိုလ်ဖြစ်တယ်လို့ ယူဆရင် မြတ်စွာဘုရားရှင်ကိုလည်း အကုသိုလ်စိတ် ဖြစ်သေးတယ်လို့ စွပ်စွဲရာရောက်ပါတယ်။ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရှင်က အသားငါးကို ဘုဉ်းပေးတော်မူလို့ပါပဲ။ အသားငါးဘုဉ်းပေးပေမယ့် မြတ်စွာဘုရား၏ သန္တာန်မှာ အကုသိုလ်စိတ် လုံးဝမဖြစ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အကုသိုလ်စိတ် ဖြစ်စေနိုင်တဲ့ ကိလေသာတွေကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ပယ်သတ်ထားပြီး ဖြစ်လို့ပါ။

ဒါကို ထောက်ရှုခြင်းအားဖြင့် "အစားအစာကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တာ မဟုတ်ဘူး၊ ကိလေသာ ပယ်ခြင်း၊ မပယ်ခြင်းကြောင့်သာ ကုသိုလ်၊ အကုသိုလ်ဖြစ်တာ" ဆိုတာ ထင်ရှားပါတယ်။ ကိလေသာပယ်ဖို့ကိုတော့ မကြိုးစားဘဲ အစားအစာပယ်ဖို့ကိုပဲ ကြိုးစားနေမယ်ဆိုရင်တော့ လမ်းမှားလျှောက်နေတာ ဖြစ်တဲ့အတွက် စခန်းမှန်၊ ပန်းတိုင်မှန်ကို ဘယ်လိုနည်းနဲ့မှ မရောက်နိုင်တော့ပါဘူး။

ကုသိုလ်ရတယ်အထင်နဲ့ သက်သတ်လွတ်စားနေသူတွေကို မိုးကုတ်ဆရာတော်ဘုရားကြီးက 'အတော်ဝဋ်ကြီးတဲ့သူတွေပဲ" လို့ ကရုဏာသက်တော်မူခဲ့ဖူးသလို ဓမ္မဒူတဆရာတော်ကြီးကလည်း "ဝဋ်ကြွေးရှိလို့ အငတ်ခံနေကြတာ" လို့ သနားတော်မူခဲ့ဖူးပါတယ်။ သက်သတ်လွတ်စားသူတိုင်းကို ရည်ရွယ်ပြီး မိန့်တော်မူကြတာ မဟုတ်ပါဘူး။ ကုသိုလ်ရတယ်အထင်၊ ကံကောင်းလိမ့်မယ်အထင်နဲ့ သက်သတ်လွတ်စားနေကြသူတွေကိုသာ ရည်ရွယ်ပြီး မိန့်တော်မူကြတာပါ။

ဒကာမျိုးဦးရေ . . .

စာနယ်ဇင်းတွေထဲက အနုပညာရှင်များရဲ့အင်တာဗျူးအမေး အဖြေတွေမှာပဲဖြစ်ဖြစ်၊ ပြင်ပလောကမှာ မိတ်ဆွေအချင်းချင်း တွေ့ဆုံလို့ တစ်ယောက်နဲ့တစ်ယောက် မေးကြပြောကြတဲ့အခါမှာပဲဖြစ်ဖြစ် . . .

"ဘာသာရေးအနေနဲ့ ဘာတွေလုပ်ဖြစ်လဲ"

ဆိုတဲ့မေးခွန်းကို . . .

"မွေးနေ့တိုင်း သက်သတ်လွတ် စားဖြစ်ပါတယ်"

"ဝါတွင်းသုံးလတိုင်း သက်သတ်လွတ် စားပါတယ်"

လို့ ဖြေကြားကြတာကို မကြာခဏ ဖတ်ဖူး ကြားဖူးပါတယ်။ တကယ်တော့ သက်သတ်လွတ်စားတာဟာ ဘာသာရေးအလုပ် မဟုတ်ပါဘူး။ တခြားဘာသာရေးတွေရဲ့ အလုပ်တော့ ဟုတ်ချင်ဟုတ်ပါလိမ့်မယ်။ ထေရဝါဒ ဗုဒ္ဓဘာသာရေးရဲ့ အလုပ်ကတော့ လုံးဝမဟုတ်ပါဘူး။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ရကြောင်း အလုပ်တွေထဲမှာ သက်သတ်လွတ်စားတဲ့အလုပ် လုံးဝမပါပါဘူး။ "သက်သတ်လွတ်စားတဲ့အလုပ်ဟာ ကုသိုလ်အလုပ်လို့ မြတ်စွာဘုရား ဟောကြားမထားဘူး" လို့ ဆိုလိုပါတယ်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ရကြောင်း အလုပ်တွေက ဆယ်မျိုးရှိပါတယ်။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနအလုပ်၊ ကိုယ်နှုတ်လွန်ကျူးမှုကို စောင့်ထိန်းခြင်း သီလအလုပ်၊ စိတ်ကောင်းစိတ်မြတ်ပွားထုံခြင်း ဘာဝနာအလုပ်၊ အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရိုသေခြင်း အပစာယနအလုပ်၊ ကုသိုလ်ကိစ္စ ကူညီလုပ်ဆောင်ခြင်း ဝေယျာဝစ္စအလုပ်၊ ကိုယ့်ကုသိုလ် သူတစ်ပါးမျှဝေခြင်း ပတ္တိဒါနအလုပ်၊ သူတစ်ပါးကုသိုလ် အိုယ်ဝမ်း

www.burmeseclassic.com

မြောက်ခြင်း ပတ္တာနုမောဒနာအလုပ်၊ သူတော်ကောင်းတရား နာကြားခြင်း ဓမ္မဿဝနအလုပ်၊ သူတော်ကောင်းတရား ဟောပြောခြင်း ဓမ္မဒေသနာအလုပ်နဲ့ အယူအမြင် ဖြောင့်မှန်ခြင်း ဒိဋ္ဌိဇုကမ္မအလုပ်တို့ ဖြစ်ပါတယ်။

အဲဒီအလုပ် ဆယ်မျိုးကို "ပုညကြိယဝတ္ထုဆယ်ပါး" လို့ ခေါ်ပါတယ်။ "ကုသိုလ်လိုလားသူတိုင်း ပြုသင့်ပြုထိုက်တဲ့ ချမ်းသာစီးပွားတွေရဲ့ တည်ရာဆယ်ပါး" လို့ ဆိုလိုပါတယ်။ လိုရင်းကတော့ "ကုသိုလ်ရကြောင်း အလုပ်ဆယ်မျိုး" ပေါ့။ အဲဒီအလုပ် ဆယ်မျိုးထဲက ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကုသိုလ်ရနိုင်ပါတယ်။

တကယ်လို့ သက်သတ်လွတ်စားတဲ့ အလုပ်ဟာ ကုသိုလ်ရကြောင်းအလုပ်၊ ကုသိုလ်ရစေနိုင်တဲ့အလုပ်ဆိုရင် ပုညကြိယဝတ္ထုတွေထဲမှာ တစ်ပါးအဖြစ် မြတ်စွာဘုရား ထည့်သွင်း ဟောကြားတော်မူခဲ့မှာပါ။ သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရနိုင်လို့ မြတ်စွာဘုရား ဟောကြားတော်မမူခဲ့တာကို အထူးသတိပြုရပါမယ်။

တစ်ခေတ်တစ်ခါတုန်းက ရဟန္တာလို့ ထင်ရှားကျော်ကြားခဲ့တဲ့ "ဘုန်းတော်ကြီး ဦးသီလ" ဟာ သက်သတ်လွတ်ဘုဉ်းပေးတဲ့ ဆရာတော်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဘုန်းတော်ကြီးနဲ့ အတူနေပြီး ဘုန်းတော်ကြီးလိုပဲ သက်သတ်လွတ်စားပါ့မယ်လို့ လျှောက်ထားလာတဲ့ ရဟန်းတော်တစ်ပါးကို ဆရာတော်ကြီးက . . .

"တို့မျှား သက်သတ်လွတ်စားနေတာကို ကုသိုလ်ဖြစ်ကျင့်နေတယ်လို့မျှား မထင်လိုက်ပါနဲ့ကွယ်၊ သွားနာသက်သာလို့ စားနေတာပါ" လို့ ရိုးရိုးရှင်းရှင်း မိန့်ကြားတော်မူခဲ့ဖူးပါတယ်။ သက်သတ်လွတ်စားခြင်းကို ကုသိုလ်ကျင့်စဉ်တစ်ခု၊ သူတော်ကောင်းကျင့်စဉ်တစ်ခုလို့ မှားယွင်းစွာ ထင်မှတ်ယူဆသွားမှာစိုးလို့ ဆရာတော်ကြီးက ပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မူလိုက်တာပါ။

မှန်ပါတယ်။ သက်သတ်လွတ်စားခြင်းဟာ ကုသိုလ်ကျင့်စဉ်တစ်ခု မဟုတ်သလို သူတော်ကောင်းကျင့်စဉ်တစ်ခုလည်း မဟုတ်ပါဘူး။ သက်သတ်လွတ်စားခြင်းကြောင့် ကုသိုလ်လည်း ရမသွားနိုင်သလို သူတော်ကောင်းလည်း ဖြစ်မသွားနိုင်ပါဘူး။

အတိတ်သာသနာဝင်မှာရော ပစ္စုပ္ပန်သာသနာဝင်မှာပါ သက်သတ်လွတ်ဘုဉ်းပေးတဲ့ ဆရာတော်ကြီးတွေ ရှိကြပါတယ်။ သူတို့ဟာ "ကုသိုလ်ရတယ်" ဆိုတဲ့ ခံယူချက်နဲ့ သက်သတ်လွတ် ဘုဉ်းပေးကြတာ မဟုတ်ပါဘူး။ သူတို့မှာ ဖြစ်ခဲ့တဲ့၊ ဖြစ်နေတဲ့ အနာရောဂါတွေက အသားငါးနဲ့ မတည့်လို့၊ သူတို့ရဲ့ကျန်းမာရေးက အသီးအရွက်နဲ့မှ အဆင်ပြေလို့ အနာရောဂါနဲ့ ကျန်းမာရေးကို ငဲ့ပြီး သက်သတ်လွတ် ဘုဉ်းပေးတော်မူကြတာပါ။

လူတစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်သွေးသားတည်ဆောက်ပုံချင်း မတူညီကြတဲ့အတွက် ခန္ဓာကိုယ်က တောင်းဆိုတဲ့ အာဟာရလိုအပ်ချက်ချင်းလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါဘူး။ တချို့က အသီးအရွက်လောက်ပဲ စားရုံနဲ့ အာဟာရမျှတပြီး ကျန်းမာကြသလို တချို့ကတော့ အသီးအရွက်ရော အသားငါးပါအစုံစားမှ အာဟာရမျှတပြီး ကျန်းမာကြပါတယ်။

အသီးအရွက်စားရုံနဲ့ ကျန်းမာရေးအဆင်ပြေတဲ့သူတွေက အသီးအရွက်ပဲစားပြီး "သက်သတ်လွတ်သမားဘဝ" ခံယူပိုင်ခွင့်ရှိသလို အစုံစားမှ ကျန်းမာရေး အဆင်ပြေတဲ့သူကလည်း အစုံစားပြီး "အစုံစားသမားဘဝ" ခံယူပိုင်ခွင့် ရှိပါတယ်။ လူသားတိုင်းမှာ ကိုယ်စားလိုတဲ့ အစားအစာကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်ရာ ကိုယ်စားတာ လူ့သဘာဝပဲ မဟုတ်လား။

ဘယ်အစားအစာကိုပဲ ရွေးချယ်ရွေးချယ် အာဟာရမျှတပြီး အနာရောဂါကင်းရှင်းဖို့ ကျန်းမာဖို့က အဓိကပါပဲ။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ် မဟုတ်လား။ ကျန်းမာတဲ့ခန္ဓာကိုယ်နဲ့ ကုသိုလ်အလုပ် လုပ်ရင် ကုသိုလ်တရား တိုးပွားပြီး အကုသိုလ်အလုပ် လုပ်ရင် အကုသိုလ်တရား တိုးပွားပါလိမ့်မယ်။ ဒါကိုရည်ရွယ်ပြီးတော့ပဲ မြတ်စွာဘုရားရှင်က "အစားအစာက ကုသိုလ် သို့မဟုတ် အကုသိုလ်ဖြစ်အောင် ကျေးဇူးပြုတယ်" လို့ မိန့်ကြားတော်မူခဲ့တာပါ။ အစားအစာသက်သက်ကြောင့် ကုသိုလ်၊ အကုသိုလ် ဖြစ်တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။

လူ့စိတ်ဆိုတာကလည်း သိပ်ဆန်းကြယ်ပါတယ်။ (ဆန်းကြယ်လို့လည်း စိတ်လို့ခေါ်တာပါ။ စိတ် = စိတ္တ = ဆန်းကြယ်သောအရာ) တချို့က သက်သတ်လွတ်စားမှ ကုသိုလ်စိတ်မွေးနိုင်ပြီး ကုသိုလ်အလုပ် လုပ်နိုင်ပါတယ်။ ကုသိုလ်စိတ်တိုင်းကိုတော့ မဟုတ်ပါဘူး။ တချို့ ကုသိုလ်စိတ်တွေကိုပါ။

ရက်အကန့်အသတ်နဲ့ သက်သတ်လွတ်စားနေတဲ့ လူငယ်ဒကာတစ်ယောက်ကို "သက်သတ်လွတ်စားတာ ဘာအကျိုးထူးလဲလို့" မေးကြည့်တော့ . . .

"သက်သတ်လွတ်စားတာ ငါးပါးသီလ လုံတယ်၊ ငါ သက်သတ်လွတ်စားနေတယ်ဆိုတဲ့ အသိနဲ့ ခြင်ကအစ မရိုက်ဖြစ်တော့ဘူး၊ စကားကိုလည်း လိမ်ညာပြီး မပြောဖြစ်တော့ဘူး၊ အထူးသဖြင့် အရက်၊ ဘီယာ လုံးဝမသောက်ဖြစ်တော့ဘူး၊ အသားငါးစားခွင့် မရတော့ အမြည်းမကောင်းတော့လို့ ဟဲ ဟဲ. . ." လို့ ရယ်ရယ်မောမော ပြန်ဖြေခဲ့ပါတယ်။

(ဆက်ရန်)

❒ အရှင်ဆန္ဒာဓိက



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပဲ လောကကြီးများ ဆန်းကြယ်လိုက်ပုံက ကိုယ်တွေ့သာ မဟုတ်ရင် တချို့ဖြစ်ရပ်တွေဟာ ယုံနိုင်စရာတောင်မရှိပါဘူး။ ဒါပေမဲ့ လောကမံမှာ ကျင်လည်နေကြရတဲ့ ကံကြမ္မာရဲ့ သားကောင်များဖြစ်ကြတဲ့ လူတွေရဲ့ ဖြစ်ရပ်တွေကတော့ မယုံဘူးဆိုရင် မကြုံသေးလို့သာ ပြောရမှာပါပဲရှင်။

လောကမံအတွင်းမှာ ကံကြမ္မာရဲ့သားကောင် တစ်ဦးဖြစ်တဲ့ ကျွန်မရဲ့ အကြောင်းကတော့ ယုံတာ မယုံတာထက် ထူးဆန်းလွန်းလို့၊ နောက်ပြီး သင်ခန်းစာယူစရာဖြစ်တာမို့လဲ ကျွန်မရဲ့ ဖြစ်ရပ်မှန်နဲ့ ခံစားချက်ကို ရင်ဖွင့်ပြပါရစေ။ ကျွန်မ နာမည် ပန်းဝတ်မှုန်ပါ။ ကျွန်မတို့က ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့ရဲ့ ရွှေးမြစ်ကမ်းဘေး ရပ်ကွက်တစ်ခုဖြစ်တဲ့ (ဂ) ရပ်ကွက်မှာ နေကြပါတယ်။ ဆင်းရဲသား လက်လုပ်လက်စား အများစုနေကြတဲ့

www.burmeseclassic.com

ရပ်ကွက်ဖြစ်လို့ လူနေအိမ်ခြေကလည်း ထူထပ်လှတယ်။ မြို့စွန်ရပ်ကွက်ဆို သော်လည်း တောနေ တောစရိုက်လို ခင်မင်ရာ ရင်းနှီးရာ ဆွေမျိုးသားချင်း များလို ထဲထဲဝင်ဝင် စပ်စပ်စုစု နေကြ ပါတယ်။

ကျွန်မ အဖေက ကျွန်မ အရွယ် ရောက်ခင်မှာ ရောဂါတစ်ခုနဲ့ ဆုံးပါး သွားခဲ့ပါတယ်။ အဖေက ရပ်ကွက်ထဲ ဆန်စက်တစ်ခုမှာ အလုပ်ကြမ်းသမား ဘဝနဲ့ ကျွန်မတို့မိသားစုသုံးယောက်ကို ရှာဖွေကျွေးမွေးလာခဲ့သူပါ။ အမေက ရပ်ကွက်ထဲမှာပဲ မုန့်ပဲသရေစာလေး တွေကို လှည့်လည်ရောင်းချပါတယ်။

မိသားစု သုံးယောက်သာရှိတဲ့ ကျွန်မတို့ အိမ်ထောင်စုလေးဟာ သင့် တင့်မျှတတဲ့ ဘဝနဲ့ ရပ်တည်နေနိုင်ကြ ပါတယ်။ အဖေက အလုပ်ကြမ်းသမား ဆိုတော့ ပင်ပန်းလို့ဆိုပြီး အသောက် အစားလေးတော့ရှိပါတယ်။ ကျွန်မတို့ မိသားစုဟာ သာမန်အရပ်သားတွေမို့ ရပ်ကွက်ထဲမှာ ထင်ထင်ပေါ်ပေါ်လည်း မရှိကြပါဘူး။

ကျွန်မ ဆယ့်နှစ်နှစ်သမီးအရွယ် မှာ အဖေက မမျှော်လင့်ဘဲ ရောဂါ တစ်ခုနဲ့ ရုတ်တရက် ဆုံးပါးသွားလို့ ကျွန်မတို့သားအမိ အားကိုးရာမဲ့ခဲ့ကြ ရပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

အမေကလည်း နဂိုကတည်းက ခပ်အေးအေးသမား။

အဖေရှိစဉ်ကတော့ အိမ်ထောင်ဦးစီးအဖေက ဦးဆောင်ရှာကျွေးနေတာမို့ ဘာပြဿနာမှ မရှိခဲ့ပါဘူး။ အမေဈေးရောင်းတယ် ဆိုတာကလည်း အိမ်မှာနေရတာ ပျင်းလို့ဆိုပြီး မစွပ်မပျက် ရောင်းတာပါ။

ခုအဖေလည်းဆုံးရော အမေ့ခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေတာပေါ့။ အသက်ကလည်းလေးဆယ်တောင်မပြည့်သေး။ ဆင်းရဲပေမယ့် အမေက ရုပ်ရည်လေးသနားကမားနဲ့ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖွံ့ဖြိုးတော့ မုဆိုးမဖြစ်သွားတဲ့ အမေ့ကို တစ်ပင်လဲမှ တစ်ပင်ထူစေချင်တဲ့သူတွေ ရှိလာတာပေါ့။

အစကတော့ အမေက ငြင်းဆန်နေပါသေးတယ်။ အရွယ်မရောက်တရောက် ဖြစ်နေတဲ့ သမီးလေးတစ်ယောက်ရှိနေတော့ ဟိုတွေး ဒီတွေးနဲ့ လက်မခံခဲ့ပါဘူး။

ဒါပေမဲ့ ဘဝရပ်တည်မှု စားဝတ်နေရေး ပြဿနာက တစ်နေ့တခြား ကျပ်တည်း ခက်ခဲလာတာနဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေကလဲ ဝိုင်းဝန်းတိုက်တွန်းနားချကြတာနဲ့ ခက်ခဲလှတဲ့ ဘဝရပ်တည်မှုကြောင့် အမေ့ခမျာ မျက်စိမှိတ်ပြီး တစ်အိုးတစ်အိမ် ထပ်မံထူထောင်လိုက်ရပါတော့တယ်။

လက်လုပ်လက်စား သာမန်လူတန်းစားတွေမို့ အမေ နောက်ထပ်ထူထောင်လိုက်တဲ့ အိမ်ထောင်ကလည်း သာမန်လူပါပဲ။

ရပ်ကွက်ထဲက သူကလည်း မုဆိုးဖို သားထောက်သမီးခံ မရှိဘဲ တစ်ကိုယ်ရေ တစ်ကာယနေသူ။

အသောက်အစား လော်င်းကစား မရှိ။ ဟောဟောရမ်းရမ်း မရှိ။ အသက်ကလည်း အမေ့ထက် ငါးနှစ်လောက်ကြီးသူ။ အလုပ်ကတော့ သူ့ကိုယ်ပိုင်လှေတစ်စင်းနဲ့ ကွမ်းပစ်တန်းချ ရေလုပ်ငန်းလုပ်စားသူဆိုတော့ အမေနဲ့ အကြောင်းပါပြီး အိမ်ထောင်ဦးစီးအဖြစ် ကျွန်မတို့သားအမိကို လုံလောက်အောင် ကျွေးမွေးနိုင်ခဲ့ပါတယ်။

အနေအေးပြီး စကားလည်းနည်းတယ်။ အစက ရောက်ခါစဆိုတော့ ကျွန်မလည်း ခပ်စိမ်းစိမ်းနေပါတယ်။ အမေ့နောက်အိမ်ထောင် ပထွေးကြီးက ကျွန်မကို ချစ်ပုံရပါတယ်။

ဒါပေမယ့် မယားပါသမီးနဲ့ ပထွေးဆိုတာက ရောရောနှောနှော နေသင့်တာ မဟုတ်လို့ ကျွန်မက ခပ်ဖယ်ဖယ်နေတာပါ။

ကျွန်မ ပထွေးကြီး နာမည်က ဦးစံသိန်း ပါတဲ့။ တံငါသည်မို့ အစားအသောက်ကတော့ မချို့ငဲ့ပါဘူး။ ဟင်းစား ကျွေးစားကတော့ ပေါပေါများများ စားကြရပါတယ်။

ပထွေးကြီးက ကြိုးကြိုးစားစား ရှာတာကို အမေက ကျစ်ကျစ်လျစ်လျစ် ထိန်းထိန်းသိမ်းသိမ်း စုစုဆောင်းဆောင်း လုပ်တော့ မကြာခင်မှာပဲ ကျွန်မတို့ မိသားစု ချောင်ချောင်လည်လည် နေထိုင်နိုင်လာပါတယ်။

ကျွန်မမှာလည်း ဘယ်တုန်းကမှ မဆင်ခဲ့ရဘူးတဲ့ ရွှေနားကွင်းလေးတစ်ခု ကျွန်မနားမှာ တဝင်းဝင်းနဲ့ ဝတ်နိုင်ခဲ့ပါတယ်။ ဒါတောင် တချို့က ပထွေးနော် သတိထား၊ သိပ်အလိုလိုက်လာရင် သတိနဲ့နေပါလို့ ပြောကြ ဆိုကြသေးတယ်။ ကျွန်မလည်း ဒီလောက်မ,အပါဘူး။ မြို့မှာနေတာပဲဟာ အကြားအမြင်ဗဟုသုတ ရှိပါတယ်။

ဒါပေမယ့် အများထင်သလို အစဉ်အလာအတိုင်း ပထွေးနဲ့ မယားပါသမီး ဇာတ်လမ်းမျိုး ဖြစ်မလာနိုင်တာကို ကျွန်မသာ အသိဆုံးပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ မရိုးသားဘူးဆိုတာ အခြေအနေပေါ်မှာ မူတည်ပါတယ်။ သူကလည်း ကြောင်ချောင်းချောင်း၊ ကိုယ်ကလည်း ရေလာမြောင်းပေးဆိုရင်တော့ တစ်ဖက်ဖက်ကြောင့် ဖြစ်ကြရတာပါပဲ။ ခု ကျွန်မ ပထွေးကြီးကတော့ အမေနဲ့ အကြောင်းပါတာ အိမ်ထောင်သက် သုံးနှစ်လောက်ရနေပြီး ကျွန်မတို့ တစ်အိမ်တည်းမှာ သုံးနှစ်လောက် အတူတူ နေထိုင်လာကြတာ စိတ်ယုတ်မာရှိသူဆိုရင် တစ်နေ့မဟုတ်တစ်နေ့ တစ်ခုခုတော့ မုချဖြစ်မှာပါပဲ။

ကျွန်မလည်း အမြဲသတိထားနေသူပဲဟာ၊ ကျွန်မ ပထွေးကြီးကတော့ သူ့ဘာသာသူ ပုံမှန်ပါပဲ။ ထူးထူးခြားခြား အန္တရာယ်ရှိမယ့် အရိပ်အယောင်မျိုး မတွေ့ခဲ့ရပါဘူး။

အစက သူ့ကို ကျွန်မက ဦးကြီးလို့ ခေါ်ခဲ့တယ်။ သူကတော့ ကျွန်မကို အမေနဲ့ အိမ်ထောင်ကျကတည်းက သမီးလို့ပဲ ခေါ်ခဲ့ပါတယ်။ နောက်ပြီး ကျွန်မကို ပေးစရာရှိရင်လည်း ဘယ်တော့မှ တိုက်ရိုက်မပေးပါဘူး၊ အမေကနေပဲ ပေးပါတယ်။ တစ်ခါတစ်ခါလည်း လုံမလေးလို့ အညာလေသံနဲ့ ခေါ်တတ်ပါတယ်။

ပညာရေးကို အလယ်တန်းအဆင့်နဲ့ပဲ ကျောင်းထွက်လိုက်ပါတယ်။ ဦးကြီးက ကျောင်းဆက်တက်ဖို့ အမေ့ကို ပြောပေမယ့် အရွယ်နဲ့ အတန်းမမျှတော့တာမို့ ကျွန်မ ကျောင်းဆက်မတက်တော့ပါဘူး။ အိမ်မှာပဲ အိမ်မှုကိစ္စတွေကို အမေ့အစား ဝင်လုပ်ပေးနေပါတယ်။ အချက်အပြုတ် အလျှော်အဖွပ်စတဲ့ အိမ်မှုကိစ္စတွေကို ကျွန်မတာဝန်ယူလိုက်တော့ အမေလည်း နားနားနေနေ နေနိုင်တာပေါ့။

ကျွန်မတို့ အရပ်မလေ့အရ အားလပ်တဲ့အချိန်တွေမှာ ကျားပိုက် အငှားထိုးရင်း အပိုဝင်ငွေလေးလည်းရ၊ ကျွန်မလည်း အဝတ်အစားဖိုးရအောင် လုပ်တာကို ဦးကြီးက မလုပ်စေချင်ပါဘူး။ ကျွန်မကိုတော့ ဘာမှမပြောဘဲ အမေ့ကိုသာ တိုးတိုးတိတ်တိတ် ပြောတယ်လို့ သိရပါတယ်။ အဝတ်အထည်ဆိုလည်း အများနည်းတူ လှလှပပဝတ်ဆင်နိုင်တာကို တချို့က ...





www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ပထွေးကတော့ လက်ယဉ်အောင် အကွက်ဆင်နေပြီ၊ ဘယ်တော့ ပထွေးစားမိမလဲ" လို့ မနာလိုတဲ့စိတ်နဲ့ ကွယ်ရာမှာ အတင်းပြောကြလေရဲ့။

ဘယ်သူတွေ ဘာပြောပြော ပြောကြပါစေ။ ကျွန်မတို့ အိမ်တွင်းရေးကို ကျွန်မတို့ပဲ သိပါတယ်။ စေတနာနဲ့ ပြောတာ လုပ်တာဆိုရင် ဘယ်လို စေတနာလဲ စေတနာက နှစ်မျိုးရှိတယ်လေ၊ စေတနာကောင်းနဲ့ မကောင်းတဲ့ စေတနာတဲ့။ စေတနာ ကောင်းရှိရင် စိတ်ကောင်း ရှိပါတယ်၊ စေတနာ ကောင်း မဟုတ်ရင် စိတ်ကောင်း မရှိပါဘူး။ ဒါကြောင့်စေတနာမှာ အရောင်အဆင်း ရှိပါတယ်။

စေတနာကောင်းနဲ့ ပြောတာ လုပ်တာဆိုရင် အဲဒီအပြော အလုပ်မှာ အသုံးအနှုန်းအယာတွေဟာ ညင်သာပျော့ပျောင်းနူးညံ့ပြီး နှစ်သက်စရာ ကောင်းပါတယ်။ စေတနာကောင်း စိတ်ကောင်းနဲ့ မဟုတ်ဘဲ ယုတ်မာကောက်ကျစ်တဲ့ စေတနာနဲ့ မကောင်းတဲ့စိတ်နဲ့ဆိုရင် အဲဒီအပြောအလုပ်မှာ ခက်ထန် တင်းမာမှုတွေနဲ့ မခံချင်စရာ နာကြည်းစရာကောင်းပါတယ်။

ပတ်ဝန်းကျင်ပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်တွင်းမှာဖြစ်ဖြစ် သတိထားကြည့်ရင် သိသာပါတယ်။ ကိုယ့်အကြောင်းကို ကိုယ်သာ အသိဆုံးပါပဲ။ သူများပြောမှ သိတာဟာ ကိုယ်အသုံးမကျလို့ပါပဲ။

ဒါကြောင့် ကိုယ့်အကြောင်း သူများအားကိုးပြီး ပေဒင်မေးကြ နတ်မေးကြ အကြားအမြင်မေးကြနဲ့ ကိုယ့်ရဲ့ ကံကြမ္မာပိုင်ရှင်ဟာ ကိုယ်ပဲဆိုတာ သတိမထားမိကြလို့ သူများအားကိုးကြတာပေါ့။

အမှားဆိုတာကလည်း ပြင်လို့ရတဲ့ အမှားနဲ့ ပြင်လို့မရတဲ့ အမှားဆိုတာ ရှိပါတယ်။ ပြင်လို့ရတဲ့ အမှားကတော့ မသိနားမလည်လို့ မှားမိတာဖြစ်ပြီး ပြင်လို့မရတဲ့ အမှားကတော့ မိုက်မဲလို့ မှားတာဖြစ်ပါတယ်။ ကျွန်မက စာတွေ အတော်ဖတ်ဖြစ်ပါတယ်။ စာဖတ်တဲ့ ဝါသနာပါ ပါတယ်။ ပိုက်ထိုးရင်း တောင်မှ လက်က ပိုက်ထိုး မျက်နှာက စာအုပ်ကို ပေါင်ပေါ်တင်ထားပြီး ဖတ်တာပါ။

ကျွန်မတို့လို ပိုက်ချည်ထိုးကြတဲ့ မိန်းကလေးတိုင်းလိုလို အဲဒီလို စာဖတ်နိုင်ကြပါတယ်။ ကျွမ်းကျင်ရာ လိမ္မာဖြစ်မှာပါ။ စာဖတ်တဲ့ ဗဟုသုတ အလေ့အကျင့်က 'အသိပညာကို မြင့်မားစေတယ်လို့ ကျွန်မတို့ မြို့ခံစာရေးဆရာ တစ်ဦးဖြစ်တဲ့ ဆရာမိုးဟိန်းကျော်က ပြောပါတယ်။ ဒါပေမယ့် စာသိနဲ့ လက်တွေ့ဆိုတာ တစ်ခါတစ်ရံဆန့်ကျင်ကွာခြားပါတယ်။ လောကခံဘဝထဲက လူတွေမှာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဆိုတဲ့ ဂတိတရားလေးပါး ရှိကြတာမို့ ကိလေသာဝဋ်အတွင်းမှာ မလွတ်ကင်းနိုင်နေကြသေးသူများပီပီ အမှားတွေ ရှိနေကြတာပါပဲ။

ဘာပဲဖြစ်ဖြစ် လူဆိုတာ လူ့သဘာဝတော့ ရှိကြတာပါပဲ။ ကျွန်မလည်း လူသားထဲက လူတစ်ယောက်မို့ လူ့သဘာဝအရ လူငယ်ပီပီ ဝတ်ဆင်လှပချင်တာပေါ့။ ထိုက်သင့်သလောက်လည်း ဝတ်နိုင်ဆင်နိုင်တော့ လှလှပပလေး ဝတ်ဆင်တတ်တဲ့ ကျွန်မကို မြင်တတ်သူများက မြင်ကြပြီး ခင်ကြသူတွေ စိတ်ကူးယဉ်ကြသူတွေ ရှိလာပါတယ်။

အဲဒါကို ကျွန်မကိုယ်တိုင်လည်း သဘောကျ သာယာပါတယ်။ ရပ်ကွက်ထဲက စာအုပ်ဆိုင်၊ ဗီဒီယိုရုံ၊ ပိုက်ထိုးရုံတွေမှာ ကျွန်မ အလှက မျက်နှာပန်းပွင့်လာပါတယ်။ အမေ့ဆီက အလှအပ တချို့ကို ပိုင်ဆိုင်ခွင့်ရထားတဲ့ ကျွန်မအတွက် ကံကောင်းတာပေါ့။

အဲဒီကနေတစ်ဆင့် ရင်ခုန်ခံစားစရာလေးတွေက ကျွန်မဘဝကို ခံစားချက်အသစ်တွေ ပေးတော့တာပဲ။ ရိုတီတီအပြော ချိုမြိန်တဲ့ စကားတွေက ကျွန်မရဲ့ရင်ကို ခုန်စေပါတယ်။ ဒီတော့ အရွယ်ရောက်သူတိုင်း မကင်းနိုင်ကြတဲ့ အချစ်ရဲ့ သာယာချိုမြိန်မှုကို ကျွန်မလည်း ဘယ်ကင်းနိုင်ပါ့မလဲလေ။

ဒါပေမယ့် သိတယ်မဟုတ်လား ကျွန်မက ခပ်ညံ့ညံ့မိန်းကလေး တစ်ယောက် မဟုတ်ပါဘူး။ အချစ်ကို နှလုံးသားနဲ့ ချစ်ပြီး ဘဝကို ဦးနှောက်နဲ့ ရွေးချယ်ခဲ့ပါတယ်။

ရပ်ကွက်ထဲကကော တခြားရပ်ကွက်ကပါ ကျွန်မကို မေတ္တာရကြချင်သူတွေထဲက အရည်အချင်းရော အရည်အသွေးပါ ပြည့်ဝတဲ့သူ့ကိုကျွန်မ သေသေချာချာရွေးချယ် လိုက်ပါတယ်။

သူက ယောကျ်ားပီသတဲ့ ရုပ်ရည်ရှိပြီး ခေတ်ပညာကတော့ အထက်တန်းအထိ သင်ယူဖူးတယ်၊ ဒါပေမယ့် သူ့မှာ ကိုယ်ပိုင်အတတ်ပညာရှိတယ်။

သူ့မိဘတွေက လက်သမားဆရာ ပန်းရန်ဆရာကြီးဆိုတော့ သူကလည်း မိဘမျိုးရိုး အတတ်ပညာဖြစ်တဲ့ လက်သမားပညာနဲ့ ပန်းရန်ပညာမှာ သူ့အဖေရဲ့ လက်ထောက်ဆရာအဖြစ် အားကိုးရဲ့သူပါ။

မိဘ ပိုက်ဆံချမ်းသာ ရာထူးဂုဏ်ထူးရှိတာနဲ့ ဘာမှ ကိုယ်ပိုင်အရည်အချင်းမရှိဘဲ မော်ကြွားနေသူတွေကို ကျွန်မ လုံးဝ အထင်မကြီးပါဘူး။

အဲဒီလူတွေဟာ ကိုယ်ပိုင်အရည်အချင်း ဘာမှမရှိလို့ ဘဝထဲရောက်တဲ့အခါ အားကိုးလို့ မရပါဘူး။

သူ့နာမည်က ကိုအောင်ခိုင်မြင့်ပါတဲ့။ လူနဲ့ နာမည်နဲ့ လိုက်သူပါ။ ဘဝကို အောင်မြင် ခိုင်မာ မြင့်မားအောင် ကြိုးစားနေတဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။

သူက တခြားမြို့ကပါ။ ကျွန်မတို့မြို့မှာ ဆောက်လုပ်ရေး လုပ်ငန်းတွေလုပ်တော့ အရည်အချင်းရှိပြီး ရိုးသားကြိုးစားတဲ့နာမည်ကောင်းရှိတဲ့ အတတ်ပညာရှင်လူငယ်များကို နေရာပေးတဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com

ရေးလုပ်ငန်းတစ်ခုမှာ တာဝန်ခံခေါင်းဆောင်ငယ် တစ်ဦးအဖြစ် လာရောက်လုပ်ကိုင်ရင်း သူကလည်း စာဖတ်ဝါသနာပါသူမို့ သူနဲ့ ကျွန်မတို့ ကျွန်မတို့မြို့က ဆက်သွယ်ရေးနဲ့ ပြန်ကြားရေးဌာနက ဖွင့်လှစ်တဲ့ စာကြည့်တိုက်မှာ စာအုပ်ငှားကြရင်း မျက်လုံးချင်းဆုံ ရင်ခုန်ကြရာက ရင်းနှီးသွားကြတာပါပဲ။

မြို့နယ် ပြန်/ဆက်မှူး မမစန္ဒာကြည်ကတောင် မရိုးသားတော့တဲ့ ကျွန်မတို့နှစ်ယောက် စာကြည့်တိုက်မှာ ဆုံဖြစ်တွဲဖြစ်တာကိုကြည့်ပြီး မသိမသာ ပြုံးစစ လုပ်တာ ကျွန်မ သိပါတယ်။ သဘောကောင်းတဲ့ မမစန္ဒာကြည်နဲ့ စာဖတ်အားကောင်းတဲ့ ကျွန်မတို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိပါတယ်။

မြင်ရာကခင် ခင်ရာကကြင် ဆိုသလို တွေ့ပါဆုံပါများ ရင်းနှီးပါများရာက ကိုအောင်ခိုင်မြင့်က ကျွန်မကို ချစ်ရေးဆိုလာပါတယ်။ ကျွန်မ သိပါတယ် တစ်နေ့ ဒါဖြစ်လာမယ်ဆိုတာ။ သဘာဝပဲလေ။

ကျွန်မလည်း ထုံးစံအတိုင်း နည်းနည်းတော့ မူရသေးတာပေါ့။ နောက်တော့လည်း ကျွန်မ နှလုံးသားမှာ သူ့ကို နေရာပေး ပိုင်စိုးခွင့်ပြုလိုက်ရပါတယ်။

ချစ်သူမရှိခင်က ဘဝအတွက် စိတ်ကူးယဉ်တယ်၊ ချစ်သူရှိလာတော့ အချစ်အတွက် စိတ်ကူးယဉ်တယ်၊ ဘဝအတွက် စိတ်ကူးယဉ်တာက ရင်ပူတယ်။

အချစ်အတွက် စိတ်ကူးယဉ်ရတာက ရင်ခုန်တယ်၊ကွာပါတယ်။ ချစ်သူရှိလာပြီဆိုတော့ အရင်ကထက် အသွားအလာ များလာတယ်။ ပိုပြီးလည်း လှအောင် ပြင်လာတယ်။ အိမ်မှာလည်း အယောင်ယောင် အလွဲလွဲတွေ အဖြစ်များလာတယ်။

အမေကတောင် "ဒီကောင်မလေး ခုတစ်လော ဘာဖြစ်နေတာလဲ" လို့ ပြောခံရပါတယ်။

ထူးခြားမှုကို ကိုယ်ကမသိပေမယ့် ကိုယ်နဲ့ တစ်အိမ်တည်း နေနေကြသူတွေက ရိပ်မိကြမှာပါ။

ကျွန်မ ပထွေးကြီးက ဘာမှတော့ မပြောပေမယ့် မသိမသာ အကဲခတ်ကြည့်တာကို ကျွန်မ လျစ်လျူရှုခဲ့ပါတယ်။

ကိုအောင်ခိုင်မြင့်က သူ့ဆောက်လုပ်ရေး လုပ်ငန်းခွင်မှာပဲ တည်းခိုနေထိုင် လုပ်ကိုင်ရတာမို့ အလုပ်နားချိန်၊ အားချိန်၊ ပိတ်ရက်အချို့များမှာတော့ ကျွန်မတို့ မြို့ထဲမှာ လျှောက်လည်ရင်း စားသောက်ဆိုင်များ သွားလာရင်း ကျွန်မတို့မြို့ရဲ့ ကျက်သရေဆောင် နာမည်ကျော် ဆုတောင်းပြည့်ဘုရား၊ အောင်တော်မူဘုရား၊ မြို့ပြင်က ရွှေသာလျောင်းဘုရားနဲ့ ရှင်စောမြတ်ဘုရားတွေကို လှည့်လည်ဖူးကြရင်း ဆုတွေတောင်းခဲ့ကြတယ်။

တစ်ရွာသားကို ရည်းစားထားမိသူမို့ ကွဲရ ခွဲရမှာကို ပူပင်မိတယ်။

ကိုအောင်ခိုင်မြင့် အဲဒါက အရင်တုန်းက ခေါ်တာ၊ ခု ချစ်သူတွေ ဖြစ်သွားကြပြီဆိုတော့ ကိုအောင်လို့ ခေါ်ပါတယ်။ သူကလည်း သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးသူပါတဲ့။

ခု သူ့အချစ်က ထာဝရဘဝအတွက် နှလုံးသားကို မြှုပ်နှံတဲ့ မေတ္တာပါတဲ့။ ချစ်နေရုံနဲ့ မပြီးဘူးဆိုတာ သူသိပါတယ်တဲ့။

အနာဂတ်ဘဝအတွက် ကြိုးစားပါမယ်တဲ့။ ကျွန်မကို တင့်တောင့် တင့်တယ် လက်ထပ်ယူနိုင်အောင် သူ့ အစွမ်းအစနဲ့ ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်။ ကျွန်မယုံတယ်၊ ချစ်သူမို့လို့ မှန်ပြီး ယုံတာမျိုး မဟုတ်ပါဘူး။ သူ့စိတ်နေသဘောထားကို ချစ်သူသက်တမ်းမှာပဲ ကျွန်မ သိပါတယ်။ ချစ်သူများ ဖြစ်ကြပေမယ့် အနည်းငယ်သော အခွင့်ပြုမှုမှတစ်ပါး စိတ်နောက်ကိုယ်ပါ အခွင့်အရေးမျိုး မယူခဲ့ပါဘူး။ ရိုးသားမှုမဟုတ်ပေမယ့် မရိုင်းခဲ့ပါဘူး။

မိကောင်း ဖခင်သားပီသသူပါ။ သူက တော်တော့ ကျွန်မလည်း ကောင်းရမှာပေါ့။ ကျွန်မဘက်ကလည်း ဣန္ဒြေသိက္ခာမဲ့တဲ့ ဘာလုပ်ရပ်မှ မလုပ်ပါဘူး။ နဖူးစာရွာလည်တဲ့ အချစ်မို့လို့လား မသိဘူး သူရော ကျွန်မပါ တအားချစ်ကြပါတယ်။

အင်း, ကံအကြောင်းတရားရဲ့ ဆန်းကြယ်ပုံကတော့ အောချလောက်ပါရဲ့။ ဘဝဆိုတာ ဖြစ်ချင်တာတွေလည်း ဖြစ်ချင်တိုင်း ဖြစ်မလာနိုင်သလို မဖြစ်ချင်တာတွေလည်း သူ့သဘောနဲ့သူ ဖြစ်လာတတ်ကြတာပဲ။

တကယ်တော့ သတ္တဝါတိုင်းဟာ ကံစီမံရာ နာခံနေကြရတာပဲလေ။ ပြုပြင်ပြောင်းလဲမှုဆိုတာ သင်္ခါရ သဘောပါပဲ။ ကျုပ်က ဒီအရပ် ဒေသသားမဟုတ်ပါဘူး။

ဟိုး, အထက်အညာဒေသက ရေကြည်ရာ မြက်နုရာဆိုသလို လုပ်စားကိုင်စား ပိုကောင်းမယ့် အောက်အရပ်အောက်ဒေသကို ရောက်လာရတာပါပဲ။ အညာမှာ ပထမအိမ်ထောင်ပျက်ခဲ့ပြီး စိတ်လေလေနဲ့ ထွက်လာရင်း အသိတစ်ယောက်နဲ့ ပတ်သက်ပြီးတော့ လပွတ္တာမြို့ကို ရောက်လာခဲ့တယ်။

ပင်လယ်ပိုင်းဒေသ ဆိုတော့ လုပ်ကိုင်စားသောက်ရတာ ကောင်းပါတယ်။ အစက ကျုပ်က အထက်အညာကဆိုတော့ ရေမိုးမကျွမ်းကျင်ခဲ့ဘူး။

ရောက်လို့ တစ်နှစ်လောက်ကြာတဲ့အခါ ရေနား မြစ်နား ချောင်းနားနီးရာဒေသမို့ တဖြည်းဖြည်းနဲ့ ရေမိုးကျွမ်းကျင်လာတာပါပဲ။ ဒါနဲ့ အောက်အရပ်ဒေသမှာ အလွယ်တကူ လုပ်စားလို့ရတဲ့ တံငါ အလုပ်ကို လုပ်ကိုင်လာခဲ့ပါတယ်။

ဒီလိုနဲ့ လပွတ္တာမြို့က (၈)ရပ်ကွက် မြစ်ကမ်းနံဘေးအနီးမှာ အိမ်လေးတစ်လုံးနဲ့ တစ်ကိုယ်တည်း နေလာခဲ့တယ်။ အနေအေးပြီး ရိုးသားတဲ့ကျုပ်တို့





www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်သားတွေက ခင်ကြပါတယ်။ ကျုပ်ကို နာမည်ရင်းပျောက်ပြီး ဦးအညာသားလို့ပဲ ခေါ်ကြတယ်။

ခု ကျုပ် အိမ်ထောင်ပြုလိုက်တဲ့ အမျိုးသမီးရဲ့ မသေခင်အိမ်ထောင်က ကျုပ်နဲ့ ခင်မင်ရင်းနှီးပါတယ်။ တစ်ရပ်ကွက်တည်းသားတွေဆိုတော့ တွေ့သိနေကြတာပါ။

နောက် အဲဒီလူ ဆုံးပါးသွားတယ်လို့ ကြားရပါတယ်။ အတော်ကြာတော့ ခင်မင်ရင်းနှီးသူတွေက "တစ်ယောက်တည်းနေတာ သဘာဝမကျဘူး၊ မကျန်းရေး မမာရေးကျရင် ပြုစုမယ့်သူလိုတယ်၊ လူဆိုတာအိမ်ထောင်စုမိသားစုရှိမှ တင့်တယ်တယ်" ဘာညာနဲ့ပေါ့ဗျာ။ ဘေးတီးတိုက်တွန်းကြတာနဲ့ ကျုပ်လည်း သူများ တစ်ရပ်တစ်ရွာမှာ တစ်ကိုယ်တည်း နေနေရတာ ကြာတော့ ငြီးငွေ့လာတာနဲ့ အဆွယ်အလှယ်ကောင်းသူတွေကပဲ စီစဉ်ပေးလို့ အဲဒီအမျိုးသမီးနဲ့ အိမ်ထောင်ပြုဖြစ်လိုက်ကြပါတယ်။

ကျုပ် ကံကောင်းပါတယ်၊ ယူလိုက်တဲ့ မိန်းမက တော်ရှာပါတယ်။ အနေအေးပြီး ကြင်နာတတ်ပါတယ်။

အဲ, သူ့မှာ သမီးလေးတစ်ယောက်တော့ ပါတယ်။ ကျုပ်နဲ့ ညားခါစကတော့ ကလေးမလေးက အရွယ်မရောက်သေးပါဘူး။ ဒါလည်း ပြဿနာမရှိပါဘူး။ ကျုပ်ကလည်း ဒီကလေးမလေးကို ကျုပ် သမီးအရင်းလေးလို တကယ်ချစ်တာပါ။ ကလေးမလေးက မအေတူလို့လား မသိဘူး ဖြူဖြူချောချောလေးပါပဲ။ သားသမီးငတ်နေတဲ့ ကျုပ်အဖို့တော့ ကိုယ့်သမီးအရင်းလေးလို့ပဲ မှတ်ထင်ထားပါတယ်။

ဒါပေမယ့် ခက်သားကလား၊ ပတ်ဝန်းကျင်ဆိုတာကလည်း ထင်ရာမြင်ရာ ပြောကြဆိုကြ ဝေဖန်ကြတာဆိုတော့ ကလေးမလေးကလည်း ခပ်ဖယ်ဖယ်နေ၊ ကျုပ်ကလည်း ခပ်တန်းတန်းနေနဲ့ တစ်အိမ်တည်း နေကြသူတွေဆိုပေမယ့်လည်း သိပ်အစိမ်းကြီး မဟုတ်သော်လည်း ခပ်တန်းတန်းနေကြရတယ်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲယုံယုံ အများအမြင်ရှင်းအောင်တော့ နေတတ်ရတယ်။ နောက်ပြီး ပထွေးနဲ့ မယားပါသမီးဆိုတာ နဂိုကတည်းကမှ ပြောချင်စရာမို့လား။

သူ့အမေ ကျုပ်မိန်းမကတော့ ကျုပ်ရဲ့ စိတ်သဘောထားကို သိလာတဲ့အခါ နားလည်ပေးရှာပါတယ်။

အိမ်ထောင်မှုလည်း စုစုစည်းစည်းနဲ့ လင်သားအပေါ်လည်း တာဝန်ကျေရှာပါတယ်။ ကလေးမလေးကလည်း အကန့်အသတ်တစ်ခုနဲ့ နေတယ်ဆိုပေမယ့် ကျုပ်ကို မလေးမစား မရှိပါဘူး၊ လေးလေးစားစား ရိုရိုသေသေရှိပါတယ်။

မိသားစုအိမ်ထောင်နဲ့ ဖြစ်လာလို့လား မသိဘူး၊ နေရထိုင်ရတာ စိုစိုပြည်ပြည်နဲ့ စိတ်ချမ်းသာရှိလိုက်တာ။ ကျုပ်ကတော့ ဒီမိသားစု စားဝတ်နေရေးအဆင်ပြေအောင် တိုးတက်အောင်ကြိုးစားရှာဖွေလုပ်ကိုင်ရမှာ ကျုပ်တာဝန်ပဲလို့ ခံယူထားပြီး ကျုပ်လုပ်နိုင်သလောက်ကြိုးစားရှာလုပ်လို့ ရှာဖွေခဲ့တာပဲ။

မိန်းမကလည်း ကျစ်ကျစ်ကုတ်ကုတ် စုစုစည်းစည်းနဲ့ဆိုတော့ မကြာပါဘူး၊ ကျုပ်တို့ဘဝက တစ်စစတိုးတက်လာပါတယ်။ အထူးသဖြင့် တစ်ဦးတည်းသော သမီးလေးကို ဝတ်ဆင်မှု ပြောင်ပြောင်ရောင်ရောင်လေး ထားနိုင်တာ ကျုပ်ဝမ်းသာတယ်။

ကလေးမလေးက သူ့အရင်အဖေလက်ထက်တုန်းက ချို့တဲ့တော့ ကျောင်းပညာရေး အလေးမထားခဲ့နိုင်ရှာတာနဲ့ အသက်အရွယ်လေးကရ ပညာအတန်းကနည်းမို့လို့ တော်ရုံသင့်ရုံ အတန်းပညာနဲ့ပဲ ကျောင်းဆက်မတက်တော့ဘူးဆိုပြီး အိမ်မှုတာဝန်တွေကို သူပဲယူတော့တာပါပဲ။

တစ်ဖက်ကလည်း အပိုဝင်ငွေရအောင် ရပ်ကွက်ထဲမှာ ကျွားပိုက်အငှားထိုးတယ်။ ကျုပ်က တားမြစ်ချင်ပေမယ့် ဆိုင်သာဆိုင် မပိုင်တာမို့ သူ့သဘောကျပဲ မသိချင်ယောင်ဆောင်နေလိုက်ပါတယ်။ သူ့အမေကိုတော့ တိုးတိုးတိတ်တိတ် ပြောပါသေးတယ်။ သူ့အမေကလည်း သူစိတ်ချမ်းသာသလိုနေပါစေဆိုတာနဲ့ ကျုပ်လည်း မပြောတော့ပါဘူး။

ကလေးမလေးက စာဖတ်တော့ အတော်ဝါသနာကြီးပါတယ်။ ပိုက်ထိုးရင်းလည်း စာဖတ်၊ အိမ်မှာအားတဲ့အခါလည်း စာဖတ်နဲ့၊ စာတော့အတော်ဖတ်တယ်။ ကျုပ်ကတော့ ကိုယ်တိုင်က စာသိပ်မတတ်သူမို့ သူများ စာတတ်တာ စာဖတ်တာ ဝါသနာကို သဘောကျပါတယ်။

ကျုပ် အလုပ်ကလည်း တံငါအလုပ်ဆိုတော့ အိမ်မှာနေရတဲ့ အချိန်က နည်းပါတယ်။ မြစ်ထဲ ချောင်းထဲမှာပဲ လှေတစ်စင်းနဲ့ အရှာအဖွေထွက်နေတာများပါတယ်။ လုံလောက်အောင် ရှာဖွေပေးရမှာက ကျုပ်တာဝန်၊ အိမ်တွင်းရေး အိမ်ထောင်ရေး ထိန်းသိမ်းမှုက မိန်းမတာဝန် မဟုတ်လား။

အင်း, ကံတရား အကျိုးပေး အဆိုးပေးများတယ်လည်း ဆန်းကြယ်သကိုး။ လောကဓံအပြောင်းအလဲများလည်း မြန်ပါပေ့။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာကိုး။ သုခ ဒုက္ခ ဆင်းရဲ ချမ်းသာဆိုတာ လောကဓံတရားတွေပါပဲ၊

ကိုယ်ဖြစ်ချင်တာ မဖြစ်ကြရရင် ဒုက္ခ၊ သူ ဖြစ်ချင်တာ ဖြစ်နေတာက သဘာဝ၊ ကိုယ်လုပ်ချင်တာ လုပ်နေကြတာက လောက။ ဖြစ်ပျက်အစဉ်နဲ့ အမှန်အတိုင်း ရှိနေတာက ဓမ္မ။

ဒီလို လောကဓံတရားတွေကို သိထားရင်ဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ဗျာပါဒတွေကို ခံနိုင်ရည်ရှိမှာပါပဲ။ ပထမအိမ်ထောင်က ရိုးသား





www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ထမ်းပိုးလုပ်ရတဲ့ အလုပ်ကြမ်းသမားမို့ သူ့လုပ်ခနဲ့ မစားလောက်တာနဲ့ တစ်ဖက်တစ်လမ်းက လုပ်တတ်သရွေ့လုပ်ပြီး မုန့်ပဲသားရေစာလေး ရောင်းခဲ့တာပါ။ ဖြစ်ဖြစ်မြောက်မြောက်တော့ မဟုတ်ပါဘူး။ ဒီအတိုင်း ထိုင်နေတဲ့ အစားကတော့ တင်းနိုင်သေးတာပါပဲ ကျေနပ်စွာနဲ့ပြီး လုပ်တာပါ။

ချို့တဲ့မှုပါပဲတော့ သမီးလေးကိုကျောင်း ကျောင်းမှန်မှန် မထားခဲ့နိုင်ပါဘူး။ တက်တစ်နှစ် ပျက်တစ်နှစ်ပါပဲ။

ဒါကြောင့် သူ့ခမျာ အရွယ်နဲ့အတန်း မမျှဖြစ်ခဲ့ရတာပါ။ သူက အလုပ်ကြမ်းသမားဆိုတော့ ပင်ပန်းတဲ့ဒဏ်ခံနိုင်အောင် အသောက်အစားလေးတော့ နည်းနည်းပါးပါးရှိပါတယ်။ သိပ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကြာတော့ အရက်က သူ့ကို ပိုဒုက္ခပေးတဲ့ဒဏ်နဲ့ပဲ ဆုံးပါးသွားခဲ့ပါတယ်။

ဘဝအာမခံချက်က ဘာမှမရှိကြသူတွေဆိုတော့ လောလောဆယ် အိမ်ထောင်ဦးစီး တိမ်းပါးသွားတာနဲ့ ဘဝရပ်တည်မှု စားဝတ်နေရေးက ပိုပိုဆိုး ကျပ်တည်း ခက်ခဲလာပါတယ်။

အစကတော့ ရသမျှနည်းနဲ့ တောင့်ခံလုပ်ကိုင် နေထိုင်ကြည့်ပါသေးတယ်။ ဓာကယ်တမ်းကျတဲ့အခါ လူနှစ်ယောက် ဘဝရပ်တည်မှု စားရေးနေရေးဟာ ချို့တဲ့ရင် အတော်အခက်အခဲ ရှိတာကို ဆင်းရဲသားချင်းပဲ နားလည်မှာပါ။

ဒါနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း မိတ်ဆွေတွေက ဝိုင်းဝန်းတိုက်တွန်း နားချကူညီကြတာနဲ့ နောက်အိမ်ထောင်ပြုဖြစ်သွားပါတယ်။ ကံကောင်းတယ်လို့ ဆိုရမလား မသိဘူး။ နောက်ထပ်ပြုလိုက်ရတဲ့ အိမ်ထောင်ကလည်းတကယ့်လူရိုးလူကောင်းပါပဲ။ အသောက်အစား အလောင်းအစား မရှိသူပါ။ သူကလည်း တစ်ကိုယ်ရေ တစ်ကာယ ရပ်ကွက်ထဲမှာပဲ နေထိုင်သူ ကွန်ပစ်တန်းချနဲ့ တံငါလုပ်ငန်း လုပ်စားသူ၊ အညာအရပ်ကနေ ရောက်လာပြီး ရပ်ကွက်ထဲမှာ နေလာတာ နှစ်အတော် ကြာပေါ့။ အိမ်က ဆုံးပါးသွားသူနဲ့လည်း ရင်းနှီးခဲ့ကြတယ်။

သူနဲ့ ဒုတိယအိမ်ထောင်ထူထောင်လိုက်ပြီးတော့မှ သားအမိနှစ်ယောက်ရဲ့ ဘဝရပ်တည်မှု အခက်အခဲ အကျပ်အတည်း ဒုက္ခတွေက လွတ်ကင်းသွားရတော့တယ်။ တော်ပါတယ်၊ သိပ်ကိုတော်ပါတယ်။

ဒါကြောင့် ကံကောင်းတယ်လို့ ဆိုတာပေါ့။ စကားလည်းနည်း အေးလည်းအေးသူဆိုတော့ ဘာပြဿနာမှ မရှိပါဘူး။ အရွယ်ရောက်ခါစ သမီးလေး တစ်ယောက်ရှိတာကို ထုံးစံအတိုင်း ပထွေးနဲ့ မယားပါသမီး စိုးရိမ်စရာတွေ ရှိကြပေမယ့် သိပါတယ်။

ခုယူတဲ့ ယောကျ်ားဟာ စိတ်ယုတ်မာရှိသူ မဟုတ်ဘူးဆိုတာ ရက်၊ လ၊ နှစ်ကြာလာတာနဲ့ အမျှ သိပါတယ်။ သူကလဲ သမီးလေးကို ချစ်ရှာပါတယ်။ ဒါပေမဲ့ ဖအေအရင်းမဟုတ်လေတော့ ရင်ထဲက ချစ်တာကို ရင်ထဲမှာပဲထားပြီး သူ ပေးစရာ ပံ့ပိုးစရာရှိတာကို မအေကိုပဲ ပြောဆိုပေးတယ်၊ ကြည့်ရတာ သမီးလေးကလဲ ရိုသေလေးစားပါတယ်။ ဒီအိမ်ထောင်နဲ့ကျမှ ဘဝလည်းတိုးတက်လာတယ်။ အရွယ်ရောက်စ သမီးလေးလည်း ထိုက်သင့်သလို ဝတ်ဆင်နိုင်တယ်။ ပတ်ဝန်းကျင်ဆိုတာကတော့ ဒီလိုပါပဲ။

ဘာပဲဖြစ်ဖြစ်လေ ကိုယ့်အိမ်တွင်းရေးအကြောင်း ကိုယ်သာအသိဆုံးပဲ။ ခုထိတော့ ဘာပြဿနာမှ မရှိသေးပါဘူး။ အားလုံး ပုံမှန်ပါပဲ။ အင်းလေ အရာရာဟာ ဖြစ်ပျက်ပြောင်းလဲနေတဲ့ သင်္ခါရလောကကြီးဆိုတော့လဲ ပုံသေကားကျပ် မှတ်ထားလို့ ဘယ်ရပါ့မလဲ။ ကံဇာတာကို ပြုပြင်ပြောင်းလဲ ရနိုင်ကောင်း ရနိုင်ပေမယ့် ကံကြမ္မာကိုတော့ ဘယ်သူမှ ဘယ်လိုမှ ပြုပြင်ပြောင်းလဲလို့ မရနိုင်တာမို့ ကံကြမ္မာရဲ့ အကြောင်းက ဘယ်လိုလာဦးမယ်ဆိုတာ ဘုရားမှပဲ သိနိုင်မှာပဲ။

ကျွန်တော့်နာမည်က အောင်ခိုင်မြင့်ပါ။ ကျွန်တော်က မြောင်းမြမြို့နယ်သား တစ်ဦးပါ။ မြောင်းမြမြို့နယ်မှာ မိဘများ နေကြပါတယ်။ မိဘများက လက်သမားအလုပ်၊ ပန်းရန်အလုပ်နဲ့ နာမည်ထင်ရှားပါတယ်။

ပညာကောင်း စေတနာကောင်းတော့ တပည့်တပန်း လုပ်သားတွေနဲ့ လုပ်ငန်းရှင်တွေက ယုံယုံကြည်ကြည် အားကိုးကြတာကြောင့် လူတန်းစေ့ နေနိုင် စားနိုင်ကြပါတယ်။

ကျွန်တော်က အထက်တန်းအောင်ပြီး အကြောင်းကြောင်းကြောင့် ပညာဆက်မသင်ချင်တော့တာမို့ မိမိအိုးမကွာ အိမ်မကွာ လုပ်ငန်းဖြစ်တဲ့ မိဘအမွေအနှစ် လက်သမားနဲ့ ပန်းရန်ပညာကို အဖေ့ထံက အနီးကပ်သေသေချာချာ သင်ယူပြီးကိုယ့်ကြိုးစားမှုကြောင့် ခုဆို လက်ထောက်ဆရာအဖြစ် အဖေ့ လုပ်ငန်းတွေမှာ ပါဝင်ဦးစီး လုပ်ကိုင်နေရပါပြီ။

ကျောင်းစာမှာ မတော်ပေမယ့် လက်မှုပညာမှာတော့ အထုံအဆက်ပါ လာသူမို့လား မသိဘူး။ သင်သလောက် တတ် တတ်သလောက်တော်သူပါပဲ။

ကျွန်တော်က ကြိုးလည်း ကြိုး စားပါတယ်။ တစ်နေ့ အဖေ့လို ထူးချွန် ထက်မြက်တဲ့ ပညာရှင်ကြီး ဖြစ်ချင်သူပါ။

ခုလည်း အဖေ့ လုပ်ငန်းတွေမှာ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ စိတ်ချ လက်ချ မျက်နှာလွှဲထားနိုင်တဲ့အဆင့် ရှိပါတယ်။

ကျွန်တော့်လုပ်ရည်ကိုင်ရည် လုပ်ငန်းရှင်တွေကလည်း သဘော ကြပါတယ်။

အလုပ်ကောင်းလို့ နာမည် ကောင်းရလာပြီဆိုတော့ အလုပ်အ မယ့်သူတွေပေါ်လာပါတယ်။ အလုပ်





www.burmeseclassic.com

များတော့ တချို့နေရာတွေမှာ ဥပမာ ရုပ်ဝေးလုပ်ငန်းတွေမှာ အဖေက မလိုက်နိုင်ရင် ကျွန်တော်ပဲ ဦးဆောင်သွားရောက်လုပ်ကိုင်ရတတ်ပါတယ်။

အခုလည်း လုပ်ငန်းရှင် တစ်ယောက်ရဲ့ ဆက်သွယ်မှုနဲ့ လပွတ္တာမြို့မှာ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို လက်သမားပန်းရန်တာဝန်ခံအဖြစ် သွားရောက်လုပ်ကိုင်ရပါတယ်။ နေရေး စားရေးကတော့ လုပ်ငန်းခွင်မှာပဲ ပါလာတဲ့ အလုပ်သမားတွေနဲ့ စုပေါင်းနေကြစားကြပါတယ်။ လူငယ်ဆိုတော့ ဖြစ်သလိုနေ ဖြစ်သလို စားနိုင်ပါတယ်။

ကျွန်တော်က စာဖတ်တော့ အတော်ဝါသနာပါပါတယ်။ သွားလေရာမှာ စာအုပ်အငှားဆိုင်နဲ့ စာကြည့်တိုက်တွေမှာ သွားရောက်ငှားရမ်း ဖတ်ရှုတတ်ပါတယ်။ ကျွန်တော့်လုပ်ငန်းရဲ့ အနီးမှာ လပွတ္တာမြို့နယ် ပြန်/ဆက် ဦးစီး မမစန္ဒာကြည်နဲ့တောင် အတော်ရင်းနှီးနေပါပြီ။ ဝန်ထမ်း မမတွေကလည်း သဘောကောင်းကြပါတယ်။ စာကြည့်တိုက်မှာ စာအုပ်တွေကလည်း မျိုးစုံရှိတာမို့ ကျွန်တော့်အတွက်တော့ အကြိုက်တွေ့နေပါတယ်။

ဒီလိုနဲ့ ပြန်/ဆက်က စာကြည့်တိုက်မှာ မကြာခဏစာအုပ်တွေ သွားငှားလိုက်၊ ပြန်ပို့လိုက်လုပ်ရင်း မကြာခဏ မိန်းကလေးတစ်ဦးနဲ့ ဆုံမိကြပါတယ်။ သူကလည်း စာဖတ်ဝါသနာအိုးနဲ့တူပါတယ်။ တစ်ခါတလေ စာအုပ်တစ်အုပ်ကို အကြိုက်ချင်းတူပြီး ပြိုင်တူငှားမိတဲ့အခါ ကျွန်တော်က သူ့ကို ဦးစားပေးလိုက်ပါတယ်။ မကြာခဏလည်း စာအုပ်တွေအကြောင်း ပြောဆိုဆွေးနွေးကြပါတယ်။

လပွတ္တာဒေသခံ မိန်းကလေးတစ်ဦးနဲ့ စတင်ရင်းနှီး သိကျွမ်းခွင့်ရတာကို ကျွန်တော် ဝမ်းသာပါတယ်။

ကျွန်တော်က ဧည့်သည်ဆိုတော့ ဒီမြို့မှာ အသိမိတ်ဆွေ သိပ်မရှိသေးပါဘူး။ လုပ်ငန်းနဲ့ ပတ်သက်သူတွေ

www.burmeseclassic.com

သ[illegible] စာပေမိတ်ဆွေတစ်ဦး ရလိုက်တာကို ကျွန်တော် အလေးထားပါတယ်။ နာမည်လေးကလည်း လှနဲ့လိုက်အောင် လှပါတယ်။ ပန်းဝတ်ရည် တဲ့။

ကျွန်တော့်ထက်တော့ သုံးနှစ်လောက်ငယ်မယ် ထင်ပါတယ်။ ရုပ်ရည်လေးကလည်း ချောချောလေးပါပဲ။ အပြောအဆိုကလည်း ညက်တော့ အတော်လေးခင်စရာကောင်းပါတယ်။ ကျွန်တော်ခင်လည်းခင်မိပါတယ်။ ဒီလိုနဲ့ ကောင်မလေးနဲ့ ကျွန်တော် စာကြည့်တိုက်မှာ မကြာခဏဆုံကြရင်း အတော်ရင်းနှီးသွားရာက သွားကြ၊ လာကြ၊ လည်ကြ၊ ပတ်ကြ၊ စားသောက်ကြရင်းနဲ့ သံယောဇဉ်တွယ်မိကြပြီး မကြာမတင်မှာ ချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်။

ကျွန်တော်ကလည်း အရွယ်ရောက်လာကတည်းက အတတ်ပညာတွေကိုသာ တကြိုးတစား တစိုက်မတ်မတ် သင်လာခဲ့ရတာဆိုတော့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ပါဘူး။

ခုမှ နဖူးစာရွာလည်သလားတော့ မသိဘူး။ ဒီမိန်းကလေးနဲ့ကျမှ ဘဝရေစက် အကြောင်းပါရော့ထင့်။ စွဲစွဲမက်မက် မြတ်မြတ်နိုးနိုး ချစ်မိပါတော့တယ်။ ချစ်မိကြတော့လည်း အရူးအမူးပါပဲ။

ကျွန်တော့်ဘဝမှာ တစ်ခါသာ ချစ်ဖူးသူကို တစ်သက်လုံး အိမ်ထောင်ဖက်အဖြစ် သတ်မှတ်လိုက်ပါတယ်။ ချစ်သူဘဝဆိုတာ ပျော်ရွှင်စရာ ကြည်နူးစရာ ရင်ခုန်စရာ သာယာစရာရှိမှန်း ခုမှ သိရပါတယ်။ ခံစားရပါတယ်။ နှစ်ဦးစလုံးက အချစ်ဦးမို့ နင့်နင့်နဲနဲ ချစ်ကြပါတယ်။

အချစ်ဆိုတာ အခက်သားကလား။ အချိန်ရတိုင်း ချစ်သူအပါးမှာ နေချင်ကြတယ်။ ရင်ခုန်ခံစားချင်ကြတယ်။ အတွေ့အထိမှာ သာယာကြတယ်။ လူငယ်တွေဆိုတော့လည်း စိတ်ကိုလွှတ်ထားပြီး ချစ်သူဘဝရဲ့ ရင်ခုန်မှုကို ထိထိမိမိခံစားမိကြတယ်။ အစကတော့ အားလုံးကို ထိန်းသိမ်းစောင့်စည်းကြပါသေးတယ်။

ဒါပေမယ့် တစ်နေ့ ကောင်မလေးနဲ့ ကျွန်တော် အသိအိမ် တစ်အိမ်မှာ ချိန်းတွေ့ကြရင်း သတိထားကြတဲ့ကြားက အတွေ့ကို မရှောင်နိုင်ကြဘဲ လွန်ကျူးမိကြတယ်။ ဖြစ်ပြီးမှတော့ ဘာမျှမတတ်နိုင်တော့ပါဘူး။ အဲဒီအလိုဆန္ဒရဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာမယ့် ရင်ပူစရာ ကိစ္စကို ဘယ်လိုရင်ဆိုင်ကြမယ်ဆိုတာ တိုင်ပင်ကြရတယ်။

ခုလောလောဆယ်တော့ ဘာအစီအစဉ်မှ မရှိသေးဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်ကြဖို့ မဖြစ်နိုင်သေးတာက တစ်ကြောင်း၊ ကျွန်တော့်မိဘများထံပြန်ပြီး အကျိုးအကြောင်းပြောပြပြီး မိဘသားဖသားမီပီ တောင်းရမ်းယူနိုင်အောင် ကြိုးစားပါရစေလို့ ကောင်မလေးကို ရှင်းပြတော့ သူလည်း နားလည်လက်ခံပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ်တော့ ဟုတ်နေကြတာပါပဲ။ ဒီလို နားလည်မှုရလိုက်တော့လဲ စိတ်အေးသွားကြပြီး အနေမပျက် အသွားအလာမပျက် ရှိခဲ့ကြပါတယ်။

ဒါနဲ့ ကျွန်တော့်လုပ်ငန်းအစသတ်တဲ့အခါ ကျွန်တော်တို့ ချိန်းတွေ့ကြပြီး ပင်လယ်ရေကို ငေးမပြေသောက်ရင်း ပြောဖြစ်တယ်။ ကျွန်တော်ပြန်ပြီး မိဘတွေကို အကျိုးအကြောင်းပြောပြပြီး လာရောက်တောင်းရမ်းဖို့ ခေါ်လာမယ်ဆိုတာ ကတိကဝတ်တွေပြုတော့ ကောင်မလေးလည်း စိုးရိမ်မှုတစ်ဝက်နဲ့ ခေါင်းညိတ်ခဲ့ပါတယ်။

အဲဒီအချိန်ဟာ ကျွန်တော်တို့အတွက် နောက်ဆုံးတွေ့ဆုံခြင်းဖြစ်မယ်လို့ ဘယ်သူကမှ ထင်မထားခဲ့ပါဘူး။ ဒါနဲ့ ကျွန်တော်လည်း ချစ်သူကို မလွမ်းသာ လွမ်းသာ ခွဲခွာပြီး အိမ်ကို ပြန်ခဲ့ပါတယ်။

www.burmeseclassic.com

သူပြန်သွားတာ ကျွန်မရင်ထဲက နှလုံးသားတွေ ပါသွားသလား အောက်မေ့ရလောက်အောင် ရင်ထဲမှာ ဟာသွားရပါတယ်။ ဒါပေမဲ့ ဒါက တစ်သက်လုံး ဘဝအရေးမို့ သူ့အကြောင်းပြချက်ကလည်း သဘာဝကျ ခိုင်လုံတာနဲ့ ကျွန်မ လက်ခံခဲ့ပါတယ်။ ကျွန်မ သူ့ကို ယုံတယ်၊ ယုံလို့လည်း ပုံအပ်ခဲ့မိတာပေါ့။ တကယ်တော့ ဒီအဖြစ်မျိုးကို မရောက်သင့်သေးမှန်း ကျွန်မ သိပါတယ်။

သူရော ကျွန်မပါ မှားခဲ့ကြတာပါ။ ဒီအခြေအနေမျိုးထိ မရောက်သင့်သေးသော်လည်း အချစ်ရဲ့ အတွေ့ကို နှစ်ဦးစလုံး မရှောင်နိုင်ခဲ့တာပါ။ ထားပါတော့လေ။ ဖြစ်ပြီးတာကလည်း ဖြစ်ပြီးမှပဲ။ ဒီအဖြစ်ရဲ့ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် ပြဿနာကို ရင်ဆိုင်ကြဖို့ တိုင်ပင်ကြတဲ့အခါ သူ့မိဘတွေကို အကျိုးအကြောင်း ပြောပြပြီး မိသားဖသားပီပီ တောင်းရမ်းယူဖို့ ခေါ်လာခဲ့ပါ့မယ်လို့ ကတိကဝတ် ပြုရှာပါတယ်။ အင်းလေ ဒီလိုပဲ လုပ်ကြရတော့မှာပေါ့။

ဒါနဲ့ သူပြန်သွားပါတယ်။ ကျွန်မလည်း ဟန်မပျက် ခါတိုင်းလိုပဲ အိမ်မှာ မရိပ်မိအောင် နေခဲ့ပါတယ်။ ကံများဆိုးချင်တော့ အဲဒီကိစ္စက အချိန်မဆိုင်းဘဲ ပထမလမှာပဲ လာနေကျ ကိစ္စက မလာတော့ပါဘူး။ ကျွန်မ ရင်ပူသွားပါတယ်။

သိတယ်မဟုတ်လား ဒီခေတ်မှာ ဒါမျိုးက သိပ်မဆန်းတော့ပါဘူး။ လုပ်လို့ရတဲ့နည်းတွေ ရှိပါတယ်။ ကျွန်မလည်း တတ်သရွေ့ မှတ်သရွေ့လုပ်ပါတယ်။ ဒါပေမယ့် ဘာမှ ထူးခြားမလာပါဘူး။ ဒီလိုနဲ့ သူ့ဆီကလည်း ဘာမှ အဆက်အသွယ်မရ လူလည်း ရောက်မလာသေးဘဲ သုံးလလောက်ကြာတော့ ကျွန်မ အခြေအနေက ရုပ်ပျက်စ ပြုလာပါပြီ။

အတွေ့အကြုံ ရင့်ကျက်သူ သတိထားမိသူတွေက မသိမသာ စပ်စုလာကြတယ်။ ကျွန်မလည်း ဖုံးဖုံးဖိဖိ လိမ်ပြောပါသေးတယ်။ သဘာဝဟာ သဘာဝမို့ တစ်နေ့တခြား ရုပ်လုံးပေါ်လာတာကို ဘယ်လိုမှ ဖုံးမထားလို့ မရတော့ပါဘူး။ အခြေအနေ ဆိုးလာတာမို့ အမေ့ကို ဖွင့်ပြောလိုက်ရပါတော့တယ်။ အမေဆိုတာ အံ့ဩလို့ စကားတောင် ပြန်မပြောနိုင်ခဲ့ပါဘူး။

"မိုက်လိုက်တာသမီးရယ်" လို့ပဲ မျက်ရည်စမ်းစမ်းနဲ့ အသံတုန်တုန်နဲ့ ပြောနိုင်ပါတယ်။ ဒါနဲ့ ကျွန်မ သူ့အလုပ်လုပ်ခဲ့တဲ့ နေရာက အဆက်အသွယ်ရှိသူတွေကို သွားစုံစမ်းတဲ့အခါ ကျွန်မ ဘဝပျက်တော့တာပါပဲ။

ကြားရတဲ့ သတင်းက ကျွန်မ နားထဲကို မိုးကြိုးပစ်ချခံလိုက်ရသလို ဖြစ်သွားရပါတော့တယ်။

"ဘာ မောင်အောင်လား၊ ဟဲ့ ကလေးမ မသိသေးဘူးထင်တယ်၊ အင်း ပြောရမှာတော့ အတော်စိတ်မကောင်းစရာပဲ၊ မောင်အောင် တစ်ယောက် ပြန်သွားပြီး တစ်လလောက်အကြာမှာပဲ ဆောက်လက်စတိုက်ပေါ်ကပြုတ်ကျပြီး နေရာမှာပဲ ပွဲချင်းပြီး သေသွားတယ်၊ သူ့မိဘတွေဆိုတာ ရင်ထုမနာ ဖြစ်ကြရတာပါပဲ၊ အလွန်တော်တဲ့ ကလေးပါကွယ်"

ကဲ ဘယ်လိုလုပ်ကြပါ့။ ဘယ်သူကမှ ဖောက်ပြန်တာမဟုတ်ဘဲ ကံတရားက ရက်ရက်စက်စက် စီမံသွားတာဆိုတော့ ဘယ်သူမှ ဘာမှမတတ်နိုင်ဘူးလေ။ ဒါပေမယ့် ကျွန်မအတွက်တော့ ကံဆိုး မိုးမှောင်ကျတာပါပဲ။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရပါ့မလဲ။

ခက်တာက ကျွန်မ နေရတာက အဖေအရင်း မဟုတ်ဘဲ ပထွေးနဲ့ နေရတာဆိုတော့ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုအောက်မှာ ပိုးစိုးပက်စက်ခံကြရတော့မှာ၊ အဖေ အရင်းလောက်ကောင်းတဲ့ ကျွန်မ ပထွေးကြီးကို ဘယ်လို မျက်နှာပြရပါ့။

ကျွန်မတို့ကတော ရပ်ရွာထဲမှာ ဘယ်လို မျက်နှာမျိုးနဲ့ နေကြရပါ့။

ဒီကိစ္စ အိမ်ရောက်တော့ အမေ့ကို တိုးတိုးတိတ်တိတ်ပြောတော့ အမေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘဲ သားအမိ နှစ်ယောက်သား ကျိတ်ငိုကြရတယ်။ ဒီကိစ္စနဲ့ အမေလည်း စိတ်သောက ပြင်းစွာဖြစ်ပြီး ရုတ်ခြည်း အိပ်ရာထဲ လဲတော့တာပါပဲ။

ရုတ်တရက်ဆိုတော့ ကျွန်မ ပထွေးကြီးက မရိပ်မိသေးဘဲ သူ့မိန်းမ ရုတ်ခြည်းမကျန်းမမာဖြစ်တာ ထူးဆန်းတယ်ဆိုပြီး အတော်ဂရုစိုက်ရှာပါတယ်။ အမေ့ရောဂါက တစ်နေ့တခြား မသက်သာသလို ကျွန်မ အခြေအနေကလည်း တစ်နေ့တခြား သိသာလာတာကြောင့် အရပ်ကလည်း တီးတိုး တီးတိုးကနေ တစ်စစနဲ့ ပြောကြဆိုကြတာကို ကျွန်မ ပထွေးကြီးက ကြားသိရတော့မှ မျက်နှာမကောင်းစွာနဲ့ အမေ့ကို တီးတိုးမေး ပါတယ်။

နောက်ဆုံး မဖုံးကွယ်သာတာမို့ အမေလည်း ဖြစ်ရပ်မှန်ကို ပြောပြရတာ ပေါ့၊ ဒါတောင် ကျွန်မ ပထွေးကြီးက "မိုက်လိုက်တာသမီးရယ်" လို့ မျက်ရည် ဝဲပြီး ပြောပါတယ်။

အဲဒီအချိန်ကစပြီး ကျွန်မတို့ မိသားစုမှာ ကမ္ဘာပျက်တော့တာပါပဲ။

"ကဲ ငါတို့ မပြောလား၊ ပထွေး ဆိုတာ ပထွေးပါပဲလို့၊ အစကတည်း ဒီယုံမြင်လို့ ဒီချုံထွင်တာပါဆို ဟင်း.. ခုတော့ ဘူးပေါ်သလို ပေါ် မဟုတ်လား"

ရက်ရက်စက်စက် ပြောဆို တွေကြားမှာ ကျွန်မတို့ မိသားစု အ အလဲ လမ်းထွက်မျက်နှာမပြရဲအောင် ခံနေရပါတယ်။

တကယ်တော့ ဒီပြဿနာ တရားခံဟာ ကျွန်မပါပဲ။ မမှားသင့် မှားလိုက်မိလို့ ကျွန်မ မိသားစု ပျက်ရမှာ။ ကျွန်မကြောင့် အဖေအ လို အင်မတန် ကောင်းတဲ့သူလည်း ထိခိုက်နစ်နာရပါတော့မယ်။





www.burmeseclassic.com

www.burmeseclassic.com

"မိုက်လိုက်တာ ကလေးမလေး ရယ်၊ ငါကတော့ ငါ့သမီးအရင်းလေးလို ချစ်လိုက်ရတာ၊ ငါ့ဘက်က ဘာတစ်ခုမှ ဖောက်မပြန်ခဲ့ရဘဲ ဒီလို ဖြေရှင်းမရတဲ့ အဖြစ်ဆိုးမျိုး ဖြစ်ရတာ ရင်နာလိုက်တာ၊ တ်ဝန်းကျင်ကလဲ ဘယ်လိုမှ ယုံမှာ တုတ်ကြဘူး၊ ငါ့ပဲ တရားခံသမုတ်ကြ မှာ၊ မအေးမြရယ် ငါ မင်းကို ချစ်ပါ တယ်၊ မင်းသမီးလေးကိုလဲ ငါ့သမီး အရင်းလေးလို ချစ်ခဲ့တာပါ၊ မင်းသိမှာ ပါ ဒါပေမဲ့ ခုတော့ မထင်မှတ်တဲ့ ကံ ကြမ္မာမုန်တိုင်းကြီးက ငါတို့မိသားစု ပေါ် ကျရောက်လာပါပေါ့။

ငါ့ အသည်းတွေ ကွဲကြေလု တတ် ခံစားရပါတယ်၊ ငါလဲ ဘာမှ တတ်နိုင်ဘူး၊ နောက်ဆုံး ငါ အင်မတန် ချစ်တဲ့ မယားနဲ့ သမီးလေးကို စွန့်လွှတ် ပြီး အဝေးကို ထွက်ခွာသွားရတော့မှာပဲ၊ ပါက ဒီရပ်ရွာမှာ ဘယ်လိုမျက်နှာပြရမှာ တွာ ဟင်း"

ဦးစံသိန်းတစ်ယောက် မြစ်တွင်း မှာ သူ့လှေလေးကို ဦးတည်ရာမရှိ ခတ်နေရင်း သူ့ရင်တွင်းခံစားချက် ကို မချိတင်ကဲ ရေရွတ်ရင်း မျက်ရည် တွေက ပိုးပိုးပေါက်ပေါက် ကျဆင်းနေ သည်၊ ဘယ်လိုကြမ္မာဆိုးက အငြိုးနဲ့ စက်ပါလိမ့်လို့သာ ရင်နာနာနှင့် ရင်း ခံစားနေရသည်။

ထိုနေ့ကစပြီး ဦးစံသိန်းတစ် ယောက် အစရှာမရအောင် ပျောက်ခြင်း ပျောက်သွားတော့သည်။ သတင်း သည်း စုံစမ်းမရ။

သည်တော့ ဒေါ်အေးမြတို့သား မှာ တစ်ပူပေါ် နှစ်ပူဆင့်လို့ ရင်နင့် တွဲ ခံစားကြရပြန်သည်။

မြေနိမ့်ရာလှံစိုက်၊ ကံဆိုးမ သွား နိုးလိုက်လို့ရွာ ဆိုသလို ဒေါ်အေးမြ သားအမိ ကံကြမ္မာက ပြင်းထန် လွန်းလှသည်။ လင်စိတ် သမီးစိတ် ဒေါ်အေးမြတစ်ယောက် ရောဂါ ကာ အိပ်ရာထဲမှ မထနိုင်တော့။ သည်းအသန် ရောဂါသည် မိခင်ကြီး ကို ပစ်ပြီး ပန်းဝတ်ရည် တစ်ယောက် စွန့်ခွာမသွားနိုင်။

ဘာမှ ထောက်တား ငွဲညာစရာ မရှိပါက သူ့အရှက်ကို အသက်နဲ့လဲ လိုက်ဖို့ ဝန်မလေး။ ရေနစ်သူ ဝါးကူလို့ နှစ်ဆိုသလို ပတ်ဝန်းကျင်က မလိုသူ တွေကလည်း ခုမှ ပက်ပက်စက်စက် ပြောဆိုကြနဲ့။ အနေခက်၊ အသေခက်၊ အလူးအလဲ ခံစားနေကြရသည်။

စိတ်ရောဂါရော ကျန်းမာရေးပါ ထိထိခိုက်ခိုက် ခံစားရသောကြောင့် ဒေါ်အေးမြတစ်ယောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် လောကကို အရှုံးပေး ကျောခိုင်းထွက်ခွာသွားတော့သည်။

အရွယ်နှင့် မမျှအောင် ဒုက္ခ သောက ပရိဒေဝတွေနှင့် ပန်းဝတ်ရည် လေးလည်း အမေရက်မလည်ခင်မှာပင် ကိုယ်ဝန်ပျက်ကျပြီး သွေးနုနုနှင့် စိတ် ဖောက်ပြန် ရူးသွပ်သွားရှာသည်။

ဆန်းကြယ် အံ့ဩဖို့ ကောင်း သော ကံကြမ္မာအကျိုးပေးကား သံဝေဂ ရစရာကောင်းလှပါဘိသည်။

မိသားစုဘဝလည်း ပြိုကွဲ၊ ချစ် သူလည်းဆုံးနှင့် အရွယ်နှင့်မမျှအောင် ခံစားလိုက်ရသည့် ဒုက္ခသည်မလေး ပန်းဝတ်ရည်တစ်ယောက် သွက်သွက် လည်အောင် ရူးသွပ်သွားပြီး လပွတ္တာ မြို့တွင်းမှာ ရောက်တတ်ရာရာ ဦးတည် ချက်မရှိ လျှောက်သွားလျက်။

"အမေ၊ အဖေ၊ အမေတို့၊ အဖေ တို့ သမီးဆီကိုပြန်လာကြပါ၊ ကိုအောင် ရေ ကိုအောင် ပြန်လာမယ်ဆို ဟင့် ဟင့် ဟင့် ဟင့်၊ သမီးကို တစ်ယောက်တည်း ပစ်ထားကြပြီလား၊ ဟီး ဟီး"

လို့ ငိုယိုမြည်တမ်းပြီး လမ်းတ ကာမှာ စုတ်ပြတ်ပေရေ နွမ်းလျတဲ့ ကိုယ်နဲ့ လှည့်ပတ်သွားလာနေတဲ့ ခပ် ရွယ်ရွယ် မိန်းမငယ်လေးတစ်ယောက် ကို သတိထားကြည့်လျှင် တွေ့မြင်ကြပါ လိမ့်မည်။

နောက် တဖြည်းဖြည်း ကံဆိုး မလေး ပန်းဝတ်ရည်အကြောင်းကို သိရှိ လာကြတော့မှ စုတ်တသပ်သပ်ဖြင့် ရင် ထုမနာ သနားကရုဏာသက်ကြသော် လည်း ကံကြမ္မာ၏ အဆိုးဒဏ်ကား ပြန်လည်ပြင်ဆင်၍ မရတော့ပြီ။

သည်လိုနှင့် အအိပ်မမှန် အစား မမှန် ရာသီဥတုဒဏ်ကြောင့် စိတ် ရောဂါသည်လေး ပန်းဝတ်ရည် တစ် ယောက် ခြောက်ကပ်ပိန်လှီ ချို့တဲ့သော ကိုယ်ဖြင့် ရေဆင်းတံတားတစ်ခုပေါ် မှာ အိပ်နေရင်း မြစ်တွင်းပြုတ်ကျသွားခဲ့ ရသည်။

သုံးရက်ခန့်အကြာတွင် လပွတ္တာ မြို့ ရွှေးမြစ်တွင်း၌ မိန်းကလေး အလောင်းတစ်လောင်း ပေါ်နေသည်ကို ကြည့်ရှုကြရသောအခါ ကံကြမ္မာ၏ သားကောင်ဖြစ်သော ကံဆိုးမလေး ပန်းဝတ်ရည်အလောင်း ဖြစ်သည်ကို ကြေကွဲဝမ်းနည်းစွာ တွေ့မြင်ကြရသည်။

လာခြင်းကောင်းသော်လည်း အပြန်မကောင်းစွာ အတိတ်ကံကြမ္မာ ဆိုးကြောင့် ဘဝပျက်ကြရသော ပန်း ဝတ်ရည် ဆိုသော မိန်းကလေးတစ် ယောက်အကြောင်းကို လပွတ္တာမြို့သူ မြို့သားများက ယခုတိုင်မမေ့နိုင်အောင် ပြောဆိုနေလျက် ရှိကြသေးသည်။

ဤကြေကွဲရင်နာစရာ ပန်းဝတ် ရည်လေး၏ ဖြစ်ရပ်ကို သင်ခန်းစာပြု နမူနာယူကြလျက် သမီးရွယ် မိန်းမငယ် လေးများ အတွေ့အာရုံမှာ လိုက်စားပြီး မမိုက်မှားမိကြစေရန်နှင့် ဘဝကို ခဏ သာယာမှု ဆန္ဒနှင့် မရင်းမိကြစေရန် သားသမီးချင်း စာနာသော မေတ္တာဖြင့် သတိပေး တင်ပြလိုက်ရပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါ စေ။

❒ မိုးဟိန်းကျော်(လပွတ္တာ)





www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

ကျွန်ုပ်သည် လှပတဲ့ ပြည်ခရီးစဉ်၏ ဝေဆာလှတဲ့ အတွေ့အကြုံများကို ကျွန်ုပ်သံ ပညာရည်နို့ စို့နေသော မျိုးဆက်သစ်များအပေါ် ပြန်လည်ပို့ချရမည် ဖြစ်၏။

လူငယ်တိုင်း စိတ်မဝင်စားနိုင်သော ဤပညာရပ်များ အပေါ် ဂရုတစိုက် အာရုံသက်ဝင်မှုအတွက် သူတို့ကလေး တွေအား ကျွန်ုပ်အလွန်ချစ်၏။ သို့ဖြင့် အဆိုပါ လူငယ် အဖိုး တန်ကလေးများကို နေ့တစ်နေ့ သတ်မှတ်ပြီး စုစည်းလိုက်၏။ အားလုံးက ကျွန်ုပ် ခေါ်တယ်ဆို၍ မပျက်မကွက် စုံလင်နေ ကြ၏။

ကျွန်ုပ် အလုပ်နားသော နေ့ကိုရွေး၍ စီစဉ်လိုက်ခြင်း ဖြစ်ရာ ထိုနေ့အတွက် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရှိကြ၏။ လူစုံသဖြင့် ကျွန်ုပ်ကပင် စကားစပြီး ပြည်မြို့ ခရီး စဉ်နှင့်အတူ နွေးထွေးသော ကြိုဆိုမှုနှင့်အတူ စိတ်ဝင်စား စရာများကို တစ်ခုမကျန် အေးအေးဆေးဆေး သင်လည်းသင် ပြောလည်းပြော မှတ်သားစေလိုက်၏။ ကျွန်ုပ်၏ စကားသံမှ အပ မည်သည့် အသံမျှ ထွက်မလာ၊ စွဲစွဲမြဲမြဲ အာရုံခံနေကြ၏။

"ကဲ, မင်းတို့ ဘာမရှင်းတာ. ရှိသလဲ"ဟု ကျွန်ုပ်၏ စကားကို အစသတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ကျွန်ုပ်အား ပညာနှင့်ယှဉ်သော မေးခွန်းများကို မေးမြန်းရန် လမ်းဖွင့်ထားခြင်းခံရသဖြင့် လွတ်လွတ်လပ်လပ် ဆွေးနွေးတော့မှာ သေချာ၏။ နှိုက်နှိုက်ချွတ်ချွတ် မေးပါစေလို့လည်း မျှော်လင့်နေ၏။

တပည့်ကျော်ကြီး မောင်ကျော်မြင့်က စတင်ဆွေးနွေးတော့မယ့် အရိပ်အယောင် ပေါ်လွင်နေ၏။

“ကဲ, မောင်ကျော်မြင့် ဘာမရှင်းသလဲကွဲ့”

“ဆရာ ပြည်ဘူတာ အမြန်ရထားက ဆင်းဆင်းချင်း တည်းခိုရမယ့် အိမ်ကိုသွားတယ်၊ အဲဒီနေ့က ကြာသပတေးနေ့ ည ၉ နာရီ မထိုးမီ သူရဋ္ဌအခါပဲ၊ အဲဒီလိုသွားတော့ ဘုကန့်လန့်ကြီး ကိုဘုန်းကြွယ်ဆိုတဲ့ ကြာသပတေးသားကြီးနဲ့ တွေ့နိုင်တယ်၊ သို့မဟုတ် မထီလေးစား ဆက်ဆံသူကြီးကို တွေ့လိမ့်မယ်လို့ တွက်ဆမထားဘူးလား”

၀
၄
၁
၃
၆
၂
၅ ← ကြာသပတေးသား

(ဘောမအခါ)

ဘောမ အခါကို အကဲခတ်လျက် ပညာယူလိုက်ခြင်းဖြစ်၏။

“အေးကွာ. . အဲဒီအခါမှာ ဆရာက တနင်္လာအခိုက်ကိုပဲ သတိထားလိုက်တယ်၊ ပလက်ဖောင်းဝင်ခါလုတ်တိုက်တာ ခြေထောက် တော်တော်နာသွားလို့ ၅တေးအတွက် သတိလွတ်သွားတယ်၊ 'ခြေ'အနာတရ ဖြစ်သွားတော့ ၂လာ် ထိသွားတယ်၊ ၂လာ်ဟာ ၅တေးကို ဂဗ္ဘေ မဟုတ်ဘဲ ခေမာ (၂-၅) ဖြင့် နှိမ်ထားတော့ အိမ်ရှင်ကိုမောင်မောင် ၅တေးသား မရှိနိုင်တာကိုဘဲ သတိထားတယ်၊ ထင်တဲ့အတိုင်း ကိုမောင်မောင် အပြင်ထွက်နေခဲ့တယ်၊ ကိုဘုန်းကြွယ်က ကြားသဘော် ဆိုက်ထားတာ မဆီမဆိုင်ဘဲ”

***“ဘာကြောင့် ဂဗ္ဘေကို မယူဘဲ ခေမာ (၂-၅) ကို ယူရတာလဲ ဆရာ”***

“ဩော်. . ဒါလား တိုင်ရဲ့ အနိဋ္ဌနေရာပဲဆိုဆို၊ အနိမ့်နေရာပဲ ဆိုဆို၊ နေ့၏ညပိုင်းပဲဆိုဆို တိုက်ဆိုင်နေတော့ (ခေမာ) (၂-၅)ကို အနိဋ္ဌအဖြစ် ယူလိုက်ရတာပါပဲ”

**“ဒါဖြင့် ဂဗ္ဘေကို မွန်းမတည့်မီကာလအတွက် ဣဋ္ဌအဖြစ် ယူတယ်ပေါ့နော် ဆရာ”**

“ယေဘုယျအားဖြင့် မှန်တယ်၊ ဒါပေမယ့် တစ်ခါတစ်ရံ ဟောတဲ့နေရာမှာပဲဖြစ်ဖြစ်၊ တွေ့တဲ့နေရာမှာပဲဖြစ်ဖြစ် ဆန်းနိမိတ်၊ အင်္ဂဝိဇ္ဇာ နိမိတ်များအရ နိမိတ်မကောင်းရင် အနိဋ္ဌ ယူပြီး ခေမာလို့ပဲ စဉ်းစားတယ်၊ လာမေးသူ လင်မယားအထိုင်မှားရင်၊ ပြောင်းပြန်ဖြစ်နေရင် 'ခေမာ' လို့ပဲ ယူတယ်၊ နိမိတ်အရ သူတို့ ဆောင်းလာတဲ့ ဦးထုပ်တစ်ခုခု ကြမ်းပြင်ပေါ် အနိမ့်ပေါ် ချတယ်၊ ပန်ထားတဲ့ပန်း၊ ဘီး တစ်ခုခုပြုတ်ကျရင် ခေမာကို အနိဋ္ဌပဲ ယူတယ်၊ လာမေးသူဟာ တြို၊ စတု၊ အမြစ်ဆိုတဲ့ အညံ့နေရာတွေမှာ သူ့မွေးနံ့ရှိနေရင်လဲ အနိဋ္ဌပဲ ယူတယ်၊ အခုကိစ္စမှာ ၂လာ်သား ဆိုပါတော့. . ဒါဆို အနိဋ္ဌပဲ ယူတယ်”

*“ဒါဆိုဆရာရယ် နံနက်ပိုင်းလဲဖြစ်တယ်၊ မကောင်းတဲ့နိမိတ်တွေလဲမတွေ့ရဘူး၊ အားလုံးဟာ အကျိုးအကြောင်း ညီညွတ်နေတယ်ဆိုရင်တော့ ဂဗ္ဘေယူရမှာပေါ့နော်”*

“ဟင့်အင်း၊ မဟုတ်ဘူး ခေမာပဲ ယူတယ်”

“ဘာပြုလို့လဲ ဆရာ”

“(၂-၅) ခေမာ ဓာတ်တွဲကြီးဟာ အခါတိုင်ရဲ့ အောက်မှာ ရှိနေတော့ ဂဗ္ဘေနဲ့ပဲ ပြောကြည့်၊ 'ခင်ဗျားရဲ့ ခိုင်မြဲတည်တံ့မှုကြီးဟာဆိုပြီး ဘာပြောမလဲ အပျက်နေရာမှာ ရှိနေလို့ မခိုင်မြဲတော့ဘူးလို့ပဲ ပြောရတော့မှာဖြစ်လို့ အနိဋ္ဌဖြစ်သွားပြီ၊ ဒါဖြင့် မခိုင်မြဲရင် ဘာကြောင့် ရန်ပေါ်ပြီ၊ ဒါဆို ဘာထူးသလဲ ခေမာပဲ ပြန်ကျတာပဲလေ၊ မဟုတ်လား”

“အဲ, ဟုတ်ပါပြီ. . ရှုပ်တော့ ရှုပ်သားနော်. . ဒါဆို ဆရာ ရှင်းပါပြီ တနင်္လာ အညွန့်မှာရှိချိန်က ဂဗ္ဘေပေါ့”

“ရာနှုန်းပြည့် မမှန်ဘူး၊ ၂လာ်ကို ရန်နှစ်ချက် ညှပ်ထားတယ်၊ သူရဋ္ဌအခါကြီးဆိုတာလဲ သတိပြု၊ နံတော်စဉ်ကိန်းအရလဲမမေ့နဲ့၊ အင်မတန်ကို သတိဝီရိယ ကောင်းကောင်းနဲ့ ဘက်စုံသတိမလစ်မှ ဂဗ္ဘေ ဖြစ်မှာ၊ သတိဝီရိယ မကောင်း၍ သတိလစ်ဟင်းရင် ၂လာ် ညှပ်နေသဖြင့် အိမ်ထောင်ရေး ရှုပ်ထွေးမှုတွေ ဖြစ်လာပြီး စီးပွားရေး ခိုင်မြဲမှုမှာ ခေမာ ပြန်ဖြစ်သွားနိုင်တယ်”

“ဗျာ, သတိထားစရာတွေ တယ်များပါလား”

“ဦးလေး၊ ဒါဆို စနေအခါကြီးကျရင် သာစည်ကြိုး ဖောက်ထိုးကြီးပါလား” ဟု မောင်ကျော်မြင့်ထွန်းက စဉ်းစားပြီး ပြောလိုက်၏။

မောင်ကျော်မြင့်ထွန်းက ကျွန်ုပ်အား ဦးလေးဟု အမြဲခေါ်၏၊ နှုတ်ကျိုးနေ၏။

“အေး, ဟုတ်တာပေါ့ ဒီအခါကျတော့ စနေသဘောဟာ ဓာတ်ပြင်းမယ်၊ စနေဟာ အလိုအလျောက် ပြင်းထန်ရတဲ့ ကြားထဲမှာ နည်းနည်းကလေး ခြေလှမ်းမှားတာနဲ့ ကွေးသွားမှာပဲ၊ အဲဒီအခါမှာလဲ ခေမာပါပဲ”

“ဒါပေမယ့် ကာယကံရှင်ဟာ အဲဒီအခါမျိုးမှာ နဝင်းဆိုတဲ့ ပဉ္စပွတ်၊ ပြီးတော့ အညွန့်၊ ပြီးတော့ ဆပွတ်တွေမှာ ရှိနေရင် နည်းနည်းခံသာမယ်၊ ဒါတောင် သူတို့ရဲ့ စိတ်ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

တွေအားလုံးဟာ အောက်မှာခိုနေကြတယ်၊ ဥပမာကွာ စနေ အခါဆိုပါတော့. .

နဝင်းက ဗုဒ္ဓဟူးသားဖြစ်ရင် သူ့စုတ်ဂြိုဟ်ဟာ တြိရန်း၊ ပြီးတော့ သူ့စုတ်ဂြိုဟ်တနင်္လာဟာ သူ့နဲ့အပြင်မိတ်၊ အဲဒါလဲ သတိထားရမယ်၊ အညွန့်က တနင်္ဂနွေသားဖြစ်ရင် သူ့စုတ်ဂြိုဟ်က အဓိုက်၊ နောက်ပြီးတော့ (၁-၆) ဥဿာ အိမ်ထောင်ရေးကိစ္စကြီးဆိုတာ မမေ့နဲ့၊ ဆပွတ်က ၅တေးသား ဖြစ်ရင် သူ့စုတ်ဂြိုဟ်ဟာ စတုရန်းခို၊ သူနဲ့ စတုရန်း ၃ဂီဟာ (၃-၅) စိန်ပန်း အိမ်ထောင်ရေးဂြိုဟ်ဆိုတာ မမေ့နဲ့၊ အဲဒီအခါမှာ ၄ဟူး၊ ၁နွေ၊ ၀ စနေ တို့ဟာ သတိကြီးစွာ ထားရမယ်"

"ဒါဆို ဦးလေး၊ တိုင်ရဲ့ အနိဋ္ဌ ၃လုံး၊ သုံးနေရာမှာရှိတဲ့ နေ့နံသားတွေအတွက် ဆိုရင်ကောဗျာ"

"မူလကတည်းက အနိဋ္ဌနေရာမှာ ရောက်နေပြီဆိုတော့ ပိုပြီး သတိထားရတာပေါ့၊ အဲဒီအခါမှာလဲ သူတို့ရဲ့ ဆိုင်ရာ တြိရန်းဂြိုဟ်များဟာ ဣဋ္ဌနေရာမှာ ရောက်နေတာကို တစ်ချက်ပြန် စဉ်းစားရမှာနော်၊ ပြီးတော့ မင်းတို့ မမေးပေမယ့် ပြောရရင် အချာဂြိုဟ်ကြီး သူဟာလဲ လှုပ်တုပ်လှုပ်တုပ်နဲ့နော်၊ ဘာများကောင်းတာရှိသေးသလဲ စဉ်းစားနော်"

အားလုံး ထွက်ပေါက်ပိတ်သွားသကဲ့သို့ ဖြစ်နေ၏။ ငြိမ်နေကြ၏။ ဒါကြောင့် ဘုရားအဆုံးအမအရ ဒုက္ခဘုံကြီး မလွဲပေ။

"အားလုံးကို မြင်သာအောင် ပြောရရင် အဲဒါ အခါတိုင်ကြီးကို ခုနစ်ထပ်ရှိတဲ့ အဆောက်အအုံကြီးလို့ သဘောထားလိုက်ပါ၊ သူ့ဟာသူ ဒီအဆောက်အအုံကြီးနဲ့ တူတဲ့ သုံးထပ်ရှိတဲ့ အခါတိုင်ကြီးဟာ အောက် ၃ ခန်း မကောင်း၊ အထက် ၃ ခန်း ကောင်း၊ အလယ်ခန်း သာမန်ဆိုပြီး ရပ်ကွက်တစ်ခုမှာရှိတဲ့ တိုက်ခန်းအဆင့်ဆင့်ရှိတဲ့ အဆောက်အအုံကြီးလိုပေါ့။

အဲဒီအဆောက်အအုံ အထပ်အသီးသီးမှာ ရောက်ချင်တဲ့သူ ရောက်ကြမှာပဲ၊ အဆောက်အအုံကြီးကသာ ထာဝရ၊ နေသူတွေဟာ ဇာက်မ၊ ရောက်ရှိလာတဲ့ ပုဂ္ဂိုလ်ကသာ အစစအရာရာ ဆင်ဆင်ခြင်ခြင်နေရင် ကောင်းပြီ၊ သတိလက်လွတ်ဖြစ်ရင် အထက်ဆုံးအထပ်က လူဟာလဲ အောက်ဆုံးကျနိုင်သလို အောက်ဆုံးထပ်က လူကလဲ အထက်ကို မျှော်မှန်းလို့ရတယ်၊ တိုက်အဆောက်အအုံကြီးကို အငှားထားသလို ဆင်ခြင်လိုက်၊ ဒါ ဟောပြောတဲ့အခါ တစ်ခုအတွက်ကိုပဲ ပြောတာနော်၊ ကာယကံရှင်တစ်ဦးအတွက် တိုင်ကို ပြောတာ မဟုတ်ဘူး။

အဲဒီတော့ အထပ်လိုက်နေကြရတဲ့ ပုဂ္ဂိုလ်တွေဟာ နေတတ်ဖို့လိုတယ်၊ နေထိုင်မှုကို ကြည့်တဲ့အခါ သာစည်၊ ပင်းယကြီး ဇောက်ထိုး မထိသူတွေ၊ အမြင့်အညွန့် မတွန့်တဲ့သူတွေ၊ အတွင်းအာယုကပ် အပြင်အာယုကပ် အနိဋ္ဌက လွတ်တဲ့သူတွေဟာ ဒီတိုက်ကြီးနဲ့ ပန်ရတယ်လို့ပဲ သဘောထားရမှာပဲ၊ ကဲ မောင်ကျော်မြင့်နဲ့ ကျော်မြင့်ထွန်းရေ့ အတောမသတ် ဇာတ်လမ်းရှည်သွားပြီ၊ ဒီလောက်ဆို ဒီကဏ္ဍမှာ ရှင်းကြပြီနော်၊ ကက်ကင်းဆရာ မောင်ကျော်မြင့်ထွန်းကတော့ အသံထွက်လာပြီ၊ ကက်ကင်းဆရာ မောင်ကျော်ကြီးကကော ဘာတွေ စဉ်းစားနေသလဲ"

မောင်ကျော်မြင့်ထွန်းနှင့် မောင်ကျော်ကြီးတို့ နှစ်ယောက်သည် ကက်ကင်းကို ဇောက်ချ၍ လေ့လာနေကြသူဖြစ်၍ တင်စားခေါ်လိုက်ခြင်း ဖြစ်၏။ မောင်ကျော်ကြီးက မေးမြန်းမယ့်အသွင်နှင့် အားယူလိုက်၏။

"ဦးလေး၊ ဘုန်းကြီး ဖြစ်၊မဖြစ် ဇာတာနဲ့ ပတ်သက်ပြီး ဦးလေး ပြည်က ဘကြီး ဦးထွန်းချစ်ကို ရှင်းခဲ့တယ်၊ ကျွန်တော့်ကိုယ် ကျွန်တော်က တွက်ကြည့်တော့ 'ဘင်္ဂဖွား' ဖြစ်နေတယ် ဦးလေးရယ်၊ ဘုန်းကြီးရဟန်း မဖြစ်တာ အသာထား၊ ဘုရားဟောတရားနဲ့တော့ အလှမ်းဝေးသွားမှာ စိုးရိမ်တယ်၊ အဲဒါ ဘယ်လိုများ ပြုပြင်ရင် ကောင်းမလဲလို့ ဦးလေး"

"အဲဒါပြောတာပေါ့၊ မိမိကိုယ် မိမိ ဒီလိုသိထားတော့ ဟောကွက်ထဲမှာပါတဲ့အတိုင်း မကောင်းတာ မဖြစ်ဖို့ ကိုယ်က ကြိုပြီးသိထားတယ်၊ အဲဒီတော့ ကိုယ်က ဆင်ဆင်ခြင်ခြင်နေမယ်၊ မိမိကိုယ်မိမိ ပြုပြင်မယ်၊ အဲဒီတော့ မောင်ကျော်ကြီးမှာ ကောင်းကျိုးလိုရာဆန္ဒတွေ ဖြစ်လာမယ်၊ ဗေဒင်ရဲ့ဟောကွက်အရ ဒီလိုဖြစ်မယ်လို့ သိထားရတော့ ကာယကံရှင်က ရှောင်နိုင်တိမ်းနိုင်၊ ပြုပြင်နိုင်တာပေါ့၊ အဲဒါအမြတ်ပဲ၊ ဗေဒင်က မင်းကို ကောင်းကျိုးပေးလိုက်ပြီ မဟုတ်လား။

ပြောင်းပြန်ပြန်ပြောရရင် 'ကျော်သုံးပါး' ရတဲ့ အမိပတိဖွားကြီးတွေ 'ကျော်သုံးပါး' အဟောနဲ့ မကိုက်ညီဘဲ ဒုက္ခတွေ အနန္တနဲ့ ပျက်စီးနေတာ အနန္တပဲ၊ အဲဒီပုဂ္ဂိုလ်တွေက မိမိကို မိမိသိထားလို့ ပြုပြင်ဆင်ခြင်နေမယ်ဆိုရင် အကောင်းတွေဖြစ်လာရမှာပဲ၊ အဲဒီလို ကောင်းတာ မကောင်းတာ ဖြစ်လာဖို့ကလဲ နိယာမတရားတွေ ရှိတယ်၊ ဗီဇနိယာမ၊ ဇာတိနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဥတုနိယာမဆိုတဲ့ နိယာမတွေကလဲ အကောင်းဘက်လိုက်မှအကောင်းဘက်ဖြစ်မှာ၊ အကောင်းဘက်ကို ရှင်သန်နေတဲ့ နိယာမတရားတွေနဲ့ အကြောင်းတရား ပြည့်စုံသူတွေဟာ ဘယ်လောက်ပဲ အနိဋ္ဌဖွား ဖြစ်ပေမယ့် ကျော်သုံးကျော် အဆင့်မီနေတာ အနန္တပဲ၊ အဲဒီတော့ မင်း ဘယ်လိုဆုံးဖြတ်မလဲ၊ ဗေဒင်ပညာဟာ တကယ့် ပညာရှင်တွေက ထုတ်ဖော်ခဲ့တာ၊ အဲဒီပညာအရ ရှိရင်းစွဲ ပကတိအနေအထားကိုပြောတာ၊ လူတွေဟာ မိမိကိုယ်မိမိ ပြုပြင်တတ်ဖို့ သတိပေးတဲ့ ပညာရပ်လို့ မှတ်လိုက်ပေတော့"

"ဟုတ်ကဲ့ပါ ဦးလေး၊ ဒါဆို ကျွန်တော် ပြုပြင်ဆင်ခြင်နေထိုင်ရင် ရဟန်းမဖြစ်ရင် အသာနေဦး၊ ဘုရားတရားနဲ့တော့ မဝေးဘူးဆိုတာ သိရလို့ ဝမ်းသာလှပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"မောင်သန်းထိုက် အလှည့်ပဲ၊ ဘာတွေမြင်သလဲ ပြောစမ်းဦး"

(လ. ဝ. က)မှ အရာရှိငယ် မောင်သန်းထိုက်သည် အလေးအနက် ထား၍ စဉ်းစားနေ၏။

ပြီးတော့ စကားစလိုက်၏။

"ဒီလို ဦးလေးရဲ့၊ ကိုဘုန်းကြွယ်ဆိုတဲ့ ပြည်ကလူကို နာမည်အပေါ် ဆန်းဂိုဏ်းနဲ့ ပတ်သက်ပြီး ရှင်းခဲ့တယ်၊ အဲဒီမှာ ဆရာတော်ကြီးရဲ့ ဩဝါဒကြားလိုက်ရတော့ အဲဒီကို ကျွန်တော် အာရုံစိုက်လာတယ်"

"ဘယ်လို အာရုံစိုက်လာသလဲကွ"

"ကျွန်တော်က သော့ကြာသားဆိုတော့ 'အမြစ်,အညွန့်တွေ့စေရ' ကျမ်းဝါဒမူအရ ၅ ကြာသပတေး အစ ဝ စနေ အဆုံး ဓာတ်သားကို ရွေးတယ်၊ ပြီးတော့ 'ပိတောက်' ဟူသော ဓာတ်သားကို ကျွန်တော် ဓာတ်ပြုတယ်ပေါ့၊ ဒါပေမယ့် ကျွန်တော့်မှာ သိသိသာသာကြီးဘာမှထူးမလာဘူး၊ ဒါကြောင့် ဒီအတွက် ဆန်းဂိုဏ်းအရ ဘာတွေများ ငြိစွန်းနေသလဲလို့ပါ"

"ဩော်, ဒါလား၊ မင်းနာမည် 'သန်းထိုက်' ကို အသာ ထားလိုက်၊ မင်း ဓာတ်ပြုမယ့် ဓာတ်သားက ပိတောက်၊ ဆန်းဂိုဏ်း ပြည့်အောင် နာမည်သုံးလုံးအတွက် [ပိ+တောက်+တောက်)] ဖြစ်လာရော၊ အဲဒါကို သံတို့,သံရှည် ခွဲကြည့်ရင် (အ-အိ-ဥ) မူအရ (တို+ရှည်+ရှည်) ဖြစ်လာတယ်၊ ကျမ်းအတိုင်းပြောရရင် (ယတိသတ်) မတြာ (၁,၂,၂) လို့ ဖော်ပြထားတယ်၊ ဒါဆိုရင် (ယ) ဂိုဏ်းဖြစ်ပြီ။

(ယ) ဂိုဏ်း ဖြစ်တော့ ဣဋ္ဌဂိုဏ်းဆိုတော့ အခြေအရံ ဆိုခြင်း ပဏာမမှန်ပြီ၊ အကောင်းဂိုဏ်းပေါ့။ ဟုတ်, မဟုတ် ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်လေ၊ အဲဒီတော့ ဒီတင်ရပ်ထားနဲ့ (ယ) ဂိုဏ်းဆိုတော့ နက္ခတ်လုံးရေ (၂၄) လုံး၊ နက္ခတ်လုံးရေ (၂၀) ကျော်လို့ (နောင်ဆိုသည်ကား မြအလား) ထပ်ပေါင်းရမယ်၊ အစဉ်အရ 'အ' သဒ္ဒါမှာကျတယ်၊ 'အ' ဆိုတော့ (၁) ဂဏန်း၊ မူလ (၂၄) လုံးမှာ (၁) ဂဏန်း ပေါင်းတော့ (၂၅) ရတယ်၊ (၇)နဲ့ စားတော့ (၄) ကြွင်းတယ်။ (၄) ကြွင်းတော့ ဘာခေါ်လဲ 'အမြိတ္တစုတ်' ခေါ်တယ်၊ ဟုတ်သားပဲ၊ 'အမြိတ္တစုတ်' ရတော့ 'ပီယ' ချစ်ခင်သူ သူငယ်ချင်းမိတ်ဆွေပေါတယ်လေ။ (ယ) ဂိုဏ်းကလဲ ဖြစ်တော့ အခြေအရံပေါ 'အမြိတ္တစုတ်'လဲဖြစ်တော့ ချစ်ခင်သူပေါ၊ ဒီပိတောက်ဓာတ်ပြုတာ မှန်သားပဲ၊ မင်းက မထူးဘူးဆို၊ ထူးသားပဲ"

"မိတ်ဆွေ အပေါင်းအသင်း အခြေအရံများတာကတော့ ဟုတ်ပါတယ်၊ အပေါင်းအသင်း မိတ်ဆွေများပြီး သူ့တစ်ပြန် ငါတစ်ပြန် ကုန်နေတာပဲ၊ ဒါပေမယ့် မုန်းသူတော့ မရှိဘူး"

"ဟဲ့, မောင်သန်းထိုက်ရဲ့၊ ဒီပိတောက် အစီအရင်နဲ့ ဓာတ်ပြုတာ ဘယ်အကျိုးကိုလိုလို့ စီရင်တာလဲ၊ စုတ်ကောင်းလေးပါးဟာ အကျိုးလေးပါးအတွက် ဖြစ်တယ်၊ ဘာကို ရည်မှန်းသလဲ"

"အင်း. . . ဥစ္စာ စီးပွား လာဘ်လာဘ အတွက်ပေါ့ ဦးလေးရဲ့"

"ဒါဆို လာဘ် အဝင်နည်းလို့ ပြောနေတာလား မှတ်ထား၊ ကျမ်းအရ အမြိတ္တစုတ် ပီယကိစ္စ၊ လာဘစုတ် ဓန ကိစ္စ၊ သိဒ္ဓိစုတ် ကာယကိစ္စ၊ ဝရစုတ် အာယုဝဍ္ဎနကိစ္စ တဲ့ကွ မှတ်ထား"

"ဒါဆို ကျွန်တော် လိုချင်တာ ဓန(လာဘ)၊ ဖြစ်လာတာက (ပီယ) ဖြစ်နေပြီ၊ ဒါဆို ဓာတ်သားအတွဲကလဲ ခပ်ရှားရှား၊ အမြစ်, အညွန့်နဲ့ စီရင်လို့ မလွယ်တော့ဘူးနော်"

"အမြစ်,အညွန့် ဓာတ်တွဲထဲကပဲ (ရှည်+တို+တို) အသံ (၂,၁,၁) မတြာရတဲ့ 'ပန်းနု' ဆိုတဲ့ ပရဆေး (ကုယ်ဆေး)ပဲ မင်း မှီရတော့မယ်၊ 'ပန်းနု' ဆို (၅)ကြွင်း လာဘစုတ်ရတယ်၊ (ဘ)ဂိုဏ်းဖြစ်လို့ တည်ငြိမ်အကျိုးရှိတယ်၊ ဒါပဲ ငါ တွေးလို့ရတယ်ဟုတ်လား၊ ဒါမှမဟုတ် တခြားနည်း စဉ်းစားကြည့်လေ"

"မလွယ်လှပါလား ဦးလေးရယ်"

"ဒါကြောင့် ပြောတာပေါ့ကွာ၊ ဒါဟာ ဝိဇ္ဇာမယ အတတ်နော်၊ အမြစ်, အညွန့်နဲ့ ကျိုးကြောင်း မညီညွတ်ရင် သာစည်ပင်းယနဲ့ ချိန်၊ ဒါမှ မညီညွတ်သေးဘူးဆိုရင် ဤ, စတုနဲ့ယှဉ်၊ ဒါတွေဟာ အန္တရာယ်ဖြစ်နိုင်တယ် ထင်ရင် မိတ်(၃)ပါးနဲ့ ချိန်၊ လွယ်လွယ်ကလေးနဲ့တော့ အဖြေမထွက်ဘူး၊ အချိန်ယူ စဉ်းစားမှဖြစ်မှာ၊ ပြီးပြီးရော မဖြစ်စေချင်လို့ ပြောတာပါ။ ဒါပေမယ့် ဆန်းဂိုဏ်းနဲ့ မညီသော်လဲ လွယ်လင့်တကူ လုပ်လိုက်ရတာတွေလဲ ရှိသေးတယ်၊ တစ်ပုံကြီးပါပဲ၊ အောင်တော့ အောင်တာပါပဲ၊ သို့သော် ကိုယ်ရေးကိုယ်တာ တကယ် ထက်ထက်မြက်မြက် ဖြစ်စေချင်ရင်တော့ အဆင့်ဆင့် ဆန်ခါနဲ့ စစ်သလို ကျဉ်းကျဉ်းယူရတာပါပဲ၊ ဉာဏ်စေစားတဲ့ အလုပ်ကွယ့်"

"ဦးလေး,ကျွန်တော် မသိလို့မေးရဦးမယ်၊ ဟို ပယောဂကောင်မလေးကိစ္စ ဦးလေးက အလေးထားပုံမရဘူး၊ ဦးလေး ဝါသနာမပါလို့လား"

မောင်ကျော်မြင့်ထွန်းက မေးလိုက်၏။

"ဒါတွေ ထားပါကွာ၊ တို့လိုင်း မဟုတ်ဘူး၊ ပရလောကဆိုတာ ရှိတယ်ဆိုတာ ဘုရားဟော ပရိတ်တော်တွေကိုသိထားရင် လုံလောက်ပြီ၊ ဒီကိစ္စ မင်းစိတ်ဝင်စားဖို့ မသင့်ဘူး၊ ငါလဲ အပိုင်မပြောနိုင်ဘူး"


"ဒါဆိုရင် ဆက်မေးပါဦးမယ်၊ ကိုစံနိုင်တို့ အိမ်ကို နမယ်ကပြန်အရောက် စနေနေ့ ညနေပိုင်း သောရီအခါလောက်မှာပဲ ဦးလေးရေချိုးရင်း 'မဟုတ်တရုတ်' အရုပ်တွေ့တယ်၊ ဒီအရုပ်တွေ့တဲ့ အချိန်မှာ အခါအလိုက် သုံးတန်ပေါ် နိစ်တွင် (၆, ဝ, ၁) ဖြစ်နေတယ်။






www.burmeseclassic.com

(၀,၃) , (၃,၀) နိစ်ပြကြိုး မိ www.burmeseclassic.com
(၅-၄) အတွဲလိုက်မိနေတယ်"




**(သောရီတိုင်)** **(သောရီအခါ သုံးတန်ပေါ်နိစ်)**

"ကိုစံနိုင် (၃-၀) နိစ်ပြ တည့်တည့်မိနေရာ ကိုစံနိုင်ရဲ့ (၃-၅)စိန်ပန်း ကြာသပတေး(၅)ကို (၄)ဟူး ပူးယှဉ်သဖြင့် ၄ဟူးဟာလဲ ကပ်ဂြိုဟ်လဲဖြစ်၊ ကိုစံနိုင်နဲ့လဲ စရေ (၃-၄)ဖြစ်၊ တန်းကပ်မှာပဲ ခိုနေခြင်းကြောင့် . . .

ကိုစံနိုင်၏အိမ်ထောင်ရေးနဲ့ ကျန်းမာရေးကို ချိန်ထားတာပဲနော်၊ အဲဒီအခါရဲ့ ဂြိုဟ်များ ဖွဲ့စည်းတည်ဆောက်ပုံဟာ ကြောက်စရာကြီးနော်၊ အခါတိုင်မှာလဲ ကိုစံနိုင် အင်္ဂါသားရဲ့ အပြင်မိတ်(၃-၆) ကြီးဟာလဲ ကျိုးနေတာနော်"

*"ဟုတ်တာပေါ့၊ ဒါကြောင့် တန်းကပ်မှာ တွေ့တဲ့ (၅-၄) အတွဲကို (ပျဉ်လဲ) လိုက်လို့ ပြောလိုက်တာပါပဲ"*

"ဟာ, ဆန်းအတွေးအခေါ်နဲ့ ယှဉ်လိုက်တာကိုး"

"အေး, ဟုတ်တာပေါ့"

"နောက် တစ်ခု မေးရဦးမယ်၊ ကျွန်တော် တွေးတာနော်၊ တွေ့ရှိရတဲ့ 'အရုပ်' ဟာ အရုပ်သက်သက်သာဖြစ်ပြီး 'စာ'လေးလုံးမပါရင် ဒီလောက်ဆိုးမှာ မဟုတ်ဘူးနော်၊ ဘာကြောင့်ဆိုတော့ အရုပ်ကလဲ အနိဋ္ဌ၊ ခြေနင်းနေရာကလဲ အနိဋ္ဌဆိုတော့ (အနိဋ္ဌ + အနိဋ္ဌ = ဣဋ္ဌ) များ ဖြစ်မလားလို့ ဆရာ"

"အေးပေါ့လေ၊ အရုပ်သက်သက်ဆိုပေမယ့် အရိုးနှစ်ချောင်း ကြက်ခြေခတ်က မကောင်းတဲ့နိမိတ်အဖြစ် အဓိပ္ပာယ်ဖြစ်သွားတတ်တာပေါ့၊ ဒါကြောင့် ဦးလေး အယူအဆကို ပြောပြချင်တယ်၊ အယူသီးတာပဲ မြင်မြင် ဦးလေးကတော့ ဂရုစိုက်တယ်၊ သတင်းစာစက္ကူကို ရေအိမ် အိမ်သာသုံးစက္ကူ လုပ်တာတို့တွေ့ရင် ဦးလေး အလွန်စိတ်ဆိုးတယ်၊ ဘာကြောင့်လဲဆိုတော့ သတင်းစာဆိုတာ တို့စာ၊ မြန်မာစာတွေ အဲဒီမှာ တစ်ခါတစ်ခါ စေတီပုံထိုး၊ ဘုရား၊ ဘုန်းကြီးနဲ့ သာသနာ အဆောက်အအုံပုံတွေ ပါတတ်တယ်။


နိုင်ငံအကြီးအကဲများရဲ့ သတင်းများနဲ့ ဓာတ်ပုံများ အမြဲပါတယ်၊ မင်းတို့စဉ်းစားကြည့်၊ မင်းတို့ သတိထား၊ ပေါ့ပေါ့တန်တန် မတွေးနဲ့၊ ဆိုပါတော့ မင်းတို့ မိဘရဲ့ဓာတ်ပုံ၊ သူတို့ ...တဲ့စာ တစ်ခုခုဆိုရင် လုပ်ကြမလား၊ ဘယ်လုပ်မလဲ၊ မင်းတို့ ငယ်သူတွေကို ဆင်ခြင်ဖို့ ဆုံးမတာပါ၊ မင်းတို့က တစ်ဆင့် ငယ်သူတွေကိုလဲ ဆုံးမကြပါ၊ မလိုက်နာနိုင်ကြသူများ ဘုန်းကွယ်တတ်တယ်၊ မင်းတို့ မေးတဲ့ အခန်းပြီးပြီ၊ မင်းတို့ကို ဦးလေး ပြောချင်တာ ပြောရဦးမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

"အဲ, ဟုတ်ပြီ၊ မောင်ကျော်မြင့်ထွန်းမေးတဲ့ ပုစ္ဆာထဲက မောင်ကျော်မြင့်ထွန်းမေးဖို့ ကျန်သွားတာ တစ်ခုရှိတယ်၊ မောင်ကျော်မြင့်ထွန်း သုံးသပ်တဲ့ အခါတိုင်ကလေး မင်းတို့အကျင့်ရအောင် စိတ်ထဲက ထူလိုက်၊ ထူပြီးပြီလား"

"ဟုတ်ကဲ့ ထူပြီးပါပြီ၊ သောရီအခါတိုင်ပါ"

"အေး, ဆရာ သတိမမေ့ပုံကို ပြောပြမယ်၊ အဲဒီမှာကြည့် . . သောရီအခါ ဆိုတော့ ဗုဒ္ဓဟူးဆိုတဲ့ မောင်စံနိုင်ကို စနေက စီးမထားဘူးလား၊ စနေ စီးထားရင် ကျမ်းရင်းက မူရင်းအတိုင်း 'ပကိဏ္ဏက' တစ်တိုင်တည်းနဲ့ ဟောပုံနည်းစနစ်အရ . . .




**(သောရီတိုင်)**

*ပကိဏ္ဏက* ဟောချက်အတွက်၊ လူနာဆိုရင် စုန်းပယောဂ၊ နတ်ပယောဂလို့ ဆိုမထားဘူးလား၊ ဒါပေမယ့် ကိုစံနိုင်က လူနာ မဟုတ်ဘူး၊ လူကောင်း၊ ဒါကြောင့် အဲဒီ စီးထားတဲ့ စနေကို စုန်းပယောဂ၊ နတ်ပယောဂလို့ မယူဘဲ အညံ့ပစ္စည်း၊ စွန့်ပစ်ပစ္စည်း၊ အညစ်အကြေးလို့ ဆရာက ယူဆလိုက်တယ်၊ ဒါကြောင့်မို့ ဆရာတွေ့တဲ့ 'အရုပ်'ဟာ ကိုစံနိုင်ကို ဆိုးကျိုးပေးနိုင်တယ်လို့ ခိုင်ခိုင်မာမာ ယူဆလိုက်တာပါပဲ။

ဒါပေမယ့် အဲဒီ ပကိဏ္ဏက ဟောခန်းထဲမှာ ဒီပစ္စည်း ဘယ်မှာ ရှိသလဲဆိုတော့ ကျမ်းဝါဒအရ 'တြိရန်း'ခေါ်တဲ့ တနင်္လာ အရှေ့အရပ်ကိုပဲ ညွှန်းတယ်၊ ဒါပေမယ့် အရှေ့အရပ်က မဖြစ်နိုင်တော့ဘူး၊ တနင်္လာကို တိုက်ရိုက်ယူတော့ 'ကြမ်း. . ကြမ်းပြင်'လို့ အဓိပ္ပာယ်ဆွဲယူလိုက်တယ်၊ ဒါဆိုတော့ ကြမ်းပြင် အနိမ့်နေရာမှာရှိနေတဲ့ ဒီမိစ္ဆာရုပ်ကိုပဲ ညွှန်းမနေဘူးလား၊ ဒါကြောင့် ပိုင်ပိုင်နိုင်နိုင် ပြောလိုက်နိုင်တာပါပဲ။

(ဆက်ရန်)

❒ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ဆရာ်ဗေဒ ၊ ဝါစတုဿုတ္တရ ၊ တရုတ်ဝေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျွမ်းကျင်သူ

ဟောခန်း(ရုံးခန်း)နှင့် မြန်မာ့ရေးလိပ်စာ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားစျေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၂၄၀

နေအိမ် — ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉း၀၀)နာရီမှ ညနေ (၄း၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ [ ၇၉၂ ] မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com




ဂျိတ္တောရွာဘက်ဆီမှ ပုလဲကျွန်းဆီသို့ ဦးတည် ခုတ်မောင်းလာနေသည့် မော်တော်စက်လှေသံက နီးသထက် နီးလာနေသည်။

စက်လှေစက်သံ တဘုတ်ဘုတ်က အချက်ကျကျ ထွက်ပေါ်နေရင်း ပုလဲကျွန်းဂျက်တီဆီသို့ ဦးတည်လာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကလာသည့် စက်လှေများပါလိမ့်ဟု ကိုသိန်းဦးက တွေးဆ နေမိသည်။ မုတ်တန်းနှင့် ဂျက်တီမှာ အတန်ကွာဝေးသည်မို့ လူလုံး မသဲမကွဲလှပေ။ ပင်လယ်ရေအောက်မှ ဖော်ယူစစ်ဆေးနေသည့် ပုလဲဝတ်ဆံသွင်း မုတ်ကောင်ခြင်းများကို ရပ်ထားလိုက်ကာ စက်လှေကို စူးစမ်းလိုက်သည်။

တစ်မြန်နေ့က မော်ရုံဘက်သို့ မုတ်ကောင်ငုပ်ရန် ရေစခန်းထွက်သွားသည့် ပုလဲဌာနပိုင် ပုလဲမောင် မော်တော်မဟုတ်သည်ကို အတပ်သိလိုက်သည်။ မော်တော်ဘုတ်မှာ တဖြည်းဖြည်း နီးကပ်လာသဖြင့် ကျော့ပိုက်စက်လှေဖြစ်မှန်း သိသာလာလေသည်။ လှေပေါ်တွင် စက်မောင်းတစ်ဦးနှင့် ဦးဘက်မှ လူတစ်ဦးပါလာသည်။ သူတို့က စက်ကိုသတ်၍ ပုလဲဖောင်ဆိပ်သို့ မှေးကပ်လိုက်သည်။ ဦးမှ လူက ဖောင်ပေါ်သို့ လှမ်းခုန် တက်လိုက်ကာ . . .

"ဗျို့ ကိုသိန်းလွင် ကိုသိန်းလွင် ကိုသိန်းလွင် ရှိလားဗျို့"

"ကိုသိန်းလွင်တို့ မရှိဘူးဗျ၊ မော်ရုံဘက်ကို ခရီးထွက်သွားတယ်"

"အစ်ကိုက ကိုသိန်းဦးလားဗျို့"

"ဟုတ်တယ်ဗျ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့ ကျော့ပိုက်ကျောက်ငြိနေတယ်၊ အဲဒါ ရေငုပ်သမားခေါ်ချင်လို့"

"ရေငုပ်ဝန်ထမ်းတွေ ရေငုပ်ထွက်နေကြတယ်၊ ကျွန်တော်ပဲ ကျန်နေခဲ့တာ"

"ကျော့ပိုက်က ရေအနက်ဆုံး ရေအောက် ကျောက်ကျွန်းမှာ ငြိနေတော့ ရေငုပ်ပြီး ဆင်းမဖြုတ်ရင် မရနိုင်ဘူး၊ ရေက နက်လွန်းလို့ သာမန်လူ ငုပ်နိုင်ဖို့ မလွယ်ဘူးဗျ၊ အဲဒါဖြစ်နိုင်ရင် ကိုသိန်းဦးက လိုက်ငုပ်ပေးပါလား"

"အင်း ဒီမှာက မုတ်တန်းတွေ ပြန်ဖော်စစ်ဆေးနေရတာ ကျွန်တော်နဲ့ ကိုမျိုးအောင်တို့ပဲ ကျန်ခဲ့ကြတာ၊ ဒါလဲပဲ ကျွန်တော် မန်နေဂျာ ဗိုလ်ကြီးကို သတင်းပို့ပြီး အဆင်ပြေရင် လိုက်ပေးပါ့မယ်"

ကိုသိန်းဦးက မုတ်တန်းဖော်ခြင်းကိစ္စကို ကိုမျိုးအောင်နှင့် ကိုလှမြင့်တို့ထံ လွှဲအပ်၍ ဌာနရုံးခန်းသို့ ပြန်သွားကာ လုံးသာကျွေ့ရှိ နတ်မော်တောင်ခြေပုလဲစခန်းမှ ပုလဲဌာနမန်နေဂျာဗိုလ်ကြီးသို့ လှမ်း၍ စက်ဖြင့် သတင်းပို့လိုက်သည်။ ဗိုလ်ကြီးထံမှ ခွင့်ပြုချက်ရသဖြင့် မွေးမြူရေးဌာနစိတ်သို့ ပြန်လာကာ နောက်ပိုး အောက်ဆီဂျင်ဘူးများကို စစ်ဆေးလိုက်သည်။ နောက်ပိုး အောက်ဆီဂျင်ဘူးများက အရေးပေါ် ရေငုပ်ကိစ္စများတွင် သုံးစွဲနိုင်ရန် ထားရှိခြင်း ဖြစ်သည်။ ယခင်က ကျော့ပိုက် ကျောက်ငြိလျှင် ပုလဲမောင်နှင့်သွား၍ ရေငုပ်ဝတ်စုံဖြင့် သို့မဟုတ် လေပိုက်တပ် (Mask)ရေငုပ်မျက်မှန်များဖြင့် ငုပ်ပေးလေ့ရှိသည်။ ယခုမူ ပုလဲမောင်က မုတ်ကောင်ငုပ်ရန် ထွက်သွားသဖြင့် ကိုသိန်းဦးမှာ ကြံရာမရဘဲ အရံလေရှူဘူးဖြင့် အသုံးပြု ရေငုတ်ပေးရန် လေဘူးများကို စစ်ဆေးနေခြင်းဖြစ်သည်။

❖

ကိုသိန်းဦးတို့ မြိတ်ကျွန်းစု ပုလဲကျွန်းတွင် ရေငုပ်ဝန်ထမ်းဘဝဖြင့် နှစ်အတော်ကြာကြာတာဝန်ထမ်းခဲ့ရသည်။ ပုလဲဌာန ရေငုပ်ဝန်ထမ်းဘဝကို အတွေ့အကြုံ ရင့်ကျက်ပြီးသား အတွေ့အကြုံရှိပြီးသားဖြစ်သည်။ လုပ်သက်ကလေး ရလာတော့မှ ရေငုပ်ခေါင်းဆောင်သို့ ရာထူးတိုးခဲ့သည်။ ရေအောက်လောက ရေအောက်ကမ္ဘာတွင် ရေငုပ်သက် ကာလကြာရှည်ခဲ့ပြီဖြစ်သည်။ ရေတိမ် ရေနက် အမျိုးမျိုးတွင် ကျင်လည်စွာ ငုပ်ခဲ့ဖူးပြီဖြစ်သည်။ အန္တရာယ်အမျိုးမျိုးနှင့်လည်း ကြုံတွေ့ဖူးခဲ့ပြီ ဖြစ်သည်။ ကိုယ်တိုင်ရေနာကျဖူးသလို ရေနာကျသည့် တပည့်များကိုလည်း ကုသကယ်ဆယ်ပေးခဲ့ဖူးသည်။ ပင်လယ်ရေပြင်အောက်တွင် ရေအနက်ပေများလေလေ ရေဖိအားက များလေလေ ဖြစ်သည်။ ထိုအခါ လူ၏ ခန္ဓာကိုယ်က ရေဖိအားဒဏ်ကို ခံစားရသည်။ ရေပိုနက်လေလေ ရေဖိအား ပိုများလေလေ ဖြစ်သည်။

သူတို့ ရေငုပ်ဝန်ထမ်းများက ပုလဲဝတ်ဆံသွင်း မွေးမြူရန် သုံးလက်မအထက်ရှိသော မုတ်ကောင်အရွယ်အစားအမျိုးမျိုးကို ရေအောက်ကျောက်ဆောင်ကြီးများကြားတွင် စွန့်စားရှာဖွေကြရသည်။ ဌာနပိုင် မုတ်ကောင်ငုပ်စက်လှေနှင့် အဖွဲ့လိုက်ရေငုပ်ထွက်ကြရသည်။ စက်လှေတစ်စင်းလျှင် ပဲ့နင်းတစ်ဦး၊ စက်ဆရာတစ်ဦး၊ ကွန်ပရက်ဆာ လေဘားထိန်းသူ တစ်ဦး၊ ရေငုပ်အဖွဲ့ဝင်များနှင့်ရေငုပ်အဖွဲ့ခေါင်းဆောင်တစ်ဦးစသည်ဖြင့် ရှိလေသည်။

ရေငုပ်ခေါင်းဆောင်က ရေပိုနက်သည့် ပင်လယ်ပြင်များတွင် ကြေးခေါင်းစွပ် ရေငုပ်ဝတ်စုံကို စနစ်တကျစစ်ဆေး၍ တစ်ကြိမ်လျှင် နှစ်ဦးကျ ရေအောက်သို့ ငုပ်စေ၍ မုတ်ကောင်ရှာဖွေစေရသည်။ ရေအောက်ငုပ်သူတွင် အန္တရာယ်ရှိခြင်း၊ အောက်ဆီဂျင်မရခြင်းတို့ရှိပါက အချက်ပေး ဆက်သွယ်နိုင်ရန် ခါးကြိုးခေါ် အချက်ပေးကြိုးကို ဂရုစိုက်၍ အပေါ်မှ ရေငုပ်ခေါင်းဆောင်က သတိပြုနေရသည်။

ကြေးခေါင်းစွပ် လေရှူရေငုပ်ဝတ်စုံမှာ ရေဖိအားဒဏ်ကို ကာကွယ်နိုင်ရန် ခန္ဓာကိုယ်နှင့် ရေငုပ်ဝတ်စုံအကြားလေပေးသွင်းထားရလေသည်။

ရေငုပ်သည့် နာရီပိုင်းပြည့်သွားခြင်း၊ လေပေးစက် ချွတ်ယွင်းခြင်းတို့ကြောင့် လှေပေါ်မှ ရေငုပ်ခေါင်းဆောင်က ခါးကြိုးကို လှုပ်ခါ၍ ရေအောက် ရေငုပ်သမားကို အချက်ပေးခေါ်ယူနိုင်သလို ရေအောက်တွင် ငုပ်နေသူကလည်း အန္တရာယ် ကြုံတွေ့လာခြင်း၊ လေရှူပိုက် ငြိနေခြင်း၊ ကြေးခေါင်းအတွင်း လေပြတ်သွားခြင်းတို့အတွက် ရေအောက်မှ ခါးကြိုးလှုပ်ကာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ရေအောက်မှဆွဲယူရန် အချက်ပေးရလေသည်။ သို့သော် ရေပေါ်သို့ ရောက်ရောက်ချင်း ရေငုပ်ဝတ်စုံကို ချွတ်၍ ရေထဲတွင် မိနစ်အနည်းငယ် ရေစိမ်နေပြီးမှ လှေပေါ်သို့ တက်ကြရသည်။ ရေဖိအားကြောင့် ခန္ဓာကိုယ်ထဲမှ သွေးဖိအား လေဖိအားများ ပုံမှန်ပြန်ဖြစ်စေရန် ဖြစ်သည်။ ရေအောက်တွင် ရေဖိအား အပြောင်းအလဲကြောင့် ရေနာကျသည်ဟု ဖြစ်တတ်လေသည်။

ရေနာကျသူများကို ရေငုပ်ခေါင်းဆောင်က ရေထဲတွင် အတော်ကြာကြာ ရေစိမ်ကုသပေးပြီးမှ ပုံမှန်အနေအထားသို့ ရောက်သည့်အခါမှသာ လှေပေါ်သို့တက်ကာ အနားယူစေလေသည်။

ရေအောက်သို့ ကြေးခေါင်းစွပ် ရေငုပ်ဝတ်စုံနှင့် ရေငုပ်ဆင်းသူမှာ ရေငုပ်ဝတ်စုံဝတ်ဆင်၍ လက်နှစ်ဖက်ကို ဘေးသို့ ကပ်ထားပါက ခဲဆွဲထားသည့် ရေအောက်သုံးဖိနပ်ကြောင့် ရေအောက်သို့ သက်ဆင်းသွားလေသည်။ ရေငုပ်ဝတ်စုံလက်ကို ဘေးသို့ ဆန့်တန်းလိုက်ပါက ရေပေါ်သို့ အလိုလိုပေါ်တက်လာလေသည်။ မုတ်ကောင်ရှာဖွေသူသည် ရေအောက်တွင် ခလုတ်တိုက်ခြင်း၊ လဲကျခြင်း မရှိရပေ။ ထိုသို့ ဖြစ်မိပါက ရေနာကျလေတော့သည်။ တချို့ ရေနာကျသူများမှာ လေဖြတ်သူကဲ့သို့ ဖြစ်ကာ ပြင်းစွာ ခံစားရလေသည်။ ရေတိမ်ဒေသများတွင်မူ လေပေးမျက်နှာဖုံးတပ် ရေငုပ်မျက်မှန်များဖြင့် ရေကူး ဘဲခြေထောက်ကို အသုံးပြုကာ မုတ်ကောင်များကို ရှာဖွေရလေသည်။ အရေးပေါ်ကိစ္စများတွင် ကျောပိုး အောက်ဆီဂျင်ဘူးကို သုံး၍ လေရှူမျက်မှန်ကို အသုံးပြုကာ ဘဲခြေထောက်ဖြင့် ရေငုပ်နိုင်ကြသည်။ အရေးပေါ် အသက်ကယ်ကိစ္စများတွင် ကျောပိုးအောက်ဆီဂျင်ဘူးကို သုံးလေ့ရှိကြသည်။

❖

မြိတ်ကျွန်းစုဒေသထွက် မြန်မာ့မွေးပုလဲများသည် ကမ္ဘာ့ကျောက်မျက်ရတနာဈေးကွက်တွင် ဈေးကောင်းရ မျက်နှာပန်းလှ တန်ဖိုးရှိလေသည်။ နှစ်စဉ်သတ္တုတွင်းဝန်ကြီးဌာနမှ ကျင်းပ ပြုလုပ်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ပုလဲရတနာ ပုလဲလုံးများ၊ ပုလဲကုံးများသည် နိုင်ငံခြားသားများကို ဆွဲဆောင်မှုရှိလှသည်။ မြန်မာ့မွေးပုလဲများကို နိုင်ငံခြားသားတို့က အထူးနှစ်သက်ကာ တန်ဖိုးထားမြတ်နိုးကြသည်။

ပေလီကမ်းခြေ ဟိုတယ်များ ရောက်သည့် ကမ္ဘာတစ်ဝန်းမှ ဧည့်သည်တော်များသည်အမှတ်တရလက်ဆောင် ပစ္စည်းဆိုင်များတွင် ပုလဲများနှင့် ကမာခွံဖြင့် ပြုလုပ်ထားသည့် လက်ဆောင်ပစ္စည်းအမျိုးမျိုးကို အထူးနှစ်သက်စွာ ဝယ်ယူအားပေးလေ့ရှိကြသည်။ ကမ်းခြေတစ်လျှောက် ပုလဲရောင်းသည့် ဈေးသည်များမှာလည်း ဝင်ငွေကောင်းကောင်း မြတ်စွန်းကြသည်။

ပုလဲရတနာသည် ပင်လယ်ပျော် ရေငုပ်သမားများ၏ အမှတ်မထင်တွေ့ရှိမှုကြောင့် မုတ်ကောင်အခွံတွင်းမှ ရရှိလာလေသည်။ ပင်လယ်ကမ်းခြေဒေသသားတို့က စားသုံးရန်အလို့ငှာ ရေအောက်သတ္တဝါကောင်များ ဖြစ်သည့် ကနုကမာ၊ မုတ်ကောင်၊ ယောက်သွား၊ ပင်လယ်ခုံးကောင်နှင့် ခုံးပုဆိန်တို့ကို ငုပ်ယူစားသုံးကြရာမှ အမှတ်မထင် ဘဲနှင့် ပုလဲလုံးများကို တွေ့ရှိခဲ့ရသည်။ ကနုကမာကောင်မှရသည့် ပုလဲ၊ မုတ်ကောင်မှရသည့် ပုလဲ၊ ယောက်သွားကောင်မှရသည့် ပုလဲ၊ ကျားလက်သဲကောင်မှရသည့် ပုလဲ၊ ခုံးကောင်မှရသည့် ပုလဲ စသည်ဖြင့် အမြုတေပုလဲ အမျိုးမျိုးရှိလေသည်။

မုတ်ကောင် အပါအဝင် ခုံးအနွယ်ဝင်ကောင်တို့သည် ပင်လယ်လှေးကောင်နှင့် ရေမှုန်ရေမွှားကလေးများကို စားသုံးရန် အခွံနှစ်ခြမ်းကို ဒီရေအတက်အကျအလိုက် ဟထားလေ့ရှိသည်။ ထိုအခါ သဲမှုန် ကျောက်စ ကဲ့သို့သော အမှုန်အမွှားများက မုတ်ကောင်အတွင်း ဝင်သွားကာ မုတ်ကောင်မှာ အခံစားရခက်လေသည်။ ထို့ကြောင့် ထိုအရာများပေါ်သို့ မုတ်ကောင်၏ အတွင်းသားအရည်ကို ထုတ်လွှတ်၍ ဖုံးလွှမ်းကြသည်။ နှစ်များစွာကြာသည့်အခါ အရွယ်အစားအမျိုးမျိုးရှိသည့် ပုလဲလုံးလေးများ ဖြစ်ပေါ်လာကြလေသည်။ မုတ်ကောင်အတွင်းသား ရွှေရောင်ရှိပါက ရွှေရောင်ပုလဲ၊ ငွေရောင်ရှိပါက ငွေရောင်ပုလဲ၊ အနက်ရောင်အတွင်းသားရှိသည့် ပင်လယ်ခရု နှင့် ခုံးကောင်များမှ အနက်ရောင်ပုလဲများ ရရှိတတ်လေသည်။ ရွှေရောင် ငွေရောင်ရောယှက်သည့် မုတ်ကောင်မှ ရွှေဝါရောင်ပုလဲများ ရရှိလေသည်။

ကိုသိန်းဦးတို့ ရေငုပ်ဝန်ထမ်းများက မုတ်ကောင်များကို ရှာဖွေငုပ်ယူပေးရသလို မွေးမြူရေးဌာနစိတ်မှ အဏ္ဏဝါဗေဒပညာရှင် ပုလဲမွေးမှုများက ခေတ်မီကိရိယာနည်းပညာများဖြင့် မုတ်ကောင်အခွံကိုဟ၍ ပုလဲလောင်းဝတ်ဆံစကလေးများကို ခွဲစိတ်ထည့်သွင်းပေးရသည်။ ထို့နောက် ဝတ်ဆံသွင်းပြီးသား မုတ်ကောင်များကို ရေအောက် မုတ်ခြင်းများတွင် ထည့်ကာ ရေအောက်မုတ်တန်းများအတွင်း ချိတ်ဆွဲ၍ မွေးပုလဲရရှိအောင် သုံးနှစ်အကြာ မွေးမြူကြရသည်။

ယခုအခါ မြိတ်ကျွန်းစုတွင် နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်မွေးမြူလျက်ရှိရာ အောင်မြင်သည့် ပုလဲကောင်းများ ရရှိနေပေပြီ။ မွေးပုလဲများကို တရုတ်တို့က စတင်ခဲ့ရာမှ နောင်တွင် ဂျပန်တို့က ပုလဲမွေးမြူခြင်းကို ပိုမိုအောင်မြင်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ဂျပန်တို့က မြန်မာနိုင်ငံတွင် ပုလဲစမ်းသပ်မွေးမြူကြသော်လည်း နည်းပညာကို လျှို့ဝှက်ထား၍ မြန်မာ့ ပုလဲများကို တောင်ပင်လယ်ပုလဲများ





www.burmeseclassic.com

www.burmeseclassic.com

[..]ည့်ဖြားအမည်ပေးကာ ဈေးကွက်တင် [..]ရောင်းချခဲ့ဖူးလေသည်။

❖

ကိုသိန်းဦးတစ်ယောက် ရေငုပ်[..]တ်စုံကို ဝတ်ဆင်၍ အောက်ဆီဂျင်ဘူး[..]တို နောက်ကျောတွင် ပိုးလွယ်၍ လေရှူ[..]နှန်ကာမျက်နှာဖုံးကို တပ်ဆင်လိုက်သည်။ ထို့နောက် ခြေနင်းဖိနပ်ကိုစွပ်၍ [..]ကျော့ပိုက်ငြိနေရာ ရေအောက်သို့ [..]ဆင်းလိုက်သည်။ သူ ဆင်းသာ[..]ဆင်းလာရသည် သူ့လေဘူးတွင် လေ[..]တစ်ဝက်ခန့်သာ ရှိလေသည်။ အသုံး[..]ချည်း၍ လေဘူးများကို လေပေါင်[..]အပြည့် မထည့်ထားမိချေ။ သို့သော် [..]ရေငုပ်ပညာ ဝါရင့်တစ်ယောက် ဖြစ်[..]နေ၍ မိမိကိုယ်ကိုယ် စိတ်ချလက်ချဖြင့် [..]ရေအောက်သို့ ထိုး၍ ငုပ်ဆင်းလိုက်သည်။ ပင်လယ်ရေအောက်ရေက မှန်[..]သားပြင်လို ကြည်လင်နေလေသည်။

ရေအောက်မှ ရေပြင်ပေါ်သို့ ကြည့်လိုက်သည့်အခါနေရောင်စသဖြင့် ငွေရောင် လှိုင်းကြက်ခွပ်ကလေးများသည် အပေါ်ရေမျက်နှာပြင်တွင် ကွန့်မြူးလူးလွန့်နေကြသည်။ ကျောက်ငြိနေသည့် ကျော့ပိုက်ရှိ မနီးမဝေးမှ ငုပ်ဆင်းသွားရာ ရေအနက်က သူ ထင်[..]ထားသည်ထက်ပို၍ နက်နေလေသည်။ တဖြည်းဖြည်းနှင့် ငုပ်ဆင်းသွားရာ ရေငုပ်ဝန်ထမ်း အတွေ့အကြုံအရ ပေတစ်ရာနီးပါးရှိကြောင်း သိလိုက်သည်။ ထို့ကြောင့် ချက်ချင်း ကျော့ပိုက်ကို မဖြုတ်သေးဘဲ ရေပေါ်သို့ ပြန်တက်လိုက်သည်။

"ဟော ကိုသိန်းဦး ပြန်တက်လာပြီ၊ ပိုက်ဖြုတ်ခဲ့ရပြီလား"

"တက်မကိုင်ရေ ခင်ဗျား ခန့်မှန်းသလို ရေက သိပ်မတိမ်ဘူး၊ ပေတစ်ရာနီးပါးရှိတယ်၊ ကျောပိုး လေရှူဘူးထဲမှာ လေပေါင် သိပ်ပြည့်တာ မဟုတ်ဘူး၊ နောက်ဖျား ရေတက်ချိန်က ဖျားကြီးပတ်မို့ ရေက တဖြည်းဖြည်းပိုနက်လာနေမှာ"

"အင်း ဟုတ်တယ်နော် ပိုက်က ကျောက်ပုံမှာ တော်တော်ငြိနေလား"

"ငြိတယ်ဆို တော်တော်ဖြုတ်ယူရမှာ ခက်ခဲပြီး ကြာမယ့်ပုံပဲ၊ နောက်လေဘူးကလဲ စိတ်ချရတာ မဟုတ်ဘူး၊ ကြိုးအပိုတစ်ချောင်းနဲ့ အသက်ကယ်ခါးကြိုးချည်သွားမယ်၊ ရေအောက်က ကျွန်တော် အခက်အခဲရှိလို့ ကြိုးကို ဆွဲတုတ်ပြီး အချက်ပေးရင် ခင်ဗျားတို့ ရေပေါ်ကို ဆွဲတင်ကြ ဟုတ်လား"

"ဟုတ်ကဲ့ စိတ်ချပါ ကိုသိန်းဦး ပိုက်ကိုတော့ အစုတ်အပြဲမများအောင် ဂရုစိုက်ပြီး ဖြုတ်ပေးပါနော်၊ စုတ်ပြတ်ကုန်လို့ကတော့ သိန်းနဲ့ချီ အကုန်အကျခံပြီး ပိုက်သားအသစ်လဲရမှာ မတတ်နိုင်လို့ပါ"

"အေးပါဟ ငါသိပါတယ်၊ ဒီပိုက်ဖာရာမှာသုံးတဲ့ ဓားလေးကို လိုရမယ်ရယူသွားမယ်နော်၊ ဒီတစ်ခါ အပြီး ငုပ်ပြီဟေ့"

ကိုသိန်းဦးတို့ ပုလဲရေငုပ်ဘဝက ကြမ်းတမ်းလွန်းပြီး အသက်အန္တရာယ်အလွန်နီးသည်။

ပုလဲရသည့် မုတ်ကောင်ကလေးများက လူသားတို့အတွက် အခံရခက်သည်။ ပုလဲဝတ်ဆံကလေးများ ဝင်ရောက်နေသည့်အခါ မျက်ရည်ပမာ ကမာရည်များဖြင့် ထိုဝတ်ဆံကလေးကို အကြိမ်ကြိမ် ဖုံးလွှမ်းပေးရသည်မှာ အမော။ နှစ်နှင့်ချီ၍ ကမာရည်များဖြင့် အထပ်ထပ် အကြိမ်ကြိမ် ဖုံးလွှမ်းပေးကြရသည်။

ဒီဆိုတော်မင်းအောင် သီချင်းထဲကလို ပုလဲလုံးလေးတွေဆိုတာ ကမာကောင်လေးတွေရဲ့ မျက်ရည်ဟု စပ်ဆိုကာ မုတ်ကောင်၊ ကမာကောင်တို့ ဘဝကို သီချင်းရေးသား သီဆိုထားလေသည်။ သည်ပုလဲ ရတနာအမြုတေတွေကို ထည့်သွင်းခံဖို့ ကိုသိန်းဦးတို့ ရေငုပ်ဝန်ထမ်းများက မြိတ်ကျွန်းစုအဏ္ဏဝါရေပြင်အနှံ့ ရှာဖွေ ငုပ်ယူပေးကြရသည်။

ဝတ်ဆံသွင်း ခံရပြီးနောက် မအောင်မြင်ဘဲ သေဆုံးရသည့် မုတ်ကောင်ရှိသလို ဝတ်ဆံသွင်း အောင်မြင်၍ မသေဘဲ ကမာကောင်မျက်ရည်များဖြင့် ဖုံးလွှမ်းကာ သုံးနှစ်အကြာ အောင်မြင်သည့် ပုလဲကို ခွဲစိတ်ထုတ်ယူခံရပြီးနောက် မုတ်ကောင်ခမျာ အသက်ကို စွန့်ရရှာလေသည်။

ထိုအခါ မုတ်ကောင်၊ ကမာကောင်တို့၏ ကျိန်စာ မိလေရော့သလားမသိ။ ပုလဲရေငုပ်ဝန်ထမ်းများ မုတ်ကောင် ကျိန်စာမိသလို အသက်စတေးကြရသည်မှာ မနည်းလှပေ။ မုတ်ကောင်တွေ သေသလို သူတို့လည်း သေကြရသည်။ မုတ်ကောင်၊ ကမာကောင် ပုလဲမျက်ရည်ကျသလို သူတို့မိသားစုတွေ မျက်ရည်ကျကြရသည်။ အဖိုးတန်ပုလဲများအတွက် ရေငုပ်သမားတွေ အသက်ကို ပေးဆက်ကြရသည်။ လောကပါလတရား၏ အတုံ့အလှည့် သဘောပေလားမသိ။

ပုလဲဌာန ရေအောက်တာဝန်ခံဖြစ်သူ ကိုသိန်းဦးက မြိတ်ကျွန်းစုတွင် အသက်ပေးခဲ့ကြသည့် သူ့မိတ်ဆွေ ပုလဲရေငုပ်တို့၏ ရေအောက်အန္တရာယ်အဖြစ်အပျက်ကို အတွေ့အကြုံယူ၍ သတိကြီးစွာဖြင့် ကျော့ပိုက်ကို ကျောက်ငြိနေခြင်းမှ ဖြုတ်ရန် ဒုတိယအကြိမ်ဆင်းလိုက်ပြန်သည်။ ကျောက်ကြားတွင် ညှပ်နေသော ပိုက်ပိုကြိုးက ကျောက်ပုံပေါ်မှ ဇောက်ထိုးအနေဖြင့် ဖြတ်၍ မရနိုင်ဖြစ်နေသည်။ ကျောက်ပုံ အပြင်ဘက်သို့ထွက်၍ တစ်စချင်း ဖြုတ်ယူရသည်။ အရေးထဲတွင် ပိုက်နား သံကွင်းက ကျောက်ခက်ပင်များတွင် ချည်နှောင်သလို ငြိနေ၍ ခက်ခက်ခဲခဲ ဖြုတ်ယူရပြန်သည်။ ပိုက်ငြိနေသည့် ကျောက်ပုံကြီးမှာ ရေမှော်ပင်များ၊ ကျောက်ခက်ပင်များ၊ ရေညှိပင်များ၊ သန္တာကျောက်ပွင့်များ၊ ကျောက်ကျောပင်များဖြင့် ရေထဲတွင် သူ့ကို ယိမ်းထိုး ခြောက်လှန့်နေလေသည်။ ရေအလှုပ်ထွင် ပင်လယ်





www.burmeseclassic.com

www.burmeseclassic.com

ရေအောက် ကျောက်ငါးမျိုးစုံတို့က အုပ်စုဖွဲ့သွားလာနေကြသည်။ မှောင်မည်းနေသည့် ကျောက်လိုဏ်ဂူကြီးဆီမှ ငါးတောက်တူကြီးတွေများ ထွက်လိုက်လေမလားဟုလည်း စိုးရိမ်မိသေးသည်။ တစ်ခါတစ်ရံပေါက်ပေါက်ရှာရှာ တွေ့ဆုံတတ်သည့် လူသားစား ငါးမန်းများကပို၍ ကြောက်စရာကောင်းသေးသည်။ ရင်ဆိုင်တွေ့လို့ကတော့ သူ့ကို ထက်မြက်လှသည့် သွားကြီးများဖြင့် အပိုင်းပိုင်းဖြစ်အောင် ကိုက်ဖြတ်စားသောက်ခံရမှာ သေချာသည်။

ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် ခပ်မြန်မြန် ဖြတ်လိုက်ရာ ကျောက်ပုံဆီမှ ကျော့ပိုက်မှာ လွတ်ထွက်သွားသည်။ သို့သော် ရေအတိုး လှိုင်းအလှုပ်နှင့် ကျော့ပိုက်သားက သူ့ကိုလာရောက် ရစ်ပတ်လုံးထွေးလေတော့သည်။ နိုင်လွန်ပိုက်သားများသည် ရေအောက်တွင် အလွန် လွယ်ကူစွာ ရစ်ပတ်နှောင်ဖွဲ့တတ်လေသည်။ ကိုသိန်းဦး တစ်ယောက် လူစင်စစ်က ငါးဖြစ်ရချေတော့မည်။

ထိုအချိန်တွင် ရေငုပ်မျက်မှန် (Face Mask) ထဲသို့ ရေကဝင်ရောက်လာသည်။ ပုလဲရေငုပ်တာဝန်ခံပီပီ လေဘူးထဲတွင် အောက်ဆီဂျင်ကုန်သွားပြီဖြစ်ကြောင်း အသိရလိုက်သည်။ ပိုက်ပိုကြိုးနှင့် ရစ်ပတ်မိသဖြင့် ဖားဖိနပ်တစ်ဖက်မှာလည်း ပြုတ်ထွက်သွားခဲ့ပြီဖြစ်သည်။ သူ ချည်နှောင်လာခဲ့သည့် အသက်ကယ် ခါးကြိုးက ပိုက်ပိုကြိုးနှင့် လုံးထွေးရစ်ပတ်နေပြန်သဖြင့် အပေါ်သို့ အချက်ပေးရန် ခက်ခဲနေပြန်သည်။

ပုလဲရေငုပ် ရေအောက်တာဝန်ခံဝန်ထမ်း မိမိသည် သည်တစ်ခါတော့ဖြင့် ပိုက်ပတ်နေသဖြင့် ငါးအမှတ်နှင့် ကီစွတုံးပြီဟု ခံစားလိုက်ရသည်။ အသက်ကယ်ခါးကြိုးကို ချက်ချင်းဖြေဖြုတ်ပစ်လိုက်သည်။

ထိုအခါ အသက်ဘေးကြောင့် အတွေးမျိုးစုံတို့က ဝင်ရောက်လာသည်။ မြိတ်ကျွန်းစုတွင် သေဆုံးသွားကြသည့် ဘဝတူ ရေငုပ်ဝန်ထမ်းတို့၏ရေအောက်တွင် သေဆုံးခဲ့ရပုံမျိုးစုံကို မြင်ယောင်လာမိခဲ့သည်။ အဖြစ်အပျက်မျိုးစုံ၊ အန္တရာယ်မျိုးစုံတို့ကို မျက်စိနှင့်မြင်၊ ဦးနှောက်နှင့်သိဖြင့် ကိုယ်တွေ့သိမြင်ခံစားခဲ့ရဖူးသည်။ ထိုအခါ ဗုဒ္ဓဘာသာပီပီ ဘုရားဂုဏ်တော် တရားဂုဏ်တော်များကို သတိရမိသည်။ စိတ်ထဲမှလည်း အကြိမ်ကြိမ် ရွတ်ဆိုနေမိသည်။

ထိုစဉ် ဦးခေါင်းထဲသို့ အတွေးဉာဏ်တစ်ချက်ဝင်ရောက်လာလေသည်။ ပုလဲဌာနကျေးဇူးရှင် ဆရာသမားတစ်ဦးဖြစ်သည့် ဗိုလ်မှူးဖေသိန်း (ရေတပ်ရေငုပ်တပ်မှူးဟောင်း)မန်နေဂျာဖြစ်သူ ဆရာသခင်၏ သင်ကြားမှု အတွေ့အကြုံများကို နားဝယ် အလိုလိုကြားယောင်မိလာသည်။

"ရေငုပ်တစ်ယောက်ဟာ ရေထဲမှာ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့ရင် ထိတ်လန့်ပြီး လုပ်မိလုပ်ရာ မဖြစ်စေရ၊ ခေါင်းအေးအေးထားပါ၊ အန္တရာယ်ကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ချက်ချင်းစဉ်းစားဆုံးဖြတ်ပါ၊ ပြီးမှ ဆုံးဖြတ်ချက်အတိုင်း တိတိကျကျလုပ်ဆောင်ပါ"

ကျော့ပိုက်ထဲတွင် ပိတ်မိ၍ အသက်ရှူမွန်းကျပ်နေရာမှ ဘေးအိတ်အတွင်းထည့်ယူလာခဲ့သည့် ပိုက်ဖာဓားလေးကို သတိရလိုက်မိသည်။ ထို့ကြောင့် အိတ်ကိုနှိုက်၍ ဓားကို စမ်းကာ သေသေချာချာ ကိုင်လျက် ကျော့ပိုက်သားအိအိကို ခွဲချလိုက်သည်။ ထိုအခါမှ ပိုက်သားများ ပြဲ၍ သူ့ကိုရစ်ပတ်ထားသည့် ပိုက်သားများ ပြေကုန်တော့သည်။ ဗိုလ်မှူး၏စကားက သတိထပ်မံပေးသည့်အလား အသံကြားယောင်လာပြန်သည်။

"လေပိုက်မရှိတော့လို့ အသက်ရှူခွင့် မကြုံရင် အဆုတ်ထဲမှာရှိနေတဲ့ လေအားလုံးကို မှုတ်ထုတ်ပစ်ပြီး အပေါ်ကို တွန်းထိုးတက်လာစဉ် ဆယ်ပေခန့်ရောက်တိုင်း ရေငန်တစ်ငုံစီ သောက်ပေးလိုက်ပါ၊ ဒါမှ ရေဖိအားကို ခံနိုင်ရည်ရှိပြီး ရေမျက်နှာပြင်ပေါ်ကို တက်နိုင်မှာ"

ရေအောက် ပေရှစ်ဆယ်ခန့်တွင် လေဘူးက ဖြုတ်မရဖြစ်နေသလို ကန့်လန့်ခံနေသည်။ ဖားဖိနပ်တစ်ဖက်တည်းဖြင့် လက်ကိုအားပြုကာ ရေပေါ်သို့ ဆယ်ပေခန့် တက်လာတိုင်း ရေငန်တစ်လုတ်နှုန်းသောက်၍ ဖြည်းဖြည်းချင်း ရေပေါ်သို့ တက်ခဲ့သည်။ ကိုသိန်းဦးမှာ အသက်အရွယ် ထောက်နေပြီဖြစ်၍လည်းကောင်း၊ ရေမငုပ်တာကြာပြီဖြစ်၍တစ်ကြောင်း၊ သူတစ်ပါးပစ္စည်းကို စေတနာဖြင့် မပျက်စီးစေလိုသဖြင့်လည်းကောင်း၊ စွန့်စွန့်စားစားလုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ ကျေးဇူးရှင်ဆရာသခင်ဗိုလ်မှူး၏ သွန်သင်မှုများကို သတိရသေး၍သာ အသက်ရှင်ခွင့်ရနိုင်လေတော့သည်။ ဆရာ့ကျေးဇူးကား ဤမျှ ကြီးမားပေသည်။

"ဟာ ဟိုမှာ ကိုသိန်းဦးကြီး ပေါ်လာပြီ၊ ဆွဲတင် ဆွဲတင်ကြဟေ့"

"အို ချက်ချင်းလှေပေါ်မတက်ရပါစေနဲ့ဦး၊ ကျွန်တော့်လက်ကို ကိုင်ထားပြီး ရေထဲမှာ အတော်ကြာကြာနေပါရစေဦး၊ ရေနာကျမှာစိုးလို့ပါ၊ ဒါတ ရေနာကျ ကုထုံးပါ"

"ဟုတ် ဟုတ်ကဲ့ ဟေ့ကောင်တွေ ပိုက်ပြုတ်သွားပြီ၊ ပိုက်ကို ဆွဲတင်ကြ တော့ဟေ့"

ပုလဲဌာန ရေအောက် ရေငုပ် တာဝန်ခံ ကိုသိန်းဦးတစ်ယောက် သူ ဆရာဂုဏ်ကျေးဇူးကြောင့် သူငယ်ချင်း ရေငုပ်သမားတွေလို မှတ်ကောင်ကျိုး စာမိ၍ မိသားစုတွေ ပုလဲမျက်ရည် သောကဝေဖို့ နည်းနည်းလေးသာ လိုတော့သည်။ သေကံမရောက် သက် မပျောက်ခဲ့သည့်အဖြစ်ကို တွေးမိတိုင်း မှတ်ကောင် ကမာကောင်လေးများ ကျိန်စာကို စဉ်းစား တွေးတောနေ လေတော့သည်။

❒ မောင်မြထွေး(ပင်





www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှင်ဝိလာသ၏ ရွှေချက်တော်သိုရာ ဇာတိရပ်ရွာသည် ကား ပေါင်းတလည်အစွန်မှ "အောင်သွယ်မရှာ" ရွာကလေး ဖြစ်ပါသည်။ တိုက်သူကြီးမျိုးရိုးဖြစ်သော ခမည်းတော် ဦးဖိုးခ နှင့် မယ်တော်ဒေါ်မိလေးတို့သည် တစ်အိုးတစ်အိမ် ထူထောင် ကြသောအခါ ပေါင်းတလည်အစွန်ရှိ အမည်နာမ ထူးခြား သော "အောင်သွယ်မရှာ"ရွာတွင် အိုးအိမ်ထူထောင်လိုက်ကြ သည်။ ခမည်းတော် ဦးဖိုးခသည် ပြည်ခရိုင်၊ ပေါင်းတလည် သားဖြစ်ပြီး မယ်တော်ဒေါ်မိလေးသည် ပေါင်းတလည် မလှမ်း မကမ်းရှိ ပေါက်ခေါင်းရွာသူ ဖြစ်သည်။ ခမည်းတော်နှင့် မယ်တော် နှစ်ဖတ်စလုံးတို့သည် ရပ်ရွာမြို့နယ်တစ်ခွင်၌ လူချစ်လူခင် ပေါများပြီး ဩဇာရှိသည်။

ဦးဖိုးခသည် မြေတိုင်းဌာန၌ အစိုးရအမှုထမ်းခဲ့သော် လည်း နောင်အခါတွင် လယ်ယာလုပ်ငန်းကို ဇောက်ချလုပ် ကိုင်နိုင်ရန် အစိုးရအလုပ်မှ ထွက်သည်။ ဒေါ်မိလေးသည် စေ့စပ်သေချာစွာ အိမ်ထောင်ကို ထိန်းသိမ်းနိုင်သူဖြစ်ပြီး မေတ္တာတရား ကြီးမားသူဖြစ်လေသည်။

ခရစ်နှစ် ၁၉၁၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ခမည်း တော် ဦးဖိုးခနှင့် မယ်တော်ဒေါ်မိလေးတို့မှ ရှင်ဝိလာသ

**သခင်ရှုမောင်** (သို့ မ ဟုတ်)

# မြန်မာပြည်သားတို့အတွက် သူလိုလူ

**ထွန်းလင်းသူ**

"ခိုးခွင့်မရလို့ မခိုးတတ်လို့ မခိုးတဲ့အကောင်ကို သိပ်မချီးမွမ်းနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်က ခိုးလို့ရတဲ့နေရာရောက်ရင် ခိုးချင်ခိုးဦးမှာ၊ ခိုးလို့လဲ ရတယ်၊ ခိုးလဲခိုးတတ်တယ်၊ ခိုးလဲခိုးဝံ့တယ်၊ ခိုးတာ မကောင်းဘူးဆိုပြီးတော့ မခိုးဘဲနေတဲ့ကောင်ကိုမှ မင်းတို့ စိတ်ချ"

*(ဗိုလ်ချုပ်ကြီးနေဝင်း၊ ၁၉၆၈၊ စက်တင်ဘာလ ၂၁၊ တပ်မှူးများညီလာခံ၊ နိဂုံးချုပ်စကားမှ)*

✿

ပေါင်းတလည် ရွာဦးကျောင်း အဘိုးဘုန်းတော်ကြီး ထံတွင် ကိုရင်ဝတ်နေသော "ရှင်ဝိလာသ"သည် အထက်ပါ စကားမျိုးကို ပြောကြားလိမ့်မည်ဟု မည်သူကမျှ စဉ်းစားမိ လိမ့်မည် မဟုတ်။

ထိုသို့ စဉ်းစားလိမ့်မည် မဟုတ်သော်လည်း ကိုရင် ဝိလာသသည် နောင်အခါ ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်လာ၍ အထက်ပါစကားကို အမှန်တကယ်ပင် ပြောဖြစ်ခဲ့လေသည်။

ရှင်ဝိလာသသည် ခမည်းတော် ဦးဖိုးခ၊ မယ်တော် ဒေါ်မိလေးတို့မှ မီးရှူးသန့်စင်သော သားဦးရတနာ ဖြစ်ပါ သည်။ သားဦးရတနာဖြစ်သောကြောင့် ပျော်၍မဆုံး၊ မော်၍ မဆုံး၊ ရှုမဝ ချစ်မငြီး ဖြစ်ရသည့်အလျောက် မိဘတို့၏ မျက်ရှု ဟူသောအဓိပ္ပာယ်ဖြင့် "မောင်ရှုမောင်" ဟု အမည်မှည့်သည်။

အရွယ်ရောက်သောအခါ မောင်ရှုမောင်သည် ရွာဦး ဘုန်းတော်ကြီးထံတွင် ရှင်ပြုရသည်။ ဘုန်းတော်ကြီးသည် မောင်ရှုမောင်၏အဘိုးတော်စပ်ပြီး တစ်ကိုယ်လုံး ဆေးနီအရုပ်၊ ဆေးနီစာများ (အင်း၊ စမများ) ထိုးနှံ့ထားသောကြောင့် "ဆေးနီ ဆရာတော်"ဟု အမည်တွင် ထင်ရှားသည်။

မောင်ရှုမောင်သည် ကိုရင် ရှင်ဝိလာသ ဘဝတွင် ကိုရင်အဆင့်အတန်းနှင့် သင့်လျော်သော စာပေကျမ်းဂန်များ ကို စည်းကမ်းကျင့်ဝတ်နှင့်အညီ သင်ယူခဲ့ရသည်။ မောင်ရှု မောင်သည် ကိုရင် ရှင်လိင် ပြန်သောအခါ ပြည်မြို့တွင် ကျောင်းနေရသည်။ ပထမတွင် နေရှင်နယ်ကျောင်း (အမျိုး သားအထက်တန်းကျောင်း)၌ တက်ရောက်သင်ကြားပြီး နောင်အခါ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင် ကြားရသည်။

မောင်ရှုမောင်သည် ကျောင်းစာကို ကြိုးစားသင်ယူပြီး သင်္ချာနှင့် အင်္ဂလိပ်စာတွင် ထူးချွန်သည်။ အားကစားဘက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဝါသနာပါသည်။ ရင်းနှီးသော သူငယ်ချင်းများနှင့် ချစ်ချစ်ခင်ခင် သစ္စာရှိရှိ ပေါင်းသင်းနေထိုင်တတ်သည်။

ဤနေရာတွင် ပြောစရာတစ်ခု ရှိသည်။ မောင်ရှုမောင်သည် နိုင်ငံရေးကို စိတ်ဝင်စားခဲ့သော်လည်း တက္ကသိုလ်တက်ရန် ဘာသာရွေးချယ်သောအခါ ဆေးကောလိပ်တက်ရောက်ရန် ရွေးချယ်ခဲ့လေသည်။

ထိုခေတ်က "အိုင်စီအက်စ်"၊ "ဘီစီအက်စ်" ရာထူးများ ခေတ်စားသည်။ အရေးပိုင်၊ ဝန်ထောက်၊ မြို့အုပ်တို့ ဂုဏ်ရှိသည်။ မောင်ရှုမောင်သည် ထိုရာထူးဂုဏ်သိန်များကို မမက်မောချေ။

ထို့ကြောင့် ဆေးကောလိပ်သို့ တက်ရောက်၍ "ဒေါက်တာ" ဖြစ်လာသောအခါ ကိုယ့်ရပ်ကိုယ့်ရွာတွင် ကျန်းမာရေးစောင့်ရှောက်ပေးပြီး အများအကျိုး ထမ်းရွက်မည်ဟု ဆုံးဖြတ်ကာ၊ ၁၉၂၉ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်တက္ကသိုလ်သို့ ချီတက်ခဲ့လေသည်။

၁၉၃၁ ခုနှစ်၊ မတ်လတွင် တက္ကသိုလ်ကျောင်းသားကိုရှုမောင်သည် ဥပစာသိပ္ပံ နောက်ဆုံးနှစ် စာမေးပွဲကို ဖြေဆိုရသည်။ ဤစာမေးပွဲတွင် ပါဏ-ဗေဒဘာသာရပ်ကို အောင်မြင်ပါမှ ကိုရှုမောင်ရည်မှန်းရာ ဆေးကောလိပ်ကိုတက်ရောက်ခွင့်ရမည်။ ထိုအချိန်က ပါဏဗေဒပါမောက္ခသည် ဒေါက်တာမဂ်ဂစ် (Dr. F.J Meggitt) ဖြစ်သည်။

ဒေါက်တာ မဂ်ဂစ်သည် မြန်မာကျောင်းသားများကို အထူးနှိမ်လေ့ရှိပြီး မြန်မာကျောင်းသားများနှင့် ပါဏဗေဒပညာ၊ ဆေးပညာ မတန်ဟု အတိအလင်း ထုတ်ဖော်ပြောဆိုတတ်သူလည်း ဖြစ်သည်။

မြန်မာ့နိုင်ငံရေးခရီး၏ ကံကြမ္မာဟုပင် ပြောရမည်လော၊ မောင်ရှုမောင်၏ ဘဝကံကြမ္မာဟုပင် ဆိုရမည်လော၊ ဥပစာသိပ္ပံတန်း နောက်ဆုံးနှစ် စာမေးပွဲ ပါဏဗေဒ ဘာသာတွင် ကိုရှုမောင် ကျရှုံးလေသည်။

ကိုရှုမောင်သည် နောက်ထပ်တစ်ဖန် ကြိုးစားပြန်လျှင် ရနိုင်စရာ အကြောင်းရှိပါ၏။ သို့သော် မြန်မာကျောင်းသားများကို ဆေးပညာနှင့်မတန်၊ ပါဏဗေဒပညာနှင့် မတန်ဟု ပြောင်ပြောင်တင်းတင်း နှိမ်ချလေ့ရှိသော ဒေါက်မဂ်ဂစ်ကဲ့သို့ ပါမောက္ခမျိုးနှင့်လည်း မျက်နှာချင်းမဆိုင်လို၊ တက္ကသိုလ်သို့လည်း ပြန်၍ မသွားလိုပြီ။

ဤသို့ဆိုလျှင် မည်သည့်နေရာသို့ သွားမည်နည်း။

တက္ကသိုလ်နယ်မြေ၏ အခြားတစ်ဖက်တွင် ကျယ်ဝန်းအားကောင်းသော နယ်မြေကြီးတစ်ခု ရှိလေသည်။ နိုင်ငံရေးနယ်မြေကြီး ဖြစ်ပါ၏။

ထိုအချိန်တွင် တို့ဗမာအစည်းအရုံးကြီး၏ ဦးဆောင်မှုဖြင့် "တို့ဗမာ"သီချင်းသံကလည်း ဘဝင်လှုံနေချိန်ဖြစ်သည်။ အဝါကသာသနာ၊ အစိမ်းက စပါးဆန်ရေပေါ်များခြင်း၊ အနီက ရဲရင့်ခြင်းတို့ဖြင့် သရုပ်ဖော်ထားသည့် သုံးရောင်ခြယ် ဒေါင်းအလံကြီးက တလူလူ ဝင့်ကြွားနေချိန် ဖြစ်သည်။

ကိုရှုမောင်သည် တက္ကသိုလ်မှ ထွက်လာပြီးနောက် ရန်ကုန်မြို့၊ ၁၀၁ လမ်းတွင် အခန်းငှားပြီး မိတ်ဆွေများနှင့် နေထိုင်သည်။ ပြည်မြို့တွင် နေထိုင်သူ ဦးလေးလည်းဖြစ်၊မိတ်ဆွေလည်းဖြစ်သော ကိုမောင်ညီနှင့် တိုင်ပင်ပြီး မီးသွေးလုပ်ငန်းကို လုပ်ကိုင်သည်။ နိုင်ငံခြားသားများ လက်ဝါးကြီးအုပ်ထားသော စီးပွားရေးဈေးကွက်ကို ပြိုင်ဆိုင်ရန် ရည်ရွယ်လုပ်ကိုင်ခြင်း ဖြစ်သော်လည်း နောက်ဆုံးတွင် ကိုမောင်ညီနှင့် ကိုရှုမောင်တို့ အောင်မြင်စွာ ဆုတ်ခွာခဲ့ရသည်။

ကိုရှုမောင်သည် တက္ကသိုလ်နယ်မြေကို ကျော်ခိုင်းခဲ့ပြီး စီးပွားရေးနယ်မြေသို့ ပွဲဦးထွက် ဝင်ရောက်ခဲ့ရာ ဈေးဦးပေါက်မကောင်းခဲ့ချေ။ သို့သော်လည်း လူ့ဘဝအတွေ့အကြုံသင်ခန်းစာကိုကား ကောင်းကောင်းကြီး ရရှိခဲ့လေသည်။

တစ်နည်းအားဖြင့် ရန်ကုန်တက္ကသိုလ်တွင် သင်ကြားပေးနိုင်ခြင်းမရှိသော "လောကီထုပ္ပတ် လူတို့ဇာတ်"ကို ဘဝတက္ကသိုလ်ကြီးမှ သင်ကြားပို့ချပေးလိုက်ရာ ကိုရှုမောင်တစ်ယောက် နှစ်ချင်းပေါက် အောင်မြင်သွားလေသည်။

ထိုအချိန်တွင် သခင်အောင်ဆန်း၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်သိန်းဖေ စသည့် ခေတ်ပညာတတ် လူငယ်များသည် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး နိုင်ငံရေး အပြင်းအထန် လှုပ်ရှားလာကြပြီ ဖြစ်သည်။ ကိုရှုမောင်၏ ဦးလေး ကိုမောင်ညီသည်လည်း သခင်ထွန်းအုပ်နှင့်အတူ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး "သခင်ညီ"ဖြစ်လာခဲ့ပြီ။

ကိုရှုမောင်သည် ရန်ကုန်မြို့၊ ၃၅ လမ်းသို့ ပြောင်းရွှေ့ပြီး သူငယ်ချင်းများနှင့် အတူနေကာ စာပို့ဌာနတွင် စာရေး ဝင်လုပ်လေသည်။ နိုင်ငံရေးလောကနှင့်လည်း ကူးလူးဆက်ဆံမှု ရှိလာသည်။ တို့ဗမာအစည်းအရုံးသို့ မဝင်ရောက်သော်လည်း တို့ဗမာအစည်းအရုံးဝင်များက ကိုရှုမောင်ကို "သခင်ရှုမောင်"ဟု ခေါ်နေကြပြီ။

ကိုရှုမောင်သည် တို့ဗမာအစည်းအရုံးဝင် မဟုတ်သော်လည်း သခင်ညီ၊ သခင်ဗစိန် စသော "သခင်"များ၏ မျိုးချစ်စိတ်၊ တက်ကြွသောအားမာန်၊ အနစ်နာခံ၊ အဆင်းရဲခံနိုင်မှုတို့ကို လေးစားချီးကျူးမိပါသည်။ ဤသို့ဖြင့် ကိုရှုမောင်သည် "သခင်ရှုမောင်"ဘဝကို အတိအလင်း ခံယူလိုက်ပြီ။

သခင်ဗစိန်၏ သခင်သတင်းစာများ၊ စာတန်းများ ရေးသား ရိုက်နှိပ်ဖြန့်ဖြူးရာတွင် ကူညီသည်။ "မီးတုတ်"၊ "ဒေါင်း" စသော သတင်းစာများကိုလည်း ထုတ်ဝေခဲ့ကြဖူးသည်။ ငွေကြေး [illegible] လောက်သောကြောင့် ကိုယ်တိုင်ရေး၊ ကိုယ်တိုင်စာပြင်၊ ကိုယ် တိုင်ထုပ်ပိုး လုပ်ကိုင်ကြရသည်။

သခင်ဗစိန်က "သခင်သတင်းစာ"ကို ဒေါ်ခင်ခင် [illegible] ပုံနှိပ်တိုက်၌ အကြွေးရိုက်သည်။ အကြွေးရိုက်ရင်း၊ အ[illegible]

www.burmeseclassic.com

[..]ရင်းနှင့် နောက်ဆုံးတွင် သခင်ဗစိန်နှင့် ပုံနှိပ်တိုက်ပိုင်ရှင် [..]ခင်ခင်တို့ ညားကြလေရာ သခင်ရှုမောင်တို့အတွက် [..]ကြေးပြဿနာလည်း ဖြေရှင်းပြီးသား ဖြစ်သွားလေသည်။ [..]ရှုမောင်အတွက် "လောကီထုပ္ပတ် လူတို့ဇာတ်" မှ [..]နိးစာတစ်ရပ်ပေတည်း။

ဤသို့ဖြင့် ၁၉၃၈ ခုနှစ်သို့ ရောက်လာခဲ့ပြီ။ မြန်မာနှစ် [..]ဆိုအားဖြင့် ၁၃၀၀ ပြည့်နှစ်ဖြစ်လေသည်။ ဤနှစ်သည် [..]မာ့သမိုင်းစာမျက်နှာ၌ "အရေးတော်ပုံနှစ်" ဟူ၍ မှတ်တမ်း [..]ထားရသောနှစ် ဖြစ်လေသည်။

တို့ဗမာ အစည်းအရုံးဝင်များက လူထုအတွင်းသို့ [..]ထဝင်ဝင် ချဉ်းကပ်ပြီး စည်းရုံးမှုတွေ လုပ်ဆောင်သည်။ [..]လုပ်သမား၊ လယ်သမား၊ ကျောင်းသူ၊ ကျောင်းသား၊ ရုံး [..]ထမ်းများသာမက လန်ချားသမား၊ ဘတ်စ်ကားသမားများ [..]ပါ သိမ်းသွင်းစည်းရုံးကြသည်။ ဆေးလိပ်ခုံမှ ဆေးလိပ်သမ [..]လည်း သပိတ်လက်နက်အကြောင်း ကောင်းကောင်းကြီး [..]လာကြသည်။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များလည်း "ကြောက်မွေးပါ ဇာဂနာနဲ့ နုတ်ပစ်"ဟူ၍ ကြွေးကြော်တတ် [..]ပြီ။

"မီးတုတ်. . . မီးတုတ်"

"ရှို့. . . . ရှို့"

"သခင်မျိုးဟေ့"

"တို့ဗမာ"

ထိုသို့ ကြွေးကြော်သံများ ဘဝင်လျှံနေသည့်အထဲတွင် [..]ခင်ဗဟိန်းက "မြင်းခွာတစ်ချက် ပေါက်ရင် တိုင်းပြည် မီး [..]န်းဟုန်းတောက်စေမည်"ဟု ရဲရဲတောက် ဟစ်ကြွေးလိုက်ရာ [..]ရေးတော်ပုံ လှိုင်းတံပိုးကြီး၏ ဒေါမာန်ဟုန်သည် ဒီရေ [..]လား ကြွတက်လာသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရကလည်း မြင်းခွာတစ်ချက်ပင် [..]ဟုတ်၊ မြင်းခွာအချက်ပေါင်း ကုဋေကုဋာ ပေါက်လေရာ [..]င်းပြည်လည်း တကယ်ပင် မီးဟုန်းဟုန်းတောက်လေပြီ။

ထိုအချိန်တွင် တို့ဗမာအစည်းအရုံး၏ တန်ခိုးအာဏာ [..]သည်လည်း ကြီးထွားလာလေရာ တစ်ပြိုင်နက်တည်းမှာပင် "အကွဲရောဂါ"သည်လည်း စွဲကပ်လာခဲ့သည်။ "သခင်ကိုယ် [..]တော်မှိုင်း အုပ်စု" နှင့် "ဗစိန်-ထွန်းအုပ်" အုပ်စုဟူ၍ အုပ်စုကြီး [..]စ်စု ကွဲသွားသည်။ သခင်ရှုမောင်သည် "ဗစိန်-ထွန်းအုပ်" အုပ်စုတွင် ပါဝင်သွားပြီး သခင်အောင်ဆန်း၊ သခင်နု၊ သခင် [..]မ်းမောင်၊ သခင်သန်းထွန်း၊ သခင်လှဖေ စသူတို့က သခင် [..]ကိုယ်တော်မှိုင်းအုပ်စုတွင် ပါဝင်သွားသည်။

ထိုသို့ တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားသော်[..]သည်း မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင် [..]ရွက်ကြရာတွင် အမြင်ချင်း၊ အယူအဆချင်း မကွဲပြားကြပေ။ [..]လက်နက်ကိုင်ဆောင်ကာ ဖိနှိပ်အုပ်ချုပ်နေသော နယ်ချဲ့ အင်္ဂလိပ်ကို မား မားချင်း၊ လုံ့ လုံ့ချင်း လက်နက်စွဲကိုင် တော်လှန်မှသာ လွတ်လပ်ရေး ရနိုင်မည်ဟူသော ခံယူချက်သည်ကား မကွဲမပြား တူညီကြလေသည်။

ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရန် စစ်ပညာနှင့် လက်နက်အကူအညီ မည်သို့ ရယူကြမည်ကို ဝိုင်းဝန်းစဉ်းစားအဖြေရှာကြသည်။ အဖြေသော ရှာရသည်၊ တကယ်တော့ မီးဟုန်းဟုန်းတောက်နေသော ကမ္ဘာကြီးတွင် မြန်မာတို့အား နှလုံးဖြူ အစွမ်း ရက်ရက်ရောရော ကူညီမည့် အဖွဲ့အစည်းသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း ရှာဖွေရသည်မှာ "ရွှေပြည်တော် မျှော်တိုင်းဝေး" ဟူသကဲ့သို့ ရှိတော့သည်။

ထိုသို့ ရှိနေစဉ် သခင်ရှုမောင်သည် စာတိုက်လုပ်ငန်း၌ လုပ်ကိုင်နေရင်း မျက်စိကိုဖွင့်၊ နားကို စွင့်ထားရသည်။ စာတိုက်တွင် အလုပ်လုပ်ရင်း သတင်းထူး၊ သတင်းဦးများ ကြားရတတ်သည်။ ရန်ကုန်ပုလိပ်မင်းကြီး ပရက်စကော့ (Prescott) ကားဒရိုင်ဘာ ကိုဘချစ်နှင့်လည်း မိတ်ဖွဲ့ထားသည်။

မြင်းဇောင်းများကို လေ့လာပြီး ရင်းနှီးအောင် လုပ်ရသည်။ အကယ်၍ ပုန်းခိုစရာ ကိစ္စကြုံလာလျှင် မြင်းဇောင်းများသည် ခိုအောင်းစရာ နေရာကောင်းများ မဟုတ်ပါလား။ ပုလိပ်မှလက်၊ စုံထောက်လက်မှ ရှောင်တိမ်း မြေလျှိုးလာသော သခင်များ၊ နိုင်ငံရေးသမားများကို ဝှက်ပေးရသည်။

ဤအလုပ်က ပြောတော့သာ လွယ်သည်၊ လက်တွေ့တွင် အလွန်အန္တရာယ်များသည်။ ဤသို့ အန္တရာယ်များလှသော အလုပ်များကို သခင်ရှုမောင်သည် စာတိုက်စာရေး တာဝန်တစ်ဖက်ဖြင့် လိမ္မာပါးနပ်စွာ ဆောင်ရွက်ခဲ့ရသည်။

ပြောရမည်ဆိုလျှင် ဆရာဝန်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်သို့ ချီတက်လာခဲ့သော ကိုရှုမောင်သည် ဘဝပေးအခြေအနေ၊ သမိုင်းပေးအခြေအနေတို့ကြောင့် စာတိုက်စာရေးဘဝတွင် ရှုန်းကန်ရင်း "မြေအောက်လုပ်ငန်း"များတွင် ပါဝင်ထမ်းဆောင်နေရလေပြီ။

"ဗစိန်-ထွန်းအုပ်"အုပ်စုကလည်း နိုင်ငံခြားအကူအညီကို အပူတပြင်း ရှာဖွေလျက်ရှိသည်။ ယိုးဒယားနှင့်ဆက်သွယ်မိသော်လည်း မှန်ကန်သော အဖွဲ့အစည်းများမဟုတ်ဘဲ အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစား လူလိမ်လူရှုပ်များသာ ဖြစ်နေသည်။

နောက်ဆုံးတွင် ရန်ကုန်မြို့တွင် သွားစိုက်ဆိုင်ဖွင့်ထားသော ဂျပန်ဆရာဝန် (သူလျှို)များနှင့် ဆက်သွယ်မိကာ သခင်ဗစိန်ကိုယ်တိုင် အန္တရာယ်အသွယ်သွယ်ကြားမှ ထွက်ခွာသွားသော်လည်း လမ်းခရီးတစ်နေရာတွင် အဖမ်းခံရသည်။

သခင်ဗစိန် ထောင်ကျပြီး "ဗစိန်-ထွန်းအုပ်"အုပ်စုဝင် သခင်အများအပြားလည်း အကျဉ်းထောင်ထဲ ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်ထဲ မရောက်သေးသူများလည်း မြေလျှိုးနေကြရသည်။ ပုလိပ်များ၊ စုံထောက်များက လုံးဝအလစ်မပေး၊ တစ်ချက်မှားသည်နှင့် "ကွဲ"သွားမည်။

သခင်ရှုမောင် စဉ်းစားရလေပြီ။ စာတိုက်စာရေးဘဝဖြင့် မြေအောက်လုပ်ငန်းများ လုပ်ဆောင်နေရုံမျှဖြင့် မရတော့ပြီ။ မိမိကိုယ်တိုင် လွတ်လွတ်ကျွတ်ကျွတ် ထိထိရောက်ရောက် စွန့်လွှတ်စွန့်စားမှ ဖြစ်တော့မည်။ သခင်ရှုမောင်သည် စာတိုက်တွင် မိမိတာဝန်ယူထားရသော ငွေများ၊ စာရွက်စာတမ်းများ၊ စာရင်းဇယားနှင့် သော့များ စသည်တို့ကို အသေအချာ အပ်နှံပြီး စာတိုက်အလုပ်မှ ထွက်လိုက်တော့သည်။

သခင်ရှုမောင်သည် ဇာတိချက်ကြွေ မွေးရပ်မြေ ပေါင်းတလည်သို့ ပြန်လာသည်။ မရောက်သည်မှာလည်း ကြာပြီ။ ပေါင်းတလည်သို့ ပြန်ရောက်သောအခါ မိခင်ကြီး မရှိရှာတော့။ ချစ်မဝ ရှုမဝသော သားကြီးရှုမောင်အတွက် စိုးရိမ်ပူပန်ရင်း ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ဘဝတစ်ပါး ပြောင်းသွားရှာပြီ။ မိခင်၏ လက်ရာခြေရာများကသာ ကိုရှုမောင်အား လွမ်းအားတွေ ကြွယ်စေတော့သည်။

သို့သော်ငြား သခင်ရှုမောင်တစ်ယောက် ကြာကြာ လွမ်းခွင့်မရ။ နိုင်ငံခြားမှ စစ်ရေးအကူအညီယူရန် ကြိုးပမ်းရဦးမည်။ ဦးလေးဖြစ်သူ သခင်ညီနှင့်လည်း တိုင်ပင်ပြီးပြီ။ သခင်ညီကလည်း သဘောတူအားပေးသည်။

သခင်ရှုမောင် ရန်ကုန်သို့ပြန်ရောက်ပြီး တစ်နေ့သောအခါ ပြိုင်မြင်းများကို လေ့ကျင့်ပေးရသူ "ကိုကြည်" ဆိုသူ ဒေါ်ခင်ခင်ထံ ရောက်လာသည်။ ယိုးဒယားနယ်စပ် မဲဆောက်မြို့တွင် မြန်မာတစ်ယောက်က စာတစ်စောင်ကို ရန်ကုန်သို့ ပို့ပေးရန် လူတစ်ယောက်အား အပ်နှံကြောင်း၊ ထိုသူက မြန်မာပြည်ဘက်တွင် စုံထောက်များ ခြေချင်းလိမ်နေသောကြောင့် သွားဖို့ ခက်ခဲကြောင်း၊ ထို့ကြောင့် ၎င်းစာကို တစ်နေရာတွင် ဝှက်ထားပြီး သက်ဆိုင်သူများမှ လာယူနိုင်ကြောင်း သတင်းပေးသည်။

ဒေါ်ခင်ခင်နှင့် သခင် ခင်မောင်တို့က သခင်ကျော်စိန်ကို စာသွားယူရန် စေလွှတ်သည်။ စာရောက်လာ၍ ကြည့်ကြသောအခါ စာမှ "ဗလာ"ဖြစ်နေသည်။ မည်သည့်စာမျှ ရေးမထား၊ လျှို့ဝှက်စာမှန်း ရိပ်မိကြသောကြောင့် ဂျပန်ကောင်စစ်ဝန် မစ္စတာဟိုးမားထံ ယူသွားပြီး မီးကင်ကြည့်သောအခါ ဂျပန်စာဝှက်များ ဖြစ်နေကြောင်း တွေ့ရသည်။ စာ၏ အဓိပ္ပာယ်မှာ "မြန်မာလူငယ်များ အမြန်လာကြလော့၊ ဂျပန်များကလည်း ကူညီ၍ လွှတ်ကြပါ" ဟူ၍ ဖြစ်လေသည်။

၁၉၄၁ ခုနှစ်၊ ဇူလိုင်လတွင် ဂျပန်သင်္ဘော ကိုရီယုမာရူး (Kouryu Maru) သည် ရန်ကုန်ဆိပ်ကမ်းတွင် ကပ်ထားသည်။ ထိုအချိန်တွင် အင်္ဂလိပ်အစိုးရသည် ရန်ကုန်မြို့ရှိ မသင်္ကာဖွယ် ဂျပန်များအားလုံးကို နှင်ထုတ်ပြီးပြီ။ ထို့ကြောင့် ကိုရီယုမာရူးသည် ရန်ကုန်ဆိပ်ကမ်းတွင် နောက်ဆုံးဆိုက်ကပ်သော သင်္ဘောဖြစ်လေသည်။

ကိုရီယုမာရူး၏အတွင်းပိုင်းသို့ သတိထားကြည့်လိုက်လျှင် မြန်မာမျိုးချစ် သခင်လူငယ်တို့ကို သင်္ဘောသားဟန်ဖြင့် တွေ့ကြရမည်ဖြစ်သည်။

ထိုသခင်လူငယ်တို့ကို ကိုယ်ပိုင်နံပါတ် အသီးသီး ပေးထားရာ သခင်ရှုမောင်၏ ကိုယ်ပိုင်နံပါတ်မှာ 7 - Lucky Seven ဖြစ်သည်။ အားလုံး စုစုပေါင်း ၁၁ ယောက် ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်းအုပ်စုမှ (၅) ဦး၊ "ဗစိန်-ထွန်းအုပ်" အုပ်စုမှ (၆)ဦးဖြစ်သည်။ ဂျပန်သို့ ရောက်နှင့်ပြီးသော (၁၉)ဦး နှင့်ဆိုသော် (၃၀) ဖြစ်သည်။ ၎င်း (၃၀) သည် နောင်အခါ "ရဲဘော်သုံးကျိပ်"ဟူ၍ ရာဇဝင် စာတင်ရမည့် မြန်မာမျိုးချစ် သူရဲကောင်းများပေတည်း။

ထို့နောက် နာမည်ကျော် "ဟိုင်နန်ကျွန်း စစ်စခန်း" တွင် ရဲဘော်သုံးကျိပ်တို့ ခက်ခဲကြမ်းတမ်းသည်နှင့်အမျှ ဆ... ပြင်းထန်လှသော စစ်လေ့ကျင့်ခန်းများကို အရိုးကြေ... အရေခန်းခန်း သင်ကြားလေ့ကျင့်ကြရသည်။ သခင်ရှုမော... ဂျပန်နာမည်သည် တကာစူဂီး (TaKa Sugi) ဖြစ်သ... တကာစူဂီး၏အဓိပ္ပာယ်မှာ "ဖြောင့်စင်းသော ဆိုင်ဒါပင်" ... ဖြစ်ပြီး ဂျပန်ရာဇဝင်တွင် ထင်ရှားသော မေဂျီတော်လှန်... သူရဲကောင်းတစ်ဦး၏ နာမည်လည်း ဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင် မြန်မာရဲဘော်များတွင် ဂျပန်နာမည် အသီး... ရှိကြပြီး ထိုနာမည်များကို ဂျပန်အရာရှိများက မှည့်... သတ်မှတ်ပေးထားခြင်း ဖြစ်လေသည်။

ဟိုင်နန်ကျွန်းသည် လူမနီး သူမနီး တောကြီး... ခေါင်ဖြစ်သော်လည်း ကျွန်းပေါ်တွင် ရွာငယ်များ ရှိ... ကျွန်းပေါ်တွင် အုန်းပင် အများအပြား ပေါက်ရောက်... အုန်းသီး ခူးစားကြသည်။ ရွာသူရွာသားများသည် ... နွမ်းပါးကြပြီး ငါးဖမ်းခြင်း၊ စိုက်ပျိုးခြင်းဖြင့် အသက်ရှင်... ကြရသည်။

တရုတ်ပြည်မကြီးဘက်မှ တရုတ်ပြောက်ကျား... သည် ဟိုင်နန်ကျွန်းဘက်သို့ ကူးလာပြီး တိုက်ခိုက်... ဂျပန်များက ဖမ်းဆီးမိလျှင် ရက်စက်စွာ သတ်ပစ်... တရုတ်တို့ကလည်း ရဲရဲရင့်ရင့်ပင် အသေခံသည်။

သခင်ရှုမောင်တို့သည် ထိုဖြစ်ရပ်များကို မျက်... ထင်မြင်တွေ့နေကြလေရာ "တို့ကိုလဲ ကမ္ဘာ့အ... အဆင်မပြေလို့ အစဖျောက်စရာရှိရင် ဒီလိုပဲ ရက်စ... စက်သတ်ပစ်ကြမှာပဲ"ဟု တွေးတောစိုးရိမ်မိကြသည်...

သို့သော်လည်း စိုးရိမ်စိတ်ကို ကြာကြာ... "ဆန်ယ၊ လယ်သမားလေ့ကျင့်ရေးကျောင်း"ဟု ဆိုင်း... တင်ရုပ်ဖျောက်ထားသော စစ်ရေးလေ့ကျင့်ရာ စခန်း... တွင် အရုဏ်တက်မှ ညမိုးချုပ်သည့်တိုင် ...



www.burmeseclassic.com

www.burmeseclassic.com

ပြင်းသော စစ်ရေးလေ့ကျင့်ခန်းများကို ကျားကုတ်ကျားခဲ လေ့ကျင့်သင်ကြားကြရပြန်လေသည်။

ဤသို့ဖြင့် အောက်တိုဘာလ ရောက်ခဲ့ပြီ။ ရဲဘော်သုံးကျိပ်သည်လည်း ပီဘိစစ်သားကြီးများ အဖြစ်ဖြင့် မြန်မာပြည်ဘက် ချီတက်ထွက်ခွာရန် အသင့်ဖြစ်ချေပြီ။ ဂျပန်စစ်ဌာနချုပ်က မီးနီပြထားဆဲရှိသည်။ ဆူဇူကီး၏ မီနာမီကီကန်အဖွဲ့နှင့် ရဲဘော်သုံးကျိပ်တို့ မချင့်မရဲ ဖြစ်ရသည်။

အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဂျပန်စစ်ဌာနချုပ်မှ ကြေးနန်းဖြင့် အမိန့်ပေးသည်။ "အားလုံးရပ်"ဟူသတည်း။ ဆူဇူကီးကလည်း ကြေးနန်းပြန်ရိုက်သည်။ "မြန်မာရဲဘော်တွေ ထွက်ပြေးပြီ"ဟူသတည်း။ ရဲဘော်သုံးကျိပ်တို့ကိုလည်း ထိုင်းယားသို့ ပို့ထားလိုက်သည်။ ရဲဘော်သုံးကျိပ်သည် ဗန်ကောက်တွင် ဂျပန်သတ္တုတွင်းကုမ္ပဏီမှ အင်ဂျင်နီယာများ၊ ဘူမိဗေဒပညာရှင်များအဖြစ် လှုပ်ရှားကြသည်။

အောက်တိုဘာ ၁၈ ရက်တွင် စစ်ဝန်ကြီး ဂျင်နရယ်တိုဂျို (Gen - Tojo) နန်းရင်းဝန် ဖြစ်လာသည်။ ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီ၊ စစ်ဖြစ်ပြီ။ ဂျပန်က စစ်ကြေညာပြီ။ ဂျပန်ရေဒီယိုမှ အစီအစဉ်ကြေညာသူ အမျိုးသမီးက "ဂျပန်ပြည်တွင် ချယ်ရီပန်းများ ပွင့်နေပါပြီ၊ အရှေ့တိုက်သား အချင်းချင်းကို ကူညီစောင့်ရှောက်ဖို့ နိပ္ပွန်တပ်မတော်ကြီး ချီလာပြီ"ဟု မြန်မာပြည်သူ၊ ပြည်သားများကို နှုတ်ခွန်းဆက်သည်။ ထိုအခါကျမှ သခင်ထွန်းအုပ်ကလည်း "မိတ္တာအင်္ဂလိပ်တို့ကို မောင်းထုတ်ကြလော့"ဟု ရေဒီယိုမှ တပ်လှန့်လေသည်။

ယခုတော့ ချီလာချေပြီ။

ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ် အလယ်တွင် ဒေါင်းရုပ်ကြီးဖြင့် မြူးကြွနေသော တို့ဗမာအစည်းအရုံး အောင်လံတော်ကြီးကို လွှင့်ထူကာ ရဲဘော်သုံးကျိပ်တို့ မြန်မာပြည်သို့ ချီတက်လာပါပြီ။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် "ဗမာ့လွတ်လပ်ရေးတပ်မတော်" Burma Independence Army -B.I.A) ကို ရဲဘော်သုံးကျိပ်နှင့် ဆူဇူကီးတို့က တည်ထောင်လိုက်ကြသည်။ ရဲဘော်သုံးကျိပ်တို့ လက်မောင်းသွေးဖောက်ကာ ငွေဖလားထဲထည့်ပြီး သွေးသောက်သစ္စာဆိုကြသည်။ သစ္စာဆိုပြီး၍ "သင့်မြတ်သော ဗိုလ်ဘွဲ့များ ခံယူကြပါစို့" ဟု သခင်အောင်ဆန်းမှ အကြံပေးရာ အားလုံးသဘောတူကြသည်။

ထို့ကြောင့် သခင်အောင်ဆန်းသည် ဗိုလ်တေဇ၊ သခင်လှဖေသည် ဗိုလ်လကျ်ာ၊ သခင်လှမောင်သည် ဗိုလ်ဇေယျ၊ သခင်အောင်သန်းသည် ဗိုလ်စကြာ စသည်ဖြင့် ဖြစ်လာကြသည်။ သခင်ရှုမောင်၏ ဗိုလ်ဘွဲ့သည် "ဗိုလ်နေဝင်း"ဟူ၍ ဖြစ်လာသည်။ ဂျပန်ဗိုလ်ချုပ်ကြီး ဆူဇူကီးကိုလည်း "ဗိုလ်မိုးကြိုး"ဟူ၍ အမည်ပေးလိုက်သည်။ ထူးချွန်သူ၊ မြန်မာဆန်ချင်သူ ဆူဇူကီးကလည်း နှစ်နှစ်သက်သက် လက်ခံသည်။

မြန်မာပြည်တွင်းသို့ ရှေ့ပြေးဝင်ရောက်ရန် သခင်ရှုမောင် (ခ) ဗိုလ်နေဝင်း ဦးဆောင်၍ ဗိုလ်တာရာ၊ ဗိုလ်လင်းယုန်၊ ဗိုလ်မိုးညိုတို့ ပါဝင်သော အဖွဲ့တစ်ခုကို တာဝန်ပေးသည်။ ရန်ကုန်မြို့သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ခရစ်စမတ် မတိုင်မီ ဗုံးကြဲခံရသည်။

မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်က "မြန်မာ့မြေကို ဂျပန်အား တစ်လက်မမျှ မပေး၊ အသေခံ၍ တိုက်ခိုက်မည်၊ ရန်ကုန်မြို့ကြီး အန္တရာယ်မရှိပါ၊ ဘယ်မှ မသွားကြပါနှင့်"ဟု ခပ်တည်တည် ကြေညာသည်။ ထိုသို့ ကြေညာပြီး မကြာမီမှာပင် "မြို့ကို စွန့်ခွာကြလော့"ဟု အမိန့်ထုတ်သည်။

ထိုသို့ အမိန့်ထုတ်ပြီး ရက်အနည်းငယ် အတွင်းမှာပင် ဗိုလ်နေဝင်း ဦးဆောင်သော ဘီအိုင်အေ တပ်မတော်ကြီးက ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်လေသည်။ ယူနီယံဂျက်အလံကား မြေခခဲ့လေပြီ။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဘီအိုင်အေကို ရုပ်သိမ်းပြီး ဂျပန်ဘုရင် ဧကရာဇ်၏အမိန့်အရ ဂျင်နရယ်အီးဒါးက "ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army - B.D.A) ကို ဖွဲ့စည်းသည်။ ဗိုလ်တေဇအား ဗိုလ်မှူးကြီး ရာထူးဖြင့် ဘီဒီအေ စစ်သေနာပတိ ခန့်အပ်သည်။

ဗိုလ်တေဇသည် "ဗိုလ်အောင်ဆန်း"ဟူ၍ အမည်ရင်းကို ပြန်လည်သုံးစွဲသည်။ ဗိုလ်နေဝင်းသည် ဗိုလ်မှူးနေဝင်းဖြစ်လာသည်။

ရှေ့ဆက်၍ သခင်ရှုမောင်သည် ဗိုလ်မှူးကြီး၊ ဗိုလ်ချုပ်ကြီး၊ ပါတီဥက္ကဋ္ဌကြီး၊ သမ္မတကြီး စသည့် နိုင်ငံတော်၏ထိပ်တန်းရာထူးကြီးများဖြင့် မြန်မာ့နိုင်ငံရေးလောကတွင် ဆောင်ရွက်သွားပုံများမှာ စာတစ်စောင် ပေတစ်ဖွဲ့သာမက စာအစောင်စောင် ပေအဖွဲ့ဖွဲ့ ရေးလို့ မကုန်နိုင်ပါပေ။

ဗိုလ်ချုပ်ကြီးနေဝင်းဘဝဖြင့် ၁၉၆၂ ခုနှစ်မှ စတင်ကာ နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးအဖြစ် နိုင်ငံတော်ကို (၂၆)နှစ်တိုင်တိုင် အုပ်ချုပ်ခဲ့လေရာ သူ့သမိုင်းကြောင်းသည် အလွန်ရှည်လျားလှပေသည်။ ဤဆောင်းပါး၏ ရည်ရွယ်ချက်မှာ "သခင်ရှုမောင်"၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ပြရန် ရည်ရွယ်သည့်အလျောက် ဤမျှသာဖော်ပြနိုင်ပါသည်။

နိဂုံးအနေဖြင့် သုံးသပ်ရပါမူ "သခင်ရှုမောင်"အား ဆရာဝန်တစ်ယောက်အဖြစ် ရောက်ရှိခွင့်မပေးခဲ့သော ပါဏဗေဒ ပါမောက္ခအား ကျေးဇူးတင်ရမည်လော၊ အပြစ်တင်ရမည်လော မပြောတတ်တော့ပါပေ။ မည်သို့ပင် ဆိုစေကာမူ "သခင်ရှုမောင်"၏ ဘဝအဝန်းအဝိုင်းသည်ကား မြန်မာပြည်သားတို့အတွက် သူလိုလူ ဟူ၍သာ မှတ်တမ်းတင်ထိုက်ပါသတည်း။

အလေးပြုလျက်

❐ ထွန်းလင်းသူ



www.burmeseclassic.com

www.burmeseclassic.com




# ဘာသာပြန်သုတ ဦးကြည်မြင့် (လသာ)

ယောနကဘိုးထောင်

ဘာသာပြန် သုတစာပေဆု နိုင်ငံများ၏ ဥစ္စာဓန စာအုပ်ရေးသားသူမှာ ဦးကြည်မြင့်(လသာ)ဖြစ်ပါသည်။

အဖ ဦးမောင်မောင်၊ အမိ ဒေါ်ခင်မူတို့မှ ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ အထက(၁)အလုံတွင် ပညာသင်ကြားခဲ့သည်။ B.Com ဘွဲ့ ရရှိခဲ့သည်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ဒုတိယ စီမံကိန်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် စီးပွားရေးပညာကျော်များနှင့် မိစ္ဆာနေ့များ၊ ၂၀၀၅ ခုနှစ်တွင် စီးပွားရေးပညာ အဘိဓာန် စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ အမည်ရင်းမှာ ဦးကြည်မြင့် ဖြစ်သည်။ နေရပ်လိပ်စာမှာ- တိုက်(၂၇)၊ အခန်း ၁၀၂ စံပယ်လမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

ဘာသာပြန် သုတစာပေအဖွဲ့ငယ်၏ မှတ်ချက်တွင် ဘာသာပြန်(သုတ)စာပေအဖွဲ့ငယ်သည် ၂၀၁၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ဘာသာပြန်သုတစာပေ စာအုပ်ပေါင်း(၁၅၆) အုပ် လက်ခံရရှိခဲ့ပါသည်။

အဖွဲ့ငယ်အနေဖြင့် အစည်းအဝေး (၃)ကြိမ်ခေါ်ယူ၍ ညှိနှိုင်းခဲ့ပါသည်။ ၎င်းတို့အနက် စာရေးဆရာ ဦးကြည်မြင့် (လသာ) ဘာသာပြန်ဆိုသည့် နိုင်ငံများ၏ ဥစ္စာဓနစာအုပ်ကို ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့ကြပါသည်။

နိုင်ငံများ၏ ဥစ္စာဓန စာအုပ်မူရင်းစာအုပ်မှာ စကော့လူမျိုး ဒဿနဗေဒနှင့် ဘောဂဗေဒပညာရှင် အဒမ်စမစ် (Adam Smith 1723-1790) ရေးသားသည့် Wealth of Nationဖြစ်သည်။ စာအုပ် အမည်အပြည့်အစုံမှာ An Inquiry into the Nature and cause of the wealth of Nation ဟူ၍ ဖြစ်သည်။

ဤစာအုပ်ကို အပိုင်းလေးပိုင်း ခွဲ၍ ရေးသားထားပြီး ပထမပိုင်းတွင် အလုပ်ခွဲဝေလုပ်ကိုင်မှုနှင့် အခြေခံ ဖြစ်ပေါ်မှု၊ အလုပ်ခွဲဝေလုပ်ကိုင်မှုကို ဈေးကွက် အကျယ်အဝန်းက ကန့်သတ် ခြင်း၊ ငွေကြေး၏အစနှင့် သုံးပုံ၊ ကုန်စည် သဘာဝနှင့် ဈေးကွက်ဈေးနှုန်း၊ လုပ် အား၏ လုပ်ခအကြောင်း၊ စာရင်း၏ အမြတ်အကြောင်း၊ လုပ်အားနှင့် အရင်း အသုံးချမှုမှ လုပ်ခနှင့်အမြတ်၊ မြေငှား အကြောင်း စသည်များ ပါဝင်သည်။

ဒုတိယပိုင်းတွင် အရင်းခွဲဝေ သုံးစွဲပုံ၊ အရင်းစုဆောင်း ဖြစ်တည်မှု သို့မဟုတ် ကုန်ထုတ်စွမ်းအားရှိ လုပ် အားနှင့် ကုန်ထုတ်စွမ်းအားမဲ့လုပ်အား အတိုးဖြင့် ချေးသော ဥစ္စာဓနအစုအ စသည်များနှင့် တတိယပိုင်းတွင် သဘာ ဝဘက်စုံ တိုးတက်မှု အမျိုးမျိုး ရော အင်ပါယာပြိုပျက်ပြီးနောက် ဥရော စိုက်ပျိုးရေးကို အားမပေးတော့ခြင်း မြို့ ကြီးမြို့ငယ်များပေါ်ပေါက်လာပုံ မြို့များ ၏ ကူးသန်းရောင်းဝယ်ရေးက နယ်ဖွံ့ဖြိုး မှုကို ထောက်ကူပုံစသည်တို့ပါဝင်သည်။

စတုတ္ထအပိုင်းတွင် ကူးသန်း ရောင်းဝယ်ရေးစနစ် သဘောတရား အခွန်အကောက်ပြန်တမ်း၊ ကုန်သွယ် ရေး စာချုပ်များ၊ ကိုလိုနီနယ်များ အကြောင်း၊ တိုင်းပြည်၏ ဥစ္စာဓန ဝင်ငွေ မူလအစသည် ထုတ်ကုန် ပဓာနဖြစ်ကြောင်း၊ ကိုယ်စားပြု နိုင်ငံရေးဘောဂဗေဒစနစ်များအကြောင်း ကို အသေးစိတ်ရေးသားထားသည်။

မူရင်းစာရေးသူ အဒမ်စမစ် သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း အား အစိုးရချုပ်ကိုင်မှု အနည်းဆုံး လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးရေး (Free Enterprise) နှင့် ပတ်သက် သူ၏ လေးနက်သော အတွေးအခေါ် များကို ဒဿနဗေဒရှုထောင့်နှင့် ဘော ဗေဒရှုထောင့်တို့မှ အထောက်အထား သာဓက ပြည့်စုံစွာ ဖော်ထုတ် ထားသည်။

ဤစာအုပ်သည် ၁၈ (၁၇၇၆ ခုနှစ်)က ထုတ်ဝေခဲ့သ





www.burmeseclassic.com

www.burmeseclassic.com

...တ်တမ်း ၂၄၀ နီးပါးရှိသော်လည်း ...င်း စာအုပ်ပါ အတွေးအခေါ်များ ...ည် ယနေ့ခေတ်စီးပွားရေးနှင့် နိုင်ငံ ...ရေးအတွေးအခေါ်များအပေါ် အလေး ...နက်သြဇာညောင်းနေဆဲဖြစ်သည်။

ထို့ကြောင့်ပင်လျှင် အဒမ်စမစ် ...အား ခေတ်သစ်စီးပွားရေး၏ ဖခင်ဟူ၍ ...လည်းကောင်း၊ သူ့စာအုပ်ကို ပုဂ္ဂလိက ...ပွားရေးနှင့် ဈေးကွက်စီးပွားရေး၏ ...န္ထဝင်ကျမ်းစာဟူ၍ လည်းကောင်း ...ညာရှင်များက မော်ကွန်းတင်ခဲ့ကြခြင်း ဖြစ်သည်။

ယင်းသို့သော ကမ္ဘာကျော် ...တ်တမ်းရှည် နိုင်ငံရေး ဘောဂဗေဒ ...ကျမ်းကြီးများကို ဘာသာရပ် ကျွမ်းကျင် ...ဦးကြည်မြင့် (လသာ)က လေးလေး ...နက် အားထုတ်ပြန်ဆိုထားသည်။

ဘာသာရပ်ကို ကျေညက်ကျွမ်း ...ကျင်သူဖြစ်ပြီး ဆိုလိုရင်းနှင့် အနက်ဖွင့် ...ချက်များကို ခြုံငုံထိမိစွာ ဘာသာပြန်ဆို ...နိုင်သည်။

ခေတ်အလိုက် ဝေါဟာရများကို ...ကြွယ်ဝစွာ ထည့်သွင်းရေးသားထား ...မြင့် နိုင်ငံများ၏ ဥစ္စာနေစာအုပ်ကို ...အမျိုးသားစာပေဆု ဘာသာပြန်သုတ ...စာပေဘာသာရပ်အတွက် ဆုချီးမြှင့်ရန် ...ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာဦးကြည်မြင့် (လသာ)က ...စာအုပ်ရဲ့ မူရင်းစာအုပ်က ၁၇၇၆ ...နှစ်က ထုတ်ဝေထားတာပါ။ သူ့ရဲ့ ထူး ...ခြားချက်က အဲဒီနှစ်မှာပဲ လူ့အခွင့် ...အရေး ကြေညာစာတမ်းဆိုတာ ကမ္ဘာ ...ပေါ်မှာ ပထမဦးဆုံး အမေရိကန်ပြည် ...ထောင်စုက ထုတ်ပြန်ကြေညာတာ၊ ...ကြေညာချက်နဲ့အတူ အမေရိကန်နိုင်ငံ ...ကြီး ဖြစ်ပေါ်လာပြီး လူ့အခွင့်အရေး ...ရှိတဲ့ နိုင်ငံကြီး ဖြစ်ပေါ်လာပြီး ...သူ့ကိုလိုနီလက်အောက်က လွတ်ပြီ ...ဆိုတာကို လွတ်လပ်ရေး ကြေညာစာ ...တမ်းနဲ့အတူ ထုတ်ပြန်လိုက်တယ်။

အဲဒီနှစ်က ကမ္ဘာမှာ သမိုင်းဝင် ...တဲ့ နှစ်ပေါ့။

ဒီရှေ့တုန်းကဆိုရင် ဘုရင်အုပ်ချုပ်တဲ့ နိုင်ငံတွေပဲ ရှိခဲ့တာ၊ ဒါဟာ ကမ္ဘာ့ ပထမအရပ်သားအစိုးရပေါ့၊ သူ့ရှေ့မှာတော့ တော်လှန်ရေးတွေ ကြိုးစားတာရှိတာပေါ့၊ ပြင်သစ်တွေလည်း ကြိုးစားခဲ့တယ်။

ဒါပေမယ့် မအောင်မြင်ဘူး။ အင်္ဂလိပ်တွေလည်း ကြိုးစားခဲ့တယ်။ ဒါပေမယ့် အပြည့်အဝ ပြည်သူ့အာဏာ ပိုင်စိုးရေးဆိုတာ ရောက်ခဲ့တယ်။

ဒီစာအုပ်က နှစ်ပေါင်း (၂၃၆) နှစ် ရှိသွားပါပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၃၆ နှစ်၊ အဲဒီတုန်းက စာအရေးအသားကိုမီအောင်၊ အသံဖမ်းမိအောင် လိုက်ပြီး လုပ်နိုင်တယ်။

ဒီစာအုပ်က ၁၇၇၆ ဆိုတော့ ရှိတ်စပီးယားရဲ့ အရေးအသားနောက်ပိုင်း၊ ဝိတိုရိယခေတ်အရေးအသားရဲ့ အရှေ့ပိုင်း၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဂုဏ်ယူတယ်ဆိုတာက ဘာသာပြန်လိုက်နိုင်တဲ့အကြောင်းကြောင့်ပေါ့လေ၊ လူတွေဖတ်ဖြစ်ပါစေဆိုတဲ့ စေတနာနဲ့ ဘာသာပြန်ခဲ့တာပါ။

ဘာသာပြန်ဖြစ်တဲ့ အကြောင်းရင်း Adam Smith ရဲ့ စာအုပ်ကိုရော၊ Adam Smith ရဲ့ အတွေးအခေါ်ကိုရော ရေးကြပြောကြ ကိုးကားကြတာများပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ပြောမယ် ဆိုရင် လွဲတာများတာတွေများတယ်။

မူရင်းကို ကိုင်ပြီး ပြောတာဆိုတာမရှိဘူး။ အလွဲတွေများတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘောဂသစ္စာဆိုတာ ကျွန်တော့်ကလောင်တစ်မျိုးပဲ။ ဘောဂဗေဒ ဘာသာအပေါ် အလေးထား သစ္စာရှိတဲ့အတွက်ကြောင့် အများအနေနဲ့ ဒီစာအုပ်ကို မြန်မာဘာသာပြန်ဆိုတာရှိတယ်ဆိုရင် နောက်ပိုင်းကိုးကားသုံးနှုန်းလို့ ရမယ်ဆိုရင် ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ်။

ဒီစာအုပ်က ဒီမိုကရေစီခေတ်ကြီး ထွန်းကားတဲ့ အချိန်မှာ သူက ပြိုင်တူပေါ်လာတာ။ အနောက်နိုင်ငံသားတွေရဲ့ စိတ်ထဲမှာဆိုရင် စီးပွားရေးမှာ ဘယ်လိုပုံစံအထိ လွတ်လပ်မှုရှိတယ်ဆိုတာပြောနေတဲ့ အချိန်နဲ့ အတော်လေးတိုက်ဆိုင်နေတယ်။

ဒီစာအုပ်ကို မြန်မာအမျိုးသားတွေအနေနဲ့ မြန်မာလို ဘာသာပြန်ထားတာရှိမယ်ဆိုရင် ဖတ်ဖြစ်မယ်။ ကိုးကားဖြစ်မယ်။ ကိုးကားတိုင်း ဖတ်တိုင်း ပြောဆိုတိုင်း ပိုပြီး မှန်မှန်ကန်ကန် ဖြစ်လာမယ်ဆိုတဲ့ သဘောပေါ့။

နောက်ပြီး တရုတ်ကွန်မြူနစ်နိုင်ငံမှာတောင် ဒီစာအုပ်ကို ဘာသာပြန်ထားတာ ရှိတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့အတွက် ကျွန်တော် ကြိုးစားပြီး ယုံကြည်ချက်အပြည့်နဲ့ ဘာသာပြန်ခဲ့တာပါ။

အခု အမျိုးသားစာပေဆုရတဲ့အတွက် ပိုပြီးတော့ ဝမ်းသာတယ်။ ကျွန်တော်တို့က ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁)ရက်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပြောင်းလဲနိုင်ခဲ့တယ်။

ဒီစာအုပ်ရဲ့ မူရင်းက ကမ္ဘာ့ပထမဆုံးအရပ်သား အစိုးရတက်တဲ့ ကာလမှာ ထုတ်ဝေခဲ့တယ်။ အခုလဲပဲ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြန်လည်ပြီးတော့ ရောင်နီသန်းလာတဲ့ အချိန်မှာ ထုတ်ဝေဖြစ်တဲ့အတွက် အထူးပဲ ဂုဏ်ယူပါတယ်။


'ဒီဘာသာပြန်ဆိုတဲ့ စာအုပ်နဲ့ အမျိုးသားစာပေဆုရတာ အလွန်ကိုပဲ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး'ဟု စာပေမြတ်နိုးတန်ဖိုးထားမှုကို ဖော်ကျူးရှင်းလင်းပြောပြခဲ့ပါသည်။

❐ **ယောနကဘိုးထောင်**



www.burmeseclassic.com

www.burmeseclassic.com



နီနီငြိမ်း

# ဝိညာဉ်တစ်ခုရဲ့မေတ္တာပြယုဂ်

လူတွေဟာ သေဆုံးပြီးနောက် ပေတဂတိကို ရောက်သွားတဲ့ ဝိညာဉ်တွေနဲ့ လူ့လောကမှာ ကျန်ရစ်ခဲ့တဲ့ လူသားဆွေမျိုးတွေရဲ့ ဆက်နွယ်မှုဟာ ထူးခြားဆန်းကြယ်လွန်းလို့ အတွေးနဲ့တောင် လိုက်မမီတဲ့ ဖြစ်ရပ်မျိုးတွေ အများကြီးရှိပါတယ်။

အဲဒီအထဲမှာ ကျွန်မ တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုကတော့ . . .

"ဒေါက် ဒေါက် ဒေါက်"

ညအချိန်မတော် သန်းခေါင်ကျော်လောက်မှာ ရုတ်တရက် ထွက်ပေါ်လာတဲ့ တံခါးခေါက်သံကြောင့် အိပ်ခန်းထဲက ထွက်လာခဲ့ပါတယ်။

"ဒီအချိန်ကြီးကျမှ ဘယ်သူများ တံခါးခေါက်ပါလိမ့်" ဆိုတဲ့ အတွေးနဲ့ တံခါးမှာတပ်ထားတဲ့ မှန်ပေါက်ကလေးက ချောင်းကြည့်လိုက်တော့ . . .

"ဒေါ်လေး ဒေါ်အေးမာပါလား"

ဒေါ်လေးရဲ့ ရုပ်သွင်ကို တွေ့လိုက်ရတဲ့အတွက် တံခါးမကြီးကိုအဖွင့် အဲဒီအချိန်မှာ အိမ်ရှေ့မှာအိပ်နေတဲ့ အမေက "ဘယ်သူလဲ သမီး" လို့ လှမ်းမေးလို့ . . .

"ဒေါ်လေး လာတာအမေ" လို့ ပြောပြောဆိုဆို တံခါးမကြီးကို ဖွင့်လိုက်ပါတယ်။

"ဟောတော့်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အံ့ဩသွားပြီး အာမေ[ဋိ]တ်သံ ထွက်သွားပါတယ်။

"သမီး ဘာဖြစ်လို့လဲ"

"ဒေါ်လေးကို မတွေ့တော့ဘူး [အ]မေ"

"နင့် ဒေါ်လေး လာတယ်ဆို၊ အခု ဘယ်ရောက်သွားသတုံး"

"ဟုတ်တယ်အမေ၊ ခုနက မှန်ပေါက်က ချောင်းကြည့်တုန်းက ဒေါ်လေးရပ်နေတာ သေသေချာချာ တွေ့လိုက်ပါတယ်"

"ဟင် ဒါဆို ဘုရား ဘုရား. . . အေးမာ တစ်ခုခုများ ဖြစ်နေသလား"

အမေက စိုးရိမ်တကြီး ပြောလိုက်ပါတယ်။

"အမေကလဲ မထိတ်သာ မလန့်သာ ဘာတွေပြောမှန်းမသိပါဘူး"

ကျွန်မက ပြောပြောဆိုဆို တံခါးပြန်ပိတ်လိုက်ပါသည်။

ဒေါ်လေးက ကျွန်မတို့နဲ့ အတူနေသူပါ။ အမေရဲ့ညီမ အငယ်ဆုံး အပျိုကြီး ဖြစ်ပါသည်။

"သမီး နင့်ဒေါ်လေးက ပုပ္ပားကို ဘုရားဖူးသွားတာ ချက်ချင်းဘယ်ရောက်ရမလဲ"

"ဟုတ်တယ် အမေ၊ မနေ့ကညကမှ ထွက်သွားတာ၊ဘယ်လာဦးမှာလဲ"

"ဟုတ်ပါရဲ့၊ ဒါဆို ဒီအချိန်မျိုးမှာ ဘယ်သူ တံခါးလာခေါက်ပါလိမ့်"

"မသိပါဘူးအမေရာ၊ သမီးတို့ ပြန်အိပ်ကြပါစို့"

ဒီလိုပြောပြီး ကျွန်မတို့သားအမိ ပြန်အိပ်ခဲ့ကြပါတယ်။ မနက် လင်းအားကြီးလောက်မှာ လက်ကိုင်ဖုန်းက မြည်လာပါတယ်။ ဖုန်းကို ကျွန်မ ကိုင်လိုက်တော့-

"ဒါ ဒေါ်ခင်လှတို့အိမ်ကလား"

"ဟုတ်ပါတယ်"

"ကျွန်မ ခင်မာဝေပါ၊ ဒေါ်အေးမာတို့နဲ့ ပုပ္ပားကို ဘုရားသွားဖူးတဲ့အဖွဲ့ထဲကပါ"

"ရှင် ဘာဖြစ်လို့လဲ၊ ပြောပါဦး"

"ပုပ္ပားမှာ ကားမှောက်လို့ ဒေါ်အေးမာနဲ့ ဒဏ်ရာရသူတွေကို ကျောက်ပန်းတောင်းဆေးရုံ တင်လိုက်တာ အခု ဒေါ်အေးမာဆုံးသွားလို့ အကြောင်းကြားတာပါ"

"ရှင် ဒေါ်လေးဆုံးပြီဟုတ်လား"

ကျွန်မဟာ ဒေါ်လေး ဆုံးပြီလို့ ကြားလိုက်တာနဲ့ လန့်ဖျပ်သွားခဲ့ပါတယ်။

"အမေရေ ထပါဦး"

"ဘာဖြစ်လို့လဲ သမီး"

"ဒေါ်လေးလေ ကျောက်ပန်းတောင်း ဆေးရုံမှာ ဆုံးပြီတဲ့"

"ဟောတော် ဒါဆိုရင် အမေတို့ လိုက်သွားရမှာပေါ့"

ကျွန်မတို့ သားအမိလည်း ရရာကားနဲ့ လိုက်သွားခဲ့ပါတယ်။ ဒေါ်လေးရဲ့အလောင်းကို သွားကြည့်လိုက်တော့ အပြာရောင်ဝမ်းဆက် ဝတ်ထားတာ တွေ့လိုက်ရတယ်။ ကျွန်မ ပိုပြီးအံ့အားသင့်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ တံခါးခေါက်လို့ မှန်ပေါက်လေးက ချောင်းကြည့်စဉ်မှာ ကျွန်မ တွေ့လိုက်တဲ့ ဒေါ်လေးဟာ အပြာရောင်ဝမ်းဆက် ဝတ်ထားလို့ပါပဲ။ ဒါဆိုရင်. . .

"ဒေါ်လေးတစ်ယောက် ဘဝကူးကူးချင်း အိမ်ကို ပြန်လာခဲ့တာလား ဒေါ်လေးရယ်"

ကျွန်မရင်ထဲမှာ ဆို့နစ်ကြေကွဲလာခဲ့ပါတယ်။ သူက အပြေးပြန်လာခဲ့ပေမယ့် ကျွန်မတို့က မသိတဲ့ဘဝမို့ ရင်နာမိပါတယ်။ ဒီလိုပဲ အိမ်ပြန်လာတဲ့သူ တစ်ယောက်ကိုလည်း ကျွန်မ တွေ့ဆုံခဲ့ဖူးပါတယ်။

အဲဒီတုန်းက ကျွန်မတို့မိသားစုဟာ ပြင်ဦးလွင် စစ်တပ်ထဲမှာ နေပါတယ်။ အဖေဟာ ဗိုလ်ကြီးအဆင့်ရှိသူမို့ ကျွန်မတို့မိသားစုအတွက် အရာရှိအိမ်တစ်လုံး ပေးထားပါတယ်။ အဖေတို့တပ်ဟာ ရှေ့တန်းစစ်ဆင်ရေးတွေ ဆင်နွှဲနေရတဲ့အချိန်ပါ။ အဖေဟာ ရှေ့တန်းထွက်သွားရင် နှစ်လ၊ သုံးလ ကြာမှ တယ်။ ရှေ့တန်းက စစ်သည်တွေပြန်လာရင် နောက်တန်းက မိသားစုတွေက စံပယ်ပန်းတွေ၊ သပြေပန်းတွေ ဝေနေအောင်ကိုင်ပြီး ရှေ့တန်းပြန်တွေကို ကြိုဆိုခဲ့ကြတယ်။

တစ်ခါတစ်ရံမှာ မိမိအိမ်က စစ်သည်ဟာ တိုက်ပွဲမှာကျခဲ့ရင် စောင့်သူဟာ စစ်သည်အားလုံးကုန်မှ ပြန်မလာနိုင်မှန်း သိကြရတယ်။ အဲဒီအခါမှာ တစ်အိမ်သားလုံး ဆူညံအော်ဟစ် ငိုယိုတမ်းတရတဲ့အဖြစ်မျိုးတွေ ရှိပါတယ်။ ကျွန်မဟာ အဲဒီအဖြစ်မျိုးတွေကြည့်ပြီး အဖေများ တစ်ခုခုဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးကို တွေးမိပြီး ကြိုရတဲ့ဘဝလေးကို ကြောက်ရွံ့ခဲ့ပါတယ်။

အဖေ ရှေ့တန်းထွက်ပြီး တစ်ပတ်လောက်အကြာမှာ အချိန်ကလည်း ဆောင်းရာသီဖြစ်ပြီး ပြင်ဦးလွင်ရဲ့ ဆောင်းရာသီဟာ မြေပြန့်ထက်ပိုပြီး စိမ့်နေအောင် အေးတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်မဟာ ဆယ်တန်းကျောင်းသူပါ။ ကျွန်မတို့ ညီအစ်ကိုမောင်နှမ ငါးယောက်မှာ ကျွန်မက အကြီးဆုံးပါ။ ညဘက် စာကျက်ပြီးချိန်မှာ မီးကလည်းပျက်သွားတာကြောင့် အိပ်ရာထဲမှာစောင်ခြုံပြီး အိပ်လိုက်တယ်။ညသန်းခေါင်ကျော်ကျော်လောက် အချိန်မှာ "ဝုန်း" ခနဲ အသံကြီးကြောင့် တစ်အိမ်သားလုံး အလန့်တကြား နိုးလာပါတယ်။

"အမေ ဘာသံကြီးလဲ"

မောင်လေးက အမေ့ကို မေးလိုက်ပါတယ်။

"ဟဲ့. . . နောက်ဖေးက ကြားတာပဲ၊ သွားကြည့်ပါဦး"

ကျွန်မတို့ မောင်နှမတွေလည်း ဖယောင်းတိုင်ထွန်းသူကထွန်း၊ လက်နှိပ်ဓာတ်မီး ရှာသူကရှာနဲ့ အလုပ်ရှုပ်သွားပါတယ်။ နောက်ဖေး မီးဖိုချောင်ကို သွားကြည့်တော့ ဘာတစ်ခုမှခြေရာလက်ရာ မပျက်ပါဘူး။ နောက်ဖေးတံခါးကလည်း ပိတ်လျက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ကြောင်ခုန်ချတာနေမှာပါ"

အမေက သားသမီးတွေကို အကြောက်ပြေအောင် ပြောလိုက်ပါတယ်။ ဒီတော့ မောင်လေးက. . .

"သားတို့အိမ်မှာမှ ကြောင်မရှိတာ"

"ဟဲ့ မောင်လေးရဲ့ တခြားအိမ်က ကြောင်ခုန်ချတာ နေမှာပေါ့၊ အစ်မတို့က ဖယောင်းတိုင်ထွန်းနေတုန်း ထွက်ပြေးသွားတာနေမှာ"

"ဒါဆို ရိုးရိုးကြောင်တော့ မဖြစ်နိုင်ဘူး၊ ကြောင်တစ္ဆေဖြစ်လိမ့်မယ်"

"ဟဲ့ကောင်လေး၊ ညကြီးမင်းကြီး ဘာတွေလျှောက်ပြောနေတာလဲ၊ သွား ပြန်အိပ်ဝေ့"

အမေက မောင်လေးကို မာန်မဲလိုက်ပါတယ်။ နောက်တော့ အမေ့မျက်နှာညှိုးသွားမှန်း ဖယောင်းတိုင်မီးမှိန်မှိန်အောက်မှာ တွေ့လိုက်ရတယ်။ အမေဟာ ဆက်မအိပ်တော့ဘဲ ဘုရားခန်းမှာ ဘုရားရှိခိုးနေတာ တွေ့လိုက်ရတယ်။ နောက်တစ်နေ့ မနက်မှာ ရွှေ့တန်းက အကြောင်းကြားခဲ့တယ်။အမေ့ကိုခေါ်လို့ အမေဟာ ရုံးကို သွားတော့-

"ဗိုလ်ကြီးလှမြင့် တိုက်ပွဲကျသွားပြီ" တဲ့။

ကျွန်မတို့အတွက် ရွှေတောင်ကြီး ပြိုခဲ့ပြီပေါ့။ အမေဟာ ငိုချင်လျက်နဲ့ အံကြိတ်ပြီး လောကဓံကို ကြံ့ကြံ့ခံခဲ့တယ်။ ကျွန်မကတော့ အမေ့လိုမခံနိုင်လို့ "အဖေရေ အဖေရေ သမီးကို လာကြည့်ပါဦး" လို့ အော်အော်ငိုခဲ့တယ်။

အဲဒီနေ့က တစ်နေ့လုံး ကျွန်မ အော်ငိုလို့ တအားပင်ပန်းသွားခဲ့တယ်။ အိမ်ဘေးအိမ်က ဒေါ်လေးမြိုင်တို့၊ မမလှိုင်တို့က . . .

"ညီမလေး သီတာ၊ သိပ်မငိုပါနဲ့၊ မောနေပါ့မယ်၊ သတိထားပါ"

ဆိုပြီး အမျိုးမျိုးချော့ခဲ့ကြတယ်။ ဒါပေမယ့် ကျွန်မ ကြေကွဲလွန်းလို့ တစ်နေ့လုံး ငိုလိုက် နားလိုက်ပေါ့။

ည ၁၀ နာရီလောက်မှ ကျွန်မ ဘယ်လိုမှမနေနိုင်အောင် အိပ်ချင်လာတယ်။

ဒါကြောင့် အခန်းထဲမှာ သွားအိပ်လိုက်တယ်။ အဲဒီအချိန်မှာ အခန်းဝမှာ ချိတ်ထားတဲ့ တိုင်ကပ်နာရီကြီးက-

"ဒေါင် ဒေါင် ဒေါင်" ဆိုပြီး ဆယ့်နှစ်ချက် မြည်သွားတယ်။

"ဩော် ၁၂နာရီတောင် ထိုးနေပြီပဲ"

နိုးတစ်ဝက် အိပ်တစ်ဝက်နဲ့ ကျွန်မ သိနေတယ်။ အသုဘအိမ်မို့ အိမ်ရှေ့တံခါးလည်း ဖွင့်ထားတယ်။ မီးတွေလည်း ထိန်လင်းနေတယ်။ ကွာစိစားပြီး စကားဝိုင်းထိုင်ပြောနေတဲ့ လူကြီးတွေကိုလည်း ကျွန်မ မြင်တွေ့နေရတယ်။ အဲဒီအချိန်မှာ တံခါးဝမှာ အဖေ ပြုံးခနဲ ရောက်လာတယ်။

"အဖေ အဖေ ပြန်လာပြီ"

"ဟုတ်တယ် သမီး၊ သမီးက သိပ်တမ်းတနေလို့ အဖေပြန်လာတာ"

အဲဒီအချိန်မှာ ကျွန်မဟာ အဖေသေပြီဆိုတာကို လုံးဝမသိပါ။

"အဖေက အဝေးကြီးကိုသွားနေတော့ သမီးက လွမ်းတာပေါ့၊ ဒါကြောင့် အဖေ့ကို တမ်းတပြီး ငိုနေတာပေါ့"

"ဟုတ်တယ် သမီး၊ သမီးငိုနေတာကို အဖေသိလို့ အထက်လူကြီးဆီမှာ ခွင့်ပန်ပြီး ခဏပြန်လာတာ"

"ဒါဆို အဖေ ပြန်သွားရဦးမှာပေါ့"

"ဒါပေါ့ သမီးရယ်၊ ဒါပေမယ့် အခု အဖေအချိန်ရပါသေးတယ်၊ အဖေနဲ့သမီး စကားတွေအများကြီးပြောမယ်"

"ဟုတ်တယ် အဖေရယ်၊ သမီးလဲ အဖေနဲ့မတွေ့တာကြာလို့ စကားတွေ အကြာကြီးပြောချင်တာ"

အဲဒီလိုပြောပြီး ကျွန်မနဲ့အဖေ စကားတွေဖောင်ဖွဲ့ပြီး ပြောလိုက်ကြတာ

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

အခန်းဝက တိုင်ကပ်နာရီကြီးက လေးချက်တီးတာမို့ မနက် ၄ နာရီကို ရောက်ပြီဆိုတာ သိလိုက်တယ်။ အဲဒီအချိန်မှာ အိမ်ရှေ့ဝိုင်းက လူကြီးတွေလည်း တုံးလုံးပက်လက်အိပ်ပျော်နေကြတာ တွေ့လိုက်တယ်။

အဖေက. . .

"သမီး အရုဏ်တက်ပြီ၊ အဖေ ပြန်ရတော့မယ်"

"အဖေက ဘယ်ပြန်မှာလဲ၊ ဒါက အဖေ့အိမ်လေ" လို့ ကျွန်မက ပြန်ပြောလိုက်တယ်။

ဒီတော့ အဖေက. . .

"သမီး၊ အဖေ လာလာချင်းတုန်းက သမီးကို ပြောခဲ့တယ်မဟုတ်လား၊ အထက်လူကြီးဆီမှာ ခွင့်ပန်ပြီး အဖေ ခဏပြန်လာတာလို့၊ ဒါကြောင့် အဖေ အခု ပြန်ရတော့မယ်"

"ဒါဆိုရင် အဖေ မနက်ဖြန်ကျရင် ပြန်လာခဲ့ပါနော်"

"အေးပါ သမီးရယ်၊ သမီး မငိုနဲ့နော်၊ အဖေ ပြန်လာခဲ့မယ်ဟုတ်လား"

"ဟုတ်ကဲ့ အဖေ"

အဖေက ထိုစကားများပြောပြီး အိမ်နောက်ရှိ မီးဖိုခန်းကိုဖြတ်ကာ အိမ်နောက်ဖေးတံခါးကို မဖွင့်ဘဲ တိုးဝင်ပျောက်ကွယ်သွားပါတော့တယ်။

"ဟယ်"

ကျွန်မက ဒီအဖြစ်အပျက်ကို ကြည့်ပြီး ထူးဆန်းအံ့ဩစွာ ရေရွတ်မိပါတယ်။ အဲဒီအချိန်မှာ ကျွန်မ လန့်နိုးလာပါတယ်။

ဒီတော့မှ . . .

"ဩော်. . . ငါ အိပ်မက်မက်နေတာကိုး"

ကျွန်မရဲ့ အိပ်မက်ကို တိတိကျကျ သိလိုက်ရပါတယ်။ ကျွန်မဟာ အခန်းအပြင်ဘက်ကို ထွက်ကြည့်လိုက်တော့ တိုင်ကပ်နာရီက လေးနာရီတိတိ။

အိမ်ရှေ့မှာ အိပ်ပျော်နေကြတဲ့ လူတစ်စု။ အားလုံးက အိပ်မက်ထဲက အတိုင်းပါပဲ။ တစ်ခုပဲ မရှိတာက အဖေပါပဲ။ ထူးဆန်းလိုက်တာ အိပ်မက်ထဲက အခြေအနေအတိုင်း အပြင်ဘက်မှာ





www.burmeseclassic.com

www.burmeseclassic.com

တကယ်ရှိနေတယ်။ ဒါကြောင့် အဖေဟာ ဝိညာဉ်ဘဝနဲ့ ကျွန်မဆီကိုတကယ်လာတယ်ဆိုတာ သိသာထင်ရှားနေပါပြီ။ နောက်တစ်ညမှာ ၁၂ နာရီထိုး ခါနီးအထိ ကျွန်မ မအိပ်ဘဲ ထိုင်စောင့် နေခဲ့တယ်။ အဖေကို သိပ်ချစ်လွန်းတဲ့ သမီးတစ်ယောက်အနေနဲ့ အဖေ့ရဲ့ ဝိညာဉ်ကို အပြင်ဘက်မှာ တွေ့ချင်တယ်။ဒါမှ တကယ်လား၊ အိပ်မက်ပုံရိပ်လားဆိုတာ တိတိကျကျ ခွဲခြားသိချင်လှပါ တယ်။

ဒါပေမယ့် ၁၂ နာရီ ထိုးခါနီးမှ ကျွန်မဟာ နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်သွားပြန်တယ်။ မကြာမီမှာ အိမ်ခန်းဝက တိုင်ကပ်နာရီကြီးက ဒေါင်ဆိုတဲ့ အသံ ၁၂ ခါမြည်မှာကို သိနေတယ်။

သိပ်မကြာခင်မှာ အခန်းဝက တိုင်ကပ်နာရီကြီးက "ဒေါင် ဒေါင်ဒေါင်" ဆိုပြီး ၁၂ ချက် မြည်လာပါပြီ။

ဒါဆိုရင် ကျွန်မအဖေ လာခါနီးပြီပေါ့။ ကျွန်မ မှန်းဆထားတဲ့အတိုင်း လေတဟူးဟူးတိုက်လာပြီး မကြာမီမှာ အဖေဟာ အိမ်ရှေ့လှေကားက တက်လာခဲ့တယ်။

"သမီး မသိတာ အဖေလာပြီ" လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ အိမ်ရှေ့က စကား ပြောနေတဲ့လူတွေ ရှေ့က ဖြတ်လျှောက်လာခဲ့တယ်။

"အဖေ ဒီတစ်ခါလဲ အထက်လူကြီးကို ပြောလာတာပဲလား"

"ဟုတ်တယ် သမီး၊ အဖေတို့ဟာ အထက်လူကြီးကို ခွင့်မပန်ဘဲ လာလို့မရဘူး၊ ကဲပါလေ ဒါတွေ မေးမနေနဲ့ သမီး၊ အဖေ ရှေ့တန်းပြန်သွားရရင် သမီးနဲ့ စကားပြောရမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ အဖေက ရှေ့တန်းက ပြန်လာတုန်းမှာ သမီးနဲ့ စကားတွေ အများကြီးပြောမယ်"

ကျွန်မဟာ အဖေသေမှန်းလည်း မသိပါ။ ဘာတွေပြောမှန်းလည်း မသိ။ ဒါပေမယ့် အဖေနဲ့ကျွန်မ စကားတွေ အများကြီး ပြောဖြစ်ပါတယ်။ ဒီလိုနဲ့ အခန်းဝက တိုင်ကပ်နာရီကြီးက . . .

"ဒေါင် ဒေါင် ဒေါင် ဒေါင်" လို့ လေးချက်မြည်လိုက်တယ်။

"ဟော အရုဏ်တက်ပြီ၊ အဖေ ပြန်ရတော့မယ်"

"အဖေရယ် မပြန်လို့ မရဘူးလား"

"မရလို့ပါ သမီးရယ်၊ အဖေ မနက်ဖြန်ကျရင် ပြန်လာခဲ့မယ်သမီး၊ ကဲ ကဲ အချိန်မရှိတော့ဘူး၊ အဖေသွားပြီ"

အဖေဟာ ပြောပြောဆိုဆို ကသုတ်ကရက်နဲ့ နောက်ဖေးက ပိတ်ထားတဲ့တံခါးထဲကို တိုးဝင်ပျောက်ကွယ်သွားပါတော့တယ်။ ဒီနောက်မှာ မနေ့ကလိုပဲ ကျွန်မ လန့်နိုးခဲ့တယ်။

"အဖေရယ် မကျွတ်မလွတ်တဲ့ ဘဝနဲ့ သမီးဆီကို လာတာလား၊ ဒါမှ မဟုတ် သမီးကပဲ စိတ်စွဲလမ်းလို့လား"

ကျွန်မ ပြန်မအိပ်နိုင်တော့ပါ။

ဒီလိုနဲ့ ခြောက်ရက်တိတိ ဒီအိပ်မက်ကို ညတိုင်း မက်ခဲ့တယ်။

"အင်း . . . မနက်ဖြန်ဆိုရင် အဖေဆုံးတာ ခုနစ်ရက်ပြည့်ပြီ၊ ရက်လည်ဆွမ်းသွတ်ကြတော့မယ်၊ ဒီနေ့ညသာ အဖေလာရင် အဖေ့ကို မပြန်ခိုင်းတော့ဘူး၊ အဖေ့ရဲ့လက်ကို အတင်းဆွဲထားပြီး အဖေ့ကို အိမ်မှာနေပါလို့ ပြောရမယ်"

ကျွန်မဟာ ကလေးပီပီ ကလေးအတွေးပဲ တွေးခဲ့မိပါတယ်။ အဖေနဲ့ ညတိုင်း အိပ်မက်ထဲမှာ တွေ့ရရင် အလွမ်းတွေဟာ တစ်ဝက်လောက်ပြေပါတယ်။ ခုနစ်ရက်မြောက်လို့ အဖေထွက်သွားရင် အိပ်မက်ထဲမှာ အဖေ့ကို မတွေ့ရမှာစိုးတယ်။

ဒါကြောင့် အဖေ့ကို ဘယ်မှ မသွားအောင် အပြတ်ဆွဲထားမယ်လို့ စိတ်ဆုံးဖြတ်ထားခဲ့တယ်။

ဒီည ခုနစ်ရက်ပြည့်တဲ့ည။

ည ၁၂ နာရီမှာ ထုံးစံအတိုင်း အိပ်မက် မက်ပါတယ်။ အဖေဟာ အိမ်ရှေ့လှေကားအတိုင်း တက်လာပြီး ကျွန်မဆီကို ရောက်လာတယ်။ အဖေ့ရဲ့ မျက်နှာဟာ ခါတိုင်းညတွေလို မလန်းဆန်းဘူး၊ ညှိုးနွမ်းနေတယ်။

"သမီးရယ် ဒီနေ့ညတော့ သမီးနဲ့ စကားတွေ အများကြီးပြောကြမယ်၊ မနက်ဖြန်ကစပြီး အဖေဟာ ဟိုးအဝေးကြီးကို ပြန်သွားရမယ်"

"ဘာဖြစ်လို့ ပြန်သွားရမှာလဲ အဖေ"

"ဒါကတော့ အထက်ကလူကြီးတွေရဲ့ အမိန့်ပေါ့ သမီးရယ်"

"အဖေရယ် မသွားလို့ မရဘူးလား"

"ကဲပါလေ၊ စိတ်မချမ်းသာစရာ စကားတွေ မပြောတော့ဘူး၊ ရတဲ့အချိန်လေးမှာ သမီးနဲ့ ပျော်ရွှင်စရာတွေပဲ ပြောကြမယ်"

"ဟုတ်ပါတယ် အဖေရယ်၊ သမီးလဲ အဖေနဲ့ ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်တယ်"

ဒီလိုပြောပေမယ့် ကျွန်မစိတ်ထဲမှာ မနက်လေးနာရီထိုးရင် အဖေပြန်မှာကို ကြိုသိနေတယ်။ ဒီတစ်ခါ ပြန်သွားရင် နောက်ပြန်လာဖို့ မလွယ်ဘူးဆိုတာလည်း သိနေပါတယ်။ ဒါကြောင့် အဖေ့ကို မပြန်နိုင်အောင် ဆွဲထားရမယ်ဆိုတာကို သတိထားနေမိတယ်။

အဖေဟာ ကျွန်မနဲ့ စကားတွေ အများကြီး ပြောနေခဲ့တယ်။ နောက်တော့ မနက် ၄ နာရီအချိန်ကို ရောက်လာပါတယ်။

အဖေက ထုံးစံအတိုင်း. .

"သမီး အဖေပြန်တော့မယ်" လို့ ပြောလိုက်တယ်။

"အဖေ မပြန်ရဘူး၊ ဒီတစ်ခါ ပြန်သွားရင် အဖေပြန်လာမှာမဟုတ်ဘူး၊ သမီးတို့နဲ့ ဒီအိမ်မှာပဲ အတူတူနေကြမယ်"

ကျွန်မက ပြောပြောဆိုဆိုပင် အဖေ့လက်ကိုအတင်းဆွဲထားလိုက်တယ်။

"သမီးရယ် အဖေ့လက်ကို လွှတ်ပါ၊ အဖေ အပြန်နောက်ကျရင် ဒဏ်ခတ်ခံရလိမ့်မယ်"




www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း အဖေ မပြန်ရဘူး၊ အဖေမပြန်ရင် ဘယ်သူက ဒဏ်ခတ်မှာလဲ၊ မပြန်ပါနဲ့ အဖေရယ်၊ သမီးတို့နဲ့ အတူတူနေပါ အဖေရယ်၊ မခွဲနိုင်လို့ပါ"

"သမီးရယ် အဖေလဲ မခွဲနိုင်ပါဘူး၊ ဒါပေမယ့် အဖေ ဆက်နေလို့မရလို့ပါ၊ သမီးရဲ့လက်ကိုဖြုတ်ပေးပါ သမီးရယ်"

"မဖြုတ်ဘူး၊ မဖြုတ်ဘူး၊ အဖေ မပြန်ရဘူး"

ကျွန်မနဲ့ အဖေ အချီအချ ငြင်းဆန်နေလိုက်တာ နာရီဝက်လောက်ကြာသွားတယ်။

ဒီတော့ အဖေက. . .

"သမီး အဖေဟာ ဟိုးအဝေးကြီးကို သွားရမှာ၊ အခုအချိန်တောင်အတော်လင့်သွားပြီ၊ လက်ကိုဖြုတ်နော်၊ မဖြုတ်ရင် . . ."

ကျွန်မကလည်း လက်ကိုမဖြုတ်ဘဲ အတင်းဆွဲထားတဲ့အချိန်မှာ အဖေ့ရဲ့ဦးခေါင်းကြီးဟာ ပုတ်ကြီးလောက်ကြီးသွားပြီး ခေါင်းတခြား ကိုယ်တခြားနဲ့ ကြောက်မက်ဖွယ်ရုပ်မျိုး ပြောင်းသွားတဲ့အတွက် . . .

"အောင်မယ်လေး" လို့ တစ်ချက်ပဲ အော်နိုင်ပါတယ်။ အလွန်အမင်းကြောက်လန့်ပြီး အဖေ့လက်ကို လွှတ်လိုက်မိတယ်။ ကျွန်မတစ်ကိုယ်လုံး တုန်ယင်ပြီး ချွေးတွေ တစ်ကိုယ်လုံးရွှဲပြီး အိပ်ရာက လန့်နိုးလာခဲ့တယ်။

အဖေ့ရဲ့ မကျွတ်မလွတ်တဲ့ မူလပုံ ပေါ်လာတာလား။ ကျွန်မက ဆွဲထားလို့ လက်လွှတ်အောင် ခြောက်လှန့်တာလားဆိုတာ အတိအကျမသိပါ။

ဒါပေမယ့် အဲဒီအချိန်ကစပြီး အဖေ့ကို အိပ်မက် မမက်တော့ပါ။

ငယ်ငယ်တုန်းက မသိပေမယ့် တဖြည်းဖြည်း အသက်အရွယ် ရလာတဲ့အခါ စဉ်းစားမိပါတယ်။ အဖေဟာ လူမမည်ကလေး ငါးယောက်နဲ့ အမေ့ကို စိတ်မှာစွဲလမ်းပြီး သေဆုံးသွားတာ ဖြစ်ပါလိမ့်မယ်။

ဓမ္မတရားတော်နဲ့ကြည့်ရင်. .

- ချစ်ခြင်း၊ မုန်းခြင်း၊ လွမ်းခြင်း စတာတွေဟာ 'လောဘ'ဆိုတဲ့ တရားကိုယ် ကောက်ပါတယ်။

ဒေါသနဲ့သေ ငရဲပြည်
မောဟနဲ့သေ တိရစ္ဆာန်ပြည်
လောဘနဲ့သေ ပြိတ္တာပြည်တဲ့။

အယူလွဲသွားတဲ့အတွက် ခေတ္တ ခဏ ဝိညာဉ်ဘဝကို ရောက်သွားတာ ဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ကျွန်မဟာ တအားတမ်းတပြီး ငိုတဲ့အတွက် ဖခင်တစ်ယောက်ရဲ့ မေတ္တာစိတ်နဲ့ ဝိညာဉ်ဘဝနဲ့ ရောက်လာတာဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မတို့မိသားစုက ဆွမ်းသွတ် အမျှဝေတဲ့အတွက် ဒီဘဝကနေ ကျွတ်လွတ်သွားလို့ အိပ်မက် မမက်တော့တာ ဖြစ်မှာပဲလို့ တွေးထင်မိပါတယ်။

ဖခင်တစ်ယောက်ရဲ့ မေတ္တာကို ပြသတဲ့အိပ်မက် သို့မဟုတ် 'ဝိညာဉ်တစ်ခုရဲ့ ကြီးမားတဲ့ မေတ္တာပြယုဂ်' ကိုတော့ ကျွန်မ မှတ်တမ်းမတင်ဘဲ မနေနိုင်လို့ ယခုလို ရေးသားလိုက်ရပါတယ်။

(မသီတာရဲ့ အဖြစ်မှန်ကို ရေးဖွဲ့တင်ပြပါသည်။)

❐ ရိုရိုငွေ




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ၍ (မြန်မာပြည်)

- ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ : ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱: ၀၉-၃၁၀၂၂၈၁၆




www.burmeseclassic.com

www.burmeseclassic.com




လင်းပြည့်စုံ

# နိုင်ငံရေးဆိုတာ ဘာလဲ

စာပေရပ်ဝန်း ဖြန့်ကြက်စည်ကားရာ မြို့လယ်ကောင်ကို ဒီနေ့ရောက်သွားတော့ ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးမှာ တွေ့နေကျ စာပေမိတ်ဆွေတွေနဲ့ စကားဝိုင်းဖွဲ့ဖြစ်တယ်။ ထုံးစံအတိုင်း စာအကြောင်း၊ ကဗျာအကြောင်း ဖောင်နေအောင် ပြောကြတယ်။

ပြောသူက စိတ်ပါလက်ပါ အားရပါးရ ပြောကြသလို နားထောင်သူတွေကလည်း စိတ်ဝင်တစား နားထောင်ကြတယ်။ ပြန်လည်ဆွေးနွေးစရာရှိရင်လည်း နွေးနွေးထွေးထွေး ပြန်လည်ဆွေးနွေးတယ်။

ကျွန်တော်တို့တစ်တွေ ထိုင်ကြတဲ့ လက်ဖက်ရည်ဆိုင်က တန်ခိုးကြီးဘုရားတစ်ဆူအနီးက အတော်အတန် ကျယ်ပြန့်ကြီးမားတဲ့ ဆိုင်ကြီးတစ်ဆိုင်ဖြစ်ပါတယ်။

အခုလို မိုးတွင်းဘက်ဆိုရင်တော့ ဆိုင်အတွင်း စားပွဲမှာ ဝိုင်းကြတာများပေမယ့် မိုးလေကင်းလွတ်တဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ ဆိုင်အပြင်ဘက်က ညောင်ပင်ကြီးအောက်မှာ ထိုင်ကြတယ်။

ညောင်ပင်ကြီးက သက်တမ်းရင့်ညောင်ပင်ကြီးဆိုတော့ အရိပ်အဝန်းကလည်း ဧရာမ ထီးကြီးတစ်လက် မိုးထားသလိုပါပဲ။ တော်ရုံတန်ရုံ မိုးဖွဲဖွဲလောက်ကို မှူစရာမလိုသလို နေရောင်ခြည်အပူရှိန်ကိုလည်း ကောင်းကောင်းကာကွယ်ပေးပါတယ်။

ဆောင်းအခါ နှင်းကျတာလောက်ကိုတော့ အပျော့ပဲ။ ရန်ကုန်ဆောင်းရဲ့ ရန်ကုန်နှင်းဆိုတာကလည်း သိတဲ့အတိုင်းပဲလေ။ ကလူ၏သို့ မြူ၏သို့ မဟုတ်လား။

အဲဒီလို ညောင်ပင်ကြီးအောက်က စားပွဲလေးမှာထိုင်ပြီး လက်ဖက်ရည်သောက်ရင်း စာအကြောင်း၊ ကဗျာအကြောင်းပြောရတာ ဘယ်လိုအရသာရှိမှန်း မသိပါဘူး။

အဲ ကျွန်တော့်အတွက် ပြောရတာ ဆိုတာထက် နားထောင်ရတာဆိုရင် ပိုမှန်ပါလိမ့်မယ်။ ကျွန်တော်က ပြောခြင်းထက် နားထောင်ခြင်းကို ပိုပြီးနှစ်သက်သူလေ။

ဟုတ်ပါတယ်။ မိတ်ဆွေစာရေးဆရာ၊ ကဗျာဆရာတွေကလည်း ဖြတ်သန်းမှုတွေ ရင့်ကျက်ကြသူများပီပီ တစ်နေ့တစ်မျိုး မရိုးနိုင်လောက်အောင် အမှတ်တမဲ့ ရုပ်ပုံလွှာတွေကို အမှတ်တရ စွဲကျန်ရစ်အောင် ပြောနိုင်သူတွေမို့ နားထောင်ရတာ မငြီးငွေ့နိုင်ပါဘူး။

ညောင်သီးလေးတွေ ကြွေတဲ့အခါ မြေတလင်းမာမာနဲ့ ထိတွေ့ပြီး ဖောက်ခနဲ ဖောက်ခနဲ မြည်သံလေးတွေကို နားအရသာခံရင်း အမှတ်တရစကားသံတွေကို နားထောင်ရတာ ကျွန်တော့်ဘဝ ဒိုင်ယာရီရဲ့ အလွန်လှပတဲ့ မှတ်တမ်းတွေ ဖြစ်ခဲ့ရတယ်။

အဲဒီ အလွန်လှပတဲ့ မှတ်တမ်းတွေကို ပြန်လည်သုံးသပ်မိတဲ့အခါ ထူးခြားမှုတစ်ရပ်ကို အမှတ်မထင် ဖျတ်ခနဲ တွေ့မိတယ်။

အမှန်ပြောရရင် အဲဒီထူးခြားမှုကို ရုတ်တရက်တော့ မတွေ့မိဘူး။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်နီးပါး ရှိလာတဲ့အခါမှာမှ ဖျတ်ခနဲ တွေ့ရှိသိမြင် အမှတ်ထင်ထင် ဖြစ်မိရတာ။

အရင်က စကားဝိုင်းလေးဟာ နူးညံ့သိမ်မွေ့တယ်လို့ ယေဘုယျအနေနဲ့ ဆိုကြပါစို့ရဲ့။ မနူးညံ့ မသိမ်မွေ့လို့ကလည်း မဖြစ်ဘူး။ အခါခပ်သိမ်း ညောင်သီးလည်းစား၊ လေးညှို့သံလည်း နားထောင်နေရတာမို့ နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့် အခြေအနေမဟုတ်လား။

ကိုယ်နဲ့ မလှမ်းမကမ်းစားပွဲဝိုင်းက လူကို မပြောနဲ့၊ ကိုယ်နဲ့ တစ်ဝိုင်းတည်း ထိုင်နေတဲ့ လူကိုတောင် သတိထားနေရတာလေ။ ထောက်လှမ်းရေးလား၊ သတင်းပေးလား၊ ဘာသားညာလား စိုးတထိတ်ထိတ် သံသယတွေနဲ့ဆိုတော့ အသုံးအနှုန်း စကားလုံးတွေက နူးညံ့သိမ်မွေ့မှ ဖြစ်မှာပါ။

ပြောရမယ်ဆိုရင် သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆင်ဆာမဖြတ်ခင် ကိုယ့်စကားလုံးတွေကို ကိုယ်ကိုယ်တိုင် ဆင်ဆာဖြတ်နေရတာလေ။

ဒါတောင် ဆင်ဆာက မကင်းချင်ဘူး။ ဒီအထဲမှာ အထူးသတိထားပြီး ထိန်းချုပ်ရတဲ့ စကားလုံးကတော့ နိုင်ငံရေးပါပဲ။

ပြောရင်း ဆိုရင်း စကားလွန်သွားလို့ နိုင်ငံရေး အငွေ့အသက်တွေ ပါသွားမှဖြင့် နိုင်ငံရေးတွေ မပါလာနဲ့၊ ဘောလုံးပွဲအကြောင်းပဲပြောလို့ ရယ်သလို မောသလို၊ နောက်သလို ပြောင်သလို ဟန့်တားကြတာ မမေ့နိုင်စရာပါ။

ဘယ်လောက်ကြာကြာ အဲဒီလို ဟန့်တားခဲ့ကြသလဲဆိုရင် နှစ်ပေါင်း ငါးဆယ်တိုင်တိုင်ပါလားလို့ ပြန်လည် တွက်စစ်ကြည့်မိတော့ နှမြောလိုက်တာလေ၊ ဘာကို ဘယ်လို နှမြောမိမှန်း မပြောတတ်လောက်အောင်ကို အနှမြောကြီး နှမြောမိတာပါ။

ဟော အခုတော့ ပြောလိုက်ကြတဲ့ နိုင်ငံရေး၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကျွန်တော်တို့ရဲ့ ညောင်ညိုပင်ရိပ်က လက်ဖက်ရည်ဝိုင်းမှာတော့ အတက်ကြွဆုံး ထင်ပါတယ်။

နှစ်ပေါင်းငါးဆယ် ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရတဲ့ အောင့်လုံးကြီးတွေကို အတိုးချပြီး ခြေကုန်ပြောနေလိုက်ကြတာ ဝက်ဝက်ကွဲပါရော။

အရင်ကလို တီးတိုး တီးတိုး သဖန်းပိုး လုပ်စရာမလိုတော့တဲ့အတွက် ကျွန်တော်တို့ရဲ့ ညောင်ညိုရိပ်က လက်ဖက်ရည်ဝိုင်းဟာ သိသိသာသာ အရှိန်အဟုန်ကောင်းလာသလို လူတွေရဲ့ မျက်နှာတွေကလည်း ကျိုးလန့်စာစား မဟုတ်တော့ဘဲ သားကောင်ကို ချိသုတ်မယ့် သိမ်းငှက်တွေလို ရဲရင့်ဝင်းပြောင်နေကြတော့တာပဲ။ အဲဒါ ကျွန်တော် သတိထားမိလိုက်တဲ့ ထူးခြားချက်ပါပဲ။

အခုတော့ ဟိုနေရာမှာလည်း နိုင်ငံရေး၊ ဒီနေရာမှာလည်း နိုင်ငံရေ[illegible] နိုင်ငံရေးတွေ ရေးနေလိုက်ကြတာ[illegible] လှိုင်းလုံးကြီးတွေပမာ။

ဒီအခါမှာ 'နိုင်ငံရေး ဆိုတာ[illegible] ဘာလဲ' လို့ မေးခွန်းထုတ်လာသူတွေ[illegible] အတွက် တိကျပြည့်စုံတဲ့ အဖြေပေး[illegible] လိုအပ်လာတာကိုလည်း တွေ့မြင်လာ[illegible] ပါတယ်။

ဒါကြောင့် အကောင်းဆုံးအဖြေ[illegible] အဖြစ် အမျိုးသားခေါင်းဆောင်ကြီး[illegible] လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်[illegible] အောင်ဆန်း ကိုယ်တိုင် ၁၉၄၆ ခုနှစ်[illegible] ဇန်နဝါရီလ (၂၀)ရက်နေ့မှာ မိန့်ကြား[illegible] ခဲ့တဲ့ 'နိုင်ငံရေးဆိုတာ ဘာလဲ'ဆိုတဲ့ မိန့်[illegible] ခွန်းကို ကောက်နုတ် တင်ပြလိုက်ရ[illegible] တယ်။

❖❖❖

ရှေ့ဆောင်ရှေ့သွား ပုဂ္ဂိုလ်များ[illegible] က ကျွန်ုပ်တို့အား အလွန်ကြီးလေး[illegible] သော တာဝန်ကို ဆက်လက်ဆောင်[illegible] ရွက်ရန် ပေးအပ်ထားခဲ့သည်ဖြစ်[illegible] ကျွန်ုပ်တို့ကလည်း ဤတာဝန်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျေပွန်စွာ ထမ်းရွက်ရပေလိမ့်မည်။

အဘယ်ကဲ့သို့ ထမ်းရွက်ကြမည်နည်းဟူ၍ ပြဿနာကို ဖြေရှင်းရာ ဖြေရှင်းကြောင်း သဲလွန်စအပေါင်းတို့ကို ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ရှာဖွေသင့်သည်ဟူ၍ ယူဆရပေမည်။

အဘယ်ကြောင့်ဆိုသော် ယခုခေတ် ယခုအခါ၌ ကမ္ဘာသူ ကမ္ဘာသားတို့ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအပေါင်းတို့သည် တစ်ခုနှင့် တစ်ခု ရောထွေးယှက်စပ် ခွဲခြားခြင်းငှာ မတတ်စွမ်းနိုင်သော အခြေအနေသို့ ရောက်လျက်ရှိနေပေသည်။

တစ်နည်းအားဖြင့် ဆိုသော် ကမ္ဘာကြီးတစ်ခုလုံးသည် ရုန်းရင်းဆန်ခတ်နေရာမလပ်အောင် လှုပ်ရှားပြောင်းလဲလျက် ရှိနေပေသည်။ အမျိုးသားရေး လူမျိုး တစ်မျိုးနှင့် တစ်မျိုး ဆက်သွယ်ရေး စီးပွားရေး၊ နိုင်ငံရေး၊ ကြီးပွားရေး၊ ယဉ်ကျေးရေး၊ ဘာသာရေး၊ အကျင့်ကောင်းရေးစသော ထိုထိုသော အရေးတို့သည် စင်စစ်မှာ ဤရောထွေးယှက်တန်းလျက်ရှိသော ကမ္ဘာ့ပြဿနာကြီး၏ အစိတ်အပိုင်းများသာ ဖြစ်သည့် အားလျော်စွာ ခေတ်ကာလနှင့် လိုက်၍ အစဉ်တစိုက် သဘောသဏ္ဌာန်ပြောင်းလဲလျက်ရှိကြပေသည်။

သို့ပြောင်းလဲလျက် ရှိသောကြောင့် ကျွန်ုပ်တို့သည် ဤအရေး ဤကိစ္စဥဿုံအလုံးစုံကို ဆင်ခြင်စဉ်းစားသောအခါ၌လည်း ကျွန်ုပ်တို့သည် ခေတ်မမီသော အတွေးအဆ ခေတ်နောက်ကျကျန်ရစ်ခဲ့သော ဥပဒေသတို့ကို လှေနံဓားထစ် လိုက်နာခြင်းငှာ မဖြစ်နိုင်တော့ချေ။

ကျွန်ုပ်တို့နိုင်ငံတွင် ယခုအချိန်အခါ၌ ခေတ်ပြောင်းခေတ်လွှဲရှိကြောင်း အငြင်းမထွက်ဘဲလျက် သဲသဲမဲမဲ ရှေး[illegible] အတွေးအဆ ရှိသသူများ ရှိကြပေသေး၏။ အချို့သောသူများသည် ယခုခေတ်ထိပင် ယုတ်မာညစ်ထေး ရှေးက နိုင်ငံရေးမျိုးကို သိလျက်နှင့်ဖြစ်စေ၊

> ရှေ့ဆောင်ရှေ့သွား
> ပုဂ္ဂိုလ်များက
> ကျွန်ုပ်တို့အား
> အလွန်ကြီးလေးသော တာဝန်ကို
> ဆက်လက်ဆောင်ရွက်ရန်
> ပေးအပ်ထားခဲ့သည်ဖြစ်ရာ
> ကျွန်ုပ်တို့ကလည်း
> ဤတာဝန်ကို ကျေပွန်စွာ
> ထမ်းရွက်ရပေလိမ့်မည်။

မသိဘဲလျက်နှင့် ဖြစ်စေ လိုက်စားလျက်ရှိကြသေး၏။ နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စင်မှာ နိုင်ငံရေးသည်ယုတ်မာညစ်ထေးသည် မဟုတ်၊ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာ ဖြစ်ပေ၏။

နိုင်ငံရေးဆိုတာ ဘာလဲဟု မေးဖွယ်ရာရှိပြန်၏။

ကျွန်ုပ်တို့သည် သာမန်ပုထုဇဉ်များ ဖြစ်သောကြောင့် နိုင်ငံရေးကို မလုပ်သင့်။ နိုင်ငံရေးသည် အလွန်မြင့်မြတ်သည့်အတွက် ကျွန်ုပ်တို့နှင့် မတန်မရာ လေးမြတ်စွာ မျှော်ရှုရန်သာရှိသည်ဟူ၍ ဆိုရမည်လော။

သို့တည်းမဟုတ် နိုင်ငံရေးသည် အချို့သော လူညာ လူလိမ်တို့သည် တောအုံကမ်းနားကျေးတောသား လူရိုးလူအတို့ကို အတိတ်၊ တပေါင်၊ စနည်း၊ ဘဝေါတို့ကို တွင်တွင်ကြီးဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကိုလိုက်၍ အငိုက်ကိုဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့် ကိစ္စဟု ဆိုရမည်လော။

သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော အန္တရာယ်များစွာရှိသော အရေးကိစ္စဖြစ်သောကြောင့် ကျွန်ုပ်တို့သည် တတ်သာလျှင် ရှောင်ရှားသင့်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကျွန်ုပ်တို့ပြောလေ့ပြောထရှိသည့် အတိုင်း၊ အမျိုးဘာသာ သာသနာရေးဟူ၍ပင် ဆိုရဦးမည်လော။

နိုင်ငံရေး သဘောအမှန်မှာ ကျွန်ုပ်တို့လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်း မဟုတ်၊ နိမ့်ကျလွန်းသည်လည်း မဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်း မဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရောစိတ်ဇောနှင့် လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏။

အတိုချုပ်ဆိုရလျှင် နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟုဆိုရပေမည်။

ကျွန်ုပ်တို့စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစစုသည် နိုင်ငံရေးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ၏။

ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ အလုပ်ရုံစသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။

အလုပ်သမားသည် အခကြေးငွေအတွက် အလုပ်လုပ်ရ၏။ တောင်သူလယ်သမားသည် ဝမ်းစာအတွက် လယ်ယာလုပ်ရ၏။ စာရေးစာချီ အမှုထမ်းသည်လည်း လစာငွေအတွက် အလုပ်လုပ်ရ၏။ ကုန်သည်ပွဲစား စသည်တို့သည် အသီးသီးဝင်ငွေရရန်လုပ်ကြရ၏။





www.burmeseclassic.com

www.burmeseclassic.com

အချုပ်မှာ စားသောက်နေထိုင်ရေးအတွက်ပင်ဖြစ်၏။ အလုပ်သမားသည် အခကြေးငွေကို တိုးတက်၍ရပြီးလျှင် စားသာသောက်သာသော အခြေအနေကို ရလို၏။ တောင်သူ လယ်သမားသည် မိမိလယ်မြေကို တိုးတက်ကောင်းမွန်စေ၍ သက်သာချောင်ချိလို၏။ စာရေးစာချီ အမှုထမ်းတို့သည်လည်း ရုံး၌ တကုပ်ကုပ်လုပ်နေရသောဘဝထက် လွတ်လွတ်လပ်လပ် ချောင်ချောင်လည်လည်ရှိသော အခြေအနေသို့ရောက်လိုကြ၏။ ကုန်သည်ပွဲစားတို့လည်း လွယ်လွယ်ကူကူတိုးချဲ့၍ ကူးသန်းရောင်းဝယ်လိုကြ၏။

ဤကဲ့သို့ လူတိုင်းသူတိုင်း မိမိတို့၏ အခွင့်အရေးကို ရယူလိုခြင်းသည် နိုင်ငံရေးပင် ဖြစ်၏။

သို့ရာတွင် ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက်ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့နိုင်ငံရေးသည်လည်း ပြောင်းလဲလျက်ရှိ၏။

ကျွန်ုပ်တို့အားလုံးသက်သက်သာသာ ချောင်ချောင်ချိချိ လူတန်းစေ့အောင် နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်အောင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြပေသည်။

လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ်လပ်မှု၊ လူတစ်ဦးတစ်ယောက်အနေနှင့်လည်းကောင်း၊ တစ်မျိုးလုံးအနေနှင့်လည်းကောင်း တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ကာယ၊ ဉာဏ၊ စိတ္တ၊ အဆင့်အတန်း တိုးမြင့်အောင် ဆောင်ရွက်နိုင်ရန် လွတ်လပ်မှုတို့ စသည်တို့ကို ဆိုလိုပေသည်။

ဤလွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ သို့ဖြစ်ရကား နိုင်ငံရေးသည် လူမှုလူရေးမျှသာဖြစ်၏။ နိုင်ငံရေးကို ကျွန်ုပ်တို့နားမလည်စရာ အကြောင်း မရှိချေ။

သို့ပါလျက်နှင့် အချို့သောသူများသည် နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟုဆိုကြ၏။ အချို့ကလည်း နိုင်ငံရေးသည် ကိုးကွယ်ရာ ဘာသာတရားပင် ဖြစ်သကဲ့သို့ ဆိုကြပြန်၏။

ထိုသူတို့၏ အယူအဆတို့မှာ အလွဲလွဲအမှားမှား ကွဲကွဲပြားပြားရှိကြပေ၏။ နိုင်ငံရေးကို ဘာသာတရားဖြစ်သကဲ့သို့ ပြောဆိုကြသောသူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင်လျှင် ဖြစ်ပေ၏။

ထိုသူတို့၏ ရည်ရွယ်ချက်မှာ ထိုကဲ့သို့ ကြီးကြီးကျယ်ကျယ် လှည့်ပတ်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏စိတ်ကို ရှုပ်ထွေးစေ၍ အကြောင်း အကျိုး အကောင်း အဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် လုပ်ခြင်းမျှသာဖြစ်ပေ၏။

အမှန်မှာထိုသူတို့ ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်။ မိမိတို့ အကောက်ဉာဏ်ကို အသုံးပြု၍ မိမိတို့ ကြီးပွားရေး တနပ်စားနိုင်ငံရေးပင် ဖြစ်ရာ၏။ ကိုးကွယ်သည့် ဘာသာရေးမှာ လူအသီးသီးတို့၏ သက်ဝင်ယုံကြည်မှုဖြစ်၏။

နိုင်ငံရေးမှာကား လူအသီးသီးတို့၏ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာလျှင် ဖြစ်၏။ သိပ္ပံအတတ် အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက်ရပေလိမ့်မည်။

အခွင့်အရေးများတွင် လွတ်လပ်စွာ ဘာသာကိုးကွယ်နိုင်မှုလည်း ပါဝင်လေ၏။ ဤအခွင့်အရေးပေးရာ၌ပင် ကျွန်ုပ်တို့သည် နိုင်ငံရေးနှင့် ကိုးကွယ်သည့်ဘာသာရေး နှစ်ဌာနစပ်ကြားတွင် စည်းတားရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးနှင့် ဘာသာရေးမှာ သဘောမတူ အမူကွဲပြား တခြားစီဖြစ်သောကြောင့်တည်း။ ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏ သဘောတရားကို ဆန့်ကျင်ရာရောက်ပေ၏။

အကြောင်းမူကား ဘာသာရေးသည် နောင်တမလွန်ဘဝများကို (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။

လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေးတို့သည် အခြေသဘောအားဖြင့် ဆန့်ကျင်စရာအကြောင်းမရှိဟု ယူဆမိသည်။ ဘာသာတရားက သစ္စာ၊ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခဲ့ရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။

စင်စစ်မှာ နိုင်ငံရေးတို့မည်သည် ပြီးဆုံးခြင်းရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သံသရာ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်အတိုင်း အကြောင်းနှင့်အကျိုး အတိတ်နှင့်ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့်အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားလှသော ခရီးကို တစ်သွားတည်း သွားနေရပေပြီ။ ဤကဲ့သို့ အကြောင်းတရား အကျိုးတရား အမျိုးအစားကိုလိုက်၍ ဖြစ်ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံရေး ဖြစ်၏။

အခုဆိုရင် နိုင်ငံရေး ဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းရဲ့အဖြေကို တိတိကျကျ ပြည့်ပြည့်စုံစုံ ခြုံငုံသိမြင်နိုင်ကြပါပြီ။

အခုလို သိမြင်ကြရတဲ့အတွက် နိုင်ငံရေးကို အနှစ်သာရရှိရှိ၊ အဓိပ္ပာယ်ပြည့်ပြည့်ဝဝနဲ့ လုပ်ကိုင်ဆောင်ရွက်ကြပြီး အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ တင့်တယ်စေဖို့ စွမ်းဆောင်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိပါတယ်။

နိုင်ငံရေး အသိ၊ နိုင်ငံရေး သတိ ပြည့်စုံကြွယ်ဝကြပါစေ။

မေတ္တာရည်လျက်

❒ လင်းပြည့်



www.burmeseclassic.com


www.burmeseclassic.com






# အတွင်းမှာရှိတဲ့ နိုင်ငံ (သို့မဟုတ်) ရောမမြို့ကြီးထဲက နိုင်ငံငယ်လေး ဗာတီကန်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သ)



www.burmeseclassic.com

www.burmeseclassic.com



ဗာတီကန်စီတီးက စိန့်ပီတာဘုရားကျောင်း
(St. Peter's Basilica)

**နာမည်ကျော် ထရီဗီရေပန်း (Trevi Fountain) မှသည် ဗာတီကန်နန်းတော်သို့**

ထရီဗီရေပန်းက စမ်းရေစီးသံ၊ လူသံသူသံ၊ ခတ်ပုံကင်မရာခလုတ်နှိပ်သံတွေကို ကျောခိုင်းပြီး နေ့လယ်စာစားဖို့ ကိုယ်တို့ ပြန်ထွက်ခဲ့ကြပါတယ်။ ကျောက်တုံးနက်ကလေးတွေ ခင်းထားတဲ့ ချောပြောင်နေတဲ့ လမ်းကျဉ်းလေးကို နင်းလျှောက်ရင်း ကျောက်သားပန်းပုတွေကို ငေးရင်းပေ့ါ။

အဲဒီနောက်မှာတော့ ရောမမြို့ထဲက ကမ္ဘာ့အသေးဆုံး နိုင်ငံလေးဖြစ်တဲ့ ဗာတီကန်စီတီး (Vartican City) ကို ဆက်လက် သွားရောက်ကြရဦးမှာပါ။ ကျောက်ဆစ်ရုပ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ရောမအိမ်မက်ကို နေ့ခင်းကြောင်တောင် မက်နေရပြီး ဒဏ္ဍာရီဆန်လှတဲ့ ရောမခေတ်ကို ပြန်ရောက်နေသလိုလည်း ခံစားနေရရဲ့။

စားသောက်ဆိုင်ကနေ ဗာတီကန်စီတီးကို ကားနဲ့ ဆက်သွားရပါသေးတယ်။ ကားပေါ်မှာ လမ်းညွှန်ကိုဇော်က-

"ဥရောပမှာ တစ်ဦးနဲ့တစ်ဦး တွေ့တွေ့ချင်း နှုတ်ဆက်ကြတဲ့အခါ ပါးကပ်ပြီး နမ်းကြရတယ်၊ ဘယ်ဘက်ပါးကို စပြီး ကပ်ရကာ၊ အဲဒီလိုလုပ်ရင်း တစ်ပြိုင်တည်းမှာပဲ နှုတ်ကလဲ ပြွတ်လို့ အသံပေးလိုက်ရတယ်"လို့ ပြောပြပါတယ်။

သူ့ကို သူတို့ တောင်ကြီးမှာ အီတာလျံဘုန်းတော်ကြီး တစ်ပါးက အီတလီစာနဲ့ စကားသင်ပေးခဲ့လို့ သူအီတလီလို တတ်လာကြောင်း၊ အီတလီ လမ်းညွှန်အရေအတွက်ဟာ မြန်မာပြည်မှာ အလွန်နည်းပါးကြောင်း၊ လက်ချိုးရေလို့ ရကြောင်း၊ လမ်းညွှန်လုပ်ရင်း အီတလီ အဘိုးကြီးနဲ့ အဘွားကြီး လင်မယား မြန်မာပြည်ကို လာလည်တော့ သူနဲ့ဆုံမိခဲ့ကြောင်း၊ မိမိကို ချစ်ခင်သွားပြီး မွေးစားကာ အီတလီသို့ ခေါ်လာပြီး ခြောက်လခန့်ကျောင်းထားကာ ပညာသင်ပေးခဲ့ကြောင်း၊ ဒါပေမယ့် သူကတော့ အီတလီမှာ အခြေချနေထိုင်ရန် မလွယ်သေးကြောင်း စသဖြင့်လည်း သူ့ဘဝဇာတ်ကြောင်းကို ရင်းရင်းနှီးနှီး ပြောပြပါသေးတယ်။





ဗာတီကန်စီတီးက စိန့်ပီတာရင်ပြင် (St Peter's Square)မှ စိန့်ပီတာဘုရားကျောင်း

ပြောရင်းဆိုရင်း လမ်းရဲ့ဘေးဘယ်ညာကို ငေးရင်းနဲ့ပဲ ဗာတီကန်ကို ရောက်သွားပါတော့တယ်။

ကားကို မြို့ရိုးဟောင်းကြီးရဲ့ ဘေးတစ်နေရာမှာ ရပ်ခဲ့ပြီး မြို့ရိုးကြီးကိုပတ်ကာ လမ်းလျှောက်ဝင်ခဲ့ရပါတယ်။ မြို့ရိုးကြီးဟာ ခပ်ဝိုင်းဝိုင်းကြီးပါ။ ခတ်တိုင်နှစ်တိုင် ဆက်ထားသလောက်ကို မြင့်တဲ့ အုတ်မြို့ရိုးကြီးပါ။

မြေထဲပင်လယ်ထဲက အီတလီနိုင်ငံရဲ့ မြို့တော်ဟာ ရောမမြို့ကြီးပါ။ အဲဒီရောမမြို့တော်အတွင်းမှာ နောက်ထပ် နိုင်ငံငယ်လေးတစ်ခု ရှိနေပါသေးတယ်။ မြို့အတွင်းမှာ နိုင်ငံတစ်ခု ရှိနေတယ်ဆိုတာက အံ့သြစရာကိစ္စပါပဲ။

အဲဒီနိုင်ငံငယ်လေးကတော့ ဗာတီကန်စီတီးလို့ခေါ်တဲ့ ရိုမင်ကက်သလစ် ခရစ်ယာန်ဘာသာဝင်တွေရဲ့ သီးခြားရပ်တည်မှုရှိတဲ့ နိုင်ငံလေး ဖြစ်ပါတယ်။ ဒီနိုင်ငံလေးရဲ့ ဘုရင်ကြီးလို့ ပြောရမယ့်သူကတော့ ဂိုဏ်းချုပ်ဘုန်းတော်ကြီး ပုပ်

www.burmeseclassic.com



၂၀၀၈ခုနှစ်က ပုပ်ရဟန်းမင်းကြီး–ဘီနီဒစ်၁၆
ထူးယောကိုအလည်ရောက်စဉ် လူထုနဲ့တွေ့ဆုံစဉ်

မင်းကြီးပါပဲ။ ပုပ်ရဟန်းမင်းကြီးစံရာ ဗာတီကန်စီတီး ရောမမြို့အတွင်းမှာ ရှိနေပေမယ့်၊ သီးခြားနိုင်ငံတစ်ခု ယ် ဘာသာရေးအရ လွတ်လပ်ခွင့် အပြည့်ရထားတဲ့ ပါ။ ကြက်မကြီးဝမ်းဗိုက်ထဲမှာ ကြက်ဥရှိပြီး၊ ကြက်ဥ နောက်ထပ်ကြက်ပေါက်လေးတစ်ကောင် ရှိနေသလို

ဒီဘုရားကျောင်းဝင်း နိုင်ငံငယ်လေးအတွင်းမှာ ကိုယ် အသံလွှင့်ဌာန၊ ကိုယ်ပိုင်မြန်ကြားရေးဌာန၊ ကိုယ်ပိုင် ချုပ်ရေးဌာန စသဖြင့်လည်း သီးခြားရှိနေပါတယ်။

ဗာတီကန်စီတီးအဝင်ဝမှာ ခရီးသွားတွေ အပြည့်နဲ့ ကျယ်ကြီး ရှိနေပါတယ်။ အဲဒီအထိ လွတ်လွတ်လပ်လပ် ပုံရိုက်လို့ရပါသေးတယ်။ အဲဒီမှာ ဒေသခံလမ်းညွှန်က နေပြီး ဗာတီကန်စီတီးထဲဝင်ရင် တွေ့ရမယ့် ဘုရား ကျောင်းတွေ၊ အဲဒီရဲ့အပြင်အဆင်တွေ၊ နံရံဆေးရေးပန်းချီ



ရှေးဟောင်းစိန့်ပီတာဘုရားကျောင်း၊
(San Marino ai Monti)က ဉာဏ်သစ်လောင်းခေတ်
ဆေးရေးပန်းချီများ



ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်းအတွင်းပိုင်းမှ
၁၆၀၇ခုနှစ်က (Carlo Maderno)ရဲ့တန်ဆာဆင်မှု

တွေနဲ့ ရုပ်တုတွေအကြောင်းကို ထောင်ပြထားတဲ့ ဓာတ်ပုံကြီး တွေနဲ့ပြပြီး ရှင်းလင်းပြောပြပါတယ်။

နားကြပ်လေးတွေ သီးခြားဝေပေးတော့ ကိုယ့်အုပ်စုနဲ့ ကိုယ် ကိုယ့်လမ်းညွှန်ပြောတာကိုသာ သီးသန့်ကြားနိုင်ပါ တယ်။ ဒီလောက်များတဲ့ လူအုပ်ကြီးကို လမ်းညွှန်အသီးသီးက သူလူနဲ့သူ ထိန်းသွားတာပါ။ အဲဒီနောက် ဗာတီကန်စီတီး ပြခန်းဆောင်တွေထဲ ဝင်တာနဲ့ မီးလင်းတဲ့ ကင်မရာတွေနဲ့ ဓာတ်ပုံရိုက်ခွင့် မရှိတော့ပါဘူး။ အထူးသဖြင့် ကပဲလာ စစ္စတီးနား (the Sistine Chapel) ဝတ်ပြုဆောင်က နံရံဆေး ရေးပန်းချီတွေကိုပေါ့။

ပြခန်းဆောင်တွေထဲမှာတော့ ခေတ်အဆက်ဆက် စုဆောင်းထားတဲ့ ကျောက်ဆစ်ရုပ်တုတွေ၊ ပန်းချီကားတွေ၊ နံရံဆေးရေးပန်းချီတွေ၊ ကော်ဇောတွေ၊ မြေပုံတွေနဲ့ ရှေး ဟောင်းပစ္စည်းတွေဟာ မရေမတွက်နိုင်အောင်ကို အပုံလိုက် အစုလိုက်ရှိနေပါရဲ့။


### ဗာတီကန်မြို့တော် (Vatican City)

ဗာတီကန်မြို့တော်ရဲ့ နာမည်အပြည့်အစုံက ဗာတီ ကန်မြို့တော်နိုင်ငံ (State of the Vatican City)ပါ။ အီတာလျံ လိုတော့ Stato della Città del Vaticano ပေါ့။ ခရစ်ယာန် အသင်းတော်နဲ့ သက်ဆိုင်သော နိုင်ငံငယ်လေး ဖြစ်ပါတယ်။


ဒီနိုင်ငံလေးဟာ ရောမမြို့တွင်း အခြားအဆောက် အအုံများအကြား ရိုမင်ကက်သလစ်ဘုရားကျောင်းများ တည့်



www.burmeseclassic.com




ဗာတီကန်နန်းတော်ပြတိုက်မှ
A Roman war galley with infantry on deck:



ဗာတီကန်စီတီးက စိန့်ပီတာဘုရားကျောင်းရဲ့ အတွင်းဘက် ဝတ်ပြုခန်းမတစ်ခု

ရှိရာ နေရာမှာ ရှိနေရဲ့။ တီဘာ (the Tiber River) မြစ်ရဲ့ အနောက်ဘက်ကမ်းပါးမှာ တည်ထားတာပါ။

ဗာတီကန်စီတီးဟာ ကမ္ဘာ့အသေးငယ်ဆုံးနဲ့ လွတ်လပ်မှု အပြည့်အဝအရဆုံး လွတ်လပ်သော အမျိုးသားနိုင်ငံလေး (nation-state) လည်း ဖြစ်ပါတယ်။ အဲဒါရဲ့ အလယ်ခေတ် (အေဒီ ၁၁၀၀ နဲ့ ၁၄၀၀ ကြား)(medieval)နဲ့ ဉာဏ်သစ်လောင်းခေတ် (Renaissance) က နံရံတံတိုင်းတွေဟာ အရှေ့တောင်ဘက်က စိန့်ပီတာရင်ပြင်(St. Peter's Square-Piazza San Pietro)မှာကလွဲပြီး အဲဒီရဲ့ နယ်နိမိတ်စည်းရိုးလို



ဗာတီကန်နန်းတော်ပြတိုက်မှ ဂျူပီတာ(Jupiter) ပန်းပုရုပ်-ဂန္ထဝင်ခြောက်ကျောက်ဆစ်လက်ရာ

ဖြစ်နေရဲ့။ ဝင်ပေါက် ခြောက်ခုရှိတဲ့အနက်မှာ သုံးပေါက် သာ ပြည်သူလူထုကို ဖွင့်လှစ်ပြသထားပါတယ်။ အဲဒါ ကတော့ မြို့လယ်ကွက်လပ် (the piazza)၊ စိန့်ပီတာဘု ကျောင်းကြီးရဲ့ မျက်နှာစာ (the facade)က ခေါင်းလော အခုံး (the Arco delle Campane-Arch of the Bel ဗာတီကန်ပြတိုက်နဲ့ပြခန်း (Museum,Galleries)တွေကို ဝ မြောက်ဘက်နံရံက ဝင်ပေါက်တွေပါ။

**(St.Peter's Basilica) နန်းတော်နဲ့ ရင်ပြင်**

ပြခန်းတွေရဲ့အဆုံးမှာတော့ ကျန်းမာရေးသွ အိမ်သာခန်းနဲ့ ကော်ဖီဆိုင်လေး ရှိပါတယ်။ ပြခန်းဆော က လှေကားထစ်အရှည်ကြီးကို နင်းပြီးထွက်လာတော့ ပေါ်မှာ အကြီးမားဆုံး ဘုရားရှိခိုးကျောင်းတွေထဲက ဖြစ်ပြီး အံ့သြဖွယ်ရာကောင်းလောက်အောင် ခမ်းန ကျယ်လှတဲ့ (St.Peter's Basilica) နန်းတော်နဲ့ ရင်ပြင် ဘွားခနဲ တွေ့လိုက်ရပြန်ပါတယ်။ အဲဒါကို ပြင်ပကနေ ရိုက်လို့ရသလို အထဲမှာလည်း ဓာတ်ပုံရိုက်လို့ ရပါ

ဒါ့အပြင် အထစ်များစွာရှိပြီး ကျယ်ပြန့်လှတဲ့ ကျောင်း အတက်လှေကားထစ်များတစ်လျှောက်





www.burmeseclassic.com

...ပီတာဘုရားကျောင်းအတွင်းက မိုက်ကယ်အိန်ဂျလိုရဲ့ ၁၄၉၉ ခု လက်ရာ စကျင်ကျောက်သားပန်းပု(Pietà,)



ဗာတီကန်၊စစ္စတင်းချပယ်ဝတ်ပြုဆောင်က မိုက်ကယ်အိန်ဂျလိုရဲ့ ၁၅၃၃-၄၁ခုက နံရံဆေးရေးပန်းချီ နောက်ဆုံး စီရင်ချက်(the Last Judgment)။



...တက်ပြီး အဝင်ပေါက်ဝမှာလည်း ဓာတ်ပုံရိုက်ကြပါတယ်။ ...ထဲဝင်ပြီး ကြည့်ရှုလေ့လာခွင့်လည်း ရပါတယ်။ ဘေးက ...ဆောက်အအုံကြီးရဲ့ အပေါ်ထပ်တစ်နေရာမှာတော့ ပုပ် ...ဟန်းမင်းကြီး စံမြန်းရာအဆောင် ရှိလေရဲ့။

ရုပ်မြင်သံကြားမှာ မကြာခဏ မြင်ရတဲ့ ပုပ်ရဟန်းမင်း ကြီး လူလုံးထွက်ပြပြီး အပူဇော်ခံရာ၊ နှုတ်ဆက်စကားပြောရာ ...သာဆောင်ဝရန်တာကိုလည်း လှမ်းမြင်ရပါတယ်။

ဗာတီကန်မြို့တော်မှာ အဝင့်ကြွားရွားဆုံး အဆောက် ...အအုံကတော့ ၄ ရာစုက တည်ဆောက်ခဲ့တဲ့ ဒီစိန့်ပီတာ ဘုရားကျောင်းကြီး (St. Peter's Basilica) ပါပဲ။ ၁၆ ရာစု အတွင်းမှာတော့ အဲဒါကို ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရ သေးတယ်။ ဒီဘုရားကျောင်းကြီးကို ယေရှုခရစ်တော်က လှည့်လည်ဟောကြားဖို့ စေလွှတ်ခဲ့တဲ့ တမန်တော် (the Apostle) ၁၂ ပါးထဲက တစ်ပါးဖြစ်တဲ့ စိန့်ပီတာရဲ့ အုတ်ဂူ ပေါ်မှာ ငုံပြီးတည်ဆောက်ထားတာပါ။ အဲဒီစိန့်ပီတာဟာ ခရစ်ယာန်လောကမှာတော့ Yamoussoukro Basilica ပြီးရင် ဒုတိယအကြီးဆုံး ဘာသာရေးအဆောက်အအုံ ဖြစ်ပါတယ်။



ရောမမြို့၊ (the Casino Rospigliosi)က (Guido Reni)ရဲ့ ၁၆၁၃–၁၄နှစ်လက်ရာ မျက်နှာကြက်ဆေးရေးပန်းချီ–မိုးသောက်ချိန်(Aurora)



www.burmeseclassic.com

www.burmeseclassic.com



'အက်တီလာ'နဲ့ ပုပ်ရဟန်းမင်းလီယို တွေ့ဆုံခန်း
(Meeting of Attila and Pope Leo) ၁၆၄၆–၅၃ခုနှစ်

ဗာတီကန်နန်းတော်ဟာ ပုပ်ရဟန်းမင်းကြီး စံမြန်းရာဖြစ်ပြီး မြို့ရိုးတံတိုင်းအတွင်းမှာ တည်ရှိပါတယ်။ ပုပ်ရဟန်းမင်းကြီးရုံးတော် (the Holy See) ဆိုတာဟာ ရောမကက်သလစ် ဘုရားကျောင်းရဲ့ အစိုးရအဖွဲ့ကို ပေးထားတဲ့အမည်ပါ။ အဲဒါကို ပုပ်ရဟန်းမင်းကြီးက ရောမရဲ့ဂိုဏ်းချုပ် ဘိရှော့ (the bishop)အနေနဲ့ ဦးဆောင်ဦးရွက်ပြုနေပါတယ်။


အဲဒီလိုကြောင့် ပုပ်ရဟန်းမင်းကြီး ရုံးတော်ရဲ့ လုပ်ပိုင်ခွင့်အာဏာဟာ ကမ္ဘာတစ်ဝန်းလုံးက ဘရင်ဂျီ ကက်သလစ်တွေအပေါ်မှာ ဖြန့်ကြက်လွှမ်းမိုးပြီး အုပ်စိုးနေရဲ့။ ၁၉၂၉ ခုနှစ်ကတည်းက ပုပ်ရဟန်းမင်းကြီးဟာ ဗာတီကန်စီတီးမှာ နေထိုင်လာခဲ့ပြီး ဒီဗာတီကန်စီတီးကို လွတ်လပ်တဲ့ နိုင်ငံတစ်ခုအဖြစ် ထူထောင်လိုက်ပါတယ်။ ပုပ်ရဟန်းမင်းကြီး အလိုကို ပြီးမြောက်စေခြင်းဟာ သူရဲ့ ကမ္ဘာစိုးတဲ့လုပ်ဆောင်ချက်တွေကို ကူညီခြင်းသာ ဖြစ်ပါသတဲ့။

ဗာတီကန်စီတီးမှာ သူ့ရဲ့ကိုယ်ပိုင် တယ်လီဖုန်းစနစ်၊ စာတိုက်၊ ဥယျာဉ်တော်များ၊ နက္ခတ္တဗေဒဆိုင်ရာ လေ့လာမှု (astronomical observatory)၊ ရေဒီယိုအသံလွှင့်ဌာန၊ ဘဏ်စနစ်နဲ့ ဆေးဝါး၊ အလားတူပဲ ၁၅၀၆ ခုကတည်းက ပုပ်ရဟန်း

စိန့်ပီတာဘုရားကျောင်းထဲက (Pietro Tenerani)ရဲ့ လက်ရာ
ပုပ်ရဟန်းမင်းကြီး အငှမခြောက်–ပီးရပ်စ်ရုပ်တု



ဗာတီကန်စီတီး၊ (the Stanza della Segnatura)မှ
(Raphael)ရဲ့ ၁၅၀၈–၁၀ခုနှစ်ကလက်ရာ၊
နံရံဆေးရေးပန်းချီ(Detail from School of Athens)



မင်းကြီးရဲ့ တစ်ကိုယ်ရေလုံခြုံမှုအတွက် တာဝန်ယူထားသေ
နိုင်ငံတကာမှ အလှည့်ကျတာဝန်ယူထားတဲ့ အားကိုးလေ
ဖွယ် ဆွစ်အစောင့်(Swiss Guards)တွေလည်း ရှိနေပါတ

ဗာတီကန်အတွက် အစားအစာ၊ ရေနဲ့လျှပ်စစ်ဓာ ဓာတ်ငွေ့တွေအပါအဝင် ထောက်ပံ့မှုအားလုံးကို ပြင်ပ တင်သွင်းရပါတယ်။ အဲဒီမှာ ဝင်ငွေခွန်စည်းကျပ်တာလ မရှိပါဘူး။ ရန်ပုံငွေတင်ပို့ရင်ဖြစ်ဖြစ်၊ တင်သွင်းရင်ဖြစ် လည်း အချုပ်အချယ်အကန့်အသတ်မထားပါဘူး။ ပုပ်ရ မင်းကြီး ရုံးတော်ဟာ အဲဒီရဲ့ဝင်ငွေကို ရိုမင်ကက်သ ဘရင်ဂျီတွေဆီက စိတ်လိုလက်ရထည့်ဝင်တဲ့ငွေအပြင် ရှာရသေးတယ်။


တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြတဲ့ ၁ ဘီလျံ များတဲ့ မြှုပ်နှံမှုများနဲ့ တံဆိပ်ခေါင်းနဲ့ အကြွေစေ့ ဖြန့်ချိ ရောင်းချခြင်းများကိုလည်း အလားတူပဲ ပုပ်ရဟ



www.burmeseclassic.com

www.burmeseclassic.com







ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်းပြခန်းများမှ ကျောက်ဆစ်ရုပ်တုများ

ဗာတီကန်ဘဏ်ရဲ့ လည်ပတ်မှုနဲ့ အသုံးစရိတ်တွေကိုတော့ ၁၉၈၀ နှစ်အစောပိုင်းကတည်းက ပြည်သူလူထုသိရအောင် အစီရင်ခံပေးနေပါပြီ။

၄ ရာစုမှ ၁၈၇၀ ပြည့်အတွင်းမှာ ဗာတီကန်ဟာ ရောမတစ်ဝိုက်က နယ်မြေတွေကို ပုပ်ရဟန်းမင်းကြီးအုပ်စိုးတဲ့ တိုင်းပြည်အဖြစ် ထမ်းဆောင်ထိန်းချုပ်ဖို့ရခဲ့ပါတယ်။ ၁၉၂၉ ခုမှာ ဗာတီကန်စီတီးရဲ့ လွတ်လပ်တဲ့ အချုပ်အခြာအာဏာ ပိုင်စိုးခွင့်ကို ဖက်ဆစ်အီတာလျံအစိုးရက (the Lateran Treaty) သဘောတူညီချက်နဲ့ အသိအမှတ်ပြုပေးခဲ့တယ်။

အချုပ်အခြာအာဏာဟာ ရိုမင်ကက်သလစ်ဘုရားကျောင်းများရဲ့ အကြီးအကဲ ဦးဆောင်အချုပ် (the head) အဖြစ် ရွေးကောက်ခံထားရတဲ့ ပုပ်ရဟန်းမင်းကြီးက သုံးစွဲရပါမယ်။ သူ့မှာ သူ့မြို့တော်အတွင်း စီမံခန့်ခွဲစီရင်ဆုံးဖြတ်ခွင့်၊ ဥပဒေပြုခွင့်နဲ့ အုပ်ချုပ်ရေးအာဏာတွေ အပြည့်အဝရှိပါတယ်။ ၁၉၈၄ ခုနှစ် the Roman Curia မှာ ရုံးတွေကို အခိကတာဝန်ပြောင်းပေးပြီး ပြန်လည်ဖွဲ့စည်းခြင်းရဲ့ ရလဒ်အဖြစ်၊ ဗာတီကန်စီတီးရဲ့ ပုံမှန်ဝန်ထမ်း အုပ်ချုပ်ရေးတာဝန်ခံအဖွဲ့မှာ ပုပ်ရဟန်းမင်းကြီးဆိုင်ရာ ခန့်အပ်ခံကော်မရှင်ထဲက ပုပ်ရဟန်းမင်းကြီးကို ရွေးချယ်တင်မြှောက်ခွင့်ရှိသူ နိုင်ငံတော်အတွင်းဝန်ရုံး (the Secretariat of State)က ဘရင်ဂျီဘုန်းကြီး (cardinals) ငါးပါးလည်း ဦးဆောင်ပါဝင်နေရပါတယ်။

ဗာတီကန်မြို့တော် နေသူအများစုဟာ ဘုန်းတော်ကြီးနဲ့ မယ်သီလရင်တွေပါ။ အလားတူပဲ များစွာသော ရာနဲ့ချီတဲ့ သာမန်အရပ်သားတွေလည်း အတွင်းရေးမှူး၊ အိမ်တွင်းရေးဆိုင်ရာ၊ ကုန်သွယ်ရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဝင်လုပ်နေတာရှိကြပါရဲ့။

အခြားသော အထူးပိုင်ဆိုင်ခွင့် အခွင့်အရေးအနေနဲ့ ဆယ်လုံးထက်မကသော ရောမမြို့က အခြားအဆောက်အအုံတွေ၊ Castel Gandolfo ရဲတိုက်နဲ့ အဲလ်ဘန်တောင်ကုန်း (the Alban Hills)က ပုပ်ရဟန်းမင်းကြီးရဲ့ နွေရာသီစံအိမ်တော်တွေလည်း အပိုခြဲ့ထွင် ပိုင်ဆိုင်ထားပါသေးတယ်။

ဒါ့အပြင် ဗာတီကန်မြို့တော်က ထိန်းသိမ်းချုပ်ကိုင်ထားတဲ့ များပြားလှစွာသော နိုင်ငံခြားတိုင်းပြည်တွေက သံရုံးတွေလည်း ရှိလေရဲ့။

ပုပ်ရဟန်းမင်းကြီးတွေဟာ အနုပညာကို စောင့်ရှောက်ထိန်းသိမ်းပေးနေသူ အီတလီရဲ့ အထင်ကရတွေကြားမှာ



www.burmeseclassic.com

www.burmeseclassic.com




ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်းပြခန်းများမှ ကျောက်ဆစ်ရုပ်တုများ


ရှိခဲ့ပေမယ့် ဉာဏ်သစ်လောင်းကာလကတည်းက ဗာတီကန် ယဉ်ကျေးမှုဘဝမှာ များစွာသော ကျဆုံးမှုတွေရှိခဲ့တယ်။ သို့ပေမယ့် ဗာတီကန်စီတီးပြတိုက်နဲ့ပြခန်းတွေ၊ the Sistine Chapel က မိုက်ကယ်အိန်ဂျလိုရဲ့ နံရံဆေးရေးပန်းချီ (the frescoes) တွေ၊ the Borgia Apartment က Pinturicchio ရဲ့ နံရံဆေးရေးပန်းချီတွေနဲ့ ရာ့ဖဲလ်(Raphael)ရဲ့ Stanze-Rooms အခန်းတွေဟာ ဝေဖန်ရေးသမားတွေ၊ အနုပညာရှင်တွေနဲ့ ကမ္ဘာတစ်ဝန်းလုံးက ခရီးသွားတွေ တစ်အုပ်ကြီးကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။

the Sistine Chapel ဝတ်ပြုဆောင်က နံရံဆေးရေးပန်းချီတွေကို ထိန်းသိမ်းပြုပြင်မှု အလုပ်တွေဟာ ၁၉၉၄ခုမှာ အပြီးသတ်ခဲ့ပြီး မိုက်ကယ်အိန်ဂျလိုရဲ့ စိုလွင်မြူးကြွတဲ့ အရောင်တွေ အပြည့်နဲ့ ပန်းချီလက်ရာတွေကို ကြည့်ရှုခံစားဖို့ လုပ်ပေးနိုင်ခဲ့တယ်။ ၂၀၀၀ ပြည့်နှစ်က ထောင်စုနှစ် (the millennial Jubilee) ရတုပွဲဟာ ဗာတီကန်မြို့တော်အပေါ်မှာ ကမ္ဘာ့အာရုံစိုက်မှုကို ပစ်မှတ်ထားတယ်။

ဗာတီကန်ရဲ့ တမန်တော်များ၊ ပုပ်ရဟန်းမင်းများဆိုင်ရာ (Apostolic Library) စာကြည့်တိုက်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ စုဆောင်းမှုတွေ များစွာရှိနေပါတယ်။ တစ်သိန်းကျော်တဲ့ လက်ရေးစာမူ (manuscripts)တွေ၊ ခရစ်ကြိုကာလနဲ့ အစောပိုင်း ခရစ်ယာန်ကာလတွေက ၁. ၆ သန်းသော ပုံနှိပ်စာအုပ်တွေလည်း ရှိပါတယ်။

ဗာတီကန်မှာ သူ့ကိုယ်ပိုင်ထုတ်ဝေပြီး ဩဇာညောင်းတဲ့ နေ့စဉ်သတင်းစာ (L'Osservatore Romano) ရှိတယ်။ အဲဒီမှာ ပုံနှိပ်စက်ရှိပြီး စာအုပ်တွေ၊ လက်ကမ်းစာစောင်တွေကို ရှေးဟောင်းခရစ်ယာန်အသင်းတော်ဆိုင်ရာ ဂျော့ဘုရင်ခေတ် (old Ecclesiastical Georgian)ကနေ အိန္ဒိယ တမီးလ်အထိ ဘာသာစကား ၃၀ နဲ့ ပုံနှိပ်ထုတ်ဝေနိုင်ပါတယ်။ ၁၉၈၃ ခုနှစ်ကတည်းက ဗာတီကန်မှာ ကိုယ်ပိုင်ရုပ်မြင်သံကြား အစီအစဉ်တွေလည်း ရှိနေရဲ့။ သူ့ရဲ့ ရေဒီယိုအသံလွှင့်ဌာနဟာ ဘာသာစကား ၄၀ နဲ့ ကြားနာနိုင်ပြီး ကမ္ဘာ့များစွာသော အစိတ်အပိုင်းတွေဆီကို ထုတ်လွှင့်နေပါတယ်။







ဗာတီကန်မြို့တော်ကို ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် ယူနက်စကို (UNESCO)က ၁၉၈၄ ခုနှစ်မှာ သတ်မှတ် ကြေညာပေးခဲ့ပါတယ်။


## ဗာတီကန်နန်းတော်(Vatican palace)

ပုပ်ရဟန်းမင်းကြီးတို့ စံမြန်းရာ ဗာတီကန် စိန့်ပီတာ (Basilica) ဘုရားကျောင်းရဲ့ မြောက်ဘက်မှာ ဗာတီကန် နန်းတော်ရှိတယ်။ ၄ ရာစုမှသည် the Avignonese period ကာလ (၁၃၀၉-၇၇)အထိတိုင်အောင် ပုပ်ရဟန်းမင်းကြီး စံမြန်းတဲ့ ထုံးဓလေ့စံအိမ်ဟာ လက်တရန် (the Lateran) မှာ




www.burmeseclassic.com

www.burmeseclassic.com



ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်း ခန်းမဆောင်များနဲ့ နံရံဆေးရေးပန်းချီများ





ပါ။ ပုပ်ရဟန်းမင်းကြီး Symmachus ဟာ ဘုရင်ဂျိုဂိုဏ်း အုပ်ဘုန်းတော်ကြီးကျောင်း နှစ်ခုကို ဗာတီကန်မှာ တည်ဆောက်ခဲ့တယ်။ တစ်ခုကတော့ ခဏတစ်ဖြုတ်တည်းခိုဖို့ပဲဖြစ်ပြီး ဘုရားကျောင်းရဲ့တစ်ဖက်မှာပေါ့။ Charlemagne ဟာ စိန့်ပီတာရဲ့ မြောက်ဘက်မှာ the Palatium Caroli ကို သူတို့ရောမကို လာရောက်လည်ပတ်တဲ့ အချိန်အတွင်း နေထိုင်ဖို့ ရည်ရွယ်ချက်နဲ့ တည်ဆောက်ခဲ့ပါတယ်။

တတိယမြောက် လီယို (Leo III)နဲ့ တတိယမြောက် ယူဂျီးနီးယပ်စ် (Eugenius III) တို့ ထပ်ပေါင်းတည်ဆောက်တဲ့ အခြားအဆောက်အအုံတွေကို တတိယမြောက် အင်နိုစင့် (Innocent III) က ခေတ်မီအောင် ပြုပြင်ခဲ့တယ်။ ဒါ့အပြင် စတုတ္ထမြောက်လီယို ဆောက်ခဲ့တာတွေအတွင်းမှာ ဒုတိယမြောက် ခံတပ်တံတိုင်းနံရံတွေ သူဆောက်ခဲ့စဉ်ကလည်း အကာအကွယ်တွေ ထပ်လုပ်ပေးခဲ့ပါသေးတယ်။

တတိယမြောက်နီကိုလပ်ဟာ များစွာသောအဆောက်အအုံတွေထဲက ယနေ့ခေတ်မှာ ပုပ်ရဟန်းမင်းကြီးရဲ့ နန်းတော်လို့ ထင်ရှားလူသိများနေတာကို ပထမဆုံး စတင်တည်ဆောက်ခဲ့ပါတယ်။

ဘာဏ်သစ်လောင်းကာလမှာ ပဉ္စမမြောက် နီကိုလပ် (Nicholas V)ဟာ တတိယမြောက် နီကိုလပ်ရဲ့ နန်းဆောင်က မြောက်ဘက်နဲ့ အနောက်ဘက်နံရံတံတိုင်းတွေကို ပြန်လည်တည်ဆောက်ပေးခဲ့တယ်။ ဗာတီကန်စာကြည့်တိုက်ကိုလည်း Leon Battista Alberti နဲ့ Bernardo Rossellino တို့လို ဗိသုကာတွေကိုသုံးပြီး တည်ဆောက်ထူထောင်ပေးခဲ့ပါတယ်။ သူဟာ အလားတူပဲ စိန့်စတီဗင် (St. Stephen)နဲ့ စိန့်လော ရင့် (St. Lawrence)တို့ရဲ့ ဇာတ်ကြောင်းတွေကို ပဉ္စမမြောက် နီကိုလပ်ရဲ့ ဝတ်ပြုဆောင်(the Chapel)မှာ ပန်းချီဆွဲဖို့ Fra Angelico ကို ကော်မရှင်ပေးပြီး တာဝန်ယူစေခဲ့ပါတယ်။

စတုတ္ထမြောက် စစ်ဇ်တက်စ် (Sixtus IV) လက်အောက်မှာ Giovanni dei Dolci ဟာ the Sistine Chapel ဝတ်ပြုဆောင်ကို တည်ဆောက်ဖို့ တာဝန်ပေးခံခဲ့ရတယ်။ သူဟာ အလားတူပဲ ဗာတီကန်စာကြည့်တိုက်ကိုလည်း ဟန်အသစ်နဲ့ တန်ဆာဆင်ပေးခဲ့ပါတယ်။ ဆဋ္ဌမမြောက် အလက်ဇန္ဒား (Alexander VI)က ဟန်အသစ် ပြန်လည်ဆန်းသစ်လိုက်တဲ့ အခန်းတွေကိုတော့ the Borgia Apartments လို့ ခေါ်ကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်း ဝင်ပေါက်၊ ထွက်ပေါက်နဲ့ အဆောင်ဆောင်အခန်းခန်း



ဒုတိယမြောက် ဂျူးလီးယက် (Julius II) လက်အောက်မှာ Bramante က မြောက်ဘက်မျက်နှာစာနဲ့ Logge အခန်းနှစ်ခုကိုပါ အပြီးသတ်ပေးခဲ့တယ်။ အဲဒါကိုမှ ရာဖဲလ်က နောက်တစ်ခုထပ်ပေါင်းပြီး တတိယမြောက်ကို လုပ်ပေးခဲ့တာပါ။ ရာဖဲလ်ဟာ the Segnatura က အခန်းတွေကို တန်ဆာဆင်ပေးဖို့လည်း တာဝန်ပေးခံရပါတယ်။ အလားတူပဲ the Maresciallo ဝင်းကြီးကိုမိုးပြီး စီးမြင်နေရတဲ့ Heliodorus က လေသာဆောင်အခန်းတွေကိုလည်း တာဝန်ယူပြီး တန်ဆာဆင်ပေးခဲ့ရတယ်။

BURMESE CLASSIC


တတိယမြောက် ပေါလ် (Paul III) အတွက် တည်ဆောက်ခဲ့ကြတာတွေကြားထဲမှာ ဆာလာရက်ဂျီယာ (the Sala Regia)နဲ့ ပေါ်လင်း (the Pauline Chapel) ဝတ်ပြုဆောင် နှစ်ခုလုံးကို Antonio da Sangallo (အငယ်)က တန်ဆာဆင်ပေးခဲ့ပါတယ်။ ပန်းချီဆရာ Giorgio Vasari. Taddeo Zucaro နဲ့ Daniele da Volterra တို့က ဆာလာရက်ဂျီယာကို တန်ဆာဆင်တယ်။ မိုက်ကယ်အိန်ဂျလိုဟာ စိန့်ပီတာကို အာဇာနည်သူရဲကောင်း (the martyrdom)အဖြစ်နဲ့ ပေါ်လင်းဝတ်ပြုဆောင် (၁၅၄၂-၅၀)က စိန့်ပေါလ်ရဲ့






www.burmeseclassic.com

www.burmeseclassic.com



ဗာတီကန်စီတီး၊ စိန့်ပီတာဘုရားကျောင်း ခန်းမဆောင်များနဲ့ နံရံဆေးရေးပန်းချီများ



ပြောင်းလဲသွားခြင်းများကို ပန်းချီတွေဆွဲပြီး သရုပ်ဖော်ပေးခဲ့ပါတယ်။

စတုတ္ထမြောက်ပီးရပ်စ်ရဲ့ ကစားပွဲရုံ (the Casino) ဟာ Pirro Ligorio နဲ့ Giovanni Salustio Peruzzi တို့ရဲ့လက်ရာပါ။ ယနေ့ ဒီအဆောက်အအုံတွေဟာ ပုပ်ရဟန်းမင်းကြီးဆိုင်ရာ သိပ္ပံအကယ်ဒမီ (the Pontifical Academy of Sciences)ရဲ့ နေရာဖြစ်နေပေါ့။ Vasari ရဲ့ ပန်းချီကားတွေ၊ Guglielmo della Porta ရဲ့ အင်္ဂတေပန်း(stuccoes)တွေနဲ့ တန်ဆာဆင်ထားတဲ့ စိန့်စတီဗင်၊ စိန့်ပီတာနဲ့ စိန့်မိုက်ကယ်ဆိုတဲ့ သီးသန့်ဝတ်ပြုရာ ခန်းဆောင်သုံးခုဟာ ဆွစ်အစောင့်တွေရဲ့ ခန်းဆောင်တွေ ဖြစ်နေပါပြီ။

ပဥ္စမမြောက် ပီးယပ်စ် ကာလတုန်းက Giulio Mazzoni နဲ့ Daniele da Volterra တို့ ရေးဆွဲခဲ့တဲ့ ပန်းချီတွေနဲ့ပါ။ လက်ရှိ Courtyard of S. Damaso ဝင်းကျယ်ကြီးနဲ့ မြောက်ဘက်ကပ်လျက်က ဂျေဂိုရီ ၁၃ (Gregory XIII) (၁၅၇၂-၈၅)တာဝန်ယူခဲ့တဲ့ လက်တံဆောင်မှာတော့ Antonio Tempesta နဲ့ Mathys Bril တို့ တန်ဆာဆင်ပေးထားတဲ့ အခန်းတွေရှိနေပါတယ်။ Ottaviano Mascherino ဒီဇိုင်းထုတ်ပေးထားတဲ့ ထင်ရှားကျော်ကြားလှတဲ့ မြေပုံပြခန်း Gallery of Maps ၊ Ignazio Danti ဒီဇိုင်းဆင်ပေးထားတဲ့ အီတလီဒေသတွေရဲ့ မြေပုံတွေလည်း အဲဒီမှာပါ။

အဲဒီဝင်းကြီးရဲ့ အရှေ့ဘက်တစ်လျှောက်က လက်ရှိ ခန်းဆောင် (apartments) တွေဟာ ပဥ္စမမြောက် စစ်ဇ်တပ်စ်အချိန်မှာ Domenico Fontana တည်ဆောက်ပေးခဲ့တာပါ။ အလားတူပဲ သူလုပ်ပေးခဲ့တာတွေက ဗာတီကန်စာကြည့်တိုက်အတွက် လက်တံဆောင်အသစ် အပါအဝင် the Belvedere Courtyard ဝင်းကြီးကို တစ်ဝက် ဝက်ယူထားတဲ့ စယ်လာစစ္စတီးနား (the Sala Sistina) တွေကို ရောပေါ့။ ဘားရော့ခေတ် (the Baroque period)မှာ အဋ္ဌမမြောက် အာဘန် (Urban VIII) ဟာ the Countess Matilda ခန်းမကို တည်ဆောက်ပေးခဲ့ပါတယ်။ ယနေ့ မာတီးဒါ (the Matilda)ဝတ်ပြုဆောင်လို့ ခေါ်နေတာကိုတော့ Pietro da Cortona က တန်ဆာဆင်ပေးခဲ့တာပါ။ သတ္တမမြောက် အလက်ဇန္ဒား (Alexander VII)ရဲ့အောက်မှာ Bernini ကလည်း 'ဆာလာရက်ဂျီယာ'ကို တည်ဆောက်ခဲ့ပြန်ပါတယ်။

၁၈ ရာစုနောက်ပိုင်းနဲ့ ၁၉ ရာစုများမှာတော့ များစွာသော ထပ်မံပေါင်းစပ်လာမှုတွေ၊ ပြောင်းလဲမှုတွေဟာ ဗာတီကန်ပြတိုက်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုနဲ့အတူ ဖြစ်ပေါ်လာခဲ့ပြန်ပါတယ်။

## ကမ္ဘာ့အသေးဆုံးတပ်မတော်က ဆွစ်အစောင့် (Swiss Guards) များ

ဆွစ်အစောင့်ဆိုတာ အီတာလျံလိုတော့ (Guardia Svizzera)လို့ခေါ်တဲ့ ပုပ်ရဟန်းမင်းကြီးအတွက် တာဝန်ယူနေရတဲ့ ဆွစ်စစ်သားတပ်ဖွဲ့ပါ။ တစ်ခါတစ်ရံတော့ ကမ္ဘာ့အသေးဆုံးတပ်မတော် (the world's smallest army) လို့လည်း ခေါ်ကြတယ်။ သူတို့ဟာ ပုပ်ရဟန်းမင်းကြီးရဲ့ ကိုယ်ရံတော်အစောင့်အဖြစ်ရော၊ ဗာတီကန်စီတီးနဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ (the villa of Castel Gandolfo)အတွက် အစောင့်အဖြစ်ပါ တာဝန်ယူနေရပါတယ်။

ဒီအစောင့်တွေဟာ ပုပ်ရဟန်းမင်းကြီး ဦးဆောင်မှုအောက်က ရိုမင်ကက်သလစ်ဘုရားရှိခိုးကျောင်းရဲ့ တာဝန်ပေးထားတဲ့ လွတ်လပ်သော ဆွစ်လက်နက်ကိုင်တပ်ဖွဲ့ကပါ။





www.burmeseclassic.com


www.burmeseclassic.com

သူတို့ကို Belvedere Court နန်းဆောင်မှာ အခမ်းအနားတစ်ခုနဲ့ ကျမ်းကျိန်သစ္စာဆိုစေကာ သစ္စာစောင့်သိစေပြီးမှ ခန့်အပ်ထားတာပါ။

ဆွစ်အစောင့်တပ်မှာ ပါဝင်ဖို့ကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရလို့ ယေဘုယျအားဖြင့်လည်း အထက်တန်းကျတဲ့ စစ်ရေးတပ်ဖွဲ့ ဖြစ်ပါတယ်။ တပ်သားသစ်တွေဟာ လက်မထပ်ရသေးတဲ့ ရိုမင်ကက်သလစ်အမျိုးသား ဆွစ်နိုင်ငံသားဖြစ်ရပြီး အသက် (၁၉) နှစ်ကနေ (၃၀)အတွင်းရှိကာ အနည်းဆုံး အရပ် ၅ပေ၈လက်မ(၁. ၇၄မီတာ)ရှည်ရတယ်။ သူတို့မှာ အသက်မွေးဝမ်းကျောင်း ဒီပလိုမာတစ်ခု ဒါမှမဟုတ် အထက်တန်းပညာရေးဒီဂရီရှိရကာ ဆွစ်စစ်တပ်မှာ အခြေခံသင်တန်းတွေလည်း ပြီးမြောက်ခဲ့ရပါမယ်။

သမိုင်းကြောင်းအရ တပ်သားသစ်တွေဟာ အလားတူပဲ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတွေ ကင်းကြောင်းလည်း သက်သေ ပြရသလို ကွပ်ကဲအုပ်ချုပ်ရတဲ့ အရာရှိတွေကတော့ ဆွေကြီးမျိုးကြီး မြင့်မြတ်သူတွေထဲက ဖြစ်ရတယ်။

အစောင့်တပ်သားတွေဟာ သာမန်အချိန်တွေမှာ အပြာရောင် ရှေးခေတ်အမျိုးသား ကိုယ်ကျပ်အင်္ကျီတို့နဲ့ အပြာရောင် ဘယ်ရီကက် (berets) ဦးထုပ်ကို ဝတ်ဆင်ရတယ်။ ဒါပေမယ့် အခမ်းအနားတွေမှာတော့ သူတို့ဟာ အရောင်စုံ ဉာဏ်သစ်လောင်းခေတ်ယူနီဖောင်းကို ထင်ထင်ရှားရှား ဖြစ်ဖို့အတွက် ဝတ်ဆင်တယ်။ သူတို့ဟာ မိုက်ကယ်အိန်ဂျလိုကာလကတည်းက တစ်ဆက်တည်းသုံးလာတဲ့ အအိုဟောင်းဆုံး ယူနီဖောင်းတွေကြားမှာ သမိုင်းဒဏ္ဍာရီတွေနဲ့ ကွဲပြားခြားနားမှုမရှိအောင် သူတို့ကို ဒီဇိုင်းထွင်မပေးထားတာ ဖြစ်နိုင်ရဲ့။



ဗာတီကန်စီတီးရဲ့ အလံတော်နဲ့သင်္ကေတအသေးစိတ်



ဥရောပတိုက်၊ အီတလီနိုင်ငံမှာ ဗာတီကန်စီတီးရဲ့တည်နေရာ


the Medici family မိသားစုရဲ့ စစ်ဝတ်စုံကတော့ အပေါ်အင်္ကျီဟာ အနီ၊ အပြာရင့်နဲ့ အဝါအရောင်စုံအစင်းတွေနဲ့ပါ။

အလားတူပဲ အခမ်းအနားတွေမှာ အဖြူရောင် လည်တွန့်ပတ်နဲ့ ခြားနားတဲ့အဆင့်တွေအလိုက် ငှက်ကုလားအုပ်မွေးရောင်စုံပါတဲ့ ငှက်မွေးတပ် ခပ်မြင့်မြင့်ခေါင်းဆောင်းတွေနဲ့ ချပ်ဝတ်တန်ဆာတွေလည်း ဝတ်ကြတယ်။ ရိုးရာဝတ်စုံနဲ့ အစောင့်တပ်သားတွေဟာ လေမှုတ်တူရိယာတွေနဲ့ ဓားတွေကို သယ်ဆောင်ထားကြပေမယ့် သူတို့ဟာ ခေတ်ပေါ် လက်နက်ကိရိယာတွေနဲ့ အကြမ်းဖက်မှုကို တုံ့ပြန်တဲ့ နည်းပညာတွေကိုလည်း အလားတူပဲ လေ့ကျင့်ထားကြပါတယ်။

ဆွစ်အစောင့်တပ်ရဲ့ လူနေအရပ်တွေဟာ မြို့တော်ရဲ့ အရှေ့စွန်းမှာရှိပါတယ်။ စိန့်ပီတာရင်ပြင်ရဲ့ မြောက်ဘက်နဲ့ ဗာတီကန်နန်းတော်ရဲ့ဘေးမှာပေါ့။ သူတို့ရဲ့ ဝတ်ပြုဆောင်တွေကတော့ Saints Martino နဲ့ Sebastiano ပါ။ စိန့်ပီတာဘုရားကျောင်းနားက the Campo Santo Teutonico ကတော့ သူတို့အတွက် သတ်မှတ်ထားတဲ့သင်္ချိုင်း ဖြစ်ပါတယ်။

ဆွစ် ကြေးစားတပ်သားတွေဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးစစ်သားတွေအဖြစ် ကာလရှည်ကြာစွာ ထင်ရှားခဲ့တာပါ။ ရှေးခေတ် ရောမပညာရှိ (Tacitus) က. . .

"the Helvetians တွေဟာ ပြည်သူတွေရဲ့ စစ်သည်ရဲမက်တွေ ဖြစ်တယ်။ ဒီစစ်သားတွေမှာ ရဲစွမ်းသတ္တိနဲ့ ကျော်စောမှုတွေရှိတယ်"လို့ ဖော်ပြခဲ့သလိုပါ။ များစွာသော



အီတလီနိုင်ငံ၊ ရောမမြို့အတွင်းက
ဗာတီကန်စီတီးရဲ့တည်နေရာအသေးစိတ်


www.burmeseclassic.com

www.burmeseclassic.com

ဥရောပနိုင်ငံတွေရဲ့ အုပ်ချုပ်မှုအာဏာနဲ့ သူတို့တာဝန်ထမ်းခဲ့တယ်။ သူတို့ဟာ အထူးသဖြင့် ပြင်သစ်နဲ့ စပိန်ရဲ့ မြင့်မားတဲ့ ဘောင်းဆိုချက်တွေအရလည်းဖြစ်တယ်။

ပုပ်ရဟန်းမင်းကြီးနိုင်ငံတော်မှာ အစောင့်တွေ စတင်တာဝန်ထမ်းတာဟာ ၁၄ ရာစုနောက်ပိုင်းနဲ့ ၁၅ ရာစုမှာပါ။ ၁၅၀၅ ခုနှစ်မှာတော့ ဆွစ်ဘိရှော့ (နောက်တော့ ပုပ်ရဟန်းမင်းကြီးကိုတောင် ရွေးချယ်ပေးခွင့်ရှိတဲ့ (cardinal) ဖြစ်လာတဲ့)ဟာ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက်ဂျူလီးယက်(Julius II)ကိုယ်စား ဆောင်ရွက်ပြီး ပုပ်ရဟန်းမင်းကြီးရဲ့ တိုက်ရိုက်ထိန်းချုပ်မှုအောက်မှာ အလုပ်လုပ်နိုင်တဲ့ ဆွစ် အမြဲတမ်းနိုင်ငံတကာကိုယ်စားပြုအဖွဲ့တစ်ဖွဲ့ ဖန်တီးဖို့ အဆိုပြုခဲ့တယ်။

၁၅၀၆ခု ဇန်နဝါရီလ ၂၂ ရက်မှာတော့ ပထမဆုံးဆွစ်ကိုယ်စားပြု အစောင့် ၁၅၀ ဟာ ကပ္ပတိန် Kaspar von Silenen ဦးဆောင်ပြီး ဗာတီကန်ကိုရောက်ရှိလာတယ်။ သူတို့ဟာ မကြာခင် ၁၅၂၇ ခုအတွင်းက ရောမမြို့သိမ်းပွဲမှာ သက်သေထင်ရှားပြခဲ့လို့ ပေးဆပ်မှုနဲ့ရဲစွမ်းသတ္တိရှိမှုအတွက် နာမည်ကောင်း ရရှိခဲ့ကြတယ်။ အားလုံးသော ဆွစ်အစောင့် ၁၈၉ ဦးထဲက ၄၂ ဦးဟာ ပုပ်ရဟန်းမင်းကြီး-သတ္တမမြောက် ကလီးမင့် (Clement VII)ကို ကာကွယ်ရင်း သေဆုံးခဲ့ရတယ်။

ဆွစ်အစောင့်တွေဟာ အလားတူပဲ ဆင်တူတဲ့ ကိုယ်တိုင်စွန့်လွှတ် အနစ်နာခံမှုတွေအတွက် ပြင်ဆင်မှုတွေကို ဒုတိယကမ္ဘာစစ်အတွင်းမှာ လုပ်ခဲ့ကြတယ်။ ဂျာမန်တပ်တွေ ရောမကို လွှမ့်ဝင်လာတဲ့အခါ များသထက် များလာတဲ့ အစောင့်တွေကလည်း ကာကွယ်တဲ့အနေအထားနဲ့ အသင့်ရှိနေကြပေ့ါ။ ပသို့ဆိုစေ အဒေါ့ဖ်ဟစ်တလာကတော့ ဗာတီကန်ကို တိုက်ခိုက်မှုမလုပ်ဖို့လမ်းကိုပဲ ရွေးချယ်ခဲ့ပါရဲ့။

၁၉၁၄ ခုမှာတော့ ဒီယူနစ်ဟာ ကာနယ် ဗိုလ်မှူးကြီးအဆင့်နဲ့ တပ်မှူးချုပ်တစ်ဦး၊ အခြားအဆင့်အရာရှိ ငါးဦး၊ အငယ်တန်းအရာရှိ ၁၅ ဦး၊ စစ်မှုထမ်းဘုန်းတော်ကြီး (chaplain) တစ်ဦးနဲ့ သစ်သားရိုးတပ်လှံရှည်ကိုင် (pikemen) ၂၀ ဦးပါဝင်ပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ နောက်ထပ်အစုအဖွဲ့တွေကိုလည်း ၁၉၅၉ခုနဲ့ ၁၉၇၆ခုတွေမှာ ဆက်လုပ်တယ်။ ၁၉၇၉ ခုမှာတော့ သူတို့ရဲ့အရေအတွက်ဟာ fixed at 100 (တပ်မှူးချုပ်တစ်ဦး၊ အခြားအဆင့်မြင့်အရာရှိ သုံးဦး၊ စစ်မှုထမ်း ဘုန်းတော်ကြီးတစ်ဦး၊ အငယ်တန်းအရာရှိ ၂၃ ဦး ဒရမ်-ဗုံတီးသူ နှစ်ဦးနဲ့ လှံရှည်ကိုင် ၇၀) အပါအဝင် အယောက်တစ်ရာနဲ့ ပုံသေရှိလာပါတော့တယ်။

၁၉၈၁ ခုမှာတော့ ဆွစ်အစောင့်တွေဟာ စိန့်ပီတာရင်ပြင်မှာ ဖြစ်ပွားခဲ့တဲ့လုပ်ကြံမှုမှာ ဒုတိယမြောက်-ဂျွန်ပေါလ် (John Paul II)ကို ကာကွယ်ဖို့ကူညီခဲ့တယ်။ အဲဒီကိစ္စမှာ နှိုးဝတ်အစောင့်ဟာ ပုပ်ရဟန်းမင်းကြီးကို ကူညီကာကွယ်ဖို့ တစ်ဟုန်ထိုးပြေးဝင်ခဲ့လို့ သူ့ရဲကောင်းတစ်ယောက်နှယ် ဖြစ်သွားပြီး ၁၉၉၈ ခုမှာတော့ ဆွစ်အစောင့်တွေရဲ့ အုပ်ချုပ်သူလို ဖြစ်လာပါတော့တယ်။ ပသို့ဆိုစေ သူရာထူးတက်တဲ့ နာရီပိုင်းအတွင်းမှာပဲ သူနဲ့သူ့မိန်းမဟာ မကျေမချမ်းဖြစ်နေတဲ့ အဆင့်နိမ့်အစောင့်တပ်သားတစ်ဦးရဲ့ သေနတ်နဲ့ ပစ်သတ်တာကို ခံခဲ့ရပြန်တယ်။ ပစ်သူဟာလည်း နောက်တော့ သူ့ကိုယ်သူ သတ်သေသွားပါတယ်။ ဒါတွေဟာ ဗာတီကန်စီတီးမှာ ၁၉ ရာစုလယ်လောက်ကတည်းက ပထမဆုံးဖြစ်တဲ့ လူသတ်မှုလို့ မှတ်ယူလိုက်ကြပါတော့တယ်။

ဆွစ်အစောင့်တွေကို တစ်ခါတစ်ရံမှာ ဗာတီကန်စီတီးရဲ့ 'ရဲတပ်ဖွဲ့'လို့လည်း ရည်ညွှန်းခဲ့ကြတယ်။ ဒါပေမယ့် အီတာလျံရဲ့ဌာနအောက်က သီးခြားအုပ်ချုပ်ရေးနဲ့ ရဲတပ်ဖွဲ့ကိုလည်း စိန့်ပီတာရင်ပြင်မှတစ်ပါး ဒီဗာတီကန်စီးတီး အမျိုးသားနိုင်ငံလေးရဲ့ အလုံးစုံသော လုံခြုံရေးနဲ့ တရားစီရင်ပိုင်ခွင့်အတွက် တာဝန်ပေးထားတာ ရှိနေပါသေးတယ်။

ဗာတီကန်နိုင်ငံငယ်လေးမှာ တစ်ညောင်းလည်ပတ်လေ့လာပြီးချိန်မှာတော့ ပြန်လည်ထွက်ခွာဖို့အတွက် မြေအောက်ထပ်ကို ဆင်းခဲ့ကြပါတယ်။ မြေအောက်ကားရပ်နားရာစခန်းမှာ အသင့်စောင့်နေတဲ့ ခရီးသွားကားကြီးနဲ့ ညနေစာစားဖို့ စားသောက်ဆိုင်ကို သွားကြတယ်။ မြေအောက်ကားရပ်နားစခန်းမှာတော့ လူမည်းဈေးသည်များက အပေါစား သားရေအိတ်နဲ့ အသုံးအဆောင်တွေကို အတင်းထိုးရောင်းနေကြပါတယ်။ လမ်းညွှန်က အဲဒီလိုလိုက်ရောင်းရင် မဝယ်မိစေဖို့ အတန်တန် သတိပေးထားတာကို သတိရပြီး ပြဿနာတစ်စုံတစ်ရာဖြစ်မှာကို ကြောက်ကြောက်နဲ့ ခရီးသည်အားလုံး ဘယ်သူမျှ ဈေးတောင်မမေးမိကြပါဘူး။

ညနေစာ စားပြီးချိန်မှာတော့ မြို့နဲ့အတန်ဝေးတဲ့ Courtyard ဟိုတယ်၊ Marriott မှာ သွားရောက်တည်းခိုပြီး ရောမမြို့မှာ ညအိပ်ရပ်နားကြပါတယ်။ ဥရောပခရီးစဉ်ကနေ ပြန်ရောက်ပြီး မကြာခင်မှာပဲ ဗာတီကန်စီတီးမှာ လက်ရှိစံမြန်းနေတဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ ကောင်းမြတ်ပြီး ခေတ်မီလှတဲ့ လုပ်ဆောင်မှုတွေကို သတင်းမီဒီယာတွေမှာ တွေ့လိုက်ရတယ်။

- ဒီနှစ် ခရစ်စမတ်နေ့ အမှတ်တရ ညစာစားပွဲမှာ လမ်းဘေးက အိမ်ခြေရာခြေမဲ့ လူဆင်းရဲတွေကို ပုပ်ရဟန်းမင်းကြီးက ဖိတ်ကြားပြီး အတူညစာစားခဲ့ပါသတဲ့။ ဘယ်ပုပ်ရဟန်းမင်းကြီးမှ မပြုလုပ်ခဲ့တဲ့ လုပ်ရပ်တစ်ခုမို့ တစ်ကမ္ဘာလုံးက အံ့သြချီးကျူးကြပါတယ်။ သာဓုပါ။

**❐ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရွှေ-သု)**

စာကိုး။ Vatican City. "Swiss Guards."
Encyclopædia Britannica, 2013.



www.burmeseclassic.com

www.burmeseclassic.com

# အရွယ်မရောက်သေးမီ လက်ထပ်မင်္ဂလာနှင့် လှို့ဝှက်ကမ္ဘာ၏ သတို့သမီးကလေးများ

**MARINER လှဦး**

ဘယ်သို့ဆိုစေ ဤကဲ့သို့ မင်္ဂလာဆောင်မျိုးကို တရားမဝင် လှို့ဝှက်လုပ်ဆောင်နေပြီး ဖိတ်ကြားထားသောသူအနည်းငယ်နှင့် အိန္ဒိယနိုင်ငံ "ရာဂျက်စသန်" ဒေသတွင် ညပိုင်းအချိန်တွေမှာ တိတ်တဆိတ် စီမံဆောင်ရွက်ကြ၏။

နောက်တစ်ရက် နေ့လယ်ပိုင်းတွင် အခြေတကျ နေထိုင်ကြသော ခြောက်သွေ့သည့် အိန္ဒိယမြောက်ပိုင်းမှ ယာတောများတွင် သတို့သမီးငယ်များမှာ ဘာသာရေး အဆုံးအမတွေအတိုင်း မကျူးလွန် မဖောက်ဖျက်ပါဟု သစ္စာပြုတိုင်တည်ကြရသည်။

မြေကြီးပေါ်တွင် ဘေးခြင်းယှဉ်၍ တင်ပျဉ်ခွေ ထိုင်နေကြသော အမျိုးသမီးတစ်သိုက်သည် ဆာရီ ဝတ်ရုံ ခြုံလွှမ်းကာရံ၍ သတို့သမီးကလေး ၂ဦး အပေါ်သို့ နံ့သာရည်အမွှေးအကြိုင်များ ပက်ဖျန်းပေးကြသည်။

"ရာဒါ"နှင့် "ဂိုရာ" ခေါ်ဆိုသူ ညီအစ်မနှစ်ဦး ၁၃နှစ်နှင့် ၁၅ နှစ်သမီးတို့၏ဦးခေါင်းပေါ်တွင် ကြေးလင်ပန်းကိုယ်စီရွက်ထားကြသည်။ တတိယတစ်ဦးမှာ သူတို့နှစ်ဦး၏ တူမကလေး ၅ နှစ်သမီး "ရာဂျာနီ"က ပန်းပေါ်မှာ လိပ်ပြာအရုပ်ပါသော တီရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ လူကြီးများက တီရှပ်ကို ကူညီချွတ်ပေး၍ ရေချိုးပေးကြသည်။

သတို့သားများသည် သူတို့ရွာမှ မိုင်အတော်ဝေးဝေး လမ်းခရီးမှာလာနေကြဆဲရှိသည်။ အစဉ်အလာအရမင်္ဂလာအခမ်းအနားကို ဆင်စီးမြင်းရံ၍ ဝင်ရောက်ရန်ရှိသော်လည်း စရိတ် ကြီးမားတာကြောင့် မော်တော်ကားများနှင့် လာရောက်ကြကာ စိတ်အားထက်သန်စွာနှင့် သောက်စားပျော်ပါးမည်။ သတို့သားများကို သတို့ သမီးနှစ်ဦး၏ဖခင်ကသာလျှင် ဦးဆုံး တွေ့ဆုံကြရမည်။

သေးသွယ်ပါးလျားသော ခန္ဓာကိုယ်နှင့် ငွေရောင်ဆံပင်များ ရှိသူ ဖခင်ကြီးသည် သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးအတွက် ဂုဏ်ယူစွာ ရောက်လာကြပြီး ဧည့်သည်များအတွက် ပိုးသား
ပိတ်စများကို တွဲလောင်းကျအောင်
ဆင်မြန်းထားလေသည့် မဏ္ဍပ်အရိပ်
အောက်မှ ကြိုဆိုရသည့် အခိုက်မှာ
သတို့သမီးဘက်မှ ဖခင်ကြီးက မင်္ဂလာ
ခန်းဝင် အသွင်းပစ္စည်း မထည့်ဝင်
ကြောင်းကို ရဲအရာရှိများမှ တွေ့ခဲ့သိ
လျှင် မင်္ဂလာပွဲ မဖြစ်မြောက်တော့
မင်္ဂလာအခမ်းအနားကို ကြားဖြတ်ရပ်
ဆိုင်းကြသည်။ ပြီးလျှင် ရက်ရှည်ကြာ
ညောင်းစွာ အရှက်တကွဲ ဖြစ်ကြရမှာ
သတို့သမီး မိသားစုဝင်များ ဖြစ်ကာ
ဖမ်းဆီး အရေးယူခြင်းကိုလည်း ခံစားကြ
ရပါမည်။ "ရာဂျာနီ" သည် လယ်သမား
ကြီး၏ သမီးကြီးမှ မွေးသောမြေး
ကလေးဖြစ်သည်။

သူကလေးမှာ မျက်လုံးအညို
ရောင်၊ ကျယ်ပြန့်သောနှာခေါင်း၊ ‌ေ
ကလက်ရောင် အသားအရေ ရှိသည်
ကလေးမသည်ဘိုးဘွားများနှင့်နေသည်
ကလေးမ၏မိခင်သည် သူ့ယောက်ျား
ရွာမှာနေသည်။ ကျေးလက်မှ လက်
ပြီးသား အမျိုးသမီးများအတွက် ‌
လင့်စရာနှင့် လုပ်စရာ ဒါပဲ ရှိသည်။

သျှောင်နောက်ဆံထုံးပါ လိုက်
နေထိုင်ကြရသည်။ ဘိုးအေကြီး
မြေးမကလေးကို အလွန် ချစ်သည်
စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရသော
ဘိုးအေကြီး၏စီစဉ်ပုံမှာ မြေးမက
အတွက် သတို့သားသည် လေး
လောက်သောမိသားစုတစ်ခုမှဖြစ်သ



၁၁ နှစ်အရွယ် Yemen နိုင်ငံ အနောက်မြောက်ဒေသ Hajja အရပ်မှ
အာရဗီသမီးပျို Sidaba သည် လက်ဖြစ် သတို့သမီးဝတ်စုံကို
အခေါက်လိုက်တွဲကျအောင် ဝတ်ဆင်ကာ မိတ်ကပ်နှင့် အလှပြင်ဝတ်ဆင်ထားပုံ





www.burmeseclassic.com

www.burmeseclassic.com

ကလေးမကလေးသည် အဒေါ်တော်သူ "ရာဒါ" ဘက်မှ တော်စပ်သူတစ်ဦးလည်း ဖြစ်သည်။ ဤနည်းအားဖြင့် ကလေးမလေးအတွက် "GAUNA" ခေါ် မင်္ဂလာ အခမ်းအနားအပြီးတွင် အသီးကျန် ဖြစ်စရာ မလိုတော့ပါ။

အကြောင်းမှာ အိန္ဒိယနိုင်ငံ၏ ရိုးရာအခမ်းအနားအတွက် သတို့သမီးကလေးငယ်တစ်ဦး၏ မိသားစုလက်တွင်းမှ သူမနှင့်ပေါင်းဖော်ရမည့် ခင်ပွန်းလင်ထံသို့ ရုပ်ပိုင်းဆိုင်ရာ လွှဲပြောင်းပေးမှု အမှတ်အသားပင်ဖြစ်တော့သည်။ အိန္ဒိယမှ မိန်းကလေးများကို ကလေးဘဝကတည်းက လက်ထပ်ပေးမှုတွေသည် သူတို့၏ရိုးရာဖြစ်သည်။

"GAUNA" အခမ်းအနား၏ နေရာယူ ဆင်ခြင်သုံးသပ်ပုံမှာ အချိန်တန်အရွယ်ရောက်သည်အထိ ဘိုးဘွားမိဘ၏ ကာကွယ်စောင့်ရှောက်မှု ခံယူကြရသည်ဟု ရွာသားများက ပြောကြသည်။ လူသိရှင်ကြား လက်ထပ်၍ သူမအတွက် အသိအမှတ်ပြုကြသည်။

နွေဦးပိုင်းပွင့်လင်းရာသီ၏ အပူဆုံးကာလများတွင် ကျင်းပကြသော AKHA TEEJ ပွဲတော်အတွင်းတွင် "ရာဂျက်စသန်" ကျေးရွာအတွင်းမှ ယခုလို ကိစ္စတွေ ကျွန်ုပ်တို့ လေ့လာသိရှိခဲ့ရသည်။ ဒါတွေသည် လက်ထပ်မင်္ဂလာပြုကြရာတွင် အတိတ်ကောင်းသည်ဟု မင်္ဂလာယူ ဆုံးဖြတ်ကြသည်။ တစ်စုံတစ်ယောက်က ပေးထားသော ပလတ်စတစ်ပန်းရောင် နေကာမျက်မှန်ကလေးကို ကိုင်ကာ နေရာ ထိုင်ခုံတစ်ခုပေါ်တွင်ခြေဗလာနှင့်ထိုင်နေသော တီရှပ်အကျီကလေး ဝတ်ထားသည့် ၅နှစ်အရွယ် သမီးငယ်ကလေးအား စာရေးသူတို့တစ်တွေက စိတ်ဆင်းရဲစွာနှင့် စိုက်ကြည့်နေမိကြသည်။

သူကလေးကတော့ ညသန်းခေါင်ယံတွင် ကျင်းပမည့် မင်္ဂလာအခမ်းအနား၏ သတို့သမီးကလေးပင် ဖြစ်တော့သည်။

ကျွန်ုပ်တို့ကို ရွာတွင်းသို့ ဦးဆောင်ပြီးခေါ်လာခဲ့သူ လယ်သမားကယခု မင်္ဂလာပွဲသည် အပျိုပေါက်ညီအစ်မနှစ်ဦးအတွက် စီမံခဲ့တာလို့ပြောပါသည်။ ထိုကဲ့သို့သော အကြောင်းတွေကို ဖော်ထုတ်ပြသဖို့ရန် ဘေးအန္တရာယ်ရှိသည်။ အကြောင်းမှာ အိန္ဒိယ၏သမီးမိန်းကလေးများသည် အသက် ၁၈နှစ်မပြည့်လျှင် လက်ထပ်ဖို့ တရားမဝင်ပါ။ ဒါပေမဲ့ နည်းမျိုးစုံနှင့် အားပေးအသုံးပြုနေသော တရားမဝင်လက်ထပ်ပွဲတွေကိုလည်း အိမ်နီးနားချင်းများက ပူးပေါင်းဆောင်ရွက်ရန် သဘောတူကြသည်။

မိသားစု ဂုဏ်သရေကိုလည်း ဆုံးဖြတ် ဝေဖန်ပြီးသားဖြစ်စေကာ ပိုမိုလွယ်ကူစွာ စီမံကြသောအချိန်သည် စေ့စပ်ကြောင်းလမ်းထားသူ မိန်းကလေးလူလားမြောက်ချိန်တွင် မင်္ဂလာဆောင်ပေးကြတော့သည်။ အငယ်ဆုံးသော သမီးမိန်းကလေးများ၏ နားကြားပြင်းကတ်အောင် စူးရှသည့်အသံကလေးများကို နားထောင်ကာ သူတို့၏ အပြုအမူ အပြောအဆိုတို့ကို ဆင်ခြင်တိုင်းထွာပြီး ထိုမိန်းကလေးမျိုးကိုတော့ သူတို့၏မင်္ဂလာပွဲအတွက် လေသံတောင် မဟတော့ဘဲ လက်သင့်မခံကြတော့ပေ။

၅နှစ်သမီး " ရာဂျာနီ " မိန်းကလေးသည် အခမ်းအနား စတင်ခြင်း မတိုင်မီ အိပ်ပျော်နေသည်။ ဦးလေးဖြစ်သူတစ်ယောက်က ထိုမိန်းကလေးကို အသာအယာ ပွေ့ချီကာ ခုတင်ပေါ်တွင်တင်ထားသည် ဘုန်းတော်ကြီးများ ရှေ့မှောက် လရောင်ဆမ်းသည့် နေရာတွင် အမွန်အမြတ်ထားသော မီးပုံရှေ့မှ ရွှေရောင်ခေါင်းပေါင်း ဝတ်ဆင်ထားသော ၁၀ နှစ်အရွယ် သတို့သားလောင်းနှင့် ယှဉ်တွဲနေရာချထားပေးသည်။

ဖိတ်ကြားထားသော အပြင်လူများထဲမှ သတို့သမီး ကလေးငယ်ထံသွားကာ ရုတ်တရက်ဆတ်ခနဲ အတင်းအဓမ္မ ပွေ့ချီပြီး လူကြီးများကိုလည်း လက်သီးနှင့်ထိုး၍ ထွက်ပြေးသွားပုံမှာ ရုပ်ရှင်နှင့် ပြဇာတ်ဆန်ဆန် ကလေးမကလေးကို ကယ်တင်ခြင်းသည် အားလုံးသော လူအများကို အံ့အားသင့်သွားစေတော့သည်။ " ရာဂျာနီ " ကလေးမ၏ မင်္ဂလာ ညချမ်းအတွက် စာရေးသူ ကျွန်မကိုယ်တိုင် ကင်မရာများနှင့် တပ်ဆင်ရိုက်ကူးပေးခဲ့သည်။

ဓာတ်ပုံတွင်းမှာ ညိုမှောင်သော အရောင်နှင့် ဖြနာရီကြာ ကျင်းပသော မင်္ဂလာပွဲအတွင်းမှာ ကလေးမလေး၏ မျက်နှာသည် ကင်မရာဘက်ကို မျက်လုံးကလေးပြူးကြောင်ကြောင်နှင့် ဘာဒုက္ခမှ မရှိသယောင်ကြည့်ကာ အပြုံးကလေး တစ်ခုကို ဆောင်ထားသည်။

ကျွန်မ မှတ်မိသလောက် ကျွန်မကိုယ်တိုင် ကလေးမလေးကို ပွေ့ချီပြေးခဲ့မိတာကို အထူးအဆန်းတွေဖြစ် အံ့အားတွေသင့်ကာ စိတ်တွေဆိုးကုန်ကြတော့သည်။

၅နှစ်သမီးကလေး တစ်ယောက်သာလျှင် ကျွန်မ၏ပခုံးပေါ်တွင်တင်ကာ အဝေးသို့ထွက်ပြေးခဲ့သော်လည်း ၁၃နှစ်သမီးနှင့် ၁၅ နှစ်သမီးညီအစ်မ နှစ်ဦးမှာတော့ ကုန်ပစ္စည်းများ အရောင်းအဝယ် အရွှေ့အပြောင်း လုပ်သလို တောင်းဆိုမှုများအတွက် မိသားစု တစ်ခုမှ အခြားမိသားစုတစ်စုထံသို့ ပြောင်းရွှေ့ကြရပြီ။ ဘာကြောင့်ဆိုလျှင် ယောကျ်ားအုပ်စုတစ်ခု၏ စီစဉ်ဆောင်ရွက်မှုအဘိုင်း သူတို့ အနာဂတ်အတွက် သူတို့ ဘာသာ စီမံကြတာ ဖြစ်သည်။

ကလေးသူငယ် လက်ထပ်ပေးခြင်း ရိုးရာဓလေ့များကို အချိန်ပြည့်လုပ်ငန်းခွင် ဝင်နေရသူများမှလည်း ကြိုးစားစွာ အကူအညီများ ပေးခဲ့ကြသည်။ တင်းကျပ်သော ရိုးရာဓလေ့ဆိုင်ရာ လူမှုအဖွဲ့အတွင်း အမျိုးသမီးများ၏ ဘဝများကို အခွင့်ကောင်းယူကြသည်။

ဤကဲ့သို့ ရိုးရှင်းစွာ ကြိုးပမ်းအားထုတ်နေပုံတွေမှာ အရာတိုင်းကို ပမာမခန့်နှင့် ထင်ရာစိုင်းနေကြခြင်းသည် ကလေးများ၏ဘဝနိဒါန်း အစ





www.burmeseclassic.com

www.burmeseclassic.com

မှာပင် ရိုက်ပုတ်တွန်းလှဲခံလိုက်ရပါပြီ။ ယနေ့ကမ္ဘာနှင့် နေရာဒေသ အသီးသီးတို့၌ စောစောစီးစီး အတင်းအကျပ်လက်ထပ်ပေးခြင်းများသည် ထမြောက်အောင်မြင်တန်သရွေ့ အောင်မြင်ကြသည်။

ယခုလို မိဘများက သူတို့ သားသမီးများကို စီမံပေးကြသော်လည်း ရံဖန်ရံခါ၌ တရားဥပဒေကို ဆန့်ကျင်နေသည်။ အားလုံးသော လူ့အဖွဲ့အတွင်း၊ ကိုယ်ပိုင်နည်းလမ်းများ သုံးကာ မိန်းကလေးတစ်ဦး၏ အပျိုစင်ဘဝ ဆုံးရှုံးစေသည့် အန္တရာယ်ပင်ရှိစေကာမူ မိဘအုပ်ထိန်းသူများမှ စိတ်ကြိုက်စီမံ ကြပုံတွေသည် ခင်ပွန်းလင် တစ်စုံတစ်ဦး မိန်းကလေး၏ နံဘေးတွင် ရှိနေစေဖို့ရန် အဓိက အကြောင်းတစ်ရပ် ဖြစ်သည်။

ဒါမျိုးကို လက်သင့်ခံဖို့ မကောင်းပါ။ ကလေးသူငယ် လက်ထပ်ပွဲများ ကမ္ဘာ့တိုက်နယ်အသီးသီးတွင် ကျယ်ပြန့်လို့နေ၏။ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်ရာအမျိုးဇာတ်တူရာယောကျ်ား ကလေးများနှင့် ၄ နှစ်အရွယ်၊ ၅ နှစ်အရွယ်တို့တွင် တွဲဖက်ပေးလေ့ရှိကြ၏။ အာရေဘီးယား၊ ယီမင်၊ အာဖဂန်နစ္စတန်နှင့် အခြားဒေသတွေမှာစောစီးစွာ လက်ထပ်မင်္ဂလာ ပြုပေးသည့်နှုန်းထားသည် မြင့်မားစွာ ပေါ်ပေါက်နေသည်။ လင်ယောကျ်ား ဖြစ်သူသည် ငယ်ရွယ်သူ၊ သက်လတ်ပိုင်း မုဆိုးဖို (သို့) သွေးဆောင် ဖြားယောင်းနိုင်သူနှင့် အတင်းအဓမ္မ ကာမကို အရယူနိုင်သူတို့သည် သူတို့ဆန္ဒအရ ညှဉ်းပန်းခံရသူ မိန်းကလေးများကို ဇနီးမယား အဖြစ်သို့ ပို့လိုက်ကြတော့၏။ လက်တွေ့သေချာသည့် ဒေသများတွင် အီသီယိုးပီးယား ပါဝင်နေသည်။ အချို့သော မင်္ဂလာလက်ထပ်ပွဲများကို စီးပွားရေးဆန်ဆန် အသွင်ပြောင်းကာ မေတ္တာကို ငွေနှင့် ရောင်းစားလို့ နေကြသည်။

ကြွေးတင် ကျွန်ဖြစ်ခြင်းတွေကို အစားထိုး ရှင်းလင်းကြရန် ကြွေးရှိထားသမျှလျော့အောင် ပြေအောင်လုပ်ကြရန်အတွက် အပျိုကညာ ၁၂ နှစ်သမီးကလေးကို လက်သင့်ခံရန် ပေးဆပ်ကြတော့သည်။ လူထုလူတန်းစား အသီးသီးအတွင်း မျက်နှာပူရင်ဆိုင်ခံစားရသောဖြစ်စဉ်တွေဖြစ်ကြသည်။

၂၀၀၈ ခုနှစ် " နူးဂျော့အလီ " ခေါ် ဆိုသော ယီမင်နိုင်ငံသူကလေးတစ်ဦး၏ ဇာတ်လမ်းမှာ တရားရုံးတစ်ခုတွင် အသက် ၃၀ ရှိသော သူမ၏ လင်ယောကျ်ားကို မပေါင်းသင်းလို၍ ကွာရှင်းပေးရန် ဦးတိုက်လျှောက်ထားခဲ့သည်။သူမ၏ဖခင်ကြီးမှ အတင်းအကျပ်ပေးစားလို့ မချစ်မနှစ်သက်ဘဲ ယူခဲ့ရသောလင် ဖြစ်သည်။ သူမ၏ အမှုသွားအမှုလာအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘာသာပေါင်း ၃၀ သို့ ပြန်ဆိုကာ ခေါင်းစဉ်ကြီးကြီးနှင့် စာအုပ်များ ထုတ်ဝေခဲ့သည်။ ၎င်းမှာ" I AM NUJOOD ALT, AGE 10 AND DIVORCE" စာအုပ် ဖြစ်သည်။

ဒါပေမဲ့ လူတန်းစားအသီးသီးမှ အနည်းငယ်တို့တွင် မိဘများ၏ စီမံရာ အတိုင်း စောစီးစွာ လက်ထပ် မင်္ဂလာပြုပေးခြင်းမှာ လူအများ ပြုနေကျဓလေ့ထုံးစံဖြစ်သည်။ အမျိုးသမီးများ၏ အလယ်၌"RAIANI" ရာဂျာနီ ဆိုသော ကလေးမအား နေရာချပေးသည်။

ဥပမာအားဖြင့် သူတို့ရိုးရာ လွမ်းမောတမ်းတဖွယ်ရာ တေးသံသာများကို သီဆို ချော့မော့၍ သတို့သမီးကလေး ငယ်ကို ရေချိုးသန့်စင်စေ၏။ အတိုင်း အဆ မရှိ ခံစားကြရမည့်ပိုမိုခက်ခဲသော သဘာဝ၏ အမှားများကို ဘေးချိတ်မ ချင်ယောင်ဆောင်ပြီး မိန်းကလေးများ အပေါ်၌ မတရားပြုကျင့်ကြသည်။

ကာယကံရှင် မိန်းကလေး သဘောဆန္ဒ လုံးဝမပါဝင်ဘဲ အုပ်ထိန်း သူများ၏ သဘောအတိုင်း ဆောင်ရွ နေကြသည်။ သူကလေးတို့၏ ပညာ ကိုလည်း တစ်ပိုင်းတစ်စနှင့် ပြတ် လက်ထပ်ပေးခြင်းကြောင့် ဘာမ



Majid ကိုလက်ထပ်ဖို့ အစောပိုင်းရက်များက ပြန်ခေါ် ထားခံရသူ Tahani ခေါ် သည့် မိန်းကလေး။ ၆ နှစ် သမီးခန့်တွင် မဂျစ်က အသက် ၂၅ နှစ် ရှိသည်။ ဘယ်အခါမဆို သူ့ကို ကျွန်မ မြင်ခဲ့ရင် ပုန်းရှောင်ချင်တယ်၊ မုန်းလည်း မုန်းတယ်လို့ တာဟာနီက ပြောသည်။ ယခု အသက် ၈ နှစ် အရွယ်မှာ ဇနီးမယားတစ်ဦး ဖြစ်နေပြီ။ ယခင် ကျောင်းနေဖက် Ghada ဆိုသူ ကလေးမသည်လည်း သူကဲ့သို့ သတို့သမီးငယ် ဖြစ်နေပြီ။ ဤရုပ်ပြဓာတ်ပုံသည် ဟာ့ချ်ဂျာဟု ခေါ် တွင်သော ရွာဘက်တွင် နှစ်စုံတွဲ ဓာတ်ပုံကို ရိုက်ထားကြပုံ ဖြစ်သည်။ တာဟာနီ ပန်းရောင်ဝတ်စုံနှင့် ဂါဒါ အစိမ်းရောင်ဝတ်စုံ ဝတ်ထားကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ယီမင်အာ ရပ်နိုင်ငံတွင် မင်္ဂလာဆောင်ကြပုံတွေ ဖြစ်သည်။ စီးပွားရေးဆန်ဆန် ကိစ္စအားလုံး ပြီးမြောက်အောင် ဆောင်ရွက်ကြပုံနှင့် ဆင်ဆင်တူနေသည်။ ဆီဗာ အစ်မကြီးဖြစ်သူ အလယ်က မိန်းကလေးနှင့် ဝဲဘက်က ဓါလီယား ၁၃ နှစ် သမီးတို့သည် သူတို့၏ အစ်ကိုဝမ်းကွဲများနှင့် မင်္ဂလာဆောင်ကြသည်။ ညာဘက်မှ ခေါ်လာ ဆိုသူ ကလေးက သူ့အစ်မ၏ ဦးလေးတော်သူနှင့် မင်္ဂလာဆောင်သည်။



ရာ့ဂျာနီနှင့် သူမ၏သတို့သား။ အထွတ်အမြတ် ထားသော ဆီမီးတောက်၏ရှေ့တွင် မျက်ဝါးထင်ထင် ကြည့်မြင်ကြကာ လက်ထပ်မင်္ဂလာ ပြုကြ၏။ ရိုးရာဓလေ့အားလျော်စွာ သတို့သားငယ်သည်လူလားမြောက်ကြီးပြင်းလာသည့် တိုင်အောင် မိဘအုပ်ထိန်းသူတို့၏နေအိမ်တွင် နေကြရ၏။ ဒုတိယအကြိမ် လက်ထပ်မင်္ဂလာပွဲသည် အရွယ်ရောက်ကြသည့်အခါသတို့သား၏ အိမ်သို့ သတို့သမီးကလေးကို သျှောင်နောက်ဆံထုံးပါ အပြီးအပိုင် ပြောင်းလွှဲပေးပို့လိုက်၏။ သမီးမိန်းကလေး ရာသီပန်း စတင်ပွင့်လျှင်ပွင့်ချင်း ဗုံကိုတီးပြီး ရပ်ရွာကို အသိပေးသည့် ဓလေ့ထုံးစံ ရှိခဲ့သည်။

ဘူးလက်ရှိကျောင်းများ၏ ပယောဂ နေစ်တွေကြောင့်လည်း ဖြစ်မည်။ အနီး အနား၌ ရှိသော ကျောင်းတွေမှာ မိန်း ကလေး ၅ တန်းမှ အထက် သေစာ ခွင်စာတတ်လျှင် တော်ပြီဟူသော အယူ အဆများနှင့် နေ့စဉ် ကျောင်းတက်စေ သည်။ လူစုလူဝေးတွေ၏ အလယ်၌ သွယက် တိုက်ခိုက်သော အကြမ်းဖက် သမားများကလည်း မတရားလုပ်ရန် အခွင့်အလမ်းတွေကို ချောင်းနေတတ် သည်။ ကျောင်းသို့ ရောက်ခိုက်မှာ လုံခြုံ သောရေအိမ်နှင့် အိမ်သာများမရှိကြတာ ကြောင့် အရွယ်ရောက်စ မိန်းကလေး တွေမှာလိုအပ်သောကျန်းမာရေးအတွက် အပေါ့အလေး ကိစ္စများကို ပြီးစလွယ် ရှင်းလိုက်ကြရသည်။

ကျောင်းစရိတ်စကတွေမှာလည်း ကြေးကြီးကြေးတန် ဖြစ်နေတာကြောင့် လက်တွေ့အားဖြင့် မိသားစုတွေ အတွင်း မှာ သားယောကျ်ားကလေးများကိုသာ ပြုစုပျိုးထောင်ကြတာ များသည်။ မိဘ များ၏ စီးပွားတစ်ပိုင်တစ်နိုင်နှင့် တတ် အားသရွေ့ တိုင်းကာထွာကာ ရှိနေကြ သည်။

အိန္ဒိယနိုင်ငံတွင် သတို့သမီး ကလေးများမှာ သျှောင်နောက်ဆံထုံးပါ ထုံးစံကြောင့် ဇနီးမယားအသစ်စက်စက် အဖြစ် သတို့သား၏ မိသားစုထံသို့လိုက် ပါကြရသည်။ ဒီလို ကိစ္စတွေ အတွက် ဟိန္ဒူထုံးစံအတိုင်း "PARAYA " ဟူ၍ မိဘများနှင့် နေထိုင်သော သမီးမိန်းက လေးများကို ကမ်းလှမ်းကြရသည်။

ဤကဲ့သို့ဓလေ့များကို တစ်သ ဝေမတိမ်းလိုက်နာမည်ဆိုပါက "မှတစ် ပါး အခြားမရှိ" သော ကောင်းကျိုးချမ်း သာကို ရရှိကြလိမ့်မည်ဟု ယုံကြည် သည်။ နွေရာသီ၏ နံနက်စောစောပိုင်း မှာ စာရေးသူအတွက် ဆင်နှင့် ကြွက် ပုံပြင်တစ်ခုကို ကြားဖူးခဲ့သည်။

မိန်းကလေးအများစု လက်ထပ် လိုကြကြောင်း စသည့်အကြောင်းအရာ များအား မော်တော်ကားထိုင်ခုံနောက်မှီ တွင်ထိုင်ကာ "ယီမင်" ဒေသ ခရီးလမ်း တစ်လျှောက်မှာ မိုဟာမက်ဆိုသူ၏ပြော သမျှ နားထောင်ရင်း ရွာတစ်ရွာသို့ ရောက်ခဲ့သည်။ ထိုရွာတွင် ဖြစ်ပျက် နေသမျှတွေသည် ကျွန်ုပ်အဖို့စိတ်ပျက် အောင် ခံစားလိုက်ရပါသည်ဟု မိုဟာ မက်က ပြောခဲ့သည်။

မိုဟာမက်က ဆက်လက် ပြော ဆိုလိုက်တာက AYE SHA လို့ ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကလေးမ ဒီရွာမှာ ရှိခဲ့တယ်။ ကျွန်တော့် မိန်းမနာမည်ကလည်း AYE SHA ပါပဲ။ မိုဟာမက်တစ်ယောက် အကြီးအကျယ် စိတ်ပျက် ဒေါသထွက်ကာ ဆက်လက် ပြောဆိုလိုက်တာက -

"ကလေးမက ၁၀ နှစ်သမီးဗျာ၊ ကလေးမက သေးသေးလေး၊ သူကလေး လက်ထပ်လိုက်ရတဲ့ ယောကျ်ားက အသက် ၅၀ ဗိုက်ကြီးကပူပူနဲ့ ဒီလိုဖြစ်နေတယ်" ဟုဆိုကာ မိုဟာမက်ကသူ၏ ဝမ်းဗိုက်တစ်ဝိုက် သူ့လက်များနှင့် ဝမ်းဗိုက်ပူပူ၏ လုံးပတ်သဏ္ဍာန်ကို ဖော်ပြကာ . . "ခင်ဗျား စဉ်းစားကြည့်စမ်း၊ ကြွက်မလေးက ဆင်ထီးကြီးကို လင်လုပ်ရသလို ဖြစ်မနေဘူးလား၊ အကယ်၍များ လင်နဲ့မယား အသစ်စက်စက်တွေက သက်တူရွယ်မျှ ဖြစ်ခဲ့ကြရင် ဘယ်သူကမှ ကန့်ကွက်ကြမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကလေးမတွေ အဖို့ ၉ နှစ် ၁၀နှစ်ဆိုရင်တော့ မဖြစ်ဘူးလေ၊ အရွယ်မှမရောက်သေးတာ၊ ဘူးသီးနုနုကိုအမွှေးသပ်လိုက်ရင် ဘာဖြစ်တတ်သလဲဆိုတာ ခင်ဗျား သိပါတယ်ဗျာ၊ မကြီးထွားတော့ဘဲ ဖင်ရှုံ့ပိန်လိမ်သွားမှာပဲ" ဟု မိုဟာမက်က ပြောခဲ့သည်။ အိမ်ထောင်စု ၅၀ ခန့် ကျောက်တောင်တွေကြားမှာ ကွန်ကရစ်အိမ်က လေးတွေနှင့်နေကြသည်။ ခြောက်သွေ့သော ထွန်ကြောင်းထယ်ကြောင်းများနှင့် ယာတောတစ်ခွင် ရှားစောင်းလက်ပပ်များကြားရှိ ထိုရွာလေးသို့ ကျွန်ုပ်တို့ ရောက်ခဲ့သည်။

ဒေသခံခေါင်းဆောင်" SHEIKH " ရှိက်ဆိုသူတွင် အနီရောင်သန်းသော မုတ်ဆိတ်တိုများနှင့် အတုံ့ လက်ကိုင်ဖုန်းတစ်ခု၊ ယိမင်ရိုးရာ ဓားမြှောင်တစ်ခုတို့ကို ခါးပတ်တွင် တွဲလောင်းချိတ်ထားသည်။ သူက ကျွန်ုပ်တို့ကို မျက်နှာကြက် အမိုးခပ်နိမ့်နိမ့် အိမ်တွင်းမှ မိန်းမအုပ်စုတစ်စုနှင့် ကလေးများကို ပြသသည်။ တချို့က ကော်ဇောပေါ် ထိုင်ကာ၊ တချို့က ချစ်ခင် နှစ်လိုဖွယ် အမူအရာများနှင့် တံခါးမ၏ လမ်းတစ်လျှောက်အတင်းအကျပ် တိုးဝှေ့နေကြသည်။ ဖခင်ဖြစ်သူ " ရှိက်" သည် မျက်မှောင်ကြုတ်ကာ မျက်နှာထားတင်းတင်းနှင့်သူတို့၏ အလယ်တွင် တင်ပျဉ်ခွေ ဝင်ထိုင်လိုက်သည်။

သူက ကျွန်ုပ်တို့ကို မယုံသင်္ကာကြည့်ကာ ခင်ဗျားမှာ ကလေးဘယ်နှယောက် ရှိသလဲ မေးတယ်။ ကျွန်ုပ်က နှစ်ယောက် ရှိတယ်လို့ ဖြေတယ်။


ရှိက်က တအံ့တသြနှင့် နှစ်ယောက်တည်းလားမေးပြီး သူ့ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်ပြီး လက်တဖက်နှင့်ဝှေ့ယမ်းညွှန်ပြ၍ ကလေးပေါက်စ တစ်ဦးကိုပြုစုနေသည့် မိန်းမငယ်တစ်ဦးက ကလေးပေါက်စ နှစ်ဦးနှင့် အခြားကလေးများကို အော်ငေါက် ဟန့်တားနေသည်။

ထိုမိန်းမငယ်မှာ အသက် ၂၆နှစ်တွင် သူမက ကလေးဆယ်ဦး မွေးပြီးပြီလို့ ရှိက်က ပြောလိုက်သည်။

သူမ၏ အမည်ကို "SUAD" ဆူအက်ဟု ခေါ်သည်။ ရှိက်သည် သူမ၏ဖခင် ဖြစ်သည်။ ဖခင်ဖြစ်သူ ရွေးချယ်ပေးသော မောင်ဝမ်းကွဲတော်သူနှင့် သူမကို ၁၄ နှစ်သမီး ကတည်းက လက်ထပ်ပေးခဲ့သည်။

လေသံ နိမ့်နိမ့်နှင့် . .

"ကျွန်မ ယောကျ်ားကို သဘောကျပါတယ်"လို့ "SUAD" က ပြောခဲ့သလို ဖခင်ကြီးကလည်း သူမကို ခိုင်



မင်္ဂလာအခမ်းအနား ပြီးဆုံးချိန်တွင် ဆွေမျိုးတော်စပ်သူ အမျိုးသမီးများက ယမင် သတို့သမီး ဆီဒါဟာနှင့် ဂါလီယာတို့ကို ခင်ပွန်း လင်ဖြစ်သူများထံ အိမ်ထောင်ရေး ဘဝသစ် အစပြုကြဖို့ စောင့်ရှောက်ပို့ဆောင်နေပုံ။ အချို့သော ကျေးလက်နေ မိန်းကလေးများသည်လည်း သူတို့၏ မိဘအုပ်ထိန်းသူ မိသားစုများ၏ လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် နေခဲ့ကြရသည်ဟု တက်ကြွသူ Sanaa မြို့သူမြို့သားများက ပြောကြားခဲ့သည်။



Jajja ရပ်ကွက်နေအိမ်အတွင်း၌ ၁၄နှစ် သမီး သားသည်အမေ Asia တစ်ယောက် သူမ၏ သမီးငယ်ကို ရေချိုးသန့်စင်ပေးနေစဉ် သူ့နံဘေးမှ ၂နှစ် သမီးကလေးငယ်တစ်ဦး ဆော့ကစားနေပုံ။ အေးရှားသည် ကျောင်းမနေဖူးသလို သူ့ကိုယ်သူ မည်ကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်ရမှန်း မသိသေးသဖြင့် ကလေးများ မွေးဖွားရသည့် ဒဏ်ကြောင့် သွေးများဆင်းပြီး နေထိုင်မကော ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ည့်ကာ. . "ကျွန်ုပ်ကလဲ သမီးဘဝ ရောတကျရှိလို့ ပျော်ရွှင်ကျေနပ်ပါ ယ်" လို့ ရှိုက်က ပြောခဲ့သည်။

ဖခင်ကြီးရှိုက်က သူ့ သမီးလက် ပ်တာနှင့် ပတ်သက်တာတွေကိုအခိုင် မာ ပြောပြီး အမှန်းတင်နေသည်။ ူပြောလိုတာက ဘယ်လို ဖခင်မျိုးမှ မြဲတမ်း သူတို့ သမီးတွေ၏ လက်ထပ် ်လာကိစ္စကို သမီးတွေ၏ လိုအင်ဆန္ဒ နှင့် ဆန့်ကျင်ပြီး အတင်းအကျပ် ပ်ကြပါဘူး။

အသက်မပြည့် အရွယ်မရောက် ေဘဲ ကလေး မွေးဖွားရတာ ဆေး ်ဆိုင်ရာ အသိပညာဖြင့် ဆိုလျှင် လွန်ပင် အန္တရာယ်ကြီးကြောင်းစကား ကားကျယ်လျှောက်ပြောနေသည်။ ေတနဦး သူ ပြောတုန်းက သမီး ကလေးကို မင်္ဂလာဆောင်ပေးရတာ ပ်မဖြစ် လိုအပ်တာလည်း မဟုတ်ပါ ူး သတို့သမီး၏အမိကလိုရင်း အချက် တွေကို ကြည့်ရှုစစ်ဆေးရဦးမည်။ ဒါပေ ီအကြောင်းနှင့် ပတ်သက်ပြီး ချောက် ရာလည်းကောင်းပြီးအမိကအချက် သက်တွေ ကင်းမဲ့နေသည်။

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ရွယ် မရောက်သေးသူ မိန်းကလေး တိုင်းအတွက် မင်္ဂလာဦးညရဲ့ အတွေ့ အကြုံကို ရင်ခုန်လှုပ်ရှား ထိတ်လန့်ကြ မှာပါပဲ" လို့ ရှိုက်က ပြောခဲ့သည်။

သူကလေးကတော့ ဖြစ်မြဲ ဓမ္မ တာအတိုင်း ဘဝကိုရင်ဆိုင်ရတော့မှာ ပါပဲ။

သူ့ထံမှ လက်ကိုင်ဖုန်းက ညင်း ညင်းသွဲ့သွဲ့ အသံမြည်လာခိုက် သူ့ခါးမှ ဖုန်းကို ဖြုတ်ယူကာ အပြင်ဘက်ကို ထွက်ရပ်ပြီး စကားပြောနေသည်။

ကျွန်ုပ်ကလည်း ခေါင်းစည်းပဝါ ကို ချွတ်ယူကာ ကျွန်ုပ်၏ စကားပြန်နှင့် လူကြီးတချို့ အမျိုးသမီးကြီး တစ်ဦးထံ တွင် တရင်းတနှီး ပြောဆိုနေတာကို တွေ့နေရသည်။ စကားတွေကို မြန်မြန် ပြောနေကြသဖြင့် ကျွန်ုပ်တို့က ယခုလို မေးခဲ့သည်။

"ခင်ဗျားတို့ရဲ့ကလေး မင်္ဂလာ ဆောင်ညမှာ အားလုံးအတွက်ဘယ်လို ကြိုတင်ပြင်ဆင်ခဲ့သလဲ၊ ဘယ်လိုမျှော် လင့်ပြီး ဘာတွေကို သင်ကြားပေးပါ သလဲ" လို့မေးတဲ့အခါ အမျိုးသမီးကြီးက တံခါးတစ်ဖက်ကို ငေးမောနေစဉ် ရှိုက် ကလည်း လက်ကိုင်ဖုန်းနှင့် စကားပြော အပြီး သူတို့အားလုံးရှေ့ဘက်သို့ ကိုင်း ညွတ်လျက် . . .

"ကလေးမလေးတွေကတော့ ဘာဆို ဘာမှ မသိကြပါဘူး" လို့ ဝင် ပြောသည်။ "လူကြီးတွေက သိကြလို့ ကလေးမတွေအပေါ် အတင်းအဓမ္မ ဖိအားတွေ ပေးနေကြတာ" ဟု ကြားသိ ခဲ့ရသည်။


ငယ်ရွယ်သူAYESHA အေးရှား ကလေးမလေး၏ ဇာတ်လမ်း အတွက် ဆင်ကဲ့သို့ ကြီးမားသော အသက် ၅၀ အရွယ်လင်ယောကျ်ားနှင့် ကြွက်မလေး သဖွယ်ကလေးမတို့၏ ဇာတ်ကြောင်းကို သူတို့က စာရေးသူတို့ နားလည်သဘော ပေါက်အောင် ပြောဆို ရှင်းပြနိုင်ပါ့ မလား။ အမျိုးသမီးကြီးတွေက ပြောကြ တာက " ဒီလိုကိစ္စတွေက စိုးရိမ်ထိတ် လန့်စရာတွေပါ "

ခွင့်ပြုချက် မရှိ ပိတ်ပင်ထားတဲ့ လူမှုရေးဥပဒေ ရှိနေပေမယ့် အကြောင်း ကြောင်းသော လိုအပ်တာတွေ ရှိခဲ့လို့ ဥပဒေကို လက်တစ်လုံးခြားထားပြီး လုပ် နေကြရကြောင်း ပြောခဲ့သည်။

ကလေးမလေး အေးရှားတစ် ယောက် သူနှင့် လက်ထပ်ရမည့်လူဝ ကြီးကို မြင်လျှင်မြင်ချင်း ထိတ်လန့်ကာ အသံသေး အသံကြောင်နှင့် အော်ငို လိုက်ကြောင်းကို အစ်မကြီးတော်စပ်သူ ဖာတီမာက ပြောခဲ့သည်။ တစ်စုံတစ်ဦး ကလည်း ရဲစခန်းကို တိုင်ကြားခဲ့သည်။



ညဉ့်နက်သန်းခေါင် လွန်ပြီးနောက် ၅နှစ် သမီးကလေး ရာဂျာနီ အိပ်ပျော်နေရာမှ နိုးလာချိန်တွင် ဦးလေးတော်သူမှ လက်ထပ်မင်္ဂလာပွဲသို့ ပါ ထမ်း၍ သယ်ယူခဲ့သည်။ ကလေးသူငယ် လက်ထပ်မင်္ဂလာဟူသည် India နိုင်ငံ၌ တရားမဝင်ပါ။ ဒါကြောင့် လက်ထပ်မင်္ဂလာပွဲတွေကို နံနက် သောက်မီ ညဉ့်နက်သန်းခေါင်တွေမှာ တစ်ရွာလုံးက လျှို့ဝှက်လက်ခံကာ ကျင်းပကြတာပါလို့ တောင်ယာသမားကြီး တစ်ဦးက ရှင်းပြခဲ့သည်။



နီပေါ ရွာငယ်လေးတစ်ခုမှာ ထုံးစံအတိုင်း စောစီးစွာ အိမ်ထောင်ပြုရသည်။ သတို့သမီး ဆူရီတာ ၁၆ နှစ် သည် ဝမ်းနည်းပူဆွေး ငိုကြွေးနေစဉ်နှင့် မိဘများအိမ်မှ သတို့သားအိမ်သို့ အစောင့်အရှောက်များနှင့် ပို့ဆောင်နေစဉ်။

www.burmeseclassic.com

တိုင်ချင်ရာတိုင် အရေးမစိုက်သူ အေးရှား၏ ဖခင်က သူ့သမီးကို " သမီးလေး ဒေါက်မြင့်ဖိနပ် စီးထားစမ်း၊ အရပ်ရှည်တယ်လို့ ထင်ရအောင်၊ ခြုံထည်ပဝါကိုလဲ မျက်နှာပေါ်မှာ ဖုံးထားစမ်း"

သူ့စကား နားမထောင်ပါက သူကိုယ်တိုင် ထောင်ထဲအပို့ခံရမှာ ဖြစ်ကြောင်း၊ သူသာ ထောင်ကလွတ်ခဲ့လျှင် ပြောစကား နားမထောင်သော သမီးကို သူကိုယ်တိုင် သတ်ပစ်မည်ဟု ခြောက်လှန့် နေသည်။

ရဲစခန်း တိုင်ခဲ့၍ ရဲများ ရောက်လာသော်လည်း အရေးမယူဘဲ ပြန်သွားကြသည်။ လတ်တလောအတွင်း မိန်းမကြီးတစ်ဦးက အားလုံးကို တိတ်တိတ်နေကြဖို့ ပြောခဲ့စဉ်မှာ "ရှိုက်" ကလည်း သူ့၏ အပြောအဆိုတွေကို အဆုံးသတ်လိုက်သည်။

လက်ထပ်ပွဲအပြီးမှာ အေးရှားကလေးမလေးမှာ ၂ နာရီကြာ ခရီးအကွာတွင် ရှိသော ရွာတစ်ရွာသို့ သတို့သားနှင့် ပေါင်းသင်းနေထိုင်ရန် လိုက်ပါသွားရတော့သည်။

"ညီမလေးမှာ လက်ကိုင်ဖုန်းတစ်လုံး ရှိတယ်၊ နေ့တိုင်း အေးရှားက ကျွန်မထံ ဖုန်းဆက်ကာ တစ်ငိုတည်းငိုကာ စိတ်ဆင်းရဲ နေရတယ် " ဆိုတာကို အစ်မဖြစ်သူ ဖာတီးမာ ပြောခဲ့သည်။

"အကယ်၍ စောစီးစွာ လင်ယူသားမွေးတယ်ဆိုတာ အန္တရာယ် တစ်စုံတစ်ရာရှိခဲ့လျှင် အလ္လာအရှင်မြတ်ကလဲ ပိတ်ပင်တားဆီးမှာပါပဲ"လို့ ယီမင်နိုင်ငံ ပါလီမန်အမတ် 'မိုဟာမတ်အလီဟမ်ဇီ' ဆိုသူက SANAA မြို့ကြီး၌ စာရေးသူအား ပြောကြားခဲ့သည်။

ဒီကိစ္စတွေကို အလ္လာရှင်မြတ်ကိုယ်တိုင် မတားမြစ်ခဲ့လျှင် ကျွန်ုပ်တို့ကလည်း မတားမြစ် မပိတ်ပင်နိုင်ကြောင်းကို ဘာသာရေး အကြံပေးဖြစ်သူ မိုဟာမက်အလီဟမ်ဇီက အင်တိုက်အားတိုက်နှင့် နိုင်ငံအတွင်း အရိုးစွဲနေသော ခေတ်မမီတော့သည့် ဓလေ့အဟောင်းများကို ဆန့်ကျင်ကာ မကြာမီက ခါးသီးသောတွေ့ကြုံခံစားရမှုတွေကို ဆင်ခြင်သုံးသပ်စေကာ အသက် ၁၇ နှစ်အောက် မိန်းကလေးများကို အိမ်ထောင်မပြုကြဖို့ ဥပဒေထုတ် တားမြစ်ခဲ့သည်။

နောက်နောင်တွေမှာ ထိုကဲ့သို့ကြိုးပမ်းမှုတွေလည်း မအောင်မြင်တာတွေကို ကြုံဆုံရတော့သည် ။ အစ္စလမ်ဘာသာရေးအရ သမီး မိန်းကလေးတစ်ဦးကို ခန္ဓာဗေဒ ကြံ့ခိုင်မှု အဆင်သင့် မဖြစ်သေးလျှင် မိခင်တစ်ယောက်ဖြစ်လာစေဖို့ ခွင့်မပြုဘဲ ပိတ်ပင်တားဆီးထားသည်။ သို့သော်ငြား မြင့်မြတ်သောကိုရမ် KORAN ကျမ်းစာတွင် အသက်အရွယ်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြမထားပါ၊ ကန့်သတ်၍လည်း မထားပါ။

နောက်ထပ် အကြောင်းကိစ္စတွေ၌ ဒေသအတွင်း မိသားစုများ၏ ယုံကြည်ကိုးကွယ်ရာ ထိန်းချုပ်မှုများနှင့် အတူ ကောင်းကောင်းကြီး ဆက်လက်ကျင်းပနေကြဆဲ ရှိသည်။ အေးရှားကလေးမလေး၏ အဖြစ်ကိုသာ ကြည့်ကြပါတော့။

၉ နှစ် ၁၀ နှစ် ကလေးစိတ်မပျောက်၊ လူကြီးစိတ်မရောက် ဆန်ကောစက အရွယ်မှာပင် သမားရိုးကျတွက်ချက် နှိုင်းချိန်မှုတွေအရ လက်ထပ်မင်္ဂလာပွဲတွေကို တွင်တွင်ကြီး အသုံးချလို့နေကြဆဲ ရှိသည်။ တခြားသော ယီမင်နိုင်ငံသား မွတ်စလင်များမှ ကျွန်ုပ်ကို မေတ္တာရပ်ခံ တောင်းပန်ကြသည်။

ထိုထောက်ပံ့ကြေး ရထားသောကျောင်းသူကလေး အေးရှားသာ အမှန်တကယ်အရွယ်ရောက်ခဲ့လျှင်အိမ်ထောင်သည် မိခင်တစ်ဦးအဖြစ် မငြင်းမဆို ခွင့်ပြုပေးရန် ဖြစ်သည်။ ဆယ်ကျော်သက်သို့မဟုတ် နှစ်ဆယ်ကျော်အရွယ်လည်း ဖြစ်ချင်ဖြစ်မည်။ အသက်အရွယ် အတိအကျဆိုတာ အဆက်အစပ် မရှိလို့ သူတို့အနေနှင့် ခေတ်ကာလ အလိုက်အခိုင်အမာ လုပ်ကိုင်ရမည်ဟု အမျိုးသားများဘက်က အရွယ်မရောက်သေးသော မိန်းကလေးများကို လက်ထ[ပ်]ယူရန်တောင်းဆိုကြလျှင်ဖြင့် ကလေး[မ]များအတွက် ကျန်းမာရေး ကံကြမ္မာနှင့်ပညာရေးတို့တွင် လူညွန့်တုံးကြပေတော့မည်။

အစ္စလမ်ဘာသာရေးတွင် မနေ့[...] သသခန္ဓာကိုယ်သည် အလွန်တရာတန်ဖိုးရှိသည်ဟု ယီမင်နိုင်ငံ ပါလီမန် လူ[...] ဦးရေနှင့် ကျန်းမာရေးဆိုင်ရာ ဥက္ကဋ္ဌ နာဂျစ်ဆာအိဂဟာနမ်"က ကျောက်မျက်ရတနာကဲ့သို့ တန်ဖိုးရှိသည်ဟု ပြောခဲ့သည်။ သူ စာရင်းပြုစုထားခဲ့သော ဆေးဝါးဘက်ဆိုင်ရာ အရေး[...] အရာရောက်မှုများတွင် မိန်းကလေးများ၏ခန္ဓာဗေဒအရ ရှင်သန် ဖွံ့ဖြိုးခြင်း မတိုင်မီ လိင်မှုကိစ္စနှင့် ကလေးမွေးဖွား[...] တို့၌ နိုင်လိုမင်းထက် ပြုသလိုဖြစ်နေကြသည်။ သားအိမ်နှင့်မွေးလမ်းကြောင်း နံရံတစ်လျှောက် စုတ်ပြဲပြတ်သတ်နေသည်။ ဒဏ်ရာကြောင့် ဖြစ်သောအခေါင်းငယ်သည် အတွင်းပိုင်းတွေမှာ ကွဲအက်ပေါက်ပြဲပြီး ဘဝတစ်လျှောက်လုံး ဝေဒနာကြီးစွာခံစားရမည့် ကိစ္စကြီးတွင် ကာမဂုဏ်အဟုန်ဇောကို မချုပ်တည်းနိုင်မှုအတွက် ဒုက္ခတွေပင်လယ်ဝေအောင် ခံစားရနိုင်သည်။

ခန္ဓာကိုယ်နှင့် ရင်းရသော လက်တွေ့ကျကျ ဆက်ဆံရေးများ၌ မိန်းကလေးတွေ အတွက် ပြုစုစောင့်ရှောက်ရမည့်သူများက စက်ကိရိယာပြင်ဆင်မှုများသဖွယ် ကျန်းမာကြံ့ခိုင်စေဖို့ နဂိုမူလအတိုင်း ပြန်ဖြစ်နိုင်စေရန် စောင့်ရှောက်ကုသပေးနိုင်ဖို့ လိုသည်။ အမျိုး[...] သမီးစောင့်ရှောက်ရေး တာဝန်ရှိသူတွေကမေးကြရာ၌ . . .

"ဘာက ဘယ်လိုဖြစ်တယ် ဆို[...] တာကို နင်သိရဲ့လား " လို့ SANAA ဒေသရှိကလေးရောဂါ အထူးကုသမားတော်က ကျန်းမာရေး မကောင်းသော ကလေးမကို စစ်ဆေးသောအခါ. .

"ကလေးမ နင်ဒါကိုနားလည်ရဲ့ လား၊ နင့်ဗိုက်ထဲမှာ ကလေး ရှိနေပြီ[...]





www.burmeseclassic.com

www.burmeseclassic.com



ကန်ဒါအရပ်မှ အမျိုးသမီးရဲအရာရှိ
လာလေးကာကာသည် ၁၅ နှစ် သမီး ဇနီးဖြစ်သူက သူ့စကား
နားမထောင်လို့ဆိုကာ ထပ်ဖန်တလဲလဲ ဓားဦးချွန်နှင့်
ထိုးဆွနှိပ်စက်မှုအတွက် လင်ယောကျ်ားဖြစ်သူအား
သီးထားပုံ။ အရာရှိမမှ ဘာဖြစ်ကြတာလဲလို့ လင်ဖြစ်သူကို
သည့်အခါမှာ မပတ်ဘူးလို့ ဖြေသည်။ ရဲအရာရှိမမှ
ပြောဆိုသည်မှာ ဒီမှာတော့ ယောကျ်ားတွေက
ရှင်တွေလိုပါပဲတဲ့။ နောက်များမကြာမီ ရဲအရာရှိမသည်
တာလီဘန်တွေ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။



မိဘအုပ်ထိန်းသူများက ဆွန်နေ ဆိုသူ မိန်းကလေးကို ၁၁ နှစ်
သမီးအရွယ်တွင် ယောကျ်ားပေးစားဖို့ စီစဉ်တာကို သူမက
အကျောက်အကန်ငြင်းဆန်ပြီး အင်ဒီးယားနိုင်ငံ ရာဂျက်သန်မှ
ရဲဌာနသို့ တိုင်ကြားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။
မိဘများလည်း သဘောထားတင်းမာရာမှ ပျော့ပျောင်း
လာကာ သမီးအလိုကျ ဖြစ်စေရတော့သည်။ ယခုအခါ ၁၃ နှစ်
သမီး ဆွန်နေသည် ကျောင်းတက်နေသည်။ ဒီကလေးမ
သင်ကြားလေ့လာနေသမျှတွေက အခြားလူတွေအတွက်
တစ်ဖက်စွန်းရောက်တော့မှာပဲလို့ မိခင်ဖြစ်သူက ပြောသည်။

မင်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပင်မှုကိစ္စတွေမှာ ပရိယာယ်ကင်း ပွင့် သော ဓလေ့ထုံးစံများ မရှိကြပါ။

အမှန်တကယ် လက်ထပ်မှုများ င် အချို့သော သမီးရှင် မိဘများသည် တိုးတိတ်တိတ်နှင့် နားလည်မှုတွေ ကြကာ သူတို့၏ သမီးငယ်များ ာင်ရေး စိတ်အေးရအောင် အရွယ် တ်ပြီးသူ လူလတ် လူကြီးပိုင်း အမျိုး များထံ စိတ်လိုလက်ရ ပေးအပ် တ်ကြတော့သည်။ ကြုံတောင့်ကြုံခဲ ဒီကိစ္စတွေကို ပွင့်ပွင့်လင်းလင်း ပြော ကြသည်မှာ လွန်ခဲ့သော ၃ နှစ်ခန့် မှ ၁၀နှစ်သမီးကလေး "NUJOO ALI"နူးဂျော့အလီက ကလေးသူငယ် တ်ထပ်ထိမ်းမြားခြင်းကို ကမ္ဘာအနှံ့ အောင် ပုန်ကန်ဆန့်ကျင်လိုက်တာ ကြောင့် ပိုမို ကျော်ကြား လူသိများသွား တော့သည်။

နူးဂျော့၏ ဇာတ်လမ်းကြောင့် ယီမင်နိုင်ငံသားများအတွင်း အံ့အား တကြီး ဖြစ်ကုန်တော့သည်။ အသက် ၁၀နှစ်သမီးအရွယ်ကတည်းက သူမ၏ ဖခင်မှ လူကြီးတစ်ဦးနှင့်လက်ထပ်ပေးရန် အတင်းအကျပ်ပြု၍ သုံးချိန်သုံးခါ ကြိုး စားခဲ့သလို သတို့သားကြီးဘက်ကလည်း အတင်းကာရော အဓမ္မနှင့် ကာမဂုဏ် ဇောအဟုန်ကြွပြီး မင်္ဂလာဦးညတွင် ဖိုမ ဆက်ဆံရန် ကြိုးစားတော့သည်။

ဒီအချိန်မှာ နူးဂျော့အလီက သတို့သားကြီးကို သူမ အရွယ်ရောက်လို့ ရင့်ကျက်ချိန် ရောက်မှ ကြိုက်သလို လုပ်ရန် တောင်းပန် အကြံပေးပေမယ့် တားမနိုင် ဆီးမရ အချစ်ပွဲ နွှဲလေပြီ။

နောက်တစ်နေ့နံနက် စောစော တွင် နူးဂျော့၏မိထွေးနှင့် အစ်မဝမ်းကွဲ တို့က သူမကို ပွေ့ချီ မ,ယူခြင်း မပြုမီ အိပ်ရာခင်းပေါ် စွန်းထင်နေသောသွေး ကွက်ကြီးကို ကြည့်ပြီး သဘောကျသွား ကာ သူကလေးကို ရေချိုး သန့်စင်ပေး ကြသည်။ အသေးစိတ်ကျကျ ဝေဖန် ထောက်ထားချက်တွေပေးလို့ မရသော် ငြားလည်း ခံစားလိုက်ရတဲ့ ကာယကံရှင် ကလေးမလေးက နောက်နောင်တွင် အံ့သြလောက်အောင် ခံစစ်က တုံ့ပြန် တိုက်ခိုက်ပါတော့သည်။

သူမ၏အမှုမှာ လူသိရှင်ကြား ဖြစ်ကုန်သည်။ အားလုံးသိကြတဲ့အတိုင်း ငြိမ်သက်ရေပြင်ပေါ်ကို ကျောက်တုံး တစ်လုံး ပစ်ချလိုက်လိုက်ပြီဟု ယီမင်မှ သတင်းနှင့် ဂျာနယ်သမားများတွေက နူးဂျော့ကလေးမလေး တစ်ကိုယ်တည်း SANAA ဒေသတရားရုံးတစ်ခု၌တရား စွဲဆိုတိုင်ကြားမှုကို စတင်ကာ ရေးသား ဖော်ထုတ်ကြသည်။

သူမ၏ လင်ယောကျ်ားကြီးထံမှ လွတ်မြောက်ကာ မိဘရပ်ထံ ပြန်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သူမ၏ဖခင်က ယခုလို အာခံပုန်ကန်ခြင်းကြောင့် မိသားစုမျက်နှာအိုးမဲသုတ်တယ်ဟုဆိုကာ အော်ကြီးဟစ်ကျယ်ဆူပူသောင်းကျန်းတော့သည်။

"အားလုံးသော လိုအင်ဆန္ဒတွေ ပြည့်စုံကြဖို့ နင့်အပေါ်မှာ မူတည်နေတယ်၊ နင့်ကိုယ်နင် ဇနီးမယားကောင်း တစ်ဦးဖြစ်ဖို့ တာဝန်ရှိတယ်" ဆိုကာ အပြစ်မဲ့သူ ကလေးမကို ဆူပူ ကြိမ်းမောင်းနေတော့သည်။ ဖအေနှင့် သမီးကြားမှာ ဝင်ရောက် ဖျန်ဖြေနိုင်အားမရှိသော မိခင် အရင်းခေါက်ခေါက်မှာလည်း အလွန်ကြောက်ရွံ့နေခဲ့သည်။

သူကလေး၏မိထွေးက ကောင်းစွာ ချော့မော့ပြောဆို၍ "နင်ဘယ်ကို သွားချင်သလဲ၊ ရော့. . TAXI ကားခ ယူသွား" ဆိုကာ ပေးလိုက်သည်။

"SANAA မြို့ကို သွားပြီး တရားရုံးမှာ တရားသွားစွဲမလို့ဆို၊ နင်က ဘာလုပ်ချင်လို့လဲ" ဟု အံ့ဩတကြီး မေးလိုက်တဲ့အခါ နူးဂျော့က ပြန်ဖြေတယ်။

"ကျွန်မဒီလူကြီးနဲ့ မပေါင်းနိုင်ဘူး၊ ကွာရှင်းချင်တယ်" လို့ ပြန်ဖြေလိုက်တယ်။

ယီမင်မှ ထင်ရှားသော အမျိုးသမီး ဥပဒေပညာရှင်တစ်ဦးက သူမ၏ အမှုကိစ္စကို ဦးဆောင်ပေးကာ တရားစွဲဆိုကြတော့သည်။

ပထမပိုင်းတွင် အမှုသွားအမှုလာတွေကို ယီမင်နိုင်ငံသုံး အာရဗီဘာသာ စကားနှင့်သာ စစ်ဆေးခဲ့ကြပေမဲ့၊ စိတ်ဝင်စားစရာ ကောင်းသောမှုခင်းအသစ်စက်စက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပေါ်ပေါက်လို့ လာပါတော့သည်။

နောက်ထပ် နိုင်ငံတကာဘာသာရပ်အသီးသီးနှင့် ဖော်ပြလာကြ၍ စာလုံးမည်းကြီးများဖြင့် သတင်းစာမျက်နှာပိုင်းတွင် ပါရှိလာ၍ နူးဂျော့ကလေး၏ ဘဝပန်း မပွင့်လန်းနိုင်ဘဲ အငုံအဖူးဘဝတွင် အကြွေစောလို့ နှမြောဖွယ် ကွာရှင်းပြတ်စဲမှုကို တရားရုံးတော်က အနိုင်ပေးလိုက်သည်။

ကြားရသူအပေါင်းလည်း လက်ခုပ်တီးသြဘာပေးကြသည်။ နူးဂျော့ကလည်း သူ့ကိုယ်သူ သဘောကျ ကျေနပ်နေတော့သည်။ သူမကိုလည်း အမေရိကန်နိုင်ငံက ဖိတ်ခေါ်ခဲ့၍ သတင်းကြားလိုက်ရသူ လူအပေါင်းကလည်း ဂုဏ်ယူဝမ်းမြောက်စွာ ချီးကျူးကြသည်။ နူးဂျော့၏ အသိုင်းအဝိုင်းအားလုံးက သူမ၏ ကြံ့စည်ကြိုးစားမှု တစ်ခုလုံး မပျက်ပျက်အောင် ချော့တစ်မျိုးခြောက်တစ်လှည့် သွေးဆောင်ရာသို့ လိုက်ပါအောင် အနုနည်း အကြမ်းနည်း မျိုးစုံသုံးခဲ့ပေမယ့် သူကလေး၏ဇွဲသတ္တိနှင့် လုံ့လကို တားမနိုင်ခဲ့ကြချေ။

စာရေးသူက သူမကို SANAA သတင်းစာတိုက်မှာ တွေ့ခဲ့စဉ်အခါ၌ ABAYA VAIL ခေါ် မွတ်စလင် အမျိုးသမီး ဝတ်ရုံကို ဝတ်ထားခဲ့သည်။ သို့ဖြစ်လင့်ကစား ယခုအခါမှာတော့ သူမသည် ATLANTIC သမုဒ္ဒရာကို အသွားအပြန် ဖြတ်ကျော်ခဲ့ပြီးပါပြီ။

စာရေးသူကလည်း သူမကို စိတ်လှုပ်ရှားလောက်အောင်အထိ ဘယ်လိုကြီးပြင်းအောင် ရုန်းကန်ခဲ့ရတယ်ဆိုတာတွေကို စပ်စပ်စုစု မေးမြန်း မှတ်တမ်းတင်ခဲ့သည်။ သူကလေးကလည်း ချိုချိုသာသာနှင့် ကျွန်ုပ်၏ တိုက်ရိုက် မေးမြန်းချက်တွေကို ဖြေကြားနိုင်ခြင်းသည် သူမ၏ ဘဝသစ်အတွက် ထူးခြားစွာ ကောင်းမွန်စေခဲ့သည်။

နေ့လယ်စာ စားချိန်၌ သူမသည် ကျွန်ုပ်၏ နံဘေးတွင် ပူးကပ်၍ ထိုင်ကာ ဝေပုံကျရထားသော နံပြားကို ရေလုံပြုတ်ဟင်းတစ်မျိုးနှင့် ဘယ်လို စားရမည်ဆိုတာကို ပြသလို့နေသည်။

သူမက အိမ်မှနေ၍ ကျောင်းပြန်တက်လိုကြောင်း ပြောခဲ့၏။ သူမ၏ ဖခင်မှ လူသိရှင်ကြားဖြစ်အောင် ဝေဖန်ရှုတ်ချကာ သူမအပေါ် ကြိတ်မနိုင်ခဲမရဖြစ်နေခဲ့သည်။ သူမ၏ မှတ်စုစာအုပ်

အတွင်း ယီမင်မှ သမီးရှင်မိဘများသို့
သတိပေးစာ ရေးထားသည်။

ငှင်းမှာ အရွယ်မရောက်မီ လက်
ထပ်ပေးခြင်း မပြုကြရန်နှင့် ပြုခဲ့ပါက
ကလေးများ၏ ပညာရေး ပျက်စီးမည်
လူညွှန့်တုံးကာ လူလုံးမလှဖြစ်ကုန်မည်
အရွယ်မတိုင်မီ အိမ်ထောင်ချပေးခဲ့လျှင်
ကောင်းဖို့ကိစ္စတွေ ပျက်စီးကုန်မှာ ဖြစ်
ကြောင်း ရေးထားသည်။ နူးဂျော့အင်
နည်းတူစွာ ပုဂ္ဂလိကတစ်ဦးချင်းအတွက်
လူမှုတော်လှန်ရေး အမှတ်တံဆိပ် ခတ်
နှိပ်လိုက်သလို အကောင်းမြင်သော
ဆင်ခြင်တွေးတော ယူဆချက်တစ်ရပ်
ဖြစ်လို့နေသည်။

သွေ့ဖည် တိမ်းယိမ်းခဲ့လေသော
အတွေးအခေါ်များအတွက် အပေါ်
လက္ခဏာတစ်ရပ်ပင် ဖြစ်လို့နေသည်
လူမှုအဖွဲ့အစည်းအတွင်းမှ ဇာတ်ကော
တစ်ဦး၏ပုဂ္ဂိုလ်ရေးဆိုင်ရာအတွက် ထို
များမြောင် ဤလူ့ဘောင်တွင် ဖွေး
ယှက်တင်ဖြစ်နေသော ထူးခြားဖြစ်
တွေနှင့်အတူတူ ခလေ့ထုံးစံများ
ကလန်ကဆန်နှင့် ဖီလာဆန့်ကျင်ပြု
တစ်စုံတစ်ရာ ဆန်းသစ်မှုတွေ ဖြစ်
စေရန် မူလ အရင်းအမြစ်တွေ ဖြ
ကောင်းဖြစ်လာနိုင်သည်။

နိုင်ငံတကာမှာ ကလေးသူငယ်
ထိမ်းမြားမှုကို လူမှုရေးတိုက်ပွဲအသွင်
ဆက်လက်ဆန့်ကျင်နေကြသည်။

သွေ့ဖည် ဆန့်ကျင်မှုတွေ
ခိုင်မာပြတ်သားစွာ ပါဝင်ဆောင်ရွ
နေကြခြင်းကြောင့် အခါအခွင့်သင့်လျှ
သင့်သလို မိဘဘိုးဘွားနှင့် အုပ်ထိန်း
တို့ကို မခံမရပ်နိုင်သော မိန်းက
တချို့က ပုန်ကန်ဆန့်ကျင်ခဲ့ကြသည်
ယီမင်မှာ ကျွန်ုပ်တွေ့ခဲ့ရသူ ၁၂နှစ်သ
REEM က နူးဂျော့အလိုကွာရှင်းပြ
အပြီးမှာ သူမကလည်း ကွာရှင်းပြ
မှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။

ယခုလို လုပ်လိုက်ခြင်းကြော
တရားရုံးများတွင် အရွယ်မရောက်
သူများသာလျှင် တရားအနိုင်ရ





www.burmeseclassic.com

www.burmeseclassic.com

သည်။ အိန္ဒိယတွင် ကျွန်ုပ် မြင်ခဲ့ဖူးသော ၁၃နှစ်သမီး ဆွန်နီက ရောက်လာသည့် သတို့သားကို မချစ်မကြိုက် လက်ခံနိုင်၍ ၁၁ကြိမ် တိုင်အောင် ငြင်းဆိုခဲ့၍ အတင်းအကျပ် ကြိုးစားကြပါက ခန်းတိုင်မည်၊ ရုံးတက် တရားစွဲမည်။ တ်စွအဆုံး အဖေ့ခေါင်းကို ရိုက်ခွဲကာ အိမ်က ထွက်ပြေးမည်ဟု ဘဝတစ်ခုနှင့်ရင်းကာ ကြေညာ ပြောဆိုတော့သည်။ အကူအညီရရန် အလို့ငှာ ကျွန်ုပ် အိမ်နီးနားချင်းထံ ကူပါကယ်ပါအော်ဟစ်ပြီးရောက်လာကြောင်း ခင်ရာဆွေမျိုးဖြစ်သူ တစ်ဦးက စာရေးသူကို ပြောခဲ့သည်။

ထိုအိမ်နီးချင်းကလည်း ကောင်လေးအဖေ၏ဦးခေါင်းကို ကျောက်တုံးနှင့် ရိုက်ခွဲခဲ့ကြောင်း မဆီမဆိုင်ပြောဆိုပါတော့သည်။(မခံချင်လို့ ဖြစ်ပါလိမ့်မည်)။အရွယ်မတိုင်မီမိန်းကလေးများနှင့် သူတို့၏ အုပ်ထိန်းသူများ ကြားတွင် အမြောက်အမြား တွန်းအားပေးမှုတွေ သက်ရောက်နေသဖြင့် ပညာရေးအစီအမံတွေ တစ်လျှောက်လုံးတွင် အစိုးရဌာန၏ဩဇာအရှိန်အဝါ အထောက်အပံ့နှင့် ကူညီမှုတွေမှာလည်း မထိမရောက်အရာ မထင်ကြတော့ချေ။ ယခုလို အပျိုဖျန်း ရာသီပန်းမပွင့်မီ ဟိုမရောက်ဒီမရောက် ဆန်ကောစက အရွယ်၌ ယောကျ်ားပေးစားခြင်းကြောင့် အစိုးရ၏အမိန့်အာဏာထားသော ပစ်မှတ်တွေနှင့် တလွဲတချော်တွေ ဖြစ်ကုန်ကြတော့သည်။

ဒါမျိုးကိုတော့ မလိုလားသော ပြည်သူတချို့ကလည်း ဒေါသတွေထွက်ကာ မခံမရပ်နိုင်တွေ ဖြစ်ကုန်တော့သည်။အပျိုဖျန်းနှင့် လူပျိုပေါက်များ၏ ကျန်းမာရေးအထူးကု SAYANGA JAINက ပြောဆိုသည်မှာ အများပြည်သူတွေကလည်း ထိုကဲ့သို့ အမျိုးအစားနှင့် ပုံပြင်ဇာတ်ကြောင်းတွေကို သန့်ရှင်းသော အမှန်တရားများအဖြစ်နှင့် နှစ်သက်မြတ်နိုးကြပြီး မှားယွင်းမှုတွေကို လုံးဝ လက်မခံနိုင်ကြောင်းတွေကို ပြောဆိုခဲ့ကြသည်။ ဒါပေမဲ့ မိန်းကလေးအများစုတွေမှာ အရွယ်မရောက်မီထိမ်းမြားလက်ထပ်မှုတွေပြုနေကြဆဲရှိသည်။ အရွယ်မရောက်သေးသူ ကလေးမများအတွက်သာ မဟုတ်၊ စရိုက်သဘာဝများ ထူးခြားကောင်းမွန်လာအောင်ဖော်ထုတ်ရမည့် ပြဿနာများကိုလည်း အားလုံးအတွက် လိုအပ်နေသည်။

မည်သည့် ထိမ်းမြားလက်ထပ်မှုကိုမဆို အသက် ၁၈နှစ်အောက် လက်ထပ်ခြင်းတွေကို တိတိကျကျ ရေတွက်ဖို့ရန် မဖြစ်နိုင်ပါ။ လေ့လာသူများက ခန့်မှန်းကြရာတွင် နှစ်စဉ်တိုင်း ဖွံ့ဖြိုးစနိုင်ငံတိုင်းရှိ မိန်းကလေးပေါင်း ၁၀သန်းမှ ၁၂သန်းထိ လက်ထပ်နေကြကြောင်း ခန့်မှန်းကြသည်။ တတ်နိုင်စွမ်းသမျှ ဒီကိစ္စတွေ လျှော့နည်းစေကာမှ စိတ်တိုင်းကျ တွန်းအားပေး၍ လင်ပေးစားခံသူ ဆယ်ကျော်သက် မိန်းကလေးများ၏အထွေထွေ ပြဿနာများ လျော့နည်းမည်။ သူတို့၏ပညာရေး၊ ကျန်းမာရေးနှင့်လုပ်အားခ လစာကျဆင်းမှုတွေသည် သူတို့ဘဝ တက်လမ်းတွေကို အတားအဆီး မရှိရလေအောင် ကူညီပေးရမည်။ အတင်းကာရော အဓမ္မနှင့် ပိုင်စိုးပိုင်နက် ပြုတတ်သော အုပ်ထိန်းသူများ၏လုပ်ရပ်များသည် အမြဲတမ်းဖြစ်မလာကြတော့ပေ။

တစ်ခါတစ်ရံ မိန်းကလေးတွေမှာ ကလေးဘဝအတွင်းမှ ရေပက်ထုတ်သလို စွန့်ပစ်ခံနေရသည်။ ဘာကြောင့်လဲဆိုတော့ မိသားစု၏ဖွဲ့စည်းနေထိုင်မှုအတွင်း ဘာဆိုဘာမှ ကမ်းလှမ်းမျှော်လင့်စရာ အခွင့်အလမ်း မရှိလို့ဖြစ်သည်။ ဘာကိုဘယ်လိုလုပ်ပေးလျှင် အကောင်းဆုံးဖြစ်မည်နည်း။ လက်ထပ်ထိမ်းမြားပေးတာကို နှောင့်နှေးကြန့်ကြာအောင် တုံ့ဆိုင်းငြင်းဆန်လျှင် သတ်သတ်မှတ်မှတ် မက်လုံးပေး ချော့မော့ကာ မနေတော့ဘဲ အသေအလဲ ရိုက်နှက်ကြတော့သည်။

အိန္ဒိယနိုင်ငံတွင် လေ့ကျင့်သင်ကြားပေးထားပြီးသား ကျန်းမာရေးဝန်ထမ်းများကို SATHIN ဟုခေါ်သည်။ သူတို့က အနီးပတ်ဝန်းကျင်မှ မိသားစုများကို ကောင်းသောအကြံဉာဏ်များပေးခဲ့ကြသည်။ ကလေးသူငယ် လက်ထပ်ပေးခြင်းမှာ ရာဇဝတ်မှု မဟုတ်ကြောင်း။ သို့သော်လည်း အရွယ်မရောက်သေးခင် ဖိုမကိစ္စလိင်ဆက်ဆံရာတွင် ကလေးမများအတွက် နက်နဲသည့် ဘေးဒုက္ခအန္တရာယ်တွေရှိကြောင်း သတိပေးနှိုးဆော်ကြသည်။ရာဂျတ်စတန်ပြည်နယ်မှ SATHIN တစ်ဦးက ၁၁နှစ်သမီးSUNIL ဆွန်နီကလေး၏ မိဘများကို ပညာရေးဆွေးနွေးကာ အရွယ်မတိုင်မီ လက်ထပ်ပေးမည့် အစီအစဉ်တွေ စွန့်လွှတ်နိုင်ရန်နှင့် စာသင်ကျောင်းသို့သာ ပြန်တက်ဖို့ကောင်းကြောင်း သွေးဆောင်နားဝင်စေခဲ့သည်။

ဘာ့ကြောင့်လဲဆိုလျှင် အပြစ်အနာ ရှာကာ လက်ရောက်သိမ်းပိုက်မှုတွေရှိနေသမျှ ကလေးမများသည် ထင်ရာမြင်ရာလုပ်၍ အိမ်ပြေးများဖြစ်ကာ ဘဝ ပျက်ရတော့သည်။ နောက်ထပ်ဘာတွေဖြစ်လာမလဲ။ "အကယ်၍ ဒီလိုအကြောင်းဆိုခဲ့သော မိန်းကလေးမျိုးကို သူမ၏အသိုင်းအဝိုင်းမှ တစ်ဦးတည်းခွဲခြားစွန့်ပယ်ခဲ့သော် ကလေးမ၏ ဘဝသည် ဘာနှင့်တူ၍ ဘယ်လိုဖြစ်လို့ ဘာတွေဖြစ်သွားနိုင်သနည်း"ဟုMOLLY MELCHING ဆိုသူ တောင်အာဖရိကအခြေစိုက် TOSTAN အစည်းအရုံးကို တည်ထောင်သူက မေးမြန်းထားသည်။

နိုင်ငံတကာမှာ အရေးစိုက် အောင်မြင်မှုတွေ ရှိခဲ့ပါသည်။လူ့အဖွဲ့အစည်းကြီး တိုးတက်စေဖို့ရန် အစီအမံများကို ဦးဆောင်ဦးရွက်ပြုကာ စိတ်ရင်းစေတနာ မှန်သူများက ကလေးသူငယ် လက်ထပ်မှုတွေကို စွန့်လွှတ်ကြရန် တိုက်တွန်းနှိုးဆော်ပေးကြသည်။ TOSTANအဖွဲ့မှ တာဝန်ရှိသူတွေက အကျိုးတူ ဝါဒတူ၊ ဘာသာတူ၊ အစွဲ



www.burmeseclassic.com

www.burmeseclassic.com

အလမ်းတူသူများအတွင်း ကလေးများ အဆင့်အတန်းမီစွာ ကြီးပြင်းလာစေဖို့ အများပြည်သူအတွက် ကြော်ငြာများ ထုတ်ကြသည်။

ဤနည်းအားဖြင့် တစ်ကိုယ်တော် အိမ်ပြေးမလေးများ မဖြစ်စေဖို့ ဆိုလျှင် သူမတို့ မကြိုက်မနှစ်သက်သော ယောကျ်ားကြီးများ လက်တွင်းသို့ ဇွတ်အတင်း မပေးစားကြရန် သတိထားကြရမည်။ မိန်းကလေး အိမ်ပြေးဖြစ်ကြမှာကို ခင်ဗျားတို့လည်း အားပေးလိုကြမယ် မဟုတ်ဘူးဟု MELCHINက ပြောသည်။

"ခင်ဗျားတို့ရဲ့ ပြောင်းလဲမှု နည်းလမ်းတွေမှာ လူမှုရေး စံချိန်တွေအရ သူတို့ကလေးတွေကို အတိုက်အခိုက် မပြုမိစေဖို့နှင့် နှိမ့်ချဆက်ဆံခံရလျှင်ဖြင့် သူတို့ဘဝတွေ တိုးတက်မလာတော့ဘဲ အကုန်နောက်ဆုတ်ကုန်လိမ့်မည်"

ကျွန်ုပ်တို့ မြင်ခဲ့ပြီးတဲ့ အတိုင်း အမျိုးတူရာ လူ့အဖွဲ့ စည်းကြီးသည် အဆုံး မသတ်နိုင်လေအောင် ရှိနေခဲ့၍ ပြောင်းလဲမှုတွေကို အမြန်ဆုံးလုပ်ရတော့မည်။ ဒီလိုမှလည်း အသက်ရှူချောင်တော့မည်။ တစ်ယောက်သော သူက ရှင်းလင်းပြောပြခဲ့ရာ အာဝဇ္ဇန်းကောင်းကောင်းနှင့် စိတ်ဝင်စားဖွယ်ရာ ကောင်းအောင် ပြောလိုက်ပုံမှာ RAJA STHAN ရာဂျက်စသန်ဒေသမှ "SHO BHA CHOUDHRY" ရှိုဘာ ချောက်ဒရီဆိုသူ မိန်းကလေး ၁၃နှစ် သမီးကို သူတို့ အလေးထားသော ယဉ်ကျေးမှုအရ စောစီးစွာလက်ထက် ပေးခဲ့ခြင်းကြောင့် သတို့သားနှင့်သတို့ သမီးတို့ နှစ်ဦးသား ကြီးပြင်းလာစေရန် ဒုက္ခအသွယ်သွယ်ကို အလူးအလဲခံစားကြရကြောင်း ပြောခဲ့သည်။

ရှိုဘာချောက်ဒရီ မိန်းကလေးသည် ကျောင်းဝတ်စုံအနက် ဂါဝန်အတွန့်ကလေးအတွင်းမှာ အဖြူရောင် ဘလောက်စ်အကျီကလေးကို ထိုးသွင်းဝတ်ဆင်ထားသည်။

ပထမအကြိမ်၌ စာရေးသူက သူမကို မြင်ဖူးခဲ့သည်။ ဣန္ဒြေကြီးသော မျက်ခုံးမွေးများနှင့် သွားပုံလာပုံပြုမူပြောဆိုပုံများတွင် ပါးလွှာသော အနက်ရောင် ဆံပင်ကလေးများ ပြောင်လက်ကာ ပိုနီတေး ခေါ် မြင်းမြီးဆံတောက်ကလေးတွင် စိုက်ဘီးကလေးတစ်ချောင်းဆင်မြန်းထားသည်။ သူကလေးက တန်းမြင့်ကျောင်းထွက် နောက်ဆုံးနှစ် ရောက်နေပြီ။ ပညာသင် ထောက်ပံ့ကြေးတွေလည်း ရထားပြီ။ သူကလေး၏ ရွာတွင်လည်း VEERNI စီမံကိန်း အတွက် အစောပိုင်းနှစ်တွေမှာ သူမကို ထင်ရှားစွာ ဆွဲထုတ်ပြနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ JODHPUR မြို့ကြီးတွင် မိန်းကလေးများ တက်ရောက် သင်ကြားနိုင်ရန် စာသင်ကျောင်းများအတွက် မြောက်ပိုင်းတစ်ခွင် အလုပ်သမအဖြစ် အနှံ့အပြား ရှိနေသူ မိန်းကလေးများကို အခမဲ့ပညာရေးအတွက် သမီးရှင်မိဘများက နေအိမ်များမှ ကျောင်းသို့ပို့ပေးကြရသည်။

SHOBHA ဆိုသူ ကလေးမှာ ၈ နှစ်သမီးကတည်းက လင်ယူပြီးသားဖြစ်နေပြီ။ အခါအခွင့်ကြုံခိုက် အခမ်းအနားတစ်ခုတွင် ရွာသူမိန်းကလေး တစ်ဒါဇင်ခန့် အုပ်စုလိုက် ဓာတ်ပုံရိုက်ကြသည်။ အပျော်ဖော်ဝင်ချိန်စိတ်ကစားစိတ်လှုပ်ရှားချိန်တွင် ဖြစ်သည်။

"လှပသောဝတ်စုံများပါပဲ" လို့ ပျော်ရွှင်ခြင်းကင်းမဲ့သော မထိတရီ အပြုံးတစ်မျိုးနှင့် SHOBHA မိန်းကလေးက စာရေးသူကို ပြောခဲ့သည်။

"ထိမ်းမြား လက်ထပ်တယ် ဆိုတာ ဘာမှန်းတောင် မသိခဲ့ပါဘူး၊ အလွန် ပျော်စရာတော့ ကောင်းပါတယ်"

ဟုတ်ပါတယ်၊ သူနဲ့တစ်သက်တာ ပေါင်းရမည့်ယောကျ်ားကို တစ်ခါမှ မမြင်ခဲ့ဖူးပါ။ မင်္ဂလာနေ့ကျမှ မြင်ဖူးခဲ့တာ ဖြစ်သည်။

သတို့သားက သူထက် အသက် ... များစွာကြီးသည်။ သူကလေး အဝေး... ငေးကြည့်နေစဉ် စာရေးသူက ... လိုက်သည့်အခါ သူမယောကျ်ားကို ... စိုက်ကြည့်လိုက်ပြီး ပြန်ဖြေခဲ့တာ... သူ့ယောကျ်ားသည် ပညာတတ်တစ်... ယောက် မဟုတ်ပါဘူးဆိုလို့ ကျွန်ုပ်... တစ်တွေ တစ်ဦးကို တစ်ဦး အမှ... ထင်ထင် ကြည့်နေစဉ် သူမက ခေါင်း... ခါ၍ "ဒီလိုယောကျ်ားနဲ့ နေရသ... ဘာမှတိုးတက်လာမှာ မဟုတ်ဘူး" ... သူမက ပြောခဲ့သည်။

သူမက ကောလိပ်ကျော... တက်ချင်သည်။ သူမ၏ ပြင်းပြ... ဆန္ဒမှာ အိန္ဒိယရဲအဖွဲ့ကြီးတွင် အ... အသွေးပြည့်မီသော ရဲဝန်ထမ်းသ... ခဲ့လျှင် အင်တိုက်အားတိုက်နှင့် အ... မရောက်သေးသူများ၏ ထိမ်းမြား... ထပ်မှုတွေကို ထိရောက်အောင် ... မြစ်လိုသည်။ တန်းမြင့်ကျော... ဘဝတစ်လျှောက် နေ့စဉ်မှတ်တ... ခဲ့သည်။ သူမ၏စာတွေကို ... သည်မှာ ဟိန္ဒူဘာသာနှင့် ဖြစ်ပြီး ... ကြည့်လိုက်သည့်အခါ "ကျွန်မ ... ရှေ့မှာ ဘယ်သော အခါမှ ... သူငယ်လက်ထပ်ပေးခြင်းကို ခွင့်... မဟုတ်ဘူး၊ ကျွန်မကတော့ မိန်း... တိုင်း၏ တစ်ဦးချင်း ဘဝတွေကို ... တင်လိုပါသည်"

စာရေးသူ ကိုယ်တိုင် SHO... BHA တို့၏ ရွာသို့ အလည်အ... ရောက်သွားခဲ့စဉ် သူမိဘတွေက ... ထိုင်ခင်းပေး၍ မွှေးကြိုင်သော ... ဖက်ရည် မုန့်များနှင့် ဧည့်ဝတ်... သည်။ စာရေးသူ ကျွန်မလို နိုင်... သူတစ်ဦး သူတို့ထံ သွားရောက် ... ပတ်စဉ်မှာ သူတို့၏ မလွယ်... အမြစ်တွယ်နေသော ဓလေ့ထုံး... များကို ဖုံးကာ ဓလေ့ကာနှင့် SHO... ကလေး၏ဇာတ်ကြောင်းကို ... လိုကြသည်။

မေးလွန်းမက မေးမ...





www.burmeseclassic.com

www.burmeseclassic.com

"ဒါက မင်္ဂလာဆောင်မဟုတ်ဘူး စေ့စပ်ကြောင်းလမ်းထားတုန်း ရှိပါသေးတယ်လို့" ဝိုင်းပြောကြမယ့် အမှန်တကယ်ကတော့ အိမ်ထောင်ချပေးလိုက်တာပါပဲ။

ယခင်က VEERNI စီမံကိန်းမှ သူတို့ ကျောင်းထားပေးရန် ကမ်းလှမ်းခြင်း ရှိဘာမိန်းကလေး၏ အစွမ်းအစတလည်း လူအပေါင်းကို အံ့အားသင့် ဖြစ်စေခဲ့သည်။ ဉာဏ်ကောင်းသူလေး ဖြစ်လို့ အိမ်သုံးလျှပ်စစ်မီးရာ ကိစ္စတွေကို သူကိုယ်တိုင်ပုံဖော်ဆင်တတ်သည်။ ဒါကြောင့်မို့ သူတို့က မွေးချင်းပေါက်ဖော်တွေနှင့်အတူ အမှောင်ကို လွန်မြောက် အလင်းဘက်မှာ ကျောင်းစာများကို လေ့လာကြသည်။

"အကြောင်းကိစ္စတွေအတွက် ကျွန်မ နာမည်ကို ဘယ်လိုရေးရမည်ဆိုတာ သမီးက သင်ပေးခဲ့တာပါ"

ယခုအခါ မိဘနှစ်ပါးလုံး အရေးပတ် အတွက် အသုံးလုံးကျေကြကာ သေအချာ ဆုံးဖြတ်ရမည့် ကိစ္စတွေ လုပ်နိုင်ခဲ့ကြပါတယ် ဟု မိခင် ဖြစ်သူက ပြောခဲ့သည်။

ရှိဘာ၏ ယောကျ်ားက သူမဆုံနိုင်ရန် ဆဲလ်ဖုန်းနှင့် ချိန်းဆိုခဲ့သည်၊ သူမ၏ အဘွားကတော့ မိန်းကလေး အသက်အရွယ် ကြီးမလာခင် "GAUNA" မင်္ဂလာပွဲ လုပ်ပေးချင်နေသည်၊ သူမ လုပ်ချင်သော ဆန္ဒမှာ ကျောင်းလည်းတက်ချင်၊ လူကြီးတွေစီမံထားတာကိုလည်း မကြိုက်လို့ "GAUNA" နှောင့်နှေးအောင် အမျိုးမျိုး လုပ်နေသည်။ သို့ရာတွင် VEERNI စီမံကိန်း ထောက်အပံ့ဖြင့် ကျောင်းကိုသာ တက်စေလိုသည်။ ကောလိပ်ဆက်တက်မည့် စရိတ်များကိုလည်း ကာမိစေသည်။ ရှိဘာက အလှူရှင်ကို လိုအပ်သည်။ စာရေးသူ ကျွန်မ အမေရိကန်နိုင်ငံကို ပြန်ရောက်ခဲ့ချိန်တွင် E-MAIL တစ်စောင် ရောက်လာခဲ့သည်။

"မာမီကြီးကို လွမ်းတယ်၊ နေလို့မှ ကောင်းရဲ့လား"

"သမီးက ဝိဇ္ဇာပညာဘွဲ့ကို သိပ်လိုချင်တယ်၊ အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်းတွေကို တက်ချင်ပါတယ်၊ ကျေးဇူးပြု၍ အမြန်ဆုံး အကြောင်းပြန် စေလိုပါတယ်၊ ဒါမှ ကောလိပ်ဝင်ခွင့်ရက်ကို မီနိုင်ပါမည်"

ရှိဘာထံမှ E-MAIL ဖြစ်သည်။

ကျွန်မ၏ခင်ပွန်းနှင့်အတူ ပညာရေးဒါန တစ်ခုပြုလိုက်ပါသည်။ ဘာတွေဖြစ်လာမလဲ စောင့်ကြည့်ကြစို့။ နောက်ဆုံးတစ်ခေါက်မှာ ရှိဘာက " ဖြစ်ချင်တာဖြစ် စိတ်မညစ်ပါဘူး" တဲ့။ " ဖြစ်မှုပျက်မှု ထိုနှစ်ခု တစ်ခုခု ဖြစ်မှာပဲ၊ ကျွန်မကိုယ်တိုင်ကို ထိန်းသိမ်းနေပါတယ်" ဟု ကလေးမလေးက ပြောခဲ့ပါသည်။

အရာရာကို ထိမ်းသိမ်းရမှာ မိန်းကလေးတွေပဲ မဟုတ်ပါလား။ နစ်နာမှုတွေများတာလည်း မိန်းမသားတွေပါပဲ၊ ဒီနေ့က ကျွန်မတို့အားလုံး မီးဖိုထဲတွင် သူတို့မိသားစုနှင့်အတူ တစ်နေ့ခင်းလုံး အတူ ရှိနေခဲ့သည်။ ကျွန်မ၏ပြောသံဆိုသံတွေက တစ်နေ့ခင်းလုံး ကျယ်ကျယ်လောင်လောင် ဖြစ်နေသည်။

"မိန်းမသားတွေက တစ်ဦးတစ်ယောက်အတွက် အနစ်နာခံစရာ မလိုပါဘူး" လို့ ဆိုလိုက်တဲ့အခါ ရှိဘာက ကျွန်မကို ပြန်ပြောလိုက်ပုံက-

"အိန္ဒိယရှိ အမျိုးသမီးတို့၏ ဘဝတိုင်းတွင် ဘုရားကောင်းလျှင် စင်ခံ၊ လင်ကောင်းမှစံရသူတွေပါ၊ ဘာကြောင့်ဆို ကျွန်မတို့ အရှေ့တိုင်း၏ ထုံးစံတွင် အရိုးစွဲနေသော မဟာပုရိသအိမ်ထောင်ဦးစီးတွေ ဖြစ်နေကြလို့ပါပဲ"

တစ်နှစ်ထက်ပိုသော အချိန်မှာတော့ တန်းမြင့်ကျောင်းထွက် စာမေးပွဲအတွက် သင်ကြားစရာတွေ ပြည့်စုံခဲ့သည်။ ရဲဝန်ထမ်း စာမေးပွဲအတွက် သင်ကြားစရာတွေပြည့်စုံခဲ့သည်။ ရဲဝန်ထမ်းစာမေးပွဲနှင့် ကွန်ပျူတာသင်တန်းများအတွက်ကိုလည်း ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ခဲ့သည်။ အချိန်အခါသင့်ခိုက် သူမထံမှ E-MAIL တစ်စောင်ကို စာရေးသူရခဲ့သည်။ သူမ၏ အင်္ဂလိပ်စာတွင်အစပ်အဟပ်အဆီအငေါ် မတည့်ပေမယ့် လက်ခံနားလည်ပေးပါသည်။

မကြာမီက ဟိန္ဒူလူမျိုးစကားပြန်တစ်ဦးက ကျွန်မထံသို့ VIDEO CAMARA TAPE တစ်ခုပို့ပေးလိုက်သည်။ ထိုတိပ်ခွေအတွင်း စာရေးသူကျွန်မ၏ ကိုယ်စား ထိုလူက ရှိဘာမိန်းကလေးနှင့် မြို့တွင်းမှ ကဖေးဆိုင်တစ်ခုတွင် အတူထိုင်ကာ အမေးအဖြေ ပြုကြပုံတွေ ရိုက်ကူးထားသည်။

ကလေးမက နောက်ထပ် စာမေးပွဲအတွက် သင်ယူနေကြောင်း၊ မြို့တွင်းရှိ လုံခြုံသော မိန်းကလေးဆောင်တွင်အခန်းရထားကြောင်း၊ သူမ၏ လင်ယောကျ်ားကလည်း ရံဖန်ရံခါလာခေါ်လေ့ရှိကြောင်းတို့ကို သူမက ကင်မရာကို တည့်တည့် ကြည့်ပြီး အင်္ဂလိပ်လိုပြောကာ ပြုံးရွှင်သည့် မျက်နှာနှင့်-

"မဖြစ်သေးတာပဲ ရှိတာပါ၊ မဖြစ်နိုင်တာ မရှိသေးပါဘူး၊ အရာရာတိုင်း ဖြစ်လာနိုင်ပါတယ်လို့" သူမက ပြောခဲ့သည်။ အိန္ဒိယကပို့လိုက်သော VIDEO TAPEကို နှစ်ရက်ကြာပြီး နောက်မှ စာရေးသူထံ ရောက်ခဲ့သည်။

လက်ထပ် မင်္ဂလာပြုပြီး လေးရက် အကြာတွင် ရှိဘာတစ်ယောက် SANAA ရှိ ဆေးရုံကြီးသို့တက်ရောက်ခဲ့ရသည်။ လိင်ဆက်ဆံမှု ပြဿနာပေါ်ပေါက်ကာ မိန်းကလေး၏ လိင်အင်္ဂါမှ သွေးမွေးလမ်းကြောင်း စုတ်ပြတ်ပေါက်ပြဲခဲ့သည်ဟု ဆေးရုံမှ တရားဝင်ပြောခဲ့သည်။ မိန်းကလေးခမျာ သွေးတွေမရပ်တန့်သွန်ကာ သွေးပြိုပြီး သေဆုံးခဲ့ရပါတော့သည်။ သေဆုံးချိန်တွင် အသက် ၁၃ နှစ်သာ ရှိသေးသည်။

❐ MARINER လှော့ဦး

**Ref:** National Geographic

Too Yong To Wed

*By* Cynthia Gorney -June 2010

www.burmeseclassic.com



ဒီဖြစ်ရပ်ကလေးက ကြာတော့ ကြာပြီ။ ကြာဆို ဆယ်စုနှစ် နှစ်စုကျော် နေပြီ။ မေ့မယ်ဆို မေ့လောက်ပေမယ့် ပြီးခဲ့တဲ့နှစ်က ပြန်ဆုံခဲ့တဲ့ ဖိုးအား တစ်ခုရဲ့ စေ့ဆော်မှုကြောင့် ဒီဖြစ်ရပ်လေးကို ရေးဖို့ အားထုတ်ခဲ့ပေမယ့် စာအုပ်နဲ့လက် တစ်ခါမှ မိတ္တူ မကျသေးတာနဲ့ ရေးတဲ့အခန်းကို မရောက်နိုင်ခဲ့ဘူး။

အခုတော့ ရေးဖြစ်အောင် ရေးတော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ စားပွဲမှာ ဖောင်တိန်ကိုင်ပြီး. . .

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်" ပဲဆိုဆို၊ ကိုယ့်ဘက် ကိုယ်ယက်တယ်ပဲ ပြောပြော မြန်မာပြည်မှာမွေးပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ရတဲ့ မြန်မာလူမျိုး တစ်ယောက်ဖြစ်ရတာ အင်မတန်အရ တော်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတာ အမှန်။

နိုင်ငံတိုင်း နိုင်ငံတိုင်း လူမျိုးတိုင်း လူမျိုးတိုင်းမှာ ယုံကြည်စွာကိုးကွယ်နေကြတဲ့ ဘာသာတရား အသီးသီးတော့ ရှိကြတာပဲ။ ဒါပေမဲ့ တကယ်တမ်း နင်လား ငါလား ရေထဲ မီးထဲ အားကိုး... ပြုကြတဲ့ အခါမှာတော့. . .။

*

သူ့ကို ကျွန်တော် ခေါ်တာ... မွတ်တားပဲ။ ကျွန်တော်မှ မဟုတ်... ကျွန်တော်တို့ အ. ထ. က(၁) ... ကျောင်းလုံးလည်း မွတ်တားလို့ပဲ ... ကြတယ်။ နာမည်အရင်းက ကြည်... တဲ့။ သူနဲ့ ကျွန်တော်က တစ်မြို့... သား။ တစ်ကျောင်းတည်း အတူ... ပေမယ့် နေတဲ့ရပ်ကွက်တော့ ကွဲ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မြို့ဆိုတာ ဧရာဝတီတိုင်းအသကြီး မြောင်းမြမြို့ကပါ။ မွတ်တားနဲ့ ကျွန်တော် သူငယ်တန်းကနေလေးတန်းအထိတော့ တစ်ခန်းတည်းပဲ။

အဲ. . လေးတန်းရောက်တော့ သူက အောင်သွားပြီး ကျွန်တော်ကတော့ ကျကျန်ခဲ့တယ်။ ကျတယ်ဆိုတာကလည်း ကျွန်တော် ကျန်းမာရေးကြောင့် အတန်းတင်စာမေးပွဲကြီး မဖြေလိုက်ရလို့ပါ။ ယခုခေတ်လိုဆိုရင်တော့ ဆရာ၊ဆရာမတွေကို အကျိုးအကြောင်းပြောပြီး မေးခွန်းလွှာကို ဆေးရုံတို့ ဆေးခန်းတို့မှာ ယူဖြေခွင့် ရကောင်းရနိုင်မယ်။ ကျွန်တော်တို့ ငယ်စဉ်ကတော့ ဒီလို မရဘူးလေ။ မဖြေရင်လည်း ကျ။ မဖြေနိုင်ရင်လည်း ကျပဲ။ အစိုးရစစ်ကိုး။

ထားပါတော့၊ ပြောခဲ့သလို မွတ်တားနဲ့ ကျွန်တော် အတန်းကွဲသွားတယ်။ ကျွန်တော် ခုနစ်တန်းအောင်တဲ့နှစ်မှာဖြစ်ချင်တော့ မွတ်တား ရှစ်တန်းကျပြီး သူနဲ့ကျွန်တော် အတန်းပြန်တူတဲ့အပြင် အခန်းလည်း တစ်ခန်းတည်း ပြန်တွေ့တယ်။ ငယ်သူငယ်ချင်းမို့လည်း သူနဲ့ ကျွန်တော် အတွဲများခဲ့တယ်။

ဒါနဲ့ တစ်ခုသော ဒီဇင်ဘာကျောင်းပိတ်ရက်တစ်နေ့မှာ မွတ်တား ကျွန်တော့်အိမ် ရောက်လာပြီး. . .

"မြင့်လှိုင်၊ မင်း အားရင် တို့ ကာကာဆိုင်သွားရအောင်" တဲ့။

ဒီကောင် ငယ်ငယ်ကတည်းက လက်ဖက်ရည်ကို ကာကာလို့ပဲ ခေါ်တယ်။

"မသွားချင်ပါဘူးကွာ၊ ကျောင်းပိတ်ရက် မုန့်ဖိုးမရလို့ ဘိုင်ပြတ်နေရတဲ့ကြားထဲ"

လို့ ကျွန်တော်ပြောတော့. . .

"ငါ တိုက်မှာပါကွာ၊ လာ သွားရအောင်"

လက်ဖက်ရည်ဆိုင် ရောက်တော့ မွတ်တား ကျွန်တော့်ကို ထူးထူးဆန်းဆန်းစကားတစ်ခွန်းပြောလာတယ်။

"မြင့်လှိုင် သရဲတို့ တစ္ဆေတို့ဆိုတာ မင်းယုံလား၊ တွေ့ဖူးလား၊ ခြောက်တာ လှန့်တာတို့ ကြုံဖူးလား"တဲ့လေ။

ကျွန်တော် ပထမတော့ ကြောင်အမ်းအမ်းဖြစ်သွားတယ်။ ကိုယ်ကလည်း ဒီလို တစ်ခါမှမကြုံဖူးဘူးလေ။ ပြီးတော့ ကိုယ်ကလည်း အတွေ့အကြုံရှိတဲ့ လူကြီးလည်း မဟုတ်ဘူး။

လူကြီး မဟုတ်ဘူးဆိုပေမယ့် ကျွန်တော်တို့ခေတ်က (၈)တန်းကျောင်းသားတွေကလည်း ဒီခေတ်ဆယ်တန်းကျောင်းသားတွေထက်တောင် ပိုထွားမလား မသိဘူး။

ကျွန်တော် ငယ်ငယ်က နယ်ဘက်တွေမှာ (၆)နှစ်၊ (၇)နှစ်လောက်မှ သူငယ်တန်း စတက်ကြတာများတယ်။ ကျွန်တော်ဆိုလည်း(၇)နှစ်မှသူငယ်တန်းစတက်ဖြစ်တာ။ ပြီးတော့ ကျွန်တော်တို့ခေတ်က လူငယ်တွေက ဒီခေတ်လူငယ်တွေထက်စာရင် ဘာသာရေး အသိဉာဏ်၊ ဘာသာရေးဗဟုသုတ ပိုမယ်ထင်တယ်။

ကျွန်တော်တို့ နယ်တွေမှာ အတန်းကျောင်း မတက်ခင်ဖြစ်ဖြစ်၊ ကျောင်းအားရက်တွေပဲဖြစ်ဖြစ် အိမ်ကမိဘတွေက နီးစပ်ရာ နီးစပ်ရာ ဘုန်းကြီးကျောင်းတွေ ပို့ထားပေးတာဆိုတော့ ဘာသာရေး အခြေခံနဲ့ ဗုဒ္ဓနဲ့ ဆိုင်တဲ့ စာပေ နည်းနည်းပါးပါးတော့ တီးမိခေါက်မိ ရှိကြတာ များတယ်။

ဘုရားရှိခိုးတို့၊ ပရိတ်ကြီး (၁၁) သုတ်တို့ဆိုတာတော့ အတန်းကျောင်းမတက်ခင်လောက်ကတည်းက မရေး





www.burmeseclassic.com

www.burmeseclassic.com

တတ်ရင်သာနေမယ်။ နှုတ်တိုက် ရွတ်လို့ကတော့ ချောနေတာပဲ။ ထားပါတော့။ အခု ခက်နေတာက မွတ်တားကို ရှင်းပြဖို့ ဒီကောင်က ဗုဒ္ဓဘာသာမဟုတ်လို့ကို ခက်နေတာ။ မွတ်တားဆိုတဲ့ နာမည်သာကြည့်တော့။

ဒီလို ဘာသာခြားတစ်ယောက်ကို ကျွန်တော်တို့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ (၃၁)ဘုံတို့၊ အပါယ်လေးဘုံ၊ ကံ,ကံ၏အကျိုးတို့ ဆိုတာတွေနဲ့ ကိုးကားပြီး ရှင်းပြဖို့ဆိုတာ ကျွဲနား စောင်းတီးပြသလို ဖြစ်မနေဘူးလား။

ပြီးတော့ သူတို့ လူမျိုးတွေက အယူကလည်းသီး၊ ဘာမှလည်း အယုံအကြည်ရှိတဲ့ လူမျိုး မဟုတ်ဘူး။ ကျွန်တော်တို့ မူလတန်းတုန်းက ကျောင်းခေါင်းလောင်းထိုးတာနဲ့ ပထမဆုံးလုပ်ရတဲ့ အလုပ်က ဘုရားရှိခိုးပဲ။

ကျွန်တော် မှတ်မိသလောက်ကတော့ ကျွန်တော် စာသင်ခန်းမှာ မွတ်တားအပါအဝင် သူနဲ့ ဘာသာတူ နှစ်ယောက်လား သုံးယောက်လား မှတ်တော့ မမှတ်မိတော့ဘူး၊ ထားပါ။

အဲဒီဘာသာခြား နှစ်ယောက်သုံးယောက် ကျွန်တော်တို့ ဘုရားရှိခိုးချိန်ဆို သူတို့က ငုတ်တုတ်ပဲ လက်အုပ်မချီ၊ လိုက်လည်းမဆိုဘူး။ အခန်းအပြင်ထွက်နေလို့ မရလို့သာပေါ့။ ဆရာ၊ ဆရာမတွေသာ ခွင့်ပြုရင် အခန်းအပြင်ထွက်နေမလားပဲ။ ဆရာ၊ ဆရာမတွေကလည်း ဘာမှ မပြောပါဘူး။ ဘာသာမတူဘူးဆိုတာ သူတို့လည်း သိနေတာကိုး။ ထားပါ။

ဒီလို လူမျိုးကွဲကို ကျွန်တော် ဘယ်လိုရှင်းပြရမယ်ဆိုတာ တော်တော်လေး စဉ်းစားရခက်တဲ့ ကိစ္စပဲ။မှာထားတာ ကြာပြီဖြစ်လို့ အပေါ်ကြောတင်းပြီး အေးစက်စက် ဖြစ်နေတဲ့ လက်ဖက်ရည်ကို ကျွန်တော် တစ်ကျိုက်ကျိုက်လိုက်ပြီး . . .

"ဒီလိုရှိတယ် မွတ်တားရဲ ငါတို့ ဗုဒ္ဓဘာသာမှာတော့ မြတ်စွာဘုရားရှင်ဟောကြားထားတဲ့ အပါယ်လေးဘုံထဲက ပြိတ္တာဘုံထဲမှာ မင်းစောစောကပြောတဲ့ တစ္ဆေ၊ သရဲဆိုတာတွေလဲ ပါတယ်ကွ၊ ငါကိုယ်တိုင် အခြောက် အလှန့်မခံရဘူးပေမယ့် လူကြီးသူမတွေ ကိုယ်တိုင်ကြုံဖူးတဲ့သူတွေ ပြောတာဆိုတာကြားဖူးပါတယ်၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဒါကို ဘာလို့ ကောက်ကာငင်ကာ မေးရတာလဲ၊ ဘာလဲ မင်းက သရဲခြောက်တာ ခံဖူးချင်လို့လား"

ဆိုတော့ မွတ်တား ဘာမှပြန်မပြောဘဲ မျက်တွင်းရဲ့ တော်တော်နက်နက်ထဲရောက်နေရှာတဲ့ မျက်လုံးတွေနဲ့ သူ့ရှေ့က အေးစက်စက် လက်ဖက်ရည်ခွက်ထဲ မျက်တောင်မခတ် စိုက်ကြည့်နေလိုက်တာ မိကျောင်းများ ရေဆင်းသောက်တဲ့ ဒရယ်ကို ချောင်းသလို ငြိမ်လို့။ တော်တော်လေးကြာမှ တစ်ကျိုက် မော့သောက်လိုက်တယ်။

ပြီးတော့ ရေနွေးတစ်ခွက် ငှဲ့နေရင်း . . .

"အခြောက်ခံချင်လို့ မဟုတ်ဘူး မြင့်လှိုင်၊ ငါတို့မိသားစု အခြောက်ခံနေရလို့ အိပ်ရေးပျက်တဲ့ညတွေ များလှပြီကွာ"

"ဟေ မင်းတကယ်ပြောနေတာလား၊ လုပ်စမ်းပါဦး၊ ဘယ်လို ခြောက်တာလဲ၊ မင်းတို့ အိမ်မှာပဲလား"ဆိုတော့

"အေးကွာ၊ ငါတို့အိမ်မှာပဲ ဆိုပါတော့"

"ဟာ ဒါဆို မင်းတို့ ဘာသာက ဘုန်းကြီးတွေ ဘာတွေခေါ်ပြီး ဘုရားစာတွေ ရွတ်ခိုင်းပေါ့ကွ"

"မရဘူး မြင့်လှိုင်၊ သူတို့ ဒီကိစ္စရအောင်မလုပ်နိုင်ကြဘူး၊ ငါ့မိဘတွေ၊ တို့ဘာသာက ဆရာဆိုတဲ့လူတွေ၊ ဘုန်းကြီးဆိုတဲ့လူတွေ ခေါ် လုပ်ခိုင်းတာ စုံနေပါပြီကွာ" ဆိုတဲ့ မွတ်တားရဲ့ ဖြေသံဟာ ကွဲအက်အက် ရှတတ၊ အားကိုးရာမဲ့တဲ့ လေသံမျိုးနဲ့ သူ့မျက်နှာဟာလည်း ရှိရင်းစွဲထက်ပိုပြီး အိုစာနေတယ်လို့ ထင်ရတယ်။

"နေပါဦး မွတ်တားရ၊ မင်းတို့ဟာ သရဲခြောက်တယ်ဆိုတာ သေချာလို့လား တော်ကြာ ထင်ယောင်ထင်မှား ဖြစ်နေမှာစိုးလို့" ဆိုတော့ . . .

မွတ်တား ကျွန်တော့်ကို ခပ်တွေတွေ တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ အေးစက်စက် လက်ကျန်လက်ဖက်ရည်ကို မော့သောက်ရင်း လေ တစ်ချက် အသုတ်မှာ ကသုတ်ကရက်နဲ့ လွင့်ပျံ့နေတဲ့ ကြွေရွက်တစ်အုပ်ကို အကြောင်းမဲ့ လိုက်ငေးနေပြန်တယ်။

ပြီးတော့မှ "အေး ငါတို့လဲ အစကတော့ ဒါမျိုးတွေကို အယုံအကြည်မရှိပါဘူးကွာ၊ ထင်ယောင်ထင်မှားနဲ့ အမြင်မှားတယ်လို့ပဲ ယူဆခဲ့ကြတယ် ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲကွ၊ မင်း စကားကလဲ မတင်မကျနဲ့"လို့ ကျွန်တော် သူ့စကားကို ထောက်ပေးလိုက်တော့ . .

"ဟုတ်တယ် မြင့်လှိုင်၊ အခုဟာ တကယ်ဖြစ်နေတော့ မယုံလို့ မရတော့တဲ့ အခြေအနေ ဖြစ်နေတယ်ကွာ၊ မင်း တစ်ညလောက် ငါတို့အိမ်မှာ လိုက်အိပ်ပါလား၊ မင်းလဲ ကြုံဖူးလေ့ရှိတာပေါ့ နောက်ပြီး ဘာလုပ်ရင်ကောင်းမလဲဆိုတာ မင်းနဲ့ငါ တိုင်ပင်လို့ရတာပေါ့"

ဆိုတော့ ကျွန်တော်ကတော့ ဘယ်လာလိုက်အိပ်ရဲမှာလဲ။ သတ္တိနည်းတာတော့ မဟုတ်ဘူး။ သူတို့နေတာ နေရှင်နယ်ကုန်း အစွန်အဖျားမှာ။ ပြီးတော့ သူတို့ အိမ်ရှေ့က ထွက်ကြည့်လိုက်ရင် ညိုညစ်ညစ်အုတ်ဂူတွေစီတန်းနေတဲ့ သင်္ချိုင်းမြေကို မြင်နေရတာ။

ကျွန်တော် အိမ်က လူကြီးတွေသိရင် ဘယ်နည်းနဲ့မှ ပေးသွားမှာမဟုတ်ဘူး။ ညအိပ် ညနေမပြောနဲ့ နေ့ခင်းနေ့လယ် အဲဒီဘက်တွေ သွားတယ်လို့ အသံကြားရင်တောင် အဗျင်းခံရမှာ ကျိန်းသေတယ်။

ကျွန်တော် ဒီလိုပြောနေတော့ ဒီနေရှယ်နယ်ကုန်းက ဘာဖြစ်နေလို့လဲ လို့ မေးစရာတော့ ဖြစ်လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ငယ်စဉ်တုန်းကတော့ ဒီနေရှင်နယ်ကုန်းတို့၊ မရမ်းကုန်းတို့ သူဌေးကုန်းတို့ဆိုတာ မြို့ထဲနဲ့ သိပ်ဝေးလှတာ မဟုတ်ပေမယ့် မြို့ထဲပိုင်းက လူတွေ အကြောင်းကြီးငယ်မရှိဘဲ အဲဒီဘက်တွေ အသွားအလာတော့ သိပ်မလုပ်ကြဘူး။ လက်ရဲဇက်ရဲ လူဆိုးလူမိုက်တွေ ပေါသလို စရိုက်လည်း နည်းနည်းကြမ်းတယ်လို့ ပြောရမယ်။ ဟိုတုန်းကပါ။ ကျွန်တော်တို့ ငယ်ငယ်ကပေါ့။ အခုတော့ မဟုတ်တော့ပါဘူး။

ထားပါ။ စောစောက စကားပြန်ဆက်ရင် မွတ်တားအဖေကလည်းလုပ်တော့ သားသတ်ရုံမှာ၊ ပြန်လာတဲ့အချိန်က သန်းခေါင် သန်းလွဲ။ ပြီးတော့ တစ်ခါတလေ အိမ်စားဖို့ဆိုပြီး သားစိမ်းငါးစိမ်းတွေကို လက်က ဆွဲလာလိုက်သေးတယ် ဆိုတော့ကာ ပရလောကသားတွေ သူ့နောက် ပါမလာဘူးလို့ ဘယ်ပြောနိုင်မှာတုန်း။ ဒီတော့. . .

"မွတ်တားရေ မင်းကိုတော့ အားနာတယ်ကွာ၊ ငါ ညအိပ်ညနေလိုက်လို့တော့ အိမ်က လွတ်မှာမဟုတ်ဘူး၊ ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါ့ကို ပြောပြပါအုံး ပြီးမှ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆိုတာ စဉ်းစားကြတာပေါ့"

လို့ ဆရာကြီးလေသံနဲ့ ကျွန်တော်ပြောလိုက်တော့. . .

"အေးလေ မင်းသိချင်သပ ဆိုလဲ ပြောရတာပေါ့ကွာ"

မွတ်တားတို့ မိသားစုက ယခင်ကတော့ မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ်ကျေးရွာမှာ နေကြတာ၊ မွတ်တားအဖေ မြောင်းမြက သားသတ်ရုံမှာ အလုပ်ရတော့ ကွယ်လွယ်ကို ပြန်ရတာ ညဉ့်နက်သန်းခေါင်ဆိုတော့ကာ ကူးတို့ကူးဖို့က အခက်အခဲရှိလာတယ်။

ကူးတို့လှေတွေကလည်း မနက်(၄)နာရီလောက်မှ စထွက်ကြတာဆိုတော့ ကူးတို့ လှေတွေ မလာမချင်း ထိုင်စောင့်ရောပေါ့။ တစ်ရက်တလေဆို သိပ်ပြဿနာမရှိပေမယ့် နေ့စဉ်ရက်ဆက်ဆိုတော့ သူ့အတွက် အခက်အခဲရှိလာတယ်။ အလုပ်က ပင်ပန်းလာလို့ အိပ်ချင်ပေမယ့်လည်း ကူးတို့လှေ မလာမချင်း ပြန်နိုင်တာ မဟုတ်လေတော့ လက်ရှိ ကွယ်လွယ်က အိမ်လေးကို ရောင်း၊ ဈေးသက်သက်သာသာရတဲ့ မြောင်းမြ နေရှင်နယ်ကုန်းဘက်က အိမ်လေး ပြန်ဝယ်နေဖြစ်ကြတယ်။

မွတ်တားအဖေအတွက်လည်း တော်တော်လေး အဆင်ပြေသွားတယ်လေ။ သူအလုပ်လုပ်တဲ့ သားသတ်ရုံက မရမ်းကုန်းရွာဘက်မှာ၊ နေရှင်နယ်ကုန်းနဲ့ မရမ်းကုန်းဆိုတာ နာရီဝက်လောက်ပဲ လမ်းလျှောက်ရတာ။ တစ်ခုပဲ ပြောစရာရှိတယ်။ နံနက်မိုးလင်းလို့ အိမ်ရှေ့ ထွက်မျှော်ကြည့်လိုက်တာနဲ့ သစ်ကြီးဝါးကြီးတွေ အုပ်ဆိုင်းနေတဲ့ သင်္ချိုင်းမြေကို မြင်ရတာ တစ်ခုပဲ။

ဒါကလည်း သူတို့အတွက် သိပ်အကြောင်းမဟုတ်ပါဘူး။ နဂိုကတည်းက အယုံအကြည်မရှိတဲ့ ဘာသာခြားတွေကိုး။ ထားတော့၊ သူတို့ ပြောင်းလာပြီး တစ်လလောက်တော့ အေးရာ အေးကြောင်းပဲ။ အဲ ဒါပေမဲ့ တစ်နေ့၊

အဲဒီနေ့က မွတ်တားအဖေ သားသတ်ရုံက ပြန်လာတော့ သန်းခေါင်ကျော်လောက်တော့ရှိနေပြီ။ ကောင်းကင်ယံက လက်သည်းခွံလောက်သာရှိတဲ့ လကလည်း တိမ်သားတိမ်လိပ်တွေကြားမှာ ပေါ်လိုက် ပျောက်လိုက်ဆိုတော့ မွတ်တားအဖေ လျှောက်ရတဲ့ လမ်းဟာ မှောင်ချင်တိုင်းကို မှောင်နေတော့တာပေါ့။ (ကျွန်တော်တို့ ငယ်ငယ်က အဲဒီဘက်တွေမှာ လမ်းမီးရယ်လို့လည်း တိတိပပ ရှိတာမဟုတ်ဘူးလေ)

ထူးထူးခြားခြား အဲဒီညမှာပဲ ခွေးတွေကလည်း အူပဲအူနိုင်လွန်းတယ်လို့ မွတ်တားအဖေ ထင်နေမိတယ်။ ခွေးတွေကလည်း အူသာအူကြတာ လမ်းမှာတော့ တစ်ကောင်တစ်မြီးမှ မတွေ့ရဘူး။ အိမ်ကြို အိမ်ကြား လမ်းကြိုလမ်းကြားကနေ အမြီးကုပ်ပြီး ဘာကို အူနေမှန်းကို မသိတာ။ မရမ်းကုန်းရွာ မကျော်လာတော့ သူ့နောက်က တရှပ်ရှပ်နဲ့ တစ်စုံတစ်ယောက် လိုက်လာသလို သရိုးသရီ ခံစားနေရတယ်။ ဒါပေမယ့် သူ လှည့်တော့မကြည့်မိပါဘူး၊ ခြေလှမ်းကိုသာ ခပ်ကြဲကြဲ လှမ်းခဲ့တယ်။

သူ ခပ်မြန်မြန်လျှောက်လည်း နောက်က တရှပ်ရှပ် အသံကတော့ ပါလာမြဲပဲ။ ဒါနဲ့ သူနောက်ကို ဆတ်ခနဲ လှည့်ကြည့်တော့ နှစ်လသား သုံးလသားအရွယ်လောက်ရှိမယ့် ခွေးမည်းလေး တစ်ကောင်။ ဒါလည်း သူစိတ်ထဲ ဘာမှသံသယမဖြစ်မိပါဘူး။ အိမ်စားဖို့ သားသတ်ရုံက ယူလာတဲ့ အမဲသား အနံ့ရလို့ လိုက်လာတယ်၊ ဒီလောက်ပဲ။ ဒါနဲ့ သူလက်ထဲက စွပ်ပြုတ်လုပ်သောက်မယ့် အမဲရိုးလေးတစ်ချောင်း လှမ်းပစ်ပေးပြီး ဆက်လျှောက်လာတယ်။

ခဏနေတော့ သူ့နောက်က တရှပ်ရှပ် အသံထပ်ကြားပြန်တယ်။ သူ့စိတ်ထဲ စောစောက ခွေးလေးထပ်လိုက်လာတယ် အထင်နဲ့ လှည့်ကြည့်မိတော့ လား လား . . . ခွေးက အမည်းကြီး အရပ်က သူ့ရင်ညွှန့်လောက်ရှိပြီး ကိုယ်လုံးကြီးက စဉ့်အိုးအလုံးလောက်ကြီး ဆိုတော့ ချက်ချင်း ဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုကို သူတော်တော်လေး လန့်သွားမိတာ အမှန်။ ဒီလမ်းကို နေ့စဉ် သူသွားလာနေကျ။ ဒီလောက်ကြီးတဲ့ ခွေးတော့ တစ်ခါမှ မတွေ့မိဘူး။ ဒီခွေး ခွေးအစစ်တော့ မဟုတ်လောက်ဘူးလို့လည်း သူ့စိတ်ထဲက သိနေတယ်။

သူ ခြေဖျားလက်ဖျားတွေအေးပြီး ခဏတော့ ဒီခွေးကြီးကို ကြောင်ကြည့်နေမိတယ်။

သူကြောင်ကြည့်နေသလို ခွေးအမည်းကြီးကလည်း သွားရည်တရွှဲရွှဲ လျှာတွဲလဲ နီနီရဲရဲ မျက်လုံးကြီးတွေနဲ့ သူ့ကို စိုက်ကြည့်နေလိုက်တာများ၊ သူ့ကိုယ်သူ သတ္တိကောင်းလှပြီလို့ ထင်နေမိတဲ့ မွတ်တားအဖေတောင် ကျောရိုးထဲက စိမ့်ပြီး ကြက်သီးဖြန်းခနဲ ဖြန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com

ထပြီး ရှိသမျှအမွေးတွေအကုန် ထောင်ထကုန်ရော။

သူလည်း သတ္တိတော့ မနည်းရှာပါဘူး။ သူတို့ဘာသာက ဘုရားကို တပြီးပြေးလိုက်တာ၊ အိမ်လည်းရောက်ရော တစ်ကိုယ်လုံး ချွေးတွေ ရေချိုးထားသလား မှတ်ရတယ်။ အိမ်စားဖို့ ယူလာတဲ့ အမဲရိုးအတွဲလည်း ဘယ်နေရာကျလို့ ကျမှန်းလည်း မသိတော့ဘူး။

ဆိုပါတော့။ အဲဒီနေ့ကစပြီး မွတ်တားတို့ အိမ်မှာ ဒီပရလောကသားမည်းမည်းကြီး သောင်းကျန်းတော့တာပဲ။ နေ့ဝင်မိုးချုပ် အိမ်နောက်ဖေးက အိုးခွက်ပန်းကန်သံကြားလို့ သွားမကြည့်လေနဲ့၊ ကြည့်လိုက်မိတာနဲ့ မည်းမည်းကြီး ရိပ်ခနဲတွေ့လားတွေ့ရဲ့၊ လှစ်ခနဲပြေးသွားလား ပြေးသွားရဲ့။

ညရေးညတာ အပေါ့အပါးသွားရင်လည်း အိမ်သာထဲ မည်းမည်းငုတ်တုတ်ကြီးတွေ့လိုက်ရလို့ မွတ်တားအမေတစ်ရက်မနည်း နှာနှပ်ယူရတဲ့အဖြစ်ကိုရောက်ရော ဆိုတော့ကာ ယောကျ်ားဖြစ်တဲ့ မွတ်တားအဖေကတော့ "ဟန်ကိုယ့်ဖို့" ဆိုသလို ထိန်းနေနိုင်ပေမယ့် မွတ်တားနဲ့ သူ့အမေကတော့ ဒီချောက်ချားမှု ဒုက္ခကို နင်းကန်ခံရတာကလား။

သူတို့ဘာသာက ဆရာဆိုတာရော၊ ဘုန်းကြီးဆိုတာတွေခေါ်ပြီး အိမ်မှာရွတ်တာ ဖတ်တာတွေလည်း စုံနေပြီ။ သူတို့ဘာသာက ဘုရားစာဆိုတဲ့ စာရွက်တွေလည်း အိမ်အနှံ့လိုက်ကပ်ထားတာ ပြည့်နေရောပဲ။ ဒါပေမယ့် မရပါဘူး။ မိုးမှိုလို့ချုပ်ပြီဆိုတာနဲ့ တစ်လမ်းလုံးရှိတဲ့ခွေးတွေ တိုင်ပင်ထားသလား မှတ်ရတယ်။ မွတ်တားတို့ ခြံလေးထဲကို ကြည့်လိုက်၊ အူလိုက်၊ အိမ်လေးကို ကြည့်လိုက်၊ အူလိုက်နဲ့ ဆူညံနေတော့တာပဲ။အိမ်နီးနားချင်းတွေ ထွက်မောင်းလည်း ခဏပဲ၊ ပြီးတော့ ပြန်ရောက်လာပြီး အူကြ ဟောင်ကြတာပဲ။ မွတ်တားအနေနဲ့ကလည်း ဘယ်လိုမှ အားကိုးမရှိတဲ့အဆုံးမို့သာ အကြံဉာဏ်လေးရလိုရငြားဆိုပြီး ကျွန်တော့်ကို ဖွင့်ပြောတာ။

သူ ဖွင့်ပြောတာတော့ ကိစ္စမရှိဘူး။ ကျွန်တော်ကကော ဘာလုပ်တတ်မှာမို့လဲ။ ကိုယ့်ဘာသာတူဆိုလည်း အကောင်းသား။ ဆရာတော်ကြီးတွေပင့်၊ ပရိတ်ရွတ်၊ ကမ္မဝါဖတ်၊ ကောင်းမှုကုသိုလ်လုပ်၊ အမျှအတန်းပေးဝေ၊ ဒါဆို မရနိုင်စရာ အကြောင်းမရှိဘူးပေါ့။ အခုတော့ . . .

"ဒီလိုလုပ်ကွာ မွတ်တား၊ မင်းယုံယုံကြည်ကြည်နဲ့ လုပ်ဖို့တော့ လိုမယ်၊ ဒီကိစ္စမျိုးတွေကို တို့ဗုဒ္ဓဘာသာက ဆရာတော်ကြီးတွေတော့ နိုင်လိမ့်မယ်၊ လူကြီးတွေ မပါဘဲတော့ သွားပင့်လို့ဖြစ်မှာမဟုတ်ဘူး၊ ငါတို့အိမ်က ဘုရားစင်မှာ ငါတို့(၄)လမ်းထိပ်က ဘုရားလေးထီးတော်တင်တုန်းက ငါတို့အဖေယူလာတဲ့ ပရိတ်ရေ ပဌာန်းရေတွေရှိတယ်၊ အဲဒါ ငါမင်းကို ယူပေးလိုက်မယ်၊ မင်းပါးစပ်က ရွတ်ဖတ်ဖို့လဲ တို့မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော် ကိုးပါးရယ်၊ သရဏဂုံ သုံးပါးရယ် နှုတ်တိုက်သင်ပေးလိုက်မယ်၊ ဂုဏ်တော် ကိုးပါးကို ပါးစပ်က ရွတ်နေရင်း ငါပေးလိုက်တဲ့ ပရိတ်ရေကို မင်းအိမ်ရော ခြံထဲပါ ဖျန်းလိုက်ကွာ၊ အဓိကကတော့ မင်း ယုံယုံကြည်ကြည်ရှိဖို့ပဲ၊ ဒါဆို မင်းအိမ်က သရဲနေပါဦးလို့ဆွဲထားရင်တောင် နေမှာမဟုတ်တော့ပါဘူးကွ" ဆိုတော့. . .

"ဆွဲတော့ မထားရပါစေနဲ့ မြင့်လှိုင်ရာ စိတ်တွေ ညစ်လွန်းလို့ပါ"

"အဲ မင်း စိတ်ညစ်တာ အသာထား၊ တို့ ဘုရားစာကို မင်းရွတ်လို့ မင်းမိဘတွေက ကြိုက်ပါ့မလား မွတ်တား"

"ဟ ဘာလို့ မကြိုက်ရမှာလဲကွ၊ သူတို့ ခေါ်လာတဲ့လူတွေမှ မနိုင်တာ၊ ရတယ် မြင့်လှိုင် ဒီအတွက် မင်း ခေါင်းစား မခံနေနဲ့ ငါကြည့်ရှင်းမယ်" ဆိုပြီး မွတ်တား ပြန်သွားလေရဲ့။

ဒီနောက်ပိုင်း တစ်ပတ်၊ ဆယ်ရက်လောက်နေတော့ မွတ်တား တစ်ယောက် အပြုံးမျက်နှာပေးနဲ့ ကျွန်တော့်ဆီ ရောက်လာပြန်တယ်။ လက်ထဲမှာ ခြောက်ဆယ်သား ခုနစ်ဆယ်သားရှိမယ့် ကြက်နှစ်ကောင်ဆွဲလို့ပေါ့။

"စွမ်းတယ် သိပ်ကိုစွမ်းတယ် မြင့်လှိုင်ရေ မင်းပေးလိုက်တာ၊ ဘာတဲ့ ပရိတ်ရေ ဟုတ်လား၊ အဲဒီ ပရိတ်ရေနဲ့ မင်း သင်ပေးလိုက်တဲ့ သရဏဂုံ၊ ဂုဏ်တော်ကိုးပါး ဘုရားစာက ငါတို့မိသားစု အံ့ဩယူရလောက်အောင် အစွမ်းထက်တယ်၊ မှန်တာပြောရရင် မင်းပေးလိုက်တုန်းက ငါလဲ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ကွ၊

မင်းဆီက ယူသွားတဲ့နေ့ ညမိုးချုပ်တာနဲ့ ငါလဲမင်းသင်ပေးလိုက်သလို အိမ်ထဲမှာလဲ ဘုရားစာရွတ်၊ ပရိတ်ရေဖျန်းလိုက်ဖျန်း၊ ခြံထဲလဲ ဒီအတိုင်းလိုက်လုပ်ထားလိုက်တယ်၊ ငါနဲ့ ငါ့အမေလဲ ဘုရားစာရွတ်၊ ပရိတ်ရေနဲ့ လိုက်ဖျန်း၊ ခြံထဲလဲ ဒီအတိုင်းလိုက်လုပ်ထားလိုက်တယ်၊ ငါနဲ့ ငါ့အမေလဲ ဘာများထူးမလဲဆိုပြီး မအိပ်သေးဘဲ ငါ့အဖေပြန်အလာကို ထိုင်စောင့်နေခဲ့ကြတယ်၊

ညဉ့်နက်လို့ ငါ့အဖေ ပြန်လာတာ လမ်းထိပ်လောက်ရောက်တာနဲ့ တို့လမ်းထဲက ခွေးတွေ အူလိုက်တာများကွာ၊ တစ်လမ်းလုံး ဆူညံနေတော့တာပဲ၊ အေး ထူးဆန်းတာက ငါ့အဖေ ခြံထဲဝင်လာတော့ သူ့နောက်မှာ မည်းမည်းအရိပ်ကြီးတစ်ခု ကပ်ပါလာတာကို တစ်ခြမ်းသာသာလောက်သာ ရှိနေတဲ့ လရောင်ကြောင့် မြင်တွေ့နေရတယ်၊ ဒီလို ပါလာတာကို ငါ့အဖေလဲ သိပုံမရဘူးကွ၊

ငါ့အဖေ ခြံထဲအဝင် နောက်က မည်းမည်းကောင်ကြီး ခြံထဲကိုဝင်အလိုက် မင်း ပြောရင် ယုံမှာတောင် မဟုတ်ဘူးကွာ၊ ဒီမည်းမည်းကြီး ခြံထဲလိုက်အဝင် ဗလုံးဗထွေး အသံနက်ကြီးနဲ့အော်ပြီး မီးခိုးငွေ့လို အတန်းလေးဖြစ်ပြီး ခြံအပြင်ကို ပျံ့လွင့်တဲ့ အသံနက်ကြီးကြားလိုက်ရတာကို လန့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

အတင်းပြေးဝင်ရတဲ့အဖြစ်ကို ရောက်ရုံပဲ မြင့်လှိုင်ရေ"

ဆိုတော့ ကျွန်တော်ကလည်း-

"ဒါဆို အခု နောက်ပိုင်းရော ဘယ်လိုနေသေးလဲ မွတ်တား"

"ဟ . . . အဲဒီနေ့ကစပြီး ငါတို့မိသားစု အိပ်ကောင်းခြင်း၊ စားကောင်းခြင်းနဲ့ နေရလို့ ငါ့အဖေနဲ့ အမေ ဝမ်းတွေသာလို့ မင်းစားဖို့ ကြက်နှစ်ကောင် ဝယ်ပေးလိုက်တာ၊ မင်းကို ကျေးဇူးတင်ကြောင်းလဲ ပြောခိုင်းလိုက်တယ်ကွ"

"ဟေ့ကောင် ငါ့ကို ဘာမှ ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ ဒါတွေကလဲ ငါ့အစွမ်းအစကြောင့် မဟုတ်ဘူး၊ ငါတို့ဘုရားရှင်ရဲ့ တန်ခိုးတေဇော်အာနုဘော်ကြောင့်ကွ၊ မင်း ကျေးဇူးတင်ချင်ရင် ငါတို့ဘုရားရှင်ကိုပဲ ကျေးဇူးတင်"

ဆိုတော့ . . .

"အေးပါ မြင့်လှိုင်ရယ် ငါ မပြောတတ်လို့ပါ"တဲ့လေ။

တားပါတော့ ဒီနောက်ပိုင်း မွတ်တားနဲ့ သိပ်မတွေ့ဖြစ်တော့ဘူး၊ သူ (၈)တန်းမှာ (၂)နှစ်ကျလို့ ကျောင်းထွက်သွားတယ်လေ။ ကျွန်တော်လည်း ၁၉၈၈ နောက်ပိုင်း ရန်ကုန်မှာပဲ အိမ်ထောင်ကျပြန်တော့ မိသားစု ထမင်းအိုးလေး ဆန်နဲ့ မဝေးရအောင် လှုပ်ရှားရုန်းကန်ရင်း မွတ်တားတို့ ချွတ်တားတို့ကိုလည်း သတိမရနိုင်တော့ပါဘူး။

ဒါပေမယ့်လည်း ဇာတိချက်ကြွေ ရန်အောင်မြေနှင့် သွန်းရေခံရာ ခန့်ဝါထင်ရှား ရပ်သုံးပါး တစ်ပါး အပါအဝင်ဖြစ်သော ကျွန်တော့်ဇာတိမြေ မြောင်းမြမြို့ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလက တစ်ခေါက် ပြန်ဖြစ်ခဲ့တယ်။

မြောင်းမြကို ရောက်ရောက်ချင်း ခရီးဆောင်အိတ်တွေကို (၁၀)လမ်းမှ အစ်မအိမ်မှာ ချထားခဲ့ပြီး ကျွန်တော်တို့မြို့ရဲ့ မြို့ဦးစေတီလည်းဖြစ်၊ မြောင်းမြမြို့ရဲ့ ကျက်သရေဆောင်လည်း ဖြစ်တော်မူတဲ့ စကြာနန္ဒ၊ စကြာသီဟ စေတီတော်မြတ်ကြီးကို ဖူးမြော် ကြည်ညိုဖို့ ရောက်ခဲ့တယ်။ နှစ်ပရိစ္ဆေဒတွေ ကြာလာတာနဲ့အမျှ ခေတ်ကာလ အခြေအနေတွေကလည်း လောကဓမ္မတာအတိုင်း တိုးတက်ပြောင်းလဲနေကြတယ်။

ကျွန်တော် မြောင်းမြမြေက ထွက်လာစဉ် အခြေအနေနဲ့ ယခုအခြေအနေ ဘာဆိုဘာမှ မဆိုင်တော့သလိုပဲ။ မြင်မြင်သမျှဟာ အသွင်သစ်ကို ဆောင်နေတယ်။ ယခင် ခနော်နီခနော်နဲ့ တဲစုလေးတွေကနေ မိုးမျှော်တိုက်တာများအဖြစ် အစားထိုး ဝင်ရောက်နေကြတယ်။

ကွဲကွာခဲ့သမျှ အတိုးချပြီး စေတီတော်မြတ်ကြီးကို ဖူးမြော်ပြီး ကမ်းနားလမ်း မုခ်ဦးပေါက်ကထွက်လာတော့ . .

"ဟေ့ ဒကာကြီး၊ ဒကာမြင့်လှိုင် မဟုတ်လား"လို့ လှမ်းမေးရင်း မလှမ်းမကမ်းကနေ ကျွန်တော့်ဆီကြွလာတဲ့ ရဟန်းတစ်ပါး။

အညိုရင့်ရောင် အသားအရေ၊ ဦးပြည်းစိမ်းဖန့်ဖန့် ဝင်းဝါနေတဲ့ သင်္ကန်းရောင်နှင့် ကြည်ညိုဖွယ်ရာ အဆင်းကို ဆောင်လို့နေတယ်။ တွေ့တွေ့ချင်း ကျွန်တော် မယုံနိုင်ခဲ့ဘူး။ မျက်စိတစ်ချက်ပွတ်သပ်ပြီး ထပ်ကြည့်မိတယ်။ သေချာတယ်။ ကျွန်တော် အမြင်မှားတာမဟုတ်ဘူး။ ငယ်ရုပ်ကမှ မပျောက်ဘဲ၊ ဒါ မွတ်တားမှ မွတ်တားအစစ်။

"အောင်မယ် ဘာလို့ ဒီလောက်ကြည့်နေတာလဲကွ၊ မမှတ်မိလို့လား၊ မယုံလို့လား ဒကာမြင့်လှိုင်ရ" ဆိုတော့

"မွတ်တား အဲ တင်ပါ့ ဦးပဥ္စင်း တပည့်တော်မှတ်မိပါတယ်၊ ဒါပေမယ့် ဒီလို ဘုရားသားတော်အဖြစ်နဲ့ မြင်ရမယ်လို့တော့ မျှော်လင့်မထားမိလို့ အံ့သြနေတာ" လို့ပြောတော့ . . .

"အင်း ဒီလိုဖြစ်လာဖို့ အစဆွဲခဲ့တဲ့ ဒကာမြင့်လှိုင်ကို ကျေးဇူးတင်သလို ဦးပဥ္စင်းကိုယ် ဦးပဥ္စင်းလဲ ကိုးကွယ်ရာ အမှန်ကို ဆုပ်ကိုင်မိလို့ လူဖြစ်ရကျိုးနပ်ပြီလို့ ဝမ်းမြောက်ခဲ့ရတယ်"

"ဒါနဲ့ ဦးပဥ္စင်းမိဘတွေရော နေကောင်းကြရဲ့လား၊ အခု နေရှင်နယ်ကုန်းအိမ်မှာပဲလား ဦးပဥ္စင်း"

"ဦးပဥ္စင်းရဲ့ ဒကာကြီး ဆုံးသွားတာ (၅)နှစ်လောက်တောင်ရှိပြီ၊ သူဆုံးပြီးကတည်းက ဒကာမကြီးလဲ သူ့ညီမတွေနဲ့ ကွယ်လွယ်ဘက်မှာပဲနေတယ်၊ ဦးပဥ္စင်းကတော့ အိမ်က ဒကာကြီး မဆုံးခင်ကတည်းက သာသနာ့ဘောင်ဝင်နေတာဆိုတော့ အခုဆို (၁၀)ဝါတောင် ရနေပြီ ဒကာမြင့်လှိုင်ရဲ့"

"ကောင်းပါတယ် ဦးပဥ္စင်းရယ်၊ ဦးပဥ္စင်းက ဗုဒ္ဓဘာသာဝင်ဖြစ်တာ တပည့်တော်ထက် နောက်ကျပေမယ့် သာသနာ့တာဝန်တွေကို တပည့်တော်ထက် စောစီးစွာထမ်းဆောင်နိုင်တာတော့ တပည့်တော်ထက် လူဖြစ်ရကျိုးနပ်တာ အမှန်ပဲဘုရား၊ တပည့်တော်ကတော့ သားကျွေးမှု၊ မယားကျွေးမှုဆိုတဲ့ လှိုင်းဂယက်တွေကြားမှာ လက်ပစ်ကူးနေရတုန်းပဲ ဘုရား"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဒကာရယ်၊ မြတ်စွာဘုရားက စိတ်ကိုပဲ အဓိက ဟောထားတယ် မဟုတ်လား၊ လူဝတ်ကြောင်နဲ့ပဲ ဖြစ်ဖြစ်၊ သင်္ကန်းနဲ့ပဲ ဖြစ်ဖြစ် သာသနာ့တာဝန်ကို စိတ်စေတနာသန့်သန့်နဲ့ ထမ်းနိုင်ဖို့ပဲ လိုတာပါ ဒကာရယ်" တဲ့လေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဇာတိမြေကို မပြန်ဖြစ်ဘူးဆိုရင် ယခင် မွတ်တား ယခု ဦးကုသလ အကြောင်းလေးကို ရေးဖြစ်မှာမဟုတ်ဘူး။

ယခုပြန်တွေ့တော့မှ ဒီဖြစ်ရပ်လေးကို ဦးပဥ္စင်း ဦးကုသလက ရေးဖို့ တိုက်တွန်းတာနဲ့ ရေးဖြစ်ခဲ့ရတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း အနီးဆုံးက တန်ဖိုးရှိဆုံး ရတနာသုံးပါးကို မမေ့မလျော့သော သတိနဲ့ တန်ဖိုးထားနိုင်ကြပါစေ။

❐ မြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com

"ဟေး ဟေး ဟေး ဟေး"

"ရွှေး ရွှေး ရွှေး ရွှေး"

"ဖြန်း ဖြန်း"

မန်းထီးလှိုင်က ပါးစပ်မှ အော်ဟစ်ရင်း လက်မှလည်း သံပုံးကို တရစပ်တီးနေလေသည်။ သူ၏ ခြောက်လှန့်မှုကြောင့် ဝေါခနဲ ထိုးကျလာသော စာအုပ်တစ်အုပ်က ချက်ချင်းပင် ဝုန်းခနဲ ထပျံသွားကြသည်။

ရွှေရောင်သန်းနေသော စပါးခင်းက လေအသွဲ့၌ ညီညာဖြဖြ ယိမ်းနွဲ့နေကြလေသည်။ အချို့စပါးပင်များမှာ ထောင်ထောင်မတ်မတ် ရှိနေကြသေးသော်လည်း အချို့စပါးပင်များမှာမူ ခေါင်းငိုက်လျက်ပင်ရှိကြလေပြီ။မကြာမီ ရိတ်သိမ်းရတော့မည်။ သည်နှစ်တွင် စပါးတွေ ထူးထူးကဲကဲ ကောင်းလှသည်။ အပင်တွေက ကြီးထွားလှသလို အနှံတွေကလည်း ဆုပ်ဆုပ်ခဲခဲရှိလှသည်။ ပြီးတော့ အနှံတိုင်းမှာလိုလို အစေ့တွေ စုံကာ အစေ့တိုင်း၌လည်း အဆန်တွေ အောင်တာတွေ့ရပြန်သည်။

မန်းထီးလှိုင်က စပါးခင်းကို ကြည့်မိတိုင်း ပီတိဖြစ်ရသည်။ သည်နှစ် စပါးအထွက်တိုးမည်ကို ကြိုသိနေရပြီမို့ စိတ်ကူးထဲက စီမံကိန်းတွေကိုလည်း တစ်ခုပြီး တစ်ခု ချနေမိရသည်။ ထို...

မံကိန်းများအနက် အဓိက ဦးစားပေး...

စီမံကိန်းကို ပြပါဟုဆိုလျှင် သည်နှစ်...

အတွင်း သူ့မြေးနှစ်ယောက်ကို ရှင်ပြု...

ပေးရေး စီမံကိန်းပင် ဖြစ်သည်။ သည်...

နှစ်ယောက်တွင် တစ်ယောက်က ကိုးနှစ်...

ဖြစ်ပြီး ကျန်တစ်ယောက်က ဆယ့်တစ်...

နှစ်သို့ပင် ရောက်ခဲ့လေပြီ။ ခုထိ ရှင်မပြု...

ကြရသေး။ သမီးနှင့် သမက်က အလှူ...

တော့ ကြိုးစားကြရှာပါသည်။ သို့သော်...




www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်လုပ် အကျိုးပေးက ညံ့လှသည်မို့ ကလေးတွေသာတစ်ယောက်ပြီး တစ်ယောက်တိုးလာသည် ခုတိ ရရ စားစားဘဝ၊ နုံနုံချာချာဘဝက မတက်နိုင်ကြ။ သူတို့ အစွမ်းအစနဲ့ကတော့ ဘယ်နည်းနှင့်မျှ ရှင်ပြုပေးနိုင်ဖို့ မမြင်။ သည်ကလေးနှစ်ယောက်က မိမိတာဝန်လိုပင် ဖြစ်နေသည်။

စပါးပေါ်ချိန်၌ ရှင်လောင်းလှည့်ပွဲကြီး ကျင်းပနေမည့်အဖြစ်ကို မျက်စိထဲမှာ မြင်ယောင်ရင်း မန်းထီးလှိုင်က စိပ်ပုတီးကို အသာကောက်ကိုင်လိုက်သည်။ သို့သော် သူ ပုတီးတစ်လုံးမျှ မချနိုင်သေးမီမှာပင် သူ့စီမံကိန်းကို ဖျက်ဆီးမည့် အဖျက်သမား စာတစ်အုပ်က စပါးခင်းထဲသို့ ဝေါခနဲ ထိုးကျလာပြန်လေသည်။

"ဟေး ဟေး ဟေး ဟေး"

"ရှေး ရှေး ရှေး ရှေး"

"ဖြန်း ဖြန်း"

စာ ခြောက်ရပြန်သည်။ ဝုန်းခနဲ ထပျံသွားသော စာအုပ်ကို ကြည့်ကာ တော်တော်ဆိုးတဲ့ကောင်တွေဟု စိတ်တွင်းမှ ရေရွတ်လိုက်မိသည်။ စာတွေက အတင့်ရဲလှသည်။ ခုလို လယ်စောင့်တဲပေါ်က လူတစ်ယောက်လုံး ထိုင်ခြောက်နေတာတောင် တစ်ခါတစ်ရံ၌ ရှုမစိုက်သလိုလို၊ မထီလေးစားသလိုလို လုပ်တတ်ကြသည်။ ထိုအခါမျိုး၌ ပါးစပ်မှ အော်ဟစ်ခြောက်လှန့်ရုံနှင့် ရေတော့ဘဲ လောက်စာလုံးစာပါ ကျွေးလိုက်တော့မှ ကိုယ်တော်များက ကြွတော်မူတတ်ကြသည်။

သင်းတို့ကိုတော့ မန်းထီးလှိုင် ဒေတ္တာပို့လို့ မရတာ အမှန်။ သူတို့ကို အညာပေးလိုက်လို့ကတော့ ရှိသမျှ စပါးတွေ အကုန်ပြောင်သွားမည့်ပြင် သူ့စိတ်ကူးထဲက မဟာစီမံကိန်းကြီးတစ်ခုလုံး ပျက်စီးသွားတော့မှာ မုချပင်။

မန်းထီးလှိုင်က စိပ်ပုတီးကို ထတ်လှမ်းလိုက်ပြန်သည်။ ထိုအချိန်တွင် စပါးခင်းအစပ်ရှိ မြရာတောထဲမှ [illegible] ထွက်လာပြီးလျှင် ခြံစည်းရိုးကို တိုးတော့မည်ကဲ့သို့ လုပ်နေသည်ကို တွေ့လိုက်ရပြန်သည်မို့ သူ့မျက်လုံးများ ပြူးကျယ်သွားရသည်။ သို့သော် ကျွဲကျောင်းသား၏ လှမ်းအော်သံနှင့်အတူ ကျွဲကြီးက တစ်မုဟုတ်ချင်း နောက်ပြန်လှည့်သွားသည့်အတွက် သူစိတ်ပြန်အေးသွားရသည်။

ထိုအခိုက်မှာပင် သူက ထိုကျွဲ ထွက်လာသည့် နေရာမှာပင် မနှစ်တုန်းက ဖြစ်ပျက်ခဲ့လေသည့် အဖြစ်အပျက်တစ်ခုအား ဖျတ်ခနဲ ပြန်သတိရလိုက်မိသည်။ ထိုအခါ သူ့ကျောထဲက စိမ့်ခနဲ ဖြစ်သွားရသလို စိတ်ထဲတွင်လည်း အတော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မဖြစ်ဘဲ ရှိပါ့မလား။ ထိုအဖြစ်အပျက်၊ ထိုအတွေ့အကြုံက သာမန်အဖြစ်အပျက်၊ သာမန် အတွေ့အကြုံမှ မဟုတ်လေသည်ဘဲ။ သွေးပျက်စရာ ချောက်ချားစရာ အလွန်ကောင်းလှသော ထိုအကြောင်းအရာကို ပြန်တွေးမိတိုင်း သူ့စိတ်ထဲ၌ မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလိုပင် အမြဲတစေ ထင်မှတ်ခံစားခဲ့ရလေသည်ဝဲ။

မနှစ်က သည်လိုအချိန်။ ခုလိုပင် စပါးခင်းကို စောင့်နေတုန်း စောစောက ကျွဲထွက်လာသည့်နေရာကပင် တရှဲရှဲနှင့် တောတိုးလာသံများကို သူကြားလိုက်ရသည်။ အသံလာရာကို စူးစိုက်ကြည့်နေရင်း ကျွဲလား၊ နွားလားဟု ထင်မှတ်နေမိရာမှ တကယ်တမ်း သူတွေ့မြင်လိုက်ရသည်က. . .

✿

တစ်နေ့က နောင်ဘိုစခန်းမှ တပ်စုတစ်စု၊ အင်အား (၁၈)ဦးခန့်က ပုံမှန် လှည့်ကင်းပြုလုပ်ရန် စခန်းမှ ထွက်လာသည်။ ကော့ကျေးဂျူးရွာ ဝင်ခါနီး လှည်းလမ်းဆုံသို့ရောက်တော့ အသင့်ကျင်းတူးပြီးစောင့်နေသော ရန်သူအင်အား (၄၀)ခန့်၏ နှစ်ဖက်ညှပ်တိုက်ခိုက်မှုကိုခံလိုက်ရသည်။ အင်အားချင်း မမျှသဖြင့် တပ်မှ အကျအဆုံးများလှသည်။ ခံပစ် ပစ်ရင်း တဖြည်းဖြည်း ဆုတ်ခွာပေးရလေသည်။

မန်းထီးလှိုင်က တိုက်ပွဲဖြစ်နေသံကို နားထောင်ကာ သူ့စပါးခင်းနှင့် မဝေးလှဟု တွက်နေမိသည်။ သူ့ဇနီးဒေါ်အောင်မေကမူ တိုက်ပွဲသံကြားသည်နှင့် ချက်လက်စ ထမင်းအိုးကို ပစ်ထားခဲ့ကာ အိမ်အောက်က ပုန်းကျင်းထဲ တန်းဝင်တော့သည်။ လင်ဖြစ်သူကိုလည်း အသံပြာမတတ် လှမ်းအော်ခေါ်လေသည်။

"ရှင်ဘာလုပ်နေတာလဲ ကျင်းထဲဝင်ပါလား၊ တိုက်ပွဲက နီးနီးလေးရယ်"

"ကိစ္စမရှိပါဘူးဟ၊ ခေါင်းပေါ်ကို ကျည် မဖြတ်ပါဘူး"

မန်းထီးလှိုင်က ပြန်အော်သည်။ အတွေ့အကြုံကများလှပြီမို့ ကျည်သွားလမ်း၌ မကျရောက်သရွေ့ မတ်တပ်ရပ်ကြည့်တောင် ဘာမျှ အန္တရာယ်မရှိတာ သူသိပြီးဖြစ်သည်။ ထို့ကြောင့် လယ်စောင့်တဲ၏ စင်ပေါ်မှ ခုန်ဆင်းကာ မြေပေါ်တွင် ဆောင့်ကြောင့်ထိုင်ရင်း အသံကိုသာ နားစွင့်နေမိသည်။

တိုက်ပွဲက သိပ်မကြာလိုက်။ ဆယ့်ငါးမိနစ်ခန့်သာကြာပြီး ပစ်သံ ခတ်သံများ ရပ်စဲသွားလေသည်။ ထိုအခါ မန်းထီးလှိုင်က မတ်တတ်ရပ်ကာ တောင်မြောက်လေးပါးကို ကြည့်ရှုနေမိလေသည်။ ထိုအချိန်မှာပင် စပါးခင်းအစပ်က မြရာတောထဲမှ တောတိုးလာသံ တရှဲရှဲကို သူကြားလိုက်ရသည်။ ကျွဲသို့မဟုတ် နွားတစ်ခုခု ဖြစ်ရမည်ဟု သူထင်လိုက်သည်။ သို့သော် တကယ်ထွက်လာတာက ကျွဲလည်းမဟုတ်၊ နွားလည်းမဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေတာကို သူတွေ့လိုက်သည်။ ပို၍ ရှင်းအောင် ဆိုရလျှင် ယူနီဖောင်းဝတ် ရဲဘော်တစ်ဦးပင် ဖြစ်သည်။

သူ အံ့အားသင့်နေစဉ်မှာပင် ရဲဘော်က သူ့ကို တွေ့သွားကာ လက်ကို





www.burmeseclassic.com

www.burmeseclassic.com

ငေ့ယမ်းပြီး လှမ်းခေါ်နေလေသည်။ ထိုသို့ လှမ်းခေါ်နေလျက်ကပင် ခွေခနဲ လဲကျသွားသည်ကို သူ တွေ့လိုက်ရသည်။

သူ ကပျာကယာပြေးသွားကာ ရဲဘော်ကို ပွေ့ထူပေးလိုက်သည်။ ရဲဘော်က ဒဏ်ရာမှ သွေးတို့ဖြင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေလေသည်။ အားကိုးသော မျက်နှာဖြင့်လည်း မန်းထီးလှိုင်၏ လက်ကို တင်းတင်းဆုပ်ထားသည်။

"မအောင်မေ မအောင်မေ ဒီကို မြန်မြန်လာစမ်းပါဟ"

ဇနီးဖြစ်သူကို လှမ်းခေါ်လိုက်သည်။ ဒေါ်အောင်မေက အပြေးအလွှားပင် ရောက်လာသည်။ ထို့နောက် သူတို့နှစ်ယောက်က ရဲဘော်ကို တွဲကာ အိမ်သို့ ခေါ်လာခဲ့ကြသည်။ စပါးခင်းနှင့် သူတို့အိမ်က ကိုက်နှစ်ရာသာသာခန့်ဝေးသည်။ သူတို့က ရွာထဲမှာ မနေဘဲ လယ်တောမှာပင် အိမ်ဆောက်နေကြခြင်း ဖြစ်သည်။

အိမ်သို့ရောက်သည်နှင့် ရဲဘော်ကိုအခန်းထဲသွင်းကာတံခါးကိုလုံအောင် ပိတ်ထားလိုက်ကြသည်။ ရဲဘော်က တစ်ချက်မျှ ညည်းလိုက်သည်။

"အား ကျွတ် ကျွတ်၊ ကျေးဇူးကြီးလှပါပြီ ဖထီးရယ်၊ ဒီကောင်တွေ အပိုင်လုပ်သွားတာဗျ၊ ကျွန်တော်တို့လူတွေ တော်တော်ထိကုန်ကြပြီ ထင်တာပဲ"

သူတို့လင်မယားနှစ်ယောက်က တတ်သလောက် မှတ်သလောက် ပြုစုပေးနေကြသည်။ ပုဆိုးဟောင်းတွေကို ဆုတ်ဖြဲကာ ဒဏ်ရာကို ပတ်တီးစည်းပေးကြသည်။

"ကျွတ် ကျွတ်၊ ဖြစ်နိုင်ရင် ဟော ဒီအစကြီးကို ဖထီး ဆွဲနုတ်ပေးပါလားဗျာ"

ရဲဘော်က သူ့ပေါင်မှ ဒဏ်ရာကို ညွှန်ပြနေလေသည်။ မန်းထီးလှိုင်က လက်ညှိုးဖြင့် နှိုက်စမ်းကြည့်လိုက်ရာ သံစမာမာကြီးတစ်ခုအား အတိုင်းသားစမ်းမိလေသည်။ ထို့ကြောင့် ထရုံတွင် ညှပ်ထားသော ဇာဂနာကို လှမ်းဖြုတ်ယူလိုက်ကာ ဒဏ်ရာကို ဖြဲလိုက်ပြီး အထဲမှ သံစကို ဇာဂနာဖြင့် မိမိရရ ညှပ်လိုက်ပြီးနောက် အားဖြင့် ဆွဲနုတ်လိုက်လေသည်။

"အား"

နာလွန်းသောကြောင့် ရဲဘော်က အသံထွက်ပြီး အော်လိုက်လေသည်။ ထိုအချိန်တွင် ဒေါ်အောင်မေက အပြင်ဘက်သို့ နားစွင့်လိုက်ကာ. . .

"ရှုးတိုးတိုး အပြင်က လူသံကြားတယ်"

ဟုပြော၍ ထိုင်ရာမှထပြီး အိမ်အောက်သို့ ဆင်းသွားလေသည်။ မန်းထီးလှိုင်ကိုယ်တိုင် ယောကျ်ားသံတွေ လိုလို ကြားလိုက်မိသည်မို့ ရဲဘော်ကို ငြိမ်ငြိမ်နေဖို့ ခြေဟန်လက်ဟန်ပြကာ အိမ်ထရုံဘေးသို့ ခပ်ဖွဖွနင်းသွားပြီး အပြင်သို့ အသာချောင်းကြည့်လိုက်လေသည်။

"ဘုရား ဘုရား၊ ဒုက္ခတွေတော့ များတော့မယ် ထင်တယ်"

စိတ်ထဲမှ ရေရွတ်လိုက်မိခြင်းဖြစ်သည်။ နှလုံးသွေးများကလည်း ချက်ချင်းပင် တဒိန်းဒိန်းဆောင့်ခုန်သွားသည်။ သူတွေ့လိုက်ရသည်က လက်နက်ကိုင်လူ သုံးယောက်ပင်ဖြစ်သည်။ အိမ်ရှေ့တွင် ရောက်နေသော ထိုသုံးယောက်တွင် ရှေ့ဆုံးမှလူက မုတ်ဆိတ်ပါးသိုင်းမွေး ထူလပျစ်နှင့်ဖြစ်ကာ လက်ထဲမှ သေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ထားလေသည်။

သူ့နောက်တွင် ရပ်နေသော ကျန်နှစ်ဦးကမူ တစ်ယောက်က ခပ်ဝဝ၊ တစ်ယောက်ကခပ်ပုပုဖြစ်ကြပြီးသေနတ်များကို ဇော်ထမ်း ထမ်းထားကြလေသည်။ ဒေါ်အောင်မေကမူ ထိုလူသုံးယောက်နှင့် မျက်နှာချင်းဆိုင် အနေအထားတွင်ရှိနေကာ မျက်စိ မျက်နှာများ အကြီးအကျယ်ပျက်လျက် ရှိလေသည်။

မုတ်ဆိတ်ပါးသိုင်းနှင့် လူက. .

"ဒီမယ် အဒေါ်ကြီး ဒီဘက်ကို ရဲဘော်တစ်ယောက် ပြေးလာတာ မမြင်ဖူးလား"

"မ မ မမြင်မိပါဘူး မောင်တို့ရယ်၊ မမြင်မိပါဘူး"

"ဟုတ်ရဲ့လား အဒေါ်ကြီး၊ ဒီဘက်ကို ဖြတ်ပြေးသွားတာ ကျုပ်တို့ သေသေချာချာ မြင်လိုက်တယ်"

"အဒေါ်တော့ မ မမြင်လိုက်ပါဘူးကွယ်၊ တကယ်ပြောတာပါ"

ဒေါ်အောင်မေ၏ အသံများက သိသိသာသာပင် တုန်ရီလျက်ရှိလေသည်။ သူ့ခန္ဓာကိုယ်ကပါ ကြောက်စိတ်ကြောင့် တဆတ်ဆတ်တုန်နေတာတွေ့ရသည်။ မန်းထီးလှိုင်ကိုယ်တိုင် ထရုံပေါက်မှ ချောင်းကြည့်နေရင်း ဒူးတွေ တဆတ်ဆတ်တုန်လာသည်။

မုတ်ဆိတ်ပါးသိုင်းနှင့်လူကပင် အိမ်ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်လှည့်ပတ်ပြီး ကြည့်နေလေသည်။ မကြာပါ ထိုလူက အိမ်အတက်ခြေနင်းခုံပေါ်မှ သွေးကွက်တစ်ကွက်ကို တွေ့မိအောင် တွေ့သွားခဲ့လေပြီ။

"ဟော ဒီမှာသွေးကွက်ပါလား အဘွားကြီး ခင်ဗျားအိမ်မှာ ရဲဘော်ကို ဝှက်ထားတယ် မဟုတ်လား၊ မှန်မှန်ပြော စမ်း"

ပါးသိုင်းက အသံခပ်မာမာဖြင့် မေးလိုက်သည်။ သေနတ်ပြောင်းဖြင့် လည်း ဒေါ်အောင်မေ၏ ဗိုက်ကို လှမ်း ထောက်ထားလိုက်သည်။ ဒေါ်အောင် မေကား စကား မပြောနိုင်တော့ဘဲ ခေါင်းတခါခါ လက်တခါခါနှင့်သာ ငြင်း ပြနေလေသည်။ သူ့တစ်ကိုယ်လုံးလည်း နတ်ကျသလို တဆတ်ဆတ်တုန်နေ သည်။

"ကြာတယ်ကွာ အိမ်ပေါ်တက် ရှာရအောင်"

"အေး ဟုတ်တယ်၊ တွေ့လို့ကတော့ ခင်ဗျားသေပြီသာမှတ် အဘွား ကြီး"



www.burmeseclassic.com

www.burmeseclassic.com

မန်းထီးလှိုင် မျက်လုံးတွေပြာတုန်သည်။ ရဲဘော်ထံ လှမ်းကြည့်လိုက်မိသည်။ ရဲဘော်က လဲလျောင်းနေရာမှ ငုတ်တုတ်ထထိုင်လိုက်ပြီး မန်းထီးလှိုင်ကို မျက်လုံးပြူးကြီးတွေနှင့် လှမ်းကြည့်နေသည်။ သူ့ခမျာလည်း အတော်ပင်ကြောက်လန့်နေရှာသည်။

ထိုခဏတွင် မန်းထီးလှိုင် မျက်လုံးတို့က ခြင်းကြားကြီးထဲမှာ ဝပ်ကျင်းဝပ်နေသည့် ကြက်မကြီးကို လှမ်းမြင်လိုက်မိသည်။ ရုတ်တရက် အကြံတစ်ခုကို ရလိုက်ကာ လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ ထရံမှ ကြက်သွန်လှီးဓားကို ဆွဲဖြုတ်လိုက်ပြီး ကြက်မကြီးနားသို့ တိုးကပ်သွားလိုက်သည်။ ပြီးလျှင် ကြက်မကြီး၏ ကိုယ်လုံးကို ပေါင်ကြားတွင် သွင်းကာ ညှပ်ထားလိုက်သည်။ ထို့နောက် လက်တစ်ဖက်ဖြင့် ကြက်မကြီး၏ လည်ပင်းကို နာနာညှစ်လျက် ကြက်သွန်လှီးဓားဖြင့် တစ်ချက်တည်း လှီးဖြတ်လိုက်တော့သည်။ ကြက်မကြီးမှာ ချက်ချင်းပင် ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားသည်။ မည်သည့်အသံမျှ မထွက်လိုက်နိုင်ဘဲ တစ်ချက်နှစ်ချက်မျှသာ တွန့်လိုက်ပြီးနောက် ငြိမ်ကျသွားလေသည်။

ကြက်လည်ပြတ်ကြီးကို လက်တွင်ဆွဲကာ မန်းထီးလှိုင် အိမ်အပြင်သို့ လျင်မြန်စွာ ထွက်လိုက်သည်။ ကြက်လည်ချောင်းမှ သွေးတို့က လမ်းတစ်လျှောက် တတောက်တောက် ကျလာလေသည်။

"အဲ အဲဒီသွေးတွေက ကြက်သွေးတွေပါ မောင်ရှာ၊ ကျုပ် ခုပဲ ဟင်းချက်ဖို့ ကြက်သတ်ထားတာပါ၊ ဒီမှာ မောင်တို့ စားချင်ရင် ယူသွားကြလေ၊ ယူသွားပ ……။ ယူပါ ရော့ရော့"

မန်း[illegible] ပါးစပ်မှ ပြောရင်း လက်ထဲမှ ကြက်သေကိုပါပြလျက် သူတို့ကို အတင်းထိုးပေးနေလေသည်။

အိမ်ပေါ်တက်အုံ့ဆဲဆဲ ပါးသိုင်းက သူ့နောက်မှလူကို လှမ်းကြည့်လိုက်သည်။ ထိုလူက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ထိုအခါ ပါးသိုင်း၏ မျက်နှာက တဖြည်းဖြည်း ပြုံးယောင်သန်းလာခဲ့ပြီးနောက် မန်းထီးလှိုင် လက်ထဲမှ ကြက်ကို ဆတ်ခနဲ ဆွဲယူလိုက်လေသည်။

"ဒါဖြင့်လဲ ပေးဗျာ၊ ကျုပ်တို့ ညစာရတာပေါ့။ သွားကြမယ်ဟေ့၊ ဟိုဘက်တောစပ်ကနေ ပတ်ပြီး ရှင်းရအောင်"

ကြက်ကို လက်တစ်ဖက်ဖြင့် ဇောက်ထိုးဆွဲပြီး အခြားလက်တစ်ဖက်ဖြင့် သေနတ်ကို ကိုင်ကာ ပါးသိုင်းက ရှေ့မှထွက်လေသည်။ သူ့လူနှစ်ယောက်က နောက်မှ ငိုက်စိုက် ငိုက်စိုက်နှင့် လိုက်ပါသွားလေသည်။

မန်းထီးလှိုင်က ထိုအချိန်ထိ မျက်လုံးကြီးပြူးကာ အသက်ရှူဖို့မေ့နေသည်။ ဒေါ်အောင်မေကတော့ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ရင်တုန်ပန်းတုန်ဖြစ်နေဆဲ။

နေဝင်ပြီး မှောင်စပျိုးချိန်ရောက်သည်နှင့် ရဲဘော်ကို လှည်းပေါ်တင်ပြီး အပေါ်မှ နွားစာမြက်ထုံးများတင်ကာ သူတို့လင်မယား နောင်ဘိုစခန်းသို့ လှည်းမောင်းထွက်လာခဲ့ကြသည်။ စခန်းရောက်သော် အကျိုးအကြောင်းပြောပြကာ ရဲဘော်ကို အပ်သည်။ စခန်းမှူးက အုံ့အားလည်းသင့်၊ ကျေးဇူးလည်းတင်မဆုံးဖြစ်ကာ ပြီးခဲ့သော တိုက်ပွဲအကြောင်းကို သူတို့အား ရှင်းပြလိုက်လေသည်။ ကာယကံရှင် ရဲဘော်ကမူ သူ့ အသက်သခင် ကျေးဇူးရှင်များကို အကြိမ်ကြိမ် ကျေးဇူးစကားဆိုရုံမျှမက ထိုင်၍ပင် ကန်တော့ရှာလေသည်။

✿

အတွေးစဆုံးသွားသည်နှင့် မန်းထီးလှိုင်က သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်မိသည်။ မနှစ်က ထိုအဖြစ်အပျက်အကြောင်းကို တွေးမိလေတိုင်း ထိုရဲဘော်ကတော့ မည်သို့နေလေမည် မသိ။ မိမိကတော့ ယခုတိုင် အသည်းတလှပ်လှပ်၊ ရင်တဖိုဖို ဖြစ်နေရဆဲပါပေ။ ထိုစဉ်က မိမိကပဲ အကြံကောင်းသွား၍လား၊ ရဲဘော်ကပင် သေကံမရောက်သေး၍လားမသိ၊ မိမိအိမ်ပေါ်တွင် သွေးသံရဲရဲနှင့် လူသတ်ပွဲကြီး ဖြစ်ပွားတော့မည့် အခြေအနေမှ လက်မတင်လေး ကပ်လွဲသွားခဲ့ရသည်။ ထိုအဖြစ်ကို မန်းထီးလှိုင် တော်တော်နှင့် မေ့မရနိုင်ခဲ့ပါပေ။ တစ်ခုတော့ ထူးဆန်းလှပါသည်။ ပါဏာတိပါတကံကို ဘဝတစ်လျှောက်လုံး တတ်အားသရွေ့ ထိန်းသိမ်းခဲ့လေသော မိမိက ကြက်မကြီးတစ်ကောင်၏ လည်ပင်းကို လက်ရဲရဲဖြင့် လှီးဖြတ်ရက်ခဲ့သည်။ ဤသည်မှာ လူသားတစ်ယောက်အသက်ရှင်ရေးအတွက်ကြက်မကြီးက သူ့အသက်ကို အချိန်ကိုက် စတေးလိုက်ရခြင်းပေလော။

သို့တည်းမဟုတ် ဘဝ အဆက်ဆက်က ဝဋ်ကြွေးတို့ကြောင့်ပင် မိမိ ကြက်မကြီးနှင့် ထိုရဲဘော်တို့က တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ တွေ့ဆုံကြုံကြိုက်မိကြပြီး သကာလ ထိုကဲ့သို့ ဆန်းကြယ်လှစွာ ဖန်တီးဖြစ်ပျက်သွားခဲ့ရခြင်းပေလော။ သတ္တဝါတစ်ခု ကံတစ်ခုဟု ဘုရားဟောခဲ့သည်မှာ သွေးထွက်အောင်မှန်လှပေသည်တကားဟု မန်းထီးလှိုင်က ဘဝင်ကျနေမိလေသည်။

ထိုအချိန်၌ သူအတွေးလွန်နေစဉ် ဘယ်အချိန်ကတည်းက စပါးခင်းထဲရောက်နေမှန်းမသိသော စာတစ်အုပ်က ကျလိ ကျလိနှင့် အသံပြုကာ တစ်ပင်မှ တစ်ပင်ကူးလျက် ကောင်းကောင်းကြီးမွဲတော်တည်နေကြသည်ကို မြင်လိုက်ရသည်တွင် မန်းထီးလှိုင်တစ်ယောက် မျက်လုံးပြူးသွားရပြီး သူ့လက်က သံပုံးကို အလိုလို ကောက်ကိုင်မိလျက်သား ဖြစ်သွားလေသည်။

"ဟေး ဟေး ဟေး ဟေး"

"ရှွေး ရှွေး ရှွေး ရှွေး"

"ဖြန်း ဖြန်း"

❒ ရဲမြတ်တင်





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com



မိုးဦးရာသီဆိုပေမယ့် ဒီနှစ်က
...တိုင်းတွေ တစ်ခုပြီးတစ်ခု ဖြစ်နေလို့
... နေ့တိုင်း သဲသဲမဲမဲရွာနေသည်။

ရွာထဲ လမ်းကြုံလိုက်ချင်လို့
...နေကတည်းက စောင့်နေတာတောင်
...မပြောနဲ့ ဆိုင်ကယ်တစ်စီးတောင်
...သွားဖြတ်လာမရှိတဲ့ လမ်းမကြီးကို
...ည့်ပြီး မြလေးငုံ စိတ်ပျက်မိ၏။
...တိုယ်လုံး မိုးတွေရွဲပြီး ချမ်းနေတာ
...ကြောင့် ဇရပ်ထဲဝင်ထိုင်နေလိုက်စဉ်
...တ်တွေကြားမှာ ကားမီးရောင်လို
...လင်းကို ခပ်ရေးရေးမြင်လိုက်ရသည်။

ဝမ်းသာလိုက်တာ။ ဒီကားကို
...စ်မနေတားပြီး လိုက်မှ ဖြစ်မည်။ ရွာ
...မှာ ထွေးတစ်ယောက် စိတ်ပူပြီး မျှော်
...မှာ သေချာသည်။ အာလူးအိတ်တွေ
...င်လာတဲ့ ကုန်တင်ကားကြီးရှေ့မှာ
...တ်ရပ်ပြီး တားတဲ့ မြလေးငုံကို မြင်
...တ်တာနဲ့ ချက်ချင်းရပ်ပေးသည်။

"ဆရာမ ဘယ်သွားမလို့လဲ"

"ရှေ့နားက ရွာကို ကားကြုံလိုက်
...င်လို့ပါ"

ရေစိုနေတဲ့ ကျောင်းဝတ်စုံ
...အောက်က ကိုယ်လုံးလှလှ ဖြူဖြူ ချော
...မှာ ဆရာမလေးမြလေးငုံကို ဝမ်းသာ
...အားရနဲ့ ကားပေါ်တင်ခေါ်ခဲ့သည်။

ညက မှောင်မှောင် ကားကြုံ
...တ်စီးတဲ့ ဆရာမချောလေးကို မကြုံ
...ဖူးသော ယုတ်မာသောအကြံနဲ့ ကား
...သားရော သူ့အဖော်နှစ်ယောက်က
...တော် ဝေးဝေးနေရာအရောက်မှာ
...ကားကို လမ်းဘေးထိုးရပ်ကြသည်။

ကားနောက်ခန်းထဲကို ရောက်
...တဲ့ လူနှစ်ယောက်က မြလေးငုံကို
...ကားပေါ်မှ ဆွဲချကြသည်။

www.burmeseclassic.com
[illegible]

ထိုလူ၏ ထိတ်လန့်တကြား
အော်သံကြောင့် ကျန်နှစ်ယောက်လုံး
သတိထားကြည့်မိပြီး ကားပေါ်မှ ပြိုင်
တူခုန်ဆင်းပြေးကြသည်။

မိုးသံ လေသံနဲ့အတူ လူသုံး
ယောက်ရဲ့ အော်သံက စူးစူးဝါးဝါး
ဖောက်ထွက်လာ၏။

ဘာအကြောင်းကြောင့် ပြေးကြ
အော်ကြမှန်း မသိလို့ သူတို့နောက်ကို
ပြေးလိုက်ခဲ့သည်။

"ကယ်ကြပါဦးဗျ၊ ကျွန်တော်တို့
ကို ကယ်ကြပါဦး"

"လိုက်လာပြီကွ၊ ပြေးကြ၊ လွတ်
အောင်ပြေးကြ"

"ဘာဖြစ်ကြတာလဲ"

ဟု မြလေး လိုက်မေးပေမယ့်
ကားလမ်းပေါ်ရောက်တော့ သုံးယောက်
လုံး မှေးမှောသွားကြသည်။

အကြာကြီးနေမှ ကားကြုံလိုက်
စီးခွင့်ရလို့ ပျော်ခဲ့ပေမယ့် ခရီးဆုံးထိ
မရောက်ခဲ့ပြန်ဘူး။ ရွာထဲက သိတဲ့ ဆိုင်
ကယ်၊ စက်ဘီးတွေကလည်း တင်ခေါ်ဖို့
မပြောနဲ့ သူမ စကားပြောတာတောင်
မမြင်ချင် မသိချင်ယောင်ဆောင်သွား
တာက အခံရအခက်ဆုံးပါပဲ။

ဒီဇရပ်မှာ လမ်းကြုံလိုက်ဖို့
လူစီမ်းတွေ တားတော့လည်း အကြောင်း
အမျိုးမျိုးနဲ့ ထားခဲ့ကြတယ်။ နောက်နေ့
တွေမှာလည်း ဒီလိုပဲ ဇရပ်မှာ စောင့်ရ
ဦးမှာပေါ့။

ထွေးရေ မင်းကလည်း ရွာထဲက
ထွက်မလာသလို မြလေးကလည်း လာ
လို့မရနဲ့ - တို့နှစ်ယောက်သား ဘယ်
လောက်များကြာအောင် ဝေးနေရဦး
မှာလဲကွယ်။

✿

မထင်မှတ်စွာ လမ်းတွေက ပျက်
စီးနေပြီး ကားကလည်း ပစ္စည်းအပြည့်
ဖြစ်နေ၏။ စိတ်ရှိသလောက် မမောင်းရဲ
သော ဦးလေးဘေးမှာ ငြိမ်သက်စွာထိုင်
ရင်း လမ်းဘေးက ကျွန်းပင်မြင့်မြင့်ကြီး
တွေကို မော့ကြည့်ဖြစ်၏။ အနောက်
ဘက်ဆီက မိုးသားမဲမဲတွေ တရွေ့ရွေ့
လေနှင့်အတူ လွင့်ပါလာတာ နေရောင်
ပင် မမြင်ရတော့။ သဲသဲမဲမဲ ထပ်ရွာ
ဦးမည် ထင်၏။

ရွာကို အချိန်မီရောက်ပါ့မလား
တွေးပူနေသော စိတ်က အလင်းရောင်
မသဲမကွဲအချိန်မှာ ရွာထိပ်ကားဝင်မှ
သက်ပြင်းချဖြစ်သည်။

"ဒီထက်မှောင်ရင် ပြန်တော့မလို့
ဗျ၊ မလာတော့ဘူး ထင်နေတာ၊ မိုး
သိပ်သည်းရင် ရွာထဲဝင်ရခက်တယ်"

"လမ်းတွေက အရင်နှစ်လာတုန်း
ကထက် ပိုဆိုးနေတာပဲကွာ၊ ဒီအချိန်
ရောက်တာ ကံကောင်းတယ်"

ရွာထိပ်မှာ စောင့်နေသူတွေက
လေးငါးယောက်လောက် မနိုင်ဝန်ထမ်း
လာရှာသော ကားလေး ရွာထဲအဝင်
ခက်မှာ စိုးရိမ်စွာ နိုင်သလောက်ဆွဲချ
ထမ်းကာ ရှေ့မှ ထွက်သွားကြသည်။

သူတို့ကား မလှမ်းမကမ်းမှာ
ကားစောင့် ဇရပ်ကလေးက တိတ်ဆိတ်
ငြိမ်သက်နေ၏။

ဇရပ်ထဲက ခုံရှည်လေးမှာ လူရိပ်
တစ်ခုတွေ့တာကြောင့် သူ့ကားနောက်
မှာ ရပ်နေရာမှ ဇရပ်လေးရှိရာ လျှောက်
လာခဲ့သည်။

"ရွာထဲဝင်မှာလားရှင်"

"ဩော် ဟုတ်ကဲ့ ဘုရားတည်ဖို့
ပစ္စည်းတွေ လာပို့တာပါ၊ လူကြုံ လိုက်
မလို့လား"

အသံလေးကလည်း ကြည်
ကျောင်းဝတ်စုံလေးနဲ့ ဆရာမက ခြင်း
တောင်းဘေးမှာ ထိုင်ရင်း သူ့ကို လှမ်း
မေးလိုက်ခြင်းကို သူ့ စိတ်ရှည်စွာ ပြန်
ဖြေဖြစ်၏။

"ဒါဆို ရွာထဲက တစ်ယောက်
ယောက်နဲ့ ပြောပေးခိုင်းပါရှင်၊ ကိုထွေး
အောင်ကို မမှောင်ခင် ဇရပ်ကို လာခဲ့ပါ
ကျွန်မ စောင့်နေတယ်လို့"

"ကိုထွေးအောင် ဟုတ် ဟုတ်ကဲ့၊
ဆက်ဆက် ပြောပေးခိုင်းပါမယ် ခင်ဗျာ"





www.burmeseclassic.com

www.burmeseclassic.com

အတော်မှောင်နေပြီ။ မြို့ဘက် ပြန်ဖို့ ကားစောင့်နေတာ တော်တော်နှင့် ရပ့်မလား မိန်းကလေးတစ်ယောက်တည်း စောင့်နေတာ သတ္တိတော့ရှိသားပဲ။

"သားကြီးရေ တက်တော့ . . . ဒီလောက်ဆို ရွာထဲ ဝင်လို့ရပြီ၊ ကားလဲ ခုမှပဲ ပေါ့ပေါ့ပါးပါး မောင်းရတော့မယ်"

လှည်းလမ်းကြောင်း နွားခြေရာလမ်းက ဗွက်စသည်တို့ကြောင့် ကားက ပေါ့သွားပေမယ့် ခုန်လိုက်ပေါက်လိုက်နှင့် ရွာထဲရောက်ချိန်က ၇ နာရီခွဲနေပြီ။

တစ်လမ်းလုံး ငြိမ်းလာတာကြောင့် မိုးအေးနေပေမယ့် တွင်းရေတဝကြီး ချိုးလိုက်မှ လန်းသွားသည်။

ထမင်းပွဲ အဆင်သင့် ပြင်ထားသောစားပွဲရှေ့မှာ တစ်ယောက် တစ်မျိုးပြောတာ နားထောင်ရင်း ဇရပ်က မှာလိုက်သောစကားကို ပြောဖို့ ကြိုးစားပေမယ့် ဘယ်လို မေ့သွားမိမှန်းမသိ အိပ်ပျော်သွား၏။

မိုးလင်း အိပ်ရာနိုးလို့ လက်ဖက်ဝိုင်းမှာ အိမ်ရှင်အမျိုးသမီးကြီးက သူတို့ညဘက်မှောင်နေတော့ ရွာအဝင်မှာ ဘာထူးသေးလဲ မေးမှ ဆရာမလေးအမှာစကား သတိရသည်။

"ဟာ ဇရပ်က မှာလိုက်တာ မေ့သွားတယ်၊ အားနာစရာကောင်းလိုက်တာ"

"ဘာလဲ ကိုထွေးအောင်ကို စောင့်နေတယ်လို့ ပြောတဲ့ ဆရာမလေးနဲ့ တွေ့လိုက်သလား မြို့သားလေးရဲ့"

"ဗျာ အဒေါ် ဘယ်လိုသိလဲ . . နောက်တစ်ယောက် မှာလိုက်လို့လား"

"နောက်တစ်ယောက် မမှာပါဘူးကွယ်၊ သူက ဒီရွာက လူတွေကို မမှာရဲဘူး၊ တစိမ်းတစ်ယောက်လာမှ မှာတာကွယ့်"

"ဒါဆို ကျွန်တော်မေ့လို့ မပြောမိတာ အားနာလိုက်တာဗျာ"

"အမယ်လေး မေ့သွားတာ ကောင်းတာပေါ့၊ သတိရလို့ ရွာတောင်စွန်းက ထွေးအောင်အမေကို သွားပြောမိမှ ပိုဆိုးကုန်မယ်၊ ဒေါ်ထားစိန်က သူ့သား ဆုံးပြီးတည်းက ကြောင်တောင်တောင်လျှောက်ပြောပြီး ညနေစောင်းတိုင်း ထန်းညီနောင် ဘုရားပျက်မှာ သွားငိုနေရှာတာ"

ဒီအကြောင်းတွေကို မသိလို့ ညမှောင်ထဲမှာ ကိုထွေးအောင် အလာတစ်ယောက်တည်း စောင့်နေရှာသော ဆရာမလေးကို သနားမိသည်။

ထိုအခိုက် လေးဆယ်ကျော်အမျိုးသမီးကြီးတစ်ဦး အိမ်ပေါ်ထိ အလန့်တကြား ပြေးတက်လာသည်။

"ကြီးမေရေ ကြီးမေ မနက်စောစောစီးစီး ကြောက်စရာသတင်းတစ်ခုကြားလာရပြန်ပြီ"

"ဟဲ့ ဘာလဲ နင်မပြောခင် လန့်နေပြီ"

"ဒီလို . . ."

အားရပါးရ ပြောမယ်ပြင်ပြီးမှ သူ့ကို မြင်တာကြောင့် စကားစ ရပ်သွားသည်။

"သြော် ဒါဘုရားတည်ဖို့ ပစ္စည်းလာပို့တဲ့ ဧည့်သည်လေ၊ ညက ဆရာမလေးနဲ့ တွေ့ခဲ့သေးတယ်တဲ့"

"ဟုတ်လား၊ မင်း သေချာမြင်ခဲ့တယ်ပေါ့၊ ဘယ်လို ပုံစံမျိုးလဲဟင်"

"ဟို . . ."

"ဘယ်တုံးက တွေ့တာလဲ သားကြီးရဲ့၊ ဦးလေးတောင် မသိပါလား"

"လူတိုင်း တွေ့ချင်လို့ မတွေ့ဘူး ဦးလေးရဲ့၊ တစ်နေ့က ဇရပ်အလွန်နားမှာ လူသုံးယောက် ပြေးလွှားရင်း လဲကွဲဒဏ်ရာတွေနဲ့ မေ့နေလို့ ဆေးရုံပို့လိုက်ရတယ်၊ နှစ်ယောက်က ကြောင်တောင်တောင်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ သွေးအန်ပြီး ဆုံးသွားတယ်တဲ့လေ"

"အဲဒါ ဆရာမလေးကြောင့်လို့ ဘယ်သူက ပြောလဲ"

သာဦးမောင် စိတ်ဆိုးဆိုးနဲ့ ဝင်ပြောမိလိုက်သည်။ သူတို့စကား အသွားအလာက ဆရာမလေးကို သရဲ တစ္ဆေလို့ ပြောချင်တာလား။

တကယ်သေသွားတာက သူမစောင့်နေတဲ့ ကိုထွေးအောင် မဟုတ်ဘူးလားလို့ ထပ်မေးချင်တာ အောင့်ထားရသည်။

"အမယ်လေး သူမဟုတ်လို့ ဘယ်သူဖြစ်မလဲ၊ တစ်လောက မင်းတို့ရွာကို ပစ္စည်းလာပို့တဲ့ ဧည့်သည်ကိုလူကြုံမှာလိုက်တာ မပြောလို့ဆိုပြီး တစ်ညလုံး ခဲတွေနဲ့ ပစ်တော့တာပဲ"

"ဟုတ်လား"

"ဒီအကြောင်းတွေ မပြောချင်ပေမယ့် ဦးလေးတို့ကိုတော့ ပြောပြပါမယ်ရှင်"

✿

ဒီတစ်ခါ ကျောင်းပြောင်းရမယ့် မြိုင်သာယာရွာကို ဘယ်လိုသွားရမှန်းမြလေး မသိဖြစ်နေချိန်မှာ ဇရပ်ရှေ့က ဖြတ်သွားတဲ့ ထော်လာဂျီကို တားလိုက်သည်။

ထွေးအောင် မောင်းတဲ့ ထော်လာဂျီမှာ လမ်းကြုံ လိုက်လာသည် ဖြူဖြူသွယ်သွယ်နှင့် ဆရာမလေးက ထွေးအောင်ကို မြင်မြင်ချင်း ခင်မင်သလို ဘွဲ့ရသည်အထိ အဖေ အမေနှင့် ရွာကျောင်းက ဆရာတော်ကလွဲရင် ဘယ်သူမှ သံယောဇဉ်မထားခဲ့တဲ့ ထွေးအောင် ရင်ထဲမှာလည်း ဆရာမလေးကို ချစ်ခင်စွဲလမ်းသွားမိတော့သည်။

တွေ့တာ မကြာပေမယ့် တစ်ဦးကို တစ်ဦး သိပ်ချစ်ကြတဲ့ သူတို့နှစ်ဦးကတော့ ညနေစောင်းတိုင်း ထန်းညီနောင် ဘုရားကို သွားသည်။

ကျောင်းပိတ်ရက်တွေဆို မြလေးငုံက မြို့မပြန်တာကြောင့် ကြာကန်နားလေ့စီးကြ ရွာလမ်းရှည်မှာ စက်ဘီးစီးရင်း အချစ်ကြောင့် အရာရာ ပျော်စရာကောင်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com

အတားအဆီး အနှောင့်အယှက်
င်းတယ်လို့ ယူဆထားတဲ့ သူတို့ ချစ်
ခြင်းတွေက ဒေါ်ထားစိန် သိပြီးတဲ့
နောက်မှာတော့. . .

"အမယ်လေး အမေ့သားလေး
က ချစ်သူတွေထားပြီး မိန်းမ ယူမလို့
သား မဖြစ်နိုင်တာ မလုပ်ချင်ပါနဲ့ကွယ်၊
သက်န်းဆီးပြီး သာသနာ့ဘောင် ဝင်ခိုင်း
ယ်ဆိုတဲ့ ကတိတွေ မတည်ရင် ဒုက္ခ
ရောက်ကုန်လိမ့်မယ်"

"အမေရယ် သားက မြလေးကို
ဒီလို အယူအဆဟောင်းတွေကြောင့်
တော့ မခွဲနိုင်ဘူး မစွန့်လွှတ်နိုင်ဘူး"

အချစ်စွမ်းအားတွေက တစ်ခါမှ
ငြင်းဆန်ဖူးတဲ့ အမေ့ဆန္ဒတွေကို ဘူးခံ
ငြင်းရင်း မျက်ရည်တွေနဲ့ တောင်းပန်
နေတဲ့ အမေ့ကို ကျောခိုင်းပြီး အခန်းထဲ
င်လာခဲ့သည်။

အဲဒီညမှာပဲ အမေ့စကားကို
ယုံမ်းလို့ပဲလား ထူးဆန်းတဲ့ အိပ်မက်ကို
တ်ခဲ့သည်။

"ထွေးအောင် မင်း ဘာလို့ အိမ်
ထောင်ပြုချင်ရတာလဲ၊ ရှေ့ဆက်တိုးရင်
တော့ ဒုက္ခရောက်မယ်၊ မင်း အမေ
ကားအတိုင်း သင်္ကန်းဝတ်နဲ့ သာသနာ
ပြုရင် မင်းရော မင်းကောင်မလေးပါ
ခွင့်လွှတ်ပေးမယ်၊ လူ့ဘဝမှာ သားသမီး
တွေနဲ့ ပျော်ရွှင်နေရင် အားလုံးရှုပ်ကုန်
လိမ့်မယ်ကွယ်"

အနားမှာ လာပြောသလို သေ
ချာကြားခဲ့တဲ့ စကားတွေက ထွေး
အောင် နားထဲက မထွက်။ အမေ့ကို
ပြောရဲပေမယ့် အဖေ့ကို ပြောပြ
တော့. . .

"ဒီလိုဆိုရင်တော့ သားအမေ
ကားတွေက မမှားနိုင်ဘူး ထင်တယ်၊
သေချာစဉ်းစားပါကွာ" ဟု နှစ်သိမ့်ရှာ
သည်။

မြလေးကို ပြောပြတော့ ခေတ်
ငယ်တွေမို့ ဒီလိုအကြောင်းတွေကို
အယုံအကြည်မရှိခဲ့ဘူး။ စွဲလမ်းမှုကြောင့်
တ်တဲ့ အိပ်မက်တဲ့လေ။

တကယ်တမ်းချစ်မိလို့ ကြီးမား
တဲ့ အပြစ်ပေးမယ်ဆိုရင်လည်း ကျေနပ်
စွာခံယူဖို့ သူတို့နှစ်ဦးစလုံး အဆင်သင့်
ပါပဲတဲ့။ မြလေးရဲ့ သစ္စာ၊ မြလေးရဲ့
အချစ်တွေကြောင့် ထွေးအောင် စွန့်စား
ရဲလာသည်။ အသက်ရှင်လျက် ဝေးရ
တာ လွမ်းရတာ မခံနိုင်တော့ဘူးလေ။

ဒါကြောင့် ညနေစောင်းနေဝင်
ချိန်လောက် ဇရပ်မှာဆုံဖို့ မြလေးက
အရင်စောင့်နေသည်။ သူတို့အတွက်
ဒီရွာက အမြန်ဆုံးထွက်ပြီး မြို့ရောက်
ရင် တရားရုံးမှာ နှစ်ဦးသဘောတူ
လက်မှတ်ထိုးဖို့ စီစဉ်ထားသည်။

အဲဒီနေ့ညနေက ထူးထူးခြား
ခြား မိုးက သဲသဲမဲမဲ ရွာလာသည်။
နှစ်ယောက်လုံး မိုးရေတွေ စိုရွှဲနေပေ
မယ့် နောက်ပြန်လှည့်ဖို့ စိတ်မကူးတော့
တာကြောင့် ကားအလာကိုသာ ဇွဲရှိရှိ
စောင့်နေကြသည်။

"မြလေး ချမ်းနေမယ်၊ ဇရပ်ထဲ
ဝင်နေလေ"

"ရပါတယ် ဇရပ်မှာထိုင်နေရင်
ကားတွေ မမြင်ဘဲ လွတ်သွားလိမ့်မယ်"

မိုးစိုလို့ ခိုက်ခိုက်တုန်အောင်
ချမ်းနေတာကို ရင်ဆိုင်ရင်း ကားတစ်စီး
လောက် မြန်မြန်လာပါစေလို့ ဆု
တောင်းရတာ အမော. . .။

တကယ်တမ်း ရောက်လာသော
ကုန်တင်ကားကြီးက အဆင်းကလည်း
ဖြစ် မိုးကလည်းရွာ၊ ဘရိတ်ပေါက်ကာ
ဇရပ်လေးရှေ့မှာ ရပ်နေတဲ့ သူတို့နှစ်ဦး
ထံ ခေါင်းထိုးဝင်လာသည်။

မထင်မှတ်ဘဲ ကြောက်လန့်စရာ
အသံကြီးနဲ့အတူ အရှိန်ပြင်းပြင်း ရောက်
လာတာမို့ ရှောင်ချိန်မရခဲ့ တစ်ဦးကို
တစ်ဦး ထိတ်လန့် တကြားအော်သံတွေ
က မိုးသံကို ထိုးဖောက်သွားခဲ့ပြီ။

ညမှောင်တဲ့အထိ ပြန်ရောက်
မလာတဲ့ ထွေးအောင်နောက်ကို ဒေါ်
ထားစိန်နဲ့အတူ ရွာသားတွေ လိုက်ရှာ
ကြသည်။ ဇရပ်လေးရှေ့က အသက်မရှိ
တော့တဲ့ ထွေးအောင်နဲ့ သွေးအိုင်ထဲမှာ

သတိမေ့မြောနေတဲ့ မြလေးငုံ၊ ပြီးတော့
ဆေးရုံကားကို ဖုန်းဆက်ခေါ်နေတဲ့
ကုန်တင်ကားသမားနဲ့ လူတချို့။

မိုးတွေ လေတွေ သည်းထန်
နေပေမယ့် ဆေးရုံကားလာသည်နှင့်
မြလေးငုံကို ဆေးရုံသို့ ပို့ပေးကြသည်။
တစ်ရွာလုံးက လိုက်ဖက်ညီတဲ့ စုံတွဲလေး
မို့ ဒီလိုအဖြစ်ဆိုးကို မကြည့်ရက်နိုင်
အောင် ဖြစ်ရသည်။

"ကျွန်မသားလေးကို ပြန်မခေါ်
သွားကြပါနဲ့၊ သင်္ကန်းဝတ်နဲ့ သာသနာ
ပြုနိုင်အောင် ထားခဲ့ကြပါဦး"

သွေးထွက်ဒဏ်ရာ ဘာမှမရှိ။
ပကတိအိပ်ပျော်နေသူ တစ်ယောက်လို
သက်မဲ့ ရုပ်အလောင်းဖြစ်တဲ့ ထွေး
အောင်ကို ဖက်ကာ အရူးတစ်ယောက်
လို လူးလိမ့်ငိုနေသည့် ဒေါ်ထားစိန်ကို
ဝိုင်းဆွဲပြီး သနားကြသည်။

ထိုနည်းတူ ထွေးအောင်ကို ရှာ
မယ် သူစောင့်နေမယ်ဆိုသော ဆရာမ
လေးကလည်း အတွင်းပိုင်း ဒဏ်ရာတွေ
ကြောင့် ဆေးရုံမှာ သေဆုံးခဲ့သည်။
ဒီအဖြစ်တွေဖြစ်ပြီး မကြာခင် ဇရပ်မှာ
ဆရာမလေး မြလေးငုံက ကားတွေ
ဆိုင်ကယ်တွေရှေ့က မကြာခဏ ထွက်
တားတယ်တဲ့။

ကားရပ်ပေးလိုက်တာနှင့် ဘာမှ
မတွေ့ရတော့၊ ဒီအကြောင်းတွေသိတဲ့
သူတွေက ရပ်မပေးဘဲ ထွက်ပြေးကြ
သည်။ ညနေမှောင်လျှင် ယာအပြန်
နွားလှည်းမောင်းလာသူတွေကိုတောင်
အလွှတ်မပေးတော့ဘူး။

အရင်က ရွာကနေ မြို့ကို ကိစ္စ
ရှိလျှင် အချိန်မရွေး သွားလာတတ်တဲ့
ကာလသား လူငယ်တွေတောင် အသွား
အလာကျဲကုန်ပြီ။

မျှော်လင့်ချက် စွဲလန်းချစ်ခင်မှု
တွေကြောင့် ခုချိန်ထိ ကားလမ်းဘေး
က ဇရပ်လေးမှာ မြလေးငုံဆိုတဲ့ ဆရာ
မလေးက ထွေးအောင်ကို စောင့်လျက်
ရှိနေဆဲပါပဲ။

✿





www.burmeseclassic.com

www.burmeseclassic.com

"ကြီးမေရေ ဒီနေ့နော် ခဏနေလာခဲ့"

မနေ့က လာတဲ့ အမျိုးသမီး အသံကြောင့် သာဦးမောင် ကားရေဆေးနေရာမှ ခေါင်းထောင်ကြည့်မိသည်။ ဘာပြောသွားမှန်း သာဦးမောင် မသိပေမယ့် အိမ်ရှင် အဒေါ်ကြီးကတော့ ခေါင်းညိတ်ပြလိုက်သည်။ စပ်စုတတ်တယ်လို့ ထင်မှာစိုးပေမယ့် ဘာလဲဆိုတာ သိချင်စိတ်ကြောင့်. . .

"ဘယ်သွားမလို့ဟင်"

"ဪ မနေ့က ပြောတဲ့ ဆရာမလေးအတွက် ရွာက ဆရာတော်ကိုယ်တိုင် လမ်းဆုံ လမ်းခွနဲ့ သူသွားတတ်တဲ့ နေရာတွေမှာ ပရိတ်ရွတ် အမျှဝေကုသိုလ်လုပ်ပေးမလို့၊ သူ့လဲ သနားစရာကောင်းတယ်၊ ရွာလဲ အဆက်အသွယ်တွေ ပြတ်တော့မယ်လေ"

"ဟုတ်လား၊ ကျွန်တော်လဲ သင်္ကန်း တစ်စုံဝယ်ပြီး အလှူထည့်ပေးမယ်"

ဆရာတော်ရဲ့ အစီအစဉ်က ရွာက လူတွေနဲ့ ဘုန်းကြီးတွေကို ထန်းညီနောင်ဘုရား၊ ကြာကန်၊ ရွာလမ်းမှာ ပရိတ်ရွတ် တရားနာခိုင်းသည်။

လှူခဲ့ပြီး အမျှဝေနေချိန် ဆရာမလေး မြလေးငုံ တခြားနေရာ ရောက်နေပြီး သာဓု မခေါ်နိုင်မှာစိုးလို့ဟု သိရသည်။ အဓိကနေရာဖြစ်တဲ့ ဇရပ်မှာတော့ ဆရာတော်ကိုယ်တိုင် ပရိတ်ရွတ် တရားနာပြီးသောအခါ. . .

"ဒကာမလေး မြလေးငုံ ဒီရွာမှာ စာသင်တာ အားလုံးက နှစ်သက်ကြတယ်၊ ဆရာမကိုလဲ ချစ်ကြပါတယ်၊ ဒါပေမယ့် ခုချိန်မှာ ဆရာမနဲ့ ဒီရွာက လူတွေက ဘဝတွေ ခြားခဲ့ပါပြီ။

ဆရာမလေး စွဲလမ်းနေတဲ့ ဒကာထွေးအောင်လဲ မရှိတော့ပါဘူး၊ ဒါကြောင့် ဒီနေရာ ဒီရွာမှာ မနေပါနဲ့တော့၊ ဆရာမကြောင့် ရွာက လူတွေလဲ ကြောက်လန့်နေကြရတယ်၊ ချစ်တဲ့သူနဲ့ ဝေးပြီး ဒီလို အဖြစ်ဆိုးမျိုးနဲ့ ဘဝဆက်တိုင်း မကြုံရအောင် အခုဝေမယ့် အမျှကို သာဓုခေါ်ပါ"

ဆရာတော် စကားဆုံးတာနဲ့ ဇရပ်ခေါင်မိုးပေါ်ကို ဗုန်းခနဲ အသံကြားလိုက်ရသည်။ တရားနာနေတဲ့ လူတွေ ထိတ်လန့်သွားတာကြောင့် ဆရာတော်က လက်ကာပြပြီး. . .

"မကြောက်ကြပါနဲ့ ဆရာမလေးက သူရှိကြောင်း ပြတာပါ၊ ကဲ ဒကာမလေး မြလေးငုံ သာဓုခေါ်ပြီး ကောင်းရာဘဝကို သွားတော့၊ ဒီမှာ ရှိသမျှ လူတွေ အားလုံးက အမျှဝေမယ်၊ ကဲ ကဲ အမျှဝေလိုက်ကြပါကွယ်"

ဇရပ်ထဲမှာရှိသော လူအားလုံး စိတ်မကောင်းခြင်းများစွာနဲ့ အမျှဝေလိုက်ကြသည်။

ထွေးအောင် အမေကလည်း အသံထွက်အောင် ငိုရှာသည်။ သားလည်းမရှိတော့ သူ့ကို ချစ်ပြီး စောင့်နေရှာတဲ့ ဆရာမလေးလည်း သံသရာခရီးရှည်ကြီးကို ထွက်သွားပြီလေ။

သနားညှာတာစွာနဲ့ ဘဝတစ်ခုမှာ သူတို့နှစ်ဦး တွေ့ဆုံခွင့်ရခဲ့ရင် ချစ်ခင်ပေါင်းသင်းနိုင်ပါစေလို့ ဆုတောင်းပေးကြသည်။ ညနေမစောင်းခင် ရွာက လူတွေကို နှုတ်ဆက်ပြီး သာဦးမောင်တို့ ပြန်လာခဲ့သည်။

ဇရပ်လေးရှေ့မှာ ခဏရပ်ပြီး ဆရာတော်စကားအတိုင်း သူလည်း နှုတ်ဆက်စကား ပြောဖြစ်သည်။

"စောင့်နေရစ်သူ မြလေးငုံရေ ကောင်းသောဘဝကို ရှေ့ဆက်လျှောက်လှမ်းပါ"

❒ ထိုက်သဇင်

"မာန်မလုပ်ချင်ဘူး၊
မာန်လုပ်လျှင်
လွယ်သည်သာ၊
ငယ်မည်မှာ နကိုသတ်ရုံ...
နေရပ်မန်ရွှေလည်တဲ့၊
မာန်နှစ်လီ မာန်စုံကွန့်၊
ဖူးအညွန့် ခေါင်ကတင်"

ဆရာတော်ကြီးသည် ဤ...
ပထမပိုဒ်၌ ငယ်နာမည် "မာ" ကို ...
ငယ်သတ်လိုက်လျှင် "မာန်"ဖြစ်သည်...
ရေးသားတော်မူခဲ့၍ ဆရာတော်ကြီး...
ငယ်မည်မှာ (ဦးမာ) ဖြစ်ကြောင်း ...
ပါသည်။

ဆရာတော်ကြီးသည် မ,...
လောပ အနွယ်တော်လည်း ဖြစ်...
ဆရာတော်ကြီးသည် မ,ကာရ ...
အံကျော်ဆိုသည့် မ,တစ်လုံးကျေ ...
တော်ခင်ကြီးပျော်၏ လေးဆက်...
တပည့်ကြီး ဖြစ်ခြင်းကြောင့် ဆရာ...
သည် မ,တစ်လုံးကျေဟု အမိ...
သော "မ,ကာရ လောပအကျော်" ...
လည်ဆရာတော်ဟု ဘွဲ့အမည်...
ဝံ့ဝံ့ ခံယူတော်မူခဲ့ခြင်း ဖြစ်ပါသည်...

ဆရာတော်ကြီးသည် ...
ပညာကြီးမားသည့်အပြင်၊ကဗျာ...
စာချိုးစပ်ဆိုရာတွင်လည်း ကဝိ...
ဖြစ်တော်မူလေသည်။ ဆရာတော်...
ရေးသားတော်မူခဲ့သည့် "မ...
ကဗျာလင်္ကာကြီးက သက်သေ...
သည်။ ဆရာတော်ကြီးသည် ...
ဟောပြောရာတွင်လည်းကောင်း...
ဒကာတို့အား ဆိုဆုံးမရာတွင်...
ကောင်း ကဗျာလင်္ကာ စာချိုးများ...
ဆိုရန် ဆိုဆုံးမတော်မူပါသည်။

ဆရာတော်ကြီး၏ ကဗျာ...
တို့မှာ တည်တည်တံ့တံ့ ခံ့ခံ့ည...
ရေးဖွဲ့သလို ဟာသရသများ...
လည်း ရေးဖွဲ့တော်မူသည်။





www.burmeseclassic.com

www.burmeseclassic.com

# ဟာသဉာဏ်ရှင် ထေရ်ရှင်မန့်လည်၏ ဂုဏ်မြောက်သည့် ဟာသရသ ကဗျာများ




ဆရာတော် ကြီးသည် မဃဒေဝ လင်္ကာသစ်၌ ဤသို့ စပ်ဆိုတော်မူခဲ့ပါ သည်။

"တစ်နည်း မှတ်လော့၊ မရမတ္တ၊ မြတ်လှဒေသနာ၊ အဘိဓမ္မာ သဘော၊ ရှင်တော်ဟောသား၊ ဝုဋ္ဌာနောင်မှ၊ ဇဝနနှင့်၊ ဇဝနမည်လျှင်း၊ ဟသ်ာမင်းတို့ လျင်ခြင်းဘဝ၊ ဇဝန လည်း၊ ဇဝနပညာ၊ မဟာသာရီ၊ ထေရ် ဘုန်းယိုလည်း၊ သဒ္ဒိသံဟူ၊ နတ်နှင့်လူ တွင်၊ သယမ္ဘူ မြတ်၊ သုံးလူ့ထွတ်မှ၊ အလွတ်ထား၍၊ တစ်ပါး ပြိုင်ဘက်၊ တူမထွက်နှင့်၊ ထက်မြတ် စူးဝင်၊ စိန်အသွင်သို့၊ လျင်မြန်ဟာသ၊ ဇဝနသည်၊ ဉာဏကဝိန္ဒောသတည်း"

ဆရာတော်၏ ဘွဲ့တော်မှာ ဇဝန ဖြစ်တော်မူသည်။ ဇဝနဘွဲ့တော်နှင့် လိုက်အောင် ဟာသဉာဏ်ရှင်တော်မူ ပါသည်။ သွားရင်းလာရင်း မြင်တော်မူ သည်ကို ဓမ္မသံဝေဂရရန်၊ ဟာသရသ လည်း မြောက်ရန် ဖွဲ့ဆိုတတ်ပါသည်။

တစ်ခါသော် ဆရာတော်ကြီး သည် ထီးချိုင့်မြို့၌ ဝါဆို၍ သီတင်းသုံး တော်မူစဉ် တပည့်ဒကာ၊ ဒကာမတို့က ဆရာတော်ခွင့်ပြုချက်အရ ထီးချိုင့် မြို့လယ်တွင် တရားမဏ္ဍာပ်ထိုး၍ ညစဉ် ညတိုင်း တရားနာယူကြသည်။ ဆရာ တော်ကြီးကလည်း မညည်းမညူ ဗုဒ္ဓဝင် ဝတ္ထုတော်ကြီးကို တစ်ဝါတွင်းလုံး



www.burmeseclassic.com

www.burmeseclassic.com

တန်ဆာဆင်၍ ပေါကြွားတော်မူပါသည်။

တစ်ညနေတွင် ဆရာတော်ကြီးအား ထမ်းစင်ဖြင့် တရားမဏ္ဍပ်သို့ ပင့်ဆောင်ခဲ့ရာ ခွေးမကြီး တစ်ကောင်က ဆရာတော်ကြီးရှေ့မှ ဖြတ်ကူးရာတွင် ဒကာများက အမြင်မတော်၍ ခဲများဖြင့် ပစ်၍ မောင်းထုတ်ကြသည်ကို ဆရာတော်ကြီး မြင်တော်မူ၍ မမောင်းရန် တားမြစ်ပြီး "မင်းတို့ မှတ်သားဖို့ စာတစ်ပုဒ်ချိုးပြမယ်" လို့ ဆိုပြီး ထမ်းစင်ပေါ်မှပင် "ခွေးမသံချို"ကို လျှင်သောဉာဏ်ဖြင့် စပ်ဆိုတော်မူပါသည်။

"ကြောက်ခမန်းပါပဲ၊ သောက်ခမ်းနီတာလန်လို့၊ သတီရန် အင်မတန်စေးပါဘိ၊ ခွေးမကြီးသူ့ဖြစ်ပုံ။

သဘာဝ၊ ကာမအာရုံတဲ့၊ ကာမဂုဏ်ဆိုတဲ့ တရားဟာက သင်တုန်းမှာလျက်တဲ့ပျားလိုမျိုး အဝိဇ္ဇာပိတ်ကာထားအားမရကုန်။

ပင်လယ်ရေ ဆားငန်နောက်ကိုလာ၊ သောက်လေလေ၊အဆာမပြေသည့်ပြင်၊ ခန္ဓာကြေ ဝမ်းလေလျှောသော်လည်း၊ မက်မော ကာမရအာရုံနှင့်၊ သေရွာဘုံ ကသီကရီ လှမ်းရသလိုပ၊ သည်အာရုံ မချိတရိန္တမ်းလျက်ကယ်နှင့်၊ မှန်းချက်ကတဲ့ မိုးမကုန်၊ ဗိုလ်ပုံထုသတ္တဝါအပေါင်း။

မရှောင်နိုင်--- အမှောင်ဆိုင်အလွန်ကြီး၊ ထန်းသီကာမဂုဏ်တဲ့၊ တဏှာဟုန် ရေလျှင်ကြောမှာလ၊မတက်ချင်၊ ရက်စဉ်မျောကြလျှင်၊ သဘောပမာ ယှဉ်ဖို့၊ ကညာခင်မမ ခွေးလိုပ၊ ရွံ့စရာ နွံနာဖို့ အရေးရယ်နှင့်၊ သံသရာ ကန္တာရကျေးမှာလ၊ အမှန်မကွာ၊ ရန်ဘယာနှင့် ပြေးရမယ်၊ တွေးကြောက်ဖို့ကောင်း"

တစ်ခါလည်း ယင်းခဲရွာတွင် အလောင်းစည်သူမင်းတည်ထားခဲ့သော ရန်အောင်မြင် စေတီတစ်ဆူ ရှိလေသည်။

ထိုစေတီတော်၏ ထီးတော်မှာ ယိုယွင်းနေပြီ ဖြစ်၍ ထီးတော်သစ်တင်ရန် စည်းဝေးကြသည်။ ရွာလူကြီးများအစည်းအဝေးသာ လုပ်ကြသည်။ တစ်ဦးမှာ ထီးတင်ပုံတင်နည်းကို မသိကြချေ။

သည်တွင် တံငါသည်တစ်ဦးက အကြံပေးလာသည်။ ထိုတံငါသည်သည် "ယကွင်း"ဆွဲသည့် တံငါသည်ဖြစ်သည်။

ထို့ကြောင့် သူကျွမ်းကျင်သည့် ယကွင်းလက်ဖြင့် ထီးတင်ရန် ဖြစ်သည်။

ရွာသားတို့လည်း ထိုတံငါသည် အကြံပေးသည့်အတိုင်း၊ ယကွင်းလက်များ၌ ပြာသာဒ်ကိုဆင်ပြီး၊ ပြာသာဒ်တွင် ထီးတော်တင်၍ ယကွင်းလက်ကို ကြိုးနှစ်ပင်နှင့် ငင်ကာဆွဲကြ လေသည်။ ဆွဲတင်စတွင် ဟန်သလို ရှိသော်လည်း၊ ဘုရား ခရာသီးဆီ ရောက်လုနီးတွင် ပြာသာဒ်ဇောက်ထိုး ဖြစ်သွား၍ ထီးတင်ရန် မဖြစ်တော့ချေ။

ထိုအကြောင်းကို မန်လည်ဆရာတော်ကြီးထံသို့ ပြေးလာပြီး၊ အကြံဉာဏ်ယူကြလေသည်။

ဆရာတော်က အကြောင်းစုံမေးမြန်း၍ မိန့်ကြားတော်မူသည်။

"ဒကာတို့ ထီးတင်ပုံတင်နည်းက ထီးတင်သည့် ရာဇဝင်တွင် အဆန်းထွင်ခြင်း တစ်မျိုးဖြစ်နေ၍ "ယင်းခဲသားအချိုး"ကို တစ်မှုဟုတ်ချင်း ဆိုတော်မူလေသည်။

"ပြာသာဒ်တော် ဇောက်ထိုးနှင့် သောက်ကျိုးနည်းအောင်ကြံ၊ ယင်းခဲသားများ ဉာဏ်သည် အကြံနတ်ဖန်လို့ရဘဲ။

ယကွင်းဘောင် ပေါ်တင်လို့၊ ကြိုးနှစ်ပင်ငင်ကာဆွဲတော့ ယိုင်လဲကာ ပြောင်းပြန်တပ်ရချည်၊ မြင်တပ်အောင် ကြံလာတတ်ပါပေ့၊ ပညာမှာ ဆန်းလာညပ်တာမို့ ပြောစမှတ်ပဲ၊"

ဤသို့ ဆရာတော်ကြီးက စာချိုးတော်မူပြီး၊ ထီးတော်တင်ပုံ တင်နည်းကို မေးတော်မူသည်။

"ထီးတော် မတင်ဖြစ်တာ ဘယ်လိုများ ဖြစ်နေလို့လဲ ပြောစမ်းပါဦး"

"ဆရာတော်ဘုရား မိန့်တော်မူသည့်အတိုင်း၊ ဘုရားခရားသီးတော်က မြေကြီးပေါ်အရောက် နတ်လမ်းကြိုးသွယ်တန်းပါတယ်ဘုရား၊ နတ်လမ်းကြိုးပေါ် ထားတင်ပါတယ်ဘုရား၊ ရထား ပေါ် ထီးတော်တင်ပါတယ် ဘုရား၊ ထီးတော်တင်ပြီး နတ်လမ်း အတိုင်း ရထားကို ကြိုးနဲ့ဆွဲတင်ပါတယ် ဘုရား"

"အေးကွယ်၊ အဲသည်လို တင်တော့ ထီးတော်က ခရားသီး မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"ခရားသီးဆီ ရောက်ရင် ထီးတော်ကို ခရားသီးထိပ် မပြီးတင်နိုင် မဟုတ်လားကွဲ"

"ဟုတ်တော့ ဟုတ်ပါတယ် ဘုရား၊ ဒါပေမယ့် ခရားသီးထိပ်မှာ ထီးမဏ္ဍိုင် (သံတိုင်) စိုက်ပြီးသား ဖြစ်နေပါတယ်ဘုရား"

"သံတိုင်ကြီးကို လွန်အောင် ထီးတော်ကြီးကို မ၍မနိုင်မနင်းဖြစ်နေပါတယ်ဘုရား"

"မင်းတို့ လုပ်ပုံ ငါစဉ်းစား စေတီတော်ခရားသီးမှာလဲ သံတိုင် ဦးစွာ စိုက်ထားတယ်၊ ပြီးတော့ ထီးတော်ကိုလဲ တစ်ဘုံစီမဟုတ်ဘဲ အား ဆင်ပြီး တင်တာဖြစ်လိမ့်မယ်၊ မဟုတ်လားကွဲ"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . မင်းတို့ ထီးတော် မတင်ဖြစ်တာ၊ ဘာမှ မဆန်းဘူး လုပ်ပုံကိုင်ပုံကိုက မဟုတ်ဘဲကိုးကွဲ့ တို့ ယင်းခဲသားများလုပ်ပုံဟာ အနဲ့ မောင်နတို့ ထီးတင်ပုံနဲ့ နည်း သာတယ်"

"အမိန့်ရှိပါဘုရား"

ယင်းခဲသားများက တော တော့ ဆရာတော်ကြီးက . . .

"မောင်အနဲ့ မောင်နတို့ ချင်းနှစ်ယောက် ရှိကြတယ်ကွဲ့





www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးရင်း ဖားတူးရင်း ဆိုသလို စောင်စီးသမားလုပ်ပြီး ဘုရားဖူးလိုက်သွားဖြစ်တော့ စစ်ကိုင်းအောက်နား ရောက်သွားကြတယ်။ အဲဒီမှာ ဖောင်စီးပြီး ကောင်းမှုတော် ဘုရားကြီးကို သွားရောက် ဖူးမြော်ကြဆိုကိုးကွဲ့။

သည်အခါ မောင်အ,က ' ဟေ့ သူငယ်ချင်းမောင်နရေ ကြည့်စမ်း သည်ဘုရားကို ဘယ်လိုများ ထီးတော်တင်တော်ပါလိမ့်ကွယ်' လို့ တအံ့တဩပြောသတဲ့ ။

သည်အခါမှာ မောင်နက . . .

'ဟေ့ကောင် မောင်အ စကားတိုးတိုးပြောပါကွာ၊ လူတွေ ကြားလို့ စောသားမှန်းသိကုန်ပါ့မယ်၊သည်ဘုရားကြီး ထီးတင်တာများ ခက်ခက်ခဲခဲ လုပ်ပြီး အံ့ဩမနေနဲ့' လို့ပြောလိုက်တယ်။

မောင်အက 'ဟုတ်ပ့ါ သူငယ်ချင်း ငါယောင်လို့ ပြောမိသကွယ်၊ မင်းကတော့ သုတများတဲ့သူမို့ သိမှာပဲ၊ သည်ဘုရားကြီးကို ဘယ်လိုများလုပ်ပြီး ထီးတင်သလဲကွဲ့ ပြောစမ်းပါဦး' လို့ တိုးတိုးလေး မေးလိုက်သတဲ့။

မောင်နက . . .

'မောင်အရယ် မင်းက မောင်အ ဆိုတဲ့အတိုင်း အ,လည်း အ,ပါပေတယ်၊ ဘုရားကြီး ထီးတင်တာများ ဘာခက်သလဲကွဲ့၊ မင်းမသေမချင်း မှတ်ထား ဘုရားကြီးကို တုံးလုံးလှဲပြီး ထီးတော်ကို စိုက်ပြီးမှ ဘုရားကြီးကို ပြန်ထောင်ထားတာကွ' လို့ ခပ်ကြွားကြွား ပြောလိုက်သတဲ့ကွယ်။

အေး. . . မင်းတို့ ယင်းခဲသားများလဲ မောင်အ၊ မောင်နတို့ထက် ညံ့နည်းသာသကွဲ့၊ မင်းတို့ထီးတင် အမှတ်တရဖြစ်အောင် ထပ်ပြီးစာချီးလိုက်ဦးမယ်၊ နားထောင်ကြ"

ဆိုပြီး ယင်းခဲသား ထီးတင်ဘွဲ့ ကာယအချိုးဆိုပြီး ချက်ချင်းစပ်ဆိုတော်မူလိုက်လေသည်။

"စေတီတော်မြေမှာချလို့ ဧရာမ ထီးစွပ်ရန် ၊ မောင်နရဲ့ညဏ်၊ ဤအကြံမဟန်လှတကား။ ရွှေထီးအစုဆင်လို့ မြတ်ရှင်ပင် ထီးတော်မိုးမယ်တဲ့၊ အဖိုးတန် ဉာဏ်အခဲတွေနှင့် တစ်မျိုးဖန် အကြံလွဲတယ်၊ ယင်းခဲရွာသား "

ဉာဏ်ကို အလွှာလိုက်မသုံးဘဲ၊ အတုံးလိုက်၊ အတစ်လိုက် သုံးသူများကို ဟာသ ရသဖြင့် ဆုံးမထားသည့်ကဗျာ တစ်ပုဒ်ဖြစ်ပြီး ထိရောက်၍ ရသမြောက်လှပေသည်။

မန်လည်ဆရာတော်ကြီးပဥ္စင်းဗျို သုံးဝါရစဉ်က မန္တလေးမြို့ ထီးလင်းတိုက်တွင်စာဝါလိုက်နေစဉ်ကဖြစ်သည်။

- ဗုဒ္ဓစာပေတို့တွင် အဘိဓမ္မာကျမ်းသည် လွန်စွာ ခက်ခဲလွန်းလှသည်။ နေ့ဝါညဝါထား၍ အားထုတ်သည့်ပုဂ္ဂိုလ်ရဟန်းတို့ပင် ပိုင်နိုင်ရန် ခဲယဉ်းလေသည်။ ထိုသို့ ခက်ခဲနက်နဲသည့် အဘိဓမ္မာကျမ်းကြီးကို သုံးဝါသာရှိသေးသည့် ဦးဇဝနကိုယ်တော်လေးသည် သာမညမေးလျှောက်ရုံဖြင့် တတ်မြောက် ကျွမ်းကျင်တော်မူ၍ ထီးလင်းဆရာတော်ကြီးက သံဃာထုအလယ်တွင် ဖော်ထုတ်ချီးမွမ်းတော်မူခဲ့ဖူးလေသည်။

ထိုအချိန်က မန္တလေးမြို့တော်ကြီးတွင်သီတင်းသုံးစာဝါလိုက်နေသည့် သံဃာတော်တို့သည် ဆွမ်းတစ်ဇွန်းရဖို့ ခက်ခဲလှချိန် ဖြစ်ပါသည်။ မန်လည်ဦးဇဝနကိုယ်တော်လေးသည် ကဗျာစပ်ဆိုရာတွင် တော်ကြောင်းကိုသိသော အောက်နယ်မှ စာသင်ရန် ရောက်နေသည့်ဦးပဥ္စင်းတစ်ပါးသည် ဆွမ်းခံမရ၍ စိတ်ညစ်ညူးနေစဉ် မန်လည်ဆရာတော်လေး၏ ဂုဏ်သတင်းကိုကြားသိရ၍ ဦးဇဝနထံ ချဉ်းကပ်၍ လျှောက်ထားလေသည်။

" ဦးဇဝနဘုရား၊ တပည့်တော်ကို စာအချိုးတစ်ပုဒ်လောက် လုပ်ပေးစေလို့ပေးစေလိုရပါတယ်၊ အကြောင်းကတော့ အညာကိုလာပြီး စာဆိုစာသင်နေရသော်လဲ ဝမ်းရေးမပြည့်စုံလို့ ခက်ခဲတဲ့အကြောင်းပါပဲ၊ စာကိုလဲ ရိုးရိုးကြီး မရချင်ဘူးဘုရား၊ ကာလပေါ် လေးချိုးမျိုးမှ တပည့်တော်က ရချင်တာဘုရား "

သံဃာတော် တောင်းပန်သည့်အတွက် ဆွမ်းခံမရသောဘွဲ့ လေးချိုးကြီးတစ်ပုဒ်ကို ရေးသားပေးတော်မူလေသည်။

မန်လည်ဆရာတော်ကြီးသည် သံချိုတေးထပ်၊ ဒွေးချိုး၊ လေးချိုးတို့သာ အစပ်များပြီး လေးချိုးကြီးကိုမူ သည်တစ်ပုဒ်သာ စပ်ခဲ့ကြောင်းကို ပညာရှင်တို့က မှတ်ချက်ပြုထားပါသည်။

**ဆွမ်းခံမရသော**
**ဘွဲ့လေးချိုးကြီး**

"မန်းပညာမှာ ဝမ်းစာအတွက်ကယ်ကြောင့်၊ နွမ်းရာမှာ ယမ်းဖြာနှင့်ပက်သည့်နှယ်၊ ခန်းသာထက်မှာတဲ့မွေ့မပျော် (ဩော်)ကျမ်းစာကလည်း တစ်ဖက် ကမ္မဋ္ဌာန်းဘာဝနာကလဲ တစ်ဖက်နှင့် ချမ်းသာကွက်ကိုမှ မတွေ့သနော်။ အနေခက်ပါဘိ၊ ခြေလက်အင်္ဂါစုံလျက်ကယ်နှင့် ဂုဏ်ကိုးဆိုင် သုံးလူနတ်ကယ်က၊ ဂေါစရဂါမ် ဆွမ်းခံမြတ်သည်ဟု ဥဒ္ဒိဋ္ဌ မိန့်ခြွေလို့မှတ်တာကြောင့် အိမ်ကုန်အောင်ခြေစုံရပ်သော်လည်း၊အထပ်ထပ် ကန်တော့၍ ချော်ယလိုနော်ကွယ်၊ မကပ်တဲ့အပြင် အငတ်တွေတော့ရယ်လို့၊ အော်သူအော်။

သာသနာရောင်ဝါက မှေးတာမို့၊ သီဟိုဠ်မှာ သည်လိုသာ မကသေးပါဘူး၊ ကပ်ဘေး ဝင်ကာနှောင်တော့ နှစ်သောင်းလေးထောင် ရဟန္တာမြတ်ဘို့မှာ၊ တောပင်ကိုပင် ဘောဇဉ်မှတ်ရတဲ့ပြင်၊ ဓာတ်နိဗ္ဗူသောင် ခေမာသို့လားရသည်ဟု မှန်းစရာ ကျမ်းစာကထားသော်လည်း ပုထုဇဉ်ကာမသားဟာမို့ များများဝဝ မစားရလျှင်ဖြင့် အခက်ပေါ် ဖက်ရွက်လျော်ပမာဏမထ မကြွ အလျင်လဲ (ဩော်) မနက်တိုင်း ဟော်အောင်ရှာရလို့ကမှ မမျှတချင်ပါဘဲ။

ဝေရဥ္စာရာမှာလေလေ့၊ မြတ်ဗုဒ္ဓါဝါတော်ကပ်စဉ်ကမင်းမာရ်နတ်ဝက်န်ဉာဏ်ကြောင့်၊ စောအရပ်ဂေါစရဂါမ်



www.burmeseclassic.com

www.burmeseclassic.com

ပြတ်တော့၊ ဥက္ကဋ္ဌတိုင်း သာရပ်ဆီက၊ စေ့စပ်ကာညီတညာပ မျှားသာသာ ငါးရာရှိပါတဲ့ မြင်းကုန်သည် သဒ္ဓါပြည့် ရယ်တို့မြတ်မုနိအမျှတင်၍ ပေါင်းငါးရာ သံဃာရှင်ဘို့ကိုသာ ရွှင်ရွှင်စိတ်ကြည်၍ပါဠိမုယောဆန်သောညံအောင် ကပ်တဲ့ပြင်၊ ထေရ်မြတ်မောဂ္ဂလ္လာန်က မြေလှန်အာဇကန်ပေးပါလို့ ပျားပမာ များစွာ ကျွေးပြီးလျှင် ထေရ်ဆရာသည် ဟာမျှမကြိုက်သေးလျှင်ဖြင့် သီးမွှေးစုံ ဝေဝေဖြာ၍ ပဒေသာအမှန် ပေါက်ပါသည့် ကျွန်းမြောက်ကို ဆွမ်းခံပြုတဲ့ ယခုမှာ ဘယ်တဂ်ယောက်ကယ်မှ ထောက်ပံ့သူ မပေါ်ကြဘာမို့ ပညာသင်ရှင်သာမဏေတို့မှာ (ကွယ်) - အေးမြပါစေ။ အခြေကြမ်းပြင်လို့ ခန်းဝမှာ ခံသော်လည်း ရေးကဟာတွေ ကြာလေလေလွမ်းလို့ ဝမ်းက အလွန်နဲ။"

မန်လည်ဆရာတော်ကြီးသည် ပုသိန်ဦးပန့်မနှင့် ကံဒွါရတိုက်ပွဲ ရွှေမုဌောဘုရားတော်ကြီး မြှုပ်မှုတိုက်ပွဲများ ဖြစ်ခဲ့သလို ဦးပဒုမတို့၏ ဘက်တော်သားဖြစ်သည့် ဦးဉာဏဝံသကိုယ်တော်နှင့်လည်း နှုတ်ခမ်းမွှေးပြဿနာ ဖြစ်၍ ဆရာတော်ကြီး ဆုံးမတော်မူရသေးသည်။

၁၂၄၉ ခုနှစ်တွင် ဒွါရဂိုဏ်း၏ ပထမ အကြီးအမှူးဖြစ်သည့် အုတ်ဖိုဆရာတော်ကြီးသည် နောက်ပါ သံဃာ ၂၉-ပါး၊ အလုပ်အကျွေး ဒါယကာ ၂၄ဦးတို့နှင့် သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးကြွတော်မူစဉ် ဓနုဖြူမြို့နယ် ညောင်ချောင်းရွာဇာတိဖြစ်သည့် တစ်ဝါသာရသေးသော ဦးဉာဏဝံသ ကိုယ်တော်လည်း လိုက်ပါသွားလေသည်။

ဆရာတော်ကြီးသည် စွယ်တော်ဖူးပြီး၍ မြန်မာပြည်သို့ ပြန်လည်ကြွတော်မူခဲ့သော်လည်း ဦးဉာဏဝံသသည် ပြန်လည်၍လိုက်ပါတော်မမူခဲ့ဘဲ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ "ဝိဇ္ဇောဒယပရိဝေလာကျောင်းတိုက်၌ သီတင်းသုံးနေရစ်၍ ပါဠိသီဟိုဠ်သက္ကတ စသည့် စာပေများကို ဆည်းပူးအံ့ဘွယ်တတ်သင်ကြားနေတော်မူခဲ့သည်။

"သတ္တဝါတို့၏ စိတ်ဓာတ်ကိုပတ်ဝန်းကျင်ကပြုပြင်သည်" ဟူသည့်ဆိုရိုးစကားအတိုင်း သီဟိုဠ်တွင်ကြာမြင့်စွာ နေထိုင်တော်မူခဲ့၍ ဦးဉာဏဝံသ၌ သီဟိုဠ် အရိပ်အငွေ့များ ထင်ဟပ်ပါလာတော်မူလေသည်။

ဦးဉာဏဝံသ ကြွရောက်သီတင်းသုံးသောကျောင်းတိုက်မှာ သျှာမယာနခေါ် ယွန်းဂိုဏ်းဖြစ်လေသည်။ ထိုယွန်းဂိုဏ်းဝင် ရဟန်းသာမဏေတို့မှာ မုတ်ဆိတ်ကျင်စွယ်တို့ကို မွှေးညှပ်ဖြင့်မနုတ်ဘဲ အတန်ရှည်မှ သင်တုန်းဓားဖြင့် ရိတ်ဖြတ်မှသင့်သည်ဟု ယူဆကြသည်။

ထို့အပြင် ဘုရားရှင်၌လည်း မုတ်ဆိတ်ကျင့်စွယ်ထည့်၍ ထုလုပ်ကိုးကွယ်ကြလေသည်။

ထိုအယူဝါဒသည် ဦးဉာဏဝံသ၌ ထင်ဟပ်နေ၍ မြန်မာပြည်သို့ ပြန်လည်ကြွတော်မူလာသည့်အခါ "ဘုရားရှင်၌ မုတ်ဆိတ်ကျင်စွယ် ရှိကြောင်းပါဠိအဋ္ဌကထာဋီကာကျမ်းများကို ကိုးကား၍ " ဥတ္တမင်္ဂဝိနိစ္ဆယဋီကာ"ကို ရေးသားတော်မူသည်။

မုတ်ဆိတ်ကျင်စွယ် မပါသောရုတ်တုတော်ကိုသာ ဖူးမြော်ကိုးကွယ်နေကြသူ မြန်မာပညာရှင်တို့က ထိုရေးသားချက်တို့ကို မကြိုက်၍ ဟံသာဝတီသတင်းစာတွင် နှုတ်ခမ်းမွှေးအငြင်းအခုံဆူပွက်လာလေတော့သည်။

သည်အခါ ဦးဉာဏဝံသသည် လယ်တီဆရာတော်ထံကြွ၍ မိမိ၏ဝါဒကို တင်ပြလျှောက်ထားလေသည်။

လယ်တီဆရာတော်ကြီးက ရူပအစိန္တေယျ ဟူသော ပုဒ်ကိုထုတ်ပြ၍ "ဘုရားရှင်၏ အဆင်းတော်မှာ ရူပအစိန္တေယျ ဖြစ်၍ ကြံဆဖွယ်ရာ မလိုကြောင်း၊ မုတ်ဆိတ်ကျင်စွယ်နှင့်မှ ကြည်ညိုလိုလျှင် မုတ်ဆိတ်ကျင်စွယ်နှင့်ပင် အကြည်ညိုခံကြောင်း၊ မုတ်ဆိတ်ကျင်စွယ် မပါသည်ကိုမှ ကြည်ညိုလိုလျှင် မုတ်ဆိပ်ကျင်စွယ်မပါဘဲ အကြည်ညိုခံကြောင်း" မိန့်ဆိုတော်မူလိုက်သည်။

ထို လယ်တီဆရာတော်ကြီး၏ အဖြေသည် ဦးဉာဏဝံသလိုချင်သည့် အဖြေ မဟုတ်ဖြစ်နေ၍ ဦးဉာဏဝံသသည် မန်လည်ဆရာတော်ကြီးထံ ကြွတော်မူ၍ ဆရာတော်ကြီးအား မုတ်ဆိတ်မွေး ပြဿနာကို သွားရောက်လျှောက်ထားလေသည်။

ဦးဉာဏဝံသ မန်လည်ဆရာတော်ကြီးထံ တင်ပြ လျှောက်ထားတော်မူရာ မန်လည်ဆရာတော်ကြီးက အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မူလိုက်ရသည်။

"မောင်ဉာဏဝံသရဲ့ ဘုရားရှင်မှာ မုတ်ဆိတ်ကျင်စွယ်တို့သာ မဟုတ်ဘူး၊ ဖင်မွေးတို့ ဟိုမွေးတို့ ဆိုတာ ရှိမှာပါပဲ၊ ဒီအကြောင်းများ ဗဟုသုတ ဖြစ်သွားအောင် ဖင်မွေးတို့ ဟိုအမွေးတို့ပါထည့်ပြီး ကျမ်းတစ်စောင်လောက် ဖွဲ့လိုက်စမ်းပါဦး"

မန်လည် ဆရာတော်ကြီးက ထိုသို့ ပယ်ပယ်နှယ်နှယ် မိန့်ဆိုပြီး ဦးဉာဏဝံသအား အောက်ပါ ကဗျာ တစ်ပုဒ်ကို ရေးသားတော်မူပြီး ပေးတော်မူလိုက်ပါသည်။

"လုပ်ငန်းရယ်ပို၊ နှုတ်ခမ်းကို ... ကြည်ညိုတဲ့ သီဟိုဠ်ပြန်ဘုန်း။

ထင်တွေးငဲ့ပို၊ ဖင်မွေးအပါဆို... မောင်သီဟိုဠ် ဆရာဉာဏ်ရဲ့ အပါ... ရွှေစာတန်းပါလို့ ကျမ်းပြုပါဦး"

ဦးဉာဏဝံသာ ကိုယ်တော်သည် ထွေထွေထူးထူး လျှောက်ထားရန် မ... တော့ဘဲ ပြန်ကြွတော်မူလေသည်။

မန်လည် ဆရာတော်ကြီး၏ ပညာဉာဏ်ရွှင်ပုံတို့သည် ပြော၍မကုန်နိုင်ပါပေ။ ဘွဲ့တော် ဦးဇဝနဆိုသည့် အတိုင်း ဉာဏ်ရွှင်သည့်နေရာတွင် ထူးခြားသည့် ပုဂ္ဂိုလ်ကျော်ကြီးဖြစ်ပေသည်။

❒ မောင်လှသာဦး(မော်လမြိုင်)

ညွှန်း - မန်လည်စကားပုံများ

တည်တောဆရာတော်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အလျှားအနံ၊ အသွားအပြန်၊ အစုန်အဆန် တဲ့။

ဒီစကားတွေက ဒေါ်အေးမြိုင်နေ့တိုင်းပြောဆို ရေရွတ်နေကျစကားမို့ ကလျာနီတို့ အိမ်မှာတော့ ဒီစကားစလာတိုင်း အဓိက ပစ်မှတ်ထားသူမှာ ကလျာနီကို ရည်ရွယ်ပြောခြင်းဟု အားလုံး နားလည်ကြသည်။

မိုးလင်းလို့ မျက်နှာသစ် မှန်ကြည့်မယ်လို့ ရွယ်လိုက်သည်နှင့် .

"အမယ်လေးတော် အမယ်လေး၊ ဒါ မိန်းကလေး ထချိန်လား၊ ၇ နာရီခွဲနေပြီဟဲ့၊ ကျောင်းပိတ်ရက်လေးများ ဆိုင်ပြေးကူရောင်းပါဦးလား၊ မှန်ကြည့်တော့မယ်၊ ပြီး စားစရာရှိတာစား၊ ဟောနောက်တော့ စာအုပ်ကြီးနဲ့ မျက်နှာကပ်တော့မယ်"

"အေးမြိုင်ရေ၊ နင့်ပါးစပ် ပိတ်ထားပါလား၊ ငါ နေမကောင်းဘူး"

အခန်းထဲက မနေနိုင်သော ကလျာနီအမေက သူညီမ ပါးစပ်ပိတ်အောင် အော်လိုက်သော်လည်း တူမဖြစ်သူ အငယ်ဆုံးလေးကို မျက်စောင်းလှမ်းထိုးသေးသည်။

ဒီအိမ်မှာ သင်းက အခွင့်အရေးသမား၊ အစ်မဖြစ်သူက လေးဆယ်ကျော်မှ ကံပေါ်ပြီး မွေးထားသည့်သမီးမို့လို့လား စာတော်တာလေး တစ်ခုနှင့် ငယ်ကတည်းက ခုချိန်ထိ အိမ်အလုပ် အိမ်စီးပွားရေးထဲ တစ်ခါမှ ဝင်မပါခဲ့။ နေ့တိုင်းလည်း ဒေါ်အေးမြိုင် မနေနိုင်စွာ ဆူပူရတာ အမော။

"ဟဲ့ ဘာမဆို အသွားအပြန်ရှိသလို အစုန်အဆန်လဲရှိရတယ် အစ်မကြီးနဲ့ သူ့အစ်ကိုက မိုးလင်းက မိုးချုပ် ရှာဖွေကျွေးရတာ သူ့ပညာရေးစရိတ်က လဲရှိတော့ ကြွေးမတင်အောင် မနည်းလုပ်ရရှာတယ်၊ အလုပ်သမားငှားမယ့် အစား မိကလျာ ညည်းနည်းနည်းပါးပါး သွားကူပါတော့လား"

"ဟာ ဆိုင်မလာနဲ့တဲ့ ဒေါ်လေးမြိုင်ရဲ့ စာကျက်ချိန်ပိုရအောင် အိမ်မှာပဲနေခိုင်းတာ၊ ဘာမှလဲမသိဘဲနဲ့ နေ့တိုင်းဆူပူနေတာပဲ၊ နားငြီးလာပြီ"

ကိုယ့်သားသမီးသာ ဆိုလို့ကတော့ မလွယ်ဘူး။ ခုတော့ အပျိုကြီးလုပ် အစ်မကလေးတွေ ထိန်းကျောင်းပေးလာရတာ အဖေက မွေးကင်းစမှာဆုံး ရုပ်ကလေးကလည်း သနားကမားချစ်စဖွယ်လေးမို့ ကလျာနီကို အိမ်ကမီးဖိုချောင်တောင် အစ်မက အဝင်မခံ၊ လုပ်စရာရှိလျှင် "မအေးမြိုင် ကူပါဦးဟဲ့" ခေါ်ကာ ခေါ်ခိုင်းတည်ခိုင်းသည်။

ကလျာနီ အစ်မကြီး မာမာသီက ဈေးထဲမှာ စားသောက်ဆိုင်လေးဖွင့် ခ်မောင်နှမနှစ်ယောက် အလုပ်သမားငှားပြီး ထောင့်စေ့အောင် ရှာဖွေရ မယ့် ညီမလေး ကလျာနီကိုတော့ ဆိုင် ကို လာကူတာတောင် မကြိုက်တတ်ပါ


"အမယ်လေး သီသီ၊ ညီမလေး ကို ဆိုင်မလွှတ်ပါနဲ့၊ ဈေးထဲက လူ အတန်းအစားစုံတယ်၊ ဈေးမရောင်း ချင်လို့ ပညာတတ်အောင် သင်ပေးနေ တာ၊ သီသီပဲ ပင်ပန်းပါစေ မိုးလင်းမိုးချုပ် ဒီထမင်းဟင်းတွေနဲ့ပဲ လည်ပတ်နေတာ ကိုယ်ချက်တဲ့ဟင်း ကိုယ်မစားချင် အောင် ဟင်းအနံ့တွေကို မခံနိုင်တော့ ဘူး"

✿



www.burmeseclassic.com

www.burmeseclassic.com



"ငါ လိုက်ဖြစ်မယ် မထင်ဘူး ဆွေ၊ အစ်မကြီးဆီမှာ ခဏခဏ ောင်းရတာ အားနာလာပြီ၊ ပြီးခဲ့တဲ့ တ်ကပဲ နှစ်သောင်းတောင်းပြီး းကွင်း သွားထားသေးတာ"

"ဟယ် ခုကျောင်းပိတ်ရက်က ိုင်းရင်းသားကျေးရွာ သွားကြမှာဟ၊ ကိုလဲ ဒီလိုပဲ အိမ်မှာခြစ်ကုတ်တောင်း ာ ကျော်မောင်တို့လဲ လိုက်မှာတဲ့"

အင်းလည်း မဟုတ်၊ ခေါင်းလဲ ဖြစ်ဘဲ နောက်မှ ပြန်ပြောမယ်ဟု ြီး ဒီတနင်္ဂနွေလည်း တိုင်းရင်းသား ရွာစားသောက်လည်ပတ်ဖို့ ငွေလို ပြီ ဆွေဆွေ ပြောတာလည်း ဟုတ် ည်။

ဒီနှစ် စာမေးပွဲပြီးလျှင် သူငယ် တွေ ခုလို ထပ်မတွေ့နိုင်တော့သလို ည်ပတ် သွားလာချိန်လည်း ရမှာ တ်တော့ပါ။ အချိန်ရှိတုန်း အရွယ် း စိတ်ပေါ့ပါးစွာလည်ဖို့ ဆွေဆွေ နှင့် မြရွှေအောင်တို့ စီစဉ်ခြင်းကို ငြင်း ရခက်သည်။ ညနေပိုင်း အိမ်ပြန်ရောက် ပေမယ့် ကလျာနီ ဘယ်လို စကားစ ဘာ အကြောင်းပြတောင်းရမှန်း မသိပါ။ ပက်လက်ကုလားထိုင်မှာ ထိုင်ပုတီးစိပ် နေသည့် အမေ့မျက်နှာကိုတော့ မကြာ ခဏ လှမ်းကြည့်ဖြစ်သည်။

"ဘာပြောချင်လို့လဲ သမီး"

"ဘာမှ မပြောချင်ပါဘူး အမေ၊ အမေ နေကောင်းသွားပြီလား၊ ထမင်း စားလို့ကော ကောင်းလား"

"အင်း အကုန်ကောင်းသွားပြီ၊ သမီးမှာ ပြောစရာရှိနေတာ ပြောမှ အမေသိမှာပေါ့၊ မိဘနဲ့ သားသမီးမှာ လျှို့ဝှက်ချက်မထားရဘူး၊ လိမ်မပြောရ ဘူး၊ သမီးမှာ လိုချင်တာ တစ်ခုခုရှိနေ တာ သိတယ်၊ ပိုက်ဆံကုန်ပြန်ပြီလား သမီး"

အမေ့ကို ခေါင်းညိတ်မပြရက် သော်လည်း ကလျာနီမှာ လိုသောငွေ အမေစီစဉ်ပေးမှ ဖြစ်မည်။ ဒေါ်လေး မြိုင် ပါးစပ်ကြောက်ရတာက တစ်မျိုး တစ်ပတ်တောင်မကြာသေးဘဲ ပေးထား သည့် ပိုက်ဆံကုန်ပြီလား၊ အစ်မကြီး မေးမှာ စိုးတာတစ်ကြောင်း အမေ့ကိုပဲ အကြောင်းစုံ ပြောပြဖြစ်သည်။

ဘယ်အချိန်က ခေါက်လိပ်ထား မှန်းမသိ တစ်ထောင်တန်အသစ်လေး အလိပ်လိုက်ကို ကလျာနီလက်ထဲ ထည့် ပေးရှာသည်။

"အမေပေးတယ် မပြောနဲ့၊ သမီး ရနေကျ မုန့်ဖိုးလျှော့ပေးနေဦးမယ်"

အမေ့ကို ပွေ့ဖက်နမ်းပြီး "အစီ အစဉ်အတိုင်း ငါလဲ လိုက်မယ်" ဟု ဆွေဆွေ့ဆီဖုန်းလှမ်းဆက်ရသေးသည်။

စားချင်တာ လိုချင်တာ အချိန် ကြာကြာ မပြောလိုက်ရဘဲ ပြည့်စုံနေ သော ကလျာနီဘဝမှာ ဒေါ်လေးမြိုင်



www.burmeseclassic.com

www.burmeseclassic.com

သာ ဆူပူငေါက်ငမ်းတာမရှိရင် သိပ်ကောင်းမှာပဲဟု တွေးဖြစ်သည်။

ဒီတစ်ပတ် တနင်္ဂနွေမှာတော့ သူငယ်ချင်းတွေ တိုင်းရင်းသားကျေးရွာမှာ စက်ဘီးစီးကြ၊ စားချင်တာဝယ်စားပြီးတော့ အရိပ်ကောင်းကောင်းမှာ စုထိုင်စကားပြော ပါလာသည့် ဖုန်းထဲက ဂိမ်းဆော့။ တစ်ယောက်မရှိတာ တစ်ယောက်ပေးရင် ပျော်ခဲ့ကြသည်။

✿

တကယ်ပဲ ကလျာနီတို့ ကျောင်းပြီးတာနှင့် သူငယ်ချင်းတွေ သိပ်မဆုံဖြစ်တော့ပါ။

ကလျာနီချစ်သူ ထွန်းကျော်က မန္တလေးက သူ့ဘကြီးရှိရာမှာ သွားအလုပ်လုပ်ပြီး ဆွေဆွေက သူ့အဖေအဆက်နှင့် စည်ပင်သာယာမှာ အလုပ်ရသည်။

ကလျာနီလည်း အလုပ်ဝင်မယ်ပြောတော့ အစ်မကြီးက ကုမ္ပဏီဝင်တောင် နေရာကောင်းလေးရအောင် သင်တန်းတွေ တက်ရဦးမယ်ဆိုကာ ကွန်ပျူတာသင်တန်း Speaking သင်တန်းတွေ တက်ခိုင်းပြန်သည်။

"တွန်းနိုင်သလောက် တွန်းတင်ထားပေါ့၊ ဒါပေမယ့် သီသီရေ သိပ်တော့ မမျှော်လင့်နဲ့နော်၊ မိဘနဲ့ သားသမီး မောင်နှမသားချင်းတွေက မေတ္တာနဲ့ပတ်သက်လာရင် အစုန်သာရှိတယ် အဆန်မရှိဘူး"

"ညီမလေးက မိသားစုကို သံယောဇဉ်ရှိပါတယ်၊ သူ အမြင့်မှာနေနိုင်တော့ သီသီတို့လဲ ဂုဏ်ရှိတာပေါ့"

"အေးပါအေ၊ ညည်းညီမလေး ယောက်မမြင်းစီးသာ မထွက်ပါစေနဲ့ ငါကတော့ မထင်ပါဘူးအေ လည်ဖြတ်ခံရဲတယ်"

ဖိုင်အိတ်လေးကိုင်ရင်း အခန်းတွင်းက ထွက်တော့မည့် ကလျာနီ ခြေလှမ်းတွေ အတန်ကြာတန့်နေ၏။ ကလျာနီနှင့် ထွန်းကျော်ချစ်သူရည်းစားတွေဖြစ်နေတာ ဒေါ်လေးမြိုင် ဘယ်အချိန်က သိနေတာပါလိမ့်။

အိုလေ ဒီအရွယ် ဒီလိုတွေပဲ သူသာ အပျိုကြီးဖြစ်နေလို့ ထူးဆန်းနေတာ။အချိန်တန်လို့ ပညာစုံ၊ အတောင်စုံရင် အသိုက်အမြုံက ခွာမည့်သူတွေချည်း။ မေမေလည်း ကျန်းမာနေသေးတယ်။ အစ်ကိုလတ်နှင့်အစ်မကြီးလည်း ရှာဖွေ စားသောက်နိုင်သားပဲ။

ကလျာနီတစ်ယောက် မရှိလည်း ဒီမိသားစု ပုံမှန်ကျန်ခဲ့မှာပေါ့။ စာမေးပွဲဖြေပြီးလို့ နှစ်ယောက်သား အစီအစဉ်ချပြီးသားပါ။ အလုပ်ကိုယ်စီ ရပြီးတာနှင့် လက်ထပ်ကြမယ်လို့ တစ်ယောက်တည်းတွေးဖြေရင်း ကလျာနီ သင်တန်းရှေ့မှတ်တိုင်မှာ ဆင်းခဲ့သည်။

သင်တန်းမှာ အသစ်ရောက်လာသူက ကလျာနီနှင့် တစ်ခန်းတည်းနေဖူးသည့် မိုးမိုးခိုင်၊ ဝမ်းသာအားရ သင်တန်းပြီးတာနှင့် အအေးဆိုင်မှာထိုင်ရင်း စကားပြောဖြစ်သည်။

"ဟဲ့ နင်တို့ မယူသေးဘူးလား။ ဘွဲ့ရပြီး ယူမယ်ဆို"

"ငါအလုပ်မဝင်ခင် သင်တန်းတွေ တက်နေတုန်း၊ နင်ကော ဗလနဲ့စေ့စပ်ထားတာ ဘယ်တော့ လက်ထပ်မှာလဲ"

"ဒီသီတင်းကျွတ်ပေါ့ အကြာကြီးခွဲမထားချင်ဘူးဟာ၊ သူ့ဘေးမှာ ကောင်မလေးတွေက တို့နှစ်ယောက်အကြောင်းသိပေမယ့် သိပ်ဂရုစိုက်တာ မဟုတ်ဘူး၊ မိန်းမ မရှိရင် လူပျိုပဲတဲ့၊ စိတ်မချရင် မြန်မြန်ယူကြလို့ ပြောသေးတယ်ဟ၊ ငါ သိပ်မစဉ်းစားချင်တော့ဘူး"

စေ့စပ်ထားပြီးကာမှ ဘယ်အလွဲခံချင်ပါ့မလဲ။ မိုးမိုးခိုင်ပြောတာကို သူမနားလည်မိသည်။ ဒါဆို ထွန်းကျော်ကော၊ မန္တလေးမှာ ဘယ်လိုတွေနေပါလိမ့်။ အလုပ်အကိုင်လည်းရှိ၊ ရုပ်ကလည်း ပြေပြစ်၊ သဘောလည်းကောင်းသည့်ချစ်သူကို ကလျာနီ စိတ်မချနိုင်အောင် အတွေးစုံ ဝင်လာသည်။

နောက်နေ့တွေ ဖုန်းဆက်ရင် မှာစရာတွေ များလာတော့သည်။

"အလုပ်ချိန် နောက်ကျလို့ဆိုပြီး ကောင်မလေးတွေ အိမ်ပြန်လိုက်ပို့ခိုင်းရင် ငြင်းရမယ်နော်"

ဒီစကား ပြောဖြစ်အောင် ပြောရလိမ့်မည်။

✿

ကလျာနီသင်တန်းတွေပြီး နှစ်... အကြာမှာ ကုမ္ပဏီမှာ အလုပ်ရသည်... လိုအပ်ချက်ပြည့်အောင် သင်တန်း... တက်ထားသည်ဖြစ်လို့ နေရာကောင်း... တစ်ခု ရလိုက်သည်။

ကလျာနီအတွက် မိသားစု... ပျော်နေကြသလို မန္တလေးက ထွန်း... ကျော်ကလည်း ဖုန်းဆက်သည့်ည... "ကျော်တို့ နီးကြရတော့မယ်" တဲ့။

တက္ကသိုလ်မှာ တွေ့ကြသည်... ပထမနှစ်မှစ၍ ဘွဲ့ရသည့်တိုင် မခွဲ... သူငယ်ချင်းချစ်သူတွေမို့ သံယောဇဉ်... ပို၍ တွယ်ရသည်။

ကလျာနီစိတ်က မန္တလေး... အလုပ်သွားလုပ်မယ် ဖွင့်ပြောတိုင်း... တုန်းက တားချင်ပေမယ့် မြန်... အလုပ်အဆင်ပြေမှ လက်ထပ်ဖို့ စီ... နိုင်မှာပေါ့။ ဝေးသွားတာကြာရင် စိ... ချင်းလည်း ဝေးသွားနိုင်တယ် ကလျာ... ဆိုသော ချစ်သူစကားကြောင့် သူ... အလုပ်ဝင်ပြီး မကြာမီ လက်ထပ်မယ်... ဘာတွေလိုမလဲ စစဉ်းစားတော့သည်...

ခုချိန်မှာ အိမ်ထောင်ပြုလို... လျှင် ငယ်ရွယ်သေးတဲ့ အချိန်လို့ အ... ကြီးနှင့် အမေက နားလည်ပေးလိမ့်... အစ်ကိုလတ်က အစပိုင်း စိတ်ဆိုး... မယ့် သူလည်း ကြာတော့ စိတ်ပြေ... မှာပါ။

ကလျာနီနှင့် ထွန်းကျော်တို့... စကားပြောဖြစ်တိုင်း သူတို့နှစ်ယော... အတူနေရလျှင် တစ်ယောက်ကြို... တစ်ယောက် မကြိုက်တာ ညှိ... အပျော်လွန်ကာ အိပ်မပျော်သည်... ရှိခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com

"ဒီဇင်ဘာလကုန်လောက် စဉ်း
...ရအောင် ကလျာနီဘက်က လူကြီး
...တွ ပြောထားနော်၊ ကျော်လဲ အဘိုး
...ကို ဖွင့်ပြောတော့မယ်"

"အိုကေ . . ကျော် အားလုံးစီစဉ်
...ထားလိုက်မယ် စိတ်ချ"

စိတ်ကူးတွေနှင့်ပျော်ရွှင်း အလုပ်
...တွေ အလုပ်ပြန် ပင်ပန်းတယ်မညည်းဘဲ
...ခိုင်သဲ ဟင်းဝင်ချက်ကြည့်သည်။

"အမယ်လေးတော် နေပြောင်း
...ကို ထွက်ကုန်တော့မယ်"

ဒေါ်လေးမြိုင်က ...တား
...ကောင်း မပြောဘူး၊ စေတနာနဲ့ ကောင်း
...ကောင်း စားစေချင်လို့ ဟင်းချက်သင်
...နေတာ"

"ဟဲ့ ဘယ်သူ့ကိုတုံး"

"လေးမြိုင်ရယ် ဒီအိမ်မှာချက်
...တာ ဒီအိမ်သားတွေအတွက်ပေါ့ဟဲ့၊
...လေးစိတ်ပါလို့ ဟင်းချက်သင်နေတာ
...ကောင်းကောင်းသင်ပေးလိုက်"

အမေ့အသံက ပျော်ရွှင်နေတဲ့
အသံ၊ အစ်မကြီးတို့ မောင်နှမ ပြန်
...ရောက်တော့လည်း ကလျာနီ ချက်ထား
...သည့်ဟင်း အစပ်အဟပ်မတည့်လည်း
...အားရပါးရ စားကြသည်။

ဘာပဲပြောပြော နေ့စဉ် သီသီ
...ကိုယ်တိုင်ချက်ပြုတ်ရသည့်ဆိုင်ဟင်းတွေ
...ထက် ညီမလေးလက်ရာက ပိုကောင်း
...သည်လို့ မှတ်ချက်ပေးကြ၏။

ဒီအိမ်လေးမှာ ကလျာနီကြောင့်
...ပျော်ရွှင်ရယ်မောကြတာ ကလျာနီမရှိ
...ရင် ဘယ်လိုနေကြမှာပါလိမ့်။ အင်းလေ,
...အချိန်တန်တော့လည်း ပုံမှန်ပြန်လည်
...ဖြစ်သွားကြမှာပါလေဟု ဖြေသိမ့်ရင်း
...အတောင်စုံသော ငှက်မလေးမို့ သိုက်
...မြုံက ထွက်ခွာဖို့ စဉ်းစားနေမိသည်။

မနက်ဖြန် ဆွေဆွေတို့နှင့် ချိန်း
...ထား၏။ အိမ်က မသိအောင် ကျော်နှင့်
...ဘဆိတ်လက်ထပ်ဖို့ဆိုတာ မဖြစ်
...လူကြီးတွေကို သူမ ကြိုဖွင့်ပြော
...ထား ခေါင်းချင်းဆိုင် ဆွေးနွေးဖို့
...ဖြစ်သည်။

"ဟိုတ် ကလျာ ငါ သတင်းကြား
ထားတာရှိတယ်၊ နင့် ကိုလတ် မိန်းမယူ
တော့မယ်ဆို ဟုတ်လား"

"ဟာ မဖြစ်နိုင်တာ၊ နင်ဘယ်က
ကြားလာတာလဲ အိမ်မှာတောင် ဘာမှ
မပြောသေးဘဲနဲ့ အ...ပုံး ...အေး
...ဆေးပါဝဲ"

"ဩော် နင့်ကို ကလေးအရာ
ထားတာ ဘယ်သူက ပြောပြမှာလဲဟ၊
ငါ မိန်းကလေးဘက်က ကြားလာတာ၊
ဒီသီတင်းကျွတ်တဲ့ ကလျာ၊ နင်က
အငယ်လေး နောက်ဆုတ်ပေးရမှာပေါ့"

"ဟာ ငါအိမ်ရောက်ရင် အမေ့
ကို ဖွင့်ပြောတော့မယ်၊ ကျော်နဲ့ ငါ
ဒီသီတင်းကျွတ်လို့ ပြောပြီးသားဟ စိတ်
ဆိုးလိမ့်မယ်"

"အင်းလေ၊ နင့်ကိုယူမယ်ဆိုလဲ
မြန်မြန်ဗျူ၊ အချိန်ဆွဲနေတာ စိတ်ပူရ
တယ်၊ တစ်မြို့ တစ်ရွာစီဆိုတော့ ပိုဆိုး
တာပေါ့"

ကလျာနီ ဆွေဆွေနှင့် လမ်းခွဲပြီး
ကားမှတ်တိုင်မရောက်ခင် ဖြန်းစားကြီး
...ရွာသွန်းလိုက်...ကြောင့် နီးစပ်ရာ
...ဆိုင်... မှာ သောက်
...ပြီး ... စောင့်နေ...။

"စိန်... နင့်သမီးလေးကို
ကျောင်းထုတ်ထားသယ်ဆို၊ ငါ့ကန်း
တက်မပ်ိုလေး ထုတ်လိုက်တော့
ဘာခိုင်းရမှာလဲ၊ အငယ်ခုံးလေးပဲ
ဆက်ထားလိုက်ပါဟယ်"

"ကျွန်မကတော့ ဆက်ထားချင်
တာပေါ့ အစ်မရယ်၊ ဒါပေမယ့် ...အစ်မ
တွေ အစ်ကိုတွေက သ...ကြဘူး၊
သူတို့တုန်းက လေးတန်းအောင်တာနဲ့
ကျောင်းထုတ်ပြီး ကြုံရာလုပ်ကိုင်ခိုင်းပြီး
နောက်အငယ်မှ ကျောင်းဆက်မတက်
ခိုင်းရဘူးတဲ့"

"ဟဲ့ ...ဖြစ်လို့တုံး၊ သူတစ်
ယောက်တာနဲ့ နင်တို့ ရုန်းနိုင်လောက်
ပါတယ်၊ နင့်ယောက်ျားလဲ ပန်းရန်ဝင်
နိုင်သေးသားနဲ့ ထားလိုက်ပါအေ၊
မိသားစုထဲမှာ ပညာတတ်လေး တစ်
ယောက်လောက်ပါတော့ ဂုဏ်ရှိတာ
ပေါ့"

ကလျာနီ စားလက်စမုန့်ပန်းကန်
ငေးကြည့်ရင်း အစ်မကြီးမျက်နှာပေါ်မြင်
မိသည်။ အစ်မကြီးတို့တုန်းက ကလျာနီ
အတွက် ဒီလိုငြင်းခဲ့ကြမှာ မဟုတ်ပါ။

"အမယ်လေး အစ်မရယ်၊
ဒီစကားတွေပြောပြီး သူ့ဘဝတွေကို ပြော
ကြည့်ပါသေးတယ်၊ သူ့ပညာတတ်တော့
သူ့မိသားစု သူ့သားသမီးစားရမယ်၊
ဂုဏ်ရှိမှာကဲ့၊ အသွားရှိပြီး အပြန်မရှိ
တတ်တဲ့ မိသားစု မေတ္တာတွေကို နား
မလည်နိုင်ဘူးတဲ့၊

...သူလဲ စာဘယ်လောက်တော်
တော် ...ထက...က အစ်ကို အစ်မတွေလို
ကျောင်းဆက်မတက်တော့ဘဲ ကြုံရာ
လုပ်ခိုင်းတဲ့၊ ကျွန်မ ဘာမှဆက်မပြော
ချင်တော့ပါဘူး အစ်မရယ်"

စကားလည်းပြော ကျလာသည့်
မျက်ရည်တွေကို အကျီစနှင့် သုတ်နေ
သော ပြောင်းဖူးပြုတ်သည် အဒေါ်ကြီး
နှင့် ရခိုင်မုန့်တီဆိုင်က အမျိုးသမီးစကား
တွေက ကလျာနီရင်ထဲ မသက်မသာ
တိုးဝင်နေ၏။

"ဒါဆို နင့်သမီးလေးကို ဘာ
လုပ်ခိုင်းမလဲ"

"ကျွန်မတို့ ...ပွဲကွက်ထဲက
...ဆိုင်မှာပဲ ပန်းကန်ဆေး ဟင်းရွက်
...အ...လို့ ပို့ထားလိုက်ရတာ
ပေါ့ ဒါပေမယ့် အစ်မရယ် ကြာကြာ
မထားရဲပါဘူး ဆိုင်ပိုင်ရှင် ယောက်ျားက
အရက်သမားကြီးလေ စိတ်မချရပါဘူး၊
နောက်ဆုံး သာပူအိုလေးရွက်ခိုင်းပြီး
ကျွန်မနဲ့အတူ လည်ရောင်းရမှာပေါ့၊ မိုး
တိတ်ပြီ အစ်မရေ သွားတော့မယ် ဆင်း
ရဲတဲ့ဘဝမှာ သားသမီးတွေအပေါ်
...နိုင်တော့ ညဘက်တောင်
...အိပ်မပျော်နိုင်ပါဘူး
...တော်"

✿

...ဟာ ပုန်းဖိုင်းကြဲအောင်
ရွာသောမိုးက ခုတော့လည်း နေရောင်



www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ တစ်ပေါက်တလေတောင် မတွေ့ရတော့ လူတွေ သွားလာလှုပ်ရှားမှုက ကလျာနီမျက်လုံးထဲ သွက်လက်လွန်းသည်။

တကယ်တမ်း မလှမ်းချင်သော ခြေလှမ်းတို့နှင့် စလှမ်းလိုက်သော သူ့ကိုယ်က အားမရှိတော့ သလိုပါ။

ရင်ထဲမှာ ဖြစ်ချင်သော ဆန္ဒ၊ အတွေးထဲမှာ နားလည်လာသော အသိတရား တစ်ခုတည်းကိုသာ ဦးစားပေး ရွေးချယ်ရမည်ဆိုလျှင် သူမ ဘာလုပ်ရမှာပါလိမ့်။ ပညာတတ် ဂုဏ်ရှိတော့လည်း သူ့မိသားစုအတွက်ပဲ။ အငယ်ဆုံးမလေးအတွက် တာဝန် မယူပေးချင်သော မိသားစုတွေလည်း ရှိကြမှာပဲ။

ကလျာနီ အပေါ် ထားသော အစ်ကို အစ်မတွေရဲ့ စေတနာက မကုန်နိုင်သော မေတ္တာစုန်ရေတွေပါ။

"သိပ်မျှော်လင့်မထားနဲ့ သီသီရေ မိဘနဲ့ သားသမီး မောင်နှမသားချင်း မေတ္တာတွေမှာ အစုန်သာရှိတယ်၊အဆန်မရှိဘူးဟဲ့"

မကြာခဏ ပြောတတ်သည့် ဒေါ်လေးမြိုင်စကားကို ကလျာနီနားမှာ ပြန်ကြားယောင်လာသည်။ သူမသာ အိမ်သားတွေ ဖွင့်ပြော ငိုပြလိုက်လျှင် ကြာကြာတောင် ခံကြမှာမဟုတ် ခေါင်းညိတ်လက်ခံကြမှာ သေချာသည်။

အစ်ကိုလတ်ကို "ယောကျ်ားလေးပဲ သားရယ် အိမ်ထောင်ပြုမလောပါနဲ့ အချိန်တွေရှိပါသေးတယ်"လို့အမေ မကြာခဏ ပြောနေကျ စကားအတိုင်း ကလျာနီကို ဦးစားပေးပြီး တားလိုက်မလား။

"မျက်နှာလဲ မကောင်းဘူး၊ ဘာဖြစ်လို့လဲ သမီး၊ အမေ့ပြောလေ အစ်မကြီးကို ပြောပေးမယ်" လို့ အိမ်ပေါ် တက်တက်ချင်း လှမ်းမေးလိုက်သည့် အမေ့ကို ခေါင်းခါရင်း. . .

"သမီး မိုးမိလို့ ခေါင်းနည်းနည်း ကိုက်နေတာပါ၊ ဘာမှ မဖြစ်ပါဘူး အမေ"

အိပ်ရာတွင် လှဲအိပ်ရင်း ဘာလုပ်ရမလဲ စဉ်းစားနေမိသည်။ ကျော် သူမအဖြေကို မျှော်နေရှာမှာပဲ။

တနင်္ဂနွေမှာ ဖုန်းဆက်လိုက်မယ်တဲ့။ ချစ်သူနှစ်ဦးအတွက် ဒီသီတင်းကျွတ်ကို မျှော်လင့်ထားကြတာပါ။ လက်ထပ်ခြင်းမပြုနိုင်တောင် စေ့စပ်ထားကြမယ်ဆိုတဲ့ အစီအစဉ်။

"သားရယ် ဒီသီတင်းကျွတ်တော့ မိန်းမ မယူသေးပါနဲ့၊ မင်းအစ်မကြီးက အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိတော့ပေမယ့် ညီမလေးရှိသေးတယ်လေ၊ သူ့မှာ ပညာလည်းစုံပြီ၊ ချစ်သူရှိရင် အိမ်ထောင်ချပေးဖို့ လုပ်ကြပါကွယ်၊ ညီမလေး တင့်တင့်တယ်တယ် ဖြစ်သွားတော့ မင်းတို့လဲ စိတ်အေးရတာပေါ့"

"တကယ်ပဲ အစ်မမှာ ကလျာနီ တစ်ယောက်တည်းရှိတာလား၊ တူလေးလဲ အချိန်ရှိတုန်း ယူပါစေပေါ့"

"နင်မပါနဲ့ လေးမြိုင်၊ တိတ်တိတ်နေ"

ဒီတစ်ခါ သူ့ကို မျက်စောင်းထိုးနေသော ဒေါ်လေးကို အပြစ်မတင်ဘဲ ပြုံးပြဖြစ်သည်။

"သမီး အိမ်ထောင်ပြုဖို့ အစီအစဉ်မရှိသေးပါဘူး အမေရယ်၊ အစ်ကိုလတ်ကိုသာ မိန်းမတောင်းပေးလိုက်ပါ အရွယ်လွန်တော့မယ်"

အသံထိန်း ပြောလိုက်ပေမယ့် ပါးနပ်လွန်းသော ဒေါ်လေးက မျက်လုံးပြူးကြည့်ပြီး ဟုတ်ရဲ့လားဟု မေးနေသယောင်ပါ။

သူမ သေချာစဉ်းစားကြည့်ပြီးပါပြီ။ အစ်မကြီးနှင့် အစ်ကိုလတ်လည်း အဖေမရှိတော့သည့်နောက် ခြောက်တန်း ခုနစ်တန်းနှင့် ကျောင်းထွက်ကာ ထမင်းဆိုင်လေး ဖွင့်ပြီး မိသားစု ငါးယောက်တာဝန်သာမက သူမ ကျောင်းစရိတ်ပါ ရှာပေးခဲ့လို့သာ ကလျာနီ သူများနည်းတူ ရုံးယူနီဖောင်းဝတ် လှလှပပ အလုပ်ဝင်နိုင်ခြင်းပါ။

ဒီလိုမှမဟုတ်ဘဲ အစ်မကြီးနှင့် အစ်ကိုလတ် မေတ္တာစေတနာမပါလျှင် အမေ ဘယ်လိုပဲ တောင်းဆိုပါစေ ကလျာနီလည်း ထမင်းဆိုင်ဘေးမှာ စားသောက်စရာ တစ်ခုခု ရောင်းနေရလောက်ပြီ။

ကျော်ကို ပြောပြရပါမည်။ လူချင်းလည်း မတွေ့နိုင်သေး။ ဖုန်းထဲက ပြောလျှင်လည်း စိတ်ဆိုးစိတ်ကောက်ကြဦးမည်။

ညနေဘက် (Internet Gmail ဖွင့်ကာ သူမရင်ထဲက ခံစားချက်တွေကို ကျော် သိအောင်ရေးပို့လိုက်သည်။

*ကျော်. . .*

*ချစ်ခြင်းမေတ္တာနှင့်အတူ မွေး လာတဲ့ သံယောဇဉ်တွေဟာ အ အဝေးဆိုတဲ့ မှတ်တိုင်၊ အချိန်ကာ ဆိုတဲ့သတ်မှတ်ချက်တွေကြောင့် ပြော လဲမသွားဘူးဆိုရင် ကလျာတို့ မလွဲမ တစ်နေ့ လက်ထပ်ဖြစ်မှာပါ။*

*အစုန်သာရှိတယ်၊ အဆန်မ ဘူးဆိုတဲ့ မိဘမောင်နှမသားချင်း အပေါ် ကလျာမေတ္တာကို ဆန်တက် ပြုပါ။*

*နှစ်နှစ်ဆိုတဲ့ ကာလမှာ အ နဲ့ အိမ်သားတွေအပေါ် တာဝန် နိုင်သလောက် ကျေချင်ပါတယ်။*

*ကလျာကို နောက်နှစ်နှစ် စောင့်ပေးပါကျော်. . . ကျော်ခွင့် ဖုန်းဆက်ပါ။*

*ချစ်တဲ့ကလျာ*

သူမ အိပ်ရာဘေးမှာ ဖုန်း ထားလျက် အိပ်ဖြစ်သည်။ ကျော် သူမကိုချစ်လျှင် တစ်ချိန်ချိန်မှာ ချစ် ဆီက ဖုန်းသံလေးကြားရမှာပဲလို့ မျှော် လင့်ရင်း အဆန်ဆိုတဲ့ မေတ္တာရထား မောင်းဖို့ သူမ ဆုံးဖြတ်လိုက်ပါပြီ။

❒ ခင်မမလေး(က



www.burmeseclassic.com

www.burmeseclassic.com

## လင်းလက်သူ

(၁)

"အောက်အီးအီးအွတ်"

လင်းကြက်တွန်သံနှင့်တူ နံနက်ခင်း၏ မင်္ဂလာအချိန်တွင် ထွက်ပေါ်လာသည့် ကျွန်တော့်အမေ၏ အော်ဟစ်သံက ဆူညံလွန်းလှသည်။

"ဟဲ့ ကိုပေါက်စ၊ ထ ထ၊ နေ့တိုင်း လုပ်နေကျအလုပ် အမြဲတမ်း နှိုးနေရတယ်၊ ကျွန်မ သွားတော့မယ် ထ မြန်မြန်"



အမေ၏ အဖေ့ကို နှိုးသော အသံက ညင်သာမှုမရှိပေ။ ကျွန်တော်၏ အမေမှာ ကျွန်တော်တို့ ရပ်ကွက် ထိပ်တွင် ဆင်းရဲသားများ၏ ဆာလောင်မှုကို ငွေနည်းနည်းနှင့် ဖြေပျောက်စေရန် ဘိန်းမုန့်ရောင်းသူ။ အဖေကတော့ ဆိုက်ကားနင်းသူ တစ်ဦးပင်။

အဖေနှင့် အမေသည် အသက်ရလာသည်နှင့်အမျှ မျက်နှာချင်းဆိုင်၍ မရပေ။ အဖေနှင့် အမေတွင် အဖေက အမေ့ကို ညာသည်ဟု ကျွန်တော် ထင်မိသည်။ သို့ပေမယ့် အဖေသည် အရွဲ့တိုက်တတ်ပြီး အမေကမူ အဖေ့အပေါ် ခက်ထန်မာကျောလေသည်။

"ဟဲ့ ကိုပေါက်စ၊ မထသေးဘူးလား"

"ဒုန်း . . . ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com

အမေ၏ မကျေမနပ်နှင့် အဖေ့ကို ထပ်မံ နိုးနေသံက ကျွန်တော်၏ အတွေးစကို ပြတ်တောက်သွားစေသည်။

"အဖေ ထ ထ၊ အမေနိုးနေတယ်လေ"

ကျွန်တော် မနေနိုင်ဇွာနှင့် အဖေ့ကို နိုးလိုက်သည်။

"ထပါပြီသားရယ်၊ အဖေ ညက သောက်တာ နည်းနည်းများသွားလို့ပါ"

အဖေက ကျွန်တော့်အား အိပ်မှုန်စုံမွှားနှင့် ပြောပြီးထသွားလေသည်။ အဖေသည် ညစဉ်မကပဲ နေ့ခင်းဘက်တွင်ပါ အရက်ကို ခုံမင်စွာ သောက်တတ်သူတစ်ယောက်ဖြစ်သည်။

ကျွန်တော်တို့အိမ်တွင် အဖေသည် အရေးပါသော သူတစ်ယောက်တော့ မဟုတ်ပေ။

"သား နင့်အဖေကို အားမကိုးနဲ့ နင့်အဖေကို အားကိုးလို့ကတော့ ဆိုက်ကားသမားပဲ ဖြစ်မှာ"

ဟု အမေက အဖေ့ကို အားမကိုးရန် အမြဲပြောတတ်သည်။

မည်သို့ပင်ဆိုစေ အဖေသည် ကျွန်တော့်ကို အလွန်ချစ်သည်ဟု အဘွားမဆုံးခင်က ပြောပြသွားခဲ့သည်။ ကျွန်တော့်အား ကျွန်တော့်အမေ မွေးဖွားမည့်နေ့သည် လွတ်လပ်ရေးနေ့ မရောက်ခင် တစ်ရက် ဖြစ်သည်။

ကျွန်တော်တို့ ရပ်ကွက်ထိပ်တွင် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပနေချိန်၌ အမေသည် ကျွန်တော့်ကို မွေးဖွားခဲ့သည်။ ထိုအချိန်တွင် အဖေသည် ရပ်ကွက်တစ်ပတ်ပြေးပွဲတွင် သွားရောက် ယှဉ်ပြိုင်နေသည်။ မဏ္ဍပ်ထဲမှ လော်စပီကာ အသံထွက်ပေါ်လာသည်။

"ကိုပေါက်စ ခင်ဗျား မိန်းမ ယောကျ်ားလေးမွေးတယ်၊ အိမ် အမြန်ပြန်ခဲ့ပါတဲ့" ဟုလှမ်း၍ အကြောင်းကြားလိုက်သည်။

အဖေသည် လော်စပီကာမှ ထွက်ပေါ်လာသည့် အသံကြောင့် လွန်စွာ ပျော်ရွှင်သွားပြီး ရပ်ကွက်ကို တစ်ပတ်မကဘဲ အပတ်ပေါင်းများစွာ သတိလက်လွတ်ပတ်၍ ပြေးနေတော့သည်။

ရပ်ကွက်က လူအများ လိုက်ဖမ်းမှပင် ရပ်တန့်သွားလေသည်။ ထိုအချိန်ကာလက အဖေသည် ဖွဲ့ဆုအဖြစ် မင်းသမီး ဆွေဇင်ထိုက်ပုံ ရရှိခဲ့ဖူးသည်။ အဖေသည် ကျွန်တော့်အား. . .

"သားကြီး၊ ငါ့သားကြီးကွ၊ ငါအားကိုးရမယ့် သားကြီးကွ"

ဟု အမြဲတစေ ပြောတတ်သည်။

ဆိုက်ကားပေါ်တင်၍ သွားလေရာခေါ် ဆောင်သွားသဖြင့် အမေနှင့် ရန်ဖြစ်ကြစမြဲ ဖြစ်သည်။

"ကိုပေါက်စ၊ ရှင် ကလေးကို ခေါ် ခေါ်မသွားနဲ့၊ ကျွန်မ မကြိုက်ဘူး"

"ငါ့သားကို ငါခေါ်တာ မင်းက ဘာဖြစ်တာလဲ"

"ရှင့်လို အရက်သမားဖြစ်မှာစိုးလို့ရှင့်၊ နားလည်လား"

"ဒီမှာ အစန်း၊ ငါ့သားကို ဆိုက်ကားသမားလဲ အဖြစ်မခံဘူး၊ အရက်သမားလဲ အဖြစ်မခံဘူး၊ အင်ဂျင်နီယာ ဖြစ်အောင် ငါ့ပခုံးနဲ့ထမ်းတင်မှာကွ"

ဟုဆိုကာ စိတ်ဆိုး မာန်ဆိုးနှင့် ထွက်သွားလေသည်။

ထိုနေ့သည် အဖေ အရက်အလွန်မူး၍ အမေနှင့် ရန်ဖြစ်သောနေ့ ဖြစ်သည်။

(၂)

ကျွန်တော်သူငယ်တန်း စတက်သည့်နေ့က အားလုံးထက် ပိုပျော်သူမှာ အဖေဟု ကျွန်တော်ထင်မိသည်။

ထိုနေ့က တစ်နေ့လုံး အဖေသည် ဆိုက်ကားမနင်းဘဲ ကျွန်တော်တို့ ကျောင်းထိပ် သစ်ပင်အောက်တွင် တစ်နေကုန်ထိုင်ကာ ကျွန်တော်ကျောင်းအတွင်းမှ ထွက်အလာအား စောင့်နေခဲ့သည်ကို ဝိုးတဝါးမှတ်မိနေသေးသည်။

ဆင်းရဲသော မိသားစုမှ မွေးဖွားလာသော အဖေနှင့် အမေသည် ပညာကိုကောင်းစွာမသင်ခဲ့ရပေ။ ထို့အတွက်ကြောင့် ကျွန်တော့်အား ပညာတတ် အလွန်ပင် ဖြစ်စေချင်ကြသည်။

သို့ပေမယ့် အဖေ အရက်အလွန်အကျွံသောက်၍ အရက်နာကျပြီး မထနိုင်သောနေ့များတွင် အမေက အရွယ်ရောက်နေပြီဖြစ်သော ကျွန်တော့်ကို. .

"သားရေ မင်းအဖေ မထနိုင်လို့ အမေ့ကို ဆိုက်ကားလေးနဲ့ ဈေးခ လိုက်ပို့ပေးပါလားကွယ်"

"ဟုတ်ကဲ့ အမေ"

ကျွန်တော်၏ စကားသံမဆုံး မှာပဲ အဖေက. .

"ဟဲ့ အစန်း၊ နင် ငါ့သား ဆိုက်ကား မနင်းခိုင်းနဲ့လို့ ပြော တယ်လေ၊ ရတယ် ငါလိုက်ပို့ပေးမယ်"

နာလန်မထူနိုင်သည့် ကြား အဖေသည် အမေ့အား ပြောပြောဆို နှင့် လိုက်ပို့ပေးခဲ့သည်။ ယခင်က တန်းအောင်လျှင် စက်မှုကျောင်းတက် ၍ရသည်။

အဖေသည် ကျွန်တော့်အ အင်ဂျင်နီယာ အလွန်ဖြစ်စေချင်သ စက်မှုကျောင်းတက်စေလိုသည်။

"သား ဒီနှစ် စာမေးပွဲအောင် စက်မှုကျောင်းတက်ရမယ်"

"ပိုက်ဆံတွေ အများကြီး ကု ပေါ့ အဖေရာ၊ မတက်ချင်ပါဘူး"

"ဒါတွေ ထားစမ်းပါသား သားသာ တက်ဖြစ်အောင် ကြိုး ကျန်တာအားလုံး အဖေ့တာဝန်ထား"

အဖေသည် အပြောနှင့် အ ညီအောင် ဆိုက်ကားကို မအိပ် ကြိုးစားနင်းကာ အရက်ပင်မသော ဘဲ ပိုက်ဆံစု၍ ကျွန်တော့်ကို မြ နားသို့ လေယာဉ်ဖြင့် စက်မှုကျော ခဲ့သည်။

ကျွန်တော်သည် စက်မှုကျော ကို မြစ်ကြီးနားတွင် ကျောင်း ကျောင်းစားဘဝဖြင့် အပူအပင် လိုလေသေးမရှိ သုံးနှစ်တက်ခဲ့ရ စာမေးပွဲပြီး၍ ကျွန်တော်အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

အခါ အဖေသည် တော်တော်ပင် ယ်ကျနေပြီ ဖြစ်သည်။

"အဖေရာ ဘယ်လိုဖြစ်တာလဲ၊ သွားလိုက်တာ"

ကျွန်တော်၏ အမေးကို အဖေ ဖြေဘဲ ပြုံးပြီးကြည့်နေပေမယ့် ကြီး ာင်ဝင်လာသော ကျွန်တော့်ညီမ က. . .

"ကိုကြီးပဲ အပြောကောင်း၊ အဖေက ကိုကြီးအတွက် မနား နဲ့ ဆိုက်ကားနင်းရတာ ဒီလောက် ရှိမှာပေါ့"

ကျွန်တော်သည် စိတ်မကောင်း ဖြင့် အဖေ့အား. . .

"အဖေ တော်တော်ပင်ပန်းနေ နော်၊စိတ်ချပါအဖေ၊ အဖေ့ကို သား လှည့် ပြန်လုပ်ကျွေးရတော့မှာပါ" နှစ်သိမ့်အားပေးသောအခါ အဖေ . .

"ဒါပေါ့ သားကြီးရာ၊ မင်းအခု ဂျင်နီယာ ဖြစ်ပြီဆိုတော့ အဖေ ကိုးလို့ ရပြီပေါ့"

ကျွန်တော့်ကို ပြန်ပြောသော မျက်လုံးများက အားကိုးသော ည့်ဖြင့် အရောင်လဲ့၍ တောက်ပ လေသည်။ ကျွန်တော်သည် မြစ်ကြီး ပြန်ရောက်ပြီး စက်မှုကျောင်းဆင်း ဖြင့် အင်ဂျင်နီယာ အမည်ခံကာ ပ်လက်မဲ့ဘဝဖြင့် နေခဲ့သည်မှာ နှစ်ပင် ပြည့်တော့မည်ဖြစ်သည်။

အမေကမူ ဆီးချို၊ သွေးတိုး၊ သော ရောဂါဝေဒနာများ ခံစား



နေရ၍ ကျန်းမာရေး မကောင်းလှတော့ပေ။

အလုပ်လက်မဲ့ ဖြစ်နေသော ကျွန်တော့်အား ညီမလေးနှင့် ရောဂါ သည် အမေတို့က အလုပ်လုပ်စေချင် ကြသည်။

"သားကြီးရယ် မင်း အလုပ် တစ်ခုခု လုပ်ပါလား"

"ဟုတ်သားပဲ ကိုကြီးရယ်၊ အမေ ကလဲ ကျန်းမာရေး ကောင်းတာမဟုတ် ဘူး၊ အလုပ်ရွေးမနေပါနဲ့တော့"

"အေးပါဟာ ငါလဲရှာနေတာပဲ၊ အချိန်တန်ရင် အလုပ်တစ်ခုရမှာပေါ့"

ကျွန်တော်နှင့် အမေတို့ နှစ် ယောက် အပြန်အလှန် ပြောဆိုနေကြ ချိန်တွင် ထမင်းစားရန် ရောက်ရှိလာ သော အဖေကြားသွားပြီး. . .

"အစန်း ငါ့သားကို ဖိအား သိပ်မပေးနဲ့၊ ငါ့သားကြီး တတ်ထားတဲ့ ပညာက တော်ရုံတန်ရုံအလုပ် လုပ်ဖို့ မဟုတ်ဘူး"

အတန်းပညာကို ကောင်းစွာ မတတ်ခဲ့သော အဖေသည် ကျွန်တော့် အတွက် ဂုဏ်ယူမဆုံး ဖြစ်နေသည်။

ကျွန်တော့်ကိုလည်း. . .

"သားကြီး မင်းအမေနဲ့ ညီမ ပြောတာ စိတ်ထဲမထည့်နဲ့ မင်းမှာ အဖေ တစ်ယောက်လုံးရှိသေးတယ်၊ ဘာမှ အားမလျှော့နဲ့ ကြားလား"

ကျွန်တော့်ကို အားမာန်အပြည့် နှင့် ပြောသော အဖေသည် ဆံပင်တွေ ဖြူ၍ အတော်ပင် အရွယ်ကျနေပြီ ဖြစ် သည်။ ကျွန်တော်သည် တစ်ခါတစ်ရံ ရသော ကန်ထရိုက်အလုပ် အဆင်ပြေ လာသည့်အခါတိုင်းတွင် အဖေ့အတွက် အရက်အကောင်းစားများ ဝယ်လာ ပေးသည့်အခါ၌. . .

"ငါ့သားကြီးက သိပ်သိတတ် တာ၊ မင်း မိဘကြိုက်တာသိလို့ မင်း ချမ်းသာဦးမှာ၊ ကြီးပွားဦးမှာ တွေ့လား အစန်း၊ ငါ့သား ဘယ်လောက်လိမ္မာ လိုက်သလဲ"

အိပ်ရာထဲ လှဲနေသော အမေ့ ကိုပင် အဖေသည် ရီဝေဝေ အသံဖြင့် လှမ်း၍ ပြောနေသေးသည်။ ထိုကဲ့သို့ သောနေ့များတွင် အဖေသည် ကျွန် တော်ဝယ်လာသော အရက်ကို ဇိမ်ဆွဲ သောက်ရင်း စကားများ ဖောင်ဖွဲ့နေ သည်မှာ မဆုံးနိုင်တော့ပေ။

အလုပ်ကလေး မှန်လာသော ကျွန်တော်သည် အပေါင်းအသင်း ကလေးနှင့် အိမ်ပြန်ချိန်တွင် ယမကာ ကို မှီဝဲတတ်လာသည်။

အရက်သောက်တတ် လာသော ကျွန်တော့်အား အမေနှင့် ညီမလေး၏ ပြစ်တင်ပြောဆိုသံများကို အဖေက. .

"ယောကျ်ားလေး အရက် သောက်တတ်တာဆန်းသလား၊ အရက် သောက်တိုင်း အရက်သမား ဖြစ်ရမှာ လား၊ ငါ့သား အရက်သမား မဟုတ်ဘူး၊ ယောကျ်ားလေးဆိုတာ အကုန်လုပ် တတ်ရတယ်၊ ဒါပေမယ့် သားကြီး မင်း ဘယ်[illegible]ရားလွန် မဖြစ်စေနဲ့ ကြားလား"

[illegible] အမေနှင့် စကား များ [illegible]ဖြစ်သည်။

[illegible]သည်မှာ အဖေ သည် အ[illegible]ပြုံချက်[illegible] ကျွန် တော် အရက်သောက်တတ်သည့်အချိန် မှစ၍ အရက်ကို လုံးဝမသောက်ဘဲ ဖြတ်ပစ်လိုက်ခြင်းပင် ဖြစ်[illegible]သည်။

(၃)

ပူပြင်းလှသော [illegible] အတာကူးသော တန်ခူး[illegible] [illegible] အချိန်အခါတွင် အချို့က ရေကစား ရင်း၊ အချို့က တရားစခန်းဝင် ဥပုသ် သီလဆောက်တည်ရင်း [illegible] အလှူများလုပ်ခြင်း၊ [illegible] တွင် ယမကာမှီဝဲပြီး ပျော်ရွှင်မှု ကာခုန် ၍ အချိန်ကို ကုန်ဆုံးစေသည်။

အဖေကမူ ကျွန်တော်တို့ ရပ်ကွက်ထိပ်ရှိ မဏ္ဍပ်တွင် ကျွန်တော် နှင့်အတူ စတုဒီသာလှူသည်ကို ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကြပ်၍ ကျွန်တော့်အား အန္တရာယ်မဖြစ်စေရန် လိုက်စောင့်ရှောက်လေသည်။

အကြို၊ အကျ။

အကြတ်၊ အတက်။

သည်နေ့ သင်္ကြန်အတက်နေ့၊ သင်္ကြန်နောက်ဆုံးရက်ဖြစ်သည်။

ကျွန်တော်တို့ မဏ္ဍပ်အကျွေးအမွေး အစီအစဉ်မှာ ယနေ့ညနေ သာကူတိုက်မည် ဖြစ်သည်။

"ကိုပေါက်စ ရှင် လူကြီးဖြစ်ပြီး သိပ်မကဲနဲ့နော်၊ ဒီနေ့ သင်္ကြန် နောက်ဆုံးရက်"

"အေးပါကွ၊ ငါ့သား အန္တရာယ်ဖြစ်မှာစိုးလို့ ငါ့သားကို လိုက်စောင့်ရှောက်နေတာ"

"ကျွန်မသိပါတယ်၊ ရှင် အရက်ပြန်သောက်မှာစိုးလို့ ပြောနေရတာ"

"ဒီမှာ အစန်း၊ ငါ့သားသမီးတွေအတွက် အရက်ဘယ်တော့မှမသောက်တော့ဘူး၊ လာ သား သွားမယ်၊ လမ်းထိပ်မှာ သာကူတိုက်ဖို့ နောက်ကျနေမယ်"

အဖေသည် ကျွန်တော့်ပခုံးဖက်၍ မဏ္ဍပ်ရှိရာသို့ ထွက်ခဲ့သည်။

အဖေသည် မဏ္ဍပ်မရောက်မီ ကျွန်တော့်အား. . .

"သားကြီး မင်းအရက်မသောက်ရဘူးနော်"

"ဟုတ်ကဲ့ပါ အဖေရဲ့၊ အဖေ လဲ မသောက်ရဘူးနော်၊ တော်ကြာ အမေ လိုက်လာနေဦးမယ်"

ကျွန်တော်တို့ သားအဖသည် ပျော်ရွှင်စွာ ပြုံးတူရယ်မောမိကြသည်။

ရပ်ကွက်ထိပ်ရှိ မဏ္ဍပ်တွင် မြူးကြွသော သင်္ကြန်တီးလုံးများဖြင့် သာကူလှူ၍ ကျွေးမွေးဧည့်ခံနေသည်မှာ ပျော်စရာကောင်းလှသည်။

အဖေသည် အလှူတွင် ကြီးကြပ်နေသည်မှာ မမောနိုင် မပန်းနိုင်ပေ။ ကျွန်တော်သည် အဖေမသိအောင် အရက်ကို ခိုးခိုးသောက်နေသည်မှာ အရှိန်ပင်တော်တော်ရလာပြီ ဖြစ်သည်။

ထိုအချိန်တွင် ကောင်မလေးနှစ်ယောက်နှင့် ကောင်လေးငါးယောက်အဖွဲ့ မဏ္ဍပ်ရှေ့ရောက်လာသည်။

"အဖေ ကျွန်တော် ကောင်မလေးကို ရေသွားလောင်းချင်တယ်"

"သွားလောင်းလေ သားရဲ့၊ အရမ်းတော့ မလုပ်နဲ့နော်"

အဖေ သတိပေးနေသည့်ကြားမှ ကျွန်တော်သည် ကောင်မလေးကို ခေါင်းမှစ၍ ရေပုံးနှင့် လောင်းချလိုက်သည်။

ယမကာရှိန်ရနေသော ကျွန်တော်သည် ရေပုံးနှင့် ကောင်မလေးကိုယ်ပေါ်သို့ ပြိုလဲမတတ်ဖြစ်သွားသည်။ ကောင်မလေးနှင့်ပါလာသော သူ၏ချစ်သူသည် ကျွန်တော်တမင် ဖန်တီးသည်ထင်သွားကာ. . .

"မိုက်ရိုင်းပြီး နှမချင်း မစာနာလိုက်တာ ကဲကွာ၊ ကဲကွာ ခွပ် ခွပ် ခွပ်"

အပြောနှင့်အတူ ကျွန်တော့်အား အသဲအမဲ ထိုးတော့သည်။ မူးနေသော ကျွန်တော်သည် ပြန်ခုခံဖို့ ခွန်အားမရှိပေ။

ကျွန်တော့်အားထိုးနေသည်ကို မြင်သွားသော အဖေသည် အမှန်အမှား မေးမြန်းမနေဘဲ ထိုသူအား အချက်ပေါင်းများစွာ ပြန်၍ ထိုးလေသည်။

ငါးယောက်အဖွဲ့နှင့် ကျွန်တော်တို့အဖွဲ့ ရန်ပွဲသည် မထင်မှတ်ဘဲ ကြီးထွားခဲ့ရသည်။ ထိုအချိန်တွင် အဖေသည် ရုတ်ကရက် ဆောင့်တွန်းလိုက်သည်။

"ဒုတ်"

"အင့်"

အဖေသည် တစ်ဖက်လူက ကျွန်တော့်ကို ဓားနှင့် လာရောက်ထိုးသည်ကို မြင်၍ တွန်းဖယ်ပြီး ဝင်ခံလိုက်ခြင်းဖြစ်သည်။ ကျွန်တော်၏ မျက်လုံးသည် ပြာဝေသွားပြီး မူးနေသော အရက်တို့သည် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့သည်။

"အဖေ . . . အဖေ"

သွေးများဖြင့် လဲကျနေ… အဖေ့ဆီကို ပြေးသွားပြီး ထွေး… သည်။

"အဖေ . . . အဖေ"

"သားကြီး ဘာမှမဖြစ်…

"သားဘာမှမဖြစ်ပါဘူး … ရယ်၊ အဖေ သတိထားပါနော်"

သေလုမြောပါး ဖြစ်… အဖေသည် ကျွန်တော့်အတွက် … နေသေးသည်။ ရဲများရောက်လာ… ပွဲက ပြီးဆုံးသွားသည်။ သတိ… သော အဖေ့ကို ဆေးရုံသို့ ပို့… သည်။ သင်္ကြန်ကြီးလည်း … အကျည်းတန်စွာနှင့် ပြီးဆုံးသွား… သည်။

နှစ်ဆန်းတစ်ရက်။

နှစ်ဆန်းနှစ်ရက်။

အဖေ သတိမရသည်… ရက်ပင် ရှိခဲ့ပြီ။ ဆရာဝန်ကြီး… ပြချက်အရ အဖေ အသက်… နည်းလမ်းသိပ်မရှိတော့ပေ။ ကျွန်… သည် အဖေ့အတွက် ဘာမှ … နိုင်ခဲ့ပေ။

ကျွန်တော်လုပ်နိုင်တာ … က. . .

"ကျွန်တော့်ကို အလွန်… ပျော်ပျော်နေတတ်သော၊ ကျွ… အပေါ်တွင် တာဝန်ကျေသော … သတိမြန်မြန်ရပါစေ" ဟု ဆု… တစ်ပါး။

အမျိုးမျိုးသော ဖခင်… ထိပ်ပန်ဆင်လျက်. . .

❒ …





www.burmeseclassic.com

www.burmeseclassic.com




Idea ကို အင်္ဂလိပ် မြန်မာအဘိ
...တွင် စိတ်ကူး၊ စိတ်ကူးပုံ အထင်
... အကြံပြု အဓိပ္ပာယ်ဖွင့်ဆိုထား
...ကိုတွေ့ရသည်။

သို့သော် အိုင်ဒီယာ ဟု တိုက်
...လိုက်ခြင်းက ပို၍ထိရောက်ပြီး
...ရိုတ်သတ်လည်း အလွယ်တကူ
...ည်မည်ဟု ထင်မြင်ယူဆသဖြင့်
...သုံး၍ အသုံးပြုသည်ကို ခွင့်
...စေလိုပါသည်။

ယနေ့ ကာလတွင် အိုင်ဒီယာ
... စကားလုံးကို နယ်ပယ်အနှံ့
...တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးနေ
...၊ မော်တော်ကား၊ ပလာယာ၊
...၊ ဂီယာ၊ မီတာ စသည်ဖြင့် အင်္ဂ
...ကားများကို မြန်မာအသံဖလှယ်
...ကိုက်ရိုက်မွေးစားရယူသကဲ့သို့ အိုင်
...သည်း ပါဝင်လာပြီ ထင်ပါသည်။

အမှန်စင်စစ် အိုင်ဒီယာသည် လူ့ဘဝအတွက် လူတစ်ဦးတစ်ယောက်အတွက် အလွန်ပင် အရေးပါ အရာရောက်လှပေသည်။ ဥပမာ နိုင်ငံတစ်ခုအတွက် ထိုနိုင်ငံ၏ နံပါတ်တစ်ခေါင်းဆောင်ဖြစ်သူ၏ အိုင်ဒီယာသည် သူ့နိုင်ငံနှင့် သူ့နိုင်ငံသားတို့အတွက် အလွန်အရေးပါသည်ကို အထူးဆိုဖွယ်မရှိပါပြီ။ မိမိ၏ နိုင်ငံကို မည်သည့် စနစ်ဖြင့် တည်ထောင်မည်၊ မည်သို့သော စီးပွားရေးမူဝါဒကို ကျင့်မည်၊ ကမ္ဘာ့နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မည်၊ သို့မဟုတ် အရှေ့ယိမ်းမည်၊ အနောက်ယိမ်းမည်၊ သို့မဟုတ် ကြားနေမည် စသည်ဖြင့် စဉ်းစားဝေဖန် ဆုံးဖြတ်ချက်ချက်ချရပေသည်။

တိုင်းနိုင်ငံမှသည် လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများတွင်လည်း ဦးစီးပဲ့ကိုင် အကြီးအမှူးဖြစ်သူ ဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှု၊ ခေါင်းဆောင်နိုင်မှုအပေါ် မူတည်၍ ဥက္ကဋ္ဌ၊ အဖွဲ့အစည်း၏ ခေါင်းဆောင်၏ အိုင်ဒီယာသည် မည်မျှ အရေးကြီးမည်ဖြစ်ကြောင်း သိသာထင်ရှားပါသည်။

အိုင်ဒီယာမှသည် ဆုံးဖြတ်ချက်ဆီသို့ ဦးတည်ပါသည်။ မဝေးလှသော အတိတ်ဆီက မြန်မာ့နိုင်ငံရေးကို ဥပမာပေးလိုပါသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် ဂျပန်နှင့် ပေါင်း၍ အင်္ဂလိပ်ကို တိုက်ထုတ်ရန် ဗိုလ်ချုပ်အောင်ဆန်း အိုင်ဒီယာ ရသဖြင့် ဆုံးဖြတ်ချက်ချကာ အင်္ဂလိပ်ကို တိုက်ထုတ်နိုင်ခဲ့သည်။ ၁၉၄၂-၁၉၄၅ သုံးနှစ်တာကာလအတွင်း ဂျပန်တို့၏ ရှေ့ရည်စိမ်လွတ်လပ်ရေးအတုအယောင်ကို ဟန်ပြလက်ခံခဲ့ပြီး ဖက်ဆစ်ဝါဒီများကို မဟာ





www.burmeseclassic.com

www.burmeseclassic.com

မိတ်များ အကူအညီဖြင့် ပြန်လည် တိုက်ထုတ်နိုင်ခဲ့သည်။ အကြံဉာဏ်မှာလည်း ဗိုလ်ချုပ်အောင်ဆန်း၏ အိုင်ဒီယာပင် ဖြစ်ပါသည်။

အိုင်ဒီယာ အကြောင်း နိဒါန်းပျိုးရသည်မှာ အတန်ငယ် ရှည်လျားသွားပါသည်။ စာရေးသူ၏ သေရေးရှင်ရေး ကျန်းမာရေးအတွက် သားကြီး ဩရသ၏ အိုင်ဒီယာအကြောင်း တင်ပြလိုခြင်းကြောင့် ဖြစ်ပါသည်။

စာရေးသူ၏ အကျင့်မှာ နံနက် ၅ နာရီခန့်ထ ကိုယ်လက်သန့်စင် ကြက်ဥပြုတ်နှစ်လုံးစား၊ ဆေးခုနစ်လုံးသောက် လမ်းလျှောက် လက်ဖက်ရည်ဆိုင် လေပစ် စနစ်ဖြင့် ဆေးရုံကဆင်းပြီးကတည်းက နိစ္စဓူဝ နေ့စဉ်လုပ်ငန်းအဖြစ် လုပ်ဆောင်ခဲ့သည်မှာ ငါးလမျှ ကြာခဲ့ပါပြီ။

အခင်းဖြစ်သည့်နေ့က နံနက် ၁၀ နာရီအထိ အိပ်ရာက မထဖြစ်ပေ။ ပက္ခြင်း အကြောင်းမှာ ကိုယ်လက်များ လေးလကိုက်ခဲနေ၍ ဖြစ်သည်။ ဇနီးဖြစ်သူကလည်း ထိုအချိန်မှ သတိရ၍ လာနှိုးသည်။ နေထိုင်မကောင်းဘူးလား ဆိုပြီး နဖူးကို စမ်းသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူနေပါပြီ။

မဖြစ်ဘူး ဆေးခန်းသွားပြရမှာ ဆိုပြီး ကားထုတ်ကာ ဆေးခန်းသွားကြသည်။ မိသားစု ဆရာဝန်က အဖျား တိုင်းသည်။ အဖျားက ၁၀၄ ဒီဂရီ၊ သွေးပေါင်ချိန်သည် အပေါ်သွေး ၆၀၊ အောက်သွေး ၄၀ သာရှိတော့သည်။ အသားဖြူသော ဆရာဝန်၏မျက်နှာမှာ နီမြန်းသွားသည်။ ဆေးလက်မှတ် မြန်မြန်ရေးပေးပြီး ကျွန်တော်တို့နှင့် အနီးဆုံး ပုဂ္ဂလိကဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးထံ ပြေးခိုင်းသည်။ ဆေးဖိုး FOC ပါ။ Free Of Charge အခမဲ့ ကုပေးလိုက်ပါသည်။

မြန်မြန်သွားပါ။ အန္တရာယ်ရှိသည်လို့ လှမ်းပြောပါသည်။ အားလုံးမျက်လုံးပြူးသွားကြသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြတော့ပါ။

မိသားစုက အားထားရသော သားကြီး ဩရသကို တယ်လီဖုန်းဆက်ရတော့သည်။

သားကြီးက ပုဂ္ဂလိက ဆေးရုံသို့ မသွားဘဲ မင်္ဂလာဒုံ ခုတင် ၁၀၀၀ ဆေးရုံကြီးသို့သာ သွားရန် Idea ပေးပါသည်။ အဖေကို မေးသောအခါတွင်လည်း သားကြီး သဘောပါ ဆိုလိုက်သည်။ သူသည် အလုပ်တစ်ခုကို လုပ်လျှင် စနစ်တကျ ပီပီပြင်ပြင် ပြတ်ပြတ်သားသားဖြင့် အောင်အောင်မြင်မြင် ဖြစ်အောင်လုပ်တတ်သည်။ စည်းစနစ်ကျသည်။ အမြော်အမြင်ရှိသည်။ လူကြီးလူကောင်းဆန်သည်။ သူ၏ ရိုးသားကြိုးစားမှု အလုပ်အပေါ်တွင် အာရုံအပြည့်ရှိမှုကြောင့် (၁၀)နှစ်အတွင်းမှာပင် ဌာနကြီးတစ်ခု၏ အကြီးအကဲ ရာထူး ရခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိက စီးပွားရေးလောကတွင် ရိုးရိုးကျင့် မြင့်မြင့်ကြံ၍ ဤသို့ ရာထူးရာခံရရှိခြင်း ဖြစ်တန်ရာသည်။ အခြားအချက် တစ်ချက်မှာ မိကောင်းဖခင် သားသမီးတစ်ယောက်ဖြစ်ခြင်းပင် ထင်ပါသည်။

သားကြီးသည် ကျွန်တော်ဆေးရုံတက်ရစဉ်က ခင်မင်ရင်းနှီးနေသော ဆရာဝန်ကြီးများကို ကြိုတင်အကြောင်းကြားထားသည်။ ကျွန်တော်၏ ဖြစ်ပုံကို ပြောပြထားသည်။

ကျွန်တော်တို့ ဆေးရုံကိုရောက်သောအခါ ဆေးဝါးအပြည့်အစုံ စက်ကရိယာအပြည့်အစုံနှင့် တာဝန်ကျဆရာဝန်ကြီးပါ ရောက်နှင့်နေသည်။ စရောက်သည်နှင့် E.C.G ရိုက်၊ အောက်ဆီဂျင်ပေး၊ Drip ချိတ်၊ သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်းချိန်၊ နားကြပ်ဖြင့် ရင်ဘတ်ကိုစမ်း အစရှိသည်ဖြင့် အားတက်သရော စိတ်စေတနာအပြည့်ဖြင့် ကုသပေးကြသည်။

နှလုံးခွဲထားသော လူနာဟောင်းဖြစ်သောကြောင့် ဆေးရုံကြီး၏ တပ်မှူး၊ မေ့ဆေးဆရာဝန်ကြီးများ၊ ကျွန်တော့်အား ခွဲစိတ်ပေးသော ဗိုလ်မှူးရန်နောင် ဗိုလ်မှူးမောင်မောင်၊ ဗိုလ်ကြီး ကျော် ... ရနှင့် စစ္စတာများပါ ရောက်လာကြ ... တော့သည်။

သွေးဖောက် သွေးစစ် လုပ် ... သည်။

ကျွန်တော် ကံကောင်းသည် ... အဖျားအလွန်ကြီး၍ ဆေးရုံ ... သောနေ့သည် ကျွန်တော် နှလုံးခွဲစိ ... ကုသမှု ခံယူပြီး ပထမတစ်လ ပြည့်ပြီး ... နောက် ဒုတိယအကြိမ် (၃)လခြား ပြ ... ရမည့် နေ့နှင့် တိုက်ဆိုင်နေပါသည် ...

နှလုံးရောဂါကု ဆရာဝန်ကြီး ... များက နှလုံးနှင့်ပတ်သက်သည်များ ... ဘက်စုံထောင့်စုံ ရေပက်မဝင်အော ... စူးစမ်းမေးမြန်းကြပါသည်။ နှလုံးကို ... စိုးရိမ်စရာမရှိ စိတ်ချရသည်ဟု ... သည်။

ဖျားနာမှုကို ကုသပေးသော ... ဆရာဝန်ကလည်း (၂)ရက်နှင့် အ ... ကျအောင် ကုသပေးပါသည်။ ဤ ... အအေးမိပြီး အပြင်းဖျားလျှင် ဤ ... သွေးပေါင်ကျတတ်ကြောင်း ရုတ် ... သွေးပေါင်ကျသွားလျှင် နီးစပ်ရာ ဆေး ... ဆေးခန်းသို့ ပြသင့်ကြောင်း သွေး ... ၄၀ အောက် ကျသွားလျှင် ... ကြောင်း ရှင်းပြသည်။

ဆေးရုံတက်သည့်နေ့ ည ... ကို ဆန်ပြုတ်အရည်ကျဲ နည်း ... သောက်လိုက်သည်။ ကိုယ်လက် ... ၍ တစ်နေ့လုံး ဘာမှမစားဘဲ ... သာနေတော့သည်။ ဆေးများတို ... သွင်းထားသဖြင့် အိပ်၍ပျော်ပါ ... လင်းတစ်ရေးမှို့ အားရှိသွားသည် ...

နောက်တစ်နေ့ နံနက် ... အင်ရှူးဝါးနို့မှုန့်သောက်သည်။ ... ဆန်ပြုတ်နှင့် ဆေးသောက်သည် ... လယ်လည်း ဆန်ပြုတ်၊ ညနေ ... ဆန်ပြုတ်သောက်သည်။

ညအိပ်ရာဝင်တွင် အင် ... နို့မှုန့်နှင့် ဆေးသောက်ပြီး အိပ် ... နိုးတစ်လှည့် အိပ်တစ်ခါဖြစ် ...





www.burmeseclassic.com

www.burmeseclassic.com

...မရှိတော့၍ ပျော်နေသည်။ ကိုယ် ...လေးချိန်ပါ (၃)ကီလိုခန့်ကျသည်ဆို ... ပျော်ရသည်။ ဤခန္ဓာကိုယ်ကြီး ...ပေါင်(၁၈၀)ကျော်ကို ပေါင် (၁၅၀) ...ချရမှာ မိမိတာဝန်ရှိသေးသည်။

စစ္စတာများကတော့ ကာဗွန် ...ဒရိတ်လျှော့စား၊ အသီးအရွက် ...စားလို့မှာကြားပါသည်။အတတ် ...ဆုံး လိုက်နာရပါတော့မည်။ အစား ...တ ဘီလူးဟု မြန်မာ့ဆိုရိုးစကား ...လည်း ရှိထားသည်။ မိမိကိုယ်တိုင် ...စားမကြူးမိစေရန် သတိဆောင်ရ ...သည်။ အစားမတော်တစ်လုတ်၊ အသွား ...တော်တစ်လှမ်း၊ ကျန်းမာရေးအတွက် ...အရာရာ သတိရှိရပါတော့မည်။

ကျွန်တော် အဖျားမရှိတော့ဘဲ ...မြန်သွားလာ စားသောက်နိုင်သော ...ခါ နှလုံးရောဂါခွဲစိတ်ကုသမှု (၃)လ ...ည့် ပြန်လည်ပြုသမှုအနေဖြင့် Eco ...ိုက်ပေးပါသည်။

ထို့နောက် သက်ဆိုင်ရာ ဆရာဝန်ကြီးက ဆေးရုံဆင်းခွင့်ပေးလိုက်ရာ ပြင်ပလေကို ရှူရှိုက်လိုသော ကျွန်တော့်အဖို့ အထူးပင် ဝမ်းသာကြည်နူးမိပါတော့သည်။

ကျွန်တော်သည် တပ်မတော်ဆေးရုံကြီး၏ တပ်မှူးမှအစ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ စစ္စတာများ၊ ဆရာသမားများ၊ ဓာတ်မှန်၊ သွေးစစ်၊ ခွဲစိတ် အစရှိသည့် ဌာနများမှ ပညာရှင်များ၊ လုပ်သားများ၊ ရဲဘော်များ၊ သန့်ရှင်းရေးသမားများ၊ စားဖိုဆောင်မှ အမှုထမ်းများအား ကျေးဇူးတင်လွန်းသဖြင့် လောလောလတ်လတ် စာမူခ ရရှိထားသော ငွေ ၃၀၀၀၀ ကျပ်ကို လှူဒါန်းခဲ့ပါသည်။ ကျွန်တော်တို့ စာရေးဆရာများသည် ငွေကြေးချို့တဲ့ကြပါသည်။ သို့သော် စေတနာ မချို့တဲ့ပါ။ အလှူရှင်များ များများ လှူဒါန်းနိုင်ပါမှ ဆေးကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မည် ဖြစ်ပါသည်။ လှူဒါန်းနိုင်သူ စေတနာရှင်အပေါင်းက တတ်အားသရွေ့ လှူဒါန်းစေလိုပါသည်။ လွန်ခဲ့သော ငါးလခန့်က ဆေးရုံက ပေးခဲ့သော ကျွန်တော့်အပေါ်တင်ရှိခဲ့သည့် ကျေးဇူးအပေါင်းကို ဤစာစုဖြင့် ကျေးဇူးဆပ်ပါသည်။

အိုင်ဒီယာ ကောင်းကောင်းဖြင့် No(1)DSGH 1000 Bedded Mingaladon လူထုအခေါ် မင်္ဂလာဒုံစစ်ဆေးရုံကြီးသို့ သွားရန် အကြံပြုပေးသော သားကြီးကိုလည်း ကျေးဇူးတင်ကြောင်းနှင့် မိမိဆေးရုံတက်စဉ် ပင်ပန်းခဲ့ကြသော သားသမီး ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား ဤစာစုဖြင့် ကျေးဇူးဆပ်လိုက်ပါသည်။

အားလုံးကျန်းမာချမ်းသာကြပါစေ။

❒ အောင်ကြည်ညွန့်(တထ္ထသိုလ်)




ဦး အရဟံ မေတ္တာ လာဘ်

နက်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

**ဟောခန်းတည်နေရာ** ➽ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
**လမ်းညွှန်** ➽ အမိပမိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
**ဟောပြောချိန်** ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
**ဆက်သွယ်ရန် ဖုန်း** ➽ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။
**မှတ်ချက်** ➽ ***ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။*** ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

# ကိုချမ်း

## အိပ်မက်၏ အက်ကြောင်း

(၁)

ကောင်းကင်သည် ပြာတောက်လျက်ရှိသည်
တိမ်တွေကပဲ ပြေးလွှားနေသလား၊
မောင်းနေသည့် အရှိန်ကြောင့်ပဲလားမသိ၊ တိမ်
တစ်အုပ်ကတော့ တဖျပ်ဖျပ် ပြောင်းလဲနေပေသည်
ကိုယ့်စိတ်တွေလိုပဲပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ချစ်သူပြုံးလိုက်တိုင်း ပြတင်းပေါက်ကြားက ချောင်းကြည့်သလို လှစ်ခနဲထွက်လာတတ်သည့် နီတွေးတွေးနှုတ်ခမ်းလေးများကြားမှ သွားတက်ဖြူဖြူလေးတွေ။

"စံပယ်ဖူးလေးတွေနဲ့ တူတယ်"

"ဟွန့် . . . ပိုတယ်"

တစ်ရံရောအခါက ချစ်သူ မှုန့်သံလေးကို လတ်လတ်ဆတ်ဆတ် ကိုယ်ပြန်ကြားနေရသည်။ အမြင်အာရုံသာမက အနံ့အာရုံ၌ပင် ချစ်သူ၏ ကိုယ်သင်းနံ့ကို ရှူရှိုက်မိနေသည်။ တိုက်ဆိုင်မှုလို့ပဲ ဆိုရမလား၊ ကိုယ့်ဘေးမှာ ကပ်လျက် ဝင်ထိုင်လိုက်သည့် မိန်းကလေး၏ ရေမွှေးနံ့ကလည်း ချစ်သူနှစ်ခြိုက်စွာ သုံးခဲ့သည့်ရနံ့။ ဟိုးနှစ်ပေါင်းများစွာမှ ယနေ့တိုင် ကျော်ကြားနေဆဲဖြစ်သော ပြင်သစ်ရေမွှေးကုမ္ပဏီကြီးတစ်ခုမှ ထုတ်လုပ်ခဲ့သည့် ရေမွှေး။

ကိုယ့်ရင်ခုန်သံနှင့်ကားသံမှာ ညီညွတ်မှုတစ္စာ ဟာမိုနီဖြစ်လျက် ရောယှက်နေ၏။ မှန်ပြတင်းမှတစ်ဆင့် လယ်ကွင်းစိမ်းမြကို မြင်နေရသည်။ သစ်ပင်တွေက ပြေးဝင်လာလိုက် နှုတ်ဆက်ကျန်ရစ်လိုက်။

ဩော် . . . ဒါပေမယ့် ကြီးမားသော ကုက္ကိုပင်ကြီးများတော့ဖြင့် မရှိကြတော့ပြီ။ လမ်းဘေး ညာဘက်ရှိ ကြာအိုင်မှ ကြာဖက်ဖားဖားကြီးတွေကြားမှာ ပန်းနုရောင်ကြာဖူးကြာပွင့်များကို မြင်လိုက်ရသည့် ခဏမှာတော့ ကိုယ့်ရင်တွေ ပိုလို့လှုပ်ခတ်လာသည်။ ကြာအိုင်စပ်မှာတော့ လှေနက်နက်လေး တစ်စင်း။

"ကြာတောတွေကြား၊ လှော်ခတ်သွားစို့
စကားချိုသာ၊ ဘယ်ခါ မနား
ပြောသွားစေချင်၊ ရေစင်မြပေါက်
တောက်ကစားမယ်"

ကဗျာတစ်စကို နှုတ်တက်ရွရွရွတ်ဆိုမိပေါ့။ ချစ်သူကို ကျောင်းအဆင်း လိုက်ပို့ပြီးအပြန်မှာ သီကုံးခဲ့သည့်ကဗျာတိုလေး။ ဆေးတက္ကသိုလ် (၂) ကျောင်းနှစ်လည်မဂ္ဂဇင်းမှာ ပါလာတော့ ချစ်သူကို လက်ဆောင်ပေးခဲ့သေးသည်။

ကဗျာအောက်ခြေက ကိုယ့်ကလောင်နာမည်မှာ ချစ်သူ့နာမည် 'မွန်'တစ်လုံးပါသည်မို့ သူပျော်သွားသည်။ ကဗျာသရုပ်ဖော်ပုံမှာ ဆံပင်ရှည်ဖားဖားနှင့် ကြာပန်းကို ငုံနမ်းနေသည့် ချစ်သူ၏ပုံ။

သရုပ်ဖော်ပုံဆွဲသည့်သူငယ်ချင်း ကို စည်းရုံးပြီး ချစ်သူ့ဓာတ်ပုံကိုပြပြီး ဆွဲခိုင်းခဲ့တာလို့ ကိုယ်က ပြောတော့ "ကိုယ်ဟာလေ သိပ်တတ်နိုင်တာပဲ"တဲ့။

နှလုံးအိမ်၌ ထာဝရသိုဝှက်သိမ်းထားခဲ့သော ချစ်သူ၏ ကြည်နူးသံ။

"ကိုယ်နော် ကဗျာတွေချည်းပဲ စပ်မနေနဲ့၊ စာလည်းကြိုးစားဦး" လို့ သတိပေးခဲ့သေးသည်။

"ကိုယ် ဆရာဝန်မြန်မြန်ဖြစ်မှ ကိုယ့်အိမ်ကို မြန်မြန်ပြန်လုပ်ကျွေးနိုင်မှာပေါ့" တဲ့။

ကိုယ်က "အမွန်နဲ့ပဲ မြန်မြန် နီးချင်တာ"ဟုဆိုတော့

"ဒါက နောက်တစ်ဆင့်ပါ ကိုယ်ရယ်၊ သိပ်ဆန္ဒမစောပါနဲ့၊ အမွန် ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ မယူပါဘူး။ ကိုယ့်ကိုပဲ အိုတဲ့အထိ စောင့်နေမှာပါ"တဲ့။

"အမွန်နဲ့ပဲ မြန်မြန်နီးချင်တာ" ဟု ကိုယ်က အတွန့်တက်လိုက်သေးသည်။

"နီးနိုင်ပါတယ် ကိုယ်ရယ်၊ အမွန် ဘယ်မှထွက်မပြေးပါဘူး၊ ကိုယ့်ကျောင်းသာ ကိုယ်မြန်မြန်ပြီးအောင်လုပ်ပါ၊ ပြီးရင် ကိုယ့်မိဘကျေးနပ်တဲ့အထိ လုပ်ကျွေး၊ အမွန်က ကိုယ့်ကို တစ်သက်လုံး စောင့်မျှော်နေမှာ"

မင်း ကတိတည်ခဲ့ပါတယ် အမွန်။ ကိုယ့်နှုတ်မှ ယောင်ယမ်း၍ အသံထွက်သွားမိသည်။ ဘေးဘီကြည့်လိုက်တော့ ဆူညံလှသော ကားသံကြောင့် ဘယ်သူမှ သတိပြုမိဟန်မရ။ စောင့်သူက စောင့်ခဲ့ပေမယ့် မသွားရောက်နိုင်ခဲ့သည့် ကိုယ့်မှာသာ တစ်သက်လုံး အပြစ်ရှိသူလို ခံစားခဲ့ရသည်။ ဒီကနေ့တော့ ရောက်လာခဲ့ပါပြီကွယ်။ ကိုယ့်ကို အပြစ်လှလှသာ တင်ပါလေတော့။

(၂)

တွံခနဲ ကားရပ်သွားသည်။ ဩော် . . . ကြာအိုင်ကြီးတစ်အိုင်နား ရောက်ပြန်ပြီကိုး။

ကြာအိုင် နှစ်အိုင်၊ မြေစိုက်စေတီ သုံးဆူ၊ မူလတန်းကျောင်း လေးကျောင်း၊ တာဆုံ တစ်ဆုံ၊ မြစ်ကွေ့ နှစ်ကွေ့ကိုဖြတ်သန်းပြီးသောအခါ ချစ်သူတို့ရွာလေးကိုရောက်ပြီပေါ့။ ကိုယ် အလွတ်ရနေပါသေးသည် အမွန်။ ဟိုတုန်းက ချစ်သူနဲ့ကိုယ် ကျောင်းပိတ်ရက်တွေဆုံတိုင်း သူ့ကြိမ်ဆွဲခြင်းလေးဆွဲပြီး ကိုယ်လိုက်ပို့နေကျလေ။ နောက်ဆုံးနှစ် ဆေးကျောင်းသားလေးနဲ့ မူလတန်းပြဆရာမလေးတို့ရဲ့ မေတ္တာပုံပြင်တစ်ပုဒ်ပေါ့။

"ကိုယ်က ဒေါက်တာနော်မန်ဘက်သွန်းလို ဖိနပ်မပါတဲ့ ဆရာဝန် (barefooted doctor) လုပ်ချင်တယ်၊ တောကြိုတောင်ကြားနဲ့ လယ်ကွင်းတွေထဲ လျှောက်သွားပြီး ဆေးကုချင်တယ်'

"အင်းနော်၊ လူသူမနီးတဲ့ ရွာလေးတွေမှာ အမွန်လဲ စာသွားသင်ပေးချင်တယ်၊ တောင်ပေါ်ဒေသလိုမျိုးပေါ့၊ တောသူ တောင်သားတွေ မေတ္တာနဲ့ကျွေးတဲ့ ထမင်းကိုပဲ စားပြီး စေတနာဆရာပဲ လုပ်ချင်တယ်၊ အဲဒီလို ကိုယ်လုပ်ချင်တာ လုပ်နိုင်ဖို့ အိမ်ရဲ့တာဝန်တွေကို ကျေခဲ့ချင်တာပါပဲ ကိုယ်ရယ်"

သည့်နောက်မှာတော့ ကိုယ်က 'ကျော်အောင်' ဘာသာပြန်တဲ့ 'နှလုံးလှဆရာဝန်'စာအုပ်အကြောင်း ချစ်သူကို ပြန်ပြောပြသည်။ မျက်လုံးလေးတွေ တောက်ပလာ

www.burmeseclassic.com

သည်အထိ အမွန်က စိတ်ဝင်တစား နားထောင်သည်။ ကိုယ်က အာခေါင်တွေခြောက်လာသည့်တိုင် တက်တက်ကြွကြွ အားတက်သရော ရှင်းပြသည်။ ကိုယ်မောချိန်မှာတော့ အမွန်က 'မအေးမိ'ရဲ့ 'တောင်ခြေခေါ်မယ်' ခေတ်ဟောင်း သီချင်းကို ဆိုပြသည်။ အပူအပင်ကင်းစွာ ငြိမ်းငြိမ်းချမ်းချမ်း နေဖို့ ချစ်သူနဲ့အတူ တောင်ပေါ်ကို လိုက်ခဲ့ပါတဲ့။

"ကိုယ့်ချစ်သူက အသံကောင်း ရုပ်ချောနော်"

ကိုယ်နောက်နေသည်ကို မရိပ်မိဘဲ အမွန်က . . .

"ဆရာဖြစ်သင်မှာတုန်းက အမွန်က အဆိုမှာ ပထမ ဆုရတယ် ကိုယ်ရဲ့"တဲ့။

"ဟုတ်မှာပါ၊ မြန်မာ့အသံကတောင် ဓာတ်ပြားသွင်းဖို့ လာကမ်းလှမ်းသေးတယ်လေ"ဆိုမှ ကိုယ့်ကို လက်သီးဖွဖွဖြင့် လှမ်းထုသည်။ ကိုယ်က ချစ်သူ့လက်ကို ဖမ်းဆုပ်ယူပြီး လက်ဖမိုးခုံးခုံးလေးကို အသာနမ်းမိသည်။ ခရေပန်းနံ့မွှေးထုံသော မြေဖြူကိုင် လက်ကလေး၊

"အမွန် ခရေပန်း ကြိုက်တယ်နော်"

"ကလေးတွေ ယူယူလာကြတာနဲ့ ပန်ဖြစ်သွားတာပါပဲ ကိုယ်ရယ်၊ သူတို့က သူတို့ပေးတဲ့ပန်းကို မပန်ရင် မျက်နှာ ညှိုးကြလို့၊ အဲဒါနဲ့ပဲ အမွန့်ခေါင်းမှာ ပန်းတွေနဲ့ဝေဖြစ်နေတာ၊ ဘာဖြစ်လို့လဲ"

"ကိုယ်လဲ ခရေကုံးလေး တစ်ကုံးလောက် အမွန့်ကို သီပေးချင်လို့၊ ကိုယ်သီပေးတဲ့ ခရေကုံးကော ပန်မှာလား"

"ကြည့် . . . သူ၊ ကလေးတွေနဲ့ပြိုင်ပြီး မနာလိုဖြစ်နေတယ်၊ ကိုယ်သီတော့ကော ဘာထူးမှာမို့လဲ၊ မအားတဲ့ကြားက ဒုက္ခရှာလို့"

ထူးအောင် သီပြမှာပေါ့။ ကိုယ်က 'အောင်ပြည့်'ရဲ့ 'ပြုံမှာလေလား မိုးရဲ့'ဝတ္ထုရှည်ထဲကလို ချစ်သူ့ရဲ့ ဆံပင်ရှည်တွေနှင့် ခရေတစ်ကုံး သီပေးလိုက်သည်။ ခရေတစ်ကုံး-မလေးပြုံးဆိုသလို ချစ်သူက မြတ်နိုးစွာပန်ဆင်ရင်း . . .

"ကိုယ်က စိတ်ကူးတွေ သိပ်ယဉ်တာပဲနော်"တဲ့။

ဒီတော့ ချစ်သူကို ကိုယ်က "ယဉ်တာ မရိုင်းလို့ပေါ့ အမွန်ရဲ့၊ မရိုင်းတာ မကောင်းဘူးလား"

"ကောင်းပါတယ်လေ၊ ဒါပေမယ့် လက်တွေ့မပါတဲ့ စိတ်ကူးယဉ်သက်သက်ဆိုရင်တော့ အမွန်က မကြိုက်ဘူး ကိုယ်၊ အမွန်က ပြောရင်ပြောတဲ့အတိုင်းပဲ လုပ်ချင်တယ်"ဟု တွေးတွေးဆဆ အမူအရာဖြင့် ချစ်သူက ပြောခဲ့သေးသည်။

ခုတော့ အမွန်က သူ့စကားအတိုင်း ကိုယ့်ကို တကယ် စောင့်နေခဲ့သည်ပေါ့နော်။ အမွန်နှင့်တွေ့ရင် ကိုယ်အများဆုံး ပြောရမည့် စကားလုံးမှာ "ကိုယ့်ကို ခွင့်လွှတ်ပါ"ဆိုသည်ပဲ ဖြစ်မည်ထင်ရဲ့။

✿

(၃)

မူလတန်းကျောင်းလေးတစ်ကျောင်းမှ ကလေးတွေ ကျောင်းလွှတ်ချိန်မို့ ကားကိုနှေးနှေးမောင်းနေရသည်။ စိတ်တွေစောပြီး အမွန့်ထံ အမြန်ဆုံး ရောက်ချင်နေပေမယ့် သူချစ်သော ကလေးများကိုတော့ ကိုယ်သည်းခံရမည်ပေါ့။

"အမွန်လေ စာသင်တဲ့ အလုပ်ကို တကယ့်ကိုပဲ နှစ်သက်တယ်၊ အထူးသဖြင့် လက်ရှိလုပ်နေရတဲ့ မူလတန်း ဆရာမအလုပ်ကို ပိုပြီးကြိုက်တယ်၊ ကလေးလေးတွေရဲ့ အဖြူထည်သက်သက် မျက်နှာလေးတွေကို ချစ်တယ်၊ သူတို့လေးတွေက သိပ်အပြစ်ကင်းတာပဲ၊ သိလား ကိုယ်"

"ကိုယ်လဲ ကလေးချစ်တတ်တယ်၊ အေးပါ၊ သူများ ကလေးတွေတောင် ချစ်ကြတာဆိုတော့ ကိုယ်တို့ ကလေးတွေတော့ သိပ်ကံကောင်းတာပေါ့နော်"

"အင်းပေါ့"

"အဲဒီလောက် ကံကောင်းတဲ့ ကလေးတွေထဲက ပထမဆုံးတစ်ယောက်ကို ကိုယ် ဘယ်တော့တွေ့ခွင့်ရမလဲ ဟင်"

"ကိုယ်နော် သူ ဒါပဲစဉ်းစားနေ၊ အမွန်က အကောင်းပြောနေတယ်မှတ်လို့ ငြိမ်နားထောင်နေတာ၊ ဟင်း"

ချစ်သူ၏ မျက်စောင်းလှလှလေး။ ကိုယ့်ချစ်သူ ပိုင်ဆိုင်သော အလှများတွင် မျက်လုံးနက်နက်ဝိုင်းဝိုင်း လှလှလေးများလည်း ပါဝင်သည်။ မျက်ဝန်းနက်ပြီး မျက်သားမှာအတော်လေး ကြည်စင်ပြာဝင်းသည်။ သူချစ်သော ကလေးငယ်လေးများ၏ အပြစ်ကင်းစင်သောမျက်လုံးမျိုး၊ မျက်ဝန်းကျယ်ကျယ်၊ နက်မှောင်မှောင်။

စိတ်ကောင်းရှိတဲ့သူတွေဟာ မျက်သား ပြာလဲ့နေတတ်တယ်တဲ့၊ စိတ်ပုပ်တဲ့လူများကျတော့ မျက်ထောင့်နီကြီးတွေနဲ့တဲ့။ ချစ်သူ့မျက်ဝန်းတွေက ဝေဿန္တရာဇာတ်တော်လာ ဖုဿတီဒေဝီမိဖုရား ဆုတောင်းထဲက "တစ်နှစ်ပြည့်မြောက် သမင်ပေါက်မကဲ့သို့" ဆိုတဲ့ မျက်ဝန်းမျိုးလို့ ကိုယ်က ပြောတော့ . . . "ကိုယ်ရယ် သူများတွေပြောဖို့လည်း ချန်ထားပါဦး"တဲ့။

"မချန်နိုင်ပါဘူး၊ ကိုယ့်ချစ်သူကိုယ် အမွှမ်းတင်တာ ဘယ်သူက တရားစွဲမှာလဲ၊ ကိုယ့်ချစ်သူ ××× ကိုယ်စာဖွဲ့ကြ ××× အစဉ်အလာထုံး ×××"

ကိုယ်က ချစ်သူကို ပြန်ပြောရင်း ရေဒီယိုသီချင်း တစ်ပိုင်းတစ်စကိုပါ ဆက်ပြီး ဆိုပြလိုက်သေးရဲ့။

ဩော် . . . ကြည်နူးစရာ အတိတ်၏ပုံရိပ်များ။

တစ်ခါတလေမှာတော့ ကိုယ်တို့နှစ်ဦးသား ကလေး နာမည်တွေ ရွေးကြသည်။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ။ ပထမဆုံးကလေးကိုတော့ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ကိုယ်တို့ နှစ်ဦးလုံး၏ အမည်များ ပါသော ကိုယ်ကဗျာရေးသည့်





www.burmeseclassic.com

www.burmeseclassic.com

ကလောင်နာမည်ကိုသာသုံးဖို့ အမွန်ရော ကိုယ်ပါ သဘောတူကြသည်။ နောက်ကလေးတွေကိုတော့ ယောကျ်ားလေးဆိုရင် ကိုယ့်နာမည်ကို ထိပ်ကတပ်ပြီး၊ မိန်းကလေးဆိုရင် သူ့နာမည် ကို ထိပ်ကတပ်ဖို့ သဘောတူညီမှု ရရှိခဲ့ကြသည်။

"တစ်ပြိုင်တည်း အမြွှာနှစ်ယောက်ဆိုရင်ကော"လို့ ကိုယ်က စောဒကတက်မိခဲ့သေးသည်။

အကြောင်းကတော့ ကိုယ့်အထက်က အစ်ကို နှစ်ယောက်မှာ အမြွှာညီအစ်ကိုဖြစ်ပြီး၊ ကိုယ့်ညီမလေးနောက်မှာ အမေမွေးလိုက်သည်က သုံးမြွှာပူးဖြစ်၏။ အစ်ကိုနှစ်ယောက်က ယခုတိုင် အသက်ရှင်နေဆဲဖြစ်သော်လည်း သုံးမြွှာပူး (ညီမလေး နှစ်ယောက်၊ ညီလေး တစ်ယောက်) ကတော့ မီးတွင်းမှာပင် ဆုံးသွားကြလို့ အဖတ်မတင်ခဲ့။

"ကိုယ်နော် လောဘမကြီးနဲ့"

"လောဘကြီးတာ မဟုတ်ပါဘူးကွာ၊ လိုရမည်ရ ကြို တုန်းဆွေးနွေးထားတာပါ။ ဒါမှ နောက်တစ်ခေါက် အစည်းအဝေး ထပ်မခေါ်ရတော့ဘူးပေါ့၊ ကိုယ်တို့မျိုးက အမြွှာတွေ မွေးတတ်လွန်းလို့"

"တကယ်"

"အင်းပေါ့၊ ကိုယ့်အထက်က အစ်ကိုနှစ်ယောက်က အမြွှာလေ၊ ကိုယ့်အောက် တစ်ယောက်ကျော်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက် ပေါင်း သုံးယောက်တောင် အမေက သုံးမြွှာပူး(Triplet) မွေးသေးတယ်"

"ဟုတ်လား၊ အခု ရှိနေလား ဟင်"

"မရှိဘူး၊ မီးတွင်းထဲမှာတင် ဆုံးသွားတယ်၊ မိန်းကလေး နှစ်ယောက် အသေမွေးပြီး၊ နောက်ဆုံး ယောကျ်ားလေး အကျန်မှာ အမေက မမွေးနိုင်တော့လို့ ကိုယ်တို့အဖေ တာဝန်ကျရာ တောမြို့လေးကနေ စက်လှေနဲ့ တိုင်းဆေးရုံကြီးကို သွားပို့ရတယ်၊ အဲဒီမှာ ဆေးရုံကြီးတစ်ရုံကို ရောက်ဖူးသွားပြီး ဆရာဝန်ဆိုသူတွေကို ကိုယ် ပထမဆုံး အများကြီး မြင်ဖူးသွားတယ်၊ အဲဒါနဲ့ ကိုယ်လည်း ဆရာဝန်လုပ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်'

"ဘာဖြစ်လို့"

"ကိုယ့်အမေ၊ မင်းယောက္ခမလောင်းကြီးရဲ့အသက်ကို ဆရာဝန်ဆိုတဲ့လူတွေက ကယ်ပေးနိုင်ခဲ့လို့ပေါ့"

"အမယ် . . . အမယ် . . . ထည့်လိုက်ပြန်ပြီ၊ ကိုယ်ကတော့ တစ်လုံးရရင် တစ်လုံးပစ်သွင်းနိုင်တဲ့ အေးမောင်လေးတို့၊ လှဒွေးတို့ ကျနေတာပဲ"

ချစ်သူက နာမည်ကျော် မာဒေးကားပြန် ဘောလုံးသမားများနှင့် ကိုယ့်ကိုခိုင်းနှိုင်းသည်။

"'ပမာနိုင်ပြီ ×××ဟေ့ . . . တို့ပမာနိုင်ပြီ××× တိုင်းပြည်ကပေး ပေးအပ်ခဲ့တဲ့ တာဝန်များကို ကျေပွန်စွာအတည် ထမ်းဆောင်နိုင်ပါပြီ××× တို့ပမာနိုင်ပြီ×××"

လို့ ကိုယ်က တက်တက်ကြွကြွ အော်ဆိုလိုက်တော့ ချစ်သူက ကိုယ့်ကျောကို မနာအောင်ထု၊ တဖြန်းဖြန်းထုသည်။ အတိတ်၏အရိပ်တွင် တစ်ခဏမျှ ကိုယ်နစ်မျောသွားမိပေါ့။ စိတ်ထဲ မလုံမလဲရှိသည်နှင့် ဘေးခုံမှ ကောင်မလေးကို ဖျတ်ခနဲကြည့်မိရာ သူကိုယ့်ကိုစူးစမ်းဟန်ဖြင့် လှည့်ကြည့်နေသည်နှင့် ကြုံရသည်။ သူ့အမြင်မှာ ကိုယ့်မျက်နှာကတော့ စပ်ဖြဖြဖြစ်နေမှာ သေချာသည်။

ပျော်မောစရာ ဘဝစာမျက်နှာများပါ။ ထိုစာမျက်နှာများ၏ တစ်ဆက်တည်းမှာတော့ ဘဝအမောများ၊ ဝတ္ထုတစ်ပုဒ် ဖတ်သလို ကျော်ဖတ်၍ရမည်ဆိုရင်ဖြင့် ထိုစာမျက်နှာများကို ကိုယ်မဖတ်လိုတော့ပါ။ ဆုတ်ဖြဲပစ်၍များ ရခဲ့လျှင် ကိုယ့်ဘဝထဲက အပြီးအပိုင် ထုတ်ပစ်ပြီး မီးပင်ရှို့လိုက်ချင်ပါရဲ့။ ပြီးတော့မှ ပြာတွေကိုတောင် ရေမှာမျှောလိုက်ဦးမှာ။

(၄)

"သားနော် ဆရာဝန်ဖြစ်ဖို့ လက်တစ်ကမ်းရောက်လာပြီဆိုတော့ မာမီ ဘာဘာညာညာ မကြားချင်ဘူး၊ စာပဲကြိုးစား"

တစ်ည ကိုယ်စာကျက်နေတုန်း မေမေက ပြောလာသည်။ မမလတ်ကပါ. . .

"မာမီနော်၊ မာမို့သားက မြုံစိစိနဲ့၊ သေသေချာချာလည်း သတိပေးထားဦး" ဟု ဝင်ပြောရင်း လက်ဖက်သုပ်ပန်းကန်ကို စာကြည့်စားပွဲပေါ် တင်လိုက်သည်။

"မာမို့သားက ဒီလောက် မိုက်ပါ့မလားအေ" လို့ စည်းရုံးသိမ်းသွင်းသည့် လေသံလေးဖြင့် မာမီက ကိုယ့်ကျောကို သပ်ရင်းဆိုပြန်သည်။

"အိုင်ဗီနဲ့သားကလည်း ငယ်ငယ်ကတည်းက ရင်းနှီးပြီးသားပဲ၊ ဘာမှ မဖြစ်နိုင်စရာ၊ ခက်ခဲစရာ မရှိနိုင်ပါဘူး"တဲ့။

"ဘာတွေပြောနေတာလဲ မာမီ၊ သား ဘာမှ နားမလည်ဘူး"

"ဩော် သားလေးရယ်၊ အိုင်ဗီ့အမေ မင့်အန်တီဘက်တီက သားလေးကို သိပ်ချစ်တာမဟုတ်လား၊ သားငယ်ငယ်လေးကတည်းက မိုင်ဆန်း၊ မိုင်ဆန်းနဲ့ သားကို ချစ်စနိုးခေါ်ခဲ့တာလေ၊ အဲဒါ မိဘက်တီက သားကျောင်းပြီးရင်တဲ့ အိုင်ဗီနဲ့ သားကို လက်ထပ်ပေးချင်တယ်တဲ့၊ မာမီကလဲ ဘက်တီရယ် ဒီကိစ္စတော့ စိတ်အေးအေးသာထား၊ သားက တို့စကားကို ဘယ်တုန်းကမှ မလွန်ဆန်ဖူးဘူးလို့"

ကိုယ့်မျက်လုံးတွေ ပြူးဝိုင်းသွားမှာကို မာမီ မသိအောင် ကိုယ်ထိန်းထားနိုင်ခဲ့ပါသည်။ သို့ပေမယ့် မာမို့ကို အမွန်နှင့်တွေပေးဖို့ မဖြစ်နိုင်တော့ကြောင်း ကိုယ်သိလိုက်ပြီ။ မမလတ်ကိုတော့ လူငယ်ချင်းမို့ ကိုယ်ဖွင့်ပြောပြသည်။ အိုင်ဗီ့ကို ကိုယ့်သူငယ်ချင်းလို ခင်နိုင်ပေမယ့် ချစ်သူလိုတော့



www.burmeseclassic.com

www.burmeseclassic.com

မချစ်နိုင်။ ပြီးတော့ အမွန့်ကို ကိုယ်ချ [illegible] စိတ်ချမ်းသာမယ်၊ နင် တစ်သက်လုံး မမလတ်ထံ ဖွင့်ဟဝန်ခံလိုက်သည်။

မမလတ်က . . .

"မောင်မောင်ရယ်၊ အခုဖြစ်နေတဲ့ ပြဿနာက အချစ်နဲ့ မဆိုင်ဘူးဟဲ့၊ ဒါနဲ့ပဲ ဆိုင်တယ်" ဟုဆိုကာ လက်မနှင့်လက်ညှိုးကို ဝိုင်းပြသည်။

"ဘာရယ် မလတ်၊ မောင်မောင်နားမလည်ဘူး"

"နင်ဟာလေ၊ စာပဲ ကုန်းကျက်တတ်တယ်။ အခြားကိစ္စဆို ဘာမှလဲ နားမလည်၊ ဘာမှလဲ မသိတတ်ဘူး၊ ငွေပေါ့ဟ၊ ငွေရေးကြေးရေးနဲ့ပဲ ဆိုင်တယ်လို့ပြောတာ"

"အဲဒါမှ ပိုရှုပ်သွားပြီ၊ ငွေရေးကြေးရေးက ဘယ်လိုပတ်သက်နေလို့လဲ"

အိုင်ဗီအမေက ကိုယ်နှင့် သူ့သမီးလက်ထပ်ရင် တိုက်တစ်လုံးလက်ဖွဲ့မည်တဲ့။ ကိုယ့်ကို ဆေးခန်းဖွင့်ပေးမည်တဲ့၊ မင်္ဂလာကိစ္စအဝဝကိုလည်း တာဝန်ယူမည်တဲ့။

"မောင်မောင်က ဝန်ထမ်းပဲလုပ်မှာ၊ ဘာမှမလိုဘူး၊ တိုက်လဲမလိုချင်ဘူး၊ မာမီက မောင်မောင့်ကို ရောင်းစားနေတာလား"

"အဲလိုချည်းလဲ မဟုတ်ပါဘူးဟယ်၊ သူတို့စကားနားထောင်ရင် နင်ရမယ့်အခွင့်အရေးကို ပြောတာပါ၊ နင့်ဘက်က မနာပါဘူးမောင်မောင်ရယ်၊ အိုင်ဗီက ရုပ်လည်းမဆိုးပါဘူးဟဲ့၊ မင့်ကောင်မကကော ဘယ်လောက်လှလို့လဲ"

"မလတ်နော်၊ အမွန့်ကို ကောင်မလို့ မခေါ်နဲ့၊ မောင်မောင် မကြိုက်ဘူး"

"အမယ်လေးဟဲ့၊ အဖြစ်သည်းနေလိုက်တာ၊ အေးပါ၊ နင်မကြိုက်ရင် မခေါ်တော့ပါဘူး၊ ဒါပေမယ့် မောင်မောင်၊ မလတ်တို့ တစ်အိမ်လုံးဟာ အန်တီဘက်တို့ကျေးဇူးနဲ့ ဘာမှမကင်းဘူး၊ ဖက်ဒီ ဆုံးကတည်းက အန်တီတို့နဲ့ ပတ်သက်လာခဲ့ရတာ၊ မမကြီး မင်္ဂလာဆောင်တော့လဲ သူတို့ဆီက ငွေဆွဲရတယ်၊ အငယ်မ ဘွဲ့ယူတော့လဲ သူတို့က လက်ဝတ်လက်စား ဓိန်ကအစ ကားအဆုံး ကူညီတယ်၊ အခု နင်ကျောင်းတက်တဲ့ စရိတ်စကနဲ့ စာအုပ်ဖိုးတွေလည်း အန်တီဘက်တီတို့ကပဲ ကူညီနေတာနော်၊ မာမီက ဘာမှ မလုပ်တတ်တာ နင်လဲအသိပဲ မောင်မောင်"

"ကြွေးရှိတယ်ဆိုလဲ အဲဒါကို မောင်မောင် သတ်သတ်ဆပ်ပေးမှာပေါ့ မလတ်ရယ်၊ ခုလိုလုပ်တော့ ငါ့ကို ကြွေးနဲ့သိမ်းတာနဲ့ တူမနေဘူးလား"

"မောင်မောင် နင်ကဗျာတွေ စာတွေရေးပြီး စိတ်ကူးယဉ်မနေနဲ့၊ နင် ဆရာဝန်ဖြစ်ရင်ကော ဘယ်လောက်ရမှာမို့လို့လဲ၊ ကြွေးမကျေခင်မှာဘဲ မာမီကျန်းမာရေးက ဖောက်လာရင်အခက်၊ နင့်စိတ်တစ်ခုပါပဲဟယ်၊ နင်က မိဘစိမ်တာနာခံလိုက်တယ်လို့ သဘောထားကြည့်ရင် နင်လဲ ကုသိုလ် စိတ်ချမ်းသာမယ်၊ နင် တစ်သက်လုံး ကောင်းစားမယ့်ကိစ္စနော် မောင်မောင်၊ မလတ်ကတော့ ကိုယ့်မောင်လေး တိုက်နဲ့ကားနဲ့ တင့်တောင်းတင့်တယ် နေရမယ့်အဖြစ်ကိုပဲ အားပေးချင်တယ်"

ကိုယ်တို့တစ်အိမ်လုံး၏ ထွက်ပေါက်မှာ ကိုယ့်ဘဝနှင့်သက်ဆိုင်နေသည်ကို ကိုယ် တဖြည်းဖြည်း သိသိလာရသည်၊ မာမီ လေ့ကားပေါ်မှလိမ့်ကျပြီး ပေါင်ရိုးတွင် စတီးချောင်းသွင်းရသောအခါ ပို၍ပီပြင်သွားသည်။ အန်တီဘက်တီ တော်တော်လေး ပေါက်ပေါက်ရောက်ရောက်ရှိကြောင်း ကိုယ်လက်ခံရတော့သည်။ နောက်ဆုံးနှစ် ဆေးကျောင်းသားကိုယ့်ထက် သူက ကိုယ့်ဆရာ၊ ဆရာဝန်ကြီးတွေနှင့် ပို၍ကျွမ်းဝင်သည်။ ခွဲစိတ်ခန်းဝင်ဖို့၊ လေ့ကျင့်ခန်းယူဖို့၊ အိမ်မှာပြန်နားဖို့၊ ဆရာဝန်ကြီးတွေကို ကန်တော့ဖို့ ကိစ္စအဝဝကိုအန်တီဘက်တီကသာ စီမံခန့်ခွဲသွား၏။ ကိုယ့်ဘဝ လမ်းကြောင်းကိုရောပေါ့။

မာမီ အိမ်ပြန်ရောက်ပြီးနောက်မှာတော့ မုန့်ပုံးမျိုးစုံသစ်သီးမျိုးစုံနှင့် အန်တီဘက်တီတို့ ရောက်လာကြတော့သည်၊ အန်တီပြန်သွားသည့်တိုင် အိုင်ဗီက မာမီကို ပန်းသီးနွှာကျွေးရင်း ကျန်ရစ်ခဲ့တတ်သည်။ "မာမီ့သမီး ရှိလို့သာပေါ့" ဟု မာမီကဆိုလျှင်တော့ အိုင်ဗီက ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့နေတတ်သည်။ မာမီ တုတ်ကောက်နှင့် လမ်းစလျှောက်ချိန်တွင် ကိုယ်တို့ ဖိုင်နယ်စာမေးပွဲကြီးစသည်။ အမွန့်ကိုတော့ စာပြင်သာ ကိုယ်မအားလပ်ကြောင်း၊ အကြောင်းကြားထားရသည်။ ရေးဖြေစာမေးပွဲတွေအပြီးမှာ ကိုယ်အမွန့်ထံ အပြေးအလွှားသွားတွေ့သည်။

"လက်တွေ့စာမေးပွဲတွေ၊ နှုတ်ဖြေတွေပြီးအောင် စိတ်အေးလက်အေး ဖြေပါ ကိုယ်ရယ်၊ အမွန်က ဘယ်မှထွက်မပြေးပါဘူး၊ ကိုယ့်အမေဆေးရုံတက်တုန်းက အမွန် လာမတွေ့ဖြစ်ခဲ့တာကိုလည်း နားလည် ခွင့်လွှတ်ပေးပါနော်"

အမွန် တည်တည်ငြိမ်ငြိမ်ပြောနေပေမယ့် နှလုံးသားဆက်နွယ်နေသူချင်းမို့ တစ်စုံတစ်ရာ လွဲချော်နေသလို ကိုယ်ခံစားမိသည်။

"ဟောက်(စ်)(House surgeon) ဆင်းပြီးချိန်ဆိုရင် ကိုယ်တို့ အတော်ကြီး နီးသွားပြီပေါ့ကွာ" လို့ ကိုယ် အားတက်သရောပြောတော့ အမွန် ပြုံးလိုက်သေးသည်။

အဲဒီအချိန်မှာ အပြုံးရဲ့နောက်ကွယ်က အမွန်ရဲ့ နှလုံးသား နုနုလေးမှာတော့ . . .

(၅)

ကမ္ဘာတစ်ဖက်စွန်းထိ ထွက်ပြေးရှောင်ပုန်းသွားသူ

"အမွန် ဘယ်မှ ထွက်ပြေးမှာမဟုတ်ပါဘူး ကိုယ်ရယ်" ဟု ပြောခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာရှင်မကြီး၊ ကျောင်းဆရာမကြီး ဒေါ်အေးအေး မွန်။ မျှဝေခံစားစရာ ကြည်နူးမှုတွေ တစ်ပွေ့တစ်ပိုက်နှင့် အပြေးရောက်ရှိသွားသူ ကိုယ်မှာတော့ ရင်ဆို့စရာ စာကလေးတစ်စောင်သာ တွေ့လိုက်ရသည်။

ဒဒကျွန်မတို့ ဘဝနှစ်ခု ဘယ်လိုမှ ပေါင်းစပ်ကြည့်လို့ မရနိုင်တာကြောင့် ကျွန်မကို ဘယ်တော့မှ လာမတွေ့ပါနှင့်တော့. . .''တဲ့။ နက်ရှိုင်းစူးနစ်စွာ မြတ်နိုး ချစ်ခင်ခဲ့ရတဲ့ ချစ်ခြင်းမေတ္တာတွေဟာ ပြိုကွဲပျောက်လွင့်သွားဖို့ သည်လောက်တောင်ပဲ လွယ်သလားကွယ်။ အမျှင်တန်းနေခဲ့သည့် အိုယောဇဉ်တွေကို စာတိုလေးတစ်စောင်က ပြတ်တောက်စေနိုင်သတဲ့လားကွယ်။

စာသင်နှစ်သက်တမ်း အရှည်ကြာဆုံးဖြစ်သည့် ဆေးညော မာရသွန်ခရီးကို လျှောက်လှမ်းခဲ့ကြဖူးသည့် ကိုယ်တို့ လူတွေအဖို့ ဖွဲ့ရှိပြီးသားပါ အမွန်။ နောက်ထပ်မတွေ့ကြဖို့ ပြောလာသူတစ်ယောက်ကို တွေ့ခွင့်ရဖို့ ကိုယ်အကြိမ်ကြိမ် ကြိုးစားခဲ့ပါသည်။ သူ စာသင်သည့်ကျောင်း၊ သူနေသည့် တောမြို့ကလေး၊ သူ့သူငယ်ချင်းတွေ။ သူနှင့်ပတ်သက်ရာ အရာခပ်သိမ်းကို ကိုယ်ဆက်သွယ်စုံစမ်းခဲ့ပါသည်။

ဒါပေမယ့် ခြေရာဖျောက်သူနှင့် ခြေရာကောက်သူတို့ မြဲလေ့ရှိသည့် သဘာဝအတိုင်း အမွန်က အကာအကွယ် ကောင်းတာမှာ ပုန်းနေသူလေ။ အမွန် တစ်ပန်းသာတာပေါ့ကွယ်။ ကိုယ့်မှာသာ ခြေကုန်လက်ပန်းကျလုခမန်း ဖတ်ဖတ်မောအောင် ချစ်သူပျောက်ကို စုံနံ့သာမြိုင်မှာ ရှာခဲ့ရသည်လေ။

လက်မလျှော့တတ်ခဲ့ပေမယ့် တွေ့လိုအားတော့ ယုတ်လျော့လာခဲ့ပြီ။ ဘဝဆိုတာ အချစ်တစ်ခုတည်းဖြင့် တည်ဆောက်ထားသည် မဟုတ်လေတော့ ကိုယ်လုပ်ရမည့် အလုပ်တွေကို ကိုယ်ဆက်လက်လုပ်ကိုင်ရသေးသည်။

အင်း . . . တာဝန်ယူခဲ့ရသည်ဟုဆိုလျှင်ဖြင့် ပိုမှန်မလားလား။

အလှည့်ကျရင် မခွဲ့ကောင်းသည်မို့ မိဘမောင်နှမများ၏ တာဝန်ကိုလည်း ကိုယ်ယူရသည်။ ဆရာဝန်တစ်ယောက် ၏ ရပ်တည်ရာလမ်းကြောင်းမှာ ခိုင်မာစွာ မြဲမြံဖို့အတွက် လည်း ဘွဲ့လွန်သင်တန်းတွေ ထပ်တက်ခဲ့ရပြန်သည်။ တစ်ခါ တစ်ရံမှာ ဖိနပ်မပါတဲ့ ဆရာဝန်ဘဝဆိုတာမျိုးကို သတိရတတ် သည်။ မကြာ မကြာမှာတော့ တောင်ခြေခေါ် ချင်သည့် ချစ်သူ ကို လွမ်းမောမိသေးသည်။

ဒါပေမယ့် ဖိနပ်မပါတဲ့ ဆရာဝန် ဘဝထက် ရှူးဖိနပ် တွေ တာဝန်ထမ်းစီးရသည့် ဆရာဝန်ဘဝမှာ သာ ပိုမိုနေဖြစ်ခဲ့ပေါ့။ ပင်ကော်ဆိုတာ အိပ်ပျော်နေတုန်းပဲ ရှင်သန်တတ်သည့် အရာလားကွယ်။

''ကျွန်တော့်မှာ စွဲနင့်နေအောင် ချစ်မိတဲ့ချစ်သူရှိတယ် ခင်ဗျား အဲဒါ . . .''

''အဲဒါ . . . ဘာဖြစ်လဲ''

''အဲဒါ ကျွန်တော့်နှလုံးသားမှာ နေရာလပ်မရှိတော့ ဘူး၊ ကျွန်တော် အပွင့်လင်းဆုံးပြောပြထားတာ''

''ရပါတယ် ယူရယ်၊ အိုင်က ဒီလောက်သဘောထား မသေးပါဘူး''

ပွင့်လင်းမှုရှိတာလား၊ ချစ်သူ များများထားတတ်ခဲ့ သည့် သူ့စိတ်နှင့်နိုင်းပြီး ဘဲစားဘဲချေ လုပ်တာလား။ ကိုယ် မခွဲခြားတတ်နိုင်ခဲ့သလို ငြင်းပယ်ရုန်းထွက်နိုင်အားလည်း မရှိခဲ့ပြန်ပေ။ အခါများစွာ၌ ပြောင်းလဲနေသောပတ်ဝန်းကျင် ကိုပင် မေ့သွားလောက်အောင် အလုပ်တွေက ရှုပ်နေခဲ့ သေးသည်။ ရွက်ရင့်တွေကြွေလိုက် ရွက်သစ်တွေဝေလိုက်နှင့် သဘာဝတရားက သူ့အလုပ်သူ လုပ်နေတတ်ပေမင့် ကိုယ် တို့ကတော့ သတိပင်မမူမိခဲ့။

ဝေခဲ့ ကြွေခဲ့သည့် နှစ်ပေါင်းများစွာ လွန်လာပြီးမှ သည်နေ့တော့ မြေကြီးနှင့်သစ်ပင်တွေကို ကိုယ် မြင်တတ် လာသည်။ ကိုယ် အိပ်မက်မက်နေသလား၊ နိုးထနေသလား မဝေခွဲတတ်နိုင်။ အိပ်မက်ဆိုရင်လည်း ချေးစေးပြန်လောက် သည့် ခြောက်အိပ်မက်တွေတော့မဟုတ်ဟု ကိုယ်ထင်သည်။ အိပ်မက်လှလှလေးများသာ ဖြစ်ပေမည်။

ထိုအိပ်မက်၌ ချစ်သူ၏ အရိပ် ရှိသည်၊ ချစ်သူ၏ ကိုယ်သင်းနံ့ ရှိသည်၊ အိပ်မက်၏ နိဒါန်းကတော့ . . .

''ဆရာ ကျွန်တော့်ကို မှတ်မိလား၊ ကျွန်တော် ဒေါ်အေးအေးမွန်တို့ ကျောင်းက . . .''

ကိုယ့်လူနာ နှလုံးရောဂါသည်ကို ငေးကြည့်ရင်း နှလုံး ခုန်သံတွေ ကမောက်ကမ ဖြစ်သွားသူက ဆရာဝန်ကိုယ်တိုင် ပဲဖြစ်သည်။ ကိုယ့်ချစ်သူ တစ်ခါက အလုပ်လုပ်ခဲ့ဖူးသည့် ကျောင်းကလေးက ကျောင်းအုပ်ဆရာကြီးပါလား။

''ဆရာမကတော့ အခုထိ အပျိုကြီးပဲ ဆရာ၊ ဟိုး နယ်စပ်တွေကို နှစ်ပေါင်းများစွာ စိတ်လိုလက်ရ လွင့်သွား လိုက်တာ ခုတော့မှ သူ့မြို့လေးကို သူပြန်ရောက်တော့တယ်၊ သူက အခု ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ ဆရာရဲ့''

ချစ်သူရဲ့မြို့ကလေး၊ သည်မြို့လေးကို ကိုယ် ကောင်း ကောင်း မှတ်မိသည်ပေါ့။ ကိုယ့်အသည်းနှလုံးထဲက ပန်းချီ ကား တစ်ချပ်လေ။ ရက်သတ္တပတ်ရဲ့ နောက်ဆုံးနေ့များမှာ ကိုယ် ချစ်သူကိုလိုက်ပို့ရင်း သူနဲ့အတူသွားခဲ့ရသည့် ခရီးစဉ် များကိုပါ ကိုယ်ပြန်လည်လွမ်းဆွတ်မိသေးသည်။

ထိုအလွမ်းများ၏နိဂုံးသည်ကား ကိုယ် ယခုမက်နေ သည့် အိပ်မက်၏အစပင် ဖြစ်လေတော့သည်။

(၆)

ဝါကြင့်ကြင့်ဓာတ်ပုံလေးထဲတွင် ချစ်သူက သူ့ဆံပင် ရှည်များကို ကိုယ် လက်ဆောင်ဝယ်ပေးထားသည့် လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com

ပဝါဖြင့် စည်းနှောင်ထားသည်။ ဝါဝင်းသော လည်ကုပ်နား လောက်တွင်သာ စည်းတတ်သဖြင့် ကိုယ့်လက်ကိုင်ပဝါ အစွန်းလေးတွေက သူ့လည်ပင်းကို ပွတ်သပ်နေတတ်သည်။ အဖြူရောင်ပေါ်တွင် အသည်းနီနီလေးတွေ စီတန်းနေသော လက်ကိုင်ပဝါ၊ နှင်းဆီဖူးပန်းနုရောင်လေးတွေ ကျဲပြန့်နေသော လက်ကိုင်ပဝါ၊ အပြာနုရောင် 'Love' ဆိုသည့် စာလုံးလေး တွေ အပြည့်ရိုက်နှိပ်ထားသည့် လက်ကိုင်ပဝါ စသဖြင့် တစ်ဒါဇင်ခန့် သူ့ကို ပေးဖူးသည်။

"အို. . . ဘာလို့ လက်ကိုင်ပဝါပေးရတာလဲ၊ မပေး ကောင်းဘူးတဲ့ ကိုယ်ရဲ့ ချစ်သူနဲ့ လွဲတတ်တယ်တဲ့"

"ကိုယ်က အမွှန်ရဲ့ ဟောဒီနားမှာ အမြဲနေချင်လို့"

သူ့လည်ကုပ်လေးကို လက်ညှိုးနှင့် တို့ရှုံလေးတို့ရင်း ကိုယ်ပြောခဲ့ဖူးသည်။

"အဲဒီနားမှာ ကိုယ်မနေရဘူးလား၊ အမွှန်က အရပ် စကားတွေကို ယုံလို့လား"

"ယုံတယ်တော့လဲ မဟုတ်ဘူးပေါ့၊ ကိုယ်ရယ်၊ မပြေး သော် ကံရာရှိဆိုသလိုပေါ့၊ ဒါပေမယ့်. . ."

ဒါပေမယ့် ကိုယ် အမွှန့်လည်ကုပ်မှာ နေရာ တစ် နေရာ ရခဲ့ပါသည်။

ထိုအမှတ်တရလေးများ၏ သက်သေ ဤဓာတ်ပုံလေး ကို ရုပ်ပြဓနဗ္ဗာဗေဒ စာအုပ်ကြားမှာ ကိုယ်သိမ်းထားခဲ့သည်။ ကိုယ့်ပေါင်ပေါ်မှ အိတ်ထဲတွင် အမွှန့်ကိုပြန်ပြဖို့ ကိုယ်ထည့် ယူလာခဲ့ပြီ။

အမွှန့်မှာကော လက်ကိုင်ပဝါလေးတွေ ရှိမှရှိနေ သေးရဲ့လား။ အချိန်တွေ ကြာခဲ့ပြီမို့ ကိုယ် သည်လောက် တော့ အတ္တကြီးစွာ မမျှော်လင့်သင့်ဘူးထင်ရဲ့။

"ကြာဖူးတွေရမယ်၊ ကြာဆန်တွေရမယ်၊ ကြာဖူးတွေ"

အို. . . ချစ်သူတို့မြို့လေးကို ရောက်ပါပြီကောလား။ ဒေသထွက် လက်ဆောင်ပစ္စည်းတွေ အော်ရောင်းနေသည့် ကားဂိတ်က ဈေးသည်လေးများရဲ့အသံ။

ကိုယ့်ရင်တွေ ထိန်းလို့မရလောက်အောင် လှုပ်ခတ်လို့ နေပါသည် အမွှန်။ ချစ်သူ့အိမ်ဝမှာ ရပ်မိလျှင်၊ ချစ်သူ ပြေး ထွက်လာခဲ့လျှင် ကိုယ်ပြောရမယ့် ပထမဆုံးစကားက ဘာ ပါလိမ့်။

ချစ်သူဟောင်းနဲ့ပြန်တွေ့တဲ့ အဲဒီအချိန်မှာ မျက်ရည်ဥ တွေ ချစ်သူရဲ့ ပါးပြင်ပေါ် လိမ့်ဆင်းလာခဲ့လျှင် တို့သုတ်ပေးဖို့ ကိုယ်ယူလာခဲ့တဲ့ လက်ကိုင်ပဝါလေးတွေကိုရော ထုတ်ပေးဖို့ သင့်ပါ့မလား။ "ဆံပင်မှာ စည်းချင်လဲစည်းပါ" လို့တော့ ကိုယ်ပြောဖြစ်လိမ့်မည်။

သူ့ထက်ငါ အလုအယက် တိုးဆင်းနေသော ခရီးသည် များထဲတွင် ကိုယ်ပါ စီးမျောသွားသည်။ ဝေဝါးစပြုပြီဖြစ်သော ချစ်သူ၏မျက်နှာကို အတွေးဖြင့် ပုံဖော်ရင်း အဆင်းတံခါး ပေါက်သို့ ကိုယ်ရောက်လာခဲ့ပြီ။ စိတ်စောစွာဖြင့် ချစ်သူ့ မြေကို ခြေချလိုက်ချိန်မှာတော့ . . .

"အို့၊ ဘကြီး၊ ကျွန်မ ကျွန်မ ခြေထောက်ကို နင်းမိ"

"ဆောရီး . . . ဆောရီး"

"ဟယ်တော့"

သူ့ခြေဖမိုးကိုနင်းမိတဲ့ ကိုယ့်ခြေကို ကိုယ်ပြန်အရုပ်မှာ မထိန်းနိုင်တော့ဘဲ ကားအဆင်း ခြေနင်းခုံမှ ကိုယ် တလိမ့် ခေါက်ကွေး ကျသွားတော့သည်။

အန်ကယ်ကြီး ထနိုင်ရဲ့လား၊ ဟဲ့. . ဆွဲထူကြပါဦး။ မျက်မှန်ကို တက်နင်းမိဦးမယ်၊ ကောက်ပေးလိုက်ကြပါဦး။ အဖော်လဲ မပါဘဲကိုး၊ အသက်ကြီးလှပြီ အဖော်ခေါ်လာ ပေါ့။ ဆိုင်ကယ်တက္ကစီ ခေါ်လိုက်လေ။ အို-ဆိုင်ကယ်ဆို အဘိုးကြီး ထိုင်ဖို့ခက်လိမ့်မယ်၊ ဆိုက်ကား-ဆိုက်ကားခေါ် လိုက်။ အဲဒီအိတ်က ဒီဘဘကြီးရဲ့ အိတ်။ ဟုတ်တယ်- ဟုတ်တယ် ကျသွားတဲ့ လက်ကိုင်ပဝါလေးတွေ ပြန်ကောက် ထည့်ပေးလိုက်ကြပါဦး။

ဆူညံရှုပ်ထွေးနေသည့် အသံတွေ အဆုံးမှာတော့ ဆိုက်ကားတစ်စီးပေါ် ကိုယ်ရောက်သွားသည်။ ဖုန်မှုန့်တွေ ကပ်နေသော မျက်မှန်ကို သုတ်ပြီးတပ်လိုက်ပေမယ့် အမြင် တွေ ဝေဝါးနေဆဲ၊ မြင်ကွင်းတွေ မကြည်လင်သော်လည်း ကိုယ့်ခေါင်းထဲမှာတော့ ပြတ်သားထင်ရှားလှသည်။ ကိုယ့် အိပ်မက်တွေလည်း ပျက်ပြယ်ခဲ့ပြီပေါ့။

အရွယ်။ ကိုယ့်အသက်အရွယ်၊ ကိုယ်မေ့ထားခဲ့သော ထိုအရာ။

"ဘယ်ကို ပို့ပေးရမလဲ အဘ"

"ဥပေက္ခာလမ်းလေ၊ ငါတူ သိတယ် မဟုတ်လား မေတ္တာလမ်းတို့၊ ကရုဏာလမ်းတို့ အဆုံးမှာပေါ့"

"ဟုတ်ကဲ့၊ ဘယ်နားလောက် ဆင်းမှာလဲ"

"နိုး. . . နိုး၊ မဆင်းဘူး မဆင်းဘူး၊ အဲဒီလမ်း အဆုံးထိသွား၊ ပြီးတော့ နောက်ပြန်တစ်ခေါက်ပြန်နင်း၊ ပြီး မြို့တစ်ပတ် မင်းနင်းနိုင်သမျှနင်း၊ နောက်ဆုံး ဒီကားဂိတ် ပြန်ပို့ပေးရင်ရပြီ၊ ဟုတ်လား၊ ရော့၊ ရော့"

ကိုယ်ကမ်းပေးသော အစိမ်းရောင်တစ်ရွက်ကို ယူရင်း ဆိုက်ကားဆရာ ဇဝေဇဝါဖြစ်သွား၏။ ပြီးမှ . . .

"ဟုတ်ကဲ့ ဟုတ်ကဲ့"တွင်တွင်ဆိုကာ သူ့ဆိုက်ကား ဆက်နင်းသည်။

ကိုယ်ကတော့ ဆိုက်ကားထိုင်ခုံမှာ စိတ်ချလက်ချ ထိုင်လိုက်ကာ ခရီးဆောင်အိတ်ထဲမှ လက်ကိုင်ပဝါလေးများ တစ်ထည်ပြီးတစ်ထည်၊ တစ်ထည်ချင်းထုတ်ကာ ခွေ ရင်း ကိုယ့်ရဲ့ တောမြို့လေးတစ်ပတ် (Sight seeing)ခရီး စီးနင်းလိုက်ပါနေပေသည်။

❒ ကိုချမ်း(ဧ

ကျွန်တော့်သခင်ကတော့ ကျွန်တော့်ကြောင့် အိမ်မှာ မျက်နှာကောင်းမရတော့ဘူး။ ကျွန်တော် နေမကောင်းဖြစ်ရာက စတာပါပဲ။ ဝဲတွေ ပေါက်လာတယ်။ ဘယ်လိုကနေ ဘယ်လိုပေါက်လာသလဲ မသိဘူး။ ခေါင်း၊ လည်ပင်း၊ နားရွက်တွေ ခဏခဏ ကုတ်ရတယ်။ လည်ပင်းမှာဆို အနာတွေကို ဖြစ်လို့။

အစတုန်းက ကျွန်တော့်သခင်က အစာလေးပဲ ချကျွေးတာပါ။ ဝဲတွေပေါက်လာတော့မှ ကောက်ချီပြီး ကြည့်တယ်။ နားရွက်လေးတွေ ပွတ်ကြည့်တယ်။ မေးအောက်တွေကြည့်တယ်။ ဂုပ် (ကုပ်)တွေ၊ မျက်ခုံးတွေ၊ နှာတံသီးတွေကို ကြည့်တယ်။ ဒါနဲ့ပဲ အဲဒီနေရာတွေကို ဆေးလိမ်းပေးဖို့ ဖြစ်လာရတော့တယ်။

တစ်ရက်မှာ ကျွန်တော့်ကို လက်ဆွဲခြင်းတစ်ခုထဲ ထည့်ပြီး အပေါ်ကကြိုးသီပြီး ပိတ်တယ်။ ခြင်းက ကြိမ်ခြင်း၊ အပေါက်တွေနဲ့။ နောက်တော့ ခြင်းကို သူ့ဆိုင်ကယ်ရှေ့က ဆိုင်ကယ်ခြင်းထဲ တင်ပြီး မောင်းထွက်လာတယ်။ ဆေးခန်းသွားမယ် ဆိုလား။ အိမ်ကလူတွေကို ပြောနေသေးရဲ့၊ ဒါပေမယ့် အိမ်နဲ့ သိပ်မလှမ်းခင်မှာပဲ ခြင်းထဲကနေ ခုန်ချထွက်ပြေးခဲ့ရတယ်။ သခင်က ခြင်းကို လုံအောင်မှ ပိတ်မထားဘဲကိုး။ ဆေးခန်းရောက်ရင် ဆေးထိုးခံရမှာ။

ဝဲတွေက နည်းနည်း အယားသက်သာသလိုပဲ။ ဒါပေမယ့် သခင်က ခရီးထွက်သွားပြန်တယ်။ သခင်မရှိတော့ ဆေးမလိမ်းရတော့ဘူး။ သခင်က သိပ်မကြာဘူး နှစ်ညအိပ်လောက်နဲ့ ပြန်လာတယ်။ ပြန်လာတော့ ဆေးပြန်လိမ်းရပြန်ရော။ ဆေးလိမ်းရတာက တဖြည်းဖြည်းနဲ့ ခေါင်းတွေ၊ ဂုပ် (ကုပ်)တွေတင်မကတော့ဘူး၊ လက်တွေ၊ ခြေတွေပါလိမ်းလာရတော့တယ်။ သခင်လည်းမသက်သာဘူး။ ဆေးလိမ်းတာရယ်၊ ဆေးလိမ်းပြီး ခြောက်အောင် နေပူထဲထားပြီး ယပ်ခတ်ပေးရတာရယ်နဲ့ ဆိုတော့ တစ်နာရီကျော်ကျော်လောက်ကြာတယ်။

သခင်က ကျွန်တော့်ကို ပွေ့ထားပြီးမှ ဆေးလိမ်းပေးလို့ရတယ်။ အစက ဆေးလိမ်းမခံချင်ဘူး။ ရှန်းတာပေါ့။ ခြေတွေ၊ လက်တွေနဲ့ ကန်ကန်ပစ်တယ်။ သခင်ရဲ့ လက်တွေ၊ ဗိုက်တွေမှာ ခြစ်ရာတွေ ထင်ကျန်ရစ်တယ်။ နောင်တော့ သခင်က သေသေချာချာ ပက်လက်လှန်ပြီး ပွေ့ထား။ တခြားလက်တစ်ဖက်နဲ့ ဆေးလိမ်းပေးရတယ်။ ဆေးတွေ နေ့စဉ်လိမ်းရတော့ ညညဆို အခါတိုင်းလို မယားတော့ဘူး။ မကုတ်ရတော့ဘူး။ နောက်တော့ ဆေးလိမ်းရင် မရုန်းကန်တော့ဘူး။





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အသာအယာလေး မျက်စိလေး မှိန်းပြီး နေတတ်လာတယ်။

သခင် အငြူစူခံရတယ်။ ဝဲတွေနဲ့ ကျွန်တော့်ကို ပွေ့လို့ ဖက်လို့ပေါ့။ သခင်နဲ့ တစ်အိပ်ရာတည်း အိပ်တဲ့သူက ပြောလာမယ်လာပြီ။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ ကျွန်တော့်မှာက ဝဲတွေနဲ့၊ သခင်ကလည်း ကျွန်တော့်ကို ဆေးလိမ်းမပေးဘဲ မနေနိုင်ဘူး။ လက်နှစ်ဖက်လုံးကို တံထောင်ဆစ်ထိ ပလတ်စတစ်အိတ်စွပ်၊ ကိုယ်ခန္ဓာပေါ်လည်း ပလတ်စတစ်ခင်းပြီးမှ ဆေးလိမ်းပေးတာ။ ဆေးလိမ်းပြီးရင် စိုထိုင်းမနေနအောင် နေပူထဲမှာ ယပ်ခတ်ပေးပြီးရင်တော့ သခင်ရေမိုးချိုးတော့တယ်။

တဖြည်းဖြည်းနဲ့ အစာလည်းစားလို့ မကောင်းတော့ဘူး။ အခါတိုင်း ရယ်ဒီမိတ်အစာတွေ စားတာ တကျွပ်ကျွပ်နဲ့ တစ်ဆုပ်ပြီး တစ်ဆုပ်၊ အခုဆို အနံ့တောင် မခံချင်တော့ဘူး။

သခင်က လတ်လတ်ဆတ်ဆတ် ချက်ပြီး အသားတွေနဲ့ ထမင်းဖြူနဲ့ ရောစပ်ကျွေးတယ်။ အဲဒါစားလို့ နည်းနည်းကောင်းတယ်။ ဒါပေမယ့် သခင်က သူတို့စားတဲ့ အသားတွေထဲက ဖဲ့ပေးရတော့ သူတို့ ငြိုငြင်ကြပြန်ရော။ သခင်က "မများပါဘူး" တဲ့။ သူစားမယ့် အပိုင်းထဲက ချန်ပြီးကျွေးတယ်။ ဒါလည်း သခင့်ကို မကြည်ကြပြန်ဘူး။ ကျွန်တော်က အဲဒီအဆင့်အတန်းလောက် မထိုက်တန်တဲ့သဘော၊ ကျွန်တော်ကလည်း နေမကောင်းတော့ တော်တော်တန်တန် အစားအသောက်နဲ့ ခံတွင်းမတွေ့တော့ဘူး။

သခင်က ပြောတယ်။ "သေသွားရင်တော့ လွမ်းမှာပါတဲ့၊ ခဏတော့ လွမ်းရမှာ" တဲ့။ "ဒါပေမယ့် မသေခင် ရောဂါဒဏ်ခံရမှာကို မကြည့်ရက်လို့" တဲ့။ သူတို့ကို ပြန်ပြောတယ်။

"ဘယ်သူပဲဖြစ်ဖြစ် ဖျတ်ခနဲ သေသွားရင် ကိစ္စမရှိဘူးတဲ့၊ မြန်မြန်လွမ်းပြီး မြန်မြန်ပြီးသွားမှာ" တဲ့။

"သူ ဒီလို ကရိကထများနေတာက ကျွန်တော် ဖျတ်ခနဲ မသေတာကြောင့်" တဲ့။ ဖျတ်ခနဲသေအောင် ဘယ်လိုလုပ်ရမလဲ မသိဘူး။ သခင် ဒုက္ခမရောက်အောင်၊ သခင့်ကို သူတို့ မပြောကြ မဆိုကြအောင်။

အယားကတော့ သက်သာတယ်။ အစားက ကောင်းမလာဘူး။ သခင်က အမျိုးမျိုး စဉ်းစားရပြန်တယ်။ သူတို့စားတဲ့ အစားထဲက ဖဲ့ကျွေးရမယ့် အတူတူ သီးသန့်ဝယ်ချက်မယ်လို့ ပြောတယ်။ သခင့်မှာ ဒုက္ခရောက်လိုက်တာ။ ငါး အသေးလေးတွေ သတ်သတ်ဝယ်ခဲ့ဖို့ ပြောပြောနေတယ်။

အိမ်က လူတွေ ဈေးသွားတဲ့နေ့က ငါးသေးသေးလေးတွေမှာဖို့ သခင်က သူ့ဇနီးကို ပြောထားတာ။ အဲဒီနေ့က ဈေးသွားတာကလည်း အခါတိုင်းထက် စောသွားတော့ ပြောဖို့ မေ့သွားကြတယ်။ သခင်ကပြောတယ်။ နောက်နေ့တော့ ကိုယ်တိုင် သွားဝယ်မှတဲ့။ သခင့်မှာ ဒုက္ခရောက်လိုက်တာ။ ဒီနေ့ဆို ဘာအသားမှ စားလို့ မကောင်းဘူး သခင်ရယ်။ ငါးလေးတွေလည်း မဝယ်ပါနှင့်တော့ စားနိုင်မှာ မဟုတ်ပါဘူး။

သခင်က ညနေဆို ထမင်းစားနောက်ကျတယ်။ အလုပ်က တော်တော်မိုးချုပ်မှ ပြန်လာတာ။ သခင် ထမင်းစားရင် သခင့်ခြေထောက်ကြားဝင်ပြီး အစာတောင်းရတာ။ "ခဏနေဦးတဲ့ စားပြီးမှ ကျွေးမှာ" တဲ့။ သခင်က သူစားမယ့် အသားတုံးထဲက နည်းနည်းချန်ထားပြီးတော့ ထမင်းဖြူလေးနဲ့ နယ်နယ်ပြီး ကျွေးတာ။ စားလို့ ကောင်းလိုက်တာ။

သခင်က သူ့ပန်းကန်ထဲမှာ ထမင်းဖြူလေး သေးသေးလေးဖယ်ထားတယ်။ သူစားပြီးသွားပြီ။ ကျွန်တော့်အတွက် ပြင်ဆင်တော့မလို့ သခင့်ကို ပြောကြပြန်တယ်။ ထမင်းဟောင်းတွေ ရှိပြီးသားတဲ့။ ထမင်းဟောင်းတွေက စားလို့မှ မကောင်းဘဲ။ ချေးတွေ ရွဲနေတဲ့ ထမင်းဆို စားလို့ မကောင်းဘူး။ သခင်က်တော့ သိတယ်။ စားလို့ မကောင်း[illegible]မှန်း။ သူ့ကို ပြောနေတော့ သခင်လည်း မတတ်နိုင်တော့ဘူး။ ဖယ်ထားတဲ့ ထမင်းကို သူတို့ထဲ ဆတ်ခနဲ ပြန်ထည့်ပေးလိုက်တယ်။ သခင်က ရှိတာလေးနဲ့ ကျွေးတော့ နည်းနည်းစားနိုင်သလောက် စားကြည့်ရတယ်။

ငါးလည်း မဝယ်စေချင်တော့ဘူး။ စားနိုင်မှာ မဟုတ်ဘူး။ အစားမ[illegible] မစားတော့ ရေတွေတွန်းသောက်တယ်။ ရေတွေသောက်တော့ ဆီးပဲ ခဏခဏ[illegible] သွားတာပေါ့။ ထသွား ထလာလည်း မသွက်တော့ဘူး။ ဒါနဲ့ သခင်တို့ ခြေသုတ်ဝတ်မှာ ဆီးသွားတော့ ဆူကြ ပူကြ ဖြစ်ပြန်ရော့။ ဒီနေ့ တစ်နေ့လုံး အစားမာက စားကို မစားနိုင်ဘူး။

သခင်ကတော့ သေခါနီး ယာ[illegible] ပြီး ကုတ်မနေရအောင်တဲ့။ ဆေးတွေ ဆက်တိုက်လိမ်းတယ်။ ဒီနေ့ညလည်း သခင်က စားပွဲမှာ ကွန်ပျူတာရိုက်နေ[illegible] တုန်း သူ့ခြေထောက်နားမှာနေနေရာက ဆီးသွားချင်လာတယ်။ သခင်ကလည်း သတိပြုမိပုံ မပေါ်ဘူး။ နောက်တော့ ခြေသုတ်ဝတ်ထားတဲ့ နေရာနားမှာ ဆီးသွားမလို့ လုပ်တုန်း အိမ်က တခြား လူတွေမြင်ပြီး အော်ကြပြန်ရော။ အိမ် အပြင်ကို အပို့ခံရတယ်။

သခင် အလုပ်လုပ်နေတာ[illegible] မပြီးသေးဘူး။ အခါတိုင်းဆို အပြင်[illegible] နေ အဖွင့်ခိုင်းတာ။ အခုတော့ မ[illegible] ခိုင်းတော့ပါဘူး။ သခင့်ကိုလည်း ဆူကြ ပူကြဦးမယ်။ အပြင်မှာ ခင်းပေးထား[illegible] ထိုင်ခုံဆိုဖာလေးပေါ်က ပုဆိုး[illegible] လေးပေါ်မှာပဲ ကုပ်ကုပ်လေး နေ[illegible] ရတယ်။

ဆီး သွားချင်လိုက်တာ တ[illegible] လုံးပဲ။ သခင်တို့ကို အသိမပေး[illegible] ပါဘူး။ ကိုယ့်ဘာသာကိုယ် အော[illegible] ဆင်းသွားတယ်။ ဝမ်းကလည်း န[illegible] နည်းသွားချင်လာတယ်။ ငံအော[illegible] မဆင်းနိုင်တော့ဘူး။ မဘားနား[illegible] သွားရတယ်။ နည်းနည်းပဲသွား[illegible]





www.burmeseclassic.com

www.burmeseclassic.com

သခင်တော့ အလုပ်ရှုပ်ဦးတော့မယ်။ တစ်ခါတော့ ဆီးသွားဖို့ အောက်ဘက်ကိုအဆင်း ပြုတ်ကျသွားတယ်။ အားမရှိတော့ဘူး။ ကြိုးစားပြီး ရွေ့ကြည့်တယ်။ ရွေ့လို့ မရဘူး။ လက်က နောက်ပြန်ဖြစ်နေတာတောင် ပြန်တည့်လို့ မရဘူး။ တဖြည်းဖြည်း အားနည်းလာတယ်။

မိုးကလင်းတော့မယ်။ အခါတိုင်း သခင်တို့ မနက်မိုးလင်း အိမ်နောက်ဖေးတံခါးဖွင့်ရင် အပြင်ကနေ အိမ်ထဲဝင်လာပြီး အစာတောင်းနေကျ။ သခင်က စားပွဲမှာ ကွန်ပျူတာရိုက်နေရာကရပ်ပြီး အစာလာကျွေးတာ။ ဒီနေ့တော့ အစာတောင်း ဇာတ်လမ်းဆုံးခန်းတိုင်ပြီပေါ့။ သခင်လည်း နံနက်စောစော ကွန်ပျူတာ ခိုတ်နေတာနေမှာ။ အသံမပေးတော့ ထလာမှာ မဟုတ်ဘူး။

မိုးစင်စင်လင်းပြီ။ သခင်က အိမ်ဘေးပတ်ပတ်လည် လိုက်ကြည့်ပြီး ပထမဦးဆုံး အညစ်အကြေးတွေ သွားထားတာ လှူမြင်သူမြင်ရှိရင် ကျုံးမလို့ ကြည့်တယ်။ ဘယ်တွေ့မှာလဲ။ အစာမှမစားနိုင်တာ။ ညက အိပ်တဲ့ နေရာကြည့်တယ်။ တွေ့မသွားဘူး။ အိမ်လည်နေလို့လားလို့ အခါတိုင်းလို ထင်များနေတာလား။ ထပ်မရှာဘူး။ သခင်သိအောင် အသံပေးကြည့်တယ်။ အသံက ထွက်မလာဘူး။ ဘယ်ထွက်ပါ့မလဲ။ လက်တွေကလည်း အကြောဆွဲ။ ပါးစပ်ကလည်း အကြောဆွဲနဲ့။

ခဏနေတော့မှ သခင့် အမျိုးသမီးက ပြောနေသံကြားတယ်။

"ဗလာလက်နဲ့ မကိုင်နဲ့၊ ပန်းအိုးနားမှာ အကြောဆွဲနေပြီ၊ တစ်ခါသုံးလက်အိတ်နဲ့ ကိုင်တဲ့"

သခင် လာကြည့်တယ်။

"အေးအေးဆေးဆေး သွားတော့"

ပြီးတော့ တစ်ခါသုံးလက်အိတ်နဲ့ကိုင်ပြီး နောက်ပြန်နေတဲ့လက်လေးကို ရှေ့ကိုပို့ပေးတာ ကိုယ်စောင်းလေး ထားပေးတယ်။ "တစ်ညလုံး ကိုယ်ကြီးလိမ်၊ လက်က နောက်ပြန်လို့ ညောင်းနေမှာ" တဲ့။ သခင်ရယ် ရောဂါက ဆိုးလွန်းလို့ ညောင်းတာတွေ မသိတော့ပါဘူး။

နောက်ဆို သခင့်ကို ငြိုငြင်မှာ မဟုတ်တော့ပါဘူးနော်။ သခင်က ခဏတစ်ဖြုတ်ပဲ ဝမ်းနည်းမှာလို့ ပြောထားတာ မဟုတ်လား။ သေခါနီး ယားနေမှာစိုးလို့ ဆေးလိမ်းပေးတာတဲ့။ တစ်ညလုံး မယားဘူး။ အခုတော့ သခင်တို့ ပြောတာတွေ ဝိုးတဝါးနဲ့။

"သွားတော့ သွားတော့" တဲ့။ သခင့်ကို အငြိုအငြင် ရပ်တော့မှာမို့ စိတ်တွေကို တအားလျှော့ပစ်လိုက်တယ်။ သခင် မိုးရာသီတုန်းက စိုက်ခဲ့တဲ့ အိမ်ဝင်းထောင့်က ရုံးပတီခင်းတွေကြားမှာ ထာဝရလဲလျောင်းခွင့်ပေးပါ။ နောင်နှစ် မိုးရာသီ ရုံးပတီပင်တွေ စိုက်ဖို့ သခင် မြေပြုပြင်တဲ့အခါ ရုံးပတီစေ့လေးတွေ ချတဲ့ မြေတွေအောက်မှာ ရွှေဝါလေးရှိပါလားလို့ သတိရအောင်။

❒ နေခြည်လင်းဇေတ်


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။


**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၅၅၀၀၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

"မအိ ဝတ္ထုရေးပါလား"

"ဘုန်းဘုန်းကလဲ မအိမှာ အချိန်ပိုမှ မရှိတာ"

"မအိ တစ်ခါက ရေးတဲ့ ဝတ္ထုတိုလေးက တော်တော်ကောင်းတယ်"

"ဟင်း ဟင်း ဟင်း မအိ အဲဒီတုန်းက ရင်ထဲရှိတာ ချရေးလိုက်တာလေ၊ ခုတော့ ကိုယ်သိပြီ ဆိုတာလေ၊ ဦးသာယာ နည်းနည်းပါးပါး ပြင်ပြီး ထည့်ပေးတယ်ဆိုတာ မဟုတ်လား"

"အေးလေ. . . ကိုသာယာက ဒီလက် ကလေးမဆိုးဘူးတဲ့၊ ရေးမယ်ဆိုရင် ဖြစ်လောက်တယ်တဲ့"

✿

ဘုန်းဘုန်းက မအိ အမေ။

မအိကို ကျူရှင် အမွေပေးခဲ့တာကို ပထမ စိတ်ပင်ခုမိသေးသည်။ ကျူရှင်က အောင်မြင်စပြုလာတော့မှ ဖေဖေ ဘုန်းဘုန်းကို ကျေးဇူးတင်မိသည်။

မေမေကတော့ မိန်းကလေးပီသသ အစိုးရကျောင်းဆရာမလုပ်တာကို သဘောကျ၍ (သူကိုယ်တိုင်လည်း ကျောင်းအုပ်ကြီး-အငြိမ်းစား)ဆရာမဖြစ် ဖြစ်အောင် ကြိုးပမ်းခဲ့သည်။

ဖေဖေနဲ့ မေမေရဲ့ အမွေက ယခုတော့ ဖေဖေရော မေမေ့ဆွေမျိုးတွေကြားမှာပါ မိဘကျေးဇူး ဆပ်သူလို့ ဝမ်းပန်းတသာ လက်ခံကြရပေပြီ။

တကယ် မအိ ဝါသနာပါတာက အရောင်းအဝယ်။ ဖေဖေ့ မေမေသွေးများပါသလားမှမသိတာ၊ ဘွားဘွားက ဈေးရောင်း ဈေးဝယ်အလွန်တော်သည်ဟုဆိုသည်။ သားသမီးတွေ တက္ကသိုလ်ရောက်တာတောင် ကျောင်းပိတ်ရက်မှ ငွေရင်းထုတ်ပေးပြီး တစ်လတိတိ ဈေးရောင်းရသည်တဲ့။ ရောင်းတော့လည်း သူ့ဆိုင်ကြီးမှာ မဟုတ်။ လမ်းဘေးက (ယခင် မြူနီစီပယ်၊ ယခု စည်ပင်သာယာ ခွင့်မပြုသောနေရာ) ဖမ်းရင် ပြေးရလွှားရသည့်နေရာ၊ တစ်လဈေးရောင်းပြီး အရင်းပြန်ပေး၊ အမြတ်ကို မိမိသွားလိုသော လေ့လာရေးခရီးထွက်ဖို့သုံး။

ဖေဖေ့ ဖေဖေကတော့ ကျူရှင်ဆရာ နာမည်ကြီး။ ဖေဖေ့ မမက မွေးတဲ့ မမငြိမ်းကလည်း ကျောင်းဆရာမပဲ၊ မအိကိုတောင် မူလတန်းက စာသင်ခဲ့ရသေးသည်။

ဖေဖေ့အစ်ကိုကလည်း အသုတ်မြို့မှာ ကျူရှင်ဆရာ။ ဖေဖေက သူကိုယ်တိုင် လခစားဘဝ ထားရာနေ စေရာသွား မိသားစုနဲ့ ခွဲခွာနေရတာကို နှစ်မြိုက်ဟန်မရှိ။ မိသားစု တစုတဝေးတည်းနေနိုင်ဖို့ ကျူရှင်တစ်ခုထူထောင်ပြီး မိသားစုအားလုံး ဝိုင်းသင်။

သည်အထဲကမှ မအိမမက ကျောင်းစာရေး၊ အိမ်ထောင်သည် ဖြစ်သွားသည်။ မအိနဲ့ မအိအောက် အပျိုနှစ်ယောက်က အစိုးရဆရာမတာဝန် တစ်ဖက် ကျူရှင်တစ်ဖက်။

အငယ်ဆုံးမောင်လေးက ကွမ်းခိုင်၊ သူကလည်း အိမ်ထောင်သည်။ မအိနှလုံးသားထဲမှာ စွဲနေတာက တစ်ချိန်ချိန်ဘွားဘွားလို ကုန်စုံဆိုင်ကြီး ဖွင့်ချင်တာပဲ ဖြစ်သည်။

✿

ဈေးဆိုင်ဖွင့်မည်လို့ စဉ်းစားတုန်းက ငယ်သူငယ်ချင်း မမော်ဆီ ရောက်သွားသည်။ ဈေးဝယ်ပုံဝယ်နည်း၊ ရောင်းချပုံစနစ်၊ နေ့စားဝန်ထမ်းတွေ တာဝန်ခွဲပေးပုံက အစ အထားအသို အဆုံး ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင် လေ့လာသည်။ သည်တုန်းက မမော် ပြောပြသော ပြဿနာက ခြေထောက်ပေါက်ရောက်လာပုံ တွေးမိပြီး ပြုံးမိသည်။

မမော်ရဲ့ လင်သားက ကိုစန်းကို သူက မူလတန်းပြဆရာ၊ ဒါပေမယ့် အပေါင်းအသင်းဆက်ဆံရေး ပရဟိတ စိတ်ပြည့်ဝသူဆိုတော့မူလတန်းကျောင်း (၁၅)ကျောင်း စုဖွဲ့ထားတဲ့ ပညာရေးမိသားစုမှာ အတွင်းရေးမှူး။

တစ်နေ့။

တွံတေးမှ သောက်ရေအိုးရောင်းသော အထမ်းသည်နှစ်ဦး သူ့ဆိုင်သို့ ရောက်လာသည်။

"ဆရာဦးစန်းကိုက လွှတ်လိုက်တာ၊ ခင်ဗျားက ဆရာကတော် မမော်ထွေး မဟုတ်လား၊ သောက်ရေအိုး အလုံး(၃၀)စစ်ဆေးပြီး ဝယ်ထားပါ"တဲ့။

ဟုတ်သည်။ မမော်ယောက်ျား ကိုစန်းကိုက ကျောင်းစု အတွင်းရေးမှူးဆိုတော့ ကျောင်းတွေမှာ ယခုလိုအချိန်ကျောင်းဖွင့်စ လိုအပ်တဲ့ တံမြက်စည်း၊ ရေအိုး၊ ရေခွက်၊ သောက်ရေစစ် ကအစ သူ့မိန်းမ အားကိုးနဲ့ ဈေးသက်သက်သာသာရအောင် ဝယ်ပေးတတ်သည်။

ဘာပဲဖြစ်ဖြစ် ကိုစန်းကို ဝယ်ခိုင်းတဲ့ ပစ္စည်းအပေါ်မှာ မမော်က အမြတ်တော့ ယူပြီးသား။

သည်တော့ ကိုစန်းကို တကယ်ဝယ်ခိုင်းတာ ဟုတ်၊ မဟုတ် သေချာအောင် စစ်ဆေးသည်။

"ရှင်တို့က ဆရာနဲ့ ဘယ်မှာတွေ့တာလဲ၊ ကျွန်မ နာမည် ဘယ်လို့သိလဲ"

"ဆုံဆည်းရာ လက်ဖက်ရည်ဆိုင်မှာပါ၊ ဆရာက ပြောလိုက်တာကိုး" တဲ့။ ဒါလည်း သူ့ယောက်ျားထိုင်နေကျဆိုင်။

"ဆရာ့ပုံပန်းကို မှတ်မိလား၊ လွဲမှာစိုးလို့"

"အသားဖြူဖြူ တိုက်ပုံအဖြူ၊ လုံခြည်အစိမ်း၊ ဘေးမှာ လွယ်အိတ်က အနီရောင်"

ဒါဆို သေချာပြီ။ ဒါက ကိုစန်းကို စတိုင်။

သည်တော့ အိုးတွေကို သေသေချာချာ ခေါက်ခတ်ကြည့်၊ အပြစ်အနာအဆာမပါအောင် ရွေး၊ ဈေးဆစ်၊ အပိုတစ်လုံးပင် [illegible]းထားပြီး ဝယ်လိုက်





www.burmeseclassic.com

သည်။ ပြီးတော့ အိမ်ရှေ့မှာ စနစ်တကျ မှောက်ပြီး ထပ်ကာ စီထားလိုက်သည်။

အဲ- ပြဿနာက ညနေ ကိုစန်း ကို ကျောင်းက ပြန်လာချိန်။

"ဟာ အမေ်၊ အိုးတွေ များလှချေလား၊ ဘယ်က ဝယ်တာလဲ"

"ကိုစန်းကိုပဲ အိုးအလုံး (၃၀) ဝယ်ထားလိုက်ပါဆို"

"ဘယ်သူက ပြောလဲ"

"အိုးသည်ကပေါ့"

"အမယ်လေး အိုးသည်ပြောတိုင်း ယုံရလား မိန်းမရာ"

"ဟင် . . . ဘယ်လို ဘယ်လို"

"အိုးသည်က ဆရာဦးစန်းကိုက ကျောင်းတွေ ခွဲဝေပေးဖို့ အိုးအလုံး(၃၀) သေသေချာချာ စီစီစစ်စစ်နဲ့ ဝယ်ထားပါဆိုလို့ ဈေးဆစ်ရွေးပြီး အိုးတစ်လုံးတောင် အိမ်သုံးဖို့ အဆစ်တောင်းထားလိုက်သေးတာ"

"သူတို့က ငါနဲ့ ဘယ်မှာတွေ့တယ်ပြောလဲ"

"ဆုံစည်းရာမှာတဲ့"

"ဗုဒ္ဓေါ၊ မင်းက ငါ့ပုံပန်းသဏ္ဌာန်ကော မေးမကြည့်ဘူးလား"

"မေးတာပေါ့၊ မေးတာမှ သေသေချာချာ ဝတ်တဲ့အဝတ်အစား လွယ်အိတ်ကအစ အခုရှင့်ပုံစံကို တိတိကျကျပြောတာ"

"အခုမှ ရှင်က မူးကြောင် ရူးကြောင်နဲ့ ဘာ မသိချင်ယောင်ဆောင်တာလဲ"

"ဘုရားပေးပေး ကျမ်းပေးပေး ပါ မိန်းမရာ၊ ငါ တကယ်မဝယ်ခိုင်းတာပါ၊ ဒီတစ်ပတ် မြို့နယ်ရုံးက အသေးသုံးဝယ်ချပေးလို့ ပြည့်စုံနေပြီလေ"

"ဒါဆို ဒီကိစ္စ"

သည်မှာတင် . . .

"ဟေး ဒီလင်မယား ဘာဖြစ်နေကြတာလဲ"

အသံပြု၍ ဝင်လာသူက ခင်မောင်အေး။ သူက မမော်တို့ ကိုစန်းကိုတို့နဲ့ ငယ်သူငယ်ချင်း။ ယခုတော့ ကိုယ့်ကွယ်ရာမှ . . . မ်း။ သူ ဝင်လာတာကို လှမ်းကြည့်လိုက်ကတည်းက ပြဿနာ၏ အဖြေကို ကိုစန်းကို သိလိုက်ပြီ။ သည်ကောင်က ငယ်ငယ်လေးကတည်းက အနောက်အပြောင်သန်သူ။

သူနှင့် ကိုစန်းကိုက အသားဖြူတာ တူသလို၊ ကိုယ်လုံးကိုယ်ပေါက်က မကွဲ။ ပြီးတော့ ခင်မောင်အေးတို့ရုံးက ကုန်သွယ်လယ်ယာဆိုတော့ အပေါ်ဖြူ အောက်စိမ်း၊ ခင်မောင်အေး လွယ်ထားတာက လွယ်အိတ်အနီလေး။

ဒီကောင် ဆုံစည်းရာမှာ အိုးသည်တွေနဲ့တွေ့ပြီး သူ့ဈေးဆိုင်ကို လမ်းညွှန်တာ ဖြစ်မည်။

ခင်မောင်အေးကတော့ သူ ဘာမှမသိသလို ပြုံးစိစိ။

✿

သည်တုန်းက မမော် ပြော၍ မအိ ကိုခင်မောင်အေး ဆိုသူကို သိခဲ့သည်။

"အမယ်လေး ငအေး (ခင်မောင်အေးကို မမော် ခေါ်သည့်လေ) မို့လို့ မအိရေ ပဲပူဆိုလို့ကတော့ တို့အပိုင်းက လူတွေ ထွက်ပြေးရမလားဘဲ"

"သူက အဲဒီလောက်တောင် အနောက်အပြောင်သန်လား သူငယ်ချင်း"

"ဟိုတစ်လောကလေ ကိုစန်းကို မွေးနေ့ သူငယ်ချင်း နည်းနည်းပါးပါး ဖိတ်ပြီး အိမ်မှာကျွေးတယ်၊ အဲ စောစောစီးစီး ငအေး ရောက်လာပြီး သူငယ်ချင်း ငါ အင်းလျားလိပ်မှာ ဆရာ့သမီး မင်္ဂလာဆောင်သွားရမှာမို့ မင်းကို လာတောင်းပန်တာ၊ ရှေ့ဒီမှာ သူငယ်ချင်းအတွက်"

နာရီလေး။ အင်မတန်လှသည်။ ပြီးတော့ ဆီကိုဖိုက် ဘူးလေးကိုက ချစ်စရာ။

"ငါ ခဏ အပေါ်သွားလိုက်ဦးမယ်"



"ဪ အေးအေး၊ . . .
တည့်တည့်ဝင်သွားလေ"

ခဏအကြာ ခင်မောင်အေး ပြ . . .
ထွက်လာသည်။

လင်မယားနှစ်ယောက်လုံး . . .
ဆက်၍ ပြန်ထွက်သွားသည်။

ဧည့်သည်များကလည်း . . .
ယောက်စ နှစ်ယောက်စ ရောက်လာ . . .
သည်တော့ ကျွေးဖို့ မွေးဖို့ ပြင်ရ . . .
ရသည်။

ထမင်း တစ်ဝိုင်းပြီး တစ်ဝိုင်း . . .

ထူးခြားတာက ကြက်သား . . .

အလယ်ပန်းကန်ကြီးနဲ့ . . .
ထား ပေးထားပေမယ့် တစ်ယော . . .
တစ်ဇွန်းထက် ပိုမခပ်။ ခပ်ပြီး . . .
လည်း စားကြည့် မြည်းကြည့်ပြီး . . .
ကန်နှုတ်ခမ်းပေါ် တင်ထား။

ထမင်းဝိုင်း သိမ်းတိုင်း ပန်း . . .
ထဲမှာ ကျန်ခဲ့တာက မြည်းပြီး . . .
ကြက်သားတုံးတွေ။

သည်တော့ မမော် . . .
လွဲနေပြီကို ရိပ်မိသည်။ ဘာမှ . . .
မသိတာ။

ခင်မောင်အေးများ ရပ်ကွ . . .
ဘာတွေ လှည့်ပြောထားလို့လဲ၊

လာသမျှ ပရိသတ် ပြန် . . .
တော့ တီးတိုး တီးတိုး သ . . .
နောက်ဆုံး မမော် မနေနိုင်။

ယောကျ်ားရေ ဆိုပြီး . . .
အကြောင်းပြောတော့ ကြက်သ . . .
အိုးကိုဖွင့်၊ မြည်းကြည့်သည်။ . . .
မျက်နှာ ပင်လယ်ရေကို ရှာလ . . .
ထင်ပြီး သောက်လိုက်ရသလို . . .
သည်။ မမော်လည်း မြည်းကြ . . .

သေနာကြီး လာမှထု . . .
သင်းကလွဲ၍ မည်သူမျှ မ . . .
နောက်ဖေးဝင်သွားရင်း . . .
ချထားသော ဆားအိတ်ထဲက . . .
ဆုပ် ဟင်းအိုးထဲ ထည့်သွား . . .
မည်။

(၂)ရက်လောက် . . .
သားကောင်းပြီးမှ မမော်နဲ့ ငအေ . . .



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ကားဂိတ်မှာ ဆုံသည်။ မမော် ရင် မကျေနပ်ချက်က လိပ်တက်လာ ယ့် မြို့ချပြီး "သေနာကောင်" ဟု ပနာပြုကာ ဘတ်စ်ကားပေါ် ခဲ့ရပေသည်။

✿

"ဟယ် တော်တော်ဆိုးတဲ့ သူပဲ"

"အမယ်လေး ငအေး မွှေချက် ကုန်ပါဆို၊ ငမိုးရိပ်ချောင်းဘေးမှာ န်းကြီးကျောင်းတွေ စီတန်းနေပါ လား၊ အဲဒါလေ တစ်နှစ်က ဝါဆို န်းထဲမှာ မမော်မှတ်မိသေးတယ်၊ လမ်းထဲက ဒေါ်မွှေးကြီး ဆုံးတော့ လည်မှာ သံဃာ(၅)ပါး အရှက် ကပ်တယ်၊ ကြွလာတော့ သံဃာ )ပါး၊ ဒီမှာက (၅)ပါးစာ ဆွမ်း လှူ တ္တုစီစဉ်ထားတာ၊ ကြွလာတော့ ည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ကမန်း န်း စီစဉ်ပြီး တရားနာရတာပေါ့၊

နောက် စုံစမ်းတော့ ဒေါ်မွှေး သားက ပင့်ထားတာ အမှတ် (၅)ထဲက ကျောင်း၊ နောက်ကြွလာတာက (၄)ထဲ က သံဃာ၊ ဘယ်သူပင့်သလဲလို့ ဆရာ တော်တွေကို မသိမသာ လျှောက် ထား စုံစမ်းတော့. . .

ဒကာကြီး ဦးခင်မောင်အေး တဲ့လေ"

ကဲ ဘာတတ်နိုင်သေးလဲ။

✿

"မအိရေ ပြောရင် မကုန်ဘူး သိလား၊ ငအေး မွှေချက်က . . .

တစ်ခါလည်း ကထိန်။ သူတို့ ကုန်သွယ်ရေး ကထိန်။ သူက အဲဒီ ပတ်ဝန်းကျင်မှာ လယ်တွေရှိ မဟုတ် လား (ယခု မြို့သစ်နေရာများ) အေး အဲဒီမှာ စပါးဒိုင်မှူး။

ဒီနှစ် မဲပေါက်တာက (၅)ထဲက ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အရမ်း ဆင်းရဲတယ်၊ ဓနိမိုး ထရံကာ တဲကျောင်း လေး၊ အဲဒါကို လှူမှာဆိုတော့ ဝမ်း သာကြတာပေါ့။



အဲ အဲဒီမှာ သူက ရပ်ကွက်ထဲက လူတွေလည်း လာကြဖို့ သူတို့ ကုန် သွယ်ရေးရုံးချုပ်က လူသိပ်မလာနိုင် ဘူးတဲ့၊ အဲဒီနေ့ ဝန်ကြီးလာမှာမို့ ရုံးက ထွက်လို့ မရဘူးဆိုပဲ။

ဒါကြောင့် စီစဉ်ထားတာက မကုန်မခန်း ပုံးပေါလအော ဆိုတော့ ရပ်ကွက်တစ်ခုလုံး မီးခိုးတိတ်လာခဲ့ကြ ပေါ့။

လူတွေကလည်း အမှတ်သညာ မရှိဘူး။ ဒီလောက် ဗရုတ်သုတ်ခ လုပ် တဲ့ ငအေးစကား ယုံတယ်။

"မိမော် နင်ကော အဲဒီနေ့က သွားသေးလား"

"အောင်မယ်လေး . . ငအေးက ဆိုက်ကားခအကုန်ခံပေးပြီး လာပါဆို တော့ သွားရတာပေါ့"

"အေး ပြောပါဦး၊ ဟိုကျတော့"

"ဟိုကျတော့ ပရိသတ်ကအများ ကြီး ကျောင်းဝင်းတစ်ခုလုံး အပြည့်၊ ဒါပေမယ့် ဘုံကထိန်က ၅နာရီကတည်း က အရှက်ဆွမ်းကပ် ရေစက်ချ တရား နာပြီးပြီတဲ့"

"အေးကထိန်တဲ့"

"အေးကထိန်ဆိုတာက ဘာလဲ ဟင်"

"ဟိုကွာ ဘယ်ပရိသတ်ကိုမှ ဘာ မှ မကျွေးမမွေး အေးအေးဆေးဆေး လုပ်တဲ့ ကထိန်"

"ဒါဖြင့် ဟိုရပ်ကွက်က လူတွေ က"

"ဟိုလိုလို ဒီလိုလိုနဲ့ ပြန်လာ အိမ် ရောက်မှ ထမင်းချက်စားရတာပေါ့"

"အဲဒီငမွှေ ငအေးကိုရော ဘာမှ ဝိုင်းမလုပ်ဘူးလား"

"လုပ်ဖို့ နေနေသာသာ သူက တရားရေအေးအမြိုက်ဆေး ပုံးပေါလ အောတိုက်ကျွေးဖို့ ခေါ်တာပါတဲ့"

"ဟယ် ဒီလူကြီး"

"အေး ခုန ဝင်လာပြီး ပြူးတူး ပြဲတဲနဲ့ နင့်ကို ကြည့်တာ လူပျိုကြီး ခင်မောင်အေး ဆိုတာပေါ့၊ မအိကိုများ





www.burmeseclassic.com

www.burmeseclassic.com

ငါက အသောက်အစား
လောင်းကစား ဖဲ မိန်းမ
ကင်းပေမယ့်
နောက်ပြောင် တတ်တဲ့
ညာဉ်က ရှိနေတော့

ကြိုက်နေသလား မသိဘူး၊ သည်ဆိုင်ကို သည်တစ်လတည်း လာတာ (၉)ခေါက် ရှိပြီ"

မအိကတော့ ဘာမျှမပြော။ ပြုံးရုံမျှသာ။

✿

"မိမော် နင်တို့ဆီလာ လာနေတဲ့ ဟိုကျောင်းဆရာမလေးက တော်တော်လည်တယ်နော်"

"ဘာလဲ နင်ကြိုက်နေလို့လား"

"ဟဲ ဟဲ နင်လဲ အသိသား၊ ငါက အသောက်အစား လောင်းကစား ဖဲ မိန်းမ ကင်းပေမယ့် နောက်ပြောင်တတ်တဲ့ ညာဉ်က ရှိနေတော့ ရပ်ကွက်ထဲမှာရော ရုံးမှာပါ ငါ့ကို ပြန်ကြိုက်မယ့်သူ မရှိလို့ လူပျိုကြီး ဖြစ်နေရတာ"

"အေးပါ၊ ငါက နင်ကြိုက်ရင် သူငယ်ချင်းကောင်း ပီပီသသ ကူညီရမှာပေါ့"

"အေးပါဟာ၊ ငါလဲ ဒီညာဉ်က ဘယ်လို ပါလာလဲ မသိဘူး၊ ခုတော့ လူတွေက ငါ့ကို မြင်တာနဲ့ မယုံသင်္ကာ ဖြစ်နေတော့တာ"

✿

"မအိက ပြောတယ်ဟာ၊ လာမယ့် တပေါင်းလပြည့်နေ့က သူ့မွေးနေ့တဲ့၊ အဲဒါ ငါရော ငါ့ယောက်ျားရော နင်ပါ ရွှေတိဂုံဘုရား သွားရအောင်တဲ့"

"ဟာ တော်လိုက်တာ မိမော်ရာ၊ နင်ဟာလေ တကယ်အောင်သွယ်တော် ကျူရှင်တောင် ဖွင့်စားဖို့ ကောင်းနေပြီ"

"ဒါကထားပါ၊ ရော့ ဒါက နင့်အတွက် အင်းလေးပုဆိုး ချုပ်ပြီးသား ဟိုမှာ ငါနဲ့ ငါ့ယောက်ျားကိုလဲ တစ်စုံစီ ချုပ်ပေးသေးတယ်"

ခင်မောင်အေးတစ်ယောက် မိုးမမြင် လေမမြင် ပုဆိုးအိတ်ကလေး ဆွဲကာ ပြုံးဖြဲဖြဲနှင့် ပြန်သွားလေသည်။

✿

တပေါင်းလပြည့်နေ့ ရွှေတိဂုံကုန်းပေါ် ဘုရားဖူးများ ကြက်ပျံမကျ။

မအိ၊ မမော် ပြီးတော့ မိမော်ယောက်ျား၊ ဘေးက ခင်မောင်အေး။

ခင်မောင်အေး၏ ကြည်နူးစိတ်များက ဘုရားပေါ် ရောက်၍ (၁၅)မိနစ်ပင်မခံ၊ ထောင့် (၈)ထောင့်မှာ တနင်္ဂနွေထောင့်ကစ၍ ပန်း ရေချမ်းကပ် ရှိခိုးကြမည် ဆိုသည်။

သူ ဝတ်လာသော မအိပေးသည့် အင်းလေးပုဆိုးက တနင်္ဂနွေထောင့်မှာ ဘုရားရှိခိုးဖို့ ထိုင်လိုက်တော့

"ဗြဲ"

"ဟာ. . . သွားပြီ"

တိုက်ဆွေး မိသွား၍ အလျားလိုက် တစ်ထွာခန့် ကွဲသွားသည်။

ခင်မောင်အေး လှည့်ဝတ်လိုက်ရသည်။ ဘေးလူတွေ ရိပ်မိပုံ မပေါ်။ တနင်္ဂနွေပြီးတော့ တနင်္လာ။

ဘုရားရှိခိုးဖို့ ထိုင်လိုက်သည်။

"ဗြဲ"

"ဟိုက် ကွဲပြန်ပြီ"

သည်လိုနှင့် အင်္ဂါထောင့်ရောက်တော့ မထိုင်ရဲတော့။ လှည့်ဝတ်ဖို့က မလွယ်တော့ အောက်ခံဘောင်းဘီပါ၍သာ တော်တော့သည်။

အရေးထဲ မအိက ဘာမှ သိဟန်မတူသည့် ပုံစံဖြင့်. . .

"လာလေ ကိုခင်မောင်အေး၊ ဒီမှာထိုင် ဘုရားရှိခိုးလေ"

ဘုရားရှိခိုးချင်ပါ၏။ မအိဘေးနားက ကပ်၍ ရှိခိုးရမည်ဆိုတော့ ပိုပြီး ပိုပြီး ရှိခိုးချင်ပါ၏။

သို့သော် သူ ဝတ်ထားသော အင်းလေးပုဆိုးက ထိုင်ခွင့်မပေး။ ဒါကို အခြေအနေနှင့် အချိန်အခါပေးတုန်း အသုံးမချရကောင်းလားဆိုပြီး ဆီးရွှတ်လောက်သာ ရှိတော့သော သူ့မျက်နှာကို မထောက် စန်းကိုက ဇွတ်ဆွဲပြီး မအိဘေး ထိုင်ခိုင်းသည်။

မအိကတော့ ဘုရားအာရုံပြု ရှိခိုးနေပြီ။

"ဗြဲ"

ရင်ထဲမှာ ဗလောင်ဆူနေပြီး အတင်းထိုင်ချခိုင်း၍ ပုဆိုးကို ဖွဖွလေးပင် လုပ်ထိုင်မရတော့။ ဒီတစ်ခါ ပြဲတာက တစ်တောင်လောက်။

ပြန်ထဖို့ မဖြစ်နိုင်။

သည်တော့ မထူး။ တင်ပျဉ်ခွေကာ တရားထိုင်သလို မျက်စိကိုမှိတ် ဝင်လေ ထွက်လေ ရှူ။

သူ တရားထိုင်တာကို ခ[illegible] စောင့်နေကြသေးသည်။ နောက်တော့ ခြော် သူ့ဘာသာသူ အားထုတ်ပါစေ ဆိုပြီး ထားခဲ့ကြသည်။

ထိုနေ့က ၁၀ နာရီကျော်မှ သုံးဘီးကား (ယခင် တက္ကစီ)ငှား၍ [illegible] ပြန်ခဲ့ရလေတော့သည်။

✿

အကယ်၍များ သူများ[illegible] ဒုက္ခရောက်တာကို ကျေနပ်သဘော[illegible] လေ့ရှိသော ကိုခင်မောင်အေးကို [illegible] က ကိုယ်ချင်းစာနာတတ်ရန် အင်း[illegible] ပုဆိုး တိုက်ဆွေးကြီး တမင်ရွေးဝယ်[illegible] ပေးသည်ကိုသာ ကိုခင်မောင်အေး [illegible] ယောက် သိခဲ့ပါမူ။

✿

ထိုကတည်းက ကိုခင်မောင် အေးတစ်ယောက် နတ်လူသာ[illegible] စရာ သူ၏ ဆိုးသောညာဉ် ပြုတ်[illegible] လေတော့သည်။

❐ မာန်ငြိမ်းအေး(အ[illegible])





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



**တင်ဆာအထူးကုသမားတော်ကြီး**
**ဦးကိုကိုလတ်**
**သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁**

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်နှင့် သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပို၊ စိပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သဝ င်ကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း၊** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား ၁၉၇၃ ခုနှစ်၊ ဇွန်လ
ထမပတ်။

ပဲခူးရိုးမ အနောက်ဘက်ခြမ်း။

ထိုအချိန် ထိုကာလက တပ်မ
တော်စစ်ကြောင်းများသည် အောင်စိုး
စစ်ဆင်ရေး(ဖြတ်လေးဖြတ်)စနစ်ဖြင့်
ပြည်ကွန်မြူနစ်ပါတီခေါ် (ဗကပ)
အား အမြစ်ပြတ်သုတ်သင်ရှင်းလင်းနေ
ဖြစ်သည်။

ရိုးမတောင်ခြေနှင့် ကိုက်ငါးရာ
သာသာလောက်တွင် သရက်စု
ရွာစုကလေးရှိပါသည်။ အိမ်ခြေ
ဆယ်ထက် မကျော်ပါ။ မိုးဖွဲဖွဲလေး
နေချိန် ရသေ့ကြီးတစ်ပါးရောက်ရှိ
ပါသည်။ အချိန်ကား ညနေငါးနာရီ
မိနစ်အနည်းငယ်သာ လိုတော့
သည်။

"ဒကာကြီး ဒကာကြီး မောင်ရှိန်
ကြီး"

အိမ်ရှေ့မှ တကြော်ကြော်အော်
နေသဖြင့် အမျိုးသမီးကြီး တစ်
ယောက်နှင့်အတူ ဒေါင်ကောင်းကောင်း
ယောကျ်ားနှစ်ယောက် သက်ကယ်၊ ဓနိ
ထရံကာ နှစ်ထပ်အိမ်ကြီးထဲမှ ထွက်
လာတာ. . .

"ရသေ့ကြီး ဘာကိစ္စရှိပါလဲ ရှင်"

အိမ်ထဲမှ အမျိုးသမီးကြီး၏ မေး
ဖြစ်သည်။ ထိုအခါ ရသေ့ကြီးမှ ပြန်
သည်မှာ. . .

"ဒကာကြီး မောင်ရှိန်ဆီလာတာ
မရောက်တာလဲ ကြာသွားပြီလေ၊
က လာပြီး ညအိပ်သွားတာလေ၊
မိတော့ဘူးလား"

ထိုဆိုစကားကို အိမ်ထဲမှ အမျိုး
သမီးကြီးသည် အတော်စဉ်းစားနေပုံရ
သည်။ အတန်ကြာမှ. . .

"ဩော် မှတ်မိပြီ၊ မှတ်မိပြီ
ဘယ်လိုမှ စိတ်မရှိပါနဲ့နော်"

ထိုအခါကျမှ ပြောလည်းပြော
အိမ်တံခါးကို ဖွင့်ပေးသည်။ တောထဲ
မှာ နေရသဖြင့် လုံခြုံရေးကို အထူး
သတိထားရသည်။ နေ့နေ့ညည မပြတ်
သတိရှိရသည်။

"ဒကာကြီး မောင်ရှိန် ဆုံးသွား
ပြီလေ ရသေ့ကြီး၊ ခုဆို တစ်ပတ်တောင်
ကျော်သွားပြီ"

ရသေ့ကြီးသည် အံ့အားသင့်
သွားကာ. . .

"ဩော် ဟုတ်လား၊ ထင်တောင်
မထင်ဘူး၊ စိတ်ထဲမှာ တအားလာချင်
နေတာ"

၎င်းစကားများကြောင့် ရသေ့
ကြီး မျက်နှာမှာ ညှိုးနွမ်းသွားကာ ဦး
ခေါင်းပေါ်မှ ဒေါက်ခြာကိုလည်း ချွတ်
လိုက်သည်။

ပြီးမှ. . .

"ဘယ်လိုဖြစ်ပြီး ဆုံးတာလဲ၊
ပြောပြပါဦး ဒကာမကြီး"

"မိုင်းတက်နင်းမိတာပေါ့ ရသေ့
ကြီးရယ်၊ စစ်တပ်က ထောင်ထားတဲ့
မိုင်းလား၊ ဗကပထောင်ထားတဲ့ မိုင်း
လား မသိပါဘူး၊ တစ်ခါတည်း ရုပ်ပျက်
ဆင်းပျက် သေသွားတာ။

အဲဒါ သားအကြီးကောင်က
တောင်ယာလုပ်ရင်း သွားကြည့်တော့
သူ့အဖေ ဖြစ်နေတယ်လေ၊ ခန္ဓာကိုယ်
အစိတ်အပိုင်းတွေ အားလုံး တစ်စစီ
ဖြစ်သွားပြီး ဝတ်ထားတဲ့ ပုဆိုး အင်္ကျီ
တွေဆို ဓားနဲ့ တစ်စစီခုတ်ထားသလိုပဲ။

အဲဒါနဲ့ ကျွန်မတို့လဲ မိသားစု
သဘောတူညီမှုယူပြီး အဲဒီနဲ့ မလှမ်း
မကမ်းမှာပဲ မြေမြှုပ်သဂြိုဟ်လိုက်တယ်"

သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်
ခင်ရီမှာ ပြောလည်းပြော ငိုလည်းငို
သည်။ ၎င်းတို့ အနီးအနားမှ အဘွားအို
တစ်ဦးကလည်း တုန်တုန်ချည့်ချည့် ပြော
သည်မှာ. . .

"ရသေ့ကြီးရယ် အဘွားတစ်
သက် ဒီလိုမြင်ကွင်းမျိုး တစ်ခါဖူးမှ တွေ့
လဲ မတွေ့ဖူးဘူး၊ ကြုံလဲ မကြုံဖူးဘူး၊
ကံဆိုးလိုက်တာကွယ်၊ ပြောကို မပြော
ချင်တော့ဘူး"

"ဒါနဲ့ ရသေ့ကြီးက ဘယ်မှာ
သီတင်းသုံးနေလဲ၊ ဗေဒင်တွက်ပြီး ဆေး
ကုတုံးလား"

သေဆုံးသူ ဦးမောင်ရှိန်၏ ဇနီး
ဒေါ်ခင်ရီက မေးမြန်းခြင်းဖြစ်သည်။

"ဖုံမသိန်တောင်မှာ သီတင်းသုံး
ပါတယ်၊ ရောက်ဖူးကြတယ်ဟုတ်လား၊
လူတော်တော်များများ သက်ငယ်တို့၊
ဓနိတို့ လာခုတ်ကြတာ၊ ဝါးပိုးဝါးလည်း
အင်မတန်ပေါတယ်"

"ဒီအရပ်မှာနေပြီး ဒီလောက်
နာမည်ကြီးတဲ့တောင်ကိုမှ မရောက်ဖူး
ရင် ညံ့ရာကျသွားမှာပေါ့၊ ဩော် ဒါနဲ့
ဘာသုံးဆောင်မှာလဲ၊ မိုးတောင်ချုပ်နေ
ပြီ"

ဒေါ်ခင်ရီမှ ပျာပျာသလဲ ပြော
ခြင်းဖြစ်သည်။

"ရပါတယ် ရပါတယ် ရသေ့ကြီး
မှာ ပြည့်စုံပါတယ်၊ ညနေပိုင်း ဘာမှ
မသုံးဆောင်ပါဘူး"

ထိုညဦးပိုင်းမှာ အိမ်အနီးနားမှ
လူများအား ဗေဒင်တ. . . ဆေးကု
ရင်းနှင့် ရသေ့ကြီးအ. . .
အချိန်မရပါ။ ထိုအဲ. . . သာ
အဘွားအိုမှ. . .

"ဟဲ့သမီး ရသေ့ကြီးကို နားပါ
စေတော့၊ နေရာထိုင်ခင်းပေးလိုက်တော့
လေ"

"အပေါ်ထပ် ဘုရားခန်းမှာ
အကုန်လုံး အဆင်သင့်လုပ်ထားပါတယ်
အမေ"

"အေး အေး၊ ကောင်းတယ်
ကောင်းတယ်၊ ရသေ့ကြီး ဘုရားခန်းကို
ကြွပါ၊ အဲဒီမှာပဲ အိပ်စက်အနားယူပါ၊
အကုန်လုံး အဆင်သင့်လုပ်ထားတယ်"





www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ရသေ့ကြီးအား အပေါ်ထပ်ဘုရားခန်းသို့ နေရာချထားပေးလိုက်သည်။ ဘုရားစင်တွင် တောပန်းတောင်ပန်းတွေနှင့် လွန်စွာမှ မွှေးကြိုင်သင်းပျံ့နေပြီး ဝါဆိုဖယောင်းတိုင် မီးများဖြင့် လင်းထိန်နေလေသည်။

ဝါဆိုဖယောင်းတိုင်မီး အလင်းရောင်ဖြင့် အရောင်တလက်လက်တောက်ပနေသော ကျောက်စိမ်းဘုရားတစ်ဆူ၊ ဉာဏ်တော် ကိုးလက်မရှိပြီး ဓမ္မစက္ကမုဒြာရုပ်တုတော် ဖြစ်သည်။

နဖူးတော် အလယ်တည့်တည့်တွင် ကိုးရတီခန့်ရှိ နီနီရဲရဲ ကျောက်မျက်တစ်လုံး ရှိလေသည်။ ၎င်းကျောက်မျက်မှာ ပတ္တမြားပင်တည်း။

ရသေ့ကြီး မျက်လုံးမှာလည်း လင်းလက် တောက်ပသွားလေတော့သည်။ အကြိမ်ကြိမ် အထပ်ထပ် ဘုရားရှိခိုးမှုကိုလည်း လုပ်ဆောင်လိုက်တော့သည်။

မိုးရွာနေသည့် အသံများကို အဆက်မပြတ်ကြားနေရသည်။ မိုးသီးမိုးပေါက်များမှာ သက်ငယ်ရွက်များပေါ် ကျသံ၊ မိုးခြိမ်းသံ၊ လျှပ်စီးလင်းလက်သံ၊ ဖားအော်သံ၊ ညဥ့်ငှက်များအော်သံ၊ တောင်ခြေမှ တောကောင်ပေါင်းစုံတို့၏ အော်မြည်သံ၊ လေပြင်းများတိုက်ခတ်သံ၊ သစ်ကိုင်းသစ်ခက် သစ်ရွက်များ ပွတ်တိုက်သံများသည် အမှောင်ထု အတွင်းမှ တိုးထွက်လျက်ရှိသည်။

ညဥ့် ၂ နာရီဆိုတော့ လူတွေ အိပ်မောကျချိန်။

ရုတ်တရက် အိမ်ခွေးများ ထိုးဟောင်သံကို ကြားလိုက်ရသည်။ မိုးဖွဲဖွဲအောက်တွင် အားကောင်းသော ဓာတ်မီးရောင်များ။

"ဗျို့ အိမ်ရှင်တို့ အိမ်ရှင်တို့"

၎င်းအသံများက ခွေးဟောင်သံများနှင့်အတူ အမှောင်ထုကို ထွင်းဖောက်လာသည်။ အားလုံးလည်း အိပ်မောကျနေရာမှ လန့်နိုးလာကြသည်။ အိမ်ထဲမှာလည်း ရေနံဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများဖြင့် လင်းထိန်သွားသည်။

"ဘာကိစ္စရှိပါလို့လဲ ရှင်"

"ခင်ဗျားတို့ အိမ်မှာ လူစိမ်းတွေ ဘာတွေ ရှိသလားလို့ လာမေးတာ၊ ဒီလောက်ဆို သဘောပေါက်ပါတယ်နော်"

"ဟို ဟို မနေ့ညနေကမှ ရောက်လာတဲ့ ရသေ့ကြီးတစ်ပါးတော့ရှိတယ်"

"ဒီမှာ ခင်ဗျားကို ဗမာလိုပြောနေတာနော် ရှင်းရှင်းလေး"

အားလုံးမှာ ငါးယောက်ခန့်ရှိသည်။ ညမှောင်မှောင်ထဲတွင် အတိအကျသိရန် မလွယ်။ တချို့ပါလာသူများ မှောင်ရိပ်ကွယ်ကာ နေလေ့ရှိကြသည်။ ထိုအချိန် ထိုကာလသည် စစ်တပ်ကလည်း လာသလို ဗကပကလည်း လာတတ်သည်။ မည်သူလာလာ အဆင်ပြေအောင် ဆောင်ရွက်ပေးရသည့်အချိန်ကာလလည်း ဖြစ်သည်။ မပြောတတ်၊ မဆိုတတ်၍ မဖြစ်။

"ဟဲ့ သားကြီးသွား ရသေ့ကြီးကို သွားခေါ်လာခဲ့၊ အပေါ်ထပ် ဘုရားခန်းမှာ နိုးနေရောပေါ့"

"ဟုတ်ကဲ့ အမေ"

သားတစ်ယောက် အပေါ်တက်ကာ ရသေ့ကြီးအား သွားခေါ်လာခဲ့သည်။ မျက်နှာအား လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ကာ. . .

"လာ လာ တစ်ခါတည်းလိုက်ခဲ့၊ မေးစရာရှိတယ်"

မိုးတွေရွာပြီး မည်းမှောင်မှုများသည် ခွေးဟောင်သံများနှင့်အတူ ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားသည်။ ၎င်းအုပ်စုများသည်လည်း ရသေ့ကြီးအား ခေါ်သွားကာ အမှောင်ထုထဲတွင် ကွယ်ပျောက်သွားတော့သည်။

✿

"တွေ့လား ဒါက ရတနာတွေ ဝှက်ထားတဲ့ မြေပုံပဲ၊ ဒါဆို သွားရှာပြီး တူးလိုက်ရုံပဲ"

ပဲခူးရိုးမမှ မုဆိုးကျော်ဦးမော[င်]နီသည် ကျောက်စိမ်းဘုရား ဓမ္မစ[က္က] မုဒြာပလ္လင်တော်အောက်ခြေတွင် [ထ]ဝှက်စွာထားရှိသည့် မြေပုံကိုထုတ်[ယူ]ပြောလိုက်ခြင်းဖြစ်သည်။

ယခု မိုင်းထိပြီး သေဆုံးသွား[သူ] ဖြစ်သော ဦးမောင်ရှိန်နှင့် သွားအ[တူ] လာအတူ စားအတူ ရလာလည်း အ[တူ] တူဖြစ်သည့် မုဆိုးကျော်များ ဖြစ်[ကြ]သည်။

ပဲခူးရိုးမ အနောက်ဘက်[ခြမ်း] တစ်ခွင် ပိုင်စိုးသည့် နာမည်ကြီး မု[ဆိုး] ကျော်ဖြစ်သလို ချေ၊ စိုင်၊ ဆတ်၊ တော[ဝက်]ဝက်များကို ခြေရာကောက်ကာ လိုက်[လံ] သတ်ဖြတ်ရာတွင် ကျွမ်းကျင်လှသည်။ ၎င်းတောတစ်ခွင်တွင် မည်သူမျှ မ[ယှဉ်] နိုင်။ တစ်နေ့ ရှိင်ဖယ်ကျည်ထိ[သွား] သော တောဝက်ကို လိုက်ရင်း အ[တွင်း] နက်ရှိုင်းသော လျှိုတစ်ခုထဲ ရော[က်] သွားခဲ့ကြသည်။ တောဝက်မှ ထွက်[ကျ] နေသော သွေးစက်များကို ခြေရာခံ[ကာ] လိုက်သွားရာ ပြောက်ကျားဝတ်[စုံ]ဝတ်လျက် သေဆုံးနေသော လူ[သေ] အလောင်းများကို တွေ့ရသည်။

"မောင်နီ ငါးယော[က်] လက်နက်တွေလဲ ပါတယ်၊ [ဒီ]အိတ်တွေနဲ့ တောကောင်တွေ [ထိ]ထားတာ ရုပ်ပျက် ဆင်းပျက်[ပဲ] တပ်ကလား၊ ဗကပလားဆိုတာ [သေ]အကျပြောဖို့ အတော်ခက်သွား[ပြီ]"

ထိုအခါ မောင်နီမှ. . .

"လက်နက်တွေကို ကြည့်[လိုက်] အဲဒါဆို အတပ်မပြောနိုင်ဘူးလား"

"အို လက်နက်တွေကိုကြည့်[ပြီး] ဆုံးဖြတ်လို့ မရဘူးလေ၊ ဘာဖြစ်[လို့လဲ] ဆိုတော့ စစ်တပ်က လက်နက်မျိုး[တွေ] ကိုလဲ ဗကပ ကကိုင်တဲ့ဟာကို"

"ဟုတ်တယ်နော်၊ လာ [ဒါ] ပုရွက်ဆိတ်တွေ ဖယ်ပြီး ကျော[ပိုး]တွေ ကြည့်ရအောင်"

"အေး. . . ဟုတ်တယ် [ဒါ] ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား လူသေအလောင်း၊ လက်နက်များကို ဖယ်ရှားပြီး ကျောပိုးအိတ်များကို ဖွင့်ကြည့်ကြသည်။ အားရဝမ်းသာစွာဖြင့် မောင်ရှိန်မှ. . .

"ဒီမှာ ဒီမှာ ကျောက်စိမ်းရုပ်တု ဘုရားနှစ်ဆူနဲ့ ရတနာတွေ"

တစ်ခုသော ကျောပိုးအိတ်ကြီး အတွင်းမှ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ အပုပ်နံ့က သိပ်မထွက်သေး၍ ကြာသေးဟန်တော့ မတူ။

"လာ လာ၊ တို့ ဒီနေရာက အမြန်ခွာမှဖြစ်မယ်၊ နို့မို့ဆို ဟင်းကောင် ဘာလိမ့်မယ်၊ လက်နက်တွေတော့ သွားမယူနဲ့ အန္တရာယ်များတယ်"

ရိုးမတောထဲတွင် ကျားကို ဟင်းကောင်လို့ ခေါ်သည်။ တောထဲဆိုပေမယ့် အမဲလိုက်ရိုင်ဖယ်သေနတ်တောင် ကိုင်ခွင့်မရှိ။ အထူးသဖြင့် ပိုဆိုးသည်မှာ ရိုးမတစ်ခုလုံး၏ စစ်ဆင်ရေးနယ်မြေ ဖြစ်နေသောကြောင့်တည်း။

"ရော့ ဒါက မင်းအတွက် မိမိပိုင် ပစ္စည်းကို လုံလုံခြုံခြုံသိမ်းဆည်း ဝှက်ထားခဲ့၊ အခု ဒီနေရာတွေက အနီရောင်နယ်မြေတွေ၊ တပ်မတော်က စစ်ကြောင်းတွေ ပိုင်းဝန်းပိတ်ဆို့ထားတာ၊ မိုင်းတွေ၊ ဖြောင့်ကျင်းတွေ ထောင်ချောက်တွေ အလွန်ပေါများပြီး ဘယ်နေရာသွားသွား သတ်ကွင်းမလွတ်ဘူး၊ ဒီ ဒီနေရာကို အနည်းဆုံး တစ်ပတ်အတွင်း မလာရင် အကောင်းဆုံးပဲ"

ထိုနေ့ ထိုအချိန်မှစ၍ ဦးမောင်ရှိန်နှင့် ဦးမောင်နီသည် မိမိပိုင်ပစ္စည်း ကိုယ်ကြိုက်နေရာရှာ၍ ဝှက်ထားခဲ့ကြသည်။

ပစ္စည်းထားသည့် နေရာကို လည်း တိတိကျကျ မှတ်သားထား၍ မြေပုံ ပြုလုပ်ထားပြီး ရရှိလာသည့် ကျောက်စိမ်းဘုရား အောက်ခြေတွင် ဝှက်ထားခဲ့ကြသည်။

သို့ဝှက်ထားသည့်နေရာကို တစ်ယောက်နှင့်တစ်ယောက် အသိမပေး။ ထိုနေ့က အမဲတော့မရ။ ပုံစံတူ ကျောက်စိမ်းဘုရား ကိုယ်စီယူဆောင်လျက် အိမ်သို့ ပြန်လာခဲ့ကြသည်။

ဟော ခုတော့ အခြေအနေက တစ်မျိုး ထစ်ဖုံ ဖန်တီးလာပြန်ချေပြီ။ ဦးမောင်ရှိန် သေဆုံးသည်ဟု ကြားရလျှင် ကြားချင်း အချိန်အခါနှင့် အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဦးမောင်နီတစ်ယောက် ဖန်တီးပုံဖော်ယူခဲ့သည်။

ရသေ့ဝတ်နှင့် မဟုတ်တဲ့ လူဝတ်နှင့်နေသည့် သူ့တူတော်မောင်ကို ပြန်ရှာ။ ရသေ့ပြန်ဝတ်၊ ပြီး ဦးမောင်ရှိန် အိမ်ပြန်သွားခိုင်း၊ ညဘက်ကျ ကျောက်စိမ်းဘုရားချင်းလဲလာ၊ မြေပုံ၊ မြေပုံ၊ ရတနာတွေ ဝှက်ထားသည့် နေရာပြထားတဲ့ မြေပုံ၊ ဒါကိုလိုချင်တာပဲ ဖြစ်သည်။

ဟော ညဦးနက်သန်းခေါင် သူ့လူတွေ ခေါ်၍ မောင်ရှိန်အိမ်သွား၍ စစ်တပ်ကလိုလို ဗကပကလိုလို ဧည့်စာရင်းပဲ စစ်သလိုလိုနဲ့ သူ့တူ ရသေ့ကို တစ်ပတ်ရိုက်၍ ပြန်ခေါ်လာခဲ့သည်။

ခုဆို မြေပုံရှိတဲ့ ကျောက်စိမ်းဘုရားရုပ်တု သူ့လက်ထဲရောက်ပြီ။ ညဘက်ခေါ်သွားသည့် လူများကိုတော့ အတွင်းကျကျ မပြော။ အသိမပေး။ တန်ရာတန်ကြေး နေ့တွက်စရိတ်ပေး၍ ပြန်လွှတ်လိုက်ပြီ။

"ငါ့တူကို စိတ်မချရလို့ သွားခေါ်ရတာ" ဟု အကြောင်းပြလိုက်သည်။ ရသေ့ဝတ်နှင့် မဟုတ်တော့ဘဲ လူဝတ်နှင့်နေသည့် ဦးမောင်နီတူ ဖိုးဆောင်းမှ. . .

"ဦးလေး မောင်ရှိန်အိမ်ကို သွားပြီး အခြေအနေ သွားကြည့်သင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျောက်စိမ်းဘုရားချင်း လဲလာတာကို သိသွားရင် မလွယ်ဘူး ထင်တယ်နော်"

အရက်ခွက်ကိုယ်စီသောက် ရင်း ချေသားကင်ကို စားရင်း ပြောလာသည့် စကားဖြစ်သည်။ မိုးဖွဲဖွဲအောက်တွင် မှိုင်းညို့ညို့ တောင်တန်းကြီးများ ထွယ်ပျောက်နေသည်။ အစိမ်းရောင်လွင်ပြင်များသည် မိုးစက်များနှင့်အတူ အားပြိုင်လျက်ရှိသည်။ သစ်တော ဝါးတောများ ထူပြောလှသော ပဲခူးရိုးမကြီးသည် ပုလဲကုံးများနှင့် တူသော မိုးစက်များအောက်တွင် ငြိမ်ဝပ်ပိပြားနေဟန်ရှိသည်။

လေယူရာယိမ်းနွဲ့ သစ်ပင် ဝါးပင်များကလည်း စုတ်ချက်ကောင်းလှသည့် ပန်းချီဆရာ တစ်ယောက်၏ လက်ရာပမာ အလွန်ပင်ကြည့်ကောင်းလှသည်။

"ငါ့တူရယ် မင်းဦးလေးက မုဆိုးပါ၊ မုဆိုးမှ သမ္မာရှင်မုဆိုးကျော်ကြီးပါ၊ ကျောက်စိမ်းဘုရားက တစ်ပုံစံတည်းလေ၊ နဖူးအလယ်မှာရှိတဲ့ ပတ္တမြားကလဲ တစ်ပုံစံတည်းလေ၊ ငါတူးဖော်ယူပြီးသား၊ မြေပုံလဲ ပြန်ထည့်ပေးလိုက်တာလေ၊ ဒီလောက်ကောင်းတဲ့အကွက် ပိုင်တဲ့အကွက် ဘယ်မှာရှိမှာတုံး၊ မဟုတ်ဘူးလား ဟား ဟား ဟား ဟား"

ကျေနပ်အားရ ဝမ်းသာစွာနှင့် ဦးမောင်နီ၏ ရယ်မောသံများ တစ်တောလုံး၊ တစ်တောင်လုံး ဟိန်းထွက်သွားသည်။ သို့သော်လည်း မိုးစက် မိုးပေါက်များ၏ အသံများကိုတော့ ဖောက်ထွင်းနိုင်အံ့ မထင်။

"ဒါနဲ့ ဦးလေး၊ ကျောက်စိမ်းဘုရားရဲ့ ပတ္တမြားကို ဦးလေး ဘာကြောင့် မယူထားလိုက်တာလဲ၊ ပြီးတော့ အများကြီး တန်ပြီး တန်ဖိုးဖြတ်လို့ မရဘူးဆိုရင် ဘယ်လို လုပ်မလဲ"

ထိုအခါ တူတော်မောင်၏ မေးခွန်းကို ဦးမောင်နီမှ. . .

"ဒီမှာ တွေ့လား၊ မင်းဦးလေး မြို့ကိုရောက်ပြီးပြီ၊ လက်ရှိ ပေါက်ဈေး ငါးသိန်းခွဲနဲ့ ဖြစ်တယ်၊ ဒါပေမယ့် ငါ စိတ်ထင် ဆယ်သိန်းအထက်ရှိလိမ့်မယ် ငါ ဈေးဖြတ်ပြီးမှ မရောင်းဘဲ ပြန်ယူလာတာ"

ဖိုးဆောင်းမှ သူ့ဦးလေး လက်ဝါးထဲမှ နီနီရဲရဲ ကျောက်တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည်။ အရက်မူးနေလို့လား မသိ။ ကျောက်တစ်လုံးမှ သုံးလုံးဖြစ်သွားလိုက်၊ ခြောက်လုံးဖြစ်သွားလိုက်၊ ရောင်ပြန်ပုံရိပ်များ အကြီးအကျယ် ပြောင်းလွဲလျက်ရှိသည်။ ဦးမောင်နီမှ ဆက်ပြောသည်မှာ. . .

"လောကမှာ ဒီလောက် အ,လို့ မရဘူးလေ၊ တောထဲမှာ မုဆိုးလုပ်စားတယ်ဆိုတာ အခြေအနေအရ လုပ်စားတာပါ၊ တစ်ကွက်ကောင်းကို ရှာနေတာကြာပြီ၊ ခုမှပဲ တည့်တည့်တိုးတော့တယ်၊ အခု ငါ့တူ ဘုရားရုပ်တုထဲက ကျောက်က အတုကြီးလေကွာ"

ထိုအခါ ဖိုးဆောင်းသည် စိုးရိမ်စိတ်ကြီးစွာဖြင့်. . .

"ဦးလေး ကျွန်တော်လာလဲမှန်း သိရင် ဘယ်လိုလုပ်မှာလဲ၊ ဒီကိစ္စ ပေါ့သေးသေး မဟုတ်ဘူးနော်"

"မပူပါနဲ့ကွာ၊ မင်းဦးလေးမှာ အစီအစဉ် အားလုံးဆွဲထားပြီးသားပါ၊ စိတ်ချ ကိစ္စတွေပြီးပြတ်တာနဲ့ ဒီအရပ်နဲ့ ဝေးတဲ့နေရာကို သွားမှာ"

ဦးမောင်နီသည် သူ့တူ ဖိုးဆောင်းအား နှစ်သိမ့်စကားဆိုလိုက်ပြီး မြေပုံအား အသေးစိတ် အထပ်ထပ် လေ့လာနေလေတော့သည်။

အရက်ကို အဝသောက်ပြီး လုပ်စရာရှိတာတွေ ဆက်တိုက်လုပ်ရမှာ ဖြစ်သည်။ နေ့ရွေ့ ညရွေ့လို့ အလုပ်မဖြစ်။

အလုပ်ကိစ္စမှန်သမျှ အချိန်နှင့် တစ်ပြေးညီ အလျင်အမြန် ဆောင်ရွက်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ စစ်တပ်နှင့် ဗကပတိုက်ပွဲ ဖြစ်ပွားသည့် နေရာတွေနှင့်လည်း အလှမ်းကွာဝေးဖို့ လိုသည်။ မြေပုံအရဆိုလျှင် ဆီးဖြူတောင်ကြော သဖန်းလျှိုနားမှာ ဖြစ်သည်။ လက်ရှိတောင်ယာကုန်းမှဆိုလျှင် ခြေကျင် ပြင်းပြင်းဖြင့် လေးနာရီခန့် သွားရမည်ဖြစ်သည်။ မိမိက လက်ဦးမှု ရယူမှ ဖြစ်မည်။

"ကဲ ကဲ သောက်ကွာ၊ ထမင်းစားပြီး ခရီးထွက်ကြမယ်"

လိုအပ်သော ငန်းပြား၊ ဒူးလေး၊ ဌက်ကြီးတောင်ဓား၊ လက်နှိပ်ဓာတ်မီး၊ အရက်၊ ညနေအတွက် ထမင်းနှင့်ဟင်းတို့ကို ယူ၍ ခရီးထွက်ကြသည်။

ဘယ်လောက်ကောင်းသည့် သေနတ်ပဲဖြစ်ဖြစ် အလကားပေးတာတောင် မယူရဲသည့် အခြေအနေဖြစ်သည်။ သေနတ်ကိုင်လိုက်တာနှင့် သူပုန်ဟု သတ်မှတ်ပြီးသားဖြစ်သည်။ စစ်ဆင်ရေးနယ်မြေ တိုက်ပွဲဖြစ်ပွားရာ နေရာများတွင် အမဲလိုက်ခွင့်မရှိ။

ထိုအချိန် ထိုကာလက ပဲခူးရိုးမ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်အခြမ်းများသည် ဗုံးသံ၊ အမြောက်သံ၊ စိန်ပြောင်းသံ၊ စက်သေနတ်ပစ်သံ၊ လက်ပစ်ဗုံးသံများနှင့် သောသောညံလျက်ရှိသည်။ အနည်းဆုံးတော့ BA-63, BA-64 ပစ်ခတ်သံများကို ကြားနေရချိန်လည်း ဖြစ်သည်။

မိုးတစိမ့်စိမ့် ရွာနေချိန်လည်း ဖြစ်သည်။ မိုးကာအင်္ကျီများ ဝတ်ဆင်ထားသော်လည်း လုံခြုံမှုမရှိ။ မိုးသည်းလာလျှင် ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာလေဖြစ်သည်။

မိုးစက်မိုးပေါက်များ ထိတွေ့မှုက အေးစိမ့်လာသည်။ ပိုဆိုးသည်မှာ တောင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေသည် လွန်စွာမှပင် ချမ်းအေးလှသည်။

စိမ့်စမ်း ရေတံခွန်များ ရှိလာသဖြင့် အအေးဓာတ်ဖွဲ့စည်းမှုက ပိုပြီး သိပ်သည်းသည်။ ကျွတ်များ၊ မျှော့များကလည်း ပေါလွန်းသည်။

မိုးရာသီဖြစ်သဖြင့် များစွာသော မြွေများကလည်း နေ့ညမပြတ် သွားလာလှုပ်ရှားလျက်ရှိသည်။ တစ်တောဝင် တစ်တောင်တက် အကွေ့အကောက်များစွာဖြင့် သွားရသော ခရီးကြမ်းလည်း ဖြစ်သည်။

တောနက်လာလေ များစွာသော တောကောင်များ၏အသံပေါင်းစုံကို ကြားရလေလေဖြစ်သည်။အင်မတန်

လည်း အန္တရာယ်များလေသည်။ တချို့ နေရာများဆိုလျှင် လူသွားလမ်း မ... လူသူ အရောက်အပေါက် နည်းသည့် နေရာဆို ပိုလို့ဆိုးသည်။

ပိတ်ဆို့နေသည့်ချုံနွယ်များ ချုံ... ပုတ်များ၊ ရှည်လျားသော မြက်ပင်များ... ကိုင်းတောများကို ခုတ်ထွင်ရှင်းလင်း... ဖယ်ရှားပြီးမှ သွားလို့ရသည်။ အသက်... သုံးဆယ်အရွယ် ဖိုးဆောင်းမှာ မော... ဟိုက်လာသဖြင့်. . .

"ဦးလေး ခဏနားရအောင်... ကျွန်တော် အတော့်ကို မောနေပြီ... လောက်မိုးတွေရွာပြီး ချမ်းအေးနေ... တောင် ကျွန်တော့်တစ်ကိုယ်လုံး ... တွေ စိုရွှဲနေတာပဲ"

ပြောလည်းပြော၊ တင်းဝါး... ခြေရင်းတွင် ကျောပိုးအိတ်ကြီးကို ... ပြီး ထိုင်ချလိုက်သည်။ မုဆိုးကျော်ကြီး... ဦးမောင်နီမှာ မိုးစက်ဖွေးဖွေးအောက်... တောင်ကြောများကို လိုက်ကြည့်ရင်း...

"တို့ အခုရောက်နေတာ ... ဆိတ်တောင်ကြောပဲ၊ ရှေ့ တစ်... ကျော်ရင် ရောက်ပါပြီကွာ၊ ကဲ ... နား၊ မိုးအေးအေးနဲ့ အရက်ကလေး ... လိုက်ပေါ့ကွာ၊ အချမ်းလဲ ပြေ... အမောလဲ ပြေတယ်၊ ဒီလို ရာသီ... တောထဲ တောင်ထဲမှာတော့ ... သိပ်တန်ဖိုးရှိတဲ့ ဆေးတစ်ခွက်ပဲ ... တယ်ဟုတ်လား ငါ့တူ"

ထိုအချိန်က ရှမ်းပြည်... မြောက်ပိုင်းမှလာသည့် ဆတ်ချိုး... သည် နာမည်ကြီးလှပေသည်။ ... လည်းများသလို သောက်သုံး... လည်း များလွန်းလှသည်။ ယခု... တောနက်ထဲတွင် ဆတ်ချိုနုလို ... မျိုးသောက်ရသည်မှာ နည်းနည်း... နော အဆင့်မဟုတ်။

သူ့ဦးလေး အစွမ်းအစ... မသေး။ ယခု ကျောပိုးအိတ်ထဲ... ဆတ်ချိုနုအရက် နှစ်ပုလင်း ... သည်။ ရာသီဥတု ချမ်းအေး... လုံးဝအကာကွယ်ပေးထားသည်...





www.burmeseclassic.com

www.burmeseclassic.com

မွှေးကြိုင်ပြီး ခါးသက်သက် ရှတတ ပူလောင်သော အရည်များသည် ခန္ဓာကိုယ်တစ်ခုလုံးကို နွေးထွေးသွားစေသည်။ အင်အားများလည်း ရုတ်ခြည်း တိုးပွား ခဲ့သည်။ ရဲရင့်ခြင်း၊ တက်ကြွခြင်း၊ လျှင်မြန်ဖျတ်လတ်မှု ရှိခြင်းများ ဖြစ်ပေါ်လာပြီး ခြေလှမ်းများကို သွက်သွက်လက်လက် ဖြစ်ပေါ်လာခဲ့စေပါသည်။

တောင်ကြော နှစ်ခုလောက် ဖြတ်ကျော်ပြီးချိန်တွင် ဦးမောင်နီမှ . .

"ငါ့တူ ရောက်ပြီကွ၊ ဒီနေရာပဲ၊ မြေပုံညွှန်းကိန်းအရဆိုရင် ဒီနေရာ အသေအချာပဲ၊ ပျဉ်းမတောင်ကြောကို ဗဟိုပြုထားတယ်၊ ဒီမှာကြည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စကေး ကိုက် ဆွဲထားတာတော့ မဟုတ်ဘူး၊ နေဝင် နေထွက်တဲ့နေရာတွေကို အတိအကျ ချိန်ထားတာ။

ဆိုလိုတာက အရှေ့အရပ်မှာ ရေသဖန်းပင်၊ အနောက်မှာ ကသစ်ပင်၊ မြောက်အရပ်မှာ ကျိန်တန်းပင်၊ တောင်အရပ်မှာ ဒရယ်ဆူးပင်၊ ဟုတ်ပြီနော် တဲ လာ"

သို့ဖြင့် အောက်ဘက်ဆင်ခြေလျှောသို့ ခက်ခက်ခဲခဲ ဆင်းရပြန်သည်။ ဟိုဘက်အောက်မှာလည်း အလွန်တရာနက်သည့် လျှိုကြီးတစ်ခု။

မြေပုံထဲမှ မြားပြထားသည့် နေရာကို အတိအကျ ရှာရသည်မှာ မလွယ်။ သောက်ထားသည့် ဆတ်ချိုနုအရက်၏အရှိန်၊ အရသာတောင် ကွယ်ပျောက်သွားပြီး ချွေးပြန်လာသည်။

ဖိုးဆောင်းကတော့ သူ့ဦးလေးကိုကြည့်ကာ အဖြေကိုစောင့်နေရသည်။ မြေပုံအရဆိုလျှင် မတ်စောက်သော ကျောက်သားနံရံများဖြစ်ပြီး တချို့ဆိုလိုက် ဂူပုံစံတွေလို ဖြစ်သည်။ မိုးဘယ်လောက်ရွာရွာ အထဲကို ရေစီးဝင်မှု လုံးဝ မရှိ။

နံရံတစ်ခုအရောက်တွင် ကျောပိုးအိတ် အစတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဦးမောင်နီ တစ်ယောက် အလွန်အမင်း ဝမ်းသာသွားသည်။ ထိုကျောပိုးအိတ်အစနေရာအား လက်ညှိုးထိုးလျက် . . .

"အဲဒီနေရာကို ငန်းပြားနဲ့ ထိုးကော်ကွာ၊ မြေပုံအရဆိုရင် ဒီနေရာက အံကိုက်ပဲ၊ မြေပုံမှာ ဖော်ပြထားတာနဲ့ အရပ်မျက်နှာအလိုက် သစ်ပင်တွေ အမျိုးအစားအလိုက် တည်ရှိနေပုံက တစ်ပြေးညီပဲ"

ဖိုးဆောင်းက သူ့ဦးလေးညွှန်ပြသည့် နေရာအား ငန်းပြားနှင့် တူးဆွကာ ထိုးကော်လိုက်သည်။ မတ်စောက်သော နံရံများဖြစ်ပြီး နီကြင်ကြင် မြေသားများဖြင့် လွှမ်းခြုံထားသည်။ သက်တမ်းရင့် သစ်ကြီးဝါးကြီးများက အုပ်ဆိုင်းလျက်ရှိသည်။

၎င်းနံရံများတွင် အခေါင်းပေါက်တွေ အများကြီး။ တောင်၏ ဟိုမှာဘက် အခြမ်းမှာ သေနတ်သံကိုအဆက်မပြတ် ကြားနေရသည်။ မိုးသည် အသည်းအသန်ရွာလာကာ လေပြင်းများလည်း တိုက်ခတ်လာသည်။ ဘေးနားမှ ရပ်ကြည့်နေသော ဦးမောင်နီသည် စိတ်ဆန္ဒပြင်းပြစွာဖြင့် . . .

"မြန်မြန်လုပ်ပါဟ၊ တော်ကြာ တောင်ကျရေတွေ စီးဝင်လာရင် အပေါ် ပြန်တက်ဖို့ မလွယ်ဘူး"

"ဟုတ်ကဲ့ ဦးလေး၊ ကျောပိုးအိတ် တစ်ဝက်လောက် ပေါ်နေပြီ"

ဖိုးဆောင်းသည် ရှိသည့် အင်အားများ စုစည်းကာ ငန်းပြားဖြင့် ထိုးကော်လိုက်သည်။

မိုးရွာနေသဖြင့် အရှိန်လွန်ပြီး ငန်းပြားသည် အနီးတွင်ကပ်နေသည့် အခေါင်းပေါက်တစ်ခုအား ကျွံဝင်သွားလေတော့သည်။

ထိုအပေါက်ဝထဲမှ အလွန်ကြီးမားလှသော မြွေဟောက်ကြီး တစ်ကောင်သည် ရုတ်တရက် မမျှော်လင့်ဘဲ ထွက်လာကာ ကြီးမားသော ပါးပျဉ်းကြီးဖြင့် လှမ်းမှုတ်လိုက်လေသည်။

မြွေဟောက် တစ်ကောင်၏ မထင်မှတ်သော တိုက်ခွက်ကို ခံလိုက်ရသဖြင့် ရှောင်တိမ်းချိန်မရ။ ဖိုးဆောင်း မျက်လုံးများ ပြာဝေသွားကာ စကြဝဠာကြီးတစ်ခုလုံး မှောင်အတိကျသွားသည်ဟု ထင်မှတ်လိုက်ရသည်။

သူ နောက်ဆုံး ခပ်ရေးရေး မြင်လိုက်ရသည့် အရာတွေမှာ ထိုနံရံကျင်းဝတွေမှာ မြွေဟောက်ကြီးတွေတစ်ကောင်ပြီး တစ်ကောင် ထွက်လာခြင်းပင်။

သူ့ဦးလေးအား မြွေဟောက်ကြီးတစ်ကောင်က မာန်ဖီ ကိုက်ခဲလိုက်၍ "အား" ဟု ကျယ်လောင်စွာ မြည်ဟည်းလျက် လဲကျသွားသည့်အသံကို ကြားလိုက်ရသည်။

ဖိုးဆောင်းသည်လည်း လက်ထဲမှ ငန်းပြားကို လွှတ်ချကာ ခြေဦးတည့်ရာ မမြင်မကန်းနှင့် သွေးရူးသွေးတန်း ပြေးသွားမိသည်။ ကြီးမားလှသော သစ်ပင်ကြီး တစ်ပင်နှင့် တိုက်မိကာ လျှိုကြီးတစ်ခုအတွင်း တလိမ့်ခေါက်ကွေး ကျသွားကာ တောင်ကျရေများနှင့်အတူ မျောပါသွားပြီး သတိမေ့မြောသွားလေတော့သည်။

မိုးသည်လည်း သည်းထန်စွာ ရွာလျက်။ ဦးတည်ချက်မဲ့သော လေသည်လည်း ပြင်းထန်စွာတိုက်လျက်။ ပဲခူးရိုးမကြီးသည်လည်း ပုလဲကုံးလေးများနှင့် အလွန်တူသော မိုးစက်ဖွေးဖွေး အောက်တွင် တိတ်ဆိတ် ငြိမ်သက်လျက်။

တောတိရစ္ဆာန် ပေါင်းစုံတို့၏ အသံများက မိုးစက်များကို ထွင်းဖောက်လျက်။

ရိုးမ၏ မိုးဥတု အစိမ်းရောင် လွင်ပြင်များသည် သည်းထန်စွာ ရွာသွန်နေသော မိုးစက်များနှင့်အတူ အားပြိုင်လျက် ရှိနေပါတော့သည်။

✿

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက် ဇမ္ဗူဒီပကျောင်းဝင်းအတွင်း။



www.burmeseclassic.com

www.burmeseclassic.com

"ဦးဇင်းကြီး မုဒြာဆိုတာ မြတ်ဗုဒ္ဓရဲ့ လက်တော်ဟန်အမူအရာ ဆိုလိုတာပါ၊ ပိုပြီး ပြည့်စုံအောင် ပြောရရင်တော့ လက်ဟန်အနေအထားကို ကြည့်ရှုခြင်းအားဖြင့် မြတ်စွာဘုရားရဲ့ ဆောင်ရွက်ချက် ပေါ်လွင်စေခြင်းကို ဆိုလိုတာပါ"

"တင်ပါ့ ဆရာတော်"

"အေး တို့မြန်မာနိုင်ငံမှာတော့ မုဒြာရှစ်မျိုးရှိပြီး အထူးပင် ထင်ရှားလှပေတယ်ကွယ်"

"တပည့်တော်ကို အကျဉ်းချုံးလေး မိန့်ပေးပါလား ဆရာတော်၊ တပည့်တော် ဆရာတော်ကို လှူဒါန်းထားတဲ့ ကျောက်စိမ်းရုပ်တုအကြောင်း ပေါ့ ဘုရား"

သက်တော် (၈၆)နှစ်၊ ဝါတော် (၆၄)ဝါရှိ၊ သက်တော်ရှည်ဆရာတော် ဦးစက္ကိန္ဒသည် ဦးဇင်းကြီး ဝိသုဒ္ဓအား အသေအချာကြည့်၍အောက်ပါအတိုင်း မိန့်ကြားလေသည်။

"ဦးဇင်းကြီး မုဒြာရှစ်မျိုးကတော့ ဘူမိဖဿမုဒြာ၊ ဓမ္မစက္ကမုဒြာ၊ ဝိတက္ကမုဒြာ၊ ဈာနမုဒြာ၊ ဝရဒမုဒြာ၊ ဒေသစာရီမုဒြာ၊ မဟာကရုဏာမုဒြာ၊ အဘယမုဒြာ ရှိတယ်ကွယ့်၊

ဦးဇင်းကြီး ဆရာတော်တို့ ကျောင်းကိုလှူထားတဲ့ ကျောက်စိမ်းရုပ်တုကတော့ ဓမ္မစက္ကမုဒြာ လို့ခေါ်တယ်၊ ဝါဆိုလပြည့်နေ့မှာ မြတ်စွာဘုရား ပဥ္စဝဂ္ဂီရဟန်းငါးဦးကို ပထမဆုံးတရားဦး (ဓမ္မစကြာ)ဟောတော်မူတဲ့ ပုံကို သရုပ်ဖော်ထားတာပါ၊ တရားစက်ဝန်းသင်္ကေတ သရုပ်ဖော်ပြီး လက်တော်နှစ်ဖက် လှည့်လည်နေတော်မူဟန်ကို ပြဆိုထားတာပါ"

"တင်ပါ့ဘုရား"

"အေး ထူးခြားတာက နဖူးအလယ်တည့်တည့်က ပတ္တမြားပဲကွယ်၊ ဒါကတော့ ဘုန်းတန်ခိုးကြီးခြင်း၊ ပညာကြီးခြင်း၊ စကြဝဠာကြီး တစ်ခုလုံးကို ထွင်းဖောက်မြင်ခြင်းပါပဲကွယ်"

"တပည့်တော်လည်း ကျောက်စိမ်းဘုရားလက်ထဲရောက်ပြီး ကတည်းက စိတ်ဓာတ်တွေ အကုန်လုံး ပြောင်းလဲသွားတာပါ ဘုရား"

ထိုအခါ ဆရာတော်ဦးစက္ကိန္ဒမှ ဆက်လက်၍ မိန့်ကြားသည်မှာ. . .

"ဦးဇင်းကြီး လောကမှာ ပျက်အစဉ် ပြင်ခဏလေ၊ ဟုတ်တယ်ဟုတ်လား၊ သုစရိုက်နဲ့ ဒုစရိုက် အားပြိုင်သလို အမှောင်နဲ့ အလင်းလဲ အားပြိုင်တာပဲလေ၊ အကောင်းရှိရင် အဆိုးရှိသလိုပေါ့၊ ဘယ်ဟာကိုမှ တစ်သမတ်တည်း ပုံသေတွက်ထားလို့မရဘူးလေ၊ အားလုံးဟာ အချိန်နဲ့အတူ ပြောင်းလဲနေတာပါ၊ ဆရာတော်တို့ဆို သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးထက်သန်ရင့်သန်မှ မဂ္ဂင်ဖောင်ကြီးကို အချိန်အဟုန်ကောင်းနဲ့ စီးနေရမှာ၊ သိက္ခာ သုံးပါး ချို့ယွင်းအားနည်းသွားတာနဲ့ အဲဒီ မဂ္ဂင်ဖောင်ကြီးလဲ ပျက်စီးချို့ယွင်းသွားတာပဲ၊ ဒီအမှုက မိမိကိုယ်တိုင် ဖျက်ဆီးလိုက်တာပဲလေ၊ ဒါကြောင့်မို့ လောကကြီးမှာ သူ့သဘောသူဆောင်တယ်လို့ ပြောတာပါ"

"တင်ပါ့ဘုရား"

"အိမ်း ဒါကြောင့် မိမိပြုတဲ့ အမှုတွေကို အမြဲတမ်း ဆန်းစစ်နေရမယ်၊ အဓိက သီလ မပျက်စေနဲ့ကွယ်၊ သီလ သိပ်အရေးကြီးတယ်၊ သီလ မခိုင်မာမရင့်သန်ဘဲ ကောင်းမွန်သန့်စင်တဲ့ သမာဓိကို မရနိုင်ဘူး၊ အဲဒီလိုဆိုရင်တော့ ပညာစခန်းက အလှမ်းကွာဝေးနေဦးမှာပဲ"

"တင်ပါ့ဘုရား"

"ဩော် ဘာလိုလိုနဲ့ ဦးဇင်းကြီးတောင် ဝါနှစ်ဆယ်ကျော်သွားခဲ့ပြီနော်၊ သီလဆိုလို့ သီလအကြောင်း တစ်ဆက်တည်း မိန့်မှာရဦးမယ်၊ သီလနဲ့ ဝိနည်း၊ ဝိနည်းနဲ့ သီလ အပြန်အလှန် ကြောင်းကျိုးဆက်နွယ်မှု ရှိတယ်ကွယ်၊ ဝိနည်းလုံခြုံမှုမရှိရင် သီလလဲ ကျိုးပေါက်ပြီးသားပဲလေ"

"တင်ပါ့ဘုရား"



"ပရိဿောဂ လေးပါး ရှိတယ်ကွယ်၊ ထေယျပရိဘောဂ၊ ဣဏပရိဘောဂ၊ ဒါယဇ္ဇပရိဘောဂ၊ သာမိပရိဘောဂ လို့ခေါ်တယ်ကွဲ့"

"တင်ပါ့ဘုရား"

"အဲ အဲဒီမှာ ထေယျပရိဘောဂ သီလမရှိဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ခိုးစားခြင်းနှင့် တူ၏တဲ့၊ ကဲ ဘယ့်နှယ်လဲ အင်မတန်ကြောက်ဖို့ကောင်းတယ်နော်။

ဣဏပရိဘောဂ၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ကြွေးငှားစားသည်နှင့် တူ၏တဲ့၊ ကဲ အဲဒီမှာလဲ သံသရာကြွေးတွေ တစ်လှေကြီး ပါသွားလိမ့်မယ်။

ဒါယဇ္ဇပရိဘောဂ၊ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည်လည်းကောင်း၊ အမွေခံအဖြစ်နှင့် တူ၏တဲ့။

ဒါကိုလဲ သဘောပေါက်ရမယ် သာမိပရိဘောဂ ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် ပိုင်ရှင်နှင့်တူ၏တဲ့ ကဲ ဘယ်လောက် ကောင်းလိုက်သလဲ ဒါတွေအားလုံးက သီလကို အခြေခံတာပဲ"

"တင်ပါ့ဘုရား၊ တပည့်တော်လဲ သီလကို အဓိကထားပါတယ်"

"အေး သာဓုကွယ် သာဓု သာဓု"

ထိုအချိန်တွင် ဘုရားခန်းထဲသို့ အသားဖြူဖြူဖွေးဖွေး ဒကာမကြီးတစ်ဦး ဝင်လာလေသည်။

ထိုဒကာမကြီး ဒေါ်ခင်ရီမှ. . .

"ဆရာတော်ဘုရား တပည့်တော်တို့ကို ခွင့်ပြုပါဦး၊ ဆေးခန်းသွားစရာရှိလို့ ဦးဇင်းကြီးကို ဝင်လျှောက်တာပါ"

"အေး အေး လုပ်စရာရှိတာ လုပ်ကြပါကွယ်"

မြို့လယ်ခေါင်ရှိ တစ်ခုသော ဆေးခန်းရှေ့တွင် အက်စ်အီးကား အဖြူရောင်တစ်စီး ထိုးဆိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားတံခါးကို ဖွင့်၍ ရှေ့ခန်းမှ ဦးဇင်းကြီးနှင့် နောက်ခန်းမှ အမျိုးသမီးကြီးတစ်ဦး ဆင်းလာကြသည်။

သူတို့ရှေ့ မလှမ်းမကမ်းတွင် မျက်မမြင်ဒုက္ခိတတစ်ဦး ဒန်ဇလုံလေးတစ်လုံးရှေ့ချကာ သနားစဖွယ် တောင်းနေလေသည်။ ရှေ့တူရူမှ ဖြစ်သဖြင့်. .

"ဒကာမကြီး တစ်ဆယ်လောက် လှူလိုက်ပါကွယ်"

ဦးဇင်းကြီးမှ မိန့်ကြားသဖြင့် ပိုက်ဆံအိတ်ထဲမှ တစ်ဆယ်တန်တစ်ရွက်ကို ဒန်ဇလုံခွက်ထဲသို့ တလေးတစား လှူလိုက်ပါသည်။

ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသော မျက်မမြင် ဒုက္ခိတကြီးသည် မော့ကြည့်လျက် ဆုတွေကို အများအပြားပေးနေလေတော့သည်။

"ဦးဇင်းကြီး ဒကာလေးတော့ ဒီမနက်ကပဲ ရွာက ပြန်လာတယ်၊ တပည့်တော်တို့ အိမ်ကတော့ မီးလောင်ပြင်ကြီး အတိုင်းပါပဲ၊ ဘယ်သူမှလဲ မနေဝံ့ကြဘူး၊ ဦးဇင်းကြီးရဲ့သား ဒကာလေးက မသိမသာသွား မသိမသာ ပြန်လာတာ၊ ဒကာကြီး ဦးမောင်နီ အကြောင်းလဲ ဘာသတင်းမှ မကြားရဘူး"

ဦးဇင်းကြီးသည် ရီဝေမှုန်သီသော မျက်လုံးများဖြင့် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားလျက်ရှိသော လူအုပ်ကြီးကို ကြည့်လျက်. . .

"ဦးဇင်းကြီး ထင်ထားတဲ့အတိုင်း တွက်ဆထားတဲ့အတိုင်း ဖြစ်လာတာပဲ၊ ကျောက်စိမ်းဘုရားရုပ်တုနဲ့ ရတနာတွေ တစ်ယောက် တစ်ဝက်စီ ခွဲဝေယူပြီး တတည်းက တွက်ဆပြီးသားပါ၊ ဒကာကြီးမောင်နီဟာ စစ်တပ်ရဲ့ သူလျှိုလုပ်သလို ဗကပအတွက်လဲ သူလျှိုလုပ်တယ်၊ နှစ်ဖက်ချွန်ပေါ့၊ ဘယ်လိုနည်းနဲ့မှ စိတ်ချ ယုံကြည်လို့ မရဘူး၊ ဒီကြားထဲ သူတူ ဖိုးဆောင်းကို ရသေ့ဝတ်ခိုင်းပြီး ထောင်ချောက်ဆင်တယ်။

ဒါကြောင့် မူလထားတဲ့ ရတနာတွေကို နောက်နေ့ သူမသိအောင် သွားတူးယူပြီး ပျဉ်းမငုတောင်ကြောကို ဗဟိုပြုပြီး အမှတ်အသား အတိအကျ လုပ်ထားတဲ့မြေပုံနဲ့ သွားပြန်ဝှက်ထားခဲ့တာ။

ကျောပိုးအိတ်ထဲမှာ ဘာမှမရှိတော့ဘူး အခွံချည်း၊ အစကလေး ဖော်ပြီး ထားခဲ့တာ၊ နောက်မှ ပြန်စဉ်းစားမိတာ၊ အဲဒါ မြွေဟောက်သိုက်ကြီးကံသီပြီး ဘာမှ မဖြစ်လာတာ"

"ဦးဇင်းကြီး အိမ်မှာ ကိုးကွယ်ထားတဲ့ ကျောက်စိမ်းဘုရားရုပ်တုကကော"

"အဲဒါ မြို့တက်ပြီး ပုံစံတူရှာ မြေပုံအတုနဲ့ အယောင်ပြထားခဲ့တာ၊ ဒကာကြီးမောင်နီ တစ်နည်းမဟုတ် တစ်နည်းနဲ့ လာယူမယ်ဆိုတာ သေချာပေါက် တွက်ပြီးသားပါ။

ထင်တဲ့အတိုင်းပဲ သူ့တူ ဖိုးဆောင်းကို ရသေ့ဝတ်ခိုင်းပြီး လာလဲယူသွားတာ၊ သေပြီဆိုတာကို သူ အခိုင်အမာယုံကြည်သွားတယ်၊ အဲဒီ ထောင်ချောက်လှည့်ကွက်က သူ့ကို အနိုင်ယူလိုက်တာပဲ။

အဲဒီ ကျောက်စိမ်းဘုရားရုပ်တုကို လဲယူသွားတဲ့ ညမှာပဲ တစ်ဖက်လှည့်နဲ့ ရတနာတွေကို သူ့လူတွေလွှတ်ပြီး လာယူခိုင်းတယ်။

လူတွေမရှိတော့ အိမ်ကို မီးတင်ရှို့ခဲ့တယ်၊ အသက်အန္တရာယ် အရမ်းများတဲ့ တောထဲ တောင်ထဲမှာ ကိုယ့်အသက်ကို ရှာကြံမွေးရတာပဲ ဒကာမကြီး၊ နောက်ထပ် ရတနာတွေ ရှာလို့ရတာနဲ့ သူ့တူ ဖိုးဆောင်းကိုလဲ ကိစ္စတုံး စီရင်မှာလေ။

အဲဒီ သတင်းတွေက နောက်တော့ ထွက်လာတယ်၊ ဦးဇင်းတို့ရဲ့ အပိုင်ကွက်က မိုင်းထိပြီး သေနေတဲ့ လူတစ်ယောက်ကို ဦးမောင်ရှိန်ပါလို့ ကြေညာပြီး သဂြိုဟ်မြှုပ်နှံလိုက်တာပါပဲ၊ ဒါကြောင့် ဒကာမကြီး ဘဝအသစ် ပြန်စတယ်ဆိုတာ အဲဒါကို ပြောတာ"

"ဦးဇင်းကြီး ဟိုဘက်လမ်း ကူးရအောင်၊ နောက်နေ့ အရှက်ဆွမ်းအတွက် သစ်သီးနဲ့ အချိုရည် သွားဝယ်ချင်လို့၊ ပြီးမှ ဆေးခန်း ဝင်မယ်နော် ဦးဇင်းကြီး"

မီးပွိုင့်မှ မီးနီ ပြထားသဖြင့် တစ်ဖက်လမ်းသို့ ဖြတ်ကူးလိုက်သည်။ ဦးဇင်းကြီးနှင့် ဒကာမကြီး ပြောဆိုနေသော အသံများကို မျက်မမြင် ဒုက္ခိတကြီးသည် အစမှအဆုံးတိုင် စိတ်ဝင်စားစွာ နားထောင်လျက်ရှိသည်။

သူသည် တုန်ချည့်သော လက်ဖြင့် ငွေစအနည်းငယ်သာရှိသော ဒန်ဇလုံလေးကို ကိုင်ထားကာ လမ်းကို မထင်မှတ်ဘဲ ဖြတ်ကူးလိုက်သည်။

"ဒုန်း. . . အား"

ပတ်ဝန်းကျင်တွင် အရှိန်ပြင်းစွာ တိုက်ခိုက်မှုနှင့်တူ နာကျင်ဆို့နင့်စွာ အော်လိုက်သော အသံက ဖုံးလွှမ်းသွားသည်။

မီးပွိုင့်က မီးစိမ်းပြထားသဖြင့် အရှိန်နှင့် မောင်းနှင်လာသော ဝီလီဂျစ်ကားက မျက်မမြင်ဒုက္ခိတကြီးကို တိုက်မိခြင်းပင် ဖြစ်သည်။

မျက်မမြင် ဒုက္ခိတကြီး၏ ငွေစအနည်းငယ်သာရှိသော ဒန်ဇလုံကလေးသည် အဝေးသို့ လွင့်စဉ်သွားလျက် ခန္ဓာကိုယ်မှ နီရဲသောသွေးများ ကတ္တရာလမ်းပေါ် ပြန့်ကျဲသွားသည်။

"ကားက သူ့လမ်းကြောင်းအတိုင်း မောင်းလာတာ၊ သူက ကားကို ဝင်တိုက်တာ၊ ကားမောင်းသူရဲ့ အပြစ်မဟုတ်ဘူး၊ အဲဒါ သူ့အပြစ်"

အနီးအနားရှိ ပတ်ဝန်းကျင်မှ လူများ၏ တစ်ယောက်တစ်ခွန်း ပြောဆိုသံများနှင့်အတူ စီစီညံသွားသည်။

ကားတိုက်မိပြီး ရုတ်တရက် မသေဘဲ သွေးအလူးလူးနှင့် အကြောဆွဲနေသော မျက်မမြင်ဒုက္ခိတကြီးကို ဝိုင်းအုံကြည့်ကြသည်။

လမ်းတစ်ဖက်ကို ရောက်နေသော ဦးဇင်းကြီးနှင့် ဒကာမကြီးတို့သည်



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြန်ကြည့်လျက် ပြောဆိုသည်မှာ. . .

"ဒကာမကြီး ခုနကမှ ငွေလှူလိုက်တဲ့ ဒုက္ခိတကြီးဟုတ်လား၊ ဩော် ဒါလဲ အဲဒီငွေကို မစားထိုက်လို့ပေါ့၊ တစ်နည်းပြောရရင် ကံကုန်သွားတာပေါ့လေ"

"တင်ပါ့ ဦးဇင်းကြီး"

ဝင်လုဆဲ နေရောင်ခြည်များက နှုတ်ဆက်လျက် ရှိသည်။ သုစရိုက် ဒုစရိုက်အမှုများကလည်း အားပြိုင်ကာ လောကကြီးထဲ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်လောက်က ကျောက်စိမ်းဘုရားရုပ်တု လဲယူခဲ့သည့် ရသေ့ကြီး။ ယခု ကားလမ်းမပေါ်တွင် ဟောင်းနွမ်းပြီး စုတ်ပြတ်နံ့ချာသော အဝတ်အစားမှာ သွေးတွေ ပေလူးလျက် ရုတ်တရက် မသေဘဲ အကြောဆွဲနေသော မျက်မမြင် ဒုက္ခိတကြီး၊ ယှဉ်ကြည့်လျှင် လွန်စွာမှ ကွာခြားလှသော ဘဝနှစ်ခု။

သို့သော်လည်း အယောင်ဆောင် ရသေ့ကြီး ဖိုးဆောင်းမှာ မျက်မမြင် ဒုက္ခိတကြီးပင် ဖြစ်ပါတော့သတည်း။

သူသည် မျက်နှာကို မြွေဟောက် လှမ်းမှုတ်သဖြင့် အဆိပ်သင့်ကာ မျက်လုံးများကန်းခဲ့ရသည်။

တောင်ကျရေများနှင့် မျောပါလာစဉ် ဝါးခုတ်သမားတစ်စုက တွေ့ရှိကယ်တင်လိုက်သဖြင့် အသက်ချမ်းသာရာ ရခဲ့သည်။

သို့သော် မျက်လုံးများ ပြန်မကောင်းတော့။

ဦးမောင်နီကတော့ မြွေဟောက်သိုက်ထဲမှာပင် ဘဝနိဂုံး ချုပ်ခဲ့ရသည်။

ရိုးမထဲမှာ အလွန်ပင် နာမည်ကြီးလှသည့် မုဆိုးကျော်ကြီး ဦးမောင်ရှိန်မှာ အရှောင်အတိမ်း၊ ပရိယာယ်ကောင်းသည့်အပြင် သေလူပြပြီး သာသနာ့ဘောင်သို့ အပြီးဝင် ဘုန်းကြီးဝတ်လိုက်သဖြင့် အန္တရာယ် အသွယ်သွယ်မှ လွတ်ကင်းခဲ့သည်။

ပဲခူးရိုးမတောင်တန်းကြီးထဲမှ တိရစ္ဆာန်ပေါင်းစုံတို့၏ အရေခွံများ၊ ဦးချိုများ၊ သည်းခြေများ၊ အဆီများ၊ သွေးစက်များစွာတို့ကို သာသနာ့ရေတို့ဖြင့် အပြီးအပိုင် ဆေးကြောခဲ့သည် မဟုတ်ပါလား။

တစ်နေ့ နေ့ဆွမ်းစားပြီးချိန်မှာ ဖြစ်သည်။ ဆရာတော် ဦးစက္ကိန္ဒမှာ တိုင်းသံဃနာယက အစည်းအဝေးသို့ ကြွသွားချိန် ဖြစ်သည်။

ဦးဇင်းကြီး ဦးဝိသုဒ္ဓမှာ မိမိ လှူဒါန်း ကိုးကွယ်ထားသည့် ဓမ္မစက္ကမုဒြာ ကျောက်စိမ်းရုပ်တုအား ကြည့်ပြီး ကြည်ညိုသဒ္ဓါ ပွားနေချိန် ဖြစ်သည်။ ကိုရင်လေးတစ်ပါးမှ. . .

"ဦးဇင်းကြီး ဦးဇင်းကြီး ဒကာကြီးတစ်ယောက် ရောက်နေတယ်၊ တွေ့ချင်လို့တဲ့"

"အေး. . . အေး ကိုရင်လေး ကျောင်းပေါ်လွှတ်လိုက်"

"တင်ပါ့ဘုရား"

သားရေအိတ်အနက်ကြီး တစ်လုံးကို ဆွဲပြီး ကျောင်းပေါ်သို့ တက်လာသည့် လူကြီးတစ်ယောက်။ ဝတ်စားဆင်ယင်မှု၊ အသားအရောင်၊ လူပုံပန်းကိုကြည့်လိုက်တာနှင့် တောနေ လူတန်းစားမှန်း သိသာနိုင်သည်။

ဦးဇင်းကြီးအား ပုဆစ်တုပ် ထိုင်ကာ ရှိခိုးပြီး ပြောသည်မှာ. . .

"တပည့်တော်က ပဲခူးရိုးမ ဖျဉ်းမတောင်ခြေနားမှာရှိတဲ့ ဝါးနက်ချောင်းကပါ၊ ဟန်ကြိုင်လို့ ခေါ်ပါတယ် ဘုရား၊

တစ်နေ့ တပည့်တော် ယာခင်းထဲကို လူတစ်ယောက်ရောက်လာပြီး ဇမ္ဗူဒီပါ ကျောင်းမှာ သီတင်းသုံးနေတဲ့ ဦးဇင်းကြီး ဝိသုဒ္ဓဆီကို သွားရောက်ပို့ပေးပါ ဆိုပြီး ဒီသားရေနက် အိတ်ကြီးကို လာပေးသွားတာ။

တပည့်တော်ကိုလဲ လမ်းစရိတ် စားစရိတ်၊ အသုံးစရိတ် အားလုံး ပြည့်စုံအောင်ပေးပြီး ပို့ခိုင်းတာပါ၊ ဆက်ဆက်ရောက်အောင် ပို့ပေးပါဆိုလို့ လာပို့ပေးတာပါ ဘုရား"

"ဘာတွေများတဲ့ ဒကာကြီး"

"တပည့်တော်လဲ မသိဘူးဘုရား၊ တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား၊ တောင်ပေါ်တက်တဲ့ကားကြုံကိုမီအောင် ပြန်ရမှာပါ၊ သွားခွင့်ပြုပါ ဘုရား"

ဦးဇင်းကြီး ဦးဝိသုဒ္ဓိအားရှိခိုးပြီး သားရေအိတ်အနက်ကြီး ထားလျက် ပြန်သွားလေတော့သည်။

ဦးဇင်းကြီးသည် သားရေအိတ် အနက်ကြီးအား ဖွင့်ကြည့်ရာ ကြီးမား သော မြွေဟောက် အရေခွံနှင့် အ အချာပတ်ပြီး ထုတ်ပိုးထားသည့် အ ဝတ္ထုများ။

ရုတ်တရက် ကြည့်လျှင် သား ရေအိတ် အနက်ကြီးထဲ မြွေဟော ကြီးတစ်ကောင်အား ထည့်ထားသ နှင့် တူလေသည်။

ယခုတော့ သည်လိုမဟုတ်။

အသေအချာ ဖွင့်ကြည့် မှ. . .

လွန်ခဲ့သော အနှစ် နှစ်ဆ ကျော်ခန့်က ပဲခူးရိုးမထဲ မုဆိုး ဦးမောင်နီနှင့် တစ်ယောက်တစ် ခွဲဝေယူခဲ့သည့် ဓမ္မစက္ကမုဒြာ ကျော စိမ်းရုပ်တုအစစ် အပါအဝင် ရ များ ဖြစ်နေပါတော့သတည်း။

❒ မင်းထန်(ထန်





www.burmeseclassic.com

www.burmeseclassic.com



ဤအကျဉ်းထောင်သို့ ကျွန်မရောက်ချိန်က ကျွန်မအသက် ဆယ့်ရှစ်နှစ် အရွယ်က ဖြစ်သည်။ ဤအကျဉ်းထောင်အတွင်းသို့ မိမိသဘောနှင့် မိမိဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်ကတော့ အကျဉ်းထောင်ဟု မမြင်မိခဲ့။ မိမိကို ဘုရင်မတစ်ပါးကဲ့သို့ ဝပ်ဆင်းခယကာ တစ်ပင်တိုင်မြနန်း အပ်နှင်းခံရသည်သို့ ထင်မြင်မိခဲ့ခြင်း ဖြစ်သည်။

ဤ တစ်ပင်တိုင်မြနန်းတွင်း၌ စားကောင်းသောက်ဖွယ် စုံလင်စွာနှင့် ခြွေရံသင်းပင်းများစွာတို့ ရှိနေခဲ့သည်ဟု ပြောခဲ့စဉ်ကလည်း ယုံခဲ့မိသူဖြစ်သည်။ အမိက ဆွဲသည်။ အဖက တားသည်။ အစ်ကိုတော်များက တုတ်၊ ဓားဆွဲကာ ကာကွယ်ခဲ့သည်။

ထိုထို ရန်စွယ်များကို မမှုခဲ့။ အရာအားလုံးကျော်ဖြတ်ရဲခဲ့သည်။ အမိက ငိုသည်။ အဖက မျက်နှာလွှဲနေသည်။ အစ်ကိုများ အံကြိတ် တောက်ခတ် ကျန်နေခဲ့ပြီ။ အောင်နိုင်သူ၏ ခြေလှမ်းများဖြင့် ရဲဝံ့စွာ တက်လှမ်းသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

မိသည်။ အမြင်မှာ ရွှေရောင်တဝင်းဝင်း တပြောင်ပြောင်နှင့် ရွှေနန်းတော်ကြီးသည် တံခါးချပ်ကိုဆွဲကိုင်ဖွင့်ပြီး အတွင်းသို့ ခြေနှစ်ဖက်စုံရပ်မိချိန်တွင် အရာရာ ပြောင်းလဲသွားခဲ့သည်။

စားဖွယ်သောက်ဖွယ် အသွယ်သွယ်တို့ဖြင့် ခေါင်းငုံ့ခြေစုံရပ်ကာ ခစားနေပါသော ခြွေရံသင်းပင်းများသည် ရုတ်ခြည်း ပျောက်ကွယ်ကုန်သည်။ ထိုသူတို့၏ နေရာတွင် တုတ်၊ ဓား၊ လက်နက်ကိုင်စွဲလျက်နှင့် ခါးတောင်းကျိုက်ဝတ် သားသတ်သူတို့နေရာယူနှင့်သည်။ လေသာပြတင်းတွင်လည်း ပဝါအပြာနုနု တလွင့်လွင့်လွင့်နေရာက ပဝါစပျောက်ကာ သံတိုင်တွေရောက်လာနေခဲ့သည်။ ငါမှားလေပြီဟု သိလျှင် ချက်ချင်းနောက်လှည့်ပြန်ပြေးတော့ မိမိသဘောနှင့် တွန်းဝင်ခဲ့သည့် ရွှေတံခါးနှစ်ချပ်သည် သံကွန်ချာခုနစ်ထပ်အဖြစ် ပြောင်းနေခဲ့ပြီ။

ကျွန်မသည် အကျဉ်းကျခဲ့လေပြီ။

✿

ကျွန်မ၌ အိပ်မက်များစွာ ရှိခဲ့သည်။ ဖြစ်ချင်လိုသည်ကို ရည်မှန်းချက်ဟု တင်စားသင့်သော်လည်း ကျွန်မအတွက်မူ အိပ်မက် တစ်ခုကဲ့သို့သာတည်း။ အိပ်မက်ဟူသည် မက်နေဆဲသာ။ ဘယ်တော့မှ အမှန်တကယ် မဖြစ်နိုင်ခဲ့။ ထိုအိပ်မက်များကိုသာ အဖော်ပြုတွယ်ဖက်ကာ အကျဉ်းစံ၏ နေ့ရက်များစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာတို့အား ကျော်ဖြတ်ခဲ့ရပေတော့သည်။

ကျွန်မ အလယ်တန်းကျောင်းသူ ဘဝက ကျောင်းဆရာမသိပ်ဖြစ်ချင်ခဲ့မိသည်။ ဆရာမလေးများကို မြင်ရင် သိပ်သဘောကျသည်။ ကျွန်မ ကြီးရင် ကျောင်းဆရာမ လုပ်မည်ဟု ရည်ရွယ်ချက် ထားခဲ့ဖူးသည်။ အထက်တန်းကျောင်းသူဘဝ ရောက်လာချိန်မှာတော့ ကျွန်မရဲ့ အတွေးအမြင်များ စတင်ပြောင်းလဲခဲ့ပြန်သည်။ ကျွန်မတို့ မိသားစုသည် မိသားစုများကာ ချို့တဲ့စွာ နေခဲ့ရသည်မို့ ကျွန်မ အလွန်ချမ်းသာချင်မိခဲ့သည်။ အထက်တန်းကျောင်းသူ ဘဝရောက်ခဲ့သည့်တိုင် အိမ်ပိုင်မရှိ။ တီဗွီလေး တစ်လုံးတောင် မရှိတဲ့ဘဝကို ပြောင်းပြန်လှန်ပစ်ချင်မိသည်။

ငယ်စဉ်က မောင်နှမတွေ များလွန်းတာမို့ ခဲတံတစ်ချောင်း တစ်ယောက်တစ်ပိုင်းချိုးပြီး သုံးခဲ့ရသည်ကို မမေ့။ မိုးစိုသွား၍ ကျောင်းစိမ်းဝတ်စရာ မရှိသဖြင့် ကျောင်းမှာ ဆရာမအရိုက်ခံခဲ့ရသည်ကို မမေ့။ လှချင်ပချင်တဲ့ ဆယ်ကျော်သက်အရွယ်မှာ ရော်ဘာဖိနပ်၊ ထီးခေါင်အမည်းကြီး အစ်ကိုအစ်မများအကျ ကျောင်းဝတ်စုံနွမ်းနွမ်းကလေးဖြင့် ကျောင်းတက်ခဲ့ရသည်ကို မမေ့။

ထို့ကြောင့် အထက်တန်းအဆင့်မှာရှိသော ဦးနှောက်ကလေးနှင့် ကျွန်မ၏ ရည်ရွယ်ချက်တို့ကို ပြောင်းခဲ့သည်။ ကျွန်မ ရှေ့နေမကြီး ဖြစ်ချင်သည်။ ကျောင်းဆရာမလောက် မပင်ပန်းဘဲ ကျောင်းဆရာမထက် ဝင်ငွေ ပိုကောင်းမည် မဟုတ်လား။ ရှေ့နေမများ၏ အနက်ရောင်ဝတ်စုံနှင့် လည်ပင်းက အဖြူရောင် ကော်လာလေးများက ကျွန်မရဲ့ စိတ်ကူးထဲမှာ အမြဲတစေ ဝင်ရောက်စိုးမိုးနေခဲ့ပါသည်။

✿

ကျွန်မ ဆယ်တန်းအောင်တော့ ၁၉၉၇ တွင်ဖြစ်သည်။ ကျွန်မတို့ နှစ်တွင်မှ ကံဆိုးလှစွာဖြင့် တက္ကသိုလ်တက်ရန် သုံးနှစ်စောင့်ခဲ့ရသည်။ ထိုသုံးနှစ်ကာလ အတွင်း၌ စီးပွားရေးမပြေလည်သဖြင့် တခြား ဘာသင်တန်းမှ မတက်နိုင်ခဲ့။ ထိုသုံးနှစ်တာကာလတွင် ပုဒ်မ ၁၅၀၀ ဖြင့် လွတ်ရက်မရှိ။ ထောင်ဒဏ် တစ်သက်တစ်ကျွန်းကို ကျွန်မ၏ အမိန့်ဖြင့် ကျွန်မဘာသာချမှတ်ခဲ့မိသည်။ ဆယ့်ရှစ်နှစ်ဆိုသည့် အရွယ်တွင် အချစ်သူရဲကောင်းမကြီးအဖြစ် ဘဝ၏ တိုက်ပွဲအတွင်းသို့ ရဲဝံ့စွာခုန်ဝင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၉ တွင် အဖေ ယာဉ်တိုက်မှု ဖြစ်ခဲ့သည်။ ထိုသို့ အဖေ အမှုဖြစ်တော့ ကျွန်မတို့ ရှေ့နေများနှင့် နဖူးတွေ့ ဒူးတွေ့ဆက်ဆံခဲ့ရသည့် အချိန်မှစကာ ကျွန်မ ဘယ်တော့မှ ရှေ့နေ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်မိပြန်ပါတော့သည်။

အပြောကကောင်းသည်။ လက်ကသွက်သည်။ ကျေးသမျှစားတာ ပေးသမျှယူသည်။ သို့သော် အမိန့်ချတော့ သူပြောတာနဲ့ တခြားစီ။ သူ့မျက်နှာ လည်း မမြင်ရတော့။ တော်တော်ဆိုး ရှေ့နေပဲ။ ရှေ့နေတွေတိုင်းတော့ မ နိုင်ပေ။ သို့သော် ကျွန်မတို့ ကြုံခဲ့ရသ ရှေ့နေကဖြင့် ထိုကဲ့သို့ပင် ဖြစ်ေ သောကြောင့် ကျွန်မ စိတ်ကုန်သွား သည်။

ငိုစား ရယ်စား ရှေ့နေများ ကျွန်မရဲ့ စိတ်နဲ့ လုပ်၍မဖြစ်နိုင်တော့ ဒီအခါ ကျွန်မရဲ့ စိတ်ကူးအိပ်မက်ထဲ ဝင်ရောက်လာသည်မှာ စီးပွားရေး ပညာရှင်တစ်ယောက် ဖြစ်ချင်လာ သည်။ ကံကောင်းစွာဖြင့် အမှတ်စာ ထွက်တော့ စီးပွားရေး ရပါသည်။

သို့သော် ကံဆိုးသည်မှာ အချိန်တွင် ကျွန်မ၏ ဝမ်းတွင်း၌ သ သားက သုံးလခန့်တည်နေပြီ ဖြစ်သ အိမ်ထောင်သည်ဘဝ၏ အရှုပ်အ များကြားတွင် ကျွန်မ ဝဲလည်လှည့် ချာချာလည်နေခဲ့ပြီ။ အိမ်မှုကိစ္စ စီး ရေး လူမှုရေးများစွာတို့ကြားမှာ အီးကို ပထမနှစ်ကို အောင်မြင်အေ မဖြေဆိုနိုင်ခဲ့ဘဲ ကျရှုံးခဲ့သည်။

ကလေးကလည်း မွေးရ ကျွန်မပညာရေးဘက်ကို ဦးပြန်မ နိုင်ခဲ့ပေ။ ကလေးမွေးပြီးပြန်တော့ ဘယ်လိုလုပ်ပြီး ကျောင်းဆက်တ တော့မလဲ။ ကလေးတစ်ယော တာဝန်တွေက နည်းတာမှတ်လို့ ဆီမှာ ဘာရည်မှန်းချက်မှ မ





www.burmeseclassic.com

တစ်နေ့ တစ်နေ့ ကလေးတစ်ယောက်နဲ့ အချိန်ကုန်။ လူမှုစီးပွားရေးတွေကလည်း ရှုပ်ယှက်ခတ်နေတာမို့ နေ့ပေါင်းများစွာ ကို့သည် ကုန်ဆုံးသွားခဲ့ပါတော့သည်။

✿

လူဆိုတာ အချိန်တွေ ဘယ်လို ပြောင်းပြောင်းဆန္ဒဆိုတာရှိကြစမြဲပဲ လေ။ ဒါကြောင့်လည်း ကျွန်မဟာ သမီးလေးလက်လွတ်လာတဲ့အရွယ်မှာ အိပ်မက်စိတ်ကူးတွေပြန်ပြီး ကွန့်မြူး လာပြန်တယ်။ ကျွန်မ အောင်မြင်ချင် တယ်၊ ချမ်းသာချင်တယ်။ ဒါကြောင့် ကျွန်မ အလုပ်လုပ်မယ်။

တစ်ရာရင်းတော့ တစ်ရာရှုံး တယ်။ တစ်ထောင်ရင်းတော့ တစ် ထောင်ရှုံးတယ်။ အဖြေက ဘာလဲဆို တော့ ကျွမ်းကျင်မှုလေ။ ကျွန်မမှာ ကျွမ်းကျင်ပိုင်နိုင်တဲ့ အတတ်ပညာ ဘာမှ မရှိတော့ ကျွန်မလုပ်သမျှ အဆင်မပြေ ခဲ့ဘူး။ ကျွန်မကိုယ်ကျွန်မ စိတ်ကုန်လာ ခဲ့တယ်။

ယောကျ်ားလုပ်စာ ထိုင်မစား ချင်တဲ့ မိန်းမဖြစ်တဲ့ ကျွန်မကို အရင်း အနှီးထုတ်ထုတ်ပေးနေရတဲ့ ယောကျ်ား ကလည်း ငြီးငြင်လာပြီ။ မိန်းမရယ် အေး အေးလေး အိမ်မှာပဲ နေစမ်းပါ။ ကိုယ် ရှာကျွေးတာသာ ထိုင်စားစမ်းပါတဲ့။

ဒါလည်း ကျွန်မ လက်မလျှော့ ချင်ပါဘူး။ ဒါဆို ကျွမ်းကျင်မှုအတွက် ကျွန်မ အတတ်ပညာ သင်မယ်လေ။ ဒီတော့ ဘာမှတ်ချက်ချခံရတယ် မှတ် သလဲ အသက်ကြီးမှ လက်ပေးသင်ချင် သတဲ့လေ။ သူ ဘာပြောပြော ကျွန်မ ဖျော်ရည်နဲ့ ရေခဲမုန့်သင်တန်း သွား တက်ခဲ့တယ်။ တစ်ပတ်လောက်သင်ရ တယ်။ တတ်သွားရော ဆိုပါတော့ရှင်။

ဒါပေမယ့် ဒီလုပ်ငန်းအတွက် အနည်းဆုံး သိန်းသုံးဆယ်လောက် ရင်း မယ်။ ပစ္စည်းဝယ်ဖို့ ဆင်ဖို့ တခြားခြား သော ကုန်စရာတွေက ရှိနေသေးတယ်။ နေရာအကျယ်အဝန်း၊ အဆောက်အအုံ က [illegible] ကွက်ရှာဖို့ လိုသည်။ ကျွန်မမှာ ယုံကြည် ချက်ရှိပေမယ့် အရင်းအနှီး ထုတ်ပေး မယ့်သူက ယုံကြည်ချက် မရှိတော့ ကျွန်မ ဘာမှမတတ်နိုင်ခဲ့။

ဝေဝါးတဲ့ မနက်ဖြန်ပေါင်းများ စွာကို ပျင်းရိလေးတွဲ့စွာ ကျော်ဖြတ်ရင်း ကျွန်မ အသက်သုံးဆယ်ကျော်လာခဲ့ပြီ။ ပညာရေးလည်း ဆုံးခန်းမတိုင် စီးပွား ရေးလည်း မဖြစ်ထွန်းခဲ့တာမို့ အိမ် အလုပ်တွေ လုပ်ရင်းနဲ့သာ အချိန်တို့က တရွေ့ရွေ့။ ရွယ်တူ သူငယ်ချင်းတွေ ပြန်တွေ့တဲ့အခါ သူတို့က လုပ်ငန်း ကိုယ်စီနှင့်မို့ ကျွန်မ ရှက်မိသည်။ အိမ် မှာနေရင်း တီဗွီကြည့်ဖြစ်တဲ့အခါ တီဗွီ ထဲက အောင်မြင်ကျော်ကြားပါသော အမျိုးသမီးများကို မြင်တော့ အားကျမိ သည်။ အားကျမိလည်း အားကျရုံပြင် ဘာမှမတတ်နိုင်။

ငယ်စဉ်ကဆို သီချင်းဆိုရတာကို လည်း နှစ်ခြိုက်ခဲ့သူမို့ အဆိုတော်တစ် ယောက်လည်း ဖြစ်ချင်ခဲ့သေးတာလေ။ အခုခေတ်ကလေးတွေများ ကံကောင်း လိုက်တာပြိုင်ပွဲတွေကလည်းအများကြီး။ ကိုယ်လုပ်နိုင်ရင် လုပ်နိုင်သလောက် တိုးတက်နိုင်သေးသည်။ ကျွန်မတို့ လူငယ်ဘဝက ဒါတွေမရှိခဲ့။ ကာရာ အိုကေတောင် ယောကျ်ားရမှ မိုက်ကိုင် ပြီး ဆိုဖူးခဲ့ရတာ။

အရင်က အဖေက မယ်ဒလင် လေးတီးပြီး ကျွန်မကလိုက်ဆို။ ဟော ကာရာအိုကေနဲ့ကျတော့ ကိုယ့်ရဲ့ အသံ က Sound Box ကနေတစ်ဆင့် ဟိန်းပြီး ထွက်လာလိုက်တာများ နားထောင်လို့ ကောင်းမှကောင်းပဲ။ ထွန်းအိန္ဒြာဗိုလ်က နှစ်ဆယ့်ရှစ်နှစ်မှာ အဆိုတော်ဖြစ်လို့ ကျွန်မ အသက်သုံးဆယ်ဆိုတော့ ဖြစ် ကောင်း ဖြစ်နိုင်ပါရဲ့။

တကယ်ပါ။ ကျွန်မရဲ့ အသံက သိပ်နားထောင်လို့ကောင်းတယ်။ ဒါပေ မယ့်လေ ကျွန်မမှာက ထွန်းအိန္ဒြာဗိုလ် လို ရွှေဆိုင် ငွေဆိုင်တွေပိုင်တဲ့ အစ်ကို တွေ၊ အစ်မတွေမရှိဘူး မဟုတ်လား။

ဒါကြောင့် ဒီအိပ်မက်ကလည်း ရေချိုးရင်းနဲ့ တိုးတိုးညည်းကာ အာသာ ဖြေရပြန်တာပေါ့။

✿

အမှတ်မထင် မန္တလေးမြို့ရဲ့ အမေများနေ့ ဝတ္ထုတိုပြိုင်ပွဲအကြောင်း ကို ဂျာနယ်တစ်ခုမှာ တွေ့လိုက်ရသည်။ ဘာရယ်မဟုတ်ဘဲ ကျွန်မ ဝတ္ထုတစ်ပုဒ် ရေးကာ ပို့လိုက်မိသည်။ ပို့သာ ပို့လိုက် ပေမယ့် စိတ်ထဲက ဆုရမယ် မထင်ထား တာမို့ ယောကျ်ားကိုလည်း မပြောပြခဲ့မိ။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်နေရာမှာ အမေ့ရဲ့ဖုန်းနံပါတ် ထည့်ပေးလိုက်တာမို့ ဖုန်းလှမ်းဆက်တော့ အမေက ဖုန်းမှား နေပြီဟု ဘူးခံငြင်းသည်။ နောက်မှ ကျွန်မက ဟုတ်သည်။ ကျွန်မ ဝတ္ထုရေး ကာ ပို့ထားသည်ဆိုတော့မှ တတိယဆု ရ၍ လာယူပါတဲ့။ ပျော်လိုက်သည့်ဖြစ် ခြင်း။ ငါ့မိန်းမက တယ်ဟုတ်ပါလားလို့ ယောကျ်ားက ချီးမွမ်းတော့လည်း ဂုဏ် ယူလို့ မဆုံးခဲ့။

ပထမဆုံး စရေးတဲ့ ဝတ္ထုမှာ ဆုဝင်တယ်ဆိုတော့ ကျွန်မဟာ ဘွေး နားထင်ရောက်ပြီး စာရေးဆရာ[illegible] သွားပါလေရောရှင် ဟုတ်တယ်လေ။ ဘာမှမဟုတ်ဘဲ လောကကြီးထဲ ရောက် ပြီး မသိမသာနဲ့ လူမသိ သူမသိ ပြန် ထွက်သွားရမှာနဲ့စာရင် တော်သေးတာ ပေါ့။ အပြင်ထွက်တာ မကြိုက်တဲ့ ယောကျ်ားတွေနဲ့ ရင်းရင်းနှီးနှီးနေရပ် မကြိုက်တဲ့ ကျွန်မဘဝရဲ့ ထောင်မှူးကြီး နဲ့လည်း ပြဿနာတက်စရာ အ[illegible]ကြောင်း မရှိတော့ဘူးလေ။ [illegible] အရင်းအနှီး ကလည်း နည်းတယ်။ [illegible] မလို၊ နေရာအကျယ်အဝန်း[illegible] တော့ အားလုံးက ကွက်တိပဲပေါ့။

ဒါကြောင့် ကျွန်မ စာရေး ဆရာမ လုပ်မယ်။

စာရေးတာကလည်း အပြော လွယ်သလောက် ထင်သလောက် မရေး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

နိုင်ပြန်ဘူး။ ဝတ္ထုတစ်ပုဒ်ဖန်တီးတဲ့အခါ ဒီဝတ္ထုရဲ့ ဇာတ်ကောင်စရိုက်တွေ ပေါ်လွင်အောင် ထည့်ရေးရတယ်လေ။ ကျွန်မ ပြောသလိုပဲ ကျွန်မက အိမ်ထောင်သည် အိမ်ထောင်ဆိုတဲ့ ထောင်ကြီးထဲက မိန်းမတစ်ယောက်ဆိုတော့ ကျွန်မရဲ့ ဇာတ်ကောင်တွေက ကျွန်မ မျက်စိထဲတွေ့သမျှ မြင်သမျှကိုပဲ ဇာတ်အိမ်ဖွဲ့ရတာပေါ့။

ဒီတော့ ဘာပြဿနာတက်ပြန်သလဲဆိုတော့ အမေက ဒီဝတ္ထုထဲက မိန်းမကြီးက ငါ့အကြောင်းရေးထားတာ မဟုတ်လားတဲ့။ ယောကျ်ားကလည်း ဒါ ကိုယ့်ကို စောင်းရေးထားတာ မဟုတ်လားတဲ့။ စာရေးဆရာမ တစ်ယောက်ဖြစ်ဖို့ အရေးကလည်း မလွယ်ပြန်ပါဘူးရှင်။

✿

ဝတ္ထုတွေရေးပြီး ပို့လိုက်တာ မဂ္ဂဇင်းတိုက်ပေါင်းလည်း စုံခဲ့ပြီ။ ဘာမှလည်း အကြောင်းမပြန်ကြဘူး။ တစ်နေ့မှာတော့ အမေ့ဆီကို မဂ္ဂဇင်းတိုက်တစ်ခုက ဖုန်းဆက်လာတယ်။ စာမူခနဲ့ စာအုပ်လာထုတ်ပါတဲ့။ ဇူလိုင်လထုတ် မဂ္ဂဇင်းမှာ ကျွန်မ ဝတ္ထုပါလာပြီတဲ့လေ။ ပျော်လိုက်သည့်ဖြစ်ခြင်း။ အားရဝမ်းသာနဲ့ အစ်ကိုတစ်ယောက် အဖော်ခေါ်ပြီး မဂ္ဂဇင်းတိုက်ကိုသွားထုတ်တော့ မဂ္ဂဇင်းတစ်အုပ်နဲ့ စာမူခ ငါးထောင်ရတယ်။

ရလာတဲ့ စာမူခလေး ငါးထောင် အမေ့ကို ကန်တော့လိုက်သည်။ မိမိရေးထားတဲ့ ဝတ္ထုတစ်ပုဒ်ကို ပထမဦးဆုံး ပုံနှိပ်စာလုံးနဲ့ မြင်ရတာမို့ ကြည့်လို့မဝနိုင်ခဲ့။ ဖတ်၍ မဝနိုင်ခဲ့။ ဆွေမျိုးတွေကိုလည်း ကြွားလို့ မဆုံးနိုင်ခဲ့။ ငါ့မိန်းမက စာရေးဆရာမ ဖြစ်နေပြီပဲ။

အေးလေ အိမ်မှာ အလကား နေမယ့်အစား စာထိုင်ရေးနေပေါ့လို့ ယောကျ်ားလုပ်သူက ချီးမွမ်းသလို ကဲ့ရဲ့သလို ခနဲ့သလို စကားဆိုတော့ ရင်ထဲက အောင့်တောင့်တောင့်။ သူပြောပုံက စာရေးဆရာတွေကပဲ လုပ်စရာအလုပ်မရှိလို့ အလကားနေရင်း စာထိုင်ရေးပြီး စာရေးဆရာ ဖြစ်လာသလိုလို။

ဒါပေမယ့် သူ့ကို နိုင်အောင် ပြန်ချေပဖို့ စကားလုံးကလည်း ကိုယ့်မှာမရှိတာမို့ မချိသွားဖြဲ ပြန်ရယ်ပြရင်း ဘာမှ ပြန်မပြောဖြစ်ပေ။

ဝတ္ထုတစ်ပုဒ် မဂ္ဂဇင်းထဲပါလာရုံနှင့်တော့ စာရေးဆရာမဟု မိမိကိုယ်ကို စိတ်ကြီးမဝင်ရဲသေးပြန်။ ဆရာချစ်ဦးညိုတို့လို၊ ဆရာမောင်စိန်ဝင်းတို့လို၊ ဆရာမ မိုးမိုး(အင်းလျား)တို့လို၊ နုနုရည်(အင်းဝ)တို့လို လူမြင်တာနဲ့ ဟာ, ဆရာပါလား ဆရာမပါလားရယ်လို့ လူသိထင်ရှား အောင်မြင်ချင်သေးသည်။

ဘဝမှာ မှတ်တိုင်တစ်ခုတော့ စိုက်ထူချင်သေးသည်။ ဖြစ်နိုင်ပါရဲ့လား။ ဖြစ်ပါ့မလား။ ဖြစ်အောင်ကော လုပ်နိုင်ပါ့မလား။ ကိုယ့်ကိုယ်ကိုယ်တော့ ပြန်မေးနေမိသည့် မေးခွန်းများက အတောမသတ်။

စာရေးဆရာတစ်ယောက် သည် ရေးတတ်ရုံနှင့်မရ။ လေ့လာရမည်။ မိမိကိုယ်တိုင် စာဖတ်အား ကောင်းရမည်။ ဒေသန္တရဗဟုသုတ ကြွယ်ဝရမည်။ နိုင်ငံတကာ စာပေတွေ လေ့လာရမည်။ ဒါတွေအားလုံးကို ကျွန်မ လုပ်နိုင်ပါ့မလား။

ထင်တစ်လုံးနဲ့ ရမ်းသန်းပြီးရေး၍မရ။ အရှက်ကွဲသွားနိုင်သည်။ ကျွန်မကို ချစ်လွန်းလို့ပါ စိုးရိမ်လွန်းလို့ပါလို့ အကြောင်းပြပြီး ဘယ်ကိုမှ ပေးမသွားတဲ့ ကျွန်မဘဝရဲ့ ထောင်မှူးကြီးနဲ့ ကျွန်မ ဘယ်လိုများ လေ့လာနိုင်မလဲ။

အကျဉ်းစံတစ်ယောက်ရဲ့ အိပ်မက်များက ပီလာတစ်ခါ ပျောက်သွားတစ်လှည့်နဲ့မို့ ကျွန်မ စာရေးဆရာမ ဖြစ်နိုင်ပါ့မလား။

❒ မမိုးမြင့်

အလင်္ကာကျော်စွာ ဦးစံခိုသည် သူ့ခေတ် သူ့အခါက အလွန်ထင်ရှား[illegible] သော ဇာတ်စာရေးဆရာ ဇာတ်[illegible] မင်းသားကြီး ဖြစ်၏။ သီပေါမင်းနှင့်[illegible] စုဖုရား မင်းနှစ်ပါး ပါတော်မူခဲ့စဉ်က (၆)နှစ်သားအရွယ် ကလေးငယ်ဘဝဖြင့် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်က[illegible] သူ ဇာတ်စာရေးဆရာ ဖြစ်လာသော အခါ၌ ဇာတ်မာန်လင်္ကာများကို မွေးဖွား[illegible] ပေးရန် ဖန်တီးပေးခဲ့ပေသည်။

မင်းနှစ်ပါး၏အဖြစ်က ကြေ[illegible] ဆို့နစ်စွာ ရင်မှာ မေ့ပစ်မရနိုင်အောင် ကိန်းအောင်းနေခဲ့ပေသည်။ သို့ကြောင့်[illegible] ပင် သူရေးခဲ့သော ဇာတ်စာများနှင့်[illegible] လင်္ကာများသည် အမျိုးသားရေး စိတ်[illegible] ဓာတ်ကို နှိုးဆွပေးခဲ့သည့် ဇာတ်[illegible] လင်္ကာများအဖြစ် တစ်နည်း မဟုတ်[illegible] တစ်နည်းပါဝင်ခဲ့ပေသည်။

သီပေါမင်း ပါတော်မူပြီး မကြာ[illegible] မြင့်မီမှာပင် မဒီကိုင်ဦးဖူးညိုစပ်ဆိုခဲ့သည့်[illegible] "မြားပလ္လင်မှာနော်ရှင်၊ စန်းယုံရွှေ[illegible] မခြားသွင်ပါ၊ ဗိုလ်ရှုခံ မှန်ရွှေနန်းမှာ[illegible] ဆုတော်ခံ ရုံရွှေသန်းရယ်နှင့် လှုံမြိန်[illegible] စံတော်မူတော့ သီတဂူ သွင်မူမခြား[illegible] ကလား၊ အရည်တူ ရှင်နှစ်ပါးငယ်[illegible] ရွှေသားခံ စိန်မကိုင်ရှုတဲ့ပြင်၊ ဖိုးထိုက်[illegible] ဆင်းတန်ဆာနှင့် မင်္ဂလာဆောင်ဘုံ[illegible] လ၊ ကဥ္စနာရောင်စုံမြူးပါလို့ ထူး[illegible] သဘောကိုနော် ရှင်မူးမြင့်မဟာ [illegible] ပေါ်ခြိမ့်ခြိမ့်သဲအောင်ပ၊ အလှ[illegible] သိမ့်သိမ့်ကြပါလို့၊ အောင်ပွဲတွေ [illegible] ပေါ်ဆူ၍၊ ကြည်တော်မူသည် အ[illegible] မှာလ၊ ဘိလပ်ပိုင် မိန့်တော်မူရ[illegible] နှင့်၊ မြစ်တွင်းမှာ အောင်လံထူ၍ [illegible] တကူ ရှင်နှစ်ပါးကိုလ၊ ကြယ်ဥတ္တ[illegible] များ ငယ်ရယ်နှင့်၊ တက်သွား၍ [illegible] တွင်းမှာ၊ လောင်ပြင်းစွာပ၊ [illegible] အပေါင်း ဆောင်ကြဉ်းလာ[illegible] ရေကြောင်း။

www.burmeseclassic.com



# အလင်္ကာကျော်စွာ ဦးစံခိုနှင့် ဇာတိမာန် ကဗျာလင်္ကာများ

နုတ်နှစ်ဖြာမှ လေလေ့၊ မဒရပ်မှာ စံတော်မူလို့ ကံချော်သူနန်းမပော်မိဖုရားမှာလ၊ မီးရှူးတော်မြင်ကာဖွားရသတဲ့၊ ကြားရပြန်သေး၊ ထုံးရာဇဝင်၊ စာတင်အိုပေါ့။ နန်းနှင့်ကွာဝေး၊ ဘုန်းသမ္မာရှင် မဟာဝင်ညီတော့ မဟာဝင်စာတော်တင်ထား၊ ကုလားလက်ပါသူ၊ ဘမရာခွင် ညာတင်ဖျားနှစ်ပါး အရှင့်အတွက်သာပူ"

လင်္ကာကြီးကို ကြားရသောအခါ၌ အပြောကောင်း အဆိုကောင်း အလွမ်းကောင်း မဒီကိုင် ဦးဖူးညိုကို အပအားကျကာ ဇာတိမာန် လင်္ကာများ စပ်ဆိုရန် ပိုမိုစိတ်အားထက်သန်ခဲ့လေသည်။

ထို့အတူ ဦးဖူးညိုကဲ့သို့ပင် မင်းနေပြည်တော်ဝန်းကျင်၌ ဇာတိသွေးဇာတိမာန်မျိုးစေ့များ ချပေးခဲ့ကြသည့် သဘင်ပညာရှင်ကြီးများ ဖြစ်ကြသော သံချိုကိုင် ဦးကျော်လှ၊ ကျပင်းဆရာဖိုးတို့ကိုလည်း အားကျခဲ့ကြပြန်၏။

ကျပင်းဆရာဖိုးရေးသားပြီး မျိုးချစ်စိတ်ကို ပြသခဲ့သည့် "တရားသဖြင့်စကားချင့်ကြတော့ ကုလားနှင့်မြန်မာမတူကြလို့ လူစကွာ၊ ပညာကြီးမားစီးပွားပဂေး၊ မရမနေ မြန်မာပြည်(ပြေ)နှစ်ငွေပေးနိုင်ရဲ့၊ သသူဌေးကျော်၊ ကူမတွေးကြနှင့်၊ လူကလေးခေါ်တာက၊ မျှော်၍စဉ်းစား၊ ဟန်ပါတ်အကြီး၊ ဉာဏ်သိပ်သည်းသောကြောင့်၊ နှာနှိပ်ပြီးထားခဲ့တယ်၊ စကားနှင့်အဆုံး၊ မဆင်မကြင်ထင်အမြင်နှင့်၊ သခင်လို့ သုံးခဲ့ကြ၊ နွံစုံးစုံးနစ်၊ ကျွန်လုံးလုံးဖြစ်ရပေါ့" လင်္ကာကြီးကလည်း ဆရာစံခို၏ နှလုံးသည်းခြေအတွင်း ကိန်းအောင်းခဲ့ပေသည်။

အလင်္ကာကျော်စွာ ဆရာစံခိုသည် ကဗျာဉာဏ်လည်း အလွန်ရွှင်သူဖြစ်၏။ ကဗျာလင်္ကာများကို လက်တန်းစပ်ဆိုနိုင်သူလည်း ဖြစ်လေသည်။

အောက်ပါ ကဗျာမှာ ဦးစံခိုလက်တန်းရွတ်ဆိုခဲ့သော ကဗျာဖြစ်၏။

"ကဝိန္ဒိကဉာဏ်၊ အခြေမဟာပြုတ်စေဖို့ ကုန္ဒြီယသံဝရေ အစအလယ် ဓမ္မိသာရာချုပ်ခဲ့တာက၊ လှတယ်ပတယ်ဆိုတဲ့ အနိဋ္ဌာနရုပ် အမွှမ်းတံခွန်မတင်၊

www.burmeseclassic.com

ဒိုက္ကယ်နှစ်ရာ့နှစ်ဆယ် သိက္ခာပုဒ်ရယ်နှင့် ကျမ်းခုနစ်အင်၊ မသိကြသူ ရမ်းကြမည်ကြောင့် အတိရေရေ ရဟန်းသူ မလိုပါဘူး၊ စားရလျှင် စာမေ့တတ်ပါသတဲ့၊ ငတ်ကြလျှင် သူနှမြောသည်ဟု အပြောဖွာဖွာလောင်နဲ့၊ သာသနာရောင် တစ်ဝက်ရောက်သည့်နှစ်ဟာမို့၊ ဒါယကာအခေါင်တွေကို တက်ခေါက်လို့ ဟစ်လိုက်ချင်ပေါ့၊ စင့်စစ် အတူတူလိုခဲ့ကြ၊ ဇမ္ဗူထိုထို ချစ်ခင်တဲ့ အပေါင်းတို့ရယ်၊ ဘယ်သူမဆို အသစ်ပြင်မှ ကောင်းလိမ့်မယ်ထင့်၊ ဓမ္မရာဇ် အရှင်လောင်းတို့ရဲ့ ဟောလှစ်တဲ့ ဓမ္မက္ခန္ဓာတရား၊ အသစ်မပြင်ကြရင်ဖြင့် လောကရဲ့ မဟာအမှား"

အလင်္ကာကျော်စွာ ဆရာဦးစံခိုသည် ၎င်း၏ဘဝကို ကိုယ်ရေးအတ္ထုပ္ပတ္တိအဖြစ် ကိုယ်တိုင်ရေးခဲ့၏။

၎င်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ "နိုင်ငံကျော်ကြား လူသိများ၍ မှတ်သားခေါ်ဝေါ်အဆိုတော်သည့် ပေါ်ပေါ်လွင်လွင် သဘင်ပညာဝါသနာကို အာသာငမ်းငမ်း သူဖန်ဆန်း၍ ဝန်းပန်းခွါညို့ လပြာသို့မှ စံခိုဖူးညောက် ပွင့်ချိန်ရောက်သို့ ရှေ့နောက်ဖြစ်ထွေ ရေးချချေမည် သိစေ ကျွန်ုပ်ထုပ္ပတ်တည်း" ဟု အစချီခဲ့၏။

ထို့နောက်မှ အောက်ပါ ကိုယ်ရေးထုပ္ပတ်ကို ရေးခဲ့သည်။

နေရာရင်းဇာတိ ရွှေစက်တော်ဘုရားလမ်း၊ မင်းဘူးမြို့နယ်အပိုင် ခရိုင်ကျေးလက်၊ မန်းမြောက်ဘက်မှ လယ်ကိုင်းကျောင်းတော်ရာဘုရားအနီး မုန်းချောင်းစီးလျက်ရှိသော မင်းဇံရွာကြီးတွင် အဖဦးအုန်းခိုင်၊ အမိ ဒေါ်ဒေါ်ချိတ်တို့၏ သား ဖွားရာသက္ကရာဇ် ၁၂၄၁ ခုနှစ်၊ ဝါခေါင်လဆုတ် (၄)ရက် အင်္ဂါနေ့ဖြစ်ပါ၍ ငယ်မည်ကား မောင်စာရံဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။

ကျွန်ုပ်တွင် မိဘရိုးရာမလုပ်ပါဘဲ အသံကောင်းလှ၍ ရှေးဟောင်းပညာတူရိယာကို စဲလမ်းပါသဖြင့် ဆိုင်းပညာကို သင်ပါသော်လည်း နဲ့ ပတ်တီးမတတ်ပါဘဲ စည်းတီး၊ ဝါးတီးနှင့် သီချင်းကြီးများကိုသာဆိုနိုင်ခဲ့၍ နောက်ထိုင် နောက်ထဘဝနှင့်သာ နေခဲ့ရပါသည်။

၎င်းပြင် ၁၂၄၇ ခုတွင် သီပေါမင်းပါတော်မူသောအခါ ကျွန်ုပ်သည် ခြောက်နှစ်သားရှိ၍ ၎င်းအရွယ်ကစ *လျက် ၁၀နှစ်သားအထိ ဆိုင်းနောက်ထ* ဖြစ်လေရာ ရုပ်စုံဆရာတို့သည် ဇာတ်တက်ရန် အကြံပေး၍ ကျောက်ရဲဆရာခါ၊ စလင်းဦးကျော်ဒင်တို့ထံ ရုပ်သေးမင်းသမီးအဖြစ် သင်ရာ မကြာခင်အသံပြောင်းသဖြင့် လူကြမ်းလူပြက်နှင့်ကြိုးဆွဲများ ဖြစ်နေတုန်း ပြုန်းခနဲ ပေါ်လာသော ဝါသနာသည် စာရေးဆရာလုပ်ချင်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နေထိုင်သော မင်းဇံရွာကြီးကား သေးငယ်သောရွာမဟုတ်ပေ။ အကြောင်းကြီးငယ်ရှိလျှင် အခြားရုပ်သေးဆိုင်းမငှားဘဲ ကိုယ့်ရွာတွင် ဇာတ်ရုပ်သေးဆိုင်းတွင်မက ရဟန်းရော လူပါ စာရေးဆရာ သုံးယောက်လောက် ရှိပါ၍ အတော်ပင်ကောင်းသော စာရေးဆရာများပေတည်း။

ကျွန်ုပ်သည် ၁၄ နှစ်၊ ၁၅ နှစ်သားကပင် စာရေးဆရာအလုပ်ကို စွဲလမ်းခဲ့သည်မှာ ကဗျာလင်္ကာကို ဝါကျနှင့် နဘေထပ်တွေပြော၍ တစ်နယ်လုံး တစ်ရွာလုံးက အရှုးဘွဲ့ကိုပင် ပေးခြင်းခံရပါသည်။ ၎င်းတွင် မကသေးဘဲ စလင်းမြို့ရုပ်သေးမင်းသားကြီး ဆရာဖိုးပခန်းကြီး ဦးသာအောင် ဦးဖိုးအောင် (ဝွေးပင်တော)တို့၏ ကျက်စာမဟုတ်ဘဲ လက်တန်းစကား ပြောကြသည်ကို နားကြား၍ မျက်လုံးထဲမြင်နေခဲ့သည့်အပြင် သီပေါမင်းပါတော်မူရာ ဓားနှစ်လက်စွဲ၍ ခဲယမ်းမီးကျောက် စိန်အမြောက်နှင့် ထို့နောက်မပျက် ဗုံးဒလက်တို့ပါ တိုင်းပြည်ကို အပိုင်ရသော်လည်း ၁၅နှစ်လောက် အုပ်စီး၍ မရသောကြောင့် စိုးရိမ်မကင်းရှိခဲ့၍ မျက်နှာဖြူဘုရင်ခံသည် ကျန်ရစ်သော မှူးမတ်များနှင့် မန္တလေးမြို့တွင် အစည်းအဝေးပြုလုပ်၍ ဘုရင်ခံ ပြောသောစကားမှာ သီပေါမင်းကလေးကို အဓမ္မိက နိုင်လိုခြင်းထက် မြန်မာပြည်ကို လက်နက်နိုင်ငံလုပ်လို၍ ဖမ်းသည်မဟုတ် သနားသောအားဖြင့် လောကဓာတ်ပညာသင်... *ခေတ္တခေါ်ခြင်း ဖြစ်သည်ဟု ဆို၏။*

ထိုအခါ အတွင်းဝန်မင်းတစ်ပါးက ဘာပညာသင်မှာလဲဟုမေးလျှင် "မိုးဘယ်တော့ရွာမှာလဲ၊ လေဘယ်အချိန်တိုက်မှာလဲ ဆိုတဲ့ လောကဓာတ်ပညာသင်ဖို့ပါပဲ" ဟု ဘုရင်ခံက အဖြေပေးလိုက်ရာ ဝန်မင်းသည် ၎င်းမျက်နှာကိုမကြည့်ချင်ဘဲနှင့် ကြည့်နေရသည်မှာမျက်နှာမကောင်းသော်လည်းအကြောင်းပေါ်လျှင် မြန်မာဟူသော သတ္တိပညာဉာဏ် အကုန်သိစေခြင်းငှာ ၎င်းမိုးရွာလေ့လာဖို့သိခြင်းပင် ခင်ဗျားတို့ လူမျိုးမှာ ပညာဆို၍ သင်ကြသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှာ ၎င်းပညာသည် တိရစ္ဆာန်ကပင် နားလည်တတ်ကျွမ်းကြသည်... ပြောလိုက်သောအခါ ဘုရင်ခံကား ...ရော်ရော် မျက်နှာကို ပန်းဆီများလော...သကဲ့သို့ ဖြစ်ပြီးလျှင် . . .

"ခင်ဗျားစကားသည် ဗြိတိ...လူမျိုးတို့ကိုလဲ မထောက်၊ အင်ပါယာ...မျက်နှာကိုလဲ မထောက်၊ အစိုး...ဥပဒေကိုပင် ကျော်နင်းလျက် တိရစ္ဆာ...နှင့် နှိုင်းခိုင်းသောစကားဖြစ်၍ ...စွဲမည်" ဟုဆိုရာ . . .

"အကျယ်ချဲ့မနေနှင့် ...တို့လဲ လွှတ်တော်မှာ တရားစီရင်...သူတွေပဲ၊ ခင်ဗျား မကျေနပ်လျှင် ...ပင် ဖြေမည်" ပြောပြီး ဖြေပုံကား...

"စောင်းဆရာ ယားနာနှင့်...ပါဒယက် ၂၁ရွက်၊ ပလူနှင့် ဖား အ...ရှစ်မျိုး မိုးဟောအမှန် မှတ်ပါ...သိပ္ပံကို တိရစ္ဆာန်က တတ်ကြ...ဆုံးဖြတ်ချက်ရေး" ဟု ဖြေလို...



www.burmeseclassic.com

www.burmeseclassic.com

ဘာကိုမှ မပြောတော့ဘဲ အင်္ဂလန်ပြန်၍ ဘုရင်ခံတစ်ယောက် နောက်ထပ်လွှတ်လိုက်သည်ဟူ၏။

ဤကဲ့သို့ တခ်ဏာပွလက်တန်းညာဏ်မျိုးအထက်ပါ ထိုရုပ်သေးမင်းသားကြီးများ၏ စကားတို့ကို စက်ယန္တရားအတိုင်း တစ်ဖက်ကမ်းခပ်သွားအောင်သင်ခဲ့၍ ယခု အောင်မောင်းကြီး ကပြနေသော ပန်းပဲမောင်တင့်တယ် ဇာတ်သည် ယခုစာဆို အသက်(၂၀) ကျော်အလေးက ရေးသည့်ဇာတ် ဖြစ်သည့်အပြင် နောက်တွင် ပြသောဇာတ်တို့မှာ ဒုပါယကီ၊ ကုလတပဏ္ဏိတ၊ မယ်သာရီ၊ အနိတ္တိဂန္ဓ၊ မဟာပဒုမ၊ ယောရုဝ၊ ဥပလဝန္န၊ မေခါဝီ စသည်ဖြင့် ဇာတ်ထုပ်ပေါင်း (၁၀၀)ကျော် ရေးသားနိုင်ခဲ့ပါသည်။

၎င်းအပြင် အထက်က ဆိုခဲ့သော အသံပျက်ပြီး နောက်ထပ်၍ပေါ်လာသောအသံမှာ မင်းသားအသံနှီးပေါ်လာပြန်သဖြင့် ရုပ်သေးမင်းသားနှစ်နှစ်ကပြီးနောက် ဇာတ်မင်းသားနှင့်တော်သည်ဆို၍ နိုင်ငံတော် လူပြက်ကောင်း ဦးငွေနှင့် ကျွန်တော့်ဆရာရင်းဦးစစ်တွေတို့သည် အောက်သက်ကျေသောအစုအသား လွန်တရာ သနားသဖြင့် ဇာတ်မင်းသားအဖြစ်သွန်သင်၍ မောင်စာရုံဘဝက မောင်စံခို ဟူသောအမည်တွင်ခဲ့သည်မှာ မမေ့နိုင်သောကျေးဇူးရှင်တို့၏ ဂုဏ်ထူးပင်တည်း။

၎င်းနောက် အင်္ဂလိပ် ဂျပန်ပထမကမ္ဘာစစ် မဖြစ်မီ ၆ နှစ်ခန့်ကြာလိမ့်မည်ဟု ထင်ရလောက်သော အချိန်တွင် ကျွန်ုပ်အသက်ကား ၂၅ နှစ်လောက် ရှိလာပြီဖြစ်၍ သွားလေသူစိတ်သဘောကောင်း ပညာကောင်းဖယောင်းကဲ့သို့ နူးညံ့ပျော့ပျောင်းအက အဆိုမှုမှာ သူမတူကောင်းခဲ့သောအချစ်ဟောင်း ဦးစိန်ကတုံးနှင့် ဂိုဏ်းတူလူချင်းဖြစ်ပေရာ ဟန်အကမှာ သူကပေး၊ သီချင်းရေး၍ ကျေးဇူးဆပ်၊ ပညာချင်းဖလှယ်ပြီး ရင်းနှီးစွာ ကျောချင်းကပ်လျက် မြင့်မြတ်သော စိတ်ထားနှင့် သူမင်းသားကြီး ကျုပ်မင်းသား၊ ကျုပ်မင်းသားကြီး သူမင်းသား ဂုဏ်ပုဒ်ကို ပဏာမထားကြဘဲ ရိုးသားတဲ့ လူချင်းပေါင်းသင်းခဲ့ရသည်မှာ နှမ်းလုံးမျှအပြစ်မရှိသောသူပါတည်း။

အထူးသိစေရန်မှာ ၁၂၄၇ ခုနှစ်သီပေါမင်းနှင့် မိဖုရား အရှင်နှစ်ပါးပါတော်မူပြီးနောက် မျိုးချစ်မြန်မာတွေနေမထိ ထိုင်မထိ ခေတ်အလိုမချောင်တော့ မြင့်မိုရ်တောင်ဖိသကဲ့သို့ မချိတရိဖြစ်ကြ၍ ၁၅ နှစ်လောက်ရှိကြသည်ကိုပင် ခေါင်းဖြူစွယ်ကျိုး မြန်မာမျိုးတို့ကားတခြားအရေးနှင့် ခါးသွေးလျက် နေသည်ကိုပင် ခါးပြတ်သည့်အကြောင်းပြု၍ ယခုနှယ်အချိန်များ အရေးတော်ပုံပေါ်လျှင် တစ်နေ့လူ (၅၀)ယောက်ကျအောင် ခုတ်နိုင်သေးသည်ဟု ပြောဆိုရေရွတ်သည်ကို တစ်ယောက်တွင်မဟုတ်ဘဲ နေ့တိုင်းလိုလို ကြားရ၍ကျွန်ုပ်နားတွင် သင်တန်းပေးသောစကားဟု အသက် (၃၀)မပြည့်ခင်မှာပါးစပ်ဖျား၌ တဖွားဖွားပေါ်ပေါက်နေသောကြောင့် မင်းသားက မင်းသားလတ် မင်းသားလတ်က မင်းသားကြီးဆရာဦးစစ်တွေနည်း ခေါင်းဆောင်းဖြူအားလုံးကုန်ယူပြီးနောက် ပြည်သူတွေကျွန်ဘဝက ထွက်ရအောင် ရဲမင်ရာဇဝင် နိုင်ငံရေးစိတ်ပါပါနှင့် မိစ္ဆာကို နှင်ခဲ့သည်၊ ကျွန်ုပ်ပင် အလျင်ကျဆုံး ဖြစ်ပါလိမ့်မည်။

အကြောင်းကား ဒယ်လီကိတ်ပုံ၊ ဖေ၊ ရှိန် တို့ ဤအချိန်တွင် စခန်းသွားသံမကြားရသေးပါ။ သူပုန်အရာခံသောသူပုန်ဆရာစံတို့လည်း အကြံယူတုန်းရှိကြပေလိမ့်ဦးမယ်။

အထူးသိသာရန်မှာ နိုင်ငံရေးတွေ ကောင်းလာချိန်တွင် ဦး ထွန်းရှိန်ကိစ္စအတွက် ရှိသမျှ အဖြစ် အပျက်တို့ကို သဘင်ဘက်က ကုမ္ပာရီယိမ်းနှင့် ချီးကျူး ဂုဏ်ပြုခဲ့သည့်အပြင် ဇာတ်သမားက နိုင်ငံရေးတရား ဟောသည်ကြား၍ ဂျွန်ဆရာစံတို့ အားရဝမ်းသာစလှင်းမြို့ဇာတ်ရုံထဲ ဝင်လာပြီးလျှင်အခါခါ လက်မှတ်တောင်း၍ ဂျွန်မှတ်တမ်းစာအုပ်တွင် ကျွန်ုပ်လက်မှတ်ထိုးထိုင်ခဲ့ပါသည်။

သို့သော် ကျွန်ုပ်နိုင်ငံရေးတရားဟောသည်မှာ ဇာတ်သဘင်နှင့် ဘာမျှမဆိုင်ပါ။ ဝါသနာဘာဂီဆက်တိုင်းမိသည်က တစ်ကြောင်း၊ မျိုးချစ်စိတ်ရှိသည်တို့က တစ်ကြောင်း၊ စိတ်ကောင်းနှင့် ဟောခဲ့ပြောခဲ့သည်။

လာဘ်လာဘ တင်၍ မဟုတ်ပါ။ ပြည်သူများ အတုယူဖို့ ချည်ပုဆိုးဖျင်အကျီနှင့် ဝါးခမောက် ခုံဖိနပ် အဲဒါမြတ်သည်ဟု အရပ်ကို ဝါဒဖြန့်ခဲ့သည်မှာ ယခုအသက် (၇၇) နှစ်တွင် နိုင်ငံရေးလုပ်သက်ပေါင်း (၄၀)နှစ်ထက်မနည်းပါ။ လွတ်လပ်ရေး ရ၍ ကိစ္စအဝဝပြီးမှ လက်လွှတ်လိုက်ပါတော့သည်။

ဤသည်မှာ အလက်ာကျော်စွာ ဆရာကြီးဦးစံခို ကိုယ်တိုင် ဆရာကြီးဦးဂုဏ်ဘဏ် တောင်းပန်သောကြောင့် ရေးသားခဲ့သည့် ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်ပါသည်။ ဤအတ္ထုပ္ပတ္တိ၌ ဆရာကြီး၏ အိမ်ထောင်ရေး သားသမီးရေး မပါရှိပေ။ ဆရာကြီးဦးစံခိုသည် ဇာတ်ပွဲတိုင်း၌ မြန်မာလူမျိုးတို့၏ နိုင်ငံရေးစိတ်ဓာတ်ကို နိုးကြားစေမည့် . . .

"လောကကြီးက ဆန်းကြယ်ပုံ့အလုံးစုံတင်ကာ ပြပြီးလျှင် သင်္ခါရစံနမူဖော်လိုက်တော့ ရန်သူတော် ဘိုအင်္ဂလိပ်တို့သည် နဂိုအတွင်း စိတ်မကောင်းပုံ အကြောင်းစုံအကဲ တံဆိပ်ခတ်ရအောင် ပွဲပရိသတ်များ . . .

ယခုပြောပြရဦးမယ် ဥရောပကပညာသာတယ်ထင်ပြီး အင်ပါယာရွှေပြည်လှည့်လို့မို့ ဧကရီဘွဲ့နှင့်ချည်း ပါဝါလုပ်နေလိုက်တာ နာနာရုပ်ဆိုတဲ့ (မျက်လှည့်ညာဏ်ကလေးရှိတယ်)၊ နိက္ခိတံကျွန် အမျိုးရယ်လို့ အခွန်တိုးလို့ မတရားယူ အများလူသတ္တဝါ သုံးဖို့ကမ္ဘာအလုံးက စစ်သဘော်နဲ့ ပေးခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးနှင့် ပိုင်းမှာကြောင့် လိုင်စင်ခံကြရတယ် မဟုတ်လား၊ ပိုင်ပင်ပြန်လို့ ဝါးတစ်လုံးခုတ်တာတောင် မတရားသုံးလုပ်တတ်၍ မျှောစာယူ တောရှာလူတွေ တန်ခိုးပြသွားလိုက်တာ မိုးကျလို့ အချိန်တုံးရော (အိမ်တစ်လုံးမှ အလကား မဆောက်ကြရဘူး)၊ အစားအသောက်ဆိုတဲ့ ထမင်းမချိန်ပါသော ကြောင့် သင်းတို့အင်္ဂလိပ်ဆိုပြီး ကမ္ဘာက သမုတ်ပါတယ်၊ ကြည့်လေ အာရှတိုက်က ဗမာတွေသုံးဖို့လို့ ဇလာရေ အလုံးအတင်းမျှောပြီး သင်္ဘောနှင့် ဂျပန်ကို တင်လာတာ ရန်ကုန်ဝင်ရုံ ရှိသေး အကောက်တောင်းသလောက်မကောင်းတဲ့ အစိုးရ. . .

ဘိုးဘကစပြီး ညွှန်ကြီးသည်းလိုက်တာ ကျုပ်တို့ပြည်ကြီးအတွင်း ကမ္ဘာအဆိုးဆုံးဘဲ ဗမာတစ်မျိုးလုံး ညှဉ်းဆဲသွားကြ၍၊ သင်းရဲ့သားတွေ တင်ိုငို တရယ်ရယ်နဲ့ ကိုလိုနီကဲ့သို့ နှစ်လုံးထဲထားတာကို၊ အသုံးများအောင် ငွေ စစ်မပေးပါဘူး။

အဲဒါလောက် အခြေအမြစ်သေးတဲ့ မျက်နှာဖြူဖြစ်ပါသောကြောင့် စက္ကူဘဏ်ငွေလုပ်၊ ဒါန်ရေသုတ်တွေ အမှတ်တစ်ခုထားပြီး၊ သတ္တုပြား ဗမာ ပြည်သုံးကမ္ဘာအလည်လည်မှုန်းအောင် အမြတ်တော်ကြေးတဲ့ အာဝါဒေးနှင့် အင်းလေလေ၊ သည်နိုင်ငံ ဘိန်း၊ အရက် ရောင်းကိန်းတစ်ချက်မှမကောင်းပါဘူး၊ အစာမငတ်မချင်း ဆိုပါတော့။

တာပတ်ကွင်းဆိုပြီး မြင်းပွဲဆင်၊ ဆင်း ရဲတာမြင်ချင်လို့ အချစ်မိတ်ဖျက်၊ စစ် စရိတ်အတွက် သိန်းထီဖွင့်၊ အဲဒီလို တစိမ်းပီပီ ကျင့်ပါသောကြောင့် ပြည်အတွင်းရှိုင်းလိုက်တာများ သင်းတို့တွေရဲ့ အသေသချိုင်း ရတနာအစစ်တွေ ပါသွားပါ ပကောဟရို ဟူသည့် လက်ာကြီးကို ဟန်နှင့်ပန်နှင့် အာသံ လျှာသံ တျာသံ လေယူေလသိမ်းမှန်စွာနှင့် ဆိုပြတတ်လေသည်။

ဦးစံခိ၏ ရွတ်ဆိုချက်များကို နားကြားကြည့်ရှုခဲ့ကြရသော ပရိသတ်ကြီးသည် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့စနစ်၏ မကောင်းဆိုးဝါး ပုံရိပ်တို့ကို ပီပြင်ပြတ်သားစွာ သိရှိနားခဲ့ကြရပြီး အမျိုးသားရေး စိတ်များ နိုးကြားလာမှုတို့နှင့်အတူ မြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို တျှော်ငေးမိကြလေ၏။

ဆရာကြီးသည် ပါတော်မူ လက်ာကြီးကိုလည်း ဇာတ်ခုံစင်မြင့်ပေါ် ရောက်တိုင်း ရွတ်ဆိုပြခဲ့၏။

"ကမ္ဘာနိယံ၊ လောကဓံ၊ သတ္တံ စတု၊ ထောင့်နှစ်ရာမွန် လေးဆယ်လွန်တဲ့၊ ခုနစ်ခုဝယ် လူးလွန့်တွေ ဌာနီ စိုးချင်တော့ သာကီမျိုးမဟာအမြစ်ဖြတ်မည်ဟု ဗမာစစ်တပ်နှင့် စလေဒင်တို့သည် မြေပြင်မှာ အားကိုးမာန်ကိုးဆိုပြီး ဓားကျိုးလှံကျိုး သူတိုက်တဲ့စစ်မပါပါဘူးဗျာ၊ လူမိုက်အဖြစ်နဲ့ ကလိန်ဉာဏ်ဆင်ပြီး အချိန်တန်လျှင် တောင်စမုတ်ဆောင်ကဖမ်းလို့၍ ညောင်အုပ် ညောင်ရမ်းလို့ အမည်ပြောပြီး သီပေါမင်းနဲ့ မင်းနှစ်ပါး လဲမယ်လို့လာသတဲ့၊

"မင်းနှစ်ပါး လဲမယ်ဆိုတဲ့စကား သတင်းကြားကတည်းက အသေအချာ ပလီကြောင်းသိရင်ပဲ ရောဝတီနှစ်ဖက် ကမ်းပါးက စက်ယန္တရား ဗုံးအမြောက် ဆန် မှန်ကြစေနဲ့ဆိုပြီး သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ သွေးသောက်ရဲ ကြက်တောင်ဗိုလ်တို့ပါ၊ အထက်ယ ခေါင်းကလို့ ထုံးနည်းနမူ မပျက်ကြစေနဲ့ဟု ဘုန်းကြီးလူထွက် မထေရ်ညွှတ္တမက မြေကတုတ်တွေချချပြီး ကြံကာစီထားလိုက်တာ၊ မြန်မာပြည် တစ်ဆူဘုရင်က ထားလို့သာပေါ့။

သို့မဟုတ်ရင်လား လူအင်အားနဲ့ကို ကျုပ်တို့ အင်္ဂလန်ကို ကြမ်းနိုင်ပါတယ်၊ အင်္ဂလန်ကို ကြမ်းနိုင်မှာပေါ့၊ ဘုရင်ခံကို ဖမ်းဖို့ဆိုတာ မျောက်ထက် လွယ်နေတာကိုးဘာကြောင့်လဲဆိုတော့ အောက်အထက်နယ် အယုတ် ဇာတ်တို့

မတရားလုပ်လို့ပဲ၊ မသတ်နိုင်သေးပါ ဘုရားနှုတ်ကမွတ်တော် ဂါထာ ... အရှိသားပဲ "ဥ ရာဇပိယံ မံဘဝ သ... ကင်းစင်မည်စ်၊ မင်းလျှင် ဖြစ်လို့ ... မရှိတဲ့ နှစ်ခါတွတ်တွတ်သည့် ဂါထာ... ညီညီညာညာများ ရွတ်လို့ရှိတာ... အကုန်လုံး လွတ်ကြတာပဲ"

"အဲဒီလို လွတ်တာကြောင့် ... တရွတ်လေ့တစ်ဆင့်ယူပြီး စ... စဥ့်ကူ(စကု)ဆိုတာ သတင်းအ... နေစရာမလိုပါဘူး၊ မင်းဘူးနဲ့ မ... ရင်ဘတ်ချင်းဟပ်နေအောင် ဆင်... မြင်းတပ်တွေနဲ့ ရဲလောင်းသွယ်... လိုက်တာ လေ့ငယ်တက်စင်း၊ ဆိ... ကုတို့ မည်သူမျှ မပို့ရဆိုပြီး အမြဲ... ဝက်ခေါင်းထိုးထားကြတာပါပဲ။

အထက် ညောင်ရိုးက အ... ပန်းကြပါ၍ မူး မုန်း မန်း အ... ရွှေဘိုသာမက အောက်အရပ် သ... ပြည်ဆိုရင် ခရင်းဓားနဲ့ ပြောင်ဆ... ပျဉ်းမနားနဲ့ တောင်ငူ စာတည်စ်... လိုက်ကြပါတော့၊ အဲဒီတုန်းက ... စစ်တပ်ကြီးဟာ လူတစ်သန်း ... တယ်"

"လူတစ်သန်းကျော်တဲ့အ... ဘယ်သူစွမ်းသလဲလို့ မေးကြည့်... ရင်သိတဲ့ မင်းလက်ဝါး၊ ဗိုလ်... ဗိုလ်မင်းနောင်၊ ဗိုလ်မင်းရောင်၊ ဗို... ရောင်၊ ဗိုလ်မင၊ ဗိုလ်ရောင်... ကျော်ခဲ၊ ဗိုလ်ရွှဲနဲ့ ဗိုလ်သံဗိုဒ်... ရန်နိုင်၊ ဗိုလ်ဖိုးတုတ်တိုပေါ့၊ အဲဒီ... များ၊ ဗိုလ်ချုပ်တွေဟာ မှီအုံးပေ... နှုတ်ခမ်းမွေး တပြပြနဲ့၊ မန္တလေး... ဘုရင်ထက် မာနသိပ်ရှိနေကြတာ...

မာနသိပ်ရှိမှာပေါ့၊ ကာ... ဆိုတာ ဆိုးချင်လို့လုပ်ကြတာ ... ဘူး၊ ထိုးမဝင်၊ ခုတ်မရှိ၊ အ... ပစ်လိုက်ဦးမလား၊ ကျော... လောက်မှ ကြက်ဖြာမစွမ်းပါဘူး ... လမ်းပြောရ မှာဖြင့် ထုံးမန်းနဲ့ကို ... ရန် မကြောက်ခဲ့ပါဘူးဗျ"





www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် မားလုံကောက်ပြီး ...နေ့အိမ်ကိုသွား၊ အမေ့ထဘီနား နား...ချောင်းပန် ဒေါင်းအလံနှင့် မိဘကန်...တော့၊ ဝီရိယမလျှော့ဘဲ စစ်တန်းထွက်...ပြီး မြစ်ကမ်းနှစ်ဖက်အကုန်ဆင်းရတာ...ပါ၊ ဘာကြောင့်လဲဆို ယမုန်အတွင်းက...နေ့လာပြီကိုး။

ပန်ချာပီ ပေါ်လာရင် သတ်မယ်...လို့ ဒီတုန်းက ဂေါ်ယာတပ်ကို စောင့်ကြ...တာ၊ သဘော်ာမျှော်လို့ အတော်လေး...ကြာတော့ ဟိုမြင်ကွန်းမြို့က ဗိုလ်တင်...ထွန်းတို့ အရေးစိုက်ပြီး ပေးလိုက်တဲ့...အချိန်က မလွန်မှာ နှစ်ည အိပ်ပါပြီတဲ့၊ ...သိပိတ်ထဲ ဟိုကုလားတွေ ကျပ်နေ...ကြောင်း ဗိုလ်ကျားတပ်ကသတင်းရထား...သွားတာပေါ့။

သတင်းရတော့မှ မင်းလှနဲ့ ငွေး...ချောင်းခံတပ်ကနေပြီး အတင်းထလို့...လေးသောင်း လောက်နဲ့လိုက်တာ သွေး...ချောင်းကိုလျှံသွားတာပါပဲ၊ သွေးချောင်း...လျှံတယ်ဆိုတာ သည်အခါ ခရီးတာ...ဆလိုက်ကြတော့ သီလဝါမီးပြဆိုတာ...င်းအများ နော်သိကြပါလိမ့်၊ အဲဒီ...တုန်းက ဘင်္ဂလားအော်အထိ ပင်လယ်...တုန် သွားတာပါပဲ"

"ပင်လယ်တုန်သော်လဲ ဘုရင်...အနွယ်ယုံတဲ့ ဦးကောင်း အမတ်က...ဘီလပ်မှာ ငါမြင်ခဲ့ရသတဲ့၊ သူတို့နှင့်...ဆက်နက်ချင်းမတူဘူးဆိုပြီး ရက်စက်မှု...ဘာအသေများလိမ့်မည်ဟု သတ္တဝါ...တွေ သနားပါသောကြောင့် ရဲအလံ...စိုက်စေနဲ့တဲ့။

တစ်ပွဲပြန်တိုက်တယ်လို့ သတင်း...ကြားလျှင်ဖြင့် မင်းတရားက သူပုန်လို့...ဆိုပြီး အလုံးစုံပြန်တမ်းထုတ် လိုက်ကြ...တော့တာပါပဲ၊ အဲဒီလို ပြန်တမ်းထုတ်...လိုက်တဲ့ မှန်နန်းစမုတ်က မဟာဇဝီ...နတ်ကြီးသည် စာပိဋကတ်တော့ သုံးခါ...ပြန်နိုင်ပါရဲ့တဲ့။

ဘုန်းသမ္ဘာ ကံလျှော့ချိန်က...ကောင်းတော့ ဂေါဝိန်အဆင်း ဘဝ...နောင် မကောင်းပါဘူးဗျာ၊ ဒီတုန်းက သူလျှိုတဲ့ မြတောင်ကျောင်းကြီးကလဲ ကမ္ဘာကျော်ကြားတုန်းကိုး"

"ဆရာတော်ဘုရားအား ပန်းစနုပြဿဒ်မှ သကာခေါ်တဲ့ ပျားဆွမ်း မဝှကပ်နေတုန်းပေါ့၊ လမ်းခုလတ်ကနေပြီး၊ မကြင်နာတဲ့ ကုလားကြောင့်သံဃာတစ်ပါးနဲ့အရှက်ပြေလျှောက်ရပါတော့မယ်ဘုရားတဲ့။

ဘုရင်မဟာ တစ်ပါး တက်တွေ ခေါက်ပြီး မျက်ရည် ပေါက်ပေါက် ပေါက်ပေါက်နဲ့ အမျှမှ မဝေချင်ေသာက် အောင် ဘဝမသေခင် ကိုယ့်ကြမ္မာလို့ တွေးပြီး ငိုသံပါလေးနဲ့ ရေစက်ချလိုက်ရရှာတော့တာပါပဲ"

"ရေစက်ချရပေမဲ့ ရွှေကြက်ကျနဲ့ သေလက္ခရဆိုတဲ့ ကုသိုလ်တော်ကောင်းမှုတော်နဲ့ မန္တာမဏိ၊ မဟာမြတ်မုနိနဲ့ အိမ်တော်ရာ၊ ပြာဋိဟာရေမီးပွင့်၊ ရွှေကြီးမြင့်နဲ့ သကျသီဟ၊ အထက်ပါ အမည်ရတဲ့ ဘုရားသခင်တွေကို တစ်ပါး ဘုရင်လက်စုံ မဖူးရဘဲ ပင်လယ်ကူးယဉ် စကြာနဲ့ ဘဝင်မသက်သာစွာ ကုလား ရေဝေတစ်ကျွန်းသို့ ဘုရင်မျက်နှာကြီး မြန်မာပြည်ကယွန်းလိုက်တော့၊ အို လနေဝန်း၊ တောင်တန်းကြီးများ ကွယ် လိုက်သလို ဆောင်ခန်းလယ် ကြာခြည် တိုက်ပြန်တော့ တောင်နန်းနွယ်တို့လဲ မြန်မာပြည်မှာ မရှိတော့ပါကလားတဲ့ ဗျာရို့။

"ဘယ် မြန်မာပြည်မှာ ရှိတော့မလဲ ရတနာဂီရိမှာ အကျယ်ချုပ်ထားပါတယ်ဆို၊ ဒီတော့ ကုလားက တယ်ဟုတ်တဲ့ ကုလားပါလားလို့ တစ်သက်တစ်ခါမကျေနိုင်ပါ၍ အထက်မြန်မာပြည်(ပြေ) စဉ်းစားတိုင်း ရှက်ပြီး မင်းနှစ်ပါးအတွက် ဘုန်းဘုရား ဘုန်းဘုရား တ၍ဖို၊ ကျုံးတံခါးအဝ ငိုပွဲဆင်လိုက်ကြရတော့တာပဲ။ သို့သော် အဲဒီတုန်းက ငိုပွဲခံသော်လဲကျပ်တို့တစ်တွေ အကြောင်းရှိက ညီညာစွာနဲ့ ကမ္ဘာရန်ဖြိုကြဖို့ တိုက်တွန်းရင်း ကျုပ် ဇစ်ခို ဆိုင်းဦးမယ်"

ဤသည်ကို ဆရာကြီးဦးဂုဏ်ဘမ်က . . .

"ပြုံးချည်တစ်လှည့် မဲ့ချည်တစ်ဖုံ မျက်နှာထားဟန်မူရာဖြင့် လက်ာရွတ်နေသော ထိုဇာတ်ကောင်ကို တအံ့တသြ ကြည့်ရှုနားထောင်နေကြ၏" ဟု ရေးသားခဲ့လေသည်။

ထို့နောက် ထိုလက်ာကြောင့် မြန်မာပြည်သူတို့၏ စိတ်ကို နိုးကြားစေခြင်း၊ သီပေါမင်းနှင့် မိဖုရားတို့ ကုလားဖြူ အင်္ဂလိပ်တို့၏ မတရားအနိုင်ကျင့်ခံရ၍ ပါတော်မူခဲ့ကြရပုံကို လွမ်းဆွတ်သတိရစေခြင်း၊ နယ်ချဲ့စနစ်အား ရွံ့မုန်းခြင်း၊ နာကြည်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတို့ ဖြစ်ကြရကြောင်းကိုလည်း ရေးသားခဲ့ပေသည်။

ဆရာကြီး၏ ဇာတ်မာန်ကဗျာလက်ာများမှာ အမြောက်အမြားပင်ရှိခဲ့ပါသည်။

စင်စစ်ဆရာကြီးသည် ကိုယ်ရေးအတ္ထုပ္ပတ္တိ၌ ရေးခဲ့သလိုပင် "ကျွန်ုပ်နိုင်ငံရေးတရားဟောသည်မှာ ဝါသနာဘာဂီဆက်တိုင်းမိသည်က တစ်ကြောင်း၊ မျိုးချစ်စိတ် ရှိသည်တို့ကြောင့် တစ်ကြောင်း စိတ်ဟောင်းနှင့် ဟောပြောခဲ့သည် လာဘ်လာဘတင်၍ မဟုတ်ပါ" ဟု အတိအလင်း ဆိုခဲ့သည့်အတိုင်း မျိုးချစ်ပုဂ္ဂိုလ်ကြီး တစ်ဦးသာ ဖြစ်ပါသည်။

ဆရာကြီးသည် အလင်္ကာကျော်စွာဘွဲ့ရရှိခဲ့သည့် ၁၉၅၈ ခုနှစ်တွင်ပင် ရွှေတောင်မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါ၏။

ဆရာကြီး ကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ဆရာကြီး၏ သမိုင်းမှတ်တိုင်ကား ရှင်သန်ကျန်ရှိနေသည်သာ ဖြစ်ပါသည်။

❒ နေဝန်းနီ

ရည်ညွှန်း


၁။ မြန်မာ့ဇာတ်သဘင် (ဦးဂုဏ်ဘမ်)

၂။ အလင်္ကာကျော်စွာဦးစံခို၏ ဇာတ်မာန်လက်ာများ (စိုးဝေ)






www.burmeseclassic.com

www.burmeseclassic.com

"မိန်းမကလဲကွာ ခဏခဏ ပြောနေရတာပဲ၊ ထမင်းစားခါနီး ပန်းကန်တွေကို ရေနွေးနဲ့ ပြုတ်ဆေးပါလို့ မှာထားရက်နဲ့"

"အို ရှင်ကလဲ အလုပ်ရှုပ်ရတဲ့ ကြားထဲ၊ ဆပ်ပြာနဲ့ဆေးလဲ ပြောင်ပါတယ်ရှင်"

"ဆပ်ပြာနဲ့ဆေးတာ အပေါ်ယံပဲ ပြောင်မှာပေါ့ကွ၊ ပန်းကန်မှာ ကပ်နေတဲ့ ပိုးတွေ မသေနိုင်ဘူးကွ"

ဦးစိန်မောင်သည် "ပိုး"နှင့် ပတ်သက်လို့ ခါးခါးသီးသီးရွံမုန်းသူ တစ်ယောက်ဖြစ်၏။ သူ့အသိစိတ်ထဲတွင် ကမ္ဘာပေါ်မှာရှိသမျှ "ပိုး"တွေကို ကမ္ဘာမကြေနိုင်ခဲ့ပါ။ ဖြစ်ရအောင်လည်း အကြောင်းအရင်းက သူ့မှာခိုင်လုံစွာရှိနေ၏။ သူ့အဘိုးများ လက်ထက်တုန်းက ပလိပ်ရောဂါပိုးကြောင့် တစ်ရွာလုံးနီးပါး ကြွေလွင့်ခဲ့တဲ့အထဲတွင် သူ့အဘိုးအဘွားနှစ်ယောက်လုံး ပါသွားခဲ့၏။ အခုနောက်ပိုင်း နာဂစ်မုန်တိုင်းဝင်မွှေသွားခဲ့ပြီး နောက်ပိုင်းတွင် ဧရာဝတီတိုင်းရဲ့ ရွာလေးတစ်ရွာမှာနေသော သူ့အဖေနဲ့ အမေ နာဂစ်မုန်တိုင်းအပြီးတွင် ဖြစ်ပေါ်သော ဝမ်းရောဂါပိုးကြောင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့သည်။

အိမ်ထောင်ကျပြီးနောက် ရန်ကုန်တွင် အခြေချနေထိုင်သော ဦးစိန်မောင် တစ်ယောက်သာလျှင် တစ်ခုတည်းသော မျိုးဆက်အဖြစ် ကံကောင်းစွာ ကျန်ခဲ့၏။

# ဗီဇပိုး





www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်မောင်က သူကိုယ်တိုင်သာမဟုတ်၊ သူ့ဇနီးသားသမီးများနှင့် မိတ်ဆွေအပေါင်းအသင်းများပါမကျန် ပိုးမွှားကင်းစင်အောင် သန့်သန့်ရှင်းရှင်း နေခိုင်း၏။

ပြီးခဲ့တဲ့ သီတင်းကျွတ်က သူ့သားအကြီးလင်မယားသည် အဖေ ပွဲနေရထိုင်ဝတ်ရန်ဆိုကာ အကောင်းစား ပုဆိုးလာကန်တော့သဖြင့် စိတ်ဆိုးမာန်ဆိုးဖြင့် အိမ်ပေါ်မှ အော်ဟစ်မောင်းချခဲ့၏။

သမီးငယ်လေးကို လာရောက်တောင်းရမ်းသော လူငယ်လေးကို ကျန်းမာရေး ဆေးစစ်ချက် အပြည့်အစုံပြခိုင်းသဖြင့် တစ်ဖက်မိဘများနှင့် ပြဿနာဖြစ်ရသေးသည်။ နောက်ဆုံး ဦးစိန်မောင်၏ ဇနီးက တစ်ဖက်မိဘရှင်များကို အကျိုးအကြောင်း ကောင်းမွန်စွာ ရှင်းပြမှ ပြေလည်မှု ရရှိသွားတော့၏။

ဇနီးဖြစ်သူက နေရာတကာ အစွဲအလမ်းမကြီးရန် ဖျောင်းဖျပြောဆိုသော်လည်း ဦးစိန်မောင်နှင့် ပိုးတိုက်ပွဲမှာ ပြင်းထန်မြဲ ပြင်းထန်ဆဲပင်။ ဦးစိန်မောင်က ဆံပင်ညှပ်တာတောင် ဆိုင်သို့သွားမညှပ်ဘဲ အိမ်တွင် လူခေါ်ကာ ကိုယ်ပိုင်ဓား၊ ကတ်ကြေးတို့နဲ့ ညှပ်ခိုင်းသူဖြစ်၏။

ဆိုင်သွားညှပ်ရင် လူပေါင်းစုံဖြင့် ပိုးကူးမည် စိုးရိမ်သောကြောင့် ဖြစ်၏။

အသိမိတ်ဆွေ ဘယ်သူ ဆေးရုံတက်ရ တက်ရ ဘယ်တော့မှ ဦးစိန်မောင် ဆေးရုံသို့ သတင်းသွားမမေးပါ။ အပြင်ထွက်ရင် ကားကို မှန်လုံအောင် ပိတ်သည်။ အဲယားကွန်း ဖွင့်စီး၏။ Shopping Center တို့လို လူများသော နေရာကိုသွားလျှင် နှာခေါင်းစည်း Mask ကို အမြဲတမ်းဝတ်၍သွားသည်။ ပိုက်ဆံချမ်းသာသူ ဖြစ်သောကြောင့် ပိုးမွှားကာကွယ်ရေး ကိရိယာမှန်သမျှ ဈေးဘယ်လောက်ကြီးကြီး အမြဲဝယ်ယူလေ့ရှိသည်။ သူ့အတွက် ဒီလို လုံခြုံရေးကိရိယာတန်ဆာပလာများက အပြည့်အဝ ကာကွယ်ပေးလိမ့်မည်ဟု ယုံကြည်ထား၏။

သားသမီးနှစ်ယောက်စလုံး အိမ်ထောင်ကျ၍ အိမ်ခွဲနေကြသောအခါ အိမ်တွင် လင်မယားနှစ်ယောက်နှင့် အိမ်ဝန်ထမ်းများသာ ကျန်ခဲ့တော့သည်။ တစ်နေ့တွင် မိန်းမဖြစ်သူက. . .

"ကိုစိန်မောင် သားတွေ သမီးတွေလဲ အိမ်ထောင်ကျကုန်ပြီ၊ ကလေးတွေ ငယ်ငယ်ကတည်းက ကျွန်မ ဇာတိရပ်ရွာကို မပြန်ဖြစ်တာ တော်တော်ကြာနေပြီရှင်၊ အခု ကျွန်မတို့နှစ်ယောက် အလည်သွားရအောင်နော်"

"သွားတော့ သွားချင်ပါတယ် ကွာ၊ ဒါပေမယ့် မင်းတို့ဆီက အစားအသောက်တွေက ပိုးမွှားကင်းနိုင်ပ့ါမလား"

"အို ဒါတော့ ရှင့်စိတ်တိုင်းကျ အပူချိန်ပေးပြီး မကျက်ကျက်အောင် ပိုးတွေ မသေသေအောင် ကျွန်မ ချက်ခိုင်းပ့ါမယ် စိတ်ချပါ"

မိန်းမဖြစ်သူ အာမခံသောကြောင့် ဦးစိန်မောင် မော်လမြိုင်သို့ သွားရန် သဘောတူခဲ့၏။ ဦးစိန်မောင်၏ မိန်းမက မော်လမြိုင်မြို့မှ တစ်ဆင့်သွားရသော ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်းရွာတစ်ရွာမှ ဖြစ်သည်။ လမ်းခရီးတွင် ထုံးစံအတိုင်း ဦးစိန်မောင် ပိုးမွှားရနိုင်သည်ဟု သံသယရှိသည့်နေရာမှန်သမျှကို သတိထား၍ တစ်ချိန်လုံး နှာခေါင်းစည်းကို ဝတ်ထား၏။

ရွာသို့ရောက်သည့်တိုင် ဦးစိန်မောင်သည် မိန်းမအား တဖျစ်တောက်တောက် ပြောဆိုနေတော့သည်။ ရွာမှာလည်း ဖုန်တွေ သဲတွေက လေတိုက်တိုင်း လွင့်လာသဖြင့် နှာခေါင်းစည်းကို အိမ်ပေါ်ရောက်သည့်တိုင် မချွတ်နိုင်သေးဘဲ အမြဲဝတ်ထားတော့၏။

ရေချိုးသောအခါတွင်လည်း သူ့အတွက် ရေနွေးအိုးကို ချိုးဖို့အတွက် တည်ပေးထားရ၏။ ရေကို ဒီအတိုင်းချိုးရင် ပိုးမွှားတွေ အသားမှာ ကပ်နေမှာစိုးသဖြင့် ကျိုချက်၍ ချိုးရခြင်းဖြစ်သည်။ ထမင်းစားသောအခါတွင်လည်း ထမင်းပန်းကန်မှအစ စားပွဲပေါ်ရှိ ဟင်းများကို တစ်ခုချင်း စိတ်တိုင်းကျ ကြည့်ပြီးမှ စားလေသည်။

ရွာမှ လူများကတော့ ဦးစိန်မောင်ကိုကြည့်ပြီး အထူးအဆန်းသဖွယ် အံ့အားသင့်နေကြ၏။ သို့ပေမယ့် ဦးစိန်မောင်က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့ပိုးမွှား ကာကွယ်ရေးကိုသာ အစဉ်သဖြင့် ဂရုစိုက်နေ၏။

မနက်ဝေလီဝေလင်းတွင် ရွာအတွင်း၌ သတင်းဆိုးတစ်ခုက ပျံ့နှံ့နေပါတော့သည်။ ရွာသူ ရွာသားအပေါင်းကလည်း ထိုသတင်းကြောင့် အံ့သြမှင်တက်ကာနေကြတော့သည်။ အဆိုးဆုံးကတော့ ဘယ်လိုမှ မဖြေဆည်နိုင်လောက်အောင် ကြေကွဲဝမ်းနည်းရသူက ဦးစိန်မောင် မိန်းမပင်ဖြစ်သည်။

သူ့ယောကျ်ား အကြောက်ဆုံး၊ သတိထားဆုံး ပိုးဆိုသောအရာက သူ့အသက်ကို နုတ်ယူသွားခဲ့လေပြီ။

ဦးစိန်မောင် မနေ့ညက အိုက်သည်ဆိုသဖြင့် အိမ်ရှေ့ ကွက်လပ်ထွက်ကာ လမ်းလျှောက်နေစဉ် အမှတ်မထင် အဆိပ်ပြင်းသော မြွေဟောက်ကို တက်နင်းမိသောကြောင့် မြွေပေါက်ခံရကာ မိနစ်ပိုင်း အတွင်းတွင်ပင် အသက်ပျောက်သွားခဲ့၏။

ရွာထဲ၌ ဦးစိန်မောင်၏ သတင်းများ ပျံ့လွင့်နေခဲ့သည်။

"ဖာယ် သနားပါတယ်၊ မြို့ကလာလည်တဲ့ ဦးလေးကြီး ညက ပိုးထိလို့ ဆုံးပြီတဲ့"။


❐ ဝိဇေ





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်မြင့်လုပ်တဲ့ အလုပ်က ဆံပင်ညှပ်တာဆိုတော့ ဝင်ငွေ ကောင်းတာပေါ့။ ဆံပင်တစ်ခါညှပ် ရင် ငါးရာကျပ်၊ ကလေးအင်္ကျီ ခေါင်းလျှော်ရင် ငါးရာဆယ်ကျပ်၊ ဆေးဆိုး ဆံပင် ညှပ်ဆိုရင် တစ်ထောင့်နှစ်ရာ ဆိုတော့ လုပ်ခကောင်းပါတယ်။

တစ်နေ့ကို လူကြီး ငါးခေါင်း၊ ကလေး [illegible]ခေါင်း၊ ဆေးဆိုး သုံးခေါင်းဆိုရင် ဆုံးတော့၊ မောင်မောင်မြင့် ဝင်ငွေက တစ်နေ့ကို တစ်သောင်းနီးပါး။ [illegible] သွက်သွက် မျက်နှာချို အပြော ကောင်း၊ လုပ်တဲ့ အလုပ်နဲ့ အံ့ကိုက်။

မောင်မောင်မြင့်က လူပျိုတော့ မဟုတ်ဘူး။ ကလေးနှစ်ယောက် အဖေ။ [illegible]က ညွန့်ညွန့်၊ အသားဖြူဖြူ မပိန် မဝ ကြည့်ပျော်ရှုပျော် ရုပ်ရည်မျိုး ရှိုးရှိုး [illegible]အေး။

မောင်မောင်မြင့်၏ အလုပ်[illegible] [illegible]တဲမှာ မိုးချုပ် မိုးလင်း အိမ်မှုကိစ္စ [illegible]နှင့် သားနှစ်ယောက်အလုပ်တို့ [illegible] တစ်ဖက်က အိမ်ဈေးဆိုင်လိုမျိုး [illegible]လိပ်၊ ကွမ်းယာ၊ ယိုထုပ်အစုံကို [illegible]ညှပ်ဆိုင်ရဲ့ အရှေ့မှာ ခင်းပြီး [illegible]သေးတယ်။

အဲဒါကို မောင်မောင်မြင့်တို့ [illegible]ကောင်းတယ်လို့ ဘေးလူတွေက [illegible]ပြီး အားကျကြသည်။

"မောင်မောင်မြင့်က ဆေး [illegible]ဝါးကောင်းကို ဘယ်ကရတာလဲ"

"ညအိပ်ရာဝင် ဖီးကြမ်း ငှက် [illegible]သီး၊ မနက်အိပ်ရာထ ငှက်ပျောသီး [illegible]ကြမ်းက ပုံမှန်၊ ပန်းကန်ပြားလေးနဲ့ [illegible]ပြီးသား"

"အဲဒါ ညွန့်ညွန့် တော်လို့ပေါ့ဗျ ငှက်ပျောသီး ဖီးကြမ်းက အဆွတ်မှာ ကပ်တဲ့ အညစ်အကြေးကို သန့်စေတယ် ဟို ပြီးတော့ ယောကျ်ားအား"

"အေးဗျ ဒါကြောင့်လဲ မောင် မောင်မြင့်က သွက်နေတာကို"

ပယ်ဝန်းကျင်က အဲဒီလောက် [illegible] အားကျ ခံတွင်းတွေ့ကြရသည့် မောင်မောင်မြင့်နှင့် ညွန့်ညွန့်မှပင် ဖြစ် သည်၊ ဒါပေမယ့် ညွန့်ညွန့်၏ အိမ်တွင်း ကျိတ် မျက်ရည်ချောင်းစီးမှုကိုဖြင့် မသိ သူ များသည်။ ဖြူသန့်ကြည်ရွှင် သွက် လက်ဖော်ရွေသူ ညွန့်ညွန့်တစ်ယောက် ဒီသံမထွက်ဘဲ ရှိုက်နေရသည့် အိမ်တွင်း ရေးက သည်လိုဖြစ်ခဲ့သည်။

သား အကြီးကောင်လေးပင် ယခု ခြောက်တန်းပညာသင်၍ ကျောင်း တက်နေပြီး အငယ်ကောင်လေးက သုံး တန်း[illegible]သား ဖြစ်လာပြီဖြစ်သည်။

သို[illegible]ယောက် မောင် မောင်မြင့်နှင့် ညွန့်ညွန့်တို့၏ အိမ် ထောင်ရေးက ကြိမ်မီးအုံး ဖွဲမီးလို တငွေ့ငွေ့ ပဋိပက္ခမီးခိုးအူနေသည်။

ကလေး နှစ်ယောက်[illegible] အဖေနှင့် အမေသို့[illegible] [illegible] [illegible]သံလုနှက်မှုက စီး[illegible] [illegible] [illegible]အသိုင်း[illegible] [illegible]ရေးဟု အရွယ်[illegible] ရော လိုက်မမီသေးသည့် ဦးနှောက် အသိကြောင့်ပါ အဖြေကို မသိကြပါ။

အမှန်ဖြစ်စဉ်က အငယ်ကောင် လေး မွေးပြီးသည့်အချိန်ထိ ညွန့်ညွန့် က ခပ်ပိန်ပိန်၊ ဖြူဖပ်ဖြူရော်နှင့် စိုစို ပြိုးပြိုး ဝင့်ဝင့်ထည်ထည်မရှိ။ တစ်သား မွေး တစ်သွေးလှ ဆိုသည့် စကားက ညွန့်ညွန့်နှင့် မသက်ဆိုင်[illegible]ပင်။

သားငယ်ကလေး မွေးပြီး [illegible] မကြာခင်မှာပဲ ညွန့်ညွန့်တစ်ယောက် မျက်စိလည်လာသော စိုပြည်မှုတို့က တင်းတင်းရင်းရင်း အဖော်အပေါင်းနှင့် ရောက်ရှိလာခဲ့သည်။ ညွန့်ညွန့်တစ် ယောက် ယခင်ကလို ပိန်ကပ်ကပ် ဖြူဖပ်ဖြူရော်မဟုတ်တော့ဘဲ ဖြူဖွေး စိုပြည် တင်းရင်း၍ အပျိုငါးမြမ်းပြားတို့ သက်သာသော ကလေးနှစ်ယောက်နှင့် အိမ်ထောင်ရှင် ဖြစ်လာသည်။

ဆံပင်ညှပ်သော မောင်မောင် မြင့်၏ မိန်းမ၊ ကလေးနှစ်ယောက် အမေ ဟု မသိသူတို့က ညွန့်ညွန့်ကို စိတ်ဝင် စားကြသည်။ ယောကျ်ားတချို့၏ အကြည့်မျက်လုံးက သည်လို ပြည့်[illegible] တင်းတင်း အလှမျိုးကို ကြည့်[illegible] [illegible]တွေး မိုချကြသည်၊

"ဟာ လှတယ်ကွာ [illegible] စုံတယ် နော်"

"ကိုဖိုးလုံး၊ အိမ်ကမိန်းမနဲ့[illegible] [illegible]လား"

"ဆယ်ခါ အခါ[illegible] [illegible] လာထားပဲ ဗျို့"

"ဟ ကိုဖိုးလုံး ဘာ[illegible] အခါနှစ်ကယ်လဲပြီး [illegible] တာလဲ၊ ကိုအောင်မြင်က မြှောက်[illegible] နေတယ်နဲ့တူတယ်"

"ဟာ မဟုတ်ပါဘူး ကိုဝင်းမျိုး ရယ်၊ ကိုဖိုးလုံးက [illegible] [illegible]ပေါင်းနဲ့ ဟိုဗျာ အဲဒါနဲ့ [illegible] [illegible]နေတာ"

[illegible]က ညွန့်ညွန့်ကို [illegible]ပြီးပြောလိုက်၍ ကိုဝင်းမျိုးက

"[illegible]လား ကို[illegible] [illegible] ပန်းကန်နှုတ်ခမ်းပုံနဲ့ [illegible] အကောင်းကို ဘယ်[illegible] [illegible]ကောင်းလဲ သိလား ကိုဖိုးလုံး"

"တယ်စာတဲ့ [illegible]ပါလား၊ အဲ တယ်ဆိုတဲ့ စာပါလား [illegible]ပါဗျ ရှင်း ပါဦး"

ကိုဝင်းမျိုးက မော[illegible]မောင်မြင့်၏ အကြောင်းကို အူမနေး[illegible] သိသလို ယခု ဖြစ်ပျက်နေမှုကိုလည်း သိထား သည်။

"အင်း ယောက်[illegible]ချင်းပေမယ့် ကွယ်ရာပြောရင် အကောင်းပဲ ဒါပေမယ့် ကျွန်တော်က ဖြည်းဖြည်းပဲ [illegible] မယ်၊ ကျွန်တော်တို့ ကိုအောင်တို့သိတာ

www.burmeseclassic.com

အကြောင်းရှိရင် ဝင်ထိန်းလို့ ရတယ် ကိုဖိုးလုံးလဲ သိရတာပေါ့၊ ဒီလိုဗျာ ပန်းဝါလမ်းထဲက ဦးထွန်းထွန်းရဲ့ သမီးနဲ့ မောင်မောင်မြင့်နဲ့က အခြေအနေလွန်လို့ ယူရမယ်တောင် ဖြစ်နေတယ်"

"ဟင်"

"ဟ. . . ဟုတ်ရဲ့လားဗျာ"

"ဦးထွန်းထွန်းရဲ့ သမီးက ညွန့်ညွန့် ခြေဖျားတောင်မမီဘဲဗျာ၊ မောင်မောင်မြင့်က ဘာကို သဘောကျတာလဲ"

"ကိုဝင်းမျိုး ပြောလို့သာဗျာ၊ မောင်မောင်မြင့် မျက်လုံးက ဘာဖုံးနေလဲ မသိဘူး"

ကိုဝင်းမျိုး ပြောသည့် စကားကြားရတာတွေက ယုံရခက် မယုံရခက် ဖြစ်နေကြသည်။ ကိုအောင်မြင့်ကတော့ တစ်နေ့မဟုတ် တစ်နေ့ သိရမည်ဟု တွေးလိုက်မိသည်။

မကြိုင်ဆိုသည့် ကိုအောင်မြင့်၏ မိန်းမနှင့် ညွန့်ညွန့်နှင့်က ခင်ကြမင်ကြသည်။ အကြောင်းကိစ္စများလည်း တိုင်ပင်နေကျ ဖြစ်သည်။

ယခု မောင်မောင်မြင့်နှင့် ဦးထွန်းထွန်း၏ သမီးကိစ္စကို ညွန့်ညွန့်က မကြိုင်ကို ပြောမပြဘူးလား၊ ပြောမပြဘူးဆိုလျှင် ညွန့်ညွန့် တစ်ယောက် ကျိတ်ဆွေးပဲလား၊ ရှက်၍ပဲလား၊ အကြံအစည် ရှိနေလို့ပဲလားဟု ကိုအောင်မြင့်က ထပ်တွေးလိုက်သည်။

ကိုဝင်းမျိုး၊ ကိုဖိုးထူး၊ ကိုဖိုးလုံးနှင့် ကိုအောင်မြင့်တို့ စကားဝိုင်း စခဲ့သည်မှ မောင်မောင်မြင့်၏ အကြောင်းက အပြင်ကို ပေါက်ထွက်ပြီးတော့ ယောက္ခမဖြစ်သူ ဒေါ်သိန်းဆင့်ပါ သိသွားပြီး . . .

"ဟဲ့ မိညွန့် နင့်လင်ငမြင့်သတင်းက မွှေးနေတယ်၊ နင်က လင်ကောင်းကြီးကို ပြောမှာစိုးလို့ ဖုံးဖုံးဖိဖိ လုပ်နေတာပေါ့၊ အခုတော့ ပုပ်လို့ နံလာပြီ"

"ဟင် အမေကလဲ ဘာမှဖုံးမိမထားပါဘူး၊ ဘယ်သူတွေသိသိ မသိသိ ပါ၊ မျက်ရည်ကျရတာက သမီးကိုယ်တိုင်ပါ၊ ကလေးနှစ်ယောက်က ရှိနေသေးတယ်"

ညွန့်ညွန့်၏ အမေ ဒေါ်သိန်းဆင့်က ဈေးသည်ပီပီအသံကျယ်သည်။ အတွေးအဆမရှိ ပြောတတ် ဆိုတတ်သည်။ ညွန့်ညွန့်ကတော့ ကိုယ့်အဖြစ်ကို ကိုယ်သိပြီး အပြောရခက်သည်။

ဒါပေမယ့် ရင်ထဲက အစိုင်အခဲက နာကျင်လာပြီဖြစ်၍ ရသည့်နည်းနှင့် ကုသရတော့မည်ဖြစ်ပေသည်။

✿

ဆံပင်ညှပ်ဆိုင် အခန်းလေးက လူပါးနေသဖြင့် အိမ်ဆိုင်လို့ ခေါ်ခေါ် ဆိုင်ခန်းအိမ်လို့ ခေါ်ခေါ် ရသည်။ လမ်းဘေးအစပ်ကျခြင်းကြောင့် လမ်းသွားလမ်းလာတို့က ဂရုပြုမိကြသည်။

ယခုလည်း အိမ်ဆိုင်ခန်းလေးထဲမှ ဆူသံ ဆဲသံ၊ ထုရိုက်သံတို့ဖြင့် ညွန့်ညွန့်နှင့် မောင်မောင်မြင့်တို့ လင်မယားရန်ဖြစ်နေကြသည်။ လင်နှင့်မယားကို လျှာနှင့်သွားဟု ဥပမာပေးထားကြသည်။

လင်မယားဆိုတာ စိတ်ဆိုးရ၏။ စိတ်ကောက်ရ၏။ ပြီးလျှင် ချော့မြူခြင်းကြောင့် အချစ်နွေး၏။ ယခု မောင်မောင်မြင့်နှင့် ညွန့်ညွန့်တို့ စိတ်ဆိုးစကားများကြသည်က ရန်သူလို ထိုးကြိတ်ကန်ကျောက် ဆဲဆိုပြီး ဖြစ်ကြသည့်ရန်ပွဲ။ ပြီးသွားတော့ ညွန့်ညွန့်က ကလေးနှစ်ယောက်ကိုခေါ်ပြီး အမေ ဒေါ်သိန်းဆင့်အိမ်ကို ဆင်းလာသည်။

တစ်ရက် နှစ်ရက်ကျော် လေးရက်အကူးတွင် မောင်မောင်မြင့်၏ အစ်ကို ကိုမောင်တင့်နှင့် ကိုအောင်မြင့် ကိုဝင်းမျိုးတို့က ဒေါ်သိန်းဆင့်အိမ်ကို လိုက်လာပြီး ဖျန်ဖြေနှစ်သိမ့်၍ ခေါ်ကြသည်။ ညွန့်ညွန့်က အားလုံးကို တောင်းပန်၍ ပြန်မလိုက်ပါဟု ငြင်းလိုက်သည်။

"ဟင်း ဒီကောင်မြင့်က ညွန့်ညွန့်ကို ပစ်လဲမပစ်နိုင်ဘဲနဲ့ကွာ"

"အဟား ကိုဖိုးလုံး ကျ…
လူက မနှမြောဘဲ ကောက်…
နှမြောနေတာလား"

မောင်မောင်မြင့်၏ …
မကျေနပ်သူကများသလို ကိုအော…
က ညွန့်ညွန့်အတွက် အခြေ…
သည်။ ကိုအောင်မြင့်နှင့် ကိုဝင်း…
ဖိုးထူး၊ ကိုဖိုးလုံးတို့ လေး…
လက်ဖက်ရည်ဆိုင်တွင် ထိုင်…
မကြိုင်က ကိုအောင်မြင့်ကို …
သည်။

"မကြိုင် ညွန့်ညွန့် ဘာ…

"ရှင့်ကို ပြောစရာရှိလို့…

"အေး အေး၊ ကိုဝင်း…
ကျွန်တော် ခဏလိုက်သွားဦး…

"လိုက်စေဗျာ လိုက်…"

ညွန့်ညွန့်က ကိုအော…
မကြိုင်တို့၏ အိမ်တွင် ထိုင်…
သည်။

"ဒေါ်လေးကြိုင်ရော …
အောင်မြင့်ကိုပါ ကျွန်မ …
တယ်၊ မောင်မြင့်ကို ပြန်မ…
ဘူး"

"အင်း ဒါကတော့ …
ခံစားချက်၊ ခံရချက်ပါ၊ ကြိုက်…
ဖြစ်ပါ"

"အေး ကောင်းတယ် …
ရဲ့ ကိုယ့်အပေါ်မှ သစ္စာမဲ့…
ကွက်ကွက်ကလေးကိုပဲ ကြည့်…
စမ်းပါစေ ငါတူမရယ်"

မကြိုင်က အမျိုးသ…
ချင်းစာ တရားနှင့် ကရု…
အပါအဝင်ပြောလိုက်ခြင်း …

ကိုအောင်မြင့် သူ့…
အပြော ဝင်မပြောဘဲ နား…
သည်။ ညွန့်ညွန့်က ကိုအော…

"ဦးလေး အောင်မြ…
တော့ပါတယ်၊ ကျွန်မအပြ…
ချင်လို့ပါ"

"အေးပါ ညွန့်ညွန့်…
က ဆွေမျိုးသားချင်းတွေ…
ပင်ပြောဆိုလို့ရပါတယ် …



www.burmeseclassic.com

www.burmeseclassic.com

...တ်ကဲ့"

...ညွန့်ညွန့်၏ ဟုတ်ကဲ့ ဆိုသည့် ... မွေးနေသော သနပ်ခါးတင် ... မျက်နှာလေးက ပန်းရောင် ...ပြီး ခေါင်းလေးပါ အနည်းငယ် ... "ဟိုလေ ကျွန်မသား အငယ် ...း ကိုယ်ဝန်နဲ့တုန်းက"

...ညွန့်ညွန့်တစ်ယောက် ဒုတိယ ...ရှိပြီးမှ အသားအရေက မွဲ ...ခြောက်နှင့် ပိန်ကလည်း ပိန် ...ဆေးခန်းပြ၊ ဆေးထိုး ဆေးစား ...လုပ်နေရသည်။

...မ်းထဲမှ အရပ်ဝမ်းဆွဲ ဒေါ် ...ကိုပါပြ၍ အပ်ထားရသည်။

...မောင်မောင်မြင့်က အကြင်နာ ...စွက်၍ ချစ်ဇနီးဟု ဖေးမမှု ...တ်ကုန်သည့် သဘောပြယုဂ် ...အလုပ်အားလျှင် အပြင်ထွက်၊ ...ည်ဆိုင်တွင် အချိန်ဖြုန်း၊ အိပ် ... ဆံပင်ညှပ်သည့်လူက ပါးပါး ...ည်။

...ခု ကလေးကို ဖျက်ချရန်ပင် ...ဆူ လုပ်တော့သည်။ ညွန့် ...ခင်နှင့်အမျှ ခံစားရပြီး ကလေး ...င် မွေးခဲ့သည်။

...မောင်မောင်မြင့်က အရပ်ဝမ်းဆွဲ ...မော်ကို လက်ကိုတ်ထိုး ငွေ ...ညွန့်ညွန့်တွင် နောက်ထပ် သား ...ရန် မရအောင် တတ်သလို ...သလို လုပ်ပေးပါဟု ပြော ...ဒေါ် အေးမော်က စာပေမတတ် ...တို့ နည်းပါးသူ၊ ကျန်းမာရေး ...ဆရာမ) ဆရာမ၏ နောက်မှ ...သူ၊ အရပ်ဝမ်းဆွဲလက်သည် ...ကြီးများ၏ အကူ၊ မောင်မောင် ...ည့် ငွေကြောင့် ညွန့်ညွန့်ကို ...ခေါင်း လွှဲပေးလိုက်သည်။

သွေးနုသားနုနှင့် ညွန့်ညွန့်မှာ ...ခံစားလိုက်ရသည်။ နောက် ...က ကလေးမီးဖွားပြီး လရင့် ...နှင့်အမျှ လင်မယား နေရေး ...င်မပြေ ဖြစ်လာသည်။

ညွန့်ညွန့်မှာလည်း မကြာခဏ ခါးကိုက်ခြင်း၊ ဆီးလွန်ခြင်း၊ ရာသီမမှန် ဆီးစပ်ကိုက်ခဲခြင်းများ ဖြစ်လာသည်။

မောင်မောင်မြင့်ကလည်း လိုဘ မပြည့်၍ ညွန့်ညွန့်ကို ရန်လုပ်ငြူစူလာပြီး အပြင်တွင် နောက်တစ်ယောက် ဆိုသည့် အတိုင်းအတာထိ ဖြစ်လာသည်။

ညွန့်ညွန့် အနေနှင့်ကလည်း လင်သား၏အလိုကို လိုက်လျော ဖြည့်စွက်ပြနိုင်တော့ နာခြင်း အောင့်ခြင်းများ ဖြစ်၍ ကွကွရွရွနှင့် ပုံပန်းပျက်ဖြစ်ရသည်။ ညွန့်ညွန့်ပြောပြသည်ကို နားထောင်ရသော မကြိုင်နှင့် ကိုအောင်မြင့်တို့က ယခုမှ ရှင်းလင်းစွာ သိလိုက်ရသည်။

✿

ကိုအောင်မြင့်နှင့် မကြိုင်တို့က သိကျွမ်းရင်းနှီးသော ဒေါက်တာမြနှင်းခင်နှင့် ညွန့်ညွန့်တို့တွေ့ပေးရန် ခေါ်လာခဲ့သည်။

"လာ ဦးအောင်မြင့်ရော ဒေါ်ကြိုင်ပါ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"ဟုတ်ကဲ့ ဒေါက်တာ၊ ဒါ ကျွန်တော့်တူမလေးပါ ညွန့်ညွန့်ပါ"

ဆေးခန်းက လူနည်းနည်းရှင်းနေသဖြင့် မကြိုင်ကပင် ညွန့်ညွန့်၏ ဖြစ်ပျက်မှုကို ပြောပြလိုက်သည်။

"ခဏလေးနော် ဒေါ်ကြိုင် ထိုင်ကြဦး"

လူနာတစ်ယောက် ကြည့်ပြီး ဒေါက်တာ မြနှင်းခင်က မကြိုင်နှင့် ညွန့်ညွန့်ကို အခန်းထဲခေါ်လိုက်သည်။ ကိုအောင်မြင့်က အပြင်ခုံတွင် ထိုင်လျက်ကျန်ခဲ့သည်။

လူနာစမ်းသပ်ခုံ ခုတင်ပေါ်တွင် ညွန့်ညွန့်က ပက်လက်၊ ဒေါက်တာမြနှင်းခင်က ညွန့်ညွန့်ကို သေချာစေ့စေ့စပ်စပ် စမ်းသပ်မေးမြန်းပြီး. . .

"ညွန့်ညွန့် မင်းကို နားလည်လွယ်အောင် ရှင်းပြမယ်၊ သားအိမ်လွှဲပေးတဲ့ အရပ်ဝမ်းဆွဲရဲ့ လက်လွန်ခြေလွန်လုပ်မှုကြောင့် သားအိမ်ခေါင်း ပြုတ်သွားတယ်၊ လုပ်ပေးပေးချင်းက မသိသာပေမယ့် အိမ်ထောင်နဲ့နေလိုက်တဲ့အခါ ပိုပြီးထိခိုက်လို့ အိမ်ထောင်ရေးလဲ သာယာမှုမရှိတော့ဘူး"

ဒေါက်တာမြနှင်းခင် ပြောပြသည်ကို မကြိုင်ကလည်း စိတ်ဝင်တစားနှင့် နားထောင်နေသည်။ ညွန့်ညွန့်ကပါ ငြိမ်နေသည်။ ဒေါက်တာမြနှင်းခင်ကပင် ဆက်၍ပြောသည်။

"အေးအေးဆေးဆေးနဲ့ ပြည့်ပြည့်စုံစုံ ရှင်းပြမယ်၊ အချိန်ရတယ် ဟုတ်လား စိတ်ဝင်စားဖို့လဲ ကောင်းတယ်၊ မိန်းမများရဲ့ အဓိကအင်္ဂါများ ဖြစ်တဲ့ သားအိမ်၊ ဆီးအိမ်၊ အစာဟောင်းအိမ်၊ အူမကြီးနဲ့ ဆီးပြွန်တို့ဟာ တစ်ခုခုချို့ယွင်းမယ်၊ ဒါမှမဟုတ် အားလုံးပဲပေါ့၊ မွေးလမ်းကြောင်းထဲကိုများ ကျခဲ့ရင်၊ အဲဒီက တစ်ဆင့် ပြင်ပကို ကျွံထွက်လာရင် သားအိမ်ကျွံခြင်း ဆိုတဲ့ ရောဂါဖြစ်ပြီး မိန်းမတွေအတွက် လင်ပစ်နာ၊ လင်မုန်းရောဂါပဲ၊ ဒီသားအိမ်ကျွံတယ် ဆိုတာက အများအားဖြင့် အသက်ကြီးတဲ့ မိန်းမကြီးတွေ အဖြစ်များသလို မတတ်ကျွမ်းနားမလည်တဲ့ တချို့ အရပ်ဝမ်းဆွဲတွေကြောင့် အခု ညွန့်ညွန့်တို့လို အရွယ်ကောင်းတွေမှာ ဖြစ်ရတယ်။

ကလေးမွေးတာ မမှန်ကန်မှုကြောင့်လဲ အင်္ဂါထဲက ကြွက်သားတွေ စုတ်ပြဲဒဏ်ရာရမှုကြောင့်လဲ ဖြစ်တတ်တယ်။ အဲ ကလေးမွေးမှု မမှန်ကန်ဘူး ဆိုတာက ကလေးထွက်ရှိမှု အချိန်ကြာမြင့်တာရယ်၊ ကလေးကို အပြင်ရောက်လိုမှု လောကြီးပြီး ညှစ်အားထုတ်မှု၊ ဘေးကူတွန်းချမှု ပြင်းထန်တာလဲပါတယ်၊ ဆေးရုံ သားဖွားဌာနမှာဆိုရင် သားအိမ်ပွင့်ဆေး ထိုးရတယ်၊ အဲဒီမှာ အခုနပြောတဲ့ သိသာတဲ့ ရောဂါလက္ခဏာတွေက ဆီးအိမ်ကိုက်ခြင်း(ဆီးသွားအားမရမှု) မိန်းမကိုယ်အဝမှာ တစ်ခုခု တစ်ဆို့ခံနေသလိုမျိုး ဖြစ်မယ်။





www.burmeseclassic.com

www.burmeseclassic.com

ရာသီလာတဲ့အခါမှာ သန့်ရှင်းရေး လုပ်ရတာ ခက်ခဲမယ်၊ ဆီးမထိန်းနိုင်ခြင်း၊ အလေးအပေါ့ မရှေ့မြဲ၊ ချောင်းဆိုးနှာချေရင် ဆီးထွက်ကျမယ်၊ အင်း ထားတော့ ဒါတွေက သိပ်ကျယ်ပြန့်တယ်"

"ဟုတ်ကဲ့ မမ၊ သမ်းဖြစ်တာက"

အတန်းပညာ နည်းပါးသော ညွှန့်ညွှန့်မှာ ဒေါက်တာမြနှင်းခင် ရှင်းပြမှုကို လိုက်မီသော ဉာဏ်မရှိပေ။ ဒါကြောင့်လည်း နောက်ထပ်ကလေးမရရန်ဟု မောင်မောင်မြင့်အပြောနှင့် ဝမ်းဆွဲလုပ်ပေးပြီး ခံစားရသော မဝဒနာနှင့် အိမ်ထောင်ရေး မသာယာမှုကိုပဲ သိချင်၍ မေးလိုက်ခြင်းဖြစ်သည်။

"အင်း အခုဖြစ်နေတဲ့ အခနေအထားက ဆေးရုံတက်ပြီး ခွဲစိတ်ပြုပြင်ရမှာ၊ ဒါမှ အိမ်ထောင်ရေးကိစ္စ ပြန်ကောင်းမှာ၊ ဒါလဲ ခွဲစိတ်ပြီး (၆)ပတ်ကြာပြီးမှ လင်မယားနေလို့ ထိုင်လို့ရမှာ"

"ဟုတ်ကဲ့"

"အရေးကြီးဆုံးက အိမ်ထောင်သည် အမျိုးသမီးများအနေနဲ့ သားသမီးခြားဖို့ ဒါမှမဟုတ် အရေအတွက်နည်းပါးဖို့ကို ကြိုးစားရင်း ဆေးရုံဆေးခန်းနားလည်တတ်ကျွမ်းတဲ့ သားဖွားမီးယပ်ဆရာဝန်နဲ့ ပြသပြီး ညွှန်ကြားတဲ့အတိုင်းလိုက်နာရင် ညွှန့်ညွှန့်လို ဖြစ်ဘူးပေါ့"

ဒေါက်တာမြနှင်းခင်၏ စိတ်ရှည်လက်ရှည်ရှင်းပြမှုကို မကြိုင်ရော ညွှန့်ညွှန့်ပါ မှတ်သား နားထောင်နေကြသည်။ လူနာ တစ်ယောက်ရောက်လာ၍. . .

"ကဲ့ ကဲ ဒေါ်ကြိုင်ရော ညွှန့်ညွှန့်ပါ မှတ်ထားကြ၊ ချစ်ပါတယ် ခင်ပါတယ် မြတ်နိုးတွယ်တာပါတယ်ဆိုတာက တစ်ပိုင်း၊ သွေးသားလိုအင်ဆန္ဒပိုင်းကြတော့ မေတ္တာတို့ အကြင်နာတို့ ပျောက်ကွယ်တတ်တယ်၊ နောက်မှ လိုအပ်တာ လုပ်ပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ မမ၊ ကျေးဇူးတင်ပါတယ်"

"ဒေါက်တာ သွားမယ်နော်"

"ကောင်းပါပြီ ရှင်"

✿

ညွှန့်ညွှန့်နှင့် မကြိုင်၊ ကိုအောင်မြင့်တို့ ဆေးခန်းမှ အပြန်လမ်းမှာပင် မကြိုင်က. . .

"ဟွန်း အဲဒါပဲ ယောကျ်ားတွေဟာ ဘယ်လိုပဲ မေတ္တာတွေ သစ္စာတွေ ချစ်ခြင်းတရားတို့ ဆိုတာတွေကို အာပေါက်အောင်ပြောပေမယ့် သွေးသားဆန္ဒအတွက် တစ်ခုခုဆို ယွင်းရင် အချစ်ပြောင်း မေတ္တာပြောင်းတွေပဲ"

"မကြိုင်ရယ် တို့က အိမ်ထောင်သက် သုံးဆယ်ကျော်ပါပြီ"

ကိုအောင်မြင့် အပြောကြောင့် မကြိုင်က မျက်စောင်း တစ်ချက်ဝေ့၍ ပြုံးလိုက်သည်။ ပြီးမှ . . .

"ကြည့် ဒေါက်တာက ပြောတယ်၊ ညွှန့်ညွှန့် အရင်က ပိန်ပိန် မွဲခြောက်ခြောက်က အခုလို စိုပြည်ဝဖြိုးလာတာကတဲ့ မိန်းမဆိုတာ သားသမီးလွယ်ရတဲ့ အလုပ်တစ်ခုရယ်၊ သွေးပြောင်းလဲရမှုရယ်က သိပ်ပင်ပန်း ဒုက္ခရောက်တယ်၊ အခု ညွှန့်ညွှန့်မှာ သားအိမ်ရဲ့ သားဥထိန်းသိမ်းရမှု တာဝန်ကြီးတစ်ခု လျော့သွားတာနဲ့ လွတ်လပ်ပေါ့ပါးသွားပြီး ကားသမျှ အသား၊ အိပ်သမျှ အားဖြစ်လို့တဲ့ ကိုအောင်မြင့်ရဲ့"

"အင်း ဒါဆိုရင် ညွှန့်ညွှန့် ဆေးရုံပြရဦးမှာပေါ့၊ မကြိုင် လုပ်ပေးလိုက်ပါ"

"အင်းပါတော်"

ဒေါက်တာမြနှင်းခင် ပြောပြသည့်အထဲတွင် သားအိမ်ထုတ်ရလျှင် အိမ်ထောင်ရေးအတွက် အနှောင့်အယှက်မဖြစ်ကြောင်း ပါသည်။

ဒါပေမယ့် ညွှန့်ညွှန့်တွေးသည်က မောင်မောင်မြင့်နှင့် ဘဝခရီးလက်ကျန်ကိုယှဉ်တွဲလျှောက်သင့် မလျှောက်သင့်ပင်။ ညွှန့်ညွှန့်နှင့် ကလေး နှစ်ယောက်က ဒေါ်သိန်းဆင့်၏အိမ်တွင် မောင်မောင်မြင့်က ဦးထွန်းထွန်း၏သမီး

အမာကြည်ကို လက်ဖက်ရည် ကိတ်... နှင့် ... သူ တချို့ကို တိုက်ကျွေး... ... ယူလိုက်သည်။ ဒေါ်သိန်း... ... သမီးညွှန့်ညွှန့်နှင့် မြေး ... ယောက်ကို ကြည့်ပြီး. .

"ဟင်း ကောင်းပါရဲ့တော် ... လင်မယားပဲ၊ သားသမီးရတာ ... လောက်ရရပေါ့၊ ကလေးမလို... ဆရာဝန်နဲ့ပြပေါ့၊ ခြောက်ပြား... အရပ် ဝမ်းဆွဲကို လုပ်မိုင်းပြီး မိန်း... ဟိုဟာဖြစ်တော့ ဟိုဟာ မလု... နောက်တစ်ယောက်ယူတယ်၊ သား... မျက်နှာ မထောက်၊ နောက်ယူ... အမြုလားတော် ဟင်း"

"အို. . . အမေကလဲ ... မကောင်း၊ အကျယ်ကြီး ပြောနေ..."

"ဟဲ့ ဒါလူကိစ္စလေ၊ လူ... ဘာဖြစ်လဲ"

ကလေးနှစ်ယောက်က ... အပြင်ကို ထွက်သွားကြသည်။

ညွှန့်ညွှန့်က. . .

"အမေရယ် တိုးတိုးပြော... ဆေးရုံတက်ရဦးမယ်"

"ညည်းက ဆေးရုံတက်ပြီး ... အိမ်ထုတ်၊ နောက်ယောကျ်ား ... မလို့လား"

"အို အမေကလဲ၊ ကျွန်... မာတော့ ကျွန်မသားတွေနဲ့ ... စားပြီး သားတွေကို ပညာသင်... မယ်၊ တော်ပါပြီ၊ အလှုပျက်တဲ့ ... ကြီးနဲ့ ဒီဘဝ ဒီမျှပဲ ကောင်း... အမေရယ်"

ညွှန့်ညွှန့်က ဒေါ်သိန်း... ပြောရင်းမှ မျက်ရည်ကျလာသ... မျက်ရည်သည် မောင်မောင်... အမာကြည်ကို လက်ဖက်ရည်... မုန့်တိုက်၍ ယူလိုက်ခြင်းကြော... သားနှစ်ယောက်နှင့်ရှေ့ဘဝခရီး... အားသစ်လဲသည့် မျက်ရည်... သည်ကိုတော့ ဒေါ်သိန်းဆင့် ... မယ့် ညွှန့်ညွှန့်ကတော့ သိပါ...

❒ ဝိုး...





www.burmeseclassic.com

www.burmeseclassic.com



(၁)

"အပါ ဘေတီ ဘာမှလဲ မစားရဘူး၊ နေစရာလဲ မရှိဘူး၊ အဝတ်အစားလဲ မရှိဘူး၊ ဘေတီကို အပါ ကူညီပါဦး"

"အေး အေး ဘေတီ၊ မနက်ရောက်ရင် အပါ ဆရာကြီးတွေနဲ့ တိုင်ပင်ပြီး လုပ်ပေးမယ်နော် ဟုတ်လား"

"ဦးဘီဘရာဟင်"

လွန်ခဲ့တဲ့ လပိုင်းလောက်ကမှ ကွယ်လွန်သွားရှာတဲ့ တစ်ဦးတည်းသော ချစ်သမီးလေး အဗီမာ(ခေါ်) လှလှဝေက အိပ်မက်ထဲမှာ လာပြောတော့ သူကလည်း ကူညီမယ် ဆိုတဲ့အကြောင်း ပြောလိုက်ပါလေတယ်။ အိပ်မက်ထဲမယ် သူ့သမီးကို တွေ့လိုက်ရတာက တော့ဖြင့်ရင် အရိုးပြိုင်းပြိုင်း ပိန်ခြောက်ခြောက် အဝတ်မပါ ကိုယ်လုံးတီးနဲ့ ဖြစ်လို့နေပါတယ်။

ဦးဘီဘရာဟင်ဟာ ဆိုလို့ရှိရင် ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးတဲ့ သူဌေးကြီး တစ်ယောက်ပါ။ သူ့ဘာသာ အတွက် အဆောက်အအုံတွေကိုလည်း အများအပြား ဆောက်လုပ်လှူဒါန်းတဲ့ သူပါ။ ဒီလိုနဲ့ပဲ နံနက်ရောက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

မယ် သူ့ဘာသာရေး ဆရာကြီးတွေနဲ့ တိုင်ပင်လို့ အကျွေးအမွေးတွေ လုပ်ပေးကြပါလေတယ်။

ဒါပေမယ့်လို့လည်း နောက် တစ်ညမှာတော့ "အပါ ဘေတီကို ကူညီပါဦး၊ ဒီနေ့ထိ ဘာမှလဲ မစားရသေးဘူး၊ နေစရာလဲ မရှိဘူး၊ ဝတ်စရာလဲ မရှိဘူး အပါ"

"ဟေ မနေ့ကပဲ အပါ၊ ဘာသာရေးဆရာကြီးတွေနဲ့ အကျွေးအမွေးတွေ လုပ်ပြီး ကုသိုလ်လုပ်တယ်လေ"

"ဘေတီ ဘာမှ မရပါဘူး အပါ၊ လုပ်ပေးပါဦး"

"အေး အေး ဘေတီ၊ လုပ်ပေးမယ်"

ဒီလိုမျိုးပါပဲ။ အဇီမာ တစ်ယောက် လာရောက်လို့ သူ့အဖေကို အိပ်မက်ပေးပါလေတယ်။ ဒီလိုနဲ့ပဲ ဦးဘီဘရာဟင်ဟာ သူ့စိတ်ကူးနဲ့သူ ဘာသာရေးဆရာတွေကို ပင့်ဖိတ်လို့ အကျွေးအမွေးတွေနဲ့ သူ့သမီးအတွက် ကုသိုလ်တွေ လုပ်ပါလေတော့တယ်။

အဲ ဒါပေမယ့်လို့လည်း ညကျတော့ သူ့သမီးကဘာမှမရတဲ့အကြောင်း ကူညီပါဦးဆိုတာ အိပ်မက်လာပြီး ပေးပြန်ပါရော၊ ဒီတော့လည်း ဦးဘီဘရာဟင်ဟာ သူ့သမီးအတွက် ဆရာကြီးတွေကို အိမ်မှာ ပင့်ဖိတ်လို့ အကျွေးအမွေးတွေနဲ့ ကုသိုလ်တွေ ပြုလုပ်ပြန်ပါလေတော့တယ်။

သို့သော်လည်းပဲ ညရောက်တဲ့အခါမယ်တော့ သူ့သမီး အဇီမာက လာရောက်ပြီး ဘာမှမရတဲ့အကြောင်း အပါအနေနဲ့ ဖြစ်တဲ့နည်းနဲ့ ကူညီပါမယ့်ကြောင်း ငိုငိုယိုယိုနဲ့ အိပ်မက်လာပေးပါလေတယ်။

(၂)

"ဦးသူတော်"

ဒီမြို့ကလေးက ဘုရားဒကာ ကျောင်းဒကာ၊ ဝိပဿနာတရားပွဲများ အားထုတ်နေတဲ့ ရတနာသုံးပါး ကိုင်းရှိုင်းတဲ့ တကယ့်သူတော်ကောင်းကြီးပါ။ အဲဒီပုဂ္ဂိုလ်ကြီးဆီကို ဦးဘီဘရာဟင် တစ်ယောက် လာရောက်လို့ သူ့သမီး အဇီမာရဲ့ ဖြစ်ကြောင်းကုန်စင် ပြောပြလို့ အကူအညီတောင်းတဲ့ အခါမယ်တော့ကာ. . .

"ဒီမယ် သူဌေးကြီး၊ ခင်ဗျား အနေနဲ့ ဘုန်းကြီးငါးပါးကို ပင့်ပြီး အိမ်မှာ ဆွမ်းကပ်၊ သင်္ကန်းလှူ၊ အခု ကျုပ်တို့ ဆောက်လုပ်နေတဲ့ ဆွမ်းစားကျောင်းအတွက် အလှူငွေထည့်မယ် ဆိုရင် ခင်ဗျားသမီး ကောင်းရာမွန်ရာကို ရောက်မယ်၊ ယုံတယ် လုပ်မယ်ဆိုရင် ကျုပ် စီစဉ်ပေးမယ်ပေါ့ဗျာ"

အဲသလိုမျိုး ဦးသူတော်က ပြောတဲ့အခါမှာ. .

"ဦးသူတော်ရေ ကျုပ်သမီးက ကောင်းရာမွန်ရာကို ရောက်မယ်ဆိုရင် ဘာပဲ လုပ်ရလုပ်ရဗျာ၊ လုပ်ပါ့မယ်၊ အားကိုးပါတယ်၊ ဦးသူတော်ပြောတဲ့ အတိုင်း ကျုပ်လုပ်ပါ့မယ်"

ဒီလိုနဲ့ပဲ ဦးဘီဘရာဟင်ဟာ မြို့ဦးကျောင်းက သံဃာ(၅)ပါးကို အိမ်မှာ ပင့်ဖိတ်ပြီး ဦးသူတော်ရဲ့ အစီအမံနဲ့ ဆွမ်းကပ်လှူပါတယ်။ သင်္ကန်းကပ်လှူပါတယ်။ ဆွမ်းစားကျောင်းအတွက်လည်း အလှူငွေ ထည့်ဝင်လှူဒါန်းပါလေတယ်။ အဲဒီတော့ကာ အဲဒီညမှာတော့ကာ . . .

"အပါရေ သမီးကို ကြည့်လိုက်စမ်းပါဦး" ဆိုတဲ့ အခါမယ်. . .

"ဟယ် ဘေတီ၊ လှလိုက်တာဟယ်၊ နင့် အဆောက်အအုံကြီးကလဲ ခမ်းနားလိုက်တာ၊ ဘယ်လိုဖြစ်ရတာလဲဟယ်"

"အပါရဲ့ ကူညီမှုပါ၊ သံဃာတွေကို ဆွမ်းကပ်၊ သင်္ကန်းလှူ ကျောင်းဆောက်ပေးလို့မို့ အဲဒီကုသိုလ်ဟာ သမီးကို အမျှဝေလို့ အမျှရပြီး စံစားရတာပါ၊ အခု သမီး တာဝတိံသာမှာ နတ်သမီးဖြစ်နေပါပြီ၊ နောက်ထပ် အပါဆီကို လာစရာ မလိုတော့ပါဘူး အပါ"

အဲဒီညရဲ့ နောက်မနက်မှာတော့ကာ ဦးဘီဘရာဟင် သူဌေးကြီးဟာ တစ်ဆွေလုံး တစ်မျိုးလုံး၊ တစ်အိမ်သားလုံးကို ပြောပြပြီးနောက် ဦးသူတော်ဆီကို သွားရောက်ဦးချလို့ ဗုဒ္ဓဘာသာဝင် အဖြစ် သဏ္ဍာန်ရှိရှိ၊ ရဲရဲဝံ့ဝံ့နဲ့ ဘာသာပြောင်းခဲ့ပါလေတယ်။

(၃)

"ဦးသောမ"

"အဲဒါပါပဲ ဦးသာစည်ကြီးရေ၊ ဘုန်းကြီးတို့ရဲ့ မျိုးရိုးက ကုလားမျိုးမှန်ပါတယ်၊ ဒါကြောင့်ပဲ ကျုပ်ကို ကုလားဘုန်းကြီးရယ်လို့ပဲ လွယ်လွယ် ခေါ်နေကြတာပါဗျာ"

"အင်း . . . ကျုပ်တို့အဘိုးရဲ့ သဏ္ဍာန်ရှိရှိ မှန်မှန်ကန်ကန်၊ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်တာရယ်၊ ဦးသူတော်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ကျေးဇူးတရားရယ်ဟာ ကြီးမားလှပါတယ် ဦးသာစည်ရာ"

"မှန်ပါတယ်ဘုရား၊ အရှင်ဘုရားတို့ ဘာသာခြား၊ လူမျိုးခြားက ရတနာသုံးပါး ဆည်းကပ်ခွင့်ရပြီး သံဃာအဖြစ် တက်လှမ်းနိုင်တာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ် ဘုရား"

မှတ်ချက်။

ဆရာတော်ဦးသောမ ပြောပြခဲ့တာကတော့ဖြင့်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀)ကျော်က တံတားဦးမြို့ကလေးက ဖြစ်ရပ်မှန်ပါ။ (ဦးသောမဟာ ဆွမ်းခံကြွနေတဲ့ ထိုင်ကိုယ်တော်ပါ)

❒ သာစည်အောင်တင်





www.burmeseclassic.com

www.burmeseclassic.com

# အီဂျစ်ရှေးဟောင်းဆေးပညာနှင့် ကုထုံးများ

## လျှမ်းထက်

"တူတာမ်ခမွန်ဘုရင်၏ ကျိန်စာကို အရေးမယူ အလေးမထားသူများအား နတ်ဘုရားတို့၏ သနင်းသည် ထိုသူ၏နောက်သို့လည်းကောင်း၊ နှောင့်ယှက်သူတို့၏နောက်သို့လည်းကောင်း၊ ထိုသူတို့၏ ဇနီးသားသမီး ဆွေမျိုးသားချင်းများနောက်သို့လည်းကောင်း လိုက်လံ၍ အန္တရာယ်သည် ဖြစ်စေသတည်း။ ထိုသူတို့သည် နာမကျန်းဝေဒနာ ခံစားရခြင်း၊ အစာရေစာ မသုံးဆောင်နိုင်ခြင်းစသော ဘေးဆိုးတို့ ကျရောက်စေအံ့သတည်း။"

သူဌေးကြီး လောဒ့်ကာနာဗွန်သည် တူတာမ်ခမွန် ဘုရင်ကလေး၏ သင်္ချိုင်းဂူနံရံတွင် ရှေးခေတ်ဟောင်း အီဂျစ်လူမျိုးတို့၏ ဟိုက်ဂိုဂလေးဖစ် အရုပ်စာဖြင့် ရေးသားထားသော ကျိန်စာကို တွေ့ရသည်နှင့် ကြက်သေ သေသွားတော့၏။ သူ၏လက်နှစ်ဖက်တွင် သူ့ဦးခေါင်းကို မြှုပ်နှံ၍ နှစ်ပေါင်း ၃၀၀၀ ကျော်က ကံတော်ကုန်သွားရှာသည့် သက်တော် (၁၈)နှစ်သာ ရှိခဲ့သော တူတာမ်ခမွန် ဘုရင်ကလေး၏ ရင်သိမ့်တုန်ဖွယ်ရာ ကျိန်စာကို သူသည်ရင်ဆိုင်အန်တုရပေတော့မည်။

သူ့အနီးတွင် ရပ်နေသော သူ့မိတ်ဆွေကြီး အီဂျစ်ရှေးဟောင်းယဉ်ကျေးမှု သုတေသနပညာရှင်ကြီး ဟိုးဝါဒ်ကာတာကမူ အနည်းငယ်မျှ စိတ်တုန်လှုပ် ချောက်ချားခြင်းမရှိ၊ ဂူအတွင်း မြင်ရမည့် မြင်ကွင်းကိုသာ စိတ်စောနေမိသည်။ သွယ်တန်းထားသော လျှပ်စစ်မီးသီးများ၏ အလင်းရောင်ကြောင့် ဂူအတွင်း အတော်အသင့် မြင်နိုင်လာသည်။ မိနစ်အနည်းငယ် ကြာမြင့်၍ မျက်စိများ ကျင့်သားရလာသောအခါ ဘုရင်ကလေး၏ခေါင်းတလားထားသော အခန်းအတွင်းသဲသဲကွဲကွဲမြင်လာသည်။



Horus, the son of Isis and Osiris, and the magical symbol of the eye of Horus, with a design of falling tears beneath it.

အခန်းအတွင်း မြင်ကွင်းကား အံ့မခန်းရှိပေတော့၏။ ခန်းမကို အပြာနှင့်ရွှေရောင် ခြယ်ထားသဖြင့် တဖိတ်ဖိတ်တောက်နေသည်။ ဘုရင်ကလေး၏ အလောင်းထားသည့် ညောင်စောင်းကို ထူးခြားဆန်းကြယ်သည့် တိရစ္ဆာန်၏ အသွင်ထုလုပ်ထားသည်။ ခေါင်းတလားကြီး၏ဘေးတွင် ဆေးစိမ်ထားသော ကြောင်နှစ်ကောင်၏ ရုပ်အလောင်းကို တွေ့ရ၏။ ခေါင်းတလားထားသည့် စင်ကြီးကို ရတနာအမျိုးမျိုး စီခြယ်ထားသည်။

ဘုရင်ကလေး ကံတော်မကုန်မီက ဝတ်ဆင်ခဲ့သော လက်ဝတ်ရတနာများ၊ အိမ်ထောင်ပစ္စည်းများမှာ လျှပ်စစ်မီးရောင်အောက်တွင် တဖိတ်ဖိတ်တောက်နေသည်။ ဘုရင်ကလေး ကျန်းမာရေးအတွက် လက်ဖွဲ့များ၊ အဆောင်များအပြင်ဘုရင်ကလေးကံတော်မကုန်မီ မကျန်းမာစဉ်က မှီဝဲခဲ့သည့် ဆေးဝါးများ ထည့်ထားသော ရတနာများစီခြယ်ထားသည့် ဆေးခွက်များ၊ ထိုခေတ်က ဓမ္မတေးများ သီဆိုရာတွင် တီးခတ်သည့် စိတဂုန် ခေါ် ဗျပ်စောင်းနှင့် ပလွေတို့ကို

www.burmeseclassic.com



PORTRAIT IN GOLD Covering the head of the boy king [illegible] ... secured in gold and [illegible]

တွေ့ရသည်။ အဘယ်ကြောင့် ဘုရင်ကလေး၏ ခေါင်းတလားအနီးတွင် ယင်းဗျပ်စောင်းအပါအဝင် တူရိယာပစ္စည်းများ ထားရှိသနည်း။

မှတ်တမ်းများအရ ဘုရင်ကလေးသည် ငယ်စဉ်ကပင် နှလုံးရောဂါဝေဒနာ စွဲကပ်ခဲ့သည်ဟု သိရ၏။ ထိုစဉ်က နှလုံးရောဂါဝေဒနာအားကုသသော ဆေးနည်းပေါင်း ၁၇၀ ရှိခဲ့သည်။ ဘုရင်ဆေးတက္ကသိုလ်ကျောင်းဆင်းများ ဖော်စပ်ထားသော ဆေးကို လူနို့၊ ဆိတ်နို့၊ ပျားရည်တို့ဖြင့် သောက်စေခဲ့သည်ဟု ဆိုသည်။ ပျားရည်၏ ဂုဏ်သတ္တိကို အီဂျစ်သမားတော်ကြီးများသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ခန့်ကပင် သိရှိကြပြီးဖြစ်၏။

ထိုစဉ်က သမားတော်ကြီးများ၏ ကုထုံးများတွင် ဂီတကုထုံး၊ အသံကုထုံး၊ စိတ်ညှို့ကုထုံး၊ အိပ်မက်ကုထုံးများကို အသုံးပြုခဲ့သည်ဟူ၍လည်း အီဂျစ် ကျူရိုးပုရပိုက်များက ဖော်ပြခဲ့ကြသည်။ ယင်းပုရပိုက်များပါအရ ဘုရင်ကလေး ကျန်းမာရေးချို့တဲ့စဉ် ဂီတကုထုံးဖြင့် အီဂျစ်သမားတော်ကြီးများက ကုသခဲ့သလောဟုစဉ်းစားစရာဖြစ်သည်။

အီဂျစ် ရှေးဟောင်းသမိုင်းသုတေသီ အင်ဒ်ဝင်စမစ် ရှာဖွေတွေ့ရှိခဲ့သော ကျူရိုးပုရပိုက်တွင် အီဂျစ်သမားတော်ကြီးများသည် ဆေးကုသခံသူ လူနာနှင့် သင့်လျော်သောကုထုံးကို အသုံးမပြုမီ လူနာတို့အား မည်သို့မည်ပုံ အသေးစိတ်မေးမြန်းစုံစမ်းရမည်ကို လမ်းညွှန်ထားခဲ့သည်။

ဆေးကုသခံသူ၏ အသက်၊ မျိုးရိုးဗီဇ၊ မိဘဘိုးဘွား ညီအစ်ကို မောင်နှမများသည် မည်သည့်ရောဂါဝေဒနာ စွဲကပ်ဖူးသည်၊ ခြေဖဝါး လက်ဖဝါးအပါအဝင် ကိုယ်အင်္ဂါလှုပ်ရှားရာတွင် လေးလံထိုင်းမှိုင်းမှု ရှိ မရှိ၊ ကိုက်ခဲမှု ရှိ မရှိ စသည်များကိုလည်း အသေးစိတ် စစ်ဆေးရန် လမ်းညွှန်ထားသည်။

အစားအစာ စားသောက်ရာတွင် လူနာ၏ ရင်တွင်းမှ နာကျင်ခြင်း ရှိ မရှိ နှလုံးရှိသောနေရာမှ အောင့်ခြင်း ရှိသလော စသောမေးခွန်းများကို လူနာအားလည်းကောင်း၊ လူနာ၏ ဆွေမျိုးသားချင်း၊ လူနာအား အနီးကပ်ပြုစုကုသသူများကိုလည်း သေသေချာချာ စုံစမ်းမေးမြန်းမှု ပြုရန်ကိုလည်း လမ်းညွှန်ထားသည်။

ဆေးကုသသူ သမားတော်အဖို့ လူနာ မည်သည့်ရောဂါဝေဒနာ စွဲကပ်နေသည်ကို တိတိကျကျသိရန် ကြိုးပမ်းအားထုတ်ရမည်ဟုလည်းလမ်းညွှန်ထားသည်။ လူနာကို ကြည့်ရှုရာတွင် မြင်နိုင်သော အရာများကို သာဖြစ်သူသည် အထူးသတိထား၍ စစ်ဆေးရမည်ဖြစ်သည်။ သာဓကအားဖြင့် လူနာ၏မျက်နှာသည် ဖြူရော်မှုရှိနေသလော၊ မျက်လုံးများ နီနေသလား၊ မျက်ရည်ပူ[illegible] ဆင်းနေသလော၊ သို့မဟုတ် မေးခိုင်နေသလော စသည့်အချက်အလက်များကို စစ်ဆေးရန်လည်း လမ်းညွှန်ထား၏။

ဤကဲ့သို့ လူနာ၏ဖြစ်စဉ်ကို စစ်ဆေးခြင်း၊ လူနာ၏ ကိုယ်လက်အင်္ဂါများကို စစ်ဆေးခြင်းကို အသေးစိတ်ပြု[illegible] ရသည်သာမက လူနာစွန့်သောကျင်ကြီး ကျင်ငယ်၊ ချွေး၊ သလိပ်၊ ယိုထွက်သော သွေး၊ လူနာ၏ကိုယ်ခန္ဓာမှ ထွက်သော အနံ့အသက်များကိုလည်း စနစ်တကျ မှတ်တမ်းတင်ထားရမည်ဟု အထ[illegible] ဖော်ပြပါ ကျူရိုးပုရပိုက်တွင် ဖော်ပြထား[illegible] သဖြင့် အီဂျစ်ရှေးဟောင်းဆေးပညာ[illegible] လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်[illegible] ကပင် ခေတ်မီလျက်ရှိသည်ကို အံ့[illegible] ဖွယ်တွေ့ရ၏။ ဤဆေးစာပိုဒ်မှာ[illegible] သမားတော်သည် လူနာ၏ သွေးခုန်[illegible] ကိုလည်း အမိကထား၍ စစ်ဆေး[illegible] ဟု ဆိုတတ်၏။

မတော်တဆ ထိခိုက်ဒဏ်[illegible] ရသည့် လူနာများကို မည်ကဲ့သို့စ[illegible] စစ်ဆေးရမည်ကိုလည်း တိတိ[illegible] လမ်းညွှန်ထားသည်။ စစ်ဆေးကြည့်[illegible] သော လူနာ၏ ဒဏ်ရာအတိမ်အ[illegible] အရိုးကျိုးပွဲမှု ရှိ မရှိ ကိုယ်လက်[illegible] များ ချို့ယွင်းမှု ရှိ မရှိ လူနာ၏[illegible]



www.burmeseclassic.com

www.burmeseclassic.com

...၏ ပတ်ဝန်းကျင် အခြေအနေ ...သည်တို့ကို သေသေချာချာ စိစစ် ...ပြီးမှ လူနာသည် မည်သည့် ...ဝေဒနာ စွဲကပ်သည်၊ အရိုးကျိုး ...အကြောတင်သည် စသည့်အဖြေ ...ပြီးမှ သင့်လျော်သောကုထုံး၊ ...လျော်သောဆေးဝါး၊ သင့်လျော် ...ဓာတ်စာကို စားစေ၍ ကုသကြ ...ည်ဟု ဆိုသည်။

ထိုစဉ်က တွေ့ရှိရသော ဆေး ...ပုရပိုက်များအရ အီဂျစ်လူမျိုး ...တော်ကြီးများ၊ အများအားဖြင့် ...ရသော ရောဂါဝေဒနာများမှာ ...ခြင်း၊ ချောင်းဆိုးရောဂါဝေဒနာ၊ ...သည်းသောရောဂါ၊ ကျင်မနိုင်သော ...၊ အစာမကြေသောရောဂါ၊ ကိုယ် ... ကိုက်ခဲရောဂါ၊ မျက်စိရောဂါ ...ာ ကျင်ငယ်သွေးပါသောရောဂါ၊ ...ရောဂါ၊ သားအိမ်ကိုက်ရောဂါ၊ ...ါင်းရောဂါ၊မျက်ခမ်းရောင်ဝေဒနာ၊ ...တ်ရောင်ရောဂါများ ဖြစ်ကြသည် ...သိရ၏။ အီဂျစ်ရှေးဟောင်းဆေး ...တွင် ယနေ့ခေတ် သမားတော်ကြီး ...င့် တူညီသော အချက်တစ်ချက်ကို ...ရှိကြရသည်။ ထိုအချက်မှာ ဖျားနာ ...ကို ရောဂါဝေဒနာ အများအပြား ... အဓိကဝေဒနာလက္ခဏာ တစ်ရပ် ...သတ်မှတ်ထားခြင်းဖြစ်သည်။

ထိုစဉ်ကာလက အီဂျစ်သမား ...ကြီးများသည် လူသားတို့၏ အူ ...င်း တွေ့ရှိရသော သန်ကောင်များ ...ကြောင်းကိုလည်း ကျူရိုးပုရပိုက်မှတ် ...များတွင် တွေ့ရှိရသည်ဟု သိရ၏။

အုံဖွယ်သရဲ မှတ်တမ်းတစ်ခုတွင် ...ဆန်းဆန်း ကျင်ငယ်ရည်ကို ...သမားတော်ကြီးများက သုတေ ... ပြုလုပ်ပုံကို အသေးစိတ် ရေးသား ...ပြထား၏။

ယင်းမှတ်တမ်းတွင် ဂျုံစပါး၊ ...စပါးတို့ကို စွန်ပလွန်သီးများ၊ သဲ ...င့် ရောနှော၍ အိတ်အသီးသီးတွင် ...သွင်းထားစေ၏။ ထိုအိတ်များပေါ်တွင် ပဋိသန္ဓေရှိနေသည့် အမျိုးသမီး ငယ်တစ်ယောက်အား နေ့စဉ် ကျင်ငယ် စွန့်စေရ၏။ ထိုစပါးများထည့်ထားသော အိတ်နှစ်အိတ်လုံး အစို့ပေါက်လျှင် သား ကလေး ဖွားမြင်မည်ဟုမှတ်ယူကြသည်။ တစ်အိတ်မှ အစို့မပေါက်လျှင် သမီး မိန်းကလေးဖွားမြင်မည်ဟု ပြောဆိုကြ သည်။

အီဂျစ် သမားတော်ကြီးများ သည် ထိုစဉ်ကာလကပင် လူနာများ အား စိတ်ဖြင့်ညှို့၍ ရောဂါဝေဒနာကို ရှာကာကုသကြသည်ကိုလည်း အထက် ဖော်ပြပါ ကျူရိုးပုရပိုက်တွင် ဖော်ပြထား သည်။ စိတ်ညှို့ကုသရာတွင် အီဂျစ် သမားတော်ကြီးများသည် သံလိုက် ဓာတ်အားဖြင့်လည်းကောင်း၊ နှုတ်မိန့် ပေးခြင်းဖြင့်လည်းကောင်း ကုသပေး လေ့ရှိသည်ဟူ၍လည်း ဖော်ပြခဲ့သည်။

လူနာများကို ခွဲစိတ်ကုသရာတွင် သာမန်အနာများကိုသာ ခွဲစိတ်ခြင်းပြု သည်သာမက ကိုယ်အင်္ဂါချို့ယွင်းသူများ အား ယနေ့ ပလတ်စတစ်ဆာဂျရီဟု ခေါ်ဝေါ်နေသည့် အစားထိုး၍ ကိုယ် အင်္ဂါများကို ပြုပြင်ခွဲစိတ်ခြင်းများကဲ့သို့ ခွဲစိတ်မှု ပြုလုပ်ခဲ့ကြသည်။

ခွဲစိတ်ကုသရာတွင် လူနာအား အိပ်ဆေးတစ်မျိုးပေး၍ လူနာ နှစ်နှစ် ခြိုက်ခြိုက်အိပ်မောကျနေစဉ် ခွဲစိတ် ကုသလေ့ရှိသည်ဟု သိရ၏။ ထိုအိပ် ဆေး ဖော်စပ်ရာတွင် ပါဝင်သော ပရ ဆေးများမှာ အထူးရှားပါးလှသဖြင့် ခွဲစိတ်ကုသရာတွင် ထိုအိပ်ဆေးအား မင်းဆွေမင်းမျိုး လူကုံထံများ၊ သာသနာ့ ဝန်ထမ်း အကြီးအကဲများအား ခွဲစိတ် ကုသသည့်အခါတွင် အသုံးပြုလေ့ရှိ သည်။

သာမန်လူနာများကို ခွဲစိတ်ခြင်း နှင့် ကျေးကျွန်များကို ခွဲစိတ်ကုသရာ တွင်မူ အိပ်မွေ့ချခြင်းဖြင့်လည်းကောင်း၊ လူနာအား အားကောင်းမောင်းသန် လူများက ဖမ်းဆီးချုပ်နှောင်ကာ ခွဲစိတ် ကုသကြသည်ဟု ဆိုသည်။ ဤကဲ့သို့ ခွဲစိတ်ကုသသော ဒဏ်ရာကို အန္တရာယ် ပေးနိုင်သော ပိုးမွှားများ တွယ်ကပ်ခြင်း မရှိစေရန် သံပူကပ်လေ့ရှိကြသည်။

အနာကျက်ဆေးအဖြစ်လည်း နိုင်းမြစ်ကမ်းတွင် ပေါက်သော မှိုပင် တစ်မျိုးကို အခြားပရဆေးများဖြင့်အထူး ဖော်စပ် အသုံးပြုသည်ကိုလည်း တွေ့ရ ၏။ အချို့သော ကုထုံးများမှာမူ သိပ္ပံ နည်းမကျပေ။ သာဓကအားဖြင့် ဝမ်း ပိုက်နာရောဂါဝေဒနာ စွဲကပ်သူများ အား မန္တန်များ ရေးသားထားသည့် ကျူရိုးဓားကို ရေစိမ်ထားပြီး ထိုရေကို သောက်စေခြင်းဖြင့် ပျောက်ကင်းသည် ဟုလည်း ဆိုကြ၏။

အီဂျစ်လူမျိုး အများအပြားကမူ သာမန်ရောဂါဝေဒနာများကို သမား တော်ကြီးများထံ ပြသခြင်းမပြုကြ။ ဆင်း ရဲသူ၊ ဆင်းရဲသားများနှင့် ကျေးကျွန် အများကလည်း အီဂျစ်လူမျိုးတို့၏ရိုးရာ ဆေးမြီးတိုများကို အသုံးပြုကြ၏။ ထို ဆေးမြီးတိုများကို သူတို့ဘိုးစဉ်ဘောင် ဆက် အသုံးပြုခဲ့ကြသည်ဟု ဆေးမှတ် တမ်း ကျူရိုးပုရပိုက်များတွင် ဖော်ပြခဲ့ သည်။ သာမန်အနာပေါက်ခြင်း၊ ကိုယ် ခန္ဓာတွင် မတော်တဆ ထိခိုက်ဒဏ်ရာ ရခြင်းများကို သဲကန္တာရတွင် အလေ့ကျ ပေါက်လေ့ရှိသော ရှားစောင်းပင်များ၏ အစေးများကို သုတ်လိမ်းခြင်းဖြင့် ပျောက်ကင်းသည်ဟုယူဆကြ၏။ အချို့ ဆေးမြီးတိုများကို ဖော်စပ်ရာတွင်မူ တိရစ္ဆာန်များ၏ ကျင်ငယ်ရည်၊ လူတို့၏ မစင်ခြောက်များကို အသုံးပြုကြသည် ဟု သိရ၏။

အချို့ဆေးမြီးတိုဆေးများတွင် ဘိန်းပါဝင်သည်ကို တွေ့ရ၏။ ထိုဆေး များကို ကိုယ်ခန္ဓာကိုက်ခဲခြင်း၊ ဝမ်းကိုက် ခြင်းများကို အသုံးပြုလေ့ရှိကြသည်။

ထိုစဉ်ကာလက လူအများ အများဆုံးခံစားရသော ရောဂါဝေဒနာ များမှာ မျက်ခမ်းစပ်ခြင်း၊ မျက်စိနာခြင်း၊ မျက်စိယားခြင်း စသော ဝေဒနာများ ဖြစ်ကြ၏။ ယင်းရောဂါ ဝေဒနာများကို



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့လင်သားများအပေါ် သစ္စာရှိသော အမျိုးသမီးများ၏ ကျင့်ဝတ်ရည်ကို မျက်စဉ်းအဖြစ်ခတ်စေခြင်းဖြင့် ပျောက်ကင်းစေသည်ဟု သိရ၏။

အီဂျစ် သမားတော်ကြီးများသည် ထိုစဉ်ကာလကပင် မင်းဆွေမင်းမျိုး တော်ဝင်မိသားစုများ၊ လူကုံထံ လူချမ်းသာမိသားစုများ အလှအပ ပြုပြင်ရန်အတွက် ရေမွှေးနံ့သာရည်၊ အလှဆီ၊ ကိုယ်လိမ်း အမွှေးနံ့သာများကိုလည်း အထူးဖော်စပ်ပေးခဲ့ကြသည်။

သာဓကအားဖြင့် ဤဆောင်းပါး အစတွင် ဖော်ပြခဲ့သော တူတမ်ခမွန်ဘုရင်ကလေး၏ သချိုင်းဂူအတွင်းမှ တွေ့ရသော အမျိုးသမီး၊ အမျိုးသားအများ အလှပြင်ဆင်ရာတွင် အသုံးပြုခဲ့သော ဆေးဝါးများ၊ အမွှေးနံ့သာများ သာမက အလှပြင်ဆင်ရာတွင် အသုံးပြုသော ကိရိယာများကိုပါ တွေ့ရှိရသည်ဟု သိရ၏။

အီဂျစ်ရှေးဟောင်း သုတေသီများ၏ ရေးသားဖော်ပြချက်အရ အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းရှိ "ဘုရင်တို့၏ချိုင့်ဝှမ်း "The valley of the kings" ရှိ သချိုင်းဂူများအတွင်းမှ တူးဖော်ရရှိသော အီဂျစ်၊ မံမီ၊ ရုပ်အလောင်းအချို့တွင် ဦးနှောက်ကို ခွဲစိတ်ကုသထားသည်ကို အံ့ဖွယ်သူရဲ တွေ့ကြရသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ ကျူရှီးဆေး ပုရပိုက်ပါ မှတ်တမ်းများအရ ထိုစဉ်ကာလက ဘုရင့်ဆေးတက္ကသိုလ်မှ ကျောင်းဆင်းသမားတော်အများသည် လူနာအများအပြားတွင် စွဲကပ်သော ရောဂါဝေဒနာကို သောက်ဆေးအဓိကထား၍ ကုသကြပြီး ဓာတ်စာပေး၍ ကုသသောကုထုံးမှာ အဓိကဖြစ်ဟန်ရှိသည်။ လူနာများတွင် စွဲကပ်သော ရောဂါဝေဒနာအလိုက် လူနာများစားရမည့်ဓာတ်စာ၊ လူနာများနှင့်သင့်တော်သောဓာတ်စာဟု ခွဲခြားသတ်မှတ်ထားလေ့ရှိ၏။ မည်သည့်ရောဂါဝေဒနာ စွဲကပ်နေသော လူနာကို နေ့စဉ် ဘာလီယာဂုကိုသာ ကျွေးရမည်။ ပူစပ်သော အစားအသောက်များ စားသုံးခြင်းမပြုရန် လမ်းညွှန်ထားသည့် အချက်များကို ဆေးကျူရှီးပုရပိုက်များက ဖော်ပြထား၏။

ဆေးများဖော်စပ်ရာတွင် ဆေးဥ၊ ဆေးရွက်၊ ဆေးမြစ်တို့ကို သန့်ရှင်းစွာဆေးကြော၍ ရေနွေးဆူဆူဖြင့် ပြုတ်စေပုံ၊ ပြုတ်ရာတွင် သုံးခွက်တစ်ခွက်တင် သို့မဟုတ် ငါးခွက်တစ်ခွက်တင် ပြုတ်ရမည်။ ယင်းပြုတ်ရည်ကို မည်သို့စစ်ယူရမည့်အကြောင်းကိုလည်း အသေးစိတ်လမ်းညွှန်ထားသည်။

လိမ်းဆေးများကိုလည်း သံလွင်ဆီ၊ ကြက်ဆူဆီများကို အသုံးပြု၍ လိမ်းရန်နှင့် အချို့ရောဂါ ဝေဒနာများကိုမူ ဆေးမှိုင်းတိုက်၍ ကုသစေသည်ဟု သိရ၏။

အီဂျစ်တို့၏ဘာသာရေး၊ အီဂျစ်တို့၏ ဂန္ဓာရီပညာနှင့် အီဂျစ်တို့၏ ဆေးပညာသည် အီဂျစ်ဘုန်းတော်ကြီးများထံမှ လက်ဆင့်ကမ်းသင်ယူခဲ့ကြရသော ဘာသာတစ်ရပ်ဖြစ်ရာ အခြေခံမူအားဖြင့် တူညီကြသည်။ အီဂျစ်သမားတော်ကြီးများ တက်ရောက်၍ ဆေးပညာဆည်းပူးခဲ့ရသော ဘုရင့်၊ ဆေးသိပ္ပံတွင် သင်ကြားပို့ချသော ပညာရှင်များမှာ ဘုန်းတော်ကြီးများသာ ဖြစ်ကြသည်။ ထိုဘုန်းတော်ကြီး အများအပြားသည် နက္ခတ်ဗေဒင်ပညာ ကိန်းဂဏန်းပညာရပ်များကိုလည်း တတ်ကျွမ်းသူများဖြစ်ကြရာ သူတို့ပေးသောဆေးကို လေးရက် သို့မဟုတ် ခုနစ်ရက် မှီဝဲရမည်ဟု ညွှန်းလေ့ရှိ၏။

မည်သို့ပင်ဖြစ်စေကာမူ အီဂျစ်တို့၏ ရှေးဟောင်းဆေးပညာသည် နှစ်ပေါင်း ၃၀၀၀ ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း များစွာအံ့သြဖွယ်ပင် ဖြစ်တော့သည်။

❑ ရွှေမြိုးထက်


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ... မိတ္တူကော်ပီထား၍ လပြည့်ဝန်း... တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါ... မရွေးချယ်သော စာမူများကို ပြန်... ပို့မည်မဟုတ်ပါ။

**အထူးသတိပြုချက်**

တခြားမဂ္ဂဇင်းတိုက်များသို့ ... ပြိုင်တည်း ပေးပို့ခြင်းမျိုး တစ်နှ... တခြားမဂ္ဂဇင်းတိုက်များတွင် အ... သော စာမူများကို ထပ်မံပေးပို့... မပြုလုပ်ကြပါရန် မေတ္တာရပ်ခံ...

စာမူများ ပေးပို့ကြရာတွ... လက်ရေးလှရမည်ဟု မဆိုလိုပါ... အယ်ဒီတာများ၊ စာစီသမားများ ... မည့်အရေးအသားမျိုး ဖြစ်ရပါမည်...

လက်ရေးညံ့သော စာမူ... မည်မျှပင် မိုးပျံအောင်ကောင်း... မည်သည့်နည်းနှင့်မျှ ရွေးချယ်... မဟုတ်ကြောင်း ကြိုတင်အသိ... သည်။

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိ...
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင်ငါးရာတိတိ ...



**ဆက် သွယ် ရန်**
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာ...
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၅၀၆၆၈






www.burmeseclassic.com

www.burmeseclassic.com

# ...ဇာရွက် အစဆောင်

## ကန့်ဘလူ ကံတင်အောင်

၂၀၁၁ ခုနှစ် မိုးရာသီ။

...နွန်တော်တို့ရွာတွင် ပြည်နိုင်ဖြိုးဖလား ဘောလုံးပြိုင် ...သည်။ ဘောလုံးပွဲဆိုလျှင် အမျိုးသမီး၊ အမျိုးသား၊ ...အစ တက်တက်ကြွကြွ အားပေးကြည့်ရှုကြပါသည်။ ...ကလေးငယ်နှင့် အမျိုးသမီး သားသည်မိခင်များပင် ... ကြည့်ရှုအားပေးကြပါသည်။ မွေးပြီး သုံးလေးလ ...သားသမီးများကို ပွေ့ချီ၍ပင် ဘောလုံးပွဲကို အားပေး ...ည်။

သားသည်မအေများကို လူကြီးမိဘ နားလည်ကြသူ ... ဘောလုံးပွဲသွားကြည့်သည်နှင့် ပတ်သက်၍ သတိပေး ...ကြပါသည်။

"ဘောလုံးပွဲကြည့်တာကြည့်၊ ကလေးတွေ ခေါ်ခေါ် ...င် ဩဇာပင်က ဩဇာရွက်ခူးသွား၊ ခေါင်းမှာပန်သွား၊ ... ကြမ်းတယ်၊ ကလေးတွေ တစ္ဆေပါခဲ့ရင် မေးရ မြန်းရ ...စာပစ်ရန့် သေချာဆောင်သွား"

ဘောလုံးပွဲသွားကြည့်ကြမည့် ကလေးမိခင်တိုင်းကို ...နားဝရှိသည့် အတွေ့အကြုံရထားဖူးသည့် အကြား ...ရှိသည့် မိဘတိုင်းက သတိပေးစကား ပြောကြားခြင်း ...သည်။

ဘောလုံးပွဲ သွားကြမှ မဟုတ်ပေ။ တစ်ရွာမှ တစ်ရွာ ...ကြသည့်အခါမှာလည်း ဩဇာရွက် ဆောင်သွားကြရန်၊ ... ရွာပြင်သို့ ထွက်သည်ဆိုရုံဖြင့် ကလေးများပါသွား ... ဩဇာရွက်ကို ခေါင်းမှာပန်သွားရန် သတိပေးစကား ...ကြပါသည်။

နာနာဘာဝ၊ ဝိနာဘာဝ၊ သရဲ တစ္ဆေ စုန်းတို့ ဆိုသည် ...ယုံကြည်ကြ၍ မဖြစ်ပေ။ ဂမ္ဘီရဆန်သည်ဟု ဆိုရလောက် ...င် ထူးခြားသည်၊ ဆန်းပြားသည်၊ တုန်လှုပ်ချောက်ချား ... ဖြစ်ရသည်။

နာနာဘာဝ၊ ဝိနာဘာဝ၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ၊ ...ဘုံသားတို့မှာ ကောင်းကျိုးသာမပေးကြ၊ ဆိုးကျိုး ...ယ်ကိုတော့ တစ်ခုမဟုတ်တစ်ခု ဆိုသလို ပြုစားနောက် ...င် ခြောက်လှန့်တတ်ကြပါသည်။ အထူးသဖြင့် ကလေး ...ယ်များကို ရုတ်တရက်ဆိုသလို ဖိုက်နာအောင်ပြုကာ ...နေ ငိုကြွေးလာအောင်အထိ ဒုက္ခပေးတတ်ပါသည်။ ...မာရေး ချို့တဲ့ချည့်နဲ့နေသည့် လူလတ်ပိုင်း၊ လူကြီးပိုင်း ...ကိုလည်း ပူးကပ်ရလျှင် ရသလို အတင်းဝင်ပူးကပ်၍ ဒုက္ခ ...တတ်ပါသည်။

စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ မှင်စာ၊ ပြိတ္တာတို့ နှောင့်ယှက်ထား၍ ရောဂါဝေဒနာ ခံစားနေရသည်ကို ကုသပါလျှင် လုံးဝမသက်သာဘဲ ဆေးမစွမ်းဟု ဆိုရလောက်အောင်အထိ ဖြစ်ကြရပါသည်။

သို့ကြောင့်လည်း ရှေးရိုးအစဉ်အလာကတည်းက ကလေးမိခင် ဝေဒနာရှင်တို့မှာ ရွာပြင်သို့ထွက်ကြသည့်အခါ ဩဇာရွက်ကို ခေါင်းမှာဆောင်၍သွားကြရန် အခါမလပ် သတိပေးပြောကြားနေကြခြင်း ဖြစ်ပါသည်။

ဩဇာရွက်ကို ဆောင်သွားခြင်းဖြင့် ရွာပြင်ရှိ သရဲ တစ္ဆေ စုန်း၊ ကဝေနှင့် ပြိတ္တာဘုံသားများအနေဖြင့် ဩဇာရွက်မှာသာ ကပ်လိုက်လာပြီး ရွာထဲဝင်တော့မည်ဆိုသည်နှင့် ဆောင်လာခဲ့သော ဩဇာရွက်ကို ပစ်ချထားခဲ့ရခြင်းဖြင့် ပြိတ္တာဘုံသားများ အိမ်အထိ မလိုက်နိုင်ကြတော့ပေ၊ ပူးကပ်၍ နှောင့်ယှက်မှု မပြုနိုင်ကြတော့ပေ။

ပျိုပျိုအိုအို ကလေးသူငယ်များ ခေါ်ဆောင်၍ ရွာပြင်သို့ သွားကြမည်ဆိုပါက လုံးဝမပင်ပန်းသည့် ဩဇာရွက်ကို ဆောင်သွားသင့်ပါကြောင်း အကြံပြုလိုပါသည်။ ဩဇာရွက်မဆောင်ဘဲ ရွာပြင်သို့ တလေးသူငယ်များ ပွေ့ချီခေါ်ဆောင်သွားခဲ့သည်ကြောင့် အိမ်ရောက်သည်နှင့် ကလေးမှာ ရုတ်တရက် မရပ်မနားငိုကြွေးကာ ဟိုဆရာခေါ် ဒီဆရာခေါ်နှင့် မရနိုင်အောင် ဒုက္ခရောက်ကြပါသည်။

နာနာဘာဝ၊ ဝိနာဘာဝ၊ သရဲ တစ္ဆေစာကို စလောင်းဖုံးမှာ၊ ခေါစာခွက်မှာထည့်ကာ ရွာပြင်သို့သွား၍ ပစ်ကျွေးလေမှ ဆေးမကုရဘဲ ကလေးအငိုတိတ်ကာ ကျန်းမာခဲ့ကြရသည့် လက်တွေ့သာဓကများ ရှိခဲ့ပါသည်။ သွေးရိုးသားရိုးမဟုတ်ပါဘဲ ကျန်းမာနေပါလျက် ရုတ်တရက် ငိုကြွေးပြီး ကယောင်ကတမ်းဖြစ် မူလပုံမှန်အတိုင်း မဟုတ်ခဲ့လျှင် ရွာပြင်မှ ပြိတ္တာဘုံသား ကပ်ပါနှောင့်ယှက်လာ၍ ဖြစ်သည်ကို သတိပြုရပေမည်။

ရှေးဘိုးဘွား လူကြီးသူမများကား အစဉ်အဆက်ဆိုသလို အကြားအမြင် ရှိခဲ့ကြသူများ ဖြစ်ပါသည်။ အတွေ့အကြုံ ရခဲ့ကြသူများ ဖြစ်ပါသည်။ မယုံကြည်၍ မဖြစ်ပါ။ လက်တွေ့သာဓကများ ပြနိုင်ခဲ့ကြပါသည်။ ဩဇာရွက် ရွာပြင်ဆောင်သွားရန် ဆိုသည်မှာ နှီးစီအရွယ် ခါလည်သားအထိ ခေါ်ဆောင်သွားကြသည့်အခါမျိုး ဖြစ်ပါသည်။ အပန်းမကြီးပေ။ မိမိရင်သွေး ကလေးငယ်များကို စိတ်ချမ်းသာစွာဖြင့် ရွာပြင်ခေါ်ဆောင်သွားနိုင်ကြရေး ဩဇာရွက်ဆောင်ပေးကြပါဟု စေတနာမှန်ဖြင့် အကြံပြုရေးသားလိုက်ရပါသည်။

❑ ကန့်ဘလူ ကံတင်အောင်





www.burmeseclassic.com

www.burmeseclassic.com


# သုတစုံဖြော

ဖိုးရွှေလမင်း

## ရှက်တော့ရှက်တာပေါ့

လွန်ခဲ့သော ၂၀၁၂ ခုနှစ်တုန်းက တေးသီချင်းသီဆိုမှု ထူးချွန်ဂရမ်မီဆုရှင် ဖြစ်ခဲ့သော ကန်းထရီးဘုရင်မ ဇေ.လာဆွစ်ဖ်သည် ယခုနှစ် တေးသီချင်းထူးချွန် ဂရမ်ဆီဆု လေးဆုရနိုင်ကြောင်း၊ ဂီတလောကစာနယ်ဇင်းများတွင် ကြိုတင်တစ်ပေးခြင်း ခံခဲ့ရသည်။ သို့ရာတွင် သူမအနေနှင့်အပိုင်တွက်ထားသော်လည်း တကယ်တမ်း ဆုတစ်ဆုမျှပင် ချီးမြှင့်ခြင်း မခံခဲ့ရသောကြောင့် စိတ်ထိခိုက်သွားခဲ့ရသည်ဟု ဂီတမီဒီယာတို့က ရေးသားဖော်ပြခဲ့ကြသည်။ (၅၆)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် သူမ၏အမည်ကို ကြေညာခြင်းမရှိသော်လည်း စိတ်ထိခိုက်မှုကို ဖုံးကွယ်သည့်သဘောမျိုးဖြင့် ရက်ပါကန်ဒရစ်ဘာမာ၏ မြူးကြွသော တေးသံနှင့်အတူ ပါဝင်ကခုန်ခဲ့သည်ဟု မေးလ်အွန်လိုင်းမှ ဖွလိုက်လေသည်။







## သူ့အကြိုက်

လှပနုပျိုစိုပြည်တဲ့ ဆယ်ကျော်သက် မိန်းက... တွေရဲ့ သဘာဝဟာ တစ်ခါတလေ အတော့်ကို ထူး... ဆန်းဆန်း ရူးရူးနှမ်းနှမ်း ဖြစ်လေ့ဖြစ်ထရှိတာ ခမ္... သဘောလို့ ပြောရမယ်ထင်ပါတယ်။ ပုံထဲက မိန်းမပျို... ဟာ ဟောလိဝုဒ်ရုပ်ရှင်မင်းသားတွေထဲမှာ မင်းသား... TOM SELLECK ကို နှစ်သက်သဘောအကျဆုံး ဖြ... သတဲ့။ ဒါကြောင့် သူ့ပုံကို (ဖက်ရှင်မဂ္ဂဇင်း) ဓာတ်ပုံသ... ထောက်က ရိုက်နေစဉ်မှာ "ခဏလောက်နေပါဦး၊ ကျွန်... ဟောဒီလိုနှုတ်ခမ်းမွေးနဲ့ တစ်ပုံလောက်ရိုက်ပေးပါဦး... ဆိုပြီး သူမရဲ့ဆံပင်ကို နှာခေါင်းနဲ့ အပေါ်နှုတ်ခမ်းကြား... မှာ ဖိညှပ်ထားလိုက်ပါသတဲ့။ အဲဒီပုံကို ရိုက်ပြီးတဲ့အ... "ကျွန်မကို တွမ်ဆဲလက်ခ်လို့ ခေါ်နိုင်ပါတယ်" တဲ့။ ပြ... စရာ အမှတ်တရပုံလေးတစ်ပုံ ဖြစ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




## အကူအညီ

နိုဝင်ဘာလ ၁၇ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် အသိအမှတ်ပြုထားကြသော "WORLD PREMATURITY DAY" ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မွေးဖွားချိန်မတိုင်မီ လမစေ့ဘဲ မွေးခဲ့ကြရသော ကလေးပေါင်း (၁၅)သန်းရှိသည်။ ထိုကလေးများထဲမှ တစ်သန်းကျော်မှာ သေဆုံးခဲ့ကြရသည်။ ယင်းသို့ သေဆုံးမည့်ကလေးများအနက် ၇၅ ရာခိုင်နှုန်းကို မသေစေရန် ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကမ္ဘာတည်းတွင် အတူနေထိုင်ကြသူများ "GLOBAL COMMUNITY" အချင်းချင်း ဆက်သွယ်ကာ အတွေ့အကြုံချင်း ဖလှယ်၍ ကူညီကြခြင်းအားဖြင့် "မျှော်လင့်ချက်များ ပျံ့နှံ့စေပါ၊ အသက်များကို ကယ်တင်ပါ"ဟူ၍ ခိုင်းမ်ဖောင်ဒေးရှင်းမှ ကြေညာသည်။ facebook.com/worldprematurityday သို့ ဆက်သွယ်နိုင်ကြောင်း ဖော်ပြထားသည်။

## အသားရှောင်သူများ




လူသားတွေဟာ အစားအစာနဲ့ ပတ်သက်ရင် အရသာရှိရှိ အသားတွေကို နှစ်နှစ်ခြိုက်ခြိုက် ခုံခုံမင်မင်စားကြပါတယ်။ ဒါပေမယ့် အဲဒီအသားတွေကို စားကြတဲ့အတွက် ဆိုးဆိုးရွားရွား အန္တရာယ်တွေ ဖြစ်လာကြတယ်။ ဒါကြောင့် နိုင်ငံတကာ ကျန်းမာရေး သုတေသန ပညာရှင်တွေဟာ အချိန်ကာလ အနည်းငယ်ကြာတဲ့အထိ အမျိုးသား၊ အမျိုးသမီး ၈၀၀၀၀ ကို အစားအစာ အာဟာရနဲ့ ပတ်သက်လို့ သုတေသန ပြုခဲ့ကြပါတယ်။ အုပ်စုနှစ်စုခွဲပြီး တစ်စုကို ငါး၊ ပေါင်မုန့်၊ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်တွေချည်းပဲ စားစေတယ်။ နောက်တစ်ခုကိုတော့ ဝက်သား၊ အမဲသား၊ ကြက်သား၊ သိုးသား၊ ဆိတ်သား စတဲ့အသားတွေချည်းပဲ ကျွေးမွေးခဲ့ပါတယ်။ အချိန်ကာလအားဖြင့် ရက်သတ္တ (၁၂)ပတ်ကြာတဲ့အခါမှာ ဟင်းသီးဟင်းရွက်ချည်းပဲ စားတဲ့အုပ်စုဟာ အသားအရေ စိုပြည်ကြည်လင်ပြီး ရောဂါဘယလည်း ကင်းရှင်းနေတာ တွေ့ရပါတယ်။ အသားတွေချည်း စားခဲ့တဲ့အုပ်စုဟာ အရေပြားတွေ ကြမ်းတမ်းလာပြီး မျက်နှာပေါ်မှာလည်း အဖုတွေ အပိမ့်တွေ ထွက်လာကြပါသတဲ့။ အဲဒီတွေ့ရှိချက်ကို ကျန်းမာရေးဆိုင်ရာ စာနယ်ဇင်းတွေမှာ ဖော်ပြခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




## စက္ကန့် ၆၀ နဲ့ ဟင်း

ဥရောပတိုက်မှ နိုင်ငံအသီးသီး၏ အစားအစာ ဟင်းလျာများအနက် အာရှနိုင်ငံသူ၊ နိုင်ငံသားများ ခံတွင်းတွေ့နိုင်ဖွယ်ရာရှိသော အစားအစာ ဟင်းလျာများအဖြစ် လက်ခံကြသည်မှာ အီတာလျံဟင်းလျာ အစားအစာများဖြစ်သည်။ ယခုအခါတွင် အီတာလျံအစားအစာများကို အီတလီ စားဖိုမှူးများလက်ရာဖြင့် ချက်ပြုတ်စရာမလိုဘဲ အသင့်စားသုံးနိုင်စေရန် ဖန်တီးထုတ်လုပ်၍ နိုင်ငံတကာ(အထူးသဖြင့် အာရှနိုင်ငံ) များကို တင်ပို့ရောင်းချလိုက်သည်။ မိုက်ခရိုဝေ့ဖ်ဖြင့် စီမံပြုလုပ်ထားပြီး ဓာတုပစ္စည်း လုံးဝမပါဘဲ ရာခိုင်နှုန်းပြည့် သဘာဝသီးနှံများ၊ ရိုးရာမပျက် MARINARA SAUCE တို့ပါဝင်သည်။ စက္ကန့် ၆၀ မျှသော အချိန်တိုအတွင်း အသင့်စားသောက်နိုင်စေရန် စီမံထားကြောင်း ကြေညာထားသည်။



## အကောင်းဆုံး ဘောသမား

၂၀၁၃ ခုနှစ် (တစ်နှစ်လုံးအတွက်) ဖီဖာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ချီးမြှင့်ပွဲအခမ်းအနားကို လွန်ခဲ့သော ဇန်နဝါရီလ ၁၃ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ကျင်းပခဲ့လေသည်။ ထိုကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရီးယဲလ်အသင်း၏ ပေါ်တူဂီ လက်ရွေးစင်အသင်းခေါင်းဆောင် စီရော်နယ်လ်ဒိုက ဆွတ်ခူးနိုင်ခဲ့သည်။ နောက်ဆုံး ဆန်ခါတင်သုံးဦးစာရင်းတွင် စီရော်နယ်လ်ဒိုနှင့်အတူ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၊ ဘေယန်မြူးနစ် တောင်ပံကစားသမား ရီဘာရီတို့ ပါဝင်ခဲ့ကြသည်။ ထိုသုံးဦးထဲမှ စီရော်နယ်လ်ဒိုက ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံချီးမြှင့်ခြင်း ခံခဲ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန် ဆန့်ကျင်သူများ

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အိန္ဒိယ ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းအမျိုးသမီးဖြစ်သူ ခိုဘရာကိတ်ကို ဖမ်းဆီးထိန်းသိမ်းပြီးလျှင် စစ်ဆေးရှာဖွေရာတွင် အဝတ်အစားများကို ချွတ်လျက် အရှက်ရစေသည့်တိုင်အောင် ပြုလုပ်ခဲ့သောကြောင့် အိန္ဒိယတွင် အမေရိကန် ဆန့်ကျင်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းကိုယ်တိုင် အမေရိကန်အာဏာပိုင်များ၏ အပြုအမူကို ပြင်းထန်စွာ ပြစ်တင်လိုက်သည်။ ယခုအခါ နယူးဒေလီတွင်သာမက မွမ်ဘိုင်း၊ ချန်နိုင်းနှင့် ဟိုက်ဒရာဘတ်တို့ အပါအဝင် အိန္ဒိယနိုင်ငံအနှံ့အပြားတွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်နေကြသော လူအုပ်ကြီးသည် လမ်းမများပေါ်သို့ပင် ထွက်လာကြသည်ကို တွေ့မြင်ရသည်။





## လှတပတ ခွေး

အနောက်နိုင်ငံမှာ ခွေးမွေးတဲ့ ခွေးပိုင်ရှင်တွေဟာ မျိုးကောင်းမျိုးသန့် အမျိုးတူချင်း သားဖောက်ပြီး အစစ်အမှန် မျိုးရိုးဖြစ်ကြောင်း ဂုဏ်ယူလေ့ရှိကြပါတယ်။ တစ်နှစ်တစ်ကြိမ် ခွေးအလှပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်တဲ့အခါမျိုးကျရင် ပုံထဲမှာ ဖော်ပြထားတဲ့အတိုင်း ခွေးအမွေးတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အလှပြင်ပြီး ပြိုင်ပွဲဝင်ကြပါတယ်။ အဲဒီပြိုင်ပွဲမှာ အလှချင်းပြိုင်ရုံသာမက အရည်အချင်းလည်း ယှဉ်ပြိုင်ကြပါသေးတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်ချိန်နီးလာတဲ့အခါမျိုးမှာ ခွေးထရိန်နာတွေက ခွေးတို့ တတ်အပ်တဲ့ အတတ်ပညာတွေကို ထူးထူးချွန်ချွန် တတ်မြောက်စေရန် လေ့ကျင့်ပေးလေ့ရှိကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အောင်ပွဲခံ ပြည်သူ့စစ်များ

မက္ကစီကိုနိုင်ငံ အနောက်ပိုင်းရှိ မြို့တစ်မြို့ကို မူးယစ်ဆေးဝါးဂိုဏ်းတစ်ခုက ထိန်းချုပ်ထားခဲ့သည်။ ယင်းသို့ ထိန်းချုပ်ထားခြင်းကို နယ်မြေခံကာကွယ်ရေး ပြည်သူ့စစ်များက ပြန်လည်သိမ်းယူခဲ့သည်။ ထို့ကြောင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့လေသည်။ ထိုဒေသတွင် အကြမ်းဖက်မှု ပျံ့နှံ့နေပြီး မူးယစ်ဆေးဝါးဂိုဏ်း၏ စီးနင်းမှုကို ဒေသခံ ပြည်သူ့စစ်များက အနိုင်ရ အောင်ပွဲခံခဲ့ခြင်း ဖြစ်သည်။ နယ်မြေကာကွယ်ရေး ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့ဝင် ရာပေါင်းများစွာက ထရပ်ကား ၁၀၀ ကျော်ဖြင့် မီချိုအာကန်ပြည်နယ် နူအီဗာအီတာလီယာမြို့ကို တိုက်ခိုက်ခဲ့ကြရာ တိုက်ပွဲဖြစ်ချိန် တစ်နာရီခွဲအကြာတွင် ပြန်လည်သိမ်းယူနိုင်ခဲ့ကြသည်။





## ဂျာနယ်လစ်များ အရေး

အမေရိကန်အခြေစိုက် ဂျာနယ်လစ်များအရေး ကာကွယ်ပေးနေသော ကော်မတီ (CPJ) သည် ၂၀၁၃ ခုနှစ်တွင် အဖမ်းခံခဲ့ရသော ဂျာနယ်လစ်ပေါင်း ၂၀၀ ကျော်မှာ လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်ရင်း အဖမ်းခံခဲ့ကြရခြင်း ဖြစ်သည်။ ထိုဂျာနယ်လစ် ၂၀၀ ကျော်ထဲတွင် တူရကီ၊ အီရန်နှင့် တရုတ်ဂျာနယ်လစ်တို့က ထက်ဝက်ကျော်ပါသည်။ ထိုဂျာနယ်လစ်ထက်ဝက်မှာ အင်တာနက်ပေါ်တွင် စာပေများ ရေးသားဖြန့်ဝေမှုကြောင့်နှင့် ၇၉ ဦးမှာ ပုံနှိပ်မီဒီယာတွင် ဖော်ပြခဲ့ကြခြင်း၊ ၂၈ ဦးမှာ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် အသံလွှင့်ခဲ့ကြသောကြောင့် ထိန်းသိမ်းခံခဲ့ကြရခြင်းဖြစ်ကြောင်း CPJ က ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၃ ခု နှောင်းပိုင်းတွင် ကြေညာထားသော စာရင်းများအရ ဆီးရီးယားနိုင်ငံ တစ်ခုတည်းတွင်ပင် ပျောက်ဆုံးနေသော ဂျာနယ်လစ် စုစုပေါင်း ၃၀ ဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




## ရှက်ကြောပြတ်သူများ

အမျိုးသားနှစ်ယောက် (ကတုံးနဲ့တစ်ယောက်၊ ဆံပင်နဲ့တစ်ယောက်) ရယ်ရယ်မောမောနဲ့ နှာခေါင်းချင်းဖိပြီး ထိကပ်နေကြပုံကို ဓာတ်ပုံသတင်းထောက်တစ်ယောက်က လျှပ်တစ်ပြက်ရိုက်ချက်နဲ့ မှတ်တမ်းတင်ပြီး ဖက်ရှင်မဂ္ဂဇင်း "GLAMOUR COM" ရဲ့ စာမျက်နှာပေါ်မှာ တင်လိုက်တာကို တွေ့မြင်ဖတ်ရှုလိုက်ရပါတယ်။ တကယ်တော့ အနောက်နိုင်ငံအတော်များများဟာ လိင်တူချင်း တရားဝင်လက်ထပ် ပေါင်းသင်းခွင့်နဲ့ ပတ်သက်ပြီး ကန့်ကွက်ကြ၊ ထောက်ခံကြနဲ့ အလုပ်မရှိအလုပ်ရှာ (ကြောင်ရေချိုး)နေကြသတဲ့။ သတင်းဓာတ်ပုံထဲက အမျိုးသားနှစ်ယောက်ကတော့ နမ်းတဲ့လူက နမ်းတာကို အနမ်းခံတဲ့လူက နှစ်သက်သဘောကျနေတဲ့အတွက် ပြဿနာမရှိပါဘူးတဲ့။ တကယ်လို့များ သူတို့နှစ်ယောက် လက်ထပ်ပေါင်းသင်းကြမယ်ဆိုရင်လည်း (ဘယ်သူကမှ) ကန့်ကွက်စရာအကြောင်း မရှိပါဘူးတဲ့။

## အွန်လိုင်းကြော်ငြာစာအုပ်

PROVOCATIVE IMAGES.
REMARKABLE PERSONALITIES.
EXCLUSIVE ACCESS.



နိုင်ငံတကာ ဖက်ရှင်လောက အနုပညာနှင့် ယဉ်ကျေးမှုနယ်ပယ် အသီးသီးမှ စိတ်ဝင်စားဖွယ် အသွင်သဏ္ဌာန်များ၊ ထူးခြားပြောင်မြောက်သော ဥပမိရုပ်များ၊ သီးသန့်ချဉ်းကပ်မှုများဖြင့် ရရှိခဲ့သော အချက်အလက်များကို အခြေခံလျက် လျှမ်းလျှမ်းတောက် အောင်မြင်ထင်ရှား လူသိများ၍ ထင်ပေါ်ကျော်ကြားသူများ၏ ပထမ နှစ်ပေါင်းလေးဆယ် အကြောင်းအရာများကို စုပေါင်းထားသည်။ စာနယ်ဇင်းလောကတွင် သမနိရှည်ကြာစွာ အရည်အချင်းပြည့်ဝသော အယ်ဒီတာများဖြစ်ကြသည့် STEFANO TONCHI နှင့် CHRISTOPHER BAGLEY တို့ တည်းဖြတ်ကြသည်။ တင်ဆက်သူက JOHN B. FAIRCHILI ဖြစ်သည်။ နယူးယောက်ဝဠမရိပ်သာနှင့် ဘီဗာလီဟေးလ်စ် abramsbooks.com/w အွန်လိုင်းတွင် ရရှိနိုင်ကြောင်း ကြေညာထားသည်။ ထိုစာအုပ်သည် ထုတ်ဝေဖြန့်ချိခြင်းမပြုမီကတည်းက နိုင်ငံတကာ စာဖတ်ပရိသတ်ထဲတွင် ရေပန်းစားနေခဲ့သောကြောင့် အရောင်းစွံစာရင်းဝင် ဖြစ်နိုင်ကြောင်း မီဒီယာလောကမှ ကြိုတင်ခန့်မှန်းထားကြသည်။

❒ ဖိုးရွှေလမင်း



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ရောဂါပျောက်ရာ ဆေးနည်းများ

သုနန္ဒာစိုး (ရွှေရင်အေး)

### မီးဖွားပြီးလျှင်

"ဆရာမ ပြီးခဲ့တဲ့လက မီးဖွားခြင်းကိစ္စမှာ အဆုံးသတ်တယ်နော်"

"ဟုတ်ပါတယ်"

"ဒီတစ်ပတ်တော့ အမျိုးသမီးတွေ မီးဖွားပြီး သွေးပုပ်များ ကျန်နေသလား၊ အသားအရေအေးနေသလား၊ အသားညိုခြင်း ထုံခြင်းတွေဖြစ်သလား၊ အသားအရေတွေ တင်းဖောရောင်နေသလား၊ ထိတ်လန့်စိုးရိမ်မှု လွန်ကဲသလား၊ အဲဒီလက္ခဏာတွေ မဖြစ်ပေါ်ရအောင် မီးဖွားပြီးစ အမျိုးသမီးတွေ အဲဒီအခြေအနေဆိုးက ကင်းဝေးအောင် ဆောင်ရွက်နည်း မှတ်သားလိုပါတယ်ရှင့်"

"ဘာမှ ခက်စရာ မရှိပါဘူး၊ နနွင်းမှုန့်စစ်စစ်ကို တစ်နေ့လျှင် သုံးကြိမ်ခန့် သောက်ပေးပါ၊ နနွင်းမှုန့်ကို ရေနဲ့ ခပ် ပျစ်ပျစ်ကလေးဖျော်ပြီး နံနက် နေ့ ည တစ်နေ့သုံးကြိမ် တစ်ကိုယ်လုံး လိမ်းပေးပါ၊ လူးပေးပါ၊ အဖျားသွေးမရှိပါက နနွင်းပြုတ်ရည်နဲ့ ရေချိုးပေးပါ၊ ဒါဆို အသားနွေးပြီး တစ်သားမွေး တစ်သွေးလှဆိုတာ ဖြစ်လာပြီပေါ့ မမို့ရယ်"

### မွေးကျွတ်နာ

"ဆရာမ နောက်တစ်ခုက အခံရခက်တဲ့ မွေးကျွတ်နာ အမြန်ဆုံး သက်သာပျောက်ကင်းစေတဲ့နည်း မှတ်ချင်ပါတယ်ရှင့်"

"လွယ်ပါတယ် မမို့၊ မခက်ပါဘူး၊ ကျောက်ချဉ်ကို ကျောက်ပျဉ်ပေါ်မှာ ခပ်ပျစ်ပျစ်သွေး၊ ပြီးရင် မွေးကျွတ်နာ အနာဝမှာ လိမ်းပေးပါ၊ ဩဇာရွက်နဲ့ ထမင်းကို လုံးခြေကြိတ်နယ်ပြီး အဲဒီအဖတ်ကို မွေးကျွတ်နာပေါ် အုပ်ကပ်ထားပေးပါ၊ ရောင်တာလျော့မယ်၊ ကိုက်ခဲတာ ပျောက်မယ်၊ ပြည်ရင့်လာရင် ပေါက်ပြီး သက်သာပျောက်ကင်းသွားပါလိမ့်မယ်"

### မှက္ခရုပေါက်လျှင်

"ကလေးငယ်တွေရဲ့ လျှာနဲ့ ပါးစပ်တွေမှာ ပေါက် တတ်တဲ့ မှက္ခရုရောဂါများ ခံစားရရင် အတော်ဆိုးတယ် နို့မစို့နိုင်တော့ဘူး၊ အဲဒီရောဂါ ကုသပုံလေး မှတ်သား ပါတယ် ဆရာမ"

"ဟား ဒါလဲ မခက်ဘူးမမို့၊ လက်ချားမီးပေါက် ပရဆေးဆိုင်မှာ ဝယ်လိုက်၊ ပျားရည်စစ်စစ် ရအောင်ရှာ အဲဒီနှစ်မျိုးကို ဆတူရောစပ်ပြီး တစ်နေ့ နှစ်ကြိမ် ကလေး မှက္ခရုပေါက်တဲ့နေရာတွေကို လိမ်းပေးပါ၊ ရက်ပိုင်းအတွင်း ကွာကျပြီး သက်သာပျောက်ကင်းသွားပါမယ်"

### ရေနွေးပူ၊ ဆီပူလောင်လျှင်

"ရေနွေးပူ၊ ဆီးပူလောင်တာမျိုး ဖြစ်ရင် ကုသဖို့ သိပါရစေ"

"အင်း. . . ကန်စွန်းညွန့်အရွက်တွေဖယ်၊ အ ထောင်းထု၊ ပိတ်စိမ်းပါးနဲ့စစ်၊ အရည်ရရင် သကြားနည်းနည်း ထည့်ဖျော်၊ အဲဒီအရည်ကို ဂွမ်းစနဲ့တို့ပြီး အပူလောင် နေရာကို ဆွတ်တို့ပေး၊ ခြောက်လိုက် ဆွတ်လိုက် လုပ် အဖုလဲ မထွက်လာဘူး၊ အနာမှေးလဲ ကွာမယ်၊ အနာရွတ် မကျန်ဘူး၊ ထူးထူးခြားခြားဆေးနည်းပဲ"

### လေပူထ၊ လေချဉ်တက်ပျို့လျှင်

"ဆရာမ၊ လေမကြေသလိုဖြစ်ပြီး လေပူထ လေချဉ် တက် ပျို့အန်တာမျိုးဖြစ်ရင် ကုသပုံလေး မှတ်ပါရစေ"

"ဘာမှ မခက်ပါဘူး၊ ငုဝါပင် အမြစ်ကို ရအောင်ရှာ ပါ၊ အဲဒီအမြစ် လက်ညှိုးခန့်ကို ရေစင်အောင်ဆေးပြီး ပါးပါးလှီး၊ ပြီးရင် နွားနို့ထဲထည့်ပြုတ်ပါ၊ ပွက်ပွက်ဆူအောင် ကျိုပါ၊ အဲဒီအရည်ကို သောက်သုံးပေးပါ၊ လေပူထ လေချဉ်တက်တာ၊ပျို့အန်တာသက်သာပျောက်ကင်းပါ





www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## လိပ်ခေါင်းရောဂါ

"ဒီနေ့ခေတ်အထိ ကုသပုံအမျိုးမျိုး၊ ဆေးအမျိုးမျိုး သုံးနေရတဲ့ လိပ်ခေါင်းရောဂါကို အကောင်းဆုံးဆေးနည်း သိလိုပါတယ် ဆရာမ"

"မခက်လှပါဘူး မမိုးရာ၊ သက်ရင်းကြီးမြစ်ရရင် အဆင်ပြေပါပြီ၊ အဲဒီသက်ရင်းကြီးမြစ်ကို သံပရာရည်နဲ့ လက်ဖက်ရည်တစ်ဇွန်းစာရအောင် ပုံမှန်သွေးပြီး နေ့စဉ် သောက်သွားပါ၊ အညောင်းအကြောတက် ဝေဒနာများနဲ့ အတူ လိပ်ခေါင်းရောဂါလဲ တစ်ခါတည်း ပျောက်ကင်းသွား ပါလိမ့်မယ်"

## လည်ချောင်း ငါးရိုးစူးလျှင်

"ဆရာမ၊ အရိုးမျက် အရိုးစူးတာမျိုးဖြစ်ရင် ဘာလုပ်ရမှာလဲရှင့်"

"နည်းသိရင် မခက်ဘူး၊ သိပ္ပံနည်းကျသည်ဖြစ်စေ မကျသည်ဖြစ်စေ မြန်မာ့ဆေးမြီးတိုနည်းက အကုန်အကျ သက်သာစွာနဲ့ အထောက်အကူပြုတာတော့ အသေအချာပဲ၊ လုပ်ပုံနည်းက အရိုးစူးခံနေရသူရဲ့ လည်ချောင်းကို တံတောင်ဆစ်နဲ့ ထောက်ထားပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟု ကိုးခေါက်တိတိရွတ်ဆိုပြီး အောက်ကိုဆွဲချပါ၊ ရတနာသုံးပါးကို ယုံကြည်မှုသဒ္ဓါနဲ့ ရွတ်ဆိုဖို့တော့ အရေးကြီးပါတယ်၊ ငါးရိုးလဲ တဖြည်းဖြည်း နေရာ ရွေ့လာပြီး ဝမ်းဗိုက်တွင်းအစာအိမ်ကို ရောက်သွားပါလိမ့်မယ်"

## လေဖြတ်ခြင်းကင်းဝေးဖို့

"အခုခေတ် ဆေးဝါးပေါပေမယ့် လေဖြတ်တဲ့လူတွေ များတယ်၊ အဲဒီဝေဒနာပျောက်အောင် ဘာဆေးနဲ့ ကာကွယ်နိုင်ပါသလဲ ဆရာမ"

"မခက်ပါဘူး၊ တရုတ်စကားပွင့် အကြော်ပွင့်များ ရသလောက်စုပြီး နေလှန်း၊ အခြောက်ရရင် သိမ်းထား၊ လက်ဖက်ခြောက်လို ရေနွေးခပ်သောက်မယ်ဆိုရင် ဆီးဝမ်းလေတွေ မှန်ရုံမကဘူး၊ လေဖြတ်တဲ့ဝေဒနာဘေးကပါ ကင်းဝေးမှာ အသေအချာပါပဲ"

## လျှာခံတွင်းနာ

"ဘာစားစား ဆရာမရယ် အာခံတွင်းတွေ ပျက်မယ် ဆိုရင် ဘယ်လိုများ ကုသဆောင်ရွက်သင့်ပါသလဲဆရာမ"

"လွယ်ပါတယ်၊ ခက်စရာမလိုပါဘူး၊ သဖန်းပင်က သဖန်းရွက်ရင့်ရင့်ကိုခူး၊ ပြီး ပြာချ၊ အဲဒီပြာကို နည်းနည်းစီ လျက်ပေးပါ၊ လျှာနာရောဂါ ပျောက်မယ်၊ ခံတွင်းနာခြင်း၊ ခံတွင်းမကောင်းတဲ့အနံ့ထွက်ခြင်း အကုန်ပျောက်မယ်၊ ရေနဲ့ ဖျော်ငုံ ပလုတ်ကျင်းပေး သိပြီနော်"

## ဝဲစို ဝဲခြောက်

"ပြီးတော့ ဆရာမ၊ ဝဲစို ဝဲခြောက်တွေ ဘယ်နေရာမှပဲ ပေါက်ပါစေ အမြန်ပျောက်ကင်းစေတဲ့ ဆေးနည်းလိုချင်ပါ တယ်ရှင့်"

"ရပါတယ် မခက်ပါဘူး၊ တောင်မရိုးလို့ ခေါ်တဲ့ လက်ပံခါးပင်ကို ရအောင်ရှာ၊ အဲဒီအပင်က အခေါက်ကို အမှုန့် ရအောင်လုပ်၊ အုန်းဆီနဲ့ ရောစပ်ပြီးလိမ်းပေး၊ မကြာမီ ပျောက်တယ်"

## ဝမ်းဖောဝမ်းရောင်

"ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားပုံ ရှိပေမယ့် ဝမ်းဖော ဝမ်းရောင်ဖြစ်ရင် ဘာကုသမှုများ လုပ်ရ သလဲဆိုတာ မှတ်ပါရစေ ဆရာမ"

"ဒါလဲ မခက်ပါဘူး၊ ဆားမီးဖုတ်နဲ့ လင်းနေကို သွေးပြီး အရည်ကို လက်ဖက်ရည်ဇွန်းနဲ့ တိုက်ကျွေးပါ၊ ကလေး လူကြီးမရွေး လင်းနေနဲ့ ဆားမီးဖုတ် သွေးထားတဲ့ အရည် သောက်ပေးခြင်းအားဖြင့် ဝမ်းဖောဝမ်းရောင်မှ ကင်းဝေးသွားပါမယ်လို့ မှတ်ပေတော့"

## ဝမ်းနာ ဝမ်းကိုက်

"ပြီးတော့ ဆရာမ ဝမ်းနာဝမ်းကိုက် ဖြစ်နေရင်ရော ဘာဆေးဝါးကုသ ဆောင်ရွက်ရမယ်ဆိုတာ မှတ်ပါရစေ"

"ဟုတ်ပြီ၊ မခက်ပါဘူးလေ၊ မြင်းခွာရွက် ခုနစ်ရွက်၊ သကြားက တစ်ရွေးသား၊ စမုံနက် တစ်ရွေးသား၊ ပစ္စည်း သုံးမျိုး အမျှစီစုပါ၊ ရောကြိတ်ပါ၊ ဝမ်းနာ ဝမ်းကိုက်ဖြစ်နေ တဲ့သူကို အနည်းငယ် ခွံ့ပေးပါ၊ ချက်တိုင်မှာ အုံပေးပါ၊ မကြာမီ သက်သာပျောက်ကင်းသွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## သွေးဝမ်းသွားလျှင်

"သွေးဝမ်းတွေ သွားတာမျိုးဖြစ်နေရင်ကော အမြန်သက်သာဖို့ ဆောင်ရွက်ရမှာပါလဲရှင်"

"ဒါလဲ မခက်ပါဘူး၊ ဆီးဖြူသီး အစိမ်းကိုထောင်းပါ၊ ပိတ်စိမ်းပါးနဲ့ထည့်ပြီး အရည်ရအောင်ညှစ်ပါ၊ အဲဒီအရည်ကို သံပရာရည်စပ်ပါ၊ ဆီးဖြူသီးရည်နဲ့ သံပရာရည်ကို ရော စပ်ပြီး သောက်ပေးပါ၊ မရပ်မနားသွားနေတဲ့ သွေးဝမ်းရပ်သွားပြီး ကိုက်ခဲခြင်းပါ ရပ်သွားမယ်၊ ကဲကဲ ဒီဆေးကတော့ အမှန်အာနိသင်ထက်တဲ့ဆေးပဲ မမိုးရေ"

## သွားကိုက်လျှင်

"ဆရာမ၊ သွားကိုက်သွားနာတွေ ဖြစ်လာရင် ကုသ ပျောက်ကင်းနိုင်တဲ့ ဆေးဝါးများ သိပါရစေ မှတ်ပါရစေရှင့်"

"မခက်လှပါဘူး၊ မီးဖိုချောင်ပစ္စည်းတစ်ခုဖြစ်တဲ့ ချင်းကို ရေစင်အောင်ဆေးပြီး ပါးပါးလှီးပါ၊ ရလာတဲ့ ချင်းအဖတ်ကလေးတွေကို တစစ်စစ်ကိုက်နေတဲ့သွားပေါ် အုံထားပေးလိုက်ပါ၊ ယူပစ်သလို သက်သာပျောက်ကင်းသွားပါလိမ့်မယ်"

## သန်ထနေလျှင်

"ကလေးတစ်ယောက် ဗိုက်ပူနံကားဖြစ်ပြီး သန်ထနေရင် ဘယ်လိုပျောက်ကင်းသက်သာအောင် ဆောင်ရွက်ရမလဲ ဆရာမရယ်"

"လွယ်လှချေရဲ့ မခက်ပါဘူး၊ ကြက်သွန်နီဥကြီးကြီး တစ်လုံးကို ပါးပါးလှီး၊ ရေထည့်ထားတဲ့ ခွက်တစ်ခွက်ထဲ ထည့်စိမ်ပါ၊ နံနက်မှစိမ်လျှင် ညနေရောက်သော် စိမ်ထားတဲ့ ကြက်သွန်ဖတ်များ ဆယ်ထုတ်လိုက်ပါ၊ ကျန်တဲ့အရည်ကို သောက်ပေးပါ၊ သန်ကောင်များ ငြိမ်ကျသွားပြီး ဝမ်းသွားတဲ့အခါ ထွက်ကျလာပါလိမ့်မယ်၊ အေးကောင်းတစ်လက်ပါ"

## သွေးတိုးရောဂါ

"သွေးတိုးရောဂါ အခြေအနေ စလာပြီဆိုရင် ဘယ်လို ကုသမှုမျိုး လုပ်ရမယ်ဆိုတာ သိချင်ပါတယ်ဆရာမရှင့်"

"ဒါလဲ ခက်တဲ့ကိစ္စ မဟုတ်ပါဘူး၊ ဇကရာဇ်ရွက်ရအောင်ရှာပါ၊ ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုပါ၊ ပိတ်စိမ်းပါးနဲ့ စစ်ပါ၊ အဲဒီဇကရာဇ်ပြုတ်ရည်ထဲကို ရှောက်... အနည်းငယ်နဲ့ ပြားရည်အနည်းငယ်ထည့်ပြီး တစ်နေ့ နှစ်... သောက်ပေးပါ၊ အမူးအမော်လဲပျောက် သွေးတိုးလဲပျော... ပါတယ်"

## သွေးချုပ် လေချုပ် ဝမ်းချုပ် ဆီးချုပ်

"ဆရာမရေ သွေး ဝမ်း ဆီး လေတွေ ချုပ်ပြီး... ပျောက်ကင်းသက်သာတဲ့ဆေးနည်း မှတ်လိုပါတယ်"

"မခက်ပါဘူး၊ အရသာ အေးခါးမာတ်ရှိတဲ့ ... ကလာပင် အဖြူဖြစ်စေ အနီဖြစ်စေ အစို သို့မ... အခြောက် လက်တစ်ဆုပ်စာခန့်ကို ထန်းလျက် ငါးလုံး... သုံးခွက်တစ်ခွက်တင်ပြုတ်ပါ၊ ရရင် ဆားလေးလေး... နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် တစ်နေ့နှစ်ကြိမ် သုံး... ဆက်သောက်ပါ၊ သွေး ဝမ်း လေ ဆီးချုပ်တာတွေ သ... ပျောက်ကင်းပါတယ်"

## သွေးဆုံးကိုင်

"အမျိုးသမီးများ အသက်လေးငါးဆယ် ... လာရင် အဲဒီသွေးဆုံး ဝေဒနာကိုင်တော့တာပဲ၊ အဲဒါကို ... လိုသက်သာအောင် ကုသရမလဲဆိုတာ မှတ်ပါရစေ ဆ..."

"ကင်ပွန်းရွက်ကြမ်း များများရအောင်ရှာ၊ သ... သို့မဟုတ် ထန်းလျက် တစ်ခုခုနဲ့ ရေထည့်ပြီး သုံး... တစ်ခွက်တင်ကျိုပါ၊ ပွက်ပွက်ဆူရင် မီးဖိုပေါ်ကချ ... တစ်ကြိမ် ညတစ်ကြိမ် ပုံမှန်သောက်၊ အကြမ်းပ... တစ်ဝက်ခန့် သောက်ပေးပါ၊ သွေးဆုံးကိုင်ဝေဒနာ သ... ပျောက်ကင်းသွားပါလိမ့်မယ်"

## သွေးချို ဆီးချို

"ဆရာမရယ် သွေးချို ဆီးချို ဝေဒနာတွေဖြစ်... လူတွေ သက်သာပျောက်ကင်းအောင် ဘယ်လိုများ... ရွက်ရပါ့မလဲ ဆရာမရယ်၊ မှတ်ပါရစေ"

"မမိုး သေချာလိုက်မှတ်၊ မခက်ပါဘူး၊ နနွင်း... ကျပ်သား၊ ရှိန်းခို ၂ ကျပ်သား၊ သိန္ဓောဆား ၂ ကျ... စုစုပေါင်း ဆေးအလေးချိန် ၁၄ ကျပ်သားတို့ကို ... စပ်ပါ၊ သမအောင် မွှေပါ၊ ဆီးသီးလုံးခန့်လုံးပြီး နေ... ခြောက်သွေ့အောင်ထားပါ၊ ခြောက်ပါက လေလုံ...



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ပုလင်းမှာထည့် နံနက် တစ်လုံး ညတစ်လုံး ရေအေးအေးနဲ့ သောက်ပါ၊ သွေးချို ဆီးချို ဝေဒနာတွေ ပျောက်ကင်းသွားပါလိမ့်မယ်"

## အိပ်ပျော်စားဝင်ဖို့

"ဆရာမ၊ လူတစ်ယောက် အိပ်ပျော်ဖို့နဲ့ စားဝင်ဖို့ တော်တော်အရေးပါတယ်၊ အဲဒီကိစ္စ အောင်မြင်အောင် ဘယ်လိုဆေးမျိုး မှီဝဲရမလဲ အမိန့်ရှိပါ"

"မမိုး ခက်စရာမရှိပါဘူး၊ ကြက်သွန်ဖြူဥတစ်လုံး ဝယ်ပါ၊ ပြီးရင် ကြေးချိတ်နဲ့ အပေါက်ကလေးများဖြစ်အောင် ဖောက်ပါ၊ များများဖောက်ပြီးရင် ပျားရည်ထည့်ထားတဲ့ ပုလင်းထဲကိုထည့်ပါ၊ စိမ်ထားပါ၊ အဲဒီပျားရည်စိမ်ထားတဲ့ ကြက်သွန်ဖြူဥတစ်လုံးကို နေ့စဉ် တစ်လုံး သောက်ပါက စားဝင် အိပ်ပျော် ကျန်းမာရေး ကောင်းပါတယ်"

## အသံဝင် အသံပျက် မသံမထွက်

"ဆရာမ၊ အသံကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်တဲ့ လူတွေအဖို့တော့ အသံဝင် အသံပျက် အသံမထွက်ရင် ဒုက္ခတွေ့တာပဲ၊ ဒါကြောင့် အဲဒီဝေဒနာတွေ ပျောက်ဖို့ ဆေးနည်း ပေးပါရှင်"

"ရေးပေတော့ မခက်ပါဘူး၊ ရေစင်အောင် ဆေးကြောထားတဲ့ ချင်းတက်ကို ခုနစ်လွှာလောက် ခပ်ပါးပါးလှီး၊ အိုးတစ်လုံးမှာထည့်၊ ထန်းလျက် သုံးခဲလောက်ထည့်၊ ရေသင့်ရုံထည့်၊ သုံးခွက် တစ်ခွက်တင်ကျို၊ အအေးခံ သောက်ပါ၊ အကြမ်းပန်းကန် တစ်ဝက်လောက် နံနက် ည သုံးရက်ပဲသောက်၊ ပျောက်သွားပါလိမ့်မယ်၊ ကဲ မမိုးရေ ရေနွေးသောက် လက်ဖက်စား၊ နားဦးစို့"

"ဟုတ်ကဲ့ဆရာမ၊ ကျေးဇူးပါရှင်"

❒ သုန္ဒရာစိုး (ရွှေရင်အေး)

ကျမ်းကိုး

သုတေသီဆရာငြိမ်း၏ (လက်တွေ့အသုံးချ ရွက်/ခေါက်/သီး/မြစ်) မြန်မာ့ဆေးမြီးတိုများ။

ဓာတုသဂ်ဟကျမ်း၊ အဗျင်းဆရာတော် (ဇလွန်)

ဆေးမြီးတိုမှတ်စု၊ ကရင်အင်းဆရာတော် (ကျွဲသောင်ရွာ)

## နားရောဂါအတွက် ဆေးဖက်ဝင် ချင်း

**နတ်မောက် လှမြင့်သစ်**

နားပြည်ယိုခြင်း၊ နားနာခြင်း၊ နားတွင်းကိုက်ခဲခြင်း၊ နားထိုင်းခြင်း၊ နားလေးခြင်းစသော နားရောဂါတို့အတွက် ချင်းသည် လွန်စွာအသုံးဝင်ကျေးဇူးပြုပါသည်။

ချင်းအစိုကို ရေစင်စွာဆေးပြီး ထုထောင်း၍ သတ္တုရည် ညှစ်ယူပါ။ ထို့နောက် ထန်းလျက်ကို ညက်အောင်ထောင်းပြီး ချင်းသတ္တုရည်တွင် သင့်အောင်ထည့်မွှေပြီး ရှူပေးပါ။ မကြာခဏ ရှူပေးပါ။ သတိရတိုင်း၊ အမှတ်ရတိုင်း နှာခေါင်းတွင်ပွတ်၍ ရှူပေးပါ။ နာရီပိုင်းအတွင်း အမြန်သက်သာစေပါသည်။

နားအတွင်း မခံမရပ်နိုင်အောင် ကိုက်ခဲခဲ့ပါလျှင် ချင်းသတ္တုရည်ကို ပူနွေးရုံမျှကျိုပြီး ခံနိုင်လောက်သော ပူပူနွေးနွေးတွင် နားထဲသို့ တစ်စက်၊ နှစ်စက်ထည့်ပေးပါ။ အမြန်သက်သာပြီး တဖြည်းဖြည်း ပျောက်ကင်းပါမည်။

ထို့အပြင် ချင်းကို အမှုန့်ထောင်းပြီး နှမ်းဆီနှင့် ပျစ်ပျစ်ဖျော်ပါ။ တစ်ရက်ခန့်ထားပြီး နှမ်းဆီကို ရေစစ်ဖြင့် စစ်၍ ညှစ်ယူပါ။ ထိုအဆီကို နားကြပ်ဆီအဖြစ် ငှက်ခါးတောင်ပံမွေး (သို့မဟုတ်) ကြက်တောင်ပံမွေးသန့်သန့်ဖြင့် နားအတွင်း ကြပ်ပေးပါ။

နားထိုင်း၊ နားလေထွက်၊ နားကိုက်ခဲနာကျင်ခြင်းများ တစ်ပတ် ဆယ်ရက်အတွင်း ညက်သာရာမှ ပျောက်ကင်းသွားစေပါသည်။

ကျန်းမာချမ်းသာကြပါစေ. . .

❒ နတ်မောက်လှမြင့်သစ်




www.burmeseclassic.com

www.burmeseclassic.com

# အစားအစာမှပေးသော အာဟာရနှင့် ရောဂါကာကွယ်နည်း

## ပြောင်းဖူးစားသုံးလျှင် အူမကြီးကင်ဆာ ဖြစ်ပွားမှု လျော့ကျနိုင်သည်။



ပြောင်းဖူးသည် ချိုပြီး ဆိမ့်သောအရသာ ရှိသည် အနည်းငယ်ဖန်သည့် အရသာလည်းရှိသည်။ ပြောင်းဖူးသည် တစ်နှစ်ပတ်လုံး ထွက်ရှိသည်။ ပြောင်းဖူးတွင် ဗီတာမင်ဘီ(၁) ဗီတာမင်စီ၊ မင်းဂနိစ်၊ ဗီတာမင်ဘီ(၅)၊ အမျှင်ဓာတ်နှင့် ကယ်လိုရီဓာတ်များ ပါဝင်သည်။ အများဆုံး ပါဝင်သည့်ဓာတ် မှာ ဘီတာမင်ဘီ(၁)ဖြစ်ပြီး ၂၀ ရာခိုင်နှုန်း ပါဝင်သည်။ ပြောင်းဖူးကို သတ်မှတ်အချိုးအစားအတိုင်း စားသုံးပါက သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည် အပြင် နှလုံးရောဂါ ဖြစ်ပွားမှုမှလည်း ကာကွယ်ပေးနိုင်သည်။ ထို့အပြင် ပြောင်းဖူးကို ပုံမှန်စားသုံးသူများသည် အူမကြီး ကင်ဆာဖြစ်ပွားမှု လျော့ကျစေနိုင်သည့်အပြင် ခန္ဓာကိုယ် တွင်းရှိ အဆိပ်ဓာတ်များကိုလည်း သန့်စင်ပေးနိုင်သည်။ ပြောင်းဖူးကို ပုံမှန်စားသုံး သူတို့သည် အူမကြီးကင်ဆာ ဖြစ်ပွားမှုနည်းကြောင်း တွေ့ရှိရသည်။

## ဖီးကြမ်းငှက်ပျောသီးစားလျှင် သွေးတိုး ကျပြီး အရိုးရောဂါ ကာကွယ်ပေးနိုင်သည်။

ငှက်ပျောသီးသည် အာဟာရဓာတ်ပြည့်ဝသောအသီး တစ်မျိုး ဖြစ်ပါသည်။ ဖီးကြမ်းငှက်ပျောသီးကို ပုံမှန်စားသုံး လျှင် သွေးပေါင်ချိန် ပုံမှန်ဖြစ်စေပြီး နှလုံးကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုကြောင်း သုတေသနပြုချက်တစ်ရပ် အရ သိရပါသည်။ ထို့အပြင် ဖီးကြမ်းငှက်ပျောသီး ငါးဂရမ် ခန့်ကို နေ့စဉ် စားသုံးသွားပါက အရိုးနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း သိရ သည်။ ဖီးကြမ်းငှက်ပျောသီးတွင် ပိုတက်စီယမ်နှင့် ကယ်လ်စီယမ်ဓာတ်များ ပါဝင်သည်။ တစ်ဖန် ဗီတာမင်ဘီ(၆)၊ မဂ္ဂနီစီယမ်၊ ကယ်လိုရီနှင့် အမျှင်ဓာတ်များပါဝင်လျက်ရှိရာ အူနှင့်အစာအိမ်ရောဂါများ ဖြစ်ပွားမှုမရှိအောင်လည်း ကာ ကွယ်နိုင်ကြောင်း သိရသည်။ ငှက်ပျောသီးသည် အစာအိမ် အတွင်း အစာခြေဂလင်းများ၏ လုပ်ဆောင်မှု ကောင်းမွန် စေရန် အားဖြည့်ပေးနိုင်ရာ ကျန်းမာရေးအတွက် နေ့စဉ် စားသုံးသင့်ကြောင်း တင်ပြလိုက်ပါသည်။



## စားတော်ပဲ ခေါ် ပဲပြုတ်

ပဲပြုတ်သည် မြန်မာလူမျိုးတို့၏ နံနက်စာအဖြစ် အသုံး များကြသည်။ ပဲပြုတ်ရောင်းချသည့် အသံကို မြို့တိုင်း ရွာ တိုင်းလိုပင် နံနက်ဝေလီဝေလင်းအချိန်တွင် မြောက်မြားစွာ ကြားကြရပါသည်။

မြန်မာပြည်တွင် လာရောက်နေထိုင် လည် သော နိုင်ငံခြား လူမျိုးခြားများသည် နံနက်ခင်းကြား ပဲပြုတ်သည်၏ အသံကို မြန်မာလူမျိုးတို့၏ ဓလေ့ထုံး တစ်ရပ်အဖြစ် မှတ်ယူထားကြသည်အထိ နိုင်ငံခြားသား ၏နားတွင် မင်္ဂလာနံနက်ခင်းပါ ဟူသော နှုတ်ဆက်သံ နားစွဲနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com


# အစားအစာမှပေးသောအာဟာရနှင့်ရောဂါကာကွယ်နည်း




ပဲပြုတ်တွင် သီတ တေဇော၊ ပထဝီ၊ အာပေါ အများဆုံး ပါဝင်သည့်အတွက် အရသာမှာ အေးစိမ့်၍ အနည်းငယ်ဖန်သည်။ ချောင်းဆိုးခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ပူလောင်ခြင်းကို ငြိမ်းစေသည်။ ခန္ဓာကိုယ် သန်မာထွားကျိုင်းခြင်း၊ အင်အားပြည့်ဖြိုးခြင်း၊ အသားအရေ စိုပြည်စေခြင်း၊ အရိုးအသား မာကျောခြင်းတို့ကို ဖြစ်စေသည်။ ဗီတာမင်ဘီ(၂) ဓာတ်လည်း များများပါဝင်သဖြင့် ပါးစပ်နာ၊ နှုတ်ခမ်းနှင့် လျှာများတွင် အနာဖြစ်ခြင်း၊ မျက်စိများယားယံ၍ ပူစပ်ခြင်း၊ မျက်စိအားနည်းခြင်းရောဂါများ ပျောက်ကင်းနိုင်သဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း တင်ပြရပါသည်။

## ပန်းဂေါ်ဖီသည် တင်ဆာရောဂါများကို ကာကွယ်နိုင်သည်။

ဒီဇင်ဘာလမှ ဇန်နဝါရီလတိုင်အောင် နှစ်စဉ် ပန်းဂေါ်ဖီ လှိုင်လှိုင်ပေါသည့်ရာသီဖြစ်၍ ဈေးများတွင် ပန်းဂေါ်ဖီကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ပန်းဂေါ်ဖီသည် ဆိမ့်သောအရသာရှိသည်။ ပန်းဂေါ်ဖီပွင့်များ ကြီးထွားစေရန် နေရောင်မထိုးရအောင် အရွက်စိမ်းများက ကာကွယ်ပေးထားသည့်အတွက် နေမှအလင်းကို အရွက်စိမ်းအောက်မှ စုပ်ယူ၍ အပွင့်ကို ကြီးထွားစေသည်။ ပန်းဂေါ်ဖီ၏ အာဟာရပြည့်ဝသော ဓာတ်များမှာ ဗီတာမင်စီ၊ ဗီတာမင်ဘီ(၆)၊ ဗီတာမင်ဘီ(၁)၊ ဗီတာမင်ဘီ(၃)၊ မင်းဂနိစ်ပိုတက်စီယမ်နှင့် ပရိုတိန်းဓာတ်များ ပါဝင်၍ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးအိတ်ကင်ဆာ ဖြစ်သည့် အန္တရာယ်တို့ကို ကာကွယ်ပေးနိုင်သည့်အတွက် စားသုံးကြစေရန် မေတ္တာဖြင့် တိုက်တွန်းလိုက်ပါသည်။



## ကြံရည် ပုံမှန်သောက်သုံးလျှင် အာရုံကြော အားနည်းမှု သက်သာစေနိုင်သည်။



ကြံရည်သည် ချိုသောအရသာအပြင် ဖန်သောအရသာလည်းရှိသည်။ ကြံပင်သည် တစ်နှစ်ပတ်လုံးရှင်သန်ပေါက်ရောက်သော အပင်မျိုးဖြစ်သည်။ ကြံရည်ကို တစ်နှစ်တာလုံး သောက်သုံးနိုင်သည်။ သဘာဝဖျော်ရည်တစ်မျိုး ဖြစ်သည့် ကြံရည်တွင် ဗီတာမင်ဘီ(၂)နှင့် ကယ်လိုရီများစွာ ပါဝင်သည်။ ကြံရည်ကို သတ်မှတ်ချက်အတိုင်း နေ့စဉ်သောက်သုံးလျှင် အစာအိမ်ရောဂါနှင့် ခေါင်းကိုက်ရောဂါများ သက်သာပျောက်ကင်းနိုင်သည်။ ကြံရည်သည် ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များရှင်သန်မှုကို ပံ့ပိုးပေးနိုင်သည့်အပြင် မှတ်ဉာဏ်ချို့ယွင်းမှုကိုလည်း အထိုက်အလျောက် အကာအကွယ်ပေးနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

(အင်တာနက်ကျန်းမာရေးမှ ရှာဖွေစုဆောင်းသည်)


❒ ခင်မောင်ထွေး (စတ်မှု-စားကုန်)



www.burmeseclassic.com

www.burmeseclassic.com

ဒေအာင်ဘုန်းမြင့်(ကချင်မြေ)



# အာဟာရမျှတ စားသုံးကြ သက်ရှည်ကျန်းမာမည်

### ဆေးဖက်ဝင်ဇီယာ

ဇီယာကို ဟင်းခတ် အမွှေးအကြိုင် မဆလာအဖြစ် အသုံးပြုကြ၏။ ဇီယာ၏ အာနိသင်ကြောင့် ဟင်းလျာကို မွှေးကြိုင်စေပြီး နှုတ်ကိုမြိန်စေ၏။ အစာကိုကြေလွယ်စေနိုင်ပြီး ဆေးဝါးကောင်းဖြစ်စေ၏။

ဇီယာရွက်စိမ်းရည်ကို သံပရာရည်နှင့် ဖျော်သောက်ပေးပါက အစာအိမ်ရောဂါ၊ ချောင်းဆိုးရောဂါ၊ အသည်းပူ၊ ဆီးပူဝေဒနာ၊ မီးယပ်သွေးဖောက်ပြန်သောရောဂါ၊ အဆီတိုး အဝလွန်ရောဂါများကို သက်သာပျောက်ကင်းစေနိုင်မည်။

ဇီယာစေ့ အမှုန့်သည် အနာပေါင်း အနာဆွေးများကို အကောင်းမြန်စေနိုင်သည်။ ဇီယာစေ့ကိုရေအနည်းငယ်ဖြင့် ပြုတ်၍ ငုံ့ပေးသော် သွားနာ၊ သွားကိုက် ပျောက်စေနိုင်၏။ သကြားနှင့် ဖျော်သောက်ပေးပါက အမျိုးသမီးများ သားအိမ်ရောင်ဝေဒနာ ပျောက်ကင်းနိုင်၏။ ဇီယာပါသော မဆလာနှင့် ဟင်းချက်စားပါက ရောဂါကင်းဝေး ကျန်းမာစေနိုင်ပါသည်။

### နာနတ်သီးအာဟာရ

နာနတ်သီးကို စားသုံးပေးခြင်းဖြင့် နှလုံးကို အားကောင်းစေပြီး ခံတွင်းကို ရှင်းစေနိုင်၏။

အားအင်ကုန်ခန်း မူးဝေခြင်းကို ပြေပျောက်စေနိုင်၍ ကိုယ်ခံစွမ်းအားကို ပြန်လည်ရရှိစေနိုင်ပြီး အရွယ်တင်နုပျို ကျန်းမာစေနိုင်သည်။ သွားနှင့် ကိုယ်ခန္ဓာအရိုး ဖွံ့စည်းမှုကို သန်မာကြံ့ခိုင်စေကာ မျက်စိအမြင်ကို ကောင်းစေနိုင်ပါသည်။

နှုတ်မမြိန်ရောဂါ၊ ဆီးရော... ရေငတ်နာ၊ လေရောဂါ၊ ရာသီသွေး... ဖောက်ပြန်၍ အစာမကြေသောရော... များကို ပျောက်ကင်းချမ်းသာရစေနိုင်သည်။ ထို့ပြင် ကြို့ထိုးရောဂါ ပျော... စေ၍ အသားအရေကို စိုပြည်... ဝင်းဝါစေနိုင်ပါသည်။

ဗီတာမင်စီဓာတ် ပါဝင်ခြင်း... ကြောင့် အသားအရေတွန့်ခြင်းကို ... ကွယ်ပေးနိုင်သည်။ ဗီတာမင်အေဓာတ်... ကြောင့် ကိုယ်ခံစွမ်းအား မြင့်မားစေ... ရောဂါပိုးများကို ကာကွယ်တားဆီးပေး... သည်။ ဗီတာမင်ဘီ အုပ်စုဝင်များ ကြွယ်... ဝသဖြင့် ခန္ဓာကိုယ်ကြွက်သားများ... ကြံ့ခိုင်သန်မာ သန်စွမ်းစေနိုင်ပြီး အ...



www.burmeseclassic.com

www.burmeseclassic.com

ကြောများကို အားကောင်းစေနိုင်ပါသည်။

နာနတ်သီးများတွင် အမျှင်ဓာတ်များစွာ ပါဝင်နေသောကြောင့် ဝမ်းမှန်စေပြီး အစာအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာများမှ ကင်းစေနိုင်သည်။

ထုံးဓာတ် လုံလောက်စွာပါဝင်သဖြင့် အရိုးအဆစ်နှင့် သွားများကို သန်စွမ်းစေနိုင်ပြီး ကင်ဆာရောဂါအချို့ကို တားဆီးပေးနိုင်သည်။

နာနတ်သီးကို နေ့စဉ်စားသုံးပေးခြင်းဖြင့် လည်ချောင်းနာခြင်း၊ ဝမ်းချုပ်ခြင်း၊ အပူများခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ နာခြင်း၊ အမျိုးသမီးများ ရာသီထိမ်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း၊ ဆီးကျဉ်၊ ဆီးကျန်၊ ဆီးဝါ၊ ဆီးပူ၊ ဆီးအောင့်ဖြစ်ခြင်းရောဂါများကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

## ကန်စွန်းဥ

အာဟာရဓာတ် ကြွယ်ဝသော ကန်စွန်းဥများတွင် အဖြူ၊ အဝါ၊ အနီရောင် ဟူ၍ အရောင်သုံးမျိုးရှိပြီး အနီရောင်သည် ဆေးစွမ်းအထက်ဆုံးဖြစ်သည်။

ပါဝင်သော သဘာဝ ဓာတ်စေ့ည်းများမှာ ဗီတာမင်အေ၊ ဗီတာမင်အေ ၂၊ ဗီတာမင်အီး၊ မင်းဂနိစ်၊ မဂ္ဂနီစီယမ်၊ ကော့ပါး၊ ဖော့စဖရပ်စ် သတ္တုဓာတ်များနှင့် ကယ်လိုရီဓာတ်များ ဖြစ်သည်။ သို့ဖြစ်၍ ကျန်းမာရေးအတွက် လွန်စွာ အားကိုးရသော အစားအစာဖြစ်သည်။

ကန်စွန်းဥကို သီတင်းတစ်ပတ်တွင် နှစ်ကြိမ်မှ သုံးကြိမ်ထိ စားသုံးပေးလျှင် ခန္ဓာကိုယ်ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး ကိုယ်ခန္ဓာ သန်မာသန်စွမ်းစေနိုင်သည်။ ထို့ပြင် အဆုတ်ရောဂါကို လျော့နည်းသက်သာစေနိုင်သည်။ မကြာခဏစားသုံးပေးပါက ရင်ကျပ်ပန်းနာနှင့် အဆစ်အမြစ်ဝေဒနာကို ပျောက်ကင်းသက်သာစေနိုင်ပါသည်။

## ဖန်ခါးသီး

ဖန်ခါးသီးသည် အငန်ဓာတ်အရသာမှလွဲ၍ အချိုဓာတ်၊အချဉ်ဓာတ်၊ အစပ်ဓာတ်၊ အခါးနှင့် အဖန်ဓာတ်ဟူ၍ အရသာငါးမျိုးနှင့်ပြည့်စုံသော ဓာတ်စာသီးဖြစ်၏။

အာနိသင်မှာ အစာကြေလွယ်စေနိုင်ပြီး ဝမ်းမီးကို တောက်စေတတ်၏။ ရေငတ်ပြေစေနိုင်ပြီး နှုတ်ကို မြိန်စေတတ်၏။ လေကိုသက်စေပြီး ဝမ်းရောဂါကို ကင်းစေနိုင်၏။

မကြာမကြာ စားသုံးမှီဝဲပေးခြင်းဖြင့် ဝမ်းဗိုက်ရောင်တင်းခြင်း၊ ထိုးအောင့်ခြင်း၊ ကြို့ထိုးခြင်း၊ သရက်ရွက်ကြီးခြင်း၊ အသည်းရောင်အသားဝါခြင်း၊ လေလုံးဘေလုံးနာခြင်း အစရှိသော ရောဂါများမှ လွတ်ငြိမ်း ကင်းဝေးစေနိုင်သည်။

ထို့ပြင် ဖန်ခါးသီးသည် အစာမကြေ ရင်ပြည့် ရင်ကယ်ဖြစ်သော ဝေဒနာ၊ မျက်စိအမြင် အားနည်းသော ရောဂါ၊ ဆံပင်မသန့်ကျွတ်ခြင်း၊ အဖြူကွက်ထခြင်း၊ မွဲခြောက်ခြင်းဖြစ်သော ရောဂါ၊ ယားယံတတ်သည့် အရေပြားရောဂါများကို ကောင်းစေနိုင်သည်။

ဖန်ခါးသီးကို နို့၊ ထောပတ်၊ ပျားရည်တစ်မျိုးမျိုးနှင့် မှီဝဲပေးပါက အသက်ကို ရှည်စေနိုင်ပါသည်။

## မဲဇလီပူးဓာတ်စာ

မဲဇလီ အဖူး၊ အရွက်များကို ဟင်းချက်၍ဖြစ်စေ၊ အတို့အမြှုပ်ပြုလုပ်၍ဖြစ်စေ၊ ဆေးပေါင်းပြုလုပ်၍ဖြစ်စေ စားသုံးပေးပါက ဆီးရောဂါ၊အစာမကြေ လေအားနည်းရောဂါ၊ အပူနာရောဂါ၊ အရေပြားရောဂါ၊ အိပ်မပျော် စားမဝင်ရောဂါများမှ ကင်းဝေးစေနိုင်၏။

မဲဇလီဖူးကို ချက်ပြုတ်၍ဖြစ်စေ၊ လက်သုပ်ပြုလုပ်၍ဖြစ်စေ မကြာခဏ စားသုံးပေးသည်ရှိသော အစာကြေဓာတ်လေးပါးကို မှန်စေနိုင်ပြီး အစာမြိန် ခံတွင်းတွေ့စေနိုင်၏။ မဲဇလီရွက်ပြုတ်ရည်ကို မကြာခဏငုံပေးခြင်းဖြင့် ခံတွင်းထဲတွင် အဖုအကျိတ်ပေါက်ခြင်း၊ ရောင်ရမ်းခြင်းများကို သက်သာစေနိုင်သည်။ မဲဇလီရွက်အမှုန့်ကို ပျားရည်သင့်ရုံဖြင့် လျက်ပေးသော် အရေပြားရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်၏။

မဲဇလီရွက်နှင့် မုရားကြီးရွက်ဆတူကို ဝါး၍ တစ်နေ့နှစ်ကြိမ် ငုံပေးပါက ချောင်းခြောက်ဆိုးသောရောဂါ ကင်းပစေနိုင်၏။ တစ်ပတ်လျှင် နှစ်ကြိမ်ထက်မနည်း ဟင်းလျာချက်စားပေးပါက ၉၆ ပါးသော ရောဂါများကို ကင်းဝေးစေနိုင်ပါသည်။

## အဆီပါသော ငါး

ငါးအဆီဓာတ်သည် ကိုယ်ခန္ဓာအတွင်းရှိ မကောင်းသော LDL အဆီဓာတ်များကို ရှင်းလင်းပေးပြီး ကျန်းမာရေးအတွက် အကျိုးပြုသော HDL အဆီဓာတ်များကို တိုးပွားစေသဖြင့် သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အဝလွန်ရောဂါများကို ကာကွယ်တားဆီးပေးနိုင်ပြီး လေဖြတ်သည့်ဒဏ်ရာယ်များကိုလျော့နည်းသက်သာစေနိုင်သည်။

အေးသော ပင်လယ်နက်များမှ ရရှိသည့် ငါးအဆီများတွင် OMEGA S FATTY ACID ကြွယ်ဝစွာ ပါဝင်သဖြင့် စားသုံးသူများကို အကျိုးဖြစ်ထွန်းစေ၏။ OMEGA S FATTY ACID တွင်ပါဝင်သော အက်စစ်ဓာတ်သဘာဝများသည် ပန်းနာရင်ကျပ်ဝေဒနာနှင့် စိတ်ကစဉ့်ကလျားဖြစ်တတ်သော စိတ်ပျံ့လွင့် အစိုးမရဖြစ်စေသည့် ရောဂါများကို ကောင်းစေနိုင်သည်။

အဆီဓာတ်များသော ငါးများကို တစ်ပတ်တွင် သုံးကြိမ်ထက်မနည်း စားပေးပါက နှလုံးရပ်ခြင်း၊ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်း၊ စိတ်ကျရောဂါဖြစ်ခြင်း၊ သွေးထဲအဆီများခြင်း အစရှိသော ရောဂါများကို ကာကွယ်တားဆီးပေးနိုင်သည်။

ထို့ပြင် အချို့သော ကင်ဆာရောဂါများနှင့် အယ်ဇိုင်းမား ခေါ်

www.burmeseclassic.com

အတိတ်မေ့ရောဂါများကိုပါ ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

## ကန်စွန်းရွက်နှင့် ကင်ဆာ

လူတိုင်း နေ့စဉ်စားသုံးနေကြသောကန်စွန်းရွက်များတွင် အမျှင်ဓာတ်မြောက်မြားစွာ ပါဝင်ပြီး ဆီးဝမ်းကိုအကျိုးပြုနိုင်သလို ကင်ဆာရောဂါ ဖြစ်စေနိုင်သည့် အလားအလာများကိုလည်း ကာကွယ်ပေးနိုင်၏။

ကန်စွန်းရွက်တွင် ပါဝင်သော သဘာဝဓာတ်ပစ္စည်းများသည် သွေးထဲ၌ အကျိုးပြုဓာတ်ပစ္စည်းများ ဖြစ်တည်စေမှု၏အနေအထားကို တိုးတက်မြင့်မား ကောင်းမွန်စေပြီး အဆိပ်အတောက် အန္တရာယ် ဖြစ်စေမည့် မကောင်းသောဓာတ်ပစ္စည်းများကိုလည်း ဖယ်ရှားရှင်းလင်းပေးနိုင်သည်။ ကိုယ်ခံစွမ်းအား မြင့်မားစေပြီး ရောဂါဘေးဘယများကို ကင်းစေနိုင်သည်။

ကန်စွန်းရွက်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာသွေးများအတွင်း၌ ကင်ဆာဖြစ်စေနိုင်သောဆဲလ်များဖြစ်တည်လာမှုကိုလျော့ကျစေနိုင်သည်။ ဝမ်းမှန် စွမ်းအားဖြစ်စေပြီး ကျန်းမာအသက်ရှည်စေနိုင်ပါသည်။

## ကော်ဖီသောက်ခြင်း

ကော်ဖီကို တစ်နေ့ နှစ်ခွက်မှ လေးခွက်အတွင်း မှန်မှန်သောက်သုံးပေးလျှင် ဦးနှောက်ကို ရှင်လန်းစေပြီး ဉာဏ်ရည်ထက်မြက်စေနိုင်သည်။ စိတ်ဓာတ်နှင့် ရုပ်ဓာတ်ကို ပေါ့ပါးလန်းဆန်းစေနိုင်သည်။

ကော်ဖီခါးခါးကို နေ့စဉ် တန်ရုံသောက်ပေးလျှင် ကင်ဆာဖြစ်နှုန်းကို လျော့နည်းစေနိုင်၏။ ကော်ဖီခါးခါးကို နေ့စဉ်သောက်ပေးသူများ၌ နှလုံးရောဂါဖြင့် သေဆုံးနိုင်မည့် အလားအလာကို လျော့နည်းစေနိုင်သည့် ဆက်စပ်မှုကို တွေ့ရသည် ဟူ၏။

ကော်ဖီသည် နှလုံးကို သန်မာစေပြီး သွေးကြော၊ အာရုံကြောများကို သန်စွမ်းစေနိုင်သည်။ ကော်ဖီကို နေ့စဉ်သင့်ရုံသောက်ပေးခြင်းဖြင့် ဆီးကျောက်တည်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ဂေါက်ရောဂါနှင့် ဒူလာရောဂါများကို ကျဆင်းသက်သာစေပြီး စိတ်ဖိစီးမှုနှင့် အမောအပန်းဒဏ်ကို ကင်းပျောက်စေနိုင်သည်။

ကော်ဖီတွင်ပါဝင်သော အဆီဓာတ်များသည် အဆိပ်အတောက်ပြေစေနိုင်ပြီး အဝလွန်ခြင်းမှ ထိန်းသိမ်းပေးနိုင်ပါသည်။ ကော်ဖီ၏ အာနိသင်များသည် အပြင်းအထန် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ ကြက်ညှာချောင်းဆိုးဖြစ်ခြင်း၊ နှလုံးအားနည်းခြင်း၊ မီးယပ်ဖောက်ပြန်ခြင်း၊ လေးလံနုံးချည့်အားနည်းခြင်း၊ အမောအပန်းမခံနိုင်ခြင်းများကိုကောင်းစေနိုင်သည်။

မည်သို့ဆိုစေကာမူ ကာဖိန်းဓာတ် ပါဝင်သဖြင့် စွဲအောင်သောက်လျှင် ဘေးဖြစ်စေနိုင်သဖြင့် ချင့်ချိန်သောက်သုံးသင့်ပါသည်။

## လက်ဖက်အကြမ်းရည်နှင့် ကင်ဆာ

လက်ဖက်တွင် POLYPHENOL ဓာတုပစ္စည်းများ ပါဝင်နေသဖြင့် သွေးကြောများကိုပိတ်ဆို့စေတတ်သော ကိုလက်စထရော အဆီဓာတ်များကို လျော့နည်းစေပြီး ကောင်းသော HDL အဆီဓာတ်များကို တိုးပွားမြင့်မားစေနိုင်သည်။

သို့ဖြစ်၍ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက် အဆီပိတ်ရောဂါ၊ လေငန်း လေဖြတ်ရောဂါများကို ကာကွယ်ပေးနိုင်သည်။ ထို့ပြင် သွေးတိုးရောဂါကို သက်သာစေနိုင်ပါသည်။

ကင်ဆာဖြစ်လာစေမည့်ဆဲလ်များ ပြန့်ပွားမှုကို လက်ဖက်တွင်ပါဝင်သော အာနိသင်များက ကာကွယ်ပေးနိုင်သည်။ ကင်ဆာ TUMOR အဖုများကို တားဆီးပေးနိုင်ပြီး ဖြစ်ပွားနှုန်းကို ရပ်တန့်စေနိုင်သည်ဟု ဆိုသည်။

လက်ဖက်ကို မည်သည့်နည်းဖြင့်စားသောက်သည်ဖြစ်စေ အောက်ပါကောင်းကျိုးများကို ရရှိစေနိုင်ပါသည်။

(၁) ကိုယ်ခန္ဓာအတွင်းရှိ အင်ဇိုင်းဓာတ် ပြုမှုကို လျော့နည်းစေသဖြင့် အဆီစုစည်းမှုကို ကျဆင်းစေကာ အဝလွန်ခြင်းမှ ကာကွယ်ပေးသည်။

(၂) အချိုဓာတ်ကို လျော့နည်းစေသောကြောင့် ဆီးချိုရောဂါကို တားဆီး ပေးနိုင်သည်။

(၃) သက်ကြီးရွယ်အိုများတွင် ဖြစ်စေတတ်သော ဦးနှောက် ချို့ယွင်းစေသည့် အယ်ဇိုင်းမားရောဂါကို ကာကွယ်ပေးနိုင်ပါသည်။

(၄) ခံတွင်းအနံ့ မကောင်းခြင်းကို ကင်းပျောက်စေပြီး သွားနှင့်သွားဖုံး ရောဂါကို သက်သာမှုရစေနိုင်သည်။

(၅) အရက်ကြောင့် ဖြစ်ပေါ်သော အသည်းရောဂါကို သက်သာစေနိုင်သည်။

(၆) လက်ဖက်ရည်ကြမ်းကို နေ့စဉ်သောက်သုံးပေးခြင်းဖြင့်ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သည်။

လက်ဖက်များတွင် ဗီတာမင်ဘီ၊ အီး၊ ကေ၊ BETA CAROTINE ကော့ပါး၊ ဖလိုရိုက်၊ မင်းဂနိစ်ဓာတ်များ ပါဝင်သောကြောင့် ရောဂါဘယများကို ကာကွယ် တိုက်ထုတ်ပေးနိုင်သည်။

လက်ဖက်တွင် ပါဝင်သော CATECHIN ဓာတ်က သတိမေ့လျော့မှုကို ကာကွယ်ပေးနိုင်သည်။

CAFFEEINE ဓာတ်ကြောင့် အိပ်မပျော်ဖြစ်စေတတ်ပြီး TANNIN ဓာတ်ကြောင့် ဝမ်းချုပ်စေတတ်ပါသည်။ ဆင်ခြင်၍ သောက်သုံးသင့်ပါသည်။


❒ အောင်တုန်းမြင့်(ကချင်...)





www.burmeseclassic.com

www.burmeseclassic.com




စာရေးသူတို့၏ မြန်မာနိုင်ငံသည် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရန် တည်ဆောက်ရေး လုပ်ငန်းများ နေရာအနှံ့အပြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်မှာ နေ့စဉ် သတင်းစာများတွင် ဖတ်ရှုနေရပါသည်။

ထိုလုပ်ငန်းခွင်များ များပြားလာသည်နှင့်အမျှ လုပ်ငန်းခွင်များနှင့် ဆက်စပ်မှုရှိသော အလုပ်သမားများ၊ ကြီးကြပ်သူများ၊ လုပ်ငန်းခွင်နှင့် ဆက်စပ်သူများနှင့် အများပြည်သူတို့သည် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးအန္တရာယ်များ (HEALTH HAZARDS) ကို သိရှိရန်လိုအပ်လာပါသည်။

လုပ်ငန်းခွင်များတွင် ကျန်းမာရေးထိခိုက်စေသော စွန့်စားမှု အန္တရာယ် (RISKS) များ ရှိနေတတ်ပါသည်။ ထိုအန္တရာယ်သည် ယခင်က လူနည်းစုနှင့်သာ သက်ဆိုင်ခဲ့သော်လည်း ယခုအခါ လူအများစု၏ ပြဿနာ ဖြစ်လာခဲ့ချေပြီ။

လူအများစု ပါဝင်လာသော တည်ဆောက်ရေး လုပ်ငန်း (CONSTRUCTION) ဆိုင်ရာ ကျန်းမာရေး ပြဿနာများမှာ . . .

(၁) ဓာတုဗေဒပစ္စည်းများ (CHEMICALS)
(၂) ရုပ်ဝတ္ထုပစ္စည်းများ (PHYSICAL)
(၃) စက်မှုဆိုင်ရာပစ္စည်းများ (MECHANICAL)
(၄) ဇီဝဗေဒပစ္စည်းများ (BIOLOGICAL)
(၅) လူမှုစိတ်ပညာပြဿနာ (PSYCHOSOCIAL)

တို့ဖြစ်ကြပါသည်။ အထက်ပါ ပြဿနာ ငါးမျိုးကို ခွဲခြား၍ ဆက်လက်တင်ပြမည် ဖြစ်ပါသည်။

## (၁) ဓာတုပစ္စည်းများ

ဓာတုပစ္စည်းများဆိုသည်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသော ကျန်းမာရေးထိခိုက်စေသည့် ဓာတ်ပစ္စည်းများကို ဆိုလိုပါသည်။ ဓာတုပစ္စည်းများကိုလည်း အဓိကအားဖြင့် သုံးမျိုးသုံးစား ခွဲခြားထားပါသည်။

(က) ယားယံစေသောပစ္စည်းများ (ALLERGEN) တွင် လူ၏အရေပြားကို ယားယံစေသည့် ဘိလပ်မြေမှုန့်များ၊ ဖုန်မှုန့်များနှင့် ဆေးမှုန့်များ ဖြစ်ပါသည်။

(ခ) အဆိပ်အတောက်ပစ္စည်းများ (TOXIC) တွင် ရေတွင်းများတွင် ပါဝင်သော စိန် (ARSENIC) ပမာဏများလျှင်





www.burmeseclassic.com

ကျန်းမာရေး ထိခိုက်စေပါသည်။ ထို့ပြင် ခဲဓာတ်သင့်ခြင်း www.burmeseclassic.com (LEAD POISONING) သည်လည်း ယနေ့အထိ မဖြေရှင်းနိုင်သေးသော ပြဿနာဖြစ်ပါသည်။ ဘက်ထရီလုပ်ငန်းကဲ့သို့ ခဲအများအပြား သုံးရသောလုပ်ငန်းများတွင် အများဆုံး ဖြစ်ပွားသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် သုံးသော သုတ်ဆေး (PAINT) များတွင်လည်း ခဲပါဝင်တတ်သည်ကို သတိပြုသင့်ပါသည်။

(ဂ) ကင်ဆာဖြစ်စေသော ပစ္စည်းများ (CARCINOGENIC) တွင် ကျောက်ဂွမ်း (ASBESTOS) များကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် အပူကာပစ္စည်းအဖြစ် သုံးလေ့ရှိပါသည်။ ထိုပစ္စည်းအမှုန်များသည် လူသားတို့အား ကင်ဆာဖြစ်စေပါသည်။ ထို့အတူ အရောင်ဆိုးဆေး မှုန်သမျှသည်လည်း ဓာတုပုံသေနည်းတွင် ဘင်ဇင်း (BENZENE RING) ပါဝင်သဖြင့် ကင်ဆာဖြစ်စေပါသည်။

အထက်ပါ အန္တရာယ်များ ကာကွယ်နည်းမှာ လုပ်ငန်းခွင်အပြီး ခြေလက်ခန္ဓာ ဆေးကြောရန် ရေကောင်းလိုအပ်ပါသည်။ ကင်ဆာဖြစ်စေသော ပစ္စည်းများနှင့် ယားယံစေသော အမှုန်အမွှားများ နှာခေါင်းမှ မဝင်နိုင်စေရန် နှာခေါင်းစည်း (MASK) အသုံးပြုရန် လိုအပ်ပါသည်။

## (၂) ရုပ်ဝတ္ထုပစ္စည်းများ

ရုပ်ဝတ္ထုပစ္စည်းများကြောင့် ထိခိုက်မှုအန္တရာယ်ဆိုသည်မှာ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဖြစ်ပွားတတ်သော အန္တရာယ်များ ဖြစ်ပါသည်။ ထိုအန္တရာယ်ကို အမျိုးအစားခွဲလျှင် အဓိကအားဖြင့် ခြောက်မျိုးရှိပါသည်။

(က) အမြင့်မှကျခြင်း

ဆောက်လုပ်ရေး လုပ်ငန်းတွင် အမြင့်မှကျခြင်းသည် အဓိကပြဿနာ ဖြစ်ပါသည်။ အမြင့်မှကျစေသောအကြောင်းအရာများမှာ အခင်းအပေါက် (FLOOR OPENING) မှ ကျခြင်း၊ အမြင့်ထွန်း မီးသီးတပ်ဆင်ရာမှ ကျခြင်း၊ ငြမ်းစင်မှ ကျခြင်း၊ လှေကားတံတားမှ ကျခြင်း၊ အမိုးပြုပြင်ရာမှ ကျခြင်းနှင့် အဆောက်အအုံအစွန်းမှ ကျခြင်းတို့ဖြစ်ပါသည်။

အမြင့်တက်သော ဝန်ထမ်းမှာ ကျန်းမာကြံ့ခိုင်ပြီး အိပ်ရေးဝဝအိပ်ထားသူ ဖြစ်ရပါမည်။ အရက်နှင့် မူးယစ်စေတတ်သော ဆေးဝါးသုံးထားသူ မဖြစ်ရပါ။ ထို့ပြင် လုပ်ငန်းခွင်အန္တရာယ်ကင်းရန် ချမှတ်ထားသော စနစ်ကို တိတိကျကျ လိုက်နာရပါမည်။

(ခ) လုပ်ငန်းခွင်တွင် အကြောမျက် အကြောတင်ခြင်း (SPRAINE AND STRAAN) မှာ ကေဘယ်ကြိုးဆွဲသူများ၊ ကျောက်တုံးစီသူများတွင် ဖြစ်ပွားတတ်ပါသည်။ အလေးအပင်မခြင်း၊ ကြိုးဆွဲခြင်းတို့ကို ဆေးပညာနှင့်ကိုက်ညီအောင် ဆောင်ရွက်သင့်ပါသည်။

(ဂ) ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ တူးဖော်မှုများတွင် မြောင်းတူးခြင်းနှင့် မြေအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သူများသည်လည်း အလားတူပြဿနာများ ဖြစ်တတ်ပါသည်။

(ဃ) လုပ်ငန်းတွင် မတော်တဆ တိုက်မိခြင်းတွင် ယာဉ်များနောက်ဆုတ်ခြင်း၊ ဝန်ချီစက်လွှဲ၍ တိုက်မိခြင်းများ ပါဝင်ပါသည်။ ဤပြဿနာ၌ လုပ်ငန်းခွင် စီစဉ်ကြီးကြပ်သူများ အလွန်အရေးကြီးပါသည်။ မတော်တဆ ထိခိုက်ခြင်းများဖြစ်လျှင် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ် ဆေးသေတ္တာ ထား ရန် လိုအပ်ပါသည်။

(င) လုပ်ငန်းခွင်၌ လျှပ်စစ်ပစ္စည်းများတွင်လည်း လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အရေးကြီးပါသည်။ ပါဝါမီးကြိုး များအနီး ဝန်ချီစက်မောင်းခြင်း မပြုလုပ်သင့်ပါ။

(စ) မော်တော်ယာဉ် အန္တရာယ်မှာလည်း ကြီးမားသော ဆောက်လုပ်ရေးလုပ်ငန်းကြီးများနှင့် လမ်းတံတား တည် ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပြဿနာများ ဖြစ်ပါ သည်။ မော်တော်ယာဉ်နှင့် မတော်တဆမှုများကို လေ့လာ ကြည့်လျှင် အောက်ပါ အားနည်းချက်များကို တွေ့ရှိရ သည်။

* ယာဉ်အန္တရာယ်ကင်းရှင်းရန် ချမှတ်ထားသော စနစ်ကျသည့် အစီအမံ မရှိခြင်း။
* ယာဉ်သွားလာမှု အချက်ပြသူနှင့် ယာဉ်ထိန်း ဝန်ထမ်း မရှိခြင်း။
* ယာဉ်အချက်ပြသူသည် စနစ်တကျ လေ့ကျင့် သင်ကြားထားမှု မရှိခြင်း။
* ယာဉ်အချက်ပြပစ္စည်းများကို စနစ်တကျ အသုံး မပြုခြင်း။
* လုပ်ငန်းဇုန်များတွင် အချိန်ပြည့် ယာဉ်ထိန်း စနစ် မရှိခြင်း။
* စက်ကိရိယာ မောင်းနှင်သူ၏ရှေ့တွင် မြင်ကွင်း မကောင်းခြင်း။
* အခြားသွားနိုင်သော လမ်းကြောင်းရှိလျက် ယာဉ်အား နောက်ပြန်ဆုတ်ခွင့် ပြုထားခြင်း။
* ယာဉ်များ မလွဲမသွေ နောက်ပြန်မောင်းရ မည့် နေရာတွင် သတိပေးဆိုင်းဘုတ် တပ်ဆင် မထားခြင်း။
* ယာဉ်မောင်းသူက မြင်တွေ့ရန် လွယ်ကူ သော ရောင်ပြန်ဝတ်စုံ မဝတ်ခြင်းနှင့် ဝတ်စုံ ဟောင်းနွမ်းနေခြင်း တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းရင်းများကို ပြုပြင်နိုင် လျှင် လုပ်ငန်းခွင်ဆိုင်ရာ ယာဉ်အန္တရာယ် ကင်းရှင်းသွား နိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

### (၃) စက်မှုဆိုင်ရာပစ္စည်းများ

၎င်းတို့သည် လုပ်ငန်းခွင် အန္တရာယ်ဖြစ်စေသော အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ စက်ယန္တရားများကို ကျွမ်းကျင်သော အထူးသင်ကြား လေ့ကျင့်ထားသူ ဝန်ထမ်းများအား မောင်းနှင်စေရမည်။ စက်ပစ္စည်း တစ်မျိုးချင်းအလိုက် သတ်မှတ်ထားသော အန္တရာယ်ကင်းမှုဆိုင်ရာ လမ်းညွှန်များကို တိတိကျကျ လိုက်နာရပါမည်။ အမှုမဲ့ အမှတ်မဲ့ ဖြစ်ကတတ်ဆန်း ဆောင်ရွက်မှုကို ရှောင်ကြဉ်ရပါမည်။ အရက်နှင့် မူးယစ်ဆေးသုံးစွဲ၍ မမောင်းနှင်ရပါ။

ငှက်ဖျားဆေး တစ်မျိုးဖြစ်သော မက်ဖလိုကွင်း (MEFLOQUINE) သုံးစွဲထားသူသည် စက်ကိရိယာမောင်းနှင်ရန် မသင့်လျော်ပါ။

စက်ကိရိယာနှင့် ယှဉ်တွဲ၍ လုပ်ငန်းလုပ်ရသူများလည်း သတိဝီရိယရှိရန် လိုအပ်ပါသည်။ စက်ကိရိယာ၏ သဘောသဘာဝကို အနည်းအကျဉ်း သိရှိသဘောပေါက်ထားရန် လိုအပ်ပါသည်။

### (၄) ဇီဝဗေဒပစ္စည်းများ

ဇီဝဗေဒ ပစ္စည်းများ ဆိုရာတွင် ကျန်းမာရေးကိုထိခိုက်စေသော ဘက်တီးရီးယားမှိုဗိုင်းရပ်များ အပါအဝင် သက်ရှိပစ္စည်းများကို ဆိုလိုပါသည်။ ရောဂါပိုးများ ပြဿနာမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် ဆက်စပ်မှုမရှိဟု ယူဆကြပါသည်။ သို့ရာတွင် ပတ်ဝန်းကျင် သန့်ရှင်းမှု ရှိ၊ မရှိနှင့် ရေကောင်းရေသန့် ရရှိမှုမှာ အရေးကြီးလှပါသည်။

ဂျွန်စန်းဟု အမည်ရသော ပညာရှင်တစ်ဦးသည် ရေပေးဝေမှုစနစ်မှ လမ်းကြောင်းကို လွှဲပေးရုံမျှဖြင့် ကပ်ရောဂါအသွင်ဖြစ်ပွားနေသော ကာလဝမ်းရောဂါ (CHOLERA) ကူးစက်မှုကို ရပ်တန့်စေနိုင်ခဲ့ပါသည်။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် အသေးအမွှားဟူ၍ အရေးမထားဘဲ မနေသင့်ကြောင်း ထင်ရှားပါသည်။ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုမရှိလျှင် အချို့အရပ်ဒေသများ၌ မြွေအန္တရာယ် ကြုံရတတ်ပါသည်။

### (၅) လူမှုစိတ်ပညာ ပြဿနာ

၎င်းပြဿနာသည် ဝေးလံခေါင်းပါးသောအရပ်မှ လုပ်ငန်းခွင်များ၊ သတ္တုတွင်းများနှင့် ကမ်းလွန်ရေနံတွင်းတူး လုပ်ငန်းများတွင် အများဆုံး ကြုံရတတ်ပါသည်။ မြို့တွင်း ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် ထိုပြဿနာ နည်းပါးလေ့ရှိပါသည်။ သို့ရာတွင် အမြင့်ကိုကြောက်တတ်ခြင်း၊ မူးယစ်ဆေးဝါးသို့မဟုတ် အရက်သုံးစွဲထားခြင်းနှင့် လူမှုရေး အဆင်မပြေမှုများသည် လုပ်ငန်းခွင်အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ရှိပါသည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော ပြဿနာများကို စုစည်းအဖြေထုတ်ရလျှင် လုပ်ငန်းခွင်ရှိ ဝန်ထမ်းတိုင်းသည် ပြဿနာကို နားလည်သဘောပေါက်ပြီး အသိတရား သတိထား (AWARENESS) ၍ လုပ်ငန်းဆောင်ရွက်ရန် လိုပါသည်။ အန္တရာယ်မဖြစ်ရန် အကာအကွယ်ပစ္စည်းများ (ဥပမာအားဖြင့် ဦးထုပ်၊ ရောင်ပြန်အကျီ၊ နှာခေါင်းစည်း) စသည်တို့ကို လိုအပ်သည်ဟု သတ်မှတ်ထားသော နေရာများတွင် အသုံးမပြုဘဲ လုပ်ငန်းခွင် မဝင်သင့်ပါ။ ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးတည်၍ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရန် လိုအပ်ပါသည်။

ထို့ပြင် လုပ်ငန်းရှင်များ၊ ကြီးကြပ်သူများသည်လည်း တာဝန်ရှိပါသည်။ ဘေးအန္တရာယ် ကင်းရှင်းရေး အစီအမံများ ပြည့်စုံအောင် ဖြည့်ဆည်းထားရန် လိုအပ်ပါသည်။ စနစ်တကျ ဆောင်ရွက်မှု ရှိ မရှိ အစဉ်ကြီးကြပ်ရန်လိုပါသည်။ အန္တရာယ်ဖြစ်လာပါက ရှေးဦးသူနာပြုနိုင်ရန် လေ့ကျင့်ထားသော ဝန်ထမ်းနှင့် ဆေးသေတ္တာ ရှိနေရပါမည်။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံ ပို့ဆောင်နိုင်သော အစီအစဉ်မျိုး ထားရှိရပါမည်။

ဆက်လက်တင်ပြလိုသည်မှာ အထက်ပါအတိုင်း မည်မျှပင် သတိဝီရိယရှိစေ ဖြစ်ပွားနိုင်သော ကျန်းမာရေးပြဿနာ ရှိပါသည်။ ထိုပြဿနာ တစ်ရပ်မှာ ခဲဆိပ်သင့်ခြင်း ဖြစ်ပါသည်။ လုပ်ငန်းခွင် အဆိပ်အတောက်ပညာ (INDUSTRIAL TOXICOLOGY) ဘာသာရပ်တွင် ခဲဆိပ်သင့်မှု ရှိ မရှိ သိရန် ဆီးစစ်ရပါမည်။ လုပ်သားများက ခဲဆိပ်သင့်သည်ဟူသော အဖြေရယူလိုသောကြောင့် ဆီးနမူနာထဲတွင် ခဲမှုန့် အနည်းငယ် ထည့်တတ်ပါသည်။

ပညာရှင်များက ခဲပါဝင်မှုကို မစမ်းသပ်ဘဲ ခဲဆိပ်သင့်မှုကြောင့် သွေးအတွင်း ဓာတ်ပြောင်းလဲခြင်းကိုသာ စမ်းသပ်ရပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် စာရေးသူ လေ့လာသိရှိခဲ့သည်မှာ ထိုကဲ့သို့ လုပ်ငန်းခွင်ကြောင့် ရောဂါဖြစ်ပွားရလျှင် အခမဲ့ ဆေးကုသခွင့်နှင့် လစာပြည့် အနားယူခွင့်များ အနောက်နိုင်ငံများတွင် ရရှိခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်မူ ထိုဥပဒေမျိုး မရှိသေးပါ။ ကြေးနီတောင်မှ အလုပ်သမားအမျိုးသမီးတစ်ဦး ကြေးနီအဆိပ်သင့်မှုကြောင့် မျက်နှာအရောင် ပြောင်းသွားခဲ့ပါသည်။ ထိုအမျိုးသမီးကို နိုင်ငံတော်အစီအစဉ်ဖြင့် သင့်တော်သော အခြားအလုပ် ပြောင်းပေးခဲ့သည်ဟု ကြားသိရဖူးပါသည်။


သို့ဖြစ်ပါ၍ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို အလုပ်သမား၊ အလုပ်ရှင်နှင့် နိုင်ငံတော်ပါ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ စာပေပညာရှင်များ အပါအဝင် မီဒီယာသမား အားလုံးကလည်း ပြည်သူလူထုအား အသိပညာပေးလုပ်ငန်း တိုးမြှင့်လုပ်ဆောင်သင့်ကြောင်း တင်ပြအပ်ပါသည်။

❒ တော်မြင့်(ငှက်ဖျား)



www.burmeseclassic.com

www.burmeseclassic.com



# သဘာဝ
# ရေအမျိုးမျိုးနှင့် ဆေးဖက်ဝင်အာနိသင်ရှိမှုများ

အသက်ရှိသော အရာရာသော်ရုပ်ဝတ္ထုများအတွက် အရေးပါသော ပါဝင်မှုပစ္စည်းတစ်မျိုးမှာ ရေဖြစ်ပါသည်။ အသက်ရှိဟု ဆိုထားသောကြောင့် အဓိကကျသူမှာ လူသားများ၊ လူများပင်ဖြစ်ပါသည်။ အခြားသော အသက်ရှိသူမှာ တိရစ္ဆာန်များနှင့် မြက်ပင်၊ သစ်ပင်များပင် ဖြစ်ပါသည်။

ရေဟု ဆိုရာတွင် ရေဆိုးရေညစ်များလည်း ပါဝင်နေသော်လည်း သူ့နေရာနှင့်သူ အသုံးဝင်ကြသည်သာဖြစ်၏။ လူတို့အတွက်မှာမူ သန့်စင်သော ရေကောင်းရေသန့်သည်သာ အသုံးဝင်ပါသည်။ ရေကို လူတိုင်းသောက်သုံးကြခြင်းမှာ မိမိတို့ အသက်ရှင်ရပ်တည်နိုင်မှုအတွက် ဖြစ်သဖြင့် ရေ အသက် တစ်မနက်ဆိုသော စကားနှင့်ညီစွာ ရေမသောက်ဘဲ အရှည်သဖြင့် မနေနိုင်သောသဘောကို လက်ခံသိရှိခဲ့ပြီးကြသူများမှ ဆိုခဲ့သော စကားရပ်ပင်ဖြစ်သည်။

ရေကို သောက်သုံးကြရာ၌ မိမိတို့အတွက် အသက်ဆက်ခြင်း ဖြစ်စေခဲ့ရုံသာမက ဆေးဖက်ဝင်အကျိုးပြုမှုများကိုလည်း သိရှိခဲ့ရပြန်ရာ ရေသည် သက်ရှိသတ္တဝါများအတွက် ဆေးဖြစ်ခဲ့ရပြန်၏။ အထူးသဖြင့် လူသားများအတွက် ဆေးဖက်ဝင် အာနိသင်များအဖြစ် အကျိုးပြုနိုင်သည်ကို တွေ့ရှိခဲ့ကြရသောကြောင့် ရေအမျိုးမျိုးနှင့်အတူ ဆေးဖက်ဝင်... ကို ဖော်ပြအပ်ပါသည်။

၁။ ရေ

အသက်ရှည်စေသော အကျိုးကိုပြု၏။ အမော... ကို ပြေစေသော အာနိသင်နှင့် ပြည့်စုံ၏။ ရေသော... ဖြင့် ရင်တွင်း၌ဖြစ်စေသော မော်ပန်းမှု၊ ဆာလောင်... ပြေစေ၏။ အခါမလပ်ရေသောက်ခြင်းဖြင့် အကျိုး... ဖြစ်စေ၏။ သို့သော် အဆောတလျင် မသောက်သုံး... ရေလုံးနင်ခြင်းသည် အသက်ကိုထိခိုက်စေ၏။

၂။ ရေခဲရေ

ရေကို အေးခဲစေရန်ပြုခြင်းမှ ဖြစ်ပေါ်လာသော... သည် သည်းခြေကို ပျစ်စေ၏။ ကြေခဲ ကျက်ခဲ၊ လေ... ပွားစေ၏။ အပူကို အပြင်လက္ခဏာအရ ငြိမ်းစေသော... ရင်တွင်း၌ အပူကိုဖြစ်စေ၏။

၃။ မိုးရေ

မိုးရေသည် ကျန်းမာရေးအတွက် ထိရော... အကျိုးမပြုသော်လည်း သုံးလေးညခန့် ညသိပ်... ထားပြီးလျှင် စင်ကြယ်သောရေ ဖြစ်လာသဖြင့် အ...





www.burmeseclassic.com

www.burmeseclassic.com

ပြုစေသည့်သဘော ဖြစ်လာသောကြောင့် သုံးစွဲ... ...ဘားကင်းစေ၏။

၃။ **မိုးသီးမှဖြစ်သောရေ**

မိုးသီးရေဟု ဆိုသော်လည်း အသီးအခဲဖြစ်၍ ကြေကျက်ခဲ၏။ ခြောက်ကပ်သည့်သဘော ရှိ၏။ သည်းခြေကို ပယ်တတ်၏။ လေ၊ သလိပ်အဖြစ် ပြောင်းစေ၏။

၄။ **မြေတွင်းရေ**

မြေမှ တွင်းတူးသောအခါ မြေတွင်းရေဖြစ်သောရေသည် ဇလ်ဂလရေဖြစ်၏။ ခြောက်ကပ်စေ၏။ ငန်သော အရသာမျိုးဖြစ်စေ၏။ ကြေကျက်လွယ်၏။ သည်းခြေ သလိပ်ကို ပယ်တတ်၏။

ဝမ်းမီးကို ပွားစေ၏။ အနုပဒေသရေသည် ချိုသည့်သဘောရှိပြီး ပြစ်၏။ ပြေပြစ်ခြင်းရှိ၏။

၆။ **ရေကန်ရေ**

ရေကန်ရေသည် ငြိမ်သက်သည့်သဘောရှိ၏။ သွေး သလိပ်ကို ပယ်စေ၏။ သွေးအန်သွေးကျရောဂါကို သက်သာစေ၏။ လေကိုပွားစေ၏။

၇။ **ရေတွင်းရေ**

ရေတွင်းရေသည် စိမ့်၏။ အချိုဓာတ်ဖြစ်သော် ဒေါသသုံးပါးကို ပယ်နိုင်၏။ ကြေလွယ်ကျက်လွယ်၏။ အကျိုးကိုပြုစေ၏။ အငန်ဓာတ်ဖြစ်ခဲ့သော် လေနှင့်သလိပ်ကို ပယ်နိုင်၏၊ ဝမ်းမီးကိုတောက်စေပြီး သည်းခြေကို အလွန်ပြုတတ်၏။

၈။ **လက်လုပ်ကန်ရေ**

လက်လုပ်ကန်မှဖြစ်သောရေသည် သလိပ်နှင့် ရေဓာတ်ကို ပယ်၏။ သည်းခြေကို ပြုတတ်၏။ အချိုဓာတ်ဖြစ်ခဲ့သော် သလိပ်ကိုပြုနိုင်၏။ လေနှင့် သည်းခြေကိုပယ်သည်။

၉။ **သဲတွင်းရေ**

သဲတွင်းမှဖြစ်သောရေသည် စင်ကြယ်၏။ အေးမြ၏။ သည်းခြေကို ပယ်တတ်၏။ ကြေကျက်လွယ်၏။ ဒေါသကင်း၏၊ အငန်ဓာတ်ဖြစ်သော် အနည်းငယ် သည်းခြေကိုပြုတတ်၏။

၁၀။ **အိုင်ရေ**

အိုင်ရေသည် အနည်ထိုင်မှုရှိ၏။ ခွန်အားကို ဖြစ်စေ၏၊ နှုတ်ကို ငြိမ်စေ၏။ ကျင်ကြီး ကျ... ...ကိုချုပ်စေ၏။ ...ရေကို နှစ်သက်သူ နည်း၏။

၁၁။ **အိုင်ငယ်ရေ**

အဝန်းအဝိုင်းကျဉ်း၍ တည်သောရေဖြစ်၏။ ကြေကျက်ရန် ခဲယဉ်း၏။ အဘိသန္ဒိဂုဏ် ရှိ၏။ ဒေါသသုံးပါးကို ဖြစ်စေနိုင်၏။ အကျိုးသိပ်မရှိကြောင်း တွေ့ရ၏။

၁၂။ **လယ်ပွက်ရေ**

အဘိသန္ဒိဂုဏ်ရှိ၏။ ကြေကျက်ခဲသည့်သဘော ရှိ၏။ လေနှင့် ဒေါသကို ပြုတတ်၏။

၁၃။ **နတ်...တွင်းရေ**

ထိုရေ၏ အရသာသည် ချို၏။ ဝမ်း...ကို ...ခြောက်သောသဘောရှိ၏။ သလိပ်၊ သည်းခြေ... ...၏။ ကြေကျက်လွယ်၏။ နှုတ်ကိုမြိန်စေ၏။ အစာကြေစေသည့် သဘောရှိ၏။ စေးကပ်ခြင်း၊ ပျစ်ခြင်း၊ ခွဲခြင်းမရှိသော သွက်လက်သည့်ရေဖြစ်၏။

၁၄။ **မြစ်ရေ**

ထိုရေ၏သဘောသည် ခြောက်ကပ်စေပြီး ကြေကျက်လွယ်စေ၏။ လေကိုဖြစ်စေပြီး ဝမ်းမီးကိုတောက်စေ၏။ အဘိသန္ဒိဂုဏ် အနည်းငယ်ရှိ၏။ သလိပ်၊ သည်းခြေကိုပယ်။ ပျစ်ချွဲခြင်း ကင်း၏။

၁၅။ **နဂါးပွက်ရေ**

ဆူပွက်သောသဘော ရှိ၏။ သည်းခြေကို ... ...၍ ခွန်အားကိုဖြစ်စေ၏။ အအေးဓာတ်များ၏။ လေကိုလည်း အနည်းအပါး ဖြစ်စေ၏။ ကြေကျက်လွယ်၏။

၁၆။ **ရေတံခွန်ရေ**

အပြောင်းအလဲရှိသော ရေဖြစ်၏။ နှုတ်ကိုမြိန်စေပြီး ဝမ်းမီးကို တောက်စေ၏။ သည်းခြေကို အနည်းငယ်ပြု၏။ ကြေကျက်လွယ်၏။

၁၇။ **အလင်းရောင်ရေ**

ကြည်လင်မှုသဘောရှိ၏။ ဒေါသသုံးပါးကိုပယ်၍ ခွန်အားကိုဖြစ်စေ၊ အသိဉာဏ်ကို ပြုစေ၏။ ...သက်ကို ရှည်စေ၏။ ကြေကျက်ခြင်းသဘော ရှိ၏။ ထူး...သည့်ဂုဏ်မရှိ။ အမှိုက်နှင့်တူ၏။

၁၈။ **ရေယဉ်**

ရေယဉ်သည် သွက်၏။ ခွန်အားကိုဖြ... ...ပြီး အသက်ကိုရှည်စေ၏။ ဉာဏ်ရည်ကို တိုးစေ၏။ ကြေကျက်လွယ်၏။ ပင်ပန်းခြင်းကို ပယ်၏။ ရေငတ်ခြင်းကို သက်သာစေ၏။ ဒေါသသုံးပါးကို ပယ်၏။

မိမိတို့ အလိုရှိအပ်၊ အသုံးပြုအပ်သော ရေသည် ရေဆိုးရေညစ်ဖြစ်ပြီး စင်ကြယ်မှုမရှိလျှင် ကျေးလက်မြန်မာ့ရိုးရာ ရှေးနည်းများအရ သန့်စင်သောရေအဖြစ် ရရှိနိုင်ရန် ဤသို့ပြုလုပ်တတ်ကြပါသည်။

* ရေတစ်ဂါလံနတွင် ဒန့်သလွန်အစေ့ အခြောက်နှစ်စေ့ကို ထည့်ပြီး တစ်နာရီခန့်စိမ်ပြီးသော် ရေသန့်... ...နိုင်၏။

* ရေထဲတွင် ခပေါင်းရေကြည်စေ့၊ ကြာစွယ်၊ ...မြစ်စသော တစ်ခုခုကို ထည့်၍စိမ်ထားခြင်းဖြင့် ရေသန့်ကို ရရှိနိုင်၏။

ရေသည် ဆေးတစ်ပါးဖြစ်သည့်...လည်း ...နေပါသည်။ အကျိုးရှိ...အသုံး...ပြ...ဖြင့် ရေအကျိုးကို ခံစားနိုင်ကြ...ဖြစ်ပါသည်။

❒ သမုဒ္ဒယ



www.burmeseclassic.com

www.burmeseclassic.com

# သွေးနှင့် အဆီပိတ်ကင်းအောင် စားပါ

စိုးယဉ်ထွန်း

မြန်မာလူမျိုးကို အစုံစားဟု အချို့က ပြောကြသည်။ ပါးစပ်အလိုလိုက်၊ လျှာအရသာခံကြသည်ကလည်း အမှန်ပါ။ ဒါကြောင့်လည်း ကမ္ဘာပေါ်တွင် ရှိသမျှသော ရောဂါ ဝေဒနာပေါင်းစုံကို ကန်ထရိုက်ဆွဲ၍ ကျန်းမာရေးချို့တဲ့ ချူချာကြသည်။

ပါးစပ်အလို စအိုမလိုက်နိုင် ဟုရှိခဲ့သော စကားအပြင် ပါးစပ်အလို ခန္ဓာမလိုက်နိုင်ဟုပါ ထပ်ဖြည့်ရမည်ပင်။ ဒီတော့ အစားအစာများကို စားသောက်ရင်းမှ ကျန်းမာရေးကို ဂရုပြုစေရန် မျှဝေပေးလိုက်ပါသည်။

အစားအသောက်မှ သွေးနှင့် အဆီကို အကြောထဲတွင် ပိတ်ဆို့၍ နှလုံးရောဂါ ဖြစ်ပွားရသော ကိုလက်စထရောတက်သည့်အကြောင်းရင်းများ၊ ကိုလက်စထရောသည် နှစ်မျိုးရှိပြီး ကောင်းကျိုးပြုသည့် ကိုလက်စထရောမှာ HDL ဆိုသည်နှင့် LDL ဟုခေါ်သော ဆိုးကျိုးပေးသည့် ကိုလက်စထရောတို့ ဖြစ်သည်။ သွေးထဲတွင် စီးဆင်းနေသော အဆီမော်လီကျူးများလည်း ဖြစ်ပြီး နှစ်မျိုးစလုံးဟာ ပမာဏများခဲ့လျှင် ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ရာမှာပါ သွေးကြောများကို အနည်ကျ အနည်ထိုင် ပိတ်ဆို့တတ်ပါသည်။

အထူးသဖြင့် နှလုံးသွေးလွှတ်ကြောနှင့် လေကြောကိုပါဒုက္ခပေးသည့် ကိုလက်စထရောဟု ဆိုနိုင်သည့် အစားအစာမှုဖြစ်ခြင်း ဝေဒနာပင်။ ထိုသို့သော ကိုလက်စထရောနှင့် နီးနွယ်ရသည့် အကြောင်းမှာ မိသားစုဝင်များတွင် ကိုလက်စထရောနှင့် လွန်စွာအကျုံးဝင်ခဲ့သူများ ရှိခြင်း၊ အစားအစာတွင် အဆီအဆိမ့်များကို များစွာနှစ်သက်စားသုံးပြီး ကိုယ်လက် လှုပ်ရှားမှု နည်းပါးသူများ၊ ဝလွန်းသူများ၊ ဆေးလိပ်နှင့်အရက်ကို နှစ်ခြိုက်သူတို့အား ကိုလက်စထရောကရာသက်ပန် မိတ်ဆွေဖွဲ့ပါလိမ့်မည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုလက်စထရော မြင့်မားမှုကြောင့် အမျိုးသား၊ အမျိုးသမီး၊ လူကြီး လူငယ် အရွယ်မရွေး၊ နှလုံးရောဂါဝေဒနာကို ခံစားရသော သားကောင်များ ဖြစ်နေကြသည်။ ဒီတော့ အစားအစာနှင့် ထိန်းသိမ်းသင့်ပါသည်။

အသီးအနှံများဖြစ်သည့် စပျစ်သီး၊ ထောပတ်သီး၊ သစ်ကြားသီး၊ ဇာဒ်သီးဆန်၊ ဟင်းနုနယ်၊ ပဲတောင့်ရှည်သီး၊ ဘိုစားပဲ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ၊ သံလွင်ဆီတို့ကို ပုံမှန်အစားထိုး စားသုံးသင့်ပါသည်။

သားငါးများတွင် ငါးသလောက်ကို အချို့က တက်စာဟုဆိုပါသည်။ ငါးခူ၊ ငါးကျည်း၊ ဆယ်လ်မွန်ငါး၊ တူနာငါးနှင့် ပင်လယ်ငါးတချို့ပင်ဖြစ်သည်။

(၁) စပျစ်သီးသည် သွေးတွင်း မလိုလားအပ်သော အဆီများကို ဖယ်ရှားပေးနိုင်သဖြင့် ကိုလက်စထရောကို ဖယ်ရှားပေးသည့်အတွက် နှလုံးအဆို့ရှင်များ ပွင့်စေပါသည်။ နှလုံးရောဂါသည် နှလုံးသွေးကြောများပိတ်ဆို့ပြီး လေသင်တုန်းရောဂါ၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းများကို တည်ဆောက်ပေးပါသည်။

(၂) ထောပတ်သီးကို သင့်တင့်သော အချိုရောနှော၍ ဖျော်၍သောက်သုံးသင့်ပါသည်။ နို့မှုဖြစ်သော ထောပတ်က ကျန်းမာရေးကို ထိခိုက်စေ၍ အပင်မှသီးသော သဘာဝဆေးဖက်ဝင်ဖြစ်သည့် ထောပတ်သီးကို စားသုံးသင့်ပါသည်။ သွေးတွင်ရှိသော ကိုလက်စထရောကို ၃ ဒသမ ၅ ရာခိုင်နှုန်းမျှ လျှော့ကျစေပါသည်။

(၃) သစ်ကြားသီးတွင် Polyunsatu-lated ဟုခေါ်သော သွေးထဲမှ ကိုလက်စထရောကို အစုအဝေးမပြုနိုင်အောင် ဖြိုခွဲပေးသည့် သဘာဝ ဓာတုဓာတ်ပါ[ရှိ]သည်။ ဇာဒ်စေ့သည်လည်း ထို့အတူပင်[...] သို့သော်အစာသည်ဆေးဖြစ်ရန်အတွက် အလွန်အကျွံတော့ မစားသင့်ပါ။

(၄) ဟင်းနုနယ်ကို ကြော်ချက်စား[...] ခြင်းမှာ သွေးတွင် ဖြစ်ပေါ် ပိတ်ဆို့[...] နေရာယူနေသော ကိုလက်စထရော[...] တွန်းဖြိုချရာတွင် အကောင်းဆုံးဖြစ်[...] သည်။ သဘာဝအစိမ်းရောင် ဟင်းရွက်[...] ဖြစ်ခြင်း၊ ဟင်းနုနယ်တွင် ပါရှိသော လူတိန်းဓာတ်က သွေးလွှတ်ကြောတွင်[...] ခိုကပ်နေသည့် ကိုလက်စထရောကို[...] တွန်းထုတ်ပေးပြီး ဝမ်းကျစ်ခြင်းဝေဒနာ[...] ကိုပါ ပျောက်စေသည်။ အပူရှပ် [...] ဖျားနာကိုလည်း နှင်ထုတ်ပေးနိုင်သည်[...] အဆိပ်အတောက်ကိုပါ ကျစေသည်[...] လည်း ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း[...] ပြဆိုသည်။ မျက်ကြည်လွှာကိုလည်း[...] အထောက်အကူပြုသည်ဟု ဆိုပါသည်။

(၅) ပဲသီး ခေါ် ပဲတောင့်ရှည်ဘို[...] ပဲတို့မှာ အစိမ်းရောင်ပဲမျိုးများဖြစ်[...] အမျှင်ဓာတ်များ၍ ပရိုတင်းပါဝင်[...] အပြည့်အဝရှိသည့်အတွက် အဆီပါ[...] မှုနည်းပါးသောကြောင့် နှလုံးရော[...] ဝေဒနာရှင်များ စားစရာအကောင်း[...] ဖြစ်ပြီးဓာတ်စာသဘောမျိုးသွက်[...] သော သမားတော်တစ်ဦးလို လက်[...] ထားသင့်ပါသည်။ အစိမ်းရောင်ပဲသီး[...] သည် သွေးထဲတွင်ရှိသော ကိုလက်စထ[...] ရောကို ၈ ရာခိုင်နှုန်းအထိ ကျဆင်း[...] သည်။ ခန္ဓာကိုယ်တွင်ရှိသော အ[...] သည့် HDL ကိုလက်စထရောကို[...] ထိန်းသိမ်းပေးသည်။

(၆) လက်ဖက်စို လက်ဖက်[...]





www.burmeseclassic.com

www.burmeseclassic.com


# အိမ်ထောင်ရေးမှာ စိတ်ချမ်းသာစေရမည်

❁ လက်ရှိအိမ်ထောင်နဲ့ မကွဲကွာရဘဲ အမြန်ဆုံးအဆင်ပြေ သာယာပျော်ရွှင်ခိုင်မြဲနေစေဖို့ ❁ မိမိအိမ်ထောင်ဖက်နဲ့ ငြိစွန်းရှုပ်ထွေးနေသူကို တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံးမုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်သွားကြဖို့ ❁ အိမ်မှ ထွက်သွားသော အိမ်ထောင်ဖက် မိမိအိမ်ကို အမြန်ဆုံးပြန်လာစေဖို့ ❁ မိမိအိမ်ထောင်ဖက်က နောက်ကွယ်မှာ ခြေမများတော့ဘဲ မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း ယုယအလိုလိုက် သံယောဇဉ် ကြီးနေစေဖို့ ❁ မိမိပြောစကားကို နားထောင်ပြီး သူရှာဖွေရရှိသမျှ ငွေကြေးဥစ္စာများ မိမိထံကို အကုန်ပြန်အပ်စေဖို့ . . . ဂမ္ဘီရပညာ ယတြာအစီအရင် ပံ့ပိုးကူညီမှုလိုအပ်လျှင် ယခုပင် လာခဲ့ပါ။

## ဆရာကြီးဦးအောင်မြင့်( ဥပဒေဘွဲ့ )

### လက္ခဏာဗေဒင်ပညာသုတေသီ

❁ ယုံကြည်အားကိုးမှသာ လာခဲ့ပါ ❁

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ အုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☎ ၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂။ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ


တို့သည် မြန်မာမှုနယ်ပယ်တွင် ခွဲခြားမရသော ငယ်ပေါင်းဆွေမွန်များဖြစ်သည်။ လက်ဖက်အစိုသုတ်ကို နှမ်း၊ ကြက်သွန်ကြော်တို့နှင့် စားသုံးခြင်းထက် လက်ဖက်အသားကို အဖန်ရည်ညှစ်ပြီး ညက်အောင်ထောင်း၍ ဆီသန့်နှင့်စိမ်ပြီး တစ်နေ့တစ်ကြိမ် ကော်ဖီဇွန်း တစ်ဇွန်းမျှ စားသုံးပေးသင့်သည်။ လက်ဖက်ခြောက် ခတ်ထားသော ရေနွေးကြမ်းကိုလည်း ကော်ဖီပန်းကန် တစ်လုံးစာမျှ သောက်ပေးခြင်းဖြင့် LDL ကိုလက်စထရောကို ဟန့်တားနိုင်သည့်အပြင် ကင်ဆာရောဂါဖြစ်မှုကိုပါ တားဆီးနိုင်ပါသည်။

(၇) ပဲထောပတ်နှင့် ပဲကတ္တီပါတို့သည်လည်း အမျှင်ဓာတ်ပါခြင်းကြောင့် ကိုလက်စထရော နှစ်မျိုးတွင် LDL ကိုလက်စထရောကို အဟန့်အတားပြု၍ လေနှင့်ဆီးကို မှန်စေပါသည်။

(၈) အမျှင်ဓာတ်များပါရှိသည့် ပန်းသီး၊ သစ်တော်သီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီးများသည် ကိုလက်စထရောကို ချပေးနိုင်ပြီး သွေးတွင် မကောင်းသော ကိုလက်စထရောကို နည်းပါးစေသည်။ အကျိုးပြုသည့် ကိုလက်စထရောကို ထိန်းသိမ်းပေးကာ သွေးလည်ပတ်မှု မှန်ကန်စေပြီး မောပန်းမှုကို သက်သာစေသည်။ ချွေးထွက်ညီမျှစေ၍ စားသုံးသင့်သည်။

(၉) ကြက်သွန်ဖြူကိုလည်း အမြွှာဆိုလျှင် လေးမြွှာ၊ ဥတစ်လုံးဆိုလျှင် နှစ်ဥ နေ့စဉ်ပုံမှန် စားပေးသင့်ပါသည်။ သွေးပေါင်ကျခြင်းကို ထိန်းသည့်အပြင် နှလုံးသွေးကြောကျဉ်းရောဂါကို အဟန့်အတားပြုစေပါသည်။

ကိုယ်ခန္ဓာအနံ့နှင့် ခံတွင်းနံ့ကို သန့်စင်စေပြီး ကူးစက်ရောဂါပိုးတို့ကို တိုက်ဖျက်နိုင်သည်။ သွေးထွက်သံယိုထိခိုက်ပေါက်ပြဲနာကို ကြိတ်၍အုံပေးခြင်းဖြင့် သွေးတိတ်မြန်ပြီး အနာကျက်လွယ်သည်။ ဆီးပုပ်၊ ဆီးခဲခြင်းတို့ကို ပျောက်ကင်းစေသည်။

ကြက်သွန်ဖြူ ဥတစ်လုံးကို အပေါက်ရာပေး၍ ပျားရည်နှင့်စိမ်ပြီး စားပါက မျက်စိကြည်၊ ဆံပင်ဖြူခြင်း သက်သာ၍ဆံပင်မကျွတ်ပါ။ ကြက်သွန်ဖြူကို မီးဖုတ်၍စားခြင်းဖြင့် လေပူ လေပုပ် ကျသည်။ ကလေးငယ်များကို မကြာခဏ ကျွေးသင့်သည်။

ကိုလက်စထရောကျစေရန်မှာ ဆီစားခြင်းကို ဂရုပြုရန် လိုအပ်သည်။ ဆီမသန့်မှုက အခြားသောရောဂါများကို ဖြစ်စေနိုင်သလို ကိုလက်စထရောကိုလည်း ပိုမို မြင့်တက်စေပါသည်။ ကိုလက်စထရောနှင့်ပတ်သက်၍ သိမှုရှိပြီး ဆင်ခြင်တွေးတော ဂရုပြုလျှင် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးလွှတ်ကြောပိတ်ရောဂါ၊ လေသင်တုန်းရောဂါများ ကင်းဝေးစေပါသည်။ အစာသည် ဆေးဖြစ်၍ အစားအစာကို ဂရုစိုက်ပြီး ဉာဏ်နှင့်ယှဉ်၍ အသက်ကိုမွေးနိုင်ကြပါစေ။

❒ စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# အရုံးထဲက အပြစ်

## ဝေမွန်လင်း

ကျွန်တော့်အဖေရဲ့ အမေ၊ ကျွန်တော့် အဘွား မွေးလိုက်တဲ့ကလေးတွေက နည်းမှတ်လို့၊ ဂင်းနစ်မှတ်တမ်း စာအုပ်ထဲမှာတောင် ထည့်မယ်ဆိုရင် ထည့်လောက်ပါပေရဲ့။ ပြောရင် ယုံပါ့မလား မသိဘူး။ စုစုပေါင်း ကလေးချည်း ၁၅ ယောက်တောင် မွေးခဲ့သတဲ့ဗျာ။ မှတ်ကရောပဲ။

ကလေးမွေးတဲ့ နေရာမှာလည်း မျှမျှတတ အချိုးညီညီ မွေးတယ်ပဲ ဆိုနိုင်မလား မပြောတတ်ဘူး။ ယောကျ်ားလေးက ရှစ်ယောက်၊ မိန်းကလေးက ခုနစ်ယောက်။ မွေးတဲ့နေရာမှာလည်း အလှည့်ကျစနစ်နဲ့ ကျားတစ်လှည့်၊ မတစ်လှည့်။ အခုခေတ်လို မိခင်နဲ့ကလေး စောင့်ရှောက်ရေးတို့၊ အမျိုးသမီးရေးရာတို့များ ရှိခဲ့မယ်ဆိုရင် ကျွန်တော့်အဘွား မွေးပုံမျိုးနဲ့ အဲဒီအသင်းကြီးတွေ အလုပ်ပျက် အကျင့်ပျက် ဖြစ်လောက်ပါရဲ့။

ဘယ့်နှယ်ဗျာ. , ကလေးတွေက တစ်နှစ်ကြီးတစ်နှစ်ငယ်ဆိုတော့ ကလေး ၁၅ ယောက်လည်းပြည့်ရော အိမ်ရှေ့ဧည့်ခန်းထဲမှာ ကလေးတွေက ဗုံတိုလေးတွေပတ်ပြီး ဝိုင်းထားတဲ့ စိန်ပေဒါကြီးဆိုင်းဝိုင်းလို ဖြစ်နေမယ်ဆိုတာ တွေးလို့သာ ကြည့်ကြပါတော့။

အဲဒီ ကလေးတွေမှာ နာမည် ကိုယ်စီရှိကြပေမယ့် မွေးထားတဲ့ မအေ ဖအေတောင် မမှတ်မိနိုင်ဆိုတော့ ကလူတွေဆို သာဆိုးတော့မပေါ့။

အဲဒီတော့ ကလေးတွေကို တပ်မှာလို အမှတ်စဉ်မှတ်ပေါ့။

ဟိုကောင် နံပါတ် ၃ ကောင် လာဦး။ ဟိုနံပါတ် ၈ ကလေးက လှချေလားနဲ့မာန်မဲထိန်းကျောင်းရသ

တော်ပါပေတယ်။ ကလေး ကလည်း ကိုယ့်ရဲ့ ကိုယ်ပိုင်နံပါတ် သိနေကြလို့။ နို့မှို့များဆို မလွယ် အလယ်အလတ်ကောင်တွေ အုပ် နည်းနည်း လူလည်ကျချင်ကြတ ကျောင်းသွားဖို့ မုန့်ဖိုးတောင်းရင်ပဲကြ ဖအေလုပ်တဲ့လူက လယ်ဂျာစာ စာအုပ်ကြီး ကိုင်ပြီး မုန့်ဖိုးပေးပြီး စာရင်းကိုမှတ်ရတာ အလုပ်တစ်ခု တော့။ နံပါတ် ၄ ကောင်က သူ့ကိုယ် နံပါတ် ၆ လို့ပြောပြီး မုန့်ဖိုးတောင်း ဖအေကလည်း နံပါတ် ၆ လို့မှ ပေးလိုက်တယ်။ ကလေးနှစ်ယော လောက်ခြားပြီးတော့ သူက သူ့နံ အမှန် နံပါတ် ၄ အတွက် လာ သွားပြန်တယ်။ အမှန်တကယ် မ

www.burmeseclassic.com

တဲ့ နံပါတ် ၆ ကလေးက လာထုတ်တော့ စာရင်းထဲမှာ ပေးပြီးသားဆိုပြီး ရှင်းမရအောင် ရှုပ်ကုန်ရော။ အဲဒါကလည်း တစ်ရက်ခြား နှစ်ရက်ခြား ကျောင်းသွားခါနီးတိုင်း ဖြစ်နေကျကိစ္စပါ။

ကျွန်တော်တို့ ဘွားအေရဲ့အဖေ ကျွန်တော်တို့ ဘိုးကြီးက ပြောသတဲ့။

"ဟဲ့ ဖွားဆင်ရယ် နင့်ကလေးတွေ ကျောင်းပို့ မနေပါနဲ့တော့ဟာ၊ ဆရာငှားပြီး အိမ်မှာကျောင်းဖွင့်လိုက်ပါတော့" တဲ့။

ခေတ်ကာလကလည်း ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလ၊ နိုင်ငံရဲ့အနေအထားကလည်း ဗြိတိသျှကိုလိုနီနယ်ချဲ့ရဲ့ လက်အောက်မှာဆိုတော့ မျက်နှာဖြူတွေ တန်ခိုးထွားတဲ့ကာလ။ မျက်နှာဖြူတွေ၊ ဘိုကပြားတွေ၊ တရုတ်၊ ကုလား ကုန်သည်ကြီးတွေ ရှေ့တန်းရောက်နေတဲ့အချိန်။

အဲသလို ခေတ်ကာလအတွင်းမှာ အဘွားတို့နေထိုင်ရာ တိုက်ကြီးမြို့မှာတော့ အဘွားက ကြေးရတတ် မြို့မျက်နှာဖုံးဆိုပဲ။

ပြောရမယ်ဆိုရင် တိုက်ကြီးတစ်မြို့လုံးမှာ ဓာတ်မီးစက်ထောင်ပြီး မီးပေးခဲ့တာ အဘွားတို့တဲ့။ တိုက်ကြီးတို့၊ ဖူးကြီးတို့မှာ အစောဆုံး သစ်စက်ထောင်ခဲ့တာလည်း အဘွားတို့ဆိုပဲ။ ပြောရမယ်ဆိုရင်တော့ အခုတိုက်ကြီးဆေးရုံကြီး စတင်ဖွင့်လှစ်စဉ်က အရေးပိုင်တွေ၊ နယ်ပိုင်တွေ၊ တိုက်ပိုင်တွေဆိုတဲ့ မျက်နှာဖြူများနဲ့ ရင်ပေါင်တန်းပြီး အဘွားကိုယ်တိုင် ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်ပေးခဲ့ရပုံကို အဘွားက မကြာခဏ ဂုဏ်ယူပြီး မြေးတွေကို ပြောပြလေ့ရှိတာ မှတ်သားမိပါရဲ့။

တိုက်ကြီးမြို့မှာ အခြေချပြီး လယ်ယာချောင်းမြောင်း၊ ဆန်စက်၊ သစ်စက်တွေ စီမံခန့်ခွဲ အုပ်ချုပ်နေရတဲ့ အဘွားစုံအိမ်ရဲ့ ဧည့်ခန်းဆောင်မှာက ဆယ့်နှစ်ရာသီ ဧည့်သည်ကိုပြတ်တယ် မရှိဘူးဆိုပဲ။

ဒီလောက် ဧည့်သည်များတဲ့အိမ်မှာ ကလေးတွေကလည်း ပုစုခရုတွေဆိုတော့ ဧည့်သည် ဆောင်သည်လာရင် ဘယ်သွားနေရမယ်၊ ဘယ်လိုထိုင်ရမယ် နားမှ မလည်ကြတာ။ လာတဲ့ဧည့်သည်တွေနဲ့ စပါးအကြောင်း၊ ဆန်အကြောင်း၊ သစ်အကြောင်း၊ အရောင်းအဝယ်ကိစ္စ ဆွေးနွေးကြ၊ တိုင်ပင်ကြတဲ့အချိန်မျိုးမှာ ကလေးတွေက အိမ်ကြွက်ကလေးတွေ ကျနေတာပဲ။ ဧည့်သည်တွေကြားထဲက လှစ်ခနဲဆို ဟိုကဖြတ်ပြေး ဒီကဖြတ်ပြေး၊ စကားပြောကောင်းနေတုန်းဆိုတော့ ဧည့်သည်တွေခမျာ ဒီကလေးတွေကိုကြည့်ပြီး ထိုင်နေရင်းက ခြေရှုပ်ရ လက်ရှုပ်ရ အယိတ်တလန့်ဖြစ်ရတာလည်း အခါခါ၊ စကားလည်း ပြောရင်း ရှောင်ရင်းတိမ်းရင်းပေါ့။

တစ်ခါတုန်းက အမေပြန်ပြောပြလို့ သိရတာ။ တောနယ်က စပါးအဝယ်တော် လေးငါးယောက်လောက်ရောက်လာပြီး ဧည့်ခန်းဆက်တီခုံတွေပေါ်မှာ ထိုင်ပြီး စပါးသိမ်းဖို့ကိစ္စ ပြောဆိုနေကြတဲ့အချိန်၊ တောက အဝယ်တော်တွေဆိုတော့ အတွင်းခံစွပ်ကျယ်ပေါ်က ဖျင်ကြမ်းတိုက်ပုံအင်္ကျီဟပြဲနဲ့၊ မျက်နှာသုတ်ပဝါတွေ ခေါင်းပေါင်းလို့၊ ချည်ပုဆိုးတိုတိုဝတ်ပြီး ခြေပစ်လက်ပစ်ထိုင်ပြီး စကားပြောဆိုနေကြတာဆိုပဲ။ တစ်ယောက်ကဆို ခြေတောင်လွှဲနေလိုက်သေး။

အဲဒီအချိန်မှာ အမေ့ရဲ့အထက်က အစ်ကိုနဲ့ အမေ့ရဲ့အောက်က မောင်တစ်ယောက်က လွတ်ထွက်ပြေးသွားတဲ့ ပိုးဟပ်တစ်ကောင်ကို တူနဲ့လိုက်ထုနေတာ။ ပိုးဟပ်ဆိုတဲ့အကောင်ကလည်း သူ့အသက်ဘေးလုပြီး ပြေးနေရတာဆိုတော့ လှစ်လှစ်ကိုထလို့ ပြေးလိုက်တာ။ အဲသလို ကိုယ်လွတ်ရုန်းပြေးနေရင်းက ဧည့်သည်တွေ စကားပြောနေတဲ့နား ရောက်သွားရော။ ဧည့်သည်ပွဲစားကြီးကလည်း စိတ်ပါလက်ပါ စကားပြောနေတဲ့အချိန်ဆိုတော့ ဒီကလေးကို သတိမထားမိဘူးပေါ့။ ပိုးဟပ်က ဧည့်သည်ရဲ့ ခြေချထားတဲ့နား ဝင်ကပ်ပြီးပုန်းနေတာ။ အဲဒီမှာတင် ဘာပြောကောင်းမလဲ အမေ့အောက်က မောင်က ပိုးဟပ်ကို ချိန်သားကိုက်ပြီးအထု ပိုးဟပ်ကလည်း ရိပ်ခနဲမြင်တော့ ထွက်အပြေး . . .

"အခုဟာက ကျောင်းအမကြီးရယ် ဒီနှစ်က စပါးကပျက်ကြတော့ တစ်ရွာလုံးလိုလို မအောင်ကြတာ၊ အောင်မယ်လေး ထုတယ်ဗျ၊ သောက်ကျိုးနည်းသေပါပြီ" ဆိုပြီး ထွန့်ထွန့်လူးအော်လိုက်တာ ခြေမကြီးတစ်ခုလုံး သွေးခြင်းခြင်းကိုနီလို့။ ထွက်လာတဲ့သွေးတွေနဲ့ ပိုးဟပ်က စေးကပ်ပြီး မပြေးနိုင်တော့တဲ့အချိန် နောက်ထပ်တစ်ချက် ထပ်ပြီးထုဖို့ ကြိုးစားနေတဲ့ ကလေးကို မနည်းဖမ်းချုပ်ပြီး အပြင်ကို ခေါ်ထုတ်သွားရသတဲ့။

အဲသလိုကို ဆိုးကြ သောင်းကျန်းကြတာကလား။

တစ်ခါက အဘွားရဲ့အမေ ဘွားကြီးက မနက် အိပ်ရာထတာနဲ့ ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်တက်တတ်တာ။ ဆွမ်းတော်ပွဲတွေပြင်၊ သောက်တော်ရေချမ်းတွေကပ်၊ သစ်သီးဝလံလေးတွေစိတ်ဖြာပြီး အစီအရီ ဘုရားဝတ်ပြုနေတဲ့အချိန်၊ ဘုရားဝတ်တက်ချိန်ကလည်း ကြာသကိုး။ ဘုရားရှိခိုးအပြီး ကြေးစည်ထု အမျှအတန်းဝေပြီးချိန်မှာတော့ ဘုရားကိုကပ်ထားတဲ့အသီးအနှံတွေထဲက ဒီကလေးတွေ သူတို့စိတ်ကြိုက် ရွေးချယ်ပြီး ဘယ်အချိန်က ဘယ်လိုယူသွားလိုက်မှန်းပင် မသိဆိုတော့ . . .

"ဟဲ့ သမီးဖွားဆင် နင်မွေးထားတာ လူတွေမှဟုတ်ရဲ့လားကွယ်၊တကယ့်ကို ဓမ္မန္တရာယ်လေးတွေပဲ" လို့ မကြာခဏပင် မြည်တွန်တောက်တီးယူရတဲ့အဖြစ်။

"ဟဲ့ စာရေးဆရာ၊ မင်းပြောတုန်းက မင်းအဘွားက အညီအမျှမွေးခဲ့တာဆို၊ မင်းတွက်ပြပုံအရဆိုရင် ကျားရှစ်ယောက်၊ မ ခုနစ်ယောက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ကျားတစ်ယောက်တောင် ပိုနေတာ၊ ဘယ်မှာ အညီအမျှဟုတ်လို့လဲ" ဟု မေးလာကြအံ့။ ဟုတ်ကဲ့၊ ကျွန်တော် မှန်သောစကားကို ဆိုခြင်းသာဖြစ်သည်။ ကျိန်တွယ်ပြောရဲပါရဲ့။ ပြောရမယ်ဆိုရင် ကျားစစ်စစ် ခုနစ်၊ မစစ်စစ် ခုနစ်၊ ကျားနဲ့မ စပ်ကြား ဟိုမရောက်ဒီမရောက်က တစ် ဆိုတော့။

ကဲ အစောထဲက မပြောလား။ ညီမျှပါတယ်ဆိုတာ ယုံပြီလား။

အဲဒီကလေး ၁၅ ယောက်ထဲမှာ ဟိုမရောက်ဒီမရောက်ကလေးက ပြဿနာပေါ်ရင် သူက ‹ဝိပ်›ဆုံးက အမှုကြီးတွေသာ။

တစ်နေ့တဲ့ . . .

အဘွားက ရဟန်းခံရှင်ပြု အလှူသွားဖို့ရာ ပိုးဖဲကတ္တီပါဘရိုကိတ်အဝတ်အစားတွေကို ရွေးချယ်ပြီး ဟိုထဘီဆိုမလိုက်ဘူး၊ ဒီအဆင်ကရိုင်းတယ်၊ ဒါကတော့ အရောင်ရင့်လွန်းတယ်ဆိုပြီး စိတ်တိုင်းမကျလေတိုင်း ထုတ်ထုတ်ပြီး တန်းပေါ်မှာ လွှားထားသတဲ့။

နောက်ဆုံးမှာ သူ့စိတ်ကြိုက်အဝတ်တွေ တွေ့တော့မှ ဝတ်စားပြီး အလှူသွားတဲ့အချိန်မှာ ပြဿနာက စတော့တာ။

စောစောကပြောတဲ့ ဟိုမရောက်ဒီမရောက်စပ်ကြားက ကတ်ကြေးတစ်လက်ရှာလာပြီး အဘွားရဲ့ ဇိနတိုင်းကလာတဲ့ ဖဲလုံချည်သုံးကွင်းကို တန်းပေါ်က ဆွဲယူသွားပြီး တော်ရာချောင်တစ်ခုမှာ ဘယ်သူမှမသိအောင် ငြိမ်ချက်သားကောင်းကောင်းနဲ့ ဇာတ်မင်းသမီးတွေ ကတဲ့နေရာမှာဝတ်တဲ့ ခါးယောင်အင်္ကျီတွေ ချုပ်ပါသတဲ့။

အားလုံး စိတ်တိုင်းကျ ချုပ်လို့လည်းပြီးရော သူ့ညီမတွေခေါ် တစ်ယောက်တစ်ထည်စီ ဝတ်ခိုင်းပြီး သူကလည်း တစ်ထည်ဝတ်ကာ ပဒေသာကပွဲကြီး ဆင်နွှဲပါတော့တယ်။

ခြေမြောက် လက်မြောက်နဲ့ကနေကြတာ တကတဲ သူကတောင် မိန်းကလေးတွေထက်စာရင် နွဲ့သေးဆိုပဲ။

ညနေ အတော်လေးနေစောင်းတော့မှ အဘွားက လှည်းယဉ်ကြော့ကလေးနဲ့ အလှူကပြန်လာတော့ အိမ်ရှေ့မှာ ကလေးတွေစုရုံးစုရုံး ကပြအသုံးတော်ခံနေတဲ့ပွဲကို လာအားပေးကြတာကလား။ အဘွားလှည်းလည်းမြင်ရော သူ့ညီမတွေထားခဲ့ပြီး တောင်မရောက်မြောက်မရောက် လှစ်ခနဲဆို ပျောက်သွားလိုက်တာ ညစာ ထမင်းစားချိန်တိုင် ရှာမရတဲ့အဖြစ်။

ညီအစ်ကိုတွေ ဆော့ကြ ကစားကြပြီဆိုရင်လည်း ယောကျ်ားလေးဝိုင်းမှာ သူမပါ၊ ညီမတစ်တွေ ဆော့ကြပြန်တော့လည်း ညီမတွေက လက်မခံချင်ကြ။ တဖြည်းဖြည်းကြီးပြင်းလာတော့လည်း သူ့မှာက သင်းကွဲမျောက်လို ဖြစ်နေရတဲ့အဖြစ်။

သူ့ရဲ့ ဟန်ပန်အမူအရာ ကနွဲ့ကလျတွေပျောက်အောင် ညီအစ်ကိုတစ်တွေ ဝိုင်းပြီး သူ့အစွဲကို ချွတ်ကြတယ်။ ဟုတ်သလိုလိုတော့ ရှိသား။ ဒါပေမယ့် ကြာကြာတော့မခံပါဘူး။ နောက်ဆုံးတော့ ဒိုးရင်းက ဒိုးရင်းပဲ။

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ကြီးကဖြစ်၊ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကဆုတ်ခွာထွက်ပြေး။ မြန်မာ့တပ်မတော်နဲ့အတူ ဂျပန်တပ်တွေက အင်္ဂလိပ်ကိုတွန်းလှန်မောင်းထုတ်လို့ ဂျပန်ခေတ်ကိုရောက်လာပါလေရော။

ခေတ်ကလည်း ခေတ်ပျက်ကြီး၊ စစ်ဦးဘီလူး ဂျပန်တွေကလည်း ကြမ်းကြမ်းတမ်းတမ်း ရက်စက်မှုအပေါင်းသရဖူဆောင်း၍ လူကို ‹ဖော›ထိုးဆွဲတာတို့၊ ရေနွေးပူလောင်းပြီး လက်သည်းခွာတာတို့၊ ဗိုက်ပေါ် ‹မြေကြက်›တင်ပြီး အိုးနဲ့မှောက်ထားတာတို့၊ ပေါ်တာဆွဲတာ ချွေးတပ်ဆွဲတာတွေအပြင် နောက်ဆုံး မိန်းမပျိုလေးတွေရဲ့ ဘဝ မလုံခြုံစိတ်မချရတဲ့ခေတ်ကာလကြီးမှာအဘွားဒေါ်ဖွားဆင်ဟာ လှည်းတွေဆင်ပြီး မြို့ကနေ ဆွေမျိုးများရှိရာ တောကိုပြောင်းစီစဉ်ကြတယ်။

သမီးမိန်းကလေးတွေကို ဗိုလ်ကေအတိုညှပ်၊ ရှပ်အင်္ကျီဝတ်၊ ပုဆိုးသင့်တဲ့လူက ပုဆိုးဝတ်၊ ဘောင်းဘီသင့်တဲ့လူက ဘောင်းဘီဝတ်ပြီး လူ . . . တောကို ပြေးကြတယ်။

အဲဒီမှာက ပြောမရ ဆိုမ . . . မရောက် ဒီမရောက်က လူကလည်း . . . ဝတ်ပုံစားပုံကလည်း ပုဆိုးကို ထ . . . ဝတ်၊ ခြေမျက်စိဖုံးနဲ့၊ သနပ်ခါးက . . . ပါးကွက်ကျား၊ မျက်ခုံးမွေးက . . . ဘယ်လိုမှ တားမရဆီးမရ သွန်သင် . . . လို့က မရနဲ့၊ ဒီပုံနဲ့ပဲ တောကို ထွက် . . . ကြပါလေရော။

တိုက်ကြီးဆိုတဲ့မြို့ကနေ . . . သုံးဆယ်ဘက် ဆွေမျိုးတွေရှိရာ . . . လာကြတာ ညနေ နေဝင်ရီတ . . . အချိန်လောက် သိမ်ကုန်းကိုမရော . . . ဂျပန်တပ်စိတ်တစ်စိတ်နဲ့ တွေ့ကြ . . . ရော။ ထုံးစံအတိုင်း ဂျပန်တွေ . . . တတ်တဲ့ ကြက်အရှင် သုံးလေးကော . . . ကြက်ဥ အလုံးသုံးစိတ်သုံးဆယ်လော . . . ပေးလိုက်တော့ ဂျပန်တွေကလည်း . . . သွားကြီးတဖြဲဖြဲနဲ့ သဘောတွေကျ . . . လိုက်ကြတာ။

လှည်းတွေအားလုံးက သ . . . မိန်းမတွေနဲ့ ယောကျ်ားကလေးငယ် . . . ဆိုတော့ ဘာအစစ်အဆေးမှ . . . လွှတ်လိုက်ကြတယ်။ ဒါပေမယ့် . . . ဆုံးလှည်းရဲ့ ဒုတိယမြောက်လှည်း . . . ပါလာတဲ့ ဟိုမရောက် ဒီမရော . . . လည်း တွေ့ရော လှည်းပေါ်က အ . . . ဆင်းခိုင်းတယ်။ သူကလည်း . . . လန့်တကြားနဲ့ လှည်းမောင်းတဲ့ . . . ဖြစ်တဲ့သူကို ဖက်တွယ်ပြီး ခြေခ . . . လို့ ငိုယိုနေလေ ဂျပန်က ရအော . . . လေပဲ။ နောက်ဆုံး ဂျပန်လက် . . . ရောက်သွားရတော့တယ်။

လှည်းပေါ်ပါလာတဲ့လူ . . . စုပြီး ဝိုင်းတောင်းပန်ပေမယ့် . . . လှည်းတွေအားလုံး မောင်းထ . . .





www.burmeseclassic.com

www.burmeseclassic.com

ထွက်မသွားရင်ဘဲ သေနတ်နဲ့ ပစ်တော့မလို မောင်းတွေပါတင်ဆိုတော့ နောက်ဆုံး လက်လျှော့ပြီး ထွက်ခဲ့ကြတယ်။ သူ့တံကြမ္မာအတွက် အားလုံးက စိတ်မကောင်းကြပေဘူး။

တည်းခိုရမယ့်ရွာ ရောက်တော့ ဆွေမျိုးသားချင်းတွေကို အဖြစ်အပျက်ပြောပြပြီး ကျွန်တော်တို့အဘွား ဒေါ်ဖွားဆင်ဟာ သူ့သားအတွက် ရတက်မအေးရှာဘဲ တငိုငို တရယ်ရယ်ဖြစ်နေရှာတယ်။ အားလုံးက စိတ်မချမ်းမြေ့စွာနဲ့ ကြံဖန်စဉ်းစားရင်းက လက်လှမ်းမီသလောက် အကူအညီရနိုင်မယ့်သူကို ရှာဖွေတော့ ဂျပန်တပ်ကို ရိက္ခာသွင်းနေတဲ့ ကိုဘကောင်းကို သွားစဉ်းစားမိကြတယ်။ ဒီလိုနဲ့ ကိုဘကောင်းကို အကျိုးသင့် အကြောင်းသင့် ပြောပြပြီး အကူအညီတောင်းတော့ . . .

“ကဲပါ မမဆင်ရယ် စိတ်အေးအေးထားပါ၊ ကျွန်တော် အခုပဲ တပ်ကိုသွားပြီး စုံစမ်းပါ့မယ်၊ တပ်ထဲမှာရှိနေတယ်ဆိုရင် မာစတာကြီးတွေကို ပြောပြပြီး ပြန်ခေါ်လာခဲ့ပါ့မယ်၊ စိတ်ချလို့သာနေပါ” ဆိုပြီး ထွက်သွားတယ်။

နောက်တစ်နေ့မနက် ဆွမ်းခံပြန်ချိန်လောက်မှာ ကိုဘကောင်း ပြန်လာတယ်။ လှည်းပေါ်မှာ တောင်မရောက်မြောက်မရောက်လည်းပြန်ပါလာတယ်။ ဒါပေမယ့် အကောင်းပကတိတော့ မဟုတ်ဘူး။ သူ့တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ကိုဘကောင်းရဲ့ကျေးဇူးကြောင့် မိန်းမလျာ အလောင်းအလျာလေး ပြန်ပါလာတော့ မဖွားဆင်မှာ ဝမ်းလည်းသာ ဝမ်းလည်းနဲ့ပေါ့။

ဖြစ်ပျက်ပုံကတော့ ဒီလို။

သူ့ကို ဂျပန်တွေက ဖမ်းခေါ်သွားပြီး ကင်းတဲထောင့်တစ်နေရာမှာရှိတဲ့ အခန်းထဲမှာ ထည့်ထားလိုက်တယ်တဲ့။ ဂျပန် လေးငါးခြောက်ယောက်စုပြီး အရက်သောက်လိုက် အမြည်းစားလိုက်နဲ့ သူ့ကို ပွဲတော်တည်ဖို့ ဟန်ပြင်နေကြတယ်ဆိုပဲ။

ဂျပန်တစ်ယောက်က မူးမူးနဲ့ သူ့ဆီလာပြီး ပါးကို ဘယ်ပြန်ညာပြန် နမ်းတော့ သူက ရှုန်းကန်ပြီး ဂျပန်နမ်းတဲ့ပါးနှစ်ဖက်ကို လက်နဲ့ပွတ်ပြီး ငိုတော့ ဂျပန်စစ်သားက တဟားဟားရယ်ပြီး သဘောကျစွာနဲ့ထွက်သွားပြီး သူ့အဖော်တွေကို အောင်သေအောင်သားစားဖို့ သွားညှိကြတယ်။

သူတို့အားလုံး သဘောတူစွာနဲ့ သူပြီး သူ့အလှည့်ဆိုပြီး ခွဲတမ်းချတော့ ပထမဆုံး ခွဲတမ်းရတဲ့လူက ဒယီးဒယိုင်နဲ့ ဝင်လာတော့ သူလည်း တအားကိုကြောက်နေတော့တာပေါ့။ အဲဒီမှာတင် ဂျပန်က သူ့ကိုပွေ့ချီပြီး ခုတင်ပေါ် ပစ်တင်လိုက်တယ်။ ဂျပန်က ယူနီဖောင်း အကျႌချွတ်ပြီး သူ့နားလာထိုင်တယ်။ ပါးလေးကိုနမ်းပြီး ခေါင်းကိုလည်း ပွတ်သပ်ပေးတယ်။ ပြီးမှ ဘောင်းဘီချွတ်လိုက်ပြီး အတွင်းခံဘောင်းဘီတိုလေးနဲ့ ရောက်လာပြီး သူ့ကိုဖက်လှဲပြီး သိပ်လိုက်တယ်။ သူကလည်း လက်အုပ်လေးချီပြီး ငိုယိုတောင်းပန်ပေမယ့် ကိုရွှေဂျပန်က သနားစိတ်မဝင်ပါဘူး။ ရာဂဘီလူးစိတ်ဝင်နေတဲ့ ဂျပန်က သူ့ရဲ့အဝတ်အစားတွေကို ဆွဲလည်း ချွတ်လိုက်ရော ဂျပန်လိုပြောပြီး ဘာသံကြီးနဲ့ ထအော်လိုက်မှန်းမသိဘူး။ သူလည်း ကြောက်လွန်းလို့ သေးဖြန်းဖြန်းကျပါရော။

အဲဒီမှာတင် ရှေ့မှာ အရက်ဝိုင်းဖွဲ့နေတဲ့ ကျန်တဲ့ဂျပန်တွေ ရောက်လာပြီး တအံ့တသြနဲ့ သူ့ဇာတိရုပ်အမှန်လည်းသိရော စားရတော့မယ့်အစာပါးစပ်နားရောက်ခါနီးမှ ပြုတ်ကျသွားရသူနှယ် ဒေါသတကြီးနဲ့ သူ့ကို ထိုးတဲ့သူက ထိုး၊ စစ်ဖိနပ်နဲ့ ကန်တဲ့အကောင်က ကန်၊ သေနတ်ဒင်နဲ့ ဆောင့်တဲ့အကောင်က ဆောင့်နဲ့ ဝိုင်းသမကြတာ လိမ့်နေဆိုပဲ။

ပထမဆုံး ကံစမ်းမဲဖွင့်မယ် ဂျပန်က သူ့ကိုကြည့်လိုက် ဒေါသတွေဖြစ်လိုက် ဂျပန်လိုတွေပြောလိုက်နဲ့ ပြေးလာပြီး ဆောင့်ဆောင့်ကန်ရုံနဲ့ အားမရဘူး။ ပါးကိုလည်း ဘယ်ပြန်ညာပြန် ရိုက်တာ သွားသုံးချောင်းကျိုးတဲ့အထိပဲ။

ကိုဘကောင်း အရောက်စောပေလို့၊ နို့မို့သာဆို သတ်များပစ်မလား မဆိုနိုင်ဘူး။ ကိုဘကောင်းက ဂျပန်မာစတာတွေကို ဂျပန်လိုပြောပြပြီး သူ့ကို ကယ်ထုတ်ခဲ့ရတာ။

ရွာရောက်တော့ သူ့ကို အတော်လေး ဆေးကုယူရတယ်။ ဆေးဝါးကလည်း ရှားပါးတဲ့အချိန်ဆိုတော့ ဆေးဖက်ဝင် အသီးအရွက် အခေါက်တွေနဲ့ ကြပ်ထုပ်ထိုးတန်ထိုး၊ လိမ်းတန်လိမ်း၊ ဆေးစည်းတန်စည်းပေါ့။ တစ်လကျော်လောက် ကြာမယ်ထင်ပါတယ်။ မသေကောင်း မပျောက်ကောင်းအဖြစ်။

အဲဒီမှာတင် အဆိုးထဲကနေ အကောင်းလို့ ပြောရမလားတော့ မဆိုနိုင်ပါဘူး။ အဲဒီနောက်ပိုင်း မိန်းမလျာဆန်တဲ့ဘဝကနေ စင်စစ်ယောကျ်ားဘဝကို လုံးဝခံယူ သဘောပေါက်သွားပြီး ကျားကျားလျားလျားနဲ့ လူ့အဖိုးတန်တစ်ယောက်ဖြစ်သွားတာ အမြတ်ပါပဲ။

နောက်ပိုင်း စစ်ကြီးပြီးသွားတဲ့နောက် မိဘတွေကလည်း စစ်ဘေးစစ်ဒဏ်နဲ့ စီးပွားတွေပျက်၊ အစ်မတွေ ညီမတွေကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ရက်သားတွေ ကျကုန်ပြီး တကွဲတပြားစီ ဖြစ်ကုန်ကြတယ်။

ဒီမှာတင် လောကဓံရဲ့လှိုင်းတံပိုးအောက်မှာ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မတည်မြဲခြင်း၊ အစိုးမရခြင်း ဆိုတာတွေကို လေးလေးနက်နက် တွေ့ကြုံခံစားခဲ့ရတဲ့ အမေ့အစ်ကို ကျွန်တော်တို့ဘကြီးဟာ သံဝေဂတရားတွေရပြီး မြင့်မြတ်သောရဟန်းဘဝကို ခံယူရင်း ဘဝနတ်ထံပျံလွန်တော်မူသွားတဲ့အကြောင်း အမေမကြာခဏ ပြောပြောပြနေတာကို ပြန်လည်ကြားယောင်နေမိပါတော့သတည်း။

အခုဆို အမေဆုံးတာတောင် (၁၀)နှစ်နီးပါး ရှိပါပေါ့။

❑ ဝေမွန်လင်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေတောသား
# ရှူအိ (ကျေးလက်ပျော်ဟာသဝတ္ထုတို)




'သင်တိုင်း' ဆိုသော အရပ်ကား ရွာအနေမို့သာ တော်ရော့သည်။ 'သင်တိုင်း' သည် ရွာမဟုတ်ဘဲ မြို့ကြီးတစ်မြို့သာ ဆိုလျှင်ဖြင့် ဘယ့်ကလောက်များ နား၊ မျက်စိ ရှုပ်စရာတွေ လှိုင်ဘောလည့်လိမ့်မည် မသိ။ ဦးပီယ ဆိုသည်က ဇာတိအားဖြင့် သင်တိုင်းရွာမှ မဟုတ်။ သူ့ဇာတိက ဖုန်ထူပြီး ဟတ္တာတွေပေါသည် ဆိုသည့် အညာအရပ်ဒေသရှိ ရွာတစ်ရွာက ဆိုလား။

ကနဦးက သူလည်း ဝါအတော်များများ ရနေပြီဖြစ်သည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်ခဲ့သည်။ ဗေဒင်ပညာ၊ ဆေးဝါးပညာ၊ ပယောဂပညာ၊ ပီယပညာတို့ကို အတော်အတန် တီးမိခေါက်မိလေမှ ဘယ်က ဘယ်လို ဖြစ်လာသည် မသိ။ လူထွက်ကာ ၎င်းအရပ်ရှိ တစ်ခုလပ်မလေး မိအကြည်နှင့် အိမ်ထောင်ကျလေသည်။

ဦးပီယ၏ မျိုးရိုးကား ကျောင်းဆရာမျိုးရိုး၊ ဘုန်းကြီးမျိုးရိုး ဖြစ်လေ၏။ သူ့ဆွေမျိုးသားချင်း ရင်းချာတော်တော်များများမှာ ကျောင်းဆရာတွေ ဖြစ်ကြ၏။ ရဟန်းသာမဏေတွေ ဖြစ်ကြ၏။ သူသာ အကြောင်းခံ တစ်ခုကြောင့် မမျှော်လင့်ဘဲ လူပြန်တော်ဘဝသို့ ရောက်လာခြင်းပဲ ဖြစ်သည်။

ကံဆိုးသည်ဟူ၍ ဆိုရမည်လား မသိ။

သူ့မိန်းမ အကြည်သည် အိမ်ထောင်သက် တစ်နှစ်မပြည့်ခင်မှာပင် ပဲနုတ်သွားရာမှ ပိုးထိပြီးဆုံးပါးခဲ့ရသည်။ အချိန်မီသာဆိုလျှင် လင်တော်မော[...] ဦးပီယ တတ်ကျွမ်းသည့် ပညာများ[...] အနက်မှ ဆေးဝါးပညာဖြင့် မိန်းမ[...] ကို ကုသပေးနိုင်ပါလိမ့်မည်။ သို့သော်[...] အခြေအနေတွေက စဉ်းစားမရအောင်[...] ပြောင်းလဲသွားခဲ့ နောက်အကျကြီး [...] သွားခဲ့ပြီဖြစ်ရာ ဘာဆိုဘာမျှ မ[...] နိုင်တော့။ သူ့မှာသာ 'ဘုန်းကြီးလူထွက် မုဆိုးဖိုကြီး' ဆိုသည့် ဘွဲ့ထူးသာအ[...] တင် ကျန်ရစ်တော့သည်။

သူနှင့် ချစ်မဝ ခင်မဝ အကြည်[...] လေးအား မျက်စိထဲမြင်ယောင်လာ[...] တရားသဘောဖြင့် သူဆောက်တည်[...] မရမှန်း သိလာရသည့်အခါ ဇာတိ[...] ကို ကျောခိုင်းလိုက်သည်။ လွယ်အိတ် တစ်လုံး၊ ထန်းခေါက်ဖာတစ်လုံး[...] အောက်ပြည်အောက်ရွာဘက်သို့ [...] ဆင်းခဲ့ချေသည်။ သူတတ်မြောက်[...] သော အတတ်ပညာတွေက လူ့လော[...] ၌ လက်တွေ့အသုံးဝင်လေရကား [...] အတွက်တော့ တစ်ဝမ်းတစ်ခါး [...] သည် ဘာမျှ ပူပင်စရာအကြောင်း[...] ချေ။

သူနှင့် ပတ်သက်လာပါက [...] ရောက်ရှိသွားလေရာ နေရာတိုင်း[...] ပြောစမှတ်တွင်စရာတွေချည်းဖြစ်ခဲ့[...]

သူ ဟောပြောသောဗေဒင်[...] သွေးထွက်အောင်မှန်သည် ဆို[...] အကြောင်း၊ သူ့ဆေးဝါးကို တိုက်[...] ရောဂါဝေဒနာ အရှင်းပျောက်သွား[...] အကြောင်း၊ စုန်းတိုက် နတ်တိုက် [...] အကပ် မှန်သမျှ သူ့နှိမ်နင်းမှု[...] တွင် ပြားပြားဝပ်သွားရသည့်အကြော[...] သူစီရင်ပေးသည့်အတွက် ဂေါ်[...] နေသူ၊ ဘဝ၌ အကျည်းတန်ကာ [...] ကျန်ဖြစ်နေသူတို့ ဒွိယံ ဒွိယံဖြင့် [...] သံတွေ အမိညံကုန်သည့်အကြော[...] စသည် စသည်တို့ဖြင့် မောင်းနှင်း[...] ညာသော်လည်း ကောင်းသတင်း[...] ဝေဆာလွှန်းလှပါတော့၏။

ဒီလိုနှင့် အောက်ပြည် အော[...] ရွာ အနယ်နယ်အရပ်ရပ်ကို လှည့်[...]





www.burmeseclassic.com

www.burmeseclassic.com

ရင်း ဒီသင်တိုင်းရွာကလေးသို့ ရောက်ခဲ့သည်။

“အဲဒီမှာ ဇာတ်လမ်းစတာပဲ” ဆိုသော စကားလို သူ၏တည်ငြိမ်နေသော ကန်ရေပြင်သည် ကာလသမီးခေါင်း အပျိုကြီး မသင်းထုံဆိုသည့် ခဲလုံးလေး တစ်လုံးကျသွားလေသောအခါသံယောဇဉ်လှိုင်းဂယက်တို့ ဝိုင်းစက်ပြန့်ကားသွားကြကုန်၏။

ကာလသားအပေါင်းကလည်း သဘောတူ၊ လူကြီးသူမတွေကလည်း ဒွယ်စုံရဆရာတစ်ဦး တခြားကူးသွားမှာ ဒီးရိမ်ရ၊ ဦးပီယနှင့် မသင်းထုံတို့မှာလည်း ချက်စိတွေ အကျကြီးကျနေလေရကား အချိန်ကာလ မကြာမြင့်မီမှာပင် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် မသင်းထုံတို့အိမ်ပေါ်သို့ ဦးပီယရောက်ရှိသွားခဲ့လေတော့သည်။

ထိုမှ အစပြု၍ ဦးပီယအဖို့ သင်တိုင်းရွာကို အခြေပြုကာ ရွာသူရွာသားတို့၏ ဘဝအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ ပယောဂအခက်အခဲ၊ အရောင်းအဝယ် အခက်အခဲ၊ အာဝါဟဝိဝါဟ အခက်အခဲတွေကို ဖြေရှင်းပေးရင်း ဆရာကြီးတစ်ဆူ ဖြစ်နေလေတော့သတည်း။

❁

လူနာ လာပင့်သည့် ပိတ်စွယ်ကျေးရွာသို့ နေ့လယ်ကတည်းကရောက်ရှိသွားခဲ့ပြီး လုပ်စရာရှိသည်များ လုပ်ဆောင်ကာ သင်တိုင်းရွာသို့ ပြန်လာခဲ့တော့ ညနေအတော်ပင် စောင်းနေခဲ့ပြီ။

သူ ခြံထဲမဝင်ခင် ခြံစည်းရိုးကို နွယ်တက်နေသည့် ပဲစောင်းလျားပင်မှ အသီးအနေတော်လေးတွေကို ခူးဆွတ်နေသည့် ဇနီးသည် မသင်းထုံက လှမ်းမြင်လျှင် မြင်လိုက်ချင်း အသာလှမ်းခေါ်လိုက်သည်။

“ကိုပီ . . . ခဏ”

“ဘာများတုံး သင်းထုံရဲ့”

“အိမ်ပေါ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ အညာကတဲ့၊ ကိုပို့တူလို့ ပြောတာပဲ၊ ကတုံးနှပြောင်နဲ့”

“ဟာ. . ဒါဆို ဘုန်းကြီးလူထွက်လာတာ ဖြစ်မယ်၊ ကိုပို့မှာက တူတွေကများတော့ ဘယ်သူဖြစ်မလဲတော့ မသိဘူး၊ အိမ်ပေါ်ကျမှ သိရမှာပဲ၊ လာကွာ အိမ်ပေါ်သွားရအောင်”

“ကိုပီ သွားနှင့်ချေပါ၊ ဟောဒီမှာ အလုပ်တွေ လက်စသတ်လိုက်ဦးမယ်”

ဦးပီယလည်း ဆေးလွယ်အိတ်ကြီးလွယ်လျက် အိမ်ပေါ်သို့ တက်လာခဲ့သည်။

“ဟော. . . ဦးလေး ရောက်လာပြီကိုး၊ ကျွန်တော် တက်ပုလေဦးလေးရဲ့”

“ဟာ. . . တက်ပု တက်ပု၊ မင်းတောင် လူပျိုကြီးဖားဖား ဖြစ်ပြီပဲ၊ မင်းအမေ ငါ့အစ်မ သောင်းသောင်းကော ကျန်းမာနေထိုင်ကောင်းရဲ့လား”

“ကောင်းတယ် ဦးလေး၊ ကောင်းတယ်၊ ကျွန်တော်သာ ဘုန်းကြီးဝတ်ရာက သာသနာတော်မှာ မပျော်ပိုက်လို့ လောကီကြီးပွားရာ ကြီးပွားကြောင်းအတွက် အလုပ်လုပ်ချင်လို့ ထွက်လာတာ”

“မင်းနှယ်ကွာ၊ ဘုရားရိပ် တရားရိပ်လောက် အေးချမ်းတာ ဘယ်ရှိပါ့မလဲကွာ”

“ဒါဆို ဦးလေးလဲ ရဟန်းဝါအတော်ကြီးရပြီးနေမှ ဘာဖြစ်လို့ ထွက်ရတာတဲ့တုံး”

“ဟ. . . ဒါက ငါ့အကြောင်းနဲ့ ငါပါ တက်ပုရ”

“ဒါဆို ကျွန်တော်လဲ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပဲပေါ့”

“အေးပေါ့ကွာ၊ အေးပေါ့၊ ဟုတ်တာပေါ့၊ လူတွေမှာ အကြောင်းကိုယ်စီရှိတတ်ကြတာပဲ၊ ငါ့တူက ဦးမင်းသားချင်း အားကိုးနဲ့ ဘုန်းကြီးဘဝက လူအဖြစ်ပြန်ထွက်၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ ထုံးကို နှလုံးမူပြီး အညာဒေသကို ကျောခိုင်းလို့ ဦးလေးဆီ ရောက်လာတာဆိုတော့ အေးလေ ဉာတကာနဥ္စသင်္ဂဟောဆိုတဲ့ မင်္ဂလာတရားတော်နဲ့အညီ ဖေးမကူညီ စောင့်ရှောက်ရတာပေါ့ကွယ်၊

ကိုင်း ကိုင်း . . . ကိုယ့်အိမ်လို သဘောထားပြီးတော့သာနေ၊ ဒီမှာက တို့များ လင်မယားနှစ်ယောက်တည်း ရှိကြတာ၊ မင်းလိမ္မာရင် လိမ္မာသလို အခွင့်အရေး ရတာပေါ့ကွာ”

ထိုစဉ် ဇလုံထဲ ပဲစောင်းလျားသီးများ ခူးဆွတ်လာပြီး မီးဖိုခန်းထဲဝင်ရန် မသင်းထုံ တက်လာသည်။

“ဟော့ . . . သင်းထုံ၊ လာပါဦးကွယ်၊ ဒါ ကိုပို့ရဲ့အစ်မက မွေးတဲ့သား၊ ကိုပို့တူအရင်းပေါ့၊ သာသနာတော်မှာ မပျော်ပိုက်လို့တဲ့၊ လူထွက်ပြီး ကိုပီတို့ဆီ ရောက်လာတာ၊ နာမည်က တက်ပုတဲ့၊ ဟော့ကောင် တက်ပု၊ ဒါမင်းအဒေါ်နော်”

“ဟုတ်ကဲ့ပါ ဦးလေးရဲ့၊ ဦးလေးနဲ့ အဒေါ်ဟာ ကျွန်တော့်မိရင်း ဖရင်းတွေလိုပါပဲ”

ဘုန်းကြီးလူထွက် တက်ပု၏ စကားကြောင့် ဦးပီယနှင့် မသင်းထုံတို့ ကျေနပ်သွားကြသည်။

တက်ပုကား အသက်(၂၀)သာသာပင် ရှိလိမ့်မည်။

အသားညိုတိုတို အရပ်ပုပျပ်ပျပ် မျက်ခုံးက နည်းနည်းစပ်ချင်သည်။ ဦးခေါင်းပြောင်ပြောင်နှင့်ဆိုတော့ သူ့အသွင်ကို ကြည့်ရသည်က အတန်ငယ်တော့ ရယ်ချင်စဖွယ် ကောင်းလှသည်။

❁

ဘာလိုလိုနှင့် တက်ပု တစ်ယောက် သင်တိုင်းရွာသို့ ရောက်လာသည်မှာ တစ်လ ကိုးသီတင်းလောက် ရှိရော့မည်။

အနေက ရိုးရိုး၊ ပြီးတော့လည်း ခပ်နုံနုံ ခပ်အအမို့ ဦးပီယအဖို့ သူ့တူအဖြစ်ကို သိပ်တော့ ဘဝင်မကျချင်။ သူတတ်ကျွမ်းထားသည့် ပညာတွေကို သင်ကြားပေးပြန်တော့လည်း ဉာဏ်က ခပ်တုံးတုံးမို့ ဘယ်လိုမှ သင်ရိုးပေါက်လိမ့်မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com

"တောက်. . . အဲဒါကြောင့် ရှေးလူကြီးသူမ ပညာရှင်တွေက ဆိုခဲ့ကြတာပေါ့၊ ဘာတဲ့ 'အုန်းသီးအူထွက်တော့ အဆန်ချောင်၊ ဘုန်းကြီးလူထွက်တော့ ဉာဏ်ကြောင်' တဲ့ကွ၊ မင်းကို ဘယ်လောက်အာပေါက်အောင်သင်သင် ျ ရင်းက ဒုံရင်းပဲ"

"ပြောတော့ ဦးလေးရာ၊ ကျွန်တော့်ဘဝပေး ကုသိုလ်က ဆိုးပါတယ်၊ သူများအပြောခံ အဆိုခံဖြစ်ဖို့ လူလာဖြစ်ရသလား မပြောတတ်ဘူး"

"ဟေ့ကောင် တော်စမ်း၊ လူမတန်တိုင်း ကံကိုချည်း အပြစ်ပုံမချနဲ့၊ ကံဆိုးတာ၊ ကံကောင်းတာကို လူကပဲ လုပ်တာ၊ လူက အဓိက၊ တဖြည်းဖြည်းနဲ့ အသက်က နေမှာမဟုတ်ဘူး၊ တစ်စတစ်စ ကြီးလာပြီ၊ တစ်နေ့မဟုတ် တစ်နေ့ မင်းလဲ ဒီလိုနေမှာမဟုတ်ဘူး၊ အိမ်ထောင်ပြုမှာ၊ မိန်းမယူမှာပဲ မဟုတ်လား"

"အဟီး. . . ဟုတ် ဟုတ်တယ် ဦးလေးရ၊ ကျွန်တော်လဲမရှက်မကြောက်တမ်း ပြောရရင် မိန်းမကို လိုချင်လိုက်တာ တစ်ပိုင်းကိုသေနေတာပဲ၊ ဘုန်းကြီးဘဝက ထွက်တာလဲ အဲဒီစိတ်ကြောင့် ထွက်လိုက်တာ၊ မထွက်ဘဲ ပေဝတ်နေလို့ကတော့ နေ့ရှိသရွေ့ကျွန်တော့်ကိုယ် ကျွန်တော် ငရဲပို့သလိုဖြစ်တော့မှာပဲ"

"လူထွက်တာလဲ ဟုတ်ပါပြီ၊ မိန်းမ ယူချင်တာကလဲ သဘာဝတရားမို့ မဆန်းပါဘူး၊ ဒါပေမယ့်ကွာ မိန်းမ ယူပြီးရင် တစ်အိုးတစ်အိမ် ထူထောင်နိုင်ဖို့ သားမယားကို လုပ်ကျွေးဖို့ ကိုယ်ပိုင်အသက်မွေးမှု အတတ်ပညာ၊ အလုပ်အကိုင်တွေ ရှိဖို့လိုတယ် တက်ပု"

"ဟုတ်ပါတယ် ဦးလေးရယ်၊ လောလောဆယ် မိန်းမရဖို့ပဲ လိုပါတယ်၊ အလုပ်အကိုင်ကတော့ နောက်များမှ လျှောက်လျှားပေါ့၊ အချိန်တန်တော့လဲ နွားပိန်ကန်ပါလိမ့်မယ်"

"မင်း တော်တော့်ကို အသည်းအသန်ဖြစ်နေပါလား၊ ရည်စူးထားတဲ့သူကော ရှိသလား"

"ရှိတာပေါ့ ဦးလေးရာ၊ဒါပေမယ့် မစွံသေးတာက ခက်တယ်၊ ကာလသားအပေါင်းအသင်းတွေကလဲ ကျွန်တော့်ကို ငေါ်မစွံဘဝက ကျွတ်ရလေအောင် အကြံကောင်း ဉာဏ်ကောင်းတွေ ပေးကြပါတယ်၊ မင်းဟာက နီးလျက်နဲ့ဝေးနေတာတဲ့၊ မင်းဦးလေး ဆရာဦးပီယဟာ ပီယအဆောင်လက်ဖွဲ့တွေ စီစဉ်ပေးတဲ့ နေရာမှာ သိပ်စွမ်းတဲ့ပုဂ္ဂိုလ်တဲ့၊ အဲဒါ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရင်တော့ တစ်နယ်တစ်ကျေးက ရောက်လာတဲ့ ကိုယ့်တူလေးကို သနားကရုဏာစိတ်တွေထားပြီး ကူညီပေးမှာပေါ့တဲ့ဗျ၊ ဦးလေးရယ် ကျွန်တော့်ရဲ့ဆန္ဒကို အထမြောက်အောင် ကူညီပါနော်"

တက်ပုက လူမမာ အမဲခြောက်ဖုတ် တောင်းသလိုမျိုး နားကြားပြင်းကတ်လောက်အောင် တစာစာတောင်းခံနေသည်။ လောလောလတ်လတ်ဆန်ကုန်မြေလေးဖြစ်နေသော လူပြန်တော်တူတော်မောင်အကောင်းစားလေးအတွက် ဦးလေးဖြစ်သူခမျာ သနားကရုဏာပဲ သက်ရလေမည်လား။

"ကိုင်း လာလေရော့" ဆိုပြီး ဖနောင့်ဖြင့် ပေါက်ရလေမည်လားဟု မဝေခွဲနိုင်ရကား "ဩော်. . . ငါ့အစ်မ သောင်းသောင်းရဲ့ သားလေးပဲ၊ ငါ့တူလေးပဲ" ဆိုသည့်အသိက မမျှော်လင့်ဘဲ အလေးတင်းခဲ့ရာမှ သနားကရုဏာဘက်သို့ အလေးသာသွားရတော့သည်။

"နေစမ်းပါဦး၊ မင်းကြိုက်နေတဲ့ ကောင်မလေးက ဘယ်သူများပါလိမ့်"

"သင်တိုင်းရွာ ဘုန်းတော်ကြီးရဲ့ တူမ ဂျမ်းတောမကိုပါ ဘုရား၊ အဲ. . . ဟုတ်ပေါင် ဦးလေး"

ထိုအခိုက် စကားဝိုင်းထဲသို့ မသင်းထုံ ဝင်ရောက်လာသည်။ သူမသည်လည်း လင်ယောကျ်ားနှင့် ပတ်သက်လာပါက တက်ပုသည် သူမ၏တူ ဖြစ်နေသည် မဟုတ်ပါလား။

"ကြိုက်စရာရှားလို့ တက်ပုရယ်၊ ရပ်ကျော်ရွာကျော် ဂျမ်းတောမကိုမှ ကြိုက်ရတယ်လို့၊ အားလုံးက ဘုန်းကြီး… ရဲ့အရှိန်အဝါကို လန့်နေကြလို့သာ၊ … တေကလေးနိုတ်ပြီး တိတ်တိတ်က… နေနေကြတာ၊

အင်း. . . ငါတို့ ကြားခဲ့ရ… ပြောရရင်တော့ ရည်းစားသနံ တ… များတယ်ဆိုပဲ၊ ဝက်ကုန်သည် ဦး… တီးရဲ့သား မှန်ကြောင်ဆိုတဲ့ တ… သမားနဲ့လဲ ဘာလိုလို၊ ငါးစိမ်းသည်… ဆွဲမိရဲ့သား ကျွဲသိုးနဲ့လဲ မလွတ်မ… စပါးပွဲစား မောင်မောင်စိန်လင်းဆို… နဲ့လဲ သတင်းက သိုးသိုးသန့်သန့်၊ သူ… သား ချက်စူနဲ့လဲ တူတူရေဝါးခဲ့သေ… ပဲ၊ ငါက ကာလသမီးခေါင်း လုပ်ခဲ့… သိရတာ တက်ပုရဲ့"

"တော်ပါ အဒေါ်တို့ရယ်၊ … ရှိရင် ယင်က အုံစမြဲဗျ၊ ခုလိုမျိုး … တောမကို ယင်အုံတယ်ဆိုတော့. . . အာ ကျွန်တော့်ဥပမာက ဂျမ်းတော… လူစင်စစ်က မစင်ပုံဖြစ်သွားတာပဲ … ဘွာ ဘွာ၊ ဒါကတော့ စကားပုံရှိ… မဟုတ်လား၊ ရည်းစားတစ်ထောင် … ကောင်တစ်ယောက်တဲ့၊သူဘယ်လော… ပဲ ရည်းစားတွေများများ တစ်နေ့… သူ့မှာ ဟောဒီက တက်ပုဆိုတဲ့ လင်… ယောက်ပဲ ဖြစ်သွားမှာပါဗျာ"

"အေး. . . ငါတို့က နင့်ကို … ကောင်ဖော်သွားမှာစိုးလို့ ပြောနေ… တက်ပုရဲ့"

"အဟီး . . . ကျွန်တော်က… အဲဒီလောက် မနုံသေး မအသေး… ဗျာ၊ ဒါထက် ဟိုကောင် တောင်ကြီး… အုပ်စုက ပြောကြတယ်ဦးလေးရဲ့"

"ဘာများလဲကွ"

"ကိုယ်နှစ်သက်နေတဲ့ မိန်း… လေးနဲ့ နီးစပ်အောင်လို့ မိန်းက… ဆိုင်တဲ့ ပစ္စည်းတစ်ခုခုကို သူမသိအော… ခိုးယူပြီး ပီယဆေးဖော်လို့ရတယ်ဆို"

"အေး. . . ဟုတ်တယ်"

လေကြောတွေကရှည်၊ … ကြားပြင်းကလည်း ကတ်နေပြီမို့ … ဒလိန်းနတ် ဖမ်းစားခြင်းခံရသော…





www.burmeseclassic.com

www.burmeseclassic.com

တော်မောင် တက်ပုအတွက် ပြီးပြီးရော သဘောထားကာ စကားဖြတ်လိုက်ရသည်။ ကိုယ့်တူက ဘာမျှ အဖြစ်ရှိသည် မဟုတ်။ ပေါကြောင်ကြောင် အတတ။ ကာလသား အပေါင်းအသင်းတွေက မြှောက်ပေးတိုင်း အဟင်ထုတ် အဟုတ်ထင်နေသည်။

"ဒါဆို ကျွန်တော် ကြိုးစားမယ် ဦးလေး၊ ကျွန်တော် ကြိုးစားသလို ဖြစ်လာရင်သာ ဦးလေးအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်ပေးပါ"

သည်သို့ သူလိုရာချည်း ပြောဆိုသွားပြီးသည့်နောက် တက်ပုလည်း သူ့အဖော် ကာလသားတွေနှင့် လတ်လျားလတ်လျားလုပ်ရန် ငေါက်ခနဲ အိမ်ပေါ်မှ ဆင်းသွားပါလေတော့၏။

❁

မသင်းထုံတစ်ယောက် တစ်ဖက်ရွာရှိ ဆွမ်းကျွေးအလှူသို့ သွားနေလေသည့်အတွက် အိမ်မှာ ဦးပီယ တစ်ယောက်တည်းသာ။

သို့ဆိုလျှင် တူတော်မောင် လူပြန်တော် တက်ပုကတော့ ဘယ်များ သဝေထိုးနေပါဘိသနည်း။ ထုံးစံအတိုင်း ဆိုသလိုပင် သူ၏ ကာမရောဂါ ကိုယ်တွင်းနာအတွက် သူ့အပေါင်းအသင်းတွေနှင့် ကြံဆနေလိမ့်မည်ပဲ ဖြစ်သည်။ အိမ်မှာတစ်ယောက်တည်းရှိသည့်အချိန် ဆေးဥ၊ ဆေးမြစ်၊ ဆေးရွက်တွေလည်း ရှိနေသည်မို့ ဆေးတစ်ဖုံ ဖော်စပ်ရန်အတွက် ဆေးဥအခြောက်တွေကို သံဆုံတွင်းထည့်ကာ ထောင်းနေလေသည်။

ဒီခဏ အူယားဖားယား ဆိုသလို တက်ပုတစ်ယောက် မှိုကျင်းတွေ့လာသောသူနှင့်မခြား အားပါးတရ အိမ်ပေါ်သို့ ပြေးတက်လာရာ အိမ်ကလေးဝင် သိမ့်ခနဲ ဖြစ်သွားရချေသည်။

"ဟေ့ကောင် တက်ပု၊ ဘာဖြစ်လာတာလဲ၊ ပုံကိုက ဆွမ်းခံရင်းခွေးလိုက်လို့ ကမန်းကတန်းပြေးလာရပုံပဲ"

တက်ပုက လက်ထဲမှ အထုပ်တစ်ခုကို ဘုတ်ခနဲ စားပွဲပေါ်ပစ်တင်ကာ ဟောဟဲလိုက်နေသည်ကို အနည်းငယ် သက်သာအောင် မှိန်းနေလိုက်သည်။ ပြီးတော့မှ . . .

"သိပ်ကို ပျော်လွန်းလို့ပါ ဦးလေးရာ၊ ကျွန်တော် ကျွန်တော်ကြံစည်ထားတာ အောင်မြင်ပြီ ဦးလေးရ"

"ဟ. . . ဘာများ အောင်မြင်လာတာတဲ့တုံး၊ ပြောစမ်းပါဦး တက်ပု"

"ကျွန်တော် . . . ဂျမ်းတောမနဲ့ စကားတွေပြောခဲ့ရလို့ ဦးလေးရ"

"ဟ. . . ဒါ ဘာများဆန်းလို့လဲ တက်ပုရာ၊ သူက အိမ်တွင်းပုန်းမှမဟုတ်တာဘဲ၊ သူ အပြင်ထွက်ရင် ဘယ်သူမဆို တွေ့နိုင်နေတဲ့ဟာ"

"ဟ. . . ကျွန်တော်တွေ့တာက ဦးလေးတို့ တွေ့သလိုမျိုး တွေ့တာမဟုတ်ဘူးဗျ၊ လူမမြင် သူမမြင်တွေ့ခဲ့ရပြီး ကျွန်တော် ကြံရည်ထားတာကိုတောင် အကောင်အထည် ဖော်နိုင်ခဲ့တာဗျ"

တက်ပု၏ အသွင်က တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ဆင့်လာခဲ့သူနှင့်မခြား။ အောင်ပွဲရ စစ်သူကြီးအသွင်ဖြင့် ဂုဏ်ယူတက်ကြွနေသည့် ဟန်ပန်က အပြည့်။

"ကဲ. . . ပြည့်ပြည့်စုံစုံ ပြောစမ်းကွာ၊ ဒီမှာ မသင်းထုံလဲရှိတာမဟုတ်ဘူး၊ ခရေစေ့တွင်းကျ နိုက်နိုက်ချွတ်ချွတ် ပြောနိုင်တယ်"

"အဟီး. . . ကျွန်တော်ကလဲ ပြောချင်လိုက်တာမှ အာမထိ လျှာမထိပါဘဲ ဦးလေးရာ၊

ကျွန်တော်လဲ အမှတ်မထင်ဆိုသလို စိတ်ကူးလေးပေါ်လာပြီး ဂျမ်းတောမတို့ ခြံထဲကို စွတ်ရွတ်ပြီးဝင်သွားခဲ့တယ်၊ ကံကောင်းချင်တော့ သူ့အိမ်မှာ ဘယ်သူမှ မရှိဘူး၊ အဒေါ်သွားတဲ့ရွာကို ဆွမ်းကျွေးဖိတ်လို့ သွားနေကြတယ်၊

အဲဒီမှာဗျာ အိမ်နောက်ဖေး ရေချိုးခန်းထဲမှာ ဂျမ်းတောမ ရေချိုးနေတယ်၊ ကျွန်တော် အသာလေးကပ်သွားပြီး ပေါက်နေတဲ့ သွပ်အပေါက်ကလေးက အသာချောင်းကြည့်လိုက်တော့. . . အဟီး. . ဂလု"

တက်ပုမှာ ပြောနေဆိုနေရင်း တံတွေးကိုပင် မြိန်ရေရှက်ရေ မျိုချလိုက်သည်။ နားထောင်နေရသော ဦးလေးဦးပီယပင် ကောင်းခန်းရောက်နေပြီမို့ ဆတ်တငံ့ငံ့ အဖြစ်မခံနိုင်တော့။

"ဟေ့ကောင် တက်ပု၊ ပြောမှာရှိတာဖြင့် အစအဆုံး တောက်လျှောက်ပြောစမ်း၊ ဘာဖြစ်လို့ ရပ်ထားရတာလဲ၊ အနူခြေသည်းလောက်ရှိတဲ့ ဆံပင်ကိုဆွဲပြီး တံတောင်နဲ့ ကပ်ပိလိုက်ရ ဟင်း"

"ပြောမှာပေါ့ ဦးလေးရယ်၊ ရင်တွေတုန် ဒူးတွေတုန်နေလို့ပါ၊ အဲဒါနဲ့ ကျွန်တော် ချောင်းကြည့်တော့ ဦးလေးရယ် အားလုံးဟာ အချားနိမ်းခင်ဗျ၊ ဆပ်ပြာကို စိမ်ပြေနပြေတိုက်နေတယ်၊ အဲဒီတုန်းမှာ ကျွန်တော့်အာရုံထဲပြောင်းဆန်နေတော့တာပဲ ဦးလေးရဲ့၊ အဲဒီမှာ သွပ်ပြားကို အမှတ်မထင် လက်သည်းနဲ့ခြစ်မိတော့ ဂျမ်းတောမက အပါးခင်ဗျ၊

'ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ' လို့ လှမ်းမေးတယ်၊ ဒီတော့ ကျွန်တော်က 'ငါ. . . ငါ ဆရာဦးပီယရဲ့တူ တက်ပုပါ၊ ရေသံကြားတာနဲ့ ရွှံ့တွေပေလာလို့ ခြေဆေးရအောင် ဝင်လာတာ' လို့ ကြံဖန်ပြီး ဖြေလိုက်တယ်၊ အဲဒီအချိန် ဂျမ်းတောမက 'ဟေ့လူ အညာသား၊ ကျုပ် ရေချိုးနေတယ်နော်၊ ရေချိုးခန်းတံခါးကို ဟရုံဟထားတာ၊ အထဲဝင်လာရင်တော့ ခေါင်းခေါက်ပစ်မှာ၊ အိမ်မှာလဲ ဘယ်သူမှရှိတာမဟုတ်ဘူး' လို့ပြောတာနဲ့ ကျွန်တော်လဲ အကွက်ပေါ်ပြီဆိုပြီး"

"ဟုတ်တာပေါ့ကွာ၊ ဒါအကွက်ပေါ့၊ အကွက်မှ တကယ့်ကို အကွက်ကောင်း၊ ဒီတော့ မင်းက. . ."

"ဟာ. . . ကျွန်တော်က လူလည်ပဲဟာ၊ သူက အထဲဝင်လာရင် ခေါင်းခေါက်မယ်ဆိုတာနဲ့ ခေါင်းတော့ အခေါက်မခံဘူး၊ ရတာ သုတ်လာမယ်ဆိုပြီး သူ့ရဲ့ ဘော်လီအင်္ကျီကို ဖြောင်လာခဲ့တယ် ဦးလေး"





www.burmeseclassic.com

www.burmeseclassic.com

"ဟ. . . ဒါကြီး ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ ဦးလေးရဲ့၊ ဦးလေးပဲ ပီယဆေး ဖော်ပေးမယ်ဆို၊ မိန်းကလေးဆီက ပစ္စည်းတစ်ခုခု ယူခဲ့ရမယ်ဆို"

ဒီစကားအကြားမှာတော့ ဦးပီယတစ်ယောက် စိတ်ထွက်လာကာ တူသောဘာသော နားမလည်နိုင်တော့ဘဲ-

"တောက် . . . ဒီအခြေအနေရောက်မှတော့ ပီယဆေးလိုသေးလားဟဲ့၊ မိန်းကလေးကိုယ်၌က တံခါးကို ဟာရှဲဟထားတာ၊ အထဲဝင်လာရင် ခေါင်းခေါက်မယ်ဆိုတာ မခံနိုင်ဘူးလား၊ မင်းကို ရုံးဂါတ်တိုင်မယ်၊ အော်ဟစ်မယ်လို့ ပြောတာမှ မဟုတ်တာ၊ အိမ်မှာ လူမရှိဘူးလို့ဆိုတာက လွတ်လွတ်လပ်လပ်လို့ ပြောတာ"

"အာ. . . ဟုတ်လား"

"အဲသလောက် ထုံတဲ့ နုံတဲ့ အကောင်၊ ကဲကွာ"

"ဗုန်း. . ."

"အောင်မယ်လေးဗျ"

"အုန်းသီးအူထွက် အဆန်ချောင်သလို ဘုန်းကြီးလူထွက် ဉာဏ်ကြောင် ဦးကွာ"

"ဗုန်း. . ."

"အမယ်လေး . . . နာတယ် ဦးလေးရ"

"နာရုံမက သေသေကွာ၊ ငါ့တူဖြစ်ရက်သားနဲ့ ငါ့ကို သွယ်ဝိုက်ပြီး သိက္ခာချတဲ့ကောင်. . . ကိုင်း"

"သေပါပြီဗျာ"

စိတ်ပေါက်ပေါက်ဖြင့် ဆင့်ကာဆင့်ကာ ဖနောင့်ဖြင့် ပေါက်လေသော် မခံမရပ်နိုင်သည့်အဆုံး တက်ပုလည်းဘော်လီအင်္ကျီကို ကောက်ယူလျက် မာဖလာအသွင် လည်ပင်းပတ်ရင်း အိမ်ပေါ်မှ ဆင်းပြေးသွားပါတော့သတည်း။

မြို့မေတ္တာခံယူမယ့်. . .

❒ ထိုရွှေတောသား

## ကား ခဏငှားပါ

လောကတွင် လူတို့သည် မွေးရာပါ ပြုပြင်၍မလွယ်ကူသော စရိုက်လက္ခဏာအမျိုးမျိုး ရှိကြလေသည်။ ကောင်းသောစရိုက်မျိုး ဖြစ်နိုင်သလို ဆိုးသည့်စရိုက်လည်း ဖြစ်နိုင်လေသည်။

ရှေ့တန်းစစ်မြေပြင်တွင် သွားလာ လုပ်ကိုင်ကြရင်း ထိခိုက်ဒဏ်ရာရလာသူ စစ်သည်များသည် ဆေးကုသရင်း စစ်ဆေးရုံပေါ်မှာ လာရောက်ဆုံမိကြသည်။ မိမိတို့ တွေ့ကြုံခံစားနေကြရသော ဒဏ်ရာ (သို့မဟုတ်) ရောဂါကြောင့် ဝမ်းနည်းစိတ်ညစ်နေသူများကြားတွင် လောကကြီးမှာ စိတ်ညစ်စရာတွေကို ဘေးဖယ်ထား 'ပျော်ပျော်နေ သေခဲ' ဟူသောစကားကို လက်ကိုင်ထားပြီး ပျော်ရွှင်စရာ ရယ်စရာတွေကိုသာ ရှာဖွေပြောဆိုနေတတ်သော လူမျိုးလည်း ရှိသည်။

ထိုလူတစ်ယောက်၏ ပြောစကားကြောင့် ဒဏ်ရာအနာတရဖြစ်၍ နာကျင်စွာ ညည်းညူအော်ဟစ်နေရာမှ ဟားတိုက်ရယ်မောရသော အဖြစ်ကို ပြောင်းလဲသွားလေသည်။ 'ရယ်သောသူ အသက်ရှည်တတ်သည်' ဟူသောစကားသည် အမှန်ပင် ဖြစ်ပေသည်။

မဆလ တစ်ပါတီခေတ်ကာလ။ စစ်ဆေးရုံတစ်ခု၏ အရာရှိလူနာကုသဆောင်။

ဗိုလ်မှူးဘမြင့်သည် ဝမ်းဗိုက်တွင် ကျည်ဆန်ထိမှန်သော ဒဏ်ရာဖြင့် ဆေးရုံပေါ်သို့ ရောက်ရှိလာခဲ့သည်မှာ တစ်လခန့်ရှိပြီ။ သူသည် ရုတ်တရက် ကြည့်လိုက်ပါက ခပ်တည်တည်မျက်နှာထားကြောင့် တွေ့မြင်ရသူများက ရှိန်သွားတတ်ကြသည်။ သို့သော် မျက်နှာတည်တည်နှင့် အစအနောက်သန်လှသည်။ မွေးရာပါအကျင့်စရိုက်ဖြစ်၍ ပြင်ရန်ခက်ခဲသည်ဟု ထင်ပါသည်။

ဗိုလ်မှူးဘမြင့်၏ ခုတင်အ[illegible] ဗိုလ်ကြီးတစ်ယောက်သည် ခြေထော[illegible] တွင် မိုင်းထိထားသော ဒဏ်ရာ[illegible] ရောက်ရှိလာလေသည်။ ထိုဗိုလ်ကြ[illegible] ဗိုလ်မှူးဘမြင့်က အားပေးစကား [illegible] ကြားသည်။

"ဗိုလ်ကြီး ဘာမှ အားငယ်[illegible] မရှိပါဘူး၊ တစ်နေ့မှာ ဗိုလ်ကြီး[illegible] ခြေတစ်ဖက်မရှိတဲ့သူတွေကဟာ [illegible] ကောင်းစားလိမ့်မယ်၊ ကြီးပွားလိမ့်[illegible] ဆိုတာ အတိတ်နိမိတ်တွေ၊ တ[illegible] တွေက ရှိပြီးသားပါ"

"ဟုတ်ကဲ့၊ ဘယ်လို အ[illegible] နိမိတ်တွေ တွေ့ထားလို့လဲ ဗိုလ်မှူ[illegible]"

"မြန်မာပြည်မြေပုံကို ကြည့်[illegible] ဗျာ၊ ဘယ်လိုကြည့်ကြည့်ခြေတစ်[illegible] တဲ့ လူတစ်ယောက်ရပ်နေတဲ့ပုံသ[illegible] က အထင်အရှား ပေါ်လွင်နေ[illegible] လေ"

ဤသို့ ကတ်သီးကတ်[illegible] သော အတွေးအခေါ် ဒသ[illegible] လည်း သူသာ တွေးမြင်တတ်[illegible]

❒

အရာရှိလူနာ ကုသဆော[illegible] ကြီးကြပ်နေသူသည် အမျိုးသ[illegible] သူနာပြု ဗိုလ်ကြီးခင်ခင်အိ ဖြ[illegible] သူ့လုပ်ငန်းကို ကူညီရန် (သင်တ[illegible] ဆဲ) စစ်သူနာပြု ဗိုလ်လောင်းအ[illegible] နှစ်ယောက် ရှိသည်။ သူနာပြု[illegible] နှစ်ယောက်လည်း ရှိလေသည်[illegible]

ဗိုလ်ကြီး ခင်ခင်အိ[illegible] လုပ်ငန်းအကူ စစ်သူနာပြု[illegible] ချိုချိုသာသာ ပြောဆိုဆက်[illegible] သော်လည်း အရာရှိလူနာ[illegible] တွင် မျက်နှာနေ မျက်နှာထား[illegible] ဆို ဆက်ဆံလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




# အောင်ဆန်းလင်း(ဘီအေ)

ပုရိသယောကျ်ားများကို အုပ်ချုပ်နေသော မိန်းမသား တစ်ယောက်အနေဖြင့် သူ့ဘက်က သေချာအောင်အသာစီးယူထားမှသာ အလုပ်လုပ်ကိုင်ရာတွင် အစစအဆင်ချောနိုင်မည်ဟု ယူဆထားဟန်တူပါသည်။ သူတို့အလုပ်တာဝန်မှာ နံနက်မှ ညနေအထိ နေ့ပိုင်းဖြစ်၍ ညနေပိုင်းတွင် တာဝန်ပြီးဆုံး၍ မိမိတို့နေထိုင်ရာသို့ပြန်ကြလေသည်။

တစ်နေ့ နံနက်ခင်း လုပ်ငန်းခွင်သို့အရောက်တွင် ဗိုလ်ကြီးခင်ခင်အိသည် ဒေါသမထိန်းနိုင်အောင်ဖြစ်ပြီး ရှေ့လူကို ဆူပူအော်ဟစ် ပွဲကြမ်းနေလေသည်။

"နင်တို့တစ်တွေ ငါ့အနီးအနားမှာရှိနေလဲ အလကားပဲ၊ ဘာတစ်ခုမှ အားမကိုးရဘူး၊ ယုံကြည်စိတ်ချလို့မရဘူး၊ မလစ်လိုက်နဲ့၊ လစ်တာနဲ့ ငါ့စားပွဲမှာ ပွစာကြဲနေတော့တာပဲ၊ ဘယ်လောက် သွန်သင်ပြသပေးပေမယ့်လဲ သဲထဲရေသွန်လိုက်ရတာကမှ အရာထင်ဦးမယ်"

စစ်သူနာပြု သင်တန်းသူကလေးနှစ်ဦးသည် အနီးကပ်နေထိုင် လုပ်ကိုင်ရသဖြင့် သူတို့ကိုဦးတည်ပြီး မာန်မဲပြောဆိုခြင်းကို ခံရလေသည်။ ယခုအချိန်တွင် "မမ" "ညီမလေး" ဟူသော အသုံးအနှုန်း အခေါ်အဝေါ်များ ကွယ်ပျောက်သွားပြီး စကားပြောရာတွင် "နင်" "ငါ" တွေ အစားထိုး ရောက်လာနေသည်။ ပြဿနာကလည်း ဘာမှန်း သဲသဲကွဲကွဲ မသိကြရချေ။

ပြဿနာကို သိသူက ဗိုလ်မှူးဘမြင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က ပြဿနာကို ဖန်တီးထားခဲ့၍ ဖြစ်သည်။ သူကတော့ ဒေါသဖြစ်နေသော ဗိုလ်ကြီးခင်ခင်အိကို အဝေးမှချောင်းမြောင်းကြည့်ရှုရင်း ပြုံးနေသည်။

ဗိုလ်ကြီးခင်ခင်အိ၏ စားပွဲပေါ်တွင် စာရေးသား၍ ကောင်းမွန်စေရန် နှစ်ပေခွဲနှင့်နှစ်ပေခန့် အလျားအနံရှိ



www.burmeseclassic.com

www.burmeseclassic.com

သော မှန်ထူထူတစ်ချပ်ရှိသည်။ မှန်ကြီးအောက်တွင် ရှုမျှော်ခင်းပုံလှလှလေးတွေ ထည့်ထားသည်။ ရှုခင်းပုံများနှင့်အတူ မော်တော်ကားပုံတစ်ပုံလည်း ရှိလေသည်။

တစ်နေ့ညနေ ဗိုလ်ကြီးခင်ခင်အိတို့ပြန်သွား၍ လူရှင်းချိန်တွင် ထိုမော်တော်ကားပုံလေးကို မည်သူမျှ မမြင်အောင် သတိထားပြီး ဗိုလ်မှူးဘမြင့်က အသာထုတ်ယူထားလိုက်သည်။ နံနက်ခင်း အလုပ်ဝင်ချိန်တွင် ဗိုလ်ကြီးခင်ခင်အိသည် ထိုမော်တော်ကားပုံကလေးပျောက်ဆုံးနေ၍ စိတ်ဆိုးဒေါသထွက်နေခြင်း ဖြစ်သည်။ မော်တော်ကားပုံပျောက်ဆုံးကြောင်းကိုတော့ တစ်စုံတစ်ရာ မပြောကြားပေ။

ထိုအကြောင်းကို ဗိုလ်မှူးဘမြင့်က ပြောပြထား၍ ဆေးရုံတက်နေကြသော အရာရှိလူနာ အတော်များများက သိနေသဖြင့် ပြုံးရယ်နေကြသည်။ သို့သော် ဘယ်သူကမှ ထုတ်ဖော်မပြောကြပါ။ ဗိုလ်ကြီးခင်ခင်အိသည် ငွေကြေးပြည့်စုံလျှင် တစ်နေ့မှာ သူဝယ်စီးချင်သော မော်တော်ကားပုံကလေးကို အမြတ်တနိုးကြည့်ရှုရင်း စိတ်ကူးယဉ်နေခဲ့ဟန် တူပါသည်။ (ထိုခေတ်က မော်တော်ကားစီးနိုင်ရန် ယနေ့ခေတ်ကာလကဲ့သို့ သာမန်လူတန်းစားများအတွက် မလွယ်ကူလှပါ။ မော်တော်ကားဈေးနှုန်းက ကြီးမြင့်လှပါသည်။)

ထို့နောက် သုံးရက်ခန့်အကြာတွင် နံနက်ခင်းတွင် ဗိုလ်ကြီးခင်ခင်အိရောက်ရှိချိန်တွင် ဗိုလ်မှူးဘမြင့်သည် အနီးသို့လာ၍ ရပ်နေလေသည်၊

"ဗိုလ်မှူး ဘာကိစ္စရှိလို့သဲ၊ ပြောပါ"

ဗိုလ်ကြီးခင်ခင်အိသည် သူ့ဝသီအတိုင်း လေသံမာမာဖြင့် ဗိုလ်မှူးဘမြင့်ကိုလှည့်မကြည့်ဘဲ မေးသည်။ ဗိုလ်မှူးဘမြင့်ကတော့ လေသံအေးအေးဖြင့်-

"ဟုတ်ကဲ့၊ ပြောပါ့မယ် ဗိုလ်ကြီး၊ အမှန်ဆို ဟိုတစ်ရက်ကတည်းက ပြောဖို့ပါပဲ၊ ဒါပေမယ့် အဲဒီနေ့က မနက်စောစောစီးစီး ဗိုလ်ကြီး သိပ်ဒေါသဖြစ်ပြီးအော်ဟစ်နေတာကြောင့်မို့ မပြောဖြစ်ခဲ့တာပါ၊ တစ်ညမှာ အရေးပေါ်ကိစ္စရှိလို့ မြို့ထဲကိုသွားချင်တာ ဗိုလ်ကြီးကလဲ မရှိလို့ ခွင့်မတောင်းဘဲ ဗိုလ်ကြီးရဲ့ကားကို ယူသွားလိုက်ရပါတယ်၊ ပိုင်ရှင် ခွင့်ပြုချက်မရှိဘဲ ကားကို ယူသွားခဲ့မိတဲ့အတွက် ကျွန်တော်စိတ်မကောင်းပါဘူး၊ အဲဒီကိစ္စအတွက် အနူးအညွတ် တောင်းပန်ပါတယ်၊ အခုတော့ ဗိုလ်ကြီးရဲ့ကားကို ကျွန်တော် ယူသွားတဲ့နေရာမှာ ပြန်ထားလိုက်ပြီးပါပြီခင်ဗျာ၊ ကျွန်တော်သုံးစွဲခဲ့တဲ့အတွက် ကုန်သွားတဲ့ဓာတ်ဆီကို ကားပိုင်ရှင်မနစ်နာရအောင်လို့ ပြန်ထည့်ပေးထားပါတယ်၊ အဲဒါကြောင့် စစ်ဆေးကြည့်လိုက်ပါဦး"

ဗိုလ်ကြီးခင်ခင်အိသည် ထိုအခါမှ သူ့စားပွဲ၏ မှန်အောက်ကို ကြည့်ရှုလိုက်ရာ ပျောက်သွားသော မော်တော်ကားပုံကလေးသည် သူ့နေရာကို သူပြန်လည်ရောက်ရှိနေသည်ကို တွေ့ရှိရလေသည်။

ထိုအခါ သူမ၏ ပါဝါမျက်မှန်ကိုဖြုတ်ပြီး မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်နှင့် ဗိုလ်မှူးဘမြင့်ကိုကြည့်လိုက်၊ စားပွဲပေါ်မှကားပုံကလေးကိုကြည့်လိုက်နှင့်လုပ်ရင်း အနီးရှိ သံပေတံကို ညာလက်ဖြင့် လှမ်းကိုင်လျက် ဗိုလ်မှူးဘမြင့်အား . . .

"နောက်စရာမရှိ ငါ့ကို လာနောက်၊ ပြောင်စရာမရှိ ငါ့ကိုလာပြောင်နဲ့ လူကို သူ့ကစားစရာများ မှတ်နေသလား မသိဘူး၊ ကောင်းကောင်းနေရတယ်မရှိဘူး၊ ကဲဟာ ကဲဟာ" ဟုပြောရင်း ရိုက်လေသည်။

သို့သော် ကြိုတင်သတိထားနေသော ဗိုလ်မှူးဘမြင့်က နောက်ကိုတစ်လှမ်းဆုတ် ရှောင်လိုက်သဖြင့် မရိုက်မိလိုက်ပေ။ ထိုအခါ ဝါးခနဲ ရယ်မောသံများက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားလေသည်။ နောက်ထပ်ရိုက်လျှင် ခံရတော့မည်ကိုသိ၍ ဗိုလ်မှူးဘမြင့်လည်း ထိုနေရာမှ လျင်မြန်စွာ ထွက်ပြေးသွားလေသည်။

"ဟင်း . . . ငါ့ကို ကြံကြံဖန်ဖန် ရယ်စရာ ဝိုင်းလုပ်ကြတယ်၊ အေး သိမယ်၊ သတိထားနေကြ"

စစ်သူနာပြု သင်တန်းသူနှစ်ဦးကလည်း ရယ်နေကြသဖြင့် သူတို့ဘက်သို့ မြားဦးလှည့်သွားသည်။

"နင်တို့လဲ အလိုတူ အလိုပါ ကြရာပါတွေ ဖြစ်မယ်ထင်တယ်"

"မဟုတ်ရပါဘူး မမရဲ့၊ သမီးတို့က ဘာမှမသိပါဘူး၊ အထင်မလွဲပါနဲ့"

နောက်နှစ်ရက်ကြာသောအခါ နေ့လယ် ထမင်းစားပြီးချိန် ဒုဗိုလ်သန်းဝင်းသည် ပန်းကန်တစ်ချပ်ဖြင့် စားစရာများယူလာပြီး ဗိုလ်ကြီးခင်ခင်အိကို ပေးသည်။

"ဗိုလ်မှူးဘမြင့်က သူ့မိန်းမ မန္တလေးသူ မနေ့ညနေက အလည်လာသွားလို့ ပါလာတဲ့ အရီးတောင်းလက်ဖက်သုပ်ကို မမခင်အတွက် ပို့ခိုင်းလိုက်တယ်ခင်ဗျ"

"ဗိုလ်မှူးဘမြင့်က ကိုယ်တိုင်လာမပေးဘဲ နင်က ဘာလို့လာပေးရသလဲ"

"ဗိုလ်မှူးက မမခင် စိတ်ဆိုးမပြေသေးဘူးထင်လို့ မတွေ့ရဲဘူး၊ ကြောက်နေတုန်း ရှိသေးတယ်"

"ဘာအခုမှ ကြောက်ပါပြီလဲ"

"ဗိုလ်မှူးက မမခင်ကိုပြောလိုက်တာ ရှိသေးတယ်၊ နောင်ကိုလဲ ကားအသုံးလိုရင် သုံးခွင့်ပြုပါဦးတဲ့"

"နောက်တစ်ခါ စမ်းရဲရင်စမ်းကြည့်၊ ငါ့ပေတံက သံပေတံဖြစ်လို့ စောင်းထက်တယ်၊ နင့်ဗိုလ်မှူး သံပေတံစာမိလို့ အသားပွဲသွားရင် ဆေးကုဖို့မှာမဟုတ်ဘူးလို့ ပြောထားလိုက်"

"စိတ်ချ၊ ကျွန်တော်ပြောလိုက်ပါ့မယ် ခင်ဗျ"

(မှတ်ချက် - နာမည်များကို လွှဲပြောင်းထားပါသည်။)

❒ အောင်ဆန်းလင်း(တီအေ)





www.burmeseclassic.com

www.burmeseclassic.com

# ကပ်စေးနဲ့ ဂုဏ်ထူးဆောင် ဆရာမိုးမှောင်



ပန်းချီအောင်နိုင်လတ်

ဟာန်သီဇင်

ဒီနေ့ ခင့်ရဲ့ ကြီးတော်က ဖုန်းဆက်လာသည်။

"ဟဲ့ တလွဲခင်၊ ညည်းအေ နေနိုင်လိုက်တာ၊ ကြီးတော်တစ်ယောက်လုံးမြို့ပေါ်မှာရှိနေတာကို လာလည်ဖော်တောင် မရဘူး၊ ညည်းက ဘာကုန်း၊ အဲ လေအန်ကုန်းတော့မှုန်မှုန်သွားတယ်၊ ကြီးတော်ဆီကို တစ်လတစ်ခေါက်တော့လာသင့်ပါတယ်အေ"

ဒီလို ရာဇသံစကားကြောင့် ခင်တစ်ယောက် ကြီးတော်ရှိရာ သာကေတမြို့ ကျောင်း၊ ရုံး ပိတ်ရက်မှာ စောစောသွားလိုက်သည်။ ခင် ရောက်ချိန်မှာ ဈေးချိန်ဖြစ်၍ ကြီးတော်သည် ဈေးထဲ အလှကုန်ဆိုင် ဖွင့်ထားသဖြင့် ရပ်ကွက်ဈေးလမ်းအတိုင်း ဈေးသည် ဈေးဝယ်များအကြား တိုးဝှေ့ကာ လျှောက်လှမ်းလာစဉ် သားငါးတန်းမှ ဖြတ်ကျော်သောအခါ ကျယ်လောင်လောင် ဈေးသည်မ၏ အော်သံက ပျံ့လွင့်လို့လာသည်။

"အောင်မယ်လေးတော် ဝယ်တော့ တစ်ဆယ်သား၊ ယူချင်တာက နှစ်ဆယ်သား၊ ယောက်ျား ဈေးဝယ်ပေလို့၊ စီးပိုးလိုက်တာများ"

ထိုအသံကြောင့် အနီးရှိ ဈေးသည်၊ ဈေးဝယ်များ ခေါင်းထောင် နားစွင့် အကြည့်များစုစည်းကုန်တော့သည်။ ထုံးစံအတိုင်း ခင်လည်း စပ်စုစိန်လုပ်ကြည့်မိရာ . . .

"ဟာ. . . ဟ . . . ခင့်အပေါ် ကလောင်နာမည်ရင်းတပ်ပြီး နှိပ်ကွပ်ထားသောဆရာမိုးမှောင်ပါလား၊အဟင်းဟင်း. . . ခင်နဲ့မှ ကြုံတတ်ပလေ၊ ဆရာမောင်သာယာအတွက် စာမူတစ်ကွက်တော့ ရပြီ"

ပျော်အတွေးနှင့် ခင်လည်း အခြားသူများနှင့် အကာအကွယ်ယူပြီး မျှော်ငေးနားစွင့်နေလိုက်သည်။ ဆရာမိုးမှောင်ကလည်း ခေါင်းငုံ့မခံပါ။

"ဟဲ့ ကောင်မ ငါက စီးပိုးတာမဟုတ်ဘူး၊ နင်က အလေးခိုးထားလို့ ပြည့်အောင်ယူတာ"

"ရှင်ယူထားတာက တစ်ဆယ်သားရှိတဲ့ အတုံးကြီး၊ ပြန်ပေး"





www.burmeseclassic.com

www.burmeseclassic.com

စျေးသည်က အတင်းပင် ကြွပ်ကြွပ်အိတ်ထဲက ငါးတုံးကိုလှမ်းဆွဲသည်။ ဆရာမိုးမှောင်ကလည်း အညံ့မခံ၊ လွတ်အောင် ပြန်ရုပ်သိမ်းရင်း . . .

"မပေးဘူး၊ နင်တို့အလေးတွေက စံတော်မမီ အလေးတွေနဲ့ ချိန်ထားတာ"

"မပေးဘူးလား၊ သိမယ်၊ ဟောဒီမှာ ကျွန်မရဲ့ငါးတုံးကို ခိုးတဲ့သူခိုး၊ ငါးတုံးသူခိုးဗျို့"

ငါးသည်မ၏ နှုတ်ဝစီတိုက်ကွက်ကြောင့် လူတွေက အဝေးက ငေးကြည့်ရာမှ စုံပြုံရောက်လာကြသည်။ ထိုအခါ ဆရာမိုးမှောင်ခမျာ အားလုံးကို ခေါင်းခါ လက်ကာပြရင်း . . .

"ကျုပ် သူခိုးမဟုတ်ဘူး၊ သူက အလေးခိုးထားလို့ ပြည့်အောင်ဖြည့်ယူတာ"

လူအုပ်ကြီးက များသထက်များလာသလို ခင်လည်း စိတ်ဝင်စားရင်း အကာအကွယ်ယူထားဖို့ မေ့လျော့သွားသဖြင့် လူအုပ်ကြီးအား ရှင်းပြနေရာမှ စောစောက မန်ကျည်းသီးမှည့်ရောင်ပြေးသော မျက်နှာတွင် ကတ္တရာစေးသွန်ချခံရသည့်နှယ် . . .

"ဟင် . . . နင် နင် . . . နမော်နမဲ့ခင်"

လွန်စွာ တုန်လှုပ်ချောက်ချားသွားသော အမူအရာဖြင့် ထိတ်လန့်တကြား အော်လေရာ အရာရာ ကူညီရိုင်းပင်းတတ်သော ခင့်ရဲ့ညဉ်အရ . .

"ဟာ. . . ဆရာမိုးမှောင်၊ ဘယ်လိုဖြစ်တုံး၊ ခင် ဘာကူညီပေးရမလဲ"

ဤသို့ လောကွတ်စကား လှမ်းဆိုမိရာ မျက်နှာကြီးရှုံ့မဲ့ရင်း လက်ကာပြကာ . . .

"နေ နေ၊ နင်ဝင်ပါရင် တလွဲတွေထပ်ဖြစ်မှ ပိုရှုပ်ကုန်လိမ့်မယ်"

ဆရာမိုးမှောင်၏ စိတ်အတွေးထဲမှာလည်း ဒုက္ခတော့ အကြီးအကျယ်ရောက်ပါပြီ။ ငါးသည်မ၏ အစွပ်စွဲခံရတာထက် နမော်နမဲ့ခင်ရဲ့ ရှေ့မှာ ကြုံရဆုံရပုံများအား စာမျက်နှာပေါ်တွင် ကွင်းလုံးကျွတ် ဖော်ကောင်လုပ်တော့မည်ဟူ၍ စိတ်ပူပန်စွာ တစ်ပူပေါ် နှစ်ပူဆင့်ပုံ တွေးနေဆဲမှာ . . .

"ဒီမှာ ဦးလေးကြီး၊ ကိုယ်လုပ်တာ မဟုတ်သလို ဟိုဘက်မျက်နှာလွှဲပြီး မသိချင်ယောင် ဆောင်မနေပါနဲ့၊ စောစောက ယူထားတဲ့ ငါးတုံး ပြန်ပြီးထားခဲ့ပါ"

အရှက်ကွဲလက်စနှင့် မထူးပြီမို့-

"အောင်မာ နင်တို့ အလေးခိုးရောင်းတာကို ငါတို့စျေးဝယ်သူက ငြိမ်ခံနေရမှာလား၊ မကျေနပ်ရင် လာ၊ စည်ပင်ရုံးက သမာဓိချိန်ခွင်မှာ သွားချိန်မယ်"

ဆရာ မိုးမှောင်တို့က ရေကိုအထပ်ထပ် စစ်သုံးချင်မှသုံးမှာ၊ ငွေကိုတော့ ကျစ်ကျစ်ပါအောင် သုံးစွဲသူမို့ စျေးရုံးခန်းရှိ သမာဓိချိန်ခွင်သို့ သွားခဲ့ကြသည်။ ဆရာမိုးမှောင်ပြောတာလည်း အမှန်ပင်။ ဝယ်သည့်ငါးတုံးနှင့် ယူထားသည့်ငါးတုံးပေါင်းမှ ဆယ့်ငါးကျပ်သားပဲရှိသည်။ ထို့ကြောင့် တစ်ဆယ်သား ဝယ်သူ၏ အလေးချိန်ပြည့်စေ၊ အပို ငါးကျပ်သားအား ငါးသည်မ ခုတ်ယူစေခြင်းဖြင့် ဖြေရှင်းကြသည်။

ငါးသည်မလည်း ငါးတုံးကောက်ယူပြီး သူ အလေးခိုးရောင်းတာ လူသိကုန်သဖြင့် တစ်ချိုးတည်း လစ်ပြေးရာ ဆရာမိုးမှောင်က ခပ်ကျယ်ကျယ် လေသံဖြင့် . . .

"ယောက်ျားသားတွေ စျေးဝယ်တယ်ဆိုပြီး အချဉ်ဖမ်းဖို့ မကြံကြနဲ့ဟေ့၊ ငါ့အိမ်က မိန်းမထက် စေ့စပ်သေချာလို့ ငါကိုယ်တိုင် စျေးဝယ်ထွက်တာ၊ သိရဲ့လား"

ဆရာမိုးမှောင်၏ ပုံစံကြည့်ပြီး တခစ်ခစ်ရယ်နေသော ခင့်ဘက်လှည့်ကာ . . .

"နင်က ဘာကိစ္စ ငါတို့ရပ်ကွက်စျေးကို လာတာတုံး"

"ဒီစျေးထဲမှာ ခင့်ကြီးတော်ရဲ့ဆိုင် ရှိတယ်လေ၊ အဟိဟိ. . . လာခါမှ တကယ့်ဇာတ်လမ်းနဲ့ တိုးရတယ်လို့"

ဆိုစကားကြောင့် ဆရာမိုးမှောင်၏ မျက်နှာကြီး ပို၍မည်းမှောင်ကာ. .

"တော်တော်၊ နင့်ပါးစပ် ဒီမှာပိတ်၊ နင် ငါ့အိမ်လိုက်လည်မှာလား"

"ကြီးတော်ကြီးကို နှုတ်ဝင်ဆက်ပြီး ဆရာကတော်နဲ့ တွေ့ရအောင် လိုက်ခဲ့မယ်လေ"

အမှန်က ကြီးတော်ကြီးရဲ့ မြည်တွန်တောက်တီးမှုကို စတေးရှောင်ချင်၍ဖြစ်သည်။ မောင်နှမနှစ်ယောက် လျှောက်လာရင်း . . .

"ဟဲ့ နမော်နမဲ့ခင်၊ ခု စျေးထဲမှာ ကြုံခဲ့ရတာကို အိမ်ကျရင် ငါ့မိန်းမကို ပြန်မပြောနဲ့နော်"

ဆရာကတော်၏ အပြစ်ဆိုခံရမှာ ကြောက်နေပုံရသည်။ ခင်ကတော့ ထုံးစံအတိုင်း . . .

"ပြောရမှာပဲ"

"တောင်းပန်ပါတယ်ဟာ၊ နင့်ပါးစပ်ရော နင့်ကလောင်ရော ကြောက်လို့ပါ"

ဆရာမိုးမှောင်၏ ပူနှောင့်ဗျာ‌ပွေပုံအား ခင် တမင်ကလိချင်သဖြင့် . .

"နည်းနည်းတော့ စဉ်းစားရမယ်" ဟူ၍ အိုက်တင်ခံနေလိုက်စဉ် ဆရာမိုး မှောင်တစ်ယောက် အကျီအိတ်ကပ် အား အသာဖိရင်း . . .

"နင် ဘာမှမစားလာရသေးဘူး မဟုတ်လား၊ လက်ဖက်ရည်လဲ တိုက် မယ်၊ စားချင်တဲ့မုန့် မှာစား၊ ဝယ်ကျွေး ပါ့မယ်ဟာ"

လွန်စွာကပ်စေးနှဲသော ဆရာ မိုးမှောင်အကြောင်းသိ၍ တမင်ကလိ ခြင်းဖြစ်သည်။နမော်နမဲ့ခင်တစ်ယောက် မတော်မတည့် အသွင်နှင့် ရေးထည့်မှာ အလွန်ကြောက်နေတာ သေချာသည်။ သူကိုယ်တိုင် မစားရက်သည့် အသ ငွေအား စားဖွယ်စုံဆိုင်မှာ ကြိုက်ရာ စားစေသဖြင့် ဆွဲပစ်လိုက်သည်။

ခင်ကတော့ စိတ်ထဲမှာ ထားသည်။ ကျွေးတာ ကျွေးတာပဲ တာ ရေးမှာပဲဟ။



www.burmeseclassic.com

www.burmeseclassic.com


# နိုင်ငံခြားသင်္ဘောလိုက်သူများနှင့် မိသားစုဝင်များအတွက်

❀ အလိမ်အညာ မခံရဘဲ နိုင်ငံခြားသင်္ဘောလိုင်းကောင်းကောင်း အမြန်ဆုံးတက်ရဖို့။
❀ မိမိလျှောက်ထား/ဆက်သွယ်ထားသော နိုင်ငံခြားသင်္ဘောလိုင်းမှာ အမြန်ဆုံးပြန်တက်ရစေဖို့။
❀ နိုင်ငံခြားသင်္ဘောပေါ်မှာ အထက်အရာရှိ/လက်အောက်ငယ်သားများရဲ့ ချစ်ခင်ကြင်နာမှု ရရှိပြီး အစစအဆင်ပြေ၍ ကျန်းမာ၊ ဘေးကင်း၊ အမှုအခင်းမကြုံ အသက်အန္တရာယ်မဖြစ်ဘဲ စာချုပ်သက်တမ်းပြည့်သည်အထိ ကြာရှည်ခိုင်မြဲစွာ လုပ်ကိုင်ရဖို့။ ❀ လစာမှန်မှန် ရရှိစေဖို့။
❀ အဆင့်၊ ရာထူး၊ လစာ တိုးတက်ရေးအတွက် ဖြေဆိုရမည့် ရေးဖြေ၊ လက်တွေ့ စာမေးပွဲများကို အခက်အခဲမရှိဘဲ လွယ်ကူစွာ ဖြေဆိုအောင်မြင်စေဖို့။

(မိသားစုဝင် တစ်ဦးဦးမှလည်း ကိုယ်စားလုပ်ပေးလို့ရပါသည်။)

## ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )

ဗိုတ်ရက် မရှိပါ။

### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊
(၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁


ခင်တို့အား ဆရာကတော်က အိမ်ပေါ်မှ လှမ်းမြင်သဖြင့် လှေကားဝမှ စောင့်ကြိုရှာသည်။

"မိန်းမရေ၊ ဧည့်သည်ပါတယ်ဟေ့" ဟုပြောရင်း ဈေးဖိုးပိုငွေအား မိန်းမထံ ပြန်အပ်လေသည်။

"နင် ငါ့မိန်းမနဲ့ စကားပြောနေဦး"

ဈေးဝယ်အိတ်ကိုင်ကာ မီးဖိုချောင်သို့ ဝင်သွားလေတော့သည်။ ခင့်ရဲ့ အကဲခတ်ခြင်းအား ဆရာကတော်မှ ရိပ်စားမိလေသဖြင့် . . .

"အစ်မက လူက ဝလာတော့ အထိုင်အထမကောင်းဘူးကွဲ့၊ ဒါကြောင့် ညည်းတို့အစ်ကိုပဲ ဈေးဝယ်ချက်ပြုတ်ကျွေးနေရှာတာ"

"ဟင် ဒါဆို လေအန်ကုန်းလာတဲ့ရက်ကျတော့ကော"

"မနက်စောစောကတည်းက ချက်ပြုတ်ခူးခပ်ပေးထားခဲ့ရတာ"

"ဒါဆို အစ်မက တော်တော်ကံကောင်းတာပဲ၊ အခုခေတ်မှာ ဒီလိုယောက်ျားမျိုးရှားတယ်"

ခင့် ပြောစကားကို ဆရာကတော် သဘောကျသွားပုံရပြီး. . .

"အဟင်း ဟင်း. . . အစ်မကတော့ သူ့ကို အားနာနေရတာပေါ့ကွယ်"

ခင်တို့နှစ်ဦး စကားလက်ဆုံကျရာသို့ ကြည့်ကွက် ကြည့်ကွက်လုပ်ကာ ဆရာမိုးမှောင် ရောက်ရှိလာပြီး . . .

"ဟဲ့ နင်ပြန်တော့မှာလား"

တုံးတိတိအမေးစကားကြောင့် ဘာမျှမသိရှာသော ဆရာကတော်မှ. .

"အို. . . အစ်ကိုကလဲ တစ်ခါတလေမှ လာတာကို၊ ထမင်းစားပြီးမှ ပြန်ပါစေလား"

"သူကြီးတော်အိမ်ကို သွားရမှာ၊ အစ်ကိုက အတင်းအိမ်လည်ခေါ်လို့ ရောက်လာရတာ၊ ဟိုအိမ်က မျှော်နေမှာမို့ပြောတာ"

ဆရာကတော်မသိအောင် ခင့်အား ပြန်ရန် မျက်ရိပ်ပြလို့နေသည်။

အမှန်က ဈေးထဲမှာ ငါးတုံးလုတဲ့အကြောင်း ပေါ်မှာရယ်၊ ငါးနှစ်ဆယ်သား ဈေးဝယ်စာရင်း ပြထားသဖြင့် ငါးတစ်ဆယ်သားပဲ ချက်ထားခြင်းကြောင့် ခင်ထမင်းစားလျှင် ဟင်းစားမလောက်ငပါက စာရင်းလိမ် ပေါ်တော့မည်။

ထို့ကြောင့် ခင့်အား နှင်ထုတ်ခြင်းဖြစ်ကြောင်း သဘောပေါက်သဖြင့် အလိုက်သိစွာ ခင် နှုတ်ဆက်ထပြန်ခဲ့သည်။

ကပ်စေးနှဲ ဂုဏ်ထူးဆောင် ဆရာမိုးမှောင်၏ ဈေးထဲကဖြစ်စဉ် ဖော်ထုတ်ပြီး စာမူပါလာလျှင် ဆရာကတော်အား စာအုပ်လက်ဆောင်ပေးပြီး ဖတ်စေမည်။ ဆရာကတော် ဖတ်၍သိလျှင် ဟီဟိ. . . မည်သို့ဆိုတာ စပ်စုစိန် လုပ်ရန် ရှိသေးသည်။

❐ တန်ဆိုင်





www.burmeseclassic.com

www.burmeseclassic.com

# နုညီး နုညီး လေး တော့ လို နေ တယ်

အောင်စိုး (ဖြူညီ)



ဒီနေ့ မိုးကောင်းကင် တစ်ခုလုံး အပြာရောင်လွှမ်းခြုံထားသည်။ ငှက်တစ်အုပ်မှာ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီ လွတ်လပ်ပေါ့ပါးစွာ ပျံသန်းသွားနေကြသည်ကိုလည်း တွေ့ရသည်။

ကျွန်တော့် ခြေလှမ်းများကလည်း ပေါ့ပါးတက်ကြွနေတော့သည်။ လမ်းလျှောက်ရသည်ကပင် မြေကြီးနှင့်ထိသည်ဟုမထင်။ လမ်းတစ်လျှောက် ကြည့်လိုက်တိုင်း အရာရာမှာကဗျာဆန်နေလေတော့သည်။ ဝေဇယန္တာလမ်းမကြီးနှင့် သစ္စာလမ်းဆုံနားက အကြော်ရောင်းသော အမိနာသည်ပင် ခါတိုင်းနှင့်မတူ အာရာဒါးနား အိန္ဒိယရုပ်ရှင်ကားကြီးထဲက အိန္ဒိယမင်းသမီးလေး ရှာမီလာနှင့်ပင် တူနေသယောင်ယောင်။

အဘယ်သို့သော အကြောင်းကြောင့် ကျွန်တော်ပျော်ရွှင်တက်ကြွနေပါသနည်း။ အဖြေအတွက် မေးသူရှိစေချင်လှသည်။ဖြေချင်လွန်းလှတော့သည်။ သို့သော် မေးသူမရှိပါလျှင်လည်း ဖြေချင်နေပါသည်။

အကြောင်းကား ဤသို့တည်း။ ဒီနေ့ ကျွန်တော်၏ ချစ်လှစွာသော ချစ်သူလေးဆီက ကျွန်တော့်အတွက် လူကြုံပါးလိုက်သော ရွှေပေဖူးလွှာရရှိခဲ့သောကြောင့်ပင်တည်း။ ချစ်လှစွာသော ချစ်သူနေထိုင်သည်က ဘိုဘိုဟန်ရဲ့ သီချင်းစာသားထဲကလို မန္တလေးသွားတဲ့ ရထားလမ်းဘေးက တောမြို့ဘူတာလေးတစ်ခုရှိရာ တောမြို့လေးတစ်ခုတွင် ဖြစ်သည်။ ကျွန်တော်က ရန်ကုန်မှာ နေသည်။

ယခု တောင်ဥက္ကလာသို့ လာရသည့်အကြောင်းရင်းကိုလည်း ရှင်းပါအုံး။ တောင်ဥက္ကလာတွင် ချစ်သူ၏အစ်ကိုဝမ်းကွဲဖြစ်သူနေထိုင်ပြီး ချစ်သူ၏အဒေါ်ဖြစ်သူ ရန်ကုန်သို့အလာတွင် စာလွှာပါးလိုက်ကြောင်း အကြောင်းကြားလာသဖြင့် မြောက်ဥက္ကလာတွင်နေထိုင်သူ ကျွန်တော်က အနီးတောင်ဥက္ကလာသို့ ပေဖူးလွှာကို တကူးတကလာယူရခြင်းပင် ဖြစ်တော့သည်။

ယခုခေတ်အခါမှာကဲ့သို့ E mail တို့၊ G talk တို့၊ Viber တို့၊ Face Book တို့ဆိုတာ ရှိမှရှိသေးပဲကိုး။ ရှိလို့ကတော့ ဘယ်ပြောကောင်းမလဲ၊ ဝုန်းခတ်သွားမယ်။ အကုန်သုံးပစ်မယ် ပြောတာပါ။

ဝေဇယန္တာလမ်းမကြီးအတိုင်း တဖြည်းဖြည်းလျှောက်လာရာက ... ကိုကျော်ကာ ချော်တွင်းကုန်းဘက်သို့ မည်သို့မည်ပုံ ရောက်လာလေသည် ... မသိ။ လမ်းတစ်လျှောက်လုံးက ကျွန် ... တော်နှင့် မျက်နှာချင်းဆိုင်လျှောက် ... ကြသောသူများ အားလုံးကလည်း ဒီနေ့ ... ကျမှ ကျွန်တော့်ကို ဂုဏ်ပြုလိုက်ကြ ... ပြုံးလို့ ရွှင်လို့။

ဒီခေတ် Face Book မှာ နှုတ် ... ဆက်ကြသလိုမျိုး "Hi Hi"" ပေါ့။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ... တွေ့သူအားလုံးက ကျွန်တော့်ကို ပြုံး ... ကြတဲ့သူရယ်လို့ မရှိသလောက် ... မျက်နှာပွင့်နေလိုက်တာ။ ကျွန်တော် ... လည်း သူတို့ကို ပြန်ပြီးပြုံးပြလိုက် ... လိုက်ရတာ မမောနိုင် မပမ်းနိုင်ပါဘဲ ... လမ်းလျှောက်ရင်း ကျွန်တော့်ရင်ဘတ် ... က အင်္ကျီအိတ်ကပ်ကလေးထဲ ... ထားတဲ့စာအိတ်ကလေးကိုလည်း ... ခဏ စမ်းစမ်းကြည့်ရတာအမော ... ထွက်ကျနေခဲ့မှဖြင့် မဖတ်လိုက် ... ရှိလေမည်စိုးသောကြောင့်ပင်။

ချစ်သူပါးလိုက်သော စာ ... မွှေးမွှေးလေးထဲမှ ချစ်သဝဏ်လွှာ ... အိမ်ရောက်တော့မှ အေးအေး ... ဆေး ဖတ်မည် စိတ်ကူးရင်း လျှော ... လာလိုက်တာ ချော်တွင်းကုန်း ... မှန်းမသိပင်ရောက်လာလေတော့ ...

ဒီတော့မှ နံနက်စာထမင်း ... ရသေးသည်ကို သတိရလိုက်ပြီး ဝမ်း ... ပြဿနာ ဖြေရှင်းဖို့အတွက် ချော် ... ကုန်းအထွက်နား လမ်းဘေးဘယ် ... နားဆီက ကြေးအိုးဆီချက်ဆိုင် ... ဝင်ခဲ့ပြီး ဆီချက်တစ်ပွဲ ဆွဲဖို့ ဟန် ... မှာလိုက်စဉ် ဆိုင်ထောင့်နားစား ... ထိုင်နေတဲ့ ကောင်ကလေးနှင့် ... လေး အတွဲတစ်တွဲကလည်း ကျွန် ... ကို မြင်လိုက်တယ်ဆိုရင်ပဲ အ ... တည်းက ရင်းနှီးခင်မင်ခဲ့သူတွေ ... သွားကလေးတွေ ပေါ်သည်အ ... နှုတ်ဆက်နေပြန်လို့ ကျွန်တော် ...



www.burmeseclassic.com

www.burmeseclassic.com

လူမှုရေးအရ ပြန်ပြီး "အညာစရော" လိုက်ရပြန်ပါရော။

ဆီချက်တစ်ပွဲ စားပြီးလို့ ဗိုက်ပြည့်သနာ ပြေလည်သွားတယ်ဆိုရင်ပဲ ထိုင်ရာစားပွဲက ထလို့ ချော်တွင်းကုန်းအထွက် လှုငယ်သင်တန်းကျောင်းရှေ့ ဘတ်စ်တော့ပ်မှာ ခပ်မော့မော့လေး စောင့်ရင်း ဝေါခနဲရောက်လာတဲ့ (၄၃) လိုင်းကားပေါ် အပြေးကလေးတက်လို့ လိုက်ပါလာခဲ့ပါတော့တယ်။

ဒီနေ့တော့ ချစ်သူဆီက ရွှေစာလွှာကြောင့်ပေပဲလား။ ကျွန်တော်ကပင် ဒီနေ့ ကံကောင်းနေတာပဲလား။ ကျွန်တော့်ရဲ့ ကံကောင်းချိန် Lucky Time ရောက်လာလို့ပဲလားတော့ မသိ၊ ကံကတော့ ကောင်းပြီးရင်း ကောင်းနေပြန်တော့သည်။ တွေ့သူတိုင်းကလည်း ကျွန်တော်နှင့်တွေ့လျှင် ပြုံးလို့ရွှင်လို့၊ ခုလည်း ဘယ်တုန်းကမှ ထိုင်စရာနေရာ မရလို့ မတ်တတ်ရပ်လိုက်ပါရတဲ့ ၄၃ ပေါ်မှာ နေရာချောင်ပြီး ဖယ်ပေးတဲ့သူကအဆင်သင့်။ ကားပေါ်ရောက်ရောက်ချင်း ဘေးတန်းခုံတစ်နေရာမှာ ဇိမ်ရှိရှိနှင့်ထိုင်ပြီး လိုက်ပါခွင့်ရလိုက်သည်လေ။

ကားပေါ်မှာထိုင်ရင်း အိတ်ကပ်ထဲက ချစ်သူစာထဲ ဘာတွေများပါလေမည်လဲလို့ တွေးရင်း ဖတ်ချင်စိတ်က တဖွားဖွားဖြစ်ပေါ်လျက် ရှိတော့သည်။ ထိုစဉ် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ခုံတန်းတွင်ထိုင်ကာ လိုက်ပါစီးနင်းလာကြသော အမျိုးသားနှင့် အမျိုးသမီးတို့ နှစ်ဦးကလည်း ကျွန်တော့်ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲက ခံစားချက်ကို ထိုးဖောက်လို့ မြင်ကြလေသလား မသိ။ တစ်ဦးနှင့်တစ်ဦး တွတ်ထိုးနေကြရင်းက တစ်ချက် တစ်ချက် ကျွန်တော့်ကို လှမ်းလှမ်းကြည့်ရင်း ပြုံးပြနေလိုက်ကြတာ။ အနီကျွန်တော်ကလည်း လူမှုရေး ညံ့လှသည်မှမဟုတ်ဘဲ။ ပြန်ပြုံးပြရင်း လူမှုကွန်ရက်ကို ချိတ်ဆက်ရပြန်တာပေါ့။

ဒီကြားထဲ စိတ်ထဲမှာ ငယ်ကျွမ်းဆွေပြဇာတ်ထဲက သီချင်းလေးက အလိုလို ဝင်လာပြန်တော့တယ်။ ဘာတဲ့ . . "ဒီလိုနေ့မျိုး ××× အခါတစ်ရာမကတွေ့ပါရစေ ×××" ဆိုတာလေ။ နောင်များမှာလည်း အခါတစ်သောင်းမက ကြုံချင်စမ်းပါဘိတော့။

"သန္တာပါလား၊ သန္တာ"

"သန္တာမှတ်တိုင်ပါရင် ကြိုတင်ပြီး ထွက်ထားပေးကြပါခင်ဗျာ"

ကိုရွှေစပယ်ယာ၏ အသံကြားတော့မှ ကိုယ်ဆင်းရမည့် မှတ်တိုင်သို့ ရောက်တော့မည်ကိုသတိရ၍ ထိုင်ရာမှ ထလိုက်တော့သည်။ ယနေ့အဖို့ကား အခါတိုင်း အပေါက်ဆိုးလှသော ကိုရွှေစပယ်ယာ၏ အသံသည်ပင် နာမည်ကြီးအဆိုတော် တွံတေးသိန်းတန် စကားပြောသည့်အသံနှင့် တူနေသယောင်ယောင် ထင်မိတော့၏။

မှတ်တိုင်ဆင်းခါနီးမှာပင် ကိုရွှေစပယ်ယာက . . .

"ဖြည်းဖြည်းဆင်း အစ်ကို၊ နည်းနည်းလေး လွဲနေဦးမယ်"တဲ့။ ချီလိုက်တဲ့အသံ။ သန္တာလမ်းမှတ်တိုင်မှာ ဆင်းပြီး ကျွန်တော်တို့မိသားစု နေထိုင်ရာ သန္တာလမ်းသွယ်(၁၂)အထိ လမ်းလျှောက်ခဲ့ရာတွင်လည်း လမ်းတစ်လျှောက်လုံး မြင်မြင်သမျှ မိတ်ဆွေများက ပြုံးပြနှုတ်ဆက်ကြသည်များကို ပြန်လည်နှုတ်ဆက်ရသည်မှာ အမော။ လက်ဖက်ရည်သောက်ပါဦး ခေါ်သူခေါ်ဖြင့်။ ထိုစဉ်က ကျွန်တော့်မှာ တစ်ကျောင်းလုံးတွင် ဒသမတန်းကိုနှစ်ချင်းပေါက်တစ်ယောက်တည်းသာ အောင်မြင်ခဲ့သော ကျောင်းသားနှယ်၊ အတော်ပင် မျက်နှာပွင့်လှပေတော့သည်တကား။

ဒီလိုနှင့် ရောက်ပါပြီ။ ကျွန်တော့်အိမ်အဝင် သန္တာလမ်းသွယ်(၁၂)လမ်းထဲသို့ ကွေ့ဝင်လိုက်သည်နှင့် လမ်းထဲက ထွက်လာကြသော မိန်းကလေးအုပ်စုကို လှမ်းမြင်လိုက်ရသည်။ ဩော် . . . ရုံးပိတ်ရက်ဖြစ်သဖြင့် အိမ်သို့ အလည်လာကြကုန်သော ညီမအငယ်ဆုံးလေးရဲ့ သူငယ်ချင်းများကို ညီမအငယ်ဆုံးလေးက ၎င်းတို့အိမ်အပြန် ကားဂိတ်သို့လိုက်ပို့ရန် ထွက်လာကြခြင်းဖြစ်သည်ဟု နားလည်လိုက်၏။ မျက်နှာချင်းဆိုင် အနားရောက်သောအခါ ညီမအငယ်ဆုံးလေးက . . .

"ဟာ. . . ကိုကို ဘယ်လိုဖြစ်တာလဲ၊ ဟား ဟား ဟား" ဟု ပြောရင်း ရယ်၊ ရယ်ရင်းပြောပြီး ကျွန်တော့်ခြေထောက်ကို လက်ညှိုးထိုးလိုက်တော့မှ သူ့သူငယ်ချင်းမလေးများကပါဝိုင်းကြည့်ကြပြီး ဟားကြလေတော့သဖြင့် ကျွန်တော်လည်း ကိုယ့်ခြေထောက်ကိုယ် ဒီအခါကျမှ ပြန်ငုံ့ကြည့်ပြီး ဘာမျှမပြောနိုင်တော့ဘဲ ရှက်ရှက်နှင့် ကလေးများနှင့်အတူ အားရပါးရ ရယ်လိုက်မိပါတော့သည်။

ဩော်. . . ဒါကြောင့်ကိုး။

ဒီနေ့ တစ်လမ်းလုံး တွေ့တွေ့သမျှ လူတိုင်းက ငါ့ကိုဟာသလုပ်ပြီး ပြုံးနေကြတာပါလား။ ငါ့ကို နှုတ်ဆက်ကြတာမှ မဟုတ်ဘဲကိုးဆိုတာ သဘောပေါက်မိပါတော့သည်။

ဆီချက်ခေါက်ဆွဲဆိုင်ထဲက အတွဲကလည်း ဒါကြောင့်ရယ်တာကိုး။ ၄၃ ဘတ်စ်ကားပေါ်က အတွဲကလည်း ဒါကြောင့်ကိုး။ ကိုရွှေစပယ်ယာရဲ့ "နည်းနည်းလေး လွဲနေဦးမယ်" ဆိုတာလည်း ဒါကြောင့်ကိုး။

သူတို့ ကျွန်တော့်ကိုဘာသဘောကျတယ်ဆိုတာ စာရှုသူများလည်း သိချင်ရှာမှာပါပဲ။ တကယ်တမ်းကျတော့ တောင်ဥက္ကလာအိမ်မှ ချစ်သူပါးလိုက်သည့်စာကိုယူ မြန်မြန်ဖတ်ချင်ဇောဖြင့် မြန်မြန်အိမ်ရောက်အောင် မြန်မြန်ပြန်ထွက်လာခဲ့ရာမှာ ကျွန်တော်စီးလာတဲ့ ဖိနပ်က ကျွန်တော်စီးနေကျ ကျွန်တော့်ရဲ့ ကတ္တီပါဖိနပ် အညိုရောင်ကို ဘယ်ဘက်က စီးပြီး ညာဘက်ကတော့ ကျွန်တော့်ယောက်ဖရဲ့ ရာဘာဆင်ကြယ်ဖိနပ် အပြာရောင်ကို အောက်ငုံ့မကြည့်ဘဲ စီးလာခဲ့မိတာကိုး။

❒ အောင်စိုးပြည့်





www.burmeseclassic.com

www.burmeseclassic.com

# ဝင်းသိဟ (သန်လျင်)



ပန်းချီအောင်နိုင်လတ်

# မင်းနဲ့ ငါနဲ့ နှစ်ယောင်းပြိုင်ပွဲ

ကျွန်တော်တို့ရွာမှာ လက်သမား လုပ်တဲ့ ငချစ်ဆိုတာ ရှိတယ်။ လက်သမားဆိုလို့ အိမ်ကြီးရခိုင်ကို ဦးစီးဦးကိုင်ဆောက်တဲ့ လက်သမားမဟုတ်ဘူး။ သူ့အဒေါ်ယောက်ျား လက်သမားဆရာ ဦးရွှေခင်အဖွဲ့ထဲမှာ နေ့စားလုပ်တဲ့ လက်သမား။ လူကသာ နေ့စားလုပ်တာ လေက ကန်ထရိုက်တာလောက်ကြီးတယ်။ စကားကလည်း များတယ်။

သူ့ကိုကြည့်လိုက်ရင် လက်ကြားမှာ ဆေးပေါ့လိပ်၊ နားကြားမှာ လက်သမားခဲတံ၊ ခါးကြားမှာ ခေါက်ပေတံထိုးထားတာ သူ့စတိုင်ပဲ။ မသိတဲ့လူက သူ့ကိုကြည့်ပြီး အဆောက်အအုံတစ်ခုကို သူကိုယ်တိုင် ပုံစံထုတ်ပြီး ကိုယ်တိုင်ဦးစီးတည်ဆောက်နေသယောင် ထင်ရမယ်။

အလုပ်ခွင်ထဲ သူ့ဦးလေးရှိတဲ့အချိန်များမှာ အလုပ်လုပ်ပေမယ့် ဦးလေးလစ်တာနဲ့ အိမ်ရှင်တည်ထားတဲ့ ရေနွေးကြမ်းဝိုင်းမှာ ဆေးပေါ့လိပ်ကို မီးခိုးအူအောင်ဖွာပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတော့တာပဲ။

နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီးက သူ့ဦးစီးပြီး ဆောက်ခဲ့သယောင်၊ ကုမ္ပဏီသူဌေးကြီး ဦး××× က သူနဲ့ပဲ လည်ပင်းဖက်ပြီး ပေါင်းလာသယောင်၊ ဧည့်ထောက်ခံတဲ့ အိမ်ရှင်မျိုးနဲ့တွေ့ရင် ငချစ် သံတစ်ချက်မရိုက်၊ လွှတစ်ကြောင်းမဆွဲဘဲ တစ်နေကုန်လို့ အလုပ်သာသိမ်းသွားမယ်၊ ငချစ် လေကြောက မပြတ်ဘူး။ နောက်တစ်နေ့ မနက်ဖြန် ဆက်ရန်ရှိသေးတယ်။

အခုလက်ရှိလုပ်နေတဲ့အိမ် ... စသိမ်းတော့ ဘုန်းကြီးကျောင်း ... ကျောင်းမှာတန်ဆောင်းတစ်ခုဆော... အလုပ်ထပ်ရတယ်။ အဲဒီကျောင်း... အလုပ်ရခြင်းဟာငချစ်ဘဝရဲ့စာမျက်... သစ်တစ်ခုဖွင့်လိုက်သလား၊ ငချစ်အ... တစ်ဆစ်ချိုးကွေ့ တစ်ခုလားပဲ။

အဲဒီကျောင်းက ဘုန်းကြီး... ဆေးဘုန်းကြီး၊ ရောဂါမျိုးစုံကို ... လို့ခေါ်တဲ့ တိုင်းရင်းဆေးနဲ့လည်း ... တယ်။ ပယောဂ၊ စုန်းတိုက်၊ နတ်... တွေကိုလည်း ရေမန်းတွေ၊ ဂါထာမန္တ... တွေနဲ့ကုတယ်။ နေ့စဉ်နဲ့အမျှ ကျောင်း... မှာ ဆေးလာကုကြတဲ့သူတွေ ... မိုးလင်းကနေ ညနေမိုးချုပ်ခါနီးအ... ပြတ်တယ် မရှိဘူး။

www.burmeseclassic.com

ချစ် လူကသာ ဒီဘက်မှာ သံ နိုက်၊ လွှတိုက် လက်သမားလုပ်နေပေမယ့် မျက်စိက ဘယ်လိုရောဂါဖြစ်တဲ့ လူနာကို ဘုန်းကြီး ဘယ်လိုဆေးတွေ ပေးပြီး ကုလိုက်တယ်ဆိုတာကိုပဲ အာရုံရောက်နေတာ။ အဲဒီကျောင်းမှာ အလုပ်ဆင်းလို့တစ်ပတ်လောက်မှာပဲ သူ့ဦးလေးရွှေခင်က တစ်ဖွဲ့လုံး မနက်ဖြန် ဒီကနေ အလုပ်သိမ်းဖို့ အမိန့်ထုတ်လိုက်တယ်။ ချစ် နားမလည်နိုင်ဘူး။ အလုပ်မပြီးသေးဘဲနဲ့ ဘာလို့သိမ်းတာလဲ။သူ့ဦးလေးကို မေးကြည့်တော့မှ အဖြေရတယ်။

"ဒီကျောင်းက ဒီတန်ဆောင်းကို လာဆောက်တာ လက်သမားအဖွဲ့တွေ ငါတို့အပါအဝင် ငါးဖွဲ့ရှိသွားပြီ၊ တစ်ဖွဲ့မှ လက်စမသတ်နိုင်ခဲ့ဘူး၊ ငါတို့လဲ အရင်အဖွဲ့တွေလိုပဲ တစ်ပတ်နဲ့ ပြေးရပြီ"

"ဘာလို့ပြေးရမှာလဲ ကိုတင်လှရဲ့"

"မင်း မမြင်ဘူးလား၊ အားလုံးပြီးစီးလို့ ညနေ အလုပ်သိမ်းခါနီးပြီဆိုမင့်ဘုန်းကြီး ကြွလာပြီး အပေါ်မော့ကြည့်ပြီး ငါတို့ရိုက်ထားတာတွေ၊ သူ့စိတ်တိုင်းမကျတာတွေ အကုန်ပြန်ဖြုတ်၊ ရှည်တာတွေဖြတ်၊ တိုတာတွေဆက်၊ ဒီပုံစံအတိုင်းဆို ဒီအဆောက်အအုံ နှစ်ကုန်ရင်တောင် ပြီးမှာမဟုတ်ဘူး၊ မင်းဦးလေးက အလုပ်သမားတွေကို နေ့စားနဲ့ပေးရတာလေ၊ ကြာရင် မင့်ဦးလေး ချက်ဆွဲရမှာပေါ့၊ ဒါကြောင့် တို့တွေ မနက်ဖြန် ပြေးတော့မှာ"

သူ့ဦးလေးတို့ လက်သမားအဖွဲ့ ကျောင်းက ထွက်သွားပေမယ့် ချစ်က လိုက်မသွားဘဲ ကျောင်းမှာ နေရစ်ခဲ့တယ်။ ဘုန်းကြီးက လိုလိုလားလား ခေါ်ထားလိုက်သလို သူ့ဦးလေးရွှေခင်ကလည်း ဝမ်းမြောက်ဝမ်းသာပဲ ထားခဲ့တယ်။ တိုးလိုးတန်းလန်း ကျန်နေတဲ့ ဒီတန်ဆောင်းကြီးကို လက်စသတ်ဖို့ အခုဆို ချစ် အမိကအခန်းက ပါဝင်နေပြီ။ အဲဒီနေ့ကစပြီး ချစ် ကျောင်းမှာအိပ် ကျောင်းမှာစားပြီး ကျောင်းဝင်းထဲက တန်ဆောင်း၊ ကျောင်းဇရပ်ပြုပြင်မှုကိစ္စအားလုံးကို အာဏာကုန်လွှဲအပ်ခြင်း ခံရတဲ့ ဘုန်းကြီးရဲ့လူယုံ လက်သမားဆရာကြီး ဖြစ်သွားပြီ။

"ဘုန်းဘုန်းဘုရား သစ်ရိုင်း တစ်တန်ခွဲ ဝယ်ရမယ်ဘုရား"

"ရော့"

"ဘိလပ်မြေ ဆယ်အိတ် ဝယ်ရမယ် ဘုရား"

"ရော့"

"အုတ်သုံးထောင် ဝယ်ရမယ် ဘုရား"

"ရော့"

ချစ်ပြောသမျှ လျှောက်သမျှ ဘုန်းဘုန်းဘုရား တစ်ချက် မငြင်းဘူး။ ရော့ အင့်ပဲ။ အဲသလို စည်းရုံးနိုင်တဲ့ နှုတ်စံ လျှာစကလည်း ချစ်မှာရှိတယ်။ ဒီလို့နဲ့ ဘုန်းကြီးကျောင်းမှာနေတာ ခြောက်လ တစ်နှစ်အတွင်းမှာပဲ ချစ် ပုံစံ အများကြီးပြောင်းလဲသွားပြီ။ အရင်လို မည်းမည်းခြောက်ခြောက်မွဲမွဲပြောက်ပြောက် မဟုတ်တော့ဘူး။ ဆူဆူဖြိုးဖြိုး တောက်တောက်ပြောင်ပြောင်အမောက်တထောင်ထောင်နဲ့ ဖြစ်နေပြီ။ ဒါတင်မက ကျောင်းမှာအတူနေ ဦးဇင်းများနဲ့ ကျောင်းသားကပ္ပိယများကအစ ချစ်ကို ဒုကျောင်းထိုင်ဆိုပြီး ကင်ပွန်းတပ်ခြင်း ခံရလောက်အောင် ကျောင်းထိုင်ကြီးကို မီးသေတဲ့လူ။

လက်ရှိ တိုးလိုးတန်းလန်း ဖြစ်နေတဲ့တန်ဆောင်းကြီးကိုတော့ ကျောင်းထိုင်ကြီးက ညွှန်ကြားတယ်၊ ချစ်က ကြီးကြပ်တယ်။ တကယ်လက်တွေ့ဖြတ်ဟယ်၊ ရိုက်ဟယ်၊ တိုင်းဟယ်၊ ထွာဟယ် လုပ်ရတာကတော့ ကျောင်းမှာရှိတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေနဲ့ ကျောင်းသားတွေပဲ။ လက်သမားဆရာကောင်းကောင်းနဲ့လုပ်ရင် နှစ်လ၊ သုံးလနဲ့ ပြီးရမယ့် တန်ဆောင်းဟာ ချစ်လုပ်နေတာ နှစ်ပေါက်တော့မယ်၊ လက်စ မသတ်နိုင်သေးဘူး။ ဒီတန်ဆောင်းကြီးပြီးရင် ဟိုဘက်မှာ ဆွမ်းစားဆောင် ဆွမ်းချက်ဆောင်တို့ ဆက်ဆောက်ဖို့ကလည်း ချစ်အတွက် တန်းစီပြီး စောင့်နေပြီ။ အရင် သူ့ဦးလေးရွှေခင်ဆီမှာ လုပ်တုန်းက နေ့စားနောက်လိုက်ဖြစ်ပေမယ့် အခု ဘုန်းကြီးကျောင်းမှာ သူက ဆရာ၊ သူ့အထက်မှာ ဘုန်းကြီးပဲရှိတယ်။

ညနေအလုပ်သိမ်းပြီး ရေချိုးထမင်းစားပြီးတာနဲ့ ကျောင်းပေါ်တက်ပြီး ကျောင်းထိုင်ကြီးကို ဝတ်ဖြည့်တဲ့အနေနဲ့ ခြေဆုပ်လက်နယ် ပြုစုတယ်။ လက်ကလည်းနှိပ်၊ ပါးစပ်ကလည်း ကရားရေလွှတ် တတွတ်တွတ်နဲ့ပြော။ ဘုန်းကြီးဟောတဲ့တရားကို လူက နာရမှာ၊ အခု ချစ်ဟောတဲ့ တရားကို ကျောင်းထိုင်ကြီး နာနေရတယ်။ ချစ်ပြောသမျှ တအင်းအင်းနဲ့ လိုက်နေရတယ်။ အဲသလို အလိုက်သိတတ်လို့လည်း ချစ်ကို ဘုန်းကြီး လက်မလွှတ်တာလည်း ဖြစ်မယ်။

ချစ်ကလည်း အကြံရှိတယ်။ ဘုန်းကြီးဆီမှာ တပည့်ခံပြီး ဆေးကုတဲ့ ပညာကို လိုချင်နေတာ ကြာပြီ။ လက်သမားအလုပ်ဆိုတာ "ဆောက်တို ခါးကုန်း မယားမုန်း" ဆိုတဲ့ စကားပုံ လက်သမားလောကမှာ ရှိတယ်။

အဝေးကြီး မဟုတ်ဘူး။ ဦးလေးရွှေခင်ကိုပဲကြည့်၊ ကမ္ဘောကမ္ဘာ ကတည်းက လက်သမား လုပ်စားလာတာ ဘာဖြစ်လဲ။ သူများအိမ်တွေသာ အသစ်လိုက်ဆောက်ပေးနေတာ သူ့အိမ်က ကျားကန်ထားရတယ်။ မိုးရွာပြီဆိုရင် နောက်ဖေးမီးဖိုချောင်က ယိုကျနေတဲ့ မိုးပေါက်တွေကို အိမ်မှာရှိတဲ့ အိုးတွေ ခွက်တွေ ဇလုံတွေပါမကျန် မိုးယိုတဲ့ အပေါက်တိုင်းကို လိုက်ခံနေရတာလည်း မိုးရွာတိုင်းပဲ။

ဒါကြောင့် ဒီလက်သမားအလုပ်ကြီးကို မလုပ်ချင်တော့ဘူး။ ဘုန်းကြီးဆီက ဆေးကုတဲ့ပညာကို ရလိုက်ရင် လူတစ်ယောက်ကို တစ်ထောင်ပဲထား၊ ဆယ်ယောက်ဆို တစ်သောင်း။





www.burmeseclassic.com

www.burmeseclassic.com

ခေါ်ရင်တောင် လူရှိသေ ရှင်ရှိသေ ဆရာချစ် ဆရာချစ်နဲ့ ခေါ်ကြမှာ။ ဘယ်လောက် နားဝင်ချိုလိုက်မလဲ။ ချေစ်စိတ်ကူးထဲမှာ တည်ဆောက်နေတဲ့ အဆောက်အအုံကြီးကတော့ ဟီးလို့။

ဒါပေမယ့် ချေစ် စိတ်ကူးအိပ်မက်တွေက မိုးမရွာ လေမသက်ဘဲ ပြိုပျက်ခဲ့ရပြန်တယ်။

တန်ဆောင်းကြီးပြီးလို့ ရေစက်ချခါနီးမှာပဲ ကျောင်းထိုင်ဘုန်းကြီး ပျံလွန်တော်မူသွားတယ်။ ဘုန်းကြီး ပျံလွန်တော်မူတာ ချေစ်အတွက်တော့ ရွှေတောင်ကြီး ပြိုပြီ။ နေမင်းကြီးကွယ်သလိုကို ခံစားရတယ်။

ဘာလို့လဲဆိုတော့ သူလိုချင်တဲ့ ဆေးပညာ၊ သူတတ်ချင်တဲ့ဆေးအတတ်ကို မသင်လိုက်ရခင်ဘဲ ဘုန်းကြီးက ပျံလွန်တော်မူသွားတယ်။

ဘုန်းကြီးပျံ ရှာပနပွဲပြီး တစ်လကျော် နှစ်လနားနီးပေမယ့် ဒီကျောင်းမှာ ကျောင်းထိုင်ဖို့ ကျောင်းထိုင်ဘုန်းကြီးကိစ္စ ရွာလူကြီးတွေနဲ့ သံဃာအဖွဲ့က ဆရာတော်တွေ ညှိနှိုင်းနေကြတာ မပြီးပြတ်သေးဘူး။ ရွာထဲက ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေက ခန်းနေကိုယ်တော် ဦးသီလကိုကျောင်းထိုင်စေချင်ကြတယ်။ ရွာလယ်စာသင်တိုက်က ဘုန်းကြီးက သူ့ကျောင်းက စာချကိုယ်တော်တစ်ပါးကို ကျောင်းထိုင်ခိုင်းမယ်။

အဲဒီလွန်ဆွဲပွဲဟာ ရွာမှာတင် မပြီးပြတ်ဘဲ မြို့နယ်သံဃာ့အဖွဲ့ အစည်းက ဆရာတော်ကြီးများပါ ရောက်ရှိလာရတယ်။

ရွာထဲက ဒကာ၊ ဒကာမတွေက ခန်းနေကိုယ်တော် ဦးသီလကို ကျောင်းထိုင်စေချင်တာဟာ ဦးသီလဟာ သူတို့ရွာသား ချက်မြှုပ်ဖြစ်လို့ ကိုယ့်ရွာ ကိုယ့်ကျောင်းမှာ ကိုယ့်ရွာသားဘုန်းကြီး ကျောင်းထိုင်တာ သင့်တော်တယ်။ ဒီရွာက လူတွေက ရွာလူကြီးရွေးတာတောင် အခြားရပ်ရွာသားဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်တော်တော် မရွေးဘူး။ သူတို့ရွာသား အရက်သမားဖြစ်နေပစေ တင်တယ်။

ကိုယ့်ရွာကို ကိုယ့်ရွာသားလောက် ဘယ်ရွာသားကမှ မချစ်နိုင်ဘူးဆိုတဲ့ ဆောင်ပုဒ်ကို တစ်ရွာလုံး ဆွဲကိုင်ထားကြသလား မသိ။ ဆရာတော်၊ သံဃာတော်တွေကလည်း ဒီကိုယ်တော်ဟာ ငယ်ဖြူမဟုတ်ဘူး၊ တောထွက်၊ ပရိယတ္တိစာပေနဲ့ပတ်သက်ပြီးတော့ ဘာအတန်းမှ မအောင်ထားဘူး၊ ဒါကြောင့် စာတတ်ပေတတ် ကိုယ်တော်တစ်ပါးကို ကျောင်းထိုင်ခိုင်းမယ်နဲ့ ဆရာ၊ ဒကာ အငြင်းပွား အချင်းများနေတာ လချီနေပြီ။

ချေစ်ကတော့ ဦးသီလ ကျောင်းထိုင်ဖြစ်မှာထက် အခြားကဘုန်းကြီး ကျောင်းလာထိုင်ပါစေလို့ ဆုတောင်းနေမိတယ်။

ဘာဖြစ်လို့လဲဆိုတော့ အရင်ကျောင်းထိုင်ကြီးရှိစဉ်က ကျောင်းထိုင်ကြီးအရှိန်နဲ့ သူလုပ်ချင်တာ လုပ်ခဲ့တာတွေကို ဒီကိုယ်တော်ကျောင်းထိုင်ရင် သူလုပ်ချင်တာ လုပ်လို့မရတော့ဘူးဆိုတာ သူသိတယ်။

ဒါပေမယ့် ချေစ် ဆုတောင်း မပြည့်ရှာပါဘူး။ သံဃာအား ဘုရားမဆန်သာ ဆိုတဲ့စကားရှိသလို ရွာသူရွာသားတွေရဲ့ အားကိုလည်း ဆရာတော်တွေ မဆန်သာလို့ ခန်းနေကိုယ်တော် ဦးသီလကိုပဲ ကျောင်းလွှဲပေးလိုက်ပါတယ်။

ဦးသီလကို ကျောင်းထိုင်ပေးလိုက်ပြီဆိုတာနဲ့ တစ်ရွာလုံး ပျော်လိုက်ကြတာ အုန်းအုန်းထပဲ။ အဲဒီထဲမှာ မပျော်နိုင်တဲ့သူက ချေစ်။ သူ့အကြောင်း သူသိတယ်။ ထွက်တော်မူ နန်းကခွာခါနီးမှာ ကျောင်းထိုင်အသစ် ဦးသီလကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခု တောင်းတယ်။

အဲဒီအခွင့်အရေးက ဘာလဲဆိုတော့ အရင် ကျောင်းထိုင်ဘုန်းကြီး ဆေးကုတဲ့အခါမှာ အသုံးပြုတဲ့ဆေးထုပ်တွေ၊ ဆေးပုလင်းတွေနဲ့ ဆေးကျမ်းစာအုပ်တွေကို တပည့်တော်ကို စွန့်ပါဘုရားလို့ မျက်နှာလေးအောက်ထားပြီး သူလိုချင်တာတွေလျှောက်ကြားတော့ဦးသီလလည်း မငြိုမငြင်ဘဲ ချေစ်လိုချင်တာတွေ စွန့်ကြလိုက်တယ်။

ဆရာတော် မိန့်ပြီးတာနဲ့ ချေစ် ဆာလာအိတ်တစ်လုံးထဲ ဆေးမြစ်တွေ၊ ဆေးထုပ်တွေ၊ ဆေးထောင်းတဲ့ဆုံ၊ ဆေးဖုတ်တဲ့လုံကအစ ဆေးကုနည်း ဆေးကျမ်းစာအုပ်တွေပါမကျန် အိတ်ထဲ ထည့်၊ နောက်သူ့လက်သမားသုံးပစ္စည်း ဆူး၊ ဆောက်၊ တန်ဆာပလာတွေကို အိတ်တစ်လုံးထဲထည့်ပြီး ထမ်းပိုးနဲ့ ထမ်းပြီး လာရာလမ်းကို ပြန်ခဲ့ရပြီ။

ရွာထဲရောက်တော့ နှစ်နဲ့ချီပြီး လူမနေဘဲ ပစ်ထားတဲ့ ချေစ်အိမ် နေရာတွေ ပိုးထိုး ခြကိုက်ဖြစ်နေပြီ။ ချေစ် ရွာထဲ ပြန်ရောက်တဲ့အချိန်မှာ အရင်သူလုပ်ခဲ့တဲ့ ဦးလေးရွှေခင် လက်သမားအဖွဲ့တွေလည်း ဇာတ်ခေါင်းကွဲပြီး လူတွေ ဟိုရောက်ဒီရောက်နဲ့ဖြစ်ကုန်ပြီ။

ဘာလို့ ဇာတ်ခေါင်းကွဲရလဲဆိုတော့ ဦးလေးရွှေခင်ကြောင့်ပဲ။ ဦးလေးက လက်သမားရော၊ ပန်းရန်ရော တတ်တယ်။ လက်သမားလုပ်ငန်း မရှိတဲ့ အချိန်မှာ ပန်းရန်အလုပ်ပေါ်ရင် ပန်းရန် အလုပ် လုပ်တယ်။

အခုလည်း သန်လျင်တံတားဘေးက ထွင်ခေါင်ဆောက်လုပ်ရေး ဆိုက်ထဲမှာ ပန်းရန်လုပ်ငန်းသွားလုပ် ဘီလပ်မြေ မဆလာရွက်တဲ့ ကောင် လေးတစ်ယောက်ကို ခိုးပြေးသွား အခုထိ ဘယ်လိုက်ရှာရမှန်းတောင် ဘူးလို့ သူ့အဒေါ် ငိုယိုပြီးပြောတဲ့ ကိုကြားတော့ ချေစ်ခေါင်းဆတ်မိတယ်။

ဦးလေး ညည ဘုရားရှိခိုး လည်း အကျယ်ကြီး၊ ခုနစ်အိမ်ကြား အိမ်ကြား။ စိပ်လိုက်တဲ့ပုတီး တစ်နေ့ တစ်နေ့ အပတ်ပေါင်းများ လူထူပြီဆို ပဋ္ဌာန်သမုဒ္ဒါန်အကြောင်း စတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရဆို



www.burmeseclassic.com

www.burmeseclassic.com

ဘာလည်း ဦးလေးရွှေခင် ပါးစပ်ကနေ ချော့တဲ့စကား။ အခုတော့ သူ့သမီးလေးလောက်ရှိတဲ့ ကောင်မလေးကို ခိုးပြေးသွားပြီတဲ့။

သူတို့ ပန်းရန်လောကမှာလည်း စကားပုံရှိတယ်။ "ပန်းရန်ရိုး မယားကိုးဆောက်"တဲ့။ ရိုးတဲ့ပန်းရန် တောင်မယားကိုးယောက်ယူရင် မရိုးတဲ့ပန်းရန်ဆို မယားဘယ်နှယောက် ယူမလဲဆိုတာ ငချစ် မစဉ်းစားတတ်တော့။

ဘုန်းကြီးကျောင်းမှာ နေစဉ်က အလုပ်မရှိလည်း မနက်ထမင်းညထမင်း ဖူမပင် စားနေရပေမယ့် ကိုယ့်အိမ်ကိုယ်ပြန်ရောက်တော့ မနက်စာ ညစာ ပူပင်ရပြီ။ အလုပ်မရှိလို့ မဖြစ်။ အလုပ်ကလည်း သူတစ်ယောက်တည်းမဖြစ်တဲ့အတွက် အရင် သူနဲ့တွဲလုပ်ခဲ့ဖူးတဲ့ သူ့ဦးလေးတပည့်တွေကို လိုက်ရှာပြီး အိမ်တစ်လုံး လက်ခံဆောက်တယ်။

ဒီအိမ်ဟာ ငချစ်ကိုယ်တိုင် ဦးစီးပြီး ပွဲဦးထွက် ဆောက်တဲ့အိမ်ပဲ။ အိမ်က ခုနှစ်လုံးမပေါ်ခင် အကြမ်းထည်မှာ မသိသာပေမယ့် အချောသတ်ပြီး ကြည့်လိုက်တော့မှ အိမ်က အိမ်ပုံစံမကျဘဲ ဘုန်းကြီးကျောင်းနဲ့ တူနေတယ်။ ဒီ့ထက်ဆိုးတာက ငချစ် တွက်ချက်ပြီးဝယ်ထားတဲ့ သစ်တွေ၊ သွပ်တွေက နောက်အိမ်တစ်လုံးနီးပါးစာ ပိုနေပြန်တယ်။

အိမ်ရှင်လည်း လင်ယူမှားတဲ့ မိန်းမတစ်ယောက်လိုပဲ ယူပြီးမှတော့ မထူးဘူးဆိုပြီး အောင့်သက်သက်နဲ့ ပေါင်းနေရသလို ဆောက်ပြီးမှတော့ မထူးဘူးဆိုပြီး နေနေရတယ်။ စိတ်ကသိပ်ဘဝင်မကျဘူး။

ငချစ် အိမ်တစ်လုံးဆောက်တာ ဘုန်းကြီးကျောင်းနဲ့တူလို့ နောက်တစ်လုံးဆောက်တော့လည်း တန်ဆောင်းလိုလိုကျောင်းလိုလိုပဲ။ ငချစ်လက်က အံ့သေနေပြီ။ ဘုန်းကြီးကျောင်းတွေ၊ တန်ဆောင်းတွေချည်းပဲ ဆောက်လာတော့ အိမ်ဆောက်တော့လည်း ဘုန်းကြီးကျောင်းပုံ၊ တန်ဆောင်းပုံပဲ ထွက်တယ်။

တဖြည်းဖြည်းနဲ့ ငချစ် လက်သမားလောကမှာ နေရာမရတော့ဘူး။

လုံးချင်းအိမ်တွေ မဆောက်ရလို့ အမိုးဖာ ကြမ်းခင်းလဲကြတော့လည်း အတိုအစမို့ မလုပ်ချင်ဘူး။ သူ့သိက္ခာကျတယ်တဲ့။ နောက်ပိုင်း အလုပ်မရှိတဲ့အချိန်မှာတော့ ဆေးပညာကိုလိုက်စားတော့တာပဲ။ ဘုန်းကြီးကျောင်းက ယူလာတဲ့ ဆေးကုနည်းကျမ်းစာအုပ်ကြီးကို နေ့မနား ညမနား ဖတ်တယ်။ ငယ်စဉ်က ကျောင်းနေစဉ်က စာကိုသာ အဲဒီလောက် ကြိုးစားရင် ဘွဲ့တစ်ခုတော့ ရနိုင်တယ်။ အခုတော့ လေးတန်းတဖုန်းဖုန်းကျပြီး ကျောင်းထွက်ခဲ့ရတဲ့ ငချစ် ဆေးစာတွေကို မနည်းကြိုးစားဖတ်နေရတယ်။

တစ်နေ့ ညဉ့်နက်သန်းခေါင်လောက်မှာ ခေါင်းရင်းအိမ်ကအာကျယ် မိချို သမီးအငယ်ဆုံးလေး စူးစူးဝါးဝါး ငိုသံကို ငချစ် အိပ်ရာထဲကကြားမိတယ်။ မိချိုနဲ့ သူ့ညီမ မိဆွေပါ ချော့ပေမယ့် ကလေးက အငိုမတိတ်၊ တက်မတတ် ချက်မတတ် ငိုနေတယ်။ ငချစ် မနေသာ၊ ဓာတ်မီးတစ်လက်နဲ့ မိချိုတို့အိမ်ဘက်ထွက်ခဲ့တယ်။

"မိချို ကလေးဘာဖြစ်တာလဲ"

"မသိပါဘူးကိုချစ်ရယ်၊ အသားလွတ်ငိုနေတာ၊ ချော့လို့လဲမရ နို့တိုက်လို့လဲမရ"

ငချစ် ကလေးကိုကြည့်လိုက်တော့ ကလေးမျက်နှာက ငိုလွန်းလို့ ပြာနှမ်းနှမ်းပင်ဖြစ်နေပြီ။ ချက်ချင်းပဲ အိမ်ပြန်ကာ အိပ်ရာဘေးရှိ မတြာကျမ်းစာအုပ်ရှာပြီး မှန်အိမ်မီးကို မြှင့်ကာဖတ်လိုက်တယ်။ တွေ့ပြီ၊ ဒါ မတြာဖမ်းစားတာပဲ ဖြစ်လိမ့်မယ်။ ဖန်ခွက်တစ်လုံးထဲသို့ ရေဖြည့်ကာ ဘုရားစင်ရှေ့တွင်ထိုင်ပြီး စာအုပ်ထဲမှ ဂါထာတစ်ပုဒ်ကို အခေါက်ပေါင်းများစွာ စုတ်တော့တယ်။ ပြီးရင် ထိုရေအား ငိုနေသောကလေး၏ ကိုယ်ပေါ်သို့လက်နဲ့တောက်လိုက်တယ်။ သူ့လက်ခလယ်အား ခွက်ထဲသို့နှစ်ကာ ပါလာသောရေအား ကလေးနှုတ်ခမ်းပေါ်ကို ချပေးတယ်။ နှုတ်ခမ်းပေါ်တင်ထားတဲ့ရေကို တပြွတ်ပြွတ်နဲ့စုပ်ပြီးတော့ ကလေးအငိုတိတ်သွားတယ်။ အဲဒီတော့မှ မိချိုနဲ့ သူ့ညီမ မိဆွေတို့ သက်ပြင်းချနိုင်ကြတော့တယ်။

"ကျေးဇူးတင်လိုက်တာ ကိုချစ်ရယ်၊ အဲဒီလောက်စွမ်းမှန်းလဲ တကယ်မသိပါဘူး" လို့ မိချိုရဲ့ ချီးမွမ်းသံကြားမှာ ငချစ်ကတော့ အောင်နိုင်သူ စစ်သူကြီးပမာ ငချစ်ရဲ့ ပွဲဦးထွက် ဆေးကုချက်ဟာ တစ်ကားတည်းရိုက်ပြီး အကယ်ဒမီရသွားတဲ့ မင်းသားလို၊ တစ်ခွေတည်းထုတ်ပြီး ပေါက်သွားတဲ့အဆိုတော်လိုပဲ။ မနက်မိုးလင်းတော့ အကြော်ရောင်းရင်း မိချို ကြော်ငြာထွက်တော့တယ်။

"ညက ကျွန်မသမီးလေး ကက်ကက်လန်အောင်ငိုထာ မျက်ဖြူဆိုက်နေပြီ၊ ကျွန်မလဲ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေတာ အစ်မရယ်၊ ခေါင်းရင်းအိမ်က လက်သမားလုပ်တဲ့ ကိုချစ်လေ ရေမန်းနဲ့ ဖျတ်ခနဲဆို ဖျန်းလိုက်တာ ငိုနေတဲ့ကလေး တိခနဲဆို တိတ်သွားတာပဲ"

မိချိုလည်း နဂိုကတည်းက ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်တဲ့လူဆိုတော့ ဈေးရောင်းရင်း ရှာလှည့်လို့ သာသာထိုးထိုးလေး ကြော်ငြာထွက်တော့တာပဲ။ ငချစ် သတင်းလည်း နေ့ချင်းညချင်း ကြီးသွားတယ်။ ငချစ်ပဲ ကံထလာလို့လား၊ ကြော်ငြာအားပဲကောင်းလို့လား မသိဘူး။ နောက်နေ့တွေမှာ မိခင်တွေ ကလေးကိုယ်စီပိုက်ပြီး ငချစ်ဆီမှာ ဆေးလာကုကြတာ မနည်းဘူး။

"ဟဲ့ လုံးတုံး နင့်ကလေး ဘာဖြစ်တာလဲ"

"ချွဲကျပ်နေတယ် ကိုချစ်"

"ဘာ"

"အဲ အဲ. . . ဆရာချစ်"

"ခြင်ဆေးခွေထွန်းအိပ်လား"

"ထွန်းအိပ်တယ် ဆရာချစ်ရယ်၊ ခြင်က မတရားကိုက်တာ၊ မထွန်းဘဲ အိပ်လို့ကို မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကြောင့် နင်တို့ ကလေးတွေ များနေတာ၊ အဲ အဲ ချွဲကျပ်နေတာ၊ ခြင်ဆေးခွေ ထွန်းမအိပ်နဲ့၊ ကလေးအဆုတ်က နုနုလေး၊ ဒီအခိုးအငွေ့ဒဏ်ကို ဘယ်ခံနိုင်မှာလဲ၊ ရော့ ဒီဆေးကို နင်သောက်"

"ဆရာ ဖြစ်တာက ကလေးဖြစ်တာ၊ ကလေးကို မတိုက်ဘဲ ကျွန်မကို တိုက်ရလား"

"ဟဲ့ လုံးတုံး လသားကလေးကို ဒီဆေးတွေ သွားတိုက်လို့ မဖြစ်ဘူးလေ၊ နို့တိုက်တဲ့မိခင်က သောက်မှ ဆေးဓာတ်တွေဟာ နို့ထဲမှာပါပြီး ကလေးဝမ်းထဲရောက်မှ ပျောက်မှာပေါ့၊ တို့ဆေးလောကမှာ အင်္ဂလိပ်လိုခေါ်ရင် ဟင်ဒါထိုက်လို့ ခေါ်တာဟ"

ငချစ် ABCD ဘာမှန်းသာမသိတာ၊ ဘိုလိုကလည်း မှတ်သေးဗျ။ ငချစ်နာမည်ရပြီး ဆေးကုတဲ့လူနာများလာတော့ ရွာထဲက သားဖွားဆရာမ ဒေါ်ခင်ထွေးတစ်ယောက် အရင်လို ဆေးမကုရဘဲ ငုတ်တုတ်ထိုင်နေရတဲ့ အဖြစ် ဖြစ်သွားတယ်။ သားဖွားဆရာမက ရွာထဲမှာကလေးလူကြီးတစ်ယောက်ကို ထိုးဆေးတစ်လုံးထိုး၊ သောက်ဆေးသုံးခွက်ဆို နှစ်ထောင့်ငါးရာ ယူတယ်။ မွေးကင်းစလည်း နှစ်ထောင့်ငါးရာပဲ၊ သေခါနီး ၇၀၊ ၈၀ ကလည်း နှစ်ထောင့်ငါးရာပဲ။

ငချစ်က ပန်းကန်ပြားထဲ ထည့်ချင်သလောက်ထည့်သွား ဈေးစကားကြေးစကား မပြောဘူး။

တစ်နေ့ သူတို့ရွာနဲ့ကပ်လျက် ကျောင်းကုန်းဆိပ်ကြီးရွာ (ယခု ရွာမရှိတော့ပါ၊ တပ်ပိုင်မြေ ဖြစ်သွားပါပြီ) က အရေးပေါ် လူနာတစ်ယောက် လှည်းတစ်စီးနဲ့ ရောက်လာတယ်။ လူနာက အသက် ၂၅၊ ၃၀ ဝန်းကျင်ရှိလိမ့်မယ်။ သူ့ဗိုက်ကို လက်တစ်ဖက်နဲ့နှိပ်ပြီး ခါးမှာလည်း ပုဆိုးတစ်ထည် ပတ်ချည်ထားတယ်။ လူနာရဲ့ ပုံသဏ္ဍာန်ကို ကြည့်ကတည်းက ရောဂါကို ဆရာသိလိုက်ပြီ။ ဒါဟာ ဗိုက်အောင့်တဲ့ လက္ခဏာ။

"ကဲ ဘယ်လိုဖြစ်တာလဲ ငါ့ညီ"

"ဗိုက်အောင့်လို့ ဆရာ"

"ဘယ်နေရာက အောင့်တာလဲ၊ တစ်နေရာတည်းက အောင့်တာလား၊ နေရာအနှံ့ ထိုးထိုးပြီးအောင့်တာလား"

"တစ်ခါတလေ ဒီတစ်နေရာတည်း အောင့်ပြီး၊ တစ်ခါတလေဒီဘက်တွေပါ ထိုးအောင့်တယ် ဆရာ"

ဆရာချစ်လက်က လူနာရဲ့ဗိုက်ကို စမ်းသပ်ပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ သူ့အိပ်ရာဘေးရှိတဲ့ ဆေးကျမ်းကို လူနာမမြင်အောင် လှန်လှောဖတ်ရှုရတယ်။ ဆရာချစ် ဆေးကျမ်းဖတ်နေချိန်မှာ အပြင်ကလူနာလည်း ဝေဒနာကို မခံရပ်နိုင်လို့ အော်ဟစ်ညည်းညူနေလေတယ်။

"အမယ်လေးဗျ . . . အောင့်တယ်ဗျ"

အိမ်ထဲက ဆရာချစ်လည်း သူ့ဆေးကျမ်းစာအုပ်ကို တစ်ရွက်ချင်းဖြည်းဖြည်း လှန်ရတယ်။ အဲဒီဆေးကျမ်းစာအုပ်ဟာ နှစ်ပေါင်းကြာပြီဖြစ်တဲ့အတွက် စာရွက်တိုင်းဟာ ဆွေးရိနေတယ်။ အချို့စာကြောင်းတွေဟာ ဖတ်လို့ပင် မရလောက်အောင် ပိုးများက ကိုက်ထားတဲ့အတွက် တရိုတသေ မစုတ်မပြဲအောင် ဂရုတစိုက် ကိုင်တွယ်ရခြင်းဖြစ်တယ်။

"ဟော တွေ့ပြီ"

စာအုပ်ရဲ့ နောက်ဆုံး ကျောဘက်မှာ ဗိုက်အောင့်သော် မခက်လော၊ တဖောင်းစေးတစ် . . . နဲ့ ပျားရည်တစ် . . . သောက်သော် မပျောက်လောတဲ့။ ဗိုက်အောင့်ရင် သောက်ရမယ့် ဆေးညွှန်းကိုတော့ တွေ့ပါရဲ့။ သောက်ရမယ့်အတိုင်းအဆကို ရေးထားတဲ့ စာလုံးတွေက ပိုးကိုက်ထားလို့ ပျက်နေတော့ ဆရာချစ် လူနာကို ဆေးပေးဖို့ အခက်တွေ့နေပြီ။ တဖောင်းစေးက တစ်စက်လား၊ ပျားရည်က တစ်စက်လား၊ ဒါမှမဟုတ် တဖောင်းစေးက တစ်ခွက်လား၊ ပျားရည်က တစ်ခွက်လား။ တဖောင်းစေး တစ်စက်နဲ့ ပျားရည်တစ်ခွက်ဆိုရင် ဖြစ်နိုင်မလား၊ တဖောင်းစေးတစ်ခွက်နဲ့ ပျားရည်တစ်စက်ဆိုရင် ဖြစ်နိုင်မလား၊ တဖောင်းစေးတစ်ခွက်နဲ့ ပျားရည်တစ်စက်၊ တဖောင်းစေးတစ်စက်နဲ့ ပျားရည်တစ်ခွက် အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် စဉ်းစားနေချိန်မှာ အပြင်က လူနာကလည်း အမယ်လေး အဘ လေး၊ ဆရာရေကယ်ပါ၊ မပြီးသေးဘူး လား စတဲ့ လောနေတော့ ဆရာချစ် ဆုံးဖြတ်ချက်ကို အမြန်ချကာ အိမ်ပြင် ထွက်လာခဲ့တယ်။

အိမ်ရှေ့ရှိ ရေချွေးကြမ်းပန်းကန် လုံးအရွယ် ကြေးခွက်နဲ့ ဓားတစ်ချောင်း ကိုယူကာ အိမ်ဘေးရှိ တဖောင်းပင်ကို လှီးလို့ ထွက်ကျလာတဲ့ တဖောင်းစေး တွေကို ခွက်နဲ့ခံပြီး လူနာရှိရာသို့ ပြန် တက်လာတယ်။ နောက် ဘုရားစင်ဘေး ခုံပေါ်မှ ပျားရည်ပုလင်းကို ဖွင့်ကာ တဖောင်းစေး ခွက်ထဲသို့ တစ်စက် လောင်းထည့်လိုက်ပြီး . . .

"ရော့ ငါ့ညီ မော့ချလိုက်"

ဆရာချစ်က လူနာကို သော ခိုင်းပေမယ့် လူနာက ခွက်ထဲက ဖြူ ပျစ်ပျစ် အရည်တွေကိုကြည့်ပြီး . . .

"ဆရာ ဘာတွေလဲ ဆရာ"

"တဖောင်းစေးနဲ့ ပျားရည်လေ ကွာ၊ သောက်ချလိုက်၊ မင်းဗိုက်အောင့် တာ ချက်ချင်း ယူပစ်သလို ပျောက် သွားမယ်"

ဆရာ့စကားဆုံးတော့ လူနာ

"ဆရာရယ် အခြားဆေးမရှိဘူး လား၊ ဒီတဖောင်းစေးတစ်ခွက်ကြီးတော့ ကျွန်တော် မသောက်ရဲပါဘူး၊ တဖောင်း စေးက ဆီးကင်းလောက်ဝင်ရင်တောင် ပူတာ တစ်ခွက်ကြီးများတောင် ဗိုက်ထဲ ဝင်သွားရင် ဆရာရယ် နေလို့တောင် ရမယ်မထင်ဘူး"

ဆေးကုတဲ့ဆရာကို အတင်း လူနာက စောဒကတက်တော့ ဒေါ်သတော့ ထွက်မိတယ်။





www.burmeseclassic.com

www.burmeseclassic.com

"ငါ့ညီရာ မင်းရောဂါ ဆရာစုံ ဆေးစုံပြီး သန္တိပါတ်တက်နေတာကွ၊ အခု ငါ့ကိုယုံကြည်လို့ ဟိုဘက်ရွာကနေ ဒီဘက်ရွာထိ ဆေးလာကုတာမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် ဆရာရယ်၊ ဒါပေမယ့် အခြားဆေးနည်းရှိရင် အခြားဆေးနည်းနဲ့ကုပါ၊ ဒီတဖောင်းစေး တစ်ခွက်နဲ့ ပျားရည်တစ်စက်ဆိုတာ မဟုတ်ဘူးထင်တယ်ဆရာ၊ တဖောင်းစေးတစ်စက်နဲ့ ပျားရည်တစ်ခွက် ဖြစ်မယ်ထင်တယ်"

"ဟေ့ကောင် တော်ကွာ၊ မင်း ငါ့ဆေးကို မသောက်ရဲဘူးလား၊ မင်း မသောက်ရဲရင် ငါအရင်သောက်ပြမယ်၊ ငါသောက်ပြီးရင် မင်းသောက်မလား"

"ဆရာသောက်ပြရင်တော့ ကျွန်တော်လဲ သောက်မှာပေါ့ဆရာရယ်"

"ဒီမှာကြည့်"

"ဂလွတ်"

ဆရာချစ် တဖောင်းစေးတစ်ခွက်နဲ့ ပျားရည်တစ်စက် ရောထားတဲ့ ခွက်ကို မော့ချလိုက်တယ်။ ဆရာက သောက်ပြတော့ လူနာလည်း ရဲရဲတင်းတင်းပင် သောက်ချလိုက်တယ်။ ဆေးသောက်ပြီး လူနာပြန်သွားတော့ လာဘ်တင်တဲ့ ပန်းကန်ပြားထဲ ထုံးစံအတိုင်း ဆရာချစ် ကြည့်လိုက်မိတယ်။ တစ်ပြားမှလည်း ထည့်မသွား။

နေပါစေ၊ သူတို့ဘက်က လူတွေက ရောဂါဝေဒနာပျောက်ကင်းသွားမှ ဆန်ဆိုအိတ်လိုက်၊ ဆီဆိုပုံးလိုက် လာတန်တော့ကြမှာ။

ဆေးဆရာ လုပ်ရတာလည်း မလွယ်။ လူတွေဟာ ရောဂါဝေဒနာဖြစ်တုန်းသာ ဆရာကယ်ပါ၊ ဆရာ့ကျေးဇူး မမေ့ပါဘူး၊ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ ဆရာပေးတဲ့အသက်ပဲ ရှိပါတော့တယ်နဲ့၊ ကုပေးလိုက်လို့ ပျောက်သွားရင် ဆရာ့ကို လှည့်တောင်မကြည့်။ လမ်းတွေ့ရင်တောင် ခေါ်ဖော်မရတဲ့ လူတွေ လူတွေ။

ဘုန်းကြီးဆွမ်းခံကြွချိန် မနက်ပိုင်း ဆေးတိုက်လိုက်တဲ့လူနာ နေထန်းတစ်ဖျားလောက်ကျတော့ ပြန်ရောက်လာတယ်။ အိမ်ရှေ့ကနေ . . .

"ဆရာ . . . ဆရာရေ ကယ်ပါဦးဆရာရယ်"

လူနာ အိမ်ရှေ့ရောက်တော့ အိမ်ထဲမှာ ဆရာမရှိ။ လူနာ လာပင့်လို့ လိုက်သွားသလား။ မဖြစ်နိုင်ဘူး။ ဆေးလွယ်အိတ်နဲ့ ဖိနပ်က ဒီမှာရှိနေတယ်။

"ဆရာရေ ဆရာ ကယ်ပါဦး ဆရာရယ်၊ ဆရာ့ရဲ့ တဖောင်းစေးတစ်ခွက်နဲ့ ပျားရည်တစ်စက်ကြောင့် ကျွန်တော့်ရင်ထဲမှာ မီးဖိုကြီးလိုပဲ ပူလှချေရဲ့၊ လောင်လှချေရဲ့၊ ဖြေဆေး မြန်မြန်ပေးပါ ဆရာ"

လူနာလည်း အိမ်ရှေ့မှာ ဆရာ့ကို မတွေ့တာနဲ့ နောက်ဖေး နောက်ဖီသွားနေသလားဆိုပြီး အိမ်နောက်ဖေးဘက်လှည့်ပြီး ဆရာရေ ဆရာရေနဲ့ အော်ခေါ်တော့ "ဟေ" ဆိုတဲ့ ဆရာ့ထူးသံကို ကြားလိုက်ရတယ်။

လူနာလည်း အားရဝမ်းသာနဲ့ ဆရာ့အသံလာရာ အိမ်ခေါင်းရင်းဘက်ဆီ အပြေးလေးသွားတော့ ခေါင်းရင်း ကျောက်စည်ပိုင်းထဲမှာ ရေဆင်းစိမ်နေတဲ့ ဆရာ့ကို တွေ့လိုက်ရတယ်။

"ဆရာ . . . ဆရာ" လို့ လူနာက အားကိုးတကြီးနဲ့ခေါ်တော့ ကျောက်စည်ထဲက ဆရာက လက်နှစ်ချောင်း ထောင်ပြတယ်။ ဒါနဲ့ လူနာက . . .

"နောက်နှစ်ရက်လောက်နေရင် ပျောက်မှာလား ဆရာ"

လူနာမေးလိုက်တဲ့ မေးခွန်းကို ကျောက်စည်ထဲက ဆရာ ပြန်ဖြေလိုက်ပုံက . . .

"မင်းနဲ့ ငါနဲ့ နှစ်လောင်းပြိုင်ပဲ" တဲ့။

❒ ဝင်းသီတ(ဆန်လျှော်)

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**အထူးသတိပြုချက်**

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလုရမည်ဟု မဆိုလိုပါ၊ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။


အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဖုံး**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

# ပြုံးရယ်ရယ်မော ဟာသများ




တော်လိုက်တဲ့ ခွေး

"ကျွန်တော့်ခွေး သိပ်လိမ္မာတယ်ဗျ"

"ဘာတွေခိုင်းလို့ရသလဲ"

"မနက်ဆို သတင်းစာမျိုးစုံ ယူလာပေးတယ်ဗျ"

"ဒါလောက်ကတော့ ခွေးတော်တော်များများ လုပ်နိုင်တာပဲ"

"မဟုတ်ဘူးလေ၊ သူများခြံဝမှာ ထိုးထားတဲ့ သတင်းစာတွေ ယူလာပေးတာဗျ"

ပုံတူ

တစ်နေ့ မော်ဒန်လွန်စိတ္တပန်းချီဆရာတစ်ဦး၏အိမ်သို့ ဧည့်သည်တစ်ဦး ရောက်ရှိသွားရာ စိတ်ပျက်နေသော ပန်းချီဆရာက ပြောလိုက်သည်။

"ကျုပ်တော့ အခုမှ တကယ့်ကို အကျပ်ရိုက်နေပြီဗျို့"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်ပုံတူဆွဲပေးနေတဲ့လူက သူ့ရဲ့ မျက်လုံးကိုဆွဲထားတာ ကျဉ်းနေတယ်၊ ကျယ်ပေးပါဆိုလို့"

"ဒါများဗျာ၊ သူပြောတဲ့အတိုင်း ချဲ့ဆွဲပေးလိုက်ပေါ့ဗျာ"

"အဲဒါကြောင့် ခက်နေတယ်လို့ ပြောတာပေါ့ဗျ၊ ကျုပ်က သူ့ရဲ့ပုံတူထဲက မျက်လုံးကို ဘယ်နေရာမှာ ဆွဲထားမိသလဲဆိုတာ အခုထိ ရှာလို့မတွေ့သေးဘူး"

"အမ်"







ရေကူးထုံး

ကျန်းမာရေးမကောင်းသော လူနာအား စမ်းသ[illegible] စစ်ဆေးပြီးနောက် ဆရာဝန်မှ ပြောလိုက်သည်။

"ခင်ဗျားရဲ့ ကျန်းမာရေး အခြေအနေအရ ပြောရ[illegible] ဆိုရင် ခင်ဗျားဟာ ပင်လယ်အနားမှာ နေသင့်တယ်၊ [illegible] နီးလေ ပိုကောင်းလေပဲ၊ ဒါနဲ့ ခင်ဗျားဘာလုပ်လဲ"

"ကျွန်တော် ရေငုပ်သမားပါ"

"အဲဒါဆို ရေပေါ်ကို ခဏ ခဏတက်ပေး"

❒ စောနိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# စကားပုံထဲမှာ တွေးစရာ




**အနာခံမှ အသာစံရမယ်**

'အရိပ်လိုချင်ရင် နေပူထဲကစောင့်' ဆိုတဲ့ စကားပုံ လိုပါပဲ။ တစ်စုံတစ်ခုကိုရဖို့အတွက် တစ်ခုခုကို ရင်းရပါလိမ့်မယ်။ ဘာမှ မရင်းချင်ရင်တော့ ဘာတစ်ခုမှ ပြန်ရလာမှာ မဟုတ်ဘူး။ ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ ကျွန်တော်တို့ အိပ်စက်အနားယူနေချိန်မှာ ဘယ်လောက်အဆင်းရဲခံ၊ အပင်ပန်းခံ ကြိုးစားနေခဲ့ကြရသလဲ။ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့ကြလို့ ရင်ဆိုင်နိုင်ခဲ့ကြလို့ လူရိုသေ ရှင်ရိုသေ ဘဝတွေကို ရခဲ့ကြတာ သာဓကများစွာ ရှိပါတယ်။ ကိုယ်တိုင် စိုက်ပျိုးခဲ့တဲ့ အသီးအပွင့်တွေကို တစ်ချိန်ချိန်မှာ ပြန်လည်ခံစားကြည့်နိုင်ကြမှာပါ။ ဒါကို အဓိကရည်ရွယ်ပြီး ဒီစကားကို ထားခဲ့တာ ဖြစ်ပါတယ်။ ကံကြမ္မာအလှည့်အပြောင်းကြောင့် အနာခံပြီး အသာမစံခဲ့ကြရသူတွေကတော့ ခြွင်းချက်ပေါ့။ အိုးကောင်းတို့မည်သည် နာနာရိုက်ပေးမှတဲ့။




**ဟောင်လွန်းတဲ့ခွေး လူမဖလေး**

ခွေးမှန်ရင် ဟောင်တတ်၊ ကိုက်တတ်တာ မှန်ပေမယ့် လိုအပ်တာထက်ပိုပြီး မည်းမည်းမြင်ရာကို အသားလွတ် လိုက်ဟောင်ချင်နေတဲ့ ခွေးတွေကတော့ လူတွေ အထင်သေးစရာ ဖြစ်နေတယ်။ အဲဒီတော့တာ လူတွေထဲမှာလည်း အဲဒီ ဟောင်လွန်းတဲ့ခွေးလို လိုတာထက် မပိုကြစေဖို့ ဆိုထားတဲ့ စကားပုံရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# စကားပုံထဲမှာ တွေးစရာ




**ကျွဲပါးစောင်းတီး**

"ဒီကောင်ကတော့ကွာ ကျွဲပါးစောင်းတီး" ပဲတဲ့။ ဒီစကားမျိုး ခဏခဏ ကြားခဲ့ရတယ်။ ကိုယ်တောင် ဒီစကားမျိုး မိဘဆရာသမားတွေဆီက ကြားခဲ့ရသေးတယ်။ ကိုယ့်ကိုနာအောင် ပြောတာမှန်းတော့ သိတယ်။ သို့သော် ဘယ်လိုအဓိပ္ပာယ် မှန်း သေချာမသိခဲ့ဘူး။ မျက်စိထဲ မြင်ယောင်ကြည့်မိတော့ ချိုကားကားနဲ့ ထုံထိုင်းထိုင်းကျွဲကြီးတွေနားမှာ စောင်းတီးနေတဲ့ တွေ့လိုက်ရတယ်။ အလက်ာကျော်စွာ ဘဘဦးဘသန်းလို သာယာနာပျော်ဖွယ် စောင်းသံ ညင်းညင်းသွဲ့သွဲ့ တီးပြနေပေမယ့် ဒီထုံပေပေ ဘတ်ဖလိုးကြီးတွေက ဘယ်လိုလုပ် ခံစားတတ်မှာတဲ့လဲ။ မိဘက ဘယ်လောက်ပဲ နားဝင်အောင် ပြေပြေပြစ်ပြစ်နဲ့ ပြောပြော သားတော်မောင် ဘသားချောတွေက နားမဝင်ကြဘူးဆိုရင် ဒီစကားနဲ့ကွက်တိပဲ။ တစ်ခုရှိတာက "စောင်းသံကို ခံစားရမှန်းမသိတဲ့ ကျွဲမှာ အပြစ်ရှိလား၊ ကျွဲခတ်မှာမကြောက်ဘဲ စောင်းသွားတီးကြတဲ့သူမှာ အပြစ်ရှိလား"။




**ပြင်လွန်းတော့ဖင်ချွန်း**

ပန်းချီကားတစ်ချပ်ကို ဘယ်လိုစုတ်ချက်နဲ့ အပြီးသတ်ရမယ်ဆိုတာကို ပန်းချီဆရာပဲ သိပါတယ်။ သီချင်းတစ်ပုဒ်ရဲ့ စလယ်ဆုံး ညီညွတ်မျှတဖို့လည်း ဂီတပညာရှင်သာ နားလည်ပါတယ်။ သူ့ဘာသာသူ ပြီးပြည့်စုံနေတာကို ပိုကောင်းလာသေး မလားဆိုပြီး ထပ်ကွန့် ထပ်ဖြည့်ရင်းက ကြည့်မကောင်းအောင် ပျက်စီးသွားရတာတွေ အများကြီးရှိပါတယ်။ ဘယ်အရာမဆို ပြင်တိုင်းမကောင်းပါဘူး။ စေတနာလွန်သွားတယ် ဆိုရမလား။ ပြင်လွန်းလို့ ဖင်ချွန်းသွားရတာတွေ နှမြောစရာ။ သဘာဝ လိုတာထက်ပိုပြီး ကျော်လွန်မိရင် ဒါဟာ အိုဗာဖြစ်သွားတာပဲ။ ဖင်ချွန်းသွားတာပဲ မဟုတ်လား။ အပြင်မတတ်တော့ ကြည့် ရတာ ရုပ်ဆိုးပြီး လူအရယ်ခံရတဲ့ ကောင်မလေးတွေ သတိထားဖို့ ဒီစကားပုံကို သတိရပါ။



www.burmeseclassic.com

www.burmeseclassic.com

# စကားပုံထဲမှာ တွေးစရာ




**မမှားသောရှေ့နေ မသေသောဆေးသမား**

လူရယ်လို့ဖြစ်လာကြလျှင် ဘဝအသက်ရှင်ရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်များကို လုပ်ကိုင်ကြရသည်။ ထိုသို့လုပ်ကိုင်ကြရာ၌ တတ်မြောက်ထားသော ပညာရပ်နှင့် လျော်ညီစွာ လုပ်ကိုင်ကြရင်းက အမှားအယွင်း ချွတ်ချော်မှုများကို ကြုံတွေ့ရတော့သည်။ လူမှန်လျှင် အမှားနှင့်မကင်း။ တရားခံ တရားလိုဘက်မှနေ၍ အမှုလိုက်ပေးရသည့် ရှေ့နေများသည်လည်းကောင်း၊ ဝေဒနာသည်တို့အား ဆေးကုသမှုပြုပေးနေကြသည့် ဆရာဝန်တို့သည်လည်းကောင်း သူတို့၏ ပညာများနှင့်ပတ်သက်၍ အလုံးစုံ ပြည့်စုံ တတ်ကျွမ်းသည်ဟူ၍မရှိ အမှားလုပ်မိတတ်ကြပါသည်။ စကားပုံဆရာက ပြစ်မှုတစ်ခုအနေဖြင့် မသတ်မှတ်စေခြင်းငှာ အကောင်းမြင်စိတ်ဖြင့် ထားခဲ့ဟန်တူသည်။ "ဆရာဝန်တို့၏ အမှားအား မြေကြီးက ဖုံးကွယ်ပေးထားသည်" ဟူသော စကားသည် ဆက်စပ်တွေးကြည့်စရာ ဖြစ်သည်။





**ဖွတ်မိကျောင်းပြစ် မြစ်မချမ်းသာ**

ကိုယ်ပိုင်အစွမ်းအစ အရည်အသွေးမရှိတဲ့သူတစ်ဦးက သူနဲ့မအပ်စပ်တဲ့ နယ်ပယ်တစ်ခုမှာ ကြီးစိုးမင်းမူပြီး တွင်ကျယ်နေတာတွေ့ရင် ဒီစကားပုံကို ပြောမိကြမယ်ထင်ပါတယ်။ မြန်မာစကားမှာ ဖွတ်ကို အပျက်သဘောဆောင်တဲ့နေရာမှာ သုံးလေ့ရှိကြတယ်။ "ဆင်းရဲမွဲတေ ဖွတ်ဘိုးအေ"၊ "ဖွတ်ထွက်မှ တောင်ပို့မှန်းသိ"၊ "ဖွတ်မရ ဓားမဆုံး" ဆိုတဲ့ စကားပုံတွေရှိသလို ဘာမှအသုံးချလို့မရ၊ အသုံးမကျတဲ့လူကို တွေ့ရင် "ဖွတ်ကျား" တဲ့။ အဲဒီလိုသတ္တဝါက သူ့ကိုယ်သူ မိကျောင်းလို့ထင်မြင်ရေဘုရင်လို ကူးခပ်ကျက်စားနေပြီဆိုရင် သူ့ကိုလက်ခံထားရမယ့်မြစ် ဘယ်လောက်စိတ်ညစ်နေရှာမလဲ တွေးကြည့်ပေါ့။ ပြောမယ့်သာပြောရတယ်၊ ဖွတ်တွေ မြစ်ထဲမှာကျင်လည်နေတာ ပိုများလာသလိုပဲ၊ ကျွန်တော်တောင် ပါနေမလားဘဲ။

❐ စောနိုင်ထူး

www.burmeseclassic.com



# လူတိုင်းအတွက် လုပ်ငန်းအောင်မြင် လာဘ်ရှင်ရတနာဒီပံ

## အောင်ကြည်သန်း (မောင်တော်သိ)

ဒီနှစ် ဆောင်းတွင်းက ဆောင်းလယ်ရောက်ခါမှ အတော်လေး အေးလာသည်။ မိုးကောင်းဆုတောင်းပြည့် စေတီတော် မြောက်ဘက်မုခ်ရှိ ကျွန်တော့်ဗေဒင်ဟောခန်းက အရှေ့ဘက်သို့ မျက်နှာမူနေသဖြင့် အရှေ့လေနုအေးလေးတွေ ၏ တိုးဝှေ့ကျီစယ်နေကြသည်ကို တင်းခံနေရသည်။ ဟောခန်း အရှေ့တူရူရှိ ရေသဖန်းပင်ထိပ်ဖျားဆီက ဥသြငှက်ကလေး လည်း ဆောင်းချမ်းချမ်းမှာ ဖော်မစုံ တစ်ကောင်တည်း "ဥသြ ဥသြ" ဟု အော်မြည်ကာ ချစ်သူပျောက်ကို မျှော်ရှာနေရော့ သလားပဲ။ ဘုရားပေါ်က ကြားနေကျဆည်းလည်းသံ တချွင် ချွင်ကိုလည်း မကြားရ၊ ဆည်းလည်းလေးတွေ ချမ်းရှာလွန်း၍ ငြိမ်နေကြသည်ထင့်။

"ယုဂန်ထင်ရှား၊ တောင်တော်ဖျားမှ၊ ရဝံ့ယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရည်လှည့်လည်၊ တလျက်နေမည်၊ နေခြည်ဖြာမှ နွေးသောကြောင့်" ဆိုသည့် ရတုကို ပြေးသတိ ရရင်း မဲဇာတောင်ခြေ ရောက်နေသကဲ့သို့ ခံစားနေရစဉ် . . .

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ ကိုအောင် ကျော်ဝင်းတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင် လာသည်။

"လာ ထိုင်၊ မတွေ့တာကြာပြီ၊ ကဲ ဘာလုပ်ပေးရမလဲ၊ ပြောပါဦး"

"အလုပ်တွေက ဆောင်းအေးသလို တအား... တယ် ဆရာ၊ ကားဘော်ဒီရုံလုပ်ငန်းရော ကား... လုပ်ငန်းပါ သိပ်မကောင်းဘူးဖြစ်နေတယ် ဆရာ၊ အဲ... တွေ ပြန်ကောင်းလာအောင်၊ ဝင်ငွေကောင်းလာ... အစွမ်းထက်တဲ့ ယတြာရတနာဒီပံလေး လုပ်ပေး..."

ကိုအောင်ကျော်ဝင်းက အလုပ်မကောင်း... ခိုညည်းသလို ညည်းတွားပြီး ယတြာတောင်းနေသည်...

"လုပ်ပေးရမှာပေါ့ဗျာ၊ လုပ်ငန်းအောင်မြင်ပြီး... ရှင်တဲ့ ရတနာဒီပံ လုပ်ပေးလိုက်မယ်၊ လုပ်ပုံလု... သင်ပေးလိုက်မယ်၊ ကိုယ်တိုင်လဲ လုပ်ကြည့်ဗျာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ရွှေရောင်သုတ်ထားတဲ့ ဖယောင်းတိုင်ထိ... ခင်ဗျားရဲ့ မွေးနံ့ဂဏန်းကို ရေးရမယ်၊ ခင်ဗျားက ... သားနော်"

"ဟုတ်ပါတယ် ဆရာ"

"တနင်္ဂနွေဖြစ်လို့ ၁ ဂဏန်းရေးပြီး အော... သားထား၊ ပြီးရင် ဖယောင်းတိုင်အောက်ဘက်... ဘက်ကို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ အစဉ်အတိုင်း... အဲဒီလို နောက်တစ်မှာလဲ တစ်ခါထပ်ရေးရမယ်... တိုင်ရဲ့ အခြားတစ်ဖက်စီမှာ ဂရောသဒ္ဒါ သ... ရေးရမယ်၊ ဂဏန်းနှစ်ဖက် စာနှစ်ဖက်ဖြစ်သွား...



www.burmeseclassic.com

www.burmeseclassic.com

နှဲ့ဖြစ်ဖြစ် မင်မရှိတဲ့ ဘောပင်နဲ့ဖြစ်ဖြစ်ရေးလို့ရတယ်၊ ရေးပြီးရင် ဦးဂရောသဗ္ဗေါ သဗ္ဗေါသု လို့ ခုနစ်ကြိမ်ရွတ်ဆိုပြီး သိဒ္ဓိတင်ရမယ်၊ ဒါဆို အစွမ်းထက်တဲ့ ရတနာဒီပံဖြစ်သွားပြီ၊ အိမ်ဘုရားမှာပူဇော်ရမယ်၊ လက်ဖက်ရည်အောက်ခံ ကြေးပန်းကန်ပြားပေါ်မှာ ဆီမီးထွန်းတဲ့ မြေခွက်လေးတင်၊ မြေခွက်ပေါ်မှာ ရတနာဒီပံ ဖယောင်းတိုင်တင်ထွန်းပြီး ကပ်လှူရမယ်၊ သက်တော်ထင်ရှားမြတ်စွာဘုရားကို ရည်စူးပြီး သဒ္ဓါကြည်ညိုစိတ်ထက်ထက်သန်သန်နဲ့ ကပ်လှူပူဇော်ရမယ်၊ ဒါဆို ခင်ဗျား လုပ်ငန်းတွေ အောင်မြင်တိုးတက်ပြီး ငွေဝင်ကောင်းလာမယ်"

"တခြား ခုနစ်နေ့သားသမီးတွေအတွက်ကော ဆရာ၊ ဘယ်လိုရေးရမလဲ၊ ကျွန်တော်က အိမ်မှာ အလုပ်လုပ်တဲ့သူတွေအတွက် ရတနာဒီပံစီရင်ပြီး ဘုရားမှာ ကပ်လှူပူဇော်ခိုင်းမှာ"

"ဟုတ်ပါ့ဗျာ၊ စာနှစ်ဖက်ရေးတာကတော့ အတူတူပါပဲ၊ မွေးနံဂဏန်းတွေကို အပေါ်ဆုံးမှာရေးပြီး အောက်ဘက်ကနေ မွေးနံဂဏန်းကစပြီး အပေါ်ဘက်ကို ခုနစ်နံဂဏန်းတွေ အစဉ်အတိုင်း ရေးသွားရတာပဲ ကွာပါတယ်၊ ပုံစံ ဆွဲပြလိုက်ပါ့မယ်၊ ဟုတ်ပလား"

"ဟုတ်ကဲ့ပါ ဆရာ"

ရတနာဒီပံ စီရင်ပုံများ သေချာစွာ ပြောပြပေးလိုက်ပြီးနောက် "ကျေးဇူးပဲ ဆရာ" ဟု နှုတ်ဆက်ကာ ကိုအောင်ကျော်ဝင်းတစ်ယောက် ပြန်သွားပါတော့သည်။

တစ်လကျော်ခန့် ကြာသောအခါ ကိုအောင်ကျော်ဝင်းတစ်ယောက် ကျွန်တော့်ထံသို့ ရောက်ချလာသည်။

"လာထိုင်၊ ဒီတစ်ခါတော့ ပြုံးလို့ ရွှင်လို့ လန်းလို့ပါလား"

"လန်းဆို ဆရာရယ်၊ ကျွန်တော့်အလုပ်တွေ အဆင်ပြေလာပြီ၊ ဆရာ့ရဲ့ကျေးဇူးကြောင့်ပေါ့၊ အဲဒါကြောင့် ဆရာ့ကို လာကန်တော့တာပါ" ဟုပြောရင်း စီအင်စီရှပ်အင်္ကျီတစ်ထည်နှင့် ဦးဂျမ်းပိုးတွဲလုံချည်တစ်ထည်ကို ကမ်းပေးပြီး ကန်တော့နေလေသည်။


"ဤကဲ့သို့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ကာ ရရှိပြီးသော စည်းစိမ်ဥစ္စာရတနာတို့သည် အရှည်တည်တံ့ခိုင်မြဲပြီး မရှိသေးသော စည်းစိမ်ဥစ္စာ ရတနာများ တိုးပွားရရှိကာ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး ပွားတိုးပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ရှိပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ ဆရာ"

လုပ်ငန်းများ အောင်မြင်လာသည်ကို သိရသဖြင့် ကျွန်တော့်မှာ ဝမ်းသာပီတိ ဖြစ်နေမိပါတော့သည်။

ခုနစ်နေ့သားသမီးများ လုပ်ငန်းအောင့်မြင် လာဘ်ရွှင် ရတနာဒီပံကို စီရင်နိုင်ရန် ဥပမာပုံစံကို ဖော်ပြလိုက်ပါသည်။

တနင်္ဂနွေ သားသမီးများအတွက် ရတနာဒီပံ




ခုနစ်နေ့သားသမီးအလိုက် ဂဏန်းရေးသွင်းပုံ

| ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

ရတနာဒီပံကို သေချာစွာစီရင်ပြီး ဘုရားတွင် ကပ်လှူပူဇော်ရသည်။ ထိုသို့ ပူဇော်သူတို့အား ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေပါသည်။ စီးပွားလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်စေပြီး လာဘ်ရွှင်ကာ ဝင်ငွေကောင်းစေပါသည်။ ထို့အပြင် တခြားလိုအပ်ရာရာတို့ကိုလည်း ဆုတောင်းနိုင်ပါသည်။ တောင်းသောဆုနှင့် အမြန်ပြည့်ဝစေတတ်ပါသည်။

လိုရာဆန္ဒပြည့်ဝကြပါစေ။

❒ အောင်ကြည်သန်း(ဖောင်တော်သီ)





www.burmeseclassic.com

www.burmeseclassic.com



# ပေတ္တာရေးနှင့် အိမ်ထောင်ရေး သာယာကြောင့်ဖြူးစေမည့် မြ

အောင်ဘုန်း
(ကချင်မြေ

မြကျောက်၊ ကတ္တီပါ စိမ်းရည် အရောင်ကြွနေသော မြရတနာသည် လောကသုံးပါးကို စောင့်ရှောက်တော်မူထသော ဗုဒ္ဓနိုးနတ်ဘုရား (ပိသနိုး) ၏ မျက်လုံးတော်ကဲ့သို့ ကြည်လင်တောက်ပလျက် စိမ်းညို့နေသောကြောင့် လူသားတိုင်း၏ အသည်းနှလုံးကို ညို့ယူဖမ်းစားနိုင်ပြီး စွဲလမ်းစေနိုင်သော အဖိုးတန် ရတနာတစ်ပါး ဖြစ်လေသည်။

ဇာတ်နိပါတ် ကျမ်းဂန်များတွင် မြအကြောင်းကို မိုးမွှန်နတ်ရှုံးလောက်အောင် အမွှန်းတင် ဖော်ပြထားကြသည်ကို ထောက်ရှုခြင်းဖြင့် မြကျောက်သည် လူသားတို့နှင့် အစောဆုံးကျွမ်းဝင်ရာဇဝင် တွင်စေခဲ့သော အဖိုးတန် ကျောက်မျက်ရတနာများထဲတွင်တစ်ပါး ဖြစ်သည်ကို ထင်ထင်ရှားရှား သိသာနိုင်ပေ၏။

ကျောက်မျက်သမိုင်း မှတ်တိုင်များတွင် စလင်းနွယ်ဝင် ကျောက်များကို ဘီစီ ၇၀၀၀ မှ ၅၀၀၀ ဝန်းကျင်ခန့်တွင် စတင်တွေ့ရှိ အသုံးပြုခဲ့ကြပြီး မြကျောက်ကိုမူ ဘီစီ ၄၀၀၀ နောက်ပိုင်းကာလရောက်မှ စတင်တွေ့ရှိ အသုံးပြုခဲ့ကြသည့် အထောက်အထားများကို တွေ့ရှိရသည်ဟု သုတေသီများက ဆိုသည်။ ဘာသာဝင်တိုင်း၏ ကျမ်းများထဲတွင် မြနှင့်ပတ်သက်၍ ဝေဝေဆာဆာ တင်ပြထားလေ့ရှိကြသည်။

ခရစ်တော်မပေါ်မီ ရှေးဘီစီ ၃၀၀၀ ခန့်၌ သမိုင်းဝင် ဘေဘီလုံမြို့တော်၏ ရတနာ ဈေးကွက်မ... မြကျောက်များကို အရောင်းအ... ခဲ့ကြသည်ဟူ၏။

အဖိုးတန်စိန်နှင့် ပတ္တမြား ... ကျောက်မျက်များကိုမူ ဘီစီ ၇... ၅၀၀ ခန့်အတွင်းရောက်မှ စတ... ရှိ အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုခေတ်က စိန်နှင့် ပ... နီလာသည် အလွန်မာကျော... ကျောက်မျက်မျိုး ဖြစ်သဖြင့် ... သွေးသမားများက ဖြတ်တောက်... ယူနိုင်ခြင်း မပြုနိုင်သောကြောင့် ... မှထွက်သည့် ကျောက်ရိုင်းအ... ဝတ်ဆင်ကြရသည်။

မိုး၏ မာဆင့် စကေး... မာဆင့်သည် (၁၀) ဖြစ်ပြီး ...





www.burmeseclassic.com

www.burmeseclassic.com

လာသည် (၉)၊ မြကျောက်သည် (၈. ၈) အသီးသီး ဖြစ်ပါသည်။ ကြောင်နှင့် ဥဿဖရားသည် ၈. ၅ မှ ၈ အထိ ရှိပါသည်။

မြကျောက်၏ သဘာဝသည် တောတောင်စိမ့်စမ်းများကဲ့သို့ အစဉ်အမြဲ စိမ်းလန်းစိုပြည် ဖွံ့ဖြိုးလှပနေသည် ကိုအစွဲပြု၍ သဘာဝအလှသစ္စာတရားတို့၏ မွန်မြတ်သော အလှမိခင်ရတနာအဖြစ် တင်စားခေါ်ဝေါ်ကြလေ၏။

မြကျောက်ကို အလွန်တန်ဖိုးထား ချစ်မြတ်နိုးတတ်သော အီဂျစ်အလှဘုရင်မ ကလီယိုပါထရာသည် ပင်လယ်နီကမ်းခြေတစ်လျှောက် မြမိုင်းခနဲများဖွင့်၍ မြကို ရှာဖွေ တူးဖော်ခဲ့ပြီး ကလီယိုပါထရာ၏ အချစ်တော်ရောမစစ်ဘုရင် ဂျူးလီယက်ဆီဇာသည်လည်း မြကိုမြတ်နိုးတတ်သူဖြစ်၍ အသုံးအဆောင်ပစ္စည်းများကို မြဖြင့် ပြုလုပ်သုံးစွဲ အသုံးပြုခဲ့သည်ဟူ၏။

ရောမခေတ်တွင် မြသည် အမြင့်မြတ်ဆုံး ရတနာဖြစ်သည်။

ကဿပဘုရားရှင် လက်ထက်တော်၌ လွန်စွာ ဆင်းရဲနွမ်းပါးလှသော ဟောဒုတ် လင်မယားတို့၏ ဆွမ်းအလှူကို ဘုရားရှင်က မြသပိတ်တော်ဖြင့် လက်ခံတော်မူခဲ့သဖြင့် ဘူမိ ပထဝီမြကမ္ဗလာ မြေမွှေ့ရာဘဝမှ နေ့ချင်းညချင်း ဘုရင်ကိုယ်တိုင် ခန့်အပ်ချီးမြှောက်ရသော နိုင်ငံဂုဏ်ဆောင်သူကြွယ်ဘဝသို့ ရောက်ရှိခဲ့ကြသည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ကျောက်မျက်ဘူမိပညာ မထွန်းကားသေးမီ ထိုခေတ်ကာလက အစိမ်းရောင်ကျောက်မှန်သမျှအားလုံးကို မြကျောက် အဖြစ်ယူဆကြဟန်ရှိ၏။ အမှန်မှာ အစိမ်းရောင် ဗာရဲ BERYL ကျောက်တုံးကြီးများမှအပ မြကျောက်များကို အစိုင်အခဲနှင့် ကြီးကြီးမားမား တူးဖော်ရရှိနိုင်ခြင်း မရှိသေးသောကြောင့် ဖြစ်ပါသည်။

၁၆ ကာရက် (ဆီးသီးကင်းခန့်အရွယ်) အလေးစီးသော ဒီမွန်ရှိုင်းယားမြကျောက်သည် ကမ္ဘာတွင် အကြီးဆုံးမြဖြစ်ပြီး တန်ဖိုးမှာလည်း အကြီးဆုံးသတ်မှတ်ထားရသော တော်ဝင်မြဖြစ်သည်ဟု သိရပါသည်။

မြအမျိုးအစား အစိမ်းရောင်သန့်သန့်ကိုသာ EMERALDမြကျောက်ဟုခေါ်ကြပြီး အပြာရောင်သမ်းလျှင်မြစိမ်းပြာ အဝါရည်ဝင်နေလျှင် မြဝါ၊ ပန်းရည် ချယ်ရီရောင် လွှမ်းနေလျှင် ပန်းရောင်မြ ရွှေရောင် ပြေးနေပါက ရွှေရောင်မြဟု ခေါ်ကြ၏။

မြန်မာနိုင်ငံတွင် မြကျောက် စစ်စစ် မထွက်သေးသော်လည်း မိုးကုတ်မှ ထွက်သော အစိမ်းရောင်ကျောက်ကို မိုးကုတ်မြ၊ ပူတာအိုမှထွက်သော အစိမ်းရည်ကျောက်ကို ပူတာအိုမြ ကယားပြည်နယ်မှ ထွက်သော အစိမ်းရောင်ကျောက်ကို စောလဖော်မြဟု ခေါ်သော မြနွယ်ဝင်ကျောက်များ ထွက်ရှိပါသည်။ အဖိုးတန် သီတာမြမျိုး တူးဖော်ရရှိခြင်း မရှိသေးပါ။

မြအတန်းအစား သတ်မှတ်ရာတွင် (၁) ဒေါင်းမြီးစိမ်းရောင် မှန်သားကို သီတာမြ၊ (၂) အနာအဆာကင်း၍ ကျောက်ရည်ညီညာ၍ စိမ်းစိုလှပသော မြကို ကိုလံဘီယာမြ၊ (၃) အဝါရောင်သမ်းနေသော မြကို တွင်းအောင်းမြ၊ (၄) အိန္ဒိယနိုင်ငံ ဂျေပိုရ်ဒေသမှ ထွက်သော ဖရဲအူ အသားပိတ်မြကို ဂျေပိုရ်မြဟု သတ်မှတ်ခေါ်ဝေါ်ကြ၏။

ရှေးက ကိုလံဗီယာနိုင်ငံသည် မြအများဆုံး ထုတ်လုပ်ခဲ့သော နိုင်ငံ ဖြစ်သော်လည်း ယခုအခါ ဘရာဇီး၊ ရုရှား၊ သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံ ဂျေပိုရ်ဒေသများသည် မြကျောက်ကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချသော နိုင်ငံများ ဖြစ်ကြသည်။

မြကျောက်သည် (၃၅) နှစ်မြောက် မင်္ဂလာအထိမ်းအမှတ် ပစ္စည်းဖြစ်ပြီး မြကျောက်ကို ဝတ်ဆင်ထားခြင်း

မြဘုရား
ထုဆစ်ကိုးကွယ်လျှင်
အပါယ်တံခါးပိတ်၍
နိဗ္ဗာန်တံခါးပွင့်နိုင်၏။

သိကြား ဗြဟ္မာ
နတ်ကောင်း ဒေဝတာတို့ကို
ပူဇော်လှူဒါန်းလျှင်
ကောင်းခြင်းမင်္ဂလာ
အဖြာဖြာတို့နှင့်
ပြည့်စုံ ချမ်းသာရနိုင်၏။

ဖြင့် ချစ်ခြင်းမေတ္တာ၌ စန်းပွင့်ကံကောင်းစေပြီး အိမ်ထောင်ရေး သာယာခိုင်မြဲ အဓွန့်ရှည်စေမည်။

အနုပညာလောက၌ အများပြည်သူချစ်ခင်လေးစားသော အနုပညာကြယ်တစ်ပွင့်ဖြစ်နိုင်မည်။ ရောက်ရာအရပ်၌ လူချစ်လူခင်ပေါများ၍ ဝေယာဉ်ရထား အခြွေအရံနှင့် နေထိုင်ရမည်ဟူ၍ ဖြစ်သည်။

ထို့ပြင် မြကို ချစ်မြတ်နိုး ပိုင်ဆိုင်ထားကြသူများသည် ဘဝတွင် လိုရာဆန္ဒပြည့်စုံ လုံခြုံမှု၊ ငြိမ်းချမ်းသာယာမှု၊ ပျော်ရွှင်ချမ်းမြေ့မှုများကို ရရှိနိုင်သည်ဟု ယုံကြည်ထားကြသည်။

မြ၏ဂုဏ်သတ္တိ- မြကျောက်သည် အစိမ်းရောင်လဲ့ပြီး ကြည်လင်အေးမြသောဂုဏ်ရှိသောကြောင့် မျက်စိကို အားပြည့်စေနိုင်သည်။ အထူးသဖြင့် မျက်စိကို အဓိက အားထားလုပ်ကိုင်ရသူများသည် မြကို တစိမ့်စိမ့်ကြည့်၍ အားသစ်လောင်းကြ၏။

မြစိမ်းရောင် ဂုဏ်သတ္တိသည် ကြီးထွားဖွံ့ဖြိုးမှုကို မြန်ဆန်စေနိုင်ပြီး လိင်မှုရေးခြား နူးညံ့သိမ်မွေ့မှုကို ဖြစ်စေ၏။ အေးချမ်းမှု ငြိမ်းချမ်းမှု သာယာပျော်ရွှင်မှုများကို ဆောင်ပေးနိုင်ပြီး

www.burmeseclassic.com

> ဂုဏ်၊ အရွယ်၊ အဆင့်အတန်း ညီမျှသော ဇနီးမောင်နှံတို့ကို ရွှေနှင့် မြဟု တင်စားကြ၏။

ဝမ်းနည်းကြေကွဲစိတ် အားငယ်ခြင်းများကို ဖယ်ရှားပေးနိုင်၏။ မောပန်းနွမ်းလျှမှုများကို ကင်းဝေးစေနိုင်ပြီး အမြဲတမ်း လန်းဆန်းတက်ကြွမှုနှင့် ကြည်နူးချမ်းမြေ့မှု အပေါင်းတို့ကို ရရှိစေနိုင်၏။

မြကျောက်၏ ဖွံမ်းဆောင်မှုကြောင့် နာမည်ဂုဏ်သတင်းကြီး၍ အောင်မြင် ထင်ရှားကျော်ကြား နိုင်ကြပါလိမ့်မည်။ ဂုဏ်၊ အရွယ်၊ အဆင့်အတန်း ညီမျှသော ဇနီးမောင်နှံတို့ကို ရွှေနှင့် မြဟု တင်စားကြ၏။ အရာရာ၌ ရေကန်အသင့် ကြာအသင့် ပြီးပြည့်စုံနေလျှင်(သို့)အလိုရှိသော ဘဝမျိုးကို လွယ်လွယ်ကူကူ ဆွတ်ခူးရရှိလျှင် "ရွှေပေါ်မြတင်" ဘဝမျိုးဟု ခေါ်ဆိုကြသည်။

အစိမ်းရောင်၏ သဘာဝသည် လူအိုလူနာများကို သစ်ပင်ပန်းမန်များ အခက်အလက် ဝေဆာသီးပွင့်လာသကဲ့သို့ နာလန်ထူမြန်စေနိုင်၏။

အနာရောဂါများကို ကျက်လွယ်ကောင်းမြန်စေနိုင်သောကြောင့် ခွဲစိတ်ဆရာဝန်များသည် စိမ်းပြာရောင်ကို ဝတ်ဆင်ကြခြင်း ဖြစ်သည်။ လူနာများကိုလည်း မြစိမ်း ရောင် ဝတ်ဆင်ပေးနိုင်ပါသည်။

ကလေးများကို မြစိမ်းရောင် ဝတ်ဆင်ပေးခြင်းဖြင့် ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးပွားစေနိုင်ပါသည်။ သို့ဖြစ်၍ စိတ်ကြမ်းကိုယ်ကြမ်းရှိသူများ ကျန်းမာရေး ညှိုးဖျင်းသူများနှင့် မကြာခဏ ချူချာတတ်သူများသည် မြစိမ်းရောင် အဝတ်အစား အပြင်အဆင်များကို ဝတ်ဆင်အသုံးပြုသင့်သည်။

အချစ်ရေး အိမ်ထောင်ရေး၌ အဆင်မပြေကြသူများ ငြိမ်းချမ်းမှု မရနိုင်ပဲ အမြဲပူပင်သောက များကြသူများနှင့် ပျော်ရွှင်မှု ကင်းမဲ့နေသူများသည် မြကျောက်ကို ဝတ်ထားခြင်းဖြင့် ကုစားနိုင်ပါလိမ့်မည်။

မြသည် ကင်းကွာနေသော အချစ်ဝိညာဉ်များကိုလည်း ပေါင်းစည်းပေးနိုင်သည်။

မြကျောက်ကို စည်းစိမ်ချမ်းသာ ပြည့်စုံအောင်မြင်ရေး၊ မေတ္တာရေးနှင့် အိမ်ထောင်ရေး သာယာဖြောင့်ဖြူးရေးနှင့် ပျော်ရွှင်ငြိမ်းချမ်းရေးတို့နှင့် ဆက်သွယ်နေသော ကျောက်မျက်ဖြစ်သည်ဟု ကလီယိုပါထရာက ပြောဆိုခဲ့၏။

မြဝတ်ဆင်ခြင်း= ကရကဋ်ရာသီနှင့် မိန်ရာသီ၌ ဗုဒ္ဓဟူးဂြိုဟ်ထွန်းသော မူလဇာတာရှင်များသည် မြကို ဝတ်ဆင်ခြင်းဖြင့် ကောင်းကျိုးထူးစေနိုင်၏။

မဏိသျှတ္တရကျမ်း အဆိုအရ နဝရတ်လက်စွပ် စီရင်ဝတ်ဆင်သည့်အခါ မြကျောက်ကို ကြာသပတေးဂြိုဟ်မင်း၏ ကွန်းခိုရာ သီရိဂေဟာဖြစ်သော အနောက်အရပ်၌ ကတုံးလေးညင်းခံ၍ စီမံဝတ်ဆင်ကြလျှင် နဝရတ်လက်စွပ်၏ ဂုဏ်ကိုးပါးထဲမှ တစ်ပါးဖြစ်သော ငြိမ်းချမ်းသာယာ၍ ပျော်ရွှင်အေးမြခြင်း ဂုဏ်ကို ရရှိနိုင်မည် ဖြစ်သည်ဟူ၏။

မြကို ကောင်းကင်မှ မိုးသားဓာတ်နှင့် မြေအောက်မှ ရေဓာတ်များ ဆက်သွယ်မိကြပြီး အညှောက်ရွက်စိမ်းပန်းငုံ ပန်းဖူးများ စထွက်သည့်လ ဖြစ်သော မေလတွင် ဖွားမြင်သူများအတွက် ထာဝရလက်ဆောင်ထားကြရမည်။

အဆောင်ရတနာဖြစ်သည်ဟု ကမ္ဘာ့ကျောက်မျက်ပညာရှင် အားလုံးတို့က တညီတညွတ်တည်း အသိအမှတ်ပြုထားကြသည်။

မြဘုရား ထုဆစ်ကိုးကွယ်လျှင် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်နိုင်၏။ သိကြား ဗြဟ္မာ နတ်ကောင်းဒေဝတာတို့ကို ပူဇော်လှူဒါန်းလျှင် ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံ ချမ်းသာရနိုင်၏။

အဆောင်ကောင်းအဖြစ် ယုံယုံကြည်ကြည် ဝတ်ဆင်ထားကြမည်ဆိုလျှင် ဘဝသာယာပြီး လူချစ်လူခင်ပေါများနိုင်လိမ့်မည်။

ဗုဒ္ဓဟူးသားသမီးများသည် မြကျောက်ကို ဆောင်ထားလျှင် . . .

(၁) ကောင်းသော အတိတ်နိမိတ်ကို ဆောင်၍ မကောင်းသော အကုသိုလ်တရားများကို ရှောင်ရှားနိုင်သည်။

(၂) မေတ္တာရှိသူနှင့် ပေါင်းဖက်နိုင်ကြပြီး အိမ်ထောင်ရေး သာယာမည်။

(၃) ဘေးဘယာ ဝေးကွာကျော်လွှားနိုင်၍ ကျန်းမာ အသက်ရှည်စေနိုင်မည်။

(၄) အလုပ်ခရီးအကြံအစည် အောင်၍ ဓနစီးပွား လာဘ်သပ်ပကာရ တိုးပွားပြည့်စုံမည်။

(၅) ပညာဂုဏ်ထူးချွန်ကြပြီး အများက ရိုသေလေးစားထိုက်သော ပညာရှိအကြီးအကဲကောင်း ဖြစ်ကြရမည်ဟူ၍ ဖြစ်လေသည်။

သို့ဖြစ်၍ လောကသုံးပါး၏ တန်ဖိုးဖြစ်သော မြကျောက်ကို ဘုန်းကံနှင့် ထိုက်တန်သော ဗုဒ္ဓဟူးသားသမီးတို့က ယုံယုံကြည်ကြည် ဝတ်ဆင်ဆောင်ထားကြမည်ဆိုလျှင် လိုရာဆန္ဒ အဝဝတို့ကို ရရှိပြည့်စုံစေနိုင်မည်ဖြစ်သည်။

မြကျောက်ကို ဝတ်ဆင်နိုင်ကြသူများသည် ရှေးဘဝက ပါရမီထူး အလွန်ထူးသူများ ဖြစ်ကြသည်ဟု ဆိုသည်။

❒ အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းခုစွန်းဗေဒင်ဟောကိန်း

ညွန့်လွင်(ဓာတ်မှုတက္ကသိုလ်)

ရှေးဟောင်း ဗေဒင်နည်းစနစ်တစ်ခု ဖြစ်ပါသည်။ လေ့လာကြည့်လျှင် အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ မြန်မာ မွေးသက္ကရာဇ်ကို သိရှိရန် လိုပါသည်။ မိမိမွေးသက္ကရာဇ်ကို ကြည့်ရပါမည်။ နောက်ဆုံးဂဏန်းကို ခုစွန်းဂဏန်းဟု ခေါ်ပါသည်။

ဥပမာ- ၁၃၁၈ ဆိုလျှင် (၈) ခုစွန်းဖြစ်ပါမည်။ ၁၃၄၁ ဆိုလျှင် (၁) ခုစွန်း ဖြစ်သည်။ ၁၃၅၀ ဆို လျှင် (၁၀) သို့မဟုတ် (၀) ခုစွန်း ဖြစ်ပါသည်။

ဤကဲ့သို့ မွေးသက္ကရာဇ်များအား (ခုစွန်း)ဂဏန်းကိုကြည့်၍ အခြေခံပြီး ဟောပြောသည့် နည်းစနစ်ကို ခုစွန်းဗေဒင်ဟူ၍ ခေါ်ပါသည်။

ခရစ်သက္ကရာဇ် မွေးရက်စွဲသာ သိပြီး မြန်မာသက္ကရာဇ် မသိသူများအတွက် ခရစ်သက္ကရာဇ်မှ မြန်မာသက္ကရာဇ် ပြောင်းနည်းမှာ ဇန်နဝါရီလ (၁)ရက်နေ့မှ ဧပြီလ (၁၆)ရက်အထိ မွေးဖွားသူများအတွက် မွေးသည့်ခရစ်သက္ကရာဇ်မှ (၆၃၉) နှုတ်ပါ။ မြန်မာသက္ကရာဇ် ရပါမည်။

ဥပမာ. . .

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇)ရက် မွေးဖွားသူသည်

၁၉၄၅ - ၆၃၉ = ၁၃၀၆ ခုနှစ် (မြန်မာသက္ကရာဇ်)

ဧပြီလ (၁၇)ရက်နေ့မှ စ၍ ဒီဇင်ဘာ (၃၁) ရက်အထိ ဖွားမြင်သူများအတွက် ခရစ်သက္ကရာဇ်မှ (၆၃၈)ကို နှုတ်လျှင် မြန်မာသက္ကရာဇ်ရပါမည်။

ဥပမာ. . .

၁၉၄၅ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ ဖွားမြင်သူသည်

၁၉၄၅ - ၆၃၈ = ၁၃၀၇ ခုနှစ် (မြန်မာသက္ကရာဇ်)

**ခုစွန်းဗေဒင်ဟောကိန်းများ**

***ခုစွန်း (၁) မျောက်မင်းဇာတာ ဟောကိန်း***

ဘုရားလောင်း မျောက်မင်းဖြစ်စဉ်က မောင်းမမိဿံ ခြွေရံများနှင့် အနော်မာမြစ်သို့ ရေသောက်ရန် လာသောအခါ ဘီလူးငါးရာတို့က မသောက်နိုင်အောင် လုပ်ခဲ့ကြသည်။ မျောက်မင်း၏ စွမ်းဆောင်မှုကြောင့် မျောက်အပေါင်းလည်း ရေသောက်ကြရသည်။ ဘီလူးအပေါင်းက မျောက်မင်း၏ ကြီးမားသော ဉာဏ်ပညာကို နှစ်ခြိုက်ကာ ကြာပန်းနှင့် ကန်တော့ကြသည့်ကိန်း ဖြစ်ပါသည်။

ဘုရားလောင်း မျောက်မင်း၏ ပုံဝတ္ထုကဲ့သို့ပင် (၁)ခုစွန်း သားသမီးတို့သည် စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ အကြံအစည်များ ပြုလုပ်ရာတွင် မည်သည့်အလုပ်ကိုလုပ်လုပ် အစပထမတွင် အောင်မြင်မှုမရတတ်ကြပါ။ နောက်ပိုင်းမှသာ အောင်မြင်တတ်ကြပါသည်။

နေ့မွေးဖြစ်လျှင် ငယ်ငယ်ရွယ်ရွယ်နှင့် မိဘ သေဆုံးတတ်ပါသည်။ ညမွေးဖြစ်လျှင် မိဘနှင့် ကြီးအောင်နေရပါမည်။ လဆန်းရက်မှာ ဖွားမြင်လျှင် ဖခင်အရင်ကွယ်လွန်မည်။ လပြည့်ကျော်မှ မွေးလျှင် မိခင် အရင်ကွယ်လွန်တတ်ပါသည်။ တစ်နေရာတည်းမှာ တည်တည်ငြိမ်ငြိမ် မနေတတ်နိုင်ဘဲ ခဏခဏ ပြောင်းရွှေ့နေရတတ်ပါမည်။ ဖြစ်နိုင်လျှင် အိမ်ကို မြောက်ဘက်မျက်နှာပြုပါ။ မြောက်ဘက်မှာ ဝင်းတံခါးထားပါ။ အရှေ့အရပ်တွင် နွားတင်းကုပ်ထားပါ။

မကျန်းမာလျှင် သံပရာမြစ်၊ ရှောက်မြစ်၊ အခေါက်အရွက် စသည်တို့ကို ဆားခတ်၍သောက်ပါ။ ငါးပိခတ်သည့် ဟင်းနှင့် အညှော်ကို ရှောင်ပါ။ (၁) ခုစွန်းကလေးများ နေမကောင်းဖြစ်လျှင် သံပရာရွက်ကို နဖူးမှာ ကပ်ပါ။ (၁)ခုစွန်းကျရောက်သော သက္ကရာဇ်များ၊ အသက်အပိုင်းအခြားများတွင် သတိပြုပါ။ အသက် (၁)နှစ်၊ (၅၁)နှစ်၊ (၆၁)နှစ်များတွင် ဂရုစိုက်ပါ။ (၁)ခုစွန်း အသက်ပိုင်းခြားများတွင် တစ်လအဝင်၊ တစ်ဆယ့်တစ်လ အဝင်များတွင် အထူးသတိပြုပါ။

(၁)ခုစွန်းကျသည့်ရက် ဥပမာ- လဆန်း လဆုတ် (၁)ရက်၊ (၁၁)ရက်နေ့များတွင် စတင်ရင်းနှီးမြှုပ်နှံခြင်းများကို ရှောင်ပါ။ ထို့ရက်များတွင် ခရီးမထွက်လျှင် ကောင်းပါမည်။ (၁)ခုစွန်းကျသည့်ရက်မှာ အလှူအတန်းလုပ်ပါ။ (၁)ခုစွန်း မွေးသည့် ကလေးငယ်က တစ်ခုခုဖြစ်လျှင် ရှောက်သား (သို့မဟုတ်) သံပရာသားကို မျောက်ရုပ်ထုပါ။ ခမည်းပေးပါ။ ကလေး အလွန်ငိုလျှင် သံပရာရွက်၊ ရှောက်ရွက်ကို နဖူးမှာ ကပ်ပေးလျှင် အငိုတိတ်သွားမည်။

***ခုစွန်း (၂) ဥဒေါင်းမင်းဇာတာဟောကိန်း***

ဘုရားလောင်း ဥဒေါင်းမင်းဖြစ်သည့်ဘဝက ဥဒေါင်းမ၏ အသံကြောင့် မုဆိုး၏ ညွှတ်ကွင်း သက်ဆင်းမိသည်။ ကောသမ္ဗီမင်းကလည်း ဥဒေါင်းမင်း၏ တရားရေအေးကြောင့် အကျွတ်တရားရသည့်ကိန်း ဖြစ်ပါသည်။

ညမွေးဖြစ်လျှင် ချမ်းသာမည်။ နေ့မွေးဖြစ်လျှင် ဆင်းရဲမည်။ ၂ လ ၂ နှစ်အတွင်း ချူချာလျှင် ဗုဒ္ဓဟူးနံရွှေကို ဥဒေါင်းရုပ်ထုပြီး ဗုဒ္ဓဟူးသားသမီးတို့မှ တစ်ဆင့် ခမည်းပေးပါ။

(၂)ခုစွန်းမွေး သားသမီးတို့သည် အသက်(၁၂)နှစ်မှာ မိဘတို့ စီးပွားပျက်တတ်ပါသည်။ ငယ်စဉ်မှာမပြည့်စုံတတ်၊ ကြီးမှသာ အစစအရာရာပြည့်စုံပါမည်။ ညမွေးအမျိုးသမီးဖြစ်လျှင် မင်းကတော်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်။ အမျိုးသား (၂)ခုစွန်း ညမွေး ဖြစ်လျှင် ရဟန်းပြုမည်။

အသံဩဇာနှင့်ပြည့်စုံပြီး ရုပ်ရည် လှပကြမည်။ အဆိုတော်၊ အဆိုကောင်း သူများ ဖြစ်တတ်သည်။ အသက်(၂၂) နှစ်၊ (၃၂)နှစ်၊ (၄၂)နှစ် စသည့်နှစ်တို့တွင် မွေးလကစပြီး ပစ္စည်းဥစ္စာ မတည်မြဲ တတ်ပါ။ စိတ်မတည်ကြည် မငြိမ်မသက် ဖြစ်သည့်ကာလ ဖြစ်နေမည်။

ဖြစ်နိုင်လျှင် အိမ်ကို တောင် ဘက်သို့ မျက်နှာပြုပါ။ နေအိမ်ကို တောင်ဘက်မှာ အဝင်တံခါးပြုလုပ်ပါ။ နေမကောင်းလျှင် လဆန်း (၂)ရက်နေ့ မှာ နွားနို့(၁၂)ကျပ်သားကို ဆား နှစ်မူး သား ခတ်ပြီးသောက်ပါက ဝမ်းနှစ်ရက် သက်ပြီးရောဂါပျောက်ကင်းမည်။ဒဟတ် မြစ်ကို ဆားနှင့်သွေးလိမ်းကာ ချေး အောင်းပါ။ ဝမ်းလျှောလျှင် ဒဟတ် ခေါက်ကို ထန်းလျက်နှင့်တွဲကာ ဆား နှစ်မူးသားနှင့်ကျိုပြီး (၄)ရက် ဆက် သောက်ပါက ဒိဌပျောက်မည်။ ကိုယ် ဖောလျှင် ဒဟတ်ရွက် (၁၂)ရွက်ခင်း အိပ်ပါ။

လဆန်း(၂)ရက်နေ့ ခရီးထွက်၍ အကြံအစည်ပြုလျှင် မအောင်မြင်ပါ။ (၂)ခုစွန်းပေးဝယ်ရသည့် ပစ္စည်းများကို ရှောင်ပါ။ ဥပမာ- ၁၂၀၀၀ ကျပ်၊ ၂၂၀၀၀ ကျပ် စသည်တို့လည်း အကျုံး ဝင်ပါသည်။ ကြက်လျှာ (၁၂)ခု၊ တံခွန် (၁၂) ခု၊ ထီး (၁၂)လက်၊ ညောင်ရေအိုး (၁၂)လုံး၊ ရွှေ (၁၂)ချပ်၊ ယပ် (၁၂)ခု တို့ကို လှူပေးပါ။

*ခုစွန်း(၃) ကျားမင်းဇာတာဟောကိန်း*

အလောင်းတော် ဝိသ္သာရမင်း သား မင်းမဖြစ်မီ မိတ္ထီလာတောတွင် ကျားမင်းဖြစ်စဉ်ကာလ ၂၃ နှစ်အဝင် ကျားမင်း သေဆုံးသည့်ကိန်းဖြစ်သည်။

၃လ၊ ၃နှစ်၊ ၁၃ လ၊ ၁၃နှစ်၊ ၂၃နှစ်၊ ၃၃နှစ်၊ ၄၃နှစ်၊ ၅၃နှစ်၊ ၆၃နှစ်၊ ၇၃နှစ်၊ ၈၃ နှစ်တို့တွင် ဘေးအန္တရာယ် ရှိသည်။

ညမွေးဖြစ်လျှင် ပစ္စည်းဥစ္စာချို့ တဲ့မည်။ နေတက်ချိန်တွင် မွေးပါက ချမ်းသာမည်။ မွေးတုန်းက ခန္ဓာကိုယ် တစ်နေရာတွင် စာအမှတ်ပါမည်။ မွေး ပြီး (၃)လအတွင်း ချူချာမည်။

ခမည်းပေးဖို့က ငွေဆွဲကြိုးလုပ် ပါ။ တနင်္လာသားသမီးက ပေးစေပါ။ ဆွမ်းဆန်စိမ်းလောင်းလှူပါ။ (၃)ရက်၊ (၃)လ၊ (၃)နှစ်၊ (၁၃)ရက်၊ (၁၃)နှစ် အရွယ်မှာ ခမဲပေးရပါမည်။

(၃)ခုစွန်းမွေးသူတို့မှာ လုပ်လုပ် စားစား၊ ရရ ကုန်ကုန် ဖြစ်တတ်မည်။ သားသမီး (၆)ယောက်၊ (၄)ယောက်၊ (၂)ယောက်စသည်ဖြင့် စုံဂဏန်း အဖတ် တင်မည်။ အသက် (၇၃)နှစ်အထိ နေရ မည်။ သလိပ်ရောဂါနှင့် ကွယ်လွန်မည်။

အိမ်ဆောက်လျှင် မြောက် အရပ်ကို မျက်နှာပြုပါ။ သို့မဟုတ် ဝင်း တံခါးကို မြောက်ဘက်မှာ ထားပါ။ အရှေ့အရပ်မှာ နွားတင်းကုပ်ဆောက် လုပ်ပြီး အိမ်အနောက်ဘက်မှာ စပါးကျီ တည်ထားခြင်းဖြင့် စီးပွားဥစ္စာ ရတနာ တိုးတက်လိမ့်မည်။

မကျန်းမာလျှင် အလေးချိန် (၃၃)ကျပ်သားရှိသည့် ကြေးစည်ကို ဝယ်ယူပြီး သံဃာ(၃)ပါး ဆွမ်းကျွေး လှူဒါန်းရင်း အမှုအတန်းဝေသောအခါ ကြေးစည်ကို အိမ်ပေါ်မှ တီးပါ။ ကိုယ် တွင်းရောဂါများပျောက်မည်။မကျန်းမာ လျှင် ဓာတ်စာစားရန်မှာ နွားသားကို ချက်ပြီး (၃)ရက်ကျွေးပါ။ စားပါ။ နှမ်း ပြစ်ကို (၃)ရက်စားပါ။ ထန်းလျက်ကို ဆားခတ်ပြီး သုံးရက် ကျိုသောက်ပါ။ ကျားရိုးကို ဆားနှင့်သွေးလူးပြီး (၃)ရက် ချေးအောင်းလျှင် ညောင်းညာကိုက်ခဲ ကိုယ်တွင်းရောဂါဟူသမျှ ပျောက်ကင်း မည်။ အသက်ရှည်ဖို့ ဆေးမှာလည်း စနေနံကို ဓာတ်စာအဖြစ် စားရမည်။

လဆန်း (၃)ရက်၊ လပြည့်ကျော် (၃)ရက်နေ့များတွင် ခရီးမထွက်သင့်။ ငွေကြေးအစွန်း (၃)ခု မရင်းနှီးသင့်ပါ။ စီးပွားရေး စတင်လျှင် ငွေကို (မ)ဂဏန်း နှင့် မရင်းနှီးပါနှင့်။ စုံဂဏန်းနှင့် ရင်းနှီး မတည်ပါ။ ခရီးထွက်လျှင် စုံဂဏန်း ကျသည့်ရက်တွင် ထွက်ပါ။ (မ)ဂဏန်း ကျသည့်ရက်ကို ရှောင်ပါ။

ငွေ (၃)ဂဏန်းကို ခါးမှာထားပြီး လဆန်း (၃)ရက်၊ လပြည့်ကျော်(၃)ရက်၊ (၃)နာရီ အချိန်၊ (၃)မိုင်၊ (၃)ဂဏန်း ဝေးကွာသော ခရီးကို မသွားမိစေရန် သတိပြုပါ။ သွားမိလျှင် မုချ ဒုက္ခတွေ့ မည်။

မွေးနေ့တွင် ဘုရား၊ ကျောင်း တွင် လှူဒါန်းပါ။ ကြက်လျှာ (၃)ခု၊ တံခွန် (၃)ခု၊ ဆီမီး (၃)ခု ထွန်းပါ။ အကျီ အနက်၊ အဝါ၊ အညို ဝတ်ပါ။

*ခုစွန်း(၄) ဆင်မင်းဇာတာဟောကိန်း*

ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း ကိန်းဖြစ်သည်။ (၄)ခုစွန်းသက္ကရာဇ်တွင် ဖွားမြင်သူများသည် အားနာတတ် သည်။ သည်းခံစိတ်ရှိမည်။ အမိ၊ အဘ တွင် ဖခင် အရင်ပျက်စီးတတ်မည်။ လပြည့်ကျော်ရက်တွင် မွေးဖွားသူဖြစ် ပါက မိခင်အရင်ပျက်စီးမည်။ မွေးဖွား စဉ်က နေနှင့်လ အတူယှဉ်ပြီး ဖွားမြင် တတ်မည်။

အသက်(၄)လအတွင်း၊ (၄)နှစ် အတွင်း ဝမ်းမှာ ဥပဒ်ဖြစ်မည်။ ပျောက် ကင်းစေရန် ရွှေလေးမူးသားကို ဆင်ရုပ် ထုကာ ဗုဒ္ဓဟူးနေ့ ခမည်းပေးပါ။ ခမည်း မပေးမိလျှင် (၉) နှစ်အရွယ်တွင် မိဘတို့ စီးပွားပျက်မည်။

(၄)ခုစွန်းဇာတာရှင်သည် မင်းဆို ရာဇာဖြစ်တတ်မည်။ ၂၉ နှစ်အဝင်တွင် ပစ္စည်းလျော့ပါး ပျက်စီးမည်။ ၃၀ နှစ် တွင် စီးပွားလာဘ်လာဘ တိုးပွားမည်။ မိဘ ဆရာသမားတို့အတွက် ပူပင်မည်။

အိမ်သစ်ဆောက်မည် ဆိုလျှင် တောင်ဘက်ကို မျက်နှာပြု၍ဆောက် ပါ။ သို့မဟုတ် အိမ်၏ တောင်ဘက် တွင် အဝင်တံခါးထားပါ။ အိမ်၏ အရှေ့ အရပ်တွင်ညောင်ပင်စိုက်ပါ။ အနောက် ဘက်မှာ စပါးကျီတည်ထားပါ။





www.burmeseclassic.com

www.burmeseclassic.com

ညောင်းညာကိုက်ခဲလျှင် ညောင်မြစ် လက်လေးသစ်၊ ဇာတိပ္ဖိုလ်သီး၊ ဆားနှင့် သွေးပြီး တစ်ကိုယ်လုံး လူးကာ ချွေး(၄)ရက်ထုတ်ပါ။ လေနာရောဂါဖြစ်လျှင် ညောင်ခေါက် လေးပဲသားကို သုံးခွက် တစ်ခွက်တင်ကျိုကာ ဆားလေးမှုးသား ခတ်တိုက်ပါ။

သလိပ်နာရှိလျှင် ညောင်ရွက်နုကို ပြုတ်သုပ်ပြီး ချွေးထုတ်ပါ။ ကိုယ်ဖောရောဂါဖြစ်လျှင် အိပ်ရာအောက်မှာ ညောင်ရွက် (၄၄)ရွက်ကို ခင်းပြီး (၁၄) ရက်တစ်ကြိမ် အသစ်လဲအိပ်ပါ။

စီးပွားရေးအတွက် လဆန်း (၄) ရက်၊ လပြည့်ကျော်(၄)ရက်တို့မှာ ခရီးမထွက်ရပါ။ (၄)ဂဏန်းစွန်းသော ငွေ၊ ဥပမာ- ၁၄သိန်း၊ ၄သိန်း၊ မရင်းနှီးသင့်ပါ။ ငွေ (၄)ဂဏန်းကို ခါးမှာထားပြီး (၄)မိုင်စသော (၄)ဂဏန်းဝေးကွာသော ခရီးထွက်လျှင် ဥပဒ်တွေ့မည်။

(၄)ခုစွန်း ဂဏန်းများက ခိုက်တတ်ပါသည်။ လဆန်း လဆုတ်(၄)ရက်များတွင် လုပ်ငန်းမစသင့်ပါ။ ရေတွင်းရေကန် ပြုလုပ်လှူဒါန်းပါ။ ကြက်လျှာ (၄)တိုင်၊ တံခွန် (၄)ခု လှူပါ။

***ခုစွန်း(၅) နဂါးမင်း ဇာတာဟောကိန်း***

ဘောဂဝတီတိုင်းပြည် နဂါးမင်းရဲ့ မိဖုရားက လည်ဆယ်၍ ဝိဓူရ၏ အသည်းနှလုံးကို ရယူလိုကိန်း ဖြစ်ပါသည်။ နေ့မွေးလျှင် ချမ်းသာမည်။ ညမွေးဖြစ်လျှင် ရှာစား ဖွေစားဘဝနှင့် ရပ်တည်ရမည်။ မွေးစဉ် စာအမှတ်ပါတတ်မည်။

ငယ်စဉ်က ဖျားနာလျှင် ပျောက်ရန် ရွှေ(၅)မူးသားကို နဂါးရုပ်ထုလုပ်ကာ စနေသားမှတစ်ဆင့် ခမည်းပေးပါ။ ခမည်းမပေးမိလျှင် ၅နှစ်မှ ၉နှစ်အတွင်း အမိအဘ အကြီးအကဲတို့ စီးပွားပျက်မည်။ ၂၅ နှစ်တွင် ဥစ္စာပျက်မည်။ (၅) တောင်၊ (၁၅)တောင် တံခွန်ချုပ်ပြီး နဂါးခေါင်းတပ်ကာ အရှေ့မြောက်အရပ်ရှိ တံခွန်တိုင်မှာ ချိတ်ပြီး လှူပါ။

ညမွေးဖြစ်ခဲ့လျှင် အိမ်ထောင်သုံးဆက်ရမည်။ နေ့မွေးဖြစ်လျှင် အခြွေအရံ အသင်းအပင်းများမည်။ အသက်ရှည်မည်။

ကူးသန်းရောင်းဝယ်လျှင် စနေ၊ ကြာသပတေးနံ အကျိုးပေးမည်။ ငွေ ၂၀၀ကျပ်၊ ၂၀၀၀ ကျပ် စသည့် (၂)ဂဏန်းနှင့် ယတြာပြုကာ လှူဒါန်းခဲ့လျှင် သားသမီးမရရှိသူအတွက် သားသမီး (၄)ယောက် ထွန်းကားမည်။

နေအိမ်ကို မြောက်ဘက်သို့ မျက်နှာပြုပါ။(သို့မဟုတ်) မြောက်ဘက်ကို အဝင်တံခါးပြုပါ။ အရှေ့အရပ်မှာ နွားတင်းကုပ်ထားပြီး အနောက်အရပ်မှာ စပါးကျီထားပါ။

ကျန်းမာစေရန် အသက်ရှည်စေရန် ဆေးမှာ ထန်းမြစ်ဖြစ်သည်။ စမုံနက် (၅)ကျပ်သားနှင့် ဆတူကြိတ်ပါ။ (၅)ရက်လူးပြီး ချွေး (၇)ရက်ထုတ်လျှင် ဝေဒနာပျောက်မည်။

အစွန်း (၅)ခုနှင့် စီးပွားရှာပါက အကျိုးမရှိပါ။ စီးပွားရေးနှင့် စပ်လျဉ်း၍ (၅)သောင်း၊ (၅)သိန်း စသည်တို့နှင့် စတင်၍ မရင်းနှီးပါနှင့်။ လုပ်ငန်းကို လဆန်း(၅)ရက်၊ လပြည့်ကျော် (၅)ရက်တွင် မစတင်ပါနှင့်။ ထိုရက်များတွင် ခရီးလည်း မထွက်ပါနှင့်၊ ငွေ (၅) ဂဏန်းကိုင်၍ လဆန်း(၅)ရက်၊ လဆုတ် (၅) ရက်နေ့များတွင် (၅)နာရီတွင် ခရီး (၅) မိုင် စသော (၅)ဂဏန်းဝေးကွာသည့် ခရီးကို မသွားသင့်ပါ။ ဥပဒ်တွေ့မည်။

ငွေကို စုံဂဏန်းနှင့် စတင်ရင်းနှီးပါ။ ခရီးထွက်လျှင် စုံဂဏန်းကျသော ရက်မှာ ထွက်ပါ။ စုံဂဏန်းကျသည့်ရက်တွင် အကြံအစည်ပြုပါ။ လှူဒါန်းချင်လျှင် (၅)ဂဏန်းဖြင့် လှူဒါန်းပါ။

***ခုစွန်း(၆) ဂဠုန်မင်းဇာတာဟောကိန်း***

ဘုရားလောင်း ဂဠုန်မင်း အသက် ၂၆ နှစ်အဝင်မှာ ပျက်စီးဖူးသည့်ကိန်း ဖြစ်ပါသည်။ဟိန္ဒကူပြည်ကြီးသခင် သီရိစန္ဒမင်းသားကို ဆရာဖြစ်သူက မိတ္ထီလာပြည်တွင် ဂဠုန်ကို နှိပ်နင်းနိုင်သည့် အခါပေးကိန်းဖြစ်သည်။

ညအခါမွေးလျှင် ခေနမ်းသာပါ။ နေထွက် မွန်းတည့်မွေးလျှင် တည်မြဲမည်။ ချမ်းသာမည်။ မွေးဖွားစဉ်က အတိတ်နိမိတ်ပြမည်။ ငယ်ရွယ်စဉ် ၆လ၊ ၆နှစ်အတွင်း ချူချာလျှင် ရွှေ(၆)မူးသားကို ဂဠုန်ရုပ်ထုပါ။ တနင်္ဂနွေသားမှ တစ်ဆင့်ပေးပါ။ ခမည်းမပေးမိလျှင် ၁၀ နှစ်၊ ၁၆ နှစ်အဝင်မှာ အမိအဘအကြီးအကဲပျက်စီးမည်။

ညမွေးဖြစ်လျှင် အမိအရင်ပျက်စီးမည်။ လပြည့်ကျော်မွေးလျှင် ဖခင်အရင်ပျက်စီးမည်။ အသက် ၁၆နှစ်၊ ၂၆နှစ်၊ ၃၆ နှစ်တွင် ဥပဒ်အကြီးအကျယ်ကြုံမည်။ အကြံအစည်ပြုလျှင် အဆင်မပြေမှုတွေများမည်။ အသက် ၂၃နှစ်မှာ ကောင်းစားမည်။ အသက် ၂၆နှစ်မှာ သောကဒုက္ခတွေ ကြုံတွေ့မည်။အသက် ၃၆နှစ်ကျော်မှ အိမ်ရာတည်မြဲမည်။

အိမ်ဆောက်လျှင် တောင်ဘက်သို့မျက်နှာပြုပါ။ တောင်ဘက်ကို အဝင်တံခါးထားပါ။ အရှေ့ဘက်မှာ နွားတင်းကုပ်ထားပါ။ အနောက်တောင်မှာ စပါးကျီထားပါ။ အရှေ့တောင်မှာ ဆီဆုံတည်ပါ။ ချမ်းသာမည်။

နေမကောင်းလျှင် သုံးရမည့်ဆေးပင်က လက်ပံပင်ဖြစ်သည်။ လက်ပံမြစ်ကို ဇာတိပ္ဖိုလ်သီးနှင့် ဆားစပ်ကာ သွေးပြီး တစ်ကိုယ်လုံးလိမ်းပါ။ ချွေး (၆) ရက်ထုတ်လျှင် ရောဂါဝေဒနာ ပျောက်ကင်းမည်။ ကိုယ်ဖောရောဂါဖြစ်လျှင် လက်ပံရွက် (၆၆)ရွက်ကို (၆)ရက် တစ်ကြိမ် အသစ်လဲကာ ခင်းပြီးအိပ်ပါ။

စီးပွားရေးလုပ်ရာမှာ ၆၀၀၀၀၊ ၆ သိန်း စသည့် (၆)ဂဏန်းနှင့် စတင်ရင်းနှီးခြင်း မပြုရပါ။ လဆန်း(၆)ရက်၊ လဆုတ်(၆)ရက် မစတင်ပါနှင့်။ ဤရက်များတွင် ခရီးလည်း မထွက်ပါနှင့်။ ငွေ (၆)ဂဏန်းယူကာ (၆)မိုင်၊ (၆)ဂဏန်းဝေးကွာသော ခရီးများသွားမိလျှင် ဘေးဥပဒ်တွေ့မည်။ ပျက်စီးမည်။



www.burmeseclassic.com

www.burmeseclassic.com

*ယတြာအဖြစ်* ငှက်ဝင့်ရုပ်နှင့် တံခွန်တိုင်လုပ်ပြီး လှူဒါန်းလျှင် စီးပွားတိုးမည်။

**ခုစွန်း(၇) ဆိတ်မင်းဇာတာ ဟောကိန်း**

ဘုရားလောင်း ဆိတ်မင်းဘဝက ခြွေရံသင်းပင်းတွေအတွက် အသက် (၃၇) နှစ်အရွယ်တွင် စဉ်းတီတုံးပေါ် လည်စင်းပြီး အသေခံခဲ့ရသော ကိန်းဖြစ်သည်။

အသက် (၇)ရက်၊ (၇)လ အဝင်တွင် ချူချာမည်။ ချူချာလျှင် ခမည်းကို ရွှေ (၇)ပဲသားနှင့် ဆိတ်ရုပ်ပြုလုပ်ကာ အင်္ဂါသားသမီးက တစ်ဆင့် ပေးပါ။ မပေးမိလျှင် (၃)နှစ်မှ (၇)နှစ်အထိ မိဘ၏ ပစ္စည်းဥစ္စာမတည်မြဲတတ်ပါ။

(၇)ခုစွန်းဖွားများမှာ ညမွေးလျှင် ပထမအရွယ်ကစပြီး ဒုတိယအရွယ် အထိ ပစ္စည်းဥစ္စာ မတည်မြဲတတ်ပါ။ သောကများမည်။

မွေးဖွားစဉ် အိမ်အနီးရှိ စာအမှတ်ပါရှိသော ကလေးသူငယ်နှင့် တစ်ပြိုက်နက်တည်း မွေးတတ်မည်။ ညမွေးဖြစ်လျှင် အမိအရင်ပျက်စီးမည်။ နေ့ဘက်မွေးလျှင် အဖ အရင်ပျက်စီးလိမ့်မည်။ လဆန်းမွေးလျှင် အဖ အရင် ဆုံးပါလိမ့်မည်။ လဆုတ်မွေးလျှင် အမိ အရင်ဆုံးပါးမည်။

(၇)ခုစွန်း သက္ကရာဇ်တွင် မွေးသူများသည် အကြီးအကဲ ဖြစ်တတ်သည်။ ခြွေရံသင်းပင်းများသူ ဖြစ်မည်။ အိမ်ထောင် နှစ်ဆက် ဖြစ်မည်။

အိမ်ဆောက်လျှင် မြောက်ဘက် မျက်နှာမူပါ။ မြောက်ဘက်တွင် အဝင်တံခါးထားပါ။ အရှေ့အရပ်မှာ နွားထားပါ။ အနောက်အရပ်မှာ စပါးကျီထားပါ။ အနောက်တောင်မှာ ဆီးပင် စိုက်ပါ။ အရှေ့တောင်ဘက်မှာ ဆီဆုံတည်ထားခြင်းဖြင့် စီးပွားတိုးတက်ပါလိမ့်မည်။

ဆီးပင်သည် ဓာတ်စာဖြစ်သည်။ ရောဂါဖြစ်လျှင် ဆီးမြစ်ကို ဆားနှင့် သွေးလူးပြီး ချေး (၇)ရက်ထုတ်လျှင် ပျောင်းညာကိုက်ခဲ ပျောက်မည်။

သလိပ်နာ၊ ရင်နာရှိလျှင် ဆီးခေါက် (၇) ကျပ်သားကို ဆား (၇)မူးသား ခတ်ပြီး သုံးခွက် တစ်ခွက်တင်ကျို၍သောက်ပါ။

*လဆန်း(၇)ရက်၊* လပြည့်ကျော် (၇)ရက် လုပ်ငန်း မစတင်ပါနှင့်။ ငွေကို (၇)ဂဏန်းဖြင့် စတင်၍ မရင်းနှီးပါနှင့်။ လဆန်း လဆုတ်(၇)ရက်နေ့ ခရီးမထွက်ခွာပါနှင့်။ စုံဂဏန်းကျသော ရက်တွင် ခရီးထွက်ပါ။ အင်္ဂါနံ ရောင်းဝယ် ရင်းနှီးပါ။

ငွေကို (စုံ)ဂဏန်းရင်းနှီးပါ။ (၇)ခုစွန်းဖွား အချင်းချင်းပေါင်း၍ အကြံအစည်ပြုလုပ်လျှင် အောင်မြင်မည်။ လှူဒါန်းမည်ဆိုလျှင် (၇)ဂဏန်း လှူဒါန်းပါ။ ထီး (၇)လက်၊ တံခွန်တိုင် (၇)တိုင် စသည်ဖြင့်လှူလျှင် အသက်ရှည် ကျန်းမာမည်။

**ခုစွန်း(၈) ခြင်္သေ့မင်း ဇာတာဟောကိန်း**

ခြင်္သေ့မင်းသည် တောခွေးမ၏ လှည့်စားမှုကြောင့် အပေါင်းအသင်း အခြွေအရံများ၏ နှင်ထုတ်ခြင်းကို ခံရပြီး တောင်အရပ်ရှိ ဂူတွင်သွားရောက်နေထိုင်ခဲ့ရသည်။ ထိုစဉ် ဘုရင့်သမီးတော်နှင့်ပေါင်းရပြီး သားဖြစ်သူ သီဟဗာဟုကို ရခဲ့သည်။ အသက်(၆၈)နှစ်တွင် သားတော်က လေးနှင့်ခွင်း၍ အသက်သေဆုံးရသည့် ကိန်းဖြစ်သည်။

(၈)ရက်၊ (၈)လ၊ အသက် (၈)ခုစွန်း အဝင်တွင် ဒုက္ခရောက်တတ်သည်။ သတိပြုပါလေ။ တက်နေမှာ မွေးလျှင် မချမ်းသာပါ။ နေဝင်မှာ မွေးလျှင် ချမ်းသာမည်။ သန်းခေါင်ကျော် (၂)ချက်တီးအချိန်တွင် မွေးလျှင် တန်ခိုးကြီးမည်။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံမည်။

(၈)လ (၈)နှစ်အရွယ်တွင် ချူချာလျှင် ကသစ်သားကို ခြင်္သေ့ထုကာ အင်္ဂါသားမှ ခမည်းအဖြစ်ပေးပါ။ မပေးရင် (၈)နှစ်နှင့် (၁၈)နှစ်ကြားကွင် မိဘတို့ ပျက်စီးလိမ့်မည်။

အမျိုးသမီးဖြစ်ခဲ့လျှင် မင်းစိုးရာဇာဂကတော် ဖြစ်မည်။ (၈)ခုစွန်းသက္ကရာဇ်မွေးဖွားသူများသည် အသက် (၂၀)ကျော်တွင် အပေါင်းအသင်းက ဒုက္ခပေးမည်။ (၂၃)နှစ်၊ (၂၅)နှစ်၊ (မ)ဂဏန်းကျသည့်နှစ်တွင် ချမ်းသာမည်။ (၂၈)နှစ် စုံဂဏန်းကျသည့်နှစ်တွင် နာမ်တူသူက မကောင်းကြံလိမ့်မည်။

မိမိအိမ်က တောင်ဘက်မှာ ခြင်္သေ့ရုပ်ခံသည့် ရေအိုးစင်တည်၍ လှူဒါန်းပါ။ ဘေးကင်းမည်။

သားသမီးမွေးလျှင် (မ)ဂဏန်း အဖတ်တင်မည်။ အိမ်ထောင်သုံးဆက်ကျမည်။ ချက်မြှုပ်အရပ်မှာ နေပြီး အကျိုးမပေးဘဲ တစ်မြို့ တစ်ရွာမှာ အကျိုးပေးမည်။

အိမ်ဆောက်လျှင် တောင်ဘက် သို့မျက်နှာမူပါ။ တောင်ဘက်မှာ တံခါး ထားပါ။ အရှေ့မှာ နွားထားပါ။ အရှေ့တောင်မှာ ဆီဆုံထား၍ အနောက်မှာ စပါးကျီထားပါ။ ချမ်းသာမည်။

ဓာတ်စာမှာ လက်ခုပ်ပင် ဖြစ်သည်။ ရောဂါဖြစ်လျှင် လက်ခုပ်မြစ်ကို ဆားနှင့် သွေးလူးပြီး ချေးထုတ်လျှင် ပျောင်းညာကိုက်ခဲပျောက်မည်။

သလိပ်နာ၊ ရင်နာ ဖြစ်လျှင် လက်ခုပ်ခေါက်ကို ဆား(၈)မူးသားခတ်၍ သုံးခွက် တစ်ခွက်တင်ကျိုကာ နေ့ ရက် ဆက်သောက်ပါ။ ဓာတ်လေး မမှန်လျှင် လက်ခုပ်ရွက်နု ဟင်းခါးချက်၍ သောက်ပါ။

လဆန်း(၈)ရက်၊ လပြည့်ကျော် (၈)ရက်မှာ စီးပွားရေး မစတင်ရ၊ စီးပွားရေးအတွက် ခရီးမသွားရပါ။ (၈)ဂဏန်းဖြစ်သော (၈)သိန်း၊ (၁၈)သိန်း စသဖြင့် ငွေအရင်းအနှီး မလုပ်ပါနှင့်။

ခရီးသွားလျှင် (မ)ဂဏန်း ကျသည့်ရက်တွင် ခရီးထွက်ပါ။ ငွေကို ရင်းနှီးမတည်လျှင် (မ)ဂဏန်းနှင့် ရင်းနှီးပါ။ မွေးသက္ကရာဇ် (ခု)စွန်းတူသူများနှင့် ပေါင်းပြီး စီးပွားရှာပါ။



www.burmeseclassic.com

www.burmeseclassic.com

**ခုစွန်း (၉)ကျီးမင်းဇာတာဟောကိန်း**

ပေမှာ တစ်သီး၊ ကျီးမှာ တစ်သား ဆိုသည့် ပေပင်နှင့် ကျီးမင်းတို့၏ ကိန်းဖြစ်ပါသည်။

ညမွေးလျှင် မွေးတုန်းက တည်မြဲမည်။ နေ့မွေးဖြစ်လျှင် မတည်မြဲတတ်ပါ။ ထိတ်လန့်ခြင်း၊ အိမ်ကို ကျီးလာနားတတ်ခြင်းစသည့် အတိတ်နိမိတ်ကို ကြုံတွေ့ရမည်။ (၉)လ၊ (၉)နှစ်အရွယ်တွင် ချူချာလျှင် ကိုယ်နှင့် တိုင်းထွာပါ။ ထီးဖြူချပ်ကာ တန်ခိုးကြီးဘုရားတွင် လှူပေးပါ။ မလှူခဲ့လျှင် အသက် (၁၃)နှစ်၊ (၁၅)နှစ် အရွယ်ရောက်လျှင် မိဘတို့ စီးပွားပျက်လိမ့်မည်။

အမျိုးသမီးဖြစ်လျှင် မင်းကတော်ဖြစ်မည်။ (၉)ခုစွန်းမွေး သားသမီးတို့သည် (၁၉)နှစ်၊ (၂၉)နှစ်၊ (၃၉)နှစ် အဝင်တွင် ကံဆိုးမည်။

အိမ်ဆောက်လျှင် မြောက်ဘက်ကို မျက်နှာပြုပါ။ တံခါးထားပါ။ အရှေ့ဘက်မှာ နွားထားပါ။ အနောက်ဘက်မှာ စပါးကျီထားပါ။ စီးပွားမြဲလိမ့်မည်။

ဓာတ်စာမှာ ငရုတ်ကောင်းဖြစ်သည်။ ရောဂါဖြစ်လျှင် ငရုတ်ကောင်း ငရုတ်မြစ်ကို ဆတူတွဲကြိတ်ပြီး ဆီနှင့်ဖျော်လူးပါ။ ချွေးထုတ်လျှင် ညောင်းညာကိုက်ခဲ ပျောက်မည်။ သလိပ်နာ၊ ဓာတ်လေ မမှန်လျှင် ငရုတ်ရွက်ကို ဟင်းခါးချက်ကာ ငရုတ်ကောင်း ခတ်သောက်လျှင် ကောင်းသည်။

လဆန်း(၉)ရက်၊ လပြည့်ကျော် (၉)ရက်တွင် လုပ်ငန်းမစတင်ပါနှင့်။ ခရီးမထွက်ပါနှင့်။ လုပ်ငန်းစတင်ရင်းနှီးလျှင် (၉)ဂဏန်း ယူဆောင်၍ (၉)မိုင်စသည့် (၉)ဂဏန်းဝေးကွာသည့် ဒေသကို ခရီးမသွားပါနှင့်။ သွားမိလျှင် ဥပဒ်တွေ့မည်။ ငွေကို စုံဂဏန်းနှင့်စတင်ရင်းနှီးလုပ်ဆောင်ပါ။

ခရီးထွက်လျှင် စုံဂဏန်းကျသည့်ရက်တွင် သွားပါ။ လှူဒါန်းသည့်အခါ ထီး(၉)လက် လှူဒါန်းပါ။

**ခုစွန်း(၀) သို့မဟုတ် (၁၀) ကြက်မင်းဇာတာဟောကိန်း**

ဘုရားလောင်းကြက်မင်း ဘဝတွင် စမ္မာနဂိုရ်ပြည်မှာ လုလင် မုဆိုးညွှတ်ကွင်းနှင့်ဖမ်းမိပြီး မင်းတရားကြီးကို ဆက်ရာ မင်းကြီးက မုဆိုးကို အသပြာတစ်ထောင်ပေးပြီး ကြက်မင်းကို မွေးထားသည်။ ကြက်မင်းက ညစဉ် သန်းခေါင်အချိန်မှာ ငုံးမင်းပရိတ်ရွတ်ဖတ်သည်ကို မင်းကြီးကြားရသည်။ ကြက်မင်းက နေ့အခါ မာဂဓစကားပြော၍ ညတွင်လူစကားပြောတတ်သောကြောင့် အသက်(၃၃)နှစ်ရှိ ကြက်မင်းကို ရွာကြီးတစ်ရွာ အပိုင်စားပေး ချီးမြှောက်သည့်ကိန်းဖြစ်သည်။

မွေးသည့်အခါ မွေးဖော်နှင့် ယှဉ်ပြီးမွေးမည်။ ညမွေးလျှင် ချမ်းသာပြီး တည်မြဲတတ်မည်။ နေ့မွေးလျှင် စီးပွားဥစ္စာ မတည်မြဲတတ်ပါ။ (၁၀)လ၊ (၁၀)နှစ်အတွင်း ချူချာလျှင် စကြာ(၄)ခုပြု၍ သောကြာသားမှတစ်ဆင့် ခမည်းပေးပါ။ မပေးက (၁၆)နှစ်တွင် အကြီးအကဲတို့ စီးပွားကျဆင်းပျက်စီးမည်။ ကျောင်းမှာနေစဉ် ဆရာများက ချစ်မည်။ ပညာတိုးပွားမည်။

မင်းစိုးရာဇာ ရဟန်းဖြစ်တတ်သည်။ ပစ္စည်းဥစ္စာတည်မြဲမည်။ တန်ခိုးရှိပြီး ချမ်းသာမည်။ အသက်(၂၀)မှာ ချစ်သူနှင့် ကွဲကာ တစ်ဖန်ပြန်ပေါင်းရမည်။ ပေါင်းလျှင်သောကနှင့် ပေါင်းရမည်။

(၂၅)နှစ်တွင် စည်းစိမ်ချမ်းသာတိုးမည်။ (၂၈)နှစ်မှာ ဥစ္စာမတည်၊ ရောဂါဆန်းဖြစ်ပြီး ခင်ပွန်းနှင့် ကွဲမည်။ သား(၃)ယောက်မွေးသော်လည်း သားတွေထဲတွင် ထွန်းကားသူ မရှိဖြစ်ပြီး သမီးထဲတွင် တစ်ယောက် ဇေကန်ထူးမည်။

အိမ်ထောင်နှစ်ဆက် ပျက်ကာ သုံးဆက်မြောက်မှ မြဲမည်။ အသက် (၃၀) အဝင်တွင် သေကိန်းအမှန်ဖြစ်သော်လည်း မသေပါ။ (၃၃)နှစ်တွင် ချမ်းသာတိုးပွားမည်။

အိမ်ဆောက်လျှင် တောင်ဘက်သို့ မျက်နှာပြုပါ။ တောင်ဘက်လျှင် တံခါးထားပါ။ အရှေ့ဘက်မှာ နွားထားပြီး အနောက်ဘက်မှာ စပါးကျီထားပါ။

ဓာတ်စာက ကြက်တက်ပင်မြစ်သည်။ ရောဂါဖြစ်လျှင် ကြက်တက်မြစ်ကို ဆားခတ်သွေးကာ လူးပါ။ ချွေးထုတ်လျှင် ညောင်းညာကိုက်ခဲ ပျောက်မည်။ မူးမေ့ သလိပ်နာရှိလျှင် အခေါက်ကို ကျိုကာ ရေချိုးပါ။ ရွက်နုကို သုပ်၍စားပါ။

လဆန်း (၁၀)ရက်၊ လပြည့်ကျော်(၁၀)ရက် စီးပွားလုပ်ငန်း မစတင်ရပါ။ စီးပွားရေးအတွက် ခရီး မထွက်သင့်ပါ။ ငွေ ၁၀၀၀၀ကျပ်၊ ငွေ ၁၀သိန်း၊ သိန်း ၁၀၀ စသည့် ငွေပမာဏကို ငွေပင်ငွေရင်း မလုပ်ရပါ။

လဆန်း(၁၀)ရက်၊ လပြည့်ကျော်(၁၀)ရက်မှာ ငွေဆယ်ဂဏန်းကိုင်၍ ခရီး(၁၀)မိုင် စသော ဆယ်ဂဏန်းဝေးကွာသည့် ခရီးကို မသွားပါနှင့်၊ သွားမိလျှင် ဒုက္ခရောက်မည်။

အရင်းအနှီးပြုပါက ငွေကို (မ)ဂဏန်းနှင့် ရင်းနှီးပါ။ ခရီးထွက်လျှင် (မ)ဂဏန်းကျသော ရက်တွင်ထွက်ပါ။ စာပေ၊ စာအုပ်၊ ရွှေသက်န်းကို လှူပါ။

(အလွန်ရှေးကျသည့် မြန်မာ့ရိုးရာဗေဒင်ဖြစ်ပါသည်။ ရှေးခေတ်က ဤဗေဒင်ဟောနည်းသည် တွင်ကျယ်ခဲ့မည်ဖြစ်သော်လည်း ယခုအခါ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းဗေဒင်နည်းစနစ်တစ်ခု ဖြစ်နေပါသည်။ ဗဟုသုတအဖြစ် ဖတ်ရှုလေ့လာသင့်ပါသည်)

❒ ထွန်းလွင် (စတ်မှုတတ္တဆိုင်)





www.burmeseclassic.com

www.burmeseclassic.com

# စမဘုန်းဘုန်း ချီးမြှင့်သော

# ငွေအကြွေးကိစ္စ အဆင်ပြေ လာဘ်ဝင်စေသော ယတြာ



ဂမ္ဘီရဆရာလှမျိုး

တစ်နေ့တွင် စာရေးသူနှင့် မိတ်ဆွေအချို့သည် မှော်ဘီမြို့အစွန်ရှိ စမတစ်ထောင်ကျောင်းတိုက်သို့ ရောက်ရှိသွားပါသည်။ စမတစ်ထောင်ကျောင်းသည် မှော်ဘီ စုပေါင်းရုံးမှတ်တိုင်မှ ဆင်းကာ ဆိုင်ကယ်ကယ်ရီ ၅၀၀ ကျပ်ပေးစီးသွားသောအခါ ကျောင်းဝင်းသို့ တိုက်ရိုက်ရောက်သည်။ ကိုယ်ပိုင်ကားဖြင့်လည်း ဝင်ရောက်နိုင်သည်။

ရွှေဟောင်းစေတီပြုပြင် မွမ်းမံ ဗုဒ္ဓသာသာနာပြု စမဘုန်းဘုန်း(ခေါ်) စမတစ်ထောင်ဆရာတော်၏ သက်တော်(၆၀)ပြည့် မွေးနေ့ပူဇော်ပွဲသို့ သွားရောက်ကြခြင်း ဖြစ်ပါသည်။

ယခင်က ထိုအနီးအနားတစ်ဝိုက်တွင် မရန်းတလင်းခြံကြီးရှိသည်။ ဂမ္ဘီရပညာရှင်ဆရာကြီး မင်းသိခ်၏ ဂမ္ဘီရနယ်မြေအဖြစ် ထင်ရှားကျော်ကြားခဲ့ပါသည်။ ဆရာကြီးရှိစဉ်ကလည်း မွေးနေ့ပွဲ နှစ်စဉ်ရောက်သည်။ မကွယ်လွန်မီ လပိုင်းအလိုတွင်ပင် အသက်(၇၀)ပြည့် မွေးနေ့အခမ်းအနား ကျင်းပသွားခဲ့ပါသေးသည်။

ဗေဒင်ပညာ၊ စာရေးခြင်းပညာထူးချွန်သော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး တပည့်များက လေးစားကြည်ညိုစွာဖြင့် အဘ ဟုခေါ်ဆိုခဲ့ကြသည်။

ထိုအဘ မရှိသောအခါ စမဘုန်းဘုန်း၏ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားလာသည်။ (၇)နေ့သားသမီးတို့၏ အခက်အခဲများကို မေတ္တာစေတနာဖြင့် ကူညီဖြေရှင်းပေးနေသော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော်၏ မွေးနေ့ပူဇော်ပွဲတွင် လာရောက်ကြသူများအား သက်သတ်လွတ်ထမင်း ကျွေးမွေးဧည့်ခံသည်။ စာအုပ်ဂျာနယ်များ ရောင်းတာလည်း တွေ့ရသည်။

ဆရာတော် နာယကအဖြစ် ဆောင်ရွက်ပြီး ဇမ္ဗူဒိပ်ဂျာနယ်တစ်စောင် ထွက်နေပါသည်။ ဘာသာရေး (ဓမ္မ)၊ ဂမ္ဘီရ၊ နိုင်ငံရေး ရောသမမွှေစာစောင်တစ်ခု ဖြစ်ပါသည်။

ဆရာတော်မှ စာရေးသူတို့အား စာအုပ်တစ်အုပ်ချီးမြှင့်ပါသည်။ ထိုစာအုပ်မှာ ဝိဇ္ဇာဓရ မဟာဗိဒ္ဓိပညာစာအုပ်ဖြစ်သည်။ ရွှေဟောင်းစေတီ ပြုပြင်မွမ်းမံ ဗုဒ္ဓသာသနာပြု ဣစ္ဆာသယ လိုတရငွေထုပ်ကြီးနှင့် စမဘုန်းဘုန်း (ခုနစ်ရက် သားသမီးအားလုံးအတွက် သိမှတ်ဖွယ်အကြောင်းများနှင့် အံ့မခန်းအစွမ်းထက်သည့် ယတြာများ)ဟု ရေးသားထားပါသည်။

စာရေးသူ၏ ကြံတိုင်းအောင် ဟောခန်းသို့ ရောက်ရှိလာကြကုန်သော ဗေဒင်မေး ပရိသတ်များသည် အကြောင်းအရာအမျိုးမျိုးဖြင့် လာကြသည်။ စာရေးသူ ကျွမ်းကျင်သော လောကီနဝင်းစီး ယတြာဖြင့် ကူညီဖြေရှင်းပေးရသည်။ ဆရာတော်၏ စာအုပ်ရသောအခါ အကြွေးကိစ္စ အခက်...





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသူ လှိုင်သာယာမှ ဦးမြင့်စိုးအား အကြွေးပြန်ရစေသော ယတြာဆောင်ရွက်ခိုင်းလိုက်သည်။

တစ်ကြိမ်ပြုလုပ်ပြီး ပြန်ရသည်ဟု လာပြောသည်။ နောက် တာမွေ ကျောက်မြောင်းမှ ပရိသတ်တစ်ဦးအား ဆောင်ရွက်ခိုင်းရာ သုံးကြိမ်ပြုလုပ်ပြီးမှ ပြန်ရကြောင်း ပြောကြားသည်။

နောက်ဆုံး စာရေးသူကိုယ်တိုင်လည်း လက်တွေ့ ဆောင်ရွက်ကြည့်ရာ တစ်ပတ်အတွင်း အကြွေးပြန်ရသည်။

ထိုစာအုပ်လေးမှာ အရွယ်ငယ်သော်လည်း တန်ဖိုး ကြီးသည်။ ပညာတန်ဖိုးလည်း ကြီးသည်။ ငွေတန်ဖိုး ၃၀၀၀ ကျပ်ရှိသည်။ အပြင်သို့လည်း ဖြန့်ဖြူးရောင်းချတာ မရှိပေ။

တစ်နှစ်တစ်ကြိမ်သာ ရောင်းသည်။ ဂျာနယ်ဆောင်း ပါးပေါင်းချုပ် ယတြာတစ်အုပ် ထွက်လာသည်။

စာဖတ်ပရိသတ်များ ငွေအကြွေးကိစ္စ အခက်အခဲ ဖြစ်နေပါသလား။ ဆုံးမလိုဖြစ်နေတဲ့ငွေ ပြန်ရစေဟေ့ဟု ခေါင်းစဉ်တပ်ထားသည်။ လိုရင်းမှာ အကြွေးပြန်ရစေ၊ အလိမ်ခံရသောငွေ ပြန်ရစေသော ယတြာဖြစ်သည်။

သုံးမလိုဖြစ်နေတဲ့ငွေ ပြန်ရစေဟေ့

မိမိတို့အနေနှင့် ငွေကြေးများချေးထားပြီး တစ်ဖက်မှ ပြန်မပေးဘဲ အကြောင်းအမျိုးမျိုးပြကာ ထစ်ငေါ့ကြန့်ကြာ နေခြင်းများ ကြုံတွေ့ပါက အောက်ဖော်ပြပါ ဝိဇ္ဇာယတြာ နည်းကို သေသေချာချာ လုပ်ရပေလိမ့်မည်။

(နဝင်းချေပြီး ပြုလုပ်ပေးသူ သုံးဦးစလုံး အဆင်ပြေ သွားကြသည်)

အင်္ဂါနေ့ နံနက်စောစော (၇) နာရီ(၁၅)မိနစ် အချိန် တွင် မိမိတို့၏ နေအိမ်ဘုရား၌ ဆွမ်းတော်သုံးပွဲ (သားငါး မပါသောဆွမ်း) အောင်သပြေ (၁၀)ညွန့် ကပ်လှူရမည်။ ထို့နောက် ဖယောင်းတိုင် (၃)တိုင်ကို မီးထွန်းညှိပူဇော်ရမည်။ ပြီးလျှင် မိမိ၏လက်ဝါးတွင် ပိုက်ဆံယူသွားသူ (ချေးသွားသူ၊ လိမ်သွားသူ) ၏ အမည်နာမကို ရေးပါလေ။

ဥပမာ- ဦးသိန်းလွင်ဆိုပါက သိန်းလွင် ဟုသာရေးပါ။ သိန်းလွင်ချေး ထားတဲ့ငွေ . . . အမြန်ပြန်လာပါစေ။

ငွေပမာဏနှင့်တကွ ပြည့်စုံစွာ ရေးပါ။ ညာသန် ဘယ်လက်ဖဝါးမှာ ရေးပါ။ ဘယ်သန် ညာလက်ဖဝါးရေးပါ။ ဆီတစ်စက်လည်း လက်ဝါးပေါ်တွင်ချပြီး ပွတ်ရမည်။ ဆီကို အဘယ်ကြောင့် သုံးခိုင်းသနည်းဆိုလျှင် ကျွန်ုပ်တို့ ဂမ္ဘီရ အတတ်ဝိဇ္ဇာပညာရပ်တွင် အဆွဲဓာတ် တစ်ခုအနေနှင့် အသုံးပြုခြင်း ဖြစ်သည်။

နောက်တစ်ဆင့်အနေနှင့် ငွေတစ်ထောင်တန်တစ်ရွက် ကို လက်ဝါးထဲ၌ထည့်ပြီး ရိုက်ကာ မိမိ၏နှုတ်မှ . . .

"ငါ့ငွေ ငါ့ထံ လာပေးစေ" ဟု ပြောရမည်။

ပြီးလျှင် ထောင်တန် ဘေးဖယ်ထား၊ လက်ဝါးနှစ်ဖက် ကို ထွန်းညှိထားသည့် ဖယောင်းတိုင်တွင် ခပ်စွေးစွေးသော ကင်ပါ။ ကင်ပြီးလျှင် လက်ခုပ် (၆)ချက်တီးပါ။

ထိုသို့တီးရင်း မိမိ၏လိုရာဆန္ဒကို အကျအနဆောင်ရ မည်။ တစ်ပတ်အတွင်း သိသာအောင်မြင်ပါသည်။ ယုံကြည် စွာပြုလုပ်ပါ။ တစ်ပတ်မထူးလျှင် ဆက်လုပ်ပါ။ သုံးပတ် အတွင်း အောင်မြင်မည်။ စာရေးသူကိုယ်တိုင် ပြုလုပ်ပြီး၍ အာမခံခြင်းဖြစ်သည်။

လာဘ်လာဘ ပေါများချင်လျှင် မိတ်ဆွေအပေါင်း အသင်းများအား မကြာခဏ လက်ဖက်ရည်တိုက် ဒါနပြု ပေးပါ။ မိန်းကလေးများ လက်ဖက်သုပ်ကျွေး၍ ရသည်။ ငွေကြေးကိစ္စ အဆင်ပြေ အောင်မြင်ချင်လျှင် တနင်္လာ နေ့တိုင်း ခွေး၊ ခို၊ ငါး အစာကျွေးပါ။ တနင်္လာနေ့တိုင်း မကြာခဏ ခွေးစာ ကျွေးပေးပါ။

ကြီးပွားချင်လျှင် ကျီးစာကျွေးပါဟု ဆိုထားသည်။ မည်သို့ပင်ဖြစ်စေ တနင်္လာနံ (ငွေ၊ အကြွေး) အဆင်ပြေစေရန် တနင်္လာနံ (ခွေး၊ ခို၊ ကျီး၊ ငါး) အပတ်စဉ် မပျက်မကွက် အစာကျွေးပါ။ သုံးလေးပတ် ပြုလုပ်ပြီးလျှင် သိသာလာ ပါလိမ့်မည်။

ဈေးဆိုင်တွေ ရောင်းကောင်းစေရန် လာဘ်ရှင်ငွေ ဝင်ကောင်းစေရန် လက်ဖက်တစ်ဆုပ် ညာဘက်ဖြင့်ဆုပ်ပြီး ဆီအနည်းငယ်ထည့်ကာ ကြွပ်ကြွပ်အိတ်နှင့် ချိတ်ဆွဲထားပါ။ ပန်းကန်နှင့် ထည့်ထား၍လည်း ရသည်။ နတ်ပူဇော်ခြင်း မဟုတ်ပါ။ ဓာတ်ဆင်ယတြာပြုလုပ်ခြင်းသာ ဖြစ်သည်။

နတ်ပူဇော်လိုပါက အင်္ဂါ၊ သောကြာနှစ်ရက် ဆိုင်ရာ နတ်ဒေဝါ၊ ရိုးရာနတ်၊ ရုက္ခစိုးနတ်တို့အား လက်ဖက်ဆက်ပြီး လိုရာဆန္ဒ ဆုတောင်း မေတ္တာပို့သပေးပါ။

မိမိ၏ ဗြိဟ်ခွင်တွင် တနင်္လာနံ(၂)အားကောင်းပါက တစ်ပတ် ပြုလုပ်တာနှင့် ထင်ရှားသိသာပေ၏။ ၂လာ်နံ မကောင်းပါက သုံးလေးပတ် ဆက်တိုက် မပျက်မကွက် စိတ်ရှည်စွာ ပြုလုပ်ပေးပါ။

ဘုရားပူဇော်တိုင်း သောဘဂဝါ ဣတိပိ အရဟံ ပုတီး(၉)ပတ်စိပ်ပါ။ အရဟံဂုဏ်တော် လာဘ်ပွင့်စေသည်။

နေ့စဉ် အရဟံဂုဏ်တော်ပွားများ ပုတီးစိပ်ပါ။ စမ တစ်ထောင် (ခေါ်) စမဘုန်းဘုန်းသည် ကျန်းမာရေးအတွက် အစွမ်းထက်ဆေးတော်ကြီး ဖော်ပေးနေပါသည်။

❒ ဂမ္ဘီရဆရာလှမျိုး



www.burmeseclassic.com

www.burmeseclassic.com

# အရဟံ ဇယံ ဂါထာ
## နှင့်
# အစွမ်းထက်မြက် ဂမ္ဘီရ မေတ္တာပို့



**မိုးတိမ်**

စာရေးသူသည် နိုင်ငံ့ဝန်ထမ်း တစ်ဦးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်မှ ပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရင်း ထားရာနေ စေရာသွား တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လျက် ရှိပါသည်။

စာရေးသူသည် တာဝန်ဝတ္တရားများနှင့် ပတ်သက်လာလျှင် တိကျစွာ လိုက်နာ ဆောင်ရွက်တတ်သူ ဖြစ်ပြီး အချိန်ကိုလည်း လေးစားသူတစ်ဦး ဖြစ်သည်။ သိတတ်စ အရွယ်မှစ၍ ဘာသာတရားကို ရှိသေကိုင်းရှိုင်းသူတစ်ဦး ဖြစ်ပြီး ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို တတ်အားသရွေ့ ဆောင်ရွက်လေ့ရှိပါသည်။

အများသူငါ သောက်သုံးရေနှင့် အိမ်သာရေတို့ကိုလည်း တတ်အားသရွေ့ ဖြည့်ဆည်းပေးပါသည်။ ကံငါးပါးထဲမှ သူ့အသက်သတ်ခြင်း ဟူသော ပါဏာတိပါတာကံကို အထူးရှောင်ကြဉ်ပါသည်။ စာရေးသူသည် ချမ်းသာသူတစ်ဦးမဟုတ်သော်လည်း စားဝတ်နေရေး အထိုက်အလျောက် အဆင်ပြေခဲ့ပါသည်။

စာရေးသူ အမြဲတမ်းရွတ်ဖတ်လေ့ရှိသာ ဂါထာတစ်ပုဒ်မှာ အရဟံ ဇယံဂါထာ ဖြစ်ပါသည်။ အရဟံ ဇယံဂါထာတော်အား အားလပ်သည့်အချိန်၌သော်လည်းကောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်နေရင်းသော်လည်းကောင်း ရွတ်ဖတ်ပူဇော်လေ့ရှိပါသည်။

ဧင်းဂါထာတော် ရွတ်ဖတ်ပြီးပါက အစွမ်းထက်မြက် ဂမ္ဘီရမေတ္တာပို့တို့ကိုလည်း ရွတ်ဖတ်၍ မေတ္တာပို့သပါသေးသည်။

ဤမျှ ကုသိုလ်ကောင်းမှု ပြုလုပ်နေသည့် ကြားမှပင် အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်းဆိုသည့်အတိုင်း တစ်ရက်၌ မိမိ၏ ပေါ့လျော့မှုကြောင့်လား၊ ကံဇာတ်ဆရာ၏ အလိုကျအတိုင်းလားမသိ စာရေးသူ၏ အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာရပါတော့သည်။

ထိုနေ့ကား ၁၅-၉-၂၀၁၃ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ထိုနေ့က စာရေးသူ အရာတော်မြို့နယ်သို့ ကိုစွတစ်ရပ်ဖြင့် ခေတ္တခဏရောက်ရှိခဲ့ပြီး နံနက်စောစောတွင် မိမိလုပ်ငန်းတာဝန်ထမ်းဆောင်ရာ ဒီပဲယင်းမြို့နယ်သို့ အပြန်လမ်းခုလတ်တွင်ဖြစ်ပါသည်။

ဧင်းနေ့က စာရေးသူ ၇ နာရီ အရောက် လုပ်ငန်းခွင်ဝင်နိုင်ရန် နံနက် ၄ နာရီထ၍ ဝီရိယပိုကာ မိုးတဖွဲဖွဲကျနေသည့်ကြားမှ ထွက်လာမိခဲ့ပါသည်။ အရာတော်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ်မှာ ဆိုင်ကယ်ဖြင့်သွားလျှင် ၂ နာရီ ကျော်ခန့်သာကြာပါသည်။ ထိုအချိန်က မိုးတဖွဲဖွဲရွာ၍ ချောင်းရေများလည်း စီးဆင်းနေပါသည်။ ချောင်း သုံးခု ဖြတ်သန်းလာခဲ့ရာ အဆင်ပြေပြေ ဖြတ်သန်းလာနိုင်ခဲ့သော်လည်း နောင်ကြီး အိုင်ကျေးရွာသို့ မရောက်ခင် ဘော်... ကျေးရွာအလွန်ရှိ ချောင်းတစ်ချောင်း... အဖြတ် ဆိုင်ကယ်မှာ ရေစီးအား... လဲကျ၍ လူရော ဆိုင်ကယ်ပါ ချော... ရေစီးကြောင်းနှင့်အတူ ကိုက်(၁၀၀)... အကွာလောက်ထိ မျောပါသွားခဲ့... သည်။

စာရေးသူမှာ ရေကူးကျွမ်းကျင်... သူ မဟုတ်သော်လည်း သတိလစ်... မရှိဘဲ အရဟံ ဇယံဂါထာ တော်... နှုတ်မှအသံထွက်ရွတ်ဆိုရင်း လုံ့လ... ဆိုင်ကယ်အား ရေစီးအားနှင့် ... မသွားစေရန် ထိန်းထားရင်း ... အနီးဆုံးဟု ခန့်မှန်းရသည့်ဘ... တွန်းပို့နေမိပါတော့သည်။

ထိုအချိန်က နံနက်ဝေ... လင်းဖြစ်၍ ကောင်းစွာ အလင်း... မရရှိသေးပါ။ ကံအားလျော်စွာပင် ... နှင့် နီးရာသို့ ရောက်ရှိသွားပါ... ချောင်းရေထဲ၌ (၂၅)မိနစ်ခန့်ကြာ... ထင်ပါသည်။ အလင်းရောင်... အနည်းငယ် ရရှိလာပြီ ဖြစ်ပါ... ကမ်းမှာ လမ်း၏နံဘေးတွင်ရှိပြီး ...





www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ တက်နိုင်ရန် နှစ်ပေခွဲ၊ သုံးပေခန့် မြင့်ပါသည်။

အနည်းငယ် မတ်စောက်နေသဖြင့် ဆိုင်ကယ်အား တွန်းတင်၍ မရပါ။ စာရေးသူလည်း ဆိုင်ကယ်အား ရေလွတ်ရာ၌ ထောင်ထားခဲ့၍ လမ်းပေါ်သို့ တွယ်တက်ကာ ဘော်ကုန်းကျေးရွာဘက်သို့ပြေး၍ နီးစပ်ရာ လမ်းနဘေးရှိ လက်ဖက်ရည်ဆိုင်မှ လူ(၂)ဦးတို့အား အကူအညီတောင်း၍ ခေါ်ဆောင်လာပြီး ဆိုင်ကယ်အား တွန်းတင်ခဲ့ရပါသည်။

ဆိုင်ကယ်မှာ ရေဝင်၍ စက်နှိုး၍ မရတော့ပါ။ စာရေးသူ၌ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့သော်လည်း ပွန်းပဲ့ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ပြီး Aersolt ဖိနပ်တစ်ရန်၊ ဆိုင်ကယ်စီးဦးထုပ်တစ်လုံး၊ ခရီးဆောင်အိတ် တစ်လုံးတို့မှာ ရေစီးအားနှင့် မျောပါသွားခဲ့ပါသည်။ ခရီးဆောင်အိတ် အတွင်း၌ လက်ကိုင်ဖုန်း တစ်လုံး၊ ပိုက်ဆံ ငါးသောင်းကျပ်ခန့်၊ ဘွဲ့လက်မှတ်၊ (၁၀) တန်းအောက်လက်မှတ်နှင့် အရေးကြီး စာရွက်စာတန်းများ ပါရှိနေပါသည်။

စာရေးသူလည်း ဘော်ကုန်းရွာမှ နီးစပ်ရာ ဖုန်းတစ်လုံး အကူအညီတောင်း၍ မိတ်ဆွေသူငယ်ချင်းများထံ ဖုန်းဆက်၍ အကျိုးအကြောင်းပြောပြကာ လှမ်းခေါ်ခဲ့ပါသည်။

နာရီဝက်ခန့်ကြာသောအခါ မိတ်ဆွေသူငယ်ချင်းများဖြစ်သော ဖိုးတွတ်၊ ကိုတာ၊ ဂျမ်းဘုံနှင့် ဂွက်ထော်တို့ လေးဦး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်လာပါတော့သည်။

၎င်းတို့ ရောက်လာပြီး သိပ်မကြာ ရေကျနေပြီဖြစ်သဖြင့် သူငယ်ချင်းတစ်စုနှင့်အတူ ရွာမှ လမ်းပြ တစ်ဦးခေါ်၍ အရေးကြီးစာရွက်စာတန်းများ ပါသော ခရီးဆောင်အိတ်အား ချောင်းရိုးတစ်လျှောက် လိုက်ရှာပါတော့သည်။

တွေ့လို တွေ့ငြားသာ လိုက်ရှာဖွေသော်လည်း ပြန်တွေ့မည်ဟု လုံးဝ ထင်မထားခဲ့ပါ။ သို့သော် ချောင်းရိုးတစ်နေရာအရောက် ချုံတစ်ချုံအတွင်း၌ မထင်မှတ်ဘဲ ၎င်းခရီးဆောင်အိတ်အား ပြန်လည်ရရှိခဲ့ပါတော့သည်။

သေချာပြန်လည်သုံးသပ်ကြည့်ပါက စာရေးသူ အသက်အန္တရာယ်ဘေးမှ လွတ်ကင်းရခြင်း၊ အရေးကြီးစာရွက်စာတမ်းများ ပြန်လည်ရရှိလာခြင်းတို့သည် စာရေးသူ အမြဲရွတ်ဆိုသော အရဟံ ဇယ်ဂါထာတော်နှင့် အစွမ်းထက်မြက် ဂမ္ဘီရမေတ္တာပို့တို့၏ ကျေးဇူးကြောင့်သာဖြစ်၍ စာဖတ်သူများ ရွတ်ဆို ပွားများနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

အရဟံဇယ်ဂါထာတော်

အရဟံ ဗဟိအန္တဇယ် သုဂတံ၊ အမိတံဝိရဇံ လလိတံ အတုလံ။

စရဏံ တိဘဝုပသမံ ယမကံ၊ သုခဒံ သရဏံ ပဏာညာမညာမိ ဇိနံ။

အရဟံ - လူမင်း၊ နတ်မင်း၊ ဗြဟ္မာတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူတော် မူထိုက်ပါပေထသော၊ အရဟံ - လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူတော် မူထိုက်ပါပေထသော၊ ဗဟိအန္တဇယ် - အတွင်းရန် အပြင်ရန်တို့ကို အတန်တန် အောင်တော်မူပြီးထသော၊ သုဂတံ- ကောင်းသောစကားကို ဆိုတော်မူတတ်ပါပေသော၊ သုဂတံ- ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူပါပေထသော၊ ဝိရဇံ - ရာဂ အစရှိသော ကိလေသာမြူကင်းတော်မူပါထသော၊ လလိတံ- ရောင်ခြည်ခြောက်သွယ် ကွန့်မြူးစံပယ်တင့်တယ်တော်မူပါပေထသော၊ စရဏံ- နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံတော်မူပါပေထသော၊ တိဘဝုပသမံ- ဘဝသုံးပါး ဘုံသုံးပါးတို့၌ ကိလေသာအပူမီးတို့ကို ငြိမ်းအေးစေတော်မူနိုင်ပါပေထသော၊ ယမကံ- ရေမီးအစုံစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြစွမ်းတော်မူနိုင်ပါပေထသော၊ သုခဒံ- လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကို ပေးတော်မူတတ်ပါပေထသော၊ သရဏံ - လူနတ်နှင့် သိကြား သတ္တဝါဝေနေ များဗိုလ်ခြေတို့၏ အားထားကိုးကွယ်ရာ အစစ်တောင် ဖြစ်တော်မူသော၊ ဇိနံ- မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို အထံ - အကျွန်ုပ်သည်၊ ပဏာမာမိ - တိုင်းညွတ်ရိုကျိုး သဒ္ဓါမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(ဤဂါထာတော်အား ဘုရားဂုဏ်တော် (၉)ပါးကို အာရုံပြု၍ အနည်းဆုံး တစ်နေ့ (၉)ကြိမ်ရွတ်ပါ။ ထို့ထက်တတ်နိုင်လေ ပိုကောင်းလေ ဖြစ်ပါသည်။ အလွန်အကျိုးထူးပြီး တန်ဖိုးမဖြတ်နိုင်သော ဂါထာတော် ဖြစ်ပါသည်)

အစွမ်းထက် ဂမ္ဘီရမေတ္တာပို့

အရှေ့နေထွက် အနောက်နေဝင် တောင်တံငါကွန် မြောက်ခွဝံကြယ် အထက်ဘဝဂ် အောက်အဝီစိ နှံ့ပြည့်ကြေညာ ဇီလာထုတ်ချင်း ရှုပ အရူပကာမဘုံ ကျင်လည်ကြကုန်သော ဝိဇ္ဇာဇော်ဂျီ တပသီပေါင်းမှစ၍ သုခိတာဒုက္ခိတာ ကဝါလမိုင်း တောလမိုင်း ရေလမိုင်း အာကာလမိုင်း ဣဒ္ဓိမန္တ ဝေမန္တိက ပြိတ္တာအပေါင်းမှစ၍ အဝေရာ ဘေးအပေါင်းမှ ကင်းဝေးကြပါစေ။

အဗျာပဇ္ဇာ စိုးရိမ်ကြောင့်ကြ ပူပင်ခြင်းမှ ပျောက်ကင်းကြပါစေ၊ အနီဃာ ဆင်းရဲပင်ပန်းခြင်းမှ ကင်းဝေးကြပါစေ။ ဒုက္ခဝဋ်ဆင်းရဲမှ လွတ်ကင်းကြပါစေ။ လာမသယ်ရာ တည်ကုန်သော ယထာလဒ္ဓသမ္ပတ္တိသော အကျင့် အကြံရအပ်ပြီးသော စည်းစိမ်ချမ်းသာဟူသမျှတို့နှင့် မရရှိသေးသော စည်းစိမ်တို့သည်လည်း ရရှိကြ၍ မိမိကိုယ်မှာလည်း စောင့်ရှောက်ထိန်းသိမ်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ။

❒ မိုးထိမ်



www.burmeseclassic.com

www.burmeseclassic.com

# အကျုံးအစည်အောင်မြင်စေသော
# အောင်မာတ်ယတြာ




## ကောင်းခိုက်နိုး(မန်နေဝန်း)

လွန်ခဲ့သော ဆယ်နှစ်ကျော် ကာလက ကျွန်တော် ခရီးသွားရင်း ကားပေါ်တွင် ဆုံတွေ့ခဲ့ရသော အသက် ခြောက်ဆယ်ကျော် ဘုန်းကြီးအိုကြီး တစ်ပါးအား လမ်းခရီးထမင်းဆိုင်တွင် ဆွမ်းကပ်လှူဒါန်းခဲ့ရသည်။

ထိုကဲ့သို့ ရင်းနှီးလာခဲ့ကြရာမှ ဦးပဥ္စင်းကြီးအား နေထိုင်ရာဒေသကို မေးမြန်းကြည့်ရာ မတ္တရာဘိုးတော်တောင်တွင် နေထိုင်ကြောင်း သိခဲ့ရပါသည်။ ထိုဦးပဥ္စင်းကြီးကလည်း ကျွန်တော်၏ ရင်းနှီးခင်မင်မှုအား တုံ့ပြန်သောအနေဖြင့် အောက်တွင် ဖော်ပြမည့် အောင်မာတ်ယတြာနဲ့ ပုတီးစိပ်နည်းကို ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ရန် လက်ဆောင်အဖြစ် ပေးကမ်းစွန့်ကြခဲ့ပါသည်။ ထို့ပြင် ဦးပဥ္စင်းကြီးက ပြောပြခဲ့သည်မှာ. . .

"အကျိုးတရားဆိုတာ အကြောင်းတရားများစွာတို့ ပြုပြင်ဖန်တီး စုစည်းပေါင်းဆုံပြီးမှအကျိုးပေးမှန်ခြင်း၊ အကျိုးပေးမြန်ခြင်းဆိုတာ ဖြစ်ပေါ်လာတတ်ပါတယ် ဒကာကြီး၊ ဒါကြောင့် အကျိုးတရားရရှိစေဖို့ မိမိကိုယ်တိုင် ကံမရှိ ဉာဏ်ရှိတိုင်းမွဲ မဖြစ်ရလေအောင် ကံကို ပြုပြင်ဖန်တီးကြရတာပဲ၊

ဘဝတစ်လျှောက်လုံး ကံကောင်းကံမြင့်နေဖို့လည်း လူတိုင်းအလိုရှိနေကြတာပဲ မဟုတ်လား၊ ဒါမှလဲ (၇)ရက်သားသမီးတိုင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ လိုရာဘဝခရီးကို လျှောက်လှမ်းနိုင်ကြမှာ ဧကန်မလွဲဘူးဒကာ"

ထိုကဲ့သို့ ရရှိခဲ့သော အောင်မာတ်ယတြာနဲ့ ဂြိုဟ်သက် ပုတီးစိပ်နည်း ဖြစ်ပါသည်။ ထိုအောင်မာတ်ယတြာနဲ့ ဂြိုဟ်သက် ပုတီးစိပ်နည်း အကြောင်းကို ပြောရလျှင် တစ်ခါ ကျွန်တော်၏ သူငယ်ချင်းတစ်ယောက် ဌာနတွင်း ငွေကြေး ပြဿနာဖြစ်ပြီး အလုပ်ပြုတ် ထောင်ကျမည့် အ အနေ ဖြစ်နေသဖြင့် ကျွန်တော်က ယတြာနဲ့ ပုတီးစိပ်နည်းအား ယုံ ကြည်ကြည်ဖြင့် လုပ်ကြည့်ရန် ပေးလို သည်။

သူငယ်ချင်းမှာလည်း အခြား နည်းမရှိတော့သဖြင့် တစ်လခန့် မကွက် လုပ်ခဲ့ရာ အမှုမှ လုံးဝ လွတ်သွားခဲ့ပါသည်။ ထိုသူငယ်ချင်း ယခုတိုင် ဤယတြာနဲ့ ပုတီးစိပ် အား ပြုလုပ် ဆောင်ရွက်နေဆဲ သည်။

ထို့အတူ နောက်အသိအ တစ်ယောက်မှာလည်း တစ် တည်း အရာရှိများ အသီးသီး

www.burmeseclassic.com

တက်သွားကြသော်လည်း သူကျန်နေခဲ့သည်။ တစ်လပါနီး တစ်လရာထူးတက်နီးနဲ့ စောင့်နေခဲ့ရာ ခြောက်လပင် ကျော်လာခဲ့ပြီဖြစ်သဖြင့် ကျွန်တော်က ထိုအသိအရာရှိအား ဖော်ပြပါ ယတြာနှင့် ဂြိုဟ်သက် ပုတီးစိပ်နည်းအား ယုံယုံကြည်ကြည်ဖြင့် လုပ်ဆောင်ရန် ပေးကမ်းကူညီလိုက်ပါသည်။

ထိုအရာရှိမှာလည်း ကြိုးစားယုံကြည်စွာ ရက်မပျက်လုပ်ဆောင်ခဲ့ရာ (၄၅)ရက်အတွင်းရာထူးတက်ပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားခဲ့ရပါသည်။

ဤယတြာနဲ့ ပတ်သက်ပြီး (၇) ရက်သားသမီးများနားလည်လွယ်အောင် ရှင်းပြရသော် တနင်္ဂနွေသားသမီးကို ဥပမာထား၍ ရှင်းပြပါမည်။

မွေးနံ တနင်္ဂနွေကို ခရားစောက်တိုင်ထူလိုက်လျှင် မွေးနံ၏ အပေါ်ပိုင်းတွင် ၆-၂-၅ ကို တွေ့ရပါမည်။ ၂ ဂဏန်း တနင်္လာသည် မွေးနံ တနင်္ဂနွေ၏ အညွန့်ဖြစ်၏။ ၅ ဂဏန်း ကြာသပတေးသည် မွေးနံ၏ ပဥ္စပွတ်ဖြစ်ပြီး ၆ ဂဏန်း သောကြာသည် ဆပွတ်ဖြစ်ပါသည်။

ပဥ္စပွတ်သည် အောင်မြင်မှု ကြာသပတေးဂြိုဟ်သက် (၁၉)နှစ်နှင့် ဆပွတ်သည် (စုတ်-ချစ်ခင်မှု) သောကြာဂြိုဟ်သက် (၂၁)နှစ်၊ နှစ်ခုပေါင်းလို့ရသည့် ဂြိုဟ်သက်(၄၀)ကို အမည်တစ်မျိုးတည်းနဲ့ ဂြိုဟ်နံ နှစ်ခုပါသော သပြေ(၄၀)ညွန့်ကို မွေးနံ တနင်္ဂနွေ၏ အညွန့်ဖြစ်တဲ့ တနင်္လာနံ ကြေးပန်းအိုးနဲ့ ထိုးပြီး မွေးနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း အိမ်ရှိဘုရားမှာ ကပ်လှူပူဇော်ပါ။

ဘုရားရှိခိုး ငါးပါးသီလခံယူပြီး မေတ္တာပို့ အမျှဝေပါ။ ပြီးလျှင် အလိုအပ်ဆုံး ဆုတစ်ခုကို တောင်းပါ။ ပြီးလျှင် တနင်္ဂနွေသားသမီးဖြစ်တဲ့အတွက် ဂြိုဟ်သက်ပုတီးစိပ်နည်း သူရဿ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ ဆုံးမှ ပုတီးတစ်လုံးချ၊ အဓိဋ္ဌာန်ပြုပြီး ပုတီး (၆) ပတ်နေ့စဉ် စိပ်ပါ။ ခုနစ်ရက်သားသမီးများ လုပ်ဆောင်ရန် ဇယား (၁)နှင့် (၂)ကို ဖော်ပြထားပါသည်။

***ဇယား(၁) မွေးနေ့နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ပြုလုပ်ရန်***

တနင်္ဂနွေသားသမီးသည် သပြေ (၂၁+၁၉=၄၀) ညွန့်ကို ကြေးပန်းအိုးနဲ့ လှူပါ။

တနင်္လာသားသမီးသည် ဒဟတ် (၁၀+၂၁= ၃၁) ညွန့်ကို စဉ့်ပန်းအိုး၊ အစိမ်းရောင်။

အင်္ဂါသားသမီးသည် အုံးနဲ့ (၆+၁၀= ၁၆)ညွန့်ကို ရွှေရောင်အိုးဖြင့် လှူပါ။

ဗုဒ္ဓဟူးသားသမီးသည် ကြိုးအာ (၁၅+၆=၂၁)ညွန့်ကို မြေပန်းအိုးဖြင့် လှူပါ။

ကြာသပတေးသားသမီးသည် စတ္တူ (၈+၁၅=၂၃) ညွန့်ကို သံ/သွတ်ပန်းအိုးဖြင့် လှူပါ။

သောကြာသားသမီးသည် လေးညှင်း (၁၇+၈=၂၅) ညွန့်ကို နက်ပြာရောင် အိုးဖြင့် လှူပါ။

စနေသားသမီးသည် မုယား (၁၉+ ၁၇=၃၆)ညွန့်ကို အနီရောင်အိုးဖြင့် လှူပါ။

ရာဟုသားသမီးသည် ဗုဒ္ဓဟူးသားသမီးများကဲ့သို့ လှူဒါန်းပါ။

***ဇယား (၂) မွေးနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း နေ့စဉ် ပုတီးစိပ်ရန်***

တနင်္ဂနွေ သားသမီး - သူရဿ အရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး ၆ပတ်။

တနင်္လာသားသမီး - စန္ဒြော အရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး (၁၅)ပတ်။

အင်္ဂါသားသမီး - ဘောမ အရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး (၈)ပတ်

ဗုဒ္ဓဟူးသားသမီး - ဗုဒ္ဓအရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး (၁၇)ပတ်

ကြာသပတေးသားသမီး - ဂုရု အရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ်ပုတီး (၁၉)ပတ်

သောကြာသားသမီး- သောကြ အရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး(၂၁)ပတ်

စနေသားသမီး - သောရိအရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး (၁၀)ပတ်

ရာဟုသားသမီး - ဗုဒ္ဓအရဟံဘဂဝါ သဗ္ဗသိဒ္ဓိ၊ ပုတီးတစ်လုံးချ၊ နေ့စဉ် ပုတီး (၁၂)ပတ်

ဤဓာတ်ပန်းဆင် အောင်ဓာတ်ယတြာကို ခုနစ်ရက်သားသမီးများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ရာထူးတိုးတက်ရေး၊ ဌာနပြောင်းရွှေ့ရေး၊ ဈေးရောင်းဈေးဝယ် အောင်မြင်ရေးတို့အတွက် ဖော်ပြပါ ဇယား(၁)တွင် ပါရှိသည့်အတိုင်း မိမိအိမ်ရှိ ဘုရားတွင် ကပ်လှူပူဇော်ပြီး ဇယား(၂)ပါရှိသည့်အတိုင်း ဂြိုဟ်သက်အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို နေ့စဉ်မှန်မှန် ပြုလုပ်သွားပါက အလိုရှိရာ အောင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပန်းအိုးထိုးရန် ဇယားတွင် ပါရှိသော အညွန့် အရွက်များ မရရှိနိုင်ပါက အခြားနေ့နံသင့် အညွန့်အရွက်တို့ကို သုံးနိုင်ပါသည်။ ပန်းအိုးများကို ဇယားပါအရောင်များမရရှိပါက လိုအပ်သော အစိမ်းရောင်၊ ရွှေရောင်၊ နက်ပြာရောင်၊ အနီရောင် ပန်းအိုးများဖြစ်အောင် ကိုယ်တိုင် သဘောဆေးသုတ်ပြီး အသုံးပြုတင်လှူနိုင်ကြောင်း ထိုမတ္တရာဘိုးတော်တောင်ဦးပဥ္စင်းကြီးက မိန့်မှာသွားခဲ့ပါသည်။

❒ တောင်းစိတ်နိုး(ဖန်နေဝန်း)



www.burmeseclassic.com

www.burmeseclassic.com



# ကျောက်မျက်ရတနာတို့၏ အပြစ်ကြောင့် ဤသို့အကျိုးယုတ်၏

စိန်နုစရက်

ရွှေဘုံသာ ကျောက်မျက်ရတနာ ဈေးကွက်ကြီးကား လူအများနှင့် စည်ကားလျက်ရှိ၏။ ကုန်သည်မျိုးစုံ ပွဲစားမျိုးစုံ စီးပွားရှာနေကြလေ၏။

ဦးစိန်သောင်း ဆိုသူမှာ စိန်ကျောက်အထူးကျွမ်းကျင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ ကျွန်ုပ်နှင့် အလွန်ခင်မင်ရင်းနှီး၏။ ၎င်းသည် ကျောက်မျက်ပညာအား ထဲထဲဝင်ဝင် သိရှိသည့်အပြင် စာပေဗဟုသုတလည်း များစွာရှိသဖြင့် ကျွန်ုပ်အားရက်ရတိုင်း ၎င်းထံသွား၏။ သွားတိုင်း ကျောက်မျက်နှင့်ဆိုင်သည့် ထူးဆန်းထွေလာများအား တစ်ခုမဟုတ် တစ်ခုကြားသိရ၏။

ကျွန်ုပ်မှာ စာရေးဆရာပေါက်စကလေးဖြစ်သဖြင့် ကျွန်ုပ်ကြားသိလာသည့် ထူးဆန်းထွေလာ ကျောက်မျက်အကြောင်းအရာလေးများအား ဇာတ်လမ်းဆင်၍ ရေးသား၏။ မဂ္ဂဇင်းတိုက်များသို့ ပို့၏။ ပါသည်လည်း ပါ၏။ မပါသည်လည်းရှိ၏။ ပါလာက ဝမ်းသာ၍ မပါက စိတ်ကျခြင်း အလျှင်းမရှိဘဲ စာဆက်လက်ရေးသား ပေးပို့၏။

ယခုလည်း ကျွန်ုပ်နှင့် ကျောက်ကုန်သည် ဦးစိန်သောင်းတို့ စကားလက်ဆုံကျလေ၏။ ကျွန်ုပ်မေးသမျှ ကျော... ကုန်သည်ကြီးက ဖြေ၏။ ကျွန်ုပ်က...

"အပြစ် အနာအဆာ ပါ... ကျောက်မျက်တွေကိုဝတ်ရင် အကျိုး... ယုတ်တယ်ဆိုတာ အမှန်ပဲလား ဦးစိန်... သောင်း"

"သိပ်ဟုတ်တာပေါ့၊ အဆော... အဖြစ်ဝတ်ရင် ပိုလို့တောင် အကျိုးယုတ်... သေးတယ်၊ ကျောက်မျက်တွေထဲ... ပတ္တမြားကျောက်က အဆိုးဆုံးဗျ အပြ... အနာအဆာပါတဲ့ ပတ္တမြားကျော... ဝတ်ရင် စည်းစိမ်ပျောက်တတ်... ရောဂါပေါင်းများစွာ ဖြစ်တတ်... တိရစ္ဆာန်အပေါင်းရဲ့ရန်ကြောင့်အသေ...





www.burmeseclassic.com

www.burmeseclassic.com

ပျောက်တတ်တယ် ကိုအေးသောင်ရဲ့” ဟုပြောဆိုကာ ၎င်းအိမ်မှ ပေးပို့လာသည့် ကော်ဖီပူပူတစ်ခွက်ကို မှုတ်သောက်နေလေ၏။ ကျွန်ုပ်ကိုလည်း တိုက်၏။ ကျွန်ုပ်သောက်အပြီး ကျောက်ကုန်သည်ကြီးအား ဤသို့ ပြောလေ၏။

“ဟင် ခင်ဗျားတိုက်တဲ့ ကော်ဖီက ချင်းကော်ဖီပဲဗျ”

“ဟုတ်တယ်လေ၊ ချင်းကော်ဖီသောက်ရင် ကျန်းမာရေးနှင့် ညီညွတ်တယ်ဗျ၊ ချင်းမှာပါတဲ့ ဓာတ်တွေက လူနဲ့တည့်တယ်လေ၊ ဒါကြောင့် ဒီလိုနေ့လယ်ခင်းချိန်မှာ ကျုပ် ချင်းကော်ဖီ နေ့တိုင်း သောက်တယ်ဗျ”ဟု ပြောလေ၏။

ထို့နောက် ဤသို့ ဆက်ပြောပြန်လေ၏။

“တကယ်တော့ အပြစ်ကင်းတဲ့ ကျောက်မျိုးဆိုတာ အင်မတန်ရှားတယ် ကိုအေးသောင်းရဲ့၊ သူတို့က မြေကြီးအောက်က ပစ္စည်းတွေမို့လို့ အပူဒဏ် အအေးဒဏ် ထိခိုက်မှုဒဏ်တွေကိုခံလာရတာဆိုတော့ ဘယ်အပြစ်ကင်းနိုင်ကြပါ့မလဲ၊ ရှိတော့ ရှိတယ် ရှားတယ်လို့ဆိုရပေမယ့် အပြစ်ကင်း ကျောက်ကောင်းတွေ ရှိကြပါတယ်၊ အဆောင်ကျောက်ဝတ်တဲ့အခါမှာ အပြစ်ကင်းတဲ့ ကျောက်မျိုးကို ရှာဝယ်ပြီး လုပ်ကြရတယ်၊ ဒါမှ အစွမ်းထက်တဲ့ အဆောင်ကျောက်ဖြစ်မှာ ကိုအေးသောင်ရဲ့” ဟု ပြောဆိုကာ ချင်းကော်ဖီကို ဇိမ်ခံသောက်နေလေ၏။

ကျွန်ုပ်မှာ ကော်ဖီသောက်နေသည့် ဦးစိန်သောင်းအားကြည့်၍ ဤသို့ ပြောပြန်၏။

“ခင်ဗျား လက်မှာဝတ်ထားတဲ့ ကျောက်ဖြူကလေးက အရောင်လက်လှချေလားဗျ၊ ဘာကျောက်လဲ”

“စိန်လေဗျာ၊ အပြစ် အနာအဆာ ဘာမှမပါတဲ့ စိန်ဖြူကလေးပေါ့၊ စိန်သားနဲ့အရောင်ဖြူကလေးကိုသဘောကျလို့ မရောင်းဘဲ အဆောင်အဖြစ်ဝတ်ထားတာပါဗျာ”

ဟုပြောဆိုသော် ကျွန်ုပ်က . .

“အပြစ်အနာအဆာပါတဲ့ စိန်ဝတ်ရင် ဘယ်လို အကျိုးယုတ်နိုင်သလဲ ကိုစိန်သောင်း”

“အပြစ်ပါတဲ့ စိန်ဆိုတာ စိန်အတွင်းမှာပါတဲ့ မဲ့ပါတဲ့စိန်မျိုး၊ အရောင်မရှိတဲ့စိန်မျိုး၊ အမြောင့် မရှိတဲ့ စိန်မျိုး၊ အနီ အညို အမည်းရောနှောတဲ့ စိန်မျိုး၊ ပြောရရင် အများကြီးပါဗျာ၊ ဘာကြောင့်လဲဆိုတော့ စိန်မှာ အပြစ်ပေါင်း (၂၉) မျိုးရှိတယ် ကိုအေးသောင်ရဲ့”

ဟု ပြောဆိုကာ ချင်းကော်ဖီ လက်ကျန်ကို သောက်နေလေ၏။

ကျွန်ုပ်စိတ်ထဲ၌ ဤသို့ စဉ်းစားမိ၏။ စိန်ရတနာမှာ အပြစ်ပေါင်း (၂၉) မျိုးရှိတယ်ဆိုတော့ အပြစ်ကင်းတဲ့ စိန်တော်တော်ရှားမှာပဲ ဟု စဉ်းစားနေချိန်၌ ဦးစိန်သောင်းထံမှ ဤသို့ စကားသံထွက်ပေါ်လာလေ၏။

“အဲဒီလို အပြစ်ပါတဲ့ စိန်မျိုးဝတ်ရင် သိဒ္ဓိမျိုးစုံ ကွယ်ပျောက်နိုင်၏၊ သားမြေးမရတတ်၊ နှလုံးမသာမယာဖြစ်လတ္တံ့လို့ မဏိသတ္တေရကျမ်းမှာ ရေးသားထားတာ ကျုပ်ဖတ်ရဖူးတယ် ဗျ၊ အကောင်းဆုံးကတော့ ဘယ်ကျောက် ဘယ်စိန်ဝတ်ဝတ် အပြစ်မပါကဲ့ အမျိုးအစားကို ဝတ်တာ အကောင်းဆုံးပါပဲဗျာ။

နောက်ပြီး ကျောက်တွေ ဝတ်တဲ့အခါမှာ သူ့နေရာနဲ့သူ ဝတ်ရတယ် ကိုအေးသောင်ရဲ့၊ ဥပမာဗျာ ပတ္တမြားလက်စွပ်ဝတ်မယ်ဆိုပါတော့ လက်ယာလက်မှာပဲ ဝတ်ရမယ်၊ လက်ဝဲလက်မှာ မဝတ်ရဘူးဗျ၊ အကျိုးယုတ်တတ်တယ်၊ လက်ယာလက်မှာ ဝတ်သင့်တဲ့ ကျောက်မျိုးတွေကတော့ ပတ္တမြား၊ ကြောင်ကျောက်၊ နီလာကျောက်၊ သန္တာကျောက်၊ မြကျောက်၊ အဲ လက်ဝဲလက်မှာဝတ်ရမယ့် ကျောက်မျိုးတွေကပုလဲ၊ ဥဿဖရားကျောက်၊ ဂေါ်မိတ်ကျောက်၊ စိန်ရတနာဖြစ်တယ် ကိုအေးသောင်ရဲ့၊

နောက်ပြီး အဲဒီမှာ ကျောက်တွေကို လက်ချောင်းအလိုက် ဝတ်ရင် ဒီလိုဝတ်မှ အကျိုးထူးခံစားနိုင်တယ် ခင်ဗျား စာရွက်ကလေးနဲ့ မှတ်ထားဗဟုသုတပေါ့ဗျာ”

ဟု ပြောဆိုသော် ကျွန်ုပ်က ပါလာသည့် မှတ်စုစာအုပ်ကလေး၌ ၎င်း၏ နှုတ်မှ ပြောသမျှ ဤသို့ လိုက်ရေးလိုက်[illegible]

“လက်သြိုးတွင် နီလာကျောက်၊ လက်ခလယ်တွင် မြဲကျောက်၊ လက်သူကြွယ်တွင် ကြောင်ကျောက်၊ လက်သန်းတွင် [illegible] လက်ခလယ်တွင် မြကျောက်၊ [illegible]ကြွယ်တွင်ပတ္တမြားကျောက်၊ လက်[illegible] နီလာကျောက်၊ လက်မတွင် [illegible]”

“ကဲ ကိုအေး[illegible] ကျုပ်လဲ အပြင်သွားရဦးမယ်၊ နောက်အချိန်ရမှ ထူးဆန်းတဲ့ ကျောက်မျိုးတွေဟာ ကောင်းကင်ပေါ်မှာ ရှိနေတဲ့ ဂြိုဟ်နက္ခတ်တာရာတွေနဲ့ ဘယ်လိုဆက်စပ်ဆက်နွယ်နေတယ်ဆိုတာ ကျုပ် ပြောပြမယ်”ဟု ပြောဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းအား နှုတ်ဆက်၍ အိမ်သို့ ပြန်လေ၏။

လမ်း၌ ဤသို့ စဉ်းစားနေလေ၏။ ဂြိုဟ်နက္ခတ်တာရာတွေနဲ့ ကျောက်မျက်တွေ ဆက်နွယ်မှု ရှိတယ်ဆိုတာ သိရရင် ငါတော့ စာရေးဖို့ အချက်ရပြီ ဟု တွေးတောရင်း ပီတိဖြစ်နေလေ၏။

အနှစ်ချုပ်

အဆောက်ကျောက်ဝတ်သော် အပြစ်ကင်းကျောက်မျိုးသာ ရွေးချယ်ရ၏။ သိဒ္ဓိမျိုးစုံနှင့် ပြီးပြည့်စုံ၏။ အကျိုးမျိုးစုံနှင့် ပြည့်စုံစေ၏။

❒ စိန်နဝရတ်



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်နေတဲ့အိမ်မှာ မလိုလား မလိုအပ်သူတွေ အလိုလို နေအိမ်ပေါ်က ဆင်းသွားပြီမဟုတ်လား

**နတ်မျက်စိ ဆရာအောင်စိုး**

ဆယ်မိုင်ကုန်း ပြည်လမ်းမပေါ်ရှိ စာရေးသူ၏ ဗေဒင်ဟောခန်းတွင် တနင်္လာနေ့သည် ဟောခန်းနားရက်ဖြစ်သဖြင့် မိမိနှင့် တပည့်ဖြစ်သူ ကိုအေးအောင်တို့ ဟောခန်းသန့်ရှင်းရေး ပြုလုပ်နေစဉ် တစ်ရပ်ကွက်တည်းနေသူ အထည်ချုပ်လုပ်ငန်းကို ဦးစီး၍ စီးပွားရှာနေသော မခင်စန်းစန်းတစ်ယောက် ရောက်ချလာပါ၏။

ထိုအခါ အရာရာအားကိုးရသူ တပည့်ဖြစ်သူ ကိုအေးအောင်မှ . . .

"ဒီနေ့ တနင်္လာနေ့ ဟောခန်း ပိတ်ထား၊ နားထားပါတယ် ခင်ဗျ၊ တနင်္လာနေ့အပြင် ဗုဒ္ဓဟူးနေ့ရယ်၊ လပြည့်နေ့ပါ ဟောခန်းနားထားပါတယ်၊ စာရေးပေးပြီး နောက်နေ့မှ လာပါ" ဟုဆိုလိုက်၏။ မခင်စန်းစန်းမှ . . .

"ကျွန်မ ထုတ်ချင်လို့ ဆရာလေး၊ လည်ပင်းမှာ ငါးအရိုးစူးတာ မခံမရပ်နိုင်တော့လို့ပါ" ဟု ဆို၏။

ကိုအေးအောင်မှ . . .

"ကျွန်တော်တို့ဆရာက ဗေဒင်ဆရာပဲ၊ ရေမန်းဆရာ၊ ဆေးဆရာ မဟုတ်ဘူး"

"အံမယ် . . . ဒီမယ် ကိုအတ္တရဲ့၊ ကိုယ့်ဆရာက ငါးရိုးစူးတာကို မန်းတတ်တာ မသိဘူးလား၊ ချမ်းမြေ့မေတ္တာလမ်းက မဒေဇီ ငါးရိုးစူးတုန်းက နတ်မျက်စိဆရာက မန်းပေးလိုက်လို့ ပျောက်သွားတာ ပြောပြလို့ သိရပြီး ပြေရင်းတောင် အာခေါင်အောက် တော်တော်နာလာပြီ" ဟု ဆိုလေသည်။

ထိုသို့ အချီအချ အငြင်းအခုံ စကားတို့ကို ပြုံး၍ နား ထောင်ရင်းမှ မခင်စန်းစန်းအား စားပွဲရှေ့တွင် ထိုင်စေကာ ဘုရားဆောင်ရှေ့တွင် ငါးဝါး သီလခံယူလျက် ရေတစ်ခွက် ကိုင်ကာ . . .

"ဦး လက်ပံခွခြား ဒင်ကြီး နား၊ ဒင်ကြီးအော့အဲ့ ငါးရိုး ထွက်၊ ထွက် ဆရာ ထွက်"

ဂါထာကို ၃၇ ခေါက်မန်း၍ သောက်စေသည်။ သူမအား လည်း ရှေ့တွင် ဦးခိုက်ကာ ဗုဒ္ဓ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ ဂါထာကို ကြောင်လက်ကုတ် သကဲ့သို့ လက်ငါးချောင်းကို ကုတ်ကာ အပေါ်မှအောက်သို့ ၃၇ ခေါက် ရွတ်ဆို ဆွဲချစေ သည်။ မိနစ်ပိုင်းတွင်း ထူးခြား သက်သာလာကာ မခင်စန်းစန်းမှ . . .

"ဆရာ အရိုးတော့ ထွက်ကျသွားပြီး၊ နောက်တစ်ခု ထွက်ဖို့ ကူညီပါဦးဆရာ၊ ကြုံတုန်းပါ ဆရာ၊ မရိုမသေ မလေး မစား မဟုတ်ရပါဘူး၊ ကျွန်မ အချိန်မပေးနိုင်လွန်းလို့ပါ ဆရာ" ဟု ဆိုလေ၏။

"ကဲ တစ်ခါ ဘာထွက်အောင် လုပ်ပေးရမလဲ ပြော"

"ဆရာ သိတဲ့အတိုင်း ကျွန်မရဲ့ အထည်ချုပ်လုပ်ငန်းက အကြီးအကျယ် မဟုတ်ပါဘူး၊ တပည့် လေးငါးဆယ်ယောက်နဲ့ လည်ပတ်နေရတာပါ၊ တပည့်တွေမြဲဖို့ ပျော်ဖို့ စီမံရသေးတယ်၊ ဟော ဒီကြားထဲ အညာဘက်က အမေဘက်က အမျိုးမဟုတ်ပါဘူး၊ အဝေးကြီးပါ၊ တစ်ရွာသားပဲပေါ့၊ မခ္ဓော ဆိုတဲ့ ကောင်မပေါ့၊ အသက်က ၂၀ လောက်ပါ၊ ဆယ်တန်း အခါခါကျလို့ စိတ်မလေအောင် သူ့အမေက ရန်ကုန်က အသိအကျွမ်းဖြစ်တဲ့ ကျွန်မတို့ဆီ ပို့ထားလိုက်တယ်၊ သူ့ အပြောကတော့ ဆယ်ရက် တစ်ပတ်တည်းပါတဲ့၊ လားလား ဆံရာရယ် အခုနေလိုက်တာ တစ်လပြည့်လဲမပြန်၊ သုံးလ ပြည့်လဲ မပြန်နဲ့ ခြောက်လထဲ ရောက်တော့မယ်၊ စားတာ အပေါ်စီး၊ နေတာက ပေါ်ကြော့၊ ကျွေးတာ မွေးတာ ထား ပါတော့ဆရာ၊ အခုက စက်ချုပ်သူတွေကို စိတ်ဓာတ်ကျ အောင် ဟိုပြောဒီပြော မာန်လိုက်ဟောက်လိုက်နဲ့၊ အခုဆို သူနဲ့ ရင်မဆိုင်ချင်လို့ တပည့်မလေး သုံးယောက်တောင် အလုပ်ထွက်သွားပြီ၊ ကြာရင် ကျွန်မစီးပွား ထိခိုက်လာ



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆရာ၊ ဆရာသိတဲ့အတိုင်း စက်သမလေးတွေရှာ၊ သူတို့တွေမြဲအောင် ဆရာ့ဆီမှာ အကူအညီတောင်းရန့် ကျွန်မမှာ ချာလပတ်ယမ်းနေတော့တာပဲ၊ အသာတကြည်နဲ့ထွက်သွားအောင် ဆရာ့ပညာနဲ့ အားကိုးပါရစေ" ဟု ဆိုလာ၏။

စာရေးသူမှ မခင်စန်းစန်းအား လိုအပ်သော အစီအမံ ရွတ်ဆိုရမည့် ဂါထာ၊ အချိန်နှင့် အရေအတွက်တို့ကို သေချာစွာ ရေးပေးကာ သူ့အပူကို ငြိမ်းစေလိုက်ပါ၏။ မခင်စန်းစန်း ဟောခန်းမှ မထွက်ခင်ပင် ကျွန်ုပ်၏ မိတ်ဆွေရင်းနှင့် လူနိုင်များဖြစ်သော အင်းစိန်မှ မသီတာနှင့် မင်္ဂလာဒုံမှ မငြိမ်းငြိမ်းတို့ စာရေးသူ၏ ဟောခန်းပိတ်ရက်ကို ဂရုမစိုက်ဘဲ ဝင်ရောက်လာပြန်ချေ၏။ မိမိ၏တပည့်ရင်း ကိုအေးအောင်မှာတော့ ပါးစပ်အဟောင်းသားနှင့်ပေါ့။ ဘာတတ်နိုင်မှာတုံး။

"ကဲ မသီတာ၊ ဘာကိစ္စလဲ ဆိုပါဦး"

"ဒီလိုဆရာ၊ ပြီးခဲ့တဲ့လက ဆရာစီမံပေးလို့ အိမ်ငှားတော့ ရပါရဲ့၊ အဲဒီအိမ်က လူကြီးက ည မနက်မှူးပြီး အဆဲ ငိုကာဖွင့်ရလောက်အောင် သူ့မိသားစုကိုဆဲတဲ့အသံတွေက ရင်တုန်စရာပဲ၊ အမေ လူမမာရှိတော့ စိုးရိမ်ရတယ်၊ အိမ်မှာက မိန်းမသားချည်းပဲဆိုတော့ သူတို့ကို မလိုလားတော့ဘူး ဆရာရေ"ဟု ဆိုလာသည်။ စာရေးသူမှ . . .

"အိမ်ငှားရချင်တုန်းကလဲ သင်းပဲ၊ အခု နှင်ခိုင်းတော့လဲ သင်းပဲ၊ ရှုပ်နေတာပဲ" ဟု ဆိုလိုက်၏။ ထို့နောက် . . .

"ကဲ မသီတာရေ လိုက်မှတ်ပေတော့၊ အိမ်ငှားတဲ့သူတွေ စာရိတ္တမကောင်း၊ အကျင့်သီလမကောင်းလို့၊ လူမှုရေးရာ နားမလည်လို့ မိမိအိမ်မှ အမြန်ပြောင်းချင် ဆင်းစေချင်ရင် လိုက်မှတ်ပေတော့"

မသီတာမှ ကမန်းကတန်း ရေးမှတ်ပြီး မင်္ဂလာဒုံမှ မငြိမ်းငြိမ်းဘက်သို့ ရှေ့နေလိုက်ကာ ပြဿနာတစ်ခု ထပ်ပြောပြန်၏။

"ဆရာ ဒီက မငြိမ်းငြိမ်းက အခင်ဆုံးသူငယ်ချင်းပေါ့၊ သူ့မှာ အပူဝင်နေတာက မိဘအိမ်မှာ ညီအစ်မနှစ်ယောက် အိမ်ထောင်ကိုယ်စီနဲ့ အေးအေးချမ်းချမ်း ညီညီညွတ်ညွတ် နေကြတာကို သူ့ညီမ ဝါဝါဌေးရဲ့ သူငယ်ချင်း ယောကျ်ားမဟုတ် မိန်းမမဟုတ် ယောကျ်ားလျှာ ရောက်လာပါရော၊ ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းမ ဆရာရေ၊ အခုခေတ်က ဘယ်လိုခေါ်မလဲ မသိဘူး၊ ဝတ်စားတာက ယောကျ်ားအတိုင်း၊ ဟန်ပန်က ဂိုက်ပြည့် ဆိုက်ပြည့်နဲ့ပေါ့ ဆရာရယ်၊ မန္တလေးဘက်က ဆိုလား၊ သူငယ်ချင်းကို အောက်မေ့လို့ တပျော်လာတဲ့ ကောင်မက အခု နှစ်ပေါက်နေပြီ ဆရာ"

"မသီတာရေ၊ ဆရာ ဒီနေ့ အိမ်မပြန်ရတော့ဘူး ထင်တယ်၊ လိုရင်းတိုရှင်းပဲ ပြောပါ၊ ဟောခန်းဖွင့်ထားလို့ နောက်လူတွေ ဆက်တိုက်ဝင်လာရင် အားနာစရာဖြစ်နေဦးမယ်၊ ကဲ ဆက်ပြော" ဟု ဆိုမိသည်။

"အခုက အိမ်မှာ ဘယ်လိုဖြစ်ပျက်နေလဲဆိုရင် စီးပွားရေးမှာ အိမ်ရဲ့ ဝေယျာဝစ္စတွေ သူက စိုးမိုးလာတယ်၊ မောင်နှမကြား လင်မယားကြား ပါလာတယ်၊ မိသားစုရေးတွေ တောင် သူ့ရဲ့ဩဇာအာဏာပါမှ လုပ်ခွင့်ရတော့တယ် ဆရာ၊ မိသားစုချင်း မောင်နှမချင်းလဲ စိတ်ဝမ်းကွဲလာတယ်၊ မငြိမ်းငြိမ်းတို့က အားနာတတ်သူတွေလေ၊ ကူညီပါဆရာရယ်"

"မငြိမ်းငြိမ်းကို ပေးရမယ့် အစီအရင်တွေက မိမိအိမ်မှာ မလိုလားသူ ဆွေမတော် မျိုးမစပ်က ကြီးစိုးနေတဲ့ဘဝက လွတ်မြောက်ချင်ရင် မသီတာကိုပေးတဲ့ နည်းအတိုင်း ဆောင်ရွက်စေချင်ပါတယ်"

အဲဒီသုံးယောက်သားတို့အား ပေးလိုက်တဲ့နည်းမှာကား နံပါတ်တစ်အနေနှင့် သံပရာသီးစိမ်းတစ်လုံးတွင် မိမိမနေစေလိုသူရဲ့ နာမည်ကို သံချောင်းနှင့်ရေးပြီး ဆန်ပုံးထဲတွင် ထည့်ထားပါ။ (၁၀) ရက်ထားပါ။ မထူးခြားပါက နောက်ထပ် (၁၀)ရက် ထပ်လုပ်ပါ။ သုံးကြိမ် မလုပ်ရပါ။ ထူးခြားပါမည်။ ရွတ်ရမည့် ဂါထာကို ဖော်ပြပါမည်။

ဂါထာမရွတ်ခင် ဘုရားဆောင်မှာ ဆီမီးအလင်းတိုင်၊ ရေချမ်းတို့ကို ကပ်လှူ၍ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူပြီး ကမ္ဘာ့လူသားများကို မေတ္တာပို့ပါ။ မိမိကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ လမ်း၊ ရပ်ကွက်၊ မြို့စောင့်နတ် စတဲ့ နတ်မင်းကြီးများကို မေတ္တာပို့ပါ၊ အမျှပေးဝေပါ။

ရွတ်ဆိုပွားရမည့် ဂါထာကား . . .

"ဝေဒါသာကု၊ ကုသာဒါဝေ
ဒါယသာတ၊ တသာယဒါ
သာသာဓိကု၊ ကုဓိသာသာ
ကုတကုဘု၊ ဘုကုတကု
ဒေဝါကာနိ၊ နိကာဝါဒေ
ဝါဟိကာသု၊ သုကာဟိဝါ
ကာကာရေဘ၊ ဘရေကာကာ
နိသုဘယံ၊ ယံဘသုနိ"

နေ့စဉ် နေထွက်ချိန်မှာ ကိုးခေါက် သက်စေ့ရွတ်ပါရန်။

<u>အထူးမှတ်သားရန်</u>

ဂမ္ဘီရအစီအရင်ကို မိမိအိမ်တွင် ရောက်ရှိနေသော နှစ်ဖက်မိဘများ၊ အဘိုးရင်း၊ အဘွားရင်းများ၊ မိမိတို့အား ငယ်စဉ်တောင်ကျေးကလေးဘဝမှ ထိန်းကျောင်းခဲ့သောကြီးတော်၊ ဦးရီး၊ ဘကြီး၊ အဒေါ်အပျိုကြီး၊ ဦးလေးလူပျိုကြီး၊ အစ်ကိုကြီး၊ အစ်မကြီးများ၊ မိမိတို့အား ပညာရေး၊ စီးပွားရေးတွင် ကျေးဇူးရှိဖူးသော ကျေးဇူးရှင် သွေးရင်းသားရင်းများ၊ မိမိတို့ မျက်နှာကြည့်၍ ပညာသင်ကြားရန် ရောက်လာကုန်သော တူရင်း၊ တူမအရင်း၊ အားကိုးရာမဲ့ ဆွေမျိုးသားချင်းတို့အား ဤနည်းဖြင့် မလုပ်ဆောင်ရန် အထူးမေတ္တာရပ်ခံပါသည်။

❒ နတ်မျက်စိ ဆရာအောင်စိုး





www.burmeseclassic.com

www.burmeseclassic.com




မြင့်ဆောင်က ဆိုက်ကားသမား။ မိသားစုကို ဆိုက်ကားနင်းတဲ့ အလုပ်နဲ့ ရှာကျွေးနေတဲ့ လူငယ်တစ်ယောက် ဖြစ်သည်။

အိုးချင်းထား အိုးချင်းထိတာလား၊ ကြိုးချင်းထား ကြိုးချင်းညိလေသလား မသိ။ ခင်မိ ဆိုသော ကုန်စိမ်းရောင်းသည့် ကောင်မလေးနဲ့ ဈေးကြို ဈေးပို့လုပ်ရင်း မေတ္တာမျှခဲ့ကြသည်။

နောက် ချစ်သူနှစ်ဦး ရည်မှန်းချက် ကြီးမားစွာဖြင့် ငွေစုကြသည်။ အတော်အတန်လေး စုမိကြသောအခါ နှစ်ဖက်မိဘများကို ဖွင့်ဟပြောဆိုကြပြီး သူတို့ရပ်ကွက်အတွင်းမှာပဲ ပစ္စည်းမဲ့လူတန်းစားတို့ အဆောင်အယောင်နှင့်ပင် မင်္ဂလာဆောင်ကာ အကြင်လင်မယားဘဝ ရောက်ရှိခဲ့ကြသည်။

လင်မယားဘဝ ရောက်ရှိသွားကြပေမယ့် မြင့်ဆောင်က မအေအိုကြီးနဲ့ ညီမငယ်လေးကို လုပ်ကျွေးနေရသူမို့ ခင်မိကလည်း မြင့်ဆောင် ဆန္ဒအတိုင်း မြင့်ဆောင်တို့အိမ်မှာပဲ မိသားစုစိတ်ဓာတ်နဲ့ လိုက်နေပြီး အရင်တုန်းကအတိုင်း ပိုနေမြဲ ကျားနေမြဲ သဘောထားကာ မြင့်ဆောင်က ဆိုက်ကားနင်းမပျက်ခဲ့သလို ခင်မိကလည်း ကုန်စိမ်းရောင်းမြဲ ရောင်းနေဆဲ။

လင့်ဝတ္တရားမပျက်သလို မြင့်ဆောင်ကလည်း မယားချော... အပေါ် အကြင်နာပိုကာ အလုပ်... ကြိုးစားပြီး လုပ်သည်။ မြင့်ဆောင်... အမေကြီးနှင့် ညီမလေးကလည်း ခင်မိကို ဆွေမျိုးရင်းချာလို ချစ်ကြသည်။ သည်တော့လည်း သူတို့အိမ်လေးသည် တကယ့်ကို သာယာကြည်နူးဖွယ်... မိသားစုဂေဟာလေး ဖြစ်ခဲ့ရသည်။

xxx

ခင်မိက ကုန်စိမ်းသာရောင်း... ရတာ ရုပ်ရည်က အတော်လေး... သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း... ပုရိသတွေ ကျလောက်သည့်ရုပ်၊ ...



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဝိုင်းစက်နေသည့်မျက်လုံးတွေက စွဲဆောင်မှု အရှိဆုံးလို့ပြောရမလားပဲ။

အဲဒီတော့လည်း ရပ်ကွက်ထဲက လူငယ်တော်တော်များများက ခင်မိ အလှကို တပ်မက်တွယ်တာမိကြသည်။ ဒါကြောင့်လည်း ခင်မိကို ရည်းစားစကားမပြောဖူးသူ မရှိသလောက်ပင် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အဲဒီလူတွေကြားက အားလုံးကို ကျော်ဖြတ်ပြီး ခင်မိကို ပိုင်ဆိုင်ပြီး အုပ်စုဗိုလ်ဖြစ်ရုံသာမက အခုဆိုရင် ဆီမီးဖိုင်နယ်မှာ ဂိုးပြတ်နဲ့ အနိုင်ယူခဲ့ပြီး ဖိုင်နယ်မှာ ပိုင်နယ်တီနဲ့ အနိုင်ယူခဲ့တဲ့ မြန်မာဘောလုံးအသင်းလို အားလုံးကို အနိုင်ယူခဲ့ပြီး ခင်မိ ဆိုသော ရပ်ကွက်ဒိုင်းကြီးကို ပိုင်ဆိုင်ခဲ့သလို ရင်သွေးလေးကိုပင် ပိုင်ဆိုင်ခွင့်ရတော့မည် အနေထားသို့ ရောက်နေသူဖြစ်သည်။

အဲ. . ခင်မိက အပျိုဘဝမှာ လူတိုင်းက စိတ်ဝင်စားခြင်းခံရသလို သန္ဓေသားကို ရင်မှာပိုက်ထားရပေမယ့် ကုန်စိမ်းအရောင်း မပျက်သေး။

ဗိုက်ဖုံးအင်္ကျီလေးနှင့် ဈေးထွက်ဆဲဖြစ်သလို မြင့်ဆောင်ကလည်း သူ့ထုံးစံအတိုင်း မနက်မိုးလင်းခင် အိပ်ရာထ ခင်မိကို ဆိုက်ကားရှေ့ထိုင်ခုံမှာတင်၊ ကုန်စိမ်းထုပ်တွေ နောက်ခုံမှာတင်၊ သနပ်ခါးနံ့လေးသင်းနေတဲ့ ခင်မိကို တစိမ့်စိမ့်ကြည့်ရင်း ဈေးပို့။

ပြီးမှ ဈေးဆိုင်ဝိုင်းကူ ခင်းပေး၊ နောက် လင်မယားနှစ်ယောက် အသုပ်တစ်ပွဲစီစား အပြုံးချင်းဖလှယ်ပြီး ဆိုက်ကားကို ဂိတ်မှာထိုးဖို့ ထွက်လာ ... နား က ဂျာနယ်တစ်စောင်ဝယ်ဖတ်၊ ခရီးသည်စောင့်၊ နေ့လယ်ဘက် ထမင်းစားပြီးတဲ့အခါ ရေဒီယိုလေးထုတ် နားကြပ်လေးနဲ့ FM မှန်သမျှ နားထောင်ရင်း ဇိမ်ယူတတ်တာ သူ့အကျင့်။

အထူးသဖြင့် သူဖတ်တဲ့ ဂျာနယ်က တစ်ပတ်အတွင်း ဗေဒင်ဟောစာတမ်းပါတဲ့ ဂျာနယ်ဖြစ်သလို သူနားထောင်တဲ့ FM ကလည်း တစ်နေ့တာ မွေးနေ့ရှင်ရဲ့ ဟောစာတမ်းတွေ ထုတ်လွှင့်တဲ့ FM၊ ဒါက အမိက။ နောက် တစ်နှစ်စာဟောစာတမ်း စာအုပ်လေး (၁၀၀/-)ကျပ်နဲ့ ဝယ်ပြီး ခဏ ခဏ ထုတ်ပြီး ဖတ်ရတာလည်း အမော။

ခင်မိကတော့ တစ်နေကုန် နေပူမိုးရွာမရှောင် ဆိုက်ကားနင်းနေရတဲ့ လင်ဖြစ်သူကို ပင်ပန်းမှာစိုးရိမ်လို့ မနက် ၃ နာရီလောက် အိပ်ရာကထပြီး သူတို့ အိမ်ခေါင်းရင်းက ဈေးကြို ဈေးပို့လုပ်တဲ့ ယာဉ်မောင်း ကိုခင်ဇော်ကားနဲ့ ကမ်းနားဈေးကိုလိုက်။ ၆ နာရီလောက် အိမ်ပြန်ရောက်မှ လင်ဖြစ်သူကိုနှိုး လင်မယားနှစ်ယောက် ဈေးအတူထွက်ကြ။ ဒါက သူတို့လင်မယားနဲ့ နံနက်ခင်း မြင်နေကျ ကောက်ကြောင်းပန်းချီကား တစ်ချပ်ပေါ့။

ဒီလိုနဲ့ ခင်မိကိုယ်ဝန်က ရင့်လာသည်။ အဲ အဲ ပြောရဦးမည်။ ခင်မိ ကိုယ်ဝန်ရခါစများလေ ခင်မိက သူနားကို တိုးတိုးလေး ကပ်ပြောတော့ မြင့်ဆောင်တစ်ယောက် ထိုင်ရမလို ထရတော့မလိုနဲ့ အီအီးတွေ ပါချင်လာသလို ဖြစ်ခဲ့ရပြီ။

"ဒါဆို ငါကလေးအဖေ ဖြစ်တော့မှာပေါ့နော် ခင်မိ"

ဆိုတော့ ခင်မိက သူ့မျက်လုံးဝိုင်းကြီးနဲ့ မြင့်ဆောင်ကို ဝေ့ကြည့်လိုက်ပြီး ရှက်စနိုးအမူအရာနဲ့ တစ်ဖက်ကို လှည့်ပြီး ပြုံးနေသည်။ သည်တော့လည်း မြင့်ဆောင် အားမလို အားမရဖြစ်ပြီး သနပ်ခါးတွေဖွေးနေတဲ့ ခင်မိကို ... အားမကျပြီး ရှုးခနဲ မြည်အောင် နမ်းပစ်လိုက်မိသည်။ ခင်မိက. . .

"အစ်ကိုကလဲ အစ်ကို ကလေးအဖေဖြစ်တာ ကလေးတော့ မနမ်းဘဲ ခင်မိကို ဘာလို့ နမ်းတာလဲ" ဆိုတော့

"မိန်းမပါးကို နမ်းတာ၊ ကလေးနမ်းတာနဲ့ အတူတူပဲလို့ ခေါင်းရင်းအိမ်က ကားသမားခင်ဇော်က ပြောဖူးလို့ဟ" ဟု ပြောရင်း တဟားဟားနှင့် ရယ်နေတော့သည်၊ ကိုယ်ဝန် ရခါစကတည်းက ဈေးမထွက်ဖို့ တဖွဖွပြောပေမယ့် ခင်မိက ဈေးထွက်မပျက်ခဲ့ ခရီးအတွက် ဈေးတွက် တွက်သည်။

.နောက်ပိုင်း ကိုယ်ဝန်ရင့်မာလာမှပဲ ကုန်စိမ်းဒိုင်ကို ကိုယ်တိုင် မသွားတော့ဘဲ ခေါင်းရင်းအိမ်က ကားသမားကိုခင်ဇော်ကို အကြုံမှာသည်။

ခင်ဇော်ကလည်း အိမ်နီးချင်းပီသစွာ ကူညီပြီး ဝယ်လာပေးသည်။ ခင်ဇော် ဝယ်လာတဲ့ ကုန်စိမ်းကို မြင့်ဆောင်က ဈေးမှာခင်းထားပြီးမှ ခင်မိကို လာခေါ်သည်။ ဗိုက်ဖုံးအင်္ကျီလေးနှင့် တစ်မျိုးလှနေသော ဇနီးသည်ကို ကြည့်ရင်း ပြုံးလိုက်သည်။ ဒါကို မြင်တဲ့ ခင်မိက. . .

"အစ်ကို ခင်မိကိုကြည့်ပြီး ဘာလို့ပြုံးတာလဲ"

"ဩော် . . . ဆိုက်ကားဂိတ်က ဦးလေတော ပြောတာ သတိရလို့ပါ"

"ဘာပြောလို့လဲ"

"လောကမှာတဲ့ တရားသူကြီးတွေက သူတို့အပြစ်ကို ဥပဒေနဲ့ဖုံးတယ်တဲ့၊ ဆရာဝန်တွေက သူတို့အပြစ်တွေကို ဆေးပညာနဲ့ ဖုံးတယ်တဲ့၊ ပြည်သူ့ရဲတွေက သူတို့အပြစ်ကို လုပ်ပိုင်ခွင့်နဲ့ ဖုံးတယ်တဲ့၊ အဲ မိန်းမတွေကတော့တဲ့၊ သူတို့ဗိုက်ကို အင်္ကျီနဲ့ဖုံးကြတယ်တဲ့လေ၊ အဲဒါတွေးမိပြီး ပြုံးတာပါကွာ" ဟုပြောသောအခါ ခင်မိက. . .

"အစ်ကိုတို့ ဆိုက်ကားဂိတ်ကလဲ ကြံကြံဖန်ဖန်တော့ အပြောတတ်သား" ဟု ပြော၍ သူပါ ရယ်တော့သည်။

xxx

ခင်မိကို ဆိုင်ပို့ခဲ့ပြီး အပြန်မှာ တစ်လတာ ဗေဒင်ဟောစာတမ်း စာအုပ်လေးကို ပြန်ဖတ်သည်။ နောက် တစ်နေ့တာ ရွတ်ဆိုပူဇော်ရမည့် ဂါထာလေးကို ပါးစပ်က တတွတ်တွတ်နှင့် ဆီမန်း မန်းသလို ရွတ်သည်။

နောက်တစ်ခါ ဂျာနယ်က (၇) ရက်သားသမီးအတွက် (၇)ရက်အတွင်း





www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်ဟောစာတမ်းကို ဖတ်သည်။

ဂါထာက တစ်မျိုးတိုးလာသလို အဆောင်ယတြာပါ တစ်မျိုးတိုးလာပြန်သည်။

တစ်ယောက်က ပိတောက်သားလက်တစ်ဆစ် ကိုယ်နဲ့ မကွာဆောင်ထားပါ။ ပန်းသီး ၉ လုံး မွေးနေ့ မွေးနံထောင့်မှာ လှူရမည်ဟုဆိုသည်။

ထို့ကြောင့် ညနေ ခင်မိ သွားကြိုရင်း ဝယ်ဖို့ စဉ်းစားလိုက်ခိုက် ခရီးသည်တစ်ဦး ရောက်လာသည်။

"ဘယ်သွားမလဲ ဆရာ"

ဟုမေးရာ ခရီးသည်က သွားမည့်နေရာပြောသည်။ သူက ကျသင့်ငွေကို ပြောသည်။ အလုပ်ဖြစ်သွားသည်။ ထို့ကြောင့် ဆိုက်ကားနောက်မီးလေးကို ဖုန်ခါပြီး ခင်းပေးလိုက်ပြီး ဆိုက်ကားနင်းထွက်လာသည်။

"ဆိုက်ကားနင်းရတာ အဆင်ပြေလား"

ခရီးသည် စကားကြောင့် . . .

"အရင်လို မကောင်းတော့ဘူးဗျာ၊ ခုတစ်လော မိုးကလဲ များတော့ ခရီးသည်က ပါး၊ နောက် လိုင်စင်မဲ့ဆိုင်ကယ်သမားတွေက ဆိုက်ကား စားကျက်ထဲ ဝင်လာတော့ မြေသိမ်းခံရတဲ့ လယ်သမားတွေထက် ဆိုးနေတယ် ဆရာ"

"ဒါဆိုရင် ဆိုက်ကားနင်းကောင်းအောင် ယတြာလေးလုပ်ပေါ့"

"ဗျာ၊ ယတြာလုပ်ရမယ် ဟုတ်လားဆရာ၊ ဩော် ဆရာက ဗေဒင်ဆရာလား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ အပတ်စဉ်ထုတ် ဂျာနယ်တွေ လစဉ်ထုတ် မဂ္ဂဇင်းကြီးတွေမှာ ဗေဒင်ပညာနဲ့ ပြည်သူတွေကို ကယ်တင်ဖို့ အသိပညာနဲ့ ဆောင်ရန် ရှောင်ရန်တွေရေးပြီး ယတြာတွေပေးနေတဲ့ နက္ခတ္တာရာ စကြဝဠာတုန် ဂမ္ဘီရဆရာပွားဆိုတာ ငါပေါ့၊ အခု လွှတ်တော်အမတ်ကတော် တစ်ဦးပင့်ထားလို့ မိတ်ဆွေတစ်ဦးဆီ ခဏဝင်ပြီး သွားရမှာ၊ ကဲ လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ ရပ်ပေးကွာ"

"ဟုတ်ကဲ့" ဟုပြောပြီး နှစ်ယောက်သား လက်ဖက်ရည်သောက်စဉ် ဂမ္ဘီရဆရာပွားက. . .

"မင်းပိုက်ဆံတစ်ပြားမှ မကုန်ဘဲ အလုပ်အဆင်ပြေတဲ့နည်း ပေးခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ရော့ စက္ကူနဲ့ ဘောလ်ပင်၊ ငါပြောတာလိုက်ရေး၊ တနင်္ဂနွေနေ့မှာ ဦးခေါင်းကို အ အက္ခရာရေး၊ တနင်္လာနေ့မှာ ကျောမှာ က အက္ခရာရေး၊ အင်္ဂါနေ့မှာ ဆံစမှာ ဆ အက္ခရာ၊ ဗုဒ္ဓဟူးမှာ ရင်ပတ်မှာ ယ အက္ခရာ၊ ကြာသပတေးမှာ ပါးမှာ ပ စောက်အက္ခရာ၊ သောကြာနေ့ သွားမှာ သ အက္ခရာရေး၊ စနေနေ့ နဖူးမှာ န အက္ခရာရေး။

ပြီးရင်း နွေ(၁)မှာ တစ်ခုခုတောင်း၊ လာ(၂)မှာ ခဏအိပ်၊ ဂါ(၃)မှာ လက်ကို မီးကင်၊ ဟူး (၄)မှာ နေတွင် အရိပ်ကိုကြည့်၊ တေး(၅) အိမ်အဝင်ထွက်လုပ်၊ သောကြာ(၆)မှာ တစ်ခုခု အဝစား၊ (၇) စနေမှာ တစ်ယောက်ယောက်နဲ့ အငြင်းအခုံလုပ်ပြီးမှ အိမ်ကထွက် မှတ်မိပလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"မင်းက ကြာသပတေး၊ အလုပ်က ဆိုက်ကား၊ ဦးသာ၊ စိန်ပန်း၊ ဒန်းလှဆိုတော့ မိတ်ဖက်ကျတယ်၊ ကောင်းတယ်"

"ဝမ်းသာလိုက်တာဆရာ၊ ဒါဆို ကျွန်တော် တစ်သက်လုံးဆိုက်ကားပဲနင်းရတော့မှာပေါ့နော်"

"အေး ဟုတ်တယ် အကျိုးပေးမယ်"

"ဆရာ၊ ကျွန်တော့်ဇနီးမှာ ကိုယ်လေးလက်ဝန်နဲ့ပါ ဆရာ"

"ဩော် . . . ဟုတ်လား"

ဂမ္ဘီရဆရာပွားက ခဏစဉ်းစားလိုက်သည်။

"မင်းကြောက်တတ်သလား"

"မကြောက်တတ်ပါဘူးဆရာ"

"ကောင်းပြီ မင်းဇနီး စနေနေ့မှာ မီးဖွားပြီး သားယောကျ်ားလေးဆိုရင် မင်းလက်ခမောင်းခတ်ပေတော့"

"ဘာဖြစ်လို့လဲ ဆရာ၊ ကျွန်တော် လက်ဖွေ့ထိုးရမှာလား"

မြင့်ဆောင်စကားကြောင့် ဆရာပွား နှာခေါင်းရှုံ့သွားပြီး. . .

"ထပ်သရီးကွာ မင်းကောင်းစားပြီမှတ်၊ ကြီးပွားချမ်းသာပြီ၊ ငွေအစုလိုက်ဝင်ပြီ၊ အဲ စနေနေ့ သမီးမိန်းကလေးဖြစ်ရင်တော့ အန္တရာယ်နဲ့ ကြုံတွေ့နိုင်တယ် သတိထားပါ၊ ခတ်လိုက်ခြင်း မိုးကြိုးပစ်ခံရခြင်းတွေ ဖြစ်တတ်တယ် အကောင်းဆုံးယတြာကတော့ ဂုဏ်တော် ကိုးပါးကို မနက်ည ပုံမှန်ရွတ် သတ္တဝါတွေ မေတ္တာပို့ပါ၊ ကဲ လက်ဖက်ရည်ဖိုးရှင်းပြီး မင်းသွားတော့၊ ဆရာလဲ ခရီးဆက်လိုက်ဦးမယ်"

မြင့်ဆောင် လက်ဖက်ရည်ဖိုးရှင်းပြီး ထွက်လာခဲ့သည်။ "သားလေးမွေးရင်" ဆိုတဲ့အတွေးနဲ့ သမီးမွေးရင်ဆိုတဲ့ ဂမ္ဘီရဆရာပွား ဟောကြားချက်တွေ[illegible]တော့ သူ့ခေါင်းထဲမှာ သံမှိုနှက်သကဲ့သို့ စွဲထင်နေတော့သည်။

သို့သော်လည်း မြင့်ဆောင်တစ်ယောက် ဂမ္ဘီရဆရာပွား ပြောသည့် အလေ့အကျင့် မပျက်ခဲ့သလို တစ်[illegible] ကုန်ပင်ပန်းမှုဒဏ်အတွက်လည်း ဂိတ်[illegible] သိမ်းချိန်မှာ လမ်းထိပ်က အရက်ဆိုင်မှာ တစ်ပိုင်းလောက် သောက်ပြီးမှ အိမ်[illegible] ပြန်သည့် လေ့ကျင့်ခန်းလည်း မပျက်ခဲ့[illegible]

ဒါကြောင့်လည်း သူ့ကို ဂိတ်[illegible] လူတွေက မနက်ပိုင်း ကြာနီကန်၊ ည[illegible] ပိုင်း အာမီရမ် ဟု စကြခြင်းဖြစ်သည်။

ဒီလိုနဲ့ ခင်မိ မီးဖွားရက်[illegible] နီးလာသဖြင့် ဈေးလုံးဝမထွက်နိုင်[illegible] ဘဲ အမေနှင့် ညီမလေးကိုလည်း အ[illegible] ဂရုစိုက်ရန်မှာထားသည်။ ရပ်ကွက်[illegible] သားဖွားဆရာမနှင့်လည်း အသေ[illegible] အပ်ထားသည်။

လိုအပ်သော အားဆေး[illegible] ဖွားစဉ်အတွင်း အသုံးပြုရမည့်[illegible]





www.burmeseclassic.com

www.burmeseclassic.com

များအပြင် ကလေးအနှီးပိတ် အဆုံး၊ အားလုံး စီစဉ်ပေးထားသည်။ အကယ်၍ ဆေးရုံသို့ ပို့ဆောင်မွေးဖွားပါက အသင့်ဖြစ်စေရန် ခေါင်းရင်းအိမ်က ကားသမား ခင်ဇော်ကိုလည်း အကူညီတောင်းခံထားပြီး ဖြစ်သည်။

ဒီကနေ့ စနေနေ့။ ဆရာဂမ္ဘီရ ဆရာပွားစကားသည် ဒက်ထိမှန်ကန်လေပြီဟု မြင့်ဆောင် တွေးနေသည်။ အဘယ်ကြောင့်ဆိုသော် မိုးလင်းကတည်းက ခင်မိတစ်ယောက် ဝမ်းနာစပြုနေသည်။

အမေ ညီမလေးနှင့်အတူ သူနာပြုဆရာမလေးလည်း အခန်းထဲမှာ အသင့်ရှိနေပြီမို့ မြင့်ဆောင် စိုးရိမ်မှုကသိပ်မရှိတော့။ ဒါပေမဲ့ ခင်မိရဲ့ ညည်းညူသံကတော့ သူ့ရင်ထဲသို့ ကူးစက်ခံစားဘိသကဲ့သို့ ခံစားရသည်။

တဖြည်းဖြည်းနှင့် ခင်မိညည်းညူအော်ဟစ်သံတွေက အခန်းတွင်းက လွင့်ပျံထွက်ပေါ်လာသည်။

"နာတယ် အမယ်လေး အမေရေ ကယ်ပါဦး"

"အင်း. . . အား" ဟူသော အသံတို့ကြောင့် မြင့်ဆောင် ထိုင်ရမလို ထရမလို ဖြစ်နေသည်။

ခင်မိရဲ့ ဝေဒနာခံစားနေရမှုကို မမြင်ရပေမယ့် ကြားနေရသဖြင့် မြင့်ဆောင်တစ်ယောက် မခံစားနိုင်တော့ဘဲ ဆိုက်ကားကို ကပျာကသီထုတ်လိုက်ပြီး လမ်းထိပ်နားက အရက်ဆိုင်သို့ပြေးကာ အရက်တစ်ပိုင်းကို အမြန်ဆုံး မော့သောက်ပြီး အိမ်ကို အမြန်ဆုံး ပြန်နင်းလာခဲ့သည်။ မိုးကလည်း စွေနေရာက ပို၍ သည်းလာသည်။ အိမ်ပေါ်ကို မြင့်ဆောင်တက်လိုက်သည်နှင့် အမေ့အသံက ထွက်လာသည်။

"ဟဲ့ မြင့်ဆောင် ဘယ်သွားနေတာလဲ၊ ဘုရားစင်ပေါ်က ပရိတ်ကြီး စာအုပ်ယူ၊ အဲဒီမှာ အင်္ဂုလိမာလသုတ်ပါတယ်၊ အသံထွက်ပြီး ရွတ်ဖတ်ပူဇော်မ်း"

"ဟုတ်ကဲ့ပါ အမေ" လို့ပြောပြီး စာအုပ်ကို ယူကာ အင်္ဂုလိမာလသုတ် ရွတ်ဖတ်မည်ဟု လှန်လှောလိုက်စဉ် ဂမ္ဘီရဆရာပွားရဲ့ "စနေနေ့မှာ သားယောကျ်ားလေး မွေးရင် မင်းဘဝကောင်းစားပြီး အဲ စနေနေ့မှ သမီးမိန်းကလေးဆိုရင် ဘုရား ဘုရား ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ" ဟု ဆုတောင်းရင်း စာအုပ်ကို အလျင်အမြန်လှန်၍ အင်္ဂုလိမာလသုတ်ကို အသံထွက်ကာ ရွတ်ဖတ်ပူဇော်လိုက်သည်။

"ပရိတ္တံ ယံ ဘဏန္တဿ၊ နိသိန္နဋ္ဌာနဓောဝနံ၊ ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ ယဉ္စသာဓေတိ၊ တင်္ခဏေ ထေရဿ အင်္ဂုလိမာလဿ"

ဟူသော အင်္ဂုလိမာလသုတ်တော်မဆုံးမီ အခန်းအတွင်းမှ "ဝါး" ခနဲ အော်သံနှင့်အတူ "မိန်းကလေးဟဲ့ မိန်းကလေး ဖြူဖြူဖွေးဖွေးကြီး" ဟု အမေ့အသံ ထွက်ပေါ်လာခဲ့သလို. . .

"ဂျိမ်း" ဟူသော မိုးကြိုးပစ်သံကို ကျယ်လောင်စွာ ကြားလိုက်ရသည့်အတွက် မြင့်ဆောင်တစ်ယောက် ကြမ်းပြင်ပေါ် အလန့်တကြား မှောက်၍သွားသည်။ အခန်းတွင်းမှ အသံများလည်း ရုတ်တရက် တိတ်ဆိတ်သွားသည်။

ခဏအကြာမှ. . .

"ဟဲ့ မီးနေသည် သွေးလန့်သွားမယ်၊ နှမ်းထုပ်ယူပြီး နှာခေါင်းတေ့ထား၊ ရင်ဘတ်ကို အသာဖိပေး၊ ခင်မိ သမီး သတိရတယ်နော်"

ဟု မေးသံကို ကြားရသည်။ နောက် ခင်မိရဲ့. . "ဟုတ်ကဲ့ သတိရပါတယ် အမေ" ဟု ပြောလိုက်သံကို ကြားရသည်။ ခင်မိမွေးသည် ဆိုသော သတင်းကြောင့် ခဏအကြာတွင် အိမ်နီးချင်းများ မိုးရွာသည့်ကြားက အပြေးအလွှား ရောက်လာကြသည်။ အိမ်ရှေ့ခန်းဝတွင် မြင့်ဆောင် တစ်ယောက် မှောက်လျက် လဲကျနေသည်။ လက်ထဲတွင် ပရိတ်တော်စာအုပ်လေးက ကိုင်ထားဆဲ။ အိမ်ပေါ်တက်လာသော ဒေါ်တင်မြက မြင့်ဆောင်ကို တွေ့သွားပြီး-

"ဟဲ့ မြင့်ဆောင်၊ အခန်းထဲက မီးနေသည်က ဘာမှမဖြစ်ဘဲ နင်က ဘာလို့ မှောက်ရက်လဲနေရတာလဲဟဲ့"

"ဟုတ် ဟုတ်ကဲ့ ဒေါ်တင်မြရဲ့ စနေနေ့သားလေးမွေးရင် ချက်ချင်းကြီးပွားချမ်းသာမယ်၊ သမီးလေးမွေးရင် ဖအေကိုတော့ မိုးကြိုးပစ်ခံရမယ်လို့ နက္ခတ္တပညာရှင် ပြဒ္ဒါဋ္ဌာတုန် ဂမ္ဘီရဆရာပွား ဟောထားတာ မှန်သဗျား၊ ဒီနေ့ စနေနေ့မှာ သမီးလေးမွေးရော မိုးကြိုးပစ်သံကြားလို့ မှောက်ချလိုက်တာ"

"အမယ်လေးဟဲ့ အံ့ရော မြင့်ဆောင်ရယ်၊ စနေနေ့သမီးလေးမွေးရင် ဖအေကို မိုးကြိုးပစ်မယ်လို့ ဟောတာဆိုရင် နင်ကံကောင်းသွားပြီ"

"ဘာဖြစ်လို့လဲ ဒေါ်တင်မြရဲ့"

"လမ်းထိပ်မှာလေ နင့်သူငယ်ချင်း ကားမောင်းတဲ့ ခင်ဇော် မိုးရွာလို့ဆိုလား၊ နင်တို့ ကားမှာတားလို့ဆိုလား ကားပြန်သိမ်းလာတာ၊ လမ်းထိပ်ဓာတ်တိုင်နားက အမှိုက်ပုံဘေးမှာ မအောင့်နိုင်လို့ဆိုပြီး ကားရပ်ထားပြီး ဆီးဆင်းသွားတာ ဓာတ်တိုင်ကို မိုးကြိုးပစ်တော့ စက်ကွင်းမလွတ်ဖြစ်တာလား မသိဘူး ခင်ဇော်ကပါ ပစ်လဲကျသွားတယ်၊ လူတွေပြေးကြည့်တော့ အသက်မရှိတော့ဘူး၊ လူကြီးတွေလဲ ရဲစခန်းသွားအကြောင်းကြားနေတယ်"

ဒေါ်တင်မြ စကားအဆုံးတွင်-

"ဗျာ"

မြင့်ဆောင်တစ်ယောက် ဗျာ တစ်လုံးသာ ဆိုနိုင်ပြီး မုဆိုးမအိမ်က ကြွက်ဖလောင်းရေစိုပြီး တံခါးညှပ်ခံရသလို ဖြစ်သွားပြီး အခန်းတွင်းသို့ မသိမသာ လှမ်းကြည့်လိုက်လေတော့သည်။

❐ ကပ္ပိယမောင်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com




**Heart Line, Qualities of**

**နှလုံးလမ်းကြောင်း၏ သဘောသဘာဝများ**

(၁) နှလုံးလမ်းကြောင်းခေါ် မေတ္တာလမ်းကြောင်းသည် လက်ဝါးပြင်တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းသို့တိုင် ရှည်လျားစွာ တည်ရှိနေမည်။ တစ်နည်းအားဖြင့် လက်ညှိုးရင်းမှ လက်သန်းရင်းတိုင်အောင် ရှည်လျားစွာ တည်ရှိနေမည်ဆိုပါက . . .

ငင်းလက္ခဏာရှင်တို့သည် ချစ်မေတ္တာစိတ် လွန်ကဲသူများ၊ အထူးသဖြင့် အချစ်ရေးကိုသာ ဦးစားပေးသူများ ဖြစ်ကြသည်။ မိမိတို့၏ချစ်သူကို အခြားသူများ စောင်းငဲ့ကြည့်သည်ကိုပင် မခံနိုင်လောက်အောင် ချစ်သဝန်လွန်ကဲ၊ မြ[illegible] မှုလွန်ကဲသူများ ဖြစ်ကြသည်။ မနာလိုဝန်တိုမှုများဖြင့် [illegible] နေတတ်ကြသည်။ ငင်းတို့သည် တစ်ဖက်သတ် အချစ်[illegible] ပြင်းထန်သူများ ဖြစ်ကြပြီး တစ်စုံတစ်ယောက်အား ချစ်[illegible] ဆိုလျှင် ယုတ်သည်၊ လတ်သည်၊ မြတ်သည် မရွေးဘဲ အ[illegible] တန်း စွဲစွဲလမ်းလမ်း ချစ်ခင်တွယ်တာတတ်ကြသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ငင်းတို့သည် အချ[illegible] အတွက် မျက်စိမပါသူ (Love Bline) များဖြစ်၍ ဘဝ[illegible] အချစ်အတွက် အထူးကြေကွဲဝမ်းနည်းစရာများဖြင့် တွေ့[illegible] ခံစားကြရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) နှလုံးလမ်းကြောင်းသည် လက်ညှိုးနှင့် လက်ခလယ်ကြားမှ အစပြုနေပါက . . .

လက္ခဏာရှင်သည် ချစ်သူအား လှိုက်လှိုက်လှဲလှဲဖြင့် နွေးထွေးပျူငှာစွာ ချစ်ခင်တတ်သည်။ သို့သော် ၎င်းတို့သည် တစ်ခါတစ်ရံတွင် ချစ်ခင်သူအပေါ် အေးတိအေးစက်ရှိတတ်ကြသည်။ ထို့အပြင် အချစ်ရေးကိစ္စများ၌ အနည်းနှင့်အများဆိုသလို တစ်ကိုယ်ကောင်းဆန်တတ်ကြသည်။ မေထုန်မှုလွန်ကဲတတ်ကြပြီး စည်းစိမ်ခံလေ့ရှိသည်။ သို့သော် ၎င်းတို့သည် ချစ်ရေးချစ်ရာကိစ္စများ၌မူ ရုတ်တရက် မပြောင်းလဲတတ်ကြချေ။

(၃) နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှ အစပြုနေပါက . . .

၎င်းလက္ခဏာရှင်တို့သည် ချစ်သူအတွက် ရည်မှန်းချက် ကြီးကြီးမားမား ထားတတ်ကြပြီး အချစ်ရေး၌ မြင့်မြတ်သည့် သဘောသဘာဝများ ရှိကြသည်။ အိမ်ထောင်ရေးတွင်လည်း တစ်လင် တစ်မယားစနစ်ကို သဘောကျတတ်ကြသည်။ ဖောက်လွှဲဖောက်ပြန် မပြုတတ်ကြဘဲ တစ်ယောက်ဆိုတစ်ယောက် ခိုင်ခိုင်မြဲမြဲ ချစ်တတ်ကြသည်။

၎င်းတို့ကိုယ်၌ကလည်း ဥပဓိရုပ်ကောင်းသူ၊ ရုပ်ချောသဘောကောင်း၍ ပညာအဆင့်အတန်း မြင့်သူများဖြစ်ပြီး အရည်အချင်း ပြည့်စုံသော အိမ်ထောင်ဖက်ကိုလည်း ရရှိတတ်ကြသည်။

(၄) နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ လက်ညှိုးရင်းမှ ခက်ရင်းခွသဏ္ဌာန်ဖြင့် အစပြုနေပါက. .

လက္ခဏာရှင်သည် သတ္တဝါများအပေါ် ကြင်နာတရား ကြီးစွာထားတတ်ကြသည်။ ကတိတည်၊ သစ္စာရှိတတ်ကြသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စများတွင် ခိုင်မြဲတည်ကြည်ပြီး ကံအထူးကောင်းတတ်ကြသည်။ ယောကျ်ားတို့၏ လက်တွင် ပါရှိပါက ချောမွေ့လှပသော၊ သွက်လက်ချက်ချာသည့် လိမ္မာရေးခြားရှိသော အရည်အချင်းပြည့်ဝသည့် အိမ်ထောင်ဖက်ကောင်း မိန်းမကို ရရှိတတ်ပြီး၊ မိန်းမတို့၏လက်တွင် ပါရှိပါက ကြင်နာသနားတတ်သော အရည်အချင်းပြည့်ဝသည့် ပညာရှိ ယောကျ်ားကောင်းတို့ဖြင့် ရရှိတတ်မည် ဖြစ်သည်။

(၅) နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်မှ ခက်ရင်းသုံးခွသဏ္ဌာန်ဖြင့် အစပြုနေပါက. . .

အချစ်ရေး၊ အိမ်ထောင်ရေးတွင် အထူးကံကောင်းသူဖြစ်မည်။ လက္ခဏာရှင်၏ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့သည် တစ်နည်းမဟုတ်တစ်နည်း လူကြီးသူမ အကြီးအကဲတို့၏ စောင့်ရှောက်, စောင်မခြင်း၊ အိမ်ထောင်ပြုခြင်းများကြောင့် ဖြစ်မည်။

(၆) နှလုံးလမ်းကြောင်းသည် လက်ခလယ်အောက် စနေဂြိုဟ်ခုံပေါ်မှ အစပြုနေပါက . . .

လက္ခဏာရှင်သည် ချစ်မေတ္တာကိစ္စများကို အလေးပေး တန်ဖိုးထားတတ်ကြသူများ မဟုတ်ချေ။ အချစ်ကို ဇာတ်ရုပ်၊ ဇိမ်ခံပစ္စည်း တစ်ရပ်အနေဖြင့်သာ ထားတတ်ကြသူများဖြစ်သည်။ ၎င်းတို့၏ အချစ်ဆိုသည်မှာ ငွေကြေးဥစ္စာမနတို့အပေါ်တွင်သာ မူတည်နေတတ်ကြသည်။

ထိုသူမျိုးတို့သည် ၎င်းတို့၏ လိုအပ်သောကိစ္စများပြီးမြောက်ရန်အတွက် လွန်စွာ တစ်ကိုယ်ကောင်းဆန်တတ်ကြသူများ ဖြစ်သည်။ သစ္စာမဲ့ရန် ဝန်မလေးတတ်ကြသူများလည်း ဖြစ်သည်။ သူတစ်ပါး သားမယားနှင့် ဖောက်ပြန်လွန်ကျူးရန်လည်း ဝန်မလေးသူများဖြစ်သည်။ နောက်မီးလင်းတတ်၊ ကြာခိုတတ် (ကြာကူလီလုပ်တတ်)သူများ၊ နှာဂိုဒေါင်များဖြစ်တတ်ကြသည်။ အိမ်ထောင် အတည်တကျပြုရန်လည်း ဝန်လေးတတ်ကြသူများ ဖြစ်သည်။

(၇) နှလုံးလမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန်ဖြင့် အစပြုနေမည်၊ သို့သော် အစတစ်ခုသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှစ၍ ကျန်အစတစ်ခုမှာ လက်ညှိုးနှင့် လက်ခလယ်ကြားမှ အစပြုနေပါက . . .

ထိုလက္ခဏာရှင်သည် ချစ်မေတ္တာ သံယောဇဉ်ကိစ္စများတွင် အလယ်အလတ်သဘောဆန္ဒရှိသူများ ဖြစ်သည်။ ဆိုလိုသည်မှာ အချစ်ရေးတွင်လည်း လွန်ကဲမှုမရှိတတ်၊ ကာမဂုဏ်လိုက်စားမှုတွင်လည်း လွန်ကဲမှုမရှိတတ်သူများဖြစ်ပြီး အထူးသဖြင့် အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများတွင် သူတစ်ပါးကို ထိခိုက်နစ်နာအောင် မလုပ်တတ်သူများဖြစ်သည်။ ၎င်းတို့သည် မိသားစုအိုးအိမ်ကို ခင်တွယ်သံယောဇဉ်ကြီးတတ်ကြသူများ ဖြစ်သည်။

(၈) နှလုံးလမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန်ဖြင့် အစပြုနေမည်၊ သို့သော် အစတစ်ခုသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှ အစပြု၍ ကျန်အစတစ်ခုမှာ လက်ခလယ်အောက် စနေဂြိုဟ်ခုံမှ အစပြုနေပါက. . .

လက္ခဏာရှင်၏ မေတ္တာစိတ်ကို အကဲခတ်ရန် ခက်ခဲနေတတ်လိမ့်မည် ဖြစ်သည်။ တစ်ခါတစ်ရံတွင် နွေးထွေးပျူငှာစွာဖြင့် လှိုက်လှိုက်လှဲလှဲ ချစ်ခင်ကြင်နာတတ်သော်လည်း တစ်ခါတစ်ရံတွင် တစ်ကိုယ်ကောင်းဆန်ခြင်း၊ အေးတိအေးစက်နေတတ်ခြင်းနှင့် ရုပ်ပိုင်းဆန်သူများ ဖြစ်နေတတ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

**(၉) နှလုံးလမ်းကြောင်းသည် လမ်းခွဲကလေးများဖြင့် အောက်ဘက်သို့ ဖြာထွက်နေပါက . . .**

၎င်းလက္ခဏာရှင်တို့၏ ချစ်ခြင်းမေတ္တာသည်ခုတစ်မျိုး၊ တော်ကြာတစ်မျိုး အပြောင်းအလဲ မြန်တတ်ကြသည်။

တစ်နည်းအားဖြင့် ၎င်းတို့သည် အချစ်နှင့် ကင်းကွာ မနေတတ်ကြသော်လည်း ချစ်မေတ္တာစိတ်နှင့် ပတ်သက်၍ အပြောင်းအလဲ မြန်တတ်ကြသူများ ဖြစ်လေသည်။

**(၁၀) နှလုံးလမ်းကြောင်းသည် လမ်းခွဲများ လုံးဝမပါရှိဘဲ မှေးမှိန်နေပါက . . .**

ချစ်မေတ္တာနှင့် အိမ်ထောင်ရေးကိစ္စများတွင် အေးတိအေးစက်ဖြင့် တက်ကြွရွှင်လန်းမှု ကင်းမဲ့နေတတ်ကြသည်။

**(၁၁) နှလုံးလမ်းကြောင်း၏ အနေအထားသည် ဖြောင့်တန်းနေပါက . . .**

အချစ်ရေးကိစ္စများတွင် ရိုးသားဖြောင့်မတ်တတ်ကြပြီး ချစ်ခင်ကြင်နာစိတ် ရှိသူများ ဖြစ်ကြသည်။

**(၁၂) နှလုံးလမ်းကြောင်းသည် ဒယ်အိုးသဏ္ဌာန် ကွေးညွတ်နေပါက. . .**

အလိုရမ္မက်ကြီးတတ်ခြင်းနှင့် ကာမဂုဏ်အချစ်စိတ် လွန်ကဲတတ်ကြသူများ ဖြစ်သည်။

**(၁၃) နှလုံးလမ်းကြောင်းသည် အဆုံးသတ်ရာ၌ လမ်းခွဲကလေးများဖြင့် ဖြာထွက်နေပါက. . .**

၎င်းလက္ခဏာရှင်သည် သားသမီး များတတ်မည် ဖြစ်သည်။

**(၁၄) နှလုံးလမ်းကြောင်းမှ လမ်းခွဲတစ်ခုသည် ဉာဏ်စွမ်းလမ်းကြောင်းဆီသို့ ထိုးဆင်းနေပါက. . .**

အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့တွင် အလိမ်အညာခံရခြင်းနှင့် ယုံမိသူ၏ သစ္စာဖောက်ခြင်းကို ခံရတတ်မည်။ ကြေကွဲပူဆွေး ဝမ်းနည်းဖွယ်ရာများဖြင့် တွေ့ကြုံ ခံစားရတတ်မည် ဖြစ်သည်။ အချစ်လူလိမ်နှင့် တွေ့ရတတ်မည်။

**(၁၅) နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ပြတ်လပ်နေပါက. . .**

၎င်းလက္ခဏာရှင်သည် ချစ်ရသူနှင့် အဆင့်အတန်းကွာခြားလွန်းမှုကြောင့်သော်လည်းကောင်း၊ ရည်မှန်းချက် ကြီးမားလွန်းခြင်းကြောင့်သော်လည်းကောင်း၊ မာနကြီးမှုကြောင့်သော်လည်းကောင်း ကွဲကွာရမည် ဖြစ်သည်။

**(၁၆) နှလုံးလမ်းကြောင်းသည် လက်ခလယ်အောက် (စနေဂြိုဟ်ခုံအောက်)တွင် ပြတ်လပ်နေပါက. . .**

၎င်းလက္ခဏာရှင်သည် ဘဝချင်း ပေါင်းစပ်၍မရ အောင် မတူညီမှုကြောင့်သော်လည်းကောင်း၊ ချစ်ရသူနှင့် ကံကြမ္မာဖြစ်ရပ်ဆိုး ဖန်တီးမှုကြောင့်သော်လည်းကောင်း ကွဲကွာရမည်။

**(၁၇) နှလုံးလမ်းကြောင်းသည် လက်သူကြွယ်အောက် (တနင်္ဂနွေဂြိုဟ်ခုံအောက်)တွင် ပြတ်လပ်နေပါက. . .**

၎င်းလက္ခဏာရှင်သည် မိမိချစ်သူ၏ ဥစ္စာရွှေငွေ ဂုဏ်ဓနမက်မော ဂုဏ်မောက်မှုကြောင့်သော်လည်းကောင်း၊ နာမည်ကြီး အနုပညာရှင်တို့ကို ချစ်ကြိုက်မိ၍သော်လည်းကောင်း ကွဲကွာရတတ်မည် ဖြစ်သည်။

**(၁၈) နှလုံးလမ်းကြောင်းသည် လက်သန်းအောက် (ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်)တွင် ပြတ်လပ်နေပါက . . .**

၎င်းလက္ခဏာရှင်၏ ချစ်ရသူသည် စိတ်ထားမမှန် အချစ်မေတ္တာစိတ် မတည်ကြည်မှုကြောင့် ကွဲကွာရတတ်မည်။

## Heart Line, Readings from
## နှလုံးလမ်းကြောင်းမှ ဟောချက်များ

(၁) နှလုံးလမ်းကြောင်းမရှိလျှင် နှလုံးသားရေးရာနှင့် ပတ်သက်ပြီး အလွန်အမင်း အေးစက်စက်နိုင်ခြင်း။
(၂) လမ်းကြောင်းရှည်လျှင် စိတ်ကူးယဉ်၍ ချစ်တတ်သည့် အချစ်မျိုးရှိခြင်း။
(၃) အလွန်နီမြန်းနေလျှင် ချစ်ရေးချစ်ရာ ကိစ္စများတွင် ပြင်းပြလွန်ကဲမှုရှိတတ်ခြင်း။
(၄) ညိုမည်းနေလျှင် အသည်းရောဂါဖြစ်တတ်ခြင်း။
(၅) အလွန်ဖောက်နက်နေလျှင် လေဖြတ်နိုင်ခြင်း။
(၆) အလွန်ဖျော့၍ ဖြူနေလျှင် နှလုံးရောဂါရှိခြင်း။
(၇) သေးသွယ်၍ရှည်လျားနေလျှင် ရက်စက်တတ်သည့် ဉာဉ်ရှိခြင်း။
(၈) သံကြိုးကွင်းဆက်များရှိနေလျှင် အချစ်ရေးတွင် ဒုက္ခတွေ့ရခြင်း။
(၉) သန့်သန့်စွမ်းစွမ်းမရှိဘဲ လမ်းကြောင်းအနေအထား ညံ့လျှင် သစ္စာမရှိခြင်း။
(၁၀) သံကြိုးကွင်းဆက်ရှိလျှင် ဆတ်ဆော့တတ်ခြင်း။
(၁၁) ပွန်းပဲ့ရာများရှိလျှင် ချစ်ရေးကိစ္စတွင် ပူပန်သောက ဖြစ်ရခြင်း။
(၁၂) အောက်သို့ ဦးတည်သည့် ခွဲထွက်လမ်းကြောင်းများ ရှိလျှင် အချစ်ရေးကိစ္စတွင် စိတ်ပျက်စရာများ တွေ့ကြုံရခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၁၃) အပြတ်အတောက်များလျှင် ဆန့်ကျင်ဘက်လိင်၏ အထင်သေးမှုကို ခံရတတ်ခြင်း။
(၁၄) ဖြတ်မျဉ်းများရှိလျှင် အချစ်ရေးတွင် စိတ်ပျက်စရာ ကြုံတတ်ခြင်း။
(၁၅) အစက်များရှိလျှင် အချစ်ရေးတွင် အလွန်စိတ်ဆင်းရဲရခြင်း၊
(၁၆) နီမြန်းသည့် အမှတ်အရာများရှိလျှင် လေဖြတ်တတ်ခြင်း၊
(၁၇) စက်ဝိုင်းအမှတ်အသားရှိလျှင် နှလုံးအားနည်းခြင်း၊
(၁၈) ကျွန်းရှိလျှင် တိတ်တဆိတ် ကြံစည်တတ်ခြင်း။

## Heart Palpitations
## နှလုံးတုန်ခြင်း

(၁) ကျန်းမာရေးလမ်းကြောင်း အစပြုရာတွင် နီမြန်းနေခြင်း၊
(၂) မေတ္တာလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ထိစပ်နေခြင်း၊
(၃) မေတ္တာလမ်းကြောင်းပေါ်တွင် အစက်များရှိခြင်း။

## Heart Troubles
## နှလုံးရောဂါဖြစ်ခြင်း

(၁) မေတ္တာလမ်းကြောင်းကို အဖြတ်လမ်းကြောင်းများ ဖြတ်သွားခြင်း၊
(၂) မေတ္တာလမ်းကြောင်း ကျိုးပြတ်နေခြင်း၊
(၃) မေတ္တာလမ်းကြောင်းတွင် သံကြိုးကွင်းဆက်များရှိခြင်း၊
(၄) သောကြာဂြိုဟ်ခုံမှ လမ်းကြောင်းတစ်ကြောင်းသည် မေတ္တာလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၅) တနင်္ဂနွေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၆) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာရှိခြင်း၊
(၇) လက်သည်းများတို့၏ လေးထောင့်သဏ္ဌာန်ရှိကာ ပြာနှမ်းနှမ်း ဖြစ်နေခြင်း၊
(၈) အင်္ဂါလွင်ပြင်သည် မေတ္တာလမ်းကြောင်းဘက်သို့ ချိုင့်ခွက်နေခြင်း၊
(၉) အသက်လမ်းကြောင်းနှင့် ကျန်းမာရေးလမ်းကြောင်းတို့ ထိကပ်နေကြခြင်း၊
(၁၀) အသက်လမ်းကြောင်းနှင့် ကျန်းမာရေးလမ်းကြောင်းပေါ်တွင် အနီ သို့မဟုတ် ပြာနှမ်းနှမ်း အစက်အပြောက်များ ရှိခြင်း၊
(၁၁) မေတ္တာလမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်တွင် ပြတ်တောက်နေခြင်း။

## Heart Weakness
## နှလုံးအားနည်းခြင်း

(၁) နှလုံးလမ်းကြောင်းပေါ်တွင် စက်ဝိုင်းအမှတ်အသားရှိခြင်း၊
(၂) မေတ္တာလမ်းကြောင်း အရောင်ဖျော့၍ပြက်ကျယ်ခြင်း၊
(၃) ကျန်းမာရေးလမ်းကြောင်း လှိုင်းတွန့်ကဲ့သို့ ရှိနေခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း မကောင်းခြင်း၊
(၅) မေတ္တာလမ်းကြောင်း လုံးဝမရှိခြင်း၊
(၆) အရေပြား အရောင်ဖျော့တော့ခြင်း၊
(၇) လက်ဝါးပြင်ကျဉ်း၍ ပါးလျားခြင်း၊
(၈) လက်သည်းများတို့၏ လေးထောင့်ဖြစ်နေခြင်း။

## Haemorrhage
## သွေးအထွက်လွန်ခြင်း၊ သွေးလျှံခြင်း

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်သဏ္ဌာန်တစ်ခုရှိခြင်း၊
(၂) မေတ္တာလမ်းကြောင်းမကောင်းခြင်း (သို့) မရှိခြင်း၊
(၃) အင်္ဂါအဖိုဂြိုဟ်ခုံ အထက်ပိုင်းတွင် သံဆန်ခါကွက်ရှိခြင်း။

## Hemorrhoids
## လိပ်ခေါင်းရောဂါ

(၁) စနေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၂) စနေဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာပါရှိခြင်း၊
(၃) အသက်လမ်းကြောင်းပေါ်ရှိ အစက်အပြောက်မှ အဖျက်လမ်းကြောင်းတစ်ခု ဖြစ်ပေါ်နေခြင်း၊
(၄) အသက်လမ်းကြောင်းပေါ်မှ လမ်းခွဲတစ်ခုသည် အင်္ဂါအဖိုဂြိုဟ်ခုံပေါ်ရှိ ကြယ်သဏ္ဌာန်တစ်ခုတွင် အဆုံးသတ်နေခြင်း။

## Hepatica
## အသည်းလမ်းကြောင်း(ကျန်းမာရေးလမ်းကြောင်း)

ဤလမ်းကြောင်းကို အသည်းလမ်းကြောင်း၊ ဗုဒ္ဓဟူးလမ်းကြောင်း၊ ကျန်းမာရေးလမ်းကြောင်း သို့မဟုတ် ရောဂါလမ်းကြောင်း စသည်ဖြင့် အမျိုးမျိုးခေါ်ကြသည်။

၎င်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံ သို့မဟုတ် သောကြာဂြိုဟ်ခုံ (သို့) အသက်လမ်းကြောင်းမှ အစပြု ဖြစ်ပေါ်လာတတ်သည်။ ၎င်း၏ မူလဖြစ်တည်မှုအရ ဆိုလျှင် တနင်္လာ ဂြိုဟ်ခုံမှစ၍ ဗုဒ္ဓဟူးဂြိုဟ်ခုံဆီသို့ ဦးတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## Hepatica, Qualities of
## အသည်းလမ်းကြောင်း၏ အရည်အချင်းများ

ဤလမ်းကြောင်း ကောင်း၊ မကောင်း ဆိုသည်မှာ ၎င်း၏ ဖြစ်ပေါ်မှု အနေအထား၏ အရိပ်ဖြစ်၏။ အကယ်၍ အရေးအကြောင်းသည် ဖောက်နက်လျှင် သဘောအလွန်ကောင်းခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ ကျန်းမာရေးဓာတ်ခံကောင်းခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ ဦးနှောက်ကြည်လင်ခြင်းနှင့် အသိဉာဏ်ပညာစွမ်းရည်များကို နည်းလမ်းကျနစွာ အသုံးချနိုင်ခြင်းတို့ကို ပြ၏။

ပြတ်ကျယ်ပြီး တိမ်သည့်အနေအထားမျိုး ဖြစ်ပါက ဝမ်းနှင့်အသည်းတို့တွင် ဝေဒနာရှိခြင်း၊ ထိုသို့ဖြစ်လာရသည်မှာ ခံနိုင်ရည်စိတ်မရှိ၍ဖြစ်ခြင်း စသည်တို့ကိုပြ၏။ ကာယကံရှင်သည် စိတ်ပျက်အားငယ်လာပြီး တစ်ခါတစ်ရံ ခေါင်းကိုက်ရောဂါနှင့် အစာအိမ်ချွတ်ယွင်းသည့်ရောဂါများ ဖြစ်ပေါ်လာတတ်၏။

အကယ်၍ ၎င်းအရေးအကြောင်းသည် သံကြိုးကွင်းသဏ္ဌာန်ရှိလျှင် ကာယကံရှင်သည် သည်းခြေ၊ သွေးတို့မကောင်းခြင်း၊ အသည်း၊ ကျောက်ကပ်ဖြစ်ခြင်း၊ အသည်းရောဂါ (Cirrhosis)နှင့် အခြားရောဂါများဖြစ်ဖို့ရှိ၏၊ ၎င်းသည် အသက်ဘေး စိုးရိမ်ရလောက်သည်အထိပင် ဖြစ်စရာရှိ၏။

## Hiding Habits
## အကျင့်စရိုက်ကို သိုသိပ်ထားခြင်း

အချို့လူများ၏ လက်က သိုဝှက်ထားလေ့မရှိဘဲ လူကြည့်သူကြည့် ခံနိုင်ကြသည်။ မိမိ၏လုပ်ရပ်များနှင့် အတွေးများကို သိုသိပ်ကွယ်ဝှက်ထားလိုသူများက လက်ချောင်းများကို မမြင်ရအောင် လက်သီးဆုပ်၍လည်းကောင်း၊ တစ်နည်းနည်းဖြင့် လက်ကို လူမမြင်တွေ့ရအောင် ဖုံးကွယ်ထားတတ်ကြသည်။ မိမိ၏ စိတ်ထဲတွင် တစ်စုံတစ်ခုကို သိုဝှက်ထားလိုသည့်စိတ်မျိုး ဖြစ်ပေါ်နေသည့်အခါ မိမိ၏ လက်များ၊ လက်ချောင်းများကို လူမမြင်ရအောင် ကွယ်ဝှက်ထားတတ်၏။

**(-Willim G-Benham)**

## Hindu Interpretation
## ဟိန္ဒူဘာသာဝင်များ၏ အနက်ဖွင့်ဆိုချက်

ဟိန္ဒူများက အဆိုပါ ပယောဂလမ်းကြောင်းကို သူတို့၏ လုပ်ငန်းအတော်များများအတွက် အသုံးချတတ်သည့်နည်းတစ်ခုရှိသည်။

ထိုပယောဂလမ်းကြောင်းကလည်း အသက်လမ်းကြောင်း အတွင်းတွင် တည်ရှိနေသည့် ပယောဂလမ်းများဖြစ်နေလျှင် သူတို့က ထိုလမ်းကြောင်းများကိုကြည့်၍ ကာယကံရှင်အပေါ် ကျရောက်မည့် အကောင်း၊ အဆိုးကို အတပ်ဟောလေ့ရှိသည်ကို ကျွန်ုပ်တွေ့ရသည်။ ထို့ပြင် ကာယကံရှင်၏ မိသားစု (သို့)သူနှင့်အနီးစပ်ဆုံး မိတ်ဆွေအပေါင်းအသင်းများအတွက်လည်း ထိုပယောဂလမ်းကြောင်းက ယေဘုယျအားဖြင့် သက်ဆိုင်နေတတ်သည်။

**(-Willim G-Benham)**

## Hindu Science
## ဟိန္ဒူသိပ္ပံပညာရပ်

လက္ခဏာပညာရပ်သည် အခြေခံကျလှသည့် ဟိန္ဒူသိပ္ပံပညာရပ်တစ်ခု ဖြစ်သည်။ ရှေးခေတ် ဟိန္ဒူလူမျိုးများသည် လက္ခဏာပညာကို စတင်တွေ့ရှိခဲ့သူများဖြစ်ကြောင်း လက္ခဏာဆရာကြီး ကိုင်ရိုက သူ၏ (Language of the Hand) စာအုပ်တွင် အကြိမ်ကြိမ် အထပ်ထပ် ဖော်ပြထားသည်။

"ဤသိပ္ပံပညာ၏ အရင်းအမြစ်ကို လေ့လာမည်ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာ့သမိုင်းမှ ရှေးအကျဆုံးကာလောက်က အခြေအနေကို လေ့လာရန်လိုပေလိမ့်မည်။ ထို့ပြင် ယင်းသို့လေ့လာရာတွင်လည်း ရှေးလူသားမျိုးနွယ်စုထဲမှ ရှေးအကျဆုံး လူမျိုးနွယ်စုထဲမှ လူတို့၏ ခေတ်အဆက်ဆက် ရှင်သန်ခဲ့ပုံ သမိုင်းကြောင်းများကိုလည်း ဂယနဏ လေ့လာသင့်ပေသည်။ ကျွန်ုပ် ရည်ညွှန်းပြောလိုသည့်လူမျိုးမှာ အရှေ့တိုင်းမှ ဟိန္ဒူလူမျိုးများပင် ဖြစ်၏။ ထိုလူမျိုးတို့၏ ဒဿန အမြင်နှင့် ပညာရပ်များမှာ ယနေ့တိုင်တည်တံ့ အသုံးကျနေဆဲပင် ဖြစ်သည်။

**(Cheiro)**

## Hollow Palm
## ချိုင့်ခွက်နေသည့်လက်ဝါးပြင်

လက်ဝါးပြင်သည် ချိုင့်ခွက်၍ မာကျောနေပါက မကောင်းသည့် အမှတ်လက္ခဏာပင်ဖြစ်သည်။ ထိုလူမျိုးသည် တစ်စုံတစ်ရာ ကွယ်ဝှက်မှုရှိနေသည်။ ထိုအနေအထားသည် အများအားဖြင့် ကုသိုလ်ကံ အခြေအနေဆိုးနှင့် စိတ်ဓာတ်ကျဆင်းမှုတို့ကို ဖိတ်ခေါ်လျက်ရှိသည်။ လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းများကပါ ဆိုးရွားပါက ပိုမိုဆိုးရွားသည် ဖြစ်သည်။

**(Cheiro) You And Your Hand**

## Honesty, Want of
## မရိုးသားခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း လှိုင်းထခြင်း၊
(၂) တြိဂံနယ် ကျဉ်းမြောင်းခြင်း၊
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း။





www.burmeseclassic.com

www.burmeseclassic.com

## Housewife, The Excellent
## အိမ်ရှင်မကောင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း အတော်အသင့်ရှည်ခြင်း၊
(၂) အဓိကလမ်းကြောင်းများဘေးတွင် အရေးအကြောင်း အလွန် နည်းပါးခြင်း၊
(၃) သောကြာဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်လွင်ကြခြင်း၊
(၄) ရှည်လျားသော မေတ္တာလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံမှ အစပြုခြင်း၊
(၅) ဂြိုဟ်ခုံများ မကျယ်လွန်း (သို့) မကျဉ်းလွန်းခြင်း၊
(၆) လက်သည်းများ တိုခြင်း၊
(၇) လက်ချောင်းများသည် လေးထောင့်သဏ္ဌာန်ရှိခြင်း၊
(၈) လက်ချောင်းများ၏ ပထမအဆစ်များသည် ပေါ်လွင်နေကြခြင်း၊
(၉) လက်ဖဝါးပြင်သည် ပျော့အိနေခြင်း၊
(၁၀) လက်ဝါးပြင်သည် လက်ချောင်းများနှင့် အရှည်တူညီခြင်း။

## Husband, Ideal
## စံပြယောက်ျား/ လင်(သို့)ခင်ပွန်းကောင်း ယောက်ျား

(၁) ရှည်လျားသည့် မေတ္တာလမ်းကြောင်းမှ လမ်းခွဲတစ်ခုသည် ကြာသပတေးဂြိုဟ်ခုံပေါ်သို့ ရောက်နေခြင်း၊
(၂) လက်ညှိုး ဖြောင့်တန်းနေခြင်း၊
(၃) လက်မသည် လှပ၍ လေးထောင့် သို့မဟုတ် ကျည်ပွေ့ပုံသဏ္ဌာန် ရှိခြင်း၊
(၄) သောကြာဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ အနေအထားကောင်းမွန်ခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်း သန့်ရှင်းနက်ရှိုင်းခြင်း၊
(၆) လက်ချောင်းများ ဖြောင့်တန်းခြင်း၊
(၇) လက်ဖျားများ ခိုင်ခိုင်မာမာရှိခြင်း၊

## Hydrophobia
## ခွေးရူးပြန်ခြင်း

လက်ဝါးပြင်နှစ်ဖက်စလုံးရှိ တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်ပွင့်သဏ္ဌာန် အမှတ်အသား ပါရှိခြင်း။

## Hypersensitiveness
## အာရုံထိခိုက်ခံစားမှု လွန်ကဲခြင်း

လူတစ်ယောက်၏ ညာဘက်လက်သည် ငိုက်စိုက်ကျကာ ဘယ်လက်သည် ခပ်ဖယ်ဖယ် ခပ်ယိုင်ယိုင် ဖြစ်နေပါက စိတ်အာရုံ ခံစားထိခိုက်မှုတွင် လွန်လွန်ကဲကဲ ဖြစ်တတ်သည်ကို ပြ၏၊ ထိုလူမျိုးသည် ဘာမဟုတ်သည့်ကိစ္စများတွင် ပျာယာခတ်နေတတ်၏။

## Hypnotism
## အိပ်မွေ့ချအတတ်ပညာ

ဤပညာရပ်မျိုး များစွာတတ်ကျွမ်းသူ၏ လက်တွင် အင်္ဂါ (အဗို) ဂြိုဟ်ခုံသည် တနင်္လာဂြိုဟ်ခုံဘက်သို့ ယိုင်နေတတ်သည်။

## Hypochondriac
## စိတ္တဇဝေဒနာ

(၁) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်နေခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံဘက်သို့ စိုက်ဆင်းနေခြင်း၊
(၃) ဆေးပညာအရ ရောဂါလက္ခဏာများ ထင်ထင်ရှားရှား ပေါ်လွင်နေခြင်း။

## Hysteria
## စိတ်ချောက်ချားသည့်ရောဂါ

(၁) သောကြာခါးပတ်ကို အဖြတ်လမ်းကြောင်းများစွာက ဖြတ်ထားခြင်း၊
(၂) သောကြာခါးပတ်လမ်းကြောင်းသည် (၂)ခု သို့မဟုတ် (၃)ခုရှိခြင်း၊
(၃) လက်ခလယ်သည် ကွေးကောက်နေခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်သဏ္ဌာန်ရှိခြင်း၊
(၅) တနင်္လာဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံသည် အဖျက်လမ်းကြောင်းတစ်ခုနှင့် ဆက်စပ်နေခြင်း။

## Hitting but Missing
## ပွဲပြီးမှ နေရာရတတ်သူ

(၁) လက်သည်းများ တိုခြင်း၊
(၂) နူးညံ့သော လက်ဝါးပြင်များရှိခြင်း၊
(၃) ကျယ်ပြန့်သော ဗုဒ္ဓဟူးဂြိုဟ်ခုံရှိခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း မကောင်းခြင်း။

(ဆက်ရန်)

❐ ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးတွင် အာစိဋ္ဌာန်ဝင်

## ဆရာကြီး ဦးအောင်မြင့်



ရှေးဟောင်းအထိကရသိမ်တော်ကြီးရှုခင်း

ကျွန်ုပ်သည် ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးများသို့ အဓိဋ္ဌာန်ခရီး သီးခြားဝင်ရောက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတွင် ဓမ္မမိတ်ဆွေတစ်ဦး၏ လမ်းညွှန်မှုဖြင့် ကြံခင်းမြို့နယ်နှင့် အနီးဝန်းကျင်ဖြစ်သော ဘက်ရဲဘုရားကုန်းသိမ်တော်ကြီး၊ အင်တိုင်းဘုရားကုန်းသိမ်တော်ကြီး၊ ဆုံလည်ဘုရားကုန်း သိမ်တော်ကြီးတို့ကို သွားရောက်အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါသည်။

ယခု ပထမဆုံး တင်ပြလိုသည်မှာ ထူးခြားသော ရှေးဟောင်းသမိုင်းဝင် အင်တိုင်းဘုရားကုန်း သိမ်တော်ကြီးတွင် အဓိဋ္ဌာန်ဝင်ပုံဖြစ်ပါသည်။

ကြံခင်း-ဘက်ရဲ မော်တော်ကားလမ်းအတိုင်း ကြံခင်းမြို့မှ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ကတ္တရာကားလမ်းဘေးမှ တောင်ဘက်သို့ မြေနီလမ်းခွဲအတိုင်း နှစ်ဖာလုံခန့်သွားလျှင် ပြည်လုံးချမ်းသာ လေးထပ်ကြီးစေတီတော်သို့ ရောက်ရှိမည်။ ထိုစေတီတော်၏တောင်ဘက် တစ်ဖာလုံခန့်တွင် "ရတနာမာရ်အောင်" ဆိုသော စေတီတော်အနီးမှာ ပြုပြင်ထားသော ရှေးဟောင်းသိမ်တော်ကြီး ရှိပါသည်။ သိမ်တော်ကြီး၏ မြောက်ဘက် ကပ်လျက်မှာလည်း နဂါးရုံဘုရားနှင့် စေတီတော်များ ရှိသေးသည်။ ရှေးဟောင်းဘုရားပြိုပျက်တို့ကို ပြန်လည်ပြုပြင်ထားခြင်း ဖြစ်သည်။

ရှေးဟောင်းသိမ်တော်ကြီးမှာ အနောက်ဘက်သို့ မျက်နှာမူထားပြီး အရှေ့အရပ်မှာ နောက်ကျောပြုထားသည်။ သိမ်တော်ကြီး၏ နောက်ကျောဘက် ကပ်လျက်တွင် သိမ်တော်ကြီး၏ ကမ္ပည်းကျောက်စာ ရေးထိုးထားသည်။ ထိုကျောက်စာမူရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### သိမ်တော်ကြီးမှ ကျောက်စာမူရင်း

ကြံခင်း၊ သာယာဝတီ၊ ပန်းတောင်း၊ ကနောင် လေးမြို့ဝန် မဟာမင်းထင်ကျော်နော်ရထာ သမီး ခင်မွန်က ကိုယ်စားတော်စား ကြံခင်းမြို့အဝင်အပါ အင်တိုင်းရွာဘုရားကုန်းတွင် တည်ထားသမုတ်သည့် သိမ်။

ဇေယျတု ဇယဒ္ဓိရော ဇိနော သေဋ္ဌော ဇေဋ္ဌော ပဝရ သာဂရော ဇယဒ္ဓဇံရော၊ ဝရံဒါတံ သုခမင်္ဂလံ ဝဍ္ဍနံ။ ယော နာထော- အကြင်မြတ်စွာဘုရားသည်၊ ဇယဒ္ဓိရော - အောင်ခြင်း ကျေးဇူးဂုဏ်အထူးကို ဆောင်တော်မူတတ်၏၊ ဇိနော - မာရ် ငါးပါးကို အောင်တော်မူတတ်၏၊ သေဋ္ဌော - ချီးမွမ်းအပ်၏၊ ဇေဋ္ဌော - ကြီးမြတ်၏၊ ပဝရသာဂရော - သမုဒ္ဒရာနှင့်တူသော မြတ်သောဘုန်းတော်ရှိ၏၊ သောနာထော - ထိုမြတ်စွာဘုရားသည်၊ ဇယဒ္ဓဇံ - အောင်တံခွန်ကိုလည်းကောင်း၊ သုခမင်္ဂလံ ဝဍ္ဍနံ - စီးပွားချမ်းသာ မင်္ဂလာမျိုးပွားတိုးခြင်းကိုလည်းကောင်း၊ ဝရဋ္ဌ - နိဗ္ဗာန်ဆုမြတ် သိဒ္ဓိဓာတ်ကိုလည်းကောင်း၊ ဓာတံ - ဓာတုပေးတော်မူပါပေသတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ခုနစ်သင်္ချေ လွန်လေကာလ ပြဟ္မဒေဝ ဘုရားစသော တစ်သိန်းနှစ်သောင်း ငါးထောင် ကိုးသင်္ချေယျ ကမ္ဘာမတော် ပေါ်ရောက သကျမုနိ အစရှိသော သုံးသိန်းရှစ်သောင်း ခုနစ်ထောင် လေးသင်္ချေယျ သန်းကပ္ပထက် တဏှင်္ကရ ဘုရားစသောအားဖြင့် နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူသတည်း။




ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးအတွင်း အပူဇော်ခံထားသော ရုပ်ပွားတော်သုံးဆူ



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီးအတွင်း ဝဲဘက် ရုပ်ပွားတော်
နောက်ခံတံကဲထိပ်မှ ဇော်ဂျီရုပ်တု


သင်္ချေ နှစ်ဆယ် ကမ္ဘာတစ်သိန်း အကိန်ဝှမ်းထိန် ငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ယခုအခါ သာသနာမှ အတိတ်ကာလ အပေါင်းရသော ဘုရားအစဉ်တို့တွင် အကျုံးဝင်သော ဂေါတမရှင်တော်ဘုရား သုံးလူ့ချစ်ရှင်သည် ကောဏ္ဍည သုဘဒ် စဆုံးသတ်သော လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူလဒ်ပြီး ငါးထောင်မျှ လောင်တောက်သည့်မီးသို့ ဘုန်းကြီးမြတ်ဖျား မှတ်ပိုင်းခြားလျက် ဘုရားကို ထင်မမြင်သည့် မြို့မည်မချို့သော ဗုဒ္ဓပ္ပာရ နဝမအခါ သရေခေတ္တရာ မြစ်ညာတစ်လွှာ မိုးလွှမ်းကြွားမျှ နမန္တာမြစ်ထိပ် စက်ရိပ်ကွန့်မြူး ပွားခဲ့လူ၍ စန္ဒကူးကျောင်း နှံ့ပျံ့လတ်သကာ သီဟတောနှင့် ယင်မျှော်စာရံ ပုဂံ စည်းခုံ သက်တင်ခြံသကဲ့သို့ဖြစ်၍ မဟာမုနိ စန္ဒမုနိ သကျမုနိ ပြောင်ရွှန်းညီသောအားဖြင့် ရတနာပုရ စတုတ္ထရွှေပြည် တည်တော်မူပြီး ဗုဒ္ဓဘိသေကပွဲကြီးရသော နိဗ္ဗာနပစ္စရ နာဂရာဇ ဆဒ္ဒန် ဆင်မင်းသခင် သီရိတြိဘဝနာ ဒိတြာပဝရ ပဏ္ဍိတ မဟာဓမ္မရာဇ မည်တော်ရှိသော တရားမင်းမြတ်သည် သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ မည်တော်ရှိသော မိဖုရားခေါင်



သိမ်တော်ကြီးအတွင်း ယာဘက် ရုပ်ပွားတော်
နောက်ခံတံကဲထိပ်ရှိ ဇီးကွက်ရုပ်တု

ကြီး သမီးတော်ချစ် ရွှေနန်းမယ် အစုံညီစွာ ရက္ခာခရာ ဓောင့်ဖန်ကြလျက် မဟာဝိဇယရံသီ စေတီတော်တုထွတ် ထာန်ဆောင်း ကျောင်း ဘုရား စသော ပုညကြီယ များစွာတို့ခြင်း ထပ်ခါထပ်ခါ မဟန္တာရုံ အပဟုန်မစဲနိုင်ရကား။

သာသနာတော်၌ ရဟန်း သံဃာတို့ စည်းဝေးရာ တရားဓမ္မအိမ် သိမ်၊ ဝတ္ထု၊ ကန်တို့ဖြင့် ဇမ္ဗူဒီပါ မြေရေတင့်နှိုင်းစေသည်။ ထိုအခါ သာယာဝတီမြို့၊ ပန်းတောင်းမြို့၊ ကြံခင်းမြို့၊ ကနောင်မြို့ လေးဌာနပြိုင် စက်ခရိုင်တက်စိုးကဲ ကြီးမှူး ချုပ်ဝန်ရသော ကျွန်တော်ရင်း အမတ် မဟာမင်းကျော်နော်ရထာ မိတ်မောင်နှံ့စုံတို့သည် ကြိဝင္ကသံသရာမှာ ဓမ္မသံဝေဂ ယူဆ နှိုင်းချိန်မိရကား ရတနာပူရ ရွှေမြို့ကြီးသခင်မင်းကြီးအား ပန်ကြားဆက်သပြုခွင့်ရသောအားဖြင့် ကြံခင်းမြို့နယ် အတွင်း အင်တိုင်းဘုရားကုန်း၊ ဆုံသည့်ဘုရားကုန်း၊ ဘက်ရဲဘုရားကုန်း၊ ဘုမန္တရ သုံးဌာနအထက် သိမ်ကြီးသုံးပါး သမုတ်ထားသည်။ ထိုသို့ သုံးပါးသမုတ်ထားသော သိမ်တို့တွင်



သိမ်တော်ကြီးရှေ့မျက်နှာစာမှ သံဇုတ်ကြီးနှစ်ဇုတ်

အင်တိုင်းဘုရားကုန်းအရပ်၌ ဝိသုဂါမ လက္ခဏာရာဇ ကင်္ခါစ်အစရှိသော ပါဠိကျမ်းဂန်နှင့်အညီ ကပတိဂါမမှအပ သီးခြားစတုရန်း လေးမျက်နှာထား လေးဆယ်စီနှင့် ရှာခွန်ရှာဆီးနှင့်တကွ ဝိသုဂမဖြစ်စေ။

ကျေးသီးမြေစား ပိုင်းခြားပြဋ္ဌာန်းတော်မူပြီး၍ ဘုရားရှင် သာသနာတော် ၂၃၇၀ ကောဇာသက္ကရာဇ် ၁၁၈၈ တပို့လပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့အခါ သီလဝိသုဒ္ဓိ ဒက္ခိဏေယ ဂဏစရိယ ပြောင်လှပေါက်ကြီး ရှင်မထီးလျင် အမှူး ရှိသော ခုနစ်ကျိပ်ကျော် သံဃာတော်အပေါင်းတို့ ကြိမ်ဖန်များစွာ ကမ္မဝါဖတ်ရွတ်ခြင်း နိမိတ် သမ္မတ္တိသုံးပါး ပြည့်စုံခြင်းတို့ဖြင့် တစ်ဆယ့်တစ်ပါးသော ရိပ္ပတ္တိဒေါသတို့မှ ကင်းလွတ်စေလျက် ကြံသေကြီးကုတ် သမုတ်ပညတ် ထိမ်မှတ်ရကာ မယိုင်ယိမ်းညွတ် မိနတောင်ထွတ်ကဲ့သို့ နေ့ခြင်းအပြီး ရောက်သတည်း။

ဆိုဘွယ်အထူး ကျေးဇူးသော်မူ ဟူပေလင့်အံ့၊ ကမ္မဝါ သိမ်ဖြင့် ထိုတွင်ဆဲဆဲ ရွတ်ဖတ်ပွဲ၌ သကြားနေကပင်



www.burmeseclassic.com

www.burmeseclassic.com

ညွန့်လတ်တကာ ဘုရားသခင်ရုပ်တော်ရှင် ကောင်းကင်မိုးမှ ကြွရောက်ခြင်း၊ သံခဲကြီးမား နဖားထွင်းဖောက် လေးယောက်ချီမှ မြေကကြွသော တုံးကြီးလေးတုံး ပြုံးပြုံးကန်လျက် ပေါ်ထွက်ခြင်း၊ မဖြစ်တောင့်ဘဲ မရောက်မြဲသော ငါးတို့သည်လည်း သိမ်ကုန်းပလ္လင် သမိုက်ပြင်ထက် အရှင်လတ်လတ် ပေါ်မှတ်ခြင်း၊ မဟာပထဝီ သီလာပန်သု သာဓုဆောင်သွင်း ထုံလျှပ်ခြင်း၊ ဝါယုမဏ္ဍလ ဦးချသောဟန် သုံ့ဘန်ညွတ်ခိုက် ကြုံးရိုက်ခြင်း၊ အမွှုံမဟိတ် ဘိသိက်မိုးပန်း ကြဲဖြန်းရွာသွန်းခြင်း၊ ပြာဋိဟာအစုံ ဉုံကျော်လုံ့ မွေ့မြတ် ယမိုက်လွှတ်သည်ကို ပရိသတ်တို့ ဖူးမြင်ရခြင်း၊

ဤသို့စသော ပြုပ္ပတ္တိဟိတ် နိမိတ် မင်္ဂလာ ကောင်းမြတ်စွာတို့ဖြင့် သာသနာတော်၌ ရဟန်း သံဃာတို့ ကကြီးဂငယ် အညစ်အကြေး လျှော်ဆေးဖွပ်ပြာရာ အင်တိုင်းရွာအရပ်၌ ဝိသုံဂါမ အဝိပ္ပဝါသ သိမ်ကြီးအပြီးရောက်သကဲ့သို့ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရား၊ တောင်နန်းညာတင် အရှင်မိဖုရား သက်တော်ရာကျော် ရှည်တော်မူခါရန် မာန်ခပ်သိမ်း ပြီးစီးငြိမ်းလျက် စကြာလောက ဓာတ်ကျွန်းပတ်လည် ဖြစ်စေသော်။

ဖြစ်တိုင်းများစွာ သံသရာလည်း သဒ္ဓါသီလ သုတဇာဂီပါရမီစုံဖြိုး ကျွန်ုပ်တို့လျှင် ကောင်းဖို့ ဂုဏဝန်မိပျားလွှန်၍ မင်္ဂညာဏ်နိဗ္ဗာန် တံခါးလှစ်စေသော်။ ဤကောင်းမှုအဖို့ကိုလည်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရား၊ တောင်နန်းညာဖျားမိဖုရား၊ မိခင်၊ ဖခင်၊ ဆရာသမား၊ သမုခ်ဘူတ လူနတ် စ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျတို့အား အမျှဝေပါ၏။ သာဓု သာဓု အနုမောဒနာ ချီးပဝမ်းမြောက်ကြသည် ဖြစ်စေသော်။

မင်္ဂလာဗဟို ပြရောင်ပျိုတိ မြင့်မိုရ်မရိုး မောက်ပြည့်ဖြိုးလျက် မိုးတခြိမ့်ထိပ် ထင်ကျမ်းရိပ်သား တမ္ဗဒီပ ညာပပြေချာန္တိုက် ကေလာဂီရိ ပြောင်ဇာနိနှင့် တတိယနောက် ထီးနန်းဆောက်၍ ဆယ့်ခြောက်ခရိုင် ညောင်မဏ္ဍိုင်ဝယ် ရန်ပြိုင်ဘုရား တို့ထားမှတ်လိုက် ကျောက်ကြီးဗိုက်သား အောင်မြိုက်မင်္ဂလာသို့ ချိန်ခါဝယ် သာယာဝတီ ဌာနီပိုင်နင်း ကြံခင်းမိုးဆောင် ကနောင်ပန်းတောင်း အပေါင်းငှမြို့ ဆက်ပို့ခွန်နုပ်ကြဝန်သားရှင်၊ ကျွန်တော်ရင်းတော် တင်ဝှန်တ္တာ မဟာမင်းကျော်နော်ရထာ နာထပိဏ်နတ်ဇောတိမင်္ဂသို့ အမြတ်အစီးရင့်ပွားနှိုးဖြင့် လာဘ်ကြီးကြံ့မူ ဝေဖန်ပြုကာ အရနေစွန် ပစ္စည်းသန်ကို မှန်နန်းသခင် အရှင်မင်းဘုန်းများ ကုသိုလ်ပွားဟုတရားဓမ္မအိမ် သိန်ဥထာနတို့ ပြီးမှလည်း မျှားလှဝတ္ထုကံအရံအကာ မဟာဇရာ နဝါဝါသ စသည်မည်သည့် စေတီဂူကျောင်း အလှူအပေါင်းကို နောင်နောင်သာသနာ တည်စိမ့်ငှာဟု မဟာသခ်ယာ မဟာသီရိ ပါဠိနှစ်အုပ် စည်သူချုပ်သား အတ္ထုပ္ပတ္တိ မတ်ကဝိလျှင် ကျော်သိပ်တော်မူသတည်း။

အထက်ဖော်ပြပါ ကျောက်စာအရ သိမ်တော်ကြီး သမုတ်ရာတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားဖြစ်စဉ်များကို မှတ်တမ်းပြထားပြီး ဖြစ်ပါသည်။ လူလေးယောက် ပင့်ချီမှ ကြွမည့် သံတုံးကြီးများကို ယခုအချိန်တွင် သိမ်၏ရှေ့နှင့် နောက်မှာ တွေ့ရှိရပါသည်။

အင်တိုင်းဘုရားကုန်း ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီး၏ အတွင်းမှာလည်း ထူးခြားမှုများရှိသည်။ ဘုရားရုပ်ပွားတော် သုံးဆူ ပူဇော်ခံထားရာ အလယ်ရှိရုပ်ပွားတော်ကြီးမှာ နားရွက်တော်များ ပခုံးနှင့် ထိနေသော်လည်း ဝဲယာနှစ်ဖက်ရှိ ရုပ်ပွားတော်တို့မှာ နားရွက်တော်များ ပခုံးကိုမထိပါ။ ဝဲယာနှစ်ဖက်မှာ ဘုရားရုပ်ပွားတော် မဟုတ်ဘဲ လက်ဝဲရံနှင့် လက်ယာရံ ရဟန္တာမထေရ်မြတ် နှစ်ပါးကို ရည်ညွှန်းထုလုပ်ထားဟန်ရှိကြောင်း ဂေါပကဥက္ကဋ္ဌ ဦးလှိုင်ဝင်းက ပြောပြပါသည်။

နောက်ထူးခြားချက်မှာ အလယ်ရှိ ရုပ်ပွားတော်ကြီး နောက်ခံတံကဲထိပ်မှာ ခြင်္သေ့နှစ်ကောင် ရုပ်တုရှိသော်လည်း ယာဘက်ရုပ်ပွားတော်၏ နောက်ခံတံကဲထိပ်မှာ တောင်ဝှေး ပခုံးထမ်း၍ ကနေဟန် ဇော်ဂျီရုပ်တုရှိပြီး ဝဲဘက်ရုပ်ပွားတော်၏ နောက်ခံတံကဲထိပ်မှာ ဇီးကွက်ရုပ်တု ရှိနေခြင်းဖြစ်ပါသည်။ အလှအပ အဆင်တန်ဆာအတွက် ထိုသို့ထုလုပ်ထားခြင်း ဖြစ်ဟန်မတူပါ။ ဂမ္ဘီရပညာ အစီအရင်တစ်ခု ဖြစ်နိုင်ပါသည်။

"ဇော်ဂျီ၊ ဇီးကွက်၊ စျေးခေါ်" ဟူသော နံတူနှစ်ဆင့် အစီအရင်မျိုး ဖြစ်နေသည်။ ကျွန်ုပ် မှန်းဆသည်ထက် ပို၍နက်နဲသော ဂမ္ဘီရပညာရပ်မျိုး ဖြစ်ချင်လည်း ဖြစ်နိုင်ပါသည်။ မတော်တဆ တိုက်ဆိုင်မှုဟူ၍တော့ မသတ်မှတ်နိုင်ပါ။

ဤရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးအတွင်းမှာ ကျွန်ုပ်သည် အမွှေးတိုင် ကိုးတိုင်၊ အလင်းတိုင်ငယ် ကိုးတိုင် ထွန်းလှူပူဇော်ပြီးလျှင် မော်လမြိုင် တောင်လေးလုံးကျောင်းတိုက် ဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု အရှင်နာဂသေန မဟာထေရ်ချီးမြှင့်ခဲ့သည့် ဝိဇ္ဇာချစ်ခင် ဂါထာတော်ကို (၂၇)ခေါက် ရွတ်ပွားပူဇော် အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

ဝိဇ္ဇာချစ်ခင် ဂါထာတော်

သုဂတော သုဂတ ဓာနံ၊ သုဂတော သုန္ဒရမ္ပိစ။
နိဗ္ဗာနံ သုဂတောယာတိ၊ သုဂတော တေ နမော
နမာ။

စာဖတ်သူများ အနေဖြင့် ဝိဇ္ဇာဓာတ် ပဋ္ဌာန်းဆက်ရှိသော နေရာဌာနများတွင် အထက်ပါအတိုင်း အဓိဋ္ဌာန်လိုက်ဝင်ခြင်းကို ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးလျင်မြန်စွာ ရရှိကြပါလိမ့်မည်။

❐ ဆရာကြီး ဦးအောင်





www.burmeseclassic.com

www.burmeseclassic.com

## ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ ဇွန်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် ပဝတ္တိဌာနထက် မူလဌာနတွင် ကောင်းအားများနေသဖြင့် ယခင်လနည်းတူ ကံဇာတာကောင်းလျက်ရှိ၏။ အမှတ်မထင် စီးပွားတက်ခြင်း၊ အကြံကောင်းဉာဏ်ကောင်းရခြင်း၊ လုပ်ငန်းသစ်များ တိုးချဲ့ရခြင်းများနှင့် ကြုံမည်။ ထင်ပေါ်ကျော်ကြားခြင်း၊ ဂုဏ်သတင်းတောက်ပခြင်း၊ သြဇာရှိခြင်းများနှင့် ကြုံတတ်၏။ အိုးသစ် အိမ်သစ် လုပ်ငန်းသစ်များ တွေ့ရသကဲ့သို့ ငွေကြေးကို မဆင်မခြင် မသုံးမိစေရန်နှင့် လက်လွယ်မှုကိုဂရုပြုပါ။ ဥာတကာနံ ဆွေမျိုးတို့၏ အပူသောက များလှ၏။ ကြာသပတေးနံတို့အတွက် သောကရှိ၏။ ဝန်ထမ်းများ လုပ်ငန်းအသစ်အဆန်းများ၊ သင်တန်းများ တက်ရတတ်၏။

ယတြာ - ပြုသမျှကုသလကို ၃၁ ဘုံ အမျှဝေ မေတ္တာပို့ပါလေ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အေးချမ်းမည်။ သို့သော် အိမ်ထောင်ဖက် ကျန်းမာရေး ကျဆင်းတတ်၏။ (မီးယပ်၊ ဒူလာ)

(ဂ) **ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းတွင် ဥပဒ်ရှိ၏။

ယတြာ - ထန်းကြောဖျာခင်း၍ အိပ်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့သည် ညံ့၏။

*မှတ်ချက်။* ဝါဆိုသင်္ကန်းအတွက် ငွေစုဆောင်းပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ယခင်လနည်းတူ ယခုလတွင်လည်း မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများပြန့်လျက်ရှိ၏။ သို့သော် ကျန်းမာရေးမကောင်းသူမိသားစု၊ ဆွေမျိုးမိဘများအတွက် ကုန်ကျစရိတ်များမည်။ မထင်မှတ်ဘဲ စက်ပစ္စည်းအကြီးစား၊ ပစ္စည်းရထားဝင်မည်။ အစွပ်အစွဲ ခံရတတ်သေးသည်။ သို့သော် အန္တရာယ်မများပါ။ ဖြေရှင်းလို့ရ၏။ ကြာသပတေးနံ သက်ရှိသက်မဲ့တို့အတွက် ပူပန်မှုရှိမည်။ မိမိကိုယ်တိုင်ကားမောင်းရာတွင် သတိပြုပါ။ ပဲခူး၊ ပုဂံ၊ မကွေးလမ်းခရီး ဂရုပြုပါ။ ဝန်ထမ်းများ ပဲခူး၊ ပုဂံ၊ မကွေး၊ မြင်းခြံတို့သို့ ပြောင်းရွှေ့ရတတ်၏။

ယတြာ - မုဒိတာပွားပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာရှိတတ်၏။

(ဂ) **ကျန်းမာရေး** - ယာဉ်မတော်တဆ ဂရုပြုပါ။

ယတြာ - လူသွားလမ်း တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇၊ ၀) ဂဏန်းနှင့် စနေနေ့ ညံ့၏။

*မှတ်ချက်။* စနေထောင့်ရင်ပြင်တွင် တံမြက်လှည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ယခင်လနည်းတူ ယခုလတွင်လည်း မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေဆဲဖြစ်၏။ လုပ်ငန်းသစ်များတိုးချဲ့ခြင်းနှင့် လုပ်ငန်းခွဲများ တည်ထောင်ခြင်းများ ပြုလုပ်ရတတ်၏။ အိုးအိမ်တိုက်တာ ဝင်ကိန်းရှိ၏။ မထင်မှတ်ဘဲ အကျိုးဆောင်လုပ်ငန်းများဖြင့် အကျိုးပေး၏။ လုပ်ငန်းပိုင်မြေနှင့် အိမ်မြေနှင့်ပတ်သက်၍ ရန်ရှိ၏။ မြေခိုးခံရတတ်၏။ ထင်ရှားကျော်ကြားကိန်းရှိ၏။ မင်းစိုးရာဇာများ၏ မ,စ ကိန်းရှိ၏။ သို့မဟုတ် မိမိကိုယ်တိုင် အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍတွင် တာဝန်ပေးခံရတတ်၏။ ဝန်ထမ်းများ ရာထူးတိုးကိန်းရှိ၏။

ယတြာ - ဝသုန္ဓြေ မြေစောင့်နတ်အား အမျှဝေ မေတ္တာပို့ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မတည့်အတူနေ ဖြစ်တတ်၏။


(ဂ) **ကျန်းမာရေး** - ရင်ခေါင်းနှင့် ပတ်သက်သောရောဂါကြောင့် ဆေးရုံ ဆေးခန်း တက်ရောက်ပြသကိန်းရှိ၏။

ယတြာ - ဘုရားတွင် ကျောက်ကျော ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

*မှတ်ချက်။* စုပေါင်းအလှူဒါနပြုရန် စည်းရုံးဆော်ဩပါ။



## ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ စိုးမိုးနေသဖြင့် ယခင်လထက် ကံကြမ္မာကောင်းများ အခွင့်အလမ်းသာမည်။ နယ်ဝေးရပ်ခြား စွန့်စားရကိန်းရှိသလို ခရီးအသွားအလာ များမည်။ စပ်တူလုပ်ငန်းအတွက် မိတ်ကောင်းဆွေကောင်း တွေ့မည်။ ကား၊ ယာဉ် အသစ်လဲလှယ်ကိန်း ကြုံ၏။ စက်ပစ္စည်းအကြီးစားများ အပျက်အစီး များမည်။ သူတစ်ပါးအတွက် အာမခံပေးမှုကြောင့် သောကရှိမည်။ ဝန်ထမ်းများ တာဝန်မကျေပွန်မှုအတွက် အရေးယူခံရတတ်၏။

ယတြာ - ခုနစ်ရက်သားသမီးကို မေတ္တာပို့ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။ စနေသားသမီးကြောင့် ပြဿနာရှိ၏။

(ဂ) **ကျန်းမာရေး** - သင့်၏။ ဆီး၊ အဆုတ်တွင် ဥပဒ်ရှိ၏။

ယတြာ - ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂) ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

*မှတ်ချက်။* သာသနိကဝင်းအတွင်း သန့်ရှင်းရေးလုပ်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် မူလနှင့်ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဥပဒ်ရှိသဖြင့် မထင်မှတ်ဘဲ မှုခင်းများနှင့် ကြုံရတတ်၏။ တစ်ပါးသူ၏ ရန်ပြုမှု ခံရတတ်၏။ မကောင်းသတင်း အလွှင့်ခံရတတ်၏။ အင်္ဂါနံကောင်းသဖြင့် ငွေနံ့တူပစ္စည်းများ ဝင်ကိန်းရှိ၏။ အရောင်းထိုင်းနေသော အိုးအိမ်မြေကွက်များ ထွက်ကိန်းရှိ၏။ ပြည်တွင်းပြည်ပကိစ္စများ မရေမရာ မသေမချာရှိ၏။ လုပ်ငန်းတိုးချဲ့ခြင်း မပြုသင့်သေးဘဲ လက်ရှိလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် ပိပိရိရိ ဆက်လက်လုပ်ကိုင်ပါ။ ဝန်ထမ်းများ မဟုတ်မမှန် အစွပ်စွဲခံရလျက် သတိပေးခံရတတ်၏။

ယတြာ - ဆန်၊ ဆီ၊ ဆေး လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အူအတက် ပေါက်တတ်၏။

ယတြာ - လူသွားလမ်း သဲခင်းပါ။


(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

*မှတ်ချက်။* မှန်ရာတစ်ခုခုကို သစ္စာပြု၍ လိုရာဆု တောင်းပါ။


www.burmeseclassic.com

www.burmeseclassic.com





## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် မူလဌာန ကောင်းအား ရှိလျက် ပဝတ္တိဌာန၏ ဆိုးအား လျော့ကျလာသဖြင့် ယခင်လထက် စိတ်သက်သာရာရမည့်လ ဖြစ်၏။ သို့သော် စိတ်ပင်ပန်းခြင်းနှင့်အတူ ပြန့်ကျဲနေသော လုပ်ငန်းများအတွက် ပင်ပန်းစွာ စုစည်းရတတ်၏။ မိတ်ဆွေကောင်းအချို့၏ အကူအညီရမည်။ ပြည်ပတွင် လုပ်ငန်းများ သက်ဝင်လှုပ်ရှားလာမည်။ အလုပ်သစ် ထပ်မံတွေ့မည်။ နေအိမ်တွင် မင်္ဂလာမြင်သည်။ ဝန်ထမ်းများ အိမ်ထောင်မရှိသေးပါက အိမ်ထောင်ကျတတ်သည်။ ကျောင်းသားများ ပညာရေးမပြီးဆုံးမီ အိမ်ထောင်ကျတတ်၏။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - လေဖြတ်တတ်၏။ ဦးနှောက်နှင့် အာရုံကြောတွင် ဥပဒ်ရှိ၏။
**ယတြာ** - အဝတ်အစားဟောင်းများ အရှေ့တောင်အရပ်တွင် ရေမျှောပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

*မှတ်ချက်။* စိတ်တည်ငြိမ်မှု ကျင့်စဉ်တစ်ခုခုကို ထူထောင်ပါ။

## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလတွင် မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာနက ချေဖျက်ထားသဖြင့် ယခင်လထက် သက်သာရာရမည်။ အင်္ဂါနံသားသမီးများ အကျိုးပြုမည်။ ဆရာကောင်း တွေ့မည်။ အလုပ်တွင် စိတ်ဝင်စားမှု နည်းနေတတ်သလို စိတ်မာတ်ကျနေတတ်၏။ ဆန့်ကျင်ဘက်လိင်နှင့် ကြီးသူများ၏ အကြံပေးမှုကို လက်ခံပါ။ ထင်ရာမစိုင်းသင့်ပါ။ ရပ်ဝေးတွင် စားကျက်ပေါ်မည်။ ပြည်တွင်းပြည်ပ လုပ်ငန်းကိစ္စများ သက်ဝင်လှုပ်ရှားလာမည်။ ဝန်ထမ်းများ တာဝန်ပျက်၊ အကျင့်ပျက်တတ်၏။ ကျောင်းသား ကျောင်းသူများ ပေါ့လျော့မည်။
**ယတြာ** - ရေလှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မိသားစုကိစ္စကို လျစ်လျူမရှုအပ်။ ယင်းကြောင့် ယိမ်းယိုင်တတ်၏။

(ဂ) **ကျန်းမာရေး** - အရက်ကြောင့် ဥပဒ်ရှိ၏။
**ယတြာ** - အရက် ရှောင်ပါ။ တနင်္ဂနွေနံပစ္စည်း စွန့်ပါ၊ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ အကျိုးပြု၍ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ ညံ့၏။

*မှတ်ချက်။* အသိဉာဏ်ရှိ လူသားတစ်ဦးအဖြစ်ဖြင့် မိမိကိုယ်မိမိ အားတင်းပါ။


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင်** (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ

လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဂွန်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အသိစေနဲ့ကျမ်းပြုပညာရှင်)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ဤကာလအတွင်း ပေါ်ပင်စီးပွားရေးလုပ်ငန်း၊ စွန့်စားလုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းကြောင့် ငွေကြေးဆုံးရှုံးရမှုများဖြစ်တတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးကိစ္စများကြောင့် အိမ်ထောင်ဖက်နှင့် မကြာခဏရန်ဖြစ်ရပြီး အိမ်တွင်းရေး ပူညံပူညံရှိမည်။ သို့သော် အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ အိုးသစ်၊ အိမ်သစ်ဝင်ခြင်းများလည်း ရှိတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာကိစ္စများကြောင့်၊ မိမိကုမ္ပဏီကိစ္စများကြောင့် ခရီးများသွားရတတ်သည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက မိမိအား အကူအညီပေးမည့်သူနှင့် တွေ့ရတတ်မည်။ အဆင်ပြေသော အလုပ်အကိုင်တစ်ခုလည်း ရနိုင်မည်။ ငယ်ရွယ်သူများအနေဖြင့် မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရန် ရည်ရွယ်ထားခြင်းရှိပါက မထင်မှတ်သော ပြဿနာများ ပေါ်ပေါက်လာတတ်သည်ဖြစ်၍ ခေတ္တရပ်ဆိုင်းထားသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ဒုက္ခပေးတတ်ခြင်း၊ ဆီးကျောက်ကပ်ဒုက္ခပေးတတ်ခြင်းများရှိမည်။ ဤကာလအတွင်း မိမိအိမ်တွင်ရှိသော မကောင်းသော၊ ဟောင်းနွမ်းပျက်စီးနေသောပစ္စည်းများရှိပါက အမြန်ဆုံးစွန့်ပစ်လိုက်ပါ။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၇၊ ၂)ဂဏန်းများပါသော ထီကိုထိုးပါ။



### AQUARIUS
### ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများအနေဖြင့် ဤကာလအတွင်း စီးပွားဝင်ငွေကောင်းနိုင်မည်။ သို့သော် လုပ်ငန်းအဖွဲ့အစည်းမှ တပည့်တပန်း၊ လက်အောက်ငယ်သား ဝန်ထမ်းနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရမှုနှင့် ကြုံရတတ်မည်။ သို့ဖြစ်၍ မိမိစိတ်ကို အတတ်နိုင်ဆုံး အေးအေးထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း ပျော်ရွှင်ရမှုများ ရှိမည်။ အလှူအတန်းကုသိုလ်များလည်း ပြုရမည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များလည်း သင့်အိမ်သို့ကြွရောက်လာခြင်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးများ၏ သဘောကျချစ်ခင်မှုကို ခံရတတ်မည်။ ဌာနဆိုင်ရာ ပြည်ပခရီးများလည်း သွားရတတ်မည်။ ငယ်ရွယ်သူများ လိင်မတူသူ လူမျိုးခြား၊ ဘာသာကွဲသူများ၏ စိတ်ဝင်စားခြင်းကို ခံရတတ်သည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ နှလုံးအားနည်းခြင်း၊ သွေးတိုးခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အိမ်ရှိ လိုက်ကာ (သို့) ခန်းဆီး (သို့) မိမိခေါင်းအုံးစွပ်၏ အရောင်သည် ပန်းရောင်မဟုတ်သေးပါက ပန်းရောင်ပြောင်းလိုက်ပါ။ ကုံရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၉၊ ၀၊ ၅) ဂဏန်းများပါသော ထီကို ထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ဤကာလအတွင်း စီးပွားရေးတွင် လုပ်ငန်းနှစ်မျိုး သုံးမျိုးတစ်ပြိုင်တည်းလုပ်ကိုင်ရခြင်း၊ ဝင်ငွေနှစ်မျိုး သုံးမျိုးဝင်ခြင်းများအပြင် ဝင်ငွေကောင်းသော အလုပ်သစ်များလည်း ထပ်မံတွေ့ရှိနိုင်မည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ငွေကုန်ကြေးကျများကာ မိမိလက်ထဲတွင် ငွေကြေးအဖတ်မတင်ဖြစ်ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်းအဆင်ပြေမည်။ မိမိမျှော်လင့်နေသော သတင်းများလည်း ကြားရနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အတူနေလူကြီးမိဘတစ်ဦးဦး၏ ကျန်းမာရေးအတွက် စိုးရိမ်ရမှုများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်နေမည်။ ချစ်သူ တစ်ယောက်ထက်မက၊ နှစ်ယောက်ထက် မက၊ သုံးယောက်ထက်မက တွေ့ရတတ်မည်။ စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်ရခြင်း ကိစ္စများလည်း ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အားနည်းခြင်း၊ လည်ချောင်းနာခြင်းများ ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်ရာသီဖွားများ ထီထိုး, ကံစမ်းမည်ဆိုပါက (၉၊ ၄၊ ၀၊ ၂)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ သင့်အနေဖြင့် ဤကာလအတွင်း ဥဿဖရားကျောက်ကလေးကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားပေးခြင်းဖြင့် အစစအရာရာ အဆင်ပြေစေရန်နှင့် ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေပါလိမ့်မည်။

## ARIES
## မိဿရာသီ



(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းသစ်တစ်ခုခုကို လုပ်ဖူးသောလုပ်ငန်းဖြစ်စေ၊ မလုပ်ဖူးသောလုပ်ငန်းဖြစ်စေ စတင်အကောင်အထည်ဖော် လုပ်ကိုင်သင့်သည်။ ဇွဲရှိရှိနှင့် တစိုက်မတ်မတ်လုပ်ကိုင်ခြင်းဖြင့် ရေရှည်တွင် အကျိုးပေးမည်။ ရင်းနှီးမြှုပ်နှံထားသော စီးပွားရေးလုပ်ငန်းမှလည်း အကျိုးအမြတ်များ ပေါ်လိမ့်မည်။ သို့သော် ဝင်ငွေကောင်းသလို ထွက်ငွေလည်းကောင်းတတ်မည်။ သူတစ်ပါးပြောသည်ကို အလွယ်တကူ ယုံကြည်ခြင်း၊ သူတစ်ပါးအပေါ် ယုံကြည်စိတ်လွန်ကဲခြင်းကြောင့် အလိမ်ခံရတတ်မည်။ ငွေကြေးဆုံးရှုံးရမှုများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးပြဿနာကင်းသော်လည်း အိမ်ထောင်ဖက်၏ ကျန်းမာရေးချူချာမှုကြောင့် စိုးရိမ်စိတ်များ ဝင်နေတတ်မည်။ ငယ်ရွယ်သူ၊ အချစ်ရှိပြီးသူဖြစ်ပါက စေ့စပ်ကြောင်းလမ်းရန်၊ လက်ထပ်ရန်သတင်းစကားကောင်းများ ကြားရတတ်မည်။ ပညာရေးလိုက်စားသူများအနေဖြင့် ပညာရေးတစ်ပိုင်းတစ်စဖြစ်ရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီး၊ ကျောက်ကပ် ဒုက္ခပေးတတ်ခြင်းများရှိမည်။ မိဿရာသီဖွားများအနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းပြုမည်ဆိုပါက (၇၊ ၃၊ ၀၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင်သော်လည်းကောင်း၊ လူမှုရေးကိစ္စများတွင်သော်လည်းကောင်း အဆင်မပြေမှုများရှိတတ်မည်။ သို့သော် ရွှေ့ပြောင်း၍မလွယ်ကူသော အိုးအိမ်၊ ခြံမြေ, တိုက်ခန်းများနှင့်ပတ်သက်၍ အကြောင်းကိစ္စများ ပေါ်တတ်ခြင်း၊ မိမိပိုင်ဆိုင် ရရှိတတ်ခြင်း (သို့)၎င်းတို့မှ အကျိုးအမြတ်များ ရရှိတတ်ခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက စနေသားသမီးတစ်ဦးကြောင့် မိမိတွင် စိတ်ဒုက္ခ, လူဒုက္ခဖြစ်ရတတ်ခြင်းများ ရှိမည်။ အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားပြီး သည်းခံစိတ်မွေးလိုက်ပါက အဆင်ပြေမှုများ ရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ အပြောင်းအရွှေ့များ ပေါ်ပေါက်တတ်ခြင်း တစ်ခုခုဖြစ်တတ်မည်။ အလုပ်အကိုင်ရှာဖွေသူများအနေဖြင့် လတ်တလောအလုပ် တစ်ခု ရရှိတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၇၊ ၁၁၊ ၁၆၊ ၂၁၊ ၂၆၊ ၂၉ )ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး အရေးကြီးကိစ္စများကို လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အနည်းငယ်ညံ့တတ်သည်။ ပြိဿရာသီဖွားများအနေဖြင့် ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၉) ဂဏန်းများပါအောင်ထိုးပါ။

## GEMINI
## မေထုန်ရာသီ



(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ကိုယ်ပိုင်အရည်အချင်းဖြင့် ကြိုးစားလုပ်ကိုင်ရသောလုပ်ငန်းမျိုးဖြင့် ပိုမိုအကျိုးပေးလိမ့်မည်။ သို့သော် ကျောက်မျက် ရတနာနှင့် ရွှေထည်၊ ငွေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ရောင်းမှားဝယ်မှားဖြစ်တတ်ခြင်း၊ အထင်မှား အမြင်မှားဖြစ်တတ်ပြီး ပြဿနာအမှုအခင်း ဖြစ်ရတတ်ခြင်းများ ရှိတတ်သည်ကို အထူးသတိထားပါ။ သင့်အနေဖြင့် အရေးကြီးကိစ္စများဆောင်ရွက်ရာ၌ မှောင်မှောင်မည်းမည်း အရောင်များကို ဝတ်ဆင်ဆောင်ရွက်ခြင်းမျိုးကို လုံးဝရှောင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ခွဲခွာနေရတတ်မှုများမှ လွတ်ကင်းပြီး အတူတကွ ပြန်လည်နေရတတ်မည်။ မိမိဆန္ဒရှိသော အိုးအိမ် ခြံမြေနှင့် နေထိုင်နိုင်ရန် အခွင့်အလမ်းများ ရရှိလာလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ ပြည်ပခရီး သွားရတတ်ခြင်းများရှိမည်။ ပညာရေးလိုက်စားသူများဖြစ်ပါက ပညာရေး ကံကောင်းမည်။ သို့သော် မမျှော်လင့်ဘဲ ကျောင်းအပြောင်းအရွှေ့များ ရှိတတ်မည်။ မေထုန်ရာသီဖွားများ ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၇၊ ၁)ဂဏန်းများဖြင့် ထီထိုး, ကံစမ်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကဋ်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း ရွှေ့ပြောင်း၍မလွယ်ကူသော အိုးအိမ်, ခြံမြေလုပ်ငန်းတို့နှင့် ပတ်သက်၍ ဝယ်ယူရခြင်း၊ ပိုင်ဆိုင်ရခြင်း၊ အမွေအနှစ်အဖြစ် ရရှိခြင်းများ ရှိမည်။ သို့သော် အရာရာကို မြန်မြန်ဆုံးဖြတ်၊ မြန်မြန်လုပ်ကိုင်တတ်ခြင်းကြောင့် အမှားများနှင့် ရင်ဆိုင်ရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အထင်အမြင်လွဲမှားခြင်းကို ခံရတတ်မည်။ ထို့ကြောင့် အသွားအလာ, အနေအထိုင် သတိထားသင့်သည်။ ငယ်ရွယ်သူများလည်း လိင်မတူသူများနှင့် ဆက်ဆံရေးတွင် အထူးသတိထားပါ။ ဟန်ဆောင်ကောင်းသူနှင့်တွေ့ဆုံရတတ်သည်။ အထူးသဖြင့် ဤကာလအတွင်း အချစ်ရေးကိစ္စများကို စိတ်ဝင်စားခြင်းမပြုဘဲ လုံးဝရပ်ထားသင့်သည်။ ပညာရေးလိုက်စားသူများ အစစအရာရာအကူအညီပေးမည့်သူ ပေါ်ပေါက်လိမ့်မည်။ ကျန်းမာရေးမှာ အစာမကြေဖြစ်တတ်ခြင်း၊ အထက်လှန်အောက်လျှောဖြစ်တတ်ခြင်းတို့အတွက် အထူးသတိထားပါ။ ဤကာလအတွင်း အတိတ်မှ ကံကုသိုလ်ကောင်းမှုများ အကျိုးပေးမည့် အချိန်အခါဖြစ်၍ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေး အလုံးအရင်းနှင့် ဝင်တတ်ခြင်းများရှိမည်။ ထို့ကြောင့် ထီထိုးပါ။ ထီထိုးမည်ဆိုပါက (၆၊ ၅၊ ဝ၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းချသူများအနေဖြင့် မိမိမျှော်မှန်းထားသည်ထက် ပိုမိုသော အမြတ်အစွန်းများ ရရှိနိုင်မည်။ သို့သော် သူတစ်ပါးကိစ္စအတွက် ကူညီဖြေရှင်းပေးခြင်းဖြင့် အမှုပတ်တတ်ခြင်း၊ တရားရုံး၌ အမှုအခင်းများ ရင်ဆိုင်ဖြေရှင်းရခြင်းများဖြစ်တတ်သည့်အတွက် အထူးသတိထားပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာခရီးများ သွားရတတ်ခြင်း၊ သင်တန်းများ တက်ရောက်ရခြင်းရှိမည်။ တစ်နည်းနည်းဖြင့် ဝင်ငွေကောင်းတတ်မည်။ ယခုကာလအတွင်း မသွားမဖြစ်သွားရမည့်ခရီးများ ရှိလာလိမ့်မည်။ အဆိုပါခရီးသည် ၁၃-ရက်၊ သောကြာနေ့၊ ရေကြောင်းခရီး ထိုသို့တိုက်ဆိုင်နေပါက ထိုခရီးကို အစစအရာရာ သတိထားသွားလာသင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးကောင်းမည်။ စေ့စပ်ကြောင်းလမ်းကိစ္စ၊ မင်္ဂလာဆောင်ရန်ကိစ္စများ အထမြောက်အောင်မြင်လိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံညံ့တတ်မည်။ ထင်တိုင်းမပေါက်ဘဲ ဖြစ်တတ်မည်။ ကျန်းမာရေးမှာ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဆီးကျဉ်, ဆီးကိုက်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ဝ၊ ၆၊ ၂) ဂဏန်းများပါသော ထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ဤကာလအတွင်း လူအများနှင့် ဆက်နွယ်ပတ်သက် လုပ်ကိုင်ရသည့်လုပ်ငန်း၊ အများ၏ အားပေးမှုကို ခံယူရရှိသည့် လုပ်ငန်းများဖြင့် အထူး အကျိုးပေးမည်။ အိမ်ထောင်ရှင်ဖြစ်ပါက ငွေကြေးကိစ္စနှင့်ပတ်သက်၍ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာများ ဖြစ်ရတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်သက္ကရာဇ် ရက်များမှ( ၄၊ ၈၊ ၁၀၊ ၁၆၊ ၂၀၊ ၂၄၊ ၂၈)ရက်များသည် သင့်အတွက် ကံကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို လုပ်ကိုင်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်နေမှုကြောင့် ချစ်သူ(၂)ဦး အကြား ဗျာများရမှုများလည်း ရှိမည်။ ပညာရေးတွင် အချစ်ရေးကိစ္စများ ဝင်ရောက် နှောင့်ယှက်ခြင်းမျိုးကို လက်မခံပါနှင့်။ ကျန်းမာရေးနှင့်ပတ်သက်၍ စားချိန်၊ အိပ်ချိန်မမှန်ခြင်းကြောင့်ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲဝေဒနာများ ခံစားရတတ်မည်။ သင့်အနေဖြင့် အဝတ်အစားဝတ်ဆင်ခြင်းနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး အရောင်နုနုကလေးများကိုသာ ဝတ်ဆင်ပေးပါ။ ယခုကာလအတွင်း သန္တာကျောက်ကို ဝတ်ဆင်(သို့)ဆောင်ထားခြင်းပြုပေးပါ။ ကန်ရာသီဖွားများ ထီထိုးမည် ဆိုပါက(၈၊ ၃၊ ၅၊ ၁)ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သွင်းကုန်ထုတ်ကုန်လုပ်ငန်း အဓိက လုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေကောင်းမည်။ လက်ရှိလုပ်ငန်းအပြင် လုပ်ငန်းသစ်များလည်း တိုးချဲ့လုပ်ကိုင်နိုင်လိမ့်မည်။ သို့သော် အလောင်းအစားနှင့် အပျော်အပါးကိစ္စများကို အထူးရှောင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အေးချမ်းသာယာမှုများရှိမည်။ ဤကာလအတွင်း ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ရောက်လာတတ်မည်။ ဘုရားဖူးခရီးများ ထွက်ရခြင်း၊ အပျော်ခရီးထွက်ရခြင်းများလည်း ရှိနိုင်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေမည်။ တစ်ခါတစ်ရံ အလွန်ပျော်ရွှင်ရသကဲ့သို့ တစ်ခါတစ်ရံ စိတ်အလွန်ညစ်ရမှုများလည်း ရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက ဆရာသမားများထံမှလည်း ပညာအမွေအနှစ်များ ရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးအားနည်းခြင်းများနှင့် ရုတ်တရက် သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်ကို အထူးသတိထားပါ။သင့်အနေဖြင့် မြင့်သောနေရာများသို့ သွားခြင်း၊ တက်ခြင်း၊ အစွန်အဖျားနေရာသို့ သွားခြင်း တက်ခြင်းများကို ရှောင်ရှားပါ။ တူရာသီဖွားများထီထိုးမည်ဆိုပါက(၉၊ ၀၊ ၈၊ ၂)ဂဏန်းများပါသော ထီကို ထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း ခရီးတို၊ ခရီးရှည်များ သွားရတတ်မည်။ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ရေနှင့် ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်မည်။ သို့သော် မိမိ၏ အကြံအစည်နှင့် စိတ်ကူးများကို အခြားသူများနှင့် ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း မပြုသင့်၊ အကြံအစည်နှင့် လုပ်ငန်း အထမမြောက် ဖြစ်တတ်သည်။ အချို့ကိစ္စများတွင် အကြိမ်ကြိမ်ပြန်လည်သုံးသပ်မှုကြောင့် မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်တတ်သည်ကို အထူးသတိထားရန် လိုမည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးသားချင်းများ၏ကိစ္စကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်မည်။ မိမိ၏ အေးတိအေးစက်နိုင်သော အပြုအမူကို ဖျောက်ပစ်ပြီး တစ်ခါတစ်ရံ အိမ်ထောင်ဖက်၏ သဘောဆန္ဒကို လိုက်လျောပေးပါ။ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရခြင်းများ ရှိမည်။ အဆင်ပြေ အောင်မြင်မှုများလည်း ရရှိတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ မကြာခဏအန်ခြင်း၊ အစာအိမ်ရောင်ခြင်း စသည့် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင်သည် ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၉၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဤကာလအတွင်း အတိုက်အခိုက်နှင့် အပြိုင်အဆိုင်လုပ်ကိုင်ရသော လုပ်ငန်းများဖြင့် အကျိုးပေးထက်သန်မည်။ မထင်မှတ်သောအပြောင်းအလဲများလည်း ဖြစ်တတ်မည်။ စာပေလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အချုပ်အလုပ်၊ အချက်အပြုတ်လုပ်ငန်း လုပ်ကိုင်သူများဖြစ်ပါက စီးပွားဝင်ငွေကောင်းမည်။ အတွေးအခေါ်ကောင်းများ၊ စိတ်ကူးစိတ်သန်းကောင်းများကို ဖော်ထုတ်နိုင်ပြီး အခြားသူများကိုလည်း အကြံဉာဏ်ကောင်းများ ပေးနိုင်မည်။ သို့သော် ပြည်ပသွားရန်ကိစ္စများ အခက်အခဲဖြစ်ခြင်း၊ ၂-ကြိမ် ၂-ခါ ပြန်လုပ်ရခြင်းများ၊ ကြန့်ကြာတတ်ခြင်းများ ဖြစ်တတ်မည်။ အိမ်ထောင်ရှင်ပါက ကိုယ့်အိမ်ထောင်ဖက်အတွက် စိတ်မအေးရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ တကွဲတပြားစီနေရသော မိမိချစ်သူနှင့် အနေနီးရတော့မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်းတွင် မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ အရေပြားဆိုင်ရာဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၅၊ ၀၊ ၃)ဂဏန်းများပါသော ထီကို ထိုးပါ။

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)
အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၉၈၂၇၀၊ ၀၉-၄၂၁၀၇၅၇၆၅၊



www.burmeseclassic.com